# မဟာစည်
# ပဋိပတ္တိသာသနာဝင်

# မဟာစည်
# ပဋိပတ္တိသာသနာဝင်

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်



ဘာသာရေးစာမူ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်

(၄၃၂၁) (၄၃၂၁-က) (၄၃၂၁-ခ)

ထုတ်ဝေသူ။ ။ဦးညိုပု၊ ကင်းလွတ်ခွင့်အမှတ် (၀၂၅၁၂) သာသနာ့ရိပ်သာ၊
ဟာမစ်တစ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးစိန်လင်း (၀၄၂၀) ရတနာသီရိ ပုံနှိပ်တိုက်၊ ၁၀/၉၄၉၊
လမ်း ၃၀၊ တောင်ဥက္ကလာ၊ ရန်ကုန်။

ပထမ အကြိမ် အုပ်ရေ ၂၀၀၀။

ဓမ္မဒါန။

၁၃၃၆-ခု၊ တန်ဆောင်မုန်းလ။



( အဂ္ဂမဟာပဏ္ဍိတ )
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး

ဘာသာရေးစာမူ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်

(၇၃၂၁) (၇၃၂၁-က) (၇၃၂၁-ခ)

ထုတ်ဝေသူ။ ။ဦးညီပု၊ ကင်းလွတ်ခွင့်အမှတ် (ဝ၂၅၁၂)သာသနာ့ရိပ်သာ
ဟာမစ်တစ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးစိန်လင်း (ဝ၇၂ဝ) ရတနာသီရိ ပုံနှိပ်တိုက်၊ ၁ဝ/၉၄၉
လမ်း ၃ဝ၊ တောင်ဥက္ကလာ၊ ရန်ကုန်။

ပထမ အကြိမ် အုပ်ရေ ၂ဝဝဝ။

ဓမ္မဒါန။

၁၃၃၆-ခု၊ တန်ဆောင်မုန်းလ။



( အဂ္ဂမဟာပဏ္ဍိတ )
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး

# မဟာစည် ပဋိပတ္တိ သာသနာဝင်

# မာတိကာ

---

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အခြေခံအကြောင်းရပ်အနိဒါန်း | ၁ |
| ကျေးဇူးတင်လွှာ | ၄၃ |
| ပဏာမနှင့် ပဋိညာဉ် | ၄၅ |
| ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အဋ္ဌုပ္ပတ္တိ | ၄၇ |
| စာတော်သော ကိုရင်ကြီး | ၄၇ |
| ဆိပ်ခွန်ရွာ | ၄၉ |
| မယ်တော် ခပည်းတော်များ | ၅၀ |
| ဖွားတော်မူခြင်း | ၅၁ |
| သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း | ၅၂ |
| ကျောင်းပြောင်းမှုခြင်း | ၅၄ |
| ရဟန်းဘဝသို့ရောက်ခြင်း | ၅၅ |
| ပဉ္စမပြန် ဝင်ခြင်း | ၅၈ |
| မန္တလေးသို့တက်ခြင်း | ၅၉ |
| မော်လမြိုင် တောင်ဝိုင်းကလေးသို့ရောက်ခြင်း | ၆၀ |
| အရှင်သောဘနနှင့် ပဋိပတ် | ၆၂ |
| ဇေတဝန်ဆရာတော်ကြီးထံရောက်ခြင်း | ၆၉ |
| တောင်ဝိုင်းကလေးသို့ပြန်ရှုခြင်း | ၇၂ |
| ပွဲဦးထွက် ကမ္မဋ္ဌာန်းပေးခြင်း | ၇၄ |
| အရှင်သောဘနနှင့် အဘယာရာမဆရာတော် | ၇၇ |
| စာချတန်း | ၇၉ |
| ဆိပ်ခွန်သို့ပြန်ရခြင်း | ၈၁ |
| ဆိပ်ခွန်၌ ဝိပဿနာ သာသနာပြုခြင်း | ၈၄ |
| ဝိပဿနာရှုနည်းကျမ်း ရေးသားခြင်း | ၈၆ |
| ကျမ်းဂုဏ်ရည် | ၈၈ |

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| | |
|---|---|
| လက်တွေ့အကျဆုံးကျမ်း | ၈၉ |
| အညာဗျာကရဏမျိုးလော | ၉၀ |
| မဆက်ပြတ်နေသော ရှုမှတ်နည်းများ | ၉၁ |
| လက္ခဏာ ရသ စသည် | ၉၂ |
| ပရမတ္ထ၏ အဓိပ္ပါယ် | ၉၃ |
| ဒွါရငါးပါးပိတ်ပုံ | ၉၅ |
| မဟာစည်ဆရာတော် | ၉၆ |
| ဦးသွင်နှစ်ဦးတို့တွေ့ကြခြင်း | ၉၇ |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် သာသနာ့ရိပ်သာ | ၁၀၄ |
| စစ်ပြီး တောင်ပိုင်းကလေးသို့ကြွခြင်း | ၁၀၄ |
| မဟာသတိပဋ္ဌာန်သုတ် နိဿယ | ၁၀၆ |
| သာသနာ့ရိပ်သာသို့ရောက်တော်မူခြင်း | ၁၀၇ |
| နေရာအနှံ့ ရိပ်သာများပေါ်ပေါက်ခြင်း | ၁၀၉ |
| အဂ္ဂမဟာပဏ္ဍိတဘွဲ့ရတော်မူခြင်း | ၁၁၁ |
| ယိုးဒယား ကမ္ဘောဒီးယားသို့ ကြွတော်မူခြင်း | ၁၁၂ |
| ဆဋ္ဌသံဂါယနာနှင့် မဟာစည်ဆရာတော် | ၁၁၃ |
| သံဂါယနာ ဝန်ဆောင်ဆရာတော် | ၁၁၇ |
| ဩသာနဆရာတော် | ၁၁၉ |
| ပုစ္ဆကဆရာတော် | ၁၂၃ |
| အဋ္ဌကထာ သံဂါယနာ စိစစ်ခန်း | ၁၂၇ |
| ဂျပန်နိုင်ငံသို့ ထေရဝါဒသာသနာပြုကြွတော်မူခြင်း | ၁၃၁ |
| ဝိသုဒ္ဓိမဂ် နိဒါန်းရေးသားတော်မူခြင်း | ၁၃၃ |
| သီဟိုဠ်၌ သာသနာပြုခြင်း | ၁၃၉ |
| သီဟိုဠ်သို့ မဟာစည်ဆရာတော်ကြွတော်မူခြင်း | ၁၄၅ |
| အိန္ဒိယခရီး | ၁၄၆ |
| သီဟိုဠ်ခရီး | ၁၅၅ |
| အင်ဒိုနီးရှားသို့ သာသနာပြုကြွတော်မူခြင်း | ၁၇၀ |
| ယိုးဒယား၌ သာသနာပြုခြင်း | ၁၇၇ |
| ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ရေးသားတော်မူခြင်း | ၁၇၇ |
| နိဿယ၏အစ | ၁၈၀ |
| သံသယရှိဖွယ်များ | ၁၈၂ |
| ရှေးနိဿယများ | ၁၈၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဿယ၏အဆင့်အတန်း | ၁၈၅ |
| ကြိုးပမ်းတော်မူချက် | ၁၈၅ |
| ကျမ်းဂုဏ်ရည် | ၁၈၇ |
| ဘဝပြဿနာ | ၁၈၉ |
| ပါဠိစာပေလောက၌ တိမ်မြုပ်နေသော သာဝိတ္တိဂါထာ | ၁၉၂ |
| မဟာဋီကာသမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ သာဝိတ္တိဂါထာအကြောင်း | ၁၉၃ |
| ဘာရတမင်းတို့၏ စစ်ထိုးခြင်း | ၁၉၈ |
| မဟာစည်ဆရာတော်နှင့် သက္ကတ အင်္ဂလိပ်စာများ | ၁၉၉ |
| ပြုစုတော်မူသောကျမ်းများ | ၂၀၁ |
| ပေါင်းပိန်ကမ္မဋ္ဌာန်း | ၂၀၃ |
| ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး | ၂၁၀ |
| မဟာစည်ဆရာတော်နှင့် နိုင်ငံခြားသားများ | ၂၁၂ |
| ယနေ့ မဟာစည်ဆရာတော် | ၂၁၈ |
| မော်လမြိုင်မြို့ မြို့ဝ သတိပဋ္ဌာန်သာသနာ့ရိပ်သာဆရာတော်ဦးပဏ္ဍဝ | ၂၂၅ |
| ကမ္မဋ္ဌာနာစရိယဆရာကြီး ဆရာကြံ | ၂၂၇ |
| ကမ္မဋ္ဌာနာစရိယဆရာကြီး ဆရာကြွက် | ၂၃၁ |
| အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ရွှေစေတီဆရာတော်ဘုရားကြီး | ၂၃၄ |
| ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးသုဇာတ | ၂၅၄ |
| 〃 〃 〃 ဦးပဏ္ဍိတာဘိဝံသ | ၂၆၁ |
| 〃 〃 〃 ဦးသံဝရ | ၂၆၅ |
| 〃 〃 〃 ဦးဇဝန | ၂၇၀ |
| 〃 〃 〃 ဦးဇနကာဘိဝံသ | ၂၇၄ |
| 〃 〃 〃 ဦးဝိဇယ | ၂၈၂ |
| 〃 〃 ဓမ္မကထိက ဦးစန္ဒာဝရ(သရက်အောင်မင်္ဂလာ) | ၂၈၇ |
| 〃 〃 သာမဏေရသိက္ခာစရိယ အရှင်ကေလာသ | ၂၉၄ |
| ထိုင်းလင်း သာသနာပြု ဆရာတော် အရှင်အာသဘ | ၃၀၀ |
| ထိုင်းလင်း သာသနာပြု ဆရာတော် အရှင်ပညာဝံသ | ၃၀၆ |
| သီဟိုဠ် ကန္ဒုဗောဒရိပ်သာ ဆရာတော် ဦးသုမတိပါလ | ၃၀၉ |
| အင်ဒိုနေးရှား သံဃနာယက သာသနာပြုဆရာတော် အရှင်ဇိနရက္ခိတ | ၃၁၂ |
| ဖျာပုံ သာသနာ့ရိပ်သာဆရာတော် ဦးဝဏ္ဏိတ | ၃၁၆ |
| မန္တလေးမြို့ မြေနီကျောင်း ရိပ်သာဆရာတော် ဦးဥက္ကံသ | ၃၁၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လက်တွေ့အကျူးဆုံးကျမ်း | ၈၉ |
| အညာဗျာကရဏာမျိုးလော | ၉၀ |
| ဆက်ပြတ်နေသော ရှုမှတ်နည်းများ | ၉၁ |
| လက္ခဏာ ရသ စသည် | ၉၂ |
| ပဋ္ဌာန်း၏ အဓိပ္ပါယ် | ၉၃ |
| ဒွါရငါးပါးပိတ်ပုံ | ၉၅ |
| မဟာစည်ဆရာတော် | ၉၆ |
| ဦးသွင်နှစ်ဦးတို့တွေ့ကြခြင်း | ၉၈ |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် သာသနာ့ရိပ်သာ | ၁၀၄ |
| စစ်ပြီး တောင်ပုံးကလေးသို့ကြွခြင်း | ၁၀၄ |
| မဟာသတိပဋ္ဌာန်သုတ် နိဿယ | ၁၀၆ |
| သာသနာ့ရိပ်သာသို့ရောက်တော်မူခြင်း | ၁၀၈ |
| နေရာအနှံ့ ရိပ်သာများပေါ်ပေါက်ခြင်း | ၁၀၉ |
| အဂ္ဂမဟာပဏ္ဍိတဘွဲ့ရတော်မူခြင်း | ၁၁၁ |
| ယိုးဒယား ဇင်းမယ်ဒေါ်ယားသို့ ကြွတော်မူခြင်း | ၁၁၂ |
| ဆဋ္ဌသံဂါယနာနှင့် မဟာစည်ဆရာတော် | ၁၁၇ |
| သံဂါယနာ ဝန်ဆောင်ဆရာတော် | ၁၁၈ |
| ဩသာနဆရာတော် | ၁၁၉ |
| ပုစ္ဆကဆရာတော် | ၁၂၃ |
| အဋ္ဌကထာ သံဂါယနာ ဝိစစ်ခန်း | ၁၂၈ |
| ဂျပန်နိုင်ငံသို့ ထေရဝါဒသာသနာပြုကြွတော်မူခြင်း | ၁၃၁ |
| ဝိသုဒ္ဓိမဂ် နိဒါန်းရေးသားတော်မူခြင်း | ၁၃၃ |
| သီဟိုဠ်၌ သာသနာပြုခြင်း | ၁၃၉ |
| သီဟိုဠ်သို့ မဟာစည်ဆရာတော်ကြွတော်မူခြင်း | ၁၄၅ |
| အိန္ဒိယခရီး | ၁၄၆ |
| သီဟိုဠ်ခရီး | ၁၅၅ |
| အင်္ဂလန်နိုင်ငံသို့ သာသနာပြုကြွတော်မူခြင်း | ၁၇၀ |
| ယိုးဒယား၌ သာသနာပြုခြင်း | ၁၇၈ |
| ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ရေးသားတော်မူခြင်း | ၁၇၈ |
| နိဿယ၏အစ | ၁၈၀ |
| သံသယရှိသူများ | ၁၈၂ |
| ရှေးနိဿယများ | ၁၈၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဿယ၏အဆင့်အတန်း | ၁၈၅ |
| ကြိုးပမ်းတော်မူချက် | ၁၈၅ |
| ကျမ်းဂုဏ်ရည် | ၁၈၇ |
| ဘဝပြဿနာ | ၁၈၉ |
| ပါဠိစာပေလောက၌ တိမ်မြုပ်နေသော သာဝိတ္တိဂါထာ | ၁၉၂ |
| မဟာဋီကာသမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ သာဝိတ္တိဂါထာအကြောင်း | ၁၉၄ |
| ဘာရတမင်းတို့၏ စစ်ထိုးခြင်း | ၁၉၈ |
| မဟာစည်ဆရာတော်နှင့် သက္ကတ အင်္ဂလိပ်စာများ | ၁၉၉ |
| ပြုစုတော်မူသောကျမ်းများ | ၂၀၁ |
| ပေါင်းပိန်ကမ္မဋ္ဌာန်း | ၂၀၃ |
| ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး | ၂၁၀ |
| မဟာစည်ဆရာတော်နှင့် နိုင်ငံခြားသားများ | ၂၁၂ |
| ယနေ့ မဟာစည်ဆရာတော် | ၂၁၈ |
| မော်လမြိုင်မြို့ မြို့ဝ သတိပဋ္ဌာန်သာသနာ့ရိပ်သာဆရာတော်ဦးပဏ္ဍာ | ၂၂၅ |
| ကမ္မဋ္ဌာနာစရိယဆရာကြီး ဆရာကြဲ | ၂၂၇ |
| ကမ္မဋ္ဌာနာစရိယဆရာကြီး ဆရာကြွက် | ၂၃၁ |
| အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ရွှေစေတီဆရာတော်ဘုရားကြီး | ၂၃၄ |
| ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးသုဇာတ | ၂၅၄ |
| 〃 〃 〃 ဦးပဏ္ဍိတာဘိဝံသ | ၂၆၁ |
| 〃 〃 〃 ဦးသံဝရ | ၂၆၅ |
| 〃 〃 〃 ဦးဇဝန | ၂၇၀ |
| 〃 〃 〃 ဦးဇနကာဘိဝံသ | ၂၇၄ |
| 〃 〃 〃 ဦးဝိဇယ | ၂၈၂ |
| 〃 〃 ဓမ္မာစရိယ ဦးသန္တာဝရ (သရက်တောင်မင်္ဂလာ) | ၂၈၇ |
| 〃 〃 သာမဏေကျော်သိက္ခာစရိယ အရှင်ကေလာသ | ၂၉၄ |
| ထိုင်းလင်း သာသနာပြု ဆရာတော် အရှင်အာသဘ | ၃၀၀ |
| ထိုင်းလင်း သာသနာပြု ဆရာတော် အရှင်ပညာဝံသ | ၃၀၆ |
| သီဟိုဠ် ကန္ဒဗောဓိရိပ်သာ ဆရာတော် ဦးသုမဟာပါလ | ၃၀၉ |
| အင်ဒိုနီးရှား သံဃနာယက သာသနာပြုဆရာတော် အရှင်ဇိနရက္ခိတ | ၃၁၂ |
| ဖျာပုံ သာသနာ့ရိပ်သာဆရာတော် ဦးဝဏ္ဏိတ | [illegible] |
| မန္တလေးမြို့ မြေနီကျောင်း ရိပ်သာဆရာတော် ဦးဉာဏဝံသ | ၃၁၉ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မန္တလေး ဝါခင်းကုန်းရိပ်သာ ဆရာတော် ဦးဇောတိက | ၃၂၂ |
| ။ ရွှေစည် ဆရာတော် ဦးကုလိသ | ၃၂၅ |
| ။ ဝါခင်းကုန်း ဣစ္ဆာသယ ဆရာတော် ဦးဇဋိလ | ၃၃၁ |
| ။ ဆင်မြီးရှင် ဆရာတော် ဦးဇာဂရ | ၃၃၄ |
| မန္တလေး ရတနာပုံ သာသနာ့ရိပ်သာ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဦးဇာဂရ | ၃၃၆ |
| ။ ရတနာပုံ သာသနာ့ရိပ်သာ နယ်လှည့်ဓမ္မကထိက ဦးဇောတိက | ၃၃၈ |
| ရွှေဘို ဆိပ်ခွန် မဟာစည် မူလဋ္ဌာန ဆရာတော် ဦးသြဘာသ | ၃၄၀ |
| ။ ။ ။ ယာယီကမ္မဋ္ဌာနာစရိယ ဦးကောသလ္လ | ၃၄၂ |
| ရွှေဘို ဆိပ်ခွန် ပိဋကတိုက်ဆရာတော် နယ်လှည့်ဓမ္မကထိက ဦးသုန္ဒရာဘိဝံသ | ၃၄၃ |
| ရွှေဘို ဆိပ်ခွန် သီတာရုံဆရာတော် နယ်လှည့်ဓမ္မကထိက ဦးမိတိမာ | ၃၄၆ |
| ပဲခူးမြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးပညာဝါ | ၃၄၉ |
| ပျဉ်ပုံကြီး သာသနာ့ရိပ်သာ ဆရာတော် ဦးဇာဂရ | ၃၅၃ |
| ဖောင်ကြီး သာသနာ့ရိပ်သာဆရာတော် ဦးဓမ္မိဿရ | ၃၅၅ |
| လှည်းကူး သာသနာ့ရိပ်သာ ဆရာတော် ဦးတေဇဝန္တ | ၃၅၇ |
| ဒိုက်ဦးမဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဦးဉာဏ | ၃၅၉ |
| ရန်ကုန်မြို့ သာသနာ့ရိပ်သာ အရှင်အကုံသ | ၃၆၁ |
| ။ သလ္လာဝတီရိပ်သာဆရာတော် ဦးသူရိယ | ၃၆၄ |
| ။ ရှစ်မိုင်ခွဲ သာသနာ့ရိပ်သာ ဆရာတော် ဦးကဝိဓဇ | ၃၆၆ |
| ။ ဘောင်ဥက္ကလာပ ကံသာဆရာတော် ဦးရာဇိန္ဒ | ၃၇၀ |
| ။ ဗဟန်း မင်းလှဆရာတော် ဦးဝါယမိန္ဒ | ၃၇၂ |
| ။ အလယ်တောရ ငန်းဇွန်ဆရာတော် ဦးဝါသဝ | ၃၇၇ |
| ကျိုက်လတ် သာသနာ့ရိပ်သာဆရာတော် ဦးဉာဏာလင်္ကာရ | ၃၈၀ |
| မြင်းခြံကုန်းသာသနာ့ရိပ်သာဆရာတော် ဦးကောသလ္လ | ၃၈၃ |
| အိမ်မဲမြို့ သာသနာ့ရိပ်သာဆရာတော် ဦးဣန္ဒဝံသ | ၃၈၅ |
| မြောင်းမြမြို့ သာသနာ့ရိပ်သာဆရာတော် ဦးဉာဏိန္ဒ | ၃၈၇ |
| မော်လမြိုင်ကျွန်း သာသနာရိပ်သာဆရာတော် ဦးအာသဘ | ၃၈၉ |
| ပုသိမ်မြို့ အောင်မြေဘုံကျော် သာသနာ့ရိပ်သာဆရာတော် ဦးဣန္ဒက | ၃၉၃ |
| ။ ရေအိုးစဉ် သာသနာ့ရိပ်သာဆရာတော် ဦးကလျာဏ | ၃၉၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပုသိမ်ခရိုင် သာပေါင်း သရက်တောရိပ်သာဆရာတော် ဦးအာစိဏ္ဏ | ၄၀၁ |
| ။ ။ ဇောက်ကြဲကွင်းရိပ်သာဆရာတော် ဦးဇဝန | ၄၀၃ |
| မအူပင်မြို့ ရန်အောင် သာသနာ့ရိပ်သာဆရာတော်ဦးသောဘိတ | ၄၀၄ |
| ပုသိမ်ခရိုင် သာပေါင်း ဘုရားကုန်းရိပ်သာဆရာတော် ဦးတေဇဝန္တ | ၄၀၇ |
| ဟင်္သာတမြို့ မဟာစည် သာသနာ့ရိပ်သာဆရာတော် ဦးကုဏ္ဍလ | ၄၀၈ |
| ။ ။ လက်ကောက်ဆရာတော် ဦးဒေဝရ | ၄၁၃ |
| ဟင်္သာတခရိုင် နံကပ်ကျေးရွာ ရိပ်သာဆရာတော် ဦးပညာသာမိ | ၄၁၇ |
| ။ ချောကြည့် ရိပ်သာဆရာတော် ဦးပညာဒီပတ | ၄၂၀ |
| ။ ညောင်ကျိုးမြို့နယ်ညောင်တုန်းသဲရွာဆရာတော်ဦးကုဏ္ဍလ | ၄၂၁ |
| ။ မဲဇလီကုန်းမြို့ မဟာစည်ရိပ်သာ ဆရာတော် ဦးသူရိယ | ၄၂၃ |
| မြန်အောင်မြို့ လေးမျက်နှာရပ် မဟာစည်ရိပ်သာဆရာတော် ဦးကုဝေရ | ၄၂၆ |
| ။ မင်းကန်ကြီးကျောင်းမဟာစည်ရိပ်သာဆရာတော် ဦးဝါယမိန္ဒ | ၄၂၈ |
| ။ ။ ။ နယ်လှည့် ဝမ္မကထိက ဦးဧရာဝံသ | ၄၃၃ |
| မြန်အောင်မြို့နယ် မိချောင်းအိုင်ရွာ တောရရိပ်သာ ဆရာတော်ဦးဒီပ | ၄၃၅ |
| မိုးညိုမြို့နယ် မဒိုးရိမ်ကျေးရွာ ရိပ်သာဆရာတော် ဦးနာဂိန္ဒ | ၄၃၈ |
| ဟံသာဝတီခရိုင် ကွပ်းခြံကုန်းမြို့နယ် မဟာစည်ရိပ်သာ ဆရာတော်ဦးဥက္ကမာစာရ | ၄၃၉ |
| ဟံသာဝတီခရိုင်သံလျင်မြို့နယ် ပုဂံတောင်ရိပ်သာဆရာတော် ဦးညိန္ဒ | ၄၄၃ |
| ။ ခရမ်းမြို့နယ် သပြေကုန်းရိပ်သာဆရာတော် ဦးသုမန | ၄၄၄ |
| သထုံခရိုင် ဘီးလင်းမြို့နယ်ဒေါက်ရပ် ရိပ်သာဆရာတော် ဦးပညာစာရ | ၄၄၇ |
| ။ ယင်းမြိုင်မြို့ ဓမ္မကာရုံ သာသနာ့ရိပ်သာဆရာတော် ဦးဝိမလ | ၄၄၉ |
| ကရင်ပြည်နယ် ကော့ကရိတ်မြို့ မဟာသဒ္ဓိပဏ္ဍာန်ဆရာတော် ဦးသုမန | ၄၅၁ |
| ကော့ကရိတ်ခရိုင် ကြာတိမ်မြို့ ရတနာမာရ်အောင်ရိပ်သာဆရာတော် ဦးသေဠိလ | ၄၅၃ |
| မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ ဇေတဝန်ဆရာတော် ဦးသီလ | ၄၅၅ |
| ။ ကတိုးမြို့နယ် မဟာခုဋ်ကျောင်းတိုက် ရိပ်သာဆရာတော် ဦးပဏ္ဍိတ | ၄၅၇ |
| မော်လမြိုင်ခရိုင်မုဒုံမြို့နယ် တံခွန်တိုင်ရွာ ရိပ်သာဆရာတော် ဦးနန္ဒိယ | ၄၅၉ |
| ။ ။ ကမာဝက်ရွာဒက္ခိဏာရုံရိပ်သာ ဆရာတော် ဦးသီလဝန္တ | ၄၆၀ |
| ။ သံဖြူဇရပ်မြို့ မွန်ရွှေကျင်ရိပ်သာဆရာတော် ဦးပဒုမ | ၄၆၂ |
| ထားဝယ်မြို့ မော်အင်္ဂသာသနာ့ရိပ်သာဆရာတော် ဦးဥာဏိန္ဒိယ | ၄၆၄ |
| မြိတ်ခရိုင် ပလောမြို့နယ် ရှပ်ပုံဆိတောင်ရိပ်သာဆရာတော် ဦးဝါယမ | ၄၆၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြိတ်ခရိုင် ကလင်ပန်းရွာ သာသနာ့ရိပ်သာဆရာတော် ဦးဝိသုဒ္ဓ | ၄၆၈ |
| တနင်္သာရီမြို့ သာသနာ့ရိပ်သာဆရာတော် ဦးတေဇ | ၄၇၀ |
| သာယာဝတီမြို့ မင်္ဂလာအုဋ္ဌ်ကျောင်း သာသနာ့ရိပ်သာဆရာတော် ဦးသုဇန | ၄၇၁ |
| သာယာဝတီခရိုင် မင်းလှမြို့ သာသနာ့ရိပ်သာဆရာတော် ဦးသာသန | ၄၇၃ |
| ॥ ဇီးကုန်းမြို့ ကန်ဦးရိပ်သာဆရာတော် ဦးဥဂ္ဂသာစာရ | ၄၇၅ |
| ॥ ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာဆရာတော်ဦးသောဏက | ၄၇၇ |
| ကြို့ပင်ကောက်မြို့ သာယာဝတီခရိုင် ကျစ္စာရန်အောင်မြင်ရိပ်သာ ဆရာတော် ဦးဝါယမ | ၄၇၉ |
| နတ္တလင်းမြို့ မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးကေသရ | ၄၈၁ |
| ပြည်ခရိုင် သဲကုန်းမြို့နယ် ဝက်ပုတ်(ကြို့ပင်သာ)ရိပ်သာဆရာတော် ဦးပညာဒီပ | ၄၈၄ |
| ပြည်ခရိုင်ပေါင်းတည်မြို့ ကန်တော်မင်္ဂလာရိပ်သာ ဆရာတော် ဦးပညာသာမိ | ၄၈၆ |
| ပြည်မြို့ မဟာစည် သာသနာ့ရိပ်သာဆရာတော် ဦးဉာဏာစာရ | ၄၈၈ |
| သရက်ခရိုင်ဆင်ပေါင်ဝဲမြို့ မဟာသတိပဋ္ဌာန်ရိပ်သာဆရာတော်ဦးသုနန္ဒ | ၄၉၀ |
| ॥ ဆင်ပေါင်ဝဲမြို့နယ် ငါန်းပြားရွာရိပ်သာဆရာတော် ဦးတိလောက | ၄၉၃ |
| သရက်မြို့ အောင်မင်္ဂလာ သာသနာ့ရိပ်သာဆရာတော် ဦးမေကသရ | ၄၉၄ |
| မိချောင်းရဲမြို့ ပိဋကကျောင်း ဆရာတော် ဦးဝိနယ | ၄၉၇ |
| မင်းဘူးမြို့ သာသနာ့ရိပ်သာဆရာတော် ဦးဥက္ကဋ္ဌဉာဏ | ၄၉၉ |
| မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့နယ်ခါတော်မှိသာသနာ့ရိပ်သာဆရာတော် ဦးမေဃိက | ၅၀၁ |
| မကွေးမြို့ မုံချောင်းပေါက်ရိပ်သာဆရာတော် ဦးရေဝတ | ၅၀၃ |
| မကွေးခရိုင် စလေမြို့သာသနာ့ရိပ်သာဆရာတော် ဦးရာဇိန္ဒ | ၅၀၄ |
| ပျဉ်းမနားမြို့ ကံဦးကျောင်း မဟာစည် သာသနာ့ရိပ်သာဆရာတော် ဦးဝါယမ | ၅၀၇ |
| ပျဉ်းမနားမြို့နယ် ပြန်ကပြေးသာသနာ့ရိပ်သာဆရာတော် ဦးဇဋိလ | ၅၁၁ |
| တောင်တွင်းကြီးမြို့ အသေကာရုံ သာသနာ့ရိပ်သာဆရာတော် ဦးကဝိဓဇ | ၅၁၆ |
| တောင်တွင်းကြီးမြို့သီရိမင်္ဂလာကမ္မဋ္ဌာန်းဌာန ဆရာတော် ဦးတေဇိန္ဒ | ၅၁၉ |
| ॥ မြို့တွင်း သာသနာ့ရိပ်သာ ဆရာတော် ဦးအရိယဝံသ | ၅၂၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နတ်မောက်မြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးလာဘသာမိ | ၃၂၁ |
| ညောင်ဦးမြို့ မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာဆရာတော်ဦးကလျာဏ | ၃၂၆ |
| ပခုက္ကူမြို့ မဟာသုခိတာရာမ သာသနာ့ရိပ်သာဆရာတော်ဦးတေဇဝန္တ | ၃၂၉ |
| ပခုက္ကူမြို့နယ် ကျဲတဲရွာရိပ်သာ ဆရာတော် ဦးဘိက္ခု | ၃၃၁ |
| ဂန့်ဂေါမြို့နယ် ပျားရွာရိပ်သာဆရာတော် ဦးဥာဏ | ၃၃၄ |
| ရေစကြိုမြို့ ဂူကြီးသာသနာ့ရိပ်သာဆရာတော် ဦးနန္ဒိယ | ၃၃၅ |
| ထီးလင်းမြို့နယ် အုန်းနှောက်ရွာ သတိပဋ္ဌာန် သာသနာ့ရိပ်သာဆရာတော် ဦးပညာသိဒ္ဓိ | ၃၃၇ |
| မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ သုံးဂူတန်းရိပ်သာဆရာတော် ဦးပဏ္ဍိစ္စ | ၃၃၉ |
| မြင်းခြံခရိုင်ရွှေတောင်ဦးကျောင်း ဆရာတော် ဦးသေက | ၃၄၁ |
| 〃 ကျောက်ပန်းတောင်းမြို့နယ် ကံပြုတောရရိပ်သာဆရာတော် ဦးကုမာရ | ၃၄၄ |
| မြင်းခြံမြို့မဟာစည်သာသနာ့ရိပ်သာဆရာတော် ဦးသုန္ဒရ | ၃၄၅ |
| 〃 〃 နယ်လှည့်ဓမ္မကထိက ဦးနန္ဒတိ | ၃၄၇ |
| မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျောက်တန်းရိပ်သာ ဆရာတော် ဦးကုသလ | ၃၅၁ |
| ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြေနီတောင် တောရရိပ်သာဆရာတော် ဦးဉာဏာလင်္ကာရ | ၃၅၄ |
| မြေမြို့သစ်တောလမ်းရိပ်သာ ဆရာတော် ဦးအာစာရ | ၃၅၅ |
| 〃 ရွှေစေတီသာသနာ့ရိပ်သာဆရာတော် ဦးဥတ္တမ | ၃၅၇ |
| လားရှိုးမြို့ အောင်မင်္ဂလာရိပ်သာ ဆရာတော် ဦးဝိလာသနန္ဒ | ၃၆၀ |
| တောင်ကြီးမြို့ သာသနာ့မာရ်အောင်ရိပ်သာဆရာတော် ဦးဓမ္မပါလ | ၃၆၂ |
| လွိုင်ကော်မြို့ ဝိမုတ္တိသုခရိပ်သာဆရာတော် ဦးအဂ္ဂဓမ္မ | ၃၆၅ |
| ရှမ်းပြည်တောင်ပိုင်း ပင်းတယရိပ်သာဆရာတော် ဦးဣန္ဒဝံသ | ၃၆၇ |
| 〃 မြောက်ပိုင်းနမ်းခမ်းရိပ်သာဆရာတော် ဦးဝိသုဒ္ဓါစာရ | ၃၇၁ |
| 〃 〃 မာရ်အောင်ရိပ်သာဆရာတော် ဦးဝိသုဒ္ဓ | ၃၇၄ |
| လားရှိုးခရိုင်ကွတ်ခိုင်မြို့နယ် မိုင်းဝီးမြို့ပန်ယုရိပ်သာဆရာတော်ဦးပညာ | ၃၇၅ |
| 〃 နမ့်ခမ်းမြို့ ဟန်ခမ်းရိပ်သာဆရာတော် ဦးပဏ္ဍဝံသ | ၃၇၆ |
| 〃 ကွတ်ခိုင်မြို့နယ်မာရ်နိမ်းရိပ်သာဆရာတော် ဦးခန္တီ | ၃၇၇ |
| စစ်ကိုင်းမြို့ဆင်များရှင်သာသနာ့ရိပ်သာဆရာတော်ဦးသီဟညာဏ | ၃၇၉ |

အကြောင်းအရာ စာမျက်နှာ

စစ်ကိုင်းမြို့ရွှေစေတီသာသနာ့ရိပ်သာ
လက်ထောက် ကမ္မဋ္ဌာနာစရိယ ဦးအဒ္ဒိယဝံသ ၅၀၂
စစ်ကိုင်းမြို့နယ် ဦးအိုင်ကျွန်း သရက်တောရိပ်သာဆရာတော်
ဦးသောပါက ၅၀၄
။ ရွာသစ်ကြီး သာသနာ့ရိပ်သာဆရာတော် ဦးဇဋိလ ၅၀၅
မြင်းမူမြို့ အလ္လကပ္ပဒက္ခိဏာရာမ သာသနာ့ရိပ်သာဆရာတော် ဦးဝဏ္ဏ ၅၀၇
။ နိဂြောဓာရုံရိပ်သာဆရာတော် ဦးဣန္ဒာစရိယ ၅၀၉
ငွေးပင်တောရွာ နတ်ရေကန်သာသနာ့ရိပ်သာဆရာတော် ဦးပဏ္ဍိတ ၅၉၁
မုံရွာမြို့စန်းမြရောင်ခြည် သာသနာ့ရိပ်သာဆရာတော် ဦးနန္ဒိသာရ ၅၉၃
။ ရှောက်ခါးရပ် ပညာ့ဝတီရိပ်သာဆရာတော်ဦးသုန္ဒရ ၅၉၆
မုံရွာခရိုင် ညောင်ပင်ကြီး ဖေါင်းတကာရွာ စိတ္တသုခရိပ်သာ
ဆရာတော် ဦးဝိသုတ ၅၉၈
။ အရာတော်မြို့ မဟာသတိပဋ္ဌာန်ရိပ်သာဆရာတော်
ဦးရေဝတ ၆၀၀
။ အရာတော်မြို့နယ်မလဲသာရိပ်သာ ဦးစာရိတ္တ ၆၀၂
။ ဖိုးဝင်းတောင် လွမ်းစေတီသာသနာ့ရိပ်သာ
ဆရာတော် ဦးစန္ဒိမာ ၆၀၄
။ မုံရွေးဆံတော်ရှင်ရိပ်သာ ဆရာတော် ဦးဝါယမ ၆၀၅
ရွှေဘိုမြို့ စေတီတော် သာသနာ့ရိပ်သာ ဆရာတော် ဦးတိလောက ၆၀၈
။ ။ အကူအညီဆရာတော် ဦးပဏ္ဍဝ ၆၁၂
ရွှေဘိုမြို့နယ် ချိပါရွာ မဟာဇေယျဒီပရိပ်သာ ဆရာတော် ဦးစာရိန္ဒ ၆၁၉
။ ဆင်အင်းရွာရိပ်သာ ဆရာတော်ဦးကေလာသ ၆၂၁
။ ဝက်လက်မြို့ဘုရားကြီးရိပ်သာဆရာတော် ဦးဝါယမိန္ဒ ၆၂၃
။ ကျောက်မြောင်းမြို့ရွှေခွန်ရွှေတိုက်ရိပ်သာဆရာတော်
ဦးသုနန္ဒ ၆၂၅
ရွှေဘိုခရိုင်ကျောက်မြောင်းမြို့ ပေါ်တော်မူရိပ်သာဆရာတော်
ဦးသီလာစာရ ၆၂၈
။ ရေဦးမြို့နယ်လေးရွာ ပဒုမာရုံ ဆရာတော်ဦးကဝိန္ဒ ၆၃၀
။ ။ မြင်းပေါက်ရိပ်သာဆရာတော်ဦးဝါသဝ ၆၃၂
။ ။ပုန္နဂါးပင်စည်ရွာရွှေပေါ်ကျွန်းရိပ်သာ
ဆရာတော် ဦးသုမန ၆၃၄
။ ။ မုံတိုင်ပင်ရိပ်သာဆရာတော် ဦးနာဂဝံသ ၆၃၆

အကြောင်းအရာ စာမျက်နှာ

ရွှေဘိုခရိုင် ကန့်ဘလူမြို့ဝိဝေကရိပ်သာဆရာတော် ဦးကောဝိဒ ၆၃၈
〃 ကန့်ဘလူမြို့နယ် တောက္ကရုပ်ရိပ်သာဆရာတော် ဦးသေကိန္ဒ ၆၄၀
〃 ။လိပ်ပြာကန်ရွာ ရိပ်သာဆရာတော် ဦးသီလာစာရ ၆၄၂
〃 ကျွန်းလှမြို့အိုးကုန်းရိပ်သာဆရာတော် ဦးစံသိတ ၆၄၃
〃 ကျွန်းလှမြို့နယ် ညောင်ကိုင်းရွှေကျောင်တောရ ဆရာတော်ဦးသူရိယ ၆၄၅
ကသာခရိုင် ကောလင်းမြို့ ရေဝန်းရိပ်သာ ဆရာတော် ဦးဂုည ၆၄၈
မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာဆရာတော် ဦးပညာသာရ ၆၅၀
ဗန်းမော်မြို့ကုန်းခါးသာသနာ့ရိပ်သာဆရာတော် ဦးတိလောက ၆၅၁
ဗန်းမော်မြို့နယ် စာဝတီးတောကျောင်းရိပ်သာဆရာတော်ဦးဝါယမ ၆၅၃
ဟုမ္မလင်းမြို့နယ်ကောယားသာသနာ့ရိပ်သာဆရာတော်ဦးနန္ဒမာလာ ၆၅၅
〃 နောင်ပင်သာသနာ့ရိပ်သာဆရာတော် ဦးဇမ္ဗုဒိန္န ၆၅၈
〃 ကက်သာ နတ်ကြီးချောင်းရိပ်သာ ဆရာတော် ဦးစန္ဒိမာ ၆၆၀
〃 မောင်းခမ်းသာသနာ့ရိပ်သာ ဆရာတော်ဦးပုညဝရ ၆၆၃
မော်လိုက်ခရိုင် ကလေးမြို့ သာသနာ့ရိပ်သာဆရာတော် ဦးမေဃိန္ဒ ၆၆၆
ကျောက်ဖြူခရိုင်ရမ်းပြဲမြို့နယ်အနောက်ရွာရိပ်သာဆရာတော်ဦးဂုဏဝံသ ၆၆၇
〃 ရမ်းပြဲမြို့မဟာဗုဒ္ဓေါရာမရိပ်သာဆရာတော်ဦးသာဂရ ၆၆၉
စစ်တွေမြို့ လက်ဝဲသလုံးတော်ဓါတ်ရိပ်သာဆရာတော် ဦးပညာဝံသ ၆၇၁
တံတွေးမြို့ အောင်စေတီရိပ်သာဆရာတော် ဦးဇူန္နာစာရ ၆၇၄
ယိုးဒယားနိုင်ငံ့ မြောက်ပိုင်း ဇင်းမယ်မြို့ ဝပ်မုန်းမန်း ကမ္မဋ္ဌာန်း ကျောင်းတိုက် ဆရာတော် ဦးသီရိမင်္ဂလာ ၆၇၆
ကမ္ဘာ့အေး ဇမ္ဗုဒီပ အဘိဓာနကာရက ဆရာတော် ဦးဉာဏုတ္တရ ၆၇၉
ပုသိမ်မြို့ အောင်မြေဘုံကျော် ဒုတိယဆရာတော် ဦးဉာဏဗလ ၆၈၅
မဟာစည် ဥပထမ္ဘကနာယကအဖွဲ့ဝင်ဆရာတော်များစာရင်း ၆၈၈
မဟာစည် ဓမ္မကထိကဆရာတော်များစာရင်း ၆၉၀
ရေးမြို့ ကေ့ဒွတ်သာသနာ့ရိပ်သာ ဆရာကြီး ဒေါ်မမ္မဓ ၆၉၁
ဝဏ္ဏကျော်ထင် စည်သူ ဦးညိုပု အတ္ထုပ္ပတ္တိ ၆၉၃
ဦးဖေသင် အတ္ထုပ္ပတ္တိ ၆၉၈
ကမ္မဋ္ဌာန်းဆရာကြီး ဦးခမ်းဆွယ် (နမ့်ခမ်းရိပ်သာ) ၇၀၁
〃 ဦးသာမြင့် (သာယာဝတီ) ၇၀၃
〃 ဦးပု (တောင်သာချောင်းပေါက်) ၇၀၅

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကမ္ဘာ့ဝန်းဆရာကြီး | ဦးရွှေလှိုင် ( ။ ) | ၇၀၆ |
| ။ | ဦးသွန်းလှ (တောင်သာမြို့) | ၇၀၈ |
| ။ | ဦးဒွေဆိုင် (တောင်သာ ကံမြဲ) | ၇၁၀ |
| ။ | ဦးနက်ကျော်(တောင်သာ နိဗ္ဗာယ အေးရွာ) | ၇၁၂ |
| ။ | ဦးလှဖေ ကံမြဲရိပ်သာ တောင်သာ | ၇၁၃ |
| ။ | ဦးချစ်သွန်း(ကန့်ဘလူ သစ္စေးကုန်း) | ၇၁၅ |
| ။ | ဦးစံငွေ အောင်လံ ရွာသောင်) | ၇၁၇ |
| မဟာစည် ပဋိပတ္တိသာသနာဝင် နိဂုံး | | ၇၁၉ |
| မဟာစည် သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေများနိဒါန်း | | ၇၂၁ |
| မဟာစည်ဆရာတော်၏ဩဝါဒကထာ | | ၇၂၉ |
| မဟာစည် သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေများ | | ၇၃၄ |
| ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်ဟန်းတော်များအတွက် ။ ။ | | ၇၃၅ |
| ။ | ဥပါသကာများအတွက် ။ ။ | ၇၄၃ |
| ယောဂီရဟန်းတော်များအတွက် ။ ။ | | ၇၄၈ |
| ယောဂီဥပါသကာ ဥပါသိကာမများအတွက် ။ ။ | | ၇၅၁ |
| ကမ္ဘာ့ဝန်းဌာန ဆိုင်ရာ ။ ။ | | ၇၅၃ |
| ရဟန်းတော်များအတွက် ဌာနဆိုင်ရာ သီးခြားဥပဒေများ | | ၇၅၅ |


မာတိကာပြီး၏

# နိဒါန်း

---

## ဤသာသနာဝင် အခြေခံ အကြောင်းရင်း

၁၃၃၂-ခုနှစ်၊ နတ်တော်လပြည့်နေ့က ဖြစ်ပါသည်၊ ထိုနေ့က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူသော ပွဲနှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ စတင်တည်ထောင်ခဲ့သော (၂၀)နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပကြရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ၌ အနယ်နယ်အရပ်ရပ်မှ မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာနာစရိယ ဆရာတော် အမြောက်အမြား စုဝေးမိကြပါသည်၊ စုဝေးမိကြရာ၌ ထိုဆရာတော်တို့ အစုအဝေးတွင် "မဟာစည် ဓမ္မကထိက အဖွဲ့တဖွဲ့ ရှိသင့်သည်" ဟူသော အဆိုတခု ပေါ်ထွက်လာခဲ့ပါသည်။ ပေါ်ထွက်လာခဲ့ရသော ထိုအဆိုမှာ အကြောင်းမဲ့ မဟုတ်ပါ၊ အကြောင်းရှိနေ၍သာ ထိုအဆို ပေါ်ထွက်လာခဲ့ရခြင်း ဖြစ်ပါသည်၊ အကြောင်းကို ဖော်ပြရလျှင်-

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဌာနအားလျော်စွာ အချိန်အခါသင့်တိုင်း ဝိပဿနာ တရားတော်များကို ဟောပြောသင့်သလောက် ဟောပြောလျက်ရှိပါသည်။ သို့ပါသော်လည်း နာကြားလို၍ ပင့်လာတိုင်းသော အရပ်ဌာန ဟူသမျှ၌ ကြွရောက်ဟောပြောတော် မူနိုင်သည်ကား မဟုတ်ပါ၊ ပူတာအို-ကလေးဝ စသည်တို့လို အသွားအလာခက်ခဲသော မြန်မာနိုင်ငံ အစွန်အဖျားကျရာ အရပ်ဒေသတို့မှလည်း မဟာစည်တရားကို နာကြားလို၍ ပင့်ကြ ဖိတ်ကြပါသည်၊ ဆရာတော် ဘုရားကြီး ကိုယ်တိုင် ကြွရောက် ဟောပြောခွင့် မရသော ဤကဲ့သို့သော အရပ်ဒေသတို့၌ ဆရာတော်ဘုရားကြီး၏ကိုယ်စား သင့်လျော်သော ဓမ္မကထိကများကို ရွေးချယ် ပို့လွှတ်နေရပါသည်၊ ပို့လွှတ်ပေးရသော အရပ်ဌာနပေါင်း များလာပြီဆိုလျှင် ဆရာတော်ဘုရားကြီး အနီးအပါးတွင်ရှိသော ဓမ္မကထိကတို့ဖြင့် ပြည့်စုံလုံလောက်ခြင်း မရှိသောကြောင့် များစွာသော အခက်အခဲနှင့် တွေ့ကြုံရပါသည်။

## ဤနည်းသာရှိ

လောဘ, ဒေါသ, မောဟ စသော ကိလေသာတရားဆိုးတွေက ကမ္ဘာတဝှမ်းလုံး၌ ပုဂ္ဂိုလ်သတ္တဝါတွေကို မညှာမတာ ဖိစီး နှိပ်စက်နေကြောင်း ဆင်ခြင်မိသူတိုင်းက ထိုတရားဆိုးတွေကို ရှုံ့မုန်းစက်ဆုပ်လာကြပါသည်၊ ရှုံ့မုန်းစက်ဆုပ်သည်နှင့်အမျှ ထိုတရားဆိုးတွေကို လက်ခံသိမ်းပိုက် ထားလိုခြင်းမရှိ၊

အဇ္ဈတ္တ သန္တာန်မှ ကင်းစင်သွားအောင် စွန့်ပယ်လိုသော ဆန္ဒဓာတ်တွေ ပြင်းထန်လာကြပါတော့သည်။ ထိုတရားဆိုးတွေကို ကိုယ်တွင်း အဇ္ဈတ္တမှ ကင်းစင်သောနည်းကလည်း အခြားနည်း မရှိ၊ ဤသတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်နည်းတနည်း တည်းသာ ရှိပါသည်၊ ထိုနည်းကို ဗုဒ္ဓမြတ်စွာက-

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ-

စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်တွင် စိတ်အညစ်အကြေး ကိလေသာတွေကို စင်ကြယ်စေနိုင်ကြောင်း၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု တို့ကို လွန်မြောက်ချုပ်ငြိမ်းစေနိုင်ကြောင်းများကိုကျေညာတော်မူလျက်သတိပဋ္ဌာန် ရှုမှတ်ပုံ ရှုမှတ်နည်းများကိုပါ အပြည့်အစုံ ဟောတော်မူထားပါသည်။

ကွယ်ပျောက်လုမတတ် ဖြစ်နေသော ဗုဒ္ဓမြတ်စွာ၏ ဤ သတိပဋ္ဌာန်ရှုမှတ် နည်းကို ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် နှစ်ပေါင်း(၃၀) ကျော် ကာလပတ်လုံး ဖေါ်ထုတ် ဟောကြားတော်မူလာခဲ့သဖြင့် ဟောင်းရာမှ သစ်လွင်လျက် မှေးမှိန်နေရာမှ အရောင်တလက်လက် ထွက်လာသည်ဆိုလျှင် မှားမည် မဟုတ်ပါ။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူသည် ဆိုလျှင်ပင် လ,ရောင်ကိုဟိမ်မှောင် သန်းသကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ သာသနာရောင်မှာ မှေးမှိန်တော့မည့် အရိပ်လက္ခဏာကို သုဘဒ္ဒရဟန်းကြီး၏ အပြုအမူဖြင့် အထင်အရှား ပြလာခဲ့လေတော့ သည်။ ထိုအခါ အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ခေါ်ဆောင်မှုဖြင့် သာသနာတော်ကို အမှောင်သန်းရာမှ အရောင် လန်းလာခဲ့ရပါသည်။ ဤနည်း နှင်နှင် အရှင်မဟာကဿပ မထေရ်မြတ်တို့၏ လက်ထက်၌ တကြိမ်၊ အရှင် မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တို့၏ လက်ထက်၌တကြိမ်၊ အရှင်မဟာ ဓမ္မရက္ခိတ မထေရ်မြတ်တို့၏ လက်ထက်၌ တကြိမ်၊ ထိုမှသည် ပြည်ထောင်စု မြန်မာနိုင်ငံ အရှင်ဇာဂရ မထေရ်မြတ်တို့ လက်ထက်၌တကြိမ် မှေးမှိန်လာသော ဗုဒ္ဓမြတ်စွာ သာသနာတော်ရောင်ကို ဤသို့ပင် သစ်လွင်လာအောင် အရောင် တင်၍ ပေးခဲ့ကြရပါသည်။

ခြောက်ကြိမ်မြောက် ညောင်ရမ်း ဆရာတော်ဘုရားကြီးတို့ လက်ထက်သို့ ရောက်လာရာအခါ၌ သာသနာတော် မှေးမှိန်တော့မည် ရှိခဲ့ပြန်ရာမှ တဖက် တွင် ပရိယတ္တိ သာသနာတော်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသနှင့် တဖက်တွင် ပဋိပတ္တိ သာသနာတော်အတွက် ကျေးဇူး တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးတို့လို ပုဂ္ဂိုလ်ကြီး များ ကြိုတင်ပေါ်ထွက်လာခဲ့ရပြန်ပါသည်။

ထိုအချိန် (ဆဋ္ဌသံဂါယနာ တင်ချိန်) တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာပြု လုပ်ငန်းမှာ (၁၆နှစ်)ခန့်ပင် ရှိခဲ့ပြီ ဖြစ်သောကြောင့် အချိန်ရလျက် ရှိနေပြီ ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ လက်ဦး တပည့်ကြီးများ ဖြစ်သော ဆိတ်ခွန်-ပိဋကတ်တိုက်ကျောင်း ဆရာတော်ဦးသုန္ဒရ၊ ဆရာကြွက်၊ ဆရာကြံ စသော ပုဂ္ဂိုလ်တို့မှာ ကိုယ်တိုင် လက်တွေ့ အကျိုးခံစားနေကြရပြီ ဖြစ်ရုံမျှ မက မိမိတို့မှတပါး အခြား ယောဂီတို့အားလည်း ဝိပဿနာ နည်းပေး လမ်းပြ ကမ္မဋ္ဌာနာစရိယအဖြစ်သို့ပင် ရောက်ရှိနေကြပါလေပြီ။ ဤသည့်မှ စ၍ ကြာမြင့်စွာသော ကာလမှ မှေးမှိန်လျက် အချိန်လျော့ပါးလာခဲ့သော ဗုဒ္ဓမြတ်စွာ၏ ပဋိပတ္တိ သာသနာတော်သည် သစ်လွင် တောက်ပြောင်ရန် အလားအလာ ကောင်းဆီသို့ ရှေးရှု ဦးတည်နေခဲ့ပါသည်။

## အချိန် ကောင်းလာချိန်

ဆဋ္ဌသံဂါယနာ တင်ဆဲနှင့် တင်ပြီးချိန်တွင်မူ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိ သာသနာပြု လုပ်ငန်းမှာ အချိန် ကောင်းသည်ထက် ကောင်းကာ မှန်မှန်ကြီး တိုးတက်လာခဲ့သည်ကို အထင် အရှား တွေ့မြင်နေကြရပါသည်။ ပိဋကတ္တယဓရ ပိဋကတ္တယပါရဂူ ဖြစ်တော်မူကြသော ဆရာတော် ဘုရားကြီးတို့ကလည်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိလုပ်ငန်းကို ပါဠိတော် - အဋ္ဌကထာ ဒေသနာတော်နှင့် ညီညွတ်ကြောင်း ယုံကြည် လက်ခံတော်မူကြပါသည်။

အချိန် ကောင်းကောင်းနှင့် မှန်မှန်ကြီး တိုးတက်လာခဲ့ရာ ယခုအခါ၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်နည်းကို အရပ်ရပ်မှ နာကြားလို အားထုတ် လိုသူတွေ တိုးတက် များပြား လာပါ တော့သည်။ ဤဘွင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်းကို စနစ် တကျ ဟောပြောနိုင်မည့် ဓမ္မကထိက အမြောက်အမြား လိုလာပါသည်။ လိုလာသည့်အလျောက် "**မဟာစည် ဓမ္မကထိက အဖွဲ့တဖွဲ့ ရှိသင့်သည်**" ဟူ သော အဆို ထွက်ပေါ်လာခဲ့ရခြင်းဖြစ်ပါသည်၊

ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့သည် မျက်မှောက် ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စနှင့် လျော်သော ထိုအဆိုကို လက်ခံတော် မူကြပြီးလျှင် (**မဟာစည် ဓမ္မကထိကအဖွဲ့**) ဟူသော အမည်ဖြင့် ဓမ္မကထိက အဖွဲ့တဖွဲ့ကို ဖွဲ့လိုက်ကြပါသည်။ ထိုအဖွဲ့တွင် -

၁။ ကျန်းမာရေးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်ခြင်း၊

၂။ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ တာဝန်ကျလာသော အရပ်ဌာနသို့ ကြွရောက် ဟောပြောနိုင်စွမ်း ရှိခြင်း။

၃။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရှုမှတ်ပွားများ ဟောကြားသော မဟာသတိပဋ္ဌာန် ဝိပဿနာ နည်းအတိုင်း ပိုင်ပိုင်နိုင်နိုင် ဟောစွမ်းနိုင်ခြင်း။

ဤ အင်္ဂါသုံးရပ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ရွေးချယ် ဖွဲ့စည်းထားပါသည်၊ (သို့ရာတွင် ဟောပြောတတ်ကာမျှဖြစ်သော ပုဂ္ဂိုလ် အနည်းငယ်ကိုလည်း အရံသင်တန်း အဖြစ်ဖြင့် ထည့်သွင်းထားပါသည်) ဖွဲ့စည်းပြီးလျှင် အဖွဲ့၏ စည်းမျဉ်းကိုလည်း တပါတည်း ညှိနှိုင်း ရေးဆွဲတော် မူလိုက်ကြပါသည်။ ဤအဖွဲ့ကို ဖွဲ့စည်းရာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက လက်ခံတော် မူပြီးလျှင် အောက်ဖော်ပြပါ ဩဝါဒစကားများကိုလည်း မိန့်ကြားတော်မူပါသည်။

## မိန့်ကြားတော်မူသော ဩဝါဒ

ပုဂ္ဂိုလ်က ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံမှ ဟောသည့် တရားကိုလည်း အများက လေးလေးနက်နက် နှလုံးသွင်း လက်ခံကြပေလိမ့်မည်၊ ထို့ပြင် အရပ်ရပ်အနယ်နယ်မှာ စူးစမ်းဆင်ခြင်တတ်သော ပညာရှိပုဂ္ဂိုလ်များ ရှိနေတတ်ကြပါသည်။ ထို့ကြောင့် မဟာစည် မေမြကလိက အရှင် မြတ်တို့သည် ဝိနည်း သိက္ခာပုဒ် အရအားဖြင့်ရှင်း၊ အပိစ္ဆ၊ သန္တုဋ္ဌီ၊ သလ္လေခဂုဏ်တို့ အရ အားဖြင့်ရှင်း ပါသာဒိကေန သမ္ပာဒေထ-ဟု မိမိတို့၏ ဥပဇ္ဈာယ်ဆရာများက မိန့်မှာခဲ့သည့်အတိုင်း အဖက်ဖက်မှ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် သတိဆောင်ကြစေလိုပါ၏၊

အသူးအားဖြင့် ခရီးသွားရာ၌ သင်္ကန်းရုံ၍ သွားခြင်းသည် ပါသာဒိကဂုဏ်ကို အသူးပင် ဆောင်တတ် ပါပေသည်၊ ထို့ကြောင့် ကျောင်းမှရင်း၊ တည်းခိုရာမှရင်း အပြင်သို့ သွားလျှင်- ဝိနည်းက ခွင့်ပြုထားသော အရပ်ပင်ဖြစ်သော်လည်း သင်္ကန်း ရုံလျက်သာလျှင် ပါသာဒိကဂုဏ် ဆောင်လျက် သွားကြစေလိုပါ၏။

ထို့ပြင် အပါသာဒိကဖြစ်သော ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်းများကို ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာ ဧရိယများကဲ့သို့ပင် ကြဉ်ရှောင်ကြစေလိုပါ၏၊ မေမြကထိက အရှင်မြတ်များအား ဤကဲ့သို့ သတိပေးစကား ပြောကြားရသည့်အတွက် အားနာပါသည်။ သို့သော် မိမိ အခြင်အားဖြင့် သာသနာပြုရာတွင် အလွန် အရေးကြီးသည်ဟု ထင်

မြင်သောကြောင့် ပြောကြားလိုက်ရခြင်း ဖြစ်ပါသည်။ အရှင် မြတ်တို့ကလည်း အထူး အလေးပြု၍ ကျင့်ဆောင်နိုင်ကြပါစေ။

ဤသည်လျှင် မဟာစည် ဓမ္မကထိကအဖွဲ့ဝင် ပုဂ္ဂိုလ်တို့အား ပါသာဒိက ဂုဏ်ကို ဆောင်တော်မူကြရန်အတွက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက သတိပေးစကား မိန့်ကြားတော်မူသော ဩဝါဒ ကထာ ပါတည်း။

## အားဖြည့်ပေးသူများ

မဟာစည် ဓမ္မကထိက အဖွဲ့ကြီးတဖွဲ့ ဖြစ်မြောက်ရလေအောင် တထောင့် တနေ့ကနေ၍ အထောက်အကူ အားဖြည့်ပေးခဲ့သူမှာ "အငြိမ်းစား တိုင်းမင်းကြီး ဦးညိုပု" ပင် ဖြစ်ပါသည်။ ၎င်းသည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်းကို တိတိကျကျ ရှုမှတ်ပြီးသူ ဖြစ်ပါသည်၊ ထို့ကြောင့် တရားတော်၏ အရသာကို ကိုယ်တွေ့ခံစားပြီး ဖြစ်နေပါသည်၊ တရားတော်၏ အရသာကို ခံစားရဘူးပြီး ဆိုပါလျှင်-

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ၊
ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

ဟူ၍ ဟောတော်မူအပ်သော ဓမ္မပဒ အပ္ပမာဒဝဂ် သာမာဝတီ ဝတ္ထုလာ ဒေသနာတော်အရ၎င်း။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော၊
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ဟူ၍ ဟောတော်မူအပ်သော ၎င်းဓမ္မပဒ ဘိက္ခုဝဂ် သမ္ဗဟုလ ဘိက္ခုဝတ္ထုလာ ဒေသနာတော်အရ၎င်း စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုတွေ ဖြစ်သာတော်ကြပါသည်၊ ထိုနှစ်မျိုးသော ချမ်းသာမှုတို့ကြောင့်ပင် အတော် အတန်တန် စွဲကပ်နေသော ရောဂါဝေဒနာတို့တောင် ကင်း ် ပျောက်သွင့် သွားတော်ကြပါသည်၊ တရားအရသာကို အပန်ပန် ဆင်ခြင်ပြီးတော့လည်း အင်မတန် ဝမ်းသာဝမ်းမြောက် ဖြစ်နေတတ်ကြပါသည်။ အနည်းငယ် နှစ်သိမ့်အားရမှု ဟူသော ပါမောဇ္ဇ၊ လွန်စွာ နှစ်သိမ့်အားရမှုဟူသော ပီတိ

များသည်၊ ဖြစ်ပေါ်လာတော်ကြပါသည်။ ထိုအခါ သူတပါးတို့အားလည်း မိမိတွေ့ရသော တရားအရသာကို တွေ့စေလို ခံစားစေလိုသော သဒ္ဓါ-ဆန္ဒတွေ ဖြစ်ပေါ်လာတော်ကြပါသည်။

## ဦးညီပု၏ သဒ္ဓါ ဆန္ဒ

တရားအားထုတ်ပြီး၍ တရားတော်၏ အရသာနှင့် ဂုဏ်ကျေးဇူးကို သိခဲ့ရသော ဒကာကြီး ဦးညီပုမှာလည်း မိမိတွေ့ရ သိရသလို သူတပါးတို့အားလည်း တရားအရသာကို တွေ့စေလို သိစေလိုသော သဒ္ဓါ-ဆန္ဒတွေ တဖွါးဖွါး ဖြစ်ပေါ်နေပါတော့သည်၊ သဒ္ဓါ-ဆန္ဒနှင့်အတူ ယှဉ်တက် လာသော စေတနာသည် အလိုရှိသော အမှုကိစ္စများကို ထမြောက် အောင်မြင်အောင် ဆောင်ရွက်တော်ပါသည်။

ဒကာကြီး ဦးညီပုသည် သူ့သဒ္ဓါ-ဆန္ဒအတိုင်းထမြောက်အောင်မြင်စေရန် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍- ပဋိပတ္တိ သာသနာ ပြန့်ပွားရေးအတွက်-တရားဖြန့်ဝေရန် ဓမ္မကထိက ဆရာတော်တပါး ပေးတော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားပါလေတော့သည်၊ ထိုသို့လျှောက်ထားရာ၌ ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဦးသံဝရနှင့် ညောင်ကန် ဦးဣန္ဒကတို့ကို ပင့်သွား နိုင်ကြောင်း အမိန့်ရှိ၍ ခွင့်ပြုတော်မူခဲ့ပါသည်။

## တရားဟော ထွက်ကြပြီ

ဒကာကြီး ဦးညီပုမှာ-

၁။ ပင်စင်ရ အငြိမ်းစား တိုင်းမင်းကြီး ဖြစ်ခြင်း။
၂။ ရာထူးဝန် ဖြစ်ခဲ့ဘူးခြင်း၊
၃။ ပါဠိပညာရေးဝန် ဖြစ်ခဲ့ဘူးခြင်း-

စသော ရာထူးကြီး အမြောက်အမြား ထမ်းဆောင် ခဲ့ဘူးသောကြောင့် မြန်မာနိုင်ငံ တဝှမ်းသုံးတွင် အရာရှိများထဲကဆိုလျှင် မသိသူ မရှိသလောက် ထင်ရှားသော ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ပါသည်။ အနယ်နယ် အရပ်ရပ်တွင် တာဝန်နှင့် အမှု ထမ်းဆောင်လာခဲ့ဘူးသူ ဖြစ်သည့်အတိုင်း မည်သည့်နယ်-မည်သည့်အရပ်၌ ဘာသာရေး သာသနာရေး အားသေးသည် မသေးသည်ကို အသိများသူဖြစ်သောကြောင့် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးထံမှ ခွင့်ပြုချက် ရသည်ဆိုလျှင်ပင် ဓမ္မကထိကများနှင့် ညှိနှိုင်းကာ တရားဟော ထွက်ရန် အရပ်ဌာနများကို သတ်မှတ်၍ အစီအစဉ် ပြုလုပ်လေတော့သည်။

အစီအစဉ် ပြုလုပ်ကြပြီးနောက် ဟောကြားမည့် အရပ်ဌာနရှိ အကြီးအကဲတို့ထံ စာဖြင့် ကြိုတင် အကြောင်း ကြားထားလိုက်ကြပါသည်၊ ဤနည်းဖြင့် ဟောကြားရမည့် အရပ်ဌာနတို့သို့ ရောက်သွားကြသည့်အခါ၌ အသင့်ပြင်ဆင် ထားနှင့်ကြပြီ ဖြစ်သောကြောင့် နေ့ရက်တွေ အပို ဖြုန်းတီး မချတော့ဘဲ အသင့်ပြင်ထားပြီး တရားပလ္လင်၌ တက်ရောက်ဟောကြား ကြရပါသည်။ ဓမ္မကထိကတို့ သွားလာရေး ခရီးစရိတ်စက များကိုလည်း တရားပွဲလက်ခံ ဌာနများမှ ကုန်ကျဘွယ်မလိုပဲ ဒကာကြီး ဦးညိုပုက ပေ့ဒါနအဖြစ် ဝတ္ထုငွေ (၁၀၀၀၀) တသောင်း လှူဒါန်းရုံသာမက ကိုယ်တိုင်လည်း ဓမ္မကထိကတို့နှင့်အတူ ကပ္ပိယအဖြစ် လိုက်ပါ စောင့်ရှောက် ပါသေးသည်၊

အထက်အောက် အနှံ့အပြား ကြွရောက် ဟောကြား လိုက်ကြသည်မှာကား တရားပွဲပေါင်း (၈၀) ကျော် သွားပါလေတော့သည်။ ဟောကြားရသော ဓမ္မကထိက အချင်းချင်းတို့မှာမူ ထိုမျှများပြားသော တရားပွဲများကို ဟောကြားတော်မူကြရသဖြင့် ဟတ်ဟတ်မောသွားကြ၏၊ ဓမ္မကထိကတို့ ပင်ပန်း နွမ်းနယ်သည် ဆိုလျှင် ဒကာကြီး ဦးညိုပုက ကူညီဟောပြောပေးလိုက်ပါသေးသည်။ နုနယ်သော ခန္ဓာကိုယ်နှင့် မချအောင်ပင် ခြေလျင်ခရီးရော လှည်းကြမ်းခရီးပါ မကျန် လိုက်ပါ၍ မည်မျှခရီးပန်းပန်း မညီးမညူပဲ ကြောင်းလှသော ဒကာကြီးသည်း ဖြစ်ပါသည်။

ဒကာကြီး ဦးညိုပု၏ ကြီးမားသော စေတနာ-သဒ္ဓါတရားကြောင့် နာရခဲ့သော တရားကို နားကြားကြရသော တရားနာ ပရိသတ်တို့ ဝမ်းပန်းတသာ ဖြစ်နေကြ သည်ကိုလည်း ဝမ်းမြောက်ဘွယ် တွေ့ကြ ရပါသည်။ အဆက်အသွယ်ကလဲ ခက်၊ လမ်းခရီးကလဲ ဝေးကွာ၊ ပင့်ဖိတ်ရမှာ အားနာသောကြောင့် မပင့်မဖိတ်ဝံ့သည်က တကြောင်း၊ စရိတ်စကအတွက် ဝန်လေးသည်က တကြောင်း- ဤသို့အကြောင်းကြောင်းတို့ကြောင့် မဟာသည့် တရားကို နာလိုပါလျက် မနာရပဲ ဖြစ်နေကြပါသည်။ အခုတော့ ထင်သလို စရိတ်စက တာဝန်လဲ မကြီး၊ လမ်းပန်း အခက်အခဲကိုလဲ ကျော်လွှားကာ ကြွရောက် ဟောကြားကြသည်ကို နာကြားကြရသဖြင့် အဆမတန် ဝမ်းသာကြရပါသည်ဟု ကျေးဇူးတင်စကား ဆီးကြိုပြောကြားကြပါသည်။

[ဒကာကြီး ဦးညိုပု၏ အတ္ထုပ္ပတ္တိကိုလည်း ဤ သာသနာဝင်၌ ပါဝင်သည်အတိုင်း စီစဉ်စုဆောင်းရေး ဆရာတော်က သာသနာဝင်တွင် ထည့်သွင်း ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်]။

## ထောင်းသူ မသက်သာ

"စားသူကောင်း၊ ထောင်းသူမသက်သာ" ဆိုသော မန်ကျည်းသီးထောင်း ပုံဝတ္ထုကဲ့သို့ နားကြားရသူတွေ ကောင်းသလောက် တရားပွဲပေါင်း (၈၀) ကျော်ကို တပွဲပြီး တပွဲ ဆက်ကာ ဆက်ကာ ဟောကြားတော်မူရသော ဓမ္မကထိက အရှင်မြတ်နှစ်ပါးတို့မှာမူ သက်သာလှသည်မဟုတ်၊ အင်အားပြည့်ဖြိုး တိုးတက်သည့်အရွယ်နှင့် သဒ္ဓါ-ဆန္ဒ တက်ကြွနေကြသော ဓမ္မကထိကများ ဖြစ်၍သာ ခံနိုင်ရည်ရှိကြသည်၊ ကျန်းမာရေးနှင့် အရွယ်မတောင့်တင်းလျှင် ဘုံးဘုံးသား လဲနိုင်လောက်သော အလုပ်ဖြစ်နေသည်ကို တရားပွဲကြီးတွေ ပြီးကာမှပင် ဆင်ခြင်စဉ်းစား သတိထားမိကြတော့သည်။

ကျန်းမာရေး ထိခိုက်နိုင်သော အလုပ် ဖြစ်နေသည်ကို မြင်လာကြရာ၌ သက်သာမည့်နည်းလမ်းကို ရှာကြံကြရပါသည်။ မျှမျှတတနှင့် သက်သာမည့် နည်းလမ်းမှာ ဓမ္မကထိကအဖွဲ့ ဖွဲ့၍ အဖွဲ့ဖြင့် ဆောင်ရွက်မှသာ အန္တရာယ်ကင်းမည်ကို မြင်လာ ကြပါသည်။ ဤအမြင်ဖြင့် ဓမ္မကထိက အဖွဲ့ ဖွဲ့၍ မသွားလျှင် မဖြစ်သောအခြေသို့ ရောက်ခဲ့ရပါသည်။ မဟာစည် ဓမ္မကထိက အဖွဲ့ ဖြစ်ပေါ်လာရသော အခြေခံကို ပြန်ကြည့် လိုက်ပါလျှင် ဒကာကြီး ဦးညီပု၏ သဒ္ဓါ-စေတနာတို့မှ ဖြစ်ပေါ် လာခဲ့ရသည်ကို တွေ့ကြရမည်သာ ဖြစ်ပါသည်၊

## ၁၃၃၃-ခုနှစ်

မဟာစည် ဓမ္မကထိကအဖွဲ့ ဖွဲ့ခဲ့ရသော ၁၃၃၂ ခုနှစ်မှာကား ကုန်လွန်ခဲ့လေပြီ၊ ၁၃၃၃ ခုနှစ် နတ်တော်လသို့ပင် ချဉ်းနင်း ဝင်ရောက် လာခဲ့ပြီ ဖြစ်၍ တန်ဆောင်မုန်းက ရက်လတွေကို ကျော်ဖြတ် လာခဲ့ရာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သြဝါဒခံယူပွဲနှင့် (၂၂) ကြိမ်မြောက် အထိမ်းအမှတ် ပွဲကြီးများအတွက် တပတ်လည်လာခဲ့ပြန်ပါသည် အရပ်ရပ် အနယ်နယ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် တို့သည်လည်း နှစ်တိုင်းကဲ့သို့ပင် ရန်ကုန်သာသနာ့ရိပ်သာ၌ စုဝေးမိကြပြန်ပါသည်၊

မဟာစည် ဓမ္မကထိက အဖွဲ့ဝင် ဆရာတော်တို့သည် ဟောကြားတော်မူကြရမည့် တရားပွဲများအတွက် ဓမ္မကထိကများကို သူ့ဌာနနှင့်သူ ရွေးချယ်၍ အသီးအသီး တာဝန်ချထားခြင်း, ပြီးခဲ့ပြီး တနှစ်အတွင်း တွေ့ခဲ့ကြရသော အခက်အခဲ များကို အစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်း, နောင်အခါ၌ အခက်အခဲ မရှိစေရန် နည်းလမ်းရှာကြံခြင်း, နယ်လှည့်ဓမ္မကထိကတို့ လိုအပ်သမျှ ကိစ္စအဝဝကို ဖြည့်စွက်ခြင်း စသည်တို့ကို ဆွေးနွေးကြပါသည်၊ ဓမ္မ

ကထိကတို့ ဆောင်ရွက်ဆွေးနွေးဘွယ် ကိစ္စအရပ်ရပ် ပြီးဆုံးသွားသောအခါ **(မဟာစည် ပဋိပတ္တိ သာသနာဝင်)**တခစောင် ထွက်ပေါ်သင့်နေပြီ ဖြစ်ကြောင်း ဟူသော အဆိုကို ဆက်လက် ဆွေးနွေးကြရ ပြန်ပါသည်။

ဤအဆိုမှာ အခါအခွင့် သင့်လျော်လှသော အချိန်အခါတွင် ဖြစ်ပေါ်လာသော အဆိုဟူ၍ ယူဆကြပါသည်။ အကြောင်းကို ဖော်ပြရလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန် ဝိပဿနာ ရိပ်သာခွဲတွေ အမြောက်အမြား မကြုံဘူးအောင် ရှိနေသည်ကို သာသနာဝင်တွင် လျစ်လျူရှု မျက်ကွယ်ပြုထားခဲ့လို့ လျော်မည်မဟုတ်ပါ၊ ဗုဒ္ဓမြတ်စွာ သာသနာတလောကလုံးအတွက် အားတက်ဖွယ ကောင်းလှသော ဤခေတ် ဤအခါမျိုးကို ဗုဒ္ဓသာသနာဝင်တိုင်း သိရှိရစ်ကြရန် လိုအပ် လှပါသည်။ ထိုလိုအပ်ချက် ပြည့်စုံရန်မှာလည်း ပဋိပတ္တိသာသနာဝင် သမိုင်းတစောင် ဖြစ်မြောက်အောင် စုဆောင်း၍ မှတ်တမ်း တင်ထား ခဲ့မှသာလျှင် ဖြစ်ပါလိမ့်မည်။

မဟာစည် သာသနာ့ ရိပ်သာခွဲတွေ မည်မျှ များပြားလျက် ရှိသည်ကို ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ချုပ်သို့ တင်ပြထားသမျှမှာ မြန်မာနိုင်ငံအတွင်း၌ ရိပ်သာဌာနပေါင်း ( ၁၇၇ ) တရာ့ခုနစ်ဆယ့် ခုနစ်ဌာန၊ ယောဂီပေါင်း (၆၅၁၆၂)ခြောက်သိန်း ငါးသောင်း တထောင် ခြောက်ရာ ခြောက်ဆယ့် နှစ်ဦး ရှိနေပါသည်၊ သီဟိုဠ် (သီရိလင်္ကာ). နိုင်ငံတွင် ရိပ်သာဌာနပေါင်း ( ၃၀ ) သုံးဆယ်ကျော်၊ ယောဂီပေါင်း ( ၉၉၅၂ ) ကိုးထောင် ကိုးရာ ငါးဆယ့်နှစ်ဦး ရှိပါသည်၊ ယိုးဒယား (ထိုင်း) လာအို စသော အရှေ့ဘက် နိုင်ငံတို့၌ ရိပ်သာဌာနပေါင်း ( ၃၀၀ ) သုံးရာ ရှိနေပါသည်၊ အခက်အခဲ အမျိုးမျိုးကြောင့် ထိုဌာနတို့မှ ယောဂီဦးရေ စာရင်းမပေးနိုင်ခဲ့သောကြောင့် မသိရှိရပါ၊ စာရင်းပေးသွားသမျှကိုသာ ဖော်ပြ လိုက်ရပါသည်၊ ဤကဲ့သို့ ဝေးကွာလှသော တပါးနိုင်ငံတို့ကသာ စာရင်း အတိအကျ မပေးနိုင်ကြသည် မဟုတ်၊ မြန်မာနိုင်ငံအတွင်းရှိ ရိပ်သာဌာနများမှပင် စာရင်း မပေးနိုင်ပဲ အတော်များများ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

## ရေနှင့်ကြာ

ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် ( ၁၃၁၁ ) ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ( ၆ )ရက်နေ့တွင် ရန်ကုန်မြို့ ဤသာသနာ့ရိပ်သာသို့ ကြွရောက် သီတင်းသုံးတော် မူခဲ့ပါသည်၊ ကြွရောက် သီတင်းသုံးတော် မူရခြင်း၏ အကြောင်းမှာ–*

ဗုဒ္ဓသာသနာ့ နုဂ္ဂဟ အဖွဲ့ကြီးမှာ ကြည်လင် အေးမြသော ရေတို့ဖြင့် တင့်တယ်သော ရေကန်ကြီးနှင့် တူလှပါသည်၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီး၏ အာဘော်ခံ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ပြုစုပျိုးထောင် လျက်ရှိသော ပဋိပတ္တိသာသနာတော်ကြီးမှာမူ ကြာနှင့်တူလှပါသည်၊ မှော်နှင့် အမှိုက်သရိုက်ကင်း၍ ကြည်လင်အေးမြသော ရေတို့ဖြင့် ပြည့်လျှံတင့်တယ် သော ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ တည်းဟူသော ရေကန်ကြီး အတွင်းဝယ် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ သာသနာ တည်းဟူသော ကြာပွင့်ကြီးမှာ ကားကားစွင့်စွင့် ပွင့်လျက်ရှိပါသည်၊ ကြာ သည် ရေကိုမှီ၍ ကောင်းစွာ တင့်ဆန်း ပွင့်လန်းနိုင်သကဲ့သို့ ရေသည်လည်း ကြာရှိမှသာလျှင် ကြည်လင်သန့်ရှင်း တင့်တယ်ခြင်းသို့ ရောက်နိုင်ရာပါသည်၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိသာသနာ တော်သည် ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ကြီးက လှူဒါန်း ပူဇော်သော ပစ္စည်း လေးပါးကိုမှီ၍ လန်းဆန်း တင့်တင့် ပွင့်နိုင်ခဲ့ပါသည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှာလည်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိ သာသနာတော် ရှိသဖြင့် ပဋိပတ္တိ သာသနာတော်အား ပစ္စည်း လေးပါးကို လှူဒါန်း ပူဇော်ရခြင်း။ ဝိပဿနာ အကျင့်မြတ်ကို နည်းမှန် လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ခြင်းဖြင့် ကြည်လင်သန့်ရှင်း တင့်တယ် ခြင်းသို့ ရောက်လျက်ရှိပါသည်။

## အခြေခံကောင်း၍ တည်တံ့ခြင်း

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးကလည်း ပရိယတ်, ပဋိပတ် နှစ်ရပ်စလုံး အခြေခံ ခိုင်ခန့်ကောင်းမွန်တော်မူသည်၊ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ကြီးကလည်း စေတနာနှင့်သဒ္ဓါတရားကောင်းမွန်ခိုင်ခန့်လှပေသည်- ဤသို့သော အခြေခံ နှစ်ရပ်စလုံး ကောင်းမွန် သောကြောင့် ၁၃၁၁- ခု နှစ်မှ စတင် အခြေတည်ခဲ့ကြသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိ သာသနာတော်ကြီးမှာ ယခုအချိန်အထိ နှစ်ပေါင်း ကြာမြင့်စွာ တည်တံ့ တိုးပွားလျက် ရှိပါသည်။

**အခြေခံကောင်းသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကိုမူ (၁၃၀၉) ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့ကြသည်။**

ထိုအဖွဲ့ကြီးတွင်-

၁။ သူဌေးကြီး ဆာ-ဦးသွင်(ဥက္ကဋ္ဌ)
၂။ ဦးစံသိမ့် .... .... (အကျိုးတော်ဆောင်)

၃။ ဦးအုန်းဆိုင် .... .... (ငွေထိန်း)
၄။ ဦးဘခင် .... .... (စာရင်းစစ်)

နှင့်

၁။ ဦးနု (ဝန်ကြီးချုပ်)
၂။ ဦးသာဒက်- (ကျောက်ကုန်းမြို့-စက်သူဌေး)
၃။ ဟသ်ာတ ဦးမြ-(ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး)
၄။ ဦးထင်ဘွား - (ကုန်သည်ကြီး)
၅။ မြန်မာ့အလင်း ဦးတင် (ဝန်ကြီး) တို့အား-

အမှုဆောင်လူကြီးများ အဖြစ် တင်မြှောက် ဖွဲ့စည်းခဲ့ကြပါသည်။ ဤ အခြေခံ အဖွဲ့ဝင် လူကြီးတို့မှာ ယခုအချိန်တွင် အဖွဲ့အတွင်း၌ အကြောင်း အမျိုးမျိုးတို့ကြောင့် တဦးမျှ ပါဝင်နိုင်ခြင်း မရှိတော့သော်လည်း ၎င်းတို့ ဖွဲ့စည်းသွားသော အခြေခံအဖွဲ့ကြီးမှာကား မပြိုမလဲ တည်မြဲလျက်ပင် ရှိနေ ပါသည်၊ ဤနိဒါန်းရေးချိန်တွင် (၁၃၃၄-ခုနှစ်) တည်ရှိနေသော အဖွဲ့ဝင် လူကြီးတို့မှာမူ-

၁။ ချုပ်သင်း ဦးဘတင် .... .... ဥက္ကဋ္ဌ
၂။ မြန်အောင် ဦးတင် .... .... ဒုတိယဥက္ကဋ္ဌ (၁)
၃။ ဆရာဝန်ကြီး ဦးဘသွင် .... .... ဒုတိယ ဥက္ကဋ္ဌ (၂)
၄။ အင်ဂျင်နီယာ ဦးဦးခိုင် .... .... အကျိုးဆောင် အင်ဂျင်နီယာ
၅။ စည်သူ ဦးညိုပု .... .... ဘဏ္ဍာရေးမှူး
၆။ ဦးအုန်းလွင် .... .... အကျိုးဆောင် စာရင်းစစ်
၇။ ဝဏ္ဏကျော်ထင် ဒေါက်တာ မြင့်ဆွေ (အင်္ဂလိပ်ဆေးခန်း အကျိုးဆောင် ဆရာဝန်ကြီး)
၈။ မင်္ဂလာ ဦးအောင်မြင့် .... .... (ယောဂီ ထောက်ပံ့ စောင့် ရှောက်ရေးနှင့် စာအုပ်ပုံနှိပ်ရေး အကျိုးဆောင်)
၉။ ဦးသိန်းအောင် .... .... အကျိုးဆောင် အထွေထွေ အတွင်း ရေးမှူး
၁၀။ ဦးညိုမောင် .... .... တွဲဘက် အကျိုးဆောင် အတွင်းရေးမှူး
၁၁။ ဦးမောင်စိန် .... .... အမှုဆောင်လူကြီး
၁၂။ ဦးလှဖေ .... .... အမှုဆောင်လူကြီး
၁၃။ ဦးအေးမောင် .... .... အမှုဆောင် လူကြီး
၁၄။ ဒေါ်အေးကြည် .... .... ဆွမ်းစားကျောင်းများ တာဝန်ခံ
၁၅။ ဒေါ်ထားသား .... ....အမှုဆောင်လူကြီး

# ရှိသင့်နေပါပြီ

ဤ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ကြီး၏ မကင်းသော ကျေးဇူးဖြင့် ကျေးဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ လက်ထက်တော်တွင် ပဋိပတ္တိ သာသနာတော်မှာ မကြုံဘူးလောက်အောင် တိုးတက် ကျယ်ပြန့်နေလေပြီကို အမှတ်မဲ့စွာ ကျောခိုင်း နေခြင်းငှါလည်း မသင့်၊ သမိုင်းတွင် ချန်လှပ် ထားခဲ့ရုံလည်း မဖြစ်ပါ။ တာဝန်ရှိသူတို့က သမိုင်းတွင် မှတ်တမ်းတင် မထားခဲ့ကြဘူးဆိုပါလျှင် တာဝန်ရှိသူတို့၏ တာဝန်မဲ့မှုကို သာသနာတော် တလျှောက်လုံး အပြစ်တင်ဘွယ် ဖြစ်နေရစ်မည်မှာ သေချာလှပါသည်။

မည်သည့်နိုင်ငံမှာမဆို မိမိတို့နိုင်ငံ ယဉ်ကျေးမှုအတိုင်းအတာအတွက်သမိုင်း မှတ်တမ်းတွေ ရှိသင့်လှပါသည်၊ ရှိသင့်သည့်အတိုင်းလည်း မည်သည့်နိုင်ငံမှာ မဆို သမိုင်း မှတ်တမ်း အမျိုးမျိုးတွေ ရှိနေ ကြသည်ချည်း ဖြစ်ပါသည်။ လောက–သာသနာ နှစ်ဖြာစလုံးပင် တာဝန်ရှိသူတို့က တာဝန်အလျောက် မှတ်တမ်းတင် ထားခဲ့ကြသည် ဖြစ်၍လည်း ခုရော နောင်ပါ အကောင်း အဆိုး နှစ်မျိုးစလုံး သိခွင့်ရနေကြရခြင်း ဖြစ်ပါသည်။

လူမှုရေးလောကတွင် ယဉ်ကျေးမှုသမိုင်း ထုံးဖွဲ့မှုသမိုင်းဇာတ်သဘင်သမိုင်း ပန်းချီသမိုင်း စာပေသမိုင်း ကျောက်စာသမိုင်း နိုင်ငံရေးသမိုင်း ရာဇဝင် သမိုင်း စသည် အသေးအကြီး သမိုင်းအမျိုးမျိုး–

သာသနာရေးဘက်တွင် ဝံသအမည်ဖြင့် ဗုဒ္ဓဝံသ၊ မဟာဝံသ၊ စူဠဝံသ၊ မဟာထူပဝံသ၊ စူဠထူပဝံသ၊ မဟာဗောဓိဝံသ၊ အနာဂတဝံသ၊ ဓာဌာဓာတု ဝံသ၊ နလာဋဓာတုဝံသ၊ ဆကေသ ဓာတုဝံသ၊ ဒီပဝံသ စသည် ဝံသ အမျိုးမျိုး။

ထိုထို သမိုင်းများနှင့် ဝံသ ကျမ်းတို့ကို ကြည့်ရှုလေ့လာခွင့် ရကြသဖြင့် သာလျှင် ထိုထိုနိုင်ငံတို့၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကိုရင်း၊ ယဉ်ကျေးမှု၊ ရိုင်းစိုင်းမှုတို့ကိုရင်း၊ တိုင်းတာကြည့်ရှုခွင့် ရကြပါသည်၊ ထိုထို သမိုင်းနှင့် ဝံသတို့မှ အနှစ်သာရများကို အလိုရှိသလို ထုတ်ယူနိုင်ကြသောကြောင့်လည်း ထိုထိုသမိုင်းနှင့် ဝံသတို့က လူတို့အား မကုန်ခန်းနိုင်သော အကျိုးကျေးဇူး များကို ပေးဝေနေကြသည်ဆိုလျှင် မှားမည် မဟုတ်ပါ။

ရာဇဝင် သမိုင်း စသည် ရှိ၍သာ မင်းအဆက်ဆက် စသည်တို့၏အကြောင်း အကျိုး အကောင်းအဆိုးတွေကို သိခွင့်ရကြရပါသည်၊ ဗုဒ္ဓဝံသ စသည်တို့ ရှိ၍သာ ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးတော်တို့ကိုရင်း၊ ဟောကြားတော်မူသော ဒေသနာတော်များနှင့် တပည့် သာဝကတို့၏

အကြောင်းခြင်းရာတို့ကိုဂင်း သိရှိ ကြည်ညိုခွင့် ရခဲ့ကြရပါသည်၊ အကယ်၍ သာ မှတ်တမ်းမှတ်ရာများ မရှိခဲ့ပါလျှင် အဖိုး အနဂ္ဃ ထိုက်တန်လှသော အလေ့အကျင့်ကောင်းတွေ မကျန်ရစ်ပဲ သူ့ခေတ် ကာလနှင့် တပါတည်း ကွယ်ပျောက် ကုန်ကြလိမ့်မည် ဖြစ်၍ နောင်လာ နောက်သားတို့ အတွက် အကျိုးစီးပွား များသင့်သလောက် မများတော့ပဲ ပျက်ပြားဆုတ်ယုတ်ကြရ တော့မည် ဖြစ်ပါသည်။

ဤသို့သော မှတ်တမ်းမှတ်ရာ သမိုင်းတို့၏ ကျေးဇူးကို တာဝန်ရှိရှိ သိတော်မူကြသော မဟာစည် ဓမ္မကထိကအဖွဲ့ဝင် မဟာထေရ်မြတ်တို့သည် လူတို့လောကတွင် အတိုင်းမသိ ကျေးဇူးပြုလျက် ရှိသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိ သာသနာ့ သမိုင်းကိုလည်း ပေါ်ထုတ်မှတ်တမ်းတင်ထားကြရန် အချိန်တန်ပြီ ဖြစ်ကြောင်း သဘောတူ လက်ခံတော်မူလိုက်ကြပါသည်။

## ဆောင်ရွက်ရန် တာဝန်

သဘောတူ လက်ခံသိုက်ရုံဖြင့်ကား ပြီးသေးသည် မဟုတ်ပါ၊ လက်ခံ အတည်ပြုကြပြီးသော "မဟာစည် ပဋိပတ္တိ သာသနာဝင်ကြီး" အပြီးတိုင် ထမြောက် အောင်မြင်ဘို့တာဝန်က လိုလျက်ရှိပါသေးသည်။ စုဆောင်း စီစဉ်ပြုစုမှု- စုဆောင်းစီစဉ်ပြုစုပြီးသည်ကို စာအုပ်အဖြစ် ရောက်အောင် ဆောင်ရွက်မှု အတွက်ကလည်း သေးငယ်လှသည် မဟုတ်သောကြောင့် ထို မသေးငယ်သော တာဝန်များကို ဆောင်ရွက်ကြရပါလိမ့်အုံးမည်။ ထိုတာဝန် များကို ဆောင်ရွက်ရန်-

၁။ စုဆောင်း စီစဉ်မှုတာဝန်ကို ဝက်လက် မစိုးရိမ် ဦးတိဿအားဂင်း

၂။ စုဆောင်း စီစဉ်ပြီးသည်ကို စာအုပ်အဖြစ်ရောက်အောင် တာဝန်ကို ဓမ္မကထိက အဖွဲ့အားဂင်း - အသီးအသီး ခွဲဝေ ချထားလိုက်ကြပါသည်။

ဝက်လက် မစိုးရိမ်ဆရာတော် ဦးတိဿမှာ ဗုဒ္ဓဓမ္မလောက စာစောင်နှင့် ဓမ္မဗျူဟာ စာစောင်များတွင် ဆောင်းပါးပေါင်း အတော်များများ ရေးဘူးရုံသာမက (၁၀)ဆယ်အုပ်ထက် မနည်းသော စာအုပ်များကိုပါ စီရင် ရေးသားဘူးသည်ဖြစ်၍ ဤမဟာစည် ပဋိပတ္တိသာသနာဝင်-ကို စုဆောင်း စီစဉ်ရန် သင့်လျော်သည်ဟု ယူဆတော်မူကြသဖြင့် ထိုတာဝန်ကို ချထား တော်မူလိုက်ကြခြင်း ဖြစ်ပါသည်။

စုဆောင်းစီစဉ်ရန် မလွယ်ကူလှသကဲ့သို့ပင် စာအုပ်အဖြစ်သို့ ရောက်ရန် မှာလည်း မလွယ်ကူလှပါ။ တဦးတယောက်တည်း တာဝန်မဟုတ်ရဲလောက်

အောင် စရိတ်စက က ကြီးလေးလှပါသည်။ ထို့ကြောင့် အဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်မှသာ ဖြစ်မည်ကို သိရှိတော်မူကြသည်အလျောက် စာအုပ်ဖြစ်မြောက်ရေးအတွက် မဟာစည် ဓမ္မကထိကအဖွဲ့က တာဝန်ယူတော်မူလိုက်ကြခြင်း ဖြစ်ပါသည်။

## စုရဆောင်းရသည်

ဤ "**မဟာစည်ပဋ္ဌိပတ္တိသာသနာဝင်**" ဖြစ်မြောက် ထွက်ပေါ်လာရေးအတွက် ထိုက်သင့်သော တာဝန်ကို အသီးအသီး ခွဲဝေယူကြပြီးနောက် စုဆောင်းစီစဉ်ရေး တာဝန်ကို ယူရသော ဝက်လက် မစိုးရိမ်ဆရာတော် ဦးတိဿသည် မဟာစည် ဌာနခွဲ ရိပ်သာများရှိ ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံမှ ၎င်းတို့၏ အတ္ထုပ္ပတ္တိနှင့်တကွ ဓါတ်ပုံများကို တောင်းယူ စုဆောင်းတော်မူခဲ့ရပါသည်။

ထိုသို့ စုဆောင်းရာ၌ ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသော-၁၉၇၁-ခုနှစ် နှစ်လည် အစီရင်ခံစာ၌ ပါရှိသော မဟာစည် ဌာနခွဲ ရိပ်သာစာရင်းများကို ကြည့်ရှုပြီးလျှင် မြန်မာပြည်ရှိ ရိပ်သာခွဲ ဌာနတိုင်းသို့ တပ်ပိုင်နက်တည်း စာပို့၍ တောင်းခံခဲ့ပါသည်။ စာရင်းပါ ရိပ်သာခွဲများမှာ (၁၇၇)ဌာနရှိပါသည်။ အစီရင်ခံစာ၌ မပါသော ရိပ်သာများ၊ စာရင်းမပေးရသေးသော နောက်တိုးရိပ်သာများ၊ သီဟိုဠ် ယိုးဒယား-စသော နိုင်ငံခြားရှိ ရိပ်သာများမှာ ဤသာသနာဝင်တွင် မပါဝင်နိုင်သေးပဲ ကျန်ရှိနေပါလိမ့်ဦးမည်။

အကြောင်းကြောင်းကြောင့် ကျန်ရှိနေသေးသော ထိုရိပ်သာဌာနများမှ ပါသင့်ပါထိုက်သော ဆရာတော်များ မကျန်ရလေအောင် ဟံသာဝတီ သတင်းစာမှ၎င်း၊ လုပ်သားသတင်းစာမှ၎င်း ကြေညာ၍ တောင်းခံခဲ့ရပြန်ပါသည်၊ ကြေညာချက်ကိုတွေ့ရှိရာ အချို့ဌာနတို့မှ အတ္ထုပ္ပတ္တိများ ပေးပို့ကြပါသေးသည်၊ ကြေညာချက်ကို မတွေ့ရသော ဌာနများမှမူ ပေးနိုင်ကြမည် မဟုတ်ပါ၊ ဤကျန်ရှိနေသေးသော တချို့ဌာနတို့သို့ ကိုယ်တိုင်သွားရောက်၍၎င်း၊ ဓမ္မကထိကအဖွဲ့ဝင် ဆရာတော်တို့အားရောက်ရာဌာနတို့၌ကျန်ရှိနေသေးသည့်ကိုတွေ့ရှိပါကအတ္တုပ္ပတ္တိတောင်းယူပို့ပေးပါရန်ကို၎င်း လျှောက်ထားမှာကြားရပြန်ပါသည်၊သို့နှင့်လည်းအင်မတန်ခေါင်လွန်းသောဌာနများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ အတ္ထုပ္ပတ္တိများမှာကျန်မြဲ ကျန်ရှိနေပေလိမ့်ဦးမည်ဟု ထင်ပါသည်၊ အကယ်၍ ဤမျှ အားထုတ်သည့်အထဲမှ ကျန်နေပါသေးလျှင် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေသည့်အခါတွင် ပါဝင်နိုင်အောင် ကြိုးစားဘို့သာ ရှိပါတော့သည်။

## မပါဝင်သေးသော ဌာနများ

မြန်မာပြည်မှ တပါး သီဟိုဠ်၊ ယိုးဒယား၊ အိန္ဒိယ–စသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ မဟာစည် ပဋိပတ္တိရိပ်သာဌာနခွဲပေါင်း ဆယ်ကြောက်အမြား ရှိနေကြသေးသည်ဖြစ်ရာ အခက်အခဲအမျိုးမျိုးကြောင့် ဤသာသနာဝင် မှတ်တမ်းတွင် ထည့်သွင်း ဖော်ပြခြင်း မပြုနိုင်သေးဲ ချန်ထားခဲ့ရပါသေး သည်၊အစီရင်ခံစာ၌ သီဟိုဠ်၌ ကမ္မဋ္ဌာန်းဌာနခွဲ ရိပ်သာများကို ဖော်ပြ ထားသည်မှာ–ဌာနပေါင်း–၃၀–ရှိပေသည်။ ထိုဌာန-၃၀-မှာ–

၁။ ကန္ဒုဗောဓ ကမ္မဋ္ဌာန်းဌာန။
၂။ တလဂလဂေါနပါလ ။
၃။ ပေါလ်ဂစ်ဩဝိဋ္ဌ ။
၄။ တပေါဝနအုံဂေါဒ ။
၅။ ဂေါတမိ တပေါဝနယ ။
၆။ အနုရာဓပူရ ။
၇။ မလိယဒေဝမုဒိဂလ ။
၈။ လေလ္လုပိဋိယ ။
၉။ မီရိဿ ။
၁၀။ ပရတဒုဝ ။
၁၁။ ပဒုတဒုဝအစိုးရကျောင်း ။
၁၂။ ပရတဒုဝမြို့ ။
၁၃။ အယ်လ်လဝမြို့ ။
၁၄။ ကုရုပိတမြို့ ဂူကျောင်း ။
၁၅။ တလပိတိယမြို့ ။
၁၆။ ပလန်ဝသကမ္မဋ္ဌာန်းဌာန ။
၁၇။ ဒီပံဂေါဒ ။
၁၈။ သိဒ္ဓမူလ ။
၁၉။ ကုလဂလမြို့ ။
၂၀။ ပါနဒူရ ။
၂၁။ ပိုလ်ဂတ်စ်ဩဝိတဓမ္မာရုံ ။
၂၂။ ဟိုမဂမမြို့ ။
၂၃။ မာဂမ္မန ။
၂၄။ ပန်နိပိတိယ ။
၂၅။ ကိုလန်ဘို ဂိုဒ် အမ် ဘီ အေ။
၂၆။ ကိုလန်ဘို သဘော်ဆိပ် ။
၂၇။ ကိုလန်ဘိုဏ္ဍသိပဋ္ဌာနရာမ ။
၂၈။ ကိုလန်ဘိုအမျိုးသမီးအသင်း ဘူလာဲစ်လမ်း ။
၂၉။ ဂမ္ပတိဋ္ဌဋ္ဌိပေါလ ။
၃၀။ ဂမ္ပဟာမဒဂန်ကျောင်း ။

ကမ္မဋ္ဌာန်းဌာန–တို့ ဖြစ်ပါသည်။ ထိုဌာနတို့မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် တို့၏ အဋ္ဌုပ္ပတ္တိ များကို သီဟိုဠ်သို့ သွားရောက်နိုင်မှသာ ရနိုင်မည်ကဲ့သို့ ရှိနေပါသည်။

ယိုးဒယား ကမ္ဘောဒီးယား–လာနိုင်ငံတို့၌မူ သာသနာပိုင် ဆရာတော် တို့၏ လက်အောက်၌ အညီအညွတ် တလုံးတစည်းတည်း ရှိနေကြသည့် အလျောက် သံဃာတော်များ အားလုံးမှာ သာသနာပိုင်ဆရာတော်တို့၏ ဩဝါဒကို နာယူကြသည် ဟုဆိုပါသည်။ထိုနိုင်ငံတို့၌ မဟာစည်ဌာနခွဲရိပ်သာ ပေါင်း-၃၀၀-ရှိသည်ဟု အစီရင်ခံစာ စာရင်းတွင် ဖေါ်ပြထားပါသည်။

မြန်မာပြည်၌ရှိသော မဟာစည်နည်းနှင့် ရိပ်သာ များထက်ပင် တပါးနိုင်ငံ၌ ပိုမို များပြားနေပါသည်။ ဤသို့ များပြားနိုင်ခြင်း၏ အကြောင်းရင်းကို ထင်ရှားအောင် ယိုးဒယားနိုင်ငံ၌ သံဃာတော်တို့၏ အဖွဲ့အစည်း ဖွဲ့စည်းထားပုံကို ဖော်ပြရန် လိုအပ်ပါသည်။

## ယိုးဒယားနိုင်ငံ သံဃာ့အဖွဲ့အစည်း

ယိုးဒယားနိုင်ငံ၌ ဗုဒ္ဓဘာသာ သာသနာသည် နိုင်ငံတော်ဘာသာ သာသနာ ဖြစ်သည်၊ ရှေးထုံးစဉ်လာမပျက် ယိုးဒယားဘုရင်အဆက်ဆက်သည် ဗုဒ္ဓသာသနာဝင်တို့သာ ဖြစ်ကြရပါသည်။ ဗုဒ္ဓသာသနာဝင်မဟုတ်ပါက ယိုးဒယားနိုင်ငံ၌ ဘုရင်မဖြစ်နိုင်ပါ။ သာသနာတော်ကို စီမံအုပ်ချုပ်ရန် ယိုးဒယားဘုရင်က သာသနာပိုင် ဆရာတော်ကို ရွေးချယ်ခန့်ထားရပါသည်။ ရွေးချယ်ခန့်ထားရာ၌ သက်တော်ဝါတော်ကြီးရင့်၍ သီလဂုဏ်၊ သမာဓိဂုဏ် နှင့် ပြည့်စုံသည့် ဘုရင်မင်းမြတ်၏ ဥပဇ္ဈာယ်ဆရာရင်းကို ခန့်ထားရိုး ရှိပါသည်။

## ယောက်ျားတိုင်း သာသနာ့အမွေခံ

ယိုးဒယားနိုင်ငံ၌ ယောက်ျားမှန်လျှင် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့အမွေကို တကြိမ် ခံရပါသည်။ အသက် ၂၀ - ပြည့်လျှင် မိမိ နေနိုင်သလောက် တဝါမှစ၍ လေး-ငါး ဝါရသည်အထိ ဥပသမ္ပဒာဇာတ် ရဟန်းမြတ်အဖြစ်ဖြင့် တကြိမ် အမွေခံယူရပါသည်။ ထိုနောက်မှ လူထွက်ကာ ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ ဤအမွေနှစ်ပါးကို မခံယူမီ၌ လူရာမဝင်သေးဘဲ ပညာသင်ခဏ်း မဆုံးသေးသည့် ကျောင်းသား အရွယ်လောက်သာ သဘောထားကြပါသည်၊ ဤနည်းဖြင့် ယိုးဒယား နိုင်ငံ၌ ယောက်ျားမှန်လျှင် ဘုန်းကြီးလူထွက်ချည်းသာ ဖြစ်ကြပါသည်။

ကမ္ဘောဒီးယားနှင့် လော ( လာအိုး ) နိုင်ငံများ၌လည်း ဤနည်း နှင်နှင်ပင် ဖြစ်ကြပါသည်၊ ကမ္ဘောဒီးယားနိုင်ငံ၌ ထူးခြားသည်ကား အခြေခံ မက်ထရစ်တန်း အောင်သူသည် ပါဠိဘာသာကိုပါ အောင်ရ ပါသည်၊ ပါဠိဘာသာ မအောင်ဘဲ မက်ထရစ်တန်း မအောင် နိုင်ပါ၊ ထိုကြောင့် ကမ္ဘောဒီးယား၌ ဘုန်းကြီးလူထွက် ပြဿနာမရှိပဲ လယ်ကူလီကအစ ဘုရင်အဆုံး ဘုန်းကြီးလူထွက်များချည်းသာ ဖြစ်ပါသည်။

## သံဃာ့အဖွဲ့ကြီး

ယိုးဒယားနိုင်ငံ၌ ရှေးအစဉ်အလာအတိုင်း သံဃာ့အဖွဲ့ကြီး ရှိနေခဲ့ပါသည်။ ထိုသံဃာ့အဖွဲ့အစည်းကြီးကို အင်္ဂလိပ်လို (ORGANIZATION OF THE BUDDHIST SANGHA) ဟူ၍ ခေါ်ဆိုပါသည်။ ပဒေသရာဇ်တို့ လက်ထက်၌ ထိုသံဃာ့အဖွဲ့ကြီးကို နန်းတော်က အမိန့်ဖြင့် ခန့်ထား ဖွဲ့စည်းခဲ့ပါသည်။ နောက်ကာလ ဒီမိုကရေစီနည်းသို့ ပြောင်းလိုက်သည့်အခါ- ၁၉၃၂ ခုနှစ်၊ ပရာချာဒီပုတ် ဘုရင့်လက်ထက်တွင် ဒီမိုကရေစီအသွင်ဖြင့် တရားဥပဒေဘောင်အတွင်းမှ နေ၍ ဖွဲ့စည်း တည်ထောင်ခဲ့ကြပါသည်။ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှတပါး သံဃာ့အက်ဥပဒေကြီးတခု ပေါ်ပေါက်လာခဲ့ပါသည်။ သာသနာသက္ကရာဇ်- ၂၄၈၄-ခုနှစ်၌ ထိုသံဃာ့ဥပဒေကြီး ပေါ်ပေါက်ခဲ့ရာ ဥပဒေမှာ ဤသို့ဖြစ်ပါသည်။

## သာသနာပိုင်

ဘုရင်မင်းမြတ်သည် သီလ-သမာဓိ-ပညာတို့ဖြင့် ခိုင်လုံသည့် မိမိ၏ ဥပဇ္ဈာယ်ဆရာရင်းအား သာသနာပိုင်အဖြစ် တင်မြှောက်ရပါသည်။ ထိုဆရာတော်အား ဥပဒေက အာဏာသုံးရပ် အပ်နှင်းသားပါသည်။ ထိုအာဏာမှာ-

၁။ အခြေခံအဆင့်ဆင့်ဖြင့် ရွေးကောက်တင်မြှောက်ခဲ့သည့် သံဃာ့လွှတ်တော် ( SANGHA SABHA ) သံဃာ့သဘာက အကြံပေးချက် ဆုံးဖြတ်ချက်အတိုင်း သံဃာ့စည်းမျဉ်းဥပဒေကို လက်မှတ်ရေးထိုး ထုတ်ပြန်တော်မူရခြင်း၊

၂။ သံဃာ့မန္တရီ ( SANGHA MONTRI ) ခေါ် သာသနာရေးဆိုင်ရာ ရဟန်းတော် ဝန်ကြီးများ အဖွဲ့ သံဃာ့ကက်ဘိနက်မှ တဆင့် သံဃာတော်များကို အုပ်ချုပ်စီမံရခြင်း။

၃။ သံဃာတော်များနှင့်ပတ်သတ်သော တရားမဌာနဖြစ်သည့် ဝိနိစ္ဆယဌာန ဝိနယရေ ( KANAVINAYA PHARA ) အဖွဲ့မှ တဆင့် တရားမနှင့်ဆိုင်သော အခွင့်အာဏာများကို အသုံးပြုနိုင်ခြင်း၊

## အုပ်ချုပ်ရေးပုံသဏ္ဍာန်

ဤအာဏာသုံးရပ်ဖြင့် သာသနာပိုင်ဆရာတော်က စီမံဆောင်ရွက်လျက်ရှိပါသည်။ ဤနည်းဖြင့် ယိုးဒယားသံဃာ့အုပ်ချုပ်ရေးကိုတိုင်းပြည်အုပ်ချုပ်

ရေးမှ လုံးခွင့်လွှတ်သွားကာ ဝိနည်းလမ်းကြောင်း အာဏာများကို ဒီမိုကရေစီစနစ် သုံးမျိုးဖြင့် မွန်းခံသွားပါသည်။ သာသနာပိုင်မှာ ဘုရင် (သို့မဟုတ်) သမဘ သဏ္ဌာန်ဖြစ်၍ သံဃာ့သဘာမှာ ဥပဒေပြု လွှတ်တော် အသွင်၊ သံဃာ့မန္တရီမှာ ကက်ဘိနက်အသွင်၊ ဝိနိစ္ဆယဌာနမှာ တရားလွှတ်တော်ချုပ်အသွင် သဏ္ဌာန် ဆောင်လျက် ရှိပါသည်။

သံဃာ့သဘာ - စသည် ရွေးချယ်ပုံ၊ ရွေးချယ်နည်းလည်းရှိပါသေးသည်။ သို့သော် အနည်းငယ် ရှည်လျားသဖြင့် ခြွင်းချန်ထားလိုက်ရပါသည်။

## ဝိပဿနာနှင့် ယိုးဒယားသံဃာ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန် ဝိပဿနာ ရှုပုံရှုနည်းမှာ ယိုးဒယား ဆရာတော်များ အတွင်းသို့ ချဉ်းနင်း ပြန့်နှံ့သွားခဲ့လေရာ ထိုအခါ သာသနာပိုင်ဆရာတော်သည် ထိုဝိပဿနာရှုပုံ ရှုမှတ်နည်းကို ဗုဒ္ဓမြတ်စွာ၏ ပါဠိတော် ဒေသနာနှင့် ညီမညီ စူးစမ်းလေ့လာ တော်မူခဲ့ပါသည်။ ထိုသို့ စူးစမ်းလေ့လာတော်မူရာ၌ ပါဠိ- အဋ္ဌကထာ- ကျမ်းဂန်အချပ်ရပ်တို့နှင့် ညီညွတ်နေသည်ကို တွေ့ရှိရာတွင် တွေ့ရှိသည့်အတိုင်း ပါဠိ-အဋ္ဌကထာ ကျမ်းဂန်အချပ်ရပ်နှင့် ညီညွတ်ကြောင်းကို ယိုးဒယား သံဃာ တရပ်လုံးသို့ မိန့်ကြားတော် မူလိုက်လေတော့သည်။

ထိုသို့ သာသနာပိုင် ဆရာတော်ဘုရားကြီးက မိန့်ကြားလိုက်သည့်ဆို လျှင်ပင် ယိုးဒယား ဆရာတော် တို့သည် မိမိတို့ အထွဋ်အထိပ်ထားသော သာသနာပိုင် ဆရာတော်ဘုရားကြီးကို ယုံကြည်အားထားရင်း ရှိခဲ့သည်က တကြောင်း၊ မိမိတို့ မိုသလောက် ဉာဏ်ဖြင့် စူးစမ်းလေ့လာရာ၌ ပါဠိတော် အဋ္ဌကထာလာအတိုင်း မှန်ကန်သည်ဟု သဘောကျသည်က တခကြောင်း တို့ကြောင့် ယိုးဒယား သာသနာတရပ်လုံးကျေးဇူးတော်ရှင် မဟာစည် ဆရာ တော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်းကို လက်ခံ၍ ယုံယုံကြည်ကြည် အားထုတ် ရှုမှတ်လိုက်ကြသည်ဟု ဆိုပါသည်။ ဤနည်းဖြင့် ယိုးဒယားနိုင်ငံ၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်း အတိုင်း ရှုမှတ်ကြသော ရိပ်သာပေါင်း (၃၀၀) သုံးရာခန့် ရှိသွားခဲ့ခြင်း ဖြစ်ပါသည် -ဟု တောင်တွင်းကြီး ဆရာတော် ဦးတေဇိန္ဒအရှင်မြတ်က မိန့်ကြားသဖြင့် သိရှိရပါသည်၊

ထိုတောင်တွင်းဆရာတော် ဦးတေဇိန္ဒ အရှင်မြတ်မှာ ယိုးဒယားနိုင်ငံ၌ နှစ်ပေါင်းများစွာ သီတင်းသုံးခဲ့သော ဆရာတော်ဖြစ်သည်အလျောက် ယိုးဒယား၏ အကြောင်းကိုလည်း သိ၊ ယိုးဒယားဘာသာ စကားကိုလည်း အမိဘာသာချင်းကဲ့သို့ နိုင်နိုင်နင်းနင်း ပြောနိုင်ဆိုနိုင်ခဲ့ပါသည်။ ဆဋ္ဌသံဂါယနာ

တင် ကိစ္စအတွင်းက ယိုးဒယားသံဃာတို့၏ ဘာသာပြန်အဖြစ် လိုက်ပါ ဆောင်ရွက်တော်မူခဲ့ရသော အရှင်မြတ်လည်း ဖြစ်ပါသည်။

ယိုးဒယား သာသနာ့ရိပ်သာ ၃၀၀-၌ အားထုတ်၍ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်နေကြသော ဆရာတော်တို့၏ အတ္ထုပ္ပတ္တိများနှင့် ယောဂီ စာချင်းများကိုလည်း အခက်အခဲ အကြောင်းအမျိုးမျိုးတို့ကြောင့် ဤသာ သနာဝင်တွင် ဖော်ပြခြင်း မပြုနိုင်ခဲ့ပါ။

## ပဓာနအခြေခံ

ဤမဟာစည်ပဋိပတ္တိ သာသနာဝင်ထင်ထင်ရှားရှားဖြစ်ထွန်းပေါ်ပေါက် လာခဲ့ရသည်မှာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော မဟာသတိပဋ္ဌာနသုတ် ဒေသနာဘော်ကို အခြေခံ၍ ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်ပါသည်။ ပဓာနအခြေခံဖြစ်သော မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို ဗုဒ္ဓမြတ် စွာသည် သာသနာတော် ၂၅၀၀-ကျော် အတော်ကြာမြင့်ပြီ ဖြစ်သော ကာလဆီက ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံးရွာကြီး၌ ကုရုတိုင်းသား တရားနာ ပရိသတ်တို့အား ဟောကြားတော်မူခဲ့ပါသည်။ ထိုစဉ်က-

"ဒေသနာပရိယောသာနေ တိံသဘိက္ခုသဟဿာနိ အရဟတ္တေ ပတိဋ္ဌဟိံသု"ဟူသော ဤအဋ္ဌကထာအဖွင့်ကို ထောက်၍ မဟာသတိပဋ္ဌာန်ဒေသနာ တော်၏ အဆုံး၌ သုံးသောင်းချလောက်သော တရားနာပရိသတ်တို့ အာသ ဝေါကုန်ခန်း ရဟန္တာဖြစ်သွားကြကြောင်း သိရှိကြရပါသည်။ အလိုရှိအပ် သော မဂ် ဖိုလ်-နိဗ္ဗာန်သို့ ရောက်နိုင်သော အကျင့်လမ်းကြောင်းမှာ-

"ကောယနေ့ာ အယံ ဘိက္ခဝေ မဂ္ဂေါ" ဟူသော ဤသုတ်ပါဠိတော်။

"နဒွေဓာပထဘူတောတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော" ဟူသော အဖွင့် အဋ္ဌ ကထာတို့ဖြင့် ခရီးနှစ်ကြောင်းမရှိ တကြောင်းတည်းသာ ရှိကြောင်းကို ဟော ကြောင်းမိန့်ဆိုတော်မူခဲ့ကြပါသည်။

"ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ တရိဿန္တိ ယေ စ တရန္တိ ဩဃံ"ဟူ၍ သဟမ္ပတိ ဗြဟ္မာ မင်းကြီး၏အဆိုအတိုင်း ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက သာဝိကာမ ဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်အားလုံး ဤသတိပဋ္ဌာန် မဂ်ခရီးဖြင့်ဩဃလေးဖြာ သံသရာ ကို ရှေးကလည်း ကူးမြောက်တော်မူခဲ့ကြဘူးကုန်ပြီ၊ နောက်၌လည်း ပဋိ ပတ္တိသာသနာတော် မကုန်မချင်း ကူးမြောက်တော် မူကြပါလိမ့်ဦးမည်။ မျက်မှောက်ကာလ၌လည်း ကူးမြောက်တော်မူကြတုန်းပင် ဖြစ်ပါသည်။

## ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ကြသည်

လူ့နတ်တို့အား အတိုင်းမသိ ကျေးဇူးကြီးမား များပြားလှသော ပဓာန အခြေခံ ဤသတိပဋ္ဌာန် ဒေသနာတော်နှင့်တကွ အခြားသော ဗုဒ္ဓမြတ်စွာ ဒေသနာတော်များကို မျက်မှောက်ကာလ တိုင်အောင် မကွယ် မပျောက် ဆောင်ရွက်လာခဲ့ကြသောပုဂ္ဂိုလ်တို့မှာ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက ရဟန်း တော်တို့သာလျှင် ဖြစ်ပါပေသည်။ ဤသို့ဆောင်ရွက်ခဲ့ကြရာ၌ လွယ်လွယ်ကူကူ သက်သက်သာသာ ဆောင်ရွက်တော်မူခဲ့ကြရသည်ကား မဟုတ်ပါ၊ ခက်ခက် ခဲခဲ ဆောင်ရွက်တော်မူခဲ့ကြရပါသည်။

သာသနာတော် သက္ကရာဇ် ၄၀၀-နှင့် ၆၀၀-အကြား ဝဋ္ဋဂါမဏိမင်း၏ လက်ထက်အထိ စာပေအက္ခရာများဖြင့် ရေးသား ဆောင်ရွက်တော် မူခဲ့ကြ ရသည်မဟုတ်ပဲ နှုတ်တက်အာဂုံ မှတ်သား ဆောင်ရွက်တော် မူခဲ့ကြခြင်း သာဖြစ်ပါသည်။ ဗြာဟ္မဏတိဿ သူပုန်တေးကြီး ဆိုက်ရောက်ချိန်က ဆိုပါလျှင် အရှင်ဥပတိဿ မထေရ်မြတ်နှင့် အရှင် ဖုဿဒေဝ မထေမြတ်နှစ်ပါးတို့မှာ ဆွမ်းကိုပင် ဝမ်းဝိုက်ပြည့်အောင် ဘုဉ်းပေးတော်မမူခဲ့ကြပါ။ ဆာလောင် ပူလွန်းလှသော ဝမ်းဗိုက်ပေါ်တွင် သဲတင်၍ ပိဋကတ်တော်များကို တပိုဒ် စီ တပိုဒ်စီ ရွတ်ဆို သရဇ္ဈာယ်ကာ ဆောင်ရွက်တော်မူခဲ့ကြရပါသည်။

အရှင် အနုရုဒ္ဓါ မထေရ်မြတ်၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်ကြသော အရှင် မဟာသုမထေရ်နှင့် အရှင်မဟာပဒုမထေရ် ဟူ၍ ထင်ရှားသော မထေရ် နှစ် ပါးရှိခဲ့ရာ မဟာ ပဒုမထေရ်မှာ ဝိနည်းပိဋကတ်ကို ၁၈-ခေါက် ပေါက်အောင် သင်ယူခဲ့လျက် မဟာသုမထေရ်မှာ ၉-ခေါက်ပေါက်အောင် သင်ယူတော်မူ သည်ဟု ဝိနည်းအဋ္ဌကထာ၌ မိန့်ဆိုထားပါသည်။ အခြားပိဋကတ်များ သင် ယူသည်၌ အထူးမဆိုသော်လည်း ကျေပြွန်သည်အထိ အခေါက်ခေါက် သင် ယူတော်မူကြလိမ့်မည်ကိုကား မှန်းဆ သိနိုင်ပါသည်။ ထိုမထေရ်မြတ်တို့မှာ ပေါတ္ထကာရုဠ စတုတ္ထသံဂါယနာ တင်ရာတွင် ရွေတန်းမှ ပါဝင်ခဲ့ကြသော မထေရ်မြတ်တို့ဖြစ်ပါသည်၊ ဤနည်းဖြင့် ဗုဒ္ဓမြတ်စွာ၏ တပည့်ရဟန်းတော်တို့ သည် မဟာသတိပဋ္ဌာန်ဒေသနာတော်နှင့် တကွ အခြားဗုဒ္ဓမြတ်စွာ ဟော ကြားတော်မူသမျှ ပိဋကတ်ဒေသနာတော်များကို ခက်ခက်ခဲခဲ အားထုတ်ဆောင် ရွက်တော်မူခဲ့ကြပါပေသည်။

## ဆောင်ရွက်ခဲ့ကြသည့်ကျေးဇူး

တပည့်သာဝက ရဟန်းတော်တို့က ဤသို့ အဆက်မပြတ် ဆောင်ရွက် တော်မူနိုင်ခဲ့ကြသော ကျေးဇူးကြောင့်သာ မျက်မှောက်ကာလအထိ ဗုဒ္ဓမြတ်

စွာ ဟောကြားတော်မူသော ဒေသနာတော်များ မကွယ်မပျောက် တည်တံ့လျက်သာ ရှိနေခဲ့ပါသည်။ ထိုဒေသနာတော်များ တည်တံ့လျက် ရှိနေသေးခြင်းကြောင့်သာ ယခု ကျင့်ကြံအားထုတ်လျက်ရှိကြသော သာသနာတော်အဘွင်းရှိ အရိယာသူတော်ကောင်းတို့မှာ မဂ်-ဖိုလ် နိဗ္ဗာန် ဟူသော အကျိုးထူးများကို ကောင်းစွာလှလှ ရရှိနေကြရခြင်းဖြစ်ပါသည်။

သာသနာတော်နှစ် ၁၅၅၈-နှစ်၊ ကောဇာနှစ် ၄၀၆-ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းမြတ် လက်ထက်က ဒေသနာ ပိဋကတ်တော်များ သထုံပြည်မှ မြန်မာနိုင်ငံ ပုဂံပြည်သို့ ဆောင်ယူတော်မူခဲ့ပါသည်။ ထိုသို့ ပိဋကတ်တော်များကို ဆောင်ယူခဲ့သည့် အချိန်အခါက ရှင်အရဟံနှင့်တကွ သထုံပြည်မှ လိုက်ပါကြလာခဲ့ကြသော အရိယာ သံဃာတော်(၃၀၀၀)သုံးသောင်တို့မှာ ပုဂံပြည်၌ ရှိတော်မူကြသည်ဟု ရာဇဝင်၌ ဖော်ပြထားပါသည်၊ ထိုအရိယာသံဃာတော်တို့သည် ရဟန်းရှင် လူပြည်သူတို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူကြကြောင်းကိုလည်း ဖော်ပြထားပါသည်၊ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ပဋိပတ္တိ သာသနာတော်ထက် ပရိယတ္တိသာသနာတော်က ပိုမိုတောက်ပြောင်ထွန်းကားလာခဲ့သည်ဟု ဆိုနိုင်ပါသည်၊ အကြောင်းမူကား ထိုအချိန်မှစ၍ ရာဇဝင်နှင့် သာသနာဝင်တလျောက် ပဋိပတ္တိသာသနာတော်က မသင်ရှားတော့ဘဲ ပရိယတ္တိသာသနာတော်ကသာ ပိုမိုထင်ရှားတောက်ပြောင် လာခဲ့သောကြောင့် ဖြစ်ပါသည်။ ပရိယတ္တိသာသနာတော်ကိုသာ ဖိ၍အားထားခဲ့ကြသောကြောင့်လည်း ပုဂံပြည်မှ ကျမ်းပြု ဂန္ထကာရက ပုဂ္ဂိုလ်ပေါင်း အမြောက်အမြား ပေါ်ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်၊

## မသိသလောက်သာ ရှိခဲ့သည်

မြန်မာနိုင်ငံ၌ သာသနာတော်တလျောက်လုံး ပရိယတ္တိသာသနာတော်ကိုသာ ဖိ၍ အားဒိုက် လုံးပန်းတော်မူခဲ့ကြသဖြင့်လည်း ပဋိပတ္တိသာသနာတော်အဘွက် အားသုဘ် လုံးပန်းသူ ပုဂ္ဂိုလ်တို့မှာ မြန်မာနိုင်ငံ၌ ကြိုးကြာ ကြိုးကြား မသိသလောက်သာ ရှိ၍ အင်မတန် နည်းပါးခဲ့ပါသည်။ လုံးလုံ မရှိဟု မဆိုသာသော်လည်း အင်မတန် နည်းပါးလှသဖြင့် "ပဋိပတ္တ သာသနာတော်ကြီး ကွယ်ပျောက်နေလေပြီလား"ဟူ၍ပင် ထင်မှတ်ကြ ပါသည်၊ သို့သော် တကယ်လည်း ကွယ်ပသွားသည် မဟုတ်သောကြော တချိန်ချိန်တွင် တပါးတလေ ထင်သင်ရှားရှား ပေါ်ထွက်လာတတ်သေ သဖြင့် "ပရိယတ္တိသာသနာတော် တရပ်သာ ရှိသည်မဟုတ် ပဋိပတ္တိ

ပဋိဝေဓ သာသနာတော်များပါ မကွယ်မပ ရှိပါသေးသည်တကား''ဟူ၍ ပေါ်ထွက်လာတိုင်း ပေါ်ထွက်လာတိုင်း အားတက်ကြရပါသည်။

## အတောက်ပဆုံး အချိန်

အားကောင်းလှသော ပရိယတ္တိသာသနာတော် အကြားမှ တချို့တချို့တွင် ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်တို့ကိုလည်း ပေါ်ထွက်လာတတ်သည်ကို သာသနာဝင်တလျှောက်၌ တွေ့ရတတ်သည့်အတိုင်း သမိုင်းတွင် အထင်အရှား ရှိနေခဲ့ပါသည်။ ရှိနေသော ထိုသမိုင်းတလျှောက်ကို ကြည့်လိုက်လျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ လက်ထက် ဤခေတ် ဤအခါလောက် ထွန်းလင်းတောက်ပသော ပဋိပတ္တိသာသနာတော်ကို တွေ့ကြရမည် မဟုတ်ပါ။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ပရိယတ်-ပဋိပတ်-နှစ်ရပ်စွယ်စုံ သီလဂုဏ်၊ သမာဒိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ဗုဒ္ဓသာသနာဝင် ပေါများသော အာရှ နိုင်ငံများသာ မက ဂျာမန်၊ အင်္ဂလန် စသော ဥရောပနိုင်ငံ အနှံ့အပြားနှင့် အမေရိကန်ပါ မကျန် ပဋိပတ္တိသာသနာတော် ရောင်မှာ ထွန်းပြောင် တောက်ပသွားပါတော့သည်။

သာသနာတော်နှစ်-၁၃၃၈-နှစ်၏ ဤမှာဘက်တွင် ဤတခေတ်လောက် ပဋိပတ္တိသာသနာတော်ရောင် တောက်ပြောင်သောခေတ်ကို တွေ့နိုင်ကြမည် မဟုတ်ပါ၊ ဗုဒ္ဓသာသနာဝင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့သာမက အနိုင်နိုင်ငံမှ ဗုဒ္ဓသာသနာဝင် သူတော်စင် များစွာတို့သည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်လေးမြတ် သက်ဝင်ကြည်ညိုကြသည့်အတိုင်း ဆရာတော်ဘုရားကြီး ဟောပြောညွှန်ပြသောတရားတော်ကို လိုက်နာ အားထုတ်ကြသည်ဖြစ်၍၎င်း၊ လိုက်နာ အားထုတ်ကြသည့်အတိုင်း အကျိုးထူးများ ရရှိခံစားကြရသည် ဖြစ်၍၎င်း ပဋိပတ္တိ သာသနာတော်ရောင်သည် တပါးနိုင်ငံများအထိ ဤမျှ တောက်ပြောင်နေသည်မှာ ထင်ရှားလှပါသည်။

## နွယ်ဆက်လာခဲ့သည်

မျက်မှောက်ကာလတွင် ပဋိပတ္တိသာသနာတော်၌ နေလသဖွယ် ထင်ရှား ကျော်စောလျက်ရှိသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မဟာသတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်းကို သထုံမြို့ မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံမှာ-၄ လပတ်လုံး ရှုမှတ် အားထုတ်တော်မူခဲ့သည်။

ပရိယတ် အခြေခံ ထက်သန်အားရှိပြီး ဖြစ်သော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးမှာ-၄-လခန့် အားထုတ်ရသည်ဆိုလျှင် မဟာသတိပဋ္ဌာန် ဒေသနာတော်၏ သဘာဝကို ဘုရားရှင် အလိုတော်ကျ ဉာဏ်အမြင် သက်ဝင်နိုင်စွမ်း ရှိတော်မူသည်အလျောက်လည်း ကိုယ်တော်တိုင် ရှုမှတ်ခဲ့ရသော မဟာသတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်းကို ကိုယ်တွေ့အတိုင်း- **"ဝိပဿနာရှုနည်းကျမ်းကြီး - ပထမတွဲ - ဒုတိယတွဲ"** ၂-ကျမ်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် စီရင်ရေးသား ပေါ်ပြတော်မူနိုင်ခဲ့ပါသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဆည်းကပ်၍ဝိပဿနာနည်း နိသျည်းခံခဲ့သော မူလမင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီးမှာလည်း သိကြသည့်အတိုင်း ပညာရှိ သူတော်ကောင်းတို့က ကိလေသာ အာသဝေါ ကုန်ခမ်း ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံကြွသွားသည်ဟု ယုံကြည် လောက်အောင် သီလ-သမာဓိ-ပညာ အာစာရဂုဏ်နှင့် လောက်လုံတော် မူသော ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

ပဋိပတ္တိဘက်၌သာ ဤသို့ ကျော်စော ထင်ရှားသည် မဟုတ်သေးပါ။ ပရိယတ္တိဘက်၌လည်း ကျမ်းဂန်ပေါင်း များစွာနှင့် အဋ္ဌကထာကျမ်း ဂန်ကြီးများကိုပင် စီရင်ရေးသားတော်မူနိုင်ခဲ့ပါသည်။ ဇေတဝန်ဆရာတော် ဘုရားကြီး စီရင်ရေးသားတော်မူခဲ့သော ကျမ်းဂန်များမှာ-

၁။ ပေဋကောပဒေသ အဋ္ဌကထာပါဠိ။
၂။ ၎င်းအဋ္ဌကထာနိသျ ပဌမတွဲ။
၃။ ။ ဒုတိယတွဲ။
၄။ ။ တတိယတွဲ။
၅။ သဗ္ဗေတာဝိဓိ ဝိသဇ္ဇနာ။
၆။ အာရမ္မဏဝိဓိ ဝိသဇ္ဇနာ။
၇။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိသျသစ်။
၈။ တောလေးဆယ် အဖွင့်။
၉။ မိလိန္ဒပဉှာ အဋ္ဌကထာပါဠိ။
၁၀။ နိဗ္ဗာနကထာ (စကားပြေ)
၁၁။ နိဗ္ဗာန်လမ်းညွှန် ဒေသနာ။
၁၂။ နိဗ္ဗာန် စာတမ်း။
၁၃။ သတိပဋ္ဌာန စာတမ်း။
၁၄။ သတိပစ္စယေခေါ ဝိနိစ္ဆယ သမူဟ။
၁၅။ ကထိန ဝိနိစ္ဆယ (စကားပြေ)

၁၆။ ကထိန် နိဿျ။
၁၇။ ဖလသမာပတ်။
၁၈။ မဟာသင္ဂါယတနသုတ် နိဿျ။
၁၉။ မူလပရိယာယသုတ် နိဿျ။
၂၀။ ပါဒါပါဒရဟာ ဝိနိစ္ဆယ။
၂၁။ ပဋ္ဌာနသာတကာရဏာ ဝိနိစ္ဆယ။
၂၂။ သိမ်ခဏ်း။
၂၃။ ဝိပဿနာ ဉာဏ်စဉ်ကျမ်းကြီး။
၂၄။ အနုသယဆိုင်ရာ။
၂၅။ အတိရိက်ပုံပုံ အဆုံးအဖြတ်။

ဟူ၍ ပေါင်း-၂၅-ကျမ်း စီရင် ရေးသား ပြုစုတော်မူခဲ့ပါသည်။

အဲ့ဘွယ်ကောင်းလှသည်မှာ စီရင်ရေးသားခဲ့သော ကျမ်းဂန်များအနက် ပါဠိဘာသာဖြင့် စီရင်ရေးသားခဲ့သော အဋ္ဌကထာကျမ်းကြီး-၂-ကျမ်းပင် ဖြစ်ပါသည်၊ မိမိစွမ်းအင်ကို ယုံကြည်ပြီး ဖြစ်သော ဆရာတော်ဘုရားကြီး သည် ရဟန်း-၆-ဝါရကာပင် ကျမ်းဂန်ရေးသားတော်မူရန် အကြံအစီ ဖြစ်ခဲ့သည်ကိုင်း၊ ငါရေးလျှင် အဋ္ဌကထာကိုသာ ရေးသားမည်-ဟူသော နှလုံးသား ရှိတော်မူသည်ကိုင်း သိရှိခဲ့ကြရပါသည်၊ ထိုကြောင့်လည်း ဆရာတော်ဘုရားကြီးက သူရေးထားသော အခြားကျမ်းဂန်များကို ကျမ်း ဂန်သဲဘွင် ထည့်သွင်းရေတွက်ခြင်း ပြုတော်မမူပဲ။ "ငါရေးတာ-၂-ကျမ်းပဲ" ဟု အဋ္ဌကထာကျမ်းကြီး ၂-ကျမ်းကို ရည်၍ မိန့်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ပေဋကောပဒေသ အဋ္ဌကထာကို မရေးမီ ဖွင့်ဆိုရမည့် ထိုပါဠိတော် တကျမ်းလုံးကို သုံးနှစ်တိုင်တိုင် နှုတ်တက် အာဂုံ ဆောင်ထားပြီး ရှိနေသည်ကိုလည်း သိရှိရပါသည်၊ အာဂုံ ဆောင်ထားပြီး သော ထိုပါဠိတော်၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန် သုံးသပ်တော်မူရုံသာ မက တပါးတခြားသော အဋ္ဌကထာ များကိုလည်း သုံးသပ် လေ့လာ တော်မူသေးသည် ဟု ဆိုပါသည်။

## ပါဠိတော် အမျိုးမျိုး

ပေဋကောပဒေသ ပါဠိတော်ကို ရဟန္တာအရှင်မြတ်တို့က နေတ္တိပါဠိ တော်ကို အမှီပြု၍ ဟောကြားတော်မူခဲ့ကြသည်ဟု ဆိုပါသည်။ နေတ္တိပါ ဠိတော်ကိုကား ဥစ္စေနီပြည်ဘွား-ရဟန္တာ အရှင်ကစ္စည်း မထေရ်မြတ် ဟောကြားတော်မူပါသည်။ ပါဠိတော်ဟူသည်-

၁။ ဗုဒ္ဓဘာသိတ ပါဠိတော်။

၂။ ပစ္စေကဗုဒ္ဓဘာသိတ ပါဠိတော်။

၃။ သာဝကဘာသိတ ပါဠိတော်။

၄။ ဣသိဘာသိတ ပါဠိတော်။

၅။ ဒေဝတာဘာသိတ ပါဠိတော်။

ဟူ၍ ၅ မျိုး ရှိပါသည်။

၁။ "ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" စသည်ဖြင့် ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်-စသော ပါဠိတော်မျိုးမှာ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ပါဠိတော်ဖြစ်သောကြောင့် ဗုဒ္ဓဘာသိတ ပါဠိတော်တို့သာ ဖြစ်ပါသည်။

၂။ "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပ မေဝ သမိဇ္ဈတု" စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မျိုးမှာ ပစ္စေကဗုဒ္ဓတို့ ဟောကြားတော်မူအပ်သော ပါဠိတော် ဖြစ်သောကြောင့် ပစ္စေကဗုဒ္ဓဘာသိတ ပါဠိတော်တို့သာ ဖြစ်ပါသည်။

၃။ "ယံ လောကော ပူဇယတေ သ လောကပါလော သဒါ နမဿတိ စ" စသည်ဖြင့် ဟောတော်မူအပ်သော နေတ္တိပါဠိတော်မျိုး "ဒုဝေ ဟေတု ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ" စသည်ဖြင့် ဟောတော်မူအပ်သော ပေဋကောပဒေသ ပါဠိတော်မျိုးမှာ ဗုဒ္ဓမြတ်စွာဘုရား၏တပည့်သာဝက ရဟန္တာအရှင်မြတ်တို့ ဟောတော်မူအပ်သော ပါဠိတော်များ ဖြစ်သောကြောင့် သာဝကဘာသိတ ပါဠိတော်တို့သာ ဖြစ်ပါသည်။

၄။ "ကိံ မေ အညာတဝေသေန ဓမ္မံ သတ္ထိကတေ နိစ" စသည်ဖြင့် ဟောတော်မူအပ်သော သုမေဓာဂါထာလာ ပါဠိတော်တို့မှာ အလောင်းတော် သုမေဓာရသေ့ စသူတို့ ဟောကြားအပ်သောကြောင့် ဣသိဘာသိတ ပါဠိတော်တို့သာ ဖြစ်ပါသည်။

၅။ "အစ္ဆ ပနဿရသော ဥပေါသထော ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ" စသည်ဖြင့် ဟောတော်မူအပ်သော သုတ္တနိပါတ်လာ ပါဠိတော်တို့မှာ ဟေမဝတနတ်-စသည်တို့ ဟောကြားအပ်သောကြောင့် ဒေဝတာ ဘာသိတ ပါဠိတော်တို့သာ ဖြစ်ပါသည်။

## ပါဠိတော် အဖွင့် အဋ္ဌကထာ

ပါဠိတော်ကို ဖွင့်ဆိုလျှင် အဋ္ဌကထာ ဟူ၍၎င်း၊ အဋ္ဌကထာကို ဖွင့်ဆိုလျှင် ဋီကာဟူ၍၎င်း ဋီကာကို ဖွင့်ဆိုလျှင် အနုဋီကာဟူ၍၎င်း၊ အနုဋီကာကို ဖွင့်ဆိုလျှင် မဓုဟူ၍၎င်း-ဤသို့ စသည် အမည်ပေးရိုး ရှိကြပါသည်။ သို့သော် ပရိတ္တပါဠိတော်ကို ဖွင့်သော အဖွင့် သံဝဏ္ဏနာမှာကား ထူးထူး ခြားခြား အဋ္ဌကထာ အမည်မခေါ်ပဲ "ပရိတ္တဋီကာ" (သို့မဟုတ်) ပရိတ်ကြီး ဋီကာ-ဟူ၍ မှည့်ခေါ်ခဲ့ကြသည်ကိုလည်း တွေ့နိုင်ကြပါသေးသည်။

မူလ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးသည် သူစီရင်ရေးသား ဖွင့်ဆိုသော ပေဋကောပဒေသ ပါဠိတော်အဖွင့်ကို ရှေးမှည့်ခေါ်ရိုး အမည်နာမအတိုင်း- "ပေဋကောပဒေသ အဋ္ဌကထာ" ဟု မှည့်ခေါ်တော် မူပါသည်၊

ထိုပြင် မိလိန္ဒပဉှာ ပါဠိတော်ကိုလည်း ဖွင့်တော်မူခဲ့ပါသေးသည်၊ ထိုအဖွင့် အဋ္ဌကထာကို မရေးသားမီ အထက်က နည်းတူပင် မိလိန္ဒပဉှာ ပါဠိတော်ကို၎င်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို၎င်း အခြား ရသင့်ရထိုက်သော ပါဠိတော် အဋ္ဌကထာများကို၎င်း နှုတ်တက် အာဂုံဆောင်ကာ သဘော ကျအောင် ဆင်ခြင် သုံးသပ်တော်မူပြီးမှ စီရင် ရေးသားတော်မူသည်ဟု ဆိုပါသည်၊

ရှေး အဋ္ဌကထာဆရာတို့ကို ဗုဒ္ဓမတညု (ဘုရားအလိုတော်ကို သိသူ) ဟူ၍ မိန့်ဆိုတော် မူခဲ့ကြပါသည်၊ ဆိုလည်း ဆိုထိုက်လှပါပေသည်၊ ပါဠိတော် တကျမ်းကျမ်းကို ဖွင့်ဆိုကြမည်ကြံပါလျှင် ဖွင့်ဆိုမည့် ပါဠိတော် တကျမ်း တည်းကို သဘောကျ နားလည်ရုံမျှဖြင့် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်ပါ။ အကြောင်းမူကား စပ်ဆိုင်လာသမျှ ဒေသနာတော်များကိုပါ ညှိနှိုင်း၍ မဆန့်ကျင်အောင် ဖွင့်ပြရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

မူလ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည် ကိလေသာ အာသဝေါ ကုန်ခန်း ရဟန္တာ-ဟူ၍ ပညာရှိသူတော်ကောင်းတို့၏ ယုံကြည် အားထားမှုကို ခံယူနိုင်ခဲ့ယုံသာမက ဗုဒ္ဓမတညု အဋ္ဌကထာဆရာတော် အဖြစ်ဖြင့်လည်း ထင်ရှားကျော်စောတော်မူလျက် သာသနာတော်တွင် တအားကိုးလောက်အောင် နေလသဖွယ် တင့်တယ် ထွန်းပြောင်တော်မူခဲ့ ပါသည်။

## မိဘနှင့် ဇာတိရွာ

မူလ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး လောင်းလျာသည် မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မြောက်ဘက်-၁၀-မိုင်ခန့် အကွာ ကျောက်ပန်းရွာ၌ ခမည်းတော် ဦးညို၊ ကျောက်ပန်းရွာ၏ မြောက်-၁-မိုင်ခန့်အကွာ ကန်ကြီးကုန်းရွာသူ မယ်တော် ဒေါ်ပိုင်တို့မှ သက္ကရာဇ်-၁၂၃၀-ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်၊ စနေနေ့ညနေ ၆-နာရီအချိန်၌ မီးရှူးသန့်စင် ဖွားမြင်တော်မူသော အတိဇာတ သားမြတ်ရတနာ ဖြစ်ပါသည်။

ခမည်းတော်- မယ်တော်တို့မှ သားသမီး ၄-ယောက် ပေါ်ပေါက် ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ- ၁။ ဒေါ်ထွန်းဇံ၊ ၂။ မောင်သာဗျော၊ ၃။ မဝန်၊ ၄။ မကြီးတို့ ဖြစ်ပါသည်။ ဒုတိယမြောက်သော သား မောင်သာဗျောမှာ ဆရာတော်ဘုရားကြီး၏ လောင်းလျာ ဖြစ်ပါသည်။

မယ်တော် ခမည်းတော်တို့ ယုယပိုက်ထွေးမှုဖြင့် ချမ်းသာစွာ ကြီးပွား ခဲ့ရုံသာမက အမကြီး နှမငယ်တို့အကြား တယောက်တည်းသော သားဖြစ် သောကြောင့် အမကြီး နှမငယ်တို့၏ ကြင်နာယုယမှုတို့ဖြင့်လည်း အလိုကျ အတိုင်း နေထိုင်ကြီးပွား လာခဲ့ရပါသေးသည်။ ဤသို့ ဖြစ်လာရခြင်းသည် ပါရမီဘုန်းကံ ပါလာသူတို့၏ ထူးခြားသော ဖြစ်ရပ် တမျိုးပင် ဖြစ် ပါသည်။

၈-နှစ်သား အရွယ်ရောက်၍ ကျောင်းအပ်ချိန်တွင် မယ်တော် ခမည်း တော်တို့ ကိုးကွယ်ရင်းဖြစ်သော စော်ကဲကျောင်း ဆရာဘုန်းတော်ကြီးထံ အပ်နှံခဲ့ကြပါသည်။ ထူးချွန်သော လောင်းလျာ မောင်သာဗျောသည် ကျောင်းသားဘဝကပင် ကျောင်းသားတို့သင်ရိုး ဆယ်ဆောင်တွဲပါ သင် ခဏ်းစာများကုန်၍ သဒ္ဒါကြီး၊ သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ်နှင့်တကွ ဆိုရိုးကျ အကုန် နှုတ်ငုံရသူဖြစ်သောကြောင့် စော်ကဲကျောင်း ဆရာဘုန်းတော်ကြီး၏ ထူးထူးခြားခြား မြှောက်စားချီးမြှင့်ခြင်းကို ခံယူရရှိခဲ့ပါသည်။

ရှင်သာမဏေပြုချိန် ၁၄-နှစ်သား အရွယ်သို့ ရောက်လျှင် စော်ကဲကျောင်း ဆရာဘုန်းတော်ကြီးထံ၌ပင် မယ်တော်-ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက်တော်မူပါသည်၊ ဘွဲ့မည်ကို "ရှင်နာရဒ" ဟူ၍ ဆရာဘုန်းတော်ကြီးက မှည့်ခေါ်ခဲ့ပါသည်၊ သာမဏေအဖြစ်သို့ ရောက်လာသော ရှင်နာရဒအား ဝိနည်းငယ်လေးဆောင်နှင့်တကွ ဝိနည်း

ပါဠိတော်ကြီးများကို ဆရာဘုန်းတော်ကြီးက သင်ကြား ပို့ချပေးရာ ၄-နှစ်မျှဖြင့် ဝိနည်းငါးကျမ်းလုံးအပြီးဆုံး ပေါက်မြောက်တော်မူပါသည်။

## မိဘနှစ်ပါးကွယ်လွန်

ရှင်နာရဒမှာ ပရိယတ္တိဓမ္မကို သင်ကြား၍ ကောင်းတုန်း မိဘနှစ်ပါးတို့သည် နှစ်မခြားပဲ လ-လောက်သာ ခြားလျက် ရှေ့နောက် ကွယ်လွန်သွားခဲ့ကြ၍ သံယောဇဉ် မကင်းသေးသော ရှင်နာရဒသည် အမ-နှမ များကို စောင့်ရှောက်ရန် ရှင်သာမဏေအဖြစ်မှ လူဝတ်လဲရလေတော့သည်။ လူအဖြစ်သို့ ရောက်လျှင် အိမ်ထောင်မပြုသော နှမငယ် မမကြီးအား စောင့်ရှောက်၍ စီးပွားရေးဖက်၌ လုံးပန်း အားထုတ် နေထိုင်ခဲ့လေသည်။ အိမ်ထောင်ပြုလို၍ ထွက်ခဲ့သည်မဟုတ်သောကြောင့် အိမ်ထောင်မပြုပဲ နေလာခဲ့ရာ နှမငယ် မမကြီး သီလရှင်ဝတ်သွားသည့်အခါ၌ သာသနာ့ဘောင်သို့ တက်လှမ်းခဲ့ပြန်ပါသည်။

နောက်တကြိမ် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရာ၌ တောင်ပေါ်ကြီးကျောင်းဆရာတော် ဦးရာဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဝင်ရောက်ခဲ့ပါသည် လုံးလဝိရိယကလည်းကောင်း ဉာဏ်ကလည်း ထက်မျက်သော ပါရမီရှင် ဖြစ်သည့် အဘိုင်းရာဇာရုဘုံဆိပ်တော်ရ-မရ ဆရာတော်ဘုရားကြီးများထံ ချဉ်းကပ်ကာ ပရိယတ္တိဓမ္မကို အားထုတ်သင်ကြားလိုက်ရာ အဋ္ဌကထာကျမ်းကို ပြုနိုင်လောက်သည့်အထိ ပိဋကတ်-ပါဠိ အဋ္ဌကထာ အရာတွင် တဖက်ကမ်းရောက် တတ်မြောက်တော်မူခဲ့ပါသည်။

## ပရိယတ္တိဖြင့်သာ တင်းမတိမ်

လက်ပံတန်း ဆရာတော် ဦးဂန္ဓမာ၏ ပင့်လျှောက်ချက်အရ တောင်ပေါ်ကြီးကျောင်းမှ လက်ပံတန်းသို့ ကြွရောက်၍ ပရိယတ္တိဓမ္မကို ပို့ချနေစဉ် ဥတုသပ္ပါယ မျှတှုမရသောကြောင့် ဆရာတော် ဦးဂန္ဓမာထံ ခွင့်ပန်ကာ အလယ်တောရဆရာတော် ဦးမဥ္ဇူထံ ပြန်တော်မူခဲ့ပါသည်။ အလယ်တောရတိုက်သို့ ရောက်ရာဘွင်လည်း စာချအဖြစ်ဖြင့် ပရိယတ္တိဓမ္မကို စာသင်သားတို့အား ပို့ချတော်မူရင်း တိုက်တာ၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်တော်မူလျက် ပရိယတ္တိသာသနာတော်ကို အားသွန်ကြိုးပန်း ဆောင်ရွက်တော်မူပါသည်၊

ပရိယတ္တိဓမ္မကို သင်အံပို့ချနေရုံဖြင့် ရဟန်းကိစ္စ မပြီးဆုံးသေးသည်ကို ဆင်ခြင်မိသော ဆရာတော် ဦးနာရဒသည် တနေ့သော် အလယ်တောရ

ဆရာတော်ဘုရားကြီး ဦးမဥ္စူထံ ချဉ်းကပ်၍ "နိဗ္ဗာန်ရောက်ရန် အကျင့်မှန်ကို နာယူလိုပါကြောင်း"ဖြင့် တောင်းပန် လျှောက်ထား လေတော့သည်။ ထိုအခါ ဆရာတော် ဦးမဥ္စူက–

ဦးနာရဒ ·ရေ–ဝဋ်ဆင်းရဲမှ အမှန်လွတ်မြောက်၍ မဂ်ဉာဏ်–ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော တရားကား သတိပဋ္ဌာန် အကျင့်တရားသာ ဖြစ်သည်၊ ဝဋ္ဋဒုက္ခမှ မုချလွတ်မြောက်လိုလျှင် ဤသတိပဋ္ဌာန် အကျင့်တရားကိုသာ မအားမလပ် မပြတ်ပွားများပါ- ဟူ၍ တိုက်တွန်းမိန့်ကြားလိုက်သည်ဟု ဆိုပါသည်၊ ထိုမျှသာမက တနေ့သ၌ ဆရာတော် ဦးနာရဒ စာပေကို သင်အံကျက်မှတ်နေစဉ် အလယ်တောရ ဆရာတော်ဘုရားကြီး ကြွရောက်လာပြီး– "အဘယ်အကျိုးကို လိုလား၍ ယခုကဲ့သို့ စာပေကို သင်အံကျက်မှတ်နေပါသနည်း"ဟူ၍ ဆရာတော် ဦးနာရဒအား မေးလေသည်။ ထိုအခါ ဆရာတော် ဦးနာရဒက–

"နိဗ္ဗာန်မြတ်ကို လိုလားသောကြောင့် သင်အံကျက်မှတ်နေပါသည်"ဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားကြီးက-

"နိဗ္ဗာန်မြတ်ကို လိုလားလျှင် ဘူတံ ဘူတတော ပဿတိ" နှင့်ပင် ရနိုင်သည်ဟူ၍ မိန့်ကြားတော်မူကြောင်း သိရှိရပါသည်။

ဆရာတော် ဦးနာရဒမှာ အလယ်တောရ ဆရာတော် ဘုရားကြီးထံမှ အကျင့်ပဋိပတ်နှင့် စပ်သော ဩဝါဒစကားကို ဤမျှသာလျှင် ကြားနာမှတ်သားခဲ့ရပါသည်၊ အသေးစိပ် ကျင့်နည်း ကျင့်ဟန် ရှုမှတ်နည်း ရှုမှတ်ဟန်ကို ကြားနာရသည်မဟုတ်ပါ၊ သို့နှင့်လည်း ဆရာတော် ဦးနာရဒသည် မိမိ၏ ထိုးထွင်းသော ပရိယတ္တိဉာဏ် အခြေခံဖြင့် မဟာသတိပဋ္ဌာန်လာ ဒေသနာတော်အတိုင်း မှန်ကန်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ခဲ့ပါသည်။

"ဟောတတ်သလောက်ကိုသာ ဟောပါ အကျယ်ဝေဘန်ပြီး သိရန်မှာ ကျွန်ုပ်၏ တာဝန်သာ ဖြစ်ပါသည်"

ဟူသော ဤစကားကို အရှင် အဿဇိ မထေရ်မြတ်အား အရှင်သာရိပုတ္တရာအလောင်း ဥပတိဿက လျှောက်ထားခဲ့ဘူးပါသည်။ အရှင်အဿဇိ မထေရ်မြတ်က ဥပတိဿ တိုက်တွန်းသည်အတိုင်း ဟောတော်မူရာ တဂါထာသော်မှ မဆုံးမီ ဂါထာဝက်မျှဖြင့် သစ္စာလေးပါးကို ဥပတိဿမှာ သိရှိသွားပါသည်။

အကျဉ်းမျှဖြစ်သော တရားစကားကို ကြားနာရရုံဖြင့် အကျယ်သိစွမ်းနိုင်သော ဥဂ္ဃဋိတညူ၏ ဉာဏ်ကို ချီးကျူးကြရသကဲ့သို့ ဆရာတော် ဦးနာရဒ၏ အကျယ်သိသော ဉာဏ်စွမ်းကိုလည်း ချီးကျူးသင့် ချီးကျူးထိုက်ပါပေသည်။ ထိုအချိန်ထိုအခါက သတိပဋ္ဌာန်လမ်းစဉ်မှာ ကျင့်ကြံအားထုတ်သူ မရှိသလောက် နည်းပါးလှသဖြင့် လမ်းပျောက်သလောက်ဖြစ်နေချိန်တွင် ဆရာတော် ဦးနာရဒသည် အကျဉ်းဖြစ်သော ဩဝါဒစကားကို နာကြားရရုံမျှဖြင့် လမ်းမှန်ကျသည်တိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် လျှောက်နိုင်ခဲ့ပါပေသည်။

## ခဲနှင့် အပေါက်ခံရ

သက်တော် ၄၀-အရွယ်တော်တွင် တသက်လုံးက မသိခဲ့ရဘူးပဲ ထူးထူးကဲကဲ သိရှိလာရသော တရားသဘောကို ဆရာတော် ဦးနာရဒသည် ကိုယ်တိုင်သိသည့်အတိုင်း ဗုဒ္ဓဘာသာဝင်တို့အားလည်း သိရှိအောင် ကျင့်ကြံကြိုးကုတ် အားထုတ်စေလိုလှသော သဒ္ဓါတရားဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားတော်မူလေတော့သည်။

သွား-သွားတယ်၊ စား-စားတယ်-လို့ သူများ မဟောသောတရားကို ဟောရကောင်းလားဟု ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ခံခဲ့ရရုံသာမက တချို့ဌာနတို့၌ ခဲများနှင့်ပင် ပေါက်ကြသည်ဟု ဆိုပါသည်။ တကယ်အားထုတ်မကြည့်၍ ကိုယ်တွေ့မခံစားရသေးသော သူတို့အတွက် အသစ်စက်စက်လို နားရိုင်းနေသေးသျှင် ဤသတိပဋ္ဌာန်ကျင့်စဉ်မှာ ရယ်စရာကဲ့သို့ ဖြစ်နေကြမည်မှာ သေချာလှပေသည်၊

ဤနည်းအတိုင်း အားထုတ်၍ ကိုယ်တိုင်လက်တွေ့ဖြစ်ခဲ့ပြီးသော ဆရာတော်ဘုရားကြီးမှာကား မသိ၍ ကဲ့ရဲ့ကြသူတို့က မည်သို့ကဲ့ရဲ့-ကဲ့ရဲ့ မည်သို့နှောက်ယှက်-နှောက်ယှက် ဖြုံတော်မမူပဲ မိမိတရားကို ဇွဲကောင်းကောင်းနှင့် ဟောမြဲဟောတော်မူခဲ့ပါသည်။ ဤလိုဟောစ ပြောစ နားရိုင်းချိန်မှာ မဆိုထားဘိ ကျင့်ကြံအားထုတ်သူတွေ နိုင်ငံအနှံ့ဖြစ်လာ၍ လှိုင်နေအောင် ဟောကြပြောကြ အသားကျနေပြီဖြစ်သော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး လက်ထက်သို့ ရောက်နေခဲ့ရာ၌ပင် ကဲ့ရဲ့သံများမှာ ဆိပ်မသွားသေးပဲ ကြိုးကြားကြိုးကြား ကြားနေကြရပါသေးသည်။

တချို့ ဓမ္မကထိကများမှာ ပြစ်တင် ရှုတ်ချလိုစိတ် အားကြီး လှသဖြင့် သမထအရာ ဝိပဿနာအရာ ဟူ၍ပင် သဲသဲကွဲကွဲ နားမလည်ပဲ-

"အဇ္ဈတ္တဝိကွေပေါ သမာဓိဿ ပရိပန္ထော "ဟူသော သမထအရာ အဋ္ဌကထာစကားကိုယူ၍ သွားတယ် ရပ်တယ် စသည်ဖြင့် တွေ့သမျှအာရုံတွေကို လိုက်ပြီး ရှုမှတ်နေကြခြင်းမှာ အဇ္ဈတ္တဝိကွေပ ဖြစ်ခြင်းကြောင့် ဝိပဿနာ ဘာဝနာ မဖြစ် ဟူ၍ အားရပါးရ ဟောပြောနေကြသည်ကိုပင် ကြားသိရပါသည်။

သမထ ဘာဝနာမှာ အာရုံတမျိုးတည်းကိုသာ စူးစိုက် ရှုမှတ်ရသဖြင့် ရှုမှတ်ရန် ပရိကမ်ပြုထားသော အာရုံမှတပါး တခြား အာရုံဆီသို့ ပြန့်လွင့်နေလျှင် သမာဓိ ပျက်မည် ဖြစ်သောကြောင့် သမာဓိ၏ ဘေးရန်ဖြစ်နိုင်ပါသည်။ ဝိပဿနာ ဘာဝနာမှာ ဤသို့မဟုတ်ပါ၊ တွေ့လာသမျှ အာရုံကို ရှုမှတ်ရမည်သာ ဖြစ်ပါသည်။ မည်သည့် အာရုံပဲ ပေါ်လာလာ ထင်ရှားပေါ်လာသမျှ အာရုံကို မလွတ်တမ်း ရှုမှတ်နိုင်ဖို့သာ လိုပါသည်။ တေဘူမက သင်္ခါရအဘွင်းက အာရုံသာမှန်လျှင် မည်သည့်အာရုံမဆို ဝိပဿနာ မရှုမှတ်ရသောအာရုံဟူ၍မရှိပါ၊ ဤအဓိပ္ပါယ်မှာ သတိပဋ္ဌာန် ဒေသနာတော်ဖြင့်ပင် အင်မတန် ထင်ရှားလှပါသည်။ သို့ပါလျက် သတိပဋ္ဌာန် ဒေသနာတော်ကို ကျောပေးကာ မလိုလွန်းလှသော စိတ်ထားဖြင့် ပြောင်ပြောင်ကြီး ဟောပြောနေသည်မှာ မိမိ၏ မတန်လှသော သဘောထားကို ပရိသတ်တို့ အလယ်၌ ဖေါ်ပြနေခြင်းသာ ဖြစ်ပါတော့သည်။ သို့သော် ဖျက်ဆီးသူတို့က ဘယ်လိုပင် ဖျက်ဆီး ဖျက်ဆီး သတိပဋ္ဌာန် ဒေသနာတော် အတိုင်း ရှုမှတ်၍ တရားသဘောကို တွေ့နေကြရသူတို့ကမူ ဖျက်ဆီး နေကြသူတို့ကို လှည့်၍ပင် မကြည့်ပဲ ရှုမှတ်မြဲ ရှုမှတ်လျက်သာ ရှိကြပါသည်။

## မူလမင်းကွန်း ဇေတဝန်

ဆရာတော် ဘုရားကြီးသည် ပင့်ဖိတ်ရာ မြို့ရွာ အသီးသီးသို့ ကြွရောက် ဟောပြောတော်မူလျက် ရှိသည့်အတိုင်း မြို့လှမှ မော်လမြိုင်သို့ အကြွတွင် (ယခု ပဲခူးမြို့ ဆံတော်တွင်း ဆရာတော်) ဦးကေလာသ၏ ပင့်လျှောက်ချက်ဖြင့် သထုံသို့ ဆင်း၍ သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းစဉ်ကို ဟောပြောတော်မူရာ တရားအားထုတ်သူ ယောဂီတွေ တစတစများပြားလာခဲ့ပါသည်။

ထိုအခါ ဆရာတော် ဦးကေလာသ က ဦးဆောင်၍ စက်ချုပ် မင်းကြီး ဦးဘိုးစ အရေးပိုင် ဦးကျော်ဒွန်း၊ ဘုရားအမကြီး ဒေါ်ကျော်တီ စသော ဒကာ ဒကာမတို့သည် သထုံမြို့တွင် တရားဌာနအတွက် ကျောင်းတိုက်ကြီး တတိုက် တည်ဆောက်ကြကာ ဆရာတော် ဘုရားကြီးအား ပင့်ဆောင်လျက် ပဋိပတ္တိသာသနာတော်ကို အားပေး ချီးမြှောက်ကြပါသည်။

ပဋိပတ္တိသာသနာတော်ကို အားပေးရာဖြစ်သော ထိုသထုံ ကျောင်းတိုက်ကြီးကိုလည်း "မူလမင်းကွန်း ဇေတဝန်တိုက်" ဟူသော အမည်ကို မှည့်ခေါ်ခဲ့ကြပါသည်။ ဤသည်မှစ၍ ဆရာတော်ဘုရားကြီးမှာလည်း "မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး" ဟူ၍ မြန်မာနိုင်ငံ အရပ်ရပ်၌ ထင်ပေါ်ကျော်ကြားလာခဲ့ပါတော့သည်။

## သီးလုံး ဆရာတော်ဘုရားကြီး၏ တပည့်

မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးအား ဗုဒ္ဓမတညုအဋ္ဌကထာ ဆရာတဆူ အဖြစ်ထိအောင် ပရိယတ္တိဓမ္မဖြင့် ချီးမြှောက် ပေးတော်မူခဲ့ကြသော ဆရာသမားတို့မှာ ၁၊ စော်ကဲ ဆရာတော်ဘုရားကြီး၊ ၂။ နောင်တော်ဖြစ်သော ဆရာတော် ဦးလက္ခဏ၊ ၃။ ဂိုဏ်းချုပ် ဦးရာဇိန္ဒ ဆရာတော်ဘုရားကြီးများနှင့် ပရိယတ် ပဋိပတ် နှစ်ရပ်စလုံးဖြင့်ချီးမြှောက်တော်မူသော ၄။ အလယ်တောရ ဆရာတော်ဘုရားကြီးတို့ ဖြစ်ပါသည်။

ထိုဆရာတော်ဘုရားကြီးများအနက် တောင်ပေါ်ကြီးကျောင်း ၃-ဂိုဏ်းချုပ် ဦးရာဇိန္ဒ ဆရာတော်ဘုရားကြီးနှင့် အလယ်တောရ ဦးမဥ္ဇူ ဆရာတော်ဘုရားကြီး နှစ်ပါးတို့မှာသီးလုံးဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်ကြပါသည် အလယ်တောရ ဦးမဥ္ဇူ ဆရာတော်ဘုရားကြီးမှာ ကျောင်းသား ဘဝ ငယ်စဉ်မှစ၍ သီးလုံးဆရာတော်ဘုရားကြီး၏ နောက်ပါ ထံနီးမကွာ နေလာခဲ့ရသော တပည့်ရင်းချာ ဖြစ်ပါသည်။

တပည့်ရင်းချာ ဖြစ်သည့်အတိုင်းလည်း အလယ်တောရ ဆရာတော်ဘုရားကြီးသည် ဆရာဖြစ်သော သီးလုံး ဆရာတော်ဘုရားကြီး၏ နည်းနာနယသို့ လိုက်ကာ သတိပဋ္ဌာန် ဒေသနာတော်လာ အပ္ပမာဒတရားဖြင့်သာ နေ့ညမကွာ နေထိုင်တော်မူခဲ့ပါသည်။ ထိုဆရာတော်ဘုရားကြီး၏ အားထုတ်မှုနှင့် နေထိုင်သွားလာပုံ သီလ သမာဓိ ပညာဂုဏ်တို့ကို အမြဲ သတိထား နေလာခဲ့ကြသော မင်းကွန်းဌာနရှိ တပည့်တပန်းတို့က အလယ်တောရ ဆရာတော် ဘုရားကြီးကိုလည်း အနာဂါမ် ဆရာတော် ဘုရားကြီး ဟူ၍ ယုံကြည်လေးစား အားထား လာခဲ့ကြပါသည်။

## သီးလုံးနှင့် ကင်းတောရ

မင်းဘုံး မင်းတြားကြီး လက်ထက်က မင်းကွန်းမြောက် ကင်းတောရ၌ သီတင်းသုံးတော် မူသော ဆရာတော် ဦးခေမာနှင့် သီးလုံးဆရာတော်

ဦးစန္ဒိမာ ဟူသော ဆရာတော်ကြီးနှစ်ပါး ရှိခဲ့ကြပါသည်၊ ထိုဆရာတော်ကြီးနှစ်ပါးတို့မှာ ဒွတ္တကွာယိက သဘာဓမ္မိကဖြစ်၍ အကျွမ်း ဝင်လှသော ဆရာတော်ကြီးများ ဖြစ်ပါသည်။ သီးလုံးဆရာတော်ဘုရားကြီးမှာ သီးလုံးဂိုဏ်းဘွင် ပရိယတ္တိဓမ္မ စာပေ ကျမ်းဂန်များကို ပို့ချလျက်ရှိရာ သီးလုံးဂိုဏ်းကြီး၏ ဦးစီးဥက္ကဌ် နာယက ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ မင်းတုံးမင်းတြားကြီး၏ အလေးအမြတ်ပြုမှု ချီးမြှောက်မှုကို ခံယူရသဖြင့် မင်းဆရာလည်း ဖြစ်သောကြောင့် ထင်ပေါ်ကျော်ဇောသော ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

ကင်းတောရ ဆရာတော်ဘုရားကြီးမှာမူ ပရိယတ္တိဓမ္မကို သင်ကြား တတ်မြောက်တော်မူပြီးနောက် ဝိပဿနာ ဘာဝနာ ပဋိပတ်အကျင့်မြတ်ဖြင့်သာ ပျော်ပိုက်မွေ့လျော် နေတော်မူခဲ့ပါသည်။ သီးလုံးဆရာတော်ဘုရားကြီးနှင့် အကျွမ်းဝင်သည့်အလျောက် ညနေချမ်း အချိန်တိုင်းလိုလို မပြတ်မပြတ် ကင်းတောရ ဆရာတော်ဘုရားကြီးက သီးလုံးဆရာတော်ဘုရားကြီးထံ ကြွရောက်၍ တခါတရံ ဈာန်နှင့်စပ်သော တရားစကားများ၊ တခါတရံ မဂ်,ဖိုလ်, နိဗ္ဗာန်နှင့် စပ်သော တရားစကားများကို နှီးနှောဆွေးနွေးတော်မူလေ့ရှိပါသည်၊ တနေ့သော် ကင်းတောရ ဆရာတော်ဘုရားကြီးက သီးလုံးဆရာတော်ဘုရားကြီးအား-

"ဆရာတော်လို မင်းဆရာအဖြစ်ဖြင့် သာသနာတော်တွင် ဂန္ထဓုရလောက်နှင့်တော့ မသေပံ့သေးပါ"ဟု မိန့်ကြားတော်မူပါသတဲ့။ ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် စပ်သော စကားများ နှီးနှောရာအခါ၌လည်း သီးလုံး ဆရာတော်ဘုရားကြီးက-

"ကျမ်းဂန်နှင့် ကိုက်ညီစေမှုသာ ပမာဏ ဖြစ်ပါသည်။ လက်တွေ့မှာ ပမာဏမဟုတ်ပါ"ဟု မိန့်ကြားတော်မူရာ ထိုအခါ ကင်းတောရ ဆရာတော်ဘုရားကြီးက-

> "လက်တွေ့ ကိုယ်တွေ့ ဉာဏ်အမြင် မရရှိသေးသူတိုင်း ဤသို့ ပြောမြဲဖြစ်ပါသည်၊ ကိုယ်တွေ့ဉာဏ် အမှန် ရပါက ကိုယ်တွေ့လုပ်ငန်းနှင့် စာသဘောတဖြောင့်တည်း တပြေးဘည်း အလုံးစုံ မညီညွတ်ရာ၌ အပြစ်မဟုတ်ပါ"ဟုပြန်၍ မိန့်ကြားတော်မူပါသည်။

ဤသို့ နှီးနှောမိန့်ကြားကာ အချိန်တန်လျှင် ကင်းတောရ ဆရာတော်ဘုရားကြီး ပြန်ကြွနေကျအတိုင်း ပြန်ကြွတော်မူသည့်အခါ လိုက်ပို့နေကျ သီးလုံးဆရာတော်ဘုရားကြီးက ကျောင်းအလွန် တောင်ပေါက်ရောက်အောင်

လိုက်သို့သော်မူပါသည်။ ဘောခပ်အရောက်တွင် ကင်းတောရ ဆရာတော် ဘုရားကြီးက–

"သီးလုံးဆရာတော်- ကောင်းမြတ်သောလို့လ မြဲမြံသော သတိ တရားနှင့် သာသနာတော်တွင် ဉာဏ်ယှဉ်၍သာ နေရစ်ပေ တော့"

ဤသို့ မိန့်ကြားပြီးလျှင် သက်နိုးကို ခါတွက်ကာ ကောင်းကင်သို့ တက်ကြွ တော်မူရင်းလည်း-

"ငါ့ရှင် နေရစ်ပေတော့"ဟု မိန့်မြွက်၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပါသတဲ့။ ။

## ငေးမောကျန်ရစ်သည်

သီးလုံးဆရာတော်ဘုရားကြီးမှာမူ ထိုနေရာ၌ပင် နောက်ထပ်တွေ့ရလိမ့် နိုးဖြင့် အမျှော်ကိုးကြီး မျှော်ကိုးကာ ငေးမောကျန်ရစ်ခဲ့ပါသည်။ အံ့အား သင့်စွာဖြင့် ငေးမောကျန်ရစ်ခဲ့သော သီးလုံးဆရာတော်ဘုရားကြီးမှာ ကြာ မှန်းမသိ ကြာသွားသောကြောင့် ဆရာတော်ဘုရားကြီးအတွက် စိုးရိမ် မကောင်းသော ကိုရင်ကင်းသည် ဆရာတော်ဘုရားကြီးများ ကြွသွားရာ လမ်းကြောင်းအတိုင်း နောက်က လိုက်လာခဲ့ပါသည်၊ ငေးမောရပ်လျက် ဖြစ်နေသော ဆရာတော်ဘုရားကြီးကို တွေ့ရသည့်အခါ "ဆရာတော်ဘုရား" ဟု ကိုရင်ကင်းက သတိပေး လျှောက်ထားကာမှ သတိတော်ရပြီး ဆရာ တပည့်နှစ်ဦး ကျောင်းသို့ လှည့်ပြန်ခဲ့ကြပါသည်။

ကင်းတောရ ဆရာတော်ဘုရားကြီး၏ အံ့ဘွယ်အဖြစ်ကို ဆင်ခြင်တော် မူပြီးလျှင် မိမိကိုယ်ကို အားမရပဲဖြစ်လာသော သီးလုံး ဆရာတော်ဘုရား ကြီးသည်–

"သီလုံး သီးလုံးနဲ့ ဘာမှ အသုံးမကျပါပဲကလား ကိုခေမာတို့ များ သာသနာတော်နဲ့ ကြုံကြိုက်ကျိုး နပ်ပါပေသည်"ဟု-

ငြီးတွားတော်မူလေသည်၊ ထိုသို့ ငြီးတွားတော်မူသည်ကို အနီးရှိ ကိုရင် ကင်းက ကြားသဖြင့်-"ဘယ်လိုအကြောင်းကြောင့်ပါလဲ ဆရာတော်ဘုရား" ဟု လျှောက်ထားရာ၌ "နင်တို့နှင့် အရာမဟုတ်ပါဘူး" ဟု မိန့်တော်မူပါ သတဲ့။

## ပရိနိဗ္ဗာန် ဝင်စံတော်မူပြီ

ကင်းတောရ ဆရာတော်ဘုရားကြီးက သီးလုံးဆရာတော်ဘုရားကြီးအား သတိပေး နှုတ်ဆက်ကြွသွားသော ထိုနေ့ည အရုဏ်တက် အချိန်ခန့်မှာပင် ကင်းတောရ ဆရာတော်ဘုရားကြီးမှာ ခန္ဓာဇာတ်သိမ်း၍ ချုပ်ငြိမ်းကာ ပရိနိဗ္ဗာန် ဝင်စံကြွသွားလေတော့သည်။ နံနက်လင်းသောအခါ ကင်းတောရ ဆရာတော်ဘုရားကြီး လွန်တော်မူပြီကို ကြားသိရသော သီးလုံးဆရာတော် ဘုရားကြီးသည် ကိုယ်တိုင် ကြွတော်မူ၍ ဈာပနကိစ္စ (၇) ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်တော်မူလိုက်ပါသည်။

ဈာပနကိစ္စ ပြီးစီးသွားသည့်နောက် သီးလုံး ဆရာတော်ဘုရားကြီး၏ နေထိုင်သွားလာ လှုပ်ရှားမှု အမူအရာတော်များမှာ ရှေးကနှင့်မတူ တမူ ထူးခြားလျက် ရှိနေပါတော့သည်။ ရပ်လျက် ငေးမော ကျန်ရစ်ခဲ့ကရင်း၊ ငြိုးတွားတော်မူပုံကို ကြားရစဉ်ကရင်း ထူးထွေသော အမူအရာများကို ကိုရင်ကင်းက တွေ့ခဲ့ရပြီးဖြစ်သောကြောင့် "ဆရာတော်ကြီး နှစ် ပါး အကြောင်းထူး တခုခုတော့ ရှိပြီ"ဟု ကိုယ်ရင်ကင်းစိတ်၌ သံသယဖြစ်နေ ခဲ့ရာ ထိုသံသယအဘွက် ရှင်းလင်းသွားရန် သိလိုစိတ်ပြင်းပြလျက်ရှိသော ကိုရင်ကင်းသည် သီးလုံးဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ကာ အကြိမ် ကြိမ် မေးလျှောက်လေတော့သည်၊ ဤသို့ အကြိမ်ကြိမ် မေးလျှောက်သည့် အခါမှ "ကင်းတောရ ဆရာတော်ဘုရားကြီး ကောင်းကင်ခရီးဖြင့် ကြွသွား တော်မူပုံ မိမိအား သတိပေး မှာကြားသွားပုံ"များကို ကိုရင်ကင်းအား ဆရာတော်ဘုရားကြီးက အစုံအလင် မိန့်ကြားခဲ့သည်ဟု ဆိုပါသည်။

## ဂန္ထဓုရကို လျစ်လျူရှုပုံ

ကင်းတောရ ဆရာတော်ဘုရားကြီး၏ အခြင်းအရာများကို ကိုယ်တိုင် ဒိဋ္ဌ မျက်မှောက်ထင်ထင် တွေ့မြင်တော်မူရသည်မှစ၍ သီးလုံးဆရာတော် ဘုရားကြီးသည် ဂန္ထဓုရ ပရိယတ္တိ စာပေ ပို့ချမှုများကိုရင်း၊ နဝကမ္မကိစ္စ အရပ်ရပ်ကိုရင်း လျစ်လျူရှုကာ ရပ်သိမ်းတော်မူလိုက်ပါတော့သည်။ အလုပ် အကျွေးကပ္ပိယ ဖိုးသူတော်တယောက်နှင့် သင့်လျော်သော တောအရပ်တွင် ပရိသတ်နှင့် ခွဲခွါကာ အပ္ပမာဒတရားကို လက်ကိုင်ထားလျက် နေ့ညမကွာ အားထုတ်တော်မူပါတော့သည်၊

ပူအိုက်သော နွေဥတုရာသီ လသာသော ညတညဉ့် ဖြစ်ပါသည်။ ကပ္ပိယ ဖိုးသူတော်သည် ပူအိုက်သောကြောင့် ကျောင်းနှင့်အဝေးတော်ကွာသော

ချောကန်သို့ ရေချိုးရန် ထွက်လာခဲ့ပါသည်။ ရေကန်သို့ရောက်လျှင် သီးလုံးဆရာတော်ဘုရားကြီး ရေသုံးသပ်တော်မူနေသည်ကို တွေ့ရှိလေရာ "အိုမင်းလှပြီဖြစ်သော ဆရာတော်ဘုရားကြီးသည် ဤမျှဝေးကွာသော ရေကန်သို့ ညအချိန်မှောင် ဘယ်နည်းဖြင့် ကြွရောက်နေနိုင်လေသနည်း"ဟု တွေးတောဆင်ခြင်နေမိသည်။ ထိုအခိုက် သီးလုံးဆရာတော်ဘုရားကြီးမှာ ရေသုံးသပ်ပြီး၍ ဖိုးသူတော်ကို မြင်တော်မူသဖြင့် "ဟဲ့သူတော်- ငါ့အသက်ထင်ရှား ရှိသမျှကာလပတ်လုံး ဤအကြောင်းအရာကို မည်သူ့ကိုမျှမသိစေနှင့် မပြောလေနှင့်"ဟု ဖိုးသူတော်အား နှုတ်ပိတ်စကား မိန့်ကြားတော်မူကာ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတော်မူပါသည်။

ဤအကြောင်းကို ဆရာတော်ဘုရားကြီး လွန်တော်မူမှ ဖိုးသူတော်က ထုတ်ဖော်ပြောကြားသောကြောင့် အခြားသူတို့ သိကြရပါသည်။

## အနာဂါမ် ဆရာတော်ဘုရားကြီး

ရှိန်းမကားရွာကျောင်း၌ သိမ်သမုတ်ရာ အချိန်အခါတုန်းက ဖြစ်ပါသည်။ သိမာသမုဘိကမ်အတွက် မန္တလေး-စစ်ကိုင်း မင်းကွန်း စသောဌာနများမှ ရာဇာ့ရုတ်ဆိပ်တော်ရ မရ ထင်ရှားသော ဆရာတော်များကို ပင့်ဖိတ်ခဲ့ပါသည်။ ထိုသိမ်သမုတ်ပွဲ၌ သံဃာတော်များက ရဟန်း-ရှင်-လူများကို တရားချီးမြှင့်ရန် လျှောက်ထားတောင်းပန်ကြသဖြင့် သီးလုံးဆရာတော်ဘုရားကြီးက တရားချီးမြှင့် ဟောကြားတော်မူရပါသည်။ တရားမဟောမီ စကားပလ္လင်ခံဘွင် "မိမိသဘောကျ အားထုတ်နေကျ နှလုံးသွင်းလျက်ရှိသော တရားများကိုသာ ဟောကြားမည်"ဟူ၍ မိန့်ကြားဝန်ခံတော်မူပြီးလျှင် ဟောကြားတော်မူပါသည်၊ ဟောတော်မူရာ၌ သီးလုံးဆရာတော်ဘုရားကြီးသည် ဝိပဿနာ ရှုမှတ်ပုံ- ရှုမှတ်နည်းများကိုရင်း၊ ဉာဏ်အမြင်ပေါ်လာပုံ-မဂ် ဖိုလ်သို့ ဆိုက်ရောက်ပုံ ဖလသမာပတ် ဝင်စားပုံများကိုရင်း အနာဂါမိဖိုလ်တိုင်အောင် ဟောကြားတော်မူသွားပါသည်။

## ကျမ်းဂန် ရေးသားရန် တောင်းပန်

သီးလုံးဆရာတော်ဘုရားကြီး ဟောကြားတော်မူသော မဂ် ဖိုလ်-နိဗ္ဗာန်နှင့် စပ်သည့် တရားတော်ကို ကြားနာကြရသူ ရဟန်း-ရှင်-လူတို့မှာ ကြည်ဖြူဝမ်းမြောက် အံ့အားသင့်လောက်အောင် အားရနှစ်သက်ကြလျက် ကျမ်းဂန်တတ်အကျော် ဆရာတော်ကြီးများသည်ပင် "သိမ်မွေ့နက်နဲ ခက်ခဲလှသော တရားကို ဟောကြားနိုင်ပါပေသည်"ဟု ချီးကျူးတော်မူကြရသည်ဟု

ဆိုပါသည်၊ ထိုဆရာတော်ဘုရားကြီးများထဲမှ သင်္ဂဇာဆရာတော်ဘုရားကြီး ဦးအဂ္ဂက "ဆရာတော် ဟောကြားသောတရားတော်များကို ကျမ်းဂန်ရေး သား၍ ဝေငှဖြန့်ဖြူးတော်မူရပါလျှင် သာသနာတော်၌ လွန်စွာ ကျေးဇူး များဘွယ် ရှိမည်ဖြစ်ပါကြောင်း" ဖြင့် သီးလုံးဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက-

> "ဦးအဂ္ဂရေ-ပြောမှု၊ ဟောမှု၊ ကျင့်ကြံမှုကတော့ ကိုယ့်သဘော ကျအတိုင်း၊ ပြောနိုင်၊ ဟောနိုင်၊ ကျင့်ကြံနိုင်ကြပါသည်၊ ကျမ်းဂန် ရေးသားမှုကတော့ မလွယ်လှဘူး၊ ကျမ်းဂန်ရေးသားလျှင် ဘူတပါး ကျမ်းဂန်နဲ့ တူညီစေရပါတယ်၊ မတူညီလို့ ဝိဝါဒဖြစ်ကြပြီဆိုလျှင် ငါ့ဘို့ရှိခိုက်မှာ ဖြေရှင်းဟောပြောနိုင်သော်လည်း မကြာမီ ငါတို့က သေကြရလိမ့်မည်၊ ထိုအခါထူးထွေသော အရာများ၌ ငြင်းခုံမှု ဖြစ် ပွားနေရစ်ကြမည်ကို စိုးရိမ်ရသည်" ဟု

မိန့်ကြားတော်မူပါသည်။

## ယုံကြည်ကြသည်

"ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသည်ကို ဖိုးသူတော် ကိုယ်တိုင် မျက်မှောက်ထင်ထင် တွေ့မြင်လိုက်ရသောကြောင့်၎င်း၊ မိန်းနှလုံးသွင်း အား ထုတ်နေကြဖြစ်သော တရားကို ဟောပါမည် ဝန်ခံဟောကြားရာ၌ အနာဂါမိ ဖိုလ်အဆိတရားများကို ဟောကြားတော် မူသောကြောင့်၎င်း၊ ထောက်ဆ နိုင်ဘွယ် ဤသို့သော အကြောင်းများကို ထောက်ဆ၍ သီးလုံးဆရာတော် ဘုရားကြီးကိုလည်း "အနာဂါမ်ဆရာတော်ဘုရားကြီး" ဟူ၍ ယုံကြည်ကြ ပါသည်။

ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူနိုင်ခြင်းမှာ ထူးခြားသော ပဥ္စမ ဈာန်၏အစွမ်းဖြစ်သောကြောင့် သက္ကဝိပဿာက အနာဂါမ်မဟုတ်ပဲ ဈာန် လာဘီ အဘိညာဉ်ဖြစ်ကြောင်း သိကြရပါသည်။

## ရဟန္တာမဖြစ်ဟု မဆိုနိုင်

တရားဟောစဉ်အခါက အနာဂါမိ ဖိုလ်ထိအောင် ဟောတော်မူသည် ကို ထောက်ဆ၍သာ သီးလုံး ဆရာတော်ဘုရားကြီးကို အနာဂါမ် ဟူ၍ ဆုံးဖြတ်ကြခြင်းဖြစ်သည်မှာ ထင်ရှားလှပါသည်၊ တရားဟောပြီးသည်နောက် ဆက်လက်၍ ကျင့်ကြံကြိုးကုတ် အားထုတ်ချိန် ရှိသေးကြောင်း ရှိတော်မူပါပါမှ

ဦးမည်၊ ဤသို့သာ အချိန်ရ၍ ဆက်လက် အားထုတ်ပါလျှင်(အားမထုတ်ဘဲလည်း နေမည် မဟုတ်ပါ ) ဤဘဝမှာပင် ရဟန္တာ ဖြစ်သွားနိုင်ပါသည်၊

မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ အတ္တုပ္ပတ္တိ စာအုပ်၌ သီးသုံး ဆရာတော်ဘုရားကြီးမှစ၍ ဆရာတော်ဘုရားကြီးတို့၏ ပရိယတ် ပဋိပတ် ဂုဏ်ပုဒ်များကို အသေးကျယ်ကျယ်ပြန့်ပြန့် ဖေါ်ပြထားသည်ကို တွေ့နိုင် ကြပါသည်။ ထိုဆရာတော် ဘုရားကြီးများသည် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ အနီးကပ်ဆုံး ဆရာ စဉ်ဆက် ဖြစ်ပါသည်။

အနီးကပ်ဆုံးဖြစ်သော ထိုဆရာတော်ဘုရားကြီးများမှနေ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်တလျှောက် ပြန်လှန်၍ အဘိတ်ဆီကို မျှော်ကြည့် လိုက်ပါလျှင် အရှင်မဟာကဿပ မထေရ်မြတ်ကြီးတို့ လက်ထက်တိုင်အောင် ဆရာစဉ်ဆက် နွယ်မပျက်ပဲ တည်လျက်ရှိလာခဲ့ကြသည်ကို သာသနာဝင် သမိုင်းများက ဖေါ်ပြလျက်ရှိပါသည်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးမှသည် အရှင်မဟာကဿပ မထေရ်မြတ်တိုင်အောင်၎င်း၊ အရှင်မဟာကဿပ မထေရ်မြတ်ကြီးမှသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးတိုင်အောင်၎င်း ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ မပြတ်မစဲ မြဲမြံစွာတည်ရှိလာခဲ့ပါသည်၊

မျက်မှောက်ကာလတိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မပြတ်မစဲမြဲမြံစွာ တည်ရှိစေရန် ကြိုးပမ်းအားထုတ်လာခဲ့ကြသော ထိုထိုမထေရ်မြတ်ကြီးတို့၏ လုံ့လ ဥဿာဟကြောင့်လည်း ဗုဒ္ဓမြတ်စွာ၏ သီလ သမာဓိ ပညာ ဟူသော သာသနာတော် သုံးရပ်စလုံး မကွယ်မပပဲ ထွန်းလင်းတောက်ပသဲပင် ဖြစ်ပါသည်၊ ထိုကဲ့သို့ မပြတ်မစဲ သာသနာတော် ခိုင်မြဲအောင် သယ်ဆောင်လုံးပမ်းတော်မူခဲ့ကြသော သာသနာဝန်ထမ်း ရဟန်းတော်မထေရ်မြတ်ကြီးတို့၏ ကျေးဇူးတော်ကား အတိုင်းမသိ ကြီးမားလှပါပေသည်၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တည်းဟူသော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓမွေများကို မကွယ်မပ မပျက်မပြီးရအောင် ထိုသို့ဆောင်ရွက် သိမ်းဆည်းသိုမှီးထားနိုင်သော ဂုဏ်တို့ကြောင့်လည်း သာသနာ့ဝန်ထမ်းရဟန်းတော်မထေရ်မြတ်များမှာ တရားဘဏ္ဍာတိုက်ကြီးများနှင့် တူရကား (ဓမ္မဘဏ္ဍာဂါရိက) ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးသမှု ပြုခဲ့ကြရပါသည်။

## စောင့်ရှောက်သင့်ပါသည်

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာ အလွယ်တကူ သက်သက် သာသာ တည်ဆောက်တော် မူခဲ့ရသည် မဟုတ်ကြောင်းကို ဆင်ခြင်စဉ်းစား သတိထား၍ အခွန့်ရှည်စွာ တည်တံ့ရလေအောင် စွမ်းနိုင်သူတိုင်းက ကြိုးပမ်းဆောင်ရွက် သင့်ပါသည်။ တဦးတယောက်တည်းနှင့် ဆောင်ရွက်၍ကား အခွန့်ရှည်စွာ တည်တံ့နိုင်သော ကိစ္စကြီး မဟုတ်သည် အလျောက် ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တိုင်း ကြောင့်ကြမဲ့ မနေသင့်ပါ၊ မိမိတို့ စွမ်းနိုင်သည်ဘက်မှ ဝင်ရောက်ကာ တဘပ်တအားအဖြစ်ဖြင့် ကြိုးပမ်း အားထုတ် ကြရမည်သာ ဖြစ်ပါသည်။

ရှေ့ဆောင်ကောင်း လိုအပ်သလို နောက်လိုက် ကောင်းလည်း လိုအပ်လှပါသည်၊ ရှေ့ဆောင်ကောင်း ဟူသည်မှာ တခေတ်တလေမှသာ ပေါ်ပေါက်လာတတ်သည်အလျောက် အင်မတန် နည်းပါးစွာ တဦး တလေသာ ပေါ်ပေါက်လာတတ်ပါသည်၊ ရှေ့ဆောင်ကောင်းတို့ ရှေ့ဆောင်ရာ၌ ခက်ခဲသလောက် နောက်လိုက်တို့က နောက်လိုက်ကြရန် ခက်ခဲခြင်း မရှိသော်လည်း နောက်လိုက်တို့ တာဝန်မကျေပြွန်ပါက လိုအပ်သော ကိစ္စအတွက် ရည်မှန်းသည့်အတိုင်း ထမြောက်အောင်မြင်နိုင်မည် မဟုတ်ပါ။

ရှေ့ဆောင်ကောင်း ဖြစ်တော်မူသော အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးက ရှေ့ဆောင်ကောင်း ဖြစ်တော်မူသလောက် နောက်လိုက် သုဘဒ္ဒရဟန်းကြီးနှင့် ဝဇ္ဇီတိုင်းသား ရဟန်းများတို့က ဖြောင့်ဖြောင့် တန်းတန်းကောင်းကောင်းမွန်မွန် မလိုက်ကြသဖြင့် သာသနာတော်ကြီး တခုလုံး ယိုင်လဲပြိုင်ကွဲတော့မှာ လေသား ဟု ကြောင့်ကြကြီးစွာ မသက်မသာ ဖြစ်တော်မူကြရပြီးလျှင် သံဂါယနာတင် ကိစ္စကြီးလို ကိစ္စကြီးများအထိ တပင်တပန်းဆောင်ရွက်တော် မူလိုက် ကြရပါသည်။ ဤသုဘဒ္ဒ ရဟန်းကြီးနှင့် ဝဇ္ဇီတိုင်းသား ရဟန်းများဘို့လို နောက်လိုက် များမှာ နောက်လိုက်ကောင်း မဟုတ်သောကြောင့် လိုအပ်သော နောက်လိုက်များ မဟုတ်နိုင်ပါ။

ဗုဒ္ဓမြတ်စွာလို ရှေ့ဆောင်ကောင်း တဆူ၏နောက်တွင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အရှင်မဟာ ကဿပ စသော အရိယာ သာဝကမထေရ်မြတ်ကြီးတို့မှာ နောက်လိုက်ကောင်း ဖြစ်တော် မူခဲ့ကြပါသည်၊ ထိုနောက်လိုက်ကောင်း မထေရ်မြတ်ကြီးတို့သည်ပင် နောင်တချိန်၌ ရှေ့ဆောင်ကောင်းကြီးများ ဖြစ်ခဲ့ကြရပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာဝင် တလျှောက်လုံးကို ပြန်ကြည့်လိုက်ပါလျှင် နောက်လိုက်ကောင်း အဖြစ်မှ အဆက်ဆက်

အားဖြင့် ရွှေဆောင်ကျောင်းကြီးများ ဖြစ်လာခဲ့ကြရသည်ကို မြင်နေကြရသဖြင့် ရွှေဆောင်ကျောင်း ဖြစ်နိုင်ရန် နောက်လိုက်ကျောင်း များလည်း လိုအပ်ကြောင်းမှာ ထင်ရှားလှပါသည်။

လွန်ခဲ့သောနှစ်ပေါင်းအချို့ လှမ်းမျှော်ကြည့်လျှင် အနီးကပ်ဆုံး မြင်နေကြရသော သီးလုံးဆရာတော်ဘုရားကြီးများ အလယ်တောရ ဆရာတော် ဘုရားကြီးများ မူလမင်းကွန်းဇေတဝန် ဆရာတော် ဘုရားကြီး များသည်လည်း တချိန်က နောက်လိုက်ကျောင်းကြီးများ ဖြစ်တော်မူခဲ့ကြရာမှ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရွှေဆောင်ကျောင်းကြီးများ ဖြစ်တော်မူလာ ခဲ့ကြရပါသည်။ အစဉ်အဆက် နောက်လိုက်ကျောင်း အဖြစ်မှ ဤနည်းအတိုင်း ရွှေဆောင်ကျောင်းကြီးများ ဖြစ်ခဲ့သည်အလျောက် မျက်မှောက်ကာလတွင်မူ တချိန်က နောက်လိုက်ကျောင်း ဖြစ်တော်မူခဲ့သော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်လည်း ရွှေဆောင်ကျောင်းကြီး အဖြစ် ရပ်တည်လျက် ရှိနေပြီကို သိမြင်နေကြရသည့်အတိုင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ထွန်း ရဟန်းတော် မထေရ် မြတ်တို့မှာ ဤသို့ပင် တချိန်က နောက်လိုက်ကျောင်းများ အဖြစ်မှသည် အဆက်မပြတ် ရွှေတန်းအထိ တက်ရောက်လာခဲ့ကြရပြီးလျှင် ရွှေဆောင်ကျောင်းတို့ နေရာသို့ စွမ်းအားအလျောက် ရောက်ခဲ့ကြရပါသည်၊ ရောက်ရာဌာနမှ နေ၍လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မကွယ်မပရအောင် ထိန်းသိမ်း စောင့်ရှောက်တော် မူကြရပါသည်၊ ကမ္ဘာပေါင်းများစွာ ကြိုးစားရှာမှီးမှ ခဲခဲယဉ်းယဉ်း ရခဲ့ရသော မွန်မြတ်လှသည့် ဤဗုဒ္ဓမြတ်စွာ သာသနာတော်ကို ဤသို့ပင် စောင့်လည်း စောင့်ရှောက်သင့်လှပါသည်။

## မျက်မှောက်သို့ ရောက်လာခဲ့ပြီ

ဆရာစဉ်ဆက်မှ ဆင်းသက်လာခဲ့သော ဗုဒ္ဓမြတ်စွာသာသနာ တော်သည် ယခုသော် လက်ရှိ ဗုဒ္ဓသာသနာဝင် လူ-ရှင်-ရဟန်းတော် မထေရ်မြတ်တို့၏ မျက်မှောက်သို့ ချိုက်ချိုက်မှိုက်မှိုက် ဆိုက်ရောက် လာခဲ့ပါပြီ၊ ကံကောင်းထောက်မသဖြင့်သာ မိမိတို့ မျက်မှောက်သို့ ဆိုက်ရောက်လာခဲ့ပြီ ဖြစ်သည့်အတိုင်း ရှေးအစဉ်အဆက် နွယ်မပျက်အောင် စောင့်ရှောက် ထိန်းသိမ်းလာတော် မူကြသကဲ့သို့ မိမိတို့ကလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ကား အလှည့်ကျလာခဲ့ပြီ ဖြစ်ပါသည်၊ အလှည့်ကျလာသည့်အတိုင်းလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးလို သာသနာ့ ရွှေဆောင်ကျောင်း ပုဂ္ဂိုလ်

ကြီးကို လက်ကိုင်မိမိ ရရှိနေကြသည်ဖြစ်သောကြောင့် အားရ ကျေနပ်ဘွယ် ကောင်းလှရပေသည်။

ရွှေဆောင်ကောင်း ဖြစ်တော်မူသော ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးကဲ့သို့သော ဆရာတော်ဘုရားကြီးကို ယခုအခါ ရရှိနေကြရပြန်ပြီ ဖြစ်သည့်အလျောက် နောက်လိုက်ကောင်းတို့လည်း အသင့်ပင် ပြည့်ပြည့် စုံစုံ ဖြစ်လျက်ရှိသည်ကို မျက်မှောက် ထင်ထင် တွေ့မြင် နေကြရသဖြင့် ဗုဒ္ဓ သာသနာဝင် သူတော်စင်တို့ စိတ်နှလုံးဝယ် ရွှင်ပြုံးနှစ်သိမ့် ကြေနပ်လျက် ရှိနေကြရပါသည်၊ အရှင်မဟာကဿပ စသော ရှေးအာဇာနည် အရိယာ မထေရ်မြတ်ကြီးတို့ ခေတ်ကဲ့သို့ တခေတ်တခေတ်တွင် အသစ်အသစ် အား တက်ဘွယ် ပေါ်ထွက် လာတတ်သော သာသနာတော် ခေတ် တို့တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ လက်ထက် ဤခေတ် ဤ အခါသည်လည်း တခေတ်တခါ အပါအဝင်ဖြစ်နေပေရာ အင်မတန် ဝမ်း မြောက်ဘွယ် ကောင်းသော ခေတ်အခါပင် ဖြစ်ပါသည်။

ပရိယတ် ပဋိပတ် နှစ်ရပ် ဖြစ်သော ဗုဒ္ဓမြတ်စွာ သာသနာတော် ရောင်မှာ ဤခေတ်တွင် လွန်စွာပင် ထွန်းလင်းတောက်ပလျက် ရှိနေပါသည်၊ ထိုသာသနာတော် နှစ်ရပ် တောက်ပနေသည် ဆိုပါလျှင် လူတို့သွားရာ အရိပ်ပါသကဲ့သို့ ပဋိဝေဓ သာသနာတော်မှာလည်း မလွဲမသွေ ထွန်းလင်း တောက်ပ လာရမည်သာ ဖြစ်ပါသည်၊ ပရိယတ်သည် ကန်ဘောင် ကန် သင်းနှင့် တူပါသည်၊ ပဋိပတ်သည် ရေနှင့်တူပါသည်၊ ပဋိဝေဓသည် ကြာနှင့် တူပါသည်၊ ယခုအခါ ပရိယတ် တည်းဟူသော ကန်ဘောင် ကန်သင်း မှာလည်း မကျိုးမပျက် အင်မတန် ကောင်းလျက်ရှိနေပါသည်၊ ပဋိပတ် တည်းဟူသော ရေသည်လည်း ခိုင်ခန့်သော ကန်ဘောင် ကန်သင်းအတွင်းဝယ် ကောင်းစွာ တည်လျက် ရှိနေပါသည်၊ ထိုပဋိပတ်တည်းဟူသော ရေတွင် ဖြစ်ထွန်း ပေါက်ရောက်နေသည့် ပဋိဝေဓတည်းဟူသော ကြာမှာ အဘယ် သို့လျှင် ကားကားစွင့်စွင့် မပွင့်ပဲ ရှိပါမည်နည်း၊ ကားကားစွင့်စွင့် ပွင့်ရ မည်မှာ သေချာ လှပါသည်။

မျက်မှောက်ရှိ ဗုဒ္ဓသာသနာဝင် သူတော်စင်တို့သည် ကံကောင်းသူတို့ သာ ဖြစ်ပါသည်။ ဤသို့သော ခေတ်ကောင်း အခါကောင်းကို အခါ ခပ်သိမ်း တွေ့နိုင်ကြသည်မဟုတ်ပါ။ ယခုသော် ကံကောင်းထောက်မသဖြင့် ဤသို့သော ခေတ်ကောင်း အခါကောင်းကို ချိုက်ချိုက်မြိုက်မြိုက် တွေ့ကြုံ လျက် ရှိနေကြပါသည်၊ လ မှာကား ထိန်ထိန်ဝါအောင် သာနေပါသည်၊ ဗိုင်းငင်ကြရန်သာ လိုပါသည်။

## မှတ်တမ်း တင်ထားရမည်

ဤသို့သော ခေတ်ကောင်း အခါကောင်းကို မှတ်တမ်းများတွင် ချန်လှပ်ထားခဲ့ရန် မသင့်တော်ပါ။ ဗုဒ္ဓသာသနာဝင်တို့ ကြည်ညိုနိုင်ကြရန်နှင့် ကောင်းမှုကုသိုလ် ပွားဘိုးကြစေရန် သမိုင်းဝင်မှတ်တမ်း တင်ထားရမည် သာဖြစ်ပါသည်၊ ဗုဒ္ဓသာသနာဝင်တို့ ကြည်ညိုနိုင်ကြစေရန်ကိုရင်း၊ ကုသိုလ်တရား တိုးပွားစေရန်ကိုရင်း၊ ရည်ရွယ်ယိုးယွင်း နှလုံးသွင်း ရှိသည်အတိုင်း ဤ (မဟာစည် ပဋ္ဌိပတ္တိ သာသနာဝင်) ကို မှတ်တမ်းတင်ကြရခြင်း ဖြစ်ပါသည်။ ဤ(မဟာစည်ပဋ္ဌိပတ္တိ သာသနာဝင်)ကိုတွေ့မြင်ကြသူ ပညာရှိသူတော်ကောင်း အပေါင်းတို့သည် ကြည်ညိုသော စိတ်ထား ကောင်းမြတ်သော သဒ္ဓါ တရားဖြင့် ကုသိုလ်တရား တိုးပွားနိုင်ကြပါစေ ဟု ဆုမွန်ကောင်းကောင်းဆိုရင်း ဤသာသနာဝင် နိဒါန်းကို အဆုံးသတ်လိုက်ရပါသတည်း။

ဦးသံဝရ
(သာသနဓဇ သိရိပဝရ ဓမ္မာစရိယ)
မဟာစည် ဓမ္မကထိကအဖွဲ့ အကျိုးဆောင်ချုပ်။

ကောဇာ ၁၃၃၆-ခုနှစ်၊ သာသနာတော် ၂၅၁၈-ခုနှစ်။

# ကျေးဇူးတင်လွှာ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ သာသနာ့ ရိပ်သာ ဌာနခွဲများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ကမ္မဋ္ဌာနာစရိယ ဥပါသကာတို့၏ အတ္ထုပ္ပတ္တိများကို စုဆောင်း၍ ကိုယ်တိုင်ကြည့်ရှု ပြင်ဆင် စီစဉ်ပါသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကိုမူ မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမရွှေကျောင်းတိုက် ဂဏဝါစက စာချ သကျသီဟ ပရိယတ္တိ သာသနဟိတ ဓမ္မစရိယဖြစ်သော အရှင် သီလာနန္ဒာဘိဝံသအား စီစဉ်ရေးသားရန် တောင်းပန် တိုက်တွန်းခဲ့ပါသည်။

အရှင် သီလာနန္ဒာဘိဝံသ သည် ဆဋ္ဌသင်္ဂီတိ ဩသာနသောဓေယျ ပဋ္ဌပါဌက ကိစ္စကို ဆောင်ရွက်ခဲ့စဉ်က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် အတူ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး နေထိုင်ရခဲ့သောကြောင့် ခက်ခဲသော ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို နှီးနှောဆွေးနွေး ခွင့်လည်း ကောင်းစွာ ရရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

အင်္ဂလိပ်လို "လန်ဒန်မက်ထရစ်" အဆင့်မှ အောင်မြင်ခဲ့ခြင်း, သက္ကတ ဘာသာ ဟင်ဒီဘာသာ သီဟဠဘာသာတို့၌ ကျွမ်းကျင်လိမ္မာခြင်းတို့ကြောင့် ဘာသန္တရဆေက ဘာသန္တရကောဝိဒဖြစ်၍ ပိဋက ပါဠိ မြန်မာ အဘိဓာန် ကျမ်းပြု, မောဂ္ဂလ္လာနနိဿယ နိဒါနကာရက ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။

ဤသို့ စသော အခြေခံ ဂုဏ်ရည်တို့နှင့် ပြည့်စုံလုံလောက်သောကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ထက်မြက်လှသော စွမ်းအင်ကိုရင်း, ဆရာတော်ဘုရားကြီး ရေးသားပြုစုအပ်သော ကျမ်းဂန်တို့၏ အသိခက်ခဲ နက်နဲသော အချက်များကိုရင်း အရှင် သီလာနန္ဒာဘိဝံသမှာ အတော်မှီအောင် ထောက်လှမ်းနိုင်စွမ်းရှိမည်ဟု ယုံကြည်သဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို စီစဉ် ရေးသားပေးရန် တောင်းပန် တိုက်တွန်းရခြင်းဖြစ်ပါသည်။

ယုံကြည်အားကိုး၍ တိုက်တွန်းသည့် အတိုင်းပင် အရှင် သီလာနန္ဒာဘိဝံသ ကလည်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏အတ္ထုပ္ပတ္တိကို စိတ်အား ထက်သန်စွာနှင့် စီစဉ်ရေးသား၍ ပေးပို့သော အရှင်သီလာနန္ဒာဘိဝံသအား၎င်း၊ ဤမဟာစည် ပဋိပတ္တိသာသနာဝင် စာမူကို လက်နှိပ်စက်ဖြင့် ၄-မူ ရိုက်၍ အကူအညီပေးကြသော မန္တလေး ရတနာပုံ သာသနာ့ရိပ်သာမှ အရှင်ဇောတနှင့် ရန်ကုန်သာသနာ့ရိပ်သာမှ ဒီဃနိကာယ ကောဝိဒ သာ သနဓဇ သိရိပဝရ ဓမ္မာစရိယ အရှင်ကေလာသတို့အား၎င်း ကျေးဇူးအထူး တင်ရှိကြောင်း ဖေါ်ပြအပ်ပါသည်။

ဝက်လက်၊ မစိုးရိမ်-ဦးတိဿ။



# မဟာစည် ပဋိပတ္တိ သာသနာဝင်

---

## ပဏာမ နှင့် ပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋိပတ္တိသာသန ဝိသာဒိပဘိနော နမော လောကနာထဿ သိရိမတော။

၁။ ဝံသံဒီပတိ သမ္ဗုဒ္ဓံ၊ အဘိဝါဒိယ သာဒရံ။
သေဝိတံ တေန သဒ္ဓမ္မံ၊ ဝံသံ မဂ္ဂဖလေ ဌိတံ။

အဘံ၊ မဟာစည် ပဋိပတ္တိသာသနာဝင်ကို စီစဉ်ပြုစုမည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်၊ ဝံသဒီပတိသမ္ဗုဒ္ဓံ၊ အရိယာနွယ်ဝင် သေရ် အရှင်တို့၏ ထိပ်တင်ထွဋ်ဖူး ဦးစီး ဥက္ကဋ္ဌတဆူ ဖြစ်တော်မူ၍ သယမ္ဘူဉာဏ် ဟုန်ဖြင့် တရားအလုံးစုံ အကုန်ပိုင်ပိုင် ကိုယ်တော်တိုင်သိပြား ရှင်တော်မြတ် ဘုရားကိုရှင်း၊ တေန၊ သယမ္ဘူဉာဏ်ကြင် စောနေနတ်ဟု အမြတ်ထွဋ်ထား ထိုရှင်တော်ဘုရားသည်၊ သေဝိတံ၊ ဆင်ခြင်သုံးသပ် မှီဝဲတော်မူအပ်သော။ သဒ္ဓမ္မံ စ၊ မဂ်ဖိုလ်ရှစ်တန် မြတ်နိဗ္ဗာန်ဟု ကိုးတန်ထင်ရှား လောကုတ္တရာ မြတ်တရားကိုရှင်း။ မဂ္ဂဖလေ၊ ကိလေသာစက် ငါးထောင်ဝက်ကို ပယ်လျက် သုတ်သင် ခုတ်ထွင်ဖျက်ဖြိုး ရှစ်မဂ်ဖိုလ်၌၊ ဌိတံ၊ မဟာသတိပဋ္ဌာန် မဂ်လမ်း မှန်ဖြင့် ကျင့်ကြံမသွေ တည်ရှိနေသော၊ ဝံသံ စ၊ အရိယာနွယ်ဝင် သံဃာ

တော်အရှင်မြတ်ကိုရင်း၊ သာဒရံ၊ လေးစားကြည်ညို ရိုသေခြင်းနှင့်တကွ။ အဘိဝန္ဒာမိ၊ ဘယ လာဘ ကုလကြဉ်ဖယ် သန့်စင်ကြယ်သည့် စိတ်ဝယ် မြတ်နိုး ဦးညွှတ်လျှိုးကာ ရှိခိုးပါ၍၊ အဘိဝါဒိယ ရှိခိုးပြီး၍။

၂။ မဟာစည်နာမ ဓေယျဂ္ဂံ၊ ပဋိပတ္တိတိသာသနေ။
ဝံသံ ထေရေဟိ အဇ္ဈိဋ္ဌော၊ ဒါနိ ကဿံ ပဋိစ္စ ဟံ။

ထေရေဟိ၊ မဟာစည် ဓမ္မကထိက မည်နာမဖြင့် တည်ထဖွဲ့ဝင် ထေရ် အရှင်တို့က။ အဇ္ဈိဋ္ဌော၊ မဟာစည် ပဋိပတ္တိသာသနာဝင်ကို အောင်မြင်ထမြောက် အပြီးရောက်အောင် ခြင့်ထောက်စီစဉ် ပြုစီရင်ရန် တာဝန်ချမှတ် တိုက်တွန်း အပ်သည်ကို။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ မဟာစည်နာမဓေယျဂ္ဂံ၊မဟာ စည်ဟူသော အမည်ကို ဦးတည်ရွေဖျား အစထားလျက်။ ပဋိပတ္တိတိသာသနေ၊ မြတ်စွာဘုရား ဟောကြားမိန့်မှတ် ပဋိပတ်ဟူသော သာသနာတော်မြတ်၌။ ဝံသံ၊ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာရှုနည်း နိဿည်းကို သိပ်သည်းပိုင်ပိုင် ရှုမှတ်နိုင်ကြသည့် ကမ္မဋ္ဌာနာ ဧရိယန္တယ်ဝင် ထေရ်အစဉ်ကို။ ဝါ၊ မဟာစည်နာမဓေယျဂ္ဂံ ပဋိပတ္တိတိ သာသနေ ဝံသံ၊ မဟာစည် ပဋိပတ္တိ သာသနာဝင်ကို။ ဒါနိ၊ ပြုစီရင်ဘို့ အချိန်သင့်လာ ယခု အခါ၌။ အဟံ၊ ပြုစီရင်ဘို့ရန် တာဝန်ကျရာ မဖယ်သာသော ငါသည်။ ကဿံ၊ သူတော်စွာတို့ စေတနာနှင့် သဒ္ဒါတိုးပွား အကျိုးများဘို့ ကြိုးစား စီစဉ် ပြုစီရင်အံ့။

ကျေးဇူးရှင်

# မဟာစည် သရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

မဟာစည် သေရဂုဏောဒယ–ဘာဝိကန္တံရ ပုပ္ဖဂေါ။
ကာယံ သေရာပဒါနံ တံ၊ သုဘံ ဘူတတ္ထသူစကံ။

## စာတော်သော ကိုရင်ကြီး

စာဝါချိန် နောက်ပိုင်းဖြစ်၍ ဆိပ်ခွန်ရွာ သူကြီးကျောင်း၌ စာဆိုသံကို ကြားနေရ၏။ စာဆိုသည်-ဟူသည်မှာ ဆရာက ချပေးသောအနက်ကို တပည့်က လိုက်၍ ဆိုခြင်းဖြစ်၏၊ ဆရာတခွန်း တပည့်တခွန်း ဆိုရသည်၊ သို့သော် ယခု သူကြီး ကျောင်း ဘုန်းတော်ကြီး ဦးပရမ၏ စာဝါ၌ကား စာဆိုသူ၏ အသံကိုသာ များစွာကြားရ၍ ဆရာ၏အသံကို တခါ တခါမှသာ ကြားရသည်၊ စာဆိုသူသည် နှုတ်အာ ရှင် ရှင်းဖြင့် ဆိုလေရာ ဘေးမှ နားထောင်ရသူတို့အဖို့ အလွန်သာယာ နာပျော်ဘွယ် ဖြစ်လျက် ရှိ၏၊ သိန္ဓောမြင်း စိုင်းနှင်သကဲ့သို့ ဆိုသော ဥပမာမျိုးနှင့် ကိုက်ညီလျက် ရှိတော့သည်၊ စာဆိုသံကို ကြားရသဖြင့်ပင် စာဆိုသူမှာ စာဆိုကောင်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလေသည်။

တက်နေသောစာဝါကို ကြည့်လျှင် စာဆိုသူကို ပို၍ အံ့သြကြမည် ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ-ဆရာတော် ဦးပရမ ပို့ချနေသော စာဝါမှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့် ယင်း၏ အဖွင့် မူလဋီကာ ဖြစ်နေသော ကြောင့်ပင်။ သမ္မောဟ ဝိနောဒနီ ဟူသည်မှာ အဘိဓမ္မာဆိုင်ရာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသော လေးနက်လှသည့် တရားတော်ကို ဖွင့်ပြသည့်ကျမ်းဖြစ်၏၊ ထို့ကြောင့် အဋ္ဌကထာကိုယ်နှိုက်ပေါင် ခက်ခဲလျက်ရှိ၏၊ ထိုအဋ္ဌကထာကို ဖွင့်ပြသည်ဆိုသော မူလဋီကာသည်ကား အဋ္ဌကထာသက်သက် ခက်ခဲသောကျမ်းဖြစ်၏၊ ပါဠိဘာပေတွင် အခက်ဆုံး ကျမ်းဟု အသိအမှတ်ပြုထားကြသော ကျမ်းဖြစ်၏၊ ဖွင့်ဆိုရေးသားရာတွင် စကားပုံမသုံး စကားသုံး တိကျလှ၏၊ စာရေးကျစ်လစ်သဖြင့် အဖွင့် ဆိုသော်လည်း အဋ္ဌကထာလောက်ပင် စာနေမများ၊ အငိပ္ပါယ် နက်နဲ

ရသည့်အထဲတွင် စာနေပါ ခက်ခဲလှသောကြောင့် ၂-ထပ်ကွမ်း ခက်ခဲသော ကျမ်းဖြစ်၏၊ ယင်းသို့ ခက်ခဲလှသော နာမည်ကြီးကျမ်းတို့ကိုပင် ဆရာ၏ အထောက်အနည်းငယ်မျှဖြင့် သွက်လက်စွာ စာဆိုနိုင်သူမှာ သာမညဉာဏ်ရှင် မဟုတ်ကြောင်း သိနိုင်လောက်သည်၊

ထို့ထက် သာ၍ အံ့သြစရာ ကောင်းသည်ကား စာဆိုပုဂ္ဂိုလ်သည် ရဟန်းကြီးလည်း မဟုတ်၊ ရဟန်းငယ်လည်း မဟုတ်ပဲ ရှင်သာမဏေတပါး ဖြစ်နေခြင်းပင် ဖြစ်သည်၊ ၁၉-နှစ်အရွယ် ကိုရင်ကြီး အဖြစ်ဖြင့်ပင် ဤမျှ နက်နဲခက်ခဲသော ထိပ်ဆိုသည့်ကျမ်းမျိုးကို ချောမောပြေပြစ်စွာ ဆိုနိုင်သည့်စွမ်းရည်ကား ရှားမှရှားဖြစ်တော့သည်၊ ဤစွမ်းရည်မျိုး ရှိသူကား တထောင်လည်း တယောက်မရှိ၊ တသောင်းလည်း တယောက်မရှိ ထွက်ပေါ်ရန် ခဲယဉ်းလှသော ပုဂ္ဂိုလ်မျိုးပေတည်း။ ကိုရင်ကြီး စာဆိုသည်မှာ ချောမောသွက်လက်လှသဖြင့်ပင် အတူစာတက်ဖော် (၇)ပါး (၈)ပါးတို့တွင် တပါးဖြစ်သော ဘုန်းကြီးဦးနန္ဒိယ-က စာဆိုပြီး၍ ကျောင်းအောက်သို့ ဆင်းလာကြသောအခါ "ကိုရင်ကြီး၊ နိဿယများ ကြည့်ထားသလား" ဟုပင် မေးယူရသည်အထိ ဖြစ်ခဲ့သည်။ "နိဿယကို ကြည့်ထားဖို့ မဆိုထားဘိ၊ နိဿယစာအုပ်ကိုပင် မမြင်ဘူးပါ"ဟု ကိုရင်ကြီးက ပြန်လျှောက်သည်၊ ကိုရင်ကြီး၏ ဉာဏ်စွမ်း ရည်ကား အံ့သြဖွယ် ကောင်းလှပါပေသည်၊

ဤကိုရင်ကြီးသည် "ဘုန်းကြီးစာ"ဟု ခေါ်သော ပိဋကတ် စာပေမှာသာ တော်သည်မဟုတ်၊ လောကီအတတ်ဖြစ်သော ဂဏန်းသင်္ချာ အတတ်၌လည်း တော်သည်ပင်ဖြစ်၏။ ဤအသက်မရောက်မီ ၁၆-နှစ်အရွယ်ကပင် ဂဏန်ဂမ္ဘီရခေါ် ဂဏန်းသင်္ချာစာအုပ်ကြီးကို ဆရာမရှိပဲ မိမိဘာသာ တွက်ချက်လေ့လာခဲ့ရာ တလအတွင်းမှာပင် ထိုစာအုပ်ပါ တွက်ပုံနည်း အလုံးစုံကို နားလည်ခဲ့သည်။ အတွက်အချက်ပညာ ဆိုသည်မှာ-လွယ်ကူသော ပညာမဟုတ်၊ ဆရာနှင့် သင်ယူသူများပင် ပင်ပန်းကြီးစွာ သင်ယူရသော ဘာသာဖြစ်၏၊ ဤမျှခက်ခဲသော ဘာသာရပ်ကိုပင် စာအုပ်ကြည့်၍ လေ့လာရုံမျှဖြင့် တတ်မြောက်သည်ဆိုသည်မှာ အလွန်ပါရမီထူးသောကြောင့်သာ ဖြစ်ပေသည်၊ ဤကို ထောက်လျှင် ဤကိုရင်ကြီးသည် အခြားဘာသာရပ်များကိုလည်း ဤကဲ့သို့ ကြည့်ကာ ရှုကာ လေ့လာရုံမျှဖြင့်ပင် တတ်မြောက်မည်မှာ သေချာလှသည်။ ကုသိုလ်ကောင်းမှု ပြုကြသောအခါ အလုံးစုံသော လောကီပညာ လောကုတ္တရာ ပညာတို့ကို ကြားကာမျှ ကြည့်ရှုကာမျှဖြင့် တဖက်ကမ်းခပ် တတ်မြောက်ရပါလို၏ ဟု ဆုတောင်းလေ့ရှိကြ၏။ ကိုရင်

ကြီးသည့် ရှေး ရှေး-ဘဝတို့က ဤသုမျိုး တောင်းခဲ့၍ ယခုဘဝ၌ ထိုဆုတောင်းပြည့်သော ပုဂ္ဂိုလ် ဖြစ်ဟန် တူပါပေတော့သည်။

ဤသို့ အရွယ်နှင့်မလိုက်အောင် ငယ်စဉ်ကပင် မိမိ၏ ထက်မြက်လှသော ဉာဏ်စွမ်းကို ပြခဲ့သော ကိုရင်ကြီးကား အခြားပုဂ္ဂိုလ်မဟုတ်၊ ယခုအခါ မြန်မာမဆံ့ ကမ္ဘာသို့ပင် နှံ့အောင် ကျော်ကြားတော်မူလျက်ရှိသော မျက်မှောက်ခေတ် မြန်မာပြည်သာသနာ၏ အားထားရာ မိုးနှုးတန်ဆောင် သဖွယ်ဖြစ်သည့် မဟာစည် ဆရာတော်ဘုရား၏ အလောင်းအလျာတော် ဖြစ်ပါသည်။

## ဆိပ်ခွန်ရွာ

မဟာစည်ဆရာတော်ဘုရားကြီး၏ ဇာတိရပ်မြေကား ရွှေဘိုမြို့အနောက် ခုနစ်မိုင်ခန့်ရှိ ဆိပ်ခွန်ရွာကြီး ဖြစ်လေသည်။ ရွှေဘိုမြို့ဟုဆိုလိုက်လျှင်ပင် မြန်မာတို့၏ နောက်ဆုံး မင်းဆက်ဖြစ်သော ကုန်းဘောင်ဆက်၏ အစပြုရာ အောင်မြေမြို့ဟု သိပြီး ဖြစ်ကြပါလိမ့်မည်။ မှန်ပေသည်။ "ဟိုခါယခေါင်၊ ပြည်ကုန်းဘောင်က၊ ဘုန်းရောင်ထင်ရှား၊ လောင်းဘုရားနှင့်၊ အများရဲဘော်၊ ခြောက်ကျိပ်ကျော်တို့၊ ကိုင်းပေါ်ဇမ္ဗူ၊ ခေတ်သစ်ထူသို့" ဟူသော လက်ာနှင့်အညီ အလောင်းဘုရားဟု ကျော်ကြားသော- ဦးအောင်ဇေယျသည် ရွှေဘိုမြို့ကို ဗဟိုပြု၍ တည်ရှိသော ရပ်ကွက် ရပ်ရွာများမှ ခြောက်ကျိပ်ကျော်မျှသော ရဲဘော်တို့ကို ရွေးချယ်၍ အင်းဝမင်းဆက် ပြုတ်သဖြင့် ဖရိုဖရဲဖြစ်နေသော မြန်မာနိုင်ငံတော်ကို ပြန်လည်စည်းရုံးကာ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့၏၊ ယခုအခါ၌ မြန်မာ့ယဉ်ကျေးမှု စစ်စစ်ဆိုင်ရာ အနုပညာ အမွေပစ္စည်းများသည် ကုန်းဘောင်ခေတ်မှ အကျန်အကြွင်းများပင် ဖြစ်၍၊ ကုန်းဘောင်မင်းဆက်သာ မပေါ်ပေါက်ခဲ့ပါမူ ယနေ့ မြန်မာ့ယဉ်ကျေးမှုသည် မည်သို့သော အသွင်ကို ဆောင်လေမည်ဟု ပြောပြခြင်းငှာ တတ်နိုင်မည် မဟုတ်ပေ။

ယနေ့ ဆိပ်ခွန်ရွာကြီးသည် ရွှေဘိုမြို့၏ အရံကျေးရွာ ဖြစ်သကဲ့သို့ ဦးအောင်ဇေယျ ရွှေဘိုမြို့ကိုတည်စဉ်ကာလည်း အရံကျေးရွာများတွင် တစ်ရွာ အပါအဝင် ဖြစ်ခဲ့လေသည်။ ဦးအောင်ဇေယျသည် မြို့တော် လေးဆယ့်ခြောက်ရပ်ခေါင်းတို့ကို ဘွဲ့အမည်ပေးသောအခါ၊ ဆိပ်ခွန် ရွာခေါင်းကို "ဓမ္မသုရံ" ဟူသော ဘွဲ့ကို ပေးတော်မူခဲ့သည်၊ ရွှေဘိုမြို့တည်သောအခါ အရံကျေးရွာတခု ဖြစ်ခဲ့သည်ကို ထောက်လျှင် ဆိပ်ခွန်ရွာသည် ရွှေဘိုမြို့ မတည်မီကပင် ရှိခဲ့သော ရွာဟု ခန့်မှန်းရသည်။ ရှေးကရွာတို့၏ တိုးပွား

ကျယ်ပြန့်မှုသည် ယခုအခါမှာလောက် မမြန်ရကား ထိုစဉ်ကပင် ဆိပ်ခွန်ရွာမှာ ရွာကြီးဖြစ်ဟန်တူသည်။ မည်သို့ပင်ဖြစ်စေ မဟာစည် ဆရာတော်မွေးဖွားသည့်အခါဆီ၌ ရွာကြီး တရွာဖြစ်နေပြီမှာ ထင်ရှားပါသည်၊ ထိုအခါ၌ ဆိပ်ခွန်ရွာမှာ ရွာမကာ မြို့မကျ ရွာကြီးတရွာ ဖြစ်နေကြောင်းကိုလည်း မဟာစည်ဆရာတော်ဘုရားက ဝိပဿနာ ရှုနည်းကျမ်း နိဂုံးတွင် "ဆိပ်ခွန်ရွာဟု သညာထင်ပေါ် ဝေနီးကျော်၍ မြို့ခေါ်လုနီး အကြင်နိဂုံးရွာကြီးသည်"ဟူသော စကားဖြင့် မှတ်တမ်း တင်တော်မူခဲ့ပါသည်။ အိမ်ခြေအားဖြင့် ထိုစဉ်က ၇၀၀ သို့မဟုတ် ၈၀၀ လောက်ရှိမည်ဟု ခန့်မှန်းမိကြောင်းကိုလည်း မဟာစည် ဆရာတော်က အမိန့်ရှိဘူးပါသည်။ ယခုဆိပ်ခွန်ရွာမှာမူ အိမ်ခြေ ၁၂၀၀ ခန့်ရှိနေပြီး ရွာအနီးရှိ အင်ကြင်းတောမြတ်စွာဘုရားကြောင့်၎င်း၊ မဟာစည် ဆရာတော် ကြောင့်၎င်း၊ ဝေနီးကျော်နေပြီဖြစ်သော ရွာကြီးတရွာ ဖြစ်ပါတော့သည်။

## မယ်ခတော်-ခမည်းတော်များ

အဆိုပါ ဆိပ်ခွန်ရွာကြီးသည် ရွှေဘိုမြို့၏ အရံကျေးရွာဖြစ်သည် အားသျှော်စွာ စီးပွားရေးအတွက် အားထားရသော ရွာကြီး ဖြစ်၏၊ ရွာ၏ပတ်ဝန်းကျင်တွင် ဆည်များ၊ ကန်များပေါများ၍ ကသိုး တူးမြောင်းရောက်သော အရပ်ဖြစ်သဖြင့် ယင်းတို့ကို အကြောင်းပြု၍ စပါးပြောင်း,ပဲစသော ကောက်ပဲသီးနှံများ ထွက်ရာလည်းဖြစ်သည့်ပြင် စိမ်းညိုသာယာသည့် လယ်ယာ, ဥယျာဉ်, သစ်ပင် များစွာတို့ တည်ရှိရာလည်း ဖြစ်၍မွေ့လျော်ဖွယ် ကောင်းသော ရွာကြီးလည်း ဖြစ်၏၊ ချည်ပါထည်ဟုနာမည်ကြီးသော အဝတ်အထည်များ ထွက်ရာလည်း ဖြစ်၍ ရွှေဘိုနယ်၏ရက်ကန်းမြို့ကလေးဟုပင် ထင်ရှားနေသော ရွာကြီးဖြစ်၏။

မဟာစည်ဆရာတော်၏ ခမည်းတော် မယ်တော်တို့မှာ ထိုဆိပ်ခွန်ရွာဇာတိများဖြစ်ကြ၏။ အမည်များမှာ ဦးကံတော် ဒေါ်အုပ် တို့ဖြစ်၏၊ ကျေးလက်ထုံးစံအတိုင်း လယ်ယာလုပ်ကိုင်၍ အသက်မွေးကြသူများဖြစ်၏၊ ရှေးအခါက တယောက်ထွက်၍ အလုပ်လုပ်လျှင် တအိမ်သားလုံး စားလောက်သေးသောခေတ်ဖြစ်ရာ ဦးကံတော် ဒေါ်အုပ်တို့သည် ကြေးရတတ်များဟု မဆိုနိုင်စေကာမူ မိမိတို့ တဝမ်းတခါး အတွက် မပူမပင်ရပဲ မတောင့်မတ မကြောင့်မကြ နေနိုင်သော သူများဖြစ်ကြပေသည်။

မယ်တော်ကြီးကို ငယ်ရွယ်သူများက အဖွားအုပ်ဟု ခေါ်ကြ၍ အချို့ကလည်း ဂုဏ်ပြုသော အားဖြင့် ဒေါ်ရွှေအုပ် ဟု ခေါ်ကြ ကြောင်း

ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ နိဂုံး၌ ဆရာတော်က ဖေါ်ထုတ် ထားပါသည်။ နောက်မှ ခေါ်ကြသော ထိုအမည်တို့ကို စွဲ၍ မယ်တော်ကြီး၏ အမည်ရင်းသည် ဒေါ်ဖွါးအုပ် သို့မဟုတ် ဒေါ်ရွှေအုပ် ဖြစ်သည်ဟု အမှတ်အယူ လွဲမည်ကြောင့် ယင်းသို့ ဖေါ်ထုတ်ခဲ့ဟန် တူပါသည်၊ ဆရာတော်သည် အမှန်ကို နှစ်သက်တော်မူသည် အားလျော်စွာ မယ်တော်ကြီး၏ အမည် မှန်ကို ဖေါ်ထုတ်တော် မူခဲ့သလို ခမည်းတော် မယ်တော်တို့၏ အလုပ်အကိုင်နှင့် ပတ်သက်၍လည်း ရိုးရိုးပင် ဆိုလတံ့အတိုင်း အမိန့်ရှိဘူးပါသည်။

ဒကာကြီးတို့ အလုပ်အကိုင်ကတော့ လယ်ယာ အလုပ် အကိုင် ပါဘဲ၊ သူတို့ပိုင်တဲ့ တတုံးထွန်လောက်ရှိတဲ့ မြေမှာ ကိုယ်တိုင်လုပ်ကိုင်စားသောက်ကြတာပါဘဲ။ တကုံးထွန်ဆိုတာ ထွန်တုံးတတုံးနဲ့ ထွန်နိုင်လောက်တဲ့မြေဘဲ ယခုခေတ် အနေနဲ့ဆိုယင် ၁၂-ဧကေ လောက် ရှိမယ် ထင်တယ်။

## ဖွါးတော်မူခြင်း

မဟာစည်ဆရာတော်သည် ခမည်းတော် ဦးကံတော် မယ်တော်ဒေါ်အုပ်တို့မှ ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ (၂၉-၇-၁၉၀၄) သောကြာနေ့ နံနက် ၃-နာရီခန့် အချိန်တွင် ဖွားမြင်တော် မူသော ဒုတိယမြောက် သားရတနာ ဖြစ်တော်မူသည်။ ဦးကံတော် ဒေါ်အုပ်တို့တွင် မဟာစည် ဆရာတော်အပြင် သား ၃ ယောက် သမီး ၃-ယောက် ရှိသေးသည်၊ ထို့ကြောင့် အားလုံး သားသမီး ၇-ယောက်ဖြစ်သည်။

သားသမီးတို့တွင် အကြီးဆုံးမှာ ဦးတင်ဖြစ်၍၊ အသက်၂၀-နှစ်တွင် အနိစ္စရောက်ခဲ့သည်။ ဦးတင်၏အောက် ဆရာတော် ဖြစ်၍ ဆရာတော် အောက် ဒေါ်ခင်ဖြစ်၏။ ဒေါ်ခင်လည်း ၁၆ နှစ်လောက်တွင် ဆုံးသည်။ သူ့နောက်တွင် ဦးမှင်၊ ဦးဘရင်၊ ဒေါ်သင် ဟု ၃-ယောက် (၂၀-ကျော်မှာ ဆုံးကြသည်) ဖြစ်၍ အငယ်ဆုံးမှာ ဒေါ်စပ်ဖြစ်၏၊ ဒေါ်စပ်သည် ၁၃၃၃-ခုနှစ် (အသက် ၅၀-ခန့်)တွင် ပျက်စီးသည်၊ ထိုသားသမီးတို့တွင် ဦးတင်၊ ဒေါ်သင်၊ ဒေါ်စပ်တို့မှာ အိမ်ထောင်ရှိခဲ့ကြ၍ ဒေါ်စပ်မှာ သား ၃-ယောက်၊ သမီး သုံးယောက် ရှိသည်။ ၎င်းတို့မှာ ယနေ့တိုင် အသက်ရှင်လျက် ရှိကြသည်။

ဆရာတော်၏ မွေးချင်းများကိုကြည့်လျှင် မည်သူမှ အသက်ရှည်သည်ဟု မဆိုနိုင်ပေ၊ မယ်တော်ကြီးလည်း ၁၂၇၆-ခုနှစ် အသက် ၄၄ နှစ်တွင်ဆုံး

သည် ဟု ဆိုသဖြင့် အသက်မရှည်ဟုပင် ဆိုရမည်ဖြစ်သည်။ ခမည်းတော်ကြီး တခေါက်သာ အသက် ၇၈-နှစ်အထိ နေသွားရသည်။ ဆရာတော်သည် ယခုအသက် ၇၀-နီးပါး ရှိနေပြီဖြစ်၍၊ ကျန်းမာရေးမှာလည်း အရွယ်နှင့်စာလျှင် ကောင်းသည်ဟုပင် ဆိုရမည်ဖြစ်၍၊ သာတ္တက သမ္ဘင်ဖြင့်၎င်း၊ တဘက်ကျွမ်းသော သမားတော်ကြီးများ၏ ညွှန်ကြားချက်ကို လိုက်နာ၍၎င်း၊ သိတင်းသုံးတော်မူလျက်ရှိသဖြင့် ဆရာတော်သည် ခမည်းတော်ကြီး၏ အသက်ကို မှီရုံမျှမက ခမည်းတော်ကြီးထက် များစွာပင်ပို၍ သက်တော် ရှည်သိမ့်မည်ဟု ခန့်မှန်းရပါသည်၊ ဆရာတော် သက်တော်ရာကျော် ရှည်ပါစေရန်လည်း ဆန္ဒပြုအပ်ပါသည်။

## သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်၏ အစ်ကို နှင့် ညီ နှမများ၏ နာမည် များကို ကြည့်လျှင် ဦးတင်, ဒေါ်ခင်, ဦးမှင်, ဦးဘရင်, ဒေါ်သင် ဟု အင်္ဂါရန်ဖြင့် အမှည့်များသည်ကို တွေ့ရမည်ဖြစ်၍၊ သို့ကြောင့် ဆရာတော် အလောင်းအလျာ သားသူငယ်ကိုလည်း အင်္ဂါရန်ရှိသော နာမည်ကိုပင် မှည့်ခဲ့လိမ့်မည်ဟုသာ ခန့်မှန်း နိုင်ပါသည်။ ထူးခြား သည်မှာကား ဆရာတော်၏ ငယ်မည်သည် နောင်အခါ ဆရာတော်ကို အလွန်ကြည်ညို၍ ယခုသိတင်းသုံးရာဖြစ်သည့် သာသနာ့ရိပ်သာကြီးကို အုပ်ချုပ်တော်မူရန် လှူအပ်လတံ့ဖြစ်သော သူဌေးကြီး၏ အမည်နှင့် ထပ်တူ ဖြစ်နေခြင်းပင် ဖြစ်ပါသည်။ တိုက်ဆိုင်မှုဟု ဆိုလိုက ဆိုနိုင်ပါ၏။ သို့သော် ဤအမည်ကိုမှ မှည့်မိခြင်းမှာ နောင်အခါ၌ ဖြစ်လတံ့သော အကြောင်းချင်းတ၏ ရှေ့ပြေးနိမိတ် တခုပင်ဟု ဆိုလျှင်လည်း ငြင်းဆိုမည့်သူ ရှိမည်မဟုတ် ထင်ပါသည်။

ဆရာတော်အလောင်းအလျာ ၆-နှစ်သား အရွယ်သို့ ရောက်သောအခါ ကျေးလက်ထုံးစံအတိုင်း ပညာသင်ကြားရန် ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံကြလေသည်၊ မှန်ပေသည် လောကဓာတ်ပညာ မထင်ရှားမီ ရှေးအခါက ဘုန်းတော်ကြီးကျောင်းများသည် မြန်မာလူမျိုးတို့ အသက်မွေးဝမ်းကြောင်းပညာရော လောကုတ္တရာပညာပါ ဖြန့်ဖြူးရာဌာန ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးကျောင်း၌ သင်ပေးလိုက်သော ပညာဖြင့်ပင် ဘဝရပ်တည်မှုကို ပြုနိုင်ရုံမျှမက မှူးကြီးမတ်ရာ သေနာပတိ စသော ရာထူးကြီးတို့သို့ပင် တက်လှမ်းနိုင် ခဲ့ကြပေသည်။ ထို့ကြောင့်ပင် ရှေးကပညာရှိ ရာထူးရာခံရှိ ပုဂ္ဂိုလ်များသည် ဘုန်းကြီးကျောင်းထွက်ချည်း ဖြစ်ခဲ့ကြလေသည်၊ ဆရာတော်အလောင်းအလျာကို ကျောင်းအပ်ချိန်၌ မြန်မာနိုင်ငံတွင် လောကဓာတ်ပညာ အသင့်အတင့် ထွန်းကားပြီဟု ဆိုနိုင်သော်လည်း ယခု

ခေတ်မှာလို တောရွာများ၌ စာသင်ကျောင်းများ မသွန်းကားသေးရကား ဘုန်းတော်ကြီးကျောင်းကပင် ရွာသူရွာသားတို့၏ လောကီ, လောကုတ္တရာ ပညာရေး ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ် နားလည်ရေး ထိန်းသိမ်းရေးတို့ကို တာဝန်ယူခဲ့ကြရသည်။ ထို့ကြောင့်ပင် ဆရာတော် အလောင်းအလျာကို ကျောင်းအပ်မည် ရှိသောအခါ ဆိပ်ခွန်ရွာ ပျဉ်းမနားကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စထံ အပ်နှံကြရခြင်းဖြစ်ပေသည်၊ ဆရာတော်အလောင်းအလျာ သူငယ်သည် ဘုန်းတော်ကြီး ဦးအာဒိစ္စ အထံမှာပင် သူငယ်တို့ တတ်သင့်တတ်ထိုက်သော အရေးအဖတ် စသည်တို့ကို သင်ယူတတ်မြောက်ခဲ့သည်။

၁၂-နှစ်သား အရွယ်တွင် ငယ်ဆရာ ဘုန်းတော်ကြီး ဦးအာဒိစ္စထံမှာပင် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်၊ သာမဏေဘွဲ့ကိုလည်း ဘွဲ့ခံပုဂ္ဂိုလ်၏ အဆင်းအင်္ဂါနှင့် လိုက်လျောစွာ "ရှင်သောဘန" ဟု ပေးတော်မူလေသည်။ မှန်ပေသည် ဆရာတော်သည် ရွှေဘိုနယ် ဇာတိ ဖြစ်သည့်အားလျော်စွာ အရုပ်အမောင်း မြင့်တော်မူသည်၊ အရုပ်အမောင်းနှင့် လိုက်အောင် လက်, ခြေ, စသော ကိုယ်အင်္ဂါတို့ကလည်း ရှည်သွယ် ပြန့်ဖြိုးကြသည် ညာဖက် ကောင်းသူတို့၏ အထိမ်းအမှတ်ဟု သမုတ်အပ်သော ကာသောနားရွက်လည်း ရှိတော်မူသည်။ (၁၉၅၄-ခုနှစ်၊ ပြေ, မေလတွင် ထုတ်ဝေသော Singaraja Souvenir စာစောင်၌ ပါသောပုံတွင် ကားသော နားရွက်မှာ သာ၍ ထင်ရှားသည်) ဣန္ဒြေတော်မှာလည်း လုပ်ယူရသည့် ဣန္ဒြေမျိုးမဟုတ်ပဲ အတွင်းသမာဓိ ခံကြောင့် ပင်ကိုယ်ပကတိ တည်ငြိမ်သော ဣန္ဒြေတော်ဖြစ်၍ စကားပြောရာ၌၎င်း, သွားရာ လာရာ၌၎င်း သိမ်မွေ့တော်မူသည်။ လူဆိုသည်မှာ ငယ်စဉ်က ပါလာသော အလေ့ကို ဖျောက်နိုင်ခဲသည်ဖြစ်ရာ ယနေ့တွေ့ရသော ဆရာတော်၏ ဣန္ဒြေနှင့် သွားနှုံ လာမှုကို ရှု၍ ငယ်စဉ်ကလည်း ဤအခြေအနေ နီးပါးပင် ရှိခဲ့လိမ့်မည်ဟု မှန်းဆနိုင်ပါသည်၊ ထို့ကြောင့် ပင်ကိုယ်ရုပ်ရေရော ဣန္ဒြေပါ တင့်တယ်သပ္ပါယ်သော ဆရာတော် အလောင်းအလျာ ကိုရင်ကို ပေးလိုက်သောတင့်တယ်သပ္ပါယ်သူဟု အနက်ထွက်သော ရှင်သောဘန ဟူသော ဘွဲ့မှာ နာမည်နှင့်နာမည်ရှင် လိုက်လျောလှသဖြင့် အန္တတ္ထစစ် ဖြစ်သည်ဟုပင် ဆိုရမည် ဖြစ်ပါသည်၊ ထို့ပြင်လည်း ယခုအခါတွင် မဟာစည် ဆရာတော်သည် သာသနာတော်၌ ပရိယတ် ပဋိပတ် ဂုဏ်တို့ဖြင့် လွန်စွာ တင့်တယ်လျက် ရှိနေရာ ဤသို့ သာသနာတော်၌ တင့်တင့်တယ်တယ် ဖြစ်မည့်အရေးကိုပင် မြော်တွေး၍ ရှင်သောဘန ဟူသော ဘွဲ့ကို ဥပဇ္ဈာယ် ဆရာက ပေးခဲ့ခြင်းလည်း ဖြစ်ပေသည်, မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ရှင်သောဘန ဟူသော ဘွဲ့အမည်မှာ အန္တတ္ထချည်းပင် ဖြစ်ပါတော့သည်။

ကိုရင်သောဘနသည် ကိုရင်ဘဝသို့ ရောက်ပြီးနောက် ဇာတ်ကြီးဆယ်ဘွဲ့ကို သင်ယူရသည်၊ ကိုရင်၏ ဉာဏ်ထက်မြက်ပုံကို သိရသဖြင့် ဆရာဘုန်းကြီးသည် ကိုရင်သောဘနအား သဒ္ဒါအခြေခံ မရှိပဲပင် ဝိနည်း ပါဠိတော်နှင့် အဋ္ဌကထာကို ချ့ပို့ပေးတော်မူသည်၊ ထို့နောက်မှ သဒ္ဒါ သင်္ဂြိုဟ် စသော စာတို့ကို သင်ယူစေသည်။

ရှေးအခါက စာတတ်သော တပည့်သည် နိဿယ ကိုင်ရရိုး ထုံးစံမရှိခဲ့၊ ဆရာသမားများကလည်း တပည့်များ နိဿယ ကိုင်သည်ကို ခွင့်မပြုလိုခဲ့ကြပေ၊ တပည့်များ ပေါ့မည်ကြောင့်ဖြစ်၏။ သို့သော် ရှင်သောဘနကား သဒ္ဒါကြီး တတ်သောအခါ နန်းကျောင်း နိဿယ ဒက္ခိဏဝန် နိဿယ နှစ်စောင်လုံးကိုပင် ကိုင်ဘွယ်ကြည့်ရှု၍ သဒ္ဒါရုပ်တွက်ပုံနှင့် သဒ္ဒါဆိုင်ရာ အသုံးအနှုန်းများ၌ ကျွမ်းကျင်အောင် အားထုတ်ခဲ့သည်၊ ပိုင်နိုင်အောင် လေ့လာခဲ့သည့် ချောသ ရူပသိဒ္ဓိစသော သဒ္ဒါကျမ်းတို့ကိုလည်း ဤနည်းဖြင့်ပင် လေ့လာ၍ အခြားသူများအား ချ့ပို့ပေးနိုင်သည်အထိ ပေါက်ရောက်ခဲ့သည်၊ ဋီကာကျော်ကျမ်း တက်စဉ်ကမူ ရှင်သောဘန၏ဉာဏ်မှာ သာ၍ ထင်ရှားခဲ့ပြန်သည်၊ ကိုရင်သည် စာဆိုရင်းပင် ဋီကာကျော်ကို နှုတ်တက်ရနေခဲ့သဖြင့် အာဂုံပင် ဆောင်ထားခဲ့သည်၊

ကိုရင်သောဘနသည် ကျက်ဉာဏ်သာ ကောင်းသည်မဟုတ်၊ သဘောဉာဏ်လည်း ထူးချွန်ထက်မြက်လှသည်၊ ၁၆-နှစ် အရွယ်က ဂဏဂမ္ဘီရခေါ်သော ဂဏန်းဗေဒအုပ်ကြီးကို မိမိဘာသာ လေ့လာတွက်ချက်ခြင်းဖြင့် တလအတွင်းမှာပင် ပေါက်ရောက်နားလည်ခဲ့သည့်အကြောင်းကို ထေရုပ္ပတ္တိအစ၌ ပြခဲ့ပြီးဖြစ်ပါသည်၊ ဤသို့ ပင်ကိုယ်ဉာဏ်ရော လုံ့လဝီရိယပါ ရှိသူဖြစ်သဖြင့် ကိုရင်သောဘနသည် ကိုရင်ဘဝဖြင့်ပင် အထက်တန်းကျသော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို လေ့လာ သင်ယူနိုင်ခဲ့လေသည်၊

## ကျောင်းပြောင်းရခြင်း

ကိုရင်သောဘန အသက် (၁၇) နှစ်သို့ ရောက်သောအခါ ကျောင်းပြောင်းရရန် ဖြစ်လာသည်၊ ငယ်ဆရာဖြစ်သော ဘုန်းကြီးဦးအာဒိစ္စသည် ထိုနှစ်၌ လူထွက်သွားလေသည်။ မိမိအားကိုးစရာ ဆရာ မရှိတော့သည့်အတွက် ကိုရင်သောဘနသည် ချည်ပါမြောက်ရွာ ရွှေသိမ်တော်ကျောင်းတိုက်သို့ ပြောင်းရွှေ့နေရသည်၊ ထိုအခါ ထိုကျောင်းတိုက်၏ နာယကဖြစ်သော မြောင်းကြီးဆရာတော် ဦးအာစရထံ၌ သဒ္ဒတ္ထဘေဒစိန္တာ ခေါ် သဒ္ဒါငယ်ကျမ်းကို သင်ယူခဲ့သည်၊ ဆိပ်ခွန်ရွာ အင်ကြင်းတော တိုက်သူကြီး

ကျောင်းသို့ စာချဆရာတော် ဦးပရမကို ပင့်လာသောအခါ အင်ကြင်းတော တိုက်သူကြီးကျောင်း ဘုန်းတော်ကြီး ဦးပရမထံသို့ ရွှေ့ပြောင်း နေထိုင် ရလေသည်၊

ဆိပ်ခွန်ရွာကြီး၏ အနောက်မြောက်ယွန်း တာ ၄၀၀-ခန့် အကွာတွင် နာမည်ကျော် အင်ကြင်းတော စေတီကြီး ရှိလေသည်၊ ထိုအင်ကြင်းတော စေတီတော်မြတ်ကား သမိုင်းအဆိုအရ သီရိဓမ္မာသောကမင်း၊ နရပတိ စည်သူမင်း၊ မင်းတုန်းမင်းတရားကြီး စသော ရှေးမင်းများ အဆင့်ဆင့် တည်ထားပူဇော် ကိုးကွယ်ခဲ့သော ပွဲတော်ရ စေတီတော်ကြီးဖြစ်၏။ ပွဲတော် ရက်မှာ တန်ခူးလဆန်း (၈) ရက်မှ တန်ခူးလပြည့်နေ့အထိ ဖြစ်လေသည်၊ ပွဲတော်ချိန်တွင် မြန်မာနိုင်ငံ အရပ်ရပ်မှ ဘုရားဖူးများ ဈေးသည်များ ဈေးဝယ်များ စုဝေးလာရောက်ကြသဖြင့် အလွန်စည်ကားလေသည်၊ တောသုံး မြို့သုံး လူသုံး ကုန်ပစ္စည်းမှန်သမျှ ထိုဘုရားပွဲဈေးတွင် လိုရာရနိုင် သည်ဟုပင် အဆိုရှိသည်၊

ထိုအင်ကြင်းတော စေတီတော်မြတ် အနီးတွင် ရှေးအခါမှစ၍ ကျောင်းများရှိခဲ့ကြသည်၊ ထိုကျောင်းများကို တတိုက်တည်းအဖြစ်ဖြင့် အင်ကြင်းတောတိုက်ဟု ခေါ်သည်။ ယခုအခါ နာမည်ကျော်နေပြီးဖြစ် သော မဟာစည်ကျောင်းလည်း တကျောင်းအပါအဝင် ဖြစ်သည်၊ ရှေး အခါကမူ ထိုကျောင်းကို မဟာစည်ကျောင်းဟု မခေါ်၊ ကျောင်းထိုင် သော ဘုန်းကြီးများ အမည်ဖြင့်သာ ခေါ်ဝေါ်ကြသည်၊ သူကြီးကျောင်း ကား မဟာစည်ကျောင်း၏ အနောက်မြောက်ဖက်နားတွင် တည်ရှိ သည်၊ ရှေးကျောင်းဟောင်း ဖြစ်သော်လည်း သူကြီးက ပြုပြင်ဆောက် လုပ်သောကြောင့် သူကြီးကျောင်းဟု တွင်ခဲ့ခြင်းဖြစ်လေသည်၊ ဤသူကြီး ကျောင်းသည်ပင် ရှင်သောဘန ရဟန်း ၄-ဝါရသည်အထိ နေထိုင်ခဲ့ရာ ကျောင်းဖြစ်လေသည်၊ သူကြီးကျောင်းဆရာဘော် အထံမှာပင် ကိုရင် သောဘနသည် ပရိယတ်ဆိုင်ရာ ကျမ်းဂန်တို့ကို ဆက်လက်လေ့လာ အားထုတ် ခဲ့သည်၊ အသူးအားဖြင့် ၁၉-နှစ်အရွယ် သာမဏေဘဝဖြင့် သာမန်ရဟန်း များပင် မချဉ်းကပ်ဝံ့သော သမ္မောဟဝိနောဒနီ- အဋ္ဌကထာနှင့် မူလဋီကာ ကျမ်းကြီးကို လေ့လာ သင်ယူခဲ့သည်၊

## ရဟန်းဘဝသို့ ရောက်ခြင်း

အသက် ၁၉-နှစ် ကျော်လာသောအခါ ကိုရင်ကြီး ရှင်သောဘနအဖို့ ဘဝနှင့်စပ်၍ အရေးကြီးသော ဆုံးဖြတ်ချက်ဘခုချရန် အချိန်ရောက်လာ

လေသည်၊ မိမိသည် သာသနာ့ဘောင်မှာနေ၍ စာပေကို အဘန်သင်ပြီးပြီ၊ အခြားသူတို့ နှစ်ပေါင်းများစွာ သင်ရသည့်ကျမ်းများကို မိမိကနှစ်အနည်းငယ် ဖြင့်ပင် ပေါက်ရောက်အောင် သင်ယူနိုင်ခဲ့၏၊ ထို့ကြောင့် မိမိသည် ဉာဏ် စွမ်း ဉာဏ်စ ရှိသူဖြစ်၏၊ ဤအစွမ်းအစကို အသုံးချ၍ လူ့ဘောင်စီးပွား ရေး စသော လုပ်ငန်းဘိုကို လုပ်လျှင်လည်း မိမိသည် ကြီးပွားသွန်းကား မည်မှာ သေချာသည်၊ ဗုဒ္ဓစာပေကိုလည်း အတော်အတန် လေ့လာပြီး ဖြစ်၍ လူ့ဘောင်မှာဆိုလျှင် ဘာသာရေး ဗဟုသုတ ကြွယ်ဝသူပင်ဖြစ်နိုင် သည်၊ ထို့ပြင် လူ့ဘဝမှာလည်း ဘာသာရေးကို လေ့လာ နိုင်သည်ပင် ဖြစ်၏၊ မိမိနှင့် ဆွေမျိုးတော်သော ဦးပဥ္စင်း ဦးစန္ဒိမာထံမှာ ချည်ပါခွာ ရွှေအိမ်တော်ကျောင်း၌ နေစဉ်က သင်ယူထားသော အင်္ဂလိပ်စာကလည်း သင်လက်စ ရှိနေသည်၊ လူ့ဘောင်မှာဆိုလျှင် ထိုအင်္ဂလိပ်စာကို အလိုရှိ သလောက် ဆက်သက်၍ သင်ယူနိုင်မည်ဖြစ်သည်၊ထို့ကြောင့် ယခုလူ့ဘောင် သို့ ပြန်သွားမည်လော၊

မိမိသည် ဗုဒ္ဓစာပေကို အတော်အဘန် လေ့လာသင်ယူပြီးဖြစ်၍ သာ သနာဘော်၏ အဘိပ်အနက်ကို ရိပ်စားမိပြီးဖြစ်နေပြီ၊ သာသနာတော်၏ အချသာ ရှင်ရဟန်းဘဝ၏ အရသာကိုလည်း နားလည်နေပြီ။ အရသာ ကောင်းတခုကို စားသုံးဘူးသူသည် ထိုအရသာကိုသာ တိုး၍တိုး၍ စားသုံး လိုသကဲ့သို့ မိမိလည်း အရသာ တွေ့စပြုနေပြီဖြစ်သော ဘုရားဒေသနာများ ကို ဆက်ပက် လေ့လာလိုသည်၊ မြတ်စွာဘုရား၏ အဆုံးအမတော်များကို လက်တွေ့ကျင့်သုံးလိုသည်၊ အထူးသဖြင့် ကမ္မဋ္ဌာန်းဆိုင်ရာ ဟောကြားနည်း ညွှန်ချက်ဘိုကို လက်တွေ့ကျင့်ကြံလိုသည်၊ တတ်နိုင်ပါလျှင် မိမိတို့နယ်တဝိုက်၌ အကျော်အမော်ဖြစ်တော်မူခဲ့သော သီးလုံးဆရာတော်ဘုရားကြီးလို ဖြစ်လို သော ဆန္ဒကလည်းရှိသည်၊ ဤရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင် အထည် ဖေါ်လိုလျှင် သာသနာ့ဘောင်မှာ နေမှဖြစ်မည်၊ ထို့ကြောင့် ရဟန်းဘောင်သို့ တက်လှမ်း၍ သာသနာတော်မှာပင် ပျော်ပိုက် တော့မည် လော။

ဤအတွေးအခေါ် လမ်းဆုံသို့ ရောက်နေသော ရှင်သောဘန ချမှတ် ရမည့် ဆုံးဖြတ်ချက်မှာ သူ့အဘွက် အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်မည်မှာ ပြောစရာမလိုပါ၊ သို့သော် ယနေ့ မြန်မာနိုင်ငံ သာသနာရေးကိုကြည့်လျှင် ထိုဆုံးဖြတ်ချက်မှာ အနာဂတ် သာသနာအတွက် အလွန်အရေးပါ အရာ ရောက်သော ဆုံးဖြတ်ချက်ဖြစ်မည်ကိုပါ သိနိုင်ပါသည်။ အကယ်၍သာ ထိုစဉ်က ရှင်သောဘနသည် လူ့ဘောင်သို့ ပြန်သွားရန် ဆုံးဖြတ်ချက်ချခဲ့ ပါလျှင် ယနေ့ သာသနာတော်သည် (အထူးသဖြင့် ပဋိပတ် သာသနာ

တော်သည်) လက်ရှိအခြေအနေမျိုးဖြင့် နေကောင်းမှ နေမည်ဖြစ်ပါသည်၊ တပါးသော အခြေအနေဖြင့်သာ တည်နေရာသည်ဟု ခန့်မှန်းပြောဆို နိုင်ပါသည်၊ သမိုင်းဝင်ဖြစ်မည့် ပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်များ လုပ်ဆောင်ချက်များမှာ ဤနည်းနှင်နှင် တိုင်းပြည် အမျိုး ဘာသာ သာသနာ အပေါ်၌ တနည်းမဟုတ် တနည်းဖြင့် အကျိုးသက်ရောက်မှု ရှိသည်သာ ဖြစ်လေသည်။

ရှင်သောဘန မည်သည့်ဆုံးဖြတ်ချက် ချခဲ့သည်ကို အထူး ရေးသားစရာ လိုမည်မဟုတ်၊ ယင်း ဆုံးဖြတ်ချက် ကြောင့်ပင် ရှင်သောဘနသည် အသက် ၁၉-နှစ်နှင့် ၄-လမျှရသော ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက် တနင်းလာနေ့တွင် ရဟန်းအဖြစ်သို့ တက်လှမ်း၍ ဦးသောဘန အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထိုစဉ်က ဆိပ်ခွန်ရွာ အနီးရှိ ထန်းစင်ရွာ သုမေဓါ တောရတွင် သုမေဓါ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူလျက် ရှိသည်။ ထိုဆရာတော်ဘုရားကြီးကား မဟာဗိုလ်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော် ဖြစ်တော်မူသည်။ ထိုကြောင့် ဦးသောဘနသည် အင်ကြင်းကောတိုက်ရှိ ဗဒ္ဓသိမ်တော်၌ ဂိုဏ်းချုပ် သုမေဓါ ဆရာတော်ဘုရားကြီး အရှင် နိမ္မလ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ သူကြီးကျောင်း ဘုန်းတော်ကြီး ဦးပဒုမ စသော ကမ္မဝါ ဆရာတော်များနှင့် ၃၅ ပါးသော ကမ္မကာရက သံဃာတော်တို့၏ အချီးအမြှောက်ဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ထိုသို့ ရဟန်းအဖြစ်သို့ တက်ရောက်ရာတွင် ဦးလေးဖြစ်သူ ဦးအောင်ဘော် ဒေါ်သစ်တို့က ရဟန်းဒါယကာ အဖြစ် ခံယူချီးမြှောက်ကြသည်။

အရှင်သောဘနသည် ပရိယတ်၌သာ ဆန္ဒရှိသည်မဟုတ်၊ ပဋိပတ်၌လည်း ဆန္ဒရှိသည်။ ပဋိပတ်ကို လက်တွေ့ ကျင့်သုံး၍ မြတ်စွာဘုရား၏ စကားတော်များ မှန်ကန်ကြောင်း ကိုယ်တွေ့ သိလိုသည်။ သို့သော် ပဋိယတ် မပြည့်စုံသေး၍ တကြောင်း ငယ်သေး၍ တကြောင်း ပဋိပတ် ဆန္ဒကို အသာသိန်းချုပ်၍ အခြေခံဖြစ်သည့် ပရိယတ်ကိုသာ ကြိုးကြိုးစားစား လေ့လာသင်ယူခဲ့သည်။ သူတပါးတို့အားလည်း တတ်သမျှပို့ချပေးခဲ့သည်။ ဤသို့ ပရိယတ်ကို အားထုတ်နေစဉ်မှာပင် ပဋိပတ်၏ အောက်ခြေဖြစ်သည့် သီလကို လုံခြုံအောင် ထိန်းမှု ဓုတင်ကျင့်သုံးမှု တို့၌လည်း မေ့မေ့လျော့လျော့ မနေခဲ့ပေ၊ ရဟန်းဖြစ်ပြီးစ လေးလအတွင်းမှာပင် ရုက္ခမူဓုတင် ပိဏ္ဍပါတိကဓုတင် သောသနိက်ဓုတင် ပတ္တပိုဏ်ဓုတင် စသည်တို့ကို ဆောက်တည်ကျင့်သုံးခဲ့လေသည်။

ပရိယတ် စာပေကိုလည်း သူကြီးကျောင်းဘုန်းတော်ကြီး ဦးပရမ အထံ မှာပင် ဆက်လက်သင်ယူလေသည်။ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ပေါက်သည်ထက်ပေါက်အောင် လေ့လာသည်။

## ပဌမပြန် ဝင်ခြင်း

အရှင်သောဘန ရဟန်းဖြစ်ပြီးစ အချိန်သည် မြန်မာနိုင်ငံ၌ ရဟန်း တော် လောကတွင် စာမေးပွဲခေတ်စားစ ပြုချိန်ဖြစ်၏၊ စာမေးပွဲ အောင် ထားလျှင် စာတတ်သူဟု အများက အသိအမှတ်ပြုကြသည်။ သာသနာ တော်ဆိုင်ရာ လုပ်ငန်းတို့တွင်လည်း စာမေးပွဲ အောင်ထားမှုရှိလျှင် အကျိုး ပြီးနိုင်သော လုပ်ငန်းများရှိသည်။ ရှင်းရှင်းဆိုလျှင် စာမေးပွဲ အောင်ထား သူ၏ လုပ်ဆောင်ချက် ပြောဟောချက်တို့ကို အများက အလွယ်တကူလက် ခံသိုက်နာယံကြည်လေ့ ရှိကြသည်။ စာမေးပွဲအောင်ထားမှ အဆင့်အတန်း မှီသည်ဟု အများက မှတ်ယူထားကြသည်။ ထို့ကြောင့် မိမိ၏ အနာဂတ် သာသနာရေးဆိုင်ရာ လုပ်ဆောင်ချက်တို့တွင် ပိုမို၍ထိရောက်မှု ရှိစေရန် အရှင်သောဘနသည် ၁၂၈၆-ခုနှစ် ရဟန်းဝါ မရမီမှာပင် အစိုးရပဌမငယ် တန်းကို ဝင်ရောက်ဖြေဆိုလေသည်။ မည်သည့်ပုဂ္ဂိုလ်မျိုးကို မေးတတ်သည် ဟုပင် မကြားဘူးသော်လည်း မိမိသည် ပဌမငယ် အဆင့်အတန်း မက သော စာပေတို့ကို ပေါက်ရောက်ပြီးဖြစ်သည့်ပြင် အခြားသူများအား ပို့ချ ပေးနေသဖြင့် အလွယ်တကူပင် အောင်မြင်ခဲ့လေသည်။

ရဟန်း ၁-ဝါရပြီး နောက် ၁၂၈၇-ခုနှစ်၌ အရှင် သောဘနသည် ရန်ကုန် တဖက်ကမ်း သံလျှင်မြို့သို့ ကြွသည်၊ မိုးဦးကျအချိန် သံလျှင်မြို့သို့ ရောက်သည်။ ထိုမှတဖန် ဆိပ်ခွန်ဇာတိ ဘုန်းကြီးတပါးရှိရာ ပုသိမ်သို့ ကြွသည်။ ထို့နောက် သံလျှင်မြို့သို့ ပြန်ကြွ၍ ဝါဆိုလေသည်၊ ထိုနှစ်က ခရီးများနေခဲ့သဖြင့် စာပြန်ပွဲ မဝင်နိုင်ခဲ့ပေ၊ ၁၂၈၈-ခုနှစ်မှသာ သံလျှင် မှနေ၍ ပဌမလတ်တန်း စာမေးပွဲကို ရန်ကုန် ကျောင်းတော်ရာတိုက် မြသိန်းတန်ကျောင်းမှာ တည်းခို၍ ဝင်ရောက်ဖြေဆိုခဲ့သည်၊ မခက်မပန်းပင် ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ပဌမလတ် အောင်ပြီးနောက် အရှင်သော ဘနသည် အစိုးရကလှူသော ဆုတော်ငွေကိုပင် ကျောင်းဘုန်းကြီးအား လှူခဲ့၍ အောင်လက်မှတ်သာ ယူပြီး ဆိပ်ခွန်သို့ ပြန်ကြွလာလေသည်။ ဆိပ်ခွန်မှပင် ၁၂၈၉-ခုနှစ် ပဌမကြီးတန်းကို ဝင်ရောက် ဖြေဆိုတော်မူခဲ့ သည်။ ဆိပ်ခွန်ရွာ၌ စာဖြေဌာနမရှိသဖြင့် ရွှေဘိုမြို့သို့ သွားရောက်ဖြေဆို ရသည်။ ထိုနှစ်က ယခု အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်၏ညီ အရှင်

လာသနလည်း ကိုရင်ဝတ်ဖြင့် ရွှေဘိုမှာပင် ပဌမကြီး ဝင်ရောက်ဖြေဆိုသည်ဟု မဟာစည်ဆရာတော် မိန့်တော်မူသည်ကို မှတ်သားရပါသည်။

## မန္တလေးသို့ တက်ခြင်း

အရှင်သောဘနတို့ ခေတ်က ပဌမကြီး အောင်သည်ဆိုလျှင် စာမေးပွဲ လမ်းဆုံးပေပြီ၊ ရွှေတက်စရာ မရှိတော့၊ ယခုခေတ်မှာကဲ့သို့ စာချတန်း စာမေးပွဲများ မရှိသေး၊ စာများလည်း အတော်ပေါက်ရောက်ပြီး စာမေးပွဲလည်း လမ်းဆုံးနေပြီဖြစ်ရာ ထိုထိုဆရာတော်တို့ထံမှ အာစရိယ ဝါဒ ရရန်သာလိုတော့သည်။ အချို့သော နေရာတို့တွင် အာစရိယမုဋ္ဌိ လက်ဆုပ်ရှိမှုလည်း ကျမ်းဂန်အယူအဆတွင် လမ်းမှန်သို့ ရောက်နိုင်သည်၊ အာစရိယ ဝါဒ များများရရန်မှာ ဆရာများများ ရှိသော နေရာမှာ နေမှသာဖြစ်မည်၊ ထို့ကြောင့် အရှင်သောဘနသည် ၄ဟန်းဝါ ၄-ဝါအရ ၁၂၉၀ ပြည့်နှစ်တွင် လောကုတ္တရာဆိုင်ရာ စာပေ၌ ဆရာပေါများလှသော မန္တလေး ရတနာပုံမြို့တော်သို့ တက်ခဲ့လေသည်။ များသောအားဖြင့် မန္တလေးသို့သွားသည်ကို စာသင်တက်သည်ဟု ဆိုလေ့ရှိကြ၏၊ သို့သော် အရှင်သောဘန အဖို့မှာမူ ဗဟုသုတရှာ တက်သည်၊ စာနာတက်သည်ဟု ဆိုမှ ပို၍ မှန်ကန်မည် ဖြစ်ပေသည်။

ထိုအချိန်သည်ကား မန္တလေးမြို့၌ ကျောင်းတိုက်ကြီးတို့တွင် စာသင်သား သံဃာလည်း ပေါများ စာအကျော်အမော် စာချဆရာတော်တို့လည်း တိုက်တိုင်းမှာလိုပင် ရှိကြ၍ စာသင်သားရော စာချဘုန်းကြီးပါ ပရိယတ်ကို သဲသဲမဲမဲ အားထုတ်ကြသော အချိန်ဖြစ်၏။ စာချဘုန်းကြီးများ ပေါလှသဖြင့် သာမန်တော်သော ဆရာတော်များ နာမည် များစွာပဆွက် နိုင်ခဲ့ပေ။ စာလည်း အလွန်တတ် စာချလည်း အလွန်ကောင်းမှသာ ထိုစဉ်က မန္တလေးမြို့တွင် နာမည်ရ စာချဆရာတော်ဖြစ်နိုင်လေသည်။ ထို့ကြောင့် ပရိယတ်တွင် နည်းစုံလိုသည်ဆိုလျှင် မန္တလေးမြို့သည် ကေန်မရောက်လျှင် မဖြစ်သည့် မြို့ဖြစ်လေသည်။ ထို့ကြောင့် အရှင်သောဘနသည် မိမိ၏ ဇာတိ ရပ်ရွာ ဆရာသမား မိဗစသူတို့ကို ခွဲခဲ့ကာ မန္တလေးသို့ ရွေးရှုထွက်ခဲ့ရတော့သည်။ မိမိနှင့် အဆက်အသွယ်ရှိသူများ အနောက်ပြင် ခင်မကန်တိုက် ဘုရားတော်ကျောင်းမှာ ရှိကြသဖြင့် ထိုကျောင်းသို့ပင် သွားရောက်ရလေသည်။

အရှင်သောဘနသည်ထိုခင်မကန်တိုက် ဘုရားတော်ကျောင်းမှာပင်သီတင်းသုံးနေထိုင်လျက် ဆရာ့ဆရာတော်ကြီးများထံ ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို

ထပ်မံ လေ့လာတော်မူလေသည်၊ ထိုစဉ်က အနောက်ပြင်တွင် ချမ်းသာကြီး ဦးလက္ခဏ ဆရာတော်မှာ နာမည်ကြီး၍ အကြိုက်များသော စာချဆရာ တော် ဖြစ်တော်မူသည်၊ ထိုဆရာတော်၏ စာဝါဆိုလျှင် အရှင်သောဘန သည် မလွတ်တန်း လိုက်ခဲ့သည်၊ ထို့ပြင် ဆရာတော် ဦးလက္ခဏကဲ့သို့ပင် နာမည်ကျော်ဖြစ်သော တောင်သမန်တိုက် ခင်မကန်တိုက် အလယ်တိုက်ကြီး အနောက်ဖက်ရှိ တိုက်သစ်ဆရာတော် ဦးဣန္ဒဝံသာဘိဝံသ စသော ဆရာတော် တို့၏ စာဝါတို့ကိုလည်း အလွတ်မပေးခဲ့ပေ။ ဤသို့လျှင် အရှင်သောဘန သည် ပရိယတ် နယ်ပယ်တွင် ကျော်ကြားသော ဆရာတော်များထံ ၁–နှစ် ကျော်မျှ နည်းခံ သင်ကြား ခဲ့လေသည်၊ မန္တလေး၌ နေသော နှစ်မှာ နည်းသည်ဟု ဆိုလိုကောင်း ဆိုလိုကြပေမည်။ သို့သော် ပင်ကိုယ် ဉာဏ် စွမ်းအားရှိ၍ စာနှံ့ပြီးသော အရှင်သောဘနအဖို့ကား တနှစ်ကျော်အချိန် သည် ကောင်းကောင်း လုံလောက်သည်ဟု ပင် ဆိုရမည် ဖြစ်ပါသည်။ တကြောင်းလည်း အရှင်သောဘနသည် မန္တလေးမြို့၌ ဤထက်ကြာကြာ နေရန်ပင် ရည်မှန်းချက် ရှိခဲ့မည်ဖြစ်ပါသည်၊ သို့သော် ၁၂၉၁–ခုတွင် မန္တလေးမြို့မှ ထွက်ခွါရန် အကြောင်းပေါ်ပေါက်လာ၍ကား မိမိရည်မှန်း ချက်အဘိုး မဟုတ်တော့ပဲ မန္တလေးမှ စောစော ထွက်ခွါခဲ့ရလေသည်။

အရှင်သောဘန မန္တလေးသို့ ရောက်သည့် ၁၂၉၀–ပြည့်နှစ်ကား ရေ မြက်ကြီးအင်း ရေလျှံသော နှစ်ဖြစ်၍၊ ထိုနှစ် အရှင်သောဘန၏ အစ်ကို ဝမ်းကွဲတဦး ပျက်စီး၍ ဆိပ်ခွန်သို့ ကွသောအခါ သင်္ဘောဖြင့် ကျောက် မြောင်းသို့ ကွ၍ ထိုမှတဆင့် ရွှေဘို ဆိပ်ခွန်သို့ ကွ၍ကြောင်း ဆရာ တော် အမိန့်ရှိပါသည်။

## မော်လမြိုင် တောင်ဝိုင်းကလေးသို့ ရောက်ခြင်း

ခင်မကန်တိုက်ဘွင် နေထိုင်လျက်ရှိသော အရှင်သောဘနထံသို့ တနေ့ သော် စာတစောင် ရောက်လာသည်၊ ထိုစာကား မော်လမြိုင် တောင်ဝိုင်း ကလေး တိုက်ကျောင်း ဆရာတော်ကြီးထံမှ စာဖြစ်၏၊ စာမှာ အရှင် သောဘနအား တောင်ဝိုင်းကလေးသို့လာ၍ တပည့်များအား စာချပေးစေ လိုကြောင်း အမိန့်ရှိသော စာဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် မော် လမြိုင်၌ ကျောင်းထိုင်နေသော်လည်း ဆိပ်ခွန်ရွာ ဇာတိဖြစ်တော်မူသည်၊ အရှင်သောဘန၏ စာမေးပွဲ အောင်မြင်မှု စသော ပရိယတ်ဆိုင်ရာ စွမ်း ဆောင်ချက်တို့ကို ကြားသိတော်မူပြီး ဖြစ်၍၊ ထို့ကြောင့်ပင် မိမိနှင့် ဇာတိ ချင်း တူသော အရှင်သောဘနကို ပရိယတ်သာသနာ ပြုရာ၌ အကူအညီ

ပေးရန် အခွင့်ရှိခြင်း ဖြစ်လေသည်။ ဆရာတော်ကြီးမှာ အလွန်လေးစား အပ်သော ပုဂ္ဂိုလ်ဖြစ်၍ ဆရာတော်ကြီး၏ စကားကို ပယ်ရှားရန် မသင့် သည်တကြောင်း၊ မိမိလည်း မန္တလေး၌ အတော်အတန် အားရအောင် ဆရာအမျိုးမျိုးထံမှာ နည်းခံအားထုတ်ပြီးသည်လည်း တကြောင်းကြောင့် ထိုနှစ် (၁၂၉၁) မှာပင် မော်လမြိုင်သို့ ထွက်ခွာခဲ့လေသည်။

မိမိဘဝ၌ ကဏ္ဍသစ်တခုကို အစပြုရန် ဌာနသစ်တခုသို့ ရွေးရှုထွက်လာ ခဲ့သော အရှင်သောဘနကို မော်လမြိုင် တောင်ဝိုင်းကလေးသည် ပော်ရွှေ စွာ ခရီးဦးကြိုလင့်သကဲ့သို့ ရှိနေလေသည်။ မှန်ပေသည်၊ မော်လမြိုင် တောင်ဝိုင်းကလေးဟု ခေါ်ရသော်လည်း အမှန်မှာ တောင်ဝိုင်းကလေး သည် မော်လမြိုင်မြို့တွင်းမှာ မဟုတ်ပေ။ မြို့၏အရှေ့ဖက် နှစ်မိုင်ကျော်ခန့် အကွာအရပ်၌ တည်ရှိသော ဌာနတခုသာ ဖြစ်လေသည်၊ ထိုအရပ်၌ တောင်စွယ်ငယ်တခုမှာ ခပ်ဝိုင်းဝိုင်းခပ်ဝိုက်ဝိုက်ဖြစ်၍ အနွတ္ထအားဖြင့်တောင် ဝိုင်းကလေးဟု သမုတ်ခံရသည်၊ မိုးများသော အောက်နိုင်ငံဖြစ်သည့်အတိုင်း ထို တောင်ကလေးသည် အမြဲတန်း စိမ်းလန်းစိုပြေလျက် ရှိသော သစ်ပင် မျိုးစုံဖြင့် တန်ဆာဆင်ထားသကဲ့သို့ ရှိသည်၊ မြို့နှင့် အလှမ်းကွာသဖြင့် တိတ်ဆိတ်မှုလည်းရှိသည်၊ တိတ်ဆိတ်မှုရှိသည် ဆိုရာ၌လည်း "သူတော် ကောင်းဘုံ၊ ကာမဂုဏ်၊ အာရုံဆိတ်ရမည်" ဆိုသည့်အတိုင်း လောကီအာရုံ တို့မှလည်း ဆိတ်သည်။ ပျော်ပွဲရွှင်ပွဲတို့ဖြင့် ပြည့်လျှံစည်ကားလျက်ရှိသော မြို့ကြီးပြကြီး အရပ်သည် လောကီအာရုံ လိုက်စားသူတို့ကို ဖိတ်ခေါ်နေ သကဲ့သို့ပင် သစ်ပင်သစ်ရိပ်ကောင်း၍ ကာမဂုဏ်မပါသော တရားမွေ့မှုမျိုး ဖြင့် မွေ့လျော်ဖွယ်ကောင်းလှသော ဌာနသည်လည်း သူတော်ကောင်း တို့ကို ဖိတ်ခေါ်နေသကဲ့သို့ပင် ရှိခဲ့ပေသည်။ ထို့ကြောင့်ပင် တောင်ဝိုင်း ကလေးကို မြင်လိုက်ရသည်ဆိုလျှင်ပင် မြင်ရသူ၏ စိတ်ဓာတ်သည် တရား ဖက်သို့ ဦးလှည့်ပြီးသား ဖြစ်၍နေတော့သည်။ သို့ကြောင့်ပင်လည်း တောင် ဝိုင်းကလေး၌ ကုသိနာရုံ၊ သိတာရုံ၊ ပဓာနိကာရုံ၊ သရက်တောကျောင်း၊ ဇေတဝန်ကျောင်း၊ တိုက်ကျောင်း စသော ကျောင်းတို့ အစီအရီ ပေါ်လာ ကာ အေးချမ်းစွာဖြင့် ပရိယတ်ပဋိပတ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်တို့ တနေ့တခြား ပေါများလာခဲ့ခြင်း ဖြစ်လေသည်။ အရှင်သောဘနကို ဆီး ကြိုလျက်ရှိသော တောင်ဝိုင်းကလေးကား မြင်ရုံဖြင့်ပင် စိတ်ဓာတ်ကို တည်ငြိမ်ကြည်နူးသွားစေနိုင်သော သစ်ပင် တောတောင် စသော သဘာဝ အသိုင်းအဝိုင်းတို့ဖြင့်၎င်း၊ ရဟန်းတော်တို့အတွက် သဒ္ဓါတရား ထက်သန် သူတို့က မွန်မွန်မြတ်မြတ် ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတို့ဖြင့် ၎င်း တန်ဆာဆင်အပ်သည်ဖြစ်၍ ဆိတ်ငြိမ်မှုလိုလားကာ ပရိယတ် ပဋိပတ် တရား၌ စိတ်ထက်သန်သော သံဃာတော် အရှင်မြတ်တို့နှင့် ပြည့်နှက်နေသော

သူတော်ကောင်းဘုံတခု ဖြစ်လျက် နေပါတော့သည်။ အရှင်သောဘန သီတင်းသုံးရန် ရောက်လာခဲ့သော တောင်ကား ထိုကျောင်းဝိုင်းကလေးရှိ တိုက်ကျောင်းပင် ဖြစ်ပေသည်၊

အရှင်သောဘနသည် ဇာတိတူဖြစ်သော တိုက်ကျောင်း ဆရာတော်ဘုရားကြီးကို အမှီပြု၍ ထိုတိုက်ကျောင်း၌ သီတင်းသုံးကာ တပည့်စာသင်သားတို့အား ပရိယတ္တိစာပေ ပို့ချပေးခြင်းဖြင့် သာသနာ့တာဝန် ကျောင်းတိုက်တာဝန်ကို ထမ်းဆောင်လေသည်၊ သိတ်ငြိမ်မှု လိုလားသော မိမိဓာတ်ခံနှင့် ကိုက်ညီလှသော တောင်ဝိုင်းကလေး တိုက်ကျောင်း၌ အရှင်သောဘနသည် ၁၂၉၃-ခုနှစ်တိုင်အောင် ပျော်မွေ့စွာဖြင့် ဆရာတော်ကြီး၏ အလိုဆန္ဒကို ဖြည့်ယင်း တပည့်များအား စာပေပို့ချ ပေးသည့်အပြင် ကိုယ်တိုင်လည်း ပါဠိတော် အဋ္ဌကထာ ဋီကာများကို ကြည့်ရှုလေ့လာသည်။ ထိုသို့လေ့လာရာတွင်လည်း အရှင်သောဘနသည် ဒီဃနိကာယ် မဇ္ဈိမနိကာယ်တို့၌ လာသော မဟာသတိပဋ္ဌာနသုတ်ကို အဋ္ဌကထာဋီကာတို့နှင့်တကွ အားခုပါးရ လေ့လာလေသည်၊ အဘယ်ကြောင့် ဤသုတ်ကိုမှ ဂရုတစိုက် အထူးတလည် လေ့လာနေရသနည်း၊ အကြောင်း ရှိပါသည်၊ ထိုအကြောင်းကပင် အရှင်သောဘန၏ သာသနာရေးဆိုင်ရာ လုပ်ငန်းကို လမ်းပြောင်းပေးလိုက်ပါတော့သည်၊

## အရှင်သောဘန နှင့် ပဋိပတ်

အရှင်သောဘန၏ ဇာတိရွာဖြစ်သော ဆိပ်ခွန်ရွာ တည်ရှိသည့် နယ်မြေသည် ထူးခြားသော နယ်မြေဖြစ်၏၊ ပရိယတ် ပဋိပတ်ကို အလေးပေးသော ဆရာတော်ကြီးများ သီတင်းသုံးခဲ့ရာနယ်မြေဖြစ်သောကြောင့်တည်း။ ဆိပ်ခွန်ရွာမှ မြောက်အရှေ့ ယွန်းယွန်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် စေတီကြီးတဆူကို အဝေး၌ ဖူးတွေ့ရမည်ဖြစ်၏၊ ထိုစေတီတော်ကြီးကား မြန်မာနိုင်ငံ ပဋိပတ် နယ်ပယ်တွင် အလွန်ထင်ရှား ကျော်ကြားတော်မူသော ဈာန်အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ကြီးဟု မှတ်ယူခြင်းခံရသော သီးလုံးဆရာတော်ကြီး၏ အရိုးအိုး စေတီတော် ပေတည်း၊ ယင်းစေတီတော်ကြီး၏ ဒါယကာမှာ မင်းဘုန်းမင်းဘုရားကြီးဖြစ်သည်၊ ထိုစေတီတော်တည်ရှိရာ အရပ်မှာ ဆရာတော်ကြီး တောရ ဆောက်တည်သည့် နေရာပင်ဖြစ်သည်။ (ဆရာတော်ကြီး၏ ပဋိပတ် ဆိုင်ရာနှင့် ပတ်သက်သော အံ့ဖွယ်သရဲ ထူးကဲသော အကြောင်းများကို မဟာစည် ဝိပဿနာ ရှုနည်း ကျမ်း၏ နိဒါန်း၌၎င်း၊ ယောဂီညွှန်ပေါင်းကျမ်း၏ နိဒါန်း၌၎င်း တွေ့ရှိနိုင်ပေသည်။ အလိုရှိက ထိုကျမ်းတို့မှာ

ကြည့်ပါ။ ဤကျမ်း၏ အစပိုင်းအခြေခံ အကြောင်းရင်း စသည်၌လည်း ပြထားခဲ့ပြီ။)

တဖန် ထိုဆိပ်ခွန်ရွာမှ တောင်ဖက် အရှေ့ယွန်းယွန်း ၅-မိုင်ခန့်အကွာ တွင် မဟာဗိုလ်ရွာ တည်ရှိပြန်သည်၊ မဟာဗိုလ် ဆရာတော်ကြီးမှာလည်း ပဋိပတ်ကို အလေးပေးသော တောပျော်ဆရာတော်ကြီး ဖြစ်၏၊ မင်းတုန်း မင်းကြီးလက်ထက်၌ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးပင်။

ဤဆရာတော်ဘုရားကြီး ၂-ပါးတို့၏ ပဋိပတ် ဂုဏ်သတင်းမှာ အထူး သဖြင့် ထိုသီးလုံး မဟာဗိုလ်နယ်များတွင် ပြန့်နှံ့လျက်ရှိရကား ထိုရွာ ၂-ခု တို့၏ အကြားအချပ်၌ တည်ရှိသောဆိပ်ခွန်ရွာသည် ထို ဆရာတော်ဘုရားကြီး တို့၏ ဂုဏ်နံ့ သင်းပျံ့ကြိုင်လှိုင်ရာ အရပ်ပင် ဖြစ်တော့သည်၊ ထိုဆရာတော် ကြီးများ၏ အကြောင်းချင်းတတွေကိုလည်း ထိုနယ်ရှိ ပုဂ္ဂိုလ်များသည် သက် ကြီးစကား သက်ငယ်ကြားဖြင့် အနည်းနှင့် အများဆိုသလို သိရှိကြသည် ပင် ဖြစ်လေသည်။

ထို့ပြင် အရှင်သောဘန၏ ဆရာစဉ်ဆက်ကို ကြည့်မည်ဆိုလျှင်လည်း အရှင်သောဘနသည် သီးလုံးဆရာတော် မဟာဗိုလ်ဆရာတော်တို့မှ ဆင်း သက်လာမည်ကို တွေ့ရမည်ဖြစ်ပါသည်။ မှန်ပေသည်၊ အရှင်သောဘန၏ ဥပဇ္ဈာယ်ဖြစ်တော်မူသော သုမေဓါဆရာတော် (ဦးနိမ္မလ)၏ ဆရာကား ပင်လယ်ဆရာတော် ဦးဝိစာရ ဖြစ်၍ ထိုဆရာတော်၏ ဆရာကား မန္တလေး မာဃဒေဝရာမတိုက် ဆရာတော် ဦးခေမိန္ဒဖြစ်၏။ ယင်း ဦးခေမိန္ဒကား မဟာဗိုလ် ဆရာတော် (ဦးပဒုမ) ၏ တပည့် ဖြစ်လေသည်။ မဟာဗိုလ် ဆရာတော်၏ ဆရာကား မန်ကျီးကန် ဆရာတော် ဦးနာဂဒေနှင့် သီးလုံး ဆရာတော် (ဦးစန္ဒိမာ) တို့ပင်ဖြစ်လေသည်၊ ထို့ကြောင့်ပင် ဤနယ် ဤဇာတ်ဝန်းကျင် ဤဆရာစဉ်ဆက်တွင် ကြီးပြင်းခဲ့ရသော အရှင်သောဘန အဖို့ ပဋိပတ်၌ စိတ်မညွတ်ပဲ မနေနိုင်အောင် ဖြစ်ရသည်။ ပင်ကိုယ် သဘောအားဖြင့်လည်း နက်နဲတည်ငြိမ်သော သဘောရှိခဲ့သော အရှင်ဖြစ်ရာ ထိုဆရာတော်ဘုရားကြီးတို့၏ ပဋိပတ် နည်းနာနိဿယတို့၌ စိတ်ဝင်စားခဲ့ သည်မှာ သဘာဝကျလှပါသည်၊

ထို့ပြင် အရှင်သောဘနသည် စာချ ဘုန်းကြီးအဖြစ်သို့ ရောက်ပြီးဖြစ်၍ ဘုရားဟော စာပေတို့ကို အတော် အဝါးဝစွာ လေ့လာပြီးဖြစ်၏ ပါဠိ တော်တို့၌ မဂ်ဖိုလ်ပေါက် ကျင့်နည်း ကြံနည်းတို့ကို ဟောထားသော ဒေသ နာများများစွာရှိ၏၊ ထိုပါဠိတော်တို့နှင့်အညီ လက်တွေ့ ကျင့်ကြံနည်း တို့ကို ဝိသုဒ္ဓိမဂ်၌ ပြဆိုထား၏၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က ကာလာမ သုတ် ဟု ထင်ရှားသော ကေသမုတ္တိ သုတ်၌ မည်သည့် ဟောပြချက်ကို

မဆို အာစ်ဆေးမရှိ လက်ခံမှုကို မပြုပဲ မိမိကိုယ်တိုင် သိမြင်အောင် အားထုတ်၍ အကျိုးရှိသော တရားဖြစ်လျှင် လက်တွေ့လိုက်နာကျင့်ကြံ၍ အကျိုးမရှိသော တရားဖြစ်လျှင် ပယ်ရှောင်ရမည်ဟု ဟောတော်မူထားသည်။ ထို့ကြောင့် မိမိလေ့လာ ဆည်းပူးထားသော သဘော တရားဆိုင်ရာ အချက်အလက်တို့ကို လက်တွေ့ ကျင့်သုံးမှုဖြင့် အထွတ်တပ်ရန်များစွာ အလိုရှိခဲ့သည်။ စာသင်စာချဘဝဖြင့် သာသနာ့ဝန်ကို ထမ်းရွက်နေစဉ်မှာပင် ပဋိပတ်နယ်ဆီသို့ စိတ်ကို စေလွှတ်ထား၍ မဝေးလှသော တနေ့တွင် "ငါသည် လက်တွေ့ လေ့လာအားထုတ်မည်" ဟူသော အဓိဋ္ဌာန်ကို ခိုင်မြဲစွာ ဆောက်တည်ခဲ့သည်။

မှန်ပေသည်၊ မြတ်စွာဘုရား၏ တရားတော်မှာ တဆင့်ကြား၊ ဝါ-စာပေတွေ့ သိနေရုံမျှဖြင့် တင်းတိမ်ရမည့် တရားမဟုတ်ပါ၊ လက်တွေ့ လေ့လာ ကျင့်သုံးရမည့် တရားသာ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဇာတိဘေး စသည်တို့ဖြင့် ကြောက်စရာကောင်းလှသော ဝဋ်သံသရာကြီးမှ ထွက်မြောက်ရန်၊ သို့မဟုတ် လောဘ ဒေါသ မောဟ စသော တရားဆိုးတို့ကို အကြွင်းမဲ့ ပယ်ရှား သုတ်သင်ရန် နည်းအမျိုးမျိုးကို ဟောထားတော်မူခဲ့၏၊ ထိုနည်းတို့ကို စာတွေ့အရ သိအောင် . အားထုတ်၍ လက်တွေ့သုံးမကြည့်ပါလျှင် အကျိုးပြီးမည် မဟုတ်ပါ။ ဆေးနည်းကို သိထားသော်လည်း ဝါ· မိမိမှာ ဆေးရှိနေသော်လည်း ထိုဆေးကို မဖော်မစားပါက ဆေး၏ အကျိုးကို ခံစားရမည်မဟုတ်ပါ။ ဆေးဆိုသည့် ပစ္စည်းသည် နည်းကို သိရုံသက်သက်ဖြင့် ဝါ- ရှိထားရုံသက်သက်ဖြင့် အကျိုးမရှိ၊ လက်တွေ့စားမှသာ အကျိုးရှိသော ပစ္စည်းမျိုး ဖြစ်သည်။ မြတ်စွာဘုရား၏ တရားတော်သည်လည်း လောဘ, ဒေါသ, စသော ရောဂါ ဇာတိ ဇရာ စသော ရောဂါတို့ကို ပယ်ဖျောက်မည့် ဆေးပင် ဖြစ်ရာ လက်တွေ့ မကျင့်သုံးပါလျှင် အဘယ်မှာ အကျိုး ရှိပါမည်နည်း။ မြတ်စွာဘုရား တရားတော်ကို လက်တွေ့မကျင့်သုံးပါလျှင် မိမိမှာရှိသော ကြောက်မက်ဖွယ် ရောဂါကို ပယ်ဖျောက် နိုင်သော ဆေးရှိပါလျက် ထိုဆေးကို အသုံးမပြုသော သူကဲ့သို့သာ ဖြစ်ပါသည်။

ယခုအခါတွင် ဘုရားဖူးလမ်းညွှန် စာအုပ်များ ခရီးသွားမှတ်တမ်းစာအုပ်များကို တွေ့ရ၍ ထိုစာအုပ်များကို ဖတ်ထားလျှင် ထိုအရပ်တို့သို့ကိုယ်တိုင် မရောက်ဘူးသော်လည်း ထိုအရပ်တို့ဆိုင်ရာ အကြောင်းအရာများကို အခြားသူများအား တဆင့်ပြောပြနိုင်သည်၊ သို့သော်ထိုသူ၏ အသိမှာ တဆင့်ခံ အသိမျှသာဖြစ်၍ ကိုယ်တိုင်ရောက်ဖူးသူ၏ အသိနှင့်ကား ကွာချင်တိုင်းကွာပေမည်၊ မည်သည့်နေရာ၌ မည်သည့်စခန်းရှိ၍ မည်သည့် အရာဝတ္ထုများ

ရှုခင်းများကို တွေ့နိုင်သည်ဟု ဆိုထားသော်လည်း ကိုယ်တိုင် သွားကြည့်သောအခါမှာမူ ပြောင်းလဲမှုများ ရှိကောင်း ရှိနေမည်ဖြစ်၏။ စာအုပ်က ညွှန်ထားသောလမ်းထက် ကောင်းသောလမ်း ညံ့သောလမ်း တိုသောလမ်း ရှည်သောလမ်း ဖြတ်လမ်း ဘေးပို၍ကင်းသောလမ်း စသည်တို့လည်း တွေ့ချင်လျှင် တွေ့မည်ဖြစ်၏၊ စာအုပ်မှာ မပါသော အတွေ့အကြုံများကိုလည်း အများအပြားပင် တွေ့မည်ဖြစ်၏။ ထို့ကြောင့် ထိုသူ၏ ထိုဌာနဆိုင်ရာ အသိသည် ထိုဌာနသို့ သူကိုယ်တိုင် မရောက်သေးသမျှ တဆင့်ခံ အနေမှာသာ ရှိမည်ဖြစ်၏၊ ထိုဌာနသို့ ရောက်ဖူးသူဟုလည်း မိမိကိုယ်ကို မဆိုနိုင်၊ ထို့ကြောင့် ထိုဌာနနှင့် ပတ်သက်လာလျှင် မိမိမှာ စာအုပ်မှာ ပါသလောက်ကိုလည်း ပိုင်ပိုင်နိုင်နိုင် မဟုတ်ပဲ စာအုပ်ကတော့ ဒီလိုဆိုတာပဲ စာအုပ်မှာ ဒီလိုပါတယ် စသည်ဖြင့်သာ ပြောပြနိုင်မည် ဖြစ်လေသည်။ ကိုယ်တိုင်သွားရောက်ပြီးလျှင်ကား မိမိတွေ့မြင်ခဲ့ရတွေ့ကြုံခဲ့ရသောအရာတို့ကို ပိုင်နိုင်စွာပြောပြနိုင်ပေလိမ့်မည်၊ စာဖတ်သူသည် ထိုဌာနသို့ သွားနိုင်သော အခြေအနေရှိသူ ဖြစ်ပါမူ လမ်းညွှန်စာအုပ်မျှဖြင့် ဝါ-လမ်းညွှန်စာအုပ်ကိုဖတ်၍ တဆင့်ပြန်ပြောသော စကားကို နားထောင်ရုံမျှဖြင့် ကြေနပ်နိုင်ပါမည်လား၊

အရှင်သောဘနသည် စာအုပ်မျှကိုသာ ဖတ်ရသူအဖြစ် စာအုပ်မျှကိုသာ ဖတ်၍ တဆင့်ပြောရသူ အဖြစ်တို့ကို မလိုလားပေ ကိုယ်တိုင် ထိုဌာနသို့ ရောက်ဖူး၊ အတွေ့အကြုံရှိဖူးသူ အဖြစ်ကိုသာ လွန်စွာ လိုလားတော်မူသည်၊ ထိုသို့လိုလားသဖြင့်လည်း ပဋိပတ်၌ ညွှတ်ကိုင်းတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် ဘုရားဟော ပါဠိတော်များမှာ လမ်းညွှန် စာအုပ်များသဖွယ် ဖြစ်သည်ဟု ဆိုရသော်လည်း လမ်းညွှန်စာအုပ်များ၌ အမှားပါဝင်းမည် မဟုတ်သော်လည်း ပါဠိတော်တို့၌ကား ထိုသို့မဟုတ်ပါ၊ ကိုယ်တော်တိုင်လည်း တွေ့ပြီး သဗ္ဗညုတဉာဏ်ရှင်လည်း ဖြစ်တော်မူသော ဘုရား၏ စကားတော်များဖြစ်၍ အမှန်ချည်းသာ ဖြစ်မည်ဆိုသည်ကိုမူ စိတ်ချလက်ချပင် ယုံကြည်ရမည် ဖြစ်ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို လက်တွေ့ကျင့်သုံးသည်ဆိုရာ၌ ဟုတ်မှဟုတ်ပါမည်လား မှန်မှမှန်ပါမည်လား စသော သံသယဝိဘ်ဇုံစန်းဝိဘ်တို့ဖြင့် ကျင့်သုံးသည်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ ကိုယ်တိုင် ကျင့်သုံး၍ကြည့်လျှင် မိမိကိုယ်တိုင် တွေ့ကြုံရသော အတွေ့သည် ဘုရားဟောနှင့် ကိုက်ညီနေကြောင်း တွေ့ရမည်မှာ သေချာလှသည်၊ ထိုအခါ မြတ်စွာဘုရား အပေါ်၌ရှင်း၊ တရားတော် အပေါ်ရှင်း၊ အလွန်အားကြီးသော ယုံကြည်မှု သဒ္ဓါတရားတို့ ဖြစ်ပေါ်လာမည်မှာ ကောန်ပင်။ ကိုယ်တိုင် မတွေ့မီက ကြည်ညိုခဲ့ ယုံကြည်ခဲ့သည်မှာ ပုဂ္ဂိုလ်အပေါ် ယုံကြည်မှုကြောင့် ဖြစ်သော်လည်း ကိုယ်တိုင်

ဘွဲ့ပြီးနောက် ယုံကြည်ခြင်းမှာမူ ထို့ထက် အဆအရာ အထောင်မက ခိုင်မြဲသော မည်သူမျှ ဖျက်စီး၍ မရသော ခိုင်မာလှသည့် ယုံကြည်မှုမျိုးသာ ဖြစ်ပါသည်။

လောကူပမာအားဖြင့် ပြောရလျှင် လွန်ခဲ့သည့်နှစ်က ရန်ကုန် ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကို ပြင်ဆင်ရန် ငြမ်းဆောက်ခဲ့သည်၊ ထီးတော်အထိ တက်ရောက်ဖူးမျှော်သူများကိုလည်း တက်ရောက် ဖူးမျှော်ခွင့် ပြုခဲ့သည်၊ ကုသိုလ်ကောင်း၍ ကိုယ်တိုင် တက်ရောက် ဖူးမျှော်ရသူတို့သည် ထီးတော်တွင် ခေါင်းလောင်းအမျိုးမျိုး ချိတ်ဆွဲထားပုံ ငှက်မြတ်နား စိန်ဖူးနှင့်တကွ ထီးတော်၌ အလွန်အဖိုးတန်သော ကျောက်မျက်ရတနာများ စီချယ်ထားပုံကို မျက်မြင်တွေ့ကြရလေသည်။ ထိုသူတို့၏ ထီးတော်ကြီးနှင့်ပတ်သက်သော အသိမှာ တကယ် ခိုင်မာသော အသိဖြစ်၏၊ ထီးတော်ကြီးနှင့်ပတ်သက်၍ ရှေးဟောင်းမှတ်တမ်းများ၌ ရေးသားထားသော အကြောင်းအရာများမှာ အမှန်အကန်ဖြစ်ကြောင်း ကိုယ်တိုင်သိသွားကြ၏။ ထိုသူတို့အား တစုံတယောက်သောသူက "ထီးတော်ကြီး၌ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ ရှိသည်ဆိုသည်မှာ ကြွားလုံးသာ ဖြစ်သည် ထီးတော်ကြီး ငှက်မြတ်နား စိန်ဖူးတို့၏ ပုံဆိုသော ဓာတ်ပုံများမှာလည်း ဓာတ်ပုံပညာဖြင့် လိမ်ညာ၍ ဖန်တီး၍ ရိုက်ထားပုံများသာဖြစ်သည်"ဟု ပြောလာခဲ့သော် ထိုသူကို "စိတ်မူမမှန်သူ"ဟု ဆိုပေလိမ့်မည်၊ ထိုသူ၏ စကားကြောင့် သူတို့၏ ယုံကြည်မှုအသိမှာ နည်းနည်းမျှပင် တုန်လှုပ်လိမ့်မည်မဟုတ်ပေ၊ အကြောင်းကား ကိုယ်တိုင်မြင်ထားသောကြောင့်တည်း၊ အရှင်သောဘနလည်း ထိုကဲ့သို့သော ရတနာ ၃-ပါး၌ မလှုပ်မယိုင် ခိုင်မာလှသော သဒ္ဓါတရားကို ရလိုသည်၊ မိမိ၏ ကိုယ်တွေ့အသိဖြင့် မြတ်စွာဘုရား၏ စကားတော်များကို အားပါးတရ ဘောက်ခံလိုသည်၊ ဤအကြောင်းကြောင့်လည်း အရှင်သောဘနသည် ပဋိပတ်ကို ကိုယ်တိုင်လက်တွေ့ အားထုတ်လိုခြင်း ဖြစ်လေသည်။

ပဋိပတ်ကို လက်တွေ့အားထုတ်လိုသူသည် နည်းပေါင်းများစွာ ရှိသည့်အနက်မှ မိမိကြိုက်နှစ်သက်ရာ နည်းကို ရွေးချယ်ရမည်ဖြစ်၏၊ ဝိသုဒ္ဓိမဂ်၌ သမထဝိပဿနာဆိုင်ရာ ထိုနည်းတို့ကို အကျယ်တဝင့် ဖွင့်ဆို ရေးသားထားသည်ကို တွေ့နိုင်သည်၊ သို့သော် နည်းရှိသမျှကို အားထုတ်ရမည် မဟုတ်၊ တနည်းနည်းကိုသာ အားထုတ်ရန်ဖြစ်သည်။ အရှင်သောဘနသည် သာမဏေဘဝကပင် မဟာသတိပဋ္ဌာန်သုတ်ကို လေ့လာကြည့်ရှုသောအခါ ထိုသုတ်နိဂုံးလာ ဘုရားရှင်၏ အာမခံချက်ကို တွေ့ရှိ၍ သဘောကျခဲ့ဘူးသည်၊ ထိုအာမခံချက်ကား "သတိပဋ္ဌာန် တရားကို အားထုတ်လျှင်

အကြာဆုံး ၇-နှစ်၊ အမြန်ဆုံး ၇-ရက် အတွင်းမှာပင် ရဟန္တာသော်၎င်း အနာဂါမ်သော်၎င်း ဖြစ်နိုင်သည်'' ဟူ၍ပင် ဖြစ်၏။ မြတ်စွာဘုရား၏ အာမခံတော်မူချက်မှာ အားတက်ဖွယ် ကောင်းပါဘိသည်၊ ထို့ကြောင့် ကမ္မဋ္ဌာန်းကို အလေးအနက် အားထုတ်မည့် ပုဂ္ဂိုလ်သည် အဆိုပါ အာမခံချက်ကို တွေ့သိထားသူဖြစ်ပါလျှင် သတိပဋ္ဌာန်ကိုပင် ရွေးချယ်မည်မှာ သေချာလှပေသည်။ ထို့ကြောင့်ပင် အရှင်သောဘနလည်း သတိပဋ္ဌာန်ကို အားထုတ်ရန် ဆုံးဖြတ်ချက် ချထားခဲ့လေသည်၊

သတိပဋ္ဌာန်ကို အားထုတ်ရန် ဆုံးဖြတ်ချက် ချခဲ့ပြီးနောက် အရှင်သောဘနသည် သတိပဋ္ဌာန်သုတ်ကို ကျကျနန လေ့လာခဲ့သည်၊ အဋ္ဌကထာ ဋီကာတို့နှင့် တိုက်ဆိုင်၍ မြတ်စွာဘုရား ဆိုလိုတော်မူရင်း အာဘော်ကို ပိုင်နိုင်သည်အထိ လေ့လာခဲ့သည်၊ အဋ္ဌကထာကို အလွတ်ရလု နီးပါးမျှ ဖြစ်အောင်ပင် သဲသဲမဲမဲ လေ့လာခဲ့သည်။ ထို့ကြောင့် တောင်ဝိုင်းကလေးမှ ထွက်ခါနီးအချိန်တွင် အရှင်သောဘနအဖို့ စာတွေ့ဗဟုသုတမှာ ပြည့်စုံနေပြီးပင် ဖြစ်သည်။ ကျမ်းဂန်ကိုပင် ဆရာအရာသား၍ အားထုတ်မည်ဆိုလျှင်ပင် အတိုက်အလျောက် ဖြစ်နိုင်လောက်ပြီ၊ သို့သော် ကမ္မဋ္ဌာန်းတရား အားထုတ်သည့် အလုပ်မှာ လက်တွေ့လုပ်ရသော အလုပ်ဖြစ်၍၊ လက်တွေ့လုပ်ရသော အလုပ်၌ လက်တွေ့လုပ်ဖူးသော ဆရာကို အမှီပြုလျှင် သာ၍ ခရီးရောက်မည်၊ အချိန်ကုန်လူပန်း အဖြစ်ကို ရှောင်နိုင်မည်၊ လက်တွေ့ လေ့လာထားပြီးသော ဆရာ၏ ညွှန်ကြားချက်ကို လိုက်နာရလျှင် မိမိအဖို့ များစွာ အကျိုးရှိမည်၊ လမ်းမှန်သို့ ရောက်မည်ကိုလည်း စိတ်ချယုံကြည်နိုင်သည်။

ယခုအခါတွင် စက်တခုခုကို ဝယ်သောအခါ ထိုစက်ဆိုင်ရာ လမ်းညွှန်စာအုပ်ကလေးလည်း ပါလာစမြဲ ဖြစ်၏၊ သို့သော် ထိုစာအုပ်ကို ဖတ်၍ နားလည်အောင် လုပ်ရသည်မှာ ပင်ပန်းပါဘိသည်၊ အချို့နေရာများတွင် မိမိ၏ အသိမှားမှုကြောင့် လုပ်ကိုင်၍ မဖြစ်သည် များကိုလည်း ကြုံရမည် ဖြစ်၏ အကယ်၍ ထိုစက်မျိုးကို လက်တွေ့သုံးဘူးသော ပုဂ္ဂိုလ်၏ ညွှန်ကြားပြသမှုကို ရပါလျှင် အသွန် သက်သာ လွယ်ကူစွာဖြင့်လည်း နားလည်မည်၊ အမှန်အကန်လည်း နားလည်မည်မှာ သေချာလှသည်၊ အချို့ အင်္ဂလိပ်စာ မတတ်၍ စာအုပ်ကို မဖတ်နိုင်သော်လည်း လက်တွေ့ အသုံးပြုထားသဖြင့် ဆိုင်ရာ စက်အကြောင်းကို ကောင်းကောင်း နားလည်နေသူများ ရှိကြ၏၊ ထိုသူများကို ဆရာတင်လိုက်ရလျှင် စာအုပ် ဖတ်တတ်သူပင် ဖြစ်သော်လည်း များစွာ အချိန်ကုန် သက်သာစွာဖြင့် စက်ကို အသုံးပြုတတ်သွားမည် ဖြစ်၏၊ လက်တွေ့ လုပ်ငန်းတွင် ဆရာမှာ ဤမျှ အရေးကြီးသည်၊ ဆရာ ပြုလျှင်

ဆင်ကန်းတောတိုးပမာ စမ်း၍ မှန်း၍သာ လုပ်ရသဖြင့် လမ်းမှန်သို့ ရောက်ရန်မှာ လွန်စွာ ခဲယဉ်းသည်၊ ထို့ကြောင့်ပင် မြတ်စွာဘုရားက "ယာထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ဟု အမှန်အကန် အသိဉာဏ်ကို ရရန် ဆရာကို ရှာမှီးရမည် ဖြစ်ကြောင်း မိန့်တော်မူခဲ့ခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရား၏ မိန့်ခွန်းတော်အရရင်း၊ မိမိ၏အသိအရရင်း လက်တွေ့သင်ပြပေးမည့် ဆရာ၏ အရေးကြီးပုံကို သိပြီးဖြစ်သော အရှင်သောဘနသည် ထို့ကြောင့်ပင် ဆရာရှာရန် အားထုတ် ရပြန်သည်၊ ဤဆရာ ရရှိရေးတွင် အရှင်သောဘနသည် အချိန်အခါအရရင်း၊ နေရာဌာနအရရင်း ကံကောင်းခဲ့သည်ဟု ဆိုရပေမည်။

ခြုံပါအံ့ဦး၊ သတိပဋ္ဌာန်နည်းကျ တရားအားထုတ်နည်း နိဿယတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တထောင်တိုင်အောင် ထွန်းကားခဲ့သည်ဟု ဆိုနိုင်သော်လည်း ယင်းမှ နောက်ပိုင်းတွင် အားထုတ်သူနည်းပါး၍ တစတစ တိမ်မြုပ်လာခဲ့သည်ဟုပင် ဆိုရမည်ဖြစ်၍ စနစ်တကျ အားထုတ်နည်း ပြနိုင်သော ဆရာများလည်း ရှားသည်ထက်ရှား ဖြစ်ခဲ့ရာ သတိပဋ္ဌာန်တရားကို ပြည့်ပြည့်ဝဝ နည်းလမ်း ကျစွာ အားထုတ် နိုင်ရန်မှာ မဖြစ်နိုင်သလောက် အခြေသို့ ရောက်ခဲ့ရသည်။ စိတ်အားပြော့၍ လက်လျှော့ရမည့် အခြေသို့ပင် ရောက်သုနီးဖြစ်ခဲ့သည်၊ သီးလုံးဆရာတော် ဘုရားကြီးသည် မိမိသဘောကျ နှလုံးသွင်း အားထုတ်သည့်အတိုင်း ဘောပါမည်ဟု စကား ပလ္လင်ခံပြီး အနာဂါမ် မဂ်ဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ၊ ဝိပဿနာ ဉာဏ်များဖြစ်ပုံ၊ မဂ်ဖိုလ်သို့ရောက်ပုံ ဖလသမာပတ် ဝင်စားပုံတို့ကို ကျနစွာ ဟောပြောတော်မူခဲ့သည် ဟု ရှေးမှီ ဆရာတော်များ မိန့်တော်မူခဲ့ကြ၏၊ ထိုသီးလုံး ဆရာတော် ဘုရားကြီးသည် ထိုအကြောင်းကို ကျမ်းဂန်အဖြစ် မရေးခဲ့ဟုလည်း သိရ၏၊ သီးလုံးဆရာတော်ဘုရားကြီးအထံမှ နည်းရလိုက်သော ပုဂ္ဂိုလ်များ မရှိတော့ပြီလော၊ သီးလုံးဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ အန္တယ်ဆက် ရှိသေးလျှင်ကား မျှော်လင့်ချက် ရောင်ခြည်မှာ လုံးဝ ဆိတ်သုဉ်းသွားပြီဟု မဆိုနိုင်၊ ထိုပုဂ္ဂိုလ်များ တနေရာရာမှာ ရှိပါသေးသလော။

ဤအချက်မှာပင် အရှင်သောဘန အဖို့ ကံကောင်းသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် မော်လမြိုင်မှ အလှမ်းမဝေးလှသော သထုံမြို့ မင်းကွန်းဇေတဝန် ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်ဆိုင်ရာ လက်တွေ့ အားထုတ်နည်းတို့ကို ပြသတော်မူလျက်ရှိသည်၊ ထိုသို့ ပြသလာသည်မှာ အနှစ် ၃၀-ခန့်ပင် ရှိပြီဆိုသဖြင့် ဆရာတော်ဘုရားကြီး ပြသသော နည်းမှာ နည်းမှန် ဖြစ်လိမ့်မည်ဟု ယူဆရ

သည်။ ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းနည်း အကြောင်းကို ထပ်မံစုံစမ်းသောအခါ ဆရာတော်ဘုရားကြီးသည် သီးလုံးဆရာတော်၏ အနွယ်အဆက် ဖြစ်သည်ကိုပါ အံ့ဩဝမ်းမြောက်ဖွယ်ရာ အရှင်သောဘန တွေ့ရှိရလေသည်။

ဇေတဝန်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုး အလယ်တောရ ဆရာတော်ဘုရားကြီးထံမှ နည်းနိဿယ ခံယူမှတ်သားခဲ့ဘူးသည်ဟု ဆိုသည်၊ ထိုအလယ်တောရ ဆရာတော် ဘုရားကြီးကား သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်များစွာတို့တွင် တပါး အပါအဝင်ဖြစ်သော ဆရာတော်ကြီး ဖြစ်တော့သည်၊ ထို့ကြောင့် ဇေတဝန်ဆရာတော်ဘုရားကြီး၏ နည်းမှာ သီးလုံး ဆရာတော်ဘုရားကြီးမှ အဆက်မပြတ်ပဲ ဆင်းသက် လာခဲ့သော လက်ခံတွေ့နည်းများ ဖြစ်မည်ကို ယုံကြည် စိတ်ချနိုင်သည်။ တောင်ဝိုင်းကလေးမှ အရှင်သောဘနတရားရှာထွက်မည့် ထိုအချိန်တွင် ဇေတဝန်ဆရာတော်ကြီး ကိုယ်တိုင် အပ္ပမာဒ သတိပဋ္ဌာန် နည်းလမ်းတို့ကို ညွှန်ကြားပြသနေသဖြင့် အချိန်အခါအားဖြင့်လည်း အရှင်သောဘန အဖို့ ကံကောင်းသည်ဟု ဆိုရသည်။ ဆရာတော် ဘုရားကြီး တရားပြသရာ သထုံမြို့မှာ မော်လမြိုင်နှင့် ဝေးလှသည် မဟုတ်သဖြင့် သွားရောက်ရန် လွယ်ကူရကား နေရာ ဌာနအားဖြင့်လည်း ကံကောင်း သည်ဟုပင် ဆိုရပါသည်။ ဤသို့ အသင့်ပြေမှုများ ကြောင့်ပင် အရှင်သောဘနသည် သထုံမြို့ ဇေတဝန်ဆရာတော်ဘုရား တည်းဟူသော ဆရာ့ထံ ချဉ်းကပ်၍ သတိပဋ္ဌာန် အလုပ်ကို လက်တွေ့လုပ်ရန် ဆုံးဖြတ်ချက် ချခဲ့ခြင်း ဖြစ်တော့သည်၊ ပွင့်လုလုကြာနှင့် ထွက်သစ်စ နေ အရုဏ်တို့ အခန့်သင့် ဆုံတွေ့ ကြတော့ မည် တကား၊

## ဇေတဝန်ဆရာတော်ကြီးထံ ရောက်ခြင်း

အရှင်သောဘနသည် သထုံမြို့ ဇေတဝန် ဆရာတော်ဘုရားကြီးထံ သွားရောက်ရန် အချိန်တန်ပြီဟု ဆုံးဖြတ်ပြီးနောက် တောင်ဝိုင်းကလေး ဆရာတော်ကြီးထံ ခွင့်ပန်ရသည်၊ ဆရာတော်ကြီးသည် အရှင်သောဘနကို တောင်ဝိုင်းကလေးမှ ထွက်ခွါမသွားစေလိုပေ၊ သို့သော် တရားအားထုတ်မည့်ကိစ္စ ဖြစ်၍ တားမြစ်ရန် မသင့်တော်ရကား ခွင့်ပြုတော် မူလိုက်ရတော့သည်၊ ထိုသို့ ခွင့်ရပြီးနောက် ၁၂၉၃-ခုနှစ် ပြာသိုလ်လပြည့်ကျော် (၇) ရက်နေ့တွင် တောင်ဝိုင်းကလေးကျောင်းတိုက်မှ ထွက်ခဲ့၍ တရားရှာ ခရီးရှည်ကို အစပြုတော်မူလေသည်။

ပဌမတွင် အရှင်သောဘနသည် မိမိနှင့်စိတ်တူ သဘောတူ ဖြစ်သော ဦးတေဇဝန္တနှင့်ခေါ် ၆-ဝါရ ရဟန်း တပါးနှင့်အတူ ထွက်ခဲ့သည်။ တရားအားထုတ်ရန် ထွက်ခဲ့သော ခရီးဖြစ်၍ ဝိနည်းသိက္ခာပုဒ်တို့ကိုလည်း တိတိကျကျ လိုက်နာရ၊ ပလိဗောဓလည်း နည်းနိုင်သမျှ နည်းရမည် ဖြစ်ရကား ရဟန်းအသုံးအဆောင်ဖြစ်သည့် ပရိက္ခရာ ရှစ်ပါးမျှဖြင့်သာ ခရီးထွက်ခဲ့သည်။ ဝိနည်းကို အတိအကျ လိုက်နာရမည်ဖြစ်၍ ဘိနပ်ကိုပင် မစီး ရထားလက်မှတ်ခံပေးရန် ကပ္ပိယတယောက်ကို ခေါ်ခဲ့၍ မုတ္တမဖက်သို့ ရောက်သောအခါ ထိုကပ္ပိယကို မိမိတို့အတွက် ဇင်းကျိုက်ဘူတာ အထိ ရထားလက်မှတ်ခံယူစေပြီးနောက် ပြန်လွှတ်လိုက်ကြတော့သည်၊ ဇေတဝန်ဆရာတော်ကြီးအထံ၌ တရားအားထုတ်ရန် ထွက်လာခဲ့ခြင်းဖြစ်သော်လည်း အရှင်သောဘနသည် ထိုနယ်တွင် ထင်ရှားသော တရားရှာသူတို့ မွေ့လျော်ရာ ကေလာသတောင် မြသပိတ်တောင် ဝေပုလ္လတောင် စသည်တို့နှင့် ကျိုက်ထီးရိုးဆံတော်ရှင် တည်ရှိရာ ကျိုက်ထီးရိုးတောင်တို့ကို သွားရောက် ကြည့်ရှုဖူးမြင် လေ့လာလိုသဖြင့် သထုံသို့ တိုက်ရိုက်မသွားသေးပဲ ဇင်းကျိုက်မှာဆင်းကြရန် စီစဉ်ရခြင်း ဖြစ်လေသည်။ အရှင်သောဘနတို့ နှစ်ပါးသည် မုတ္တမမှ ရှေ့ဆက်ခဲ့သော ခရီးတို့၌ လမ်း၌ လက်မှတ်လှူမည့်သူများ တွေ့လျှင်လည်း ရထားဖြင့် သွားခဲ့ကြသည်၊ မတွေ့လျှင်မူ ကိုယ့်အားကိုယ်ကိုး၍ ခြေလျင်ပင် ခရီးသွားခဲ့ကြရသည်။

အရှင်သောဘနတို့ နှစ်ပါးသည် ဇင်းကျိုက်မှသည် ကတွန်၊ ရင်းဖြိမ်၊ ကော့ကဒွတ်၊ သထုံ၊ ကေလာသတောင်၊ မြသပိတ်တောင်၊ ဝေပုလ္လတောင်၊ ကျိုက်ထီးရိုးတောင် စသော နေရာများသို့ ခက်ခဲ ပင်ပန်း ဆင်းရဲစွာ သွားလာလှည့်ပတ်ခဲ့ကြရသည်။ နောက်တကြိမ် ကော့ကဒွတ်ရွာသို့ ပြန်ရောက်ပြီးနောက်မူ အရှင်သောဘနနှင့် ဦးတေဇဝန္တတို့ လမ်းခွဲကြသည်။ ဦးတေဇဝန္တမှာ အခြားဌာနသို့ စုံစမ်းရန် မသွားလိုတော့သဖြင့် တရားအားထုတ်ရန် သထုံ ဇေတဝန်သို့သာ တိုက်ရိုက် သွားလေတော့သည်။ အရှင်သောဘနသည်ကား ကျော်ကြားသော တနေရာသို့ သွားရောက်စုံစမ်းလိုသဖြင့် ဒုံဝန်းဘူတာမှ ဆင်း၍ တပါးတည်း ဆက်လက် ခရီးထွက်ခဲ့ရာ ရွှေရောင်ပြတောင် တောရဘုန်းကြီး ဦးအုံးခိုင်ကျောင်းသို့ ဆိုက်ရောက်ခဲ့သည်။ ဘုန်းကြီးဦးအုံးခိုင်တို့မှာ ကျောင်းလုံးကျွတ် သုသာန်ဓုတင် ဆောက်တည်ကြသောကြောင့် အာဂန္တုကဖြစ်သော အရှင်သောဘနလည်း ထိုကျောင်းမှာ တည်းခိုနေစဉ် လေးညတိတိ သုသာန်ဓုတင် ဆောက်တည်ခဲ့ရလေသည်။ ထိုမှတဆင့် ခရီးထွက်ခဲ့ရာ ထိုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် သထုံမြို့ ဇေတဝန်ဆရာတော်ဘုရားကြီးထံသို့ ဆိုက်ရောက်လေသည်။

တရားအားထုတ်ရန် ထွက်လာခဲ့သော အရှင်သောဘနသည် ဇေတဝန် ဆရာတော်ကြီးထံသို့ တိုက်ရိုက်မသွားဘဲ ကေလာသတောင် စသော နေရာများသို့ ရှေးဦးစွာ သွားရောက်ခဲ့၏။ အရှင်သောဘန၏ စိတ်သည် ပင်ကိုယ်ကပင် ကမ္မဋ္ဌာန်းအလုပ်၌ ညွတ်ခဲ့၏၊ ယခုလည်း ကမ္မဋ္ဌာန်းအလုပ်ကို ရိုးသားသော စိတ်ထားဖြင့် ကြိုးစားအားထုတ်နေကြသော ပုဂ္ဂိုလ်တို့ နေရာဌာနသို့ ရောက်ပြီး ထိုပုဂ္ဂိုလ်တို့နှင့်လည်း နီးနီးနှောနှော နေခဲ့၏၊ ထိုပုဂ္ဂိုလ်တို့ ကျင့်သော တရားကိုပင် ကိုယ်တိုင်ဝင်၍ ကျင့်ကြည့်ခဲ့၏။ နဂိုရ်က ကမ္မဋ္ဌာန်းဖက်ပါပြီးသား စိတ်ကို ကမ္မဋ္ဌာန်းဖြင့်ပင် ထပ်မံ မွန်းထုံပြီးဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်၏ အရှိန်အဝါက အရှင်သောဘန၏ စိတ်ကို လွှမ်းခြုံထားပြီးဖြစ်၏၊ ထို့ကြောင့်ပင် အရှင်သောဘနသည် ဇေတဝန် ဆရာတော်ဘုရားကြီးထံသို့ ရောက်ပြီးနောက် ရက်မဆိုင်းပဲ ရောက်သည့်နေ့မှာပင် ကမ္မဋ္ဌာန်း တောင်းလေတော့သည်။ ဆရာတော်ဘုရားကြီးလည်း တောင်းသည့်အတိုင်းပင် အရှင်သောဘနအား ကမ္မဋ္ဌာန်းပေး၍ အားထုတ်စေလေသည်။

အရှင်သောဘနသည် ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသသည့်အတိုင်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော်မူသည်၊ ကမ္မဋ္ဌာန်းကို လေးလေးစားစား အားထုတ်ရန် ရောက်ခဲ့ခြင်းဖြစ်၍ အရှင်သောဘနသည် မီးပွတ်သော ယောကျ်ားကဲ့သို့ မနေမနား ကြိုးစားအားထုတ်လေသည်။ တရားအားထုတ်နေသည့် လေးလခန့်အတွင်းတွင် စကားလုံးဝမပြောပဲ အဆက်မပြတ် တသမတ်တည်း အားထုတ်သော ရက်များ မအိပ်မနေ အားထုတ်သော ရက်များ နေ့လုံးပေါက် စင်္ကြံသွားလျက် အားထုတ်သော ရက်များလည်း မနည်းလှပေ။ ထိုသို့ခန္ဓာကိုယ်ကို မငဲ့ကွက်ပဲ ပြင်းပြင်းထန်ထန် အားထုတ်သော်လည်း ခန္ဓာကိုယ် မခန့်ကျမ်းမှု နေမကောင်း ထိုင်မသာ ဖြစ်မှုဟူ၍ လုံးဝမရှိပဲ ရှေးကထက်ပင် ခန့်ကျမ်းလျက်ရှိသည်ကို အံ့ဩဖွယ်ရာ ကိုယ်တွေ့ ကြုံရလေသည်၊ ဤအကြောင်းကို ဆရာတော် ဘုရားကြီးအား အခွင့်သင့်သော တနေ့တွင် လျှောက်ထားကြည့်ရာ တရားအားထုတ်နေသူ သန္တာန်မှာ သတိသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင်တရားတွေ ဖြစ်ပေါ်နေသည် ဖြစ်ရာ ထိုဗောဇ္ဈင်တရားတို့၏ စွမ်းရည်ကြောင့်ပင် အနာကင်းရကြောင်း ဗောဇ္ဈင်တရားသည် ဖြစ်နေပြီးသော ရောဂါကိုပင် ပျောက်ကင်းစေနိုင်ကြောင်း ထို့ကြောင့် ယခုကျန်းမာနေခြင်းမှာ ဗောဇ္ဈင်တရားများ၏ အစွမ်းသတ္တိကြောင့် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်းများကို အမိန့်ရှိတော်မူလေသည်၊

မှန်ပေသည်၊ ဗောဇ္ဈင်တရားဘို့သည် သတိ ပညာ ဝိရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာများပင် ဖြစ်ကြ၍၊ တရားကိုသာ စွဲမြဲစွာ အားထုတ်နေသူတို့ သန္တာန်၌ ထိုတရား ၇-ပါးမှာ အခါမလပ် ဖြစ်လျက်ရှိ၏၊ တရားအားထုတ်ခိုက်တွင် နောက်ကျသော အကုသိုလ်များ မဝင်လာသဖြင့် ထိုတရားဘို့မှာ အလွန် စင်ကြယ်သန့်ရှင်းစွာ ဖြစ်ကြရသည်၊ ထို့ကြောင့်ပင် ထိုတရားဘို့မှာ ထက်မြက်သော အစွမ်းသတ္တိများ ရှိနေကြသည်။ ထိုတရားတို့နှင့် ယှဉ်သော စိတ်ဘို့မှာလည်း ယင်းဘို့၏ အရှိန်အစော်ကို ရကာ လွန်စွာ ကြည်လင်သန့်ရှင်း၍ ထက်မြက်သော တန်ခိုးရှိနေသည်၊ ထိုသို့ဖြစ်လျှင် ထိုစိတ်၏မှီရာ ဟဒယဝတ္ထုလည်း လွန်စွာ ကြည်လင်တော့သည်၊ ဟဒယဝတ္ထု စင်ကြယ်မှုကြောင့် ယင်း၏မှီရာ သွေးလည်း စင်ကြယ်ပြန်သည်၊ သွေးစင်ကြယ်သဖြင့် ဥပါဒါရုပ်တို့လည်း စင်ကြယ်နေရကား ရောဂါရုပ်တို့မှာ ဖြစ်ခွင့်မရနိုင်တော့ပေ၊ ရောဂါရုပ်များ မဖြစ်ပေါ်လျှင် ရောဂါကင်းနေမည်ပင် ဖြစ်ရကား ဗောဇ္ဈင်တရားတို့က ရောဂါကို ပယ်နိုင်သည်မှာ သေချာလှတော့သည်၊ ထို့ကြောင့်ပင် ဗောဇ္ဈင်တရားကို နာကြားတော်မူကြရသော မြတ်စွာဘုရား ရှင်မဟာကဿပ ရှင်မောဂ္ဂလာန်တို့ သန္တာန်၌ ဖြစ်ခဲ့သော ပြင်းထန်သော ရောဂါဝေဒနာတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ခန္ဓာကိုယ်မှ အပြီးသတ် လျောကျသွားရခြင်း ဖြစ်ပေသည်။

## ဘောင်ဝိုင်းကလေးသို့ ပြန်ရခြင်း

အရှင်သောဘနသည် တနှစ်ခန့် တရားအားထုတ်ရန် ရည်ရွယ်၍ ဇေတဝန်ဆရာတော် ဘုရားကြီးထံသို့ ရောက်လာခဲ့ခြင်းဖြစ်သည်၊ တနှစ်လောက် အားထုတ်မှ ပေါက်ပေါက်ရောက်ရောက် ဖြစ်မည်ဟု အကြံရှိခဲ့ဟန် တူသည်၊ သို့သော် ဤအချက်၌ အရှင်သောဘနသည် မိမိကိုယ်ကို လျှော့၍ တွက်ထားသည်ဟုပင် ဆိုရမည်ဖြစ်ပါ၏။ အဘယ်ကြောင့်ဟူမူ အရှင်သောဘနသည် ဆရာတော်ဘုရားကြီးထံ၌ တနှစ်အထိ မနေခဲ့ရပဲပင် ယနေ့ မဟာစည်ဆရာတော် အခြေသို့ ရောက်နေခြင်းက လျှော့တွက်ထားသည်ကို သက်သေခံလျက် ရှိသောကြောင့်ဖြစ်ပါသည်၊

ဇေတဝန် ဆရာတော်ဘုရာကြီး အထံ၌ အရှင်သောဘနသည် ကြိုးကြိုးစားစား အားထုတ်ခဲ့ရာ ရက်များသည် ကုန်မှန်းမသိ ကုန်လာခဲ့သည်၊ သို့သော် တရား အားထုတ်၍ လေးလခန့် ရှိသောအခါမှာမူ မော်လမြိုင် ဘောင်ဝိုင်းကလေးသို့ မပြန်လျှင် မဖြစ်သော အကြောင်း ဖန်လာသည်။



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသော
မော်လမြိုင်မြို့ တောင်ပိုင်းကလေး သာသနာ့ရိပ်သာအတွင်းရှိ တိုက်ကျောင်းကြီးပုံ။

တရားအားထုတ်နေစဉ် ၁၂၉၄-ခု၊ ဝါဆိုလဆန်း(၇)ရက်နေ့တွင် တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော်ကြီး အသည်းအသန် မကျန်းမမာဖြစ်နေ၍ အမြန်ပြန်လာပါ-ဟူသော ကြေးနန်းတစောင်ကို အရှင်သောဘန ရလေသည်၊ ထိုကြောင့် ဝါဆိုလဆန်း(၈)ရက်နေ့မှာပင် မော်လမြိုင် တိုက်ကျောင်းသို့ ပြန်ကြွရလေသည်၊

တိုက်ကျောင်း ဆရာတော်ကြီးမှာ သက်တော် ၇၈-နှစ် ရှိနေပြီဖြစ်၍ ဇရာဒုဗ္ဗလ ဖြစ်တော်မူနေသည့်အပြင် ပြင်းထန်သော ရောဂါဒဏ်ကလည်း နှိပ်စက်သဖြင့် ခြော်လှင့်ချက်မရှိသော အခြေသို့ ဆိုက်ရောက် နေသည်ကို အရှင်သောဘန တွေ့ရလေသည်။ သို့သော် စိတ်မလျော့ဘဲ အကောင်းဆုံးသော သမားတော်တို့၏ အကူအညီဖြင့် အတတ်နိုင်ဆုံး ပြုစုကုသလေသည်၊ ယင်းသို့ ကိုယ်ဖိ ရင်ဖိ ပြုစုကုသကြပါသော်လည်း ဆရာတော်ဘုရားကြီး

သည် အရှင်သောဘန ပြန်ရောက်၍ (၇)ရက် အရ မှာပင် တဘာဝဇာတ် သိမ်းတော် မူသွားလေတော့သည်၊ ဆရာတော်ဘုရားကြီး ပျံလွန်တော် မူသွားသည့်အတွက် သထုံသို့ ပြန်နိုင်က ပြန်ဦးမည် ဟူသော ရည်ရွယ်ချက် လည်း ပျက်ရတော့သည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ကျန်ရစ်သော တပည့် များတွင် အရှင်သောဘနသည် သိက္ခာ ၀ါ အကြီးဆုံးဖြစ်၍ တိုက်ကျောင်း ၏ နာယက ကျောင်းထိုင် ဖြစ်ရမည့် အလားအလာ ရှိနေ၏။ သို့သော် သိက္ခာ ၀ါအကြီးဆုံးဆိုသော အရှင်သောဘနမှာ ၈-၀ါမျှသာရှိသေးသဖြင့် ကျောင်းထိုင်ရန် မသင့်တော် သေးရကား ကျောင်းစောင့် အကြီးအကဲ အဖြစ်ဖြင့်သာ တောင်ဝိုင်း ဇေတဝန် ဆရာတော်ဘုရားကြီးကို အမှီပြု၍ နေခဲ့လေသည်၊ ယင်းသို့ နှစ်နှစ်ခန့် ကျောင်းစောင့်အဖြစ်ဖြင့် နေ၍ သိက္ခာ ၀ါ ၁၀-၀ါပြည့်သည့်နှစ် ၁၂၈၅-ခုနှစ်တွင်မှ ကျောင်းထိုင် အဖြစ်ကို လက်ခံ၍ တိုက်ကျောင်းကို ပဓာန နာယက အဖြစ်ဖြင့် အုပ်ချုပ်ကာ သီတင်းသုံးတော် မူလေသည်။ တောင်ဝိုင်း ကလေးသို့ ပြန်ရောက်သည်မှ စ၍ အရှင်သောဘနသည် ပဋိပတ် တခုတည်းကိုသာ လုပ်ခွင့် မရတော့ပဲ အခြေအနေအရ ပရိယတ်ကိုလည်း ချပို့သင်ကြားပေးခြင်းဖြင့် ကြိုးပမ်း ရတော့သည်။

## ပွဲဦးထွက် ကမ္မဋ္ဌာန်း ပေးခြင်း

အရှင်သောဘနသည် တောင်ဝိုင်းကလေး တိုက်ကျောင်း၌ ပဓာန နာယကအဖြစ် သီတင်းသုံးကာ မိမိ၏ ပဋိပတ် အလုပ်ကိုလည်း ဆက်၍ ကြိုးပမ်းသည်၊ တပည့် သံဃာများအားလည်း စာပေပို့ချပေးရသည်။ ဇေတဝန် ဆရာတော်ကြီးထံ၌ အားထုတ်ခဲ့သည့်အတိုင်း ဆက်လက် အားထုတ်ခဲ့ရာ ကြေနပ်ဖွယ် ရှိသော အခြေ အနေသို့ ရောက်ခဲ့သည် ဟုပင် ဆိုရပေမည်။ သို့သော် မိမိကျောင်းတိုက်မှာ ပရိယတ္တိကျောင်းတိုက် ဖြစ်နေ၍၎င်း၊ တရား အားထုတ် လိုသူများနှင့် မကြုံ ရသေးသဖြင့်၎င်း မော်လမြိုင်၌ နေစဉ် ကမ္မဋ္ဌာန်းကို ပြသခွင့် မကြုံရသေးပေ။

၁၃၀၁ ပြည့်နှစ်တွင်မူ တောင်ဝိုင်းကလေး တိုက်ကျောင်း ဆရာတော် အရှင်သောဘနသည် ဆွေမျိုးဉာတိတို့ကို ချီးမြှောက်ရန် ဇာတိရပ်ဖြစ်သော ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူ၍ ထိုရွာ အင်ကြင်းတောတိုက် မဟာစည် ကျောင်း၌ သီတင်းသုံးတော် မူသည်၊ ဆိပ်ခွန်သို့ ကြွလာသော ရည်ရွယ် ချက်မှာ ဆိပ်ခွန်ရှိ လူအပေါင်းတို့အား သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းကို ဟောကြား၍ လက်တွေ့ အားထုတ်နည်းကို ပြသရန် ဖြစ်လေသည်၊ ထို့

ကြောင့်ပင် အရှင်သောဘနသည် မဟာစည်ကျောင်း၌ အပ္ပမာဒ ဝိပဿနာ တရားကို အကျယ်ဟောကြားတော်မူလေသည်၊ ဆရာတော်၏တရားကို နာရပြီးနောက် တရားကို လက်တွေ့ အားထုတ်လိုသော သူတို့လည်း တစတစ ပေါ်ပေါက်လာခဲ့သဖြင့် ကမ္မဋ္ဌာန်းကိုပါ လက်တွေ့ ပြသရသည်၊ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း လိုက်၍ ကျင့်ကြံအားထုတ်ကြသော သူတို့လည်း တရားတော်၏ မှန်မြတ်သော အရသာကို ထိုက်သည်အားလျော်စွာ ကိုယ်တွေ့ တွေ့မြင်ကြရလေသည်။

ဆိပ်ခွန်ရွာတွင် အရှင်သောဘန အထံ၌ ပဌမဆုံး တရားအားထုတ်ခဲ့သူတို့ကား ဦးထွန်းအေး ဦးဖိုးချို (ဆရာတော်၏ အကို ဝမ်းကွဲ) နှင့် ဆရာကြံ (ဆရာတော်၏ ညီဝမ်းကွဲ) တို့ ဖြစ်ကြသည်၊ သူတို့ သုံးဦး အားထုတ်ကြပုံမှာ ပေါ့ပေါ့ဆဆ အပျင်းပြေသဘောမျိုး မဟုတ်၊ တကယ် လေးလေးနက်နက် စိတ်သားဖြင့် အပြင်းအထန် အားထုတ်ကြခြင်းဖြစ်သည်၊ သူတို့အားထုတ်ခဲ့ပုံ အကြောင်းကို မဟာစည်ဆရာတော်သည် ၁၃၂၀-ပြည့်နှစ် သင်္ကြန်တွင်း၌ ရန်ကုန် သာသနာ့ရိပ်သာ ဖလ်ယဉ်မွာရုံကြီးဝယ် ဝိပဿနာအခြေခံ တရားတော်ကို ဟောကြားတော်မူယင်း ဖော်ထုတ်ခဲ့လေသည်၊

သူတို့သုံးယောက်က တိုင်ပင်ပြီး ပဌမတပဘ်မှာ (၇) ရက် အားထုတ်ကြတယ်၊ တော်တော်သဲ ပြင်းပြင်းထန်ထန် အားထုတ်ကြပါတယ်၊ တနေ့ကို ကွမ်းတရာနဲ့ ဆေးတလိပ် သောက်ဘို့ ကမ္မဋ္ဌာန်းကျောင်းကို ယူလာခဲ့ကြတာတွေဟာ မစားဖြစ် မသောက် ဖြစ်တာနဲ့ ကွမ်းရာ (၇) ခုနဲ့ ဆေးလိပ် (၇) လိပ်ဟာ (၇) ရက်စေ့လို့ ကမ္မဋ္ဌာန်းကျောင်းက ပြန်လာတဲ့ အခါမှာ အထုပ်တိုင်းဘဲ ပြန်ပါလာကြတယ်၊ ဘက်လောက် ပြင်းပြင်း ထန်ထန် အားထုတ်သလဲ ဆိုတာ အဲဒါကို ထောက်ဆ ကြည့်ယင် သိနိုင်လောက်ပါတယ်၊ (ဝိပဿနာ အခြေခံ တရားတော် ဒု-ရိုက် နှာ ၁၂၃-၄ တ-ရိုက် ၁၂၇)။

ဤသူသုံးယောက်တို့သည် မဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းဆိုင်ရာ ပဌမ သာဝကများ ဖြစ်ကြ၏၊ သူတို့သည် ရိုရိုသေသေ လေးလေးစားစား မနေမနား အားထုတ်ကြသဖြင့် ၃-ရက်အရမှာပင် ရုပ်နာမ် အဖြစ်အပျက်ကို မြင်သော ဥဒယဗ္ဗယဉာဏ် အဆင့်သို့ ရောက်ပြီး သြဘာသ, ပီတိ, ပဿဒ္ဓိ စသည်တို့ကို တွေ့ကြရသဖြင့် ဒီအသက် ဒီအရွယ် ရောက်မှ ဒီတရားကွေ့ကို တွေ့ရတယ်ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ဟု သိရသည်၊ သူတို့ ရှေ့ဆက်၍ အားထုတ်ပုံ တွေ့ကြုံပုံ တို့ကိုပါ ထိုတရား၌ ဆက်လက်

ဟောတော်မူထားရာ တရားအားမထုတ်ရသေးသူတို့ အားကျဖွယ် ကောင်းလှပါပေတော့သည်။

ထို ၃-ဦးတို့တွင် အစ်ကိုဝမ်းကွဲဖြစ်သူ ဦးဖိုးချို၏ ဘင်္ဂဉာဏ်ရောက်ခန်းကို ဟောသားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ဝိပဿနာဉာဏ် ဆိုသည်မှာ တကယ်မြင်တတ် တွေ့တတ်သော ဉာဏ်ကိုမှ ခေါ်ရကြောင်း လည်း ယင်းဟောသားချက်ဖြင့် ထင်ရှားတော့သည်၊ စာပေအရဖြစ်စေ တဆင့်ကြားအရဖြစ်စေ သိထားသော အသိချဖြင့် ဝိပဿနာဉာဏ် မဖြစ်နိုင်သေး ဆိုသည်ကိုလည်း သဘောပေါက်နိုင်တော့သည်၊ ဦးဖိုးချိုသည် ဘင်္ဂဉာဏ်အဆင့်သို့ ရောက်သောအခါ မြင်တိုင်းတွေ့တိုင်းလဲ တရွရွနဲ့ ပျက်နေတာကိုချည်း တွေ့နေရတယ်၊ မြေကြီးကို ကြည့်လိုက်ရင်လဲ တရွရွနဲ့ ပျက်နေတာကိုသာ တွေ့ရတယ်၊ သစ်ပင်တွေကြည့်လိုက်ယင်လဲ တရွရွနဲ့ ပျက်နေတာကိုသာ တွေ့ရတယ် ဆိုသဖြင့် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်နဲ့ မပြတ်ဖြစ်ပျက်နေတာကလေးတွေက သူ့မှာ အထူးမရှုရ မဆင်ခြင်ရဘဲနဲ့ အလိုလို ထင်ရှားနေသည်၊ တရိပ်ရိပ်နဲ့ ပျက်နေတာကလေးတွေကို သူ့ အလိုလို လိုက်ပြီးသိနေသည်ဟု ဆိုလိုသည်၊ အဝါရောင်နှင့် အပြာရောင်ကို ရောလိုက်လျှင် အစိမ်းရောင် ဖြစ်လာသည် ဆိုသည်ကို အဝါနှင့် အပြာကို လက်တွေ့ ရောကြည့်သောအခါ သိရသလိုပင် ဖြစ်တော့သည်။ ထိုသို့ အနိစ္စ, ဒုက္ခ, အနတ္တ-ဆိုသည့် သဘောများမှာ ကိုယ်က ခေါ်ယူနေရမည် မဟုတ်၊ ရှုမှတ်မှု အသိဉာဏ် လျင်မြန်အားကောင်းလာသောအခါ အလိုလို သိလာမည့် သဘောတရားတို့ဖြစ်ကြောင်း၊ ထိုသို့ သိမှလည်း ဝိပဿနာဉာဏ် အစစ်ဖြစ်ကြောင်း သဘောပေါက်နိုင်ရန်ပင် ဆရာတော်က ထိုတရား၌ တကယ်အသိမြန်ပြီး ဉာဏ်မှီလာတဲ့အခါ ခဏမစဲ ဖြစ်ပျက်နေတာတွေကို မတွေးမဆရဘဲနဲ့ ရှုမှတ်နေရုံမျှနဲ့ အလိုလို သိလာနိုင်တယ်ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

ဤပဌမယောဂီ သုံးဦးတို့ အားထုတ်ကြပြီးနောက် သူတို့ကို အားကျကာ အဆက်ဆက်အားထုတ်ကြရာ ဆိပ်ခွန်တွင် ယောဂီပေါင်း ၅၀-မျှအထိ တိုးဘက်လာခဲ့လေသည်။ ထိုယောဂီတို့တွင် ဦးဖိုးချိုကဲ့သို့ ဝိပဿနာဉာဏ် ပြည့်ခဲ့သည့်အခြေသို့ ရောက်ခဲ့သော ယောဂီများလည်း မနည်းလှပေ။ ဤသို့ မိမိ၏ ရည်ရွယ်ချက်အတိုင်း ဝိပဿနာလုပ်ငန်းကို အစပြုဟောကြားပြသခဲ့ သည်မှာ ထိုနှစ် တန်ဆောင်မုန်းလအထိ ဖြစ်ပါတော့သည်။ အရှင် သောဘန၏ ပွဲဦးထွက် ဝိပဿနာလုပ်ငန်းကား အောင်မြင်မှု သရဖူကို ဆောင်းခဲ့ပေပြီတကား။

## အရှင်သောဘန နှင့် အဘယာရာမ ဆရာတော်

အရှင်သောဘနသည် ဆိပ်ခွန်ရွာတွင် ၇-လမျှ တရားပြ သီတင်းသုံးပြီးနောက် တာဝန်အရ မော်လမြိုင်တောင်ဝိုင်းကလေးသို့ ပြန်ကြွရလေသည်။ တောင်ဝိုင်းကလေးသို့ ပြန်ရောက်သောအခါမှာမူ ပရိယတ်ကို တွဲဖက်၍ ချပို့ ဘိုးပမ်းရပြန်သည်။

ထိုအချိန်တွင် တောင်ဝိုင်းကလေးနှင့် တောင်ဝိုင်းကြီး အကြား၌ ကျောင်းသစ်တကျောင်း ဖြစ်ပေါ်လျက်ရှိသည်။ ထိုကျောင်းကား မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း သစ်တောသူဌေး ဦးဖိုးတန်-သူဌေးကတော် ဒေါ်ကျင်မြိုင် သား မောင်မောင်စောတို့က ဆောက်လုပ်သော ကျောင်းဖြစ်သည်။ မန္တလေး အဘယာ ရာမဆရာတော် သီတင်းသုံးရန် အလို့ငှါ တည်ထောင်ဆောက်လုပ် သော ကျောင်းတိုက်ဖြစ်၍ "အဘယာ ရာမတိုက်"ဟုပင် ကမ္ဗည်းတင်လေ သည်။ ထိုတိုက်ကျောင်းဆောက်လုပ်ပြီးစီးပြီးနောက် ၁၃၀၂-ခု၌ အဘယာ ရာမဆရာတော်သည် ထိုကျောင်း၌ ဝါကပ်တော်မူသည်။

အဘယာရာမ ဆရာတော်ကား အဘိဓာန် နိဿယသစ်, မောဂ္ဂလ္လာန် နိဿယသစ်, မုဒ္ဓဗောဓ နိဿယသစ်, ဟိတောပဒေသ နိဿယ, အမရကောသ နိဿယ, ကာတန္တ နိဿယ စသော မာဂဓ သက္ကတ နိဿယ ကျမ်းပေါင်း များစွာတို့ကို ပြုစုတော်မူခဲ့သော ဆရာတော်ဖြစ်၍၊ မာဂဓ သက္ကတ ၂-ဌာန တို့၌ပင် ကျွမ်းကျင်တော်မူသဖြင့် ဂိုဏ်းဂဏမရွေး လေးစားကြည်ညိုခံရသော ဆရာတော်ဖြစ်၍၊ စာပေလာအခက်အခဲတို့ကို တဂယ်တန်း ဖျက်ခွဲဖြေရှင်းနိုင် သော ဆရာတော်ဖြစ်သည်၊ ထို့ကြောင့် တောင်ဝိုင်းကလေး ဆရာတော် အရှင်သောဘနသည် အဘယာရာမ ကျောင်းတိုက်၌ သီတင်းသုံးနေတော် မူသော အဘယာရာမ ဆရာတော်ထံ မကြာမကြာ ကြွရောက်၍ စာပေဆိုင်ရာ အခက်အခဲ များကို လျှောက်ထား မေးမြန်းလေသည်၊ အရှင်သောဘန လျှောက်ထားသော အချက်တို့တွင် ပြလတံ့အချက်များ ပါဝင်လေသည်၊

ကမ္မဝါစာတို့၌ 'မာ ခေါ ဝိတ္ထာသိ" ဟု ရှိနေရာ၌သက္ကတ၌ သ္ထာ-ဓာတ် ပါဠိ၌ ဌာ ဓါတ်မှ ပြီးသော ပုဒ်ဖြစ်၍ "မာ ခေါ ဝိတ္ထာယိ" ဟု ရှိမှ မှန်ကြောင်း မောဂ္ဂလ္လာန် နိဿယ ရိုက်နှိပ်စဉ်က "ဝိတ္ထာယသိ၊ ဝိတ္ထာယထ" ဟု ပါသွားခဲ့ရာ ယင်းတို့ကို "ဝိတ္ထာယိ၊ ဝိတ္ထာယိတ္ထ" ဟု ပြင်ရမည် ဖြစ် ကြောင်း မိမိစာအုပ်၌ ပြင်ထားပြီဖြစ်ကြောင်းများကို ဆရာတော်မိန့်၍ အရှင်သောဘန မှတ်သားခဲ့ရသည်။

ထို့ပြင် ဝဇီရဗုဒ္ဓိဋီကာ မဏိမဉ္ဇူသာဋီကာ တို့၌ လာသော "အင်္ဂါ ဒင်္ဂါသမ္ဘဝသီ" ဂါထာအကြောင်း မေးလျှောက်ရာ ဆရာတော်က ထို ဂါထာပါဠိမှန်နှင့်တကွ အနက်ကိုပါ ချီးမြှင့်တော် မူလိုက်သည်၊

ဝိသုဒ္ဓိမဂ် မဟာဋီကာ ခန္ဓနိဒ္ဒေသအဖွင့်လာ ဇီဝိတသယော ပုဒ်၏အနက် အဓိပ္ပါယ် တော၀ကောပုဒ် ရုပ်ပြီးပုံ သေပန္တော ဝိဘာတော စသော ဂါထာ အကြောင်း တို့ကိုလည်း လျှောက်ထားရာ အဘယာရာမ ဆရာတော်က ရှင်းလင်း မိန့်ကြားတော်မူလေသည်၊

ဤသို့လျှင် တောင်ဒိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သော ဘနုသည် အဘယာရာမ-ဆရာတော်အား မိမိလျှောက်ထားလိုသော အချက် များကို လျှောက်ထားခွင့်နှင့် ဆရာတော်၏ မိန့်ကြားချက်များကို မှတ်သား ခွင့်ကို ရခဲ့သဖြင့်၎င်း၊ ဆရာတော်ကြီး၏ မာဂဓ သက္ကတ နိဿယများကို ကြည့်ရှုလေ့လာရသဖြင့်၎င်း ဆရာတော်ကြီးကို မိမိ၏ ဆရာတပါးဟုပင် မှတ်ယူခဲ့လေသည်၊ နောင် ၁၃၃၀-ခုနှစ်တွင် မောဂ္ဂလ္လာန် နိဿယကို ဒုတိယအကြိမ် ရိုက်နှိပ်ရန် အားထုတ်ကြသောအခါ မဟာစည် ဆရာတော် ဖြစ်နေပြီ ဖြစ်သော တောင်းဒိုင်းကလေး ဆရာတော် အရှင် သောဘနသည် အဘယာရာမ ဆရာတော်၏ မိမိအပေါ် ကျေးဇူးကြီးမားပုံကို ဖေါ်ပြယင်း မိမိ၏ တပည့်ဒကာတို့အား ငွေ ၁၀၀၀-ပါဝင်လှူဒါန်းရန် ညွှန်ကြား ပေးမည့်အကြောင်း အောက်ပါစာဖြင့် အကြောင်းကြားပါသည်။

"ဦးဘိလာနန္ဒထံမှစာတွင် အဘယာရာမမှ မောဂ္ဂလ္လာန်-နိဿယ စသည် တို့ကို ထပ်မံပုံနှိပ် ဖြန့်ဖြူးရန် စီမံ အားထုတ်နေကြကြောင်း တွေ့ရ၍ များစွာပင် ဝမ်းမြောက်ပါသည်။ အကြောင်းမူကား အဘယာရာမ ဆရာ တော်၏ မောဂ္ဂလ္လာန်နိဿယကို ကြည့်ရှုလေ့လာရခြင်းကြောင့် သဒ္ဒါအရာ၌ အခြေအမြစ်နှင့်တကွ ကောင်းစွာသိနားလည်ပြီဟု ရဲရဲရင့်ရင့် ဆိုးဖြတ်နိုင် သော အခြေသို့ မိမိကိုယ်တိုင် ရောက်ခဲ့သလိုပင် ယခုတဖန် ထပ်မံ၍ ပုံနှိပ် မည့် ယင်း နိဿယ စာအုပ်တို့ကို ကြည့်ရှု လေ့လာခြင်းဖြင့်လည်း မြန်မာ ပြည်သား ပညာရှိများစွာပင် သဒ္ဒါအရာ၌ ခိုင်မာပြည့်စုံသော အသိဉာဏ် နှင့် ပြည့်စုံသွားကြပေလိမ့်မည်ဟု မြော်မြင်မိသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ ယင်းကိစ္စ ထမြောက်စေရန်အတွက် ရည်စူး၍ ယင်းနိဿယ စာအုပ်များ ပုံနှိပ်ရေး ရံပုံငွေ၌ ငွေတထောင် (၁၀၀၀ိ)ကို ပါဝင် လှူဒါန်းရန် မိမိတပည့်ဒကာတို့အား ညွှန်ကြားပေးပါမည်။ အလိုရှိသော အခါ အကြောင်းကြားစေလိုပါ၏" (၃၊ ၂၊ ၆၉၊ နေ့စွဲပါ မဟာစည် ဆရာတော်၏ ပေးစာမှ)။

## စာချတန်း

အရှင်သောဘန တောင်ဝိုင်းကလေးသို့ ပြန်ရောက်ပြီးနောက် ၁၃၀၂-ခုနှစ်တွင် ဗြိတိသျှအစိုးရတို့သည် ၁၂၅၇ ခုနှစ်ကစ၍ ကျင်းပခဲ့သော ပဌမပြန်စာမေးပွဲကို တိုးချဲ့၍ စာချတန်းစာမေးပွဲကိုပါ စတင်ကျင်းပလေသည်၊ ထိုစာချတန်းမှာ မန္တလေးမြို့ ပရိယတ္တိသာသနာဟိတအသင်း ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိ အသင်းတို့က ကျင်းပပြုလုပ်နေသော စာချတန်းမျိုး ဖြစ်၍၊ ပဌမနှစ်ဖြစ်သည့် ၁၃၀၂-ခုနှစ်တွင် မန္တလေး သုဓမ္မာတော်၌ ကျင်းပ လေသည်၊ ထို စာမေးပွဲကို အစိုးရ ပဌမပြန် စာမေးပွဲ၌ ပဌမကြီးတန်းကို အောင်ပြီးသူများသာ ဖြေဆိုခွင့်ရလေသည်၊

ထိုသို့ အစိုးရတို့က စာချတန်း စာမေးပွဲကို ကျင်းပပေးကြောင်း သိရသောအခါ ပဌမကြီးအောင်မြင်ပြီးသော အရှင်သောဘနသည် ထိုစာမေးပွဲကို ဝင်ရောက်ဖြေဆိုဖို့ ဆုံးဖြတ်လေသည်၊ ပဋိပတ်ဟူသည် ပရိယတ်၌ အခြေခံရသည်၊ မိမိတဦးတည်းအတွက် တရားအားထုတ်လိုသူအဖို့ ပရိယတ် မတတ်ကျွမ်းသော်လည်း ဆရာကောင်းရှိလျှင် လုံလောက်၏၊ အခြားသူများကိုပါ ဟောပြောပြသလိုသူတို့ အဖို့မှာမူ ပရိယတ် မကျွမ်းကျင်၍ မဖြစ်ပေ။ ပရိယတ်ကို ကျွမ်းကျင်မှသာ ပရိယတ်မှာလာမည့် ဘုရားဟောတရားတို့ကို သိနိုင်သည်၊ ဘုရားဟောတရားတို့ကို သိမှသာ ထိုတရားတို့နှင့်အညီ မိမိလည်း ကျင့်ကြံ၍ အခြားသူများအားလည်း ဟောပြောပြသနိုင်မည်၊ ဤအချက်ကို အရှင်သောဘနသည် သဘောပေါက်ပြီးဖြစ်သည်၊ ထို့ကြောင့်ပင် မိမိကိုယ်တိုင် ပရိယတ်၌ ကျွမ်းကျင်အောင် အားထုတ်ထားသည်၊ အားထုတ်ထားရုံမျှဖြင့် မလုံလောက်သေး မိမိကျွမ်းကျင်ကြောင်း အများကသိသားမှသည်း မိမိဟောပြောသော တရားများကို ယုံယုံကြည်ကြည် မှတ်သား လိုက်နာကြမည်ဖြစ်သည်၊ အများသိအောင် လုပ်ရာ၌လည်း မိမိကျွမ်းကျင်ကြောင်းကို ထုတ်ဖော်ပြောဆို ကြွေးကြော်နေ၍မဖြစ်၊ အများက အသိအမှတ်ပြုထားသော အဆင့်အတန်း ဂုဏ်ထူးတခုခု ရရှိထားအောင် လုပ်မှသာ ဖြစ်မည်။ ထိုကိုလုပ်ရန် ယခု အစိုးရစာချတန်းက အခွင့်အရေးပေးနေပြီဖြစ်၍၊ ထို့ကြောင့်ပင် စာချတန်းစာမေးပွဲဝင်ရန် ဆုံးဖြတ်ရခြင်း ဖြစ်ပေသည်။

စာချတန်း စာမေးပွဲကို မန္တလေးမှာ တနှစ် ရန်ကုန်မှာ တနှစ် တလှည့်စီ ကျင်းပရန် အစိုးရက သတ်မှတ်ထားရာ ၁၃၀၃-ခုနှစ်ကား ရန်ကုန်မှာ ကျင်းပမည့်နှစ်ဖြစ်လေသည်၊ ထို့ကြောင့် တောင်ဝိုင်းကလေး ဆရာတော် အရှင်သောဘနသည် ထိုနှစ် နယုန်လတွင် ရန်ကုန်သို့ကြွ၍

စာချတန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုရလေသည်၊ နှိုရ် ကပင် စာချတန်းဆိုင်ရာ စာဘွဲ့ကို ပြည့်စုံအောင် အားထုတ် ထားပြီး ဖြစ်ရာ အရှင်သောဘနသည် အလွယ်တကူပင် စာချတန်းကို အောင်မြင်တော်မူခဲ့သည်၊ ကျမ်းရင်း ၃-ကျမ်းနှင့် ဂုဏ်ထူးဆောင် ၆-ကျမ်းအားဖြင့် ၉-ကျမ်း ရှိသည့်အနက် ကျမ်းရင်း ၃-ကျမ်း နှင့် အင်္ဂုတ္တိုရ် ပါဠိ အဋ္ဌကထာမှ တပါး ဂုဏ်ထူး ၅-ကျမ်း ပေါင်း ၈-ကျမ်းကို အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်လက်မှတ်ကို ရရှိတော်မူခဲ့လေသည်။

ထိုစဉ်က စာချတန်း၌ ထုတ်ဆင့်သော ပုစ္ဆာများမှာ ကျမ်းရင်း ၃-ကျမ်းကို ကြေကြေပွန်ပွန် အားထုတ် ထားပါလျှင် သဒ္ဒါဆိုင်ရာ ဗဟုသုတလည်း များထားသူ ဖြစ်လျှင် ဂုဏ်ထူး ကျမ်းများကို မကြည့်ရှု မလေ့လာဘူးပါပင် ဂုဏ်ထူး ကျမ်းများကို အောင်မြင် နိုင်လောက်သော ပုစ္ဆာများဖြစ်ကြ၏။ ထိုစဉ်က ပြောရိုးစကားတခုမှာ မိမိသည် မည်သည့် ဂုဏ်ထူးကျမ်းကို အောင်လာ သော်လည်း ထိုကျမ်းကို အနှောင့်သာ ကြည့်ဘူးသည်ဟု ဖြစ်၏။ ဘီဒိုထဲ၌ စာအုပ်များ ထောင်ထား ရာတွင် စာအုပ်အနှောင့်ရှိ ကျမ်းအမည်ကို ဖတ်ဘူးရုံသာ ရှိခဲ့သည်၊ စာအုပ်ကို ဖွင့်၍ပင်မကြည့်စဖူးဟု ဆိုလိုသည်၊ အချို့ကမူအနှောင့်ကိုပင် မကြည့်စဖူးဟု ဆိုကြသေးသည်။ ထိုသို့အနှောင့်ကိုပင်မကြည့်ဘူးသူအနှောင့်မျှကိုသာ ကြည့်ဘူးသူ အနှောင့်သာသာမျှသာကြည့်ဘူးသူ အများအပြားပင်ဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသည်။ ထိုသို့ဖြစ်ရသည်မှာဆိုင်ရာ ကျမ်းဂန်ကို ကြေပွန်မှုထက် စာပေပို့ချမှုကိုဦးစားပေးသောပုစ္ဆာများ ဖြစ်သောကြောင့်ပင်ဖြစ်ခဲ့သည်၊ စာချနိုင်လောက်သည့် အရည်အချင်းရှိမရှိကို ပဓာနထား၍စစ်သော စာမေးပွဲဖြစ်သဖြင့် အပြစ်ကား မဆိုသာပေ၊ ပါဠိတက္ကသိုလ်များ ပေါ်လာခဲ့သည့် နောက်ပိုင်းတွင်မူ ထိုစံနစ်ကို ပြင်၍ ဆိုင်ရာ ကျမ်းဂန်ကို ကြေပွန်မှသာ အောင်နိုင်သော ပုစ္ဆာများကို ထုတ်ဆင့် မေးမြန်းတော့သည်။ ထို့ကြောင့် ယခုအခါတွင် တနှစ်တည်း ၉-ကျမ်းအောင်သူ ၈-ကျမ်း, ၇-ကျမ်း၊ ၆-ကျမ်း စသည် အောင်သူ ဟူ၍ မရှိတော့ပေ။

အရှင်သောဘနလည်း ထိုစဉ်က ယေဘုယျ အခြေအနေ အတိုင်း အနှောင့်သာသာ ကြည့်ဘူး ရုံမျှဖြင့်ပင် ၈ ကျမ်းကို တနှစ်တည်း အောင်ခဲ့လေသလောဟု တွေးထင်စရာရှိ၏။ သို့သော် ထိုသို့ထင်လျှင် မှားပေမည်၊ ထိုစဉ်ကပင် အရှင်သောဘနသည် နိကာယ်အရပ်ရပ်၌ နှံ့စပ်ပြီးဖြစ်ကြောင်း အတူစာချတန်းဖြေဘူးသော ဆရာတော်တပါး၏ မိန့်ကြားချက်အရ သိရသေးသည်။ မဇ္ဈိမနိကာယ် စသော (ကျမ်းအိပ်ခေါ်) ကျမ်းတို့၌လည်း

မဟာစည်ဆရာတော် နှစ်ပကြေပွန်ကြောင်းနှင့် စပ်၍ ထိုဆရာတော်နှင့် စကားစပ်မိရာ ထိုဆရာတော်က ဆိုလတံ့အတိုင်း အမိန့်ရှိသည်ကို နာခံမှတ်သားဘူးပါသည်။ သူက ယခုအခါမှသာ ဒါတွေမှာ ကြေတာ မဟုတ်ဘူး၊ စာချတန်း ဝင်တုန်းကတဲက ကြေနေခဲ့တာ၊ စာဖြေပြီး ပြန်လာကြပြီဆိုယင် သူက ဒီပုဏ္ဏာဟာ ဘယ်သုတ်က ထုတ်တာ၊ ဘယ်သုတ်က ထုတ်တာ ဆိုပြီး ယှော်ကပြော တော့တာပဲ၊ ဒါကြောင့်လဲ သူတနှစ်ထဲ ၈-ကျမ်းအောင်သွားတာပေါ့၊ (ထိုဆရာတော်မှာ ယခုတိုင် သက်တော်ထင်ရှား ရှိပါသည်) ဤစကားဖြင့်ပင် အရှင်သောဘနသည် နိကာယ်အရပ်ရပ်ကို နှစ်ပကြေပွန်အောင် လေ့လာပြီးမှ စာချတန်းကို ဝင်ရောက်ဖြေဆို အောင်မြင်တော် မူခဲ့ကြောင်း၊ ထင်ရှား ပါတော့သည်။ ထို့ကြောင့်ပင် ၁၃၁၃-ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေအပ်သော မဟာစည်ဆရာတော်၏မူ မဟာသတိပဋ္ဌာနသုတ် ပါဠိနိသျ၏ အတွင်းမျက်နှာဖုံး၌ တွေ့ရသော အလယ်၌ ဒေါင်းရုပ်ပါသည့် "ဦးသောဘန သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ၁၃၀၃" ဟူသော ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်မှာ ဓမ္မာစရိယ ဟူသော ဘွဲ့၏ အဓိပ္ပါယ်ကို အပြည့်အဝဆောင်သော တံဆိပ်ဖြစ်ကြောင်း သိသာပါတော့သည်။

## ဆိပ်ခွန်သို့ ပြန်ကြွရခြင်း

အရှင်သောဘနသည် စာချတန်း အောင်ချိန်တွင် မြန်မာ ပြည်မှာ အေးချမ်းသျက်ပင် ရှိသေးသည်ဟု ဆိုရသော်လည်း အနောက် ဥရောပတွင်မူ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သည်ပင် ၂-နှစ်နီးပါးမျှ ရှိနေလေပြီ၊ ပထမ ကမ္ဘာစစ်ကြီးတုန်းက အရှုံးပေးခဲ့ရသော ဂျာမနီ နိုင်ငံသည် လက်နက်အင်အား လူအင်အားစုကာ ဗြိတိသျှ ပြင်သစ်တို့ကို အပြင်းအထန် တိုက်ခိုက်နေချိန်ဖြစ်သည်။ အငိုက်တွင် မိခဲ့သဖြင့် ဂျာမနီတို့၏လေကြောင်း တိုက်ခိုက်မှုဒဏ် ယူဘုတ်ဒဏ်တို့ကို အလူးအလဲခံနေရပြီး အင်္ဂလန်ကျွန်း အသိမ်းခံရမည်ကိုပင် စိုးရိမ်ကာ တထိတ်ထိတ် တလန့်လန့် ဖြစ်နေရသော အချိန်ဖြစ်၍၊ မြန်မာအဖို့ကား မိမိတို့ နိုင်ငံသို့ စစ်မရောက် လာသေးသဖြင့်ရင်း မိမိတို့နိုင်ငံကို သိမ်းပိုက်လိုက်၍ မိမိတို့ကို ကျွန်စာရင်းသွင်းခဲ့သော ဗြိတိသျှတို့ မျက်ပြူးဆိုက်နေချိန်ဖြစ်၍ အတွင်းကြိတ် ဝမ်းသာနေကြချိန်ဖြစ်၏၊ ဤအခါမျိုးတွင် ဖြစ်တတ်သော ဓမ္မတာအတိုင်း အတိတ်တပေါင်များခေတ်စားလာခဲ့ရာ "ထိုးရိုး-မိုးကြိုးပစ်" ဆိုသည်အရ အင်္ဂလိပ်ဟူသောသိုးရိုးကို ပစ်မည့် ဂျာမနီ သို့မဟုတ် ဂျပန်ဟူသော မိုးကြိုးကို မျှော်နေသောအခါလည်း ဖြစ်၍၊ အထူးအားဖြင့် အရှေ့အရပ်မှ လာမည့်

ကယ်တင်ရှင်ကို စိတ်အား ထက်သန် စွာဖြင့် စောင့်မျှော် နေကြချိန် ဖြစ်၏။ ကယ်တင်ရှင်နှင့်အတူ တနေ့တွင် ရောက်လာမည့် စစ်ဘေးကို လည်း ခံယူရန် စိုးရွံ့စွာဖြင့် စောင့်နေရသည့် အချိန်လည်း ဖြစ်၏။ ဗြိတိသျှ အစိုးရတို့ကသည်း လာမည့်ဘေးကို ကာကွယ်သောအားဖြင့် မြန်မာနိုင်ငံ၌ စစ်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိ၍ လေကြောင်းရန် လုံခြုံရေး လေ့ကျင့်ခန်းများကိုလည်း ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ အရပ်ရပ်မှာပင် လေကြောင်းရန် ခိုလှုံရန် ဗုံးခိုကျင်းများလည်း တူးလျက်ရှိကြသည်။ ယင်းသို့ စစ်အတွက် ပြင်ဆင်နေကြရသော်လည်း တိုင်းသူပြည်သား များမှာပင် အလုပ်အကိုင် ပျက်လှသည်မရှိ နဂိုရ်နေ သာသာမျှသာ ရှိခဲ့လေသည်။

သို့သော် ၁၃၀၃-ခုနှစ် နတ်တော်လဆုတ် (၅)ရက်၏ နောက်ပိုင်းမှာမူ ဖြစ်ရပ်များမှာ မြန်ဆန်လာတော့သည်။ ထိုနေ့တွင် ဂျပန်နိုင်ငံသည် ဗြိတိသျှနှင့် အမေရိကန်တို့အား စစ်ကြေငြာ၍ တချိန်တည်း မှာပင် ဟာဝိုင်အီးကျွန်း ပုလဲဆိပ်ကမ်းကို ပြင်းထန်စွာ ဗုံးကြဲခြင်းဖြင့် အရှေ့ပိုင်း စစ်မျက်နှာသစ် တရပ်ကို ဖွင့်လေသည်။

ထိုအခါ မကြာမီမှာပင် ဂျပန်တို့ ဗမာပြည်သို့ရောက်လာမည်ကို ဗြိတိသျှတို့ တွက်ယားခဲ့သည်။ ဂျပန်တို့သည် ကန့်တံမှ တဆင့် တောင်ပိုင်းရှမ်းပြည်ကို ဖြတ်၍ ဗမာပြည်ကို သိမ်းပိုက်လိမ့်မည်ဟု ဗြိတိသျှတို့က ယူဆသည်။ ထို့ကြောင့် တောင်ပိုင်းရှမ်းပြည်တွင် စစ်တပ်များ အများအပြား ချထားလေသည်။ ဗြိတိသျှတို့သည် ပဌမတွင် တနင်္သာရီနယ်ကို လွှတ်ထားရန် ကြံရွယ်သည်။ နောက်မှ တနင်္သာရီနယ်တွင် လေယာဉ်ကွင်းများ ရှိသဖြင့် မိမိတို့အတွက်လည်း အရေးပါသည်။ ဂျပန်လက်သို့ ကျသွားလျှင်လည်း မိမိတို့ အဖို့ များစွာ ဒုက္ခတွေ့မည်ကို သိသဖြင့် တနင်္သာရီနယ်ကိုလည်း ကာကွယ်ရန် စီမံရလေသည်။ ထိုသို့စီမံရသည့်အတွက် ဂျပန်စစ်ကြေညာ၍ မကြာမီမှာပင် စစ်အတွက် အရေးကြီးသည့် ဌာနများ အနီး၌ နေသူများကို အခြားလုံခြုံသည့် နေရာများသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်တော့သည်။ လေယာဉ်ပျံများ အရေးပါသော စစ်ဖြစ်ရကား လေယာဉ်ကွင်းများသည် ရန်သူ၏ အဓိက ပစ်ကွင်းများ ဖြစ်လေသည်။ တောင်ဝိုင်းကလေး အနီး၌လည်း လေယာဉ်ကွင်း ရှိသည် ဖြစ်ရကား ထိုကွင်းအနီးရှိတောင်ဝိုင်းကလေး ပတ်ဝန်းကျင်ရှိ ကျောင်းဇရပ် အသီးအသီးတွင် သီတင်းသုံး နေထိုင်ကြသော ရှင်လူများကို (၇) ရက်အတွင်း ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ကြရန် စစ်အမိန့်ထုတ်လေတော့သည်။

ဗြိတိသျှ အစိုးရတို့၏ အမိန့်မှာ အခြားသူများ အဖို့ တုန်လှုပ်ချောက်ချားဖွယ် စိတ်မချမ်းသာဖွယ် ဖြစ်သော်လည်း တောင်ဝိုင်းကလေး ဆရာတော် အရှင်သောဘန အတွက်မှာမူ နတ်ပေးသော အခွင့်အရေးတခုပင် ဖြစ်တော့သည်၊ အရှင်သောဘနသည် မလှဲမရှောင်သာသဖြင့် တောင်ဝိုင်းကလေးမှာနေရသော်လည်း မိမိဆန္ဒမှာမူ မိမိဝိပဿနာ လုပ်ငန်း၏အောင်မြေဖြစ်သည့် ဆိပ်ခွန်သို့သာ စိတ်ညွတ်လျက်ရှိခဲ့သည်။ ဆိပ်ခွန်၌ အပျိုးစမ်းသပ်လုပ်ကိုင်ခဲ့၍ အောင်မြင်မှုရခဲ့သော အလုပ်ကိုပင် ဆက်လက်လုပ်ရန် စိတ်အားသန်ခဲ့သည်။ သို့သော် မိမိမှာတာဝန်ရှိသဖြင့် တောင်ဝိုင်းကလေးမှ လည်း မထွက်ခွါနိုင်ဖြစ်ခဲ့ရ၏။ ယခု ဗြိတိသျှတို့၏ အမိန့်က တောင်ဝိုင်းကလေးမှ ထွက်ခွါသွားရန် အခွင့်ကောင်းကို ပေးနေလေပြီ၊ ထို့ကြောင့် ဗြိတိသျှ အစိုးရတို့၏အမိန့်ကို သိပြီးလျှင်ပြီးချင်းပင် ဆိပ်ခွန်သို့ ပြန်ကြွရန် ဆုံးဖြတ်လိုက်တော့သည်။

အရှင်သောဘန တောင်ဝိုင်းကလေးမှ ထွက်ခွါသွားပြီနောက် တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ သွားရောက်ကြည့်ရှုမည်ဆိုလျှင် အံ့သြဖွယ်ရာ မြင်ကွင်းနှင့် ကြုံရမည်ဖြစ်သည်။ အရှင်သောဘန ဆိပ်ခွန်သို့ ကြွသွားပြီ ဆိုသော်လည်း သူအိပ်သော အိပ်ရာမှာ အခြေအနေမပျက်ပင် ရှိနေသည်။ ခြင်ထောင်မှာလည်း ခုတင်၌ ထောင်၍ ပင့်တင်ထားလျက်သားပင်ရှိသည်၊ အိပ်ရာ ခေါင်းအုံး စသည်တို့မှာလည်း ပကတိနေမြဲအတိုင်းပင်ရှိနေကြသည်။ အရှင်သောဘန ဆိပ်ခွန်သို့ ကြွသွားပြီ ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ ထင်ရ လောက်အောင်ပင် ဖြစ်တော့သည်၊ အရှင် သောဘနသည် ယခင် တရားရှာ ထွက်စဉ်က ကဲ့သို့ပင် ယခုလည်း မိမိ၏ ရဟန်းပရိက္ခရာ အသုံးအဆောင်မျှကိုသာ ယူဆောင်လျက် ကြွသွားတော်မူလေသည်။ ဤသည်ကပင် အရှင်သောဘန၏ စိတ်ဓာတ် ကြီးမြတ်ပုံကို ပြလေသည်။

တောင်ဝိုင်းကလေး တိုက်ကျောင်းသည် ကျောင်းသက်ရှည်ခြင်း၊ ကြည်ညိုဆည်းကပ်သူ ပေါများခြင်းတို့ကြောင့် ပန်းကန်ခွက်ယောက် ဖျာ သင်ဖြူး ကော်ဇောစသော ကျောင်းသုံးပစ္စည်း အလွန်ပေါများသော ကျောင်းဖြစ်၏၊ ယခုကဲ့သို့ တိုတောင်းလှသောအချိန်အတွင်းတွင် ရွှေပြောင်း သိမ်းဆည်းရန်မှာလည်း ခဲယဉ်းလှသည်။ သာမန်စိတ်ဓာတ်ရှိသူအဖို့ ဤပစ္စည်းများဖြင့်ပင် ဗျာများ၍ ဘာကိုမှ မလုပ်နိုင်ပဲ စိတ်ဆင်းရဲလျက်သာ ရှိရာ၏၊ အရှင်သောဘနမူကား ဤပစ္စည်းများနှင့်စပ်၍ မိမိစိတ်ကို အညစ်ညူးမခံ။ စစ်ဆိုသည်မှာ စည်းကမ်းရှိသည်မဟုတ်။ ကျောင်းတိုက်ပါမကျန် စစ်ကြီးအတွင်း ပျက်စီးချင်လျှင်လည်း ပျက်စီးသွားမည်ဖြစ်၏။ ထို့ကြောင့် ဤပစ္စည်းများနှင့်စပ်၍ ကြောင့်ကြစိုက်နေခြင်းမှာ ရေရာသော အလုပ်မဟုတ်။ ထို့ကြောင့်

ပစ္စည်းများကို ကျောင်းမှာပင် နေ့မြဲတိုင်း နေရာ၌ နေစေ၍ ဥပေက္ခာပြုထားရတော့မည်၊ ဤသို့ ကြံခဲ့ဟန်တူပါသည်။ သို့သော် ပိဋကတ်စာအုပ်များကိုကား တိုက်ကျောင်းထက် ဘေးကင်းလိမ့်မည်ဟု ထင်ရသောမဟာမြိုင်ကျောင်းသို့ပို့ထားရန် နေရစ်မည့် ဦးပဥ္စင်းများအား မှာထားခဲ့သည်။ ကျောင်းပစ္စည်းများမှာ အရွေ့အပြောင်း အသယ်အယူခက်၍ ထားပစ်ခဲ့သည်မှာ ရှိပါစေတော့ မိမိအသုံးပြုဆဲ ပစ္စည်းများမှာပင် ငဲ့ကွက်မှုမရှိဘဲ စွန့်ထားခဲ့သည်မှာမူ သာမန်ပုဂ္ဂိုလ်များ လိုက်နိုင်ရန် များစွာ ခဲယဉ်းသော တွယ်တာခြင်း ကင်းမှုပင် ဖြစ်ပါတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးသည် များစွာသော လူတို့၏ ဘဝကို တမျိုးတဖုံ ပြောင်းလဲစေခဲ့သည်။ နဂိုရ်က စိတ်ပြော့ပြောင်းသည် ထင်ရသူများပင် မျိုးချစ်စိတ်၏ လှုံ့ဆော်ချက်အရ စစ်မှုထမ်းများဘဝသို့ ရောက်ကြသည်များ ရှိသလို လူ့ဘဝကိုငြီးငွေ့၍ သာသနာ့ဘောင်သို့ ရောက်သွားကြသူများလည်း ရှိလေသည်။ ဤသို့ ဘဝအခြေ အပြောင်းခံရသော သူတို့တွင် တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော်လည်း အပါအဝင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ တောင်ဝိုင်းကလေးမှ ထွက်ခွာခဲ့သည့်အချိန်အထိ အရှင်သောဘနသည် ပရိယတ်နှင့် ပဋိပတ်ကို မျှ၍ ကြိုးပမ်းခဲ့သည်။ ပရိယတ်ကို ချုပ်ပို့ယင်းပင် တဘက်မှ ပဋိပတ်ကိုလည်း အားထုတ်ခဲ့သည်။ ဤမှနောက်တွင်မူကား အရှင်သောဘနသည် ပဋိပတ်ကိုသာ ပဓာနထား၍ ကြိုးပမ်းသော ကမ္မဋ္ဌာန်းဆရာတော်တပါး အဖြစ်ဖြင့်သာ သာသနာ့ဝန်ကို ထမ်းဆောင်ယင်း ဗုဒ္ဓဘာသာဝင်တို့၏ အကျိုးကို အားသွန်ဆောင်ရွက်သွားသည်ကို တွေ့ရတော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်၏ ပဋိပတ်သာသနာရေးကား ကမ္ဘာချဉ်းအောင်ပင် ထွန်းလင်းပေတော့မည်တကား။

## ဆိပ်ခွန်၌ ဝိပဿနာ သာသနာပြုခြင်း

ဂျပန်က, အင်္ဂလိပ်,အမေရိကန်တို့အား စစ်ကြေငြာပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် အကြာမှာပင် မြန်မာနိုင်ငံလည်း စစ်ဒဏ်ဆိုသည်ကို လက်တွေ့ခံစားရလေသည်။ ဂျပန်တို့က ၁၃၀၃-ခုနှစ် ပြာသိုလဆန်း (၆) ရက်နေ့တွင် ရန်ကုန်မြို့ကို လေကြောင်းမှ တိုက်ခိုက်လေတော့သည်၊ စစ်ဘေးအတွေ့အကြုံ မရှိသေး၍ အတိမ်းအရှောင် မတတ်ကြသေးရကား ဗုံးဒဏ်, စက်သေနတ်ဒဏ် ခံရ၍ အသက်ဆုံးကြသူများလည်း အများအပြားပင်၊ ထိုမှနောက်တွင်မူ ကမ္ဘာစစ် ဘေးဆိုးကြီးသည် မြန်မာ တပြည်လုံးကို လွှမ်းခြုံခဲ့လေတော့သည်၊ ၁၃၀၄-ခုနှစ် နှစ်ဦးပိုင်းတွင် ဂျပန်တို့သည်

ဗမာတပြည်လုံးကို သိမ်းမိလေသည်။ ဂျပန်သိမ်းပြီးစက တိုင်းသူပြည်သားတို့သည် စစ်ကြီးပြီးသလောက် အထင်ရောက်ခဲ့ကြ၏။ သို့သော် များမကြာမီမှာပင် အင်္ဂလိပ်, အမေရိကန်တို့က ပြန်လည်တိုက်ခိုက်လေရာ လေကြောင်းရန်မှာ အချိန် မရွေး စိုးရိမ်ရသော ဘေးရန်တခု ဖြစ်နေ လေတော့သည်။

ဤသို့ မြန်မာတပြည်လုံး စစ်ဒဏ်ကို အလူးအလဲ ခံနေရသည် ဆိုသော်လည်း အချို့ ကံကောင်းသော တောရွာများမှာမူ စစ်ဘေးဒဏ်ကို လက်တွေ့မခံစားရပေ။ အခြားအရပ်များ၌ ဒုက္ခတွေ့နေကြသော်လည်း ထိုရွာများမှာမူ အေးချမ်းစွာပင် ရှိခဲ့ကြသည်၊ ထိုသို့ ကံကောင်းသော ရွာများတွင် ဆိပ်ခွန်ရွာလည်း အပါအဝင်ဖြစ်ရာ ထိုရွာသို့ ပြန်လည်ရောက်ရှိနေသော အရှင်သောဘနသည် ထိုရွာ အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာလုပ်ငန်း တရားကို ကျယ်ပြန့်စွာ ဟောညွှန်ပြသခြင်း ပြုနိုင်ခဲ့လေသည်၊ ဆရာတော်၏ စိတ်ပါဝင်စားအားကျလာအောင် အဟောကောင်းမှု, လက်တွေ့အပြအသ ကောင်းမှုကြောင့်ပင် တရားအားထုတ်သော ယောဂီများမှာ တနေ့တခြား များပြားတိုးတက်၍ လာခဲ့လေသည်၊ တနှစ်ထက်တနှစ် တိုးတက်လျက်သာ ရှိခဲ့လေသည်။

ဆရာတော်၏ ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာအားထုတ်ခဲ့ကြ၍ မိမိတို့ ကိုယ်တွေ့ တရား၏ အရသာကို သိလာ ကြသောအခါ ထိုတရားအားထုတ်ပြီး သူတို့သည် မိမိတို့ နည်းတူ အခြားပုဂ္ဂိုလ်များလည်း တရားအရသာကို သိစေလိုသော ဆန္ဒ ဖြစ်ပေါ်လာကြသည်၊ အလွန် အရသာထူးသော စားကောင်း သောက်ဖွယ်ကို စားရသောအခါ အခြား သူများကိုလည်း စားစေ လိုကြသလိုပင် ဖြစ်သည်၊ ထို အခြားသူ အားလုံးကို ဆိပ်ခွန်သို့လာရန် ခေါ်ဖို့လည်း မဖြစ်နိုင်၊ ထို့ကြောင့် ထိုသူတို့ အကျိုးရှိအောင် လုပ်ရန်မှာ ကျမ်းစာရေးသား၍ ဖြန့်ဖြူးခြင်းသာ ဖြစ်တော့သည်ဟု ထိုသူတို့ သဘော ပေါက်ကြသည်၊ ထို့ကြောင့်ပင် ထိုယောဂီ ဥပါသကာတို့သည် ဆရာတော် အရှင်သောဘနအား ဉာဏ်အနု အလတ် အရင့် ပုဂ္ဂိုလ်တို့နှင့် သင့်လျော်သော လက်တွေ့ ဝိပဿနာနည်းပြ ကျမ်းတခု ပြုစုတော်မူပါရန် လျှောက်ထား တောင်းပန် ကြလေသည်၊ ထို ဥပါသကာ တို့၏ တောင်းပန် ချက်ကြောင့်ပင် ဆရာတော်သည် ဝိပဿနာ ရှုနည်း ကျမ်းကို ရေးသား စီရင်တော် မူလေသည်။

## ဝိပဿနာရှုနည်းကျမ်း ရေးသားခြင်း

ဆရာတော်သည် ဥပါသကာတို့၏ တောင်းပန် လျှောက်ထားမှုကို လက်ခံပြီးနောက် ဝိပဿနာ ရှုနည်းကျမ်းကို ရေးသားတော် မူလေသည်၊ ထိုစဉ်အခါက အင်္ဂလိပ် အမေရိကန်တို့က မြန်မာပြည် အရပ်ရပ်၌ဗုံးကြဲနေသော အချိန်ဖြစ်၍ ရွှေဘိုမြို့သို့ နေ့စဉ်လိုပင် လာရောက်၍ ဗုံးကြဲနေ၏၊ သို့သော် ယင်းဗုံးသံများ အကြားမှပင် ခုနစ်လမျှဖြင့် ဝိပဿနာရှုနည်းကျမ်း ၂တွဲကို ပြီးစီးအောင် ရေးသားတော် မူခဲ့သည်၊ ထိုကျမ်း ၂-တွဲပေါင်းမှာ ရှင်ဆိုက်နှင့် စာမျက်နှာ ၉၅၀-ခန့်မျှ ရှိသည်ဖြစ်ရာ ဤမျှ ကြီးမားသော ကျမ်းကို ခုနစ်လနှင့် အပြီး ရေးခဲ့ခြင်းသည်ပင် အံ့သြ ဖွယ်ရာ တရပ်ဖြစ်ခဲ့တော့သည်၊ ဤမျှ တိုတောင်းလှသော အချိန်အတွင်း၌ ပြီးစီးအောင် ရေးသားခဲ့သည် ဆိုသဖြင့် စာအုပ် ဖြစ်လျှင်ပြီးရော သဘောမျိုးဖြင့် ဖြစ်ကတတ်ဆန်း ရေးသားသော ကျမ်းဖြစ်လေမည်လား ဟုလည်း အချို့က



ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ဆိပ်ခွန်မဟာစည် သာသနာ့ရိပ်သာအတွင်း၌ ဤကျောင်းဆောင်ပေါ်တွင် သီတင်းသုံးတော်မူလျက် ဝိပဿနာရှုနည်းကျမ်းကြီး ၂-တွဲကို ပြုစုစီရင်တော်မူသည်၊

မှတ်သင်ကောင်း မှတ်ထင်ကြမည် ဖြစ်၍၊ သို့သော် ထိုကျမ်းကို အစမျက်နှာ အနည်းငယ်မျှ ဖတ်ကြည့်လျှင်ပင် ထိုကျမ်းသည်ခိုင်ခန့်သောတကယ် ကျမ်းကြီး ဖြစ်ကြောင်း ပါဠိ အဋ္ဌကထာ ဋီကာ အဘိုး အကား မလွတ်စေပဲ ယင်း တို့ကို လက်တွေ့ သဘောတရားတို့ဖြင့် ဟပ်၍ အချက် ပိုင်ပိုင် ရေးသား ထားသော ကျမ်းဖြစ်ကြောင်း သိနိုင်ပါသည်။

ကျမ်းရေးသားတော် မူပြီးနောက် ပုံနှိပ်ရန် တာဝန် ရှိလာ ပြန်သည်၊ စစ်ကြီးအတွင်း ဖြစ်နေ၍ ခက်ခဲ ရှားပါးမှု အမျိုးမျိုးကြောင့် ပုံနှိပ်ရန် မလွယ်ဖြစ်နေခဲ့သည်၊ ရွှေဘိုမှာလည်း ပုံနှိပ်ရန် မဖြစ်နိုင်သဖြင့် အခက်အခဲ တွေ့လျက်ရှိသည်၊ သို့သော် ယောဂီတဦး၏ သတင်းပေးချက်အရ ပုံနှိပ်ရန် ကိစ္စမှာ အဆင်ပြေ သွားခဲ့လေသည်။

စစ်ကိုင်းခရိုင် ရွာသစ်ကြီးမှ လာရောက်အားထုတ်နေသော ယောဂီတဦး က ထိုသို့ပုံနှိပ်ရန် အခက်အခဲ တွေ့နေသည်ကို သိရသောအခါ ရွာသစ်ကြီး တွင် ပုံနှိပ်စက်တလုံးရှိကြောင်း လျှောက်ထားသည်၊ ဆရာတော်က စာအုပ် ရိုက်သောအခါ ကြည့်ရှုပြင်ဆင်မည့် ပုဂ္ဂိုလ်လိုကြောင်း မိမိလည်း သွား ရောက်ပြင်ဆင်နေနိုင်မည် မဟုတ်ကြောင်း အမိန့်ရှိသောအခါ ထိုယောဂီ ကပင် ရွာသစ်ကြီး၌ ဤကျမ်းစာကို ကျကျနန ပြင်ဆင်ပေးနိုင်မည့် ဆရာ တော်တပါး ရှိကြောင်း လျှောက်ထားပြန်သည်။ ထိုယောဂီ၏ လျှောက် ထားချက် အရပင် ဆရာတော် အရှင်သောဘနလည်း ရွာသစ်ကြီးရှိ ထိုဆရာ တော်ထံသို့ စာမူကိုပို့၍ ပြင်ဆင်ရန် တာဝန်အပ်နှင်းပြီး ကျမ်းစာကို ရိုက် နှိပ်စေတော်မူရသည်၊ ထိုဆရာတော်သည် ဝိပဿနာ ရှုနည်းကျမ်း စာမူကို ဖတ်ရှုရသောအခါ ကျမ်းပြု ပုဂ္ဂိုလ်အပေါ်မှာ အလွန် အားရကြေနပ်ခြင်း ဖြစ်လေသည်။ ဤကျမ်းစာက မိတ်ဆက်ပေးသဖြင့် ထိုဆရာတော် နှစ်ပါး တပါးကိုတပါးမမြင်မတွေ့ဘူးသေးပဲနှင့်ပင် မိတ်ဆွေဖြစ်သွားကြတော့သည်။

ကျမ်းစာ ရိုက်နှိပ်မှု အစပြုပြီးသည့်နောက် ဆရာတော် အရှင်သောဘန ရွာသစ်ကြီးသို့ ကြွသောအခါမှသာ ဆရာတော် နှစ်ပါးမှာ ပုဂ္ဂိုလ်ချင်း တွေ့ဆုံ ခင်မင်ရင်းနှီးခွင့် ရကြပါတော့သည်၊ ထိုဆရာတော်သည် နောင် အခါတွင် ဆရာတော် အရှင်သောဘန၏ နည်းအတိုင်း ဝိပဿနာအားထုတ်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါး ဖြစ်တော်မူလေသည်။ ထိုရွာသစ်ကြီး ဆရာတော်ကား အခြားမဟုတ်၊ ယခုအခါ စစ်ကိုင်းတောင် ရွှေစေတီ ရိပ်သာကို အစတည်ထောင်တော်မူ၍ ထိုရိပ်သာ၏ ပဓာန နာယက အဖြစ် ဖြင့် ဆောင်ရွက်တော်မူလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဆေက

ပရိယတ္တိကောဝိဒ ပဋိပတ္တိမာမက စိတြကထိက ဖြစ်တော်မူသော ရွှေစေတီ ဆရာတော်ဘုရားကြီးပင် ဖြစ်တော်မူပါသည်။

ဝိပဿနာရှုနည်းကျမ်း ပဌမတွဲကို ရွာသစ်ကြီးမှာပင် ချောမောစွာ ရိုက်နှိပ်ပြီးခဲ့၍ ဆိပ်ခွန်သို့ သယ်ယူထားခဲ့သည်။ ဒုတိယတွဲကျမ်းမှာမူ ရိုက်နှိပ်ပြီး မချုပ်လုပ် ရသေးသည့် ဖေါင်စိမ်း ဘဝမှာပင် ရွာသစ်ကြီးကို အင်္ဂလိပ်၊ အမေရိကန် တို့က ဗုံးချရာတွင် စာပုံနှိပ်စက်လည်း ပါသွားသဖြင့် မီးသင့် လောင်ကာ ပျက်စီးခြင်းသို့ ရောက်ရလေသည်။ ထိုသို့ မီးသင့်လောင်ရာတွင် ဒုတိယတွဲ လက်ရေးမူချောပါ ပါသွားသဖြင့် မူချောကို ထပ်၍ ရေးသားတော်မူရသည်။ ပဌမတွဲကို ရိုက်နှိပ်သည် ဆိုသော်လည်း စစ်အတွင်း စက္ကူ အခက်အခဲကြောင့် အုပ်ရေ ၂၀၀-မျှသာ ရိုက်နိုင်ခဲ့သည်။ ထို့ကြောင့် စစ်ကြီးပြီးသောအခါ ပဌမတွဲကို သုခဝတီ ပုံနှိပ်တိုက်တွင်ရင်း ဒုတိယတွဲကို လှခင်အင်ဆန်း ပုံနှိပ်တိုက်ဘွင်ရင်း ရိုက်နှိပ်ခဲ့ရသည်။

## ကျမ်းဂုဏ်ရည်

အချို့သော အဆောက်အဦးတို့သည် အရှေ့ဘက်မှကြည့်လျှင် လှသော်လည်း အခြားဖက်မှကြည့်လျှင် မလှ၊ ထိုသို့သော အဆောက်အဦးမျိုးကို တင်ပြရာ၌ ဓာတ်ပုံဆရာ၌ မြင်တတ်မှုရှိဖို့ အရေးကြီးသည်၊ လှသောဖက်မှ ရိုက်၍ပြမှသာ အဆောက်အဦးကိုလည်း ကြိုက်ကြမည်။ မိမိဓာတ်ပုံလည်း ပုံကောင်းစာရင်း ဝင်ပေမည်။ အချို့သော အဆောက်အဦးများမှာကား ထိုကဲ့သို့မဟုတ် မည်သည့်ဘက်မှပင် ကြည့်သည်ဖြစ်စေ လှလျက်ချည်းသာ ရှိလေသည်၊ ထိုအဆောက်အဦးမျိုး၌မူ ဓာတ်ပုံဆရာမှာ ရှုထောင့်ကောင်း ရွေးချယ်ရသည့်တာဝန် ပေါ့သွားတော့သည်။ မည်သည့်ဖက်မှ ရိုက်၍ ပြသည်ဖြစ်စေ အဆောက်အဦးမှာ လှနေမည်သာဖြစ်ပြီး ဓာတ်ပုံမှာလည်း ပုံကောင်း ဖြစ်နေမည်သာဖြစ်သည်။ ဆရာတော် အရှင် သောဘန ရေးသား စီရင်သော ဝိပဿနာရှုနည်းကျမ်းမှာ ဒုတိယအမျိုးအစား အဆောက်အဦးကဲ့သို့ပင် ဖြစ်ပါသည်။ မည်သည့်ရှုထောင့်မှ ဖတ်သည်ဖြစ်စေ မည်သည့်အပိုင်းအခန်းကို ဖတ်သည်ဖြစ်စေ အကောင်းချည်းသာ ဖြစ်လျက် ရှိပါသည်၊ တနည်းအားဖြင့်လည်း ဝိပဿနာရှုနည်းကျမ်းမှာ အရသာမြိန် ယှက်သော ဟင်းကောင်းတို့ဖြင့်ချည်း ပြင်ဆင်ထားသော ထမင်းပွဲကြီးနှင့် တူပါသည်၊ ဟင်းခွက်တိုင်းမှာ အကောင်းချည်းဖြစ်နေသလို နေရာတိုင်းမှာပင် အကောင်း ချည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာ ရှုနည်းကျမ်း၌ ကောင်းသောနေရာကလေးများကို ဖတ်ချင်ပါသည်ဆိုလှစသူအား

တအုပ်လုံး အစမှအဆုံးတိုင် ဖတ်ပါ ဟု ညွှန်ကြား ရန်သာ ရှိပါတော့သည်။

သို့သော် ပြခဲ့သော ထမင်းပွဲကြီးမျိုး၌ ထိုင်နေသူသည် မိမိ အထူး ခံဘွယ်တွေ့သော ဟင်းခွက်၊ မိမိနှင့်နီးသော ဟင်းခွက်တို့အကြောင်းကို အထူး ပြောပြမည်ဖြစ်သလို ဤအခန်း၌လည်း ဝိပဿနာရှုနည်းကျမ်းလာ အချို့သော အချက်အလက်တို့ကို ရေးသားလိုပါသည်။

## လက်တွေ့အကျဆုံးကျမ်း

မြန်မာနိုင်ငံ၌ ဝိပဿနာကျမ်းပေါင်း မြောက်မြားစွာ ထွက်ပေါ်ခဲ့ကြဘူးပါသည်။ သို့သော် လက်တွေ့လုပ်ငန်းဆိုင်ရာတွင်မူ ဝိပဿနာရှုနည်းကျမ်းလောက် ပြောင်မြောက်ပြည့်စုံသော ကျမ်းကို မတွေ့ဘူးသေးပါ။ ပါဠိ အဋ္ဌကထာ ဋီကာတို့လာ မိန့်ဆိုချက်တို့ကို လက်တွေ့သဘောတရားနှင့် ဟပ်၍ ဟပ်၍ ပြထားသည်တို့မှာ ထူးခြားသည်နှင့်အမျှ နှစ်သက်ဖွယ်အတိ ရှိလေသည်။ မြင်နေကျ ဒယ်ဆောက်အဦးကို မိမိ မကြည့်ဘူးသေးသော ရှုထောင့်မှ ကြည့်ရသလို အမြင်သစ်ကို ရစေနိုင်ပါသည်။

အထူးအားဖြင့် ဒုတိယတွဲအစ၌ ပြထားသော အခဏ်း (၅)မှာ လက်တွေ့နှင့်ပတ်သက်၍ အနှစ်သာရဖြစ်၏၊ နေရာဌာနတခုသို့ မိမိကိုယ်တိုင် ရောက်ဖူး၍ အခြားများစွာသော သူတို့ကိုလည်း ရောက်အောင် ပို့ဆောင်ခဲ့ဘူးသော ပုဂ္ဂိုလ်တဦး၏ ညွှန်ကြားချက်မျိုးတို့ဖြင့်သာ တခဏ်းလုံး ပြည့်နှက်သျက်ရှိသည်၊ ဝိပဿနာအလုပ်ကို မလုပ်တတ် မရှိရလေအောင် အလွန် အသေးစိတ်ညွှန်ကြားချက် တို့ကို ပေးထားသည်တို့ကို တွေ့ရ၏၊ ထိုသို့ အသေးစိတ် ညွှန်ကြားချက် ပေးနိုင်သည်မှာ ကိုယ်တွေ့လည်း လုပ်ထားဘူး၊ အခြားသူများလည်း လက်တွေ့ ပြသထားဘူးသောကြောင့်သာ ဖြစ်ပေသည်၊ ထိုသို့မဟုတ်က ဤညွှန်ကြားချက်မျိုး ပေးနိုင်ရန်မှာ ခဲယဉ်းပါဘိသည်၊ "အမှတ်ကောင်းနေစဉ် ဖျဉ်းကနဲ ဖျဉ်းကနဲ ကြက်သီးထတတ်၏၊ ကျောသဲကဖြစ်စေ၊ တကိုယ်လုံးဖြစ်စေ စိမ့်ကနဲ စိမ့်ကနဲ အေးမှုလဲ ဖြစ်တတ်၏၊ မကြောက်နဲ့ တရားသဘောအတိုင်း ပီတိဖြစ်ပေါ်လာခြင်းပင်တည်း၊ တစုံတရာ အသံကလေးများကို ကြားရသောကြောင့်လဲ ဖျတ်ကနဲ လန့်တတ်၏၊ မကြောက်နဲ့ သမာဓိအရှိန် ကောင်းလာတဲ့အတွက် ဖဿဒဏ် ပြင်းပြပုံကို ထင်ရှားသိလာခြင်းပင်တည်း"အစရှိသော သတိပေး ညွှန်ကြားချက်ကလေးများမှာ ထိမိလှပေသည် မိမိကိုယ်တွေ့များကို ပြန်ပြောပြနေသကဲ့သို့ ရှိပါပေသည်၊ ဤသို့သော ညွှန်ကြားချက်ကလေးများကို ရသော ယောဂီပုဂ္ဂိုလ်သည် လမ်းမှားသို့ မရောက်နိုင်သည်မှာ သေချာပါသည်၊

ထို့ကြောင့်ဤအခန်း(၅)မျှကို အစအဆုံး ဖတ်ရှုပါလျှင် ကျမ်းပြုပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ်မဟုတ်ကြောင်း ဝိပဿနာဆိုင်ရာတွင် အသွန်မြင့်မားသော အဆင့်သို့ ရောက်ပြီးသူ ဖြစ်ကြောင်း မှန်းဆ သိမြင်နိုင် လောက်ပါတော့သည်။

## အညာ ဗျာကရဏ မျိုးလော

မြတ်စွာဘုရားလက်ထက်တော်က တရားထူးရပြီးသော ထိုထို ထေရ ထေရီတို့သည် တရားသဘောဆိုင်ရာ မိမိတို့၏ ကိုယ်တွေ့၊ အတွေ့အကြုံနှင့် သုံးသပ်ချက်များကို အားပါးတရ ဥဒါန်းကျူးခဲ့ကြသည်။ ထိုထေရ ထေရီတို့ ဥဒါန်းကျူးခဲ့သော စကားရပ်များသည် ပါဠိ ပိဋကတ်၌ ထေရဂါထာ, ထေရီဂါထာ, ထေရအပဒါန်, ထေရီအပဒါန် ဟု ထင်ရှား လေသည်၊ အပဒါန်တို့၌မူ မိမိတို့၏ ရှေးအကြောင်းများကိုပါ ထုတ်ဖော် ခဲ့ကြသည်၊ ဝိပဿနာရှုနည်းကျမ်း အခန်း (၅) လည်း ထိုဥဒါန်းစကားတို့ ကဲ့သို့ပင် ဖြစ်လေသလော။

အရှင်ဗာကုလမထေရ်သည် မိမိ၏ ငယ်သူငယ်ချင်း ဖြစ်သူ အစေလကဿပ အား ငါ့ရှင်ကဿပ ငါသည် (၇)ရက်သာ ကိလေသာရှိသူ အဖြစ်ဖြင့် တိုင်းပြည်၏ ဆွမ်းကို စားခဲ့သည်၊ ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ် ထင်ရှား ဖြစ်ခဲ့သည် ဟု မိန့်တော်မူခဲ့သည်၊ ရဟန်းမဟုတ်သူအား အရဟတ္တဖိုလ်ကို ပြောကြားခြင်းငှာ မိမိအရဟတ္တဖိုလ်ရကြောင်း ပြောခြင်းငှာ မအပ်၊ အဘယ်ကြောင့် ပြောကြားသနည်း ဟု ပုစ္ဆာထုတ်၍ အဋ္ဌကထာဆရာက ဤသို့ ဖြေခဲ့၏၊ မထေရ်က ငါ ရဟန္တာတည်း ဟု မပြော၊ အရဟတ္တဖိုလ်သည် ဖြစ်ပြီ ဟု သာဆိုသည် တနည်းလည်း မထေရ်သည် ရဟန္တာဟု ထင်ရှား သည်၊ ထို့ကြောင့် ယင်းသို့ မိန့်သည်၊ အဋ္ဌကထာ၏ အဖြေကို ဖတ်ပြီး နောက် ဝိပဿနာရှုနည်း ဒုတိယအခန်း (၅) (သတ္တမနှိပ် စာမျက်နှာ ၄၀) လာ အောက်ပါစာပိုဒ်ကို ဖတ်ကြည့်ပါ။

ဤသိမှတ်မှု ဝိပဿနာဉာဏ်သည်လည်း ဣန္ဒြေငါးပါး ရင့်သန်သော ခဏ၌ အမှတ် အထူး ကောင်းနေစဉ်အတွင်းမှာပင် တကြိမ်ထက် တကြိမ် သာ၍ သွက်လက်ရှင်းလင်းစွာ အနည်းဆုံး သုံးလေးခါမျှ သိမြင်ပြီးလျှင် ထိမှု သိမှု ကြားမှု မြင်မှု စားမှု နံမှု ဟူသော ဤသင်္ခါရ (၆) မျိုးတွင် ထိုခဏ၌ ထင်ရှားဖြစ်ပျက်သော သင်္ခါရတမျိုးမျိုးကို မှတ်သိပြီးသည်နှင့် တပြိုင်နက် (မှတ်ရတဲ့အာရုံနဲ့ မှတ်သိမှုဟူသော သင်္ခါရအလုံးစုံ ကင်းပြတ်ချုပ်

ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်လျက် မဂ်ဖိုလ်အဖြစ်သို့သာလျှင် ဆိုက်ရောက်သွားတော့၏။) ဤ၌ ကွင်းပြထားသော စကားများမှာ ကိုယ်တွေ့မရှိသူ၏ စကားများ ဖြစ်နိုင်ပါမည်လော။

## အဆက်ပြတ်ခဲ့သော ရှုမှတ်နည်းများ

မဟာသတိပဋ္ဌာနသုတ်နှင့် အဖွင့် အဋ္ဌကထာ ဋီကာတို့၌ သတိပဋ္ဌာန် လေးပါးလုံးဆိုင်ရာ ရှုမှတ်နည်းတို့ကို ဖော်ပြထားသည်၊ သို့သော် ကာယာနုပဿနာပိုင်းမှာသာ ရှုမှတ်ပုံ များကို ခပ်ကျယ်ကျယ် ရေး၍ အထက်ပိုင်း ရှုမှတ်ပုံများမှာမူ အကျဉ်းမျှသာ ပြသွားတော့သည်၊ စာအုပ်ကိုသာ ဆရာလုပ်၍ အားထုတ်ရသော ယောဂီ ပုဂ္ဂိုလ်အဖို့ ဝေဒနာ နုပဿာ စသော ရှုမှတ်မှုများ၌ မရှုတတ် ဖြစ်ကြရသည်၊ ထိုရှုမှတ်မှုများမှာ ရှေးအခါက ကျန်ရှိခဲ့ပေမည်၊ ရှိခဲ့၍လည်း ထိုနည်းဘို့နှင့်အညီ ရှုကြ၍ တရားထူး ရသော ပုဂ္ဂိုလ်များ အများအပြား ပေါ်ထွက်ခဲ့ကြခြင်း ဖြစ်ပေသည်၊ ဝိပဿနာ အဆက်ပြတ်ခဲ့သလောက် ဖြစ်သော ဤအချိန်မှာမူ ထိုရှုမှတ် နည်းများမှာ ကွယ်သလောက်ဖြစ်နေ၍ လက်တွေ့အားထုတ်လိုသော ပုဂ္ဂိုလ်များမှာ အားလျော့ရမလို ရှိခဲ့သည်၊ ထိုသို့သော ပုဂ္ဂိုလ်များကို အားတက်စေ၍ အထက်ပိုင်း ရှုမှတ်နည်းများကို လက်ဖြင့် ကိုင်ပြသကဲ့သို့ ရှင်းလင်းစွာ နားလည်အောင် ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်းက ပြလေသည်၊ ဝိပဿနာအရာ၌ အဆက်ပြတ်၍ တိမ်မြုပ်နေခဲ့သော လွန်စွာအရေးပါသည့် ကွင်းဆက်တခုကို ဤကျမ်းက ပြောင် မြောက်စွာ ဖော်ထား လေသည်၊ ဤအချက်နှင့် ပတ်သက်၍ ဝက်လက် မိုးရိမ်ဆရာတော် ဦးတိဿက မဟာစည်ဆရာတော်ကို ချီးကျူး ထောမနာရာတွင် အောက်ပါအတိုင်း ထည့်သွင်း မိန့်ကြားခဲ့ဘူး လေသည်။

ဒါပေမယ့် အလုပ်လုပ်ဖို့ကျတော့ အောက်ပိုင်း ကာယာနုပဿနာ လောက်သာ လုပ်တတ်သလို ရှိပြီး အထက်ပိုင်း ဖြစ်တဲ့ ဝေဒနာ နုပဿနာ စိတ္တာနုပဿနာနဲ့ ဓမ္မာနုပဿနာပိုင်းတွေကျတော့ ရှုမှတ်မှု အဘွက် နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်၊ တပြိုင်ထဲဖြစ် တပြိုင်ထဲ ချုပ်ပြီး အလွန်လျှင်မြန်လှတဲ့ သမ္ပယုတ္တဓမ္မ စိတ် စေတသိက်တွေကို ဘယ်လိုရှုမှတ်ရမယ်လို့ကို နားမလယ်ပါဘူး၊ ကိုယ်နဲ့တန်းတူတွေရော ကိုယ့်ထက်ပိုပြီး နားလည်လောက်တဲ့ ဆရာသမားတွေကိုပါ အခွင့် သင့်တိုင်း ဆွေးနွေး မေးမြန်းခဲ့ပါတယ်၊ ဆွေးနွေးဘူးသမျှ ပုဂ္ဂိုလ်

တွေထဲက အသက်ပိုင်းလာ ရှုမှတ်နည်းတွေကို ဘယ်သူမှ သိနားလည်ဘာ မတွေ့ခဲ့ရပါဘူး၊ မဟာသတိပဋ္ဌာန် အထက်ပိုင်း ရှုမှတ်မှုတော့ ဘယ်လောက်တောင် အဆက်ပြတ်နေခဲ့ကြပြီဆိုတာ ထောက်ဆကြည့်ယင် သိနိုင်ပါတယ်၊ ဒါနဲ့ ဒီအဓိပ္ပါယ်ကို မသိရလို့ ရင်ထဲမှာ ဆို့နင့်ကြီး ဖြစ်နေခဲ့ရတာ အကြာကြီးပါဘဲ၊ ပညာရှိ သူတော်ကောင်းဘော့ ကျေနပ်နှစ်သိမ့်လောက်အောင် ဒီလောက်ကောင်းနေတဲ့ ကောင်းခြင်း လက္ခဏာတွေနဲ့ ပြည့်စုံလှလို့ အလွန်အားရ နှစ်သက်နေရတဲ့ အထဲ အတော်ကြာကြာကတဲက စိတ်နှလုံးထဲမှာ ခြောင့်တချောင်း စူးဝင် နေသလို တဆို့ နင့်နင့် ဖြစ်နေခဲ့ရတဲ့ မဟာသတိပဋ္ဌာန် အထက်ပိုင်း ရှုမှတ်နည်းတွေကို တွေ့လိုက်ရတဲ့ အခါ ဘယ်လောက်တောင် ဝမ်းမြောက် သွားမိတယ်ဆိုတာ မခန့်မှန်းနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

ဆရာတော် ဦးတိဿသည် ဝိပဿနာရှုနည်းကျမ်းနှင့် ပတ်သက်၍ မိမိ၏ ခံစားရချက်ကို မျိုသိပ်မထားနိုင်၍ ထုတ်ဖေါ်လိုက်ခြင်းပင် ဖြစ်ပါသည်၊ မှန်ပေသည်၊ စာ၌ အခက်တွေ့နေ၍ ထိုအခက်ကို မဖြေရှင်းနိုင်သောအခါ ရင်ထဲ၌ ဆို့နင့်နင့်ဖြစ်ရပုံ၊ ထိုအခက်ကို ဖြေရှင်းပေးသည့်ကျမ်း သို့မဟုတ် ပုဂ္ဂိုလ်ကိုတွေ့၍ ပြေရှင်းသွားသောအခါ ထို ကျမ်းပြုပုဂ္ဂိုလ် ပြောပြသည့် ပုဂ္ဂိုလ်ကိုလည်း ကျေးဇူးတင် မိမိလည်း အတိုင်းမသိ ဝမ်းမြောက်ရပုံ ထိုဖြေရှင်းသွားသော အခက်အခဲကို အခြားသူတို့အား ပြောမပြပဲ မနေနိုင်ပုံတို့မှာ ကိုယ်တွေ့ကြုံဘူးသူတို့အဖို့ ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်ပါတော့သည်။

## လက္ခဏာ ရသ စသည်

စာချတန်းဝင်ဘူးသူတိုင်း လက္ခဏာ ရသ စသည်ကို သိကြသည်၊ အဘိဓမ္မာ အဋ္ဌကထာဆိုင်ရာ ပုစ္ဆာတို့၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ပုစ္ဆာတပုဒ်အနေဖြင့် မေးရန် သတ်မှတ်ထားသည်၊ ထို့ကြောင့် စာချတန်းဝင်သူတိုင်း ယင်းတို့ကို အဋ္ဌကထာတို့မှ ထုတ်နုတ်၍ အလွတ်ကျက်ထားကြရသည်၊ ဤ၇ာရေးသူလည်း အလွတ်ကျက်၍ပင် စာချတန်းတို့ကို အောင်ခဲ့သည်၊ စာမေးပွဲအောင်ရန် ကျက်ခဲ့ခြင်းဖြစ်၍ လက္ခဏာ ရသ စသည်တို့၏ လေးနက်သောသဘော အဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားမှု မပြုခဲ့ပေ၊ ထို့ပြင် ဤသဘောသွားတို့ကို ကိုယ်တိုင်သိမြင်ရန်လည်း များစွာခဲယဉ်းမည် မဖြစ်နိုင်သလောက် ရှိမည်ဟု ထင်မှတ်ခဲ့သည်၊

သို့သော်၎င်း ဝိပဿနာရှုနည်းကျမ်း အခဏ်း(၄) လက္ခဏာ ရသ စသည် အကြောင်းရေးထားသော စာပိုဒ်များကို ဖတ်ရသောအခါမှာမူ မိမိထင်မှတ်ထားချက်မှာ လွဲမှားကြောင်း သိခဲ့ရုံမျှမက ထိုအခါကျမှပင် ပစ္စုပ္ပဋ္ဌာန်ကို အနက်ပေးရာ၌ ယောဂီတို့ဉာဏ်တွင် ထင်လာ၏ ဟု ပေးသောအနက်ကို သဘောပေါက်ခဲ့တော့သည်၊ ဝိပဿနာကို တကယ်အားထုတ်လာသောအခါကြိုတင်၍ ကျက်မှတ်မထားရပဲပင် လက္ခဏာ, ရသ စသည်ကို သိနိုင်ပုံကို ရှင်းလင်း ရေးပြထားပုံတို့မှာ မိမိထံ၌ စက်ကိရိယာရှိလျက် နားမလည်ဖြစ်နေသူအား နားလည်အောင် ပြောပြလိုက်သကဲ့သို့ ရှိပါပေသည်၊ ယောဂီပုဂ္ဂိုလ်သည် သုတနည်းသူဖြစ်လျှင် လက္ခဏာ, ရသ စသော နာမည်တပ်၍ကား သိချင်မှသိမည်၊ သို့သော် ယင်းတို့၏ သဘောမှန်ကိုကား ပစ္စက္ခပင်သိတော့သည်၊ ထိုသို့ ပစ္စက္ခသိမှသာ လက္ခဏာစသည်ကို သိသည်ဟု ဆိုနိုင်ကြောင်းလည်း ထင်ရှားလေရာ တရား အားထုတ်ချင်လာအောင် စိတ်ကို ဆွပေးနိုင်စွမ်းရှိသော စကားရပ်များ ဖြစ်ပါတော့သည်။

## ပရမတ္ထ၏ အဓိပ္ပါယ်

ပရမတ္ထ ပရမတ် ဆိုသော စကားလုံးမှာ သင်္ဂြိုဟ်သဘောကို အနည်းအကျဉ်းမျှ လေ့လာဘူးသူများပင် သိသော စကားလုံး ဖြစ်၏၊ ဘာသာရေး လိုက်စားသူတိုင်းပင် သိသော စကားလုံး ဆိုလျှင်လည်း မှားမည် မဟုတ်ပေ၊ သို့သော် ပရမတ္ထ ဟူသော စကားလုံး၏ သဘာဝကျ၍ အမှန်အကန် ဖြစ်သော အဓိပ္ပါယ်ကို သိသူမှာမူ ထင်သလောက် များလှမည်မဟုတ်ပါ၊ မဖောက်မပြန် မြတ်သော အနက်သဘောကြောင့် ပရမတ္ထမည်၏ ဆိုသည်ကိုမူ သိကြသည်ချည်းဖြစ်၏၊ သို့သော် ဘာကို မဖောက်မပြန် ဟု ဆိုသနည်း ဟု မေးသောအခါမှာမူ ကျနမှန်ကန်အောင် ဖြေတတ်ဖို့ မလွယ်ပေ၊ အချို့က မဖောက်ပြန် မပြောင်းလဲသောကြောင့် ပရမတ္ထ ဟု ခေါ်သည်၊ ပညတ်ကား ဖောက်ပြန်ပြောင်းလဲတတ်သောကြောင့် ပရမတ္ထ အမည်မရ ဟု ဆိုကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် ဖောက်ပြန်သောကြောင့် ရုပ်မည်၏ ဟူသော စာပိုဒ်သို့ ရောက်သောအခါ အခက်တွေ့ကြတော့သည်၊ ထို့ကြောင့်ပင် ထိုအခက်မှ ထွက်ပေါက်ရှာသည့်အနေဖြင့် လက္ခဏာအားဖြင့် မဖောက်ပြန်မှု အကျိုးပေးအားဖြင့် မဖောက်ပြန်မှုကို ပရမတ်သဘော ဟု ဆိုရသည်။ ဖဿ စေတသိက်သည် တွေ့ထိခြင်းလက္ခဏာရှိရာ ထိုဖဿသည် မည်သည့်ပုဂ္ဂိုလ် သန္တာန်မှာဖြစ်ဖြစ် တွေ့ထိခြင်းသဘောမှ ရွေ့လျောပြောင်းလဲ၍ မသွားသော

ကြောင့် ယင်းကို ပရမတ်ဆိုရသည်။ ထို့အတူ လောဘသည် မကောင်းကျိုး ပေးတတ်ရာ ထိုမကောင်းကျိုး ပေးတတ်သော သဘောမှ မည်သည့်အခါမျှ ပြောင်းလဲမသွား၊ မည်သူ၏ သန္တာန်မှာပင်ဖြစ်ဖြစ် မကောင်းကျိုး ပေးမည် သာဖြစ်သည်။ ထို့ကြောင့် ပရမတ်မည်၏၊ စသည်ဖြင့် များစွာသော ပုဂ္ဂိုလ်တို့ ပြောဆိုလျက်ရှိကြသည်။ ထိုပုဂ္ဂိုလ်တို့၏ ပရမတ်ဆိုင်ရာ ခံယူချက်မှာ မဖောက်ပြန် မပြောင်းလဲ ဟူသည်ပင် ဖြစ်၏။ ဝိပဿနာ ရှုနည်း ကျမ်းကမူကား ထိုပုဂ္ဂိုလ်တို့၏ ခံယူချက်မှာ တော့လွဲကလေး ဖြစ်နေကြောင်း ညွှန်ပြသည့် အနေဖြင့် မူလရှိရင်းအတိုင်း မှန်ကန်သောကြောင့် ပရမတ္ထ မည်၏ ဟု အနက်မှန်ကို ဖော်ထုတ်ကာ မဖောက်မပြန် ဟူသော မြန်မာ စကားလုံး၏ အနက်ကို ဆိုင်ရာပါဠိပုဒ်တို့နှင့် နှိုင်းယှဉ်၍ အဓိပ္ပါယ်မှန်ကို ဖော်ထုတ်သွားလေသည်၊ ထိုသို့ ဖော်ပြရာတွင် မိမိ၏ အယူအဆ ခိုင်ခန့် ကြောင်း ထင်ရှားစေရန် အကိုးအကားအဖြစ် ကထာဝတ္ထု၊ အဋ္ဌကထာ, မူလဋီကာ, အနုဋီကာ နှင့် ဋီကာကျော်တို့ကို ထုတ်ပြထားလေသည်။

ပရမတ္ထပုဒ်၏ အနက်ကို ဖွင့်ပြရာ၌ ကထာဝတ္ထု-ဋီ-အနုဋီတို့ကို ကိုး ကား၍ ရေးသားသောကျမ်းမှာ ရှားပါးသည်။ ထိုကျမ်းတို့ကို မကြည့်ရှုမိ ထိုကျမ်းတို့နှင့် မနီးနှောမိခြင်းကြောင့်ပင် ဋီကာကျော် စကား၌ အာဘော် မမိတော့ပဲ ထိုဆရာတို့သည် ဖြစ်သမျှ သင့်လျော်အောင် ကြံစည်ရေးသား ပြောဆိုကြရခြင်း ဖြစ်တော့သည်။ ဤအကြောင်းကိုပါ ထုတ်ဖော်၍ အကျယ်ရှင်းလင်းထားရာ ဝိပဿနာရှုနည်းကျမ်းလာ ပရမတ်နှင့် ပညတ် ဆိုသော အခန်းကို ဖတ်ရလျှင် ပရမတ္ထပုဒ်၏ အဓိပ္ပါယ်ကို သဘာဝကျကျ အစစ်အမှန် နားမလည်ပဲ နေနိုင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့်ပင် နက်နဲသော အတွေးအခေါ် ရှိသည့် စာချဆရာတော်တပါးက "ငါတော့ မဟာစည်ဆရာတော် စာအုပ်ဖတ်မိမှဘဲ ပရမတ်ဆိုတဲ့ သဘောကို ပိုင်ပိုင် နိုင်နိုင် နားလည်တော့တယ်" ဟု အားပါးတရ မိန့်မြွက်ဘူးပါသည်။

ဤနည်းနှင်နှင်ပင် ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း၌ စာတတ် ပုဂ္ဂိုလ်များကိုပင် အံ့အားသင့်သွားစေ၍ အမြင်သစ်ကို ရစေနိုင်သော ထူးခြားသည့် အနက်အဓိပ္ပါယ် အဖွင့်တို့ကို အနှံ့အပြား တွေ့ရပေသည်၊ ဤကျမ်းကို သေသေချာချာ ဖတ်ရှုရလျှင် ကျမ်းပြုပုဂ္ဂိုလ်ကို အထင်မကြီးပဲ မလေးစားပဲ နေနိုင်တော့မည် မဟုတ်ပါ။

ဤကျမ်းအကြောင်း အနည်းငယ်ရေးခြင်းဖြင့်ပင် စာမျက်နှာ အတော် များသွားပါပြီ၊ ထို့ကြောင့် ဒွါရ (၅)ပါး ဝိတ်ဖြင့် ဤအခန်းကို အဆုံး သတ်ပါအံ့။

## ဒွါရ ၅-ပါး ပိတ်ပုံ

အရှင်ပေါဋ္ဌိလဆိုလျှင် မကြားဘူးသူ မရှိသလောက်ပင် ဖြစ်၏။ အလွန်စာတတ်သော မထေရ်ကြီးဖြစ်၏၊ သို့သော် ပိဋကတ် ၃-ပုံကိုသာ ပို့ချ၍ ဘာဝနာကို အားမထုတ်သောကြောင့် မြတ်စွာဘုရားက သံဝေဂရစေရန် ထိုမထေရ်ကြီးကို တွေ့မြင်တော်မူတိုင်း "အလကား-ပေါဋ္ဌိလ"ဟု ခေါ်တော်မူရာမှ ထိုသို့အခေါ်ခံရ၍ သံဝေဂရပြီးနောက် ကမ္မဋ္ဌာန်းအားထုတ်ရန် ဆရာရှာရာ မထေရ်တို့၏ အဆင့်ဆင့် ညွှန်ကြားချက်အရ နောက်ဆုံး ၇-နှစ်အရွယ် ရဟန္တာသာမဏေလေးထံ ရောက်သည်။ ထိုရဟန္တာ သာမဏေကလေးက အရှင်ပေါဋ္ဌိလ၌ မာန်မာန ရှိ မရှိ စမ်းပြီးနောက် သဘောကျသဖြင့် ကမ္မဋ္ဌာန်းပေးလေသည်။ ထိုသာမဏေကလေး ပေးသောနည်းတွင် ဒွါရခြောက်ပါး၌ အာရုံ ၆-ပါး ထင်လျှင် ဒွါရ ၅-ခုကို ပိတ်၍ မနောဒွါရ၌ အလုပ်ကိုလုပ်ပါ ဟု ဆိုသည်။ ထို၌ ဒွါရ ၅ ခုကို ပိတ်ရမည်ဆိုသည်မှာ ဘာကိုဆိုလိုသနည်း၊ အဋ္ဌကထာ၌ အကျယ်မပြခဲ့သဖြင့် ထိုကို အသိခက်လျက်ရှိသည်၊ မမြင်ရအောင် မကြားရအောင် မျက်စိနားတို့ကို ပိတ်ထားရမည်လား၊ မျက်စိ နားတို့ကို အထိုက်အလျောက်ပိတ်၍ ရသည်ဆိုဦး နှာခေါင်းကို ပိတ်ထားလို့ ရပါမည်လား၊ ထိုကိုလည်း အနည်းအကျဉ်း ပိတ်၍ ရသည်ဆိုဦး အသင်အရှားဆုံး ဖြစ်သည့် ကာယဒွါရကို ပိတ်၍ ရပါမည်လား၊ ခန္ဓာကိုယ်ကို အင်္ဂါအစိတ်အပိုင်းချင်းလည်း မထိအောင် အခြားမည်သည့်အရာဝတ္ထုနှင့်မျှလည်း မထိအောင် လုပ်နိုင်ပါမည်လား၊ မလုပ်နိုင်လျှင် ၅-ဒွါရကို ပိတ်ရမည် ဆိုသည်မှာ ဘာကို ဆိုလိုသနည်း၊ လက်တွေ့ကျင့်ကြံရေးနှင့်ယှဉ်၍ ပြောရလျှင် ဤနေရာကား ခဲရပ်ဖြစ်တော့သည်၊ ဤခဲရပ်ကို ဝိပဿနာရှုနည်းကျမ်း၌ ရှင်းပေးထားသည်၊ ရှင်းပေးထားသည်ကို ဖတ်ရတော့လည်း လွယ်ပါဘိတောင်း၊ (ဤ၌ လွယ်ဆိုသည်မှာ လုပ်နည်းကိုသိဖို့သာ ဆိုလိုသည်၊ နည်းကိုသိပြီးနောက် သာမဏေကလေး ဆိုလိုသည့်အတိုင်း ဖြစ်အောင် အားထုတ်ဖို့ကား လွယ်လှမည်မဟုတ်၊ မနေမနား ကြိုးစားမှသာ ဖြစ်မည်)။

၅-ဒွါရကို ပိတ်ရမည်ဆိုသည်မှာ ၅ ဒွါရ၌ ဇောကင်းဆိတ်စေရမည်ဟု ဆိုလိုကြောင်း ဆရာတော်က ဖော်ပြထားပါသည်၊ ဇောကင်းဆိတ်စေရမည် ဆိုသည်ကို ပြောရသည်မှာ လွယ်လှပါ၏၊ သို့သော် ဇောဆိတ်အောင် မည်သို့ လုပ်ရမည်နည်း၊ ဤနေရာတွင် ဇောဆိတ်အောင် လုပ်နည်း၏အဖိုး မပြတ် နိုင်ပုံမှာ လွန်စွာ ထင်ရှားလာတော့သည်။ သူမရှိလျှင် မဖြစ်သဖြင့် သူ့ကို ရဖို့ရန်မှာ အထူးတလည် အရေးကြီးတော့သည်။ အရှင် ပေါဋ္ဌိလမထေရ်ကြီး မည်ကဲ့သို့ပြု၍ ဇောဆိတ်အောင် အားထုတ်ခဲ့ပါလေသနည်း၊

ဤအမေး၏ အဖြေကို ဝိပဿနာ ရှုနည်း ကျမ်းက ပြတ်ပြတ် သားသားပင် ပေးခဲ့ပါသည်။ ထိုနည်းကား ယခုအခါတွင် အလွန်ကျော်ကြား ထင်ရှားသော မြင်တိုင်းမြင်တိုင်း မြင်တယ်မြင်တယ် အစရှိသဖြင့် မပြတ်ရှုမှတ်သော နည်းပင် ဖြစ်ပါတော့သည်။

## မဟာစည် ဆရာတော်

ဤသို့ အရှင် သောဘန ဆရာတော်သည် ဆိပ်ခွန်ရွာ မဟာစည်ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာ လုပ်ငန်း တရား ဟောခြင်း လက်တွေ့တရား ပြသခြင်း ကျမ်းပြုခြင်းတို့ဖြင့် ပဋိပတ် သာသနာကို ကြိုးပမ်းခဲ့သည်။ တနေ့ ထက်တနေ့ လူသိများလာသည်နှင့်အမျှ အရှင်သောဘန ဆရာတော်လည်း ပို၍ပို၍ ကျော်စောလာခဲ့လေသည်။ ထိုအချိန်လောက်ကပင် စ၍ အနီး ပတ်ဝန်းကျင်မှ ရှင်လူ ရဟန်းတို့က မဟာစည် ကိုယ်တော်၊ ယင်းမှသည် မဟာစည် ဆရာတော်ဟု ခေါ်စမှတ် ပြုခဲ့ကြလေသည်။ ထိုအခါမှစ၍ ယခု တိုင်ပင် ဆရာတော်သည် မဟာစည် ဆရာတော်ဟူသော အမည်ဖြင့် ထင်ရှားလေတော့သည်။

မဟာစည် ကျောင်းတိုက်၌ သီတင်းသုံးတော်မူသဖြင့် မဟာစည် ဆရာတော်ဟု တွင်သော်လည်း မဟာစည် ဆရာတော်သည် မဟာစည် ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်ကား မဟုတ်ခဲ့ပါပေ။ မဟာစည်ကျောင်း တိုက်၏ ကမ္မဋ္ဌာန်းပြ ဆရာတော်သာ ဖြစ်ခဲ့ပါသည်။ မဟာစည်ကျောင်း တိုက်၏ နာယက ဆရာတော်မှာ ယနေ့တိုင် သက်တော်ထင်ရှား ရှိပါသေးသည်။ ထိုသို့ နေရာဌာနကို အစွဲပြု၍ မဟာစည်ဆရာတော် အမည်တွင်ခဲ့ ပုံကိုလည်း ဆရာတော်က မဟာသတိပဋ္ဌာန် သုတ်-နိဿ ကျမ်းဦး၌ "အရှင် သောဘန၊ ယေနာမနှင့်၊ ဌာနစွဲမှီ၊ မဟာစည်ဟု၊ အမည်ပညတ်၊ ငါမထေရ်မြတ်သည်" ဟု ထုတ်ဖော်တော်မူခဲ့သည်။

ကျောင်းတိုက်ကို မဟာစည် ကျောင်းတိုက် ဟု ခေါ်ဝေါ်ရခြင်း အကြောင်းကိုလည်း ဆရာတော်က ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ နိဂုံး တွင် ပြလာသံ့အတိုင်း မိန့်တော်မူထားပါသည်။

"ထိုကျောင်းတိုက်၏ အဝင်ဝ၌ အလွန်ကြီးမားသော ကုက္ကိုပင်ကြီးတပင် ရှိခဲ့၏၊ ယင်းကုက္ကိုပင်ကြီး လေပြင်းဒဏ်ကြောင့် လဲသွားသောအခါ ယင်း၏ပင်စည်ပင်လုံးကြီးမှာ အတွင်း၌ အသားမရှိပဲ အခေါင်းဖြစ်လျက်ရှိ၏။ စည်ကြီးပြုလုပ်ရန် အဆင်သင့်ဖြစ်လျက်ရှိ၏။ ထို့ကြောင့် ယင်းပင်လုံးကြီးကို

ဖြတ်၍ အနည်းငယ်မျှ တွင်းသျက် ပြုပြင်ပြီးလျှင် သားရေတို့ဖြင့် ကျက်၍ စည်ကြီး ပြုလုပ်ထားသည်၊ ထိုစည်ကြီး မျက်နှာဝမှာ ကျယ်သောဘက်မှ အထက်နှင့်အောက် အချင်း လက်မ ၄၀၊ ဘေးတိုက်ဖိလာ အချင်း ၃၄-လက်မ ရှိသည်။ ကျဉ်းသော ဘက်မှ အထက်နှင့် အောက် အချင်း ၃၆-လက်မ၊ ဘေးတိုက်ဖိလာ အချင်း ၃၁-လက်မ ရှိသည်၊ လုံးပတ်အားဖြင့် ၁၂၆-လက်မ ရှိသည်၊ အလျားမှာ ၁၀၅-လက်မ ရှိသည်၊ မဟာစည် ဆရာတော် တရားဟောခါနီး၌ ထိုစည်ကြီးကို တီး၍ ပရိသတ်စုဝေးစေသည်၊ ထိုစည်ကို အကြောင်းပြု၍ တည်ရာဌာန ကျောင်းတိုက်ကို မဟာစည် ကျောင်းတိုက်ဟု ခေါ်ကြသည်၊



ဆိပ်ခွန်-မူလမဟာစည် သာသနာ့ရိပ်သာအတွင်း၌ တည်ရှိသော ဤမဟာစည်ကြီးကို အစွဲပြု၍ (မဟာစည် ဆရာတော်ဘုရားကြီး) ဟု ကျော်စော ထင်ရှားတော်မူခဲ့သည်။

အထက်ပါ စကားရပ်တွင် ဆရာတော်က စည်ကြီး၏ အတိုင်း အတာကို အတိအကျ ပြထားသည်၊ ထင်လွယ် မြင်လွယ် အားဖြင့် ပြောရလျှင် ထိုစည်ကြီးမှာ ပုန်နှစ်ယောက် ဖက်ခန့် ရှိ၍ ထောင်ထား

လျှင် ဖယ်ယဉ်ဓမ္မာရုံ လူဝင်ပေါက်များထက် ၃ လက်မမျှပင် မြင့်သေးသည်။ ထိုစည်ကြီးကို ၁၂၉၅-ခုနှစ်၌ ပြုလုပ်သည်၊ စည်ကြီးဒါယကာမှာ ဆိပ်ခွန်ရွာ ကျောင်းဒါယကာ ဦးဖိုးတင်-ဇန်း ဒေါ်ခတို့ ဖြစ်သည်၊ ထိုစည်ကြီးထားရာ စည်တော်ရုံသည်ပင် ကျောင်းငယ်ငယ် တဆောင်ခန့် ရှိလေသည်၊ ထိုစည်ကြီးကို ဘုရားဝတ်တက်ချိန်၊ နေ့လည် မွန်းတည့် ၁၂-နာရီ အချိန်တို့၌ ပတ်ဝန်းကျင်ရှိ လူအများကြားစေရန် တီးပေးသည်၊ ယခုကဲ့သို့ ရေဒီယိုများ မပေါ်များသေးသော ထိုအချိန်ကမူ မဟာစည်ကျောင်းတိုက်မှ စည်တော်ကြီးသည် ကျောင်းတိုက်ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများအတွက် လန်ဒန်မြို့ရှိ ဘစ်ဘင် နာရီစင်ကြီးပမာ အားထားရသော နာရီအချက်ပေး စည်တော်ကြီးပင် ဖြစ်ပါတော့သည်။

မဟာစည် ဆရာတော် မဟာစည် ကျောင်းတိုက်သို့ ရောက်ပြီးနောက်မှာမူ စည်ကြီး၏အချက်ပေးမှုမှာ တိုးလာသည်၊ ဘုရားဝတ်တက်၊ နေ့မွန်းတည့်အပြင် မဟာစည်ဆရာတော် တရားဟောခါနီး၌လည်း ထိုစည်ကြီးကိုပင် တီးကာ အချက်ပေး၍ ပရိသတ်စုစေသည်၊ ဤသို့ ဆရာတော်တရားဟောမှုနှင့် စည်ကြီးတို့ ဆက်သွယ်နေသောကြောင့်ပင် မဟာစည်ဆရာတော်ဟု အတွင်ခြန်ခဲ့ခြင်း ဖြစ်လေသည်၊ ထိုစည်ကြီးကား မဟာစည်ဆရာတော်၏ အသိမ်းအမှတ် ပစ္စည်းတခု အဖြစ်ဖြင့် ယနေ့တိုင် ဆိပ်ခွန်ရွာ မဟာစည် ကျောင်းတိုက်၌ တင့်တယ်စွာ တည်ရှိလေသည်။

## ဦးသွင် ၂-ဦးတို့ တွေ့ကြခြင်း

မြန်မာနိုင်ငံ၌ ဆာဦးသွင်ဆိုလျှင် မသိသူ မရှိသလောက်ဖြစ်၏။ ပစ္စည်းဥစ္စာ ဓနပက်ကလည်း အလွန် ကြွယ်ဝချမ်းသာသူဖြစ်၍ သူဌေးကြီး ဟုပင် ဘွဲ့တပ် ၍အခေါ်ခံရသူ ဖြစ်၏၊ နိုင်ငံ၏အကျိုးကိုလည်း မနားမနေ ဆောင်ရွက်ခဲ့သူဖြစ်၏၊ ထို့ကြောင့်ပင် ဗြိတိသျှတို့လက်ထက်က ဆာဘွဲ့ဖြင့် ဂုဏ်ပြုခံရ၍ လွတ်လပ်ရေးခေတ်တွင်လည်း "သတိုးသီရိသုဓမ္မာ" ဟူသော အလွန်မြင့်မားသော ဘွဲ့ဖြင့် သူကောင်းပြု ခံရသူဖြစ်၏၊ အမျိုးဘာသာ သာသနာ၏ အကျိုးကိုလည်း အင်တိုက် အားတိုက် ဆောင်ရွက်ခဲ့သူပင် ဖြစ်၏၊ သူဌေးကြီး ဦးသွင်၏ ကောင်းမှုကုသိုလ်စာရင်းကို ကြည့်လျှင် ဤအချက်မှာ လွန်စွာ ထင်ရှားသည်၊ သာသနာတော်၌ လေးလေးနက်နက် ကြည်ညိုသူဖြစ်သဖြင့်လည်း သာသနာတော် စည်ပင် ပြန့်ပွားရေးကို အရေးတယူ ဆောင်ရွက်ခဲ့သည်ချည်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ သာသနာတော်ကို အားပေးခဲ့ပုံကို သူဌေးကြီးသည် အားမရခဲ့ပေ၊ မြန်မာပြည် လွတ်လပ်ရေးရလျှင် မည်သို့မည်ပုံ သာသနာတော်ကြီးကို ချီးမြှောက်မည်ဟုလည်း အကြံအစည် ရှိထားသည်။ ထို့ကြောင့် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးပြီးနောက် လွတ်လပ်ရေး ရရန် သေချာသည့်အခြေသို့ ရောက်သောအခါ သူဌေးကြီးသည် သူ၏ သာသနာတော် ချီးမြှောက်ရေး စီမံကိန်းကို အကောင် အထည် ဖော်ရန် အသင့်ပြင်ခဲ့တော့သည်၊ သူ၏စီမံကိန်းတွင် သာသနာရေးဆိုင်ရာ အသင်းအဖွဲ့ကြီး တခု တည်ထောင်ရန် ထိုအသင်း အဖွဲ့ ကြီးတွင် အစိုးရပိုင်းမှ သမ္မတ၊ ဝန်ကြီးချုပ် တို့မှစ၍ အာဏာရှိသော ပုဂ္ဂိုလ်များ ပါဝင်စေရန် ထိုအသင်းအဖွဲ့ကြီးကပင် တနိုင်ငံလုံးရှိ သာသနာတော်ဆိုင်ရာ လုပ်ဆောင်ချက်တို့ကို အားပေးချီးမြှောက်သွားရန်တို့ ပါဝင်လေသည်။

သာသနာတော် ချီးမြှောက်ရေးကို စဉ်းစား သောအခါ ပရိယတ္တိ သာသနာတော် ချီးမြှောက်ရန်မှာ မခဲယဉ်းလှ၊ သို့သော် ပဋိပတ္တိ သာသနာတော်ကို ချီးမြှောက်ရန်မှာမူ မလွယ်ကူလှသည်ကို တွေ့ရသည်။ ထိုသို့ မလွယ်ကူသည့်အချက်ကား ပဋိပတ်ဆရာ ရရှိရေးပင် ဖြစ်တော့သည်၊ ပဋိပတ်ဆရာသည် ဘုရား ဟောနည်းများနှင့် ကိုက်ညီသော မှန်ကန်သည့် တရားအားထုတ်နည်းများကို ပြသနိုင်သူလည်း ဖြစ်ရမည်၊ မိမိအသက်ထက်ဆုံး ကိုးကွယ်သွားမည့် ပုဂ္ဂိုလ်ဖြစ်၍ မိမိအနေဖြင့် အဖက်ဖက်မှ ကြည်ညိုနိုင်သော ပုဂ္ဂိုလ်လည်း ဖြစ်ရမည်။ ဤပုဂ္ဂိုလ်မျိုးရဖို့ရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့်ပင် သူဌေးကြီးသည် ပဋိပတ္တိဆရာတဦး ရရန် မိမိတဦးတည်း စုံစမ်းလျက်ရှိခဲ့သည်၊ ဤသို့ ပဋိပတ္တိ ဆရာရရန် စုံစမ်းရသည်မှာလည်း နောင် ဘာသာရေး အသင်းကြီး ဖွဲ့၍ ပဋိပတ် ဆရာရှာရန် တာဝန်ပေါ်လာသောအခါ အဆင်သင့် ဖြစ်စေရန်ပင် ဖြစ်လေသည်၊ ဤသို့လျှင် သူဌေးကြီးသည် သခင်နု စသော ပုဂ္ဂိုလ်တို့နှင့် ဘာသာရေး အဖွဲ့ကြီးတခု တည်ထောင်ရန် တိုင်ပင်ဆွေးနွေးယင်းပင် တဖက်မှလည်း ပဋိပတ်ဆရာကို ရှာဖွေစုံစမ်းလျက် ရှိလေသည်၊

လွတ်လပ်ရေးရခါနီးတွင် လူမသမာတို့၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့လေသည်။ တပိုလ်လဲ တဗိုလ်တက် စနစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင် သခင်နုက ဝင်၍ ဆောင်ရွက်ရသည်။ ဗိုလ်ချုပ်တို့ ကျဆုံးပြီး မျှားမကြာမီ ၁၃၀၉-ခုနှစ်၊ ဝါခေါင် လတွင် သူဌေးကြီး ဆာဦးသွင်သည် အထက် မြန်မာနိုင်ငံသို့ ခရီးထွက်ခဲ့သည်။ မိမိ၏ သမီး (ဒေါ်ခင်ခင်ကြီး) စစ်ကိုင်းမှာ ရှိနေသဖြင့် မန္တလေးမှ တဆင့် စစ်ကိုင်းသို့ သွားလေသည်၊ စစ်ကိုင်း၌ သမီးအိမ်မှာ ခေတ္တနေစဉ်

တနေ့သောအခါ စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်သို့ အလည်အပတ် သွားကြသည်။ ထိုအချိန်တွင် ရေဦးမြို့မှ စက်ပိုင်သူဌေး ဦးဘသင်လည်း ရောက်ရှိ နေခိုက် ဖြစ်၍ ဆာဦးသွင်သည် ဦးဘသင်နှင့် တွေ့ရသည်၊ အလ္လာပ သလ္လာပ ပြောယင်း ပဋိပတ် ဆရာတဦး အလိုရှိ၍ စုံစမ်း နေသည့်အကြောင်းသို့ ရောက်သွားရာ ဦးဘသင်က ရွှေဘိုမြို့ ဆိပ်ခွန်ရွာ၌ သီတင်းသုံးလျက်ရှိသော မဟာစည် ဆရာတော်မှာ သူဌေးကြီး လိုအပ် ချက်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောပြသည်၊ ဤသို့ဖြစ် လျှင် ထိုဆရာတော်၏ တရားကို နာလိုပါသည်၊ ဦးဘသင်က ဘဲ ပင့်ပေး ပါဟု မေတ္တာရပ်ခံရာ ဦးဘသင်ကလည်း ဝမ်းမြောက် ဝမ်းသာပင် တာဝန်ယူ၍ ပင့်ပေးလေသည်။

မဟာစည်ဆရာတော် ကိုယ်တိုင် ဟောသောတရားကို မနာရ သော် လည်း ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်းကို ဖတ်ရလျှင်ပင် ဆရာတော် သည် ပရိယတ် ပဋိပတ် စွယ်စုံပုဂ္ဂိုလ်ဖြစ်ကြောင်း သိနိုင်လောက်သည်။ သို့သော် ဆာဦးသွင်တွင် ဆရာတော်ကို ကိုယ်တိုင်ဖူးတွေ့၍ အကဲခတ် လိုသောဆန္ဒရှိသည်၊ ထို့ကြောင့်ပင် ဝါတွင်းဖြစ်သော်လည်း ဆရာတော်ကို ပင့်ပေးရန် ဦးဘသင်အား တောင်းပန်ခြင်း ဖြစ်လေသည်။

ဆင်ခြင်ဉာဏ်ရှိသော ပုဂ္ဂိုလ်များသည် ဆရာရွေးရာ၌ စနစ်ကြီးကြ သည်။ ပညာအရည်အချင်း ပြည့်စုံရုံမျှဖြင့် ကြေနပ်လေ့မရှိကြ၊ ထိုပုဂ္ဂိုလ် ၏ ရုပ်ရူပကာယကိုင်း၊ အင်္ဂါစုံ မစုံကိုင်း၊ စုံစမ်း၍ ကြေနပ်မှသာ ဆရာအဖြစ် ကိုးကွယ်လေ့ရှိကြသည်၊ ပုဂံပြည် နရပတိ စည်သူမင်းကြီး သည် "အကြားအမြင်များသည်၊ လိမ်မာသည်၊ စွမ်းရည်ရှိသည်"ဟုကျော် စောသင်ရှားသော ရဟန်းတပါးကို အင်္ဂါကြီးငယ်ပြည့်စုံလျှင် ဆရာပြု၍ ဆည်းကပ်မည်ဟု စုံစမ်းစေသောအခါ ခြေမဖျားပြတ်နေကြောင်း ကြား သိရ၍ အင်္ဂါကြီးငယ် မပြည့်စုံဟု မှတ်ယူ၍ ဆရာရင်းအဖြစ် မကိုးကွယ် ပဲ ပူဇော်သက္ကာရမျှသာ ပြုပြီးလျှင် ဓမ္မဝိလာသ ဟူသော ဘွဲ့အမည်ကို လှူ၍ ရာမညတိုင်းသို့ သာသနာပြု ကြွစေတော်မူကြောင်း သာသနာ လင်္ကာရ၌ လာ၏။ သူဌေးကြီး ဆာဦးသွင်လည်း နရပတိစည်သူမင်းကြီး လို စုံစမ်းသိုဟန် တူပေသည်။ ထို့ကြောင့်ပင် ချပ်သင်းချောင် မွှောရုံ၌တရား နာယူရန် စီစဉ်သောအခါ ၎င်းမွှောရုံ၌ တိုင်များသောကြောင့် ဆရာတော် ကို အသေးဒိတ် အကဲခပ်ခွင့် ရချင်မှ ရမည်၊ တိုင်စသော အကာအဆီး ရှင်းသော ဓမ္မာရုံ၌ စီစဉ်မှသာ မိမိရည်ရွယ်ချက် ပြည့်မည်ဟု ကြံ၍ အခြားကျယ်ကျယ်ပြန့်ပြန့်ရှိသော ဓမ္မာရုံမှာ စီစဉ်ရန် ပြောကြားလေ

သည်၊ ထို့ကြောင့် မဟာစည် ဆရာတော်၏ တရားပွဲကို သမိဒ္ဓေါချောင် ဆရာကြီး ဒေါ်မာလာရီ၏ ခွင့်ပြုချက်အရ ထိုသမိဒ္ဓေါချောင် ဓမ္မာရုံမှာ စီစဉ်ရလေသည်။

ဝါခေါင်လဆုတ် (၂) ရက်နေ့တွင် မဟာစည်ဆရာတော် တရားဟောရန် ကြွတော်မူလာသည်၊ ဝါတွင်းပင် ဖြစ်သော်လည်း "တရားနာလို၍ ကြွပါ" ဟု ပင့်လျှင် ညဉ့်အိပ် ကြွကောင်းသောကြောင့် ကြွလာတော်မူခြင်းပင် ဖြစ်သည်။ တရားပွဲ ကျင်းပသောအခါ သူဌေးကြီး ဆာဦးသွင်သည် သူ့ရည်ရွယ်ချက်နှင့်သူ ဆရာတော်ကို ဖူး၍ အကောင်းဆုံးဖြစ်မည့် နေရာမှာ နေလေသည်၊ မဟာစည် ဆရာတော် ကားပေါ်မှ ဆင်းကတည်းက ဆရာတော်ကို အကဲခပ်လေတော့သည်။ တရားနာယင်းလည်း ဆရာတော်၏ ကိုယ်အမူအရာ နှုတ်အမူအရာကို အကဲခပ်လေသည်၊ မဟာစည် ဆရာတော်၏ ဂုဏ်သတင်းကို ဦးဘသင်ထံမှ ကြားပြီးသည်မှစ၍ပင် သဘောကျခဲ့သည်ဖြစ်ရာ မိမိမနှစ်သက်မည့် ကိုယ်အင်္ဂါဆိုင်ရာ ချို့ယွင်းချက်များ ရှိနေမည်လောလား ဆိုသည်ကို စိုးရွံ့စွာ ဖြင့်ပင် စုံစမ်းကြည့်ရှုလေသည်။

ထိုသို့ကြည့်ရှုသောအခါ ချို့ယွင်းချက်ဟူ၍ တစုံတရာမျှ မတွေ့ရသည့်ပြင် အသွန်အားရဖွယ် ကြေနပ်ဖွယ်ကောင်းသော ကိုယ်အင်္ဂါ အမူအရာတို့ကိုသာ တွေ့ရလေသည်။ တရားပလ္လင်၌ ထိုင်သည်မှစ၍ ကိုယ်လက်လှုပ်ရှား ပြုပြင်ခြင်းမရှိပဲ ငြိမ်သက်စွာ ဟောနေသည်၊ ဘယ်ကိုမျှမကြည့်ပဲ တည်ငြိမ်သော ဣန္ဒြေဖြင့် ဟောနေသည်။ သိမ်ဖျင်း သေးနုပ်သော စကားလုံးဟူ၍ မပါပဲ တရားသားသက်သက်ကိုသာ နက်နဲစွာ ဟောနေသည်၊ ထိုစဉ်အခါက မာလုကျပုတ္တသုတ် တရားတော်ကို ဟောနေခြင်းဖြစ်ရာ ဟောသည့် တရားတော်နှင့် ဆရာတော်၏ အနေအထားမှာ ညီညွတ်နေကြောင်း တွေ့ရလေသည်။ ဤအကြောင်းအရာများကို မဟာစည် ဆရာတော် ပြန်ကြွသွားပြီးနောက် နီးစပ်သော ပုဂ္ဂိုလ်များအား သူဌေးကြီးက ဖွင့်ဟပြောကြားခဲ့သည်။ ဆရာတော်ကို မြင်လျှင်မြင်ချင်းပင် မြင်ရသူတို့ လေးစား ခန့်ငြားလောက်သော ဆရာတော်၏ အရုပ်အမောင်းကို သတိပြုမိသည်ဟူ၏။ ထို့နောက် ရုံထားသော သင်္ကန်းမှ အပြင်သို့ ထွက်နေသော လက်ခြေတို့ကို၊ ကြည့်ရှု အကဲခပ်သည် ပြည့်ပြည့်ဖြိုးဖြိုးဖြင့် မဟာပုရိသလက္ခဏာဝင် ဖြစ်ကြောင်း ကြေနပ်စွာ တွေ့ရပြန်သည်ဆို၏၊ မျက်နှာတော်ကို ဖူးသောအခါမှာလည်း ပကတိ တည်ငြိမ်သော သမာဓိရှင် ဖြစ်ကြောင်း မှတ်သားမိပြန်သည်ဟူ၏။ ကားကား

စွင့်စွင့်ရှိသော နားရွက်တို့ကိုလည်း သူဌေးကြီးက သဘောကျ ခဲ့သည် ဆို၏။ မျက်လုံးများနှင့် ပတ်သက်၍မူ အလွန်စူးရှနက်နဲသော မျက်လုံးများဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမိသည် ဆိုသည်။ စကားသံကို နားထောင်သော အခါမှာလည်း ဤအသံမျိုး ဤပြောဆိုပုံ မျိုးသည် ပရိယာယ်မပါ ဝဉ္စနာမဖက် သက်သက်ရိုးသားမှုကို ဖော်ပြနေသည့် အသံမျိုး ပြောဆိုပုံမျိုး ဖြစ်ကြောင်း တွေ့ရသည် ဆို၏။ ဆရာတော်၏ ထူးခြားဆန်းကြယ်၍ နက်နဲသော တရားကို နာရသော အခါမှာလည်း သူဌေးကြီးသည် လွန်စွာ နှစ်ခြိုက်သဘောကျသွားလေသည်။ ထို့ကြောင့် သူဌေးကြီးသည် "ငါ ရှာဖွေ စုံစမ်းနေခဲ့သော ဆရာမှာ ဤအရှင်ပင် ဖြစ်တော့သည်" ဟု မှတ်ယူလေတော့သည်။

အထက်ပါအချက်တို့ကို ကြည့်လျှင် သူဌေးကြီး ဆာဦးသွင်သည် သူ ကိုးကွယ်မည့် ဆရာကို စေ့စေ့စပ်စပ် စစ်ဆေး ရွေးချယ်ခဲ့ကြောင်း ထင်ရှားသည်၊ စစ်ဆေးသူက စေ့စပ်သေချာသည်နှင့်အမျှ အစစ်ဆေးခံ ရသော ပုဂ္ဂိုလ်ကလည်း အဖက်ဖက်မှ ပြည့်စုံလျက် ရှိခဲ့သည်။ စေ့စပ် သော စစ်ဆေးမှုကို ခံနိုင်ခဲ့သည်။ သူဌေးကြီးလိုချင်ခဲ့သော အရည်အချင်း များ အပြည့်အစုံပင် ရှိနေခဲ့သည်။ ဤကဲ့သို့ အတိုင်အဖောက် ညီသော ပုဂ္ဂိုလ်များကား သာမာန်ပုဂ္ဂိုလ်များ မဟုတ်နိုင်ရာပါ၊ ရှေးဘဝများက ရေစက်ပါလာသော ပုဂ္ဂိုလ်များသာ ဖြစ်ကြရာပါသည်။ သီရိဓမ္မာသောက မင်းကြီးသည် နိဂြောဓ သာမဏေ ကလေးကို မြင်လျှင် မြင်ချင်းပင် ကြည်ညိုခဲ့သည်၊ ခင်မင်မှုပင် ဖြစ်ခဲ့သည်၊ ထိုသို့ ဖြစ်ခြင်းမှာ အကြောင်း မဲ့မဟုတ် ရှေးဘဝက ကောင်းမှုပြုဖက် အစ်ကိုက သာမဏေ၊ ညီက မင်းကြီးဖြစ်သာကာ ဤသို့ ညီအစ်ကို ဖြစ်ခဲ့ကြသောကြောင့် ဖြစ်ပေသည်။

ယခုလည်း သူဌေးကြီး ဆာဦးသွင်သည် မဟာစည် ဆရာတော်ကို တွေ့လျှင် တွေ့ချင်းပင် အားရကြည်ညိုသွားလေပြီ၊ ဤပုဂ္ဂိုလ် ၂-ဦးသည် မြန်မာနိုင်ငံ၌ ပဋိပတ္တိသာသနာကို ပြန်လည်ထွန်းကားအောင် ပြုသွားကြ မည်သည်း ဖြစ်သည်၊ ဤသို့သော ပုဂ္ဂိုလ် ၂-ဦးသည် ရှေးဘဝများက ညီအစ်ကိုဖြစ်စေ အခြားနီးစပ်သော ဆွေမျိုးဖြစ်စေ မတော်ခဲ့ပါဟု အဘယ် သူသည် ငြင်းဆိုနိုင်ပါမည်နည်း။ ဤမျှအဆင်ပြေနေသည့်အထဲတွင် ဆရာ တော်၏ ငယ်နာမည်နှင့် သူဌေးကြီး၏ အမည်မှာ တိုက်တိုက်ဆိုင်ဆိုင် တူနေ ရပြန်သေးသည်၊ ဤမျှကိုက်ဆိုင်ထူးခြားသော ဦးသွင် ၂-ဦးတို့၏ တွေ့ဆုံမှု ကား ဗုဒ္ဓသာသနာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် တွေ့ဆုံမှုပင် ဖြစ်ပါ တော့သည်၊

မဟာစည်ဆရာတော်သည် သမိဒ္ဓေါဒယချောင်တွင် သူဌေးကြီး ဆာဦးသွင် အမှူးရှိသော ပရိသတ် ၃၀၀-ကျော်တို့အား ၅-ရက်တိုင်တိုင် ဝိပဿနာ လက်တွေ့လုပ်ငန်း တရားများကို ဟောကြားတော်မူသည်။ ထိုတွင် ပဌမ ၃-ရက်မှာ မူလအစီအစဉ်အတိုင်းဖြစ်၍ နောက် ၂-ရက်မှာမူ သမိဒ္ဓေါချောင် ဆရာကြီး ဒေါ်မာလာရီ၏ တောင်းပန်ချက်အရ ထပ်၍ ဟောသော ၂-ရက်ဖြစ်သည်။

ထိုသို့ ၅-ရက်တိုင်တိုင် ဟောသော ဝိပဿနာ လက်တွေ့လုပ်ငန်း တရားတော်ကို ပရိသတ်တို့က အလွန်နှစ်သက်ကြသည်၊ တရားနာပရိသတ်တွင် တရားအခံရင့်ပြီး ပုဂ္ဂိုလ်ကြီးများလည်း ပါလေရာ ထိုပုဂ္ဂိုလ်ကြီးများက ပိုမိုနှစ်သက် သဘောကျကြလေသည်၊ စစ်ကိုင်းတောင်၌ ကမ္မဋ္ဌာန်းတရား ဟောရသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ တရားနာပရိသတ်မှာ များသောအားဖြင့် သီလရှင်များ ဖြစ်ကြလေသည်။ ပရိယတ်စာပေကျမ်းဂန်များကိုလည်း သင်ကြားလေ့လာထား၍ ပဋိပတ်ကမ္မဋ္ဌာန်းကိုလည်း ကိုယ်တိုင် အားထုတ် ကျင့်ကြံဘူးသူတို့သာ အများအပြား ပါဝင်သည်။ ဤသို့သော ပရိသတ်က နှစ်ခြိုက်သည် ဆိုသဖြင့် မဟာစည်ဆရာတော်၏ တရားမှာ ပရိယတ်စည်းမျဉ်းနှင့်လည်း ကိုက်ညီ၍ လက်တွေ့လုပ်ငန်း၌လည်း အကျိုးများစေနိုင်သော တရားဖြစ်ကြောင်း သိနိုင်တော့သည်။ ထို့ကြောင့်ပင် သမိဒ္ဓေါဆရာကြီးသည် ၃-ရက်မျှဖြင့် အားမရသေးပဲ နောက်ထပ် ၂-ရက်ဟောရန် တောင်းပန်ခဲ့ခြင်း ဖြစ်လေသည်။

ထိုချောင်ဆရာကြီးသည် နာရုံမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးပဲ ထိုနှစ် တန်ဆောင်မုန်းလတွင် ဆိပ်ခွန်သို့ သွားရောက်၍ သတိပဋ္ဌာန် ဝိပဿနာ တရားကို လက်တွေ့အားထုတ်လေသည်၊ အားထုတ်၍ ကိုယ်တွေ့သိရသော ဝိပဿနာဆိုင်ရာ အတွေ့များကို သူဌေးကြီး ဆာဦးသွင်သို့လည်း အကြောင်းကြားလေသည်။

ချောင်ဆရာကြီးသည် ကိုယ်တိုင်အားထုတ်ရုံမျှဖြင့် မတင်းတိမ်သေးပဲ မိမိကဲ့သို့ပင် ဉာဏ်အထူးများကို ရစေလိုသဖြင့် ရင်းနှီးသော ပုဂ္ဂိုလ်များကိုလည်း မဟာစည်ဌာန၌ တရားအားထုတ်ရန် တိုက်တွန်းလေသည်။ ဤချောင်ဆရာကြီး၏ တိုက်တွန်း လျှောက်ထားချက်ကြောင့်ပင် စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံချောင် ဆရာတော်လည်း ဆိပ်ခွန် မဟာစည်ဌာနသို့ ကြွသွား၍ ဝိပဿနာအလုပ်ကို ပေါက်ပေါက်ရောက်ရောက် အားထုတ်ခဲ့လေသည်။ ယင်းဆရာတော်သည် နောင်အခါတွင် မဟာစည်ဆရာတော်၏ လက်ရုံးသဖွယ် အားကိုးရသော ပရိယတ် ပဋိပတ် စွယ်စုံရ ဆရာ

တော်တပါး ဖြစ်လာသောသည်၊ ထိုဆရာတော်ကား အခြားပုဂ္ဂိုလ်မဟုတ်၊ လွန်ခဲ့သည့်နှစ်က ကမ္ဘာအေးဇမ္ဗူဒီပကျောင်းဆောင်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသော ဇမ္ဗူဒီပကျောင်းဆောင် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓသာသန တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြု ဆရာတော်အရှင်ဉာနုတ္တရ မထေရ်ပင် ဖြစ်ပါတော့သည်။ (ယင်းဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဤစာအုပ်၏ အဆုံးပိုင်းနား၌ ကြည့်ရှုနိုင်သည်။)

## ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့နှင့် သာသနာ့ရိပ်သာ

ဆာဦးသွင်စသော လူကြီးများက ၁၃၀၉-ခုနှစ် နတ်တော်လဆန်း ၁-ရက် (၁၃-၁၁-၄၇)နေ့မှာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးကို တည်ထောင်ကြလေသည်။ ထိုအဖွဲ့တွင် ဆာဦးသွင်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။ အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော် နှစ်ရပ်စလုံးကို အစွမ်းကုန် အမြင့်မားဆုံး ချီးမြှောက်ရန် ဖြစ်သည်။

ထိုတွင် ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ရန် ကမ္မဋ္ဌာန်းဌာနကြီး တခု တည်ဆောက် ရေးအတွက် စဉ်းစားကြသော အခါ ဥက္ကဋ္ဌကြီး ဆာဦးသွင်ကပင် ၁၃၁၀ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၉-ရက် (၆-၉-၄၈) နေ့တွင် ယခု သာသနာ့ရိပ်သာ တည်ရှိရာ (၅)ဧကကျော် မြေကွက်ကို ကမ္မဋ္ဌာန်းဌာန တည်ထောင်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးအား အပြီးအပိုင် လှူဒါန်းလေသည်။ ကမ္မဋ္ဌာန်းဆရာ ရှာရှိရေးကို ဆွေးနွေးသောအခါမှာမူ ဥက္ကဋ္ဌကြီး ဆာဦးသွင်က မိမိသည် အားထုတ်ဖက်မှ စိတ်ချရသော ကမ္မဋ္ဌာန်းဆရာတပါးကို တွေ့ထားပြီဖြစ်ကြောင်းဖွင့်ဟ၍ ပြောပြပြီးလျှင် မဟာစည်ဆရာတော်ကိုပင့်ရန် ဝန်ကြီးချုပ်အား တိုက်တွန်းလေသည်၊ ထိုသည့်နောက်တွင် သာသနာ့ရိပ်သာ မြေကွက်၌ အဆောက်အအုံများ ဆောက်ရန် စီမံ စိုင်းပြင်းကြလေသည်။

## စစ်ပြီး တောင်ဝိုင်းကလေးသို့ ကြွခြင်း

မဟာစည် ဆရာတော်သည် ဒုတိယကမ္ဘာ စစ်ကြီးပြီးပြီး နောက်၌လည်း ဆိပ်ခွန်မှာပင် ဝိပဿနာ သာသနာပြုရင်း ဆက်လက် သီတင်းသုံးနေတော်မူခဲ့သည်။ ဤအတောအတွင်းမှာပင် သူဌေးကြီ ဆာဦးသွင် ပင့်၍ စစ်ကိုင်းသို့ တရားဟောကြွခဲ့ရသည်။ ထို(၁၃၀၉-ခု)နှစ် တန်ဆောင်းမုန်းလတွင်မူ မဟာစည် ဆရာတော်သည် မော်လမြိုင် တောင်ဝိုင်းကလေးသို့ ကြွတော်မူသည်၊

ဒုတိယကမ္ဘာ စစ်ကြီးအတွင်းမှ ထိုကာလအထိ တောင်ဝိုင်းကလေး တိုက်ကျောင်းကို ဆရာဘော်၏ တပည့်တပါးဖြစ်သော ဦးပဏ္ဍိတ ဦးဝိမလ-က စောင့်ရှောက်နေပေသည်။ သို့သော် စစ်အတွင်းကမူ ရံခါသာ သွားရောက်နိုင်သောကြောင့် ထိုကျောင်း၌ တိုက်ရိုက် ဗုံးမကျသော်လည်း မသမာသူတို့၏ ပြုမူချက်ကြောင့် ကျောင်းသုံးပစ္စည်းဆိုင်ရာ ပန်းကန် ခွက်ယောက် စသည်တို့ အဘော်များများ ပျောက်ဆုံးခဲ့သည်၊ ကျောင်းအမိုး စောင်းတန်းအမိုး သွပ်ပြားများကိုလည်း ခွါယူကြသည်၊ တပေပျဉ်အခင်းများနှင့် ခြောက်သုံး ဆင့်များကိုလည်း ချမ်းသာမပေးကြ၊ ကျောင်းဒကာ များက မဟာစည်ဆရာတော် ပြန်၍ သီတင်းသုံးလျှင် တိုက်ကျောင်းကို ပြန်လည်ပြုပြင်မည့် အကြောင်း လျှောက်ထား ကြသည်၊ မဟာစည် ဆရာတော်က နေသင့်သလောက် နေရန်ရည်ရွယ်၍ နေမည့်အကြောင်း အမိန့်ရှိလိုက်သည်၊ ထိုအမိန့်အရ ပြုပြင်ကြသည်၊ ထို့ကြောင့် ကျောင်းကို ပြင်ဆင်ပြီးသည့်အချိန်မှာ ယင်းတိုက်ကျောင်းသို့ မဟာစည် ဆရာဘော် ကြွတော် မူခြင်းဖြစ်လေသည်။

မဟာစည်ဆရာတော် တောင်ဝိုင်းကလေးတိုက်ကျောင်း၌ သီတင်းသုံးနေစဉ်မှာပင် မြန်မာပြည် တဖြစ်လဲခဲ့သည်၊ ဗြိတိသျှတို့၏ ကျွန်သားပေါက်ဘဝဖြင့် အနှစ်တရာကျော် (အောက်မြန်မာပြည်ကို ရည်သည်) နေခဲ့ရာမှ ၁၃၀၉-ခုနှစ် ပြာသိုလပြည့်ကျော် ၉-ရက် (၁၉၄၈-ခု၊ ဇန်နဝါရီလ ၄-ရက်)နေ့ နံနက် ၄-နာရီ မိနစ် ၂၀-အချိန်တွင် ကိုယ်မင်းကိုယ်ချင်း လွတ်လပ်သော အချုပ်အချာအာဏာပိုင် နိုင်ငံအဖြစ် ကြေငြာနိုင်ခဲ့လေသည်၊ လွတ်လပ်ရေး ကြေငြာချိန်တွင် မဟာစည်ဆရာတော်သည် တောင်ဝိုင်းကလေး တိုက်ကျောင်းမှာပင် ရှိလျက် မြန်မာ တနိုင်ငံလုံး အတွက် ကောင်းကျိုးချမ်းသာ တိုးပွားစေရန် ရည်ရွယ်၍ ဘုရားဆင်းတုတော်မြတ်ရှေ့မှာ ဝတ်ပြုပြီးလျှင် မဟာသမယသုတ် မဟာမင်္ဂလသုတ် ပဋ္ဌာန်း စသည်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် နေတော်မူခဲ့သည်။ ထိုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် (ယခင် တနှစ်ကျော်က မဟာစည်ဆရာတော် အမှူးပြု၍ ဖွဲ့စည်းထားသော သင်္ဃမ္မပါလ ဝိပဿနာပြန့်ပွားရေး အသင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ဆိပ်ခွန်၌ ကျင်းပရန်ရှိသဖြင့် မဟာစည်ဆရာတော်သည် တပေါင်းလဆန်းတွင် ရွှေဘို ဆိပ်ခွန်သို့ ပြန်ကြွတော်မူခဲ့ရလေသည်။

ထိုအစည်းအဝေး ကျင်းပပြီးနောက် ဆိပ်ခွန်၌ လအနည်းငယ် နေပြီးလျှင် ၁၃၁၀-ခုနှစ် ဝါဦးတွင် မော်လမြိုင် တောင်ဝိုင်းကလေးသို့ ပြန်ကြွရပြန်သည်၊ ထိုနှစ် ဝါကို တောင်ဝိုင်းကလေး တိုက်ကျောင်းမှာပင် ဆိုတော်

မှုသည်၊ ဝါကျွတ်ပြီးနောက် ဆိပ်ခွန် မဟာစည်ကျောင်း၌ ဆရာတော် အဘွက် ရည်၍ဆောက်သော တိုက်ကျောင်းပြီးစီး၍ ယင်းတိုက်ကျောင်းကို ရေစက်ချရန် ပင့်သဖြင့် နတ်တော်လပြည့်ကျော်တွင် ဆိပ်ခွန်သို့ ပြန်ကြွရပြန်သည်၊ ထိုသို့အပြန်ဘွင် ရန်ကုန်သို့ ခေတ္တရောက်နေခိုက်မှာ သာသနာ့ရိပ်သာ မြေကွက်၌ သံဃာတော်များ ၄၉-ရက် ပရိတ်ရွတ်ရာ နေရာဌာနကို ဆာဦးသွင်က လိုက်ပြသဖြင့် ကြည့်ရှုတော်မူခဲ့သည်၊ ထိုစဉ်က ယင်းနေရာကို မိမိသီတင်းသုံးလျက် သာသနာပြုရမည့် ဌာနဖြစ်လာလိမ့်မည်ဟု ဆရာတော် မသိခဲ့သေးပေ၊ “နောင် မိမိ သီတင်းသုံးရမည့် နေရာကို ကြည့်တော်မူဦး” ဟု နတ်များက နှိုးဆော်ကာ ပို့ဆောင်သကဲ့သို့ ရှိပေတော့သည်။

## မဟာသတိပဋ္ဌာန်သုတ် နိသျ

မဟာစည်ဆရာတော်သည် ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူပြီးနောက် ဝိပဿနာ ဖြန့်ဖြူးရေး အလုပ်ကိုပင် ဆက်လက် ဆောင်ရွက်တော်မူသည်၊ ယောဂီများ တနေ့တခြား များပြားလာသဖြင့် မိမိတပါးတည်း မနိုင်သောကြောင့် (စနစ်တကျ တရားအားထုတ်ပြီး ဖြစ်၍ အရည်အချင်း ပြည့်စုံသော) တပည့်များအား လက်ထောက်ဆရာအဖြစ် လွှဲအပ်၍ ကမ္မဋ္ဌာန်းပြစေရသည်၊ ထိုဆရာတို့တွင် ပဌမဆုံး တာဝန်လွှဲထားသော ဆရာကြီးတို့မှာ ဆရာကြံနှင့် ဆရာကြွက်တို့ပင်ဖြစ်သည်၊ ယင်းဆရာကြီးတို့သည် ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးများ ဖြစ်ကြသည့်အားလျော်စွာ မဟာသတိပဋ္ဌာန်သုတ်ကို ကြေပွန်သူများ ဖြစ်ကြပေသည်၊ မိမိတို့ကဲ့သို့ပင် အခြားပုဂ္ဂိုလ်များအားလည်း မဟာသတိပဋ္ဌာန်၏ အကျိုးကျေးဇူးများကို ခံစားကြရစေလိုပေသည်၊ ထို့ကြောင့်ပင် ထိုဆရာကြီး ၂-ဦးတို့က မဟာစည်ဆရာတော်အား မဟာသတိပဋ္ဌာန်သုတ်၏ နိဿယ တစောင်ကို ရေးသားပြုစုပါရန် တောင်းပန်ကြလေသည်၊ ဆရာတော်သည်လည်း ယင်းဆရာကြီးတို့၏ တောင်းပန်မှုကို လက်ခံလျက် မဟာသတိပဋ္ဌာန်သုတ် နိသျသစ်ကို ရေးသား စီရင်တော်မူလေသည်။

နိသျ ဆိုသော်လည်း နိသျမည်ကာမတ္တ မဟုတ်၊ တိကျသော အနက်၊ ထိမိသော အဓိပ္ပါယ်၊ ဖွင့်ပြချက်ဘို့ဖြင့် ဝေဝေဆာဆာ တန်ဆာဆင်ထားသော နိသျ ဖြစ်၏၊ ထိုထက် ထူးခြားသည်မှာ ဝိပဿနာလုပ်ငန်းစဉ်များဖြင့် ညှိနှိုင်းဖွင့်ဆိုချက်တို့ပင် ဖြစ်သည်။

နိသျ အစချက်နှာမှာပင် “ကုရုသု၊ ကုရုတိုင်းပြည်၌” ဟု အနက်ပေးထားသည်ကို တွေ့ရသည်၊ ရုတ်တရက်ဆိုသော် ဧကဝုစ် ဗဟုဝုစ် လွဲနေပြီလောဟု

တွေးတောစရာဖြစ်၏၊ သို့သော် ထိုပုဒ်ဆိုင်ရာ အောက်ခြေမှတ်ချက်တွင် ဗဟုဝုစ်ပါဠိပုဒ်ကို အဘယ့်ကြောင့် ကေဝုစ် မြန်မာအနက် ပေးရကြောင်း ရှင်းလင်းထားသည်ကို တွေ့မှပင် တမင်သက်သက် ကေဝုစ် အနက် ပေးထားကြောင်း သိရသည်၊ ကုရုတိုင်းပြည်ကား တခုသာ ရှိသည်၊ သို့သော် ပါဠိသဒ္ဒါနည်းအရ (ဝါ-ပါဠိ ဝေါဟာရအရ) ပါဠိ၌ ဗဟုဝုစ် သုံးထားသည်၊ ပါဠိကို မြန်မာပြန်ရာ၌ မြန်မာဝေါဟာရနှင့် ကိုက်ညီဘို့ အရေးကြီးသည်၊ မြန်မာဝေါဟာရ၌ တိုင်းပြည်တပြည်ကို ဗဟုဝုစ်ဖြင့် သုံးစွဲရိုးမရှိ ထို့ကြောင့် မြန်မာအသုံးနှင့် ဟပ်မိအောင် "ကုရုတိုင်းပြည်၌" ဟု ကေဝုစ်ဖြင့် မြန်မာပြန်ထားခြင်း ဖြစ်လေသည် "သမည်ံ နာတိဓာဝေယျ" ဟူသောဘုရားအဆုံးအမကို တကယ်လိုက်နာသောဆရာတော်ပါပေတကား။ ထို့ပြင် ထိုကုရုတိုင်းဟူသည် ယခုအခါ ဣန္ဒိယပြည် ဒေလီနယ်ပင် ဖြစ်ကြောင်း ညွှန်ပြထားပြန်သည်၊ ရှေးအခါက ဆရာတော်များသည် ဒေသန္တရဗဟုသုတကို ဆည်းပူးရန် မရခဲ့ကြ၊ တိုင်းသူပြည်သားများလည်း ပထဝီဝင်ဆိုင်ရာ ဗဟုသုတ သိပ်မရှိကြ၊ ထို့ကြောင့် ပါဠိတော်လာ တိုင်းများ မြို့များနှင့် ပတ်သက်လာလျှင် ထင်ရှားပေါ်လွင်အောင် မည်သို့မျှ မညွှန်ကြားနိုင်ခဲ့ကြ၊ ယခုခေတ်မှာမူ စာအုပ်စာတမ်းလည်း ပေါများသည်၊ ကိုယ်တိုင်လည်း ရောက်အောင်သွားနိုင်သည်၊ ထို့ကြောင့် ယခုခေတ် ဆရာတော် များက ဤ အချက်တွင် ရှေးခေတ်ဆရာတော်များထက် တပန်းသာကြသည်ဟု ဆိုရပေမည်၊ ထိုတပန်းသာမှုကိုပင် "ဒေလီနယ်" ဖြင့် ဖေါ်ပြထားပေရာ ဤနိသျသစ်သည် ထူးခြားသော နိသျဖြစ်ကြောင်း အစမှာပင် ထင်ရှား နေပါတော့သည်၊ ဤကား သဒ္ဒါရေးဆိုင်ရာ တခုသော ထူးခြားချက်မျှ ဖြစ်၏။

ဝိပဿနာလုပ်ငန်းဆိုင်ရာ ထူးခြားချက် အနေဖြင့် ဆိုရလျှင် တရားနာယင်း သတိပဋ္ဌာန် ဖြစ်ပွါးနိုင်ပုံ ရှင်းလင်းချက်မှာ အဖိုးတန်လှ ပေသည်၊ တရားနာစဉ် မဂ်ဖိုလ်သို့ ရောက်သောသူများမှာ သတိပဋ္ဌာန်နည်းဖြင့် မရှုတော့ပဲ ကြားနာရသော တရားကို သဘောကျရုံမျှဖြင့် ကိစ္စပြီးတော့သည် ဟု မှတ်ထင်ဖွယ်ရာ ထိုသို့ မမှတ်ထင်သင့်ကြောင်း သတိပဋ္ဌာန်လမ်းဖြင့်သာ သောကပရိဒေဝတို့ကို လွန်မြောက်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြလျက်ရှိ၏၊ သို့သော် အဋ္ဌကထာဖွင့်မှာ ကျဉ်းလွန်းသဖြင့် နားလည်နိုင်စရာ မရှိပေ၊ ထိုသို့ နားလည်နိုင်ရန် ဤနိသျသစ်၌ အကျယ် ရှင်းပြ ထားလေသည်။

မိခိပေါင် ၂-ချောင်းကို ချိုး၍ တရားအားထုတ်သော တိဿမထေရ်ဝတ္ထု၌လည်း ဝေဒနံ ဝိက္ခမ္ဘေတွာ- ဝေဒနာကို ခွါ၍ ဟု အဋ္ဌကထာ၌ ဆိုထားသည်၊ သို့သော် ဝေဒနာကို ဘယ်ပုံခွါသည် ဟု သိရန်မှာ ခဲယဉ်းပါဘိသည်၊ ထိုခဲရပ်ကိုလည်း ဤနိသျသစ်၌ ဖြေရှင်း ပြထားပေသည်။

ထို့ပြင် "သွားလျှင် သွားသည်" စသည်ဖြင့် ရှုမှတ်ရပုံကို နားမလည်သူတို့က ပြက်ရယ်ပြုခဲ့ကြဘူးသည်။ အဋ္ဌကထာ ဆရာတို့ လက်ထက်မှာပင် ဤအဖြစ်မျိုး ရှိဟန်တူသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ ဤအချက်ကို အကျယ်တဝင့် ရှင်းလင်း ထားလေသည်။ ထိုရှင်းလင်းချက်ကိုပင် ဤနိဿယ သစ်၌ ထပ်မံချဲ့ထွင်၍ ရှင်းလင်း ပြဆိုထားရာ ဤရှင်းလင်းချက်ကို ဖတ်ရလျှင် ပြက်ရယ်ပြုလိုမှုများပျောက်ကာလေးစားလာရမည်မှာ ကေန်ဖြစ်တော့သည်။ သွားလျှင် သွားသည် စသည်ဖြင့် ရှုမှတ်မှုမှာသတိပဋ္ဌာန်လုပ်ငန်းတွင် မည်မျှ အရေးကြီးကြောင်း ထင်ရှားပေါ်လွင် လာတော့သည်။ သွားလျှင် သွားသည် စသည်ဖြင့် သိရာတွင် သာမန်ပုဂ္ဂိုလ်တို့၏ အသိနှင့် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်၏ အသိတို့ မည်မျှ ကွာခြားကြောင်း အဋ္ဌကထာဖွင့်ဆိုချက်ကို အောက်ခံ၍ ရေးသားထားသည့်မှာလည်း အမြင်မှန်ကို ရစေနိုင်သော ရေးသားချက်ဖြစ်၍ သာသနာတော်အတွက် ကျေးဇူး များလှပါပေသည်။ ဤသို့လျှင် မဟာသတိပဋ္ဌာန်သုတ် ပါဠိတော် နိဿယသစ်၌ ဝိပဿနာဉာဏ် မျက်စိကို ဖွင့်ပေးသော ရေးသားချက်တို့ ပြည့်နှက်နေပေသည်။

ဆရာတော်သည် ဤနိဿယသစ်ကို ၁၃၁၁-ခုနှစ် ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှာပင် နိဂုံးကမ္ပတ် အပြီးသတ် ရေးသား၍ တောင်းပန်သူ ဆရာကြံ ဆရာကြူက်တို့အား ပေးအပ်ခဲ့လေသည်။ ထိုကျမ်းကို ဆရာတော် ရန်ကုန်သို့ ရောက်ပြီးနောက် ၁၃၁၃-ခုနှစ်တွင် ဆိပ်ခွန်ရွာ သဒ္ဓမ္မပါလ ဝိပဿနာဖြန့်ဖြူးရေးအဖွဲ့က အုပ်ရေ ၃၀၀၀-ရိုက်နှိပ်၍ ပဌမအကြိမ် ထုတ်ဝေလေသည်။

## ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူခြင်း

၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလဆန်းတွင် မဟာစည် ဆရာတော်သည် ရွှေဘိုမြို့ မြို့သောင့်စေတီခေါ် မော်ဓောမြင်သာ စေတီတော် ခြေရင်းရှိ ကမ္မဋ္ဌာန်းဌာနသို့ သွား၍ ခေတ္တသီတင်းသုံးနေတော်မူသည်၊ ရည်ရွယ်ချက်ကား ထိုကမ္မဋ္ဌာန်းဌာနကို အားပေးရန်ဖြစ်သည်။ ထိုဌာန၌ တရားဟော တရားပြလျက် သီတင်းသုံးနေစဉ်မှာပင် ဝန်ကြီးချုပ် မြစ်ကြီးနားသို့အသွားတွင် ရွှေဘိုသို့ ခဏဝင်ရောက်၍ မြို့ထောင့် စေတီတော်ကို လာရောက် ဖူးမျှော်သည်၊ လိုက်ပို့ ကြသော မြို့ခံ လူကြီးများအား စကား စပ်မိ၍ မဟာစည် ဆရာတော်အကြောင်း မေးရာ စေတီတော်ခြေရင်းရှိ ကမ္မဋ္ဌာန်း ဌာနမှာပင် ခေတ္တသီတင်းသုံးလျက် ရှိနေကြောင်း ပြောကြသဖြင့် ချက်ခြင်းပင် မဟာစည်ဆရာတော်ထံ သွား၍ ဖူးမျှော်ပြီး ရန်ကုန်သို့ တရား

ဟောကြပါရန် ပင့်လျှောက်လေတော့သည်။ ဆရာတော်ကလည်း တရားဟောခြင်းသည် မိမိ၏ ပဓာန အလုပ်ဖြစ်၍ ကြွမည့်အကြောင်း ဝန်ခံတော်မူလိုက်သည်။ ထိုသို့ ဆရာတော်ထံမှ ပဋိညာဉ်ရပြီးနောက် ဝန်ကြီးချုပ်သည် ဆရာတော်ကို ရွှေဘိုမှ စစ်ကိုင်း၊ မန္တလေးသို့ ပင့်ဆောင်ရန် အစီအစဉ်လုပ်၍ ဆိုင်ရာလူကြီးများအား တာဝန်လွှဲအပ်လေသည်၊ စီစဉ်ထားသည့်အတိုင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့မှာ မဟာစည်ဆရာတော်သည် တာဝန်ခံပုဂ္ဂိုလ်တို့၏ ပင့်ဆောင်ချက်ဖြင့် ရွှေဘို ဦးမုနိန္ဒကိုပါ ခေါ်ခဲ့၍ ရွှေဘိုမှ စစ်ကိုင်းမြို့ ဆင်မျှားရှင် ကမ္မဋ္ဌာန်း ဌာနသို့ ရောက်သည်၊ ထိုနေ့ညက ထိုဌာန၌ တရားဟော၍ ထိုဌာနမှာပင် ကျိန်းရသည်၊ မဟာစည် ဆရာတော်က ရွှေမင်းဝံဆရာတော် ဦးကောသလ္လကိုပါ အတူလိုက်ပါခဲ့ရန် လျှောက်ထား၍ နောက်တနေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)၌ မန္တလေးဘက်သို့ ကူးကြသည်။ ရွှေဘို ဦးမုနိန္ဒ ရွှေမင်းဝံ ဆရာတော် ဦးကောသလ္လတို့နှင့်တကွ မဟာစည်ဆရာတော်သည် လေယာဉ်ဖြင့် မန္တလေးမှ ရန်ကုန်ဖက်သို့ ကြွခဲ့သည်၊ ဆာဦးသွင် စသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ လူကြီးများက လေဆိပ်သို့ လာရောက်ကြိုဆို၍ ပင့်ကြသည်။

## ရိပ်သာများ ပေါ်ပေါက်ခြင်း

မဟာစည်ဆရာတော်သည် ရန်ကုန်သို့ ကြွလာစဉ်က သက်နိုး, သပိတ် စသော ပရိက္ခရာရှစ်ပါးနှင့် ဘိနပ်တို့မှတပါး အပိုပစ္စည်း အသုံးအဆောင်များ မပါခဲ့ပေ၊ မှတ်စုစာအုပ်ပင် မပါခဲ့ပေ။ ထိုစဉ်ကာလက ရန်ကုန်သာသနာ့ရိပ်သာ၌လည်း အဆောက်အအုံများ မများလှသေးပေ၊ သိမ်၏ အရှေ့တောင်ဖက်၌ ကမ္မဋ္ဌာန်းနည်းပြဆရာများ သီတင်းသုံးရန် ဆောက်လုပ်ထားသော သစ်သားကျောင်းငယ် ၄ ဆောင်၊ ဆရာတော်အတွက် ဆောက်လုပ်ထားသော စံကျောင်းနှင့် ဆွမ်းစားကျောင်း ဤမျှသာ ရှိသေးသည်။ သိမ်မှာ ၁၃၁၁-ခုနှစ် ဦးတန်ခူးလဆုတ် ၅-ရက်နေ့ကပင် သမုတ်ပြီး ဖြစ်သော်လည်း အဆောက်အအုံကိုကား မဆောက်ရသေး၊ သံဆာ့ကံပြုနိုင်ရုံ ယာယီမျှသာ ရှိသေးသည်၊ ထို့အတူ ဖလ်ယဉ်ဓမ္မာရုံနေရာ၌လည်း သံဖြူမဏ္ဍပ်ကြီးသာ ရှိသေးသည်။

တရားအားထုတ်မည့် ယောဂီများလည်း အဆင်သင့်မရှိသေးပေ၊ သို့သော် ရောက်ပြီးလျှင်ပြီးချင်းပင် တရားအားထုတ်လိုသူများ ရှိက တရားပြမည့်အကြောင်း မိန့်ကြားတော်မူသည်၊ တရားအားထုတ်လိုသူများ တစတစ ပေါ်ပေါက်လာရာ နတ်တော်လတွင် ၂၅ ဦးမျှအထိ ရှိလာခဲ့သည်။

ထို့ကြောင့် နတ်တော်လပြည့်နေ့မှာပင် ထိုယောဂီ ၂၅-ဦးအား ဝိပဿနာ အလုပ်ပေး တရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။ နောင်ဘွင်လည်း ယောဂီအသစ် ရောက်လာတိုင်း ဤတရားတော်ကြီးကိုပင် ဟောကြား၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။ ယောဂီများ တနေ့တခြား များပြားလာ၍ ဆရာတော်ကိုယ်တိုင် မပေးနိုင်သောအခါ ၁၃၁၃-ခုနှစ် ဝါဆိုလမှစ၍ အသံသွင်းကြိုးခွေဖြင့် သွင်းထားသော တရားတော်ကိုပင် ဖွင့်ပြ၍ ကမ္မဋ္ဌာန်းပေးတော်မူရလေသည်၊ ၁၃၁၆-ခုနှစ်တွင် ထိုတရားတော်ကြီးကို အသံသွင်းကြိုးခွေမှ ကူးယူ၍ စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ နောင်တွင်လည်း အခါအားလျော်စွာ လပ်ပံရိုက်နှိပ်ခဲ့ရာ ယခုအခါ ရှစ်ကြိမ်အထိ ရိုက်နှိပ်ပြီးဖြစ်လေသည်။

ထိုဝိပဿနာအလုပ်ပေး တရားတော်ကြီးကား အလုပ်ပေးဆိုသည့်အတိုင်းပင် နဂိုရ်က သုတမရှိသူများပင် ကမ္မဋ္ဌာန်းအလုပ်ကို လုပ်တတ်အောင် အသေးစိတ်ညွှန်ကြားသော တရားတော်ကြီးဖြစ်သည်။ ဝိပဿနာရှုနည်းကျမ်း အခန်း (၅) နှင့် တသဘောတည်းဖြစ်၏။ ဆရာနှင့် လက်တွေ့အားထုတ်ရာ၌ ညွှန်ကြားသော တရားတော်ဖြစ်၍ အစပုဂ္ဂိုလ်များအတွက် လုံလောက်ရုံသာ ဟောထားသဖြင့် အခန်း (၅) လောက်ကား မကျယ်ပေ။

ဤတရားတော်ဖြင့် ကမ္မဋ္ဌာန်းပေးပြီးနောက် ယောဂီများကို နေ့စဉ် စစ်ဆေးတော်မူသည်၊ ယောဂီတို့သည် မိမိတို့အတွေ့အကြုံများကို မထိန်မကွယ် အမှန်အတိုင်း လျှောက်ထားကြရသည်၊ သူတို့အတွေ့အကြုံအလိုက် ပြုပြင်သင့်သည်တို့ကို ပြုပြင်ပေးသည်၊ ဤသို့ နေ့စဉ် စစ်ဆေးခြင်းမှာ မဟာစည်ဆရာတော် ကမ္မဋ္ဌာန်းနည်း၏ အားရစရာ အချက်တခုဖြစ်တော့၏၊ ယောဂီပုဂ္ဂိုလ်သည် လမ်းမှားသွားမိမည်ကို လုံးဝမစိုးရိမ်ရ၊ ဤလမ်းကို ကိုယ်တိုင်လျှောက်ဖူး၍ အခြားများစွာသောသူတို့ကိုလည်း ညွှန်ကြားပြသခဲ့၍ အရည်အချင်းပြည့်ဝသည့် ဆရာရှိသဖြင့် အားတက်ဖွယ်ဖြစ်သည်။ မည်သည့်အဆင့်တွင် မည်သို့ပြုလုပ်ရမည် စသည်အတွက်လည်း မိမိက ကြောင့်ကြစိုက်စရာမလို၊ မိမိ၏ တိုးတက်မှုကို ကြည့်၍ ဘာလုပ်ရမည်ဆိုသည်ကို ညွှန်ကြားရန် ဆရာက အဆင်သင့် ရှိနေသည်။ ဤသို့ ကမ္မဋ္ဌာန်းပြပုံ စနစ်ကောင်း၍လည်း မဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းနည်းသည် အောင်မြင်မှုရခြင်း ဖြစ်ပေသည်၊

မဟာစည်ဆရာတော်ထံ လာရောက်အားထုတ်သော ပုဂ္ဂိုလ်(အထူးသဖြင့် သံဃာတော်များ) တို့တွင် အချို့တို့သည် မိမိတို့ရပ်ရွာသို့ ရောက်သောအခါ တဆင့် ဖြန့်ဖြူးမည့် ပုဂ္ဂိုလ်များလည်း ပါကြသည်။ ထိုပုဂ္ဂိုလ်များကိုမူ

မဟာစည်ဆရာတော်က အထူးတလည် ဂရုစိုက်၍ ဆရာဖြစ် နည်းပေးတော်မူသည်၊ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ရပ်ရွာများသို့ ပြန်ရောက်ပြီးနောက် မဟာစည်ဆရာတော် ဩဝါဒခံ ရိပ်သာခွဲများကို ဖွင့်လှစ်၍ ဝိပဿနာ သာသနာပြုကြလေသည်၊ မဟာစည်ဆရာတော် ရန်ကုန်ရောက်၍ နှစ်များမကြာမီမှာပင် မြန်မာပြည် အနယ်နယ်အရပ်ရပ်၌ ရိပ်သာပေါင်း မြောက်မြားစွာ ပေါ်ပေါက်လာတော့သည်။ ဗန်းမော် မြစ်ကြီးနားတို့မှာလည်း မဟာစည်ဩဝါဒခံရိပ်သာများကိုတွေ့ရသည်၊ ရှမ်းပြည်တောင်ပိုင်းမြောက်ပိုင်းတို့မှာလည်းထို့အတူပင်။ မြန်မာပြည်အောက်အစွန်း ရေး၊ ဘိတ်၊ ထားဝယ်တို့၌လည်း မဟာစည်ရိပ်သာရှိသလို ရခိုင်ပြည် စစ်တွေ စသော မြို့တို့၌လည်း မဟာစည်ရိပ်သာကို တွေ့ရသည်၊ တပြည်လုံး အနှံ့အပြား နေရာမလပ်ဆိုသလိုပင် ရိပ်သာများ ပေါ်ထွက်လာတော့သည်။

နောင်အခါတွင်မူ မြန်မာပြည်တွင်သာမက ယိုးဒယား၊ သီဟိုဠ် စသောနိုင်ငံတို့မှာပင် မဟာစည်ဩဝါဒခံ ရိပ်သာများ ပေါ်ပေါက်ခဲ့သည်။ ၁၃၃၄ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျင်းပသော ၂၃-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲဘွင် တင်ပြသော ယောဂီစာရင်းအရ မြန်မာပြည်တွင်း၌ ယောဂီပေါင်း ခြောက်သိန်းကျော်ရှိနေကြောင်း သိရသည်၊ ယိုးဒယားနိုင်ငံ၌လည်း ယခင်နှစ်များကပင် ယောဂီတသိန်းကျော်ရှိခဲ့၍ သီဟိုဠ်နိုင်ငံ၌ တသောင်းကျော်ရှိခဲ့လေပြီ၊ ကမ္ဘောဒီးယား အိန္ဒိယ စသော နိုင်ငံများ၌လည်း အနည်းငယ်စီရှိကြသည်၊ ထို့ကြောင့် အားလုံးပေါင်းလိုက်လျှင် ယနေ့ကမ္ဘာ၌ မဟာစည်ဩဝါဒခံ ရဟန်းရှင်လူယောဂီပေါင်းမှာ ခုနစ်သိန်းကျော်မျှ ရှိကြောင်းသိရသည်။ ဤသို့လျှင် မဟာစည်ဆရာတော်ကို အကြောင်းပြု၍ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်တွင် ဝိပဿနာမိုးကြီး ရွာသွန်းဖြိုးစေခဲ့လေတော့သည်၊ ဤသို့သော ပဋိပတ္တိသာသနာပြုမှု ဂုဏ်ထူးဝိသေသများကြောင့် မဟာစည်ဆရာတော်ကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ကမ္မဋ္ဌာန်းဆိုင်ရာဩဝါဒါစရိယ ၁၅-ပါးတို့တွင် တပါးအဖြစ် တင်မြှောက်၍ နှစ်စဉ် ၇၅၀-တန် ဝတ္ထုပစ္စည်းများကို လှူဒါန်းပူဇော်လျက် ရှိပေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရတော်မူခြင်း

သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက် ၂-နှစ်ကျော်အကြာ ၁၃၁၃-ခုနှစ် (၁၉၅၂) နှစ်ဘွင် မဟာစည်ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရရှိတော်မူသည်၊ ထိုနှစ်က မဟာစည်ဆရာတော်အပြင် ရန်ကုန် ဗဟန်း

ကျောင်းတော်ရာ ရွှေကျင်တိုက် မန်းဦးဆရာတော်နှင့် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနဓဇောဘိကာရုံ အနုတ်ကျောင်းဆရာတော် ဦးနာရဒတို့သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရတော်မူကြသည်။

မဟာစည်ဆရာတော်သည် ၁၃၀၃-ခုနှစ်က သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရတော်မူပြီးဖြစ်သည်၊ ထိုဘွဲ့ရရှိရန်ကိုမူ မဟာစည်ဆရာတော်သည် အစိုးရစာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရသည်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့မှာကား စာမေးပွဲဝင်၍ ယူရသောဘွဲ့မျိုးမဟုတ်၊ ဆရာတော်တို့၏ သီလဂုဏ် သမာဓိဂုဏ်နှင့် ထူးချွန်သော ပညာဂုဏ်တို့ကို ကြည်ညိုလေးစား၍ အစိုးရက ဆက်ကပ်သော ဘွဲ့ဖြစ်သည်။ နိုင်ငံတော် သမ္မတကိုယ်တိုင် တိုင်းပြည်ကိုယ်စားဆက်ကပ်သော ဘွဲ့ဖြစ်၍ များစွာ အဆင့်အတန်းမြင့်သည်၊ သီလ သမာဓိ ပညာလည်း ပြည့်စုံ ကျော်စောကိတ္တိလည်း ရှိသော ဆရာတော်များသာ ရသော ဘွဲ့တည်း၊ အတိုချုံး၍ပြောရလျှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့မှာ ရှေးအခါက ရာဇဂုရုဘွဲ့နှင့် တန်းတူပင်ဖြစ်ပေသည်။ ဤဘွဲ့ကို လက်ခံရရှိတော်မူသဖြင့် မဟာစည်ဆရာတော်သည် မင်းအကိုးကွယ်ခံ မင်းဆရာ ရာဇဂုရု အဆင့်အတန်းသို့ ရောက်ရှိသွားပါတော့သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရသော ဆရာတော်တို့အား ဆွမ်းဆန်တော်အဖြစ် နိုင်ငံတော်အစိုးရက တနှစ်လျှင် ကျပ်ငွေ ၄၅၀-လှူဒါန်းလေသည်၊ မဟာစည်ဆရာတော်သည် ဆဋ္ဌသံဂါယနာ၌ သော့ချက်နေရာမှ ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံခြားတို့၌ သာသနာပြုတော်မူခြင်း သိန်းပေါင်းများစွာသော ပုဂ္ဂိုလ်တို့အား တရားအရသာကို ပါရမီအလျောက် လက်တွေ့ရရှိခံစားစေခြင်းတို့ဖြင့် သာသနာတော်အကျိုး ဘာသာဝင်တို့အကျိုးကို သူမတူတန်အောင် ဆောင်ရွက်တော်မူသည်။ ကျမ်းပေါင်း များစွာကိုလည်း ရေးသားတော်မူခဲ့သည်၊ ထို့ကြောင့် မဟာစည်ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ကပ်လှူရသည်မှာ ကပ်လှူရကျိုး အနပ်ကြီးနပ်ပါပေသည်။

## ယိုးဒယား ကမ္ဘောဒီးယားသို့ ကြွတော်မူခြင်း

နိုင်ငံတော်အစိုးရတို့သည် လွတ်လပ်ရေးရပြီးသည်မှစ၍ ဆဋ္ဌသံဂါယနာ တင်ရန် စီမံခဲ့ကြသည်၊ ဆဋ္ဌသံဂါယနာ တင်သောအခါလည်း ရှေးသံဂါယနာများထက် ထူးခြားအောင် တင်လိုကြသည်၊ ရှေးသံဂါယနာများကို တိုင်းပြည်တခုတည်းက သံဃာများကသာ တင်ခဲ့ကြသည်၊ ယခု ဆဋ္ဌသံဂါယနာ၌မူ မြန်မာသံဃာများသာ မကပဲ အခြား ထေရဝါဒ နိုင်ငံများမှ

သံဃာတော်များ ပါဝင်ဆောင်ရွက်စေလိုကြသည်။ မြန်မာနိုင်ငံ၏ သံဂါယနာမဟုတ်ပဲ ထေရဝါဒ ၅-နိုင်ငံတို့ စုပေါင်းတင်သော ထေရဝါဒ သံဂါယနာဖြစ်စေလိုကြသည်၊ ထိုသို့ဖြစ်ရန်မှာလည်း ယိုးဒယား စသော ထေရဝါဒနိုင်ငံများမှ အစိုးရတို့နှင့် သံဃာတော်တို့က ကူညီပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်မည်၊ ထို့ကြောင့် ဆဋ္ဌသံဂါယနာ၏ ရှေ့ပြေးလုပ်ငန်းတခုမှာ အခြားထေရဝါဒနိုင်ငံများကို စည်းလုံးရေးပင်ဖြစ်သည်၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၃၁၄-ခုနှစ်တွင် ဆဋ္ဌသံဂါယနာ စည်းလုံးရေး သာသနာ့မစ်ရှင်တခုကို ယိုးဒယားနိုင်ငံသို့ စေလွှတ်လေသည်။ ထိုအဖွဲ့တွင် သံဃာတော်များဖက်မှ ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် မဟာစည် ဆရာတော်တို့ ပါဝင်၍ လူပုဂ္ဂိုလ်များဖက်မှ ဆရာတော်တို့၏ စကားပြန် အဖြစ် ရွှေပြည်တော်ဦးဘတင်နှင့် ကပ္ပိယအဖြစ် ပါသီမန် အတွင်းဝန် ဦးသန်းစိန်တို့ ပါဝင်ကြသည်၊ ညောင်ရမ်းဆရာတော်ဘုရားကြီး ခေါင်းဆောင်သော ထို ၄-ဦးအဖွဲ့သည် ၁၃၁၄-ခု သီတင်းကျွတ်လဆုတ် ၆-ရက်နေ့ဘွဲ့ မြန်မာနိုင်ငံမှ ထွက်ခွာလေသည်၊

ဆရာတော်တို့အဖွဲ့သည် ရှေးဦးစွာ ယိုးဒယားနိုင်ငံသို့ ကြွ၍ ယိုးဒယား သာသနာပိုင်နှင့် တွေ့ဆုံပြီး ဆဋ္ဌသံဂါယနာအကြောင်းကို လျှောက်ထား ဆွေးနွေးကြသည်၊ ယိုးဒယား သာသနာပိုင် ဆရာတော်က မြန်မာနိုင်ငံ၌ ရေမြေရှင် ဘုရင်မရှိသောကြောင့်၎င်း၊ သာသနာပိုင်မရှိသောကြောင့်၎င်း သံဂါယနာတင်နိုင်မည် မဟုတ်ကြောင်း အမိန့်ရှိတော်မူသည်။ ညောင်ရမ်း ဆရာတော်ဘုရားကလည်း မြန်မာနိုင်ငံ၌ ဘုရင်မရှိသော်လည်း အများသဘော အရ ရွေးကောက်တင်မြှောက်ထားသော အစိုးရရှိ၍ ထိုအစိုးရ၏ ဥက္ကဋ္ဌကြီး အဖြစ် သမ္မတကြီးရှိနေသဖြင့် ဘုရင်ကဲ့သို့ပင် ဖြစ်ကြောင်း မြန်မာနိုင်ငံ၌ သာသနာပိုင် မရှိသော်လည်း သာသနာပိုင် ရှိစဉ်ကကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းများသည် ပရိယတ် ပဋိပတ်ကို ကြိုးစားအားထုတ်လျက် ရှိကြကြောင်း၊ ထိုသို့ကြိုးစားကြသဖြင့်ပင် ယခုအခါ၌ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်ပေါ်ထွက်နေပြီဖြစ်ကြောင်း၊ ဤအကြောင်း များကြောင့် မြန်မာပြည်၌ သံဂါယနာတင်နိုင်ကြောင်း အချက်ကျကျ ပြန်လည်လျှောက်ထားလေသည်။ (ထိုအခါက ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသ သည် တိပိဋကရေဖြေပွဲကိုမရသေး၊ ဝိနည်း ၅ ကျမ်းကို ပြန်ဆို အောင်မြင်ပြီးဖြစ်၍ အဘိဓမ္မာ ၇ ကျမ်း ရှေ့ပိုင်းကို ပြန်ဆိုရန် အားထုတ် နေဆဲသာဖြစ်သည်၊ သို့သော် မချွတ်ဖြစ်လတံ့သည်ကို ရည်၍ ပိဋကတ်၃-ပုံ ဆောင် ပုဂ္ဂိုလ်ပေါ်နေပြီဟု ဆိုခြင်း ဖြစ်ဟန်ရှိပါသည်။) မြန်မာပြည်၌ ပိဋကတ် ၃-ပုံဆောင် ပုဂ္ဂိုလ်ရှိနေပြီဟု ကြားသောအခါ ယိုးဒယား

သာသနာပိုင် ဆရာတော်က "ဒီလိုဆိုလျှင် မြန်မာပြည်ကသာ သံဃါယနာ တင်နိုင်ပါဘယ်" ဟု အမိန့်ရှိ၍ မြန်မာပြည်ကတင်သော ဆဋ္ဌသံဂါယနာကို ယိုးဒယားသံဃာက ကန့်ကွက်မည် မဟုတ်သည့်ပြင် အားပင် ပေးဦးမည် ဖြစ်ကြောင်းများကို အမိန့်ရှိလိုက်လေသည်။

ယိုးဒယား၌ ပြုဖွယ်ကိစ္စ ပြီးသောအခါ ဆရာတော်တို့ အဖွဲ့သည် ကမ္ဘောဒီးယားသို့ ခရီးဆက်လေသည်၊ ဆရာတော်တို့ ရောက်သည့်နေ့မှာ ဖနွမ်းပင်မြို့၌ အိန္ဒိယမှ ဓာတ်တော်များ ပူဇော်သည့် နေ့ဖြစ်သဖြင့် လေယာဉ်ကွင်းသို့ အကြိုလာသူပင် မရှိဖြစ်နေသည်၊ ထို့ပြင် လေယာဉ်ကွင်း၌ ပြင်သစ်စကားသာ ပြော၍ဖြစ်သည်၊ အင်္ဂလိပ်စကား နားလည်သူ မရှိ ဖြစ်နေသည်။ ဦးဘတင်လည်း ပြင်သစ်စကားမတတ်၍ အခက်ကြုံနေသည်၊ ထို့နောက်မှ အင်္ဂလိပ်လိုတတ်သော လေယာဉ်အရာရှိတယောက်က ကူညီ ပြောဆိုပေး၍ ဟော်တယ်တခုသို့ ပို့ပေးသည်။ ဟော်တယ်၌လည်း ပြင်သစ် လူမျိုးများပင် ရှိနေသည်၊ ဆွမ်းစားချိန်တန်နေ၍ ဆွမ်းကပ်ရန် လုပ်ကြသော အခါ သူတို့က ကြက်ဥများကို ပြုတ်ပေးကြသည်၊ ညောင်ရမ်းဆရာတော် ကြီးမှာ အမြဲတန်း သက်သတ်လွတ်စားသော ဆရာတော်ဖြစ်၍၊ မဟာစည် ဆရာတော်သည် အသားလုံးဝမစား မဟုတ်သော်လည်း ကြက်ဥ ဘဲဥ ကိုမူ ဥဒ္ဒိဿကတမံသ ဖြစ်သည်ဟု ယူဆ၍ မစားပေ။ ဆရာတော် ၂-ပါး ကြက်ဥ မဘုဉ်းပေးကြောင်း သိသောအခါ ဟော်တယ်မှ လူများက တောင်းပန်၍ ကမ္ဘောဒီးယား သာသနာပိုင်ကျောင်းသို့ တယ်လီဖုံးဆက်၍ အကြောင်း ကြားပေးသည်၊ မကြာမီ ကမ္ဘောဒီးယားကိုယ်တော်များ ကားနှင့်ရောက် လာ၍ သာသနာပိုင် ဆရာတော်ကြီးနေရာ ဥဏ္ဏာလုံကျောင်းတိုက်သို့ ပင့်သွားကြသည်၊ ဆွမ်းချိန်မှီသေး၍ ထိုကျောင်းမှာပင် ဆရာတော် ၂-ပါး ဆွမ်းဘုဉ်းပေးတော်မူကြသည်။

ဆရာတော်တို့သည် ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ကြီးနှင့် တွေ့ဆုံကြပြီးနောက် ထိုဆရာတော်ကြီး၏ ကျောင်းမှာပင် တည်းခိုကြ၍ ဆဋ္ဌသံဂါယနာ အကြောင်းကို ဆွေးနွေးကြပြန်သည်။ ကမ္ဘောဒီးယား သာသနာပိုင်ဆရာတော်ကြီးမှာ နဂိုရ်ကပင်ဆဋ္ဌသံဂါယနာတင်မည် ဆိုသည် ကို ကြေနပ်ပြီးဖြစ်နေရာ ယိုးဒယား သာသနာပိုင်နှင့်တုန်းကလို မြန်မာ နိုင်ငံက သံဂါယနာတင်သင့်ကြောင်း ရှင်းလင်းပြဖွယ် မလိုတော့ပေ။

ဥဏ္ဏာလုံကျောင်းတိုက်၌ တည်းခိုနေစဉ် တနေ့တွင် မဟာစည်ဆရာတော် သည် တမ္ဘုတ် (ဓမ္မယုတ္တိ) ဂိုဏ်းမှ ဆရာတော်ကြီးတပါးထံသို့ သွားရောက် ဖူးမျှော်တွေ့ဆုံသည်၊ ညောင်ရမ်း ဆရာတော်ကြီးကား သာသနာပိုင်ဆရာ

တော်ကြီးနှင့် စကားပြောယင်း နေရစ်တော်မူသည်။ တမျှတ်ဆရာတော်ကြီးထံ ရောက်သောအခါ ဆရာတော်ကြီးက မြန်မာပြည်အကြောင်းများကို မေး၍ လျှောက်ထားရသည်၊ ဆရာတော်ကြီးအနီးရှိ ကိုယ်တော်တပါးက မဟာစည်ဆရာတော် ပါဠိလို ပြောသည်ကို ဆရာတော်ကြီးအား ကမ္ဗောဒီးယားဘာသာပြန်၍ လျှောက်သည်၊ ထိုကိုယ်တော်နှင့် ပါဠိလို တော်တော်ပြော၍ဖြစ်သည်ဟု မဟာစည်ဆရာတော်က အမိန့်ရှိပါသည်။

ထိုဆရာတော်ကြီးထံမှ ပြန်ကြွခဲ့၍ ဥဏ္ဏာလုံကျောင်းတိုက်သို့ ရောက်သောအခါ သာသနာပိုင် ဆရာတော်ကြီးနှင့် ညောင်ရမ်းဆရာတော်ကြီးတို့ အခက်ကြုံလျက်ရှိသည်ကို တွေ့ရသည်။ ဆရာတော်ကြီး ၂-ပါး ပါဠိဘာသာဖြင့် စကားပြောကြသော်လည်း တပါးကို တပါး နားမလည်ပဲ ရှိနေကြသည်၊ ထိုသို့ဖြစ်ရသည်မှာ မြန်မာတို့၏ ပါဠိ အသံထွက်နှင့် အခြားနိုင်ငံသားတို့၏ ပါဠိအသံထွက် မတူသောကြောင့်ပင် ဖြစ်ပါသည်။ ညောင်ရမ်းဆရာတော်ကြီးက ကမ္ဗောဒီးယား သာသနာပိုင်ဆရာတော်ကြီးထံမှ ဆင်းတုတဆူအလိုရှိကြောင်း သာသနာပိုင် ဆရာတော်အား ပြောသည်၊သာသနာပိုင်ဆရာတော်ကြီးက နားမလည် ဖြစ်နေသည်၊ ဤအခိုက်တွင် မဟာစည်ဆရာတော် ပြန်ရောက်လာသဖြင့် နိုင်ငံခြား ပါဠိသံဖြင့် မဟာစည် ဆရာတော်က လျှောက်ပေးမှ သာသနာပိုင်ဆရာတော်ကြီးမှာ နားလည်တော့သည်။ ထိုအခါ "အင်း မဟာစည်ဆရာတော် ပါပေလို့တော်တော့တယ်" ဟု ညောင်ရမ်းဆရာတော်ကြီးက မှတ်ချက်ချတော်မူလေသည်။ မဟာစည်ဆရာတော်သည် သာသနာ့ရိပ်သာ၌ နိုင်ငံခြားသား ဘုန်းတော်ကြီးများနှင့် မကြာမကြာ တွေ့နေရ၍ နိုင်ငံခြား ပါဠိအသံထွက်ကို လေ့ကျင့်မိပြီး ဖြစ်နေသည်၊ သူတို့ပြောသည်ကိုလည်း နားလည်၍ မိမိကလည်း သူတို့ နားလည်အောင် နိုင်ငံခြားသံဖြင့် ပြောတတ်နေသည်၊ ထို့ကြောင့် ဤအရေးတွင် မဟာစည် ဆရာတော်က အလွယ်တကူ ဝင်ရောက် ပြောဆို ပေးနိုင်ခြင်း ဖြစ်လေသည်။

သာသနာပိုင် ဆရာတော်ကြီးနှင့် လျှောက်ထားဖွယ်စသော ကိစ္စများ ပြီးပြီးနောက် ဆရာတော်တို့အဖွဲ့သည် ဖနွမ်းပင်မြို့တော်မှ မိုင် ၁၅၀-ခန့် ဝေးသော အံကောဝပ်ခေါ် ကမ္ဘာကျော် ကျောင်းတော်ကြီးသို့ သွားရောက် လည်ပတ် ကြည့်ရှုကြသည်၊ ယင်း အံကောဝပ် ကျောင်းတော်ကြီးကား ကျောက်သားများဖြင့် တည်ဆောက်ထားသော အလွန်ကြီးသော ကျောင်းတော်ကြီးဖြစ်သည်။ ခရစ်နှစ် ၁၂-ရာစုလောက်က ဆောက်ခဲ့သည်ဟု အဆိုရှိသည် ထိုအံကောဝပ်ကျောင်းတော်ကြီးနှင့်တကွ ယင်းအနီးရှိ ငေ ဒထုံ

စသောရှေး အဆောက်အဦး လက်ရာတို့ကား ခမာအနုပညာ၏ ဂုဏ်ယူဖွယ်ရာ တရပ်အနေဖြင့် ထင်ရှားလျက် ရှိလေသည်။ ရှေးဟောင်း အဆောက်အဦးတို့ ဖြစ်လေ့ ဖြစ်ထ ရှိသည့်အတိုင်း များစွာသော နေရာတို့မှာ ပျက်စီးနေပြီဖြစ်သည်၊ ဖြစ်နိုင်သမျှ ပြန်လည်ပြင်ဆင်၍ ကမ္ဘောဒီးယား အစိုးရ ရှေးဟောင်း သုတေသန ဌာနက ထိန်းသိမ်း စောင့်ရှောက် ထားလေသည်။

ဆရာတော်တို့ အဖွဲ့သည် ကမ္ဘောဒီးယားမှ တဆင့် ဗီယက်နမ် သို့ပါသွားရောက် လည်ပတ်ခဲ့ကြသေးသည်၊ ထိုသို့ လည်ပတ် ဖြစ်သည်မှာလည်း ဒေါ်ဖြူ၏ ပင့်လျှောက်ချက်ကြောင့် ဖြစ်လေသည်။ ဒေါ်ဖြူကား မြင်ကွန်းမင်းသားကြီး၏ သမီးဖြစ်သည်၊ ဒေါ်ဖြူသည် ဗီယက်နမ်မှာပင် စီးပွားဖြစ်နေသော အမျိုးသမီးကြီးဖြစ်သည်။ ဗီယက်နမ်အမျိုးသား တဦးနှင့် အိမ်ထောင်ကျ၍ သားသမီးမြေးများပင် ရှိနေပြီ။ ဒေါ်ဖြူ၏ စီးပွားရေးလုပ်ငန်းမှာ ပရုပ်ဆီ ထုတ်လုပ်ရောင်းချခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျားဘမ်းနာမည်ကြီးသလို အင်ဒိုချိုင်းနားခွ ဒေါ်ဖြူဘမ်း နာမည်ကြီးလေသည်။ ကျားဘမ်းမှာ အနီဖြစ်သော်လည်း ဒေါ်ဖြူဘမ်းမှာကား အစိမ်းဖြစ်ပေသည်၊ ဒေါ်ဖြူသည် အင်ဒိုချိုင်းနားသူ ဖြစ်နေသော်လည်း မြင်ကွန်းမင်းသားကြီး၏ သမီးပီပီ မြန်မာစိတ်မပျောက် ဇာတိသွေး ဇာတိမာန်ပြင်းထန်သည်။ ထို့ကြောင့် မြန်မာ ဆရာတော်များနှင့် ဒါယကာများဖနွမ်းပင်သို့ ရောက်သည် ကြားသောအခါ ဆရာတော်တို့ရှိရာသို့ လာ၍ဗီယက်နမ်သို့ ကြွရန် ပင့်ခြင်းဖြစ်လေသည်။ ထိုသို့ပင့်သည်မှာလည်း မိမိခမည်းတော် မြင်ကွန်းမင်းသားကြီး၏အုတ်ဂူ၌ သရဏဂုံတင် ပရိတ်ရွတ်ပူဇော်လိုသောကြောင့်ပင် ဖြစ်သည်။ ဆရာတော်တို့အဖွဲ့သည် လေယာဉ်ဖြင့်ဆိုင်ဂုံသို့ကြွရသည်၊ ဆိုင်ဂုံမြို့သို့ ရောက်ပြီးနောက် ယင်းမြို့ သုသာန်အတွင်း မြင်ကွန်းမင်းသားကြီး၏ အုတ်ဂူရှိရာသို့ ကြွကြရသည်။ သူတို့နိုင်ငံမှ သုသာန်ကား မြန်မာနိုင်ငံမှ သုသာန်များလို မဟုတ်၊ လှလှပပ သန့်သန့်ဖြစ်အောင် ပြုပြင်ထားသည်ကို ဆရာတော်တို့ တွေ့ရသည်။ မင်းသားကြီးအုတ်ဂူ၌ သရဏဂုံတင် ပရိတ်ရွတ်မေတ္တာပို့အမျှဝေမှုများကို ပြုလုပ်ပြီးနောက် ဆရာတော်တို့အဖွဲ့သည် ဆိုင်ဂုံမြို့ရှိ ဗုဒ္ဓသာသနာကျောင်းများသို့ လှည့်လည် သွားရောက်ကြည့်ရှုကြလေသည်၊ ထို့နောက် ကမ္ဘောဒီးယားသို့ပြန်ကြ၍ ထိုမှတဆင့် ယိုးဒယား၌ ခေတ္တ ဝင်ပြီး မြန်မာ နိုင်ငံသို့ ပြန်ကြွတော် မူခဲ့ ကြလေသည်။

## ဆဋ္ဌသံဂါယနာ နှင့် မဟာစည်ဆရာတော်

မြန်မာနိုင်ငံ လွတ်လပ်ရေး ရခါနီး အချိန်လောက်က စ၍ပင် ဆဋ္ဌသံဂါယနာ ဆိုသော စကားလုံးမှာ ခေတ်စားခဲ့သည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၏ အစိုးရတို့သည်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို အတတ်နိုင်ဆုံး ချီးမြှောက်သည့်အနေဖြင့် ဆဋ္ဌသံဂါယနာတင် ပွဲကြီးကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဆဋ္ဌသံဂါယနာတင်ခြင်းဖြင့် သာသနာတော်ကြီးလည်း ကိုးတက်စည်ပင်လာမည်။ ဘုရားဟော ပါဠိတော်စသော ကျမ်းစာများလည်း မှုကောင်းမှုမှန်ဖြစ်၍ နောင်အဆက်ဆက် အကျိုးများလာမည်ဟု ရည်ရွယ်ချက်ဖြင့် သံဂါယနာ တင်ရန် စိုင်းပြင်း ကြခြင်း ဖြစ်ဟန် ရှိပါသည်။

သံဂါယနာတင် လုပ်ငန်းမှာ တိတိကျကျဆိုရလျှင် သံဃာတော်များ၏ လုပ်ငန်းသာ ဖြစ်၍၊ သို့သော် ဤမျှကြီးကျယ်သောလုပ်ငန်းကြီးကို သံဃာတော်များ ဆောင်ရွက်နိုင်ရန်မှာ လူဒါယကာတို့၏ ပစ္စယာနုဂ္ဂဟ ရမှသာ ဖြစ်နိုင်မည်၊ ထို့ပြင် ဆဋ္ဌသံဂါယနာကို မြန်မာနိုင်ငံ၏ သံဂါယနာသာမက မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို ဟူသော ထေရဝါဒ ငါးနိုင်ငံ၏ သံဂါယနာ ဖြစ်စေရန် ရည်သန်ထားသည်ဖြစ်ရာ လုပ်ငန်းမှာ သာ၍ပင် ကျယ်ပြန့်လေတော့သည်။ ထိုတွင် နိုင်ငံတော်အစိုးရတို့က လူဒါယကာများဖက်မှ ဆောင်ရွက်ရမည့် ကိစ္စဟူသမျှကို တာဝန်ယူကြသည်။ ထိုသို့ ယူရာတွင် အစိုးရတို့က မိမိတို့ချည်း အခွင့်အရေးမယူပဲ တိုင်းသူပြည်သားများကိုပါ သံဂါယနာ ဒါယကာဖြစ်နိုင်ရန် အခွင့်အရေးများကို ပေး၍ ဆောင်ရွက်မည် ဖြစ်သဖြင့် ဆဋ္ဌသံဂါယနာမှာ အစိုးရ၏ သံဂါယနာမဟုတ်ပဲ တိုင်းသူပြည်သားတို့၏ သံဂါယနာ၊ ဝါ-လူထုသံဂါယနာ ဖြစ်စေရန် ရာထားကြသည်၊ ထို့ကြောင့် သံဂါယနာတင်ရန် ဆုံးဖြတ်ပြီးလျှင်ပင် သံဂါယနာတင်ရာ လိုဏ်ဂူတော် တည်ဆောက်ရေး စသော လုပ်ငန်းကြီးများကို လူထုနှင့် လက်တွဲ၍ အားကြိုးမာန်တက် ဆောင်ရွက်လေတော့သည်၊ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့်ပင် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှ စ၍ ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲ ဆင်နွဲနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

သံဂါယနာ လုပ်ငန်းကြီးကား အလွန်ကြီးကျယ်သော ကမ္မာနှင့်ချီ၍ ဆောင်ရွက်ရသော လုပ်ငန်းကြီးဖြစ်၏၊ ဤကဲ့သို့သော လုပ်ငန်းကြီးမျိုးတွင် လုပ်ငန်းဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ရှေ့ဆောင်မည့် ပုဂ္ဂိုလ်ထူး



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပုစ္ဆကနေရာမှပါဝင်၍
သံဂါယနာတင်ရာ ဆဋ္ဌလိုဏ်ဂူတော်ကြီး၏ အတွင်းပုံ။

တို့ကို လွန်စွာ လိုအပ်ပေသည်။ ဆဋ္ဌသံဂါယနာ၏ ဘုန်းကံကြောင့် သို့မဟုတ် သာသနာတော်ကြီး၏ တန်ခိုးကြောင့်ပင် ဖြစ်ဟန်တူ၏၊ သံဂါယနာ၌ အထူးလိုအပ်သော ပုဂ္ဂိုလ်ထူး ၃-ဦး ပေါ်ထွက် ခဲ့လေသည်။ ထို ၃-ဦးတို့ကား (၁) မဟာစည်ဆရာတော်။ (၂) ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ။ (၃) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသတို့ ဖြစ်ကြလေသည်။

## သံဂါယနာ ဝန်ဆောင် ဆရာတော်

သံဂါယနာ၌ အရေးကြီးသော လုပ်ငန်းကြီး ၂-ခုရှိ၏၊ ထို ၂-ခုကား သံဂါယနာတင် အခမ်းအနား ဆောင်ရွက်ရေးနှင့် ထိုလုပ်ငန်း၏ အခြေခံဖြစ်သည့် ပိဋကတ်တော်များကို သုတ်သင် ရိုက်နှိပ်ရေးတို့ ဖြစ်၏။ ထိုလုပ်ငန်း ၂-မျိုး လုံးမှာပင် အဆိုပါ ဆရာတော် ၃-ပါး ပါဝင် ဆောင်ရွက်တော်

မူခဲ့ကြသည်၊ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် ထိုလုပ်ငန်းကြီး ၂ ခုလုံး မှာပင် အစီအစဉ် ပြုလုပ်ညွှန်ကြားခြင်း၊ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်း တို့ဖြင့် ကြိုးပမ်းခဲ့သည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကား ပိဋကတ် တော် ပြင်ဆင်ရေးနှင့် အခမ်းအနား၌ ဝိသဇ္ဇက ဆရာတော်အဖြစ် ဆောင် ရွက်ရေးဘိုကို တာဝန်ယူခဲ့သည်။ မဟာစည်ဆရာတော်သည်မူကား ပိဋကတ် တော် ပြင်ဆင်ရိုက်နှိပ်ရေးနှင့် အခမ်းအနား၌ ပုစ္ဆက ဆရာတော်အဖြစ် ဆောင်ရွက်ရေးတို့၌ အထူးအားထုတ် ဆောင်ရွက်တော် မူခဲ့လေသည်။ ဆဋ္ဌသံဂါယနာ၏ အာဏာပိုင်အဖွဲ့ဟု ဆိုထိုက်သော ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့တွင်လည်း မဟာစည်ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသတို့မှာ အဖွဲ့ဝင်များ ဖြစ်ကြရလေသည်၊

## သြဝါဒ ဆရာတော်

သံဂါယနာဆိုသည်မှာ မူကောင်း မူမှန်ဖြစ်သော ပိဋကတ်တော်များကို ရဟန်းတော်များ စုပေါင်းရွတ်ဆိုခြင်း ဖြစ်၏။ မူကောင်းမူမှန် ပိဋကတ် တော်မရှိလျှင် သံဂါယနာပင် မရှိနိုင်ပေ၊ ထို့ကြောင့် သံဂါယနာ လုပ် ငန်း၌ အရေးကြီးသော ပိဋကတ်တော် သုဓ်သင်ပြင်ဆင်ရေးကို ရှေးဦးစွာ ဆောင်ရွက်တော်မူကြသည်၊

ပိဋကတ်တော်ကို ပြင်ဆင်ရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်သို့ ပိဋကတ်များပို့ကာ ထိုဆိုင်ရာနယ်၌ သီတင်းသုံးတော်မူကြသော ကျမ်းဂန်တတ် မထေရ်တို့ကို စွမ်းအားရှိသလောက် မူအမျိုးမျိုးနှင့် တိုက် ဆိုင်၍ ပြင်ဆင်စေသည်၊ ထိုပဌမ ပြင်ဆင်သော ဆရာတော်များကို မူလ ဝိသောဓက ဆရာတော်များဟု ခေါ်သည်၊ ထို့နောက် ထိုဆရာတော်များ ပြင်ပြီး မူကို တဖန် ဝိသောဓက အဖွဲ့ဖွဲ့၍ ရန်ကုန်၌ (ပဌမ သာသနာ့ရိပ် သာ၊ နောက်ကမ္ဘာအေး၌) ထပ်မံ ပြင်ဆင်ပြန်သည်။ အမှားကင်းသည် ထက် ကင်းစေရန် ကောင်းသည်ထက် ကောင်းစေရန် ဖြစ်၏။ ထိုဆရာ တော်တို့ကို ပဋိဝိသောဓက ဆရာတော်များဟု ခေါ်သည်။ ထိုပဋိဝိသောဓက ဆရာတော်များပြင်ပြီး မူကိုမှ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်သို့ ပို့ရသည်။ ပုံနှိပ်တိုက်၌ တတ်ကျွမ်းသော စာပြင်ဆရာကြီးများ ကြီးကြပ်၍ ပုံနှိပ်မူကြမ်း (ပရူ) အဖြစ်သို့ ရောက်စေသည်။ ထိုမူကြမ်းကို အထပ်ထပ် စစ်ဆေး၍နောက်ဆုံး မူကြမ်းကို ဆရာတော် ငါးပါးပါဝင်သော အဖွဲ့သို့ ပို့ရသည်၊ထိုအဖွဲ့က ပြင်ဆင်စရာ ရှိသည်တို့ကို ပြင်ဆင်၍ အတည် ပြုပြီး နောက် စာမူချောအဖြစ်ရောက်အောင် ရိုက်နှိပ်စေရသည်၊ နောက်ဆုံးပုံနှိပ်

မှုကြမ်းကို သုခ်သင်ပြင်ဆင်သောအဖွဲ့ကို သြသာနသောဓေယျ ပတ္တပါဌက အဖွဲ့ဟုခေါ်လေသည်။ နောက်တွင် အတိုချုံး၍ သြသာနအဖွဲ့ဟု ခေါ် ကြလေသည်။

မဟာစည် ဆရာတော်သည် ဤသြသာနအဖွဲ့တွင် ပါဝင် ဆောင်ရွက်တော်မူခဲ့သည်၊ အခြားအဖွဲ့ဝင် ဆရာတော်များမှာ ရန်ကုန် ဘုရားကြီး ဆရာတော်, ဗားကရာဆရာတော်, သီဟိုဠ်အရှင်ဗုဒ္ဓဒတ္တ ဆရာတော်နှင့် ဝိဇ္ဇာလင်္ကာရဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသတို့ ဖြစ်လေသည်။ ဤအဖွဲ့ဝင်များမှာ အစပိုင်း၌ ဖြစ်သည်၊ နောင်အခါအားလျော်စွာ အလယ် ၃-ပါး၌ အပြောင်းအလဲ ရှိသည်။

သြသာနအဖွဲ့၏ တာဝန်မှာကြီးလှသည်၊ မူလဝိသောဓက ပဋိဝိသောဓက ဆရာတော်တို့၏ တာဝန်မှာ ပုဒ်ပါဌ် ပြင်ဆင်ရန်သာ ဖြစ်သော်လည်း သြသာနဆရာတော်တို့၏ တာဝန်မှာမူ ပုဒ်ပါဌ်ကိုလည်း သုခ်သင်ရသည်၊ အနေ အထား အခဲ့ အစိတ် နှင့် တကွ ချောင်းပိုဒ် ကော်မာစသော သင်္ကေတ များ ကိုလည်း မှန် မမှန် စစ်ဆေးရသည်၊ စာပိုဒ် များ၏ ခေါင်းစဉ်များကိုလည်း ပါဠိလို ထည့်ပေးရသည်။ တိုတို ပြောရလျှင် စာတအုပ်လုံး ကောင်းမွန် သန့်ရှင်း အပြစ် ကင်းရေးသည် သြသာနအဖွဲ့၏ တာဝန်ပင်ဖြစ်တော့သည်။ ယခုအခါ၌ ဆဋ္ဌသံဂါယနာမူ ကျမ်းစာများကို ဖတ်ရှုဖူးပြီးလျှင် အခြား ရှေးရိုက်စာအုပ်များကို မဖတ်ချင်လောက်အောင်ပင် ဖြစ်ကြသည်။ ဆဋ္ဌမူကို ဖတ်ရသည်မှာ မျက်စိလည်း သက်သာ ဉာဏ်လည်းသက်သာလှသည်၊ ဤသို့ အဖက်ဖက်မှ ရှေးစာအုပ် များနှင့် မတူအောင် ဆဋ္ဌမူ ကျမ်းစာတို့ တိုးတက် ကောင်းမွန်လာခြင်း ကမ္ဘာ့အဆင့်အတန်း မှီလာခြင်းအတွက် သြသာနအဖွဲ့ ဆရာတော်များနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက် စာပြင်ဆရာကြီးများကို စာဖတ်သူ များက အထူး ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

မဟာစည်ဆရာတော်သည် ဤမျှ တာဝန်ရှိသောအဖွဲ့၌ ပါဝင် ဆောင်ရွက်တော်မူရသည်၊ အစပိုင်းတွင် ဗုဒ္ဓသာသနာအဖွဲ့မှာ သာသနာ့ရိပ်သာ မှာပင် တည်ရှိခဲ့ရကား သြသာနဆရာတော်တို့ အဖွဲ့တည်ရာမှာ မဟာစည် ဆရာတော် သိတင်းသုံးတော်မူသည့် စံကျောင်းဖြစ်လေသည်၊ ထိုစံကျောင်း တွင် အယ်ဒီတာ ဒါယကာတဦးနှင့်အတူ ဆရာတော်ငါးပါးတို့ စုဝေး၍ ဆဋ္ဌသံဂါယနာ ပိဋကတ်တော်များကို အကောင်အထည် ဖေါ်ကြရလေ သည်၊ ပုဒ်ခက် ပါဌ်ခက် အဆုံးအဖြတ် ကြုံလာလျှင် မဟာစည်ဆရာတော်၏ အယူအဆ အဆုံးအဖြတ်ကို အခြားဆရာတော်များက လေးစားနှစ်ခြိုက်



(အဂ္ဂမဟာပဏ္ဍိတ)
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်
ဆဋ္ဌသံဂါယနာ-ဩသာနသောဓက တာဝန်ကို ဤနည်းဤပုံ
ကျေကုန်အောင် ဆောင်ရွက်တော်မူသည်



ဩဝါဒနဆရာတော်များအဖွဲ့တည်ရာ မဟာစည်ဆရာတော်သီတင်းသုံးတော်မူသည့် စံကျောင်းတော် (ရန်ကုန်)

တော်မူကြသည်သာ များလေသည်။ မဟာစည်ဆရာတော်သည် ဤဩဝါဒန လုပ်ငန်းကိုအစမှ အဆုံးတိုင်အောင် ဆောင်ရွက်တော်မူခဲ့သည်၊ နောင်သံဂါယနာအစပြုခါနီး ဗုဒ္ဓသာသနာအဖွဲ့က ကမ္ဘာအေးသို့ပြောင်းသောအခါ ဩဝါဒန အဖွဲ့လည်းပါသွားရသည်၊ ထိုအခါ မဟာစည်ဆရာတော်လည်း ကမ္ဘာအေးသို့ နေ့စဉ်ကြွ၍ ဩဝါဒနထိုင်ရသည်၊ နောက်ပိုင်း အဋ္ဌကထာ ဋီကာစာမူများကို စိစစ်ရာတွင် မဟာစည်ဆရာတော်သည် ကမ္ဘာအေးသို့ကြွ၍ အလုပ်ကိုင်ရန် အချိန်မရဖြစ်လာသည်။ ထိုအခါ ပုံနှိပ်တိုက်က အယ်ဒီတာတဦးက မဟာစည်ဆရာတော်ထံသို့ စာမူကြမ်းကို ပို့ထားရသည်၊ မဟာစည်ဆရာတော်က မိမိကျောင်းမှာပင် နေယင်း အားလပ်သည့်အချိန်တွင် တနေ့တဖေါင် ပြီးအောင် စစ်ဆေးကြည့်ရှုထားသည်၊ ထိုစာပေါင်ကို နောက်တနေ့ နံနက်

ထိုအယ်ဒီတာက လာယူသွား၍ ဩဝါဒအဖွဲ့သို့ တင်ပြသည်။ ဩဝါဒအဖွဲ့က ပုဂ္ဂိုလ်တပါးက မဟာစည်ဆရာတော် ပြင်ပေးလိုက်သော ဖေါင်ကိုကိုင်၍ ပြင်ချက်များကို သူ့နေရာ ရောက်သည့်အခါ၌ တင်ပြချက်တို့ကို ဩဝါဒအဖွဲ့ဝင်တို့က ဆွေးနွေး၍ ထိုက်သလို စာမူကို သုတ်သင်ကြသည်။ မဟာစည်ဆရာတော် အကြံပေးပြင်ဆင်ချက်တို့ကို ဩဝါဒအဖွဲ့ဝင် ဆရာတော်များက လက်ခံသည်သာ များပါသည်။ (စာတဖေါင် ဆိုသည်မှာ သံဂါယနာ ကျမ်းစာအုပ်ကြီးအရွက် စာမျက်နှာ ၁၆-မျက်နှာရှိ အုပ်တွဲကလေးဖြစ်ပါသည်။)

ပါဠိတော် သံဂါယနာတင်ပြီးနောက် အဋ္ဌကထာ ဋီကာတို့ကိုလည်း သံဂါယနာတင်ပြန်ရာ ယင်းတို့ကိုလည်း ပြင်ဆင်ရိုက်နှိပ်ရပြန်သည်၊ ထိုအဋ္ဌကထာ ဋီကာ ဩဝါဒအဖွဲ့တွင်လည်း မဟာစည်ဆရာတော် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်သာ ဖြစ်ပါသည်။ ဤကိစ္စများအတွက် အစီအစဉ်ပြုလုပ်သော ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် မဟာစည်ဆရာတော်၏ ပညာအရည်အချင်းကိုရင်း၊ စိတ်နေသဘောထားကိုရင်း အလွန်အားရသည်ဖြစ်၍ကား ကျမ်းစာရိုက်နှိပ်ရန် ကိစ္စရှိတိုင်း မဟာစည်ဆရာတော်ကို အလွတ်မပေးပေ။ မဟာစည်ဆရာတော် ပါဝင်ပြင်ဆင်မှုပင် အားရတော့သည်၊ ဤမျှ မဟာစည်ဆရာတော်ကို အားကိုးသည်။ မဟာစည်ဆရာတော်ကလည်း မိမိကို အားကိုးမှုန်း သိသဖြင့် အလုပ်များသည့်ကြားကပင် ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသ အပ်နှင်းသော တာဝန်ကို မငြင်းမပယ် ဆောင်ရွက်တော်မူသည်။ မဟာစည်ဆရာတော်အပေါ်၌ ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသ ယုံကြည်အားကိုးပုံကို ထင်ရှားစေသော အချက်ကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို သုတ်သင်ရန် အပ်နှင်းခြင်း ဖြစ်၏။ မဟာစည်ဆရာတော်သည် ကမ္မဋ္ဌာန်းဆရာတော် ဖြစ်သည်အားလျော်စွာ ဝိသုဒ္ဓိမဂ်ကျမ်းကို အထူးနိုင်နင်းတော်မူသည်ကို သိရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-အုပ်ကို မဟာစည်ဆရာတော် တပါးတည်း သုတ်သင် ပြင်ဆင်ရန် အပ်နှင်းခဲ့လေသည်။ မဟာစည် ဆရာတော်လည်း အပ်နှင်းသည့်အတိုင်းပင် တပါးတည်း ပြင်ဆင်ပေးတော်မူသည်၊ သံဂါယနာသမိုင်းတွင် ကျမ်းတခုကို တပါးတည်းပြင်ဆင်ရန် အပ်နှင်း ခံရသော ပုဂ္ဂိုလ်မှာ မဟာစည် ဆရာတော် တပါးသာ ရှိခဲ့ပါသည်။

မဟာစည်ဆရာတော်သည် သူမတူတန်သောဉာဏ်စွမ်း ကြီးမားလှသော လိုလဝီရိယဖြင့် ဆဋ္ဌသံဂါယနာ ကျမ်းစာတို့ကို ပြင်ဆင်တော်မူခဲ့သည်၊ ထိုသို့ ပြင်ဆင်တော်မူခဲ့ရသော ကျမ်းစာများကား ၁၀-အုပ် ၁၅-အုပ်မျ

မဟုတ်၊ အခိပ်သုံးဆယ်လည်း မဟုတ်၊ ပါဠိတော် အဋ္ဌကထာ ဋီကာ အားလုံး ပေါင်းလိုက်လျှင် စာအုပ်ပေါင်း ၁၁၇-အုပ် ဖြစ်လေသည်။ တအုပ်တအုပ်၌ ဖျမ်းမျှ စာမျက်နှာ ၃၅၀-ခန့် ပါမည်ဖြစ်ရာ စာမျက်နှာ အားဖြင့် တွက်လျှင် စာမျက်နှာ ၄-သောင်းကျော်ခန့် ဖြစ်သည်။ ထို စာအုပ်များကိုတအုပ်စီဆင့်၍ထားလျှင် မန္တလေး မဟာမြတ်မုနိဆင်းတုတော်ကြီး၏ ညာဏ်တော်လောက် ရှိမည်ဖြစ်လေသည်။ ဤမျှ များပြားလှသော ပိဋကတ်တော် ကျမ်းစာတို့ကို သုဓ်သင်ပြင်ဆင်ခွင့် ရသော မဟာစည်ဆရာ တော်ဘုရားကြီးသည် ကုသိုလ်ထူးတော်မူပေစွ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ သူရဲကောင်း ပီသတော်မူပေစွ၊ နောင်လာနောက်သားတို့ အတွက် ကျေးဇူး ကြီးမားတော်မူပါပေစွ။ ဤကား မဟာစည်ဆရာတော်၏ လူသိနည်းသော ဆဋ္ဌသံဂါယနာဆိုင်ရာ လုပ်ငန်းဖြစ်ပါသည်။

## ပုစ္ဆက ဆရာတော်

မဟာစည်ဆရာတော်သည် ပိဋကတ်တော် သုဓ်သင်ပြင်ဆင်ရေး လုပ်ငန်း ကို ဆောင်ရွက်တော်မူယင်းပင် တဖက်၌လည်း သံဂါယနာဆိုင်ရာ အခြား လုပ်ငန်းတခုကိုလည်း တာဝန်ယူ ထမ်းဆောင်တော်မူသည်၊ ထိုလုပ်ငန်း ကား လူသိများသော သံဂါယနာ ပုစ္ဆက ဆရာတော်အဖြစ် ဆောင်ရွက် ရသော လုပ်ငန်းဖြစ်ပါသည်။

သံဂါယနာဆိုသည်မှာ စုပေါင်း ရွတ်ဆိုရခြင်း ဖြစ်ကြောင်း ရေးခဲ့ပြီ၊ သံဂါယနာ အစဉ်အလာအရ ထိုသို့မရွတ်ဆိုမီ ပါဠိတော်များကို တခုစီ စစ်ဆေး ရသည်၊ ဤသုတ်ကို မြတ်စွာဘုရား အဘယ်ဌာနမှာ ဟောခဲ့ပါ သနည်း၊ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောခဲ့သနည်း၊ အဘယ် အကြောင်းကြောင့် ဟောခဲ့သနည်း အစရှိသည်ဖြင့် ဘုရားဟော အစစ် ဖြစ်ကြောင်း ခိုင်လုံသေချာအောင် အထပ်ထပ် စိစစ်ရသည်၊ ဤသို့ အထပ် ထပ်မေးစိစစ်၍ ကြေနပ်မှသာ ပိဋကတ်တော်အဖြစ် လက်ခံ အတည်ပြု၍ အတည်ပြုလက်ခံကြောင်း ထင်ရှားစေရန် သံဃာတော်အားလုံး ရွတ်ဆိုတော် မူကြသည်၊ ထိုကိုပင် သံဂါယနာတင်သည် ဟု ခေါ်လေသည်၊ ပဌမသံဂါ ယနာတင်စဉ်က အရှင်မဟာကဿပ မေးစိစစ်သူ အဖြစ် ဆောင်ရွက်၍ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့ ဖြေဆိုသူများအဖြစ် ဆောင်ရွက်တော်မူကြ သည်၊ ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌသံဂါယနာ၌ မေးစိစစ်မည့်ဆရာတော် ဖြေဆိုမည့် ဆရာတော်အားဖြင့် ပုဂ္ဂိုလ်ထူး ၂-ပါးလိုအင်နေသည်၊ သံဃာ့ ပရိသတ် လူပရိသတ် အလယ်တွင် အမေးအဖြေ ပြုလုပ်ရမည်ဖြစ်၍ ထို

လုပ်ငန်းမှာ မလွယ်ကူလှ၊ ပရိသတ် တိုးဘူး၍ ရရှိင့်သော ပုဂ္ဂိုလ်များမှသာ ဖြစ်နိုင်မည်၊ အများရှေ့မှာ လုပ်ရမည့်အလုပ်ဖြစ်၍ စာရွက်ပေါ်မှာ ရေးယူလာပြီး ကြည့်ဖတ်၍ မေးဖြေရန်လည်း မလျော်၊ မေးသူ-ဖြေသူ ၂-ပါးလုံး အလွတ် မေး-ဖြေ ကြရမည် ဖြစ်သည်၊ ထို့ထက်သာ၍ ခက်သည်မှာ မေးဖြေလုပ်သောအခါ ပါဠိ မြန်မာ ၂-ဘာသာဖြင့် လုပ်ရမည်ဖြစ်ရာ ၂-ပါးလုံးသည် ပါဠိတော် တို့ကိုလည်း ကြေပွန်စွာ လေ့လာပြီးသူ ဖြစ်ရမည်၊ ပါဠိဘာသာကိုလည်း ပြောနိုင် ဆိုနိုင်သည်အထိ ကျွမ်းကျင်သူ ဖြစ်ရမည်၊ သို့ဖြစ်၍ ဆိုခဲ့ပြီး အရည် အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရရန်မှာ မလွယ်ကူလှသော အလုပ်ဖြစ်တော့သည်။

ထို အမေးအဖြေပြုမည့် ၂-ပါးတွင် ဖြေဆိုသူ ဆရာတော်ကို ရှာရန်မှာ ကံကောင်း ထောက်မသဖြင့် လွယ်ကူလျက် ရှိခဲ့သည်၊ အဘယ့်ကြောင့်ဟူမူ ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် ရှိနေသောကြောင့် တည်း၊ ထို ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက စတင်၍ ကျင်းပပြုလုပ်အပ်သော ပိဋကတ်သုံးပုံ အာဂုံ ရေးဖြေစာမေးပွဲကြီးတွင် ၁၃၁၂-ခုနှစ်၌ ဝိနည်းပိဋကတ်ကိုရင်း၊ ၁၃၁၄-ခုနှစ်၌ အဘိဓမ္မာပိဋကတ်ကိုရင်း၊ ၁၃၁၅-ခုနှစ်၌ သုတ္တန္တပိဋကတ် ဒီဃနိကာယ်ကိုရင်း ပြန်ဆိုရေးဖြေ နှစ်ထွေလုံးမှာပင် ဂုဏ်ထူးနှင့်ချည်း အောင်မြင်ခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသော ဘွဲ့တံဆိပ်တော်ကို ရပြီးစ အခါ ဖြစ်လေသည်၊ ထိုဆရာတော်ကိုပင် သံဂါယနာ ဖြေဆိုသူအဖြစ် ဆောင်ရွက်ရန် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်တို့က ရွေးချယ်တော်မူကြလေသည်၊ သံဂါယနာ၏ ဘုန်းတော်ကြောင့် အခန့်သင့် ပေါ်လာရသော ဆရာတော်ပါပေ။

မေးမိစစ် တာဝန်ကို ဆောင်ရွက်မည့် ပုစ္ဆကဆရာတော်ကို ရွေးချယ်ရာ၌ကား ဝန်ဆောင်ဆရာတော်တို့သည် ပုစ္ဆကလုပ်ငန်းနှင့် အထိုက်တန်ဆုံးလည်းဖြစ် လက်လှမ်းလည်းမှီသော မဟာစည်ဆရာတော်ကိုပင် ရွေးချယ်ထားကြသည်၊

သို့သော် ဆရာတော်ကြီးအချို့က စိုးရိမ်မကင်း ရှိတော်မူကြသည်၊ အရှင်ဝိစိတ္တသာရဆရာတော်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကို ဆွတ်ခူးပြီးဖြစ်၍ ထိုဆရာတော်ကို စိတ်ချနိုင်ကြသော်လည်း မဟာစည်ဆရာတော်ကိုမူကား ထိုအချို့ဆရာတော်ကြီးများက စိတ်ချတော်မမူကြပေ။ ထိုအချိန်၌ မဟာစည်ဆရာတော်သည် ပိဋကတ်သုံးပုံကို အလွတ် ပြန်မပြနိုင်



(အဂ္ဂမဟာပဏ္ဍိတ)
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်
ဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီး၌-ပုစ္ဆက အဖြစ်ဆောင်ရွက်တော်မူစဉ်။

သော်လည်း ကျမ်းအိပ်များနှင့်တကွ သင်ရိုး အပါအဝင် နိကာယ်ငါးရပ်ကို ကြေညက်နှံ့စပ်ပြီး အခေါက်ခေါက် လေ့လာကြည့်ရှုပြီး ဖြစ်နေသည်၊ သာသနာ့ရိပ်သာ၌ရှင်း အခြားများစွာသော နေရာတို့၌ရှင်း ထောင်ပေါင်း များစွာသော ပရိသတ်တို့ကို တရားဟောနေသော ပုဂ္ဂိုလ်လည်းဖြစ်သည်။ ထို့ပြင် တောင်ဝိုင်းဂလေး၌ နေခဲ့စဉ်က နှစ်တိုင်းပင် ရွှေကျင်ဂိုဏ်း ဝိနည်းစာပြန်ပွဲတို့၌ သံဂါယနာတင်ပုံ အစီအစဉ်ကို လက်တွေ့ကြုံခဲ့ပြီးဖြစ်၍ ထိုအစီအစဉ်ဆိုင်ရာ၌ နားလည်ပြီး ဖြစ်နေသည်၊ ဤသို့ ပုစ္ဆကအဖြစ်ဖြင့် ဆောင်ရွက်ရန် အဖက်ဖက်မှ အရည်အချင်းပြည့်ဝနေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ စိစစ်ရွေးချယ်သော ပုဂ္ဂိုလ်များက လျှောက်ထားကြသော်လည်း ထိုအချို့ဆရာတော်ကြီးတို့မှာ စိတ်ချတော်မမူနိုင်ကြပါ၊ သံသယရှိမြဲပင် ရှိတော်မူကြပါသည်၊ ပြင်းစွာ ကြောင့်ကြတော်မူကြပါသည်။ ရွေးချယ်သော ပုဂ္ဂိုလ်များက အမျိုးမျိုး အကြောင်းပြ၍ အထပ်ထပ် လျှောက်ထားသောအခါမှသာ ထိုဆရာတော်များက သဘောတူတော်မူကြပါသည်၊ ထိုသို့ သဘောတူသည့်တိုင် ကြောင့်ကြတော်မူကြလွန်းသဖြင့် သံဂါယနာဖွင့်ပွဲ ပဌမနေ့တွင် မဟာစည်ဆရာတော်ကို ပုစ္ဆကအဖြစ် မလုပ်စေပဲ အခြားဆရာတော်တပါးကို ပုစ္ဆကအဖြစ်ဆောင်ရွက်စေရန် အဆိုပြုတော်မူကြပါသည်၊ ထိုဆရာတော်ကြီးတို့သည် မဟာစည်ဆရာတော်ထံသို့ ကြွသွားတော်မူကြ၍ ပဌမနေ့တွင် ပုစ္ဆကလုပ်ငန်းကို အခြားဆရာတော်ကြီး တပါးအား လုပ်ခွင့်ပေးရန် သဘောတူဖို့ အမိန့်ရှိတော်မူကြသည်။

ထိုအချိန်ကား သံဂါယနာတင်ရန် ၁-ရက်သာ လိုသောအချိန် ဖြစ်၏၊ မဟာစည်ဆရာတော်နှင့် အရှင်ဝိစိတ္တသာရဆရာတော်တို့သည် မည်သို့မည်ပုံ အမေးအဖြေ ပြုကြမည်ကို ညှိနှိုင်း တိုင်ပင်ပြီး ဖြစ်ရုံမျှမက အစမ်း အမေး အဖြေလုပ်၍ အသံသွင်းကြိုးခွေ၌ သွင်းကြည့်ကြပြီးပင် ဖြစ်၏။ ထိုသို့ ပွဲမခင်ခင် ပြင်ကကျင်းပ ဆိုသလို အစစ အချိုးတကျဖြစ်အောင်စီစဉ်ထားပြီးဖြစ်၍ ဆောင်ရွက်ရန် အလွန်နီးကပ်နေသည့်အချိန်ကျမှ ဆရာတော်များမှာ အစိုးရိမ်လွန်တော်မူကြ၍ မဟာစည်ဆရာတော်ကို လာ၍ မေတ္တာရပ်တော်မူကြခြင်း ဖြစ်သည်၊ ဤအရေးတွင် မဟာစည်ဆရာတော်လောက် သဘောထားပြည့်ဝသူ မဟုတ်ပါမူ မသိုလားအပ်သော ဖြစ်ရပ်များပင် ဖြစ်ခဲ့ဖွယ်ရှိပါသည်။ သို့သော် မဟာစည်ဆရာတော်သည် ကိုယ်ကျိုးကိုမငဲ့ သာသနာတော်၏ အကျိုးကိုသာငဲ့သူဖြစ်ရကား "သောဝစဿတာဂုဏ်"ပြည့်စုံစွာဖြင့် ထိုဆရာတော် ဘုရားကြီးတို့၏ အမိန့်ကို နာခံ၍ သဘောတူခဲ့လေသည်၊ သဘောတူရုံမျှမက နောက်တနေ့ဆောင်ရွက်မည့် ဆရာတော်ကြီး ကြည့်ရှုတော်မူလိုက ကြည့်ရှုရန် မိမိရေးထားသော အမေးအဖြေ အစီအစဉ်ကိုပင်

ထိုဆရာတော်များမှ တဆင့် ဆက်ကပ်လိုက်ပါသေးသည်၊ ထိုအချိန်၌ မဟာစည်ဆရာတော် ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူမည်ကို ဝန်ကြီးချုပ်က အစသိပြီးဖြစ်နေသောအချိန် ဖြစ်၏၊ ဤအချိန်မျိုးသို့ ရောက်ပြီးခါမှ နောက်ဆုံးပေးရသည့် လုပ်ငန်းမှာ မည်မျှ ခဲယဉ်းမည်ကို စဉ်းစားကြည့်က သိနိုင်ပါသည်၊ ရင့်ကျက်သော သမာဓိ ရှိသူတို့သာ လုပ်နိုင်သော လုပ်ငန်းမျိုး ဖြစ်ပါတော့သည်။

၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့ကား ဗုဒ္ဓသာသနာ့ သမိုင်းတွင် မှတ်တမ်းဝင်နေ့ တနေ့ဖြစ်ပါတော့သည်၊ ထိုနေ့တွင်ပင် ထေရဝါဒ ၅-နိုင်ငံတို့ စုပေါင်းကျင်းပသော ဆဋ္ဌသံဂါယနာပွဲတော်ကြီးကို ရန်ကုန် ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် စတင်ကျင်းပလေသည်၊ သံဂါယနာဖွင့်ပွဲ အခမ်းအနားကို ထိုနေ့ ၁၂- နာရီ အချိန်တွင် စတင်ကျင်းပ၍ မိန့်ခွန်းများ သဝဏ်လွှာများ စသည်ကို ဖတ်



ဆဋ္ဌသင်္ဂီတိ သဘင်ပွဲကြီး ကျင်းပစဉ် ရိုသေစွာ နာကြားနေကြသော
နိုင်ငံခြားသည့် သည်တော်များနှင့် ပရိသတ်များပုံ။

ကြားသည်. ထို့နောက် အစီအစဉ်ခေတ္တရပ်နား၍ ညနေ ၃-နာရီခွဲတွင် အခမ်းအနားကို ပြန်လည်ကျင်းပသည်၊ ပဌမပိုင်းဘုန်းကလိုပင် ပရိသတ်များ ပြည့်ကြပ်နေသည်၊ အပြည်ပြည်နိုင်ရာ သံဂါယနာဖြစ်၍ရှင်း၊ အစိုးရက ဦးစီးဆောက်ပုံသော သံဂါယနာဖြစ်၍ရှင်း ပရိသတ်မှာ စုံလှသည်၊ သံဃာများ သီတင်းသုံးရန် ဆောက်လုပ်ထားသော စင်မြင့်တို့၌ ၂၅၀၀ သော သံဃာ တို့လည်း သင်္ကန်းများရုံလျက် ကြည်ညိုဖွယ်ရာ ထိုင်နေကြပြီး ဖြစ်၏၊ ဗဟို စင်မြင့်ပေါ်တွင်မူ ဆဋ္ဌသံဂီတိ နာယက အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် သံဂါယနာ ဝန်ဆောင်ဆရာတော်တို့လည်း အသီး အသီး နေရာယူတော်မူပြီး နေကြပြီ၊ သံဂီတိ နာယက ဆရာတော်ကြီး၏ လက်ျာဘက် ရွှေနား၌ ဖြေဆိုမည့် အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်လည်း ရောက်ရှိနေပြီဖြစ်၏၊ သို့သော် နာယက ဆရာတော်ကြီး၏ လက်ဝဲဘက် ပုစ္ဆကဆရာတော်၏ နေရာတွင်မူအများ ထင်သလို မဟာစည်ဆရာတော် မဟုတ်ပဲ အခြား ဆရာတော်ကြီး တပါး သီတင်း သုံးနေသည်ကို ပရိသတ်တို့ တွေ့ရမည် ဖြစ်ပါသည်၊ လူပရိသတ် ဖက်က ကြည့်လျှင်လည်း နိုင်ငံခြားကိုယ်စားလှယ်တော်ကြီးများ သံတမန် များ ဧည့်သည်တော်များနှင့် တကွ သမ္မတကြီး အမှူးပြုသည့် အစိုးရအဖွဲ့ ဝင်များမှစ၍ ဂုဏ်သရေရှိ လူကြီးလူကောင်း ပရိသတ်တို့ဖြင့် လိုဏ်ဂူတော် ကြီးမှာ ပြည့်လျက်ရှိလေပြီ။

အချိန်ကျရောက်၍ သံဂါယနာဖွင့်ပွဲ ဒုတိယပိုင်း အခမ်းအနား စပြီး နောက် သံဂီတိနာယက ဆရာတော်ကြီးကအမေးအဖြေပြုလုပ်မည့် ဆရာတော် များအား အခွင့်ပေးသည့် ခွင့်ပြုစကားကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် မိန့်ကြားပြီးနောက် အမေးအဖြေ ဆရာတော်တို့ လုပ်ငန်း စကြ လေသည်၊ ပုစ္ဆကပြုလုပ်ရန် အသစ်ရွေးချယ်ထားသော ဆရာတော်ဘုရားကြီးက ဝိနည်း ပိဋက ပါရာဇိကဏ် ပါဠိတော်လာ ပဌမပါရာဇိကသိက္ခာပုဒ်ကို မေးတော် မူ၍ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်က ဖြေကြားတော်မူလေသည်။

သို့သော် အမေးအဖြေ ဆရာတော်တို့မှာ ကြိုတင်ညှိနှိုင်းချိန် မရ၍ ညှိနှိုင်းသွားကြသည် မဟုတ်ရကား၊ အများထင်သလိုမဖြစ်ပဲ မိနစ်အနည်း ငယ်အတွင်းမှာပင် ပြီးစီးသွားတော့သည်။ သမ္မတကြီး လိုဏ်ဂူတော်တွင်းသို့ ရောက်၍ မကြာသေးမီမှာပင် ပဌမနေ့ သံဂါယနာ အခမ်းအနားမှာ ရုတ်တရက်ဆိုသလို ပြီးသွားခဲ့သည်၊ ဆရာတော်များလည်း စိတ်မချမ်းသာ ပရိသတ်များသည်း အံ့အားသင့် ဖြစ်ကုန်ကြသည်။ သံဂါယနာဖြစ်မြောက် ရေးအတွက် ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့သော ဝန်ကြီးချုပ်မှာလည်း

ဘေးစွာစိတ်မချမ်းမသာ ဖြစ်ရှာသည်၊ နိုင်ငံခြား ပရိသတ်ဗိုလ်ပုံအလယ်မှာ အရှက်ကွဲ ခံရသလိုဖြစ်၍လည်း အထူး စိတ်ထိခိုက်ရှာလေသည်။ ဤအတိုင်း သာ ဆက်၍ သွားပါက ခက်ရတော့မည်ဟုလည်း တွေးမိလေသည်။

ထို့ကြောင့် ဝန်ကြီးချုပ်သည် ပရိသတ်ရှင်းသွားလျှင်ပင် ဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော်များအား နောက်ရက်များတွင် ဤသို့မဖြစ်စေရန် အလွန်ကြီးကျယ်သော သံဂါယနာနှင့် လိုက်လျောအောင် အခမ်းအနားကို စီစဉ်ပါရန် လျှောက်ထားလေတော့သည်။ ဆရာတော် များကလည်း နောက်နေ့မှစ၍ မဟာစည်ဆရာတော်ပင် ဆောင်ရွက်ရန် အစီအစဉ် ရှိကြောင်း မိန့်တော်မူကြသည်၊

သံဂါယနာ ဒုတိယနေ့မှ စ၍ ပုစ္ဆကအဖြစ်ဖြင့် မဟာစည်ဆရာတော် ဆောင်ရွက်တော်မူရသည်။ အတိုင်အဖောက် ညီသော ဆရာတော်များ ဖြစ်ကြ၍ လွန်စွာ အဆင်ပြေတော့သည်၊ သံဂါယနာ ဂုဏ်နှင့် လိုက်လျော အောင်ပင် ခမ်းခမ်းနားနား ဖြစ်အောင် ဆောင်ရွက်တော်မူသွားကြသည်။ နောက်ရက်များမှ စ၍ ပါဠိတော် သံဂါယနာ ပြီးဆုံးသည့်တိုင်အောင်ပင် ၂-နှစ်ပတ်လုံး ဤဆရာတော် ၂-ပါးသာ ပုစ္ဆက, ဝိသဇ္ဇက အဖြစ်ဖြင့် သံဂါယနာတင် အခမ်းအနားကို ဆောင်ရွက်သွားကြလေသည်။

## အဋ္ဌကထာ သံဂါယနာ စိစစ်ခက်း

ပါဠိတော် သံဂါယနာတင်ပြီးနောက် ဆရာတော် သံဃာတော်တို့နှင့် နိုင်ငံတော်အစိုးရတို့သည် အဋ္ဌကထာ သံဂါယနာ, ဋီကာ သံဂါယနာတို့ကို ပါ ဆင်နွဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ထို့ကြောင့်ပင် ပါဠိတော် သံဂါယနာပြီးဆုံးသည့်နောက် ၁၃၁၈-ခုနှစ် ပြာသိုလဆန်း ၂-ရက်နေ့ မှာပင် အဋ္ဌကထာသံဂါယနာကို စတင် ကျင်းပလေသည်။ အဋ္ဌကထာ ဋီကာတို့ကို သံဂါယနာတင်ခြင်းမှာ ဆဋ္ဌသံဂါယနာ၏ ထူးခြားချက်ပင် ဖြစ်တော့၏၊ ရှေးသံဂါယနာများ၌ကား ပါဠိတော်တို့ကိုသာ သံဂါယနာ တင်ခဲ့ကြသည်၊ ပါဠိတော်များကို သာမက အဋ္ဌကထာ ဋီကာတို့ကိုပါ သံဂါယနာတင်ထားလျှင် အဋ္ဌကထာ ဋီကာတို့လည်း ဆဋ္ဌသံဂါယနာက အတည်ပြု လက်ခံအပ်သော ကျမ်းစာများအဖြစ်ဖြင့် ပို၍ ခိုင်မာမှု ရှိလာ မည်၊ မူဟောင်း မူမှန် အဋ္ဌကထာ ဋီကာများလည်း ပေါ်ထွက်လာမည် ဟု ရည်ရွယ်၍ တင်ခဲ့ကြခြင်း ဖြစ်လေသည်။ ရည်ရွယ်ခဲ့သည့်အတိုင်းလည်း

ယနေ့ကမ္ဘာက ဆဋ္ဌသံဂါယနာတင် အဋ္ဌကထာ ဋီကာများကိုသာ စံအဖြစ် လက်ခံနေပြီ ဖြစ်ပါသည်။

အဋ္ဌကထာတို့ကို သံဂါယနာတင်သောအခါ ပါဠိတော်များကဲ့သို့ နေ့စဉ် မေးဖြေ ပြုဖွယ်မလို၊ ကြည့်ညိုဖွယ် မှတ်သားဖွယ် ကောင်းသော အချက်များကိုသာ ထုတ်ဆောင်၍ စိစစ် ပြောဆိုရမည်ဟု ဝန်ဆောင် သံဃအဖွဲ့က ဆုံးဖြတ်ချက် ချလေသည်။ အဋ္ဌကထာတို့ကို စိစစ်ဝေဖန် လျှောက်ထားရမည့် လုပ်ငန်းမှာ လွယ်ကူသော လုပ်ငန်းမဟုတ်။ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ပိုင်နိုင်စွာ သေ့လာပြီးသော ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်သော အလုပ်ဖြစ်သည်၊ ထို့ကြောင့် အဋ္ဌကထာ၀ိစစ်ရေးကို ဆောင်ရွက်ရန် ပခုက္ကူမြို့ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မဟာ ဝိဇယာရာမ ဆရာတော်ဘုရားကြီး, ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ (နောင်တွင် အဘိဓဇ မဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်တော်ရ မဟာ ဝိသုတာရာမ ဆရာတော် ဘုရားကြီးနှင့် မဟာစည် ဆရာတော်တို့အား တာဝန် ပေးအပ်လေသည်။ ထိုတွင် မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုတာရာမ ဆရာ တော်ဘုရားကြီးတို့သည် အဋ္ဌကထာဆိုင်ရာနှင့် ပဌမ, ဒုတိယ, တတိယ ဆဋ္ဌ သံဂါယနာဆိုင်ရာ အကြောင်းအချက်တို့ကို မိန့်မြွက်တော်မူကြပါသည်။ ထိုဆရာတော်ဘုရားကြီးတို့၏ နောက်တွင်မူ မဟာစည်ဆရာတော်ဘုရားက တတိယသံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ် ခန်းမှ စ၍ အဋ္ဌကထာ စိစစ်ခဏ်းကို နေ့စဉ် လျှောက်ထား ပြောဟော တော်မူသည်။

အဋ္ဌကထာ သံဂါယနာ ပဌမသန္နိပါတကို ၁၃၁၈ ‒ ခုနှစ် ပြာသို လဆန်း ၂‒ရက်နေ့တွင် စတင်ကျင်းပသည်။ မဟာစည် ဆရာတော်သည် မိမိအလှည့်ကျသည့်နေ့မှ စ၍ ပဌမသန္နိပါတ ပြီးဆုံးသည့်တိုင်အောင် အဋ္ဌ ကထာ သံဂါယနာ စိစစ်လျှောက်ထားမှုကို နေ့စဉ် ဆောင်ရွက်တော် မူသည်၊ ထိုအတွင်း၌ မဟာစည်ဆရာတော်သည် ဝိနည်း အဋ္ဌကထာ, ဒီဃ နိကာယ် အဋ္ဌကထာနှင့် အဘိဓမ္မာ အဋ္ဌကထာ တို့ကို စိစစ်လျှောက် ထားသည်။ ဒုတိယ သန္နိပါတ ကား အစီအစဉ်တမျိုး ပြောင်းပြန်သည်၊ ရှေးဦးစွာ ဒီဃနိကာယ် မဟာပဒါနသုတ် အဋ္ဌကထာကို ပါဠိတော် မှာတုန်းက ကဲ့သို့ မဟာစည် ဆရာတော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့ အမေး အဖြေ ပြုတော်မူကြသည်၊ နောက်မှ မဟာစည် ဆရာတော် တပါးတည်း ဆက်လက်၍ ပဌမသန္နိပါတတုန်းကကဲ့သို့ မဟာပဒါနသုတ် အဋ္ဌ

ကထာမှ စ၍ စိစစ်ချက်းကို လျှောက်ထားသည်။ မဟာပဒါနသုတ် စိစစ်ချက်း လျှောက်ထားနေစဉ်မှာပင် ဆရာတော်၏ ခမည်းတော် ဒကာကြီး ဆိပ်ခွန်မှာ ကွယ်လွန်လေသည်၊ ထို့ကြောင့် မဟာစည် ဆရာတော်သည် မဟာပဒါနသုတ် အဋ္ဌကထာ စိစစ်အပြီးတွင် ခမည်းတော်ကြီး ရှာပနကျွန်းပရန် ဆိပ်ခွန်သို့ ပြန်ကြွရသည်။ မဟာစည် ဆရာတော် ဆိပ်ခွန်သို့ ကြွသွားပြီးသည့်နောက် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာမှ အစပြုသော စိစစ်ချက်းကို စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်က ဆက်လက် ဆောင်ရွက်တော်မူလေသည်။

ပါဠိတော် သံဂါယနာ အမေးအဖြေ ပြုစဉ်က မဟာစည်ဆရာတော်၏ စွမ်းရည်မှာ ပေါ်သင့်သလောက် မပေါ်သေးဟု ဆိုရမည် ဖြစ်၏၊ ထိုစဉ်က ဆရာတော်၏ တာဝန်မှာ ပါဠိတော်မှ ကောင်းနိုးရာရာ သုတ်များကို ရွေးချယ်၍ မေးမြန်းရသည့် တာဝန်သာ ရှိခဲ့သည်၊ အဋ္ဌကထာ သံဂါယနာ စိစစ်ချက်းတွင်မူကား ဤသို့ မဟုတ်တော့ပေ။ တပါးတည်းအစွမ်းပြရသောအလုပ် ဖြစ်လာတော့သည်၊ ဤ အဋ္ဌကထာ စိစစ်ချက်းကျမှ မဟာစည်ဆရာတော်၏ စွယ်စုံစွမ်းရည်မှာ ထင်ထင်ရှားရှား ပေါ်လာတော့သည်။ မဟာသမုဒ္ဒရာရောက်မှ ယူဇနာ ၅၀၀-ရှိသည့် ငါးကြီးများ အလုံရှိသည့် အကြောင်း သွားလာသျှော်မြူး ကျက်စားနိုင်သလို ဖြစ်တော့သည်၊ အဋ္ဌကထာ စိစစ်ချက်းကို ကြားနာရမှပင် စာတတ်ဆရာတော်များလည်း မဟာစည်ဆရာတော်၏ အရည်အချင်းကို အမှန်အတိုင်း တစိတ်တဒေသအားဖြင့် သိခွင့်ရသွားကြတော့သည်။ အသင့် အတင့် မျှသာ စာတတ်မည့် ကမ္မဋ္ဌာန်းဘုန်းကြီးကလေးဟု အထင်သေးခဲ့ကြသော ဆရာတော်များလည်း ထိုအခါမှ စ၍ အထင်သေးနိုင်ကြမည် မဟုတ်တော့ပါ။

အဋ္ဌကထာတို့၌ မဟာစည်ဆရာတော် မည်သို့ မည်ပုံ စိစစ်ခဲ့သည်ကို သိလိုလျှင် ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော အဋ္ဌကထာ သံဂါယနာ စိစစ်ချက်းကို ဖတ်ပါဟုပင် ညွှန်ကြားရပါသည်၊ မဟာစည်ဆရာတော်သည် ထိုစိစစ်ချက်း၌ အဋ္ဌကထာ၌ လာသမျှလောက်ကို တင်ပြ ခြင်းမျှ သာ မဟုတ်ပဲ၊ စိစစ်ချက်း ဆိုသော စကားနှင့် လိုက်လျောစွာ အဋ္ဌကထာတို့လာ စိစစ်ထိုက်သော မိန့်ဆိုချက်တို့ကို အချက်ကျကျ စိစစ်လျှောက်ထားသွားပါသည်။ ပုဒ်ပါဠိရေးမှာ အဋ္ဌကထာများ ရိုက်နှိပ်ရန် သုဓ်သင်စဉ် ကပင် ဆုံးဖြတ်ပြီးဖြစ်၍ ဆရာတော်သည် စိစစ်ချက်း၌ ပုဒ်ပါဠိရေးထက်အဓိပ္ပါယ် အယူအဆကို ဦးစားပေး၍ စိစစ်သွားပါသည်၊ မျက်မှောက်ခေတ် ဗဟုသုတနှင့် ညှိနှိုင်းစရာရှိလျှင် ယင်းဖြင့် ညှိနှိုင်းစိစစ်ပြ၍ ဘာသာခြားတို့

စကားနှင့် စပ်၍ ဝေဖန်စရာရှိလျှင် ဝေဖန်ပြပါသည်။ အဋ္ဌကထာတို့ တကျမ်းနှင့်တကျမ်း မညီသကဲ့သို့ ရှိနေရာတွင်လည်း ကျမ်းညှိစိစစ်၍ ဝေဖန်စရာရှိလျှင်လည်း ဝေဖန်ပြသွားပါသည်။ ဋီကာအဆိုနှင့် ဟပ်၍ အချို့နေရာတွင်လည်း ရှင်းပြပါသည်။ အချို့နေရာတွင် ဆိုင်ရာ ဋီကာကိုပင် သူ့ခေတ်ဖြင့် ဝေဖန်၍ ဋီကာအဆိုကို စစ်ဆေး ပြသွားပါသည်။ စာမြဲ(မည်း) သဘောအနေဖြင့် ထုတ်ပြရပါလျှင် သုဝဏ္ဏဘူမိဆိုင်ရာ စိစစ်ချက်, သာသနာ ငါးထောင်နှင့် ယုဂ် ၅-ပါးဆိုင်ရာ ညှိနှိုင်း စိစစ်ချက်, ဓမ္မပဒဋ္ဌကထာကို စိစစ်ချက်, ကထာဝတ္ထုကျမ်း ဟောရာ သက္ကရာဇ် စိစစ်ချက်, ဇမ္ဗုပတိ ခွတ်ခဏ်း စိစစ်ချက် မြတ်စွာဘုရား တရားဟောစဉ် ဘာသာစကား စိစစ်ချက်, အက္ခရာတလုံး ဘုရားတဆူ စိစစ်ချက်တို့မှာ ပိဋကတ်တော်မှ ခဲကင်သော အချက်များကို ဖြေရှင်းထားသော အချက်များဖြစ်၍ အလွန်အဖိုးတန်သော စိစစ်ချက်များ ဖြစ်ပါသည်။ စာဖတ်သူသည် မိမိကိုယ်နှိုက်က အထူးအားမထုတ်ရပဲ ဤစိစစ်ခဏ်းကို ဖတ်ရုံဖြင့်ပင် ပိဋကတ်တတ် ပုဂ္ဂိုလ်များပင် မဝေခွဲတတ်နိုင် ဖြစ်ရသော အချက်များကို ရှင်းလင်းစွာ သိနားလည်သွားကြမည် ဖြစ်ပါသည်။ အချုပ်အားဖြင့် ဆိုရလျှင် မဟာစည်ဆရာတော်၏ အဋ္ဌကထာ စိစစ်ခဏ်းမှာ အဋ္ဌကထာဆိုင်ရာ ထူးခြားသော မှတ်စုကြီးတခု ဖြစ်ပါတော့သည်။ အဋ္ဌကထာတို့ကို ဤသို့ စိစစ်ရသည်ဟု နောက်သားတို့အား နည်းပေးလမ်းညွှန် ပြသနေသော မီးရှူးတိုင် သဖွယ် ဖြစ်ပါတော့သည်။

## ဂျပန်နိုင်ငံသို့ ထေရဝါဒ သာသနာပြု ကြွခတော်မူခြင်း

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြသော ဂျပန်စစ်မှုထမ်းတို့သည် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာကို အနည်းအကျဉ်း လေ့လာခွင့် ရခဲ့ကြသည်။ ထိုသူတို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာ၌ စိတ်ဝင်စား၍ ဂျပန်ပြည်၌ ထေရဝါဒ ဗုဒ္ဓသာသနာ တည်ထွန်းပြန့်ပွါးရေးကို အလိုရှိကြသော သူများလည်း ပါဝင်သည်။ ထိုသူများ၏ ဆောင်ရွက်ချက်ကြောင့်ပင် ဆဋ္ဌသံဂါယနာ တင်နေစဉ် ၁၉၅၅-ခုနှစ်က ဂျပန်ဘုန်းကြီး ၁၂-ပါးနှင့် ဂျပန် အမျိုးသမီး တယောက်တို့ မြန်မာနိုင်ငံသို့ ရောက်လာခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ရောက်ပြီးနောက် မဟာယာနဘုန်းတော်ကြီး ၁၂ ပါးသည် ထေရဝါဒ သာမဏေများအဖြစ်သို့ ကူးပြောင်း၍၎င်း၊ အမျိုးသမီးသည် သီလရှင် အဖြစ်သို့ ကူးပြောင်း၍၎င်း ထေရဝါဒ ဗုဒ္ဓသာသနာကို လေ့လာ သင်ယူကြသည်။

၎င်းတို့ ပြန်သွားပြီးနောက် ဂျပန်နိုင်ငံ မိုဂျီမြို့ ဗုဒ္ဓသာသနာအသင်း၏ ကြိုးပမ်းချက်ကြောင့် မိုဂျီမြို့၌ ကမ္ဘာအေးစေတီပုံစံ စေတီတော်တဆူကို နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က တည်ရန်နှင့် ထိုစေတီတော် အနီး၌ ဘုန်းတော်ကြီးကျောင်း ဆောက်၍ သာသနာပြု ရဟန်းတော် ၅-ပါးကို အမြဲ နေထိုင်ရန်အတွက် စေလွှတ်ရန် ဗုဒ္ဓသာသနာ့အဖွဲ့က သဘောတူသည်၊ ဤသဘောတူညီချက်ကို ရုပ်လုံးဖေါ်သည့် အနေဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က သာသနာရေးမစ်ရှင် အဖွဲ့တဖွဲ့ကို ၁၉၅၆-ခုနှစ်တွင် စေလွှတ်ခဲ့သည်၊ ထိုအဖွဲ့တွင် ဆရာတော်များဖက်က ဝေဠုဝန် ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ မြင်းခြံကိုးဆောင်တိုက် ဆရာတော် အရှင်သောဘိတ၊ ဂျပန်သာသနာပြု ဆရာတော် အရှင်ခေမိန္ဒတို့ ပါဝင်၍ လူပုဂ္ဂိုလ်များဖက်မှ တရားဝန်ကြီး ဦးချန်ထွန်း ဇနီးဒေါ်ခင်သိန်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ချုပ် အုပ်ချုပ်ရေး အရာရှိ ဦးဆိုင်ကျော်တို့ ပါဝင်သည်။

သာသနာရေး မစ်ရှင်အဖွဲ့သည် ၁၃၁၈-ခုနှစ် ဝါဦးပိုင်း နယုန်လဆန်းတွင် ဂျပန်နိုင်ငံသို့ ကြွတော်မူကြသည်။ တိုကျို၊ အိုဆာကာ။ ကျိုတိုနာရာ စသော မြို့ကြီးများသို့ လှည့်လည်၍ ထိုမြို့များရှိ ဘုရားများကျောင်းများကို သွားရောက်ကြည့်ရှု၍ သာသနာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်၊ အထူးအားဖြင့် မိုဂျီမြို့ မေကာရီဥယျာဉ်၌ ကမ္ဘာအေးစေတီတည်ရန် မြေနေရာကို၎င်း၊ သိမ်သမုတ်ရန်မြေနေရာကို၎င်း ရှေးဦးစွာ ရွေးချယ်ကြသည်။ ထိုမြေနေရာတို့၌ ပရိတ်ရွတ်မှု စသောပရိကမ်တို့ကို ပြုတော်မူကြပြီးနောက် သာသနာတော်၏အသက် ဝါ-ရေသောက်မြစ်ဟု ဆိုရသည့် သိမ်တလုံးကို သမုတ်တော်မူကြသည်၊ သိမ်သမုတ်ချိန်တွင် မိုဂျီမြို့နယ် တခုလုံး၌၎င်း၊ မိုဂျီမြို့တည်ရှိရာ ကျူရှုတကျွန်းလုံး၌၎င်း၊ ထေရဝါဒ ရဟန်းတော်ဆို၍ ဆရာတော်များအပြင် မရှိရကား ဆရာတော်တို့သည် နယ်သိမ်းရခြင်း ဝိသုံဂါမ အမိန့်ခံရခြင်း စသော ဒုက္ခတို့မှ ကင်းလွတ်ကာ ချမ်းသာစွာဖြင့်ပင် သိမ်ကို သမုတ်တော်မူခဲ့ကြရသည်။

သိမ်သမုတ်ကိစ္စ ပြီးပြီးနောက် မိုဂျီမြို့၌ ဗုဒ္ဓဘာသာ အသင်း ခေါင်းဆောင်တို့နှင့် ထေရဝါဒ သာသနာ တည်ထောင်ပြုစုရေးကို ဆွေးနွေးကြပြီးနောက် ဂျပန်နိုင်ငံရှိ ထိုထိုအရပ်တို့သို့ လှည့်လည် ကြည့်ရှုကြသည်။ မဟာစည်ဆရာတော်သည် အမေရိကန်စသော နိုင်ငံတို့သို့ပင် ပြန့်ပွါးကျော်ကြားလျက်ရှိသော ဇင်ဂိုဏ်း၏ သဘောတရားနှင့် လက်တွေ့ တရားအား

ထုတ်ပုံတို့ကို အချိန်နှင့် အခြေအနေက ပေးသလောက် လေ့လာတော်မူခဲ့သည်။

မဟာစည်ဆရာတော် ပါဝင်သော ထေရဂါဒ သာသနာရေး မစ်ရှင်အဖွဲ့သည် ဂျပန်နိုင်ငံ၌ ပြုလုပ် ဆောင်ရွက်ဖွယ်များ ပြီးဆုံးပြီးနောက် ထိုနှစ် ဝါဆိုလတွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့လေသည်။

## ဝိသုဒ္ဓိမဂ် နိဒါန်း ရေးသားတော်မူရခြင်း

၁၃၁၉-ခုနှစ် ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ဝိသုဒ္ဓိမဂ်ကျမ်းကို ရိုက်နှိပ်ရန် မဟာစည်ဆရာတော် တည်းဖြတ်ပြင်ဆင်ချိန်က ဖြစ်၏။ တနေ့သ၌ ကမ္ဘာအေး တိပိဋကက ပါဠိမြန်မာ အဘိဓာန်ဌာန ကျမ်းပြုအချင်းသီလာနန္ဒသည် အမေရိကန်နိုင်ငံ ဟားဗဒ်တက္ကသိုလ်က ရိုက်နှိပ်ထုတ်ဝေသော ရောမအက္ခရာခေါ် အင်္ဂလိပ်စာလုံးများဖြင့် ပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ် စာအုပ်ကြီးကို ဝန်ဆောင် သံဃာ့အဖွဲ့ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အထံမှ ခေတ္တယူ၍ ဖတ်ခဲ့သည်၊ ဝိသုဒ္ဓိမဂ်ကို တည်းဖြတ်သူမှာ ဟင်နရီကလပ်ခ်ဝါရင် (Henmary Clarke Warren) ဆိုသူ ဖြစ်၏၊ သို့သော် ထိုဂုဏ်ကြီးမှာ အချောသတ် တည်းဖြတ်မှုကို မပြီးမီ ၁၈၉၉-ခုနှစ် မှာပင် ကွယ်လွန်ခဲ့သည်။ သူ၏ မပြီးပြတ်သော အလုပ်ကို အိန္ဒိယ နိုင်ငံသား(မြန်မာပြည်၌လည်း နှစ်အတော်ကြာ နေဘူးသော) ပါမောက္ခ ဓမ္မာနန္ဒ ကောသမ္ဗီ ဆိုသူက ဆက်လက်လုပ်ကိုင်ရသည်။ ထိုဝိသုဒ္ဓိမဂ် တည်းဖြတ်မှုမှာ ၁၉၂၇ ခုနှစ်ကပင် ပြီးစီးခဲ့သော်လည်း ၁၉၅၀-ခုနှစ်ကျမှပင် ရိုက်နှိပ်နိုင်တော့သည်၊

ထိုစာအုပ်တွင် ထပ်မံတည်းဖြတ်ရသူ ပါမောက္ခ ဓမ္မာနန္ဒ ကောသမ္ဗီက Forew›rb ခေါ်နိဒါန်းစကားကို ရေးသည်။ ထိုစကားတွင် ဗုဒ္ဓဃောသဘဝ အကြောင်း ခေါ် ခေါင်းစဉ်ဖြင့် အဋ္ဌကထာ ဆရာ အရှင်မဟာဗုဒ္ဓဃောသ အကြောင်းကို ဝေဖန်ရေးသားလေသည်။ ထိုရေးသားချက်များမှာ အရှင်ဗုဒ္ဓဃောသကို မတရား စွပ်စွဲပုတ်ခတ်၍ ရေးသား ချက်များဖြစ်နေရာ ယင်းတို့ကို ဖတ်ရသော အရှင်သီလာနန္ဒမှာ ဖြေရှင်းချေလိုသော စိတ် များစွာပင် ဖြစ်လေသည်၊ ဤရေးသားချက်တို့ကို တနည်းနည်းဖြင့် ချေပသင့်သည်ဟု ယူဆသည်၊ ထို့ကြောင့် ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသအား ဤအကြောင်းကို လျှောက်ထားသည်၊ ဆရာတော်လည်း ထိုနိဒါန်းစကားကို ဖတ်ရသောအခါ ချေပသင့်သည်ဟု ပင် ထင်မြင်မှတ်ယူလေ

သည်။ ဤချေပရန်ကိစ္စမှာ သေးငယ်သော ကိစ္စမဟုတ်၊ ဓမ္မာနန္ဒကောသမ္ဘိမှာ ကမ္ဘာ့အသိအမှတ်ပြု ပညာရှိကြီး ဖြစ်၏။ ထို့ကြောင့် သူ့စကားကို ချေပလိုလျှင် အလွန်ခိုင်မာသော ယုတ္တိ သာဓကတို့ဖြင့် ချေပမှသာ ခရီးရောက်မည်၊ ဤသို့ ကြံမိ၍ ဆရာတော်သည် အရှင်သီလာနန္ဒအား ထိုနိဒါန်းစကားကို မြန်မာပြန်ရန် အမိန့်ပေးတော်မူသည်။ အရှင်သီလာနန္ဒ မြန်မာပြန်ပြီး နောက် ထိုမြန်မာပြန်ကို စာကူးစက်ဖြင့် မူပွါး၍ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ ဆရာတော်များ ထံသို့ တင်ပို့၍ ဆရာတော်တို့၏ သြဝါဒကို နာခံသည်။

၁၃၁၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်နေ့တွင် ကမ္ဘာအေး၌ ဝန်ဆောင်သံဃာ့အဖွဲ့ အစည်းအဝေးတခု ကျင်းပ၍ ဓမ္မာနန္ဒကောသမ္ဘိ၏စွပ်စွဲချက်များကို ချေပလျက် အရှင်ဗုဒ္ဓဃောသ၏ စစ်မှန်သော အကျိုးအကြောင်း ဂုဏ် သတ္တိတို့ကို ပေါ်လွင်စေသော နိဒါန်းတခုကို ရေးသားရန် ဆုံးဖြတ်၍ ထိုသို့ရေးသားသည့် တာဝန်ကို အနီးစခန်း ဆရာတော်၊ မဟာစည်ဆရာတော်၊ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်နှင့် အရှင်သီလာနန္ဒတို့အား တာဝန်လွှဲအပ်ရန် တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်၊ နိဒါန်းရေး အဖွဲ့ဝင်ဆရာတော် ၃-ပါးတို့လည်း မဟာစည်ဆရာတော်အား နိဒါန်းမူကြမ်းကို ရေးသားရန် တာဝန် လွှဲအပ်ကြပြန်သည်၊

နိဒါန်းရေးရမည့် တာဝန်မှာ မသေးလှပါ၊ ပါဠိလို ရေးရမည်ဖြစ်၍ နိဒါန်းရေးမည့် ပုဂ္ဂိုလ်သည် ပါဠိဘာသာကို ရေးနိုင် သားနိုင်လောက်အောင် ကျွမ်းကျင်သူ ဖြစ်ဖို့လိုသည်၊ ပါဠိရေးသားရာ၌လည်း ကံ ကတ္တား အစားအသို မှန်ကန်ရုံ ရေးတတ်ရုံမျှဖြင့် မလုံလောက်သေးပါ၊ အရှင်ဗုဒ္ဓဃောသ၏ စာအုပ်ရှေ့၌ ထည့်မည့်နိဒါန်းဖြစ်၍ အရှင်ဗုဒ္ဓဃောသရေးဟန်သို့ ဆင်တူရိုးမှား လိုက်နိုင်မည့် ချောမွေ့ခန့်ငြားသော ရေးဟန်ဖြစ်ဖို့ လိုသည်၊ အများဖတ်ရှုနားလည် သိမြင်နိုင်ရန် ရေးရမည့် နိဒါန်းဖြစ်၍ အသိခက် အနက်ခက်ရန် ခက်သော ရေးဟန်မျိုးလည်း မဖြစ်စေရ။ ခေတ်အခြင်း သမိုင်းအခြင်း နှော၍ ဝေဖန်ထားသော စာကို ချေပရမည် ဖြစ်၍ နိဒါန်းရေးသူသည် ခေတ်အမြင်လည်း ရှိရမည်၊ သမိုင်းကြောင်း ဆိုင်ရာတို့၌သည်း လေ့လာပြမ်းတီးသူ ဖြစ်ရမည်၊ ထို့ပြင် ဝန်ဆောင်သံဃာအဖွဲ့ ဆုံးဖြတ်ချက်၌ အခြားဘာသာများဖြင့် ရေးသားအားသော နိဒါန်းတို့ကိုလည်း လေ့လာ၍ ရေးရန် ညွှန်ကြားထားပြန်ရာ နိဒါန်းရေးမည့် ပုဂ္ဂိုလ်သည် ဘာသာနှံ့ရတို့၌လည်း ကျွမ်းကျင်ရမည်ဖြစ်ပေသည်။ ဤသို့သော

အချည်အချင်းမျိုး ရှိသည့် ပုဂ္ဂိုလ်ကို ရရန်မှာ လွယ်ကူသည် မဟုတ်ပါ၊ သို့သော် ဤအရေးကို ဘေးတောစိုးရိမ်ဖွယ် မရှိပါ၊ မဟာစည်ဆရာတော်၌ ဆိုခဲ့ပြီး အချည်အချင်းများ အပြည့်အဝ ရှိနေပါသည်။

မဟာစည် ဆရာတော်သည် နိဒါန်းရေးရန် တာဝန်ယူပြီး နောက် သက်ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာ တို့ကိုရှင်း, သာသနာ့ သမိုင်း ဆိုင်ရာ ဒီပဝင်,မဟာဝင်,စူဠဝင်, နိကာယသင်္ဂဟ စသော ကျမ်းတို့ကိုရှင်း၊ ဤနိဒါန်းနှင့် သက်ဆိုင်မည့် ရှေးဟောင်း သုတေသနဆိုင်ရာ ရေးသားချက်တို့ကိုရှင်း၊ များစွာသော အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုင်း အထပ်ထပ်ကြည့်ရှုစိစစ်လေ့လာ၍ အချိန်ယူကာ ရေးသားတော်မူလေသည် ထိုသို့ ရေးသားတော်မူပြီးနောက် စာမူကြမ်းကို ဆရာတော်သည် နိဒါန်းပြုစုရေး အဖွဲ့သို့ တင်ပြတော်မူသည်၊ ဆရာတော်အပါအဝင် အဖွဲ့ဝင်တို့လည်း ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုသုံးသပ်ဝေဖန်၍ သေချာစွာ စစ်ဆေး တည်းဖြတ်ကြလေသည်၊ နိဒါန်းမူကြမ်းမှာ အလွန်ပြည့်စုံနေပြီးဖြစ်ရာ ပြင်ဆင် နုတ်ပယ်ဖြည့်စွက်ဖွယ် မရှိဖြစ်၍ ဆရာတော် ရေးသားတော်မူသည့် အတိုင်းပင် အတည်ပြုလိုက်ကြလေသည်၊

ဆရာတော်သည် ဤသို့ဖြင့် ကြေနပ်တော်မမူသေးပဲ ပါဠိအရေးအသားတွင် နာမည်ကြီးလှသည့် သပြေကန် မဟာဓမ္မာစရိယ်မတိုက် အရှင်ဝါသေဋ္ဌာဘိဝံသ အနုနာယက ဆရာတော်အထံသို့ ပို့၍ ပြင်ဆင်လိုသည်များကို ပြင်ဆင်၍ အနုဂီတိ ဂါထာများပါ ရေးသားပေးပါရန် တိုက်တွန်းခဲ့လေသည်၊ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် နိဒါန်းမူကြမ်းကို ဖတ်ရသောအခါ အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်တော်မူသည်၊ ပြင်ရာ ဟူ၍လည်း မတွေ့ရ ထိုသို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူလှသဖြင့် အထူးရွှင်ပြသွက်လက်သော ဉာဏ်ဖြင့် အနုဂီတိ ဂါထာများကို ရေးသားတော်မူလေသည်၊ အနုဂီတိ ဆိုသည့်အတိုင်း စုစည်းယ မူကြမ်းကို ခြုံငုံ၍ လိုရင်းအချုပ်ပါအောင် ရေးသားတော်မူသည်ဖြစ်ရာ ဂါထာပေါင်း ၇၄-ဂါထာမျှ ဖြစ်သွားတော့သည် ယင်းထက် ထူးခြားသည်မှာကား ထိုဂါထာတို့တွင် အရေးရလွယ်သော ရှစ်လုံးဖွဲ့ဂါထာဟူ၍ တပုဒ်မျှ မပါ၊ ဂိုဏ်း ဂရုလဟု စည်းကမ်းကို တိကျစွာ လိုက်နာ၍ ရေးရသော အစိရခက်သည့် ၁၁-လုံးဖွဲ့ ၁၂-လုံးဖွဲ့ ၁၄-လုံးဖွဲ့ ဂါထာတို့ချည်းသာ ဖြစ်နေခြင်း၊ ရက်အနည်းငယ် အတွင်းမှာပင် ထိုဂါထာတို့ကို ရေးသား၍ နိဒါန်းမူကြမ်းနှင့် အတူ ပေးပို့လိုက်ခြင်းပင် ဖြစ်ပါသည်။

နိဒါန်းပိုစုရေး အဖွဲ့ဝင်တို့သည် ထိုဂါထာများကိုလည်း ဖတ်ရှု တည်းဖြတ်ကြရပြန်သည်၊ ဂါထာများမှာ လက်စွမ်းပြ သဘောမျိုးဖြစ်ရာ အချို့အရာတွင် ဖတ်ရသည်မှာပင် မလွယ်၊ ဂါထာရေးရင်း ပုဂ္ဂိုလ်၏ နှလုံးသွင်းကို မမှန်းဆနိုင်သော နေရာများလည်း ရှိသည်၊ ထိုနေရာများကို အဘိအကျ မသိရလျှင် ရိုက်နှိပ်သောအခါ အထားအသို အဖြတ်အတောက် လွဲမှားသွားနိုင်သည်၊ ထို့ကြောင့် ယင်းဂါထာများကို ဖတ်ရှုစစ်ဆေးပြီး ဂါထာရေးရင်း ဆရာတော်နှင့် အပြန်အလှန် စာဖြင့် ဆွေးနွေးရပြန်သည်၊ ဂါထာရေး ဆရာတော်၏ အာဘော်ကို အတိအကျ သိရပြီးမှသာ ဂါထာများကို အတည်ပြုကြလေသည်၊ ထိုသို့ မိမိတို့ စိတ်ကြိုက် တည်းဖြတ်၍ ပြီးသောအခါ နိဒါန်းမူကြမ်းကို အကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ လက်သို့ အပ်နှံလိုက်ကြသည်၊

ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသလည်း မူကြမ်းကို ဖတ်ရသောအခါ လွန်စွာအားရ နှစ်သက် ဖြစ်တော်မူလေသည်၊ ထို့ကြောင့်ပင် မူကြမ်းကို အဖွဲ့ပုံနှိပ်တိုက်သို့ ပို့ကာ အချိုက်ခိုင်းလေသည်၊ ရိုက်နှိပ်ပြီးမူကိုမှ ဝန်ဆောင်ဆရာတော်များထံသို့ ကြည့်ရှုသုံးသပ်၍ ပြင်ဆင်လိုသည်တို့ကို ပြင်ဆင်ရန် ဆက်ကပ်လေသည်၊ ဝန်ဆောင် သံဃအဖွဲ့ ဆရာတော်များထံမှ အတည်ပြုလက်ခံကြောင်း၊ ပြင်ဆင်စရာ မရှိကြောင်း၊ ထုတ်ဝေနိုင်ပြီ ဖြစ်ကြောင်း အမိန့်ရမှပင် ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့က ထုတ်ဝေ၍ ကမ္ဘာအနှံ့ ဖြန့်ဝေလေသည်၊ ၁၃၁၉-ခုနှစ်ကပင် တာဝန်ပေးအပ်ခြင်း ခံရသော်လည်း မဟာစည် ဆရာတော်သည် မိမိ၏ အခြား များပြားသော တာဝန်များအကြားမှ အချိန်ကို မရအရ ဖဲ့ယူ၍ ရေးသားခဲ့ရသည် ဖြစ်သောကြောင့် ၁၃၂၂-ခုနှစ် မှာမှ နိဒါနကထာကို ဖြန့်ဝေနိုင်ဘော့သည်။ ထိုအချိန်တွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-တွဲကို ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိပြီး ဖြစ်နေပြီဖြစ်ရာ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို သီးခြားစာအုပ်အဖြစ် ထုတ်ဝေရလေသည်။

ဝိသုဒ္ဓိမဂ် နိဒါနကထာ၏ ပဓာန ဦးတည်ချက်မှာ အဋ္ဌကထာ ဆရာအရှင်မဟာဗုဒ္ဓဃောသ အပေါ်၌ မဟုတ်မမှန် စွပ်စွဲထားသော ရေးသားချက်များကို ဖြေရှင်းချေပရန် ဖြစ်၏၊ သို့သော် မဟာစည်ဆရာတော်သည် ထိုမျှဖြင့် တင်းတိမ်တော် မမူပဲ အရှင်ဗုဒ္ဓဃောသ အကြောင်းနှင့် ဆက်စပ်၍ ပြသင့် ပြထိုက်သော အချက်အလက် မှန်သမျှကို ကျမ်းအမျိုးမျိုးမှ ရှာဖွေစုဆောင်း၍ ဂုဏ်ပြောက်စွာ ရေးသားတော်မူခဲ့သည်။

ရှေးဦးစွာ ဓမ္မာနန္ဒကောသမ္ဘီ၏ စွပ်စွဲချက်များကို ခိုင်လုံသော ယုတ္တိသာဓကတို့ဖြင့် ချေပပြီးနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်မှ အရှင်ဗုဒ္ဓဃောသ ကာလတိုင်အောင်သော သာသနာ အစဉ်အဆက်ကို ဖော်ပြထားသည်။ ဒုတိယ သံဂါယနာ၏ နောက်၌ ဂိုဏ်းကွဲများ ပေါ်ပေါက်လာပုံ နောင် သီဟိုဠ်ကျွန်း၌ အဘယဂိရိ, ဓမ္မရုစိ စသော ဂိုဏ်းတို့ ပေါ်ပေါက်လာပုံ၊ သီဟိုဠ်၌ အများ၏ စက်ဆုပ်ခြင်း ခံရသော ဝေတုလ္လဝါဒ အကြောင်း ဘေတဝနဝါသီဂိုဏ်း ပေါ်ပေါက်လာပုံ အကြောင်းတို့ကိုလည်း အကိုးအကားများဖြင့် ဖော်ပြထားသည်။ ထိုနောက် အရှင်မဟာဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိကို စိစစ်၍ ရေးသားထားလေသည်၊ ထိုသို့ရေးသားယင်းပင် ယခုအခါ အသံကြားဖြင့် အသင်ကြီးခံနေရသည့် ဝိမုတ္တိမဂ်ကျမ်း အကြောင်းကို ဝိသုဒ္ဓိမဂ်နှင့် နှိုင်းရှည့်၍ ရေးသားထားသည်။ အချို့သော ပုဂ္ဂိုလ်တို့ကား အရှင်ဗုဒ္ဓဃောသရေးဟု ဆိုသော အချို့သော အဋ္ဌကထာများသည် အရှင်ဗုဒ္ဓဃောသ၏ လက်ရာမဟုတ်၊ အခြားမထေရ်တပါးပါး၏ လက်ရာသာဖြစ်သည်ဟု ဆိုကြ၏၊ ထိုအဆိုများကိုလည်း သမာသမတ် ကျသော စိစစ်ချက်တို့ဖြင့် ဝေဖန် ပြဆိုထားပါသည်။ ထို့ကြောင့် အချုပ်အားဖြင့် ဆိုရလျှင် ဝိသုဒ္ဓိမဂ် နိဒါနကထာသည် ဆဋ္ဌသံဂါယနာက လက်ခံအတည်ပြုအပ်သော အရှင်ဗုဒ္ဓဃောသ အဋ္ဌုပ္ပတ္တိ အသစ်ပင် ဆိုထိုက်ပါတော့သည်။

ဆဋ္ဌသံဂါယနာ တင်သည့်အတွက် မြန်မာနိုင်ငံက အမြတ် ဘော်တော်များများ ရရှိခဲ့သည်၊ ဗုဒ္ဓသာသနာရေးနှင့်ပတ်သက်လာလျှင် ကမ္ဘာက မြန်မာကို လေးစားလာရသည်။ အများလေးစားလောက်သည့် မူကောင်းမူမှန် အဖြစ်ရောက်အောင်သုခ်သင်၍ခေတ်မှီသောအဆင်အပြင်တို့ဖြင့်ပိဋကတ်,ပါဠိတော် အဋ္ဌကထာ, ဋီကာတို့ကို ရိုက်နှိပ်ထုတ်ဝေနိုင်သဖြင့်လည်း မြန်မာနှင့်တကွ ကမ္ဘာအဝှန်းရှိ ပါဠိပညာရှင်တို့အဖို့ ဆုလာဘ်ကြီးတပါးပင် ဖြစ်တော့သည်၊ ဤသို့ ပြည့်ပြည့်စုံစုံ အကြည့်ရ အရှုရ အနှာရ လွယ်ကူသော ဝိဋကတ်ကျမ်းအစုံကား ယနေ့တိုင် မြန်မာပြည်မှ လွဲ၍ အခြားနိုင်ငံများ၌ မရှိသေးပေ။ ဆဋ္ဌသံဂါယနာမူများမှာ အသွန် နှစ်သက်ဖွယ် ကောင်းကြောင်း အခြားမူများထက် ကြည့်ရ ရှုရ ကောင်းကြောင်းကို အနောက်နိုင်ငံ ပါဠိပညာရှင်များလည်း ချီးကျူးကာ ပြောကြားကြသည်။ ပါဠိတတ်မဟုတ်သူများဖက်မှ ကြည့်လျှင်လည်း ယခုအခါ ပိဋကတ်တော်လာ အနက်အဓိပ္ပါယ်တို့ကို မြန်မာဘာသာ သက်သက်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်ကြပြီ ဖြစ်၏။ ပိဋကတ်တော်မှာ ရှေးအခါက ပါဠိတတ်သူများအတွက်သာ ဖြစ်ခဲ့ရာမှ ယခုအခါတွင် မြန်မာစာတတ်သူတိုင်း ဖတ်ရှုနားလည်နိုင်

သည့် အခြစ်သို့ ရောက်နေပေပြီ၊ ဗုဒ္ဓဝင် သက်သက်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုသူတို့အဖို့လည်း မဟာဗုဒ္ဓဝင်ကျမ်းကြီး အပြည့်အစုံရှိနေလေပြီ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာလာ၊ ပုဒ်တို့ကို တခုမကျန် ထုတ်၍ တခန်းတနား ရေးသားပြုစုထားသော တိပိဋက ပါဠိမြန်မာ အဘိဓာန်ကြီးများနှင့် ပါဠိပဒအဘိဓာန် အညွှန်းကျမ်းများလည်း ထွက်ပေါ်နေဆဲပင် ဖြစ်သည်။ ဆိုခဲ့ပြီး အားလုံးကား အကောင်အထည်ဖြင့် လက်ညှိုးထိုး၍ ပြနိုင်သော ဆဋ္ဌသံဂါယနာ၏ အမြတ်များဘွင် တစိတ်တဒေသပင် ဖြစ်တော့သည်၊ ဤအမြတ်များထဲတွင် မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာမှာ ထူးခြားသော အမြတ်အစွန်းတခု ဖြစ်တော့သည်။ ဤနိဒါနကထာဖြင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် အရှင်ဗုဒ္ဓဃောသဆရာတော်တို့ ရေးမူရေးဟန်ကို အမှီလိုက်နိုင်အောင် ရေးစွမ်းနိုင်သော ပုဂ္ဂိုလ်များ ထင်ရှားရှိကြောင်းလည်း ကြေငြာပြီး ဖြစ်သည်၊ မြန်မာနိုင်ငံဆရာတော်များသည် ပိဋကတ်ကျမ်း သက်သက်မှာသာ ကျွမ်းကျင်ကြသည် မဟုတ်သေး၊ အခြား သမိုင်းဆိုင်ရာ အယူဝါဒစသည့် ဆိုင်ရာကျမ်းတို့၌လည်း ကျွမ်းကျင်သော ဆရာတော်များ ဖြစ်ကြောင်း မည်သည့် အယူအဆကိုမဆို သမာသမတ် စိတ်ထားဖြင့် မျှမျှတတ သဘာဝကျအောင် ဝေဖန်စိစစ်နိုင်စွမ်းသော ဆရာတော်များ ဖြစ်ကြောင်းလည်း ပြသပြီးဖြစ်လေသည်။ (ဤစကားကို အပြောကြီးသည်ဟု ထင်လျှင် ဤဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို မင်းတုန်းမင်းကြီး လက်ထက်ရေး သာသနဝံသပ္ပဒီပိကာနှင့် နှိုင်းယှဉ်ကြည့်ရှုပါဟု တိုက်တွန်းလိုပါသည်။) ထို့ကြောင့်ပင် ဤဝိသုဒ္ဓိမဂ္ဂ နိဒါနကထာကို ဗြိတိန်နိုင်ငံရှိ ပါဠိပညာရှင်တို့ကပင် ချီးကျူးစကားပြောကြားကြသည်ဟု တဆင့် ကြားသိရပါသည်။ မြန်မာနိုင်ငံ ဆရာတော်များအတွက် ဂုဏ်ယူဖွယ်တရပ်ပင် ဖြစ်ပါတော့သည်။

ဤနိဒါနကထာကို ရိုက်နှိပ်ဖြန့်ဝေရန် ဆုံးဖြတ်သော ဝန်ဆောင်သံဃအဖွဲ့ကပင် ဤနိဒါန်းကို မြန်မာသက်သက်ပြန်ရန် မဟာစည် ဆရာတော်အား တာဝန် ပေးတော်မူခဲ့ကြသည်။ မဟာစည်ဆရာတော်လည်း မြန်မာပြန်ပြီးနောက် မိမိတာဝန်ကျသဖြင့် ရေးသားရသော ဝိသုဒ္ဓိမဂ် မြန်မာပြန်အသစ် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) ၌ရင်း မိမိသဘောအလျောက် ရေးသားအပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် ပဌမတွဲ၌ရင်း ထည့်သွင်းရိုက်နှိပ်၍ ဖြန့်ချိတော်မူလေသည်။ ဝိသုဒ္ဓိမဂ် နိဒါနကထာ အကြောင်းကို တဆင့်သိ မဟုတ်ပဲ ကိုယ်တိုင်သိဖြစ်အောင် ပါဠိမတတ်သူများလည်း ထိုဝိသုဒ္ဓိမဂ် မြန်မာပြန် ကျမ်းသစ်တို့မှာ ဖတ်ရှုကြပါဟု တိုက်တွန်းလိုက်ရပါသည်။

၁၃၂၄-ခုနှစ်၌ ရိုက်နှိပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း)တွင် ဝိသုဒ္ဓိမဂ် နိဒါန်း၏ မြန်မာပြန်သာမက ဂါထာရေးရင်း ဆရာတော်ကိုယ်တိုင် ရေးသားပေးသည့် အနုဂီတိဂါထာ ၃၄-ဂါထာ၏ နိဿယကိုပါ နောက်သား ပါဠိသုတေသီတို့အတွက် ထည့်သွင်းရိုက်နှိပ်ထားလေသည်။

အနုဂီတိဂါထာတို့ကို ရေးသားသော ဆရာတော်က အောက်ပါဂါထာဖြင့် အရှင်ဗုဒ္ဓဃောသကို ချီးကျူးယင်း နိဂုံးအုပ်ခဲ့သည်။

ခီယေထ ဝဏ္ဏော န သမုဒ္ဒဒ္ဒေါပိ၊
နန္ဒာဿ နေကာ ဟိ ဂုဏာ အနန္တာ။
ကော နုဒ္ဒရေယျာ ခိလသာဂရေဒေ၊
တထာပိ မညန္တု သုခီ သဒါ တေ။

"ကုန်ခန်းအောင် ဟု ချီးစုင်နှုတ် ထုတ်အပ်ပါသော်လည်း ထိုအရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ကျေးဇူးသည် ကုန်နိုင်ဖွယ်ရာ မရှိပါပေ၊ အဘယ့်ကြောင့်ဟူမူ ထိုအရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့သည် များပြားလှ၍ အဆုံးမရှိ ကုန်သည် မဟုတ်ကုန်လော၊ အဘယ်သူသည် သမုဒ္ဒရာရေတို့ကို ကုန်စင်အောင် ထုတ်တင် ဆောင်ယူနိုင်ပါမည်နည်း၊ ထိုသို့ပင် မကုန်နိုင်အောင် များမြောက်လှသော်လည်း ဂုဏ်ကျေးဇူးကို အထူးသိမြင်တတ်သော ပညာရှိတို့သည် ထိုဗုဒ္ဓဃောသ ဆရာမြတ်၏ ဂုဏ်တော်တို့ကို အမြဲတန်း အမှတ်တရ အောက်မေ့နိုင်ကြပါစေ ကုန်သတည်း။" (မြန်မာပြန်)

အထက်ပါ ဂါထာသည် အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့ကို ချီးကျူးရေးသားအပ်သော ဂါထာဖြစ်၏၊ သို့သော် ထိုဂါထာသည် မဟာစည်ဆရာတော်၏ ဂုဏ်ကို ထုတ်ဖော်ချီးကျူးသော ဂါထာမဖြစ်နိုင်ပါသလော၊ မဖြစ်နိုင်ဟု အဘယ်သူသည် ပြောဆိုနိုင်ပါမည်နည်း။

## သီဟိုဠ်၌ သာသနာပြုခြင်း

"ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဟူ၍ သုံးပိုင်းခွဲခြားထားပါသည်၊ ပဌမ နှစ်ပိုင်းဖြစ်သည့် ပရိယတ္တိနှင့် ပဋိပတ္တိတို့မှာ ထေရဝါဒီ နိုင်ငံတိုင်းမှာပင် အတော်အသင့်

ကြေနပ်စရာတွေ ရှိကြပါသည်၊ တဘိယအပိုင်း ဖြစ်သည့် ပဋိဝေဓ အခြေအနေမှာမူကား ချို့တဲ့ ချို့ယွင်းလျက် ရှိသည်ကို တွေ့ရပါသည်၊ ဤမြန်မာပြည်၌ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာတို့သည် ပြည့်စုံတိုးတက်သည်သာမက ပဋိဝေဓသာသနာလည်း ဖွံ့ဖြိုးလျက် ရှိကြောင်းများကို ကျွန်ုပ်က အတိအလင်း ရဲရဲကြီး ပြောဝံ့ပါသည်၊ အရိယာပုဂ္ဂိုလ်များလည်း အဆွေတော်တို့ပြည်၌ အနှံ့အပြား တွေ့ရှိရမည်ဟု ကျွန်ုပ် စိတ်ချယုံကြည်ပါသည်၊ ဤပဋိဝေဓ သာသနာမှာ မြန်မာနိုင်ငံ၌ တခြား နိုင်ငံများထက် ထူးကဲစွာ တိုးတက်ကြောင်း တွေ့ရှိရပါသည်။"

အထက်ပါ စကားရပ်များမှာ ဆဋ္ဌသံဂါယနာဖွင့်ပွဲ ဒုတိယနေ့၌သီဟိုဠ် အာနန္ဒမေတ္တေယျ ဆရာတော်ကြီး၏ မိန့်ခွန်းမှ တစိတ်တဒေသ ဖြစ်ပါသည်။ ဆရာတော်ကြီး ဤကဲ့သို့ မိန့်ခွန်းပြောကြားသည်မှာ မြောက်လုံးမဟုဘ်ပါ တကယ်ပင် အားရကြေနပ်လှသဖြင့် ကမ္ဘာ့ပရိသတ်အလယ်မှာ ထုတ်ဖေါ် ချီးကျူးလိုက်ခြင်း ဖြစ်ပါသည်၊ အဘယ်ပုဂ္ဂိုလ်၏ အဘယ်သို့သော လုပ်ငန်းတို့ကို ရည်ရွယ်၍ အထက်ပါအတိုင်း ပြောကြားတော်မူသည်ကို စာဖတ်သူများ ရိပ်မိပြီး ဖြစ်လောက်ပါပြီ။

ဆရာတော်ကြီးသည် ဆဋ္ဌ သံဂါယနာ အတွက် ပိဋကတ်တော်များ သုဒ်သင်ပြင်ဆင်ရေးကိစ္စကို ဆောင်ရွက်ရန် သံဂါယနာမတိုင်မီ အတော်စောစောကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့ပါသည်။ ထိုစဉ်က ဗုဒ္ဓသာသနာအဖွဲ့သည် သာသနာ့ရိပ်သာမှာပင် ရှိသေးသည်ဖြစ်ရာ ဆရာတော်ကြီးသည်လည်း သာသနာ့ရိပ်သာမှာပင် တည်းခိုနေထိုင်တော်မူရသည်။ ဩသာန အဖွဲ့ဝင် သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တ သီဟိုဠ်သို့ ပြန်ကြွသွားသဖြင့် ထိုဆရာတော်နေရာတွင် အစားထိုး လုပ်ကိုင်ရန် ရောက်လာခြင်း ဖြစ်၏။ ဤဆရာတော်သည် ယခင်ကလည်း မြန်မာပြည်သို့ ရောက်လာဘူးသည်၊ မြန်မာများ အပေါ်မှာ စေတနာကောင်း ထားသော ဆရာတော်ကြီး ဖြစ်၏။ ဆရာတော်ကြီးသည်မဟာစည်ဆရာတော် အကြောင်းကို ကြားဘူးပြီးဖြစ်၍ မိမိကြားဘူးသည် နှင့်လက်တွေ့ ကိုက်-မကိုက် စုံစမ်းရန်လည်း အကြံရှိခဲ့ဟန် တူသည်။ စာတော်ပြင် လုပ်ငန်းကို ဆောင်ရွက်ယင်း မဟာစည်ဆရာတော်နှင့် နေ့စဉ် တွေ့ဆုံရ၍လည်း ဆရာတော်ကြီးအဖို့ မဟာစည်ဆရာတော်ကို အကဲခပ်ရသည်မှာ ခက်လှသည် မဟုတ်ပါ၊

ထို့ပြင် စာတော်ပြင် အလုပ် နားရက် ဥပုသ်နေ့တိုင်းလည်း မဟာစည် ဆရာတော်နှင့် ထိုထိုအကြောင်းအရာတို့ကို ဆွေးနွေးခွင့် ရပြန်သည်။ ထိုသို့ အခွင့်ရသမျှ စုံစမ်းလေ့လာ ဆွေးနွေး၍ မဟာစည်ဆရာတော် အပေါ်၌ ပရိယတ္တိ ဖက်ကရော ပဋိပတ္တိဖက်ကပါ အလွန်ကြေနပ်လျက် ရှိခဲ့သည်။ ဤသို့ မိမိစိတ်၌ လိုက်လိုက်လှဲလှဲ ကြေနပ်လှသဖြင့်ပင် ကမ္ဘာ့ပရိသတ် အလယ်မှာ နိုင်ငံခြားသားတို့ (အထူးသဖြင့် သီဟိုဠ်သားတို့) ချီးကျူးနိုင်ခဲ့သောစကား လုံးတို့ဖြင့် မြန်မာပြည်ကို တိုက်ရိုက်ချီးကျူးယင်း မဟာစည်ဆရာတော်ကို ပါ သွယ်ဝိုက်သော နည်းဖြင့် ချီးကျူးခဲ့ခြင်း ဖြစ်ပေသည်။

ဆဋ္ဌသံဂါယနာတင် မတိုင်မီကပင် မဟာစည်ဆရာတော်၏ ဂုဏ်သတင်း မှာ နိုင်ငံခြားများသို့ ပြန့်နှံ့လျက် ရှိခဲ့သည်။ စိတ်ဓာတ် ငြိမ်းချမ်းမှုဆီသို့ ပို့ဆောင်နိုင်သော စိတ်ဓာတ်ထိန်းချုပ်မှု နည်းစနစ်များ ဝါ-သတိပဋ္ဌာန် နည်း စနစ်များ၌ စိတ်ပါဝင်စားသော နိုင်ငံခြားသားတို့လည်း မဟာစည် ဆရာတော် အထံသို့ လာ၍ ဆရာတော် ညွှန်ကြားသည့် နည်းအတိုင်း တရားအားထုတ်လျက် ရှိခဲ့ကြသည်။ ထိုပုဂ္ဂိုလ်တို့တွင် ဂျာမန်ရဟန်းတော် အရှင်ဉာဏပေါနိကနှင့် အင်္ဂလိပ်လူမျိုး ဒေါက်တာ အီးဂရေဟမ် ဟောင်း ( Dr, E. Graham Howe )ဆိုသူ တို့လည်း ပါသည်။ ဒေါက်တာ သည် သီဟိုဠ်ကျွန်း၌ အရှင်ဉာဏပေါနိကနှင့် တွေ့၍ ထိုအရှင်ထံမှ သတိ ပဋ္ဌာန်နည်းများကို ကြားနာလေ့လာခွင့်ရ၍ ထိုအရှင်၏ မိတ်ဆက်ပေးမှုဖြင့် ပင် ရန်ကုန် သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ထံသို့ ရောက်လာ၍ တရားအားထုတ်ခဲ့လေသည်။ တရားအားထုတ်၍ လွန်စွာကြေနပ်မှု ရခဲ့သည်။ အရှေ့တိုင်း၌ ပေါ်ပေါက်ခဲ့သော ဤ သတိပဋ္ဌာန်နည်းသည် အနောက် တိုင်းသားတို့ အဖို့လည်း နည်းတူပင် ကျေးဇူးပြုနိုင်သော နည်းဖြစ် ကြောင်း ထုတ်ဖော်ခဲ့သည်။ အရှင်ဉာဏပေါနိကသည် မဟာ သတိပဋ္ဌာန် သုတ်ကို အခြေခံ၍ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းအကြောင်းကျမ်းစာတစောင် ရေး သားတော်မူသည်။ ထိုကျမ်းစာတွင် ထိုအရှင်သည် မဟာစည်ဆရာတော်၏ နည်းစနစ်များ အကြောင်းကိုပါ ထည့်သွင်း၍ ရေးသား ထားလေသည် ထိုကျမ်းစာ၏ မိတ်ဆက်စကား (F orewond )ကို ဒေါက်တာ ဟိုးက ရေးသားလေသည်။ ထိုကျမ်းစာကို ဆဋ္ဌသံဂါယနာအမှီ ၁၉၅၄ ခုနှစ် မဘ်လတွင် သီဟိုဠ်၌ ထုတ်ဝေသည်။ ထိုကျမ်းစာ၏ ကျေးဇူးကြောင့် မဟာ စည်ဆရာတော်၏ သတိပဋ္ဌာန်နည်းကို ကမ္ဘာက ပို၍ သိလာကြသည်။

ထိုသို့ ကမ္ဘာက စိတ်စိုက်နေသည့် အချိန်မှာပင် သီဟိုဠ် အစိုးရက သီဟိုဠ်နိုင်ငံသို့ ဝိပဿနာ သာသနာပြုရန် ကမ္မဋ္ဌာနာစရိယ တပါး စေလွှတ်

ပါရန် ဝန်ကြီးချုပ်ဦးနုထံ စာရေးသည်။ ထို့ကြောင့် ဝန်ကြီးချုပ်သည် သီဟိုဠ်ကျွန်း၌ ဝိပဿနာ သာသနာပြုပါရန် မဟာစည် ဆရာတော်အား လျှောက်ထားသည်။ ထိုအချိန်မှာ သင်္ဂါယနာ တင်နေချိန်ဖြစ်၍ မဟာစည်ဆရာတော်မှာ သီဟိုဠ်သို့ ကိုယ်တိုင် မကြွရောက်နိုင်ပေ၊ ထို့ကြောင့် ပင် ဆရာတော်သည် အားကိုးရ စိတ်ချရသော တပည့်ကြီးများ ဖြစ်သည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သုဇာတ အရှင်ဥတ္တရာဘိဝံသ အရှင်ဇဝန မထေရ်တို့ကို ၁၃၁၇-ခုနှစ်တွင် သီဟိုဠ်သို့ ဝိပဿနာ သာသနာပြု စေလွှတ်တော်မူသည်၊ ဆရာတော်များ လမ်းခရီးတွင် အခက်အခဲ မတွေ့စေရန် ဗုဒ္ဓသာသနာအဖွဲ့ နိုင်ငံခြားဆက်သွယ်ရေး အရာရှိချုပ် ဦးသိန်းဟန်က မြန်မာနိုင်ငံ အစိုးရကိုယ်စား ဆရာတော် ၃-ပါး၏ ကပ္ပိယ အဖြစ်ဖြင့် သီဟိုဠ်ကျွန်း ကိုလံဘိုသို့ ရောက်အောင် လိုက်ပို့ရသည်။

ဆရာတော်အရှင်သုဇာတ ခေါင်းဆောင်သော ဝိပဿနာ သာသနာပြုအဖွဲ့သည် ၁၃၁၇-ခု၊ ဒုတိယ ဝါဆိုလဆန်း ၂-ရက်နေ့ မြန်မာနိုင်ငံမှ လေကြောင်းဖြင့် ထွက်ခွာ၍ ၎င်းလဆန်း ၁၀-ရက်နေ့တွင် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့သို့ ဆိုက်ရောက်သည်၊ ကိုလံဘိုလေဆိပ်သို့ သီဟိုဠ်နိုင်ငံအစိုးရ ပြည်ထဲရေးဝန်ကြီး၊ စားနပ်ရိက္ခာဝန်ကြီး အတွင်းဝန်များ မြန်မာသံအမတ်ကြီး ဦးဘလွင်နှင့် ဇနီးဒေါ်သန်း ဝိပဿနာပြန့်ပွားရေး အသင်းသူ အသင်းသားများနှင့် သီဟိုဠ် မြန်မာ သံဃာတော်များ လာရောက် ကြိုဆိုကြသည်။ ထိုနေ့ညနေတွင် ကိုလံဘို တက္ကသိုလ် ချော့ဘုရင် ခန်းမဆောင်၌ ကန်တော့ပွဲ ကျင်းပသည်၊ ထိုပွဲ၌ နိုင်ငံခြား ဆက်သွယ်ရေးအရာရှိ ဦးသိန်းဟန်က မဟာစည် ဆရာတော်၏ သန္ဒေသကထာ ဗုဒ္ဓသာသနာအဖွဲ့၏ သဝဏ်လွှာတို့ကို အင်္ဂလိပ်လို ဖတ်ကြားတင်ပြသည်၊ ထို့နောက် စားနပ်ရိက္ခာဝန်ကြီး ဝန်ကြီးချုပ် သံအမတ်ကြီး ဦးဘလွင်တို့က အသီးသီးမိန့်ခွန်းများ ပြောကြပြီးနောက် သာသနာပြုအဖွဲ့ခေါင်းဆောင် ဆရာတော်အရှင်သုဇာတက နှုတ်ခွန်းဆက်စကားကို မြန်မာလို မိန့်ကြား၍ ဝိသုဒ္ဓါရာမတိုက် ဆရာတော်အရှင်ဉာဏဝါသ က ဘာသာပြန်ပေးသည်။

သာသနာပြုအဖွဲ့ ဆိုက်ရောက် ချိန်တွင်ကိုလံဘိုမြို့၌ ဝိပဿနာ သာသနာပြု အဆောက်အဦး သီးခြားမရှိသေးပေ၊ သို့သော် သဒ္ဓါတရား ထက်သန်လှသော နိဿင်္က ( Mrs Nissan'a ) အမည်ရှိ ဒါယိကာမကြီးက ၎င်းတို့ မိသားစုနေသော တိုက်ကို ခေတ္တကျောင်းအဖြစ် လှူဒါန်းသဖြင့် ထိုဒါယိကာမကြီး၏ တိုက်မှာပင် သာသနာပြုဆရာတော်များ ဝါဆိုတော် မူကြရသည်၊ ဆရာတော်တို့တွင် အရှင်ဇဝန ဆရာတော်တပါးသာ အင်္ဂလိပ်လို တတ်သည်၊

သီဟိုဠ်လိုကား ဆရာတော် ၃ ပါးလုံးပင် မဘတ်ကြပေ၊ ထို့ကြောင့် ဆရာတော် ၃-ပါးအား အကူအညီပေးရန် ကိုလံဘို မြန်မာကျောင်းမှ အရှင်ဇာဂရမထေရ်လည်း ဆရာတော် ၃-ပါးနှင့် အတူ ဝါဆိုတော် မူလေသည်၊ နိစံက ဒါယိကာမကြီး၏ တိုက်မှာ ကိုလံဘိုမြို့ မာယာလမ်းတွင် ရှိ၍ တိုက်ရှိရာ ဝင်းခြံကို "ယမုနာ" ဟုအမည်မှည့်ထားသည်၊ ဆရာတော်များ ဝါတင်းသုံးသည့်နေ့မှ စ၍ ယမုနာမှာ ကမ္မဋ္ဌာန်းရိပ်သာ ဖြစ်သွားရကား ယမုနာဟု ဆိုလိုက်လျှင်ပင် မြန်မာဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာမှန်း သိနေကြတော့သည်။

မဟာစည် ဆရာတော်ကိုယ်တိုင် မကြွရောက်သော်လည်း သီဟိုဠ်ကျွန်း ဝိပဿနာ သာသနာပြုလုပ်ငန်းမှာ လွန်စွာ အောင်မြင်လေသည်၊ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းနည်းမှာ ကွယ်သလောက် ရှိနေသည်၊ အားထုတ်သိုသော ယောဂီပုဂ္ဂိုလ်တို့အား စနစ်တကျ ကမ္မဋ္ဌာန်းပြနေသော ဌာနဟူ၍ မရှိခဲ့ပေ၊ ထို့ကြောင့် မြန်မာဆရာတော်များ ရောက်လာပြီးနောက် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းနည်းကို လက်တွေ့ ညွှန်ပြသော အခါ လွန်စွာနှစ်ခြိုက်ကြသည်၊ တရားအားထုတ်မိ၍ ဉာဏ်အထူးများကိုကိုယ်တွေ့ကြုံကြသောအခါ လွန်စွာ အားတက်သရော ရှိကြလေသည်၊ "တပည့်တော် တရားအားမဟုတ်မီက ( Seeinn is believing ) (မျက်မြင်မှ ယုံရသည်၊) ဟူသော အင်္ဂလိပ်စကားပုံကို အတော် သဘောကျခဲ့ပါသည်၊ ယခု တရားအားထုတ်လိုက်တော့ အဲဒီစကားပုံမှာ မမှန်တော့ကြောင်း တွေ့ရ ပါသည်၊ ရုပ်နာမ်တရားတို့ ဖြစ်ပျက်နေပုံကို မျက်စိဖြင့် မမြင်နိုင်ပေါ၊ ဝိပဿနာဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်၊ ယခု တပည့်တော် လက်ကို ကြည့်ယင် အမြဲတည်မနေဘဲ ခဏမစဲ ဖြစ်ပျက်နေသည်ကို တွေ့ရပါသည်၊ ထို့ကြောင့် ( Seeing is deceiving ) ( မျက်မြင်သည် လှည့်ပတ်တတ်သည်၊) ဟု စကားပုံကို ပြင်လိုက်ပါပြီ" ဟု တရားအားထုတ်ပြီးစ သီဟိုဠ် အမျိုးသား ယောဂီတဦးက ပြောဘူးပါသည်၊ သီဟိုဠ်ယောဂီများတွင် ဤအမျိုးသားလို လူချွား များစွာ ရှိနေမည်မှာ ယုံမှားဖွယ် မရှိပါ။

မြန်မာ ဝိပဿနာ သာသနာပြုအဖွဲ့ ဆရာတော်များသည် သီဟိုဠ်ကျွန်း၌ တနှစ်ကျော်ကျော်မျှသာ သီတင်းသုံးတော်မူခဲ့ကြသည်၊ ဝါအားဖြင့်ပြောရလျှင် ၂-ဝါမျှသာ ဆိုခဲ့သည်၊ သို့သော် ဤတနှစ်သာသာမျှသော အချိန်အတွင်းတွင် သီဟိုဠ်ကျွန်း အနယ်နယ် အရပ်ရပ်၌ အမြဲဘန်း ဌာန ၁၂- ဌာနနှင့် ယာယီဌာန ၁၇-ဌာနခန့် ပေါ်ပေါက်ခဲ့သည်၊ ထို့ကြောင့် ဆရာတော် အရှင်သုဇာတတို့၏ ဝိပဿနာ သာသနာပြုလုပ်ငန်းမှာ ကြေနပ်ရေ အပြည့်အဝ ရှိသည်ဟု ဆိုရပါမည်။

အဘယ့်ကြောင့် ဤမျှတိုတောင်းလှသော အချိန်အတွင်း ဤမျှကြီးမားသော အောင်မြင်မှု ရခဲ့သနည်းဟု စူးစမ်းသော် မဟာစည်ဆရာတော်၏ ညွှန်ကြားမှုနှင့် သာသနာပြုဆရာတော် ၃-ပါးတို့၏ နည်းမှန်လမ်းကျ ဆောင်ရွက်မှုကြောင့် ဤမျှ အောင်မြင်မှုရသည်ဟု ဆိုရပါမည်။ ဆရာတော် ၃ ပါးတွင်လည်း ခေါင်းဆောင်ဖြစ်သော အရှင်သုဇာတဆရာတော်၏ စွမ်းရည်ကို အသူးချီးကျူးရမည် ဖြစ်ပါသည်။ ဆရာတော်၏ လုံ့လဝီရိယရှိရှိဖြင့် တရားဟောမှု တရားပြသမှုတို့ကြောင့် သီဟိုဠ်၌ ဝိပဿနာတရားပြန့်ပွားရခြင်း ဖြစ်ပါသည်။ ဆရာတော် အရှင်သုဇာတ၏ ဟောပြချက် သွန်သင်ညွှန်ပြချက်တို့လည်း သီဟိုဠ်ဘာသာပြန်ပေးသူ အရိယရတနမည်သော ဆရာကြီး မရှိလျှင် ဤမျှ လွယ်လွယ်ကူကူဖြင့် ပြန့်ပွားမည် မဟုတ်ပါ။ ထို့ကြောင့် ဤဆရာကြီး၏ ဆောင်ရွက်ချက်ကိုလည်း ဤသမိုင်း၌ မှတ်တမ်းတင်ထိုက်ပါသည်။ ဤဆရာကြီးမှာ စာတတ် ရဟန်းလူထွက် ဖြစ်သည်။ သူကိုယ်တိုင်က ပါဠိတော်, အဋ္ဌကထာလာ စာပုဒ်တို့ကို အတော်ရသားသည်။ ထို့ကြောင့်ပင် ဆရာတော် အရှင်သုဇာတ တရားဟောရင်း ရွတ်သွားသော ပါဠိပါဌ်သားများကို သူ ဘာသာပြန်သော အခါမှာလည်း ရွတ်ပြနိုင်ခြင်း ဖြစ်လေသည်၊ ဘာသာပြန်ရာ၌ တဝါကျတခါ ဘာသာပြန်သည် မဟုတ်ပဲ၊ ၁၅-မိနစ်လောက်တခါမှ ဘာသာပြန်ရသည်၊ သာမန်မှတ်ဉာဏ်ရှိသူဖြစ်ပါမူ ဘာသာပြန်နိုင်မည် မဟုတ်ပေ၊ မိမိဟောပည့်စကားများကို ဆရာတော်က ရေးပေးထားသည်လည်းမဟုတ်။ ထို့ကြောင့် အရိယရတန ဆရာကြီး၏ စွမ်းရည် မှာလည်း ချီးကျူးလောက်ပါပေသည်။

ဤပုဂ္ဂိုလ်ကို ဘာသာပြန်အဖြစ် အသုံးပြုခွင့်ရခြင်းမှာ သီဟိုဠ်နိုင်ငံ ဝိပဿနာ သာသနာအဖို့ ကံကောင်းခြင်းပင် ဖြစ်ပါပေသည်။ အရိယရတန ဆရာကြီးကဲ့သို့ပင် ကျေးဇူးများသော အခြားပုဂ္ဂိုလ်တဦးကား သီဟိုဠ် ဆရာတော် အရှင်သုမတိပါလပင် ဖြစ်သည်၊ ထိုဆရာတော်သည် အရိယရတန ဆရာကြီးကဲ့သို့ပင် မြန်မာလို တတ်သည်။ ထိုဆရာတော်၏ ဟောပြောပြသမှုသည်လည်း ဝိပဿနာပြန့်ပွားရေးကို များစွာ အထောက်အကူ ပေးခဲ့ပါသည်၊ သာသနာပြုဆရာတော်တို့ မည်မျှပင် အစွမ်းရှိစေ မည်မျှပင် ဘာသာပြန် ပုဂ္ဂိုလ်ကောင်းတို့ကို ရသည်ဖြစ်စေ မြန်မာသံအမတ်ကြီး ဦးဘလွင်၏ အားတက်သရော ကူညီမှု မရခဲ့လျှင်လည်း ဤမျှ လျှင်မြန်စွာ ပြန့်ပွားမည် မဟုတ်ဟုပင် ဆိုရပါမည်။ မှန်၏၊ သံအမတ်ကြီးသည် သီဟိုဠ် မြန်မာအစိုးရတို့ ဝိပဿနာသာသနာပြုရန် စကားကမ်းလှမ်းခဲ့သည့် အချိန်မှစ၍ မြန်မာပြည်သို့ ပြန်ခဲ့သည့်တိုင်အောင် ဝိပဿနာ ပြန့်ပွားရေးအတွက်

မနေမနား နှိုးဆော် ဟောပြောခဲ့သည်။ အပြောကောင်းသူ ဖြစ်၍လည်း သူ့မိန့်ခွန်းများကို ပရိသတ်ကသဘောကျသည်။ သူ့အရှိန်အဝါကြောင့်ပင် အသက်တန်းစားပိုင်းမှ ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းဌာနများသို့ လာရောက်ကြခြင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ၊ ထို့ကြောင့် ထိုအချိန်တွင် သံအမတ်ကြီး ဦးဘလွင် သီဟိုဠ်၌ ရှိနေခြင်းသည်လည်း သိင်္ဟကျွန်း၌ ဝိပဿနာသာသနာ ပြန့်ပွားရန် ကြီးစွာသော အထောက်အပံ့ ဖြစ်ပေ တော့သည်။

ဤသို့လျှင် အမြဲတန်း ကမ္မဋ္ဌာန်းဌာန ၁၂-ဌာန ယာယီဌာန ၁၇-ဌာနခန့်ကို ဖြစ်စေကြပြီးနောက် သာသနာပြု ဆရာတော် ၃-ပါးတို့သည် ၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၂-ရက် နေ့တွင် သင်္ဘောဖြင့် သီဟိုဠ်ကျွန်းမှ ထွက်ခွါတော် မူခဲ့ကြလေသည်၊

## သီဟိုဠ်သို့ မဟာစည်ဆရာတော် ကြွတော်မူခြင်း

သီဟိုဠ်ကျွန်း၌ ဆရာတော် အရှင်သုဇာတတို့ သာသနာပြုခဲ့ကြသည်မှာ နိစ္စက ဒါယိကာမကြီး၏ နေအိမ်ဖြစ်သော ယာသိကျောင်း၌ သိတင်းသုံး၍ ပြုခဲ့ကြရခြင်း ဖြစ်၏၊ သဒ္ဓါတရား ထက်လှသော နိစ္စက ဒါယိကာမကြီးသည် မိမိ၏ အိမ်ကြီးကို ဆရာတော်အား လှူဒါန်းပါသည်၊ ဆရာတော်သဘော၌ သာသနာပြုတော်မူပါဟု လျှောက်ထားသော်လည်း ဆရာတော်က လမ်းနှင့်နီးကပ်၍ ဆိတ်ငြိမ်မှုမရှိခြင်း နေရာကျဉ်းခြင်းတို့ကြောင့် အမြဲတမ်း ကမ္မဋ္ဌာန်းဌာနတခုအဖြစ် မသင့်တော်ဟု ယူဆ၍ အလှူမခံခဲ့ပေ။ အချည်သဖြင့် သာသနာပြုနိုင်ရန်မှာလည်း အမြဲ ဌာနချုပ်တခု၌မှ ဖြစ်မည်ဖြစ်ကြောင်း ဝိပဿနာ ဘာဝနာ ပြန့်ပွားရေး အသင်းအား ဆရာတော်က မိန့်ကြားသဖြင့် ထိုအသင်းသားတို့က ကိုလံဘိုမြို့၌ နေရာတခုပေးရန် အစိုးရထံ တောင်းကြသည်၊ ဝန်ကြီးချုပ် "ကောတလာဝလ"လက်ထက်က မရခဲ့ပေ၊ နောင် 'ဗန္ဒာရနာယက"၏ အစိုးရသစ် တက်လာမှ ရလေသည်၊ ရသောနေရာမှာ အင်္ဂလန်သံရုံးအနီး မက်ကာသီလမ်းဘေး တနေရာ၌ ရှိ မြေကွက်ဖြစ်သည်၊ ဆိတ်ငြိမ်သောနေရာဖြစ်၍ သင့်လျော်လှပေသည်၊ ထိုနေရာ၌ ၁၃၁၈-ခု၊ သီတင်းကျွတ်လဆန်း ၂-ရက် နေ့တွင် ဝန်ကြီးချုပ်ကိုယ်တိုင် အဆောက်အဦးတို့ကို အုတ်မြစ်ချသည်။ ထိုအဆောက် အဦး ဆောက်နေဆဲ မှာပင် ဆရာတော်များ မြန်မာနိုင်ငံသို့ ကြွတော် မူခဲ့ကြသည်။

လင်္ကာ ဝိပဿနာ ဘာဝနာ ပြန့်ပွားရေး အဖွဲ့သည် ၈ မဇ္ဈိမဘာဝနာ ဆင်းအဆောက် အဦးများကို ကြိုးစားဆောက်ခဲ့ရာ ၁၃၂၀-ခုနှစ်တွင် ၂-သိန်းတန် တရားတိုက် တခုနှင့် ယောဂီများ နေရန် ၂-သောင်းတန် တိုက် ၂-ခု ပြီးစီးခဲ့သည်။ ထိုနှစ်မှာပင် ထိုအသင်းက မဟာစည်ဆရာတော် ဆရာတော်အရှင် သုဇာတနှင့် နောက်ပါရဟန်းတပါး ပေါင်း ၃-ပါး သီဟိုဠ်သို့ ကြွရောက်ပါရန် ပင့်လေသည်။ ထိုပင့်စာအရပင် မဟာစည်ဆရာတော်သည် နောက်ပါများနှင့်အတူ ၁၃၂၀-ခုနှစ်၊ နတ်တော်လဆုတ် ၁၂-ရက်နေ့တွင် ဣန္ဒိယမှတဆင့် သီဟိုဠ်သို့ကြွရန် လေကြောင်းဖြင့် ထွက်ခွါတော်မူလေသည်။ ဆရာတော်၏အဖွဲ့တွင် ဆရာတော်အပြင် သာသနဓဇရိပ်သာမှ ဆရာတော်အရှင် သုဇာတ, အရှင်နန္ဒဝံသ, အရှင်အာလောက, အရှင်ပဏ္ဍိတ, ပဲခူးရိပ်သာ ဆရာတော် အရှင်ပညာဝါနှင့် ကပ္ပိယ ဒကာ ဒကာမများ ပါဝင်ကြသည်။

## ဣန္ဒိယ ခရီး

မဟာစည်ဆရာတော် အိန္ဒိယသို့ ဤအကြိမ် ကြွတော်မူခြင်းသည် ပဌမအကြိမ် မဟုတ်ပါ၊ ရှေးကလည်း ဌာနအတော်များများသို့ ရောက်ဖူးပြီးဖြစ်ပါသည်၊ သို့သော် မိမိနှင့် အတူ ပါလာသော သံဃာများနှင့် ဒကာ ဒကာမများမှာ မရောက်ဖူးကြသူများဖြစ်၍ ၎င်းတို့အား ရောက်စေလိုသည်က တကြောင်း, သံဝေဇနိယ ဌာန စသည်တို့ကို ထပ်ပံ ဖူးမြော်ကြည့်ရှုတော်မူလိုသည်က တကြောင်း, မရောက်ဖူးသေးသော သွားရောက်ဖို့လည်း ကောင်းသော ဌာနများသို့လည်း သွားရောက်လိုသည်က တကြောင်း ကြောင့် နေရာဌာန တော်တော်စုံအောင်ပင် ကြွရောက်လှည့်လည်တော်မူခဲ့ပါသည်၊ ထိုသို့ ကြွရောက်ရာတွင် သာသနာရေးအတွက် အမြတ်ထုတ်သည့်အနေဖြင့် များစွာသော ဌာနတို့၌ တရားဟောခြင်း တရားဆွေးနွေးခြင်းများကို ပြုတော်မူခဲ့ပါသည်၊ ထိုထိုဌာနများသို့ သွားရောက် ဖူးမြော်ကြည့်ရှုသောအခါမှာလည်း အမှုမဲ့ အမှတ်မဲ့ မဟုတ်ပဲ အထူးမှတ်သားသင့်သော အချက်တို့ကို ဂရုပြု၍ မှတ်သားတော်မူခဲ့သည်။

ရန်ကုန်မှ ထွက်ပြီးနောက် ရှေးဦးစွာ ကလကတ္တားမြို့သို့ ရောက်တော်မူသည်။ ကလကတ္တား၌ ဗုဒ္ဓသာသနာဆိုင်ရာ ရှေးဟောင်း အဆောက်အဦးဟူ၍ မရှိ၊ ထို့ကြောင့် ဗဟုသုတအလို့ငှာ ပြတိုက်နှင့် ဂျိန်းဘုရားကျောင်းတို့သို့ ကြွရောက်တော်မူသည်။ ပြတိုက်တွင် လွန်ခဲ့သည့် အနှစ် ၄၀၀၀-ကျော်က ဆေးစိမ်ထားသော လူသေအလောင်းတခုကို ဂရုပြု၍ လေ့လာတော်မူခဲ့သည်။ ရှေးခေတ်က လူများသည် ယခုခေတ်က လူများထက်

များစွာ အရပ်မြင့်သည်ဟု ယူဆလျက် ရှိကြပါသည်။ သို့လော် ယခု အနှစ် ၄၀၀၀-ကျော်က လူ၏ အရပ်မှာ ၅ ပေ ၄-လက်မလောက်သာ ရှိသည်ကို ဆရာတော် တွေ့ရသည်။ ဆရာတော်လောက်ပင် အရပ်မထွားပေ။ ထို့ကြောင့် ရှေးခေတ်လူများသည် ယခုခေတ်လူများနှင့် အရပ်အမောင်း အားဖြင့် များစွာ မကွာနိုင်ဟု မှတ်ချက်ချတော်မူသည်။ နောင် ဇေတဝန် ကျောင်းတော် နာဠန္ဒာကျောင်းတော် စသည်တို့ကို တွေ့မြင်ရသောအခါ ထိုမှတ်ချက်မှာ ပိုမို၍ ခိုင်မြဲလာတော့သည်။

ကလကတ္တားမှ တဆင့် ဆရာတော်တို့အဖွဲ့သည် ဗုဒ္ဓဂယာသို့ ခရီးဆက် သည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာ အရပ်၌ တည်ထားသော ဗုဒ္ဓ ဂယာ မဟာဗောဓိစေတီ နေရဥ္စရာမြစ် သေနာနိဂုံးတို့သို့ သွားရောက်ကြ သည်၊ မြတ်စွာဘုရား ရွှေခွက်မျှောရာ မြစ်အဖြစ်ဖြင့် နေရဥ္စရာမြစ်သည် စာပေ၌ ကျော်ကြားလှသည်။ စာတွေ့ဖြင့် မြော်မှန်း၍ လွမ်းရသော မြစ်ကြီးဖြစ်၏။ ဧရာဝတီမြစ်ကြီးလို ၁၂-ရာသီ ရေသွင်သွင် စီးနေသော မြစ်ကြီးဟု မှန်းဆရသည်၊ သို့သော် ဆရာတော်တို့ ရောက်သော ပြသိုလ တွင်မူကား ရေတစက်မျှမရှိ၊ သဲသောင်ပြင်ကြီးသာ ဖြစ်နေတော့သည်။ မိုးဘွင်း၌သာ ရေရှိသော မြစ်ဖြစ်လေသည်။

## တယူဇနာ ရှစ်မိုင်

ဆရာတော်တို့သည် ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်သို့ ကြွသွားကြသည်၊ အဖြောင့် ခရီး မိုင် ၄၀-မျှသာ ဝေးသဖြင့် တနာရီခွဲမျှဖြင့် ရာဇဂြိုဟ်သို့ ရောက်တော် မူကြသည်၊ ဤတွင် ဆရာတော်သည် မိုင်နှင့် ယူဇနာတို့ကို ညှိနှိုင်းကြည့်တော် မူသည်၊ အဘိဓာနပ္ပဒီပိကာကျမ်း၌ လာသည့်အတိုင်း တွက်ပါက တယူဇနာ လျှင် ၁၂-မိုင်ခွဲမျှ ရှိလေသည်၊ အချို့ကလည်း ၈-မိုင်လျှင် တယူဇနာဟု ဆိုကြသည်၊ တချို့ကလည်း တာတထောင်လျှင် တယူဇနာဟု ဆိုကြပြန် သည်။ ကျမ်းဂန်တို့၌ ယူဇနာတွေလျှင် မည်သည့်ယူဇနာဖြင့် တွက်ရမည်ဟု မဆုံးဖြတ်နိုင်အောင် ရှိရသည်၊ ယခု သွားယင်း ဟန်လွဲဆိုသလို ခရီးသွားယင်း အကွာအဝေးတို့ကို ကျမ်းဂန်လာ အဆိုများနှင့် ညှိနှိုင်းကြည့်ရာ အဋ္ဌကထာ၌ ဂယာနှင့် ရာဇဂြိုဟ် ၅-ယူဇနာဝေးသည်ဟု အဆိုရှိရာ အင်္ဂလိပ်မိုင် ၄၀-နှင့် တွက်သောအခါ တယူဇနာလျှင် ၈-မိုင်ဆိုသော စကားနှင့် ကိုက်ညီသည်ကို တွေ့တော်မူသည်၊ ဗောဓိပင်နှင့် ဂယာသည် ၃-ဂါဝုတ် ဝေးသည်ဟု အဋ္ဌ ကထာ၌ ဆို၏၊ တယူဇနာလျှင် ၄-ဂါဝုတ် ရှိသဖြင့် ယူဇနာ၏ ၄-ပုံ ၃-ပုံ ဝေးသည်၊ ယခုမိုင်အားဖြင့် ၆-မိုင်သာသာ ဝေးသည် ဖြစ်ရာ တယူဇနာလျှင်

၈-မိုင်ဟုသာ ဖြစ်တော့သည်၊ ရာဇဂြိုဟ်နှင့် နာဠန္ဒာသည် တယူဇနာဝေးသည်ဟု အဋ္ဌကထာဆို၏၊ ယင်းတို့ကား ယခု မိုင်အားဖြင့် ၈- မိုင်ပင် ဝေးလေသည်။ ထို့ကြောင့် မြို့ရွာ အကွာအဝေးတို့ကို ပြရာ အဋ္ဌကထာ စသော စကားရပ်တို့၌ တယူဇနာကို ၈- မိုင် ဟုသာ ယူသင့်ကြောင်း မဟာစည် ဆရာတော် မှတ်ချက်ချတော်မူသည်၊

ရာဇဂြိုဟ်မှ တဖန် ဆရာတော်တို့သည် နာမည်ကျော် ရှေးဟောင်း ဗုဒ္ဓသာသနာ တက္ကသိုလ်ကြီးရှိရာ နာဠန္ဒာမြို့သို့ သွားရောက်တော်မူသည်၊ နာဠန္ဒာမြို့ကား မြတ်စွာဘုရား လက်ထက်တော်ကပင် ထင်ရှားသော မြို့ဖြစ်သည်၊ ဤမြို့သည် မြတ်စွာဘုရားထံ ဝါဒပြိုင်ရန် လာခဲ့၍ မြတ်စွာဘုရားနှင့် တွေ့သောအခါ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သွားသော နဂိုရိက နိဂဏ္ဌ (ဂျိန်း)တို့ကို ကိုးကွယ်ခဲ့သော ဥပါလိမည်သော ဒကာကြီး နေရာမြို့လည်းဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး နောက်ဆုံးကြွသော ခရီးစဉ်တွင် ပါဝင်သော မြို့လည်းဖြစ်၏၊ မြတ်စွာဘုရား ပရိဗ္ဗာန်စံတော်မူပြီးနောက် အနှစ် ၇၀၀- ခန့်တွင် ပေါ်ပေါက် ထင်ရှား ခဲ့သော ဗုဒ္ဓသာသနာ တက္ကသိုလ် ကျောင်းတော်ကြီးကြောင့်လည်း ယနေ့တိုင်ပင် ထင်ရှားသော မြို့ဖြစ်၏၊ ထို့ကြောင့် မဟာစည်ဆရာတော်လည်း ကြွရောက်တော် မူလေသည်။

ထိုမှ တဖန် ဆရာတော်တို့သည် ဗာရာဏသီသို့ ကြွတော်မူကြသည်၊ ဗာရာဏသီမြို့မှ တဆင့် တရားဦးဟောတော်မူရာ မိဂဒါဝုန်တောသို့ ကြွကြ၍ ထိုမှ ကုသိနာရုံသို့ ကြွကြသည်၊ ကုသိနာရုံမှအပြန် ဂေါရက်ပူ မြို့တွင်းရှိ အသင်းတိုက်တခု၌ မဟာစည်ဆရာတော်သည် ဝိပဿနာတရားကို ဟောကြားတော်မူသည်၊ ဦးဘစန်းက အင်္ဂလိပ်လို ဘာသာပြန်ပြောသည်၊ ထိုမှတဖန် လုမ္ဗိနီ၊ ထိုမှသာဝတ္ထိမြို့သို့ ကြွပြန်သည်၊ သာဝတ္ထိ၌ ဇေတဝန်ကျောင်းတော် စသည်ကို ကြည့်ရှုပြီးနောက် လက်ခနောင်း အာဂရာတို့မှ တဆင့် နယူးဒေလီမြို့သို့ ကြွတော်မူသည်။

## ဝန်ကြီးချုပ် နေရူးနှင့်တွေ့ခြင်း

နယူးဒေလီရောက်ပြီး နောက်တနေ့တွင် ဇာတ်နိမ့် အိန္ဒိယလူမျိုး၊ ဗုဒ္ဓသာသနာဝင်တို့အား ၈-ပါးသီလ ပေးပြီးနောက် နံနက် ၉-နာရီခွဲအချိန် နိုင်ငံခြားရေးဌာနတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် သျှရီနေရူးနှင့် တွေ့ဆုံ၍



(အဂ္ဂမဟာပဏ္ဍိတ)
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အိန္ဒိယပြည်သို့
ကြွရောက်တော်မူစဉ်က ဝန်ကြီးချုပ်ပဏ္ဍစ်နေရူးက ဤပုံ ခရီးဦးကြိုပြုသည်

စကားပြောတော်မူသည်။ ဝန်ကြီးချုပ်နေရူးနှင့် အပြန်အလှန် ပြောသော စကားတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နေရူး။ ။ဆရာတော်ဘုရား ရှေးက အိန္ဒိယပြည်ကို ရောက်ဘူးခဲ့လျှင် ဘယ်နေရာများသို့ ရောက်ခဲ့ပါသနည်း ဟု ဝန်ကြီးချုပ်ကလျှောက်ကြား မေးမြန်းသည်။

ဆရာတော်။ ။ဆရာတော်သည် ဗုဒ္ဓဂယာမြို့၊ ဆရိနသ်မြို့၊ ကုသိနာခြုံမြို့ များကို ရှေးကလည်း ရောက်ခဲ့ဘူးပါပြီ၊ ဤအကြိမ်တွင် ဘုရားနေရာများ တိုးတက်နေခြင်း ပြင်ဆင်ထားခြင်းများကို အလွန်အားရ ဝမ်းသာစရာ တွေ့ရှိရပါသည်။ အစိုးရသည် ဤတိုးတက် ဆောင်ရွက်မှုကို ဆက်လက် အားထုတ်သွားလိမ့်မည် ဟု မြွက်လင့်ပါသည်။

နေရူး။ ။အိန္ဒိယအစိုးရသည် ဗုဒ္ဓဇယန္တီ ပွဲတော်များကို မူတည်သောကြောင့် ဤတိုးတက်မှုများကို ပြုလုပ်ဆောင်ရွက် ပြီးစီးစေနိုင်ပါသည် ဟု ဝန်ကြီးချုပ်က လျှောက်ကြားပါသည်၊

ဆရာတော်။ ။ဗုဒ္ဓသာသနာ ရှေးထုံး စကားအရ ၂၅၀၀-မဟာပရိနိဗ္ဗာန နှစ်ပတ်လည် ပွဲတော်သည်ကား အိန္ဒိယပြည်တွင် ဗုဒ္ဓ သာသနာ တရား၏ ခေတ်သစ် ပြန်ပေါ်ခြင်းကို ရှေ့ပြေးသမ်းညွှန် ဖြစ်ပါသည် ဟု ဆရာတော်က အမိန့်ရှိတော်မူသည်။

နေရူး။ ။ဘုရားရှင်၏ ကျင့်စဉ်များနှင့် ဟောကြားချက် တရားတော်များကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်ခစခဲ့လျှင် ဤတိုင်းပြည် အတွက် အကျိုးကျေးဇူး များပါလိမ့်မည်ဟုတပည့်တော် ထင်ပါသည်။ ဤအချက်သည် တကမ္ဘာလုံးမှာ အမှန်စင်စစ် လိုနေပါသည်။ အတွင်းစိတ်ခေတ် ငြိမ်းချမ်းရေးအတွက် ဤကဲ့သို့သော တရားဓမ္မများသည်သာလျှင် အနုမြူဗုံးနှင့် လူတို့၏ အတွင်းခေတ် အဖွဲ့မှုများကို ငြိမ်းအေးစေပါလိမ့်မည် ဟု ဝန်ကြီးချုပ်က လျှောက်၏၊

ဆရာတော်။ ။ဆရာတော်က သဘောကျ၍ ကမ္ဘာကြီးတွင် လောဘ၊ ဒေါသ၊ မောဟ၊ တရားများသည် ခိုက်ရန်ဒေါသဖြစ်ခြင်း၏ မူလ အကြောင်းများ ဖြစ်သည်။ ဘာသာရေး အလုပ်အားသုံးသည် ဤတရားဆိုး အခမ္မမှုတွေကို ချေမှုန်းဖျက်ဆီးရန် ဖြစ်ပါသည်။ ဝန်ကြီးချုပ်သည် သာသနာပြုလုပ်ငန်းကို အားပေးလိမ့်မည်ဟု တောင့်တမြော်လင့်ပါသည် ဟု မိန့်ကြားတော်မူသည်။

နေရှုး။ ။(ဘုရားရှင် လက်ထက်တော်ကပင်) ဤကမ္ဘာကြီးတွင် လူသူတော်ကောင်းနှင့် အမျိုးကောင်း သားသမီးဖြစ်ဘို့ရန် ကြိုးစားအားထုတ်ခဲ့သူများနှင့် ၎င်းပြင် တည့်တည့်ဆန့်ကျင်သော အယူဝါဒရှိသူများလည်း ရှိခဲ့ဘူးသည်မှာ အနှောက်အယှက် ဒုက္ခပင် ဖြစ်ပါသည်။ ဘုရား၏ တရားတော်များကို ကိုယ်တိုင်များစွာ ကြည်ညိုလေးစားပါသည်၊ သို့ရာတွင် ဝန်ကြီးချုပ် အနေနှင့် သီးခြား ဘာသာတပါးကို မျက်နှာလိုက်၍ ဦးစားပေးမည် မဟုတ်ပါ၊ သို့သော် ဤနိုင်ငံတွင် ခံယူကိုးကွယ်နေကြသော ဟိန္ဒူ၊ မူဆလင်၊ ခရစ်ယန်၊ ဗုဒ္ဓသာသနာနှင့် အခြား ဘာသာ အားလုံး တို့သည် လူတို့၏ကောင်းကျိုးအတွက် ကြိုးစားဆောင်ရွက် လုပ်ကိုင် နေကြသောကြောင့် ဤဘာသာတရားများကို အားပေးရပါလိမ့်မည်။ တရားတော်များ ပြန့်ပွါးရေကိစ္စမှာ သာသနာပြု လူပုဂ္ဂိုလ်များ အတွက်သော်၎င်း၊ သို့မဟုတ် ဆရာတော် ကဲ့သို့ ရဟန်းတော်များ အတွက်သော်၎င်း၊ ဖြစ်ပါသည်။

ဆရာတော်၊ ။ဝန်ကြီးချုပ်ကို မေတ္တာပို့၍ ဝန်ကြီးချုပ်နှင့် တကွ တိုင်းပြည်အတွက် ချမ်းသာကြွယ်ဝစေကြောင်း ဆုတောင်းပါသည် ဟု နောက်ဆုံး အမိန့်ရှိလိုက်ပါသည်။

(မဟာစည် ထေရ်မြတ် အတ္ထုပ္ပတ္တိ နှာ-၂၇၇-၉ မှ။)

ညနေပိုင်းတွင် ကမ္ဘဒ္ဒာန်းဌာန ပြုလုပ်ရန်ဖြစ်သော အသောက ဝိဟာရကျောင်းသို့ ကိုယ်တိုင် ကြွရောက် ကြည့်ရှုတော်မူသည်၊ နောက်တနေ့နံနက်တွင် ခေတ်သစ်ကျောင်းမှ ပင့်၍ ကြွရောက်၍ ကျောင်းသား ကျောင်းသူတို့အား မေတ္တာတရားနှင့် ကိုယ်ချင်းစာ တရားကို ဟောကြားတော်မူသည်။ ထိုနေ့ ညနေပိုင်းတွင် ဣန္ဒိယနိုင်ငံ သမတကြီး ဒေါက်တာ ရာဇျေန္ဒြာ ပရာဆဒ် (ရာဇေန္ဒြပြသာဒ)နှင့် ကြွရောက်တွေ့ဆုံ၍ ညနေ ၅-နာရီခွဲ အချိန်တွင် မြန်မာသံရုံး၌ ဝိပဿနာတရားကို ဟောကြားတော်မူသည်။ နောက်နေ့တွင် ဒုတိယသမ္မတကြီးက ပင့်ပြန် သဖြင့် ကြွရောက်၍ စကားပြောတော်မူရသည်၊

ဒုတိယ သမ္မတကြီးကား ဣန္ဒိယအဘိဓမ္မာကို အနောက်တိုင်းသို့ ပြန့်နှံ့အောင် လုပ်ရေးတွင် အရေး ပါသော အခန်းမှ ဆောင်ရွက် ခဲ့သော ဒေါက်တာ ဆရဝေပလ္လိရာဓာကရိသျှဏန် မည်သော ပညာရှိကြီး ဖြစ်လေသည်၊ ဣန္ဒိယဒဿနခေါ် ၂-တွဲရှိ ကျမ်းကြီးနှင့်တကွ အခြားများစွာသော ဒဿနဆိုင်ရာ ကျမ်းများကို ရေးခဲ့သည့်အပြင် "ဂေါတမဗုဒ္ဓ" "ဓမ္မပဒ

ပါဠိတော် အင်္ဂလိပ်ပြန်” ကျမ်းတို့ကိုပါ ရေးသားခဲ့သော ပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်။ ပါဠိပိဋကတ်ကိုလည်း အတော် လေ့လာထားသူဖြစ်သည်။ သို့သော် ထိုပညာရှိကြီးမှာ ဟိန္ဒူအစွဲကြီးသူဖြစ်ဖြစ် ဗုဒ္ဓဝါဒဟူသည်မှာ ဥပနိသျှဒ်ကျမ်းတို့လာ အတွေး အခေါ်တို့ကို အသစ်ဖြစ်သော အလေးပေးမှုဖြင့် တပ်မံပြဆိုသွားချက်သာ ဖြစ်သည်၊ ဝါ-ဗုဒ္ဓဝါဒ ဟူသည်မှာ အသစ်အဆန်း မဟုတ် ဥပနိသျှဒ်ကျမ်းလာ အယူအဆတို့ကိုပင် တမျိုးတဖုံ တင်ပြထားသော ဝါဒသာဟု စွဲမြဲယုံကြည်၍ ယုံကြည်သည့်အတိုင်းလည်း ရေးသားခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ ဤသို့ ရေးသားမှုကြောင့်ပင် ရာဟုလာသံကိစ္စည်း၏ ချက်ပိုင်ပိုင် ထိုးနှက်မှုကိုလည်း ခံခဲ့ရသူ ဖြစ်လေသည်။ (ရာဟုလာ သံကိစ္စည်း၏ ဗုဒ္ဓအမြင်ကျမ်းမှာကြည့်ပါ။) သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ ပါးနပ်ပေသည်။ မဟာစည် ဆရာတော်ကိုပင့်၍ စကားပြောသောအခါ ပါဠိ ပိဋကတ်မှ အချို့သော ပါဠိတို့ကို ကိုးကား၍ နှစ်ဦးနှစ်ဝ သဘောတူနိုင်မည့်စကား များကိုသာ ပြောလေသည်၊ တရားဆွေးနွေးမှုကိုကား မပြုပေ။ မဟာစည် ဆရာတော်သည် ဗုဒ္ဓသာသနာ စာပေ၌ ကျွမ်းကျင်သူ ဖြစ်ကြောင်း သိထား ဟန်တူလေသည်။ အကယ်၍ ဥပနိသျှဒ်နှင့် ဗုဒ္ဓဝါဒကို စပ်၍ ပြောမိလျှင် မဟာစည်ဆရာတော် အထံမှ မိမိမကြားလိုသော ပါဠိအကိုးများ ချေပ ချက်များ ထွက်လာမည်ကို ရိပ်မိ၍ပင် သာသနာရေး အကြောင်း မဆွေး နွေးခြင်းဖြစ်ဟန်တူလေသည်။

မဟာစည် ဆရာတော်တို့အဖွဲ့သည် နယူးဒေလီမှ တဖန် ဆန်ချီသို့သွား၍ ထိုမှတဆင့် အဂျန္တာခေါ် အဇန္တာလိုဏ်ဂူသို့ သွားရောက်ကြည့်ရှုကြသည်။ ဆန်ချီတွင် သီရိဓမ္မာသောကမင်းကြီး တည်ထား ခဲ့သော မြန်မာနိုင်ငံ ကောင်းမှုတော်ပုံနှင့် ဆင်ဆင်တူသော စေတီတော်ကြီးတဆူ ရှိသည်။ အဂျန္တာကား ကမ္ဘာကျော် ဌာနကြီးတခုဖြစ်သည်၊ ထုထယ်ကြီးလှသော ကျောက်ကမ်းပါးယံကြီးတခု၌ ကျယ်လှသော လိုဏ်ဂူကြီးများ ထွင်းထား၍ အဘွင်းနံရံတို့၌ ဆေးရေးပန်းချီများရှိသော နေရာဖြစ်သည်၊ လိုဏ်ဂူကြီး ပေါင်း ၂၉ ခုရှိ၍အချို့သောဂူများတွင် နံရံပန်းချီများမှာ အတော်အသင့် ကောင်းမွန်သေးသည်။ ထိုလိုဏ်ဂူများကို မည်သည့်အချိန်က စ၍ တူးခဲ့ကြ သည်ဟု အတိအကျ မသိရသော်လည်း ဘီစီ ၂ ရာစုမှ အေဒီ ၇-ရာစု အတွင်း ဖြစ်ခဲ့ကြသည် ဟု ရှေးဟောင်း ပညာရှင်တို့ ခန့်မှန်းကြသည်။ ထိုဂူကြီးများမှာ ဗုဒ္ဓဘာသာ ရဟန်းတော်များ နေထိုင်ခဲ့သော ဂူများဖြစ် သည်ဟု ဆိုကြသည်။ ထို နံရံပန်းချီများကိုပင် ဗုဒ္ဓဘာသာ ရဟန်းတော် များ (ထိုအချိန်တွင် မဟာယာန ထွန်းကားနေပြီ၊) ရေးဆွဲခဲ့ကြသည် ဟု အချို့ အယူရှိကြသည်၊ ထိုနံရံပန်းချီများကို မူရင်းအတိုင်း ရအောင်ကူးယူ

၍ အချို့ကို စာအုပ်စာတမ်းများအဖြစ် ထုတ်ဝေထားသဖြင့် ယင်းအင်္ဂလိပ်စာပုံများမှာ ကမ္ဘာကျော်ပုံများပင် ဖြစ်နေလေပြီ၊ မြန်မာတို့အဖို့ စိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာကား ပုဂံမှ ဆေးရေး ပန်းချီရုပ် များနှင့် ယင်းပုံများ တူညီမှု ရှိနေခြင်းပင် ဖြစ်လေသည်။ အင်္ဂလိပ်၌ ထုလုပ် ရေးချယ်ထားသော မယ်တော်မာယာပုံ စသည်တို့မှာ ပုဂံ အာနန္ဒာဘုရားအတွင်းမှ ပုံနှင့် များစွာတူကြောင်း မဟာစည် ဆရာတော် မှတ်ချက် ချတော်မူသည်၊

မဟာစည်ဆရာတော်တို့ အဖွဲ့သည် အင်္ဂလိပ်မှတဖန် ဗုဒ္ဓဂယာမြို့သို့ ကြွတော်မူသည်၊ ဗုဒ္ဓဂယာ၌ ဗုဒ္ဓသာသနာဝင်တို့၏ လျှောက်ထားချက်အရ ဗုဒ္ဓဂယာသို့ ရောက်လျှင် ရောက်ချင်းပင် မဟာဗောဓိ အသင်းတိုက်သို့ ကြွတော်မူ၍ ဝိပဿနာတရား ဟောကြားတော်မူသည်။ ပရိသတ်ကြီးလည်း များစွာ နှစ်ထောင်း အားရ ရှိလေသည်။

ဗုဒ္ဓဂယာမှတဖန် ဆရာတော်တို့အဖွဲ့သည် မဒရပ်မြို့သို့ ကြွတော်မူ၍ မဒရပ်၌ ၃-ရက်ခန့် အနားယူသည်။ ထိုသို့ အနားယူနေသည့်အခိုက် ဆရာတော်တို့သည် မဒရပ်မှ ၄၅-မိုင်ဝေးသော အဋ္ဌကထာဆရာ အရှင် ဗုဒ္ဓဃောသ အရှင်ဓမ္မပါလ, သင်္ဂြိုဟ်ဆရာ အရှင်အနုရုဒ္ဓါတို့ သီတင်းသုံးသွားဘူးသော ကဉ္စိပုရမြို့သို့ သွားရောက် လည်ပတ် ကြည့်ရှုတော်မူသည်၊ အဋ္ဌကထာဆရာ စသည်တို့ သီတင်းသုံးသွားဘူးသည် ဆိုသဖြင့် ရှေးက အလွန်စည်ကား ကြီးကျယ်သော ဗုဒ္ဓသာသနာ ဌာနကြီးဖြစ်ခဲ့သော်လည်း ယခုအခါမှာမူ ဗုဒ္ဓသာသနာဆိုင်ရာဟူ၍ မရှိတော့ချေ၊ ဟိန္ဒူ သျှိဝ ဘုရားကျောင်းကြီးများသာ ခမ်းနားစွာ တည်ရှိကြသည်ကို ဝမ်းနည်းဖွယ်ရာ ဆရာတော်တို့ တွေ့မြင်၍ သံဝေဂ ယူရတော့သည်။ မဒရပ်၌ ၃-ရက်မျှ အနားယူပြီးနောက် ဆရာတော်တို့ အဖွဲ့သည် သီဟိုဠ်ကျွန်းသို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့လေသည်။

ဆရာတော်တို့သည် အိန္ဒိယ ခရီးစဉ်တလျှောက်၌ ဘုရားဖူးခြင်း တရားဟောခြင်း၊ ဒေသန္တရဗဟုသုတ ဆည်းပူးခြင်းစသော စိတ်ချမ်းသာဖွယ်ရာများကို ပြုလုပ်ခဲ့ကြသလို ဇာတ်မြင့် ဟိန္ဒူတို့၏ နှောက်ယှက်မှုတို့ကိုလည်း တွေ့ကြုံခဲ့ကြသည်၊ ၎င်းတို့၏ နှောက်ယှက်မှုများမှာ ထိရောက်သည်ကား မဟုတ်၊ သို့သော် ခရီးသွားရာတွင် ကြိုတင် စီစဉ်ထားချက်များ ပျက်ကွက်သဖြင့် ကသိကအောက်ကား ဖြစ်ခဲ့ရသည်၊ ယင်းသို့ အနှောက်အယှက် ခံရခြင်း၏ အကြောင်းမှာ ဗုဒ္ဓသာသနာဝင် ဇာတ်နိမ့် အိန္ဒိယ အမျိုးသားတို့နှင့် ဆက်သွယ်ခြင်းပင် ဖြစ်လေသည်၊

ဣန္ဒိယနိုင်ငံတွင် အလွန် စက်ဆုပ်ဖွယ်ကောင်းသော လူလူချင်း ဇာတ်ခွဲခြားမှုကြီး ရှိခဲ့၏။ ဗြဟ္မဏဆိုသူတို့က သူတို့သာ လူတို့တွင် အမြတ်ဆုံးဖြစ်သည်၊ အခြားသူများမှာ အယုတ်အညံ့များသာ ဖြစ်သည်။ ဗြာဟ္မဏ, ခတ္တိယ, ဝေဿ, သုဒ္ဒ–ဟု အမြင့် အနိမ့် အစဉ်အတိုင်း ဇာတ်၄ မျိုး ဟု သူတို့က ခွဲထားကြ၏၊ ထိုတွင် အညံ့ဆုံးဖြစ်သော သုဒ္ဒဇာတ်ဝင်တို့၏ အခြေအနေကား ဆိုးဝါးလှတော့သည်။ အခြားဇာတ်ဝင်တို့က သူတို့ကို ဆေးဖော်ကြောဖက် မလုပ်ကြ၊ အလုပ်အကိုင်တွင်လည်း ယုတ်ညံ့သော အလုပ်မျိုးကိုသာ သူတို့လုပ်ကြရသည်။ ဟိန္ဒူဘာသာဝင် ဖြစ်သော်လည်း ဝေဒကျမ်း (ဘုရားစာ) တို့ကို နားမထောင်ရ စသည်ဖြင့် ကန့်သတ်ချက်များစွာ ရှိ၏၊ ၎င်းသုဒ္ဒတို့အောက်တွင် လူချင်းမထိရသော အနိမ့်ကျဆုံး အဆင့်တခု ရှိပြန်သည်။ ၎င်းတို့၏ ကိုယ်နှင့် အခြား ဗြာဟ္မဏ စသော သူတို့ ထိမိလျှင် သနသွားသည်၊ လမ်းသွားယင်း ထိမိလျှင် ရှေ့ဆက်မသွားရပဲ အိမ်ပြန်၍ ရေချိုးရသည် ဟူ၏။ အချုပ်ဆိုရလျှင် မထိရသော အမျိုးတို့သည် လူဖြစ်ပါလျက် လူ့အခွင့်အရေး ဆုံးနေရသူများတည်း။ ဇာတ်မြင့်များသုံးသော ရေတွင်းမှ ရေကို သူတို့ မခပ် မယူရ၊ ထိုတွင်းမှ ရေလိုလျှင် ရေတွင်းမှာ သွားစောင့်နေရသည်၊ ဇာတ်မြင့်သူ တစုံတယောက် ရေတွင်းသို့ဖြစ်စေ ရေတွင်းနားသို့ဖြစ်စေ လာမှ တောင်းပန် တိုးလျှိုး၍ တွင်းမှ ရေခပ်ပြီး သူတို့အိုးခွက်ထဲသို့ ထည့်ပေးရန် အသနားခံကြရသည်၊ ကြင်နာတတ်သော ဇာတ်မြင့်နှင့် တွေ့လျှင် ထည့်ပေးသွားသည်။ အသနားမဲ့သူနှင့် တွေ့လျှင် ရေခပ်မပေးသည့်အပြင် သူတို့ကိုပင် ဆဲဆိုသွားသေးသည်၊ ဤမျှ နှိမ်ထားသည်။ ဤအဖြစ်ကို ဣန္ဒိယ ခေါင်းဆောင်ကြီး ဂန္ဓီ မနှစ်သက်ခဲ့၊ ဝန်ကြီးချုပ် နေရူး စသော အမြင်ကျယ်သော ပုဂ္ဂိုလ်များလည်း သဘောမကျခဲ့။ ထို့ကြောင့် လွတ်လပ်ရေး မရမီကပင် ဇာတ်ဝါဒ ကွယ်ပျောက်ရေးကို ကြိုးစားခဲ့ကြသည်။ လွတ်လပ်ရေး ရပြီးသည့် နောက်တွင်ကား ဇာတ်ခွဲခြားမှုကို တိတိရောက်ရောက် ဥပဒေဖြင့် နှိမ်ခဲ့သည်။ သို့သော် နှစ်ပေါင်း ထောင်နှင့်ချီ၍လာသော အစွဲဖြစ်၍ လွယ်လွယ်ကူကူနှင့်ကား ပျောက်မည် မဟုတ်ပေ။

ဤဇာတ်မြင့် ဇာတ်နိမ့်ခွဲခြားမှုကို အပြင်းအထန် တိုက်ခိုက်ခဲ့သူကား သူကိုယ်တိုင် မထိကောင်း ဇာတ်နိမ့်မျိုးဖြစ်သူ ဒေါက်တာ အမ်ဘက်ဒ်ကာ ဆိုသူပင် ဖြစ်လေသည်၊ အမ်ဘက်ဒ်ကာသည် ဣန္ဒိယ၌ အခြေခံပညာကို ကြိုးစား သင်ကြားပြီးနောက် အမေရိကန်, အင်္ဂလန်တို့သို့သွား၍ ဒေါက်တာဘွဲ့ ဝတ်လုံဘွဲ့ရသည်အထိ ထူးချွန်အောင် ကြိုးစားခဲ့သည်။ ထိုနောက် ဣန္ဒိယသို့ ပြန်၍ မိမိနှင့် ဘဝတူ ဇာတ်နိမ့်တို့ကို ပညာရေးဖြင့် မြင့်တင်ခဲ့

သည်။ နောင် ဣန္ဒိယနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် တရားဝန်ကြီး ဖြစ်လာ၍ ဣန္ဒိယနိုင်ငံ၏ အခြေခံ ဥပဒေကို ရေးဆွဲရသည်။ ယင်းအခြေခံ ဥပဒေတွင် ပုဒ်မ ၁၁-အဖြစ် "မသိကောင်း ဇာတ်နိမ့်အဖြစ်ကို ပယ်၍ ထိုအဖြစ်ကို ကျင့်သုံးလျှင် တရားဥပဒေအရ အရေးယူခံရမည်" ဟု ထည့်သွင်း ရေးသား တင်သွင်းခဲ့ရာ ဥပဒေပြု လွှတ်တော်က ကောင်းချီး ဩဘာပေး၍ တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့သည်။

ဒေါက်တာ အမ်ဘက်ဒ်ကာသည် လူလူချင်းအပေါ် ဤမျှ ရက်စက်စွာ အဆင့်အတန်းခွဲခြားမှုကို ပြဋ္ဌာန်းခဲ့သော ဟိန္ဒူဘာသာအပေါ်၌ စိတ်နာ ဟန်တူသည်၊ ထို့ကြောင့် သူသည် သန်းပေါင်းများစွာသော နောက် လိုက်တို့နှင့်အတူ ဇာတ်ခွဲခြားမှု မရှိသော ဗုဒ္ဓသာသနာသို့ ကူးပြောင်းခဲ့ လေသည်။ ယနေ့တိုင်အောင်လည်း အနှိမ်ခံ ဇာတ်နိမ့်ဝင်တို့သည် ဗုဒ္ဓ သာသနာသို့ တဖွဲဖွဲ ကူးပြောင်းလာဆဲပင် ဖြစ်သည်။

ဗုဒ္ဓသာသနာသို့ ကူးပြောင်း ပြီးစဖြစ်သော ထိုဇာတ်နိမ့်ဝင် တို့သည် မဟာစည်ဆရာတော် ဣန္ဒိယသို့ ကြွလာကြောင်း ကြားသိ ကြသောအခါ မဟာစည်ဆရာတော်ကို ဖူးမြော်၍ ဆွမ်းလှူရန် တရားနာယူရန် တရားအား ထုတ်ကြရန် အစီအစဉ်လုပ်ကြသည်။ မိမိတို့က လူ့အဆင့်အတန်း အောက်သို့ ချ၍ နှိမ်ထားသူများ ဗုဒ္ဓသာသနာဝင်တွေ ဖြစ်ကုန်ကြပြန် တော့လည်း ဇာတ်မြင့် ဟိန္ဒူတို့သည် မနှစ်မြို့နိုင်ကြပြန်ပေ။ ဇာတ်ခွဲခြားမှုကို ဥပဒေဖြင့် တားမြစ်ထားပြီး ဖြစ်သဖြင့် ပွင့်ပွင့်လင်းလင်းလည်း မနှောက်ယှက်ဝံ့ကြ၊ ထို့ကြောင့် ဇာတ်မြင့်ဝင်ဖြစ်သော ဟိန္ဒူရှုံပိုင်ဟို့သည် တတ်နိုင်သည့်နည်း ဖြင့် အစီအစဉ်များပျက်ကုန်အောင် လုပ်ကြတော့သည် မဟာစည်ဆရာတော် အဖွဲ့သည် သီးသန့်တွဲဖြင့် ဣန္ဒိယပြည်တွင်း၌ ခရီးသွားသည်ဖြစ်ရာ ဇာတ် နိမ့်ဝင် ဗုဒ္ဓသာသနာဝင်တို့နှင့် အချိန်းအချက်ရှိသော နေရာတို့၌ ထို အချိန်းအချက် ပျက်အောင် သီးသန့်တွဲကို အချိန်မှီမည့် မီးရထားတွင် ချိတ်မပေးဘဲ နောက်ကျသော ရထားမှာမှ ချိတ်ပေးကြသည်၊ မဟာစည် ဆရာတော်သည် အဂရာသို့ ကြွစဉ်တကြိမ်, အဂျန္တာမှ ဘူဆစ်သို့ ကြွစဉ် တကြိမ်, ဘုံဘေသို့ ကြွစဉ်တကြိမ် အားဖြင့် ၃-ကြိမ် အနှောက်အယှက် ခံတော်မူရသည်၊ ဆွမ်းကပ်ရန် အစီအစဉ်များ ပျက်သော်လည်း တရားပွဲ များမှာမူ မပျက်ခဲ့ပါ၊ မဟာစည်ဆရာတော်သည် အဂရာအသွား၌ တကြိမ် အနှောက်အယှက်ခံပြီးနောက် ဘူဆစ်သို့ အရောက် တရားပွဲတွင် "ဖန်ဆင်း သူ မရှိကြောင်း ဇာတ်ကြောင့် လူသည် ယုတ်သည် မြတ်သည်ဟု မရှိကြောင်း မိမိ၏ အလုပ်ကြောင့်သာ ဝါ-ကုသိုလ်ကံ အကုသိုလ်ကံ ကြောင့်သာ ယုတ်သည် မြတ်သည် ဟု ရှိကြောင်း" စသည်များကို ပါဠိတော် ကျမ်းကိုး

ကျမ်းကား စုံလင်စွာဖြင့် ၂-နာရီတိတိ အကျယ် ဟောတော်မူလေတော့သည်၊ တရားနာ ပရိသတ်ကြီးကား လက်ခုပ် တဖြောင်းဖြောင်း တီးကာ သြဘာပေးလေသည်။

ထိုအချို့သော အယူသည်း ဇာတ်မြင့်တို့သည် မဟာစည် ဆရာတော် အဖွဲ့ ကိုဆိုရေး ဇာတ်နိမ့် ဗုဒ္ဓသာသနာဝင်တို့အား အနည်းငယ်မျှပင် ကသိ ကအောက် ဖြစ်လျှင်လည်း ဖြစ်စေတော့ သဘောမျိုးဖြင့် တတ်နိုင်သမျှ ဒုက္ခပေးလိုက်ခြင်း ဖြစ်ပေသည်၊ သူတို့ လုပ်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ခံရသူများကလည်း မည်သို့မျှ မတတ်နိုင်ပေ။ "လူမိုက်တို့ ပေတကား" ဟု သံဝေဂယူကာ သည်းခံ ကြရသည်ပင် ဖြစ်ပေသည်၊ ဤကဲ့သို့ နှောက်ယှက်လိုက်ရသဖြင့် သူတို့သည် အနည်းအကျဉ်း ဝမ်းသာ အားရ ဖြစ်ကြမည်ကား မှန်ပါ၏၊ သို့သော် ဤသို့နှောက်ယှက်လိုက်သဖြင့် ဇာတ်နိမ့် ပုဂ္ဂိုလ်တို့က သူတို့အပေါ် သာ၍ပင် မေတ္တာ ပျက်သွားကြသည့် အဖြစ်ကား တခဏမျှ ဝမ်းသာရမှုနှင့် မကာမိပါပေ၊ ရေရှည်တွင် များစွာ အကျိုးမဲ့ကို ဖြစ်စေနိုင်သော အပြုအမူမျိုးပေတကား၊ သဘာဝမကျ တရားမျှတမှု မရှိသည့် ဇာတ်ခွဲခြားမှု ဝါဒဆိုးကြီး ဣန္ဒိယနိုင်ငံတွင် လုံးဝ ကွယ်ပျောက်ပါစေသတည်း။

## သီဟိုဠ် ခရီး

နောက်က ဖေါ်ပြခဲ့ပြီးသည့်အတိုင်း မဟာစည်ဆရာတော်သည် သီဟိုဠ်သို့ ကြွရန်ဟူသော ပဓာန ဦးတည်ချက်ဖြင့် နိုင်ငံခြားသို့ ထွက်တော် မူခဲ့ခြင်း ဖြစ်သည်၊ ဣန္ဒိယခရီးမှာ လမ်းကြုံနေသဖြင့် သွားယင်း ဟန်လွှဲမျှသာ ဖြစ်လေသည်၊ ထို့ကြောင့်ပင် ၁၃၂၀-ခု ပြာသိုလဆုတ် ၆-ရက်နေ့တွင် မဒရပ်မှ သီဟိုဠ်သို့ လေယာဉ်ဖြင့် ထွက်ခွါတော် မူခဲ့လေသည်၊ ထိုနေ့ညနေ ၇-နာရီခန့်တွင် ကိုလံဘို လေဆိပ်သို့ ရောက်၍ မက်ကာသိ ဌာနသို့ ၇-နာရီခွဲခန့်တွင် ရောက်တော်မူလေသည်။

မက်ကာသိ ဌာနကား မဟာစည်ကမ္မဋ္ဌာန်း ဗဟိုဌာနအဖြစ် တည်ဆောက်ထားသော ဌာနဖြစ်၏၊ သီဟိုဠ်လို ဘာဝနာမဓျဆထာန ဟု ခေါ်သည်၊ ပါဠိလို ဘာဝနာမဇ္ဈဌာနပင် ဖြစ်၏၊ ဆရာတော် အရှင်သုဇာတတို့ ပဌမ အကြိမ် သာသနာပြု ကြွကြစဉ်က ဌာနချုပ် ပရှိသဖြင့် အလွန် ကျယ်ပြန့်အောင် သာသနာ မပြုနိုင်ခဲ့ကြပေ၊ ထို့ကြောင့် ဆရာတော်များ ကျယ်ပြန့်စွာ သာသနာ ပြုနိုင်ရန် လံကာ ဝိပဿနာ ပြန့်ပွားရေး အသင်းက ဤဌာနချုပ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်၊ ယခု ဆရာတော်များ

ကြွလာတော်မူကြခြင်းမှာ ဤဌာနချုပ် ဖွင့်ပွဲ ကျင်းပရန်နှင့် သာသနာ ဆက်လက် ပြုရန်အတွက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါး ထားခဲ့ရန် ဖြစ်လေသည်။

မဟာစည် ဆရာတော်နှင့်အတူ ဆရာတော် အရှင်သုဇာတ ဘာဝနာ ဌာနချုပ်သို့ ရောက်သည် ဆိုလျှင်ပင် ယောဂီဟောင်း ဒကာ ဒကာမများ တဖြည်းဖြည်း ရောက်လာကြသည်၊ အားလုံး တရာကျော် နှစ်ရာခန့် ရှိသည်၊ ထိုပရိသတ် ငြိမ်သက်စွာ နေသည်ကို မြင်သောအခါ မဟာစည်ဆရာတော် သည် တရားဟောချင်စိတ် ဖြစ်လာသည်၊ ထိုစိတ် ဖြစ်နေစဉ်ပင် မြန်မာလို တတ်သော သီဟိုဠ်ရဟန်းတပါး ရောက်လာသဖြင့် ထိုရဟန်းကိုပင် ဘာသာ ပြန်စေပြီး တနာရီကျော်ခန့် တရားဟောတော်မူသည်၊ နောက်တနေ့တွင် နိစံဘ ဒကာမကြီးအိမ်သို့ ကြွ၍ ကျွံးစာ အမျိုးမျိုးကို ကြည့်ရှုတော် မူသည်။

ပြာသိုလဆုတ် ၈-ရက် တနင်္ဂနွေနေ့တွင် ဘာဝနာ ဌာနချုပ် ဖွင့်လှစ် ပွဲကို ကျင်းပကြသည်၊ ဂိုဏ်းပေါင်းစုံမှ ဆရာတော်များ အသီးအသီး မိန့်ခွန်း ပြောကြသည်၊ ထိုနောက် ကမ္ဘာ့ ဗုဒ္ဓသာသနာအသင်း ဥက္ကဋ္ဌ တရားဝန်ကြီး ဦးချန်ထွန်း, သီဟိုဠ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗန္ဒာရနာယကတို့ ပြောကြ သည်၊ ထို့နောက်မှ မဟာစည်ဆရာတော်က ပါဠိဘာသာဖြင့် မိန့်ခွန်းမြွက် ကြား၍ အရှင်သုဇာတ ဆရာတော်က စကားအနည်းငယ် ပြောကြားပြီး ဖွင့် ပွဲကို ရုပ်သိမ်းလိုက်ကြလေသည်။

ဘာဝနာ ဌာနချုပ် ဖွင့်လှစ်လိုက်သော်လည်း ယောဂီများကို လက်ခံ၍ တရားပြနိုင်လောက်အောင် အသင့်မရှိသေးသဖြင့် ထိုဌာန၌ နေ့ယောဂီများ ကိုသာ လက်ခံနိုင်ခဲ့သည်၊ ယင်း ဘာဝနာ ဌာနချုပ် ဖွင့်ပွဲ ပြီးသည့်နောက် တွင် မဟာစည်ဆရာတော်၏ လုပ်ငန်းမှာ ဘုရားဖူးကြွခြင်းနှင့် ထိုထိုအရပ် ကမ္မဋ္ဌာန်းဌာနတို့၌တရားဟောရခြင်းပင် ဖြစ်လေသည်၊ ဖွင့်ပွဲ ပြီးသည့်နောက် ပြာသိုလဆုတ် ၁၂-ရက်နေ့မှ စ၍ပင် ထို မက်ကာသီဌာန၌ ဝိပဿနာနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောတော်မူသည်၊ အရိယရတန ဆရာကြီးပင် သီဟိုဠ် လို ပြန်သည်၊ တရားဟောချိန်မှာ နေ့စဉ် ၄- နာရီခွဲမှ ၆- နာရီ အထိ တနာရီခွဲ ကြာသည်၊ ထို့နောက် ၁၅-မိနစ် တရား အားထုတ် စေသည်၊ နေ့စဉ် ပရိသတ်မှာ ၃၀၀-ကျော် ၄၀၀· ခန့်ရှိသည်၊

ပြာသိုလဆုတ် ၅-ရက်နေ့တွင် မဟာစည်ဆရာတော်တို့အဖွဲ့သည် ဘုရား ဖူးထွက်လေသည်။ ထိုစဉ်က သီဟိုဠ်ကျွန်းမှာ အလွန် အေးချမ်းသာယာ

သော နိုင်ငံကလေးဖြစ်၏။ ပြည်တွင်းစစ်ဆိုသည်ကို ကြားပင်မကြားဖူး၊ ကားလမ်းများလည်း တကျွန်းလုံး ကောင်းမွန်သည်၊ လမ်းကြမ်းများ မရှိသလောက် ရှားသည်၊ သူခိုး, ဓားပြလည်း နည်းသည်။ ထို့ကြောင့် ဘုရားဖူးဖြစ်စေ၊ အပျော်သက်သက်ဖြစ်စေ ခရီးထွက်ရာ၌ စိုးရိမ်ကြောင့်ကြဖွယ် ဟူ၍ ဘာမျှ မရှိ၊ စိတ်အေးချမ်းစွာဖြင့်ပင် သွားလာလည်ပတ်နိုင်သည်။ မီးရထားလမ်းလည်း များစွာမရှိ၊ ခရီးသွား မော်တော်ကားများကိုလည်း အလွယ်တကူပင် ငှား၍ ရနိုင်သည်၊ သို့ဖြစ်ရာ မြန်မာပြည်မှ ဘုရားဖူးသွားကြသူများသည် မော်တော်ကားဖြင့်သာ ဘုရားဖူး သွားကြသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်တို့ ဘုရားဖူးကြွရန် စီစဉ်သောအခါမှာလည်း ဒါယကာ ဒါယိကာမများက ကိုယ်ပိုင် ကားများဖြင့်ပင် စီစဉ်ကြလေသည်၊

ထိုနေ့ နံနက် ၇-နာရီခန့်တွင် ကိုလံဘိုမှ ထွက်ခဲ့ကြရာ နေ့ ၂-နာရီအချိန်တွင် ကိုလံဘိုမှ အရှေ့မြောက် ၁၅၀-မိုင် ဝေးသော ပေါလောန္နရုဝ ခေါ် မြို့ဟောင်းသို့ ရောက်တော်မူကြသည်၊ ထိုမြို့ကား သီဟိုဠ် ရာဇဝင်တွင် အလွန် ထင်ရှားသော ပဌမ ပရက္ကမဗာဟုမင်းကြီး ထီးနန်းစိုက်ရာ ပုလတ္ထိနဂရခေါ် မြို့ပင် ဖြစ်လေသည်။ ပါဠိစာပေနှင့် မရင်းနှီးသူတို့အဖို့ ထို႒ာနသည် ရှေးဟောင်း အဆောက်အဦးပျက်များရှိရာ ႒ာနသာမန် တခုမျှသာ ဖြစ်သော်လည်း ပါဠိစာပေကို နှံ့စပ်ကျွမ်းကျင်တော်မူသော မဟာစည်ဆရာတော်တို့အဖို့ကား များစွာ အဓိပ္ပါယ်ရှိသော ႒ာနတခုပင် ဖြစ်ပါတော့သည်။

သီဟိုဠ်ကျွန်း၌ အနုရာဓပုရခေတ်မှ ၎င်း မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်း ဟု ဂိုဏ်းကြီး ၃-ဂိုဏ်း ကွဲလျက် ရှိခဲ့ရာ ထိုဂိုဏ်းကြီး ၃-ဂိုဏ်းကို တဂိုဏ်းတည်းဖြစ်အောင် ကြိုးပမ်းခဲ့သော ဘုရင်မှာ ပဌမ ပရက္ကမဗာဟုမင်းပင် ဖြစ်ပေသည်၊ ဤ ပုလတ္ထိမြို့တော်မှာပင် ထိုမင်းကြီးသည် နိကာယတ္တယသာမဂ္ဂီခေါ် ဂိုဏ်းကြီး ၃-ဂိုဏ်း ညီညွတ်စည်းလုံးမှုကို ဖြစ်စေခဲ့သည်။ ဝိနည်း အဋ္ဌကထာ၏ အဖွင့် သာရတ္ထဒီပနီဋီကာ စသော ကျမ်းများကို ရေးသားခဲ့သော အရှင်သာရိပုတြာ, ထိုအရှင်၏ တပည့်တဦးဖြစ်သော ဋီကာကျော် ကျမ်းပြုဆရာ အရှင်သုမင်္ဂလသာမိ, အခြားတပည့်တဦးဖြစ်သော ဆန်းအလင်္ကာ, သမ္ဗန္ဓစိန္တာ, ခုဒ္ဒသိက္ခာဋီကာသစ်, စသော ကျမ်းတို့ကို ပြုခဲ့သော အရှင်သံဃရက္ခိတ, အခြားတပည့်တဦးဖြစ်သော ကင်္ခါဋီကာသစ်ကျမ်းပြု အရှင်ဗုဒ္ဓနာဂ, အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန် စသော များစွာသော ကျမ်းပြုမထေရ်တို့ သီတင်းသုံးခဲ့ရာ ႒ာနလည်း ဖြစ်သည်၊ ထိုကျမ်းတို့ကား

ယနေ့တိုင်အောင် ရဟန်းတော်များ သင်ကြား ပို့ချနေသော သာသနာ ဇေတ့် ကျောင်းများပင် ဖြစ်သည်။ ဤအကြောင်းများကို မဟာစည်ဆရာ တော်သည် နောက်ပါ အရှင်တို့အား မိန့်ကြားယင်း ထိုမထေရ်တို့၏ ဂုဏ်ကျေးဇူးတို့ကို သတိရလျက် အဖန်ဖန် ဦးညွတ်တော်မူခဲ့သည်။ တချိန်က မည်မျှပင် ကြီးကျယ်ခဲ့သော်လည်း ယခုအခါမှာမူ သင်္ချိုင်း ဒဏ်ချက်ကြောင့် အပျက်အစီးများသာ ကြွင်းကျန်နေသော အဆောက်အဦးတို့ကို ရှု၍လည်း သံဝေဂ ယူတော်မူလေသည်။

ပုလတ္ထိမြို့ဟောင်းမှ ညနေ (၆)နာရီတွင် ထွက်ခဲ့၍ ည(၈)နာရီ ကျော် ကျော်တွင် ပုလတ္ထိမြို့မှ ၆၃-မိုင်ဝေးသော အနုရာဓမြို့သို့ ရောက်တော်မူ သည်၊ အနုရာဓပုရမြို့ကား သီဟိုဠ် ရာဇဝင်တွင် ရှေးအကျဆုံးနီးနီး ဖြစ် သော မြို့တော်ဖြစ်၍ အနှစ် ၁၂၀၀-ကျော် မြို့တော်အဖြစ် တည်ရှိခဲ့ သဖြင့် အလွန် မြို့ဘော်သက်ရှည်သော မြို့လည်းဖြစ်သည်၊ ထိုမြို့ကို သာ သနာနှစ် ၁၀၇-ခုနှစ်ဘွင် နန်းတက်သော ပဏ္ဍုကာဘယမင်း မြို့တော်အဖြစ် တည်ထောင်ခဲ့သည်ဟု မဟာဝင်အရ သိရသည်ဖြစ်ရာ ယင်း၏ မြို့သက်မှာ အနှစ် ၂၄၀၀-ကျော် နေပြီ ဖြစ်လေသည်။ သီဟိုဠ်နိုင်ငံ ဗုဒ္ဓသာသနာ သမိုင်းဘွင်လည်း ဤမြို့သည် ထိပ်တန်းအရေးကြီးသော မြို့ဖြစ်ပေသည်၊ ဇမ္ဗူဒီပနိုင်ငံမှ အရှင်မဟိန္ဒ ကြွလာ၍ မဋ္ဌမဆုံး ဗုဒ္ဓသာသနာဝင် ဖြစ်သူမှာ ဤမြို့၌ ထီးနန်းစိုက်နေသော ဒေဝါနံပိယတိဿမင်းကြီးပင် ဖြစ်သည်။ ဤ မြို့မှ အစပြု၍သာ သီဟိုဠ်ကျွန်း အခြားအရပ်ရပ်တို့သို့ ဗုဒ္ဓသာသနာတော် ပြန့်ပွားသွားခြင်း ဖြစ်လေသည်။ ထေရဝါဒ သာသနာတွင် ကျော်ကြား လှသော မဟာဝိဟာရ ကျောင်းတိုက်ဟူသည်လည်း ဤမြို့၌ အရှင်မဟာ မဟိန္ဒ ပဌမဆုံး တည်ထောင်ခဲ့သော ကျောင်းတိုက်ကြီးဖြစ်၍ နောင်တွင် ထေရဝါဒ သာသနာ၏ ဌာနချုပ်ကြီး ဖြစ်ခဲ့သည်။ အရှင်မဟိန္ဒသီဟိုဠ်သို့ ဆောင်ယူသော မူလအဋ္ဌကထာမှ သီဟိုဠ်ဘာသာ ပြန်ထားသော မဟာ အဋ္ဌကထာကို အသည်းကိုယ် (ကျမ်းရင်း) ပြု၍ အဋ္ဌကထာသစ်များကို အရှင် ဗုဒ္ဓဃောသမထေရ် ပြုစုရာဝယ် ဤမြို့မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ပင် သီတင်းသုံးတော်မူလျက် ပြုစုတော်မူခဲ့ရသည်။ သာသနာနှစ် ၉၀၀-ကျော် က အရှင် ဗုဒ္ဓဃောသ ပြုစုခဲ့သော ထိုအဋ္ဌကထာတို့သည်ပင် ယနေ့ထေရ ဝါဒ ပိဋကတ်၏ ပမာဏမြောက်သော အဖွင့်ကျမ်းများအဖြစ် ရပ်တည်လျက် ရှိကြသည်၊ ထိုအဋ္ဌကထာများကိုပင် ဘုရားဟောပမာ လေးစား၍ မြန် မာပြည် သံဃာတော်တို့လည်း လေ့လာ သင်ယူကြရသည်။ ယခုအခါမှာမူ ဆဋ္ဌသံဂါယနာ တင်ရာမှာပင် သံဂါယနာ တင်ခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် အနုရာဓမြို့သည် သီဟိုဠ်အမျိုးသားတို့ အဖို့သာမက ထေရဝါဒ ဗုဒ္ဓသာ

သနားခင် အားလုံးအဘွက်ပင် စိတ်ဝင်စားစရာ ကောင်းသော ဌာနတခု ဖြစ်လေသည်၊ ထို့ကြောင့်လည်း မဟာစည် ဆရာတော်တို့အဖွဲ့သည် ဤမြို့သို့ ကြွရောက်လာခဲ့ခြင်း ဖြစ်ပေသည်၊

ပုလတ္တိမြို့၌ သံဝေဂယူဖွယ် များစွာ ရှိသော်လည်း သာသနာရေးအရ စိတ်ကြည်နူးစရာ ဘုရား စသည်မှာကား နည်းလှသည်၊ ဤအနုရာဓမြို့၌ကား သံဝေဂယူစရာတွေ ရှိသည်နှင့်အမျှ စိတ်ကြည်နူးစရာတွေလည်း များလှသည်၊ မဟာစည်ဆရာတော်တို့အဖွဲ့သည် အနုရာဓမြို့သို့ ရောက်၍ တည်းခိုရာဌာနသို့ ခေတ္တမျှ နားပြီး ထူပါရုံ စေတီတော်သို့ သွားရောက်၍ မီးပူဇော်ကြ ရှိခိုးဖူးမျှော်ကြသည်၊ ထူပါရုံစေတီကား သီဟိုဠ်ကျွန်းတွင် ပဌမဆုံး တည်သော စေတီတော်ဖြစ်သည်၊ ရှင်မဟိန္ဒ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်အပ်သော စေတီတော်ဖြစ်၍တကြောင်း ကကုသန် စသော လေးဆူသော ဘုရားရှင်တို့၏ ခါးပန်းတော်, ရေစစ်တော်, ရေသနုတ်တော်, ညှပ်ရိုးတော် ဟူသော ပရိဘောဂ သရီရ ဓာတ်တော်တို့ ဌာပနာရာဖြစ်၍ ဓာတ်တော်စုံသော စေတီတော်ဖြစ်၍ တကြောင်း ဤစေတီတော်ကို ဖူးမျှော်၍ မဝနိုင်အောင် ရှိပေသည်။ နေရာဌာနလည်း လူသူကင်းဆိတ်သည်၊ အချိန်ကလည်း ညအချိန်ဖြစ်၍ အသံများ တိတ်ဆိတ်ချိန် ဖြစ်သည်၊ ဘုရားကို အာရုံပြုသော ပီတိကလည်း တဖွားဖွား ဖြစ်ပေါ်လျက်ရှိရာ ကြည်နူးမဆုံးပင် ရှိတော့သည်။ မဟာစည် ဆရာတော်သည် မိမိကဲ့သို့ အခြားပုဂ္ဂိုလ်များလည်း ကုသိုလ် ပွားစိမ့်သောငှါ ဤအကြောင်းများကို နောက်ပါပုဂ္ဂိုလ်တို့အား ပြောပြ၍ ကြည်ညိုစေတော်မူသည်၊

နောက်တနေ့တွင် မြန်မာနိုင်ငံက လှူသော စိန်ဖူး တင်ထားသဖြင့် မြန်မာနိုင်ငံတိုင်အောင် ကျော်ကြားသော မဟာဗောဓိကိုင်း၊ သံဃမိတ္တာထေရီ ပင့်ဆောင်လာသော ဒက္ခိဏသာခါ မဟာဗောဓိပင်ကိုင်း ငုတ်ကြီး ၃-ဂိုဏ်းကွဲမှုနှင့် စပ်၍ စာပေ၌ ထင်ရှားသော အဘယဂိရိစေတီ ဇေတဝနစေတီတို့ကိုင်း၊ အဋ္ဌကထာတို့ဖြစ်ပေါ်ရာ မဟာဝိဟာရကျောင်းတိုက်ရာနှင့် လောဟပါသာဒ ကြေးပြာသာဒ်ရှိရာ အရပ်တို့ကိုင်း၊ သွားရောက် ဖူးမျှော် ကြည့်ရှုတော်မူကြသည်၊

တို့နေ့ မွန်းလွဲ ၂ ချက်တီးကျော် အချိန်တွင် အနုရာဓပုရမြို့ အရှေ့ ဂ-မိုင်ခန့် ဝေးသော အရပ်ရှိ သီဟိုဠ်လို မိဟိန္တလေခေါ် အရှင်မဟိန္ဒ တောင်သို့ ကြွရောက်တော်မူသည်၊ ပါဠိစာပေတွင် ထိုတောင်သည် "စေတိယပဗ္ဗတ"ဟုရင်း၊ "စေတိယဂိရိ"ဟုရင်း၊ "မိဿကပဗ္ဗတ"ဟုရင်း ထင်ရှားသည်၊ ဤတောင်ကား အရှင်မဟိန္ဒထေရ် ပဌမသီတင်းသုံးရာ တောင်ပင်

ဖြစ်သည်၊ ဤတောင်ပေါ်မှာပင် သခင်လိုက်လာသော ဒေဝါနံပိယတိဿ မင်းသည် အရှင်မဟိန္ဒနှင့် တွေ့၍ ဗုဒ္ဓသာသနာဝင် ဥပါသကာတဦး ဖြစ်ခဲ့သည်၊ နောင်အခါတွင် ဒေဝါနံပိယတိဿမင်းကြီးသည် ထိုနေရာ၌ အမ္ဗတ္ထလ ခေါ် စေတီကိုတည်၍ အရှင်မဟိန္ဒ၏ ဓာတ်တော်များကို ဌာပနာလေသည်၊ အရှင်မဟိန္ဒထေရ်သည် ထိုအချိန်မှစ၍ များစွာသော ရဟန်းတော်တို့၏ သီတင်းသုံးရာ တောင်ပေါ်ရိပ်သာအဖြစ် တည်ရှိခဲ့လေသည်။ မဟာစည်ဆရာတော်တို့အဖွဲ့သည် ထိုတောင်ပေါ်၌ အရှင်မဟိန္ဒ သီတင်းသုံးခဲ့သော နေရာများ သီတင်းသုံးခဲ့ရာဖြစ်သော ကျောက်ဂူများ စေတီပုထိုးများကို ကြည့်ရှုဖူးမျှော်ခဲ့ကြသည်။ သစ္စကပရိဗိုဇ် ဝင်စားသူဖြစ်သော ကာဠဗုဒ္ဓရက္ခိတမထေရ် သီတင်းသုံးရာ တရားဟောရာ ဌာနတို့ကိုလည်း သွားရောက် ကြည့်ရှုတော်မူခဲ့သည်၊ အနုရာဓပုရသို့ အပြန်တွင်လည်း လမ်းမှာရှိသည့် မြာလေးပန်းဥယျာဉ်၌ တည်ရှိသော ကျောင်းတခုကို ဝင်ရောက်ကြည့်ရှု မှတ်သားတော်မူခဲ့သည်၊ ထိုကျောင်းသို့ ဝင်ရောက်ခြင်းမှာကား ရှေးက အရှင်မဟိန္ဒ တောင်၌ သီတင်းသုံးသော မဟာတိဿ မထေရ်သည် အနုရာဓမြို့သို့ ဆွမ်းခံသွားစဉ် လင်နှင့် ရန်ဖြစ်၍ မိမိကိုယ်ကို ကျနစွာ ဆင်ယင်ပြီး ထွက်လာသော မာတုဂါမတယောက်၏ ရယ်သံကို ကြား၍ ကြည့်လိုက်ရာတွင် သွားတို့ကို မြင်၍ အဋ္ဌိက အသုဘနိမိတ် ထင်လျက် ဈာန်ရပြီးလျှင် ဝိပဿနာကို ပွါးစေ၍ မဂ်လေးပါး အစဉ်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်သွားဘူးသော ဌာနဖြစ်ကြောင်း ကြားသိရ၍ အမှတ်တရ ဖြစ်စေရန် ဖြစ်လေသည်။

တပို့တွဲလဆန်း ၂-ရက်နေ့တွင် ဆရာတော်တို့သည် ကန္ဒီမြို့သို့ ဦးတည်၍ နံနက် ဂ-နာရီ အနုရာဓမြို့မှ ထွက်ခဲ့ကြသည်၊ အဝုကန ခေါ် အရပ်၌ နေ့ဆွမ်း စားကြရသည်၊ ထိုအရပ်၌ ပေ ၃၀-ခန့်မြင့်သော ကျောက်ဆင်းတုမတ်ရပ်တဆူ ရှိသည်၊ ပေါလောန္နရုဝခေတ် လက်ရာဟု ဆိုသည်၊ ဆင်းတုတော်ကြီးအနီးမှာပင် နေ့ဆွမ်း ဘုဉ်းပေးတော်မူကြသည်။ နေ့ ၂-နာရီခန့်တွင် ဒမ္ဗူလ ခေါ် အရပ်သို့ ရောက်သည်၊ ထိုအရပ်တွင် တောင်ကမ်းပါးယံ၌ လိုဏ်ဂူကြီးတခု ရှိ၍ ထိုအတွင်းတွင် ဘုရားဆင်းတုတော်များ ရှိသည်။ ထိုအရပ်မှ တဖန် ၄-နာရီအချိန်တွင် ထွက်ခဲ့ရာ ပေဿက်အက္ခရာ တင်ရာဖြစ်သော အာလောကလိုဏ်ဂူသို့ ၅-နာရီအချိန်တွင် ရောက်ကြသည်။အာလောက လိုဏ်ဂူကား မြင့်မားသော တောင်ကမ်းပါးယံတွင် ပြုပြင် ဆောက်လုပ်ထားသော လိုဏ်ဂူကြီးဖြစ်သည်။ ဤလိုဏ်ဂူကြီးမှာပင် သီတင်းသုံးတော်မူကြ၍ ငါးရာသော ရဟန္တာတို့သည် ပိဋကတ်တော်တို့ကို ပေထက်အက္ခရာ တင်တော် မူခဲ့ကြလေသည်။ လာလတ္တံ့သော ကာလ၌ ရဟန်းတို့သည်

သတိပညာ နည်းကုန်သည်ဖြစ်၍ ပါဠိတော်တို့ကို အာဂုံဆောင်နိုင်ကြမည် မဟုတ်၊ ထိုသို့ဖြစ်လျှင် ပါဠိတော်များ ပျောက်ပျက်ကုန်ရာသည်ဟု အရှည် ကို မျှော်တွေး၍ ပေရေးအက္ခရာ တင်တော်မူခဲ့ကြသော ထိုရဟန္တာ မထေရ် ကြီးတို့၏ ကျေးဇူးကား ကြီးမားပါပေသည်၊ ဗုဒ္ဓမြတ်စွာ သာသနာ တည်ရှိနေသရွေ့ ထိုရဟန္တာတို့၏ ကျေးဇူးကို မမေ့ထိုက်၊ မမေ့ကောင်းပါပေ။ မဟာစည် ဆရာတော်တို့သည် ထိုရဟန္တာအရှင်မြတ်ကြီးတို့၏ သာသနာ တည်တံ့ရေး လုပ်ငန်းကို အာရုံပြုကာ ထိုမထေရ်ကြီးတို့၏ ကျေးဇူးတော်တို့ ကို အောက်မေ့တော်မူကြသည်၊ ၅-နာရီခွဲခန့်တွင် အလုဝိဟာရ ခေါ် အာ လောကလိုဏ်မှ ထွက်ခဲ့ကြရာ ၆-နာရီခွဲခန့်တွင် ကန္ဒီမြို့ မြန်မာကျောင်းသို့ ရောက်တော်မူကြသည်။

နောက်တနေ့ နံနက် ၆-နာရီအချိန်တွင် စွယ်တော်ကို ဖူးမျှော်ကြ ရသည်။ နေ့ဆွမ်းကို ထိုမြို့ရှိ မြန်မာ သီလရှင်ကျောင်း၌ ဘုဉ်းပေးကြရသည်၊ ထိုမြန်မာ သီလရှင်ကျောင်းကို တည်ထောင်သူကား မြန်မာ သီလရှင် ဆရာကြီး ဒေါ်ဝိစာရီဖြစ်၍၊ စကားပြောကောင်း တရားဟောကောင်း ဖြစ်၍ ဆရာကြီးမှာ တပည့်သီလရှင်များစွာ ရှိနေသည်၊ ကိုလံဘိုမှ ဆရာ တော်တို့နှင့် အတူပါလာသော ဘိက္ခုကဿပခေါ် သီဟိုဠ်ရဟန်းတော်က သီဟိုဠ်လို ပြန်သည်၊ ညနေ ၄-နာရီ ၁၅-မိနစ်ခန့်တွင် ထိုဌာနမှ ထွက်ခဲ့၍ ည ၈-နာရီအချိန်တွင် ကိုလံဘို မက်ကာသိဌာနသို့ ပြန်လည် ဆိုက်ရောက် ကြသည်။

တပို့တွဲလဆန်း ၄-ရက်နေ့တွင် နောက်ပါ တပည့်များနှင့်တကွ မဟာ စည်ဆရာတော်ကို သီဟိုဠ် ဒကာ, ဒကာမများက ကန္ဒုဗောဒသို့ ပင့်ဆောင် ကြသည်။ ထိုဌာန၌ တရားအစည်းအဝေးပွဲ ဖွင့်၍ သီဟိုဠ်ဆရာတော်များက ရှေးဦးစွာ ဟောကြသည်၊ ထိုနေ့က အချိန် နည်းသွားသောကြောင့် မဟာစည်ဆရာတော်သည် အနည်းငယ်မျှသာ ဟောပြော၍ နောက်တနေ့ ချိန်းပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နောက်တနေ့၌ မဟာစည်ဆရာတော်သည် ညနေ ၃-နာရီမှ ၅-နာရီ အထိ သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူသည်၊ အင်္ဂလိပ် ရတနဆရာကြီးက ဘာသာပြန်သည်။ အားထုတ်နေသော ယောဂီတို့၏ ဌာန၌ ဟောရသောကြောင့် တရားဟောရသည်မှာ အားတက်သရော ရှိလှပေသည်။

ကန္ဒုဗောဒ ဌာနကား မြန်မာနှင့် နီးစပ်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ ယင်းဌာနသည် ရှေးခေတ် မြန်မာ ဆရာတော်တပါး

လာရောက်၍ သာသနာပြုယင်း သီတင်းသုံးသွားသော နေရာနှင့် မဝေးလှသောကြောင့် ဖြစ်သည်၊ အဂ်ဝခေဘ် ထုပါရုံဒါယကာ နရပတိကြီး လက်ထက် သာသနာနှစ် ၁၉၉၀-ပြည့်နှစ် (မြန်မာသက္ကရာဇ် ၇၀၈-ခုနှစ်) တွင် ဆပ္ပဒသေရ်ဟု ကျော်စောသော အရှင်သဒ္ဓမ္မဇောတိပါလ ထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်၊ ထိုစဉ်၌ သီဟိုဠ်ကျွန်း ဇယဝဒ္ဓနမည်သော မြို့၌ ဆဋ္ဌ ပရက္ကမဗာဟု မင်းကြီး နန်းစံနေခိုက်ဖြစ်သည်၊ ဇယဝဒ္ဓနမြို့ကား ကိုလံဘိုမြို့၏ အရှေ့ဖက်ကို ဘေး (Tay) ခေါ် နေရာတွင် ဖြစ်သည်၊ ဆပ္ပဒမထေရ်သည် ထိုမင်း၏ အချီးမြှောက်ကို ခံယူလျက် ထိုမြို့၌ သီတင်းသုံးတော်မူ၍ သီဟိုဠ်ရဟန်းတော်တို့အား ဝိနည်း အဘိဓမ္မာတို့ကို ပို့ချတော်မူသည်၊ ဝိပဿနာ အမျိုးမျိုးမှ ကင်းစင်၍ ဝိနည်းနှင့် အလျော်ဖြစ်သော သိမ်တလုံးကိုလည်း သမုတ်တော်မူခဲ့သည်၊ ထိုသိမ်သည် ကန္ဒုဗောဒ ဌာနနှင့် များစွာ မဝေးသော နေရာတွင် ရှိလေသည်။ ထို့ကြောင့် ဤနေရာသည် မြန်မာနှင့် ရေစက်ပါသော နေရာဖြစ်တော့သည်၊ ကိုလံဘို မက်ကာ သီလမ်းရှိ ဌာနကို ဘာဝနာဌာနချုပ်ဟု ခေါ်ရသော်လည်း အမှန်အားဖြင့်မူ ဤကန္ဒုဗောဒ ဌာနသည်သာ သီဟိုဠ်တွင် အကြီးဆုံး အနိုင်မာဆုံး အပြည့်စုံဆုံး ကမ္မဋ္ဌာန်းဌာနကြီး ဖြစ်လေသည်။

တပို့တွဲလဆန်း ၆-ရက်နေ့တွင် မဟာစည်ဆရာတော်ကို ကန္ဒုဗောဒမှ ဒနုဝုကန္ဒ ခေါ် အရပ်သို့ ပင့်ဆောင်ကြသည်၊ ထိုအရပ်တွင် အုန်းခြံကြီး တခုရှိ၏၊ ထိုအုန်းခြံပိုင်ရှင် ဇနီးမောင်နှံတို့သည် အလွန်သဒ္ဓါတရား ကောင်းကြသည်၊ အုန်းခြံကြီးထဲ၌ ရဟန်းရော လူပါ တရားအားထုတ်ရန်အဆောက်အဦးများ ဆောက်လုပ်ထားသည်၊ သူတို့ကိုယ်တိုင်လည်း တရားအားထုတ်၍ အလုပ်သမားများကိုလည်း ကျွေးမွေး၍ အားထုတ်စေသည်။ ထိုဌာန၌ မဟာစည်ဆရာတော် ၂-ရက်မျှ သီတင်းသုံး၍ တရားဟောတော်မူသည်။ တပို့တွဲလဆန်း ၇-ရက်နေ့တွင် ထိုမှတဖန် နာဂဉယျာဉ် တောကျောင်းသို့ ပင့်ဆောင်ကြသည်။ ထိုတောကြီးမှာ သစ်တောကြီးအတွင်းဖြစ်၍ငြိတ်ဆိတ်ငြိမ်သက်သည်။ တောင်မှ စမ်းရေယာဉ်တို့ တသွင်သွင် ထွက်နေသဖြင့် စိတ်ကြည်နူးဖွယ် ကောင်းလှသည်။ ထိုဌာနမှ တဆင့် ထွက်ခဲ့ရာ ကုရုနေဂလ ခေါ်မြို့သို့ ရောက်ပြန်သည်၊ ထိုမြို့၌ တရားနာရန် စုဝေးနေနှင့်ကြသော ပရိသတ်အား "နတ်ပြည်မှ မှာတမ်း ၃-ခွန်း" ကို အရင်းခံ၍ ဝိပဿနာ တရား ဟောကြားတော်မူသည်၊ ထိုဌာနမှ ကိုလံဘိုသို့ ပြန်ခဲ့ရာ ညနေ ၇-နာရီခန့်တွင် မက်ကာသီဌာနသို့ ပြန်ရောက်သည်။

တပို့တွဲလဆန်း ၁၀-ရက်နေ့တွင် တပည့်များနှင့်တကွ မဟာစည် ဆရာတော်ကို တိဿမဟာရာမသို့ ပင့်ဆောင်ကြသည်။ နံနက် ၇-နာရီ ခန့်က

ထွက်ခဲ့ရာ ၁၀-နာရီ ကျော်ကျော်ဘွင် ဂေါလ်မြို့သို့ ရောက်သည်။ ထိုမြို့ ဒိသာနာယက ခေါ် ဒကာ၏ အိမ်၌ ဆွမ်းကပ်ကြသည်၊ ထိုဒကာ ကား သဒ္ဓါတရားကောင်းလှသည်။ တောကျောင်းတခု ဆောက်လုပ်၍ထိုကျောင်း၌ တရားအားထုတ်သူတို့ကို တဦးတည်း တာဝန်ယူ၍ ဆောက်ပံ့နေသည့် အချိန်မရ၍ ထိုဒကာအား အနုမောဒနာ တရားလောက်သာ ဟောခဲ့ရသည်။

နေ့ ၁-နာရီခန့် ထိုမြို့မှ ထွက်ခဲ့၍ ၃-နာရီခန့် မာတရ (မဟာတိတ္ထ) မြို့သို့ ရောက်သည်။ ထိုမြို့၌ ယောဂီ တော်တော်များများရှိရာ တရားနာရန် စာသင်ကျောင်းတခု၌ အသင့်စောင့်နေကြသည်ကို တွေ့ရသည်၊ ထိုင်နေကြပုံမှာလည်း အမျိုးသမီးသတ်သတ် အမျိုးသားသတ်သတ် ဖြစ်သည်။ ထို့ပြင် အချင်းချင်း စကားပြောမနေပဲ အလွန် ငြိမ်ငြိမ်သက်သက် ဣန္ဒြေရစွာ ထိုင်နေကြသည်၊ ထို ဣန္ဒြေရ၍ ငြိမ်သက်လှသော ပရိသတ်ကို မြင်သောအခါ မဟာစည်ဆရာတော်သည် "အာရဒ္ဓေါသိ ဘိက္ခဝေ ဣမာယ ပဋိပဒါယ၊ အာရဒ္ဓစိတ္တာသို ဘိက္ခဝေ ဣမာယ ပဋိပဒါယ၊ တသ္မာ တိဟ ဘိက္ခဝေ ဘိယျောသော မတ္တာယ ဝီရိယံ အာရဘထ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ၊ သစ္ဆိကိရိယာယ" ဟူသော အာနာပါနဿတိသုတ်လာ နိဒါန်းစကားကို အမှတ်ရတော်မူသည်။ ထို့ကြောင့် ထိုစကားကိုပင် အခြေခံ၍ ဝိပဿနာတရားကို တနာရီခန့် ဟောတော်မူသည်။ ထိုမြို့မှ ၄-နာရီမိနစ် ၂၀-တွင် ထွက်ခဲ့ရာ ၇-နာရီခန့်တွင် မာဂမ ရွာ တိဿမဟာရာမ ကျောင်းတိုက်သို့ ရောက်လေသည်။

တိဿမဟာရာမကား ကိုလံဘို၏ အရှေ့တောင် မိုင် ၁၆၀-ကျော်ဝေးသော အရပ်၌ တည်ရှိသည်၊ ထိုအရပ်သို့ ရောက်ရန် ကိုလံဘိုမှ ကားဖြင့် တောင်ဖက်သို့ ပင်လယ်ကမ်းခြေအလျောက် သွားရ၍ ဂေါလ်မြို့သို့ ရောက်သောအခါ ကမ်းအတိုင်း အရှေ့ဖက်သို့ ဆက်သက် သွားရသည်၊ ဟမ်ဘောတ ခေါ် မြို့သို့ ရောက်သောအခါ အတွင်းဖက်သို့ အနည်းငယ် ချိုးဝင်၍ သွားရသည်။ ထို့ကြောင့် ပင်လယ်ကမ်း တလျှောက် လာခဲ့ရသော်လည်း တိဿမဟာရာမသည် ပင်လယ်ကမ်းနှင့် ၆-မိုင်ခန့် ဝေးသော အရပ်မှာ ဖြစ်လေသည်။ ယင်းကျောင်းတိုက်ကြီး တည်ရာ မာဂမရွာကား ရောဟဏတိုင်း၏ မြို့တော် ကာကဝဏ္ဏတိဿ မင်းကြီး စံရာဖြစ်၍ ဒုဋ္ဌဂါမဏိ မင်းကြီး ဖွားရာလည်း ဖြစ်သော မဟာဂါမ ခေါ် ရွာမ ဖြစ်ခဲ့သည်။ ဗြာဟ္မဏတိဿ သူခိုးကြီး ဘေး ဖြစ်စဉ်က သံဃာ ၁-သောင်း ၂-ထောင် မျှ သီတင်းသုံးခဲ့ဘူးသည်၊ အဋ္ဌကထာတို့၌ ထင်ရှားသော မဟာသိဝ မထေရ် ပိဋကတ် ပို့ချ၍ ဆုံးမဩဝါဒ[illegible]ပေးခဲ့ရာ နေရာလည်းဖြစ်သည်။ တခါ

က ဤ တိဿမဟာဝိဟာရမှာပင် သုမနာမည်သော အမျိုးသမီးသည်ဘိက္ခုနီ ပြုပြီးနောက် မဟာသတိပဋ္ဌာနသုတ်ကိုကြားနာရပြီး သောတာပန် အဖြစ်သို့ ရောက်ခဲ့ဘူးသည်။

ထို တိဿမဟာဝိဟာရ ကျောင်းတိုက်အတွင်း၌ ဒုဋ္ဌဂါမဏိ မင်းကြီး၏ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး တည်ထားခဲ့သော ကောင်းမှုတော် ပုံစံ တိဿမည်သော စေတီတော်ကြီး တဆူ ရှိသည်။ ထို စေတီတော်ကြီး၏ အနောက်မြောက်ဖက်၌ဘုရားဖူးလာသူတိုင်း အရွက်ကိုဝါး၍စုံစမ်းကြည့်ခြင်း ခံရသော တမာပင် တပင်ရှိသည်။ ထိုအပင်၏ အမြစ်သည် စေတီတော် အောက် ဌာပနာထားသော ဓာတ်တော် ကြုပ်ကို သွား၍ ရစ်ပတ်နေ သည်ဖြစ်၍ စေတီဖက်သို့သွားသော အကိုင်းမှ အရွက်သည် မခါးပဲ ချိုနေ သည် ဟု ဆိုကြသည်။ မဟာစည် ဆရာတော် ထိုတမာပင်အနီးသို့ ရောက် သောအခါ သီဟိုဠ် ကပ္ပိယတယောက်က ထိုကိုင်းမှ တမာရွက်ကို ခူးပေး၍ ဆရာတော်ကိုယ်တိုင် စုံစမ်းကြည့်ရာ ချိုနေသည်ကို တွေ့ရသည်။ ကျောင်း တိုက်နှင့် စေတီတော်မှာ ဆိတ်ငြိမ်သော နေရာတွင် တည်ရှိသဖြင့် များစွာ ကြည်နူးဖွယ်ကောင်းသော နေရာဌာနဖြစ်လေသည်။

မျက်မှောက်ခေတ် ထိုကျောင်း၌ သီတင်းသုံးသော သီဟိုဠ် ဆရာတော် သည် သဒ္ဓါတရား ကောင်းလှသည်။ ကျောင်းဝတ္ထုကံ မြေများမှ ရသဖြင့် လာ လာသမျှသော ဘုရားဖူးတို့ကို ကျွေးမွေးပြုစုလေ့ရှိသည်။ မဟာစည် ဆရာတော်တို့ အဖွဲ့လည်း အရာရာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက် လိုက်သည်ကို မဟာစည် ဆရာတော်သည် ယနေ့တိုင် အမှတ်ရ ကျေးဇူးတင် လျက် ရှိလေသည်။

နောက်တနေ့တွင် မဟာစည် ဆရာတော်တို့ အဖွဲ့ကို စိတ္တလပဗ္ဗတသို့ ပို့ဆောင်ကြသည်၊ စိတ္တလပဗ္ဗတကား တောကြီးအလယ်၌ ရှိသော တောင် တခု၏ အမည်ဘည်း၊ ထိုတောင်ပေါ်၌ ကာကဝဏ္ဏတိဿ မင်းကြီးသည် ကျောင်းတကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ဘူး၍ ဝသဘမင်းသည် စေတီ ဆယ်ဆူ တည်ထား ကိုးကွယ်ခဲ့ဘူးသည်။ ယခုအခါတွင် နေသူမရှိသလောက် ဖြစ်သော်လည်း ရှေးအခါကမူ သံဃာတော်ပေါင်း ၁-သောင်း ၂- သောင်းခန့် သီတင်းသုံးခဲ့သော နေရာပင် ဖြစ်သည် ဟု အဆိုရှိသည်၊ ရှေးက စာပေ၌ ထင်ရှားခဲ့သော တောကျောင်းလည်းဖြစ် အရောက် အပေါက်လည်း နည်းသောကြောင့် ဆရာတော်ကို လိုက်ပို့ကြဟန်တူသည်။ လမ်းမှာ တောစခန်း တောလမ်းဖြစ်၍ တောနက်ကြီးကို ဖြတ်၍ သွား ရသည်၊ သမင်, မျောက်, ဒေါင်း, ကျွဲရိုင်းစသော တောတိရိစ္ဆာန်များကို

လမ်းမှာ တွေ့ရသည်။ တခါတရံ ဆင်များကိုပင် တွေ့တတ်သည် ဆိုသည်။ မော်တော်ကား အကောင်းစားများ သွားသင့်သော လမ်းပင် မဟုတ်၊ သို့သော် သဒ္ဓါတရားထက်သန်သော ဒကာများကား ကားအကောင်းများ ကိုပင် အတင်းဒလကြမ်း မောင်းနှင်စေ၍ ဆရာတော်ကို အရောက်ပို့ကြ သည်၊ ထိုတောင်သို့ ရောက်ပြီးနောက် လိုဏ်ဂူကြီးအတွင်းရှိ ဆင်းတုတော် များကို ဖူးမျှော်ကြပြီး ရှေးရှေးက သီတင်းသုံး၍ အရဟတ္တဖိုလ်သို့ ရောက် သွားသော ရဟန္တာပေါင်း များစွာကို အာရုံပြုကြသည်။ နေ့ ၂-နာရီခွဲ စိတ္တလပဗ္ဗတမှ ပြန်ခဲ့၍ ၄-နာရီတွင် တိဿမဟာရာမသို့ ပြန်ရောက်ပြီး ထိုမှတဆင့် ထွက်ခဲ့ရာ ဂေါလ်မြို့အနီး တောကျောင်းသို့ ည ၇-နာရီခန့် တွင် ရောက်ကြသည်၊ ထိုတောကျောင်းကား ဂေါလ်မြို့မှ ကားဖြင့် လိုက် ပို့သော ဒိသာနာယက ဒကာကြီး၏ တောကျောင်းဖြစ်သည်။

ထိုတောကျောင်းတွင် တညအိပ်၍ နောက်တနေ့နံနက် ၈-နာရီအချိန် ထိုကျောင်းမှ ထွက်ခဲ့၍ ပါနဒူရခေါ် မြို့သို့ ၁၀-နာရီခန့်တွင် ရောက်ကြ သည်၊ နေ့ ၂-နာရီခွဲတွင် ထိုမြို့ မြို့တော်ခန်းမ၌ ဩဝါဒကထာတရား ဟောကြားသည်၊ ၃-နာရီခွဲတွင် ထိုမြို့မှ ထွက်ခဲ့၍ ၄-နာရီကျော်ကျော် အချိန်တွင် ကိုလံဘို မက်ကာသိ ဌာနသို့ ပြန်ရောက်တော်မူသည်၊ ခရီး ရောက်မဆိုက်ပင် ၅-နာရီခွဲ၌ ထိုဌာနတွင် သတိပဋ္ဌာန်တရားကို ဆက်၍ ဟောတော်မူလေသည်။ ကိုလံဘိုသို့ ပြန်ရောက်ပြီးနောက်လည်း မဟာ စည် ဆရာတော်သည် နေ့စဉ်ပင် မက်ကာသိဌာန၌၎င်း၊ ထိုထိုဌာနသို့ကြွ၍ ၎င်း တရားဟောတော်မူသည်။ ထိုဌာနတို့တွင် မိန္ဒုစံဂေါဒ ကမ္မဋ္ဌာန်းဌာန ကိုလံဘိုအကျဉ်းထောင် အနုဋ္ဌာဝိဇ္ဇာလယခေါ် အမျိုးသမီးကျောင်း တလ ဂလ္လကမ္မဋ္ဌာန်းဌာနတို့ ပါဝင်လေသည်။

တဖို့တဲ့လပြည့်ကျော် ၃-ရက်နေ့တွင် ဗဋ္ဋန်ဂေါဍသို့ ဆရာတော်ကို ပင့်ကြသည်၊ ဗဋ္ဋန်ဂေါဍကား ကိုလံဘို၏ အရှေ့တောင်ဖက် ၁၄-မိုင်ခန့် ဝေးသော တောင်ပေါ်မြို့ကလေးဖြစ်၍ သံဂါယနာပွဲတွင် မြန်မာနိုင်ငံ သာသနာတော်ကို ချီးကျူးပြောဆိုခဲ့သော အာနန္ဒမေတ္တေယျ ဆရာတော် ကြီး၏ ဇာတိမြို့ သီတင်းသုံးရာမြို့လည်း ဖြစ်သည်။ အာနန္ဒမေတ္တေယျ ဆရာ တော်ကြီးသည် မဟာစည်ဆရာတော်နည်းအတိုင်း သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို ကိုယ်တိုင် အားထုတ်၍ သဘောကျလှရကား မိမိသီတင်းသုံးရာ ကျောင်း မှာပင် ကမ္မဋ္ဌာန်းဌာနတခု တည်ထောင်ထားခဲ့သည်။ ယခု ဆရာတော်ကြီးက တရားဟောပင့်၍ မဟာစည်ဆရာတော် ကြွတော်မူရခြင်းဖြစ်သည်၊ ကိုလံဘိုမှ နေ့ ၂-နာရီတွင် ကားဖြင့် ထွက်ခဲ့ရာ ညနေ ၆-နာရီကျော်မှ ဗဋ္ဋန်ဂေါဍသို့

ရောက်လေသည်။ ထိုဌာန၌ မဂ္ဂင်ရှစ်ပါးတရားကို ဟော၍ ည ၉-နာရီခွဲ ပြန်ထွက်ခဲ့ရာ ည ၁-နာရီခွဲတွင် ကိုလံဘို မက်ကာသီဌာနသို့ ပြန်ရောက်တော်မူလေသည်။ ထိုနေ့တရားဟောကြရသည့် ခရီးကား ပြင်းလှသည်။ နေ့ ၂-နာရီ ထွက်၍ ည ၁-နာရီခွဲမှ ပြန်ရောက်သည်ဖြစ်ရာ ခရီးသွားချိန်မှာ ၁၂-နာရီ နီးပါးခန့်ဖြစ်၏။ ထိုများစွာသော နာရီတို့တွင် သက်သက်သာသာနေရသော အချိန်ဟူ၍ မရှိလှ၊ ကျောင်းမှထွက်လျှင် ကားပေါ်တက်၊ ကားပေါ်မှာ လေးနာရီကျော်ကျော် ထိုင်လိုက်၍ ကားပေါ်မှဆင်းပြီး အချိန်အနည်းငယ်မျှသာ နား၍ တရားဟောရသည်။ တရားဟောပြီးနောက် ကားပေါ်တက်၍ လေးနာရီမျှ ကားပေါ်မှာထိုင်၍ လိုက်ရပြန်သည်။ ထိုညက ဆရာတော်သည် အိပ်ချိန်ပင် သိပ်မရလိုက်။ သို့သော် ရှေးက သာသနာပြုမထေရ်များလည်း ဤကဲ့သို့ပင် အဆင်းရဲခံ၍ သာသနာပြုခဲ့ကြပုံကို အာရုံပြုကာ "ငါလည်း ရှေးဆရာတော်များကဲ့သို့ အပင်ပန်း အဆင်းရဲခံကာ သာသနာပြုရပေပြီ"ဟု အောက်မေ့ယင်း ဝမ်းမြောက်ဝမ်းသာပင် ဖြစ်တော်မူလေသည်။

မဟာစည်ဆရာတော်တို့ မြန်မာနိုင်ငံသို့ ပြန်ဖို့ရက်မှာ တဖြည်းဖြည်း နီးကပ်လာခဲ့သည်၊ ဤရက်များအတွင်း မဟာစည်ဆရာတော်သည် ကိုလံဘိုမြို့ ဂျာမန် ဓမ္မဒူတဌာန၌တကြိမ် မက်ကာသီဌာန၌မူ နေ့တိုင်းပင် ဝိပဿနာ တရားကို ဟောကြားတော်မူသည်။ တပို့တွဲလပြည့်ကျော် ၁၁-ရက်နေ့၌ကား ဆရာတော်သည် မက်ကာသီဌာနဆိုင်ရာ လံကာဝိပဿနာ ဘာဝနာ အသင်းသူ အသင်းသားတို့အား ပဋိပတ်သာသနာပြု လုပ်ငန်းနှင့်စပ်သော ဩဝါဒ ကထာတရားကို ဟောကြားတော်မူသည်။

နောက်တနေ့ (၁၃၂၀-ခု၊ တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့) ၂-နာရီတွင် မြန်မာနိုင်ငံသို့ ပြန်လိုက်ကြမည့် တပည့်ပရိသတ်များနှင့်အတူ မဟာစည်ဆရာတော်သည် သီဟိုဠ်ကျွန်းမှ ထွက်ခွာတော်မူလေသည်။ မဟာစည်ဆရာတော်နှင့်အတူ ကြွလာသော တပည့်များထဲမှ ဆရာတော် အရှင်သုဇာတ, အရှင်အာလောက, အရှင်ပဏ္ဍိတ, ကမ္မဋ္ဌာနာစရိယ ၃-ပါးကိုကား သီဟိုဠ်တွင် ဆက်လက်၍ ဝိပဿနာ သာသနာပြုရန် ထားခဲ့ရသည်၊ ထိုဆရာတော် သုံးပါးနှင့်တကွ သီဟိုဠ် ဆရာတော်များ လံကာ ဝိပဿနာ ဘာဝနာ အသင်းသူ အသင်းသား များစွာတို့က ကိုလံဘို သင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်၊ လိုက်ပို့သူတို့၏ ကန်တော့ နှုတ်ဆက်မှုကို ခံယူပြီးနောက် မဟာစည် ဆရာတော်သည် ဘစ်ဘီလိုင်း သင်္ဘောကြီး ရှိရာသို့ သင်္ဘောငယ် တစင်းဖြင့် ကြွတော်မူသည်။ ၉-နာရီအချိန် သင်္ဘောပေါ်သို့ ရောက်

၍ ညနေ ၆-နာရီခွဲအချိန် သင်္ဘောထွက်လေသည်။ သင်္ဘောစ၍ထွက်ချိန်သည် မှောင်စပျိုးသော အချိန်ဖြစ်၍ မြို့ပေါ်မှ မီးများကို မြင်ရသည်။ ကိုလံဘိုမြို့သည် သီဟိုဠ်ကျွန်း၏ အနောက်ဖက်ကမ်းမှာ တည်ရှိသော မြို့ဖြစ်၍၊ ထို့ကြောင့် မြန်မာပြည်ဖက်သို့လာသော သင်္ဘောသည် ကိုလံဘိုမှ အနောက်ဖက်ကမ်းတလျှောက် ခုတ်မောင်း၍ ဂေါလ်မြို့နှင့် တူရှုအရပ်သို့ ရောက်သောအခါ အရှေ့ဖက်သို့ ဦးလှည့်ပြီး မာတရာမြို့နှင့် တူရှုရောက်သောအခါ အရှေ့မြောက်ဆီသို့ ဦးတည် ခုတ်မောင်းရသည်။ တညလုံး ကျွန်းကိုပတ်၍ ခုတ်နေသဖြင့် နောက်တနေ့ နံနက် ၈-နာရီလောက်တိုင်အောင် ကမ်းကို မြင်နေရသေးသည်။ ၉-နာရီလောက်ကျမှ ကမ်းနှင့် တောင်များ တဖြည်းဖြည်း ပျောက်ကွယ် ကျန်ရစ်တော့သည်။ မဟာစည် ဆရာတော်သည် သင်္ဘောထွက်ပြီးနောက် ကမ်းပေါ်၌ မှိတ်တုတ် မှိတ်ဘုတ် မြင်နေရသော မီးများကို ရှုကာ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့အား မေတ္တာပို့တော်မူသည်။ အထူးသဖြင့် မိမိ သီဟိုဠ်ကျွန်းမှာနေစဉ် အဖက်ဖက်မှ လိုလေသေးမရှိအောင် ပြုစု လှူဒါန်းကြသော နိစ်ကဒကာမကြီးနှင့်တကွ ဝိပဿနာ သာသနာ ပြန့်ပွားရေး အဖွဲ့ဝင်တို့အား မေတ္တာပို့၍ သီဟိုဠ်ကျွန်း၌ ဝိပဿနာ သာသနာ ပြန့်ပွားရေးအတွက်လည်း အထူးဆုတောင်းတော်မူလေသည်၊ ဝိပဿနာသာသနာပြုရန် ချန်ထားခဲ့သော ဆရာဘော်များ အောင်မြင်မှုရစေရန်လည်း အထူး ဆန္ဒပြုတော်မူလေသည်။

မဟာစည်ဆရာတော် သီဟိုဠ်သို့ ဤအကြိမ် ကြွရောက်ခဲ့ခြင်းမှာ ပဌမအကြိမ် မဟုတ်ပါ။ ဆရာတော်သည် ၁၃၁၄-ခုနှစ်က ဆဋ္ဌသံဂါယနာအတွက် သာသနာရေး မစ်ရှင် အဖွဲ့ဝင်အဖြစ်ဖြင့် သီဟိုဠ်သို့ ပဌမအကြိမ် ကြွရောက်တော်မူခဲ့ပါသည်။ သို့သော် ထိုစဉ်က ဆဋ္ဌသံဂါယနာအတွက် ဆော်ဩရေးမစ်ရှင်ဖြစ်၍ ယခုအကြိမ်လောက် သီဟိုဠ်မှာ ကြာကြာမနေခဲ့ရ၊ ယခုအကြိမ်လောက်လည်း ဌာနစုံအောင် မရောက်ခဲ့ရပေ။ ဤအကြိမ်မှာမူ ဝိပဿနာ သာသနာပြု သက်သက် ကြွသော အခေါက်ဖြစ်၍ သီဟိုဠ်မှာ တလကျော်ကျော် နေရသည်၊ ထိုတလကျော်ကျော်မှာလည်း နေ့တိုင်းလိုပင် ခရီးသွားခြင်း တရားဟောခြင်း လုပ်ငန်းများဖြင့် ပြည့်ကြပ်လှသော တလကျော်ကျော် ဖြစ်သည်။ ဘုရားပူး ဒေသန္တရ ဗဟုသုတအတွက် ရောက်ထိုက်သော ဌာနများအပြင် ကမ္မဋ္ဌာန်းဌာနများရှိရာတို့သို့လည်း ကြွတော်မူရသဖြင့် ဌာနတော်တော်စုံအောင် ရောက်တော်မူခဲ့ရလေသည်။ အဋ္ဌကထာ, ဋီကာနှင့် ဒီပဝင် စသော ကျမ်းတို့၌ လာသော သီဟိုဠ်ကျွန်း ထိုထိုဌာနများဆိုင်ရာ အကြောင်းအရာတို့ကို လေ့လာသိရှိထားပြီး ဖြစ်၍လည်း ဆရာတော်အဖို့ ထိုထိုဌာနသို့ ရောက်ရသည်မှာ အဓိပ္ပါယ်ရှိလှသည်။ လေးနက်

လှသည်၊ စာဒဿမဟာသုဘာကို မျက်မြင်လက်တွေ့နှင့် ဟပ်၍ အရသာခံနိုင်ခဲ့သည်၊ ထို့ကြောင့် ဤ သီဟိုဠ်ခရီးမှာ ဆရာတော်အဖို့ ကျေးဇူးများလှပေသည်၊

ဆရာတော်၏ သီဟိုဠ်ခရီးမှာ ဘုရားဖူး အလည်သက်သက် ခရီးမဟုတ်၊ ဓမ္မလက်ဆောင်ပေး ခရီးဖြစ်၍၊ ထေရဝါဒ သာသနာ့ သေရဝါဒ ပါဠိစာပေနှင့် ပတ်သက်လာလျှင် အခြားတိုင်းပြည်များအပေါ်တွင် သီဟိုဠ်နိုင်ငံက ကျေးဇူး ရှိနေသည်၊ ယနေ့အထိ မြန်မာနိုင်ငံ၌ အားကိုးတခု ပြု၍ သင်ကြားနေကြရသော အဋ္ဌကထာ ဋီကာများမှာ သီဟိုဠ်ကျွန်းဖြစ်တို့သာ များလေသည်၊ ထိုသို့ မိမိတို့အပေါ် ကျေးဇူးများသော သီဟိုဠ်ကျွန်းကို မြန်မာကလည်း အခါအားလျော်စွာ ကျေးဇူး တုန့်ပြန်ခဲ့သည်ပင် ဖြစ်ပါသည်။ ကျမ်းဂန် အနေအားဖြင့် ပုဂံပြည် အရှင်အဂ္ဂဝံသမထေရ် ပြုစုသော သဒ္ဒနီတိ ခေါ် ပါဠိသဒ္ဒါကျမ်းကြီးကို မြန်မာပြည်က သီဟိုဠ်ကျွန်းသို့ တုန့်ပြန်သော ဓမ္မလက်ဆောင်ဘခုအနေ ယူဆကြပါသည်၊ ထို့အတူ သီဟိုဠ်ကျွန်း၌ ရာမညဂိုဏ်းနှင့် အမရပူရဂိုဏ်းတို့သည်လည်း မြန်မာနိုင်ငံ၏ ဓမ္မလက်ဆောင် တုန့်ပြန်မှုဟု ဖြစ်သည်၊ ဤသို့ စာပေအနေ သာသနာဆက်အနေဖြင့် ဓမ္မလက်ဆောင် တုန့်ပြန်ခဲ့ဘူးသော်လည်း ကမ္မဋ္ဌာန်းအနေဖြင့်ကား မတုန့်ပြန်ခဲ့ဘူးသေးပေ၊ သီဟိုဠ်မှလာသော အဋ္ဌကထာ စသော ကျမ်းတို့တွင် ကမ္မဋ္ဌာန်းဆိုင်ရာနည်းတွေ များစွာ ပါပေသည်။ ထိုနည်းနာတို့ကို လိုက်နာ၍ပင် မြန်မာနိုင်ငံ ကမ္မဋ္ဌာန်းဆရာတော်တို့သည် ကမ္မဋ္ဌာန်းနည်းများကို ထုတ်ဖော်တော်မူခဲ့ကြပါသည်၊ မဟာစည်ဆရာတော် ဝိပဿနာ သာသနာ မပြုမီက သီဟိုဠ်တွင် လက်တွေ့ကမ္မဋ္ဌာန်းနည်းများ ကွယ်ပျောက်လုမတတ် ရှိခဲ့သည်၊ လက်တွေ့ စနစ်တကျ ဝိပဿနာရှုနည်းကို ပြသနိုင်သည့် ဆရာများ မရှိသလောက်ပင် ဖြစ်ခဲ့သည်၊ ထို့ကြောင့် မဟာစည်ဆရာတော်ပြုခဲ့သော လက်တွေ့ဝိပဿနာ သာသနာမှာ သီဟိုဠ်ကျွန်းတွင် တကယ်လိုအပ်နေသောသာသနာရေးဆိုင်ရာ ဟာကွက်တခုကို ဖြည့်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် မဟာဓမ္မ လက်ဆောင်ကြီးပင် ဖြစ်ပါတော့သည်၊ အလွန်လိုလားအပ်သော ဓမ္မလက်ဆောင်ဖြစ်၍လည်း ခံယူကြသူတို့က အားတက်သရော လက်ခံကြ၍အမြတ်တနိုး ပြုစုပျိုးထောင်ဖြန့်ဝေကြခြင်း ဖြစ်ပါသည်။ ခံယူသူတို့နှစ်သက်တမူ ရှိကြသည်ကိုလည်း သီဟိုဠ်ကျွန်း၌ ယခုအခါ မဟာစည်သြဝါဒခံယောဂီတသောင်းကျော် ရှိနေခြင်းကသက်သေခံလျက် ရှိပါသည်။

အရှင် မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော် အမြစ်တွယ်အောင် စွမ်းဆောင်တော်မူခဲ့ပါသည်၊ အရှင်မဟိန္ဒ၏ ကျေးဇူးကြောင့်ပင် ယနေ့တိုင်အောင် ထေရဝါဒ သာသနာတော်သည် သီဟိုဠ်မှာသာမက

မြန်မာ, ယိုးဒယား စသော နိုင်ငံများ၌ပင် ထွန်းပြောင်နေနိုင်ခြင်း ဖြစ်ပါသည်။ သီဟိုဠ်၌ အရှင် မဟိန္ဒမထေရ် အမြစ်တွယ်စေခဲ့သော သာသနာတော် သစ်ပင်ကြီး၌ ဝိပဿနာ သာသနာ အကိုင်းကြီးတကိုင်းမှာ ကာလအသျှောက် ညှိုးနွမ်းနေခဲ့သည်၊ လုံးဝခြောက်သွားမည့် အရိပ်အရောင်များကိုပင် ပြလျက်ရှိခဲ့သည်။ မဟာစည်ဆရာတော်သည် ထိုဝိပဿနာ သစ်ကိုင်းကြီးကို ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်တော်မူခဲ့သည်။ မဟာစည်ဆရာတော်နှင့် (ဝိပဿနာသာသနာပြု ဆရာတော်) တို့၏ ဆောင်ရွက်မှုကြောင့် ဝိပဿနာ အကိုင်းကြီးမှာ ပြန်လည် စိုပြေလာကာ ကြီးထွားသန်မာလာမည့် အရိပ်နိမိတ်များကိုပင် ပြနေပေပြီ၊ ထေရဝါဒသာသနာ၏ ကျေးဇူးရှင်အဖြစ် အရှင်မဟိန္ဒမထေရ်ကို သာသနာ့သမိုင်းတွင် မှတ်တမ်းမတင်၍မဖြစ်သလိုပင် မဟာစည်ဆရာတော်ကိုလည်းမျက်မှောက်ခေတ်သီဟိုဠ် ဝိပဿနာ သာသနာ၏ မီးရှူးတန်ဆောင်အဖြစ် အသိအမှတ် မပြု၍ မဖြစ်နိုင်ပါ။ အရှင် မဟိန္ဒကဲ့သို့ပင် မဟာစည်ဆရာတော်သည်လည်း ဗုဒ္ဓသာသနာ အပေါ်ဝယ် တာဝန်ကြေသော ပုဂ္ဂိုလ်မြတ်တပါး ဖြစ်ပါသည်။

မိမိစိုက်ပျိုးအပ်သော သစ်ပင်အခြစ် စွဲရှင်သန်နေသည်ကို မြင်ရသော ဥယျာဉ်မှူး၏ နှစ်သိမ့်ခြင်းမျိုးဖြင့်ပင် မဟာစည်ဆရာတော်သည် သီဟိုဠ်ကျွန်းမှ ထွက်ခွာတော်မူခဲ့သည်။ ကိုလံဘိုနှင့် ရန်ကုန်သည် ပင်လယ်ခရီးအားဖြင့် မိုင်ပေါင်း ၁၂၃၄ မိုင်မျှ ဝေးသည်။ ဘစ်ဘီလိုင်းသင်္ဘော ၄-ည ၅ ရက် ခုတ်ရသည်။ ကိုလံဘိုမှ ထွက်ခဲ့၍ ၂-ရက်မြောက်သောနေ့ကား တပို့တွဲလကွယ်နေ့ဖြစ်သည်။ ထိုနေ့ ရဟန်းတော်များ ဥပုသ်ပြုရမည့်နေ့ဖြစ်ရာ မဟာစည်ဆရာတော်သည် အတူပါလာသော ပဲဂူး သာသနာ့ရိပ်သာဆရာတော် ဦးဉာဏဝါနှင့် သင်္ဘောကြီး၏ ဦးခန်းတွင် ညနေ ၆-နာရီအချိန်တွင် ရေသိမ်ကို ရည်ရွယ်၍ အချင်းချင်း ပါရိသုဒ္ဓိကို ပြောလျက် ပါရိသုဒ္ဓိဥပုသ်ပြုတော်မူသည်၊ ထိုနေ့မှ ၂-ရက်မြောက်ဖြစ်သော ၁၃၂၀-ခု တပေါင်းလဆန်း ၂-ရက်နေ့တွင် မဟာစည်ဆရာတော်နှင့် နောက်ပါတို့သည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်တော်မူကြလေသည်။

သာသနာ့ရိပ်သာ စံကျောင်းတော်သို့ ရောက်သောအခါ မဟာစည်ဆရာတော်သည် လာရောက်ဆီးကြို နှုတ်ဆက်ကြသော တပည့် ရဟန်း, ဒကာ, ဒါယိကာမတို့အား စကားမပြောသေးပဲ မြတ်စွာဘုရားဆင်းတုတော်ရှိရာသို့ ကြွသွား၍ ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြုကာ ဦးသုံးကြိမ်ချ၍ ဘုရားဝတ်ပြုတော်မူသည်။ ထို့နောက်မှ ရောက်လာသည့် ပရိသတ်အား စကားအနည်းငယ် ပြောတော်မူသည်၊ ယိုနေ့ညတွင် သီဟိုဠ်၌ သာသနာပြုရန် ချန်ထားခဲ့သော ဆရာတော် ၃-ပါးတို့အားရှင်း၊ နိစ္စဒကာမကြီး

နှင့်တကွ လံကာ ဝိပဿနာ ဘာဝနာ အသင်းသူ အသင်းသားတို့နှင့် ယောဂီတို့အားရင်း အထူးမေတ္တာပို့တော်မူလေသည်။

ဤအထူးမေတ္တာပို့ခြင်းဖြင့်ပင် မဟာစည်ဆရာတော်ကိုယ်တိုင်ကြွရောက်၍ ဆောင်ရွက်ခဲ့သော သီဟိုဠ်ကျွန်း ဝိပဿနာ သာသနာပြုကိစ္စတရပ်သည် အပြီးသတ်ခဲ့ပါတော့သည်။ မြတ်စွာဘုရားသည် သာသနာတော်၌ ရှေးဦးစွာ ရဟန္တာဖြစ်သော ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို "ရဟန်းတို့ လူအများ၏ အစီးအပွားအလို့ငှာ လူအများ ချမ်းသာဖို့ရာ ဒေသစာရီ လှည့်လည်ကြကုန်လော့" စသည်ဖြင့် လူများ ကျေးဇူးများဖို့ရာ ဒေသစာရီ လှည့်လည်ရန် အစ, အလယ်, အဆုံး သုံးပါးလုံး၌ ကောင်းခြင်းရှိသော တရားကို ဟောရန် တိုက်တွန်းတော်မူခဲ့သည်၊ ရဟန်းတို့၏ ဒေသစာရီ လှည့်လည်ခြင်းသည် အများအကျိုးအတွက် တရားတော်ပြန့်ပွားရေးအတွက် ဖြစ်ရမည်ဟု ဆိုလိုပေသည်၊ ယခု မဟာစည်ဆရာတော် ကြွချီခဲ့သော အိန္ဒိယ သီဟိုဠ် ဒေသစာရီကား မြတ်စွာဘုရားအလိုတော်နှင့် အတိအကျ ကိုက်ညီသော ဒေသစာရီပင် ဖြစ်ပါတော့သည်၊ တရားတော်အတွက် အောင်မြင်မှုရှိခဲ့သော ဒေသစာရီဖြစ်၍ "ဓမ္မဝိဇယ ဒေသစာရီ" ဟုပင် အမည်ပေးထိုက်သော ဒေသစာရီ ဖြစ်ပါတော့သည်။

## အင်ဒိုနေးရှားသို့ သာသနာပြု ကြွတော်မူခြင်း

ဆဋ္ဌသံဂါယနာမတိုင်မီ ၁၃၁၅-ခုနှစ် နောက်ပိုင်း ပြာသို, တပို့တွဲလ များတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ သွားရောက် ကြည့်ရှုပါက ပန်းသေး တရုတ်ကလေး ဟု ထင်ရသော လူရွယ်တယောက် တရားအား နေသည်ကို တွေ့ရမည်ဖြစ်၏၊ လူရွယ်ကလေးမှာ အသားအရေ ဖြူစင်၍ ရုပ်ရည် သန့်ပြန့်သည်။ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အားထုတ်နေသူပီပီ သွားပုံ လာပုံ ယဉ်ကျေးသိမ်မွေ့သည်။ သူဝတ်သော အဝတ်ရောင်မှာ အဖြူဖြစ်သဖြင့် ကမ္မဋ္ဌာန်း ဌာနနှင့် လိုက်လျောသည်၊ သူဝတ်သော ဘောင်းဘီမှာ ရှမ်းဘောင်းဘီကဲ့သို့ဖြစ်၍ ပန်းသေး တရုပ်ကလေးလားဟု ထင်မှတ်ရခြင်း ဖြစ်သည်၊ သို့သော် သူကားပန်းသေးတရုတ်မဟုတ်၊ အင်ဒိုနေးရှားနိုင်ငံမှမဟာ စည်ဆရာတော်ဘုရားထံ လာရောက် တရားအားထုတ်နေသော မစ္စတာ ဘွန်အန်ခေါ် အင်ဒိုနေးရှား အမျိုးသားတရုတ်ကျောင်း ဆရာ့ကလေး တဦး ဖြစ်လေသည်။

အင်ဒိုနေးရှား အမျိုးသားတဦး သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားထုတ်နေ သည်ဆိုသဖြင့် ဆန်းသကဲ့သို့ ရှိပေသည်။ အင်ဒိုနေးရှား နိုင်ငံဆိုလျှင် မူဆလင်

နိုင်ငံဟုပင် အသိများကြသည်။ လူဦးရေ ၈၂-သန်းကျော် (၁၉၅၆-ခုနှစ် ခန့်မှန်းချေ) ရှိသည့်အနက် မူဆလင် ဘာသာဝင်များမှာ အများစုဖြစ်သည် နိုင်ငံတော် သမ္မတမှ စ၍ အစိုးရပိုင်း ဆိုင်ရာတို့၌လည်း မူဆလင်ဘာသာဝင်များသာ များလေသည်။ ဤမျှ မူဆလင်ကြီးစိုးသော နိုင်ငံမှ အမျိုးသားတဦးက ဗုဒ္ဓဘာသာတရားတော်ဖြစ်သည့် ဝိပဿနာ ကမ္မဋ္ဌာန်းကို လက်တွေ့ လာရောက် ကျင့်သုံးနေသည် ဆိုသည်မှာ အံ့ဘွယ်ပါးပင် ဖြစ်တော့သည်။

သို့သော်အင်ဒိုနေးရှား နိုင်ငံ၏ ရှေးသမိုင်းကို ပြန်ကြည့်မည် ဆိုလျှင်ကား ယခု မူဆလင်နိုင်ငံ ဖြစ်နေခြင်းကပင် အံ့သြဖွယ် ဖြစ်နေပါတော့သည်။ အင်ဒိုနေးရှား နိုင်ငံ၏ ကျွန်းကြီးဖြစ်သော ဂျာဗားကျွန်းတွင် ဗောရောဗုဒ္ဓူး ခေါ် ကမ္ဘာကျော် စေတီကြီး တဆူရှိသည်။ အမြင့်ညာဏ်တော် ၁၃၈-ပေရှိ၍ ဖိနပ်တော် အကျယ်မှာ အလျားအနံ ၃၉၄-ပေစီ ရှိလေသည်။ ဖိနပ်တော်မှာ ရွှေတိဂုံစေတီတော်၏ ဖိနပ်တော်လောက်ပင်ရှိ၍ ညာဏ်တော်မှာမူ ရွှေတိဂုံစေတီတော်ကြီး၏ သပိတ်မှောက် ရင်စည်းခန့် ရှိသည်။ ဖိနပ်တော်မှာ လေးထောင့်ဖြစ်၍ ထိုမှအထက် ပစ္စယံ ၄-ဆင့် တက်ထား၍ တဖန် ပစ္စယံ ၃-ဆင့် တခါတက်ထားပြန်သည်။ တဘိယအပိုင်း ပစ္စယံအလယ်တွင် ခေါင်းလောင်းပုံ စေတီတော်ရှိသည်။ စေတီတော်ကြီးဆိုသော်လည်း အလွန်မကြီးလှ၊ ထို့ပြင် ခေါင်းလောင်းပုံဖြစ်၍ မြင့်လည်းမမြင့်လှ၊ ထို့ကြောင့် ရွှေတိဂုံစေတီတော်၏ တဝက်မျှ ရှိလောက်သာ ညာဏ်တော်ရှိခြင်းဖြစ်လေသည်။ ပစ္စယံ ၇-ဆင့်တွင် စေတီယ်ကလေးပေါင်း ၅၀၄-ဆူရှိသည်။ ထိုစေတီယ်ကလေး တဆူ တဆူအတွင်းတွင် တကိုယ်လောက် နီးပါးရှိသော ကျောက်ဆင်းတု တဆူစီ ရှိလေသည်။ ပစ္စယံများမှ စ၍ အားလုံးကျောက်ဖြင့် တည်ဆောက်ထားသည်၊ အောက်ပစ္စယံ ၄-ဆင့်၏ အတွင်းအပြင် နံရံများ၌ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုမှ ရုပ်ပုံများ နောက်ဆုံးဘဝမှ ဘုရားအလောင်း အကြောင်းအရာ ရုပ်ပုံများ ဘုရားဖြစ်ပြီးနောက် ရုပ်ပုံများကို ရုပ်လုံးကားအဖြစ် ထွင်းထုထားသည်။ ဤစေတီတော်ကြီးကို ကြည့်လျှင်ပင် အင်ဒိုနေးရှားနိုင်ငံ၌ ရှေးက မည်မျှ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်းခန့်မှန်းနိုင်ပေသည်၊ ဤအကြောင်းကို မဟာစည် ဆရာတော်ဘုရားက အင်ဒိုနေးရှား သာသနာပြု မှတ်တမ်းတွင် အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

"ဤင်းစေတီတော်ကြီးကို ခရစ်သက္ကရာဇ် ၈ ရာစုနှစ်က တည်ဆောက်ခဲ့သည် ဟူ၍၎င်း၊ ၇၇၂-ခုနှစ်မှာ ပြီးစီးသည် ဟူ၍၎င်း၊ ဗောရောဗုဒ္ဓူး အဋ္ဌုပ္ပတ္တိ မှတ်တမ်းများ၌ ပြဆိုထားသည်။ ဤမျှ များပြားသော

ကျောက်တုံးများကို ပြုပြင် သယ်ဆောင်၍၎င်း၊ ဤမျှ များပြားသော ဆင်းတုတော်များနှင့် ဇာတ်ကားရုပ်လုံးများကို ထုထွင်း၍၎င်း၊ ဤမျှ ကြီးကျယ်ခန်းနားလှစွာသော ဗုဒ္ဓစေတီတော်ကြီးကိုတည်ဆောက်ခဲ့သူ ဒါယကာ မည်သူဟူ၍ ယခုအခါ ထင်ရှားမသိရသော်လည်း ထိုရာစုနှစ် ခေတ်ကာလက ဘုန်းတန်ခိုး ကြီးမားသော ပြည့်ရှင်မင်းပင် ဖြစ်မည်မှာ ယုံမှားသွယ် မရှိပေ၊ မင်းပင်ဖြစ်သော်လည်း တိုင်းသူပြည်သား အများက အားမပေးလျှင် ဤမျှ ကြီးကျယ်ခန်းနားသော စေတီတော်ကြီးကို အပြီးတိုင် တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ထိုစဉ်ကာလ ဂျာဗားတကျွန်းလုံးမှာ ဗုဒ္ဓသာသနာဝင် တွေချည်းလိုလိုပင် ဖြစ်ခဲ့မည်မှာလည်း ယုံမှားဘွယ်မရှိပေ။

(မှတ်တမ်း နှာ ၄၆-၇)

ဤစေတီတော်ကြီးကို ထောက်၍၎င်း၊ အခြား အမှတ်အသား များကို သောက်၍၎င်း၊ အင်ဒိုနေးရှားနိုင်ငံ၌ ခရစ်နှစ် ၇-ရာစုလောက်မှ ၉-ရာစုတိုင်အောင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်ဟု မှတ်ယူနိုင်လေသည်။

အင်ဒိုနေးရှားတွင် ဗောရောဗုဒူးသာမက ဟိန္ဒူဆိုင်ရာ ရှေးဟောင်း အဆောက်အဦးများလည်း ရှိသည်ပင်၊ ယနေ့တိုင်လည်း အထူးသဖြင့် ဗာလီကျွန်းတွင် ဟိန္ဒူဘာသာဝင်များ ရှိနေသေးသည်။ ထို့ကြောင့် အင်ဒိုနေးရှား၌ ရှေးက ဟိန္ဒူဘာသာလည်း ထွန်းကားခဲ့သည်ကို သိနိုင်သည်၊

ဟိန္ဒူဘာသာ ထွန်းကားနေသော ၁၃-ရာစုနှစ်အတွင်းမှာပင်အာရေဗျ, ပါရှား, အိန္ဒိယ, အနောက်ကမ်းခြေတို့မှ မူဆလင်ကုန်သည်များ အင်ဒိုနေးရှားသို့ ရောက်လာရာမှ အစပြု၍ မူဆလင်တို့ တစတစ ကြီးစိုးလာခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်တော့သည်။

မျက်မှောက်ခေတ်အင်ဒိုနေးရှားတွင်ဗုဒ္ဓသာသနာလုံးဝမရှိကားမဟုတ်ပါ၊ ဆဋ္ဌသံဂါယနာ ဖွင့်ပွဲသို့ ဆက်သွင်းသော အရှင်ဇိနရက္ခိတ(မစ္စတာဘွန်အန်)၏ သန္ဒေသကထာအရ ဆိုရလျှင် အင်ဒိုနေးရှား၌ ဗုဒ္ဓသာသနာဝင်ပေါင်း ၂၀-သန်းရှိကြောင်း သိရသည်။ သို့သော် ထို ဗုဒ္ဓသာသနာဝင် များမှာ မဟာယာန ဗုဒ္ဓသာသနာဝင်များသာ ဖြစ်ရကား ထေရဝါဒ ဗုဒ္ဓသာသနာဝင်ဆို၍ မရှိသလောက်ပင် ဖြစ်တော့သည်။ ထို့ကြောင့် သာသနာ့ရိပ်သာ၌ ထေရဝါဒ တရားလာရောက်အားထုတ်နေသော မစ္စတာ ဘွန်အန်ကို တွေ့မြင်ရခြင်းမှာ အံ့ဖွယ် တခုဟု ဆိုရခြင်းဖြစ်ပါသည်။

မစ္စတာ ဘွန်အန်သည် မဟာစည်ဆရာတော်နှင့် ဆရာတော် ဦးဉာဏုတ္တရတို့၏ ညွှန်ကြားပြသချက်အတိုင်း လိုက်နာ၍ လေးလေးစားစား အားထုတ်

သဖြင့် မကြာမီမှာပင် ဝိပဿနာဉာဏ်စဉ်တရားကို ကိုယ်တွေ့နှင့် တိုက်ဆိုင်နားလည် ဆုံးဖြတ်နိုင်သောအခြေအနေသို့ ရောက်ခဲ့သည်။ သို့ဖြစ်၍ ၁၃၁၅-ခု တပေါင်းလဆန်း ၃-ရက်နေ့တွင် မဟာစည် ဆရာတော်သည် မစ္စတာဘွန်အန်အား ဝိပဿနာ ဉာဏ်စဉ်တရားကို အပြည့်အစုံ ရှင်းလင်းဟောပြတော်မူခဲ့သည်။

ထို့နောက်မစ္စတာ ဘွန်အန်သည် ရဟန်းအဖြစ်ကို ခံယူရန် စိတ်ဝင်လာသည်။ ထို့ကြောင့် သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်- ဒေါ်ဒေါ်သိန်း တို့ကပင် ရဟန်းဒါယကာအဖြစ် ခံယူ၍ ၁၃၁၅-ခုနှစ် တပေါင်းလဆုတ် ၁၅-ရက် (၅-၄-၅၄) နေ့တွင် သာသနာ့ရိပ်သာရှိ သိမ်တော်၌ မဟာစည် ဆရာတော်အမှူးရှိသော ဆရာတော်များအား ချီးမြှောက်စေ၍ ရဟန်းအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည်။ မစ္စတာဘွန်အန်၏ ကမ္မဝါစာန်း ဆရာတော် ဖြစ်တော်မူသော မဟာစည်ဆရာတော်ကပင် ဥပဇ္ဈာယ် အဖြစ်ဖြင့် ချီးမြှောက်တော်မူသည်။

အင်ဒိုနေးရှား ရဟန်းသစ်အား မဟာစည်ဆရာတော်က "ဇိနရက္ခိတ" ဟု ဘွဲ့ပေးတော်မူသည်၊ "အောင်တော်မူသော မြတ်စွာဘုရားက စောင့်ရှောက်အပ်သူ" ဟု အဓိပ္ပါယ်ရသည်၊ မှန်ပေသည်၊ အရှင်ဇိနရက္ခိတသည် မြတ်စွာဘုရားနှင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့၏ စောင့်ရှောက်မှုကို ရမှပင် သူရည်မှန်းသော အင်ဒိုနေးရှားမြေ၌ ထေရဝါဒ ဗုဒ္ဓသာသနာအမြစ်တွယ်ရေးကို အားထုတ်နိုင်မည် ဖြစ်ပေသည်။

မစ္စတာ ဘွန်အန်သည် အရှင်ဇိနရက္ခိတ ရဟန်းအဖြစ်ဖြင့်ပင် ဆဋ္ဌသံဂါယနာ ပဌမ သန္နိပါတ ဖွင့်ပွဲ အခမ်းအနားကြီးကို တက်ရောက် ကြည်ညိုခဲ့၍ သဒ္ဓေသကထာပင် တင်ဆက်ခဲ့သေးသည်။ အရှင်ဇိနရက္ခိတသည်မဟာစည်ဆရာတော်ထံ၌ တနှစ်ကျော်ကျော်မျှ သာသနဓမ္မကို သည်းပူးလေ့လာ ပြီးနောက် ဇာတိရင်းဖြစ်သော အင်ဒိုနေးရှားသို့ ပြန်ကြွသွားလေသည်။

အရှင်ဇိနရက္ခိတသည် အင်ဒိုနေးရှားမှ ထွက်ခွာခဲ့စဉ်က မစ္စတာ ဘွန်အန်အဖြစ်ဖြင့် ထွက်ခွာလာခဲ့၍ ယခုပြန်လာသောအခါ ဝါညီရောင်သင်္ကန်းဝတ် မြတ်ရဟန်းအဖြစ်ဖြင့် ပြန်သွားခြင်းဖြစ်ရာ ထိုအရှင်အဖို့ ဝနေ့တရက်မျှ တည်းခိုနေထိုင်ရန်ပင် ခက်ခဲလျက်ရှိခဲ့လေသည်၊ ထေရဝါဒဆိုသည်ကို ကြားဘူးသူပင် အလွန်နည်းသော မူဆလင်တို့ ကြီးစိုးသောနိုင်ငံဖြစ်ရာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဟူ၍ အဘယ်မှာ ရှိပါမည်နည်း။အရှင်ဇိနရက္ခိတသည် မဟာစည်ဆရာတော်အထံ၌ ဝိနည်းကိုလည်း ကတင်ကျွမ်းအောင် လေ့လာ

သွားခဲ့သည်ဖြစ်ရာ ဝိနည်းနှင့် မလျော်သည့် လူတို့နှင့်အတူ နေထိုင်ခြင်းကို လည်းမပြုနိုင်ပေ၊ ထို့ကြောင့်အစ၌ မာလာယ, စက်ာပူရှိ သီဟိုဠ်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၌ တည်းခိုနေထိုင်လျက် ရံဖန်ရံခါသာ အင်ဒိုနေးရှားသို့ သွားရောက်၍ စပ်ဆိုင်ရာ ပုဂ္ဂိုလ်များအား ဗုဒ္ဓသာသနာတရားဓမ္မကို တစတစ ဟောပြောပြသရသည်၊ အရှင်ဇိနရက္ခိတသည် ၅-နှစ်မျှ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် သာသနာပြုခဲ့ရာ အင်ဒိုနေးရှား၌ ဝိဟာရခေါ် သာသနာ့အဆောက်အဦး ကျောင်းပေါင်း ၂၀ ကျော်မျှ ရှိခဲ့၍ သရဏဂုံ ၃-ပါးနှင့် ငါးပါးသီလကို ခံယူကျင့်သုံးသူ ၆၀၀-ကျော်ရှိလာခဲ့သည်၊ ထိုပုဂ္ဂိုလ်များထဲတွင် ရှစ်ပါးသီလ အမြဲတန်း ဆောက်တည်သူများလည်း ပါ၍ သမထ ဝိပဿနာ အားထုတ်သူများလည်း ပါသည်။ ထို့ပြင် ဗုဒ္ဓသာသနာဝင်အဖြစ် မခံယူကြသေးသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုလေးစား ညွတ်ကိုင်းနေသူတို့လည်း ရှိနေသည်။ ဗုဒ္ဓသာသနာတော်ကို အားပေးရန် တည်ထောင်ထားသော သာသနာရေး အသင်းအဖွဲ့တို့လည်း ရှိနေသည့်ပြင် ရှင်ရဟန်းအဖြစ်ဖြင့် သာသနာတော်သို့ ဝင်ရောက်လိုသူများပင် ရှိနေသည်။ ထို့ကြောင့် သီဟိုဠ်, မြန်မာ, ယိုးဒယား, လာအို, ကမ္ဘောဒီးယားဟူသော ထေရဝါဒ ငါးနိုင်ငံမှ သာသနာပြု မထေရ်များကို ပင့်ဆောင်ရန် အရှင်ဇိနရက္ခိတ အမှူးရှိသော အင်ဒိုနေးရှား ဗုဒ္ဓသာသနာ အသင်းအဖွဲ့များက စိမ်အားထုတ်ကြသည်။

ထိုအဖွဲ့တို့ကပင် အင်ဒိုနေးရှားသို့ သာသနာပြု မထေရ်တပါး လွှတ်ပါရန် မေတ္တာရပ်ခံစာကို အင်ဒိုနေးရှားရှိ မြန်မာသံရုံးမှ တဆင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သို့ ပို့သိုက်သည်၊ အဖွဲ့ကလည်း ထိုကိစ္စနှင့် စပ်လျဉ်း၍ စဉ်းစားကြရာတွင် အင်ဒိုနေးရှားသို့ ကြွရန်မှာ အရှင်ဇိနရက္ခိတ၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော မဟာစည်ဆရာတော်ကိုပင်အသင့်တော်ဆုံးဖြစ်သည်ဟု သဘောတူညီကြသဖြင့် မဟာစည်ဆရာတော်ပင် အင်ဒိုနေးရှားသို့ သာသနာပြုကြွပါရန် လျှောက်ထားသည်၊ ဆရာတော်ကလည်း မိမိမှာ ဘာသာခြားစကားဖြင့် တရားဟောရန် မစွမ်းနိုင်သော်လည်း အင်ဒိုနေရှားနိုင်ငံရှိ ဗုဒ္ဓသာသနာဝင်များက အရှင်ဇိနရက္ခိတ၏ ဆရာအဖြစ်ဖြင့် ကြားသိထားပြီးဖြစ်နေသည့်အတွက် မိမိကိုယ်တိုင် သွားရောက်၍ အားပေးရလျှင် သာသနာပြုကိစ္စအတွက် သာ၍ကျေးဇူးများဖွယ် ရှိသည်ဟု မြော်မြင်လျက် လျှောက်ထားချက်ကို လက်ခံ၍ အင်ဒိုနေးရှားသို့ ကြွတော်မူသည်။

မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်တပါးတည်း ကြွတော်မူသော်လည်း အခြားနိုင်ငံများမှမူ တပါးမက ကြွကြသည်။ ထိုကြောင့် ထိုဇာ်က အင်ဒိုနေးရှား၏ ဂျကာတာမြို့တော်ရှိရာဂျာဗားကျွန်း၌ မဟာစည်ဆရာတော်အပါ

အခင် ထေရဝါဒ ရဟန်းတော် ၁၄-ပါးတို့ စုဝေးမိကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀-အတွင်း ထိုကျွန်း၌ ဤမျှများပြားသော ထေရဝါဒ ရဟန်းတော်တို့ စုဝေးမိမည် မဟုတ်ရကား အံ့ဖွယ်တပါးအဖြစ် မှတ်တမ်း တင်ရမည့် ထေရဝါဒ ရဟန်းတော် အစုအဝေးဖြစ်ပေတော့သည်။ မဟာစည် ဆရာတော်အပါအဝင် ထိုထေရဝါဒ ရဟန်းတော်တို့သည် အင်ဒိုနေးရှား နိုင်ငံ ထိုထိုမြို့ရွာတို့သို့ ကြွရောက်၍ သာသနာပြုတော်မူခဲ့သည်။ ကမ္ဘာ ကျော် ဗောရောဗုဒူး စေတီတော်ကြီးလည်း သွားရောက်ဖူးမျှော်ကြသည်။ ဂျာဗားကျွန်း အပြင် မဒုရာကျွန်း, ဗာလီကျွန်း တို့ကိုလည်း သာသနာပြု ရောက်တော်မူကြသည်။ လူအမျိုးမျိုးနှင့် တွေ့၍ ဗုဒ္ဓသာသနာ ဆိုင်ရာ မေးခွန်းအမျိုးမျိုးလည်း အမေးခံရသည်။ ထိုထိုအရပ်တို့၌ တရားလည်း ဟောတော်မူကြရသည်။

မဟာစည်ဆရာတော် အပါအဝင်ဖြစ်သော ထေရဝါဒ သာသနာပြု ဆရာတော်တို့ ဆောင်ရွက်ခဲ့သော သာသနာတော်အတွက် အရေးကြီးဆုံး လုပ်ငန်းများကား သိမ်သမုတ်ခြင်း, ရှင်ပြုပေးခြင်း, ရဟန်းခံပေးခြင်းတို့ပင် ဖြစ်လေသည်။

ဒေဝါနံပိယတိဿမင်းကြီးသည် မိမိကိုယ်တိုင် ဗုဒ္ဓသာသနာဝင်ဖြစ်ပြီး နောက် မဟာမေဃဝန်ဥယျာဉ်ကို သာသနာပြု အရှင်မဟိန္ဒမထေရ်အား လှူဒါန်းခဲ့၏။ ထိုအချိန်တွင် အနုဠာဒေဝီ မိဖုရားနှင့်တကွ အမျိုးသမီး ငါးရာတို့ သကဒါဂါမ်တည်ပြီး ဖြစ်၏၊ အရှင်မဟိန္ဒထေရ်၏ တရားကိုပင် နာရ၍ အခြားများစွာသော ယောကျ်ားတို့လည်း သောတာပန်အဖြစ်သို့ ရောက်ခဲ့ကြ၏။ ထိုသို့ဖြစ်ပြီးနောက် မင်းကြီးသည် ''သီဟိုဠ်ကျွန်း၌ ဘုရား ရှင် သာသနာ တည်ပါပြီလား'' ဟု မေးလျှောက်သည်။ ထိုအခါ အရှင် မဟိန္ဒက ''ဘုရားရှင်အာဏာတော်ဖြစ်သော ဉာတ်ကမ္မဝါစာဖြင့် သိမ်သမုတ်ပြီး မှသာလျှင် ဘုရားရှင်သာသနာတော် တည်လိမ့်မည်'' ဟု ဖြေကြားတော်မူခဲ့ သည်။ တရားထူးရပြီးသော လူဝတ်ကြောင်များ ပညာရှင် များပြားစွာ ရှိနေသော်လည်း ထိုသူတို့သည် သာသနာတော်တည်တံ့ရေးကို မဆောင် ရွက်နိုင်၊ ရဟန်းတော်များသာ ဆောင်ရွက်နိုင်သည်။ ရဟန်းအဖြစ်ရောက်ရန် မှာလည်း ကံမှုရာသိမ်ရှိမှ ဖြစ်နိုင်သည်။ ထို့ကြောင့် သိမ်သည် သာသနာ တော်တည်ရေးအတွက် အရေးကြီးလှသည် ဟု အရှင်မဟိန္ဒမထေရ် ဆိုလိုရင်းဖြစ် ပေသည်။ ထို့ကြောင့် ဤအဖြေအရ မည်သည့်နိုင်ငံမှာဖြစ်စေ သိမ်မရှိသေး သမျှ သာသနာတည်ပြီ ဟု မဆိုနိုင်ကြောင်း မှတ်ယူရမည် ဖြစ်ပါသည်။ ထို့ကြောင့်ပင် မဟာစည် ဆရာတော်တို့အဖွဲ့သည် အင်ဒိုနေးရှားမြေတွင် ပဌမဆုံးဟု ခေါ်ဆိုရမည့် ဗဒ္ဓသိမ်ကို သမုတ်ခဲ့လေသည်။ ထိုသိမ်ကို ဂျာကာ

တာမြို့တော်မှ ၂၂၈–မိုင်ဝေးသော ဆမာရစ်မြို့မှ ၁၁–မိုင်ခန့်အရပ်ရှိ ဗုဒ္ဓဇယန္တိဝိဟာရ ခေါ် ဌာနၗ ၁၃၂၁–ခုနှစ်၊ ကဆုန်လဆန်း ၁၃–ရက် (၁၉–၅–၅၉)နေ့တွင် သမုတ်ခဲ့သည်။ အရှင်မဟိန္ဒထေရ် မိန့်ခွန်းတော်အရ ဆိုလျှင် ထိုနေ့မှစ၍ အင်ဒိုနေးရှားၗ ဗုဒ္ဓသာသနာမှာ အမြစ်တွယ်သွားပြီဟု ဆိုရမည်ဖြစ်ပါသည်။

နိုင်ငံတခုၗ သာသနာတော် အရှည် တည်တံ့ရေးသည် ထိုနိုင်ငံသား ရဟန်းများ ပေါ်ပေါက်ရေးပေါ်တွင် တည်လျက်ရှိ၏။ အင်ဒိုနေးရှားၗ သာသနာတော် အရှည်တည်တံ့စေလိုလျှင် အင်ဒိုနေးရှား တိုင်းရင်းသား ရဟန်းများ ပေါ်ပေါက်အောင် ဆောင်ရွက်ရန်လည်း အရေးကြီး၏၊ ဤ အရေးကြီးသော ကိစ္စကိုလည်း မဟာစည်ဆရာတော်တို့အဖွဲ့သည် ဆောင် ရွက်ခဲ့သည်ပင်ဖြစ်သည်၊ မိမိတို့သမုတ်ခဲ့သော ဗဒ္ဓသိမ်ၗပင် ဆရာတော်တို့ သည် ကဆုန်လဆုတ် ၁–ရက်နေ့ၗ အင်ဒိုနေးရှားအမျိုးသား သာမဏေ ရှင်ဇိနပုတ္တ ကို ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူခဲ့ကြသည်။ ထို့ပြင် ကဆုန်လဆုတ် ၁၃–ရက်နေ့ၗလည်း ဗာလီကျွန်း ဗေသာခီ နတ်ကွန်းသို့ ကြွကာ ဗာလီကျွန်းသား သာမဏေ ရှင်ဇိနပိယ အား ရဟန်း ခံပေးခဲ့သည်။ ယင်းဇိနပိယကို ရဟန်းခံပေးရာသိမ်မှာ ဗဒ္ဓသိမ် မဟုတ်၊ ဂါမသိမ် ဖြစ်သည်၊ ဂါမအတွင်းၗ ရှိသမျှ ရဟန်းများကို တနေရာတည်းၗ စုနိုင်လျှင် ထိုနေရာတွင် ရဟန်းခံ စသော သံဃာ့ကံများကို ပြုနိုင်တော့ သည်သာ ဖြစ်သည်။ ထို့ကြောင့် ဂါမသိမ်မှာပင် ရဟန်းခံပေးရုံသာမက သာသနာ့ဘောင်သို့ ဝင်ရောက်လိုသော အမျိုးသားများကိုလည်း သာမ ဏေအဖြစ် ရှင်ပြု ပေးသေးသည်၊ ဆရာတော်တို့အဖွဲ့သည် အင်ဒိုနေးရှားၗ ရှင်ပြုပွဲကို ၃–ကြိမ်တိုင်တိုင် ကျင်းပခဲ့ကြသည်။ ပဌမဆုံးအကြိမ်အဖြစ် ကဆုန်လဆန်း ၁၁–ရက်နေ့တွင် ဂျကာတာမြို့ၗ သာရိပုတ္တစကူးလ် ကျောင်း၏ ကျောင်းအုပ်ဆရာကြီး မစ္စတာအောင် ကို ရှင်သာမဏေပြုပေး၍ ကဆုန်လပြည့်နေ့တွင် ဆမာရမ်မြို့ၗ ဝါတုဂုံအရပ် ဝိဟာရဗုဒ္ဓဂယာ ကျောင်းၗ ဆမာရမ်မှ ဒကာတဦးနှင့် ဗာလီမှ ဒကာတဦး ပေါင်း ၂–ဦး တို့အား ရှင်သာမဏေ ပြုပေးသည်။ ၎င်းတို့အား "ဇိနာနန္ဒ" "ဇိနပိယ"ဟု အစဉ်အတိုင်း ဘွဲ့ပေးတော်မူကြသည်။ ဤသို့ မဟာစည်ဆရာတော်၏ ရှေးဦး ဆောင်ရွက်တော်မူခြင်းကြောင့်၎င်း၊ ယခု ဆရာတော်အပါအဝင် ထေရာ ၁၀ သာသနာပြုဆရာတော်တို့၏ ဆောင်ရွက်မှုကြောင့်၎င်း၊ အင်ဒို နေးရှားမြေပေါ်ၗ အင်ဒိုနေရှားတိုင်းရင်းသား ရဟန်းတော် ၂–ပါး သာမ ဏေ ၃–ပါးအားဖြင့် သာသနာ့ဝန်ထမ်း ၅–ပါး ထွက်ပေါ်ခဲ့ပြီဖြစ် လေသည်။

မဟာစည် ဆရာတော်သည် ၁၃၂၁-ခုနှစ်၊ ကဆုန်လဆန်း ၈-ရက် (၁၄-၅-၅၉) နေ့တွင် မြန်မာပြည်မှ ထွက်ခွါ၍ ထိုနှစ် နယုန်လဆုတ် ၁၀-ရက် (၃၀-၆-၅၉) နေ့တွင် မြန်မာနိုင်ငံသို့ ချောမောစွာ ပြန်လည် ရောက်ရှိတော်မူသည်။

မဟာစည်ဆရာတော်သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် "အင်ဒိုနေးရှား သာသနာပြုဆိုင်ရာ ခရီးသွားမှတ်တမ်း" ကို ရေးသား တော်မူသည်၊ ထိုမှတ်တမ်းတွင် အင်ဒိုနေးရှား သာသနာပြုခရီးကို အသေး စိတ် အကျဉ်း ရေးသားတော်မူသည်။ စာအုပ်အစ၌ "အကျဉ်းချုပ်ဖော် ပြချက်ဖြစ်သည်" ဟု ဆိုသည်၊ သို့သော် ထိုမှတ်တမ်းစာအုပ်မှာ ၈ ရောင်း ရှစ်ချိုးဆိုက် စာမျက်နှာ ၁၈၅-မျက်နှာရှိသဖြင့် ခရီးသွားမှတ်စုမျှ မဟုတ် ကြောင်း သိနိုင်သည်၊ ထိုမှတ်တမ်းတွင် ဆရာတော်သည် အင်ဒိုနေးရှား ဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်တို့ကိုလည်း၊ သာသနာပြုခရီး တလျှောက် အတွေ့အကြုံတို့ကိုလည်း၊ သာသနာပြုတရားများနှင့် မိန့်ခွန်း အကျဉ်းများကိုလည်း ဖတ်ချင့်စဖွယ်ဖြစ်အောင် ရေးသားထားသည်ကို တွေ့နိုင်သည်၊ တရားဟောပြီးနောက် သူတို့နိုင်ငံ ထုံးစံအတိုင်း ပြုလုပ်ခွင့် ပေးရသော အမေးအဖြေကား စိတ်ဝင်စားစရာလည်းကောင်း၍ သာသ နာပြုပုဂ္ဂိုလ်တို့အဖို့ သတိပြုဖွယ်လည်း ဖြစ်ပေသည်၊ ဟောပြသောတရား များမှာ နက်နဲ ခက်ခဲသော တရားများကား မဟုတ်ကြ သို့သော် တရား နာပြီးနောက် မေးကြသော မေးခွန်းများမှာကား အချို့လည်း စုံလှ၍ "ရဟန်းများ ဘာ့ကြောင့် ကတုံးရိပ်ထားသလဲ" စသော မေးခွန်းမျိုး များလည်း ပါသည်၊ ထိုမေးခွန်းများကိုလည်း အဖြေများနှင့်တကွ မှတ် တမ်းတွင် ပြထားလေသည်၊ မှတ်တမ်းကို ဖတ်ကြည့်လျှင် မဟာစည် ဆရာတော်သည် စေ့စပ်သေချာသော ဆရာတော်ဖြစ်ကြောင်း ထင်ရှား သိမြင်နိုင်သည်။

မဟာစည်ဆရာတော်နှင့်တကွ အခြားထေရ်ဝါဒဆရာတော်တို့ သာသနာ ပြုခဲ့ပုံ စသည်အကျယ်ကို သိလိုပါလျှင် ဆရာတော်၏ အင်ဒိုနေးရှား သာသနာပြုမှတ်တမ်းကိုပင် ဖတ်ကြပါ ဟု ညွှန်ကြားလိုပါသည်၊ အချုပ် အားဖြင့် ဆိုရလျှင်ကား အင်ဒိုနေးရှားသို့ သာသနာပြုရန် မဟာစည် ဆရာတော် ကြွသွားတော်မူခဲ့ခြင်းသည် ဗုဒ္ဓသာသနာအတွက် သာမက တိုင်းပြည်အတွက်ပါ အကျိုးများသော လုပ်ငန်းတရပ် ဖြစ်ပါတော့သည်၊ သာသနာပြုနှင့်လည်း၊ တိုင်းပြည်နှင့်လည်း စပ်၍ ရရှိ ပေါ်ပေါက်ခဲ့သော ထိုအကျိုးကျေးဇူးများကို မဟာစည်းဆောင်ဖြင့် က ထိုမှတ်တမ်းစာအုပ် နိဒါန်းတွင် ဖော်ပြထားပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်၏

အင်ဒိုနေးရှား သာသနာပြုခရီးမှာ သီဟိုဠ်ခရီးကဲ့သို့ပင် အောင်မြင်မှု ရှိသော "ဓမ္မဝိဇယခရီး" တခုပင် ဖြစ်ပါတော့သည်။

## ယိုးဒယား၌ သာသနာပြုခြင်း

မဟာစည်ဆရာတော်သည် ယိုးဒယားနိုင်ငံသို့ သာသနာရေးမစ်ရှင်အဖြစ် ဖြင့်၎င်း၊ သာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တိပွဲတော်၌ အားပေးသည့် အနေဖြင့်၎င်း ကြွရောက်တော်မူခဲ့ဘူးသည်၊ ဝိပဿနာ သာသနာပြုအနေ ဖြင့်မူ ကြွရောက်တော်မမူဘူးပေ။ သို့သော် ယိုးဒယားနိုင်ငံမှ သံဃာအုပ် ချုပ်ရေး သံဃဝန်ကြီးဖြစ်သော အရှင်ဝိမလဓမ္မ ဆရာတော်က ဝိပဿနာ သာသနာပြု ကမ္မဋ္ဌာနာစရိယတပါး စေလွှတ်ပေးရန် တောင်းပန်သော ကြောင့် မဟာစည်ဆရာတော်သည် ၁၃၁၄-ခုနှစ်ကပင် အစပြု၍ တပည့် ကမ္မဋ္ဌာနာစရိယဖြစ်သော ဆရာတော် ဦးအာသဘကို နောက်ပါ ဦးဇနိန္ဒဝံသ နှင့်တကွ စေလွှတ်၍ ဝိပဿနာ သာသနာကို ပြုစေတော်မူသည်။ ထိုဆရာ တော် ၂-ပါး၏ ကြိုးပမ်းချက်ကြောင့် မဟာစည်ဆရာတော်၏ သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းနည်းသည် ယိုးဒယားနိုင်ငံအနှံ့ ပြန့်သွားတော့သည်။ ကမ္မဋ္ဌာန်းရိပ်သာပေါင်း ၃၀၀-ကျော် ပေါ်ထွန်းခဲ့၍ တရားအားထုတ်ပြီး သူပေါင်း ၁၃၂၉-ခုနှစ် မတိုင်မီကပင် တသိန်းကျော် ရှိခဲ့သည်။ (ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ အတ္ထုပ္ပတ္တိသမိုင်း စာအုပ် ၁၃၂-စသည်၌ ကြည့်လျှင် သာ၍ ပြည့်စုံစွာ သိနိုင်သည်။) ယခုအခါမှာမူ ထိုထက်ပင် များပြားနေ လေပြီ၊ နောက်၌ ထိုင်းလင်း သာသနာပြုဆရာတော် အရှင်အာသဘ၏ အတ္ထုပ္ပတ္တိကို ဖော်ရှုလျှင် တိုးတက်ပုံကို သိနိုင်ပါသည်။

## ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ရေးသားတော်မူခြင်း

ပဥ္စမသံဂါယနာတင်ပွဲ ကျင်းပစဉ်က ဝိနည်း ပိဋကတ်ကို သံဂါယနာ တင်အပြီးတွင် သံဂါယနာတင် ရဟန္တာအရှင်မြတ်တို့က ဝိနည်းပိဋကတ်ကို မိမိ (အရှင်ဥပါလိ) တပည့်များအား ပို့ချပေးရန် အရှင် ဦးပါလိအား အပ်နှင်းတော်မူကြသည်။ ထိုအတူ ဒီဃနိကာယ်သံဂါယနာတင် အပြီးတွင် ဒီဃနိကာယ်ကို အရှင်အာနန္ဒာအား၎င်း၊ ထို့အတူ မဇ္ဈိမနိကာယ်ကို အရှင် သာရိပုတြာ၏ တပည့်တို့အား၎င်း၊ (ထိုအချိန်တွင် အရှင်သာရိပုတြာ ပရိနိဗ္ဗာန်စံပြီး ဖြစ်သည်၊)သံယုတ္တနိကာယ်ကို အရှင်မဟာကဿပအား၎င်း၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအား၎င်း ဆိုင်ရာတပည့်များအား ပို့ချ ရန် အပ်နှင်းတော်မူခဲ့ကြသည်၊ သံဂါယနာတင်ပြီးနောက် ကြောင့်ကြမဲ့

ဖြစ်မည်စိုး၍၎င်း၊ ပိဋကတ်တော်များအဆက်မပြတ် တည်တံ့သွားရန်၎င်း အရှည်ကို မြော်ကိုး၍ ပြုလုပ်ခဲ့သော အလွန်ကောင်းမြတ်သော အစီအစဉ် ဖြစ်ပေသည်။

ပဉ္စမသံဂါယနာတင် မထေရ်တို့၏ အရှည်ကို မြော်မြင်၍ ချမှတ်ခဲ့သော လမ်းစဉ်ကို အလွန်ကြိုက်နှစ်သက်တော်မူသော ဆဋ္ဌသံဂါယနာ သံဃနာယက ဝန်ဆောင် သံဃအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးသည်လည်း ရဟန္တာအရှင်တို့၏ ထုံးကို အတုယူ၍ ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးသောအခါ သံဂါယနာတွင် ပါဝင်သော ဆရာတော်တို့အား နိကာယ်တို့ကို အသီးအသီး တာဝန်ယူ၍ မပြတ်ပို့ချကြရန် တိုက်တွန်း နှိုးဆော်တော်မူလေသည်။

ထိုအခါ မဟာစည်ဆရာတော်ဘုရားသည် "ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ မိလိန္ဒပဉှာ ပါဠိတော်"ဟူသော ဤ ၅-ကျမ်းဘွဲ့ကို မိမိ၏ သာသနာ့ရိပ်သာ၌ မပြတ်ပို့ချရန် တာဝန်ယူတော်မူခဲ့သည်။ အဆိုပါ ကျမ်းတို့သည် ကမ္မဋ္ဌာန်းနှင့်၎င်း၊ ဗုဒ္ဓဝါဒဆိုင်ရာ ပြဿနာတို့နှင့်၎င်း တိုက်ရိုက်သက်ဆိုင်သော ကျမ်းတို့ဖြစ်၍ ဤကျမ်းတို့ကို လေ့လာ ကြေပွန်ထားပါလျှင် ကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ အရှုပ်အထွေး ပေါ်လာသောအခါ ဖြစ်စေ၊ ဗုဒ္ဓဝါဒနှင့် ပတ်သက်သော ပြဿနာ ပေါ်လာသောအခါဖြစ်စေ အသွယ်တကူဖြင့် ခိုင်လုံသော အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည့်ပြင် ကမ္မဋ္ဌာန်းဆိုင်ရာ ဗုဒ္ဓဝါဒရေးရာဆိုင်ရာ ဗဟုသုတလည်း တိုးပွားမည်ဖြစ်၏၊ မိမိ၏ သြဝါဒကို ခံယူ၍ ကမ္မဋ္ဌာနာစရိယ ပြုလုပ်ကြမည့် ပုဂ္ဂိုလ်တို့အဖို့ ဤကျမ်းဘွဲ့သည် အလွန်လိုအပ်သော ကျမ်းတို့ဖြစ်၏၊ မကြည့်ရှု မလေ့လာသျှင် မဖြစ်သော ကျမ်းတို့ဖြစ်၏၊ ထို့ကြောင့်ပင် ကမ္မဋ္ဌာနာစရိယဘို့အဖို့ မယူမနေရ ဘာသာသဘောဖြင့် ပြဋ္ဌာန်း၍ ပို့ချရန် ရည်ရွယ်တော်မူကာ ဤကျမ်းဘွဲ့ကို တာဝန်ယူခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့ တာဝန် ယူတော်မူပြီးနောက် ၁၃၂၂ ခုနှစ် တပို့တွဲလဆုတ် ၃ ရက် ကြာသပတေးနေ့မှ စ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို မဟာဋီကာနှင့် တွဲ၍ နေ့စဉ် တနာရီခွဲ နှစ်နာရီခန့် ပို့ချတော်မူခဲ့လေသည်။ ပို့ချသောအခါ ရှေးဦးစွာ အနက်အဓိပ္ပါယ်ကို သဘောပေါက်လောက်အောင် ရှင်းလင်းပြောကြားပြီးမှ နိဿယမူ ရေးသားရန် ရည်ရွယ်ချက်ဖြင့် နိဿယနက်ကို ပို့ချပေးတော်မူသည် ထိုအနက်ကို စာလိုက်ပုဂ္ဂိုလ်တို့က မှတ်ယူပြီး

နောက် လက်နှိပ်စက်ဖြင့်ရိုက်၍ နိဿယမူကြမ်းကို ဆရာဟောင်ထံ တင်ပြကြ သည်၊ ထိုမူကြမ်းကို မဟာစည်ဆရာတော်သည် အထပ်ထပ်ကြည့်ရှုသုံးသပ် ပြင်ဆင်၍ အဆုံးအဖြတ်,အမှာ,အထား ထည့်သင့်သည့်နေရာတို့၌ ထည့်ကာ တည်းဖြတ်တော်မူသည်၊ ဆရာတော်တည်းဖြတ်ပြီး ထိုမူကိုမှ မူချောအဖြစ် လက်နှိပ်စက်ဖြင့် တဖန် ရိုက်ရသည်။ ဤသို့ဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယသည် သန္ဓေတည် ပေါက်ဖွားခဲ့ရသည်။

၁၃၂၂-ခု တပို့တွဲလဆုတ် ၃-ရက်နေ့မှ စတင်ပို့ချ၍ ရေးသားခဲ့သော မဟာဋီကာ နိဿယသည် ၁၃၂၈-ခု တပို့တွဲလဆန်း ၁၄-ရက်နေ့ ကျမှ ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်၊ နှစ်အားဖြင့်ကြည့်လျှင် ၆-နှစ်မျှ ကြာလေ သည်။ သို့သော် ဤ ၆-နှစ်အတွင်းတွင် သီတင်းနေ့များ အခြားအရပ်တို့ သို့ တရားဟောထွက်ရသော ရက်များလည်း ပါဝင်ရာ ထို မပို့ချနိုင်သော ရက်တို့ကို နုတ်လျှင် မဟာဋီကာကို အဆုံးရောက်အောင် ပို့ချသော ရက် များမှာ ၈၃၀-ဖြစ်လေသည်။ ဤအကြောင်းကို ဆရာတော်သည် နိဿယ နိဂုံးဘွင် အသေအချာ ဖော်ပြထားပါသည်။

နိဿယစာမူချောကို ၁၃၂၈ ခုနှစ်မှ စ၍ ပုံနှိပ်စေခဲ့သည်၊ ပုံနှိပ်တိုက် သို့ ပို့ခါနီး၌လည်း အထပ်ထပ် ကြည့်ရှု၍ ပြင်သင့်သည်တို့ကို ပြင် တော်မူသည်၊ ပုံနှိပ်တိုက်မှ ပေးပို့သော ပုံနှိပ်မူကြမ်း (ပရူ) ကိုလည်း ကျနစွာ ကြည့်ရှုစစ်ဆေး၍ ပြင်သင့်သမျှတို့ကို ပြင်တော်မူသည်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိသည် ၂-တွဲရှိ၏၊ ပါဠိတတွဲအတွက် နိဿယ ၂-တွဲဖြစ်ရ ကား နိဿယမှာ အားလုံး ၄-တွဲဖြစ်သည်၊ ထိုတွင် ပဌမတွဲကို ၁၃၂၈-ခုနှစ်၌၎င်း၊ ဒုတိယတွဲနှင့် တတိယတွဲကို ၁၃၂၉-ခုနှစ်၌၎င်း၊ စတုတ္ထတွဲကို ၁၃၃၀-ပြည့်နှစ်၌၎င်း ထုတ်ဝေနိုင်ခဲ့သည်။

## နိဿယ၏ အစ

မဟာစည် ဆရာတော်သည် မစိုးရိမ် ဆရာတော်ဘုရားကြီးထံ တာဝန် ခံပြီးသည့်နောက်မှ ဝိသုဒ္ဓိမဂ် မဟာဋီကာကို ကြည့်ရှု လေ့လာခဲ့သည်မဟုတ်၊ ရဟန်းဖြစ်ပြီးခါစ ဆိပ်ခွန်မှာ နေခဲ့စဉ်ကပင် ဆရာတော် ဦးပရမထံ ဝိသုဒ္ဓိ မဂ်ကို တက်ရင်းလည်း လေ့လာခဲ့သည်၊ သူတပါးတို့အား ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ပို့ချစဉ်ကလည်း လေ့လာခဲ့သည်၊ (ထိုသို့ ပို့ချစဉ်က ဒိဋ္ဌိ ဝိသုဒ္ဓိနိဒ္ဒေသ သမယန္တရပိုင်း မဟာဋီကာ ပြဆိုချက်များတွင် မိမိဉာဏ်နှင့် သလောက်သာ အနက်ပြန်ဆို ပို့ချ၍ မပိုင်နိုင်သော ဒြဗျာဒိ,ဇီဝါဒိ,ကာ

ယာဒိဝါဒ ပြဆိုချက်များကိုမူ အနက်ပြန်ဆို ပို့ချခြင်းမပြုပဲ ခြွင်းချန် ထားခဲ့သည်။ အကြောင်းမှာ ထိုစဉ်အခါကသမယန္တရဝါဒဆိုင်ရာမူရင်းကျမ်းများကို မတွေ့ရသဖြင့် အနက်ပြန်၍ပို့ချသော်လည်း သဘာဝကျမည်ဟု မထင်သောကြောင့်ရင်း၊ သဘာဝမကျသော အနက်များကို တပည့်များ မှတ်သားထားလျှင် အကျိုးမရှိဟု ယူဆသောကြောင့်ရင်း ဖြစ်သည် ဟု မဟာစည်ဆရာတော်က အမိန့်ရှိဘူးပါသည်၊) ဘောင်ဒိုင်းကလေးတိုက်ကျောင်း၌ နေစဉ်ကလည်း အဘပ်ထပ် ကြည့်ရှုလေ့လာသုံးသပ်လျက် ကြေပွန်ပြီး ဖြစ်ခဲ့သည်၊ ထိုသို့ ကြေပွန်ခဲ့သဖြင့်ပင် မည်သည့်နေရာ၌ ခက်ခဲသော အချက်များ ရှိသည်ဆိုသည်ကို သိမြင်ပြီးဖြစ်သည်၊ (အဘယာရာမ ဆရာတော်နှင့် တွေ့ခန်းပြန်ကြည့်ပါ)။ ခက်ခဲသည်ဆိုသောနေရာများမှာလည်း အထူးသဖြင့် ပရသမယ ဝါ-သမယန္တရ ခေါ် ဟိန္ဒူဒဿနများနှင့် တိုက်ဆိုင်သားသော နေရာများ ဖြစ်လေသည်။ ထိုနေရာများကား ပါဠိသက်သက် တတ်သူတို့အဖို့ ဖြေရှင်းရန် မဖြစ်နိုင်သော နေရာများ ဖြစ်သည်၊ သက္ကတ တတ်သည့်ပင် ဆိုဦး၊ သဒ္ဒါကျမ်း, ကောသကျမ်း, ကာဗျကျမ်း, ဆန်းကျမ်းမျှကို တတ်ရုံဖြင့် ဖြေရှင်းနိုင်သော နေရာများ မဟုတ်ပြန်ပေ၊ ဒဿနဆိုင်ရာ ကျမ်းရင်း ကျမ်းများတို့ကို ကြည့်ရှုလေ့လာ ပိုင်နိုင်ပါမှသာ ဖြေရှင်းနိုင်သော နေရာမျိုး ဖြစ်သည်၊ မြန်မာနိုင်ငံတွင် ဣန္ဒိယဒဿနတို့ကိုပါ လေ့လာ တတ်မြောက်တော်မူခဲ့သော ဆရာတော်မှာ အဘယာရာမ ဆရာတော်ပင် ဖြစ်လေသည်၊ ဆရာတော်သည် အဘိဓာန်နိဿယသစ်၌ ဟိန္ဒူဒဿန များမှ အချို့ကို ရှင်းလင်း ရေးသားတော်မူခဲ့သည်။

သို့သော် ထိုမျှဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာလာ သမယန္တရပိုင်းဆိုင်ရာ အခက်အခဲတို့ကို ဖျက်ခွဲရှင်းလင်းရန် မလုံလောက်သေးပေ၊ ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားသည် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ပို့ချနေယင်း ဣန္ဒိယဒဿနဆိုင်ရာ သက္ကတကျမ်းရင်းတို့ကိုရင်း၊ အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုရင်း ရနိုင်သမျှ ရှာဖွေ၍ ကြည့်ရှုလေ့လာသည်၊ နှီးနှောသည်၊ ဤသို့ မိမိကိုယ်တိုင် ဒဿနတို့ကို နားလည်အောင် အားထုတ်ပြီးသော အခါ မဟာစည် ဆရာတော်သည် ဝိသုဒ္ဓိမဂ် မဟာဋီကာလာ သမယန္တရ ပိုင်းကို ပို့ချ၍ နိဿယကို ရေးသားတော်မူသည်၊ ထိုနိဿယမှ သမယန္တရ ပိုင်းသို့ ထုတ်နုတ်၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ ဟူသော အမည်ဖြင့် ၁၃၂၄ ခုနှစ်တွင် ထုတ်ဝေတော်မူခဲ့သည်။ ဂဏ္ဌိနိဿယဆိုသည့်အတိုင်း အမှာအထားများ ပြောချင်းချက်များဖြင့် တန်ဆာဆင်၍ အဆင့်အတန်းမြင့်မြင့် ရေးသားထားသည်၊ ထိုကျမ်းကလေး ထွက်ပေါ်ပြီးနောက် ကျမ်းဂန်တတ် ဆရာတော်များ၏ နှုတ်မြွက်ရင်း,

စာဖြင့်ရှင်း ချီးကျူးခြင်းများကို ခံယူခဲ့ရပါသည်။ အချို့ ဆရာတော်များကလည်း ထိုစဉ်ကပင် ဋီကာတကျမ်းလုံး နိဿယရေးရန် တိုက်တွန်းခဲ့ကြပါသည်၊ ထိုကျမ်းကလေး ထွက်လာသောအခါမှ မဟာစည်ဆရာတော်သည် ဇမ္ဗူဒီပ ဒေသနတွင်၌လည်း ကျမ်းကျင်တော်မူကြောင်း ပေါ်လွင် ထင်ရှားလာပါတော့သည်၊ ထိုကျမ်းကလေးက မဟာစည်ဆရာတော်၏ ဂုဏ်ကို များစွာ မြင့်တင်ပေးခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။ ထိုကျမ်းကလေးသည်ပင် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်းကြီး ၄-တွဲ ထွက်ပေါ်လာခြင်း၏ ရှေ့ပြေးအာဝ မီဇမျိုးစေ့ပင် ဖြစ်ပါတော့သည်။

## သံသယ ရှိသူများ

ဝိသုဒ္ဓိမဂ်မဟာဋီကာကို မဟာစည်ဆရာတော် ရေးသားပြုစုနေသည့်အကြောင်းကို သိကြသောအခါ အချို့ဆရာတော်တို့က "မဟာစည်ဆရာတော် ပြီးအောင်မှ ရေးနိုင်ပါ့မည်လား" ဟု သံသယ ရှိခဲ့ကြသည်။ ထိုသို့သံသယရှိခဲ့ကြသည်မှာ မဟာဋီကာသည် ၂-တွဲရှိ၍ ကျမ်းကြီးဖြစ်သောကြောင့်သာ ဟုတ်ဟန်မတူပါ၊ ဋီကာလာ သမယန္တရပိုင်း ဆိုင်ရာတို့ကို မဟာစည်ဆရာတော် ပြေရှင်းရေးသားနိုင်မည်မဟုတ်၊ ထို့ကြောင့် လွယ်သောနေရာများကို ရေးသားနိုင်မည် ဖြစ်သော်လည်း ခက်သောနေရာသို့ရောက်သောအခါ ရှေ့မတိုးနိုင်ပဲ လမ်းခုလတ်မှာပင် ပြတ်၍ နေလိမ့်မည်ဟု မှတ်ထင်ကြသောကြောင့် ဖြစ်ဟန်တူပါသည်။ သို့သော် ၁၃၂၀၊ ၂၆၊ ၃၀ ခုနှစ်တို့၌ တအုပ်ပြီး တအုပ်ဆက်၍ဆက်၍ ထွက်လာသော နိဿယကျမ်းစာအုပ်တို့ဖြင့် မဟာစည်ဆရာတော်က ထိုဆရာတော်တို့၏ သံမှားသံသယကို ပြေပျောက်တော်မူခဲ့ပါသည်။

အချို့ကမူ အထက်ပါဆရာတော်တို့ကဲ့သို့ သံသယရှိခြင်းမျိုး မဟုတ်ပဲ မဟာစည်ဆရာတော်၌ မဟာဋီကာနိဿယကို ရေးနိုင်လောက်သော အရည်အချင်းမရှိ၊ ရှေးကရှိပြီး နိဿယတို့ကို ကူးယူ၍ မိမိအမည်တတ်ပြီး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်မည်ဟု မှတ်ထင်ကြသည်။ မဟာစည်ဆရာတော် ဝိသုဒ္ဓိမဂ်ဋီကာနိဿယရေးသည် ဆိုသည်ကို မခံနိုင်ရှိကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ရှေးနိဿယများအပေါ်မှ မခံနိုင် ဖြစ်ကြသည်ဆိုလျှင်ကား တော်ပါသေးသည်၊ မဟာစည်ဆရာတော်၏ ဂုဏ်အရည်အချင်းကို မခံနိုင်ဖြစ်သည်ဆိုလျှင်ကား အမှန်တရားတခုကို မခံနိုင်ဖြစ်ကြသော ပုဂ္ဂိုလ်များဖြစ်၍ ကရုဏာ သက်စရာ ပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်၊

## ရှေးနိဿယများ

မဟာစည် ဆရာတော်သည် ရှေးဆရာတော်များ ကျမ်းပြုပုဂ္ဂိုလ်များ ရေးသားခဲ့သော မဟာဋီကာ၏ ရှေးနိဿယများ ရှိခဲ့သည် ဆိုသည်ကိုကြား ဘူး သိဘူးသည်ပင် ဖြစ်ပါသည်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယတစောင် ကိုမင်းဘုန်းမင်းကြီးလက်ထက်ပိဋကတ်တော်အုပ်ဦးယံနှင့်စာတော်ပြန်နေမျိုး မမ္မကျော်သူတို့ စီရင်ကြောင်း နိသျှထုပ်ရေ ၂ ထုပ်ရှိကြောင်း တွေ့ရသည်။ စစ်ကိုင်းဝတ်ချက် မင်းကျောင်းဆရာတော်၏ ထေရုပ္ပတ္တိတွင်လည်း တောင် ဘီးလူးဆရာတော် တောင်းပန်၍ ရှေးက အပြီးမသတ် ကြွင်းကျန်လျက် ရှိသော ဝိပဿနာပိုင်း၏ နိဿယကို မင်းကျောင်းဆရာတော်ဘုရားကြီးသည် ဒူးပသစ်၌ ပေကိုဘင်လက် ကညစ်ဖြင့် တကြိမ်တည်း အပြီးအဆုံးနိဂုံးသို့ တိုင်အောင် ရေးသားတော်မူခဲ့ကြောင်း ဆရာတော်ဘုရားကြီး ရေးသား တော်မူခဲ့သော နိဿယမှာ စာအင်္ဂါ သုံးဆယ်မျှရှိသော စတုတ္ထထုပ် ဖြစ်ကြောင်း, ကျမ်းပြီးသက္ကရာဇ်မှာ ၁၂၅၇-ခု တပို့တွဲလပြည့်ကျော် ၁၃-ရက် တနင်းလာနေ့ဖြစ်ကြောင်း တွေ့ရှိရပါသည်၊ သို့သော် ထိုနိဿယများမှာ ပေအဖြစ် ဖြင့်သာ ရှိခဲ့ကြရကား ရှာဖွေရယူရန် မလွယ်ကူလှပေ၊ ကိုးကိုး ကားကား ရှာဖွေလျှင် အသုံးစုံမဟုတ်သည့်တိုင် တထုပ်တလေ ရနိုင်စရာ ကား ရှိသည်၊ သို့သော် မဟာစည်ဆရာတော်သည် ထိုနိဿယဟောင်းများကို ကြည့်ရှုရန်ဆန္ဒ ပြင်းပြတော်မူဟန် မတူပါ၊ ထိုသို့ မပြင်းပြခြင်းမှာလည်း မာန်မာနကြောင့် မဟုတ်ပဲ ထူးမည်မသင်သောကြောင့် ဖြစ်ဟန်တူသည်။ ဝိသုဒ္ဓိမဂ်ဋီကာ၌ ခက်သည်ဟု ဆိုရသော နေရာများမှာ သမယန္တရပိုင်း ဆိုင်ရာတို့ဖြစ်၍၊ သက္ကတ မတတ်လျှင် တတ်သော်လည်းထိုဆိုင်ရာကျမ်းတို့ကို မကြည့်ရလျှင်, ထိုနေရာများကို ကြေနပ်လောက်အောင် ဖြေရှင်းနိုင်မည် မဟုတ်၊ ထိုဆရာတော်များလည်း ဒဿနကျမ်းများ၌ ကျွမ်းကျင်သည် ဟု အမှတ်အသားမရှိ၊ ထို့ကြောင့် ပင်ပန်းကြီးစွာ ရှာဖွေရသော်လည်း ပင်ပန်း ကျိုးနပ်လိမ့်မည်ဟု မဟာစည်ဆရာတော် ယူဆဟန် မတူပါ၊

ဤသို့ယူဆနိုင်လောက်အောင်လည်းအထောက်အထားများ ရှိနေပါသည်၊ ရှေးဆရာတော် များသည် များသောအားဖြင့် ပါဠိသက်သက်၌ သာမကဘူ အောင် ကျွမ်းကျင်တော်မူခဲ့ကြပါသည်၊ ရှိသမျှပါဠိကျမ်းတို့၏ နိဿယတို့ ကိုလည်း ပြုစုတော်မူခဲ့ကြပါသည်၊ ဤနိဿယများ၏ ကျေးဇူးကြောင့်ပင် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရအရာ တွင် သာနေခြင်း ဖြစ်ပါသည်၊ မြန်မာနိဿယနှင့် တန်းတူ ဟုဆိုနိုင်သော ကျမ်းဟူ၍ အခြား နိုင်ငံများတွင် ရှိမည် မဟုတ်ပါ။ ဤမျှ ကျေးဇူး

များ ကြပါသည်။(ထို့ကြောင့်ပင် မဟာစည်ဆရာတော်က ဝိသုဒ္ဓိမဂ် မဟာဋီကာကို ပို့ချရာ နိဿယ ရေးရာတွင် ပြည်ဆရာတော် ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် နိဿယသည် အလွန် ကျေးဇူးများသည်ဟု အမိန့်ရှိဘူးပါသည်။) သို့သော် မြန်မာဆရာတော်တို့သည် သက္ကတကို အလေ့အလာနည်းခဲ့ပါသည်။ ထို့ကြောင့် သက္ကတနှင့် စပ်သော နေရာများမှာမူ အမှန်သို့မရောက်ပဲ တိမ်းယိမ်းလျက်ရှိသော နေရာများကို ထိုထိုနိဿယတို့၌ တွေ့ရပါသည်။

ပုံစံတခုပြပါအံ့၊ သမယ သဒ္ဒါအဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာလာ "ဧဝံ ဒီပေင်္ကြန စာနေန ကေဿဝ ဓမ္မဿ ဥပ္ပတ္တိ ပဋိသေဓိတာ ဟောတိ၊ (နှာ-၁၀၃)"ဟူသော ဝါကျကို မူလဋီကာ၌ "ပကဘိဝါဒီနံ မဟတော ဝိယ အဏုဝါဒီနံ ဒွိအဏုကဿ ဝိယ စ ကေဿဝ" ဟု ဖွင့်ပြထား၏။ ထိုဋီကာပါဌ်ကို မူလဋီကာ နိဿယ၌ အနက်ပေးထား၏၊ အဋ္ဌသာလိနီ နိဿယ၌လည်း ယင်းပါဌ်ကိုပင် ယူ၍ အနက်ပေးထားသည်။ သို့သော် နိဿယ ၂-စောင်လုံးမှာပင် ပကတိဝါဒီ အဏုဝါဒီ ပုဒ်တို့၏ အနက်ကို အမှန်သို့ရောက်အောင် ပေးတော်မမူခဲ့ကြပါ၊ အဋ္ဌသာလိနီ နိဿယ၌ အနုဝါဒီ ဟုပင် ရှိနေသေးသည်၊ စာကူးသူ၏ အမှား ဖြစ်ကောင်း ဖြစ်ပါမည်၊ ထို့ပြင် "မဟတော" ကို အများဟောအဖြစ် အနက်ပေးထားရာ ကေဿ နှင့် စပ်သောအခါ "များစွာသော တခုသောအကျိုး" ဟု အဆင်မပြေဖြစ်လျက် ရှိသည်ကို အဆင်ပြေအောင် ဆရာတော်များ ရှင်းပြတော်မမူခဲ့ကြပါ။ အမှန်မှာ "မဟတော"ကို "အများ" ဟု ပေးခြင်းက စ၍ပင် ချွတ်ယွင်းလျက် ရှိပါသည်၊ ဤဝါကျကလေးမှာ ဆဋ္ဌသံဂါယနာမူ၌ စာကြောင်းတကြောင်းသာသာမျှသာ ရှိပါသည်။ ဤမျှ တိုတောင်းသော ဝါကျကလေး၌ပင် အမော်ဖြစ်သော နိဿယဆရာတော်ကြီး ၂-ပါးတို့ ပေးသောအနက်မှာ ကြေကြေနပ်နပ် လက်ခံနိုင်စရာ မရှိ ဖြစ်နေပါသည်၊ အမှန်အားဖြင့် ဤဝါကျကလေးမှာ တိုပင် တိုသော်လည်း သံချာဒဿနနှင့် ဝေသေသိက ဒဿနခေါ် ဟိန္ဒူဒဿန ၂-ခုကို ရည်ညွှန်း ရေးသားထားသော ဝါကျဖြစ်ရာ ထိုဒဿန ၂-မျိုးကို နားလည်မှသာ ဤဝါကျကလေးကို ပိုင်နိုင်မည်ဖြစ်ပါသည်၊ အဘိဓာန် နိဿယသစ်ဆိုင်ရာ အခန်းကို ဖြစ်စေ, ဤဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ဣန္ဒြိယ သစ္စနိဒ္ဒေသ ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသပိုင်းတို့လာ အမှာအထားတို့ကိုဖြစ်စေ ကြည့်ရှုပြီးလျှင်ကား ယင်းဝါကျကလေး၏ အဓိပ္ပါယ်မှာ အလိုလို ရှင်းသွားပါတော့သည်။

ဤသို့ သက္ကတနှင့် စပ်လာလျှင်(အထူးသဖြင့် အိန္ဒိယ ဒဿနနှင့် စပ်လာလျှင် များသောအားဖြင့် ရှေးနိဿယများမှာ စိတ်မချရသောကြောင့် မဟာစည် ဆရာတော်သည် ရှေးနိဿယများကို မရှာဖွေတော့ပဲ မိမိကိုယ်

ပိုင် အစွမ်းကိုသာ များစွာအသုံးပြု၍ မဟာဋီကာ နိဿယကို အစမှ အဆုံးတိုင် ရေးသားတော်မူလေသည်။ ဤမျှဖြင့် မဟာစည် ဆရာတော်သည် ရှေးမဟာဋီကာ နိဿယတို့ကို မကြည့်ရှုခဲ့ပါ ဆိုသည်ကို ဘဝင်မကျ နိုင်သေးဆိုပါမူ ထိုပုဂ္ဂိုလ်တို့သည် ရှေးမဟာဋီကာ နိဿယ ပေမူကို ရအောင်ရှာ၍ မဟာစည်ဆရာတော်၏ နိဿယနှင့် တိုက်ဆိုင်ကြည့်ရှုရန်သာ ရှိပါတော့သည်၊ ထိုသို့ ကြည့်သောအခါ ခဲရာခဲဆစ် ဖြစ်သည့် သမယန္တရပိုင်း ဆိုင်ရာကို ကြည့်ရှုတော်မူကြပါဟုလည်း အမှာစကား ပါးလို ပါသည်။

## နိဿယ၏ အဆင့်အတန်း

မဟာဋီကာ နိဿယ ပဌမအုပ် ထွက်ပြီးနောက် ဆရာတော်သည် ပရိယတ် ကျွမ်းကျင်တော်မူသော ထိုထိုဆရာတော်များအား ကျမ်းစာအုပ်များကို ဓမ္မဒါနအဖြစ်ဖြင့် လှူဒါန်းတော်မူခဲ့သည်။ ဒုတိယအုပ် စသည် ထွက်သော အခါမှာလည်း ထို့အတူပင် လှူဒါန်းတော်မူခဲ့သည်။ ဓမ္မဒါန လက်ခံရရှိသော ဆရာတော်များထံမှ ပြန်ကြားစာ ချီးကျူးစာများရရှိရာ ထိုစာများအနက် ၂-စောင်မှ ကောက်နုတ်ချက် တို့ကို ဆရာတော်သည် နိဿယနိဂုံး၌ ထည့်သွင်းပြလေသည်။ ထိုချီးကျူးစာ ပို့သော ဆရာတော်များမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင် နန္ဒိယမထေရ်နှင့် သပြေကန် ပရိယတ်ကြီး နိဿယ ကျမ်းပြု သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်တို့ ဖြစ်လေသည်။ ဆရာတော် ၂-ပါးလုံး ပင် ပါဠိဘာသာမှာရော သက္ကတဘာသာမှာပါ ကျွမ်းကျင်သော ဆရာ တော်များ ဖြစ်ကြသည်၊ ပါဠိတော် အဋ္ဌကထာ ဋီကာသော ကျမ်းတို့ ၌လည်း အထပ်ထပ် ကြည့်ရှု လေ့လာဖူး၍ ကျွမ်းကျင်တော်မူပြီး ဖြစ်ကြ သည်၊ ဤဆရာတော် ၂-ပါး၏ ချီးကျူးမှုကို ခံရသည် ဆိုသဖြင့်ပင် ဤမဟာဋီကာ နိဿယသည် နိဿယသဂါမတ္တ ကျမ်းမျိုးမဟုတ်။ တကယ့် အဆင့်အတန်းမြင့်သော ကျမ်းဖြစ်ကြောင်း ကျမ်းကို မကြည့်ရှုရပဲပင် ခန့်မှန်း သိနိုင်လောက်ပါသည်။ ကျမ်းကို ကြည့်ရှုလျှင်ကား ဧကန် အဆင့်အတန်းမြင့်သော ကျမ်းဖြစ်ကြောင်း ကိုယ်တိုင် သိမြင်၍ ဝန်ခံ မည်သာ ဖြစ်ပါသည်။

## ကြိုးပမ်းတော်မူချက်

ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယသည် သာမညကျမ်း မဟုတ်ကြောင်း မဟာစည် ဆရာတော်သည် ကောင်းစွာ သိတော်မူသည်၊ ထို့ကြောင့်ပင်

ဆရာတော်သည် အတဘ်နိုင်ဆုံး ကြိုးပမ်းချက်ဖြင့် ဤနိဿယကို ပြုစုတော်မူသည်။

မဟာဋီကာကို ဆဋ္ဌသံဂါယနာမူအဖြစ် ရိုက်နှိပ်ထားပြီး ဖြစ်၏၊ ထို့ကြောင့် မဟာဋီကာမူသည် အမှားကင်းစင်သောမူ ဖြစ်သည်ဟု သာမန်အားဖြင့် မှတ်ယူရမည်ကဲ့သို့ ရှိ၏၊ သို့သော် အသေအချာ ကြည့်ရှုသောအခါမှာမူ ထိုသို့မဟုတ်ပဲ အမှားအယွင်းကလေးများကို တွေ့နေရသည်ပင်ဖြစ်သည်၊ အချို့အရာ၌ ကြေနပ်စရာ, အားရစရာ မကောင်းသော ပါဌ်များကို တွေ့နေရ၏၊ ထိုနေရာတို့၌ မူကွဲ ပြထားခြင်းလည်း မရှိ၊ အခြားမူတို့နှင့် တိုက်ဆိုင်နိုင်ရန်လည်း ထိုမူများ အပြည့်အစုံ ဆရာတော်လက်ဝယ်မရှိ၊ အထူးသဖြင့် သီဟိုဠ်မူ၌ မည်သို့ရှိသည်ကို ဆရာတော် သိလိုသည်၊ ထို့ကြောင့် ဆရာတော်သည် မိမိသံသယရှိသော နေရာများကို မှတ်သား၍ သီဟိုဠ်ကျွန်း, ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာရာမ၌ သီတင်းသုံးနေသော မြန်မာဆရာတော် အရှင်ဉာဏိန္ဒမထေရ်ထံ စာဖြင့် အကူအညီတောင်းတော်မူရသည်၊ ပုံနှိပ်ပြီး စာအုပ်ရှိလျှင်လည်း ထိုစာအုပ်နှင့် တိုက်ဆိုင်ပေးရန် မရှိလျှင်လည်း ပေမူရှာ၍ တိုက်ဆိုင်ပေးပါရန် ပန်ကြားတော်မူရသည်။ ဆရာတော် အရှင်ဉာဏိန္ဒလည်း ခက်ခက်ခဲခဲရှာဖွေ၍ အချို့ကို ပုံနှိပ်မူနှင့် အချို့ကို ပေမူနှင့်တိုက်ဆိုင်၍ မဟာစည်ဆရာတော်အထံသို့ ပြန်လည်ပေးပို့တော်မူသည်။ ဤသို့ စာပေးပို့ရသည်မှာ (အသွားသက်သက်) ပင် ၁၀-ကြိမ်ခန့်မျှရှိကြောင်း မဟာဋီကာနိဿယ နိဒါန်း (ဂ) အရ သိရပေသည်။ မဟာစည် ဆရာတော်သည် မူမှန်ရရှိရေးအတွက် ဤမျှ အားထုတ်တော်မူခဲ့ရသည်၊ သီဟိုဠ်မူ၌ ရှိသမျှ မူမှန်ချည်း မဟုတ်သော်လည်း မူကွဲများကို တိုက်ဆိုင်ကြည့်ရှုသဖြင့် မူမှန်ကိုဆုံးဖြတ်ရေး၌ ကျေးဇူးများလှပေသည်။

ထို့ပြင် မဟာဋီကာ၌ သမယန္တရ ဆိုင်ရာ စကားများစွာပါ၏၊ သမယန္တရဆိုင်ရာမူရင်း ဒဿနကျမ်းများမှာ သက္ကတဘာသာ သုတ္တရေးနည်းမျိုးဖြင့် ရေးထားသော ကျမ်းတို့သာ များလေသည်၊ သုတ္တရေးနည်းဆိုသည်မှာ ကစ္စည်း, သဒ္ဒါကဲ့သို့ သုတ်များဖြင့် ရေးသည့်နည်းဖြစ်၏။ ကစ္စည်း, သဒ္ဒါ၌ သုတ်အနက်မထင်လျှင် ဝုတ္တိကို ကြည့်ပါက သုတ်နက်ထင်တော့သည်။ ထိုဒဿနကျမ်းများမှာကား သဒ္ဒါကျမ်းကဲ့သို့ မဟုတ်၊ ဝုတ္တိမရှိသည်သာ များသည်၊ ဘာသာခေါ် အဖွင့်ကျမ်းများ အခြားအဖွင့်ကျမ်းများရှိသော်လည်း ထိုကျမ်းတို့ဖွင့်နည်းမှာ ဝုတ္တိဖွင့်သကဲ့သို့ မဟုတ်ပဲ ခက်ခဲသည်ထင်သော ပုဒ်များနှင့် သဘောတရားများကိုသာ ဖွင့်ဆိုသည့်နည်းဖြစ်၍ သုတ်နက်သင်ရန်ပင် များစွာ ခက်ခဲလှသည်။ မဟာစည်

ဆရာတော်သည် ဤခက်ခဲလှသော ဒဿနကျမ်းများကိုပင် နားလည်အောင် ပိုင်နိုင်တောင် လေ့လာတော်မူရသည်။ သက္ကတဘာသာရေးကျမ်းတို့ကိုသာမက အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုပါ ကြည့်ရှုတော်မူခဲ့ရသည်။ ပုဒ်တပုဒ်မျှ ဝါ- အဓိပ္ပါယ်တခုမျှကို နားလည်နိုင်ရန်အတွက် ဆိုင်ရာအခန်းတခန်းလုံးကို ဖတ်ရှုခဲ့ရသည်တို့လည်း ရှိ၏။ မဟာစည်ဆရာတော်သည် အနက်မှန် အဓိပ္ပါယ်မှန် ရရှိရေး၌လည်း ဤမျှ ကြိုးပမ်းတော်မူခဲ့ရသည်၊ ဤကဲ့သို့ အဖက်ဖက်မှ ပြည့်စုံအောင် ကြိုးပမ်းတော်မူခဲ့သဖြင့်လည်း မဟာဋီကာနိဿယသည် သမန္တဘဒ္ဒ-အဖက်ဖက်မှ ကောင်းသော ကျမ်းတကျမ်းအဖြစ် သာသနာတော်၌ တင့်တယ်ထယ်ဝါစွာ ရပ်တည်နိုင်ခြင်း ဖြစ်ပေသည်။

## ကျမ်းဂုဏ်ရည်

ဤဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယသည် ထူးခြားသည့်အချက်အလက်တို့နှင့် ပြည့်နှက်နေသော ကျမ်းဖြစ်၏၊ ထို့ကြောင့်''ဤကျမ်း၏ ထူးခြားချက်များကို သိလိုပါသည်'' ဆိုသူအား တကျမ်းလုံးကို ကြည့်ရှုပါဟု ညွှန်ကြားရန်သာ ရှိပါတော့သည်။ ထိုအထူးများထဲမှ သာ၍ ထူးသောအချက်များကို ညွှန်ပြပါဆိုလျှင်ကား သမယန္တရဆိုင်ရာ ရှင်းလင်းရေးသားချက် တို့ကိုပင် ပြရမည်ဖြစ်ပါသည်၊ သမယန္တရပိုင်းဆိုင်ရာ စကားများမှာ သာမန်ပုဂ္ဂိုလ်တို့ သက်ဝင်နိုင်သည့် စကားများမဟုတ်ပါ။ ထိုစကားများကို ကျမ်းရင်းလာစကားဖြင့် ညှိနှိုင်းချွတ်၍ ပြဆိုထားခြင်းဖြင့်ပင် ဤကျမ်း၏ တောက်ပြောင်သော ဂုဏ်ရည်ကို ဖော်ပြပြီး ဖြစ်နေပါတော့သည်။

ဝိသုဒ္ဓိမဂ်ဋီကာကျမ်းပြု အရှင်ဓမ္မပါလ မထေရ်သည် သမယန္တရတို့၌ လွန်စွာ ကျွမ်းကျင်တော်မူသည်၊ ထို့ကြောင့်ပင် ထိုထိုနေရာတို့၌ သမယန္တရမှ အယူအဆတို့ကို ထုတ်ဖော်ရေးသားတော်မူခဲ့သည်၊ အထူးအားဖြင့်ကား ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ၌ သမယန္တရတို့၌လာသော တတ္တ (TATTVA) ခေါ်သော တရားတို့ကို (၁) ပကတိအာဒိ (၂) ဒြဗျာဒိ (၃) ဇီဝါဒိ (၄) ကာယာဒိ ဟု ၄-မျိုး ပိုင်းခြား၍ အကျယ်ရေးသားပြီးလျှင် ဗုဒ္ဓဝါဒရှုထောင့်မှ ထိုတရားတို့ကို စစ်ဆေးဝေဖန်၍ ထိုတရားတို့သည် နာမ်ရုပ်တရား ပညတ်တရားတို့၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်သော တရားတို့သာဖြစ်၍ သီးခြား တတ္တ-အမှန်သဘောတရားများမဟုတ်ကြောင်း ဆုံးဖြတ် ပြတော်မူခဲ့သည်၊ ထိုရေးသားထားချက်တို့မှာ ဗုဒ္ဓဘာသာဝင်တို့အဖို့ အဖိုးကန်လှသည်၊ သို့သော် ပါဌ်ပျက်များဖြင့် ပြွမ်းနေသောကြောင့်ရင်း သမယန္တရ

ဆိုင်ရာ ဝေါဟာရ ထူးများ ပါဝင်နေသောကြောင့်ရင်း များစွာသော ပုဂ္ဂိုလ်တို့မှာ အရှင်ဓမ္မပါလမထေရ်၏ ဆိုလိုရင်းကိုနားမလည်နိုင်ရှိခဲ့ကြပါသည်၊ အဓိပ္ပါယ်မှန် မဖော်နိုင်သော သိုက်စာတခုကို ရရှိထားသကဲ့သို့ ရှိခဲ့ကြသည်၊ ဤစာပိုဒ်များ၏ အဓိပ္ပါယ်ကို အမှန်အကန် သိဖို့ရန် မဖြစ်နိုင်တော့ဟုပင် အချို့ကလည်း လက်လျှော့ခဲ့ကြပါသည်။ ထိုကဲ့သို့အခြေအနေမျိုးဘွင် သိုက်စာ၏ အဓိပ္ပါယ်မှန်ကို ဖော်ထုတ်ပေးသကဲ့သို့ မဟာစည်ဆရာတော်ဘုရားသည် ထိုစာပိုဒ်တို့၏ အနက်အဓိပ္ပါယ်ကို ဆိုင်ရာ ကျမ်းရင်းစကားတို့ဖြင့် အကျယ်တဝင့် ရှင်းလင်းဖော်ပြတော်မူသည်။ ဤနိဿယကျပ်းထွက်ပေါ်မှပင် ထိုစာပုဒ်တို့၏ ဆိုလိုရင်းအမှန်ကို နားလည်ခွင့် ရကြတော့သည်၊ ထိုဝါဒများမှာ ရှေးဟောင်းအိန္ဒိယဒဿနတို့လာ ဝါဒများဖြစ်ကြောင်း ထိုဒဿနများဆိုင်ရာ ကျမ်းစာများလည်း ယနေ့တိုင် ရှိသေးကြောင်းကိုလည်း သိမြင်ကြရလေသည်။ အများနားလည်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးခဲ့သည် ဖြစ်ပါလျက် ထိုရေးသားချက်ကို အများကနားမလည်ဟု ဆိုပါလျှင် စာရေးသူအဖို့ အလွန်ဝမ်းနည်းဖွယ် ဖြစ်လေသည်၊ ဤသယမန္တရပိုင်းဆိုင်ရာနှင့် ပတ်သက်လျှင် ဤအဖြစ်မျိုးကိုပင် အရှင်ဓမ္မပါလမထေရ်သည်ကြုံနေရသည်၊ ယခုဤနိဿယဖြင့် မဟာစည်ဆရာတော်ကအများနားလည်အောင် ရှင်းလင်း ဖွင့်ဆိုလိုက်ရာ ကျမ်းပြုဆရာ အရှင်ဓမ္မပါလမထေရ်သာ သက်တော်ထင်ရှား ရှိပါမူကား မဟာစည်ဆရာတော်ကို ကျေးဇူးတင်မဆုံးအောင် ရှိပေလိမ့်မည်၊ နှုတ်တော် မဆံ့အောင် ချီးကျူးစကားပြောကြားတော်မူပေလိမ့်မည်။ ဆိုလိုရင်း အဓိပ္ပါယ်ကို အသေအချာ မသိရ၍အခက်အခဲတွေ့နေခဲ့ရသောနိဿယဖတ်ရှုသည့်ပုဂ္ဂိုလ်တို့ကလည်းမဟာစည်ဆရာတော်ကိုကျေးဇူးမတင်ဘဲ မနေနိုင်အောင်ဖြစ်ကြမည် ကေန်ဖြစ်ပါသည်၊ ဤမျှဖြင့်ပင် ဤနိဿယကျမ်း၏ အရည်အသွေးကို ခန့်မှန်းနိုင်လောက်ပေပြီ။ အခြားသော ထူးခြားချက် ချီးကျူးဖွယ် အချက်တို့ကိုမူ တောင်တွင်းကြီး အရှင်ဇနကာဘိဝံသ ရေးသော ဤနိဿယ၏ နိဒါန်း၌ရင်း နိဿယနိဂုံးမှတ်ချက်တို့၌ရင်း တွေ့နိုင်ပေသည်၊

သို့စဉ် အဖက်ဖက်မှ ပညာရှိ သူတော်ကောင်းတို့ ချီးကျူးအပ်သော နိဿယအဖြစ် ရောက်အောင် ကြိုးပမ်းအားထုတ်ထားပါသော်လည်း မဟာစည်သရာတော်ဘုရားသည် မိမိ၏ နိဿယကျမ်းကို ထက်ဝန်းကျင် အလုံးစုံပြည့်စုံပြီဟုရင်း ဤကျမ်း၌ လိုနေသေးသော အချက်များ လုံးဝမရှိတော့ဟူ၍ ရင်း မှတ်ယူတော်မမူပါ၊ ထိုသို့မှတ်ယူတော်မမူသောကြောင့်ပင် တကယ်မှန်ကန်အောင်ဖြည့်စွက်ခြင်းငှါ စွမ်းနိုင်သော ပညာရှိတို့သည် ဤကျမ်း၌ လိုနေသေးသောအရာတို့ကို ဖြည့်စွက်တော်မူကြပါရန်ပန်ကြားယင်း ဝိသုဒ္ဓိမဂ်

မဟာဋီကာ နိဿယနိဂုံးကို အောက်ပါဂါထာတပုဒ်ဖြင့် အဆုံးသတ်တော်မူခဲ့ပါသည်၊ "အရည်ပြည့်လေလေ နှိမ့်ချမှုရှိလေလေ ဖြစ်သည်" ဆိုသော ရှေးပညာရှိတို့၏ စကားကား တကယ်မှန်ကန်သော စကား ဖြစ်ပါပေတော့သည်တကား။

ယေစ သဏ္ဍောတ္တိ ပူရေတုံ၊ ဉိနဋ္ဌာနာနိ တွေ့ စေ။
တာနိ တေ ပရိပူရေန္တု၊ သော မေ အဘိယာစနာ။

စ၊ တောင်းပန်စကား ပြောကြားဦးအံ့။ ယေ၊ အကြင်ပညာရှိတို့သည်။ တွေ့၊ ဤ နိဿယကျမ်း၌။ ဉိနဋ္ဌာနာနိ၊ မှန်ကန်တိကျ ပြည့်ဝ စေရေး လိုနေသေးသော အရာတို့ကို။ ပူရေတုံ၊ မှန်ကန်တိကျ ပြည့်ဝစေလျက် ဖြည့်စွက်ခြင်းငှါ၊ ဇေ သဏ္ဍောတ္တိ၊ အကယ်၍ တတ်စွမ်းနိုင်ကုန်ငြားအံ့။ တေ၊ တတ်စွမ်းနိုင်ဘိ ထိုပညာရှိတို့သည်။ တာနိ၊ လိုနေသေးသော ထိုအရာတို့ကို။ ပရိပူရေန္တု၊ ကြွင်းမဲ့ဥဿုံ အချင်းခပ်သိမ်း ပြည့်စုံအောင် ဉာဏ်တန်ဆောင် အလင်းဖွင့်လျက် ဖြည့်စွက်ကြပါစေကုန်သတည်း။ သော၊ ဤစကားသည်။ မေ၊ ကျယ်ပြန့်နက်ဝှမ်း ဤနိဿယကျမ်းကို ကြိုးပမ်းတီထွင် စီရင်ပြုလုပ်အကျွန်ုပ်၏၊ အဘိယာစနာ၊ သာသနာ့အကျိုး တိုးတက်တိုးအောင် မျှော်ကိုးတောက်ဘား နှိမ့်ချသောအားဖြင့် လေးစားဖြောင့်စင်း တောင်းပန်ခြင်း ပါပေတည်း။

## ဘဝပြဿနာ

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓသာသနာ တရားတော်ကို အာရုံစိုက်လာကြသည်၊ တရားတော်၌ စိတ်ဝင်စားလာကြသည်၊ စိတ်ဝင်စားကြသည်နှင့်အမျှ ကြိုးကြိုးစားစား လေ့လာလိုက်စားကြသည်၊ မိမိတို့လေ့လာ၍ သိရှိလာရသော တရားတော်ဆိုင်ရာ အချက်အလက်တို့ကို မိမိတို့ တတ်သိနားလည်ထားသော ခေတ်ပညာဖြင့် ဝေဘန် နှိုးနှောလာကြသည်၊

ထိုသို့သောပုဂ္ဂိုလ်တို့တွင် ဝဏ္ဏကျော်တင် ဒေါက်တာ ဦးမြင့်ဆွေလည်း အပါအဝင် ဖြစ်လေသည်။ ဦးမြင့်ဆွေသည် မန္တလေးမြို့ နာမည်ကျော် ဆရာဝန်ကြီး ဦးစံကြူး၏ သားတယောက်ဖြစ်သည်၊ သူ့ဖခင်ကဲ့သို့ပင် သာသနာတော်ကို ကြည်ညိုလေးစားသူ ဖြစ်သည်။ မဟာစည်ဆရာတော်ကို ကြည်ညိုသူဖြစ်၍၎င်း၊ သူဌေးကြီး ဆာဦးသွင်နှင့် ခင်မင်ရင်းနှီးသူဖြစ်၍၎င်း၊ ရန်ကုန်သာသနာ့ရိပ်သာ၌ တရားအားထုတ်သူများ ကျန်းမာစွာနှင့် တရားအားထုတ်နိုင်ကြရန်ဟူသော ဆန္ဒဖြင့် မဟာစည်သာသနာ့

ရိပ်သာရှိ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ယောဂီများကို အခမဲ့ ဆေးကုသပေးနေသော ဆရာဝန်ကြီးလည်း ဖြစ်သည်။

ဦးမြင့်ဆွေသည် ခေတ်ပညာတတ်တယောက် ဖြစ်သည့်ပြင် ဆရာဝန်တဦးလည်း ဖြစ်နေပြန်သောကြောင့် ဗုဒ္ဓတရားတော်ဆိုင်ရာ အချက်အလက်တို့ကို လေ့လာသောအခါ ခေတ်ပညာရှုထောင့် ဆေးပညာရှုထောင့်တို့မှ ကြည့်ရှုသုံးသပ် ဝေဖန်လေ့ ရှိသည်။ ဤသို့ သူတတ်ကျွမ်းသော ပညာရှုထောင့်မှ ဝေဖန်သုံးသပ် ကြည့်သောအခါ သူ့အဖို့ ပြတ်ပြတ်သားသား နားလည်လိုသော အချက်များကို တွေ့လာရသည်။

ဗုဒ္ဓတရားတော်အရ ဤဘဝ, နောက်ဘဝ ရှိသည်ကို ဦးမြင့်ဆွေသည် ယုံကြည်ပြီးဖြစ်၍၊ သို့သော် ထိုအချက်ကို သဘာဝယုတ္တိဖြင့် အခိုင်အမာ ဆုံးဖြတ် မှတ်သားလိုပေသည်၊ သတ္တဝါတဦး သေသည်ဆိုရာ၌ သူ၏ ရုပ်ရေနာမ်ပါ ချုပ်ပျောက်သွားပြီးဖြစ်ပါလျက် နောက်ဘဝတခု၌ ဖြစ်ပြန်သည်ဟု ဆိုရာ ဘယ်ပုံ ဘယ်နည်းဖြင့် ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း သူ နားလည်လိုပေသည်၊ ဤအချက်ကို အခြား ဆရာတော်ကြီးများအားလည်း သူ လျှောက်ထားဘူးသည်၊ ယင်း ဆရာတော်ကြီး များကလည်း ပဋ္ဌာန်းနည်းအရ ပစ္စည်း ပစ္စယုပ္ပန် ဆက်သွယ်လျက် ဖြစ်ပုံများဖြင့် ဖြေကြားတော်မူကြသည်။ ထိုဆရာတော်ကြီးများ၏ ဖြေကြားချက်တို့မှာ သဘောတရားအရ အမှန်အကန်ပင် ဖြစ်သော်လည်း ခေတ်ပညာတတ် ဦးမြင့်ဆွေ နားလည်နိုင်လောက်သော စကားအသုံးအနှုန်းတို့ဖြင့် ဖြေဆိုခြင်း မဟုတ်သောကြောင့် ဦးမြင့်ဆွေအဖို့ ကြေကြေနပ်နပ် မဖြစ်ခဲ့ပါပေ။ ထို့အတူပင် အနောက်တိုင်း ဆေးပညာအရ ရောဂါများစွာတို့သည် ရောဂါပိုးများကြောင့် ဖြစ်ကြသည်၊ ထိုပိုးများကြောင့်ဖြစ်သော ရောဂါများကို နှိမ်နင်းရန်အတွက် ဆရာဝန်တို့က ထိုပိုးများ သေစေနိုင်သော စားဆေး, ထိုးဆေးများကို အသုံးပြုကြရသည်။ ထိုသို့ခေတ်ဆေးပညာအရ ရောဂါပိုးများကို သတ်ရန် ထိုဆေးများကို ပေးခြင်းကြောင့် ဆရာဝန်များမှာ ပါဏာတိပါတကံ ထိုက်သလော, မထိုက်သလော၊ ဤပြဿနာ၏ အဖြေကိုလည်း ဦးမြင့်ဆွေ ပြတ်ပြတ်သားသား သိလိုသည်။

ထို့ပြင် လူသတ္တဝါတယောက် ပဋိသန္ဓေနေသည် ဆိုရာ၌ ဗုဒ္ဓကျမ်းစာများ အဆိုနှင့် ခေတ်ဆေးပညာ အဆိုတို့ကို နှိုးနှောလိုသည်။ ခေတ်ဆေးပညာအရ လေးလမြောက်မှ အသက်ဝင်သည်ဟု အဆိုရှိသည် ဆို၏။ ထိုအဆိုကို "သန္ဓေတည်သည်နှင့် တပြိုင်နက် ဇီဝိတခေါ် အသက်လည်း ပါသည်"ဟူသောဗုဒ္ဓတရားတော်အဆိုနှင့် မည်သို့ ညှိနှိုင်း ယူသင့်သနည်း။

ဤသို့စသည်ဖြင့် ဆရာဝန် ဦးမြင့်ဆွေတွင် မပြေလည်သကဲ့သို့ ဖြစ်နေသော တရားတော်ဆိုင်ရာ အဆစ်အဖုကလေးများ ရှိနေခဲ့သည်။ ထိုအဆစ်အဖုကလေးများမှာ ခေတ်ပညာ ရှုဒေါင့်အရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်များဖြစ်နေသည်။ ဤအချက်များ၏ အဖြေကို ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့ လက်ခံနားလည်နိုင်လောက်အောင် ဖြေရှင်းပြနိုင်မည့် ပုဂ္ဂိုလ်ကိုလည်း တွေ့ရန်မလွယ်ဖြစ်နေသဖြင့် ဦးမြင့်ဆွေမှာ အခက်ကြုံလျက်ရှိနေသည်။ ထို့ကြောင့် ဤပြဿနာများ၏ အဖြေကိုရရန် ဗုဒ္ဓဝါဒ၌ ကောင်းစွာကျွမ်းကျင် နားလည်လောက်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်တို့နှင့် တွေ့တိုင်း မေးမြန်းလျှောက်ထားခဲ့သည်။ သို့သော်ကြေနပ်လောက်သော အဖြေကို မရခဲ့ပေ။ ယင်းသို့မရခဲ့ပဲရှိနေရာမှ ကံကောင်းထောက်မသဖြင့် တနေ့တွင် မင်္ဂလာ ဦးအောင်မြင့်အား မေးမိရာမှ ဦးအောင်မြင့် ညွှန်ကြားချက်အရ မဟာစည် ဆရာတော်ဘုရားအား ထိုပြဿနာများကို လျှောက်ထားခွင့်ရလေသည်။

ဆရာဝန် ဦးမြင့်ဆွေသည် ထိုပြဿနာများကို နှုတ်ဖြင့် မလျှောက်ထားပဲ စာရေး၍ လျှောက်ထားသည်။ ထိုသို့လျှောက်ထားရာတွင် မိမိ သိလိုသော အချက်များနှင့်တကွ ထိုအချက်များဆိုင်ရာ အခြေခံဖြစ်သော ဆေးပညာ သဘောတရားတို့ကိုပါ ထည့်သွင်းလျှောက်ထားလေသည်။

မဟာစည်ဆရာတော်သည် ဦးမြင့်ဆွေ၏ လျှောက်ထားစာကို လက်ခံတော်မူပြီးနောက် အဖြေကို စာဖြင့်ပင် ချီးမြှင့်တော်မူလေသည်၊ ဦးမြင့်ဆွေ၏ ပုစ္ဆာတို့ကို ဖြေကြားရာတွင် မဟာစည်ဆရာတော်က "ဦးမြင့်ဆွေ၏ အမေးပုစ္ဆာများသည် ကျမ်းဂန်တို့၌ ပြဆိုထားသော အခက်ကြီး ၄-မျိုး၌ အကျုံးဝင်လျက်ရှိကြောင်း၊ ပုစ္ဆာအားလုံးပင် သဘောကျကြေနပ်လောက်အောင် ဖြေဆိုရန်ခက်ခဲသောအရာချည်းဖြစ်သည့်ပြင် လက်တွေ့သာဓကများနှင့်လည်း နှိုးနှော၍ ရှင်းလင်းပြရမည် ဖြစ်သောကြောင့် သာ၍ပင် ခက်ခဲလျက်ရှိကြောင်း" ရှေးဦးစွာ ပြဆို၍ ဤအရာ၌ လေးလေးနက်နက် နှလုံးသွင်းထားရန်အချက် (ခံယူချက်)ကို ဖော်ထုတ်ပြီးမှ ဦးမြင့်ဆွေ ကြေနပ်လောက်အောင် ဖြေကြားတော်မူလေသည်။

မဟာစည်ဆရာတော်သည် ကျမ်းဂန်ယုတ္တိ၊ သဘောယုတ္တိ ၂ မျိုးလုံး၌ ပိုင်နိုင်တော်မူလှသဖြင့် ဆရာတော်၏ ဖြေကြားချက်မှာ ခေတ်ပညာတတ် ပုဂ္ဂိုလ်များ ကြေနပ်လက်ခံနိုင်လောက်အောင်ပင် သဘောယုတ္တိ မိ၍ ခိုင်မာလှပေသည်၊ ညအမှောင်ဝယ် မီးမောင်း ထိုးပြလိုက်သကဲ့သို့ ထင်လင်းပြတ်သား လှပေသည်။ အသိခက်လှသော ဘာဟောင်းနှင့် သဝသစ်

ဆက်စပ် ဖြစ်ပေါ်ပုံကို လူအများ နားလည်နိုင်သော စကား အသုံး အနှုန်းဘို့ဖြင့် ဖြေကြားတော်မူထားသည်မှာ မှတ်သားဖွယ် ကောင်း လှပေသည်။ အမိဝမ်းထဲ၌ ပဋိသန္ဓေတည်နေပုံအရာဘွင် ဗုဒ္ဓစာပေ ကျမ်း ဂန်အဆိုနှင့် ခေတ်ဆေးပညာအဆိုကို နှိုးနှောပြထားသည်မှာလည်း ထူး ခြားလှပေသည်။ ရောဂါပိုးအကြောင်း ဖြေကြားချက်မှာမူ ပါဏာတိပါတ ကံနှင့် ပတ်သက်၍ စိတ်ဝင်စားသူတိုင်း ဖတ်သင့် မှတ်သင့် သောအချက် ဖြစ်သေသည်။

ဆရာဝန် ဦးမြင့်ဆွေသည် မဟာဆရာတော်ထံမှအဖြေကိုရပြီးနောက် နား မလည် မရှင်းလင်းသေးသော အချက်များကို ထပ်မံမေးလျှောက်သဖြင့် ဆရာတော်ကလည်း ထပ်မံ၍ရှင်းလင်းဖြေဆိုတော်မူသည်။ဦးမြင့်ဆွေသည်မိမိ သိလိုသောအဖြေကို ကြေနပ်လောက်အောင် ရပြီးနောက် အများပြည်သူတို့ အကျိုးငှါ (၁၉၅၈ ခုနှစ်မှာပင်) ယင်းအမေးအဖြေကို “ဘဝပြဿနာ” ဟူသောအမည်ဖြင့် စာအုပ် ရိုက်နှိပ်၍ မိမိတို့မိသားစု၏ ဓမ္မဒါနအဖြစ်ဖြင့် အုပ်ရေ(၂၀၀၀)ဖြန့်ဖြူး လှူဒါန်းခဲ့လေသည်။

## ပါဠိစာပေလောက၌ တိမ်မြုပ်နေသော သာဝတ္တိဂါထာ

မြန်မာ နိုင်ငံ၌ “သာဝိတ္တိ” ဟူသော စကားလုံးကို မကြား ဘူးသော သာသနာဝင် ရှင်ရဟန်းဟူ၍ တပါးတလေမျှ မရှိပါ၊ အကြောင်းကား သာသနာဝင် အရှင်တို့အဖို့ ရှေးဦးသင်အဖြစ် သတ်မှတ်ထားသော ကစ္စည်း သဒ္ဒါကြီး, အဘိဓာနပ္ပဒီပိကာတို့၌ ယင်းစကား ပါခဲ့ခြင်းကြောင့် ဖြစ်ပေ သည်၊ သို့သော် သာဝိတ္တိဟူသောဂါထာမှာ မည်သည့်ဂါထာဖြစ်ကြောင်း, သိသူကား အလွန့်အလွန်ရှားလေသည်၊ ဝိနည်း မဟာဝါ ဘေသဇ္ဇက္ခန္ဓက မဇ္ဈိမပဏ္ဏာသနှင့် သုတ္တနိပါတ် ပါဠိတော် သေလသုတ်တို့မှ ယူထားသော တို “သာဝိတ္တိ ဆန္ဒသော မုခံ” ဟူသော ပုံစံ၏ အနက်ကိုပင် ရှေးဟောင်း သဒ္ဒါကြီး နိဿယတို့၌ အဋ္ဌကထာဖွင့်နှင့်ကိုက်ညီမှန်ကန်အောင် အနက်မပေး ခဲ့ကြပါ၊ သာဝိတ္တိဂါထာကိုထုတ်ဖော်ပြခဲ့ကြသော နိဿယစသည်တို့၌လည်း သုတ္တနိပါတ် သုန္ဒရိကဘာရဒွါဇသုတ် အဋ္ဌကထာလာ စကားအရ အရိယ သာဝိတ္တိခေါ် “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” စသည်ကိုသာ ထုတ်ဖော် ခဲ့ကြပါ သည်၊ ဝိနည်းမဟာဝါနှင့် သေလသုတ်တို့၌ ဆိုလိုသော သာဝိတ္တိ ဂါထာ ကိုကား မထုတ်ဖော်ခဲ့ကြပါ၊ သေလသုတ်အဋ္ဌကထာ၌လည်း သာဝိတ္တိဂါထာ သည် ဝေဒရွတ်ဖတ်ခြင်း၏ အဦးအစဖြစ်ကြောင်းကိုသာ ဖွင့်၍ ယင်းဂါထာ

ကိုမူ မပြခဲ့ပါ၊ ထိုသို့မပြခြင်းမှာ ဖေါ်ပြသော်လည်း အကျိုး များမည် မဟုတ်၍ ဖြစ်ဟန်တူပါသည်၊ အဘိဓာနပ္ပဒီပိကာ၌ "သာဝိတ္တိသည် ဝေဒ တို့၏အစဖြစ်သည် ပါဒ ၃-ခုအက္ခရာ ၂၄-လုံးရှိသည်" ဟု ဆိုခဲ့သည်၊ ယင်း၏ ဋီကာ၌၎င်း, နိဿယတို့၌၎င်း အခြားသိဖွယ်များကို ဖွင့်သော်လည်း ဝေဒ သာဝိတ္တိဂါထာကိုကား မထုတ်ဖေါ်ခဲ့ကြပါ၊ ထိုဝေဒကျမ်းလာ သာဝိတ္တိ ဂါထာကို တစိတ်တဒေသမျှ ထုတ်ဖေါ်ခဲ့သော ကျမ်းကား ဝိသုဒ္ဓိမဂ် မဟာဋီကာကျမ်းပြု အရှင်ဓမ္မပါလမထေရ်ပင် ပြုစုခဲ့သည့် မဇ္ဈိမ ပဏ္ဏာသ ဋီကာပင် ဖြစ်ပါသည်၊ သို့သော် ထိုဋီကာ၌ထုတ်ပြသော သာဝိတ္တိမှာ လိုရင်း မပါပဲ ရှေ့ပြေးစကားမျှသာ ဖြစ်နေသေးသဖြင့် ဝေဒသာဝိတ္တိမှာ တိမ်မြုပ် လျက်ပင် နေခဲ့ပါသည်၊ ထိုတိမ်မြုပ်နေခဲ့သော ဝေဒသာဝိတ္တိကို မဟာစည် ဆရာတော်ဘုရားက ဖေါ်ထုတ်၍ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းဂဏ္ဌိ နိဿယ၏နောက်ဆက်တွဲအဖြစ် ထည့်သွင်း ရိုက်နှိပ် စေခဲ့ပါသည်၊ ယင်းသို့ ဖေါ်ထုတ်နိုင်ခဲ့ခြင်းမှာလည်း သာဝိတ္တိဂါထာအကြောင်းကို အင်္ဂလိပ်ဘာသာ ဖြင့် ပြဆိုရေးသားထားသည့် စာအုပ်ငယ် တခုကိုလည်း ရသော ကြောင့် ဖြစ်သည်ဟု ဆရာတော်က အမိန့်ရှိပါသည်။

ထို သာဝိတ္တိဂါထာအကြောင်း ဖေါ်ထုတ် ရေးသားချက်မှာ ပါဠိ ဝေ လောက၌ တိမ်မြုပ်နေသော အချက်တခုကို ဖေါ်ထုတ်သော စကားဖြစ်၍ မှတ်သားဖွယ် ကောင်းလှသောကြောင့်၎င်း, ထို "ဂဏ္ဌိနိဿယ" စာအုပ်မှာ ယခုအခါ ရှာဖွေ ရရှိနိုင်ရန် ခဲယဉ်းလှသောကြောင့်၎င်း၊ သူတော်တို့ အကျိုးငှာ ယင်း စကားရပ်ကို အောက်၌ အပြည့်အစုံ ဖေါ်ပြလိုက်ပါ သည်။

## မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ သာဝိတ္တိဂါထာ အကြောင်း

သာဝိတ္တိဂါထာသည် ဗြာဟ္မဏတို့၏ လောကီသာဝိတ္တိဂါထာ, ဗုဒ္ဓ မြတ်စွာ၏ အရိယသာဝိတ္တိဂါထာဟူ၍ နှစ်မျိုးကွဲပြားလျက် ပိဋကတ်၌ ထင်၏၊ ထိုတွင် "တံ တံ သာဝိတ္တိံ ပုစ္ဆာမိ၊ တိပဒံ စတုဝီသတက္ခရံ"ဟူသော သုတ္တနိပါတပါဠိ၏ အဖွင့် အဋ္ဌကထာ (၂-၁၃၀)၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော ဤ သရဏဂုံသုံးပုဒ်ကို အရိယသာဝိတ္တိဂါထာဟု ဖွင့်ပြထားသောကြောင့် အရိယသာဝိတ္တိဂါထာကို ကား ပါဠိကျမ်းတတ် ပညာရှိတို့ ကောင်းစွာ သိနားလည်ကြပေ၏။ သို့သော် "သာဝိတ္တိ ဆန္ဒသော မုခံ" ဟူသော သေလသုတ် ပါဠိတော်

အချ ဗြာဟ္မဏတို့၏ လောကီ သာဝိတ္တိဂါထာကိုကား ပါဠိသင်သူတို့မှာ ကစ္စည်းကျမ်း သန္ဓိပိုင်းမှ စ၍ တွေ့လာခဲ့ကြသော်လည်း ကျကျနန သိသူတို့ အလွန်နည်းဟန် ရှိပေ၏။ ထို့ကြောင့်ပင် "ဆန္ဒသော၊ ဝေဒ၏။ ဝါ၊ ဝေဒကို ရွတ်ဖတ်ခြင်း၏။ မုခံ၊ ရှေ့သွားတည်း" ဟု အနက်ပေးရမည်ကို "ဆန္ဒသော၊ ဆန်းကျမ်း၏၊ မုခံ၊ အစတည်း" ဟုလည်း အနက်ပေးထားသည်ကို တွေ့ရပေသည်၊ ၎င်းဂါထာမှာ သာသနာတော်၌ အသုံးမကျသော်လည်း သုတ္တန်ပိဋကတ် မဇ္ဈိမနိကာယ်*ခုဒ္ဒကနိကာယ် နှစ်ဌာနတို့၌၎င်း။ ဝိနည်း ပိဋကတ်၌၎င်း၊ အထင်အရှား ရှိနေသောကြောင့် ထိုလောကီ သာဝိတ္တိဂါထာကိုလည်း သိနားလည်ထားသင့်၏။ သို့ဖြစ်၍ ၎င်းကို ဤ၌ အကျဉ်းချုပ် ဖော်ပြဦးအံ့။

သေလသုတ်အဖွင့် (မ၊ ဋ္ဌ ၃-၂၇၀ နှင့် သုတ္တနိ၊ ဋ္ဌ၊ ၂-၁၇၇) တို့၌ ဝေဒကျမ်းတို့ကို ရွတ်ဖတ်သောအခါ ထိုသာဝတ္တိဂါထာကို ရှေးဦးစွာ ရွတ်ဆိုရသောကြောင့် "သာဝိတ္တိ ဆန္ဒသော မုခံ" ဟူ၍ ဟောတော်မူကြောင်း ဖွင့်ပြထား၏၊ ထိုအဖွင့်ကို (မ၊ ဋီ၊ ၃-၁၀၄-၌) "ဘူရ် ဘုဝး သွး ဣတိ သာဝိတ္တိပုဗ္ဗကတ္တာ မုခံ ပုဗ္ဗင်္ဂမံ" ဟု ထပ်ဆင့်၍ ဖွင့်ပြထားပေ၏။ ထိုဋီကာ၏ မိုရာ ဗြာဟ္မဏတို့၏ ကျမ်းရင်းမှာ မနုဓမ္မသတ် ဒုတိယပိုင်း ၈၁-ခုမြောက် ဂါထာပင်ဖြစ်ကြောင်းအဘယာရာမ ဆရာတော်ဘုရားက ညွှန်ကြားထားခဲ့၏။ ထိုဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်၊

၂-၈၁။ ဥံကာရ ပုဗ္ဗိကာ တိဿော၊ မဟာဗျာဟတိယော ဗျယာ။
တိပါဒါ စေဝ သာဝိတ္တီ၊ ဝိညေယျံ ဗြဟ္မုနော မုခံ။

ဥံကာရပုဗ္ဗိကာ၊ (အ, ဥ, မ-ဟူသော အက္ခရာ သုံးလုံး အပေါင်းဖြင့်ပြီးသော) ဥံ အက္ခရာလျှင် ရှေ့သွားရှိကုန်သော၊ တိဿော၊ သုံးခုကုန်သော။ အဗျယာ၊ ပျက်စီးခြင်းမရှိကုန်သော။ မဟာဗျာဟတိယော၊ ဘူရ် ဘုဝး သွး ဟူသော မြတ်သော ရွတ်ဆိုခြင်း (မဟာဗျာဟရိတိ)တို့ကို၎င်း။

---

* မဟာစည်ဆရာတော်ဘုရား၏ ပြင်ချက်အတိုင်း ဖြစ်ပါသည်။ ဤလက္ခဏာ ပြသမျှ ဤနည်းချည်း မှတ်ပါ။

၁။ ၁၃၁၁-ခုနှစ် ဟံသာဝတီ ပုံနှိပ်တိုက်ရိုက်အဘယာရာမဆရာတော်သုမ်သင် အပ်သော ပဏ္ဏာသဋီကာ တတိယအုပ်၊ နှာ ၁၀၅။

၂။ ဘူရ် = မြေကြီး။ ဘုဝး = ကောင်းကင်။ သွး = နတ်ပြည်။

တိပါဒါ၊ သုံးပါဒရှိသော။ သာဝိတ္တိစေဝ၊ သာဝိတ္တိဂါထာကိုဝင်း။ ပြဟ္မ နော၊ ဝေဒ၏၊ မုခံ၊ ရှေ့သွားစကားဟူ၍။ ဝိညေယျံ၊ သိအပ်၏။

အ-သည် ဗိဿနိုး၏အမည်၊ ဥ-သည် သိဝ၏အမည်၊ မ-သည် ဗြဟ္မာ၏ အမည်ဖြစ်သည်။ ၎င်း အက္ခရာ သုံးလုံး အပေါင်းကို သက္ကတ၌ ဩမ် ဟု ရေး၏[၁]။ မြန်မာ၌ ဥံ ဟုရေးကြ၏။ အုမ်-ဟု ရေးလျှင် သာ၍ ပေါ်လွင် ထင်ရှားပေမည်။ မနုဓမ္မသတ်ကျမ်း ဤအပိုင်း၌ပင်လျှင် ဂါထာနံပါတ် ၇၄-၌ ဝေဒတို့ကို ရွတ်ဆို သင်အံလျှင် ရှေးဦးစွာ ဥံ ခံရမည်၊ အဆုံး၌ လည်း ဥံဖြင့် အဆုံးသတ်ရ ပိတ်ရမည်။ အစ၌ ဥံမခံလျှင် ဖြေးဖြေးချင်း မေ့ပျောက်သွားတတ်သည်၊ အဆုံး၌ ဥံမပိတ်လျှင် တည်တံ့ခြင်းကိုပင် မရ နိုင်ဟူ၍ ဆိုထားသေး၏။ ဤသို့ အထိပင်လျှင် ဗြာဟ္မဏ တို့သည် ဥံ ကို အလေးပြုကြ၏။ ဗုဒ္ဓသာသနာဝင် တို့သည်ကား ဗိဿနိုး, သိဝ, ဗြဟ္မာ တို့အား အလေးပြုသော ထို ဥံ ကို ရွတ်ဆိုရန်ပင် မသင့်။

ဤဂါထာ၏ အဖွင့် ဋီပွဏီ၌ "မဟာဗျာဟတိယော ဘူရိ ဘုဝး သွး ဣစ္စေတာ" ဟု ဖွင့်ပြထား၏။ ဆာမိုနီယား မိုနီယား ဝိလျံ၏ သက္ကတ အင်္ဂလိပ် အဘိဓာန်ကြီး၌လည်း အနက်အဓိပ္ပါယ် အသိခက်သော ဘုံ ခုနစ်ချိုး၏အမည်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ဗျာဟရိတိမည်ကြောင်း, ထိုခုနစ်ချိုးမှာလည်း "ဘူရ် ဘုဝး သွး ဟူ မဟ ဇနး တပး သစ္စ်ဟူသော အမည်ဘုံပင်ဖြစ်ကြောင်း" ထိုတွင်လည်း "ဘူရ် ဘုဝး သွး" ဟူသော အစ ၃-ခုကို မဟာဗျာဟရိတိခေါ်ကြောင်း၊ ဝေဒကို ရွတ်ခါနီးတွင် ဥံ ခံ၍ ၎င်း မဟာဗျာဟရိတိတို့ကို ဗြာဟ္မဏတို့ ရွတ်သျက် ဆုတောင်းလေ့ ရှိကြောင်းများကို ပြဆိုထား၏၊ ထို့ကြောင့် မဟာဗျာဟတိယော ပုဒ်ကို "ဘူရ် ဘုဝး သွး ဟူသော မြတ်သော ရွတ်ဆိုခြင်း တို့ကိုဝင်း" ဟူ၍ သချပ်ဖော်လျှက် အနက်ပြန်သည်၊ မနုဓမ္မသတ်၌လည်း ၈၁-ဂါထာမှ ရှေးလေးဂါထာခြားသော ၇၆-ဂါထာ၌ အောက်ပါအတိုင်း ဆိုထား သေး၏။

၂-၇၆။ အကာရဉ္စ ပျူကာရဉ္စ၊ မကာရဉ္စ ပဇာပတိ။
ဝေဒတ္တယာ နိရဒုဟ၊ ဘူရ် ဘူဝး သွး ဣတိဘိစ။

---

၁။ ဩမ် ကို ပြဏဝ ဟုလည်း မနုဓမ္မသတ် (၂၊ ၇၄) ၌ ခေါ်ဝေါ် သုံး နှုန်းသည်။

ပဇ္ဇာပဘိမည်သော အရှင်ဗြဟ္မာမင်းသည် အ အက္ခရာကိုရင်း, ဥ အက္ခရာကိုရင်း, မ အက္ခရာကိုရင်း, ဘူရ် ဘုဝး သွး ဟူသော မဟာ ဗျာဟရိတိ ၃-ခုကိုရင်း ဝေဒသုံးပုံမှ ညှစ်ထုတ်ခဲ့လေပြီ · ဟု ဆို၏။

သို့သော် ပဏ္ဍာသဋီကာ၌ ပြသော "ဘူရ် ဘုဝး သွး" ဟူသော ဤ သုံးပုဒ်သည် "သာဝိတ္တိဂါထာမှာ ၈-လုံးဖွဲ့ သုံးပါဒရှိ၍ အက္ခရာ ၂၄-လုံးရှိသည်" ဟူသော အဆိုနှင့်ကား မညီသေးပေ။ ထိုအဆိုနှင့်ညီသော သာဝိတ္တိဂါထာအစစ်မှာ အောက်ပါပင် ဖြစ်သည် ဟူ၏။

တဘ် သဝိတုရ် ဝရေဏျံ၊
ဘရ် ဂေါ ဒေဝသျ ဓိမဟိ၊
ဓိယော ယော နး ပြစောဒယာတ်။ [၂]

၎င်းကို ပါဠိဘာသာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သင့်၏။

တံ သဝိတု ဝရေဏျံ၊
ဘဂ္ဂေါ ဒေဝဿ ဓိမဟိ၊
ဓိယော ယော နော ပစောဒယေ။

အထက်ပါ သာဝိတ္တိဂါထာမှာ ဣရုဝေဒ ၃၊ မဏ္ဍလ ၆၂၊ သုတ္တ ၁၀-နံပါတ် ဂါထာဖြစ်သည်၊ ၎င်း၌ ပဌမပါဒတွင် အက္ခရာတလုံး လိုနေ၏၊ ထိုအတွက် အက္ခရာ ရှစ်လုံးပြည့်စေရန် ဏျံ၌ ဏ-တလုံး ယံ-တလုံး ဤသို့ ခွဲယူရမည်ဟူ၍ရင်း၊ ဏျံ-ကို ရွတ်ဖတ်သောအခါ ဏိယံ ဟု ရွတ်ဖတ်ရမည် ဟူ၍ရင်း၊ အစ၌ ဥံ အက္ခရာနှင့်တကွ "ဥံ တတ် သဝိတု ဝရေဏျံ" ဟု ရှစ်လုံးရေဘွက်ရမည်ဟုရင်း ၃-နည်းဆိုကြ၏၊ အနက်မှာလည်း အမျိုးမျိုး ပြန်ကြ၏၊ အောက်ပါအနက်မှာ ထိုအမျိုးမျိုးထဲမှ တမျိုးဖြစ်သည်။

---

၁။ တတ် သဝိတုရ် စသော သုံးပါဒကို အစဉ်အတိုင်း ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒတို့မှ ထုဘ်ယူကြောင်း ဋီကာ၌ ဖွင့်သည်။

၂။ ဤပြစောဒယာတ် ပုဒ်၌ သက်ထားသော ဝိဘတ်ကား လောကိကသက္ကတ၌ အသုံးမရှိပဲ ဝေဒိက သက္ကတမှာသာ အသုံးရှိသော (ပါဏိနိဆရာက လေင် ဝိဘတ် ဟု အမည်ပေးထားသော ) ဝိဘတ်ဘည်း။ ယင်းပုဒ်ကို သာယဏာစာရ-ရေး ဣရုဝေဒဘာသာကျမ်း၌ ပြေရယတ်ဟုရင်း, ပြေရယတိဟုရင်း, ပြစောဒယတိဟုရင်း ဒွေ မျိုးမျိုး ဖွင့်သည်ကို တွေ့ရသည်။

ယော သဝိတာ၊ အကြွင်နေမင်းသည်။ ဝါ၊ အကြွင် နေနတ်မင်းသည်၊ နေ၁၊ အကျွန်ုပ်တို့၏။ ဓိယော၊ အသိဉာဏ်တို့ကို။ ဝါ၊ ဝတ်ပြုမှုတို့ကို။ ပစောဒယေ၊ နှိုးဆော်ပြည့်နှန်း တိုက်တွန်း အားပေးတတ်ပေ၏။ သဝိတု၊ နေမင်းဟူသော၊ တဿ ဒေဝဿ၊ ထိုနတ်မင်း၏၊ ဝရေဏျံ၊ လိုလားတောင့်တအပ်သော၊ တံ ဘဂ္ဂေါ၊ ထိုအလင်းရောင်ကို၊ ဝါ၊ ထိုဘုန်းတန်ခိုးကို။ (ဝဂေါ သုတ္တာ- ၌ကဲ့သို့ အံ-ကို သြ-ပြုသည်ဟု ယူအပ်၏။ သက္ကတ၌ ဘရ်ဂသ်-ဟု သကာရန္တ နပုံလိင်ပုဒ်ဖြစ်သည်၊) မယံ၊ အကျွန်ုပ်တို့သည်၊ ဓိမဟိ ဓိမေ့၊ နှလုံးသွင်း ထင်မြင် ဆင်ခြင် အောက်မေ့ပါကုန်၏။ ဝါ၊ ရလိုပါကုန်၏၊

အထက်ပါ အနက်အရဖြင့် သာဝိတ္တိဟူသော အမည်မှာ သဝိတာ မည်သော နေနတ်အား အရှိအသေပြုသော ဂါထာဖြစ်သောကြောင့်ပင် ဖြစ်သည် ဟု ထင်ရှား၏။[၁]

ဤချဖြင့် ဗြာဟ္မဏတို့သည် ဝေဒတို့ကို ရွတ်ဖတ် သရဇ္ဈာယ်သောအခါ ရှေးဦးစွာ "ဥံ ဘူရ် ဘုဝး သွး" ဟူ၍သော်၎င်း, "ဥံ တတ် သဝိတုရ် ဝရေဏျံ၊ ဘရ်ဂေါ ဒေဝသျ ဓိမဟိ၊ ဓိယော ယော နး ပြစောဒယာတ်" ဟူ၍သော်၎င်း, "ဥံ ဘူရ် ဘုဝး သွး၊ တတ် သဝိတုရ် ဝရေဏျံ၊ ဘရ်ဂေါ ဒေဝသျ ဓိမဟိ၊ ဓိယော ယော နး ပြစောဒယာတ်" ဟူ၍သော်၎င်း၊ ရွတ်ဆိုကြသည်၊ ထိုသို့ဆိုပြီးမှ ဝေဒတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရသည်။ ထို့ကြောင့် သာဝတ္တိဂါထာကို သိနားလည်၍ လေးစားနေသော ကေဏိယရသေ့ ပုဏ္ဏားအား မြတ်စွာဘုရားက "သာဝိတ္တိ ဆန္ဒသော မုခံ" ဟု အနုမောဒနာတရား ဟောကြားတော်မူသည်ဟူ၍ သိနားလည်နိုင်ပြီ၊

သာဝိတ္တိဂါထာအကြောင်း ပြီး၏။

မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ နောက်ဆက်တွဲ ပြီး၏၊

သာဝိတ္တိဂါထာသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ကျေးဇူးများသော ဂါထာ မဟုတ်သော်လည်း ဗုဒ္ဓစာပေဖြစ်သည့် ပါဠိတော်ကျမ်း၌ပင် ယင်း အမည်ပါနေသဖြင့် သိသင့် သိထိုက်သောကြောင့် မဟာစည်ဆရာတော်သည် သက္ကတကျမ်းဘို့မှ ရှာဖွေ၍ ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပါသည်၊ ဆရာတော်

---

၁။ သာဝိတ္တ၊ ပုံ၊ သဝိတာ ဒေဝကာ အဿ၊ အဏ်၊ ဝိဂ္ဂေ။ ဇာရုဝိဂေဿ‌ာ ထိယံ ၉၆။ (ထောမနိဓိ)။

ဖော်ထုတ်ရေးသားမှုပင် များစွာသော ပုဂ္ဂိုလ်တို့ သာဝတ္တိဂါထာကို ကွဲကွဲပြားပြား သိရှိနားလည်ခွင့် ရကြတော့သည်။

ဤသာဝိတ္တိဂါထာအကြောင်းကိုထပ်မံ၍ ဆရာတော်အား လျှောက်ထားဘူးရာ ဆရာတော်က ဤဂါထာကို ဒီဗျာဝဒါန ကျမ်း၌လည်း တွေ့ရကြောင်း ထိုကျမ်း၌ ဤဂါထာကို ဗြာဟ္မဏသာဝိတ္တိဟုဆို၍ ခတ္တိယသာဝိတ္တိ၊ ဝေဿသာဝိတ္တိ၊ သုဒ္ဒသာဝိတ္တိဟူသော အခြား သာဝိတ္တိ တို့ကိုပါ ပြထားကြောင်း ထိုတွင် "ဥံ ဘုရ် ဘုဝး သွး" ထက်သက်ကို သုဒ္ဒသာဝိတ္တိဟု ပြထားကြောင်းတို့ကို အမိန့်ရှိတော်မူပါသည်၊ (ဒီဗျာဝဒါနကျမ်း သဒ္ဒါလကတ္တာဝဒါနအခန်း နှာ ၃၃၃-၄-တို့၌ ထိုသာဝိတ္တိတို့ကို တွေ့နိုင်ပါသည်။) ဤသို့လျှင် မဟာစည် ဆရာတော်သည် ပါဠိစာပေ၌ အလွန် တိမ်မြုပ်နေသော အချက်တချက်ကို ဖေါ်ထုတ်တော်မူခဲ့ပါသည်။

## ဘာရတမင်းတို့၏ စစ်ထိုးခြင်း

အဋ္ဌကထာတို့၌ သမ္ဖပ္ပလာပအဖွင့်နှင့် စပ်လာလျှင် ဘာရတယုဒ္ဓသီတာ ဟရဏာဒိနိရတ္ထကကထာ- ဆိုသောစကားကို အသုံးပြု၍ ဖွင့်လေ့ရှိတော်မူကြသည်၊ ထို့အဘူ တိရစ္ဆာနကထာကို ဖွင့်ရာ၌လည်း ဘာရတယုဒ္ဓကို ထည့်သွင်း၍ ဖွင့်ဆိုတော်မူကြသည်။ ယင်းအဋ္ဌကထာတို့၌ ဆိုလိုသည်မှာ ဘာရတမင်းတို့ စစ်ထိုးပုံစကား သီတာမိဖုရားကို ရာဝဏာဘီလူးမင်းက ခိုးယူသွားပုံစကား စသည်တို့မှာ အနှစ်မရှိသော တကယ်မဟုတ်သောဒဏ္ဍာရီ ပုံပြင်များသာ ဖြစ်သည်၊ ထိုစကားများကို တကယ်အစစ်အမှန် အဖြစ်အပျက်များ အနေဖြင့် အလေးအမြတ်ပြုပြီး ပြောဆိုလျှင် သမ္ဖပ္ပလာပဖြစ်သည်။ ထိုစကားမျိုးသည် မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောကြောင့် တိရစ္ဆာနကထာလည်းဖြစ်သည်ဟု ဆိုလိုပေသည်။

ထိုတွင် "သီတာမိဖုရားကို ခိုးယူခြင်း" ဖြင့် ရာမာယဏကျမ်းကို ရည်ညွှန်းသည်၊ ထိုရာမဇာတ်အကြောင်းအရာကိုကား မြန်မာပြည်သားတို့ အသိများကြသည်၊ ထိုသို့ အသိများရသည်မှာကား ရှေးမင်းများ လက်ထက်မှ စ၍ပင် ရာမဇာတ် ဝတ္ထုများကို ရေးသားခဲ့ကြသောကြောင့်၎င်း၊ ယနေ့တိုင်ပင် ရာမဇာတ်ကို ကပြနေကြသောကြောင့်၎င်း ဖြစ်ပေသည်၊

"ဘာရတမင်းတို့ စစ်ထိုးခန်း"ဖြင့်ကား မဟာဘာရတ ကျမ်းကြီးကိုရည်ညွှန်းသည်။ ထိုမဟာဘာရတဝတ္ထုကြောင်းကိုကား မြန်မာနိုင်ငံသားတို့ အသိနည်းသည်။ အင်္ဂလိပ်စာတတ်သူ အနည်းငယ်တို့သာ အင်္ဂလိပ်ဘာသာပြန်

များကို ဖတ်၍ သိနိုင်ကြသည်။ သမ္ဖပ္ပလာပ အကြောင်း ဟောပြောလျှင် ထိုမဟာဘာရတဝတ္ထုကို ရှောင်၍မဖြစ်၊ အနည်းဆုံး အကျဉ်းချုပ်ကိုကား သိသင့်သည်။ ထို့ကြောင့်ပင် မဟာစည်ဆရာတော်ဘုရားသည် သလ္လေခသုတ် တရားတော် (ပဉ္စမအုပ်-နှာ-၂၀၃-၂၀၆)၌ ထိုမဟာဘာရတဝတ္ထုအကျဉ်းကို ထုတ်ဖော်တော်မူခဲ့ပါသည်၊ မဟာဘာရတဝတ္ထုမှာ မြန်မာနိုင်ငံ၌ အလွန်လူသိနည်းသေးသောအကြောင်းအရာ ဖြစ်ရကား ထိုထုတ်ဖော်ချက်မှာ ထူးခြားလျက်ရှိပါသည်၊ ထိုသို့ထုတ်ဖော်ယင်းပင် ထိုဝတ္ထုလာ ဒြောပဒီဟုလည်း ခေါ်သော ကဏှာဒေဝီသည် ၅၅၀-ဇာတ်တော် ကုဏာလဇာတ်လာ ကဏှာဒေဝီနှင့် ခပ်ဆင်ဆင် တူကြောင်းကိုပါ မိန့်တော်မူခဲ့ပါသည်။ ကဏှာဒေဝီသာခါက ပဏ္ဍုမင်း၏ သားငါးယောက် အမည်တို့လည်း ကုဏာလဇာတ်လာ ပဏ္ဍုမင်း၏ သားငါးယောက် အမည်တို့နှင့် တူညီနေသည်ကို တွေ့ရပါသည်၊ မဟာစည်ဆရာတော်သည် ထိုတူညီမှုကို ထုတ်ဖော်တော်မူခြင်းဖြင့် မိမိ၏ ကျမ်းဂန် နှံ့စပ် ကြွယ်ဝပုံကို၎င်း နှိုင်းယှဉ်လေ့လာတတ်သောဉာဏ် အစွမ်းကို၎င်း တပါတည်း ထုတ်ဖော်လိုက် သကဲ့သို့ ရှိပါတော့သည်။

## မဟာစည်ဆရာတော်နှင့် သက္ကတ အင်္ဂလိပ်စာများ

ရဟန်းတော်များအဖို့ သက္ကတ အင်္ဂလိပ် စသော ဘာသန္တရများ တတ်ရန် မလိုဟု ယူဆသော ပုဂ္ဂိုလ်အတော်များများ မြန်မာနိုင်ငံ၌ ရှိပါသည်၊ အထူးအားဖြင့်ကား ငယ်ရွယ်သော ရဟန်းများ သင်ယူကြသည်ကို သာ၍ မကြိုက်ကြပါ။ အချို့ကလည်း ဤဘာသာများကို တတ်မြောက်လျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမည်လောက် ယူဆပြောဆိုလျက် ရှိကြသည်၊ သို့သော် မဟာစည်ဆရာတော်သည် သက္ကတဘာသာ အင်္ဂလိပ်ဘာသာများကို နိုင်နင်းအောင် မတတ်ကျွမ်းပါက ဝိသုဒ္ဓိမဂ်, ဋီကာနိဿယ သမယန္တရပိုင်း ဆိုင်ရာ၌ အဆင့်အတန်းမှီအောင် ရေးသားနိုင်ခဲ့မည် မဟုတ်ပါ၊ တကယ်အားဖြင့် ဆိုရလျှင် မဟာစည်ဆရာတော်သည် သက္ကတဘာသာ, အင်္ဂလိပ်ဘာသာတို့ကို (အထူးသဖြင့် သက္ကတဘာသာကို) တတ်မြောက်တော်မမူပါက မဟာဋီကာနိဿယကို ရေးရန်ပင် စဉ်းစားတော်မူခဲ့မည်ပင် မဟုတ်ပါ။ ဤနိဿယ ရေးသားတော်မူခြင်းကပင် ရဟန်းတော်တို့ ဤဘာသန္တရများကို တတ်ထိုက်ကြောင်း ထင်ရှားပြနေပါတော့သည်၊

မဟာစည် ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက်မှ သက္ကတဘာသာ, အင်္ဂလိပ်ဘာသာတို့ကို လေ့လာသင်ယူခဲ့သည်ဟု အများက ထင်မှတ်ကြပါသည်၊ သို့သော် ဆရာတော်သည် ဤဘာသာတို့ကို ငယ်စဉ်ကပင် သင်ယူခဲ့ပါသည်၊ ထိုတွင် သက္ကတဘာသာကို ဘောင်ဒိုင်းကလေးမှာ နေစဉ်ကပင် လေ့လာသင်ယူခဲ့သည်၊ ပို့ချသင်ကြားပေးမည့် ဆရာ အနီး၌ မရှိသဖြင့် အဘယာရာမ ဆရာတော်၏ ဟိတောပဒေသနိဿယ, မုဒ္ဒဗောဓနိဿယ, မောဂ္ဂလ္လာနနိဿယတို့ကို ကြည့်ရှု၍ ကိုယ့်ဘာသာပင် လေ့လာတော်မူခဲ့သည်၊ အသံထွက်ကျနစေရန်လည်း မဟာမြိုင် ဆရာတော် အထံသွား၍ တနာရီခန့်မျှ အသံထွက်နည်းတို့ကို လေ့လာခဲ့သည်၊ မဟာမြိုင် ဆရာတော်သည် ငယ်စဉ်က သီဟိုဠ်ဘုန်းကြီးများနှင့် အတူနေခဲ့ရသဖြင့် အသံထွက် ကောင်းတော်မူသည် ဟူ၏၊ ပါဠိ ဘာသာ သဒ္ဒါ ဗဟုဿုတ ကြွယ်ဝပြီး ဖြစ်၍၎င်း၊ ဉာဏ်ပဋိဘာန် အစွမ်းသတ္တိရှိသော ပုဂ္ဂိုလ် ဖြစ်၍၎င်း၊ မခံမပန်းဖြင့်ပင် မဟာစည်ဆရာတော်သည် သက္ကတဘာသာကို တတ်မြောက်တော်မူခဲ့ပါသည်။ ဓိပဿနာရှုနည်း နိဒါန်း နိဂုံးတို့ကို ကြည့်လျှင် ထိုစဉ်ကပင် သက္ကတဘာသာကို တတ်မြောက်နေခဲ့ပြီး ဖြစ်ကြောင်း သိနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကိုကား ဆရာတော်သည် ကိုရင်ဘဝကပင် လေ့လာတော်မူခဲ့သည်၊ ထိုစဉ်က ဆွေမျိုးနီးစပ်တော်သော ဦးစန္ဒိမာ ခေါ် အင်္ဂလိပ်စာတတ် ဦးပဋ္ဌင်းတပါး "ချည်ပါ" မှာ ရှိခဲ့သည်၊ ဆရာတော်သည် "ချည်ပါ"မှာ တဝါနေစဉ်က ထိုဦးပဋ္ဌင်းထံ၌ အင်္ဂလိပ်စာကို သင်ယူခဲ့ပါသည်၊ ထို့နောက် မန္တလေးမှာ နေစဉ်လည်း ဆက်လက် လေ့လာတော်မူခဲ့သည်၊ မော်လမြိုင် ရောက်သောအခါမှာမူ တောကျောင်း ဖြစ်သောကြောင့်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်ဖွယ် တာဝန် မရှိသောကြောင့်၎င်း၊ အင်္ဂလိပ်စာကို နှလုံးမသွင်း မကြည့်ရှုပဲ ပစ်ထားခဲ့သည်၊ ဂျပန်ခေတ် ဆိပ်ခွန်၌ နေစဉ်မှာကား ဒါယကကျောက်စာ အင်္ဂလိပ်စာအုပ်နှင့် ကမ္ဘာ့အံ့ဘွယ် အင်္ဂလိပ်စာအုပ်များ အခန့်သင့်တွေ့၍ ကြည့်ရှု လေ့လာခဲ့သည်၊ သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက်ကား နိုင်ငံခြားသားများနှင့် ဆက်ဆံရများ၍ အင်္ဂလိပ်စာမှာ ပို၍ လိုအပ်လာသည်၊ ထို့ကြောင့် အင်္ဂလိပ်စာတတ်သော ဒကာကြီးများ၏ အကူအညီဖြင့် ထပ်မံလေ့လာခဲ့သည်၊ ထိုတွင် ဆရာတော်ကို ကြည်ညို ကိုးကွယ်နေသော ပဲခူးတိုင်းမင်းကြီး အပါးတော်မြဲ အဖြစ် ဆောင်ရွက်ခဲ့ဘူးသူ ဦးဖေသင်က အများဆုံး အကူအညီပေးခဲ့သည်၊ ဤပုဂ္ဂိုလ်ကြီးများ၏ ကူညီမှုကြောင့် မဟာစည်ဆရာတော်သည် ဣန္ဒိယ ဖီလိုဆိုဖီ (Indian Philosophy) ကဲ့သို့



(အဂ္ဂမဟာပဏ္ဍိတ)
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးသည်
ကျမ်းဂန်အမြောက်အမြားကို ဤနည်း ဤပုံ ပြုစုတော်မူသည်။

သော ကျမ်းကြီးကျမ်းခိုင်များကို ဖတ်ရှုသိမြင် နားလည်နိုင်သည်အထိ တတ်ကျွမ်းခဲ့သည်။ တရားဟောနိုင်သည့် အခြေအထိ မရောက်သော်လည်း တရားပြ တရားဆွေးနွေးနိုင်သည့် အခြေအထိ ရောက်ခဲ့သည်။ တခါက ဆရာတော်ဘုရားထံသို့ အပူးအမြော်ရောက်သွားရာ ဝင်တာနစ် (Winternitz)၏ ဣန္ဒိယစာပေသမိုင်း (History of Indian literature) စာအုပ်ကြီး ဖတ်နေသည်ကို တွေ့ခဲ့ရပါသည်၊ ဤမျှအထိ မဟာစည်ဆရာတော်သည် အင်္ဂလိပ်စာဖက်က ပြည့်စုံအောင် အားထုတ်တော်မူထားလေသည်၊

## ပြုစုတော်မူသော ကျမ်းများ

မဟာစည် ဆရာတော်သည် ဝိပဿနာ ရှုနည်းကျမ်း, ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းစသော ကျမ်းကြီးတို့ကို ရေးသားပြုစုတော် မူယင်းပင်တဖက်မှလည်း စာဖတ်ပရိသတ်တို့အဖို့ ကျေးဇူးများမည့် ကျမ်းငယ်တို့ကိုပြုစုတော်မူခဲ့သည်။ ထိုတွင် ကျမ်းအတော် များများမှာ ထိုထို အရပ်တို့၌ဆရာတော်ဘုရား ဟောကြားထားသော တရားတို့ဖြစ်သည်၊ ထိုတရားတို့ကိုဟောကြားစဉ်က အသံသွင်းကြိုးခွေတို့၌ သွင်းယူထားပြီးလျှင် နောက်ကာလကျမှ စာအုပ်အဖြစ်ရောက်စေကာ ပြန့်ဝေစေတော် မူခဲ့သည်။ ယနေ့အထိထုတ်ဝေခဲ့ပြီးသော ကျမ်းစာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဝိပဿနာရှုနည်းကျမ်း (ပ၊ ၁၃၀၆-ခု) (ဒု၊ ၁၃၀၉-ခု)
၂။ ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း (၁၃၀၀)
၃။ မဟာသတိပဋ္ဌာနသုတ် ပါဠိ-နိဿယ (၁၃၁၃)
၄။ မဟာသတိပဋ္ဌာန်တရားတော်ကြီး (အကျဉ်း ၄-ပိုင်း) (၁၃၁၃)
၅။ ဇင်းအကျယ် (ကာယာနုပဿနာပိုင်း) (၁၃၁၃)
၆။ ဝေဒနာနုပဿနာ တရားတော်ကြီး (၁၃၁၃)
၇။ ဝိပဿနာအလုပ်ပေး တရားတော်ကြီး (၁၃၁၆)
၈။ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး (၁၃၁၆)
၉။ ဝိသုဒ္ဓိဉာဏကထာ (ပါဠိ-မြန်မာ) (၁၃၁၈)
၁၀။ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း အကြောင်း (၁၃၁၈)
၁၁။ ဓမ္မစကြာ တရားတော်ကြီး (၁၃၁၉)
၁၂။ အနတ္တလက္ခဏသုတ် တရားတော်ကြီး (၁၃၁၉)
၁၃။ ဘာဝပြဿနာ (၁၃၂၀)
၁၄။ အင်္ဂလိပ်နေးရှား သာသနာပြု မှတ်တမ်း (၁၃၂၀)

၁၅။ ဝိပဿနာအခြေခံ တရားတော် (၁၃၂၃)
၁၆။ ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ (၁၃၂၄)
၁၇။ ဝိသုဒ္ဓိမဂ်မြန်မာပြန် (အခြေခံများနှင့်တကွ
ဝိပဿနာပိုင်း) (၁၃၂၄)
၁၈။ အရိယာဝါသ တရားတော်ကြီး (၁၃၂၅)
၁၉။ ဝမ္မိကသုတ် တရားတော်ကြီး (၁၃၂၇)
၂၀။ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (ပ၊ ၁၃၂၈။
ဒု+တ၊ ၂၉။ စ၊ ၃၀-ခု)
၂၁။ ပုရာဘေဒသုတ် တရားတော်ကြီး (၁၃၂၉)
၂၂။ ပဋိစ္စသမုပ္ပါဒ် တရားတော် (ပ, ဒု) (၁၃၃၀)
၂၃။ ဗြဟ္မစိုရ် တရားတော် ၄-ပိုင်း (၁၃၃၀)
၂၄။ ဘာရသုတ္တန် တရားတော် (၁၃၃၁)
၂၅။ ကျောင်းအနုမောဒနာ တရားတော် (၁၃၃၂)
၂၆။ လောကဓံ တရားတော် (၁၃၃၂)
၂၇။ ဝိသုဒ္ဓိမဂ် မြန်မာပြန် (စတုတ္ထတွဲ) (၁၃၃၃)
၂၈။ ၎င်း (ပဉ္စမတွဲ) (၁၃၃၄)
၂၉။ သလ္လေခသုတ် တရားတော် (ပ၊ ၁၃၃၄) (ဒု၊ ၁၃၃၅)
၃၀။ ဟေမဝတသုတ္တန် တရားတော် (၁၃၃၅)
၃၁။ ဝိသုဒ္ဓိမဂ် မြန်မာပြန် (ဒုတိယတွဲ) (၁၃၃၅)

မဟာစည်ဆရာတော်ဘုရားသည် ယခုလည်း တရားဟောတော်မူဆဲပင် ဖြစ်၍၊ ဆရာတော်ဘုရား ဟောကြားသော တရားများမှာ ပါဠိတော်လာ သုတ္တန်ကြီးများကို မူတည်၍ ချဲ့ထွင်ဟောကြားအပ်သော တရားတော်ကြီး များဖြစ်၍၊ လေးနက်လှသောတရားတော်ကိုပင်လူတိုင်းသိနားလည်နိုင်အောင် နိုင်နိုင်နင်းနင်း ရှင်းလင်းဝေဖန်၍ ထိထိမိမိ ဝိပဿနာလုပ်ငန်းနှင့် ညှိ၍ ဟောအပ်သော တရားတော်ကြီးများသာ ဖြစ်၍၊ ထိုတရားတော်များလည်း တနေ့တွင် စာအုပ်အဖြစ် ထွက်ပေါ်လာကြဦးမည်သာ ဖြစ်ပါသည်။ ထို့ ကြောင့် အထက်ပါစာရင်းမှာ ယနေ့အထိ ထုတ်ဝေပြီးခဲ့သမျှသော ကျမ်း များစာရင်းသာဖြစ်၍ နောင်ဆရာတော်ဘုရား သက်တော်ရှည်တော်မူသည် နှင့်အမျှ တိုးပွားနေမည့် စာရင်းသာဖြစ်ပါသည်။

## ဖေါင်းပိန် ကမ္မဋ္ဌာန်း

မဟာစည်ဆရာတော်ဟူသော အသံကို ဖြစ်စေ သာသနာ့ရိပ်သာ ဟူသော အသံကို ဖြစ်စေ ကြားလိုက်ရလျှင် ကြားရသူတို့ သန္တာန်၌ “ဖေါင်းပိန် ကမ္မဋ္ဌာန်း” ဆိုသော စကားလုံးမှာ အလိုလို ပေါ်လာတော့သည်။ ဤမျှလောက် မဟာစည် ဆရာတော်နှင့် ဖေါင်းပိန်ကမ္မဋ္ဌာန်းမှာ ခွဲမရအောင် ရှိတော့သည်။ မဟာစည်ဆရာတော်သည် ဤဖေါင်းပိန်ကမ္မဋ္ဌာန်းကြောင့်ပင် နာမည်ကြီးတော်မူခဲ့သည်၊ ဤဖေါင်းပိန်ကမ္မဋ္ဌာန်းကြောင့်ပင် မဟာစည် ဆရာတော်သည် အချို့သော သူတို့၏ တိုက်ခိုက်မှုကို ခံတော်မူခဲ့ရလေသည်။

များစွာသောသူတို့က ဖေါင်းပိန်ရှုမှတ်ရန် ညွှန်ကြားသော နည်းကို မဟာစည်ဆရာတော် ထွင်သည်ဟု ထင်မှတ်လျက်ရှိကြသည်၊ ဤသို့ ထင်မှတ်ခြင်းမှာ မဟာစည်ဆရာတော်ကြောင့် ဤနည်းမှာ လူသိများ၍ ထင်ရှားလာရခြင်းကြောင့် ဖြစ်ဟန် တူပေသည်၊ မဟာစည် ဆရာတော်သည် ၁၃၀၀-ပြည့်နှစ်မှာမှ စ၍ ဝိပဿနာကမ္မဋ္ဌာန်းကို ဟောကြားပြသတော်မူခဲ့သည်၊ သို့သော် ဖေါင်းပိန်ရှုမှတ်နည်းမှာမူ မဟာစည်ဆရာတော် တရားမပြမီနှစ်ပေါင်းများစွာကပင် ထင်ရှားခဲ့ပြီး ဖြစ်လေသည်၊ ထိုရှုမှတ်နည်းကိုမင်းကွန်းဇေတဝန်(မူလ)ဆရာတော်ဘုရားကြီး၏ မူလရင်း ပဌမတပည့်ကြီးဖြစ်သော ပျော်ဘွယ်မြို့ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးစံထွန်း၏ တပည့်ဖြစ်သူ မြို့လှမြို့၊ ဓမ္မကထိက ဆရာကြီး ဦးချစ်အောင် ရေးသားစီရင်အပ်သော သတိပဋ္ဌာနဒီပနီကျမ်း (နှာ-၂၇၂) ၌ တွေ့ရသည်၊ ထို ကျမ်းစာအုပ်ကို ၁၂၉၀-ပြည့်နှစ်၌ ရိုက်နှိပ် ပြီးစီးကြောင်း ထိုစာအုပ်၌ ပြဆိုထားသဖြင့် ဝမ်းဗိုက်ပူသည် ပိန်သည်ကို ရှုသော ဖေါင်းပိန် မှတ်နည်းသည် မဟာစည်ဆရာတော် တရားပြသည်ထက် ၁၀-နှစ် စောနေသည်ကို တွေ့ရသည်၊ စာအုပ်၌ ပါသည်မှာပင် ၁၀-နှစ်စောနေလျှင် လက်တွေ့ပြသခဲ့သည်မှာမူ ထို့ထက်ပင် စောခဲ့မည်ဖြစ်ပါသည်၊ ကျမ်းပြုပုဂ္ဂိုလ်သည် မင်းကွန်း (မူလ) ဆရာတော်ဘုရားကြီး၏ တပည့်၏ တပည့်ဖြစ်သောကြောင့်၎င်း မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ နည်းကို အစဉ်မှီး၍ ရေးသား စီရင်ထားကြောင်း ကျမ်းစာမျက်နှာဖုံး၌ ဖေါ်ပြ ထားသောကြောင့်၎င်း၊ မင်းကွန်း(မူလ)ဆရာတော်ဘုရားကြီး သဘောတူခဲ့သော ရှုမှတ်နည်းပင် ဖြစ်မည်ဟု ခန့်မှန်း နိုင်ပါသည်၊ ထို့ထက် သေချာသော အထောက်အထားမှာကား မင်းကွန်း ဇေတဝန် (မူလ) ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးမြတ်ကျော် ရေးသားစီရင်အပ်သော ဝိပဿနာ

ဋီကာကျမ်း ပဥ္စမတွဲပင် ဖြစ်ပါသည်၊ ထိုဋီကာကျမ်း စာမျက်နှာ ၁၇၉-၌ "မင်းကွန်းဂိုဏ်းမှာမူကား အချို့ဝမ်းဗိုက်မှာ စိတ်ထား၍ ပူတယ် ပိန်တယ် ဟုရှင်း၊ ဖေါင်းတယ် ရှုပ်တယ် ဟုရှင်း ရှုမှတ်ကြပြန်ရာ မသိသော သူတို့မှာ အံ့အားသင့်ကာဖြင့်" စသည်ဖြင့် ဝမ်းဗိုက်ဖေါင်းမှု ပိန်မှု ရှုမှတ်နည်းမှာ မင်းကွန်းဂိုဏ်း၏ ရှုမှတ်နည်းတခုဖြစ်ကြောင်း၊ ထိုရှုမှတ်နည်းသည် သဘာဝ ဓမ္မဖြောင့်မှန်သော ရှုမှတ်နည်းပင်ဖြစ်ကြောင်း ရေးသားထားသည်ကို တွေ့ရသည်။ ထို့ပြင် ထိုကျမ်းကို မင်းကွန်း ဆရာတော်ဘုရားကြီး ကြည့်ရှုပြီး ထည့်နှုတ်ပြင်ဆင်ချက်အရ စက်တင် ပုံနှိပ်ပါသည်ဟုလည်း သေချာစွာ မှာ ထားချက်ရှိပြန်သည်၊ ထို့ကြောင့် ဤဝိပဿနာဋီကာကျမ်းကို ထောက်လျှင် ဝမ်းဗိုက် ဖေါင်းပိန်မှု ရှုမှတ်နည်းမှာ မင်းကွန်း(မူလ)ဆရာတော်ဘုရားကြီး လက်ခံခဲ့သော ရှုမှတ်နည်း ဖြစ်သည်မှာ သေချာလှပါသည်၊ ထိုကျမ်း ပုံနှိပ် သည့်နှစ်မှာ ၁၂၉၇-ခုနှစ်ဖြစ်ရာ မဟာစည်ဆရာတော် တရားစ၍ ပြသည် ထက် ၂-နှစ်ပင် စောလျက်ရှိသည်ကို တွေ့ရပါသည်၊ (ဤ အချက်အလက် များကို ဒုတိယ မဟာဂန္ဓာရုံတနာနှင့် သလ္လေခသုတ်တရားတော် နိဒါန်းမှ ရယူ ပါသည်)၊ ထို့ကြောင့် ဝမ်းဗိုက် ဖေါင်းပိန်မှု ရှုမှတ်ရန် ညွှန်ပြသောနည်း သည် မဟာစည်ဆရာတော် ထွင်ခဲ့သောနည်း မဟုတ်သည်မှာ လွန်စွာပင် ထင်ရှားနေပါပြီ၊ ဤရှုမှတ်နည်းကို မဟာစည် ဆရာတော် ထွင်သည်ဟု ဆိုလျှင် မဟုတ်မမှန် ပြောဆိုရာရောက်သည်နှင့်အမျှ မူလအစပြု၍ တီထွင် ညွှန်ကြားခဲ့သော ပုဂ္ဂိုလ်များကို စော်ကားရာလည်း ရောက်ပေမည်။

၁၃၀၀-ပြည့်နှစ် ဆိုပ်ခွန်၌ ပဌမစ၍ တရားပြသောအခါကပင်မဟာစည် ဆရာတော်သည်'ဝမ်းဗိုက်၏ ဖေါင်းမှု ပိန်မှုကိုအခြေခံပြု၍ရှုမှတ်ရန်ညွှန်ကြား ပြသတော်မူခဲ့သည်၊ (ဝိပဿနာအခြေခံတရားတော် ဒု-အကြိမ်ရိုက် နှာ၁၂၄၊ တ-အကြိမ်ရိုက် နှာ ၁၂၀- ကြည့်ပါ၊) အဘယ့်ကြောင့် မဟာစည်ဆရာ တော်သည်ထိုသို့ညွှန်ကြားပြသခဲ့သနည်း ထိုသို့ ညွှန်ကြားပြသရာ၌အကြောင်း ရှိပါသည်၊ပဌမမှာ ဆရာတော်ကထင်ရှားပေါ်ရာပေါ်ရာကို ရှုဖို့ သာမန်အား ဖြင့်ညွှန်ကြားတော်မူခဲ့သည်၊ ထိုသို့ညွှန်ကြားသည့် အတိုင်းအားထုတ်ကြသော ယောဂီတို့တွင် အချို့က ဘာကိုရှုရမည်ဟု မသိကြသဖြင့် ရှုစရာကို ရှာနေ ရကြောင်း လျှောက်ကြသောကြောင့်၎င်း၊ ဝမ်းဗိုက်၏ဖေါင်းမှု ပိန်မှုသည် ပဘဝိကာယ အာပေါကာယ စသည်တို့တွင် ဝါယော ကာယဖြစ်၍ ကာယာ နုပဿနာ သတိပဋ္ဌာန်၏ အာရုံကာယ၌ အတွင်းဝင်သောကြောင့်၎င်း၊ ထိုဖေါင်းမှု ပိန်မှုကို ကိန်းသေ အခြေခံပြု၍ ထင်ရှားပေါ်ရာ ပေါ်ရာကို ရှုမှတ်ရာတွင် ယောဂီတို့မှာ လက်တွေ့အားဖြင့် ပိုမိုလွယ်ကူ၍ သမာဓိ- ဉာဏ် ဖြစ်လွယ်သည်ကို တွေ့ရသောကြောင့်၎င်း၊ မင်းကွန်း (မူလ) ဆရာ

တော်ဘုရားကြီး၏ လက်အောက်ခံ ကမ္မဋ္ဌာန်းဌာနတို့၌ ပူသည် ပိန်သည်ဟု ရှုမှတ်ကြသည်ကို ကြားဘူးသိဘူးသောကြောင့်၎င်း၊ မိမိ၏ယောဂီများရှုမှတ်ပုံ ပြောပုံ စသည် တညီတည်း မူသေ ဖြစ်စေလိုသောကြောင့်၎င်း ဖေါင်းမှု ပိန်မှုကို အခြေခံအဖြစ် ရှုမှတ်၍ ထင်ရှားပေါ်လာသော ကိုယ်အမူအရာဟူသမျှ၊ ဝေဒနာ ဟူသမျှ၊ စိတ်အမူအရာ ဟူသမျှ၊ သဘောတရား ဟူသမျှကို ရှုမှတ်ရန် ညွှန်ကြားပြသခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖေါင်းပိန်ကို အခြေပြု၍ ရှုခြင်းသည် ယောဂီတို့အဖို့ ရှုမှတ်ရလွယ်သည့်ပြင် ရှုစရာကို မရှာရသဖြင့် သမာဓိရလွယ်၍ ဝိပဿနာဉာဏ် ဖြစ်လွယ်သော ရှုနည်း ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဝိပဿနာ ရှုနည်းကျမ်း၌ ဖေါင်းမှု ပိန်မှုကို အခြေတည်၍ ရှုရန် ကိန်းသေ ညွှန်ပြထားပေသည်။ ရန်ကုန်မြို့ သာသနာ့ ရိပ်သာသို့ ရောက်ပြီးသောအခါ၌လည်း ထိုနည်းအတိုင်းပင် ညွှန်ကြားပြသ ခဲ့ခြင်း ဖြစ်လေသည်၊

ဤသို့ ဖေါင်းပိန်ကို အခြေခံ၍ ရှုမှတ်ရန် ညွှန်ကြား ပြသည်ဆိုသော်လည်း လာလာသမျှ ယောဂီတိုင်းကို ဤနည်း မလုပ်မနေရ ဟု အတင်း အကြပ် စေခိုင်းသည်ကား မဟုတ်ပေ။ နဂိုရ်က အာနာပါန အားထုတ် ခဲ့ဘူးသော ယောဂီများ ရောက်လာ၍ ထိုယောဂီတို့က နှာသီးဖျား၌ စိတ် ထားရသည်မှာ သူတို့အဖို့ ပို၍ လွယ်ကြောင်း လျှောက်လျှင် နှာသီးဖျား မှာပင် အခြေခံအဖြစ် အမှတ်ခိုင်း၍ ပေါ်ရာ ပေါ်ရာကို ရှုမှတ်အားထုတ် စေပါသည်။ ထို့ကြောင့် မဟာစည်ဆရာတော်အမှူးပြုသော (ဆရာတော် ၏ ဩဝါဒခံ) ကမ္မဋ္ဌာနာစရိယတို့သည် ဖေါင်းပိန်မှ ဖေါင်းပိန်ဟု အစွဲ အလမ်းကြီးသော ပုဂ္ဂိုလ်များ မဟုတ်ကြပဲ ယောဂီတို့အား လွယ်ကူ ချမ်း သာစွာဖြင့် ဝိပဿနာ ဉာဏ်ဖြစ်ရေး မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက် ပြုနိုင်ရေး ကိုသာ ဦးစားပေး၍ ပုဂ္ဂလဇ္ဈာသယ အားလျော်စွာ ကျင့်သုံးတော်မူနိုင် ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြောင်း ထင်ရှားပါသည်၊

သို့သော် နဂိုရ်က အားမထုတ်ခဲ့ဘူးသူများကိုမူ ပေါင်းပိန်ကိုပင် အခြေခံအဖြစ် ရှုမှတ်ရန် ညွှန်ကြားတော်မူသည်၊ ထိုသို့ ရှုမှတ်စေခြင်းမှာ လည်း သမာဓိဉာဏ်နုသေးသော သူတို့အတွက်သာ ဖြစ်သည်၊ သမာဓိဉာဏ် ရင့်ပြီးသော သူတို့သည်ကား ဒွါရ ၆-ပါး၌ ထင်ရှားပေါ်လာ ပေါ်လာ သော မည်သည့်ရုပ်နာမ်တရားကိုမဆို စ၍ ရှုနိုင်ပေသည်၊ ရန်ကုန်သာသနာ့ ရိပ်သာ၌၎င်း၊ အခြားများစွာသော မဟာစည်ဆရာတော် ဩဝါဒခံ ပြည် တွင်းပြည်ပ ရိပ်သာတို့၌၎င်း ဤဖေါင်းပိန်ကို အခြေခံ၍ ရှုသော သတိ ပဋ္ဌာန်ရှုနည်းဖြင့် ရှု၍ အဆက်တန်းကျသော ဝိပဿနာ အဆင့်များသို့

ရောက်၍ ကိုယ်တိုင်ဆုံးဖြတ်နိုင်သော အခြေသို့ ရောက်သူ, နာမ်ရုပ်ကွဲသော အဆင့်, အဖြစ်အပျက်မြင်သော အဆင့် စသည်သို့ရောက်သူတို့မှာ သောင်းဂဏန်းမျှမက သိန်းဂဏန်းကိုပင် ကျော်နေလေပြီ။ ဤသို့များပြားလှသော ယောဂီတို့တွင် အနောက်နိုင်ငံမှ ပညာရှိ ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ ဤပုဂ္ဂိုလ် အားလုံးသည် မိမိတို့အဖို့ အကျိုး မရှိသောနည်း ဖြစ်ပါက ဤနည်းကို လိုက်နာကျင့်သုံးကြမည် မဟုတ်ပေ၊ လက်တွေ့ကျင့်သုံးသောအခါ အသက်ဘန်းကျသော ဉာဏ်အဆင့်တို့သို့ ပို့ဆောင်နိုင်သော နည်းဖြစ်သော ကြောင့်သာ လိုက်နာနေကြခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။

ဤသို့ လိုက်နာကျင့်သုံးသူ ပေါများသော နည်းဖြစ်သော်လည်း ဤနည်းကို မနှစ်သက်သော ပုဂ္ဂိုလ်များလည်း ရှိခဲ့ပါသည်။ စာဆိုအတိုင်း အဘိအကျမဟုဘ်လျှင် မှန်သည်ဟု လက်မခံနိုင်သောကြောင့် ဤနည်းကို ရိုးသားသော သဘောဖြင့် မနှစ်သက်သော ပုဂ္ဂိုလ်များလည်း ရှိ၍ သဘောတမျိုးဖြင့် မနှစ်သက်သူများလည်း ရှိသည်။ ထိုတွင် သဘောတမျိုးဖြင့် မနှစ်သက်သူများက စာအုပ်ကြီးငယ်တို့ကို ရေးသား၍၎င်း၊ သတင်းစာ ဂျာနယ်တို့၌ ဆောင်းပါးများရေး၍၎င်း မဟာစည် ဆရာတော်ကို သဲသဲမဲမဲ တိုက်ခိုက်ကြလေသည်။ မဟာစည်ဆရာတော်သည် သူများထက် ထူးလို၍ ဤနည်းကို ထွင်သည်ဟု၎င်း မင်းကွန်း(မူလ)ဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီး၏ တပည့်များ ရေးသော ကျမ်းစာတို့တွင် ပိန်ဖေါင်း ဝါဒ လုံးဝမပါဟု၎င်း, ဘုရားဟောခမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထဲမှာ ပိန်ဖေါင်း မပါဟု၎င်း, ဤသို့စသည်ဖြင့် အမျိုးမျိုးစွပ်စွဲပုတ်ခပ်၍ ရေးသား ကြသည်၊ ထိုသို့အမျိုးမျိုးရေးသားကြသော်လည်း မဟာစည် ဆရာတော်က မူ ပြန်လည်ရေးသားချေ ခြင်းပြုတော်မမူခဲ့ပေ၊ "ငြိမ်"၍သာ နေခဲ့သည်။ "ပရဝါဒီဘို့နှင့် အပြန်အလှန်ရေးသား ချေပနေသဖြင့် အကျိုးမရှိ၊ စာဖတ်သူ များမှာသည်း အကုသိုလ်များဖွယ်ရှိသည်၊ ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓသာ သနာဝင်အားလုံးနှင့် သက်ဆိုင်သည်။ သူတို့ဟောသော နည်းကို ကြိုက်သူ များ သူတို့ထံသို့ သွား၍ အားထုတ်ကြလိမ့်မည်၊ တကယ် သဘောရိုးဖြင့် မကြနပ်ကြပါက ကိုယ်တိုင်လာ၍ ဆွေးနွေးလိမ့်မည်၊ ထိုအခါ ခိုင်မာ သော အကိုးသာဓကဘို့ဖြင့် သဘောကျလောက်အောင် ဖြေရှင်းပြမည်" ဟု မဟာစည်ဆရာတော်၌ ဤသို့သော ခံယူချက်ရှိခဲ့ကြောင်း ကြားသိရ ပေသည်၊

ဤသို့ မဟာစည်ဆရာတော်က ပြန်လှန်ချေပခြင်း မပြုပဲ ငြိမ်နေသော အခါ စွပ်စွဲရေးသားသူများဖက်ကပို၍ အားတက်လာကြသည်။ ပို၍ ရဲတင်း

လာကြသည်၊ မိမိမှား၍သာ မဟာစည်ဆရာတော်သည် ငုံ့၍ခံနေခြင်းဖြစ်ကြောင်း သတင်းသွင်းကြသည်။ ဟိုဖက်သည်ဖက် မပါသော ပုဂ္ဂိုလ်များပင် ထိုသို့ထင်ကြကုန်၏၊ မဟာစည် ဆရာတော်ကို ကြည်ညိုလျက် ရှိကြသော ရဟန်းရှင်လူ တပည့်များလည်း လွန်စွာ မခံမရပ်နိုင်ဖြစ်ကြသည်။ သို့သော် ချေပမှုကိုကား မပြုခဲ့ကြ။

ဤသို့ဖြစ်နေစဉ်မှာပင် ၁၃၂၄-ခု ပြာသိုလ၌ "မဟဂ္ဃရတနာ" ခေါ် စာအုပ် တအုပ်ထွက်လာခဲ့သည်။ ထိုစာအုပ်ကို ရေးသော ပုဂ္ဂိုလ်ကား ဝက်လက်မြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးတိဿဖြစ်လေသည်၊ ဆရာတော်ဦးဘိဿသည် ဝိပဿနာ ရှုနည်းကျမ်းကို ဖတ်ရှုကတည်းက မဟာစည်ဆရာတော်ကို ကြည်ညိုခဲ့၍ ဖေါင်းပိန်ကို အခြေခံပြု၍ ရှုရသောမဟာစည် သတိပဋ္ဌာန်ရှုနည်းဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပေါက်ပေါက် ရောက်ရောက် အားထုတ်ထားသော ဆရာတော်ဖြစ်သည်၊ ထိုဆရာတော်သည် "သည်အတိုင်းကြည့်နေလျှင် မဟာစည် ဆရာတော်ကိုသာမက သာသနာတော်ကိုပါထိခိုက်တော့မည်" ဟု ယူဆ၍ မဟဂ္ဃရတနာကျမ်းကို ရေးသားတော်မူသည်၊ ရေးသားပြီး ပုံမနှိပ်မီ ဆရာတော်အားမပြပဲ ပုံနှိပ်ပြီးမှသာ ဆရာတော်ထံသို့ စာအုပ်ကို ပေးပို့ လှူဒါန်းခဲ့သည်၊ မရိုက်နှိပ်မီ မဟာစည်ဆရာတော်အားပြလျှင် မရိုက်ရန် အမိန့်ရှိတော်မူနေမည် စိုးရိမ်သောကြောင့် ဖြစ်လေသည် မသိသူတို့၏ မဟာစည်ဆရာတော်အပေါ် စွပ်စွဲချက်များကို မဟဂ္ဃရတနာကျမ်းတွင် ဆရာတော်ဦးဘိဿက အချက်ကျကျ ဖြေရှင်းထားသည်၊ တဖက်သားအား ပြန်လှန်ချေပသော စာအုပ် ဖြစ်သော်လည်း အရေးအသား ပိုင်နိုင်မှု၊ စကားအသုံးအနှုန်း ယဉ်ကျေးမှုတို့ကြောင့် ဖတ်ရသူတိုင်းက နှစ်သက်၍ ကျမ်းရေးပုဂ္ဂိုလ်ကို ချီးကျူးကြသည်။ မဟာစည်ဆရာတော်၏ တပည့်များမှာလည်း ထိုအခါကျမှ သက်သာရာ ရကြတော့သည်၊

မဟဂ္ဃရတနာကျမ်းကို ဖတ်ရသော (ယင်းဆရာတော်နှင့် လူချင်းမသိသော) ယောဂီ အောင်မိုးဆိုသူက ဤကျမ်းမျိုးကို ဆက်လက်ပြုပါရန် စာရေးလျှောက်ထားသဖြင့် ဆရာတော်ဦးတိဿသည် ယောဂီ အောင်မိုး၏ ဆန္ဒကို ဖြည့်စွမ်းရန် "ဒုတိယ-မဟဂ္ဃရတနာ"ကို ရေးသားတော်မူပြန်သည် ထိုကျမ်းသည် ၁၃၂၅-ခု၊ နတ်တော်လတွင် ထွက်ပေါ်ခဲ့သည်၊ ထိုကျမ်းထွက်ပေါ်ပြီး မကြာမီ (တလခန့်အကြာ) မှာပင် ဝိဇ္ဇာကဏ္ဍယ ပါရဂူ ဓမ္မာစရိယ အရှင် ဉာဏဗလ ရေးသားအပ်သော "ပဋ္ဌာန်ပြတ်လုံးကျမ်း" လည်း ဆက်တိုက်ဆိုသလို ထွက်ပေါ်လာပြန်သည်၊ ဤစာအုပ်

များ ထွက်ပေါ်လာမှပင် လူအများတို့မှာ ၂-ဖက်အဆိုတို့ကို ချင့်ချိန်ခွင့် ရကြ၍ အမှားအမှန်ကို ဝေဖန် သိမြင်နိုင်ကြတော့သည်။

မဟာစည် ဆရာတော်သည် မိမိအပေါ် စွပ်စွဲ ဖိနှိပ် ရေးသားသော သူများအား ပြန်လှန်ချေပခြင်း မပြုဆိုခဲ့ရာ၌ တိုက်ရိုက် ချေပခြင်းကိုသာ ဆိုလိုပါသည်၊ မိမိ၏ အယူဝါဒသည် ဘုရားအလိုတော်ကျ ဖြစ်ကြောင်းကို ဖော်ထုတ်လျက် သွယ်ဝိုက်သောအားဖြင့် ချေပခြင်းကိုမူ ပြုတော်မူခဲ့သည် ပင် ဖြစ်ပါသည်။ ထိုသို့သော ရှင်းလင်းချက်တို့ကို ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ ပဥ္စမနှိပ် နှာ၂၀၈-၉၊ ၎င်းဒုတိယတွဲ သတ္တမနှိပ် နှာ ၃-၄-၅၊ အရိယာဝါသတရားတော်ကြီး နှာ ၁၀၄-၁၀၉၊ ၎င်းနောက်ဆက်တွဲ နှာ ၂၄၄-စသည်၊ ဝမ္မိကသုတ် တရားတော်ကြီး နှာ၂၁၇-စသည်နှင့် မဟာစည် ဆရာတော်ဘုရား၏ သတိပဋ္ဌာနသုတ်ပါဠိနိဿယ နောက်ဆက်တွဲတို့၌ တွေ့နိုင် ပါသည်၊

မဟာစည်ဆရာတော်သည် မြန်မာပြည်၌သာ အတိုက်အခိုက် ခံတော်မူရ သည်မဟုတ်၊ သီဟိုဠ်ကျွန်း၌လည်း အတိုက်အခိုက် ခံတော်မူရသည်ပင် ဖြစ်ပါ သည်၊ ဆရာတော် အရှင်သုဇာတတို့ ပဌမအကြိမ် ကိုလံဘိုသို့ ရောက်ပြီး မကြာမီမှာပင် စ၍ တိုက်ခိုက်ခြင်းကို ခံရပါသည်၊ ကိုလံဘိုမြို့တွင် ဘာသာ ရေး ခေါင်းဆောင်ကြီးများလုပ်၍ ဒါယကာ ဒါယိကာပတို့အား ဆောင်း ပါးရေးခြင်း, ကျမ်းရေးခြင်း, တရားဟောခြင်းတို့ဖြင့် ဘာသာရေးအသိ ဉာဏ်ပေးနေသော သီဟိုဠ် ဆရာတော်များ ရှိခဲ့ပါသည်၊ သီဟိုဠ်ရှိ ပညာ တတ်ပိုင်း, လူချမ်းသာပိုင်း၏ လေးစားမှုကို ခံယူရသော ဆရာတော်များ ဖြစ်ကြပါသည်။ ထိုဆရာတော်တို့သည် ဒါန သီလဆိုင်ရာ, ဘာသာအယူ အဆဆိုင်ရာ၌ ညွှန်ကြားမှုများ ပေးနိုင်ကြသော်လည်း ကမ္မဋ္ဌာန်းတရား လက်တွေ့ကျင့်သုံးရေး၌မူ အားကိုးလောက်သော ညွှန်ကြားမှုကိုမပေးနိုင်ပဲ ရှိခဲ့ကြပါသည်၊ မိမိတို့ကိုယ်တိုင် ပေါက်ရောက်အောင် ကမ္မဋ္ဌာန်းကို အား ထုတ်သူများ မဟုတ်သဖြင့် ကျမ်းစာ၌လာသလောက်သာ ညွှန်ကြားနိုင် ကြသည်၊ ထိုညွှန်ကြားချက်များမှာကိုယ်တိုင်အားထုတ်ပြီး သူတို့၏ ညွှန်ကြား ချက်များ မဟုတ်ရကား လက်တွေ့၌ ခရီးမရောက်လှတော့ပေ။

ဤ အခြေအနေမျိုး၌ အရှင်သုဇာတ ဆရာတော်တို့ သီဟိုဠ်ကျွန်းသို့ ကြွ၍ မဟာစည်ဆရာတော်၏ လက်တွေ့နည်းဖြင့် ဝိပဿနာ သာသနာ ပြုသောအခါ ပရိသတ်တို့သည် ယာယီရိပ်သာဖြစ်သော ယမုနာသို့ စုပြုံလာ ကြတော့သည်၊ ရက်အနည်းငယ်မျှ လက်တွေ့ အားထုတ်လိုက်သည်ဆိုလျှင်ပင် ရှေးကမတွေ့ဘူး မရဘူးသော ဉာဏ်အမြင်များကို ရကုန်ကြ၍ လွန်စွာ

နှစ်သက်အားရခြင်း ဖြစ်ကြလေသည်၊ ယင်းသည့်အခိုက်မှာပင် ထိုဆရာတော်များက သတင်းစာ, စာစောင်, ဂျာနယ်များမှနေ၍ ဆောင်းပါးများ ရေးကာ တိုက်ခိုက်ကြတော့သည်၊ မဟာစည်ဆရာတော်၏နည်းကို ဝေတုလ္လဝါဒ တမျိုးဟု စာဖတ်သူတို့ အထင်ရောက်စေရန် ပါးနပ်စွာဖြင့် ရေးသားကြသည်၊ အရှင်သုဇာတဆရာတော်တို့ကား မဟာစည် ဆရာတော်၏ ဩဝါဒ အတိုင်း ပြန်လည်ချေပခြင်း မပြုပဲ မိမိတို့အလုပ်ကိုသာ မှန်မှန်လုပ်၍ သာသနာပြုတော်မူခဲ့ကြလေသည်။

သို့သော် ထိုဆရာတော်များ ရေးသော ဆောင်းပါးမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးအပ်သော ဆောင်းပါးများ ဖြစ်သောကြောင့်၎င်း၊ ကမ္ဘာ အနှံ့ပြန့်သော စာစောင်များ, ဂျာနယ်များမှာပါသော ဆောင်းပါးများဖြစ်သောကြောင့်၎င်း၊ မဖြေရှင်းလျှင် ကမ္ဘာ၏ အသင်မှားမှုကိုပင် ခံရမည်ဖြစ်သဖြင့် ထိုသီဟိုဠ် ဆရာတော်တို့၏ ဆောင်းပါးများကို ကမ္ဘာအေး ဆရာတော် ဦးဉာဏုတ္တရက တာဝန်ယူ၍ ချေပဖြေရှင်းတော် မူခဲ့သည်၊ ဆရာတော် ဦးဉာဏုတ္တရ၏ ဖြေရှင်းချက်များကို ကိုလံဘိုမှထုတ်ဝေသော ( WORLD BUDDHISM ) ခေါ် စာစောင်များဘွင် တွေ့ရလေသည်။

မဟာစည် ဆရာတော်၏ ဘဝ၌ ဤတိုက်ခိုက်ခံရမှုမှာ အကြီးကျယ်ဆုံးသော မုန်တိုင်းကြီးပင် ဖြစ်ပါသည်၊ ထိုမုန်တိုင်း ထန်နေစဉ်က မူမလိုလားသော သူတို့ကလည်း ''ဘယ်တော့ ပါသွားမလဲ''ဟု မျှော်လင့်ခြင်းဖြင့် ကြည့်ရှုနေကြသကဲ့သို့ ကြည်ညိုသူများကလည်း ''ခံမှခံနိုင်ပါမည်လား''ဟု ကြောင့်ကြကြီးစွာဖြင့် စောင့်ကြည့် နေခဲ့ကြရသည်၊ သို့သော် မဟာစည်ဆရာတော်သည် တခဲနက် ကျောက်တောင်ကြီးအလား ကြံ့ကြံ့ ခံတော်မူနိုင်ခဲ့ပါသည်၊ ထိုသို့ ကြံ့ကြံ့ ခံနိုင်ခြင်းမှာ အဘယ့်ကြောင့်နည်း၊ အကျိုးကိုမြင်သဖြင့် အကြောင်းကို မှန်းဆသော ဖလာနုမာန နည်းဖြင့် ဆင်ခြင်သော် မဟာစည်ဆရာတော်၏ သတိပဋ္ဌာန် ဝိပဿနာရှုနည်းသည် မှုမှန်ဖြစ်သောကြောင့်ဟုပင် အဖြေထွက်ပါသည်၊ ဒါခြေအနေတရပ်ကို သုံးသပ်သောအခါ အကျိုးအပြစ် နှစ်မျိုးလုံးဖြင့် စိစစ်မှသာ အမှန်သို့ ရောက်မည် ဖြစ်ပါသည်၊ အကျိုးရှိရုံမျှဖြင့် မလုံလောက်သေး၊ အပြစ်လည်း ကင်းပါမှသာ စိတ်ချရပါသည်။ မဟာစည်ဆရာတော်၏ သာသနာ့ရိပ်သာ၌ ဖလသမာပတ် ဝင်စားသည် နိရောဓသမာပတ် ဝင်စားသည်ဆိုပြီး တုံးလုံးပက်လက် လဲနေခြင်းမျိုး စသည်တို့ မည်သည့် အခါကမှ မပေါ်ပေါက်ခဲ့ဘူးပေ၊ ရဟန္တာများ အစုလိုက်အပြုံလိုက် ထွက်ပေါ်ကြောင်း ကြော်ငြာခြင်းမျိုး စသောသုံကြည်ဖွယ်မရှိသည့် ဖြစ်ရပ်များ

လည်း မဖြစ်ပေါ်ခဲ့ဘူးပေ၊ ရဟန္တာဖြစ်ပြီးမှ လူထွက်ခြင်း စသောအချက်ကွဲစရာ အဖြစ်ဆန်းမျိုးလည်း မပေါ်ခဲ့ဘူးပေ။ ဤသို့ ကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ လူအများ အယုံအကြည် မဲ့စေမည့်ဖြစ်ရပ်များ မဖြစ်ပေါ်ခဲ့ခြင်းကလည်း မဟာစည် ဆရာတော် ပြသသော သတိပဋ္ဌာန် ဝိပဿနာနည်း၏ လမ်းမှန်ကျပုံကို ညွှန်ပြနေသကဲ့သို့ ရှိပါသည်၊ ဤသို့ အပြစ်ဟု ဆိုရသည့် ဖြစ်ရပ်များ မဖြစ်ပေါ်ခဲ့ဘူးသဖြင့်လည်း အများ၏ ယုံကြည်ခြင်းကို ခံရကာ ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နေနိုင်ခြင်း ဖြစ်ပေသည်။

## ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး

စစ်ကြီးအတွင်း ဆိပ်ခွန်မဟာစည်ကျောင်း၌ ဝိပဿနာ သာသနာပြုခဲ့သဖြင့် ဆရာတော်သည် "မဟာစည်ဆရာတော်"ဟု တွင်ခဲ့သည်၊ ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်ပြီး နောက်လည်း "မဟာစည်ဆရာတော်" ဟုပင် တွင်ခဲ့သည်၊ ထို့နောက်တွင် ဆရာတော်၏ ဂုဏ်ကျေးဇူးတို့ကို အထူးသိမြင်သော ကြည်ညိုသူတို့က " မဟာစည်ဆရာတော်ဘုရား " ဟုရင်း၊ "မဟာစည်ဆရာတော်ဘုရားကြီး" ဟုရင်း ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။ ထိုမှ နောက်တွင်မူ " ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး " ဟု "ကျေးဇူးရှင်" ဟူသော စကားလုံးကိုပင် ရှေ့ကထား၍ သုံးနှုန်းခေါ်ဝေါ်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင် ဖြစ်တော့သည်။ ထိုသို့ မဟာစည် ဆရာတော်ကို ကျေးဇူးရှင်ဟု ခေါ်ဝေါ်ကြခြင်းမှာ သုံးရိုးသုံးစဉ် ဖြစ်၍လော ? တကယ်နှစ်နှစ်ကာကာ လေးစားကြည်ညိုကြ၍လော ?။

မဟာစည်ဆရာတော်၏ တပည့်ကြီးဖြစ်သော ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သုဇာတထေရ်က " မိမိသည် မဟာစည် ဆရာတော်ကြီး၏ ကျေးဇူးကြောင့်ပါဠိတော်တို့ကိုကြည့်ရှုသောအခါ လက်တွေ့နှင့်ဟပ်၍ အနက်အဓိပ္ပါယ်တို့ကို အားပါးတရ သိမြင်ရပါသည်၊ ဆရာတော်ကြီးထံမှာ တရားအားမထုတ်မိခဲ့လျှင် ဤသို့သော အသိဉာဏ်မျိုးကို ရမည်မဟုတ်ပါ၊ ထို့ကြောင့် ဆရာတော်ကြီးအား ကျေးဇူးတင်မဆုံးအောင် ရှိပါသည်" ဟု အမိန့်ရှိဘူးပါသည်။

ယခု ၁၃၃၅-ခုနှစ် ကဆုန်လအတွင်းက မဟာစည် ဆရာတော်သည် မိုးကုတ်မြို့သို့ကြွရန်မန္တလေးသာသနာ့ရိပ်သာသို့ ခေတ္တကြွရောက်လာပါသည်။ ဤစာရေးသူသည် ဆရာတော်အထံတော်သို့ အဖူးအမျှော် ရောက်သွားခဲ့ပါသည်၊ ထိုသို့ရောက်စဉ်က ဆရာတော်အနီးတွင် ဦးပဉ္စင်းကြီးတပါးကို တွေ့ရပါသည်၊ ထိုဦးပဉ္စင်းကြီးနှင့် စကားစပ်မိရာမှ ထိုဦးပဉ္စင်းကြီးက "မိမိ၏

အသက်ကို မဟာစည်ဆရာတော်အား လှူထားကြောင်း မဟာစည် ဆရာတော်ပြသသောနည်းဖြင့် အားထုတ်ခဲ့သဖြင့် မိမိသည် ဝိပဿနာ အသိဉာဏ် အထူးများကိုရခဲ့၍ ဆရာတော်၏ ကျေးဇူးကြီးလှသောကြောင့် ပစ္စည်းဥစ္စာကို လှူသည်ထက် အဆများစွာ လေးနက်သော အသက်လှူခြင်းကို ပြုခဲ့ကြောင်း ဆရာတော်၏ ကျေးဇူးကြီးမားလှကြောင်း များကို အားရပါးရ ပြောပြခဲ့ပါသည်၊ ထိုဦးပဥ္စင်းကြီးမှာ အခြားသူမဟုတ်၊ မဟာစည် ဆရာတော်ကို သူဌေးကြီး ဆာ ဦးသွင်နှင့် ဆက်သွယ်ပေးခဲ့သော ရေဦးမြို့ စက်သူဌေးကြီး ဦးဘသင်ပင် ဖြစ်ပါသည်။

ဆရာတော် ဦးသုဇာတနှင့် ဦးပဥ္စင်းကြီး ဦးဘသင်တို့ ပြောကြားသော စကားများကိုထောက်လျှင် မဟာစည်ဆရာတော်သည် ထို ၂-ပါး၏ ကျေးဇူးရှင် အစစ်ဖြစ်ကြောင်း ထင်ရှားပါသည်။ မိမိ၌ မရှိသော နှစ်သက်စရာလည်းကောင်းသော ပစ္စည်းတခုခုကို ပေးလှူသူအား မိမိက လွန်စွာ ကျေးဇူးတင်မည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ ထို့ထက် မိမိမသိနားမလည်သော အမိပ္ပါယ်တခုခုကို ရှင်းလင်း ပြောပြနိုင်ပါလျှင် ထိုသူကိုလည်း လွန်စွာ ကျေးဇူးတင်မည်ပင် ဖြစ်ပါသည်။ ထိုထက်မိမိသန္တာန်၌ တကြိမ်တခါမျှ မဖြစ်ဘူးခဲ့သော ဝိပဿနာ ဉာဏ်များ ဖြစ်ပေါ်လာသော အခါမှာမူ အလွန်ဝမ်းမြောက်ခြင်းဖြစ်သည်နှင့်အမျှ ဤနည်းလမ်းတို့ကို ဟောတော်မူခဲ့သော မြတ်စွာဘုရားကိုရင်း၊ နည်းလမ်း ညွှန်ပြသော ဆရာကိုရင်း၊ ကျေးဇူးတင်မဆုံးအောင် ရှိရသည်။ ရှိခိုးကန်တော့၍ မဆုံးအောင်ရှိရသည်၊ ဤသို့သော အဖြစ်မျိုးကို (လက်တွေ့တရားအားထုတ်၍ ရုပ်နာမ်ကွဲ အဖြစ်အပျက်မြင်၍) သြဘာသ စသည်ဖြစ်ပေါ်လာသည့်အခါ ယောဂီတိုင်းပင် တွေ့ကြရသည်။ မဟာစည်ဆရာတော်၏ သြဝါဒအတိုင်း တရားအားထုတ်၍ ထိုအဆင့်တို့သို့ရင်း၊ ထိုထက်မြင့်သော အဆင့်တို့သို့ရင်း ရောက်ခဲ့သော ယောဂီတို့မှာ ဆရာတော် ဦးသုဇာတနှင့် ဦးပဥ္စင်းကြီး ဦးဘသင်တို့ ၂-ပါးသာ မဟုတ်ပါ၊ ထိုသို့သော ယောဂီများမှာ ငါးသိန်းကျော်ပင် ရှိနေပြီး ဖြစ်ပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်သည် ထိုငါးသိန်းကျော်မျှသော ယောဂီတို့၏ ကျေးဇူးရှင် အစစ်ပင်ဖြစ်ပါတော့သည်။ ဤသို့ တရားနှင့်စပ်သော လက်တွေ့ကြေနပ်မှုကို ပေးတော်မူနိုင်သော ကြောင့်ပင် မဟာစည်ဆရာတော်သည် သူမတူတန်သော လေးစားမှုကို ခံယူရရှိတော်မူပါသည်၊ ဆရာတော်၏ ယောဂီများက ဆရာတော်ကိုလေးစားပုံမှာ ဟန်ဆောင်မှုမပါသော တကယ့်လေးစားမှုပင် ဖြစ်ကြောင်းတွေ့သိနိုင်ပါသည်၊ မြတ်စွာဘုရား လက်ထက်ကဘုရားရှင်ကို လေးစားကြသည်ဆိုသည်မှာ ဤလိုလေးစားမှုမျိုးပင်ဖြစ်ပေလိမ့်မည်ဟု တွေးထင်စေနိုင်လောက်အောင်ဖြစ်ပါသည်၊ ဤပုဂ္ဂိုလ်

တို့အဖို့ မဟာစည်ဆရာတော်ကို ကျေးဇူးရှင်ဟု ခေါ်ဝေါ် သုံးနှုန်းရသည် ကိုပင် အားရနိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့် "ကျေးဇူးရှင်ဆရာတော် ဘုရားကြီး"ဟူသော အသုံးအနှုန်းမှာ သုံးရိုးသုံးစဉ်ဖြစ်၍မဟုတ်၊ တကယ့် နှစ်နှစ်ကာကာ လေးစားကြည်ညိုမှုကြောင့် နှလုံးမှဆဲ့ ပြန့်နှံ့ထွက်ပေါ် လာသော သုတိသာယာလှသည့် စကားလုံး ဖြစ်ပါတော့သည်၊ ထို့ပြင် မဟာစည်ဆရာတော်သည် ဆဋ္ဌသံဂါယနာ၌ ဆောင်ရွက်တော်မူခဲ့ခြင်းစသည် ဖြင့်၎င်း၊ တရားဟောတော်မူခြင်း တရားကျမ်းဂန်များကို ရေးသားတော် မူခြင်းဖြင့်၎င်း ဗုဒ္ဓသာသနာတော်၏ အကျိုး ဗုဒ္ဓဘာသာဝင်တို့၏ အကျိုး ဗုဒ္ဓသာသနာနှင့်စပ်သော တိုင်းပြည်၏ အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါ သည်၊ ထိုကြောင့်လည်း မဟာစည်ဆရာတော်ကို ယောဂီတို့၏ကျေးဇူးရှင် သာမက ဗုဒ္ဓသာသနာဝင်အားလုံး၏ ကျေးဇူးရှင် ဟုလည်း ဆိုထိုက်ပါ တော့သည်။

## မဟာစည်ဆရာတော်နှင့် နိုင်ငံခြားသားများ*

မဟာစည်ဆရာတော်သည် ကမ္ဘာကျော်နေပြီဖြစ်သော ဆရာတော် ဖြစ် သည်၊ ထို့ကြောင့် ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားသား ဧည့်သည်တို့လည်း ဆရာတော်အထံ မကြာမကြာ ရောက်လာတတ်ကြသည်။ သူတို့မေးမြန်းလို ဆွေးနွေးလိုသော အချက်အလက်များကို ပွင့်ပွင့်လင်းလင်းပင် မေးမြန်း ဆွေးနွေးကြသည်၊ ဘာသာရေးဆိုင်ရာများဖြစ်၍ အချို့ဖြေရန် မလွယ် ကူသောအချက်များ၊ ဖြေရန် မဖြစ်နိုင်သော အချက်များလည်း ပါလေ သည်။ ထိုအချက်အလက်တို့ကိုလည်း မဟာစည်ဆရာတော်သည် ပြေလည် အောင် ရှင်းပြဖြေဆိုတော်မူသည်။ ( မဟာစည်ထေရ်မြတ် ဧတ္ထုပ္ပတ်- နောက်ပိုင်းမှာ အကျယ်ရှုပါ။)

မဟာစည်ဆရာတော်ထံသို့ ရောက်လာကြသော နိုင်ငံခြား သားများမှာ တရားဆွေးနွေး မေးမြန်းလိုသူများသာ မဟုတ်ပါ၊ ဆရာတော်၏ ညွှန်ကြား ချက်အတိုင်း တရားအားထုတ်လိုသော သူများလည်း များစွာ ပါဝင် ခဲ့ပါ သည်။

နိုင်ငံခြားသားများနှင့် တွေ့၍ တရားဆွေးနွေးရာ, တရား ပြသရာတို့တွင် အခက်အခဲ မရှိစေရန် ဆရာတော်အား ကူညီခဲ့သော ပုဂ္ဂိုလ်မှာ ယောဂီ

---

* ဤအခန်းအတွက် အကြောင်းအရာများကို မြန်အောင် ဦးတင် ထံမှ ရပါသည်။

ဟောင်း ဦးဖေသင်ပင် ဖြစ်သည်၊ ဦးဖေသင်သည် နိုင်ငံခြား သားများ အကျိုးငှါ မဟာစည်ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း အခန်း(၅)ပါ ဝိပဿနာတရား အားထုတ်နည်း အကျဉ်းချုပ်ကိုရင်း, "ကမ္မဋ္ဌာန်း တရား အားထုတ်ရခြင်း အကြောင်း" ကျမ်းငယ်ကိုရင်း, ဆရာတော် ဟောပြော သော သတိပဋ္ဌာန်ဝိပဿနာအခြေပြု အားထုတ်နည်း တရားတော်ကိုရင်း, အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်၊ ထိုအင်္ဂလိပ်ဘာသာပြန် ကျမ်းတို့ကို ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ကြီးကပင် ပုံနှိပ်၍ ဖြန့်ချိခဲ့လေသည်၊ ဦးဖေသင်အသက် ကြီးလာ၍ အိုမင်းမစွမ်းရှိလာသောအခါ ယောဂီဟောင်းတဦးပင် ဖြစ်သူ မြန်အောင် ဦးတင်က ၁၉၆၁-ခုနှစ်မှ စ၍ နိုင်ငံခြား သားများကို ကူညီ စောင့်ရှောက်ရန် ဘာသာပြန်ကိစ္စကို ဆောင်ရွက်ရန် ဆက်ခံ ဆောင်ရွက် ခဲ့သည်၊ ထိုသို့ ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်လေသည်။

မဟာစည်ဆရာတော်သည် နိုင်ငံခြားသားတို့နှင့် တရား ဆွေးနွေးသော အခါ တရားပြသောအခါတို့၌ ပြေလည်မှု, အောင်မြင်မှု ရခြင်းမှာ ဤ ပုဂ္ဂိုလ်ကြီး ၂-ဦး၏ အကူအညီရသောကြောင့်သာ ဖြစ်ပေသည်၊ ထို့ကြောင့် ဤပုဂ္ဂိုလ်ကြီး ၂-ဦးမှာ မဟာစည်ဆရာတော်ဘုရား၏ နိုင်ငံခြားရေးရာဆိုင်ရာ တွင် လက်ရုံးသဖွယ် အားကိုးရသော ပုဂ္ဂိုလ်ကြီး များလည်း ဖြစ်သည်၊ ဝိပဿနာသာသနာ၏ဘုန်း, မဟာစည် ဆရာတော်၏ ဘုန်းကြောင့် ပေါ် ပေါက်လာရသော ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်နှင့်အမျှ မဟာစည်ဆရာတော်၏ ဝိပဿနာနည်းနိဿယများ ကမ္ဘာသို့ ပြန့်အောင် ကူညီခွင့်ရသော ပုဂ္ဂိုလ် ကြီးများဖြစ်၍ များစွာ အားကျထိုက်သော ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ပါ တော့သည်။

မဟာစည်ဆရာတော်ဘုရားထံ လာရောက်၍ တရားအားထုတ် သွားဘူး သော နိုင်ငံခြားသား အရေအတွက်မှာ အတော်များလေရာ ဤအခန်း၌ ယင်းပုဂ္ဂိုလ်အားလုံးတို့အကြောင်းကို ဖော်ပြခြင်းငှါ မစွမ်းနိုင်ပါ ကျေးဇူး များသည်ဟု ယူဆရသော အချို့ပုဂ္ဂိုလ်များ အကြောင်းကိုသာ ဖော်ပြ ပါမည်။

ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏပေါနိကထေရ် မြန်မာနိုင်ငံသို့ လာ ရောက်၍ မဟာစည်ဆရာတော်ထံ တရားအားထုတ်ပြီးနောက် စာအုပ် ရေးသား ထုတ်ဝေခဲ့သည့် အကြောင်းကို "သီဟိုဠ်၌ သာသနာပြုခြင်း"၌ ရေးခဲ့ပြီ။ ထိုအကြောင်းနှင့်စပ်၍ ဒေါက်တာ ဂရေဟမ်ဟောင်း အကြောင်း ကိုလည်း ထိုအခန်းမှာပင် ရေးခဲ့ပြီ။ ဒေါက်တာ ဟောင်းသည် ၁၉၅၂- ခုနှစ်၌ လာရောက်၍ တရားအားထုတ်ခဲ့သည်။ ထို့နောက် ၁၉၅၈-ခုနှစ်

တွင် အင်္ဂလိပ် ရေတပ်မတော် ဗိုလ်ချုပ်ကြီး ရှက်တောက် (Rear Admiral E. H. Shattock) သည် စင်္ကာပူမြို့မှ လာ၍ သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့သည်၊ ပူအိုက်သော ရာသီဥတု ဒဏ်ကိုခံ၍ မဟာစည်ဆရာတော် ညွှန်ကြားပြသသည့် အတိုင်း ကြိုးကြိုးပမ်းပမ်း အားထုတ်ခဲ့သည်၊ ထိုသို့ တရားအားထုတ်ပြီး၍ အင်္ဂလန်သို့ ပြန်ရောက်ပြီးနောက် ထိုရေတပ် ဗိုလ်ချုပ်သည် (An Experiment in Mindfulness) အမည်ရှိ စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ထိုဗိုလ်ချုပ်က သူ၏ အတွေ့အကြုံများကို အသေးစိတ် ရေးသားတင်ပြခဲ့သည်။ မဟာစည်ဆရာတော်၏ နည်းနှင့်၎င်း, သာသနာ့ရိပ်သာနှင့်၎င်း ပတ်သက်၍ ထိုစာအုပ်တနေရာတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ထိုနည်း (မဟာစည် ဆရာတော်၏ နည်း) မှာ လွယ်ကူလှသည်၊ အကြောင်းအရာ အနေဖြင့် လွယ်ကူလှသောကြောင့်ပင် ယင်း၏ လွယ်ကူမှုသည် ယင်း၏ ပဓာန ခက်ခဲမှုတို့တွင် တခုဖြစ်လျက် ရှိတော့သည်။ အနောက်နိုင်ငံ့ အသုံးအနှုန်းအရ ပြောရလျှင် သာသနာ့ရိပ်သာသည် စိတ်ဓာတ် လေ့ကျင့်ရေးအတွက် ဆရာဖြစ်သင်ကျောင်းကြီး ဖြစ်သည့်ပြင် တင်းကြပ်သော နေထိုင်ရေး, စည်းကမ်း ရှည်သောအလုပ်ချိန်များ ရှိသည် ဖြစ်၍ အတော် ခဲယဉ်း ပြင်းထန်သော ကျောင်းဖြစ်လေသည်" (၎င်းကျမ်း နှာ ၁၀-၂၄)

ဗိုလ်ချုပ် ရှက်တောက်သည်အထက်ပါ ကားတို့ဖြင့်မဟာစည်ဆရာတော်၏ နည်းနှင့် သာသနာ့ရိပ်သာအပေါ် သူ၏အမြင်ကို အကျဉ်းချုပ် ဖော်ထုတ်ခဲ့လေသည်၊ မိမိကိုယ်တိုင် နေထိုင်၍ တရားအားထုတ်ခဲ့ရသဖြင့် သာသနာ့ရိပ်သာကို အမြဲ့်မှန်ဖြင့် သုံးသပ်ခွင့်လည်း ရခဲ့သည်၊ ထို့ကြောင့်ပင် "စိတ်ဓာတ်လေ့ကျင့်ရေး တက္ကသိုလ်အဖြစ်" သူ မြင်သည့်အတိုင်း ပွင့်ပွင့်လင်းလင်း မှတ်ချက်ချခဲ့ခြင်း ဖြစ်ပေသည်။ နေထိုင်မှုစည်းကမ်းများ တင်းကြပ်ပုံ, တနေ့လျှင် နာရီ ၂၀ ခန့် နာရီပေါင်းများစွာ တရားအားထုတ်ပုံတို့ကိုပါ ဖော်ပြထားပြန်ရာ သာသနာ့ရိပ်သာသည် တော်စွာလျော်စွာ အားထုတ်လိုသူတို့၏ နေရာမဟုတ်ကြောင်းကိုလည်း ပေါ်လွင်စေပါတော့သည်။

ဗိုလ်ချုပ် ရှက်တောက် ကဲ့သို့ပင် သာသနာ့ရိပ်သာကို လေ့လာရေး ဌာနကြီးတခုအဖြစ် မြင်ခဲ့သောသူမှာ မစ္စတာ ကောလင်း ဝှိုက်(Mr. Colin Wyatt) ဆိုသူပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ၁၉၅၀-ခုနှစ်တွင် နီပေါလ်နိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးကို တက်ရောက်ပြီးနောက် မြန်မာပြည်သို့လာ၍ သာသနာ့ရိပ်သာ၌ တရားအားထုတ်

ခဲ့သည်၊ မစ္စဘာ ဝုပ်တ် သည် အင်္ဂလန်သို့ ရောက်ပြီးနောက်(The Middle Way)အမည်ရှိ ဗုဒ္ဓဘာသာ မဂ္ဂဇင်း၌ မဟာစည် ဆရာတော်ထံမှာ သတိပဋ္ဌာန်တရား အားထုတ်ပုံ သိကောင်းစရာ အဖြာဖြာကို ရေးသား ဖော်ပြခဲ့သည်၊ ထိုဆောင်းပါးတွင် ထိုသူက "သာသနာ့ရိပ်သာသည် အခြားသမားရိုးကျ ဘာသာရေးဌာနနှင့် မတူပဲ လက်တွေ့အသုံးချ စိတ်ပညာသင်ကျောင်းနှင့် တူကြောင်း, သာသနာ့ရိပ်သာနည်းသည် ခိုင်လည်းခိုင်မာ, ဆင်ခြင်တုံတရားလည်းရှိ, လက်တွေ့လည်းကျ၍ ရိုးဖြောင့်မှုလည်းရှိကြောင်း, မည်သည့် လျှို့ဝှက်သောအရာ,စိတ်ပြင်းထန်မှုကို ဖြစ်စေသော သဘောမျိုးမှ မရှိကြောင်း" ရေးသား ခဲ့လေသည်။

အဆက်ပါ ပုဂ္ဂိုလ်များကဲ့သို့ပင် မဟာစည်ဆရာတော်ထံမှ တရား အားထုတ်သွားပြီးနောက် ဝိပဿနာဆိုင်ရာ ကျမ်းရေးသားခဲ့သော ပုဂ္ဂိုလ်မှာအမေရိကန်နိုင်ငံ, ကယ်လီဖိုးနီးယားပြည်တွင် နေသော (Mr. Robert Duvo) ဆိုသော ပြင်သစ်လူမျိုးပင် ဖြစ်သည်၊ ထိုသူသည် ၁၉၆၁-ခုနှစ်လောက်က လာရောက် တရားအားထုတ်ခဲ့သည်၊ လူဝတ်ဖြင့် တရားအားထုတ် နေရာမှ မဟာစည် ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ခဲ့သေးသည်၊ ရဟန်းခံရာတွင် ယောဂီဦးတင်က ရဟန်းဒကာခံသည်၊ ထိုသူသည် တရားအားထုတ်ပြီးနောက် ပြင်သစ်နိုင်ငံသို့ ပြန်သွား၍ ဝိပဿနာကမ္မဋ္ဌာန်းအကြောင်း ကျမ်းတစောင်ကို ပြုစုလေသည်၊ ထိုကျမ်းမရိုက်မီ စစ်ဆေးကြည့်ရှုပေးပါရန် ကျမ်း၏ မူကြမ်းကို မဟာစည် ဆရာတော်အထံသို့ ပို့ခဲ့သည်၊ မဟာစည်ဆရာတော်သည် ဆရာတော် ဦးဉာဏုတ္တရနှင့်အတူ ထိုကျမ်းကို ဖတ်ရှုစစ်ဆေး တည်းဖြတ်၍ ကျမ်းပြုသူထံသို့ ပြန်ပို့တော် မူခဲ့လေသည်။

ဤသို့လျှင် ပြခဲ့ပြီး ပုဂ္ဂိုလ်တို့ကဲ့သို့ မဟာစည်ဆရာတော်ထံသို့ လာရောက် တရားအားထုတ်၍ မိမိတို့ နေရင်းနိုင်ငံတို့သို့ ပြန်ရောက်ပြီးနောက် ဝိပဿနာသာသနာကို ဆက်လက် ဖြန့်ချိနေသော ပုဂ္ဂိုလ်များမှာ မနည်းလှပါ၊ ထိုပုဂ္ဂိုလ်တို့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်လေသည်။

(၁) အရှင်ဇိနရက္ခိတ- အင်ဒိုနေးရှား ရဟန်းတော်၊ (အင်ဒိုနေးရှား သာသနာပြုခန်းနှင့် ၎င်း၏ အတ္ထုပ္ပတ္တိကို ကြည့်ပါ၊)

(၂) Mr. & Mrs. Norman Weekes ဇနီးမောင်နှံ ဩစတြေလျနိုင်ငံမှ။

(၃) အရှင်ဝိမလနှင့် အရှင်ဓမ္မိက - ဂျာမန် ရဟန်းတော် ညီနောင်။

(၄) အင်္ဂလိပ်-အင်္ဂလိပ် ရဟန်းတော်။
(၅) Mrs. Eve klingman အမေရိကန်မှ။
(၆) အနဂါရိက သျှရီ မုနိန္ဒ ဗုဒ္ဓဂယာမှ။
(၇) အနဂါရိက သုဇာတ- အမေရိကန်လူမျိုး။
(၀) Dr. Heinz Ryborz ဂျာမာန်ပါဒမာကွ။
(၉) Sister Amita Nissatta ဆွီဒင်သီလရှင်။
(၁၀) ဆူဒန်ပြည်မှ ကျောင်းဆရာတဦး။ (သလ္လေခသုတ်တရားတော်၊ ဒုတိယအုပ်ကြည့်ပါ)။

မဟာစည်ဆရာတော်၏ ယောဂီဟောင်းများ ဖြစ်ကြသော ဦးဖေသင်နှင့် မြန်အောင် ဦးတင်တို့သည် ဆရာတော်၏ သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းနည်း နိဿယများ ကမ္ဘာအနှံ့ပြန့်စေလိုသော စေတနာဖြင့် မဟာစည်ဆရာတော် ရေးသားတော်မူအပ်သော ကျမ်းအများမှ အရေးကြီးသော အစိတ်အပိုင်းများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ထိုကျမ်းများကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့ကြောင်း ရေးခဲ့ပြီ။ ဤသို့ ရိုက်နှိပ်ဖြန့်ချိနေသည်မှာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကသာမဟုတ်၊ နိုင်ငံခြားရှိ အသင်း အဖွဲ့တို့ကပါ ဖြစ်လေသည်။

သီဟိုဠ်နိုင်ငံတွင် အရှင်ဉာဏ ပေါနိကထေရ် ဦးစီးသော (Buddhist Publications Society ) ခေါ် ဗုဒ္ဓစာပေ ထုတ်ဝေရေးအသင်းက မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း အခန်း(၅)၏ အင်္ဂလိပ် ဘာသာပြန်ကို (Practical Insight Meditation, Basic and Progressive Stages) ဟူသောအမည်ဖြင့် ထုတ်ဝေခဲ့၍ ဆရာတော် ပါဠိဘာသာဖြင့် ရေးသားထားသော ဝိသုဒ္ဓိဉာဏကထာကျမ်းကိုလည်း အရှင်ဉာဏပေါနိကထေရ်ကပင် အင်္ဂလိပ်ဘာသာပြန်ဆို၍ (The Progress of Insight) အမည်ဖြင့် ထုတ်ဝေခဲ့သည်။

အမေရိကန်ပြည် ကယ်လီဖိုးနီးယားပြည်နယ် ဆံဖရန်စစ္စကို မြို့၌လည်း (Mr. Stephen Levine) နှင့် ဓမ္မမိတ်ဆွေတစုတို့သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ရိုက်နှိပ်ဖြန့်ချိသော (Discourse on the Basic Practice of the Satipatthana Vipassana) စာအုပ်ကိုပင် (The Satipatthana Vipassana Meditation-A Basic Buddhist Mindfulness Exercise ) ဟူသော အမည်ဖြင့် ထုတ်ဝေရန် ဆရာတော်

ဘုရားအထံမှ ခွင့်ပြုချက်ကို တောင်းယူပြီး ၁၉၇၁-ခုနှစ်က အမေရိကန်နိုင်ငံ၌ ရိုက်နှိပ်ဖြန့်ချိခဲ့သည်၊ သီဟိုဠ်ဗုဒ္ဓစာပေ ထုတ်ဝေရေးအသင်းမှ အခွင့်တောင်း၍လည်း ထိုအသင်းက ထုတ်ပြန်ခဲ့ပြီးစာအုပ်ကို (Practical Insight Meditation) ဟူသော အမည်ဖြင့် ၁၉၇၂-ခုနှစ်က ပုံနှိပ်ဖြန့်ချိခဲ့လေသည်။

ဤသို့ မဟာစည်ဆရာတော်ဘုရား အထံ၌ တရားအားထုတ်ပြီး ဖြစ်သော အဆိုပါ နိုင်ငံခြားသားတို့၏ ဟောပြောခြင်း, ရေးသားခြင်းတို့ဖြင့် သာသနာပြုမှုတို့ကြောင့်သတိပဋ္ဌာန် ဝိပဿနာ အားထုတ်နည်းနှင့် အတူ မဟာစည်ဆရာတော်ဟူသော အမည် မဟာစည် ဆရာတော်၏ ဉာဏ်စွမ်း သာသနာ့ရိပ်သာဟူသော အမည်တို့သည် ကမ္ဘာအနှံ့ ပြန့်လျက်ရှိလေပြီ။ ယခုခေတ်၌ တကမ္ဘာလုံးရှိ စိတ်ခံတ် လေ့လာမြင့်တင်ရေးကို စိတ်ဝင်စားသော ပုဂ္ဂိုလ်တို့အဖွင် မဟာစည်ဆရာတော်ဟူသော အမည်နှင့် မဟာစည် ဆရာတော်၏ ဝိပဿနာ ကမ္မဋ္ဌာန်း နည်းတို့ကို မကြားဘူးသူ မဖတ်ဘူးသူ မလေ့လာဘူးသူ ဟူ၍ မရှိသလောက်ပင် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် ကမ္ဘာတလွှားတွင် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကို ပေါင်းစု ရိုက်နှိပ်ထားသော (Who's Who in the World) ခေါ် ကမ္ဘာသုံးညွှန်းတမ်းစာအုပ်ကြီး၌ပင် မဟာစည်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို တွေ့မြင်ရခြင်း ဖြစ်ပါသည်၊ ထို စာအုပ်ကြီးတွင် ထည့်သွင်းခံရဖို့ရန်မှာ သာမန်ကျော်ကြားသူတို့ မမြှော်လင့်နိုင်သောအချက် ဖြစ်ရကား ထို၌ထည့်သွင်းခံရခြင်းဖြင့်ပင် မဟာစည် ဆရာတော်ဘုရားသည် ကမ္ဘာ့အသိအမှတ်ပြု ကျော်ကြားသော ပုဂ္ဂိုလ်စာရင်းဝင် ဖြစ်နေကြောင်းမှာ အလွန်ပင် ထင်ရှားလှပါတော့သည်။

ထိုသို့ ကမ္ဘာကျော်ဆရာတော် ဖြစ်နေသောကြောင့်ပင် ယနေ့တိုင်လည်း နိုင်ငံခြားသားများ ထံမှ စုံစမ်း မေးမြန်းစာများ တရား အားထုတ်ခွင့် ရလိုကြောင်း လျှောက်ထားစာ များကို ရနေဆဲပင် ဖြစ်သည်၊ မဟာစည် ဆရာတော်သည် ပရိယတ်နယ်၌ဖြစ်စေ ပဋိပတ်နယ်၌ဖြစ်စေ မည်သည့်နယ်မှာ မဆို ကျွမ်းကျင်တော်မူသဖြင့် ပရိယတ်,ပဋိပတ်နှင့်စပ်၍ မည်သည့် ပုစ္ဆာ ပြဿနာ မျိုးကိုပင်မဆို ပြေလည်အောင် ဖြေစွမ်းတော် မူနိုင် ပေသည်၊ ထို့ကြောင့် မဟာစည် ဆရာတော်သည် ယခုခေတ်ဘွင် ဗုဒ္ဓသာသနာ၏ အားကိုးအားထား အပြုရဆုံးသော ပုဂ္ဂိုလ်ကူးတပါး ဖြစ်သည်နှင့်အမျ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ရှေ့မှ မားမားမတ်မတ် ရပ်တော် မူလျက်ရှိသော အလားတူ ရနိုင်ရန် ခဲယဉ်းလှသော ခေါင်းဆောင် ဆရာတော် တပါးလည်း ဖြစ်ပါပေတော့သည်။

## ယနေ့ မဟာစည်ဆရာတော်

မဟာစည် ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက် နှစ်များမကြာမီမှာပင် ဆဋ္ဌသံဂါယနာ ဆိုင်ရာ လုပ်ငန်းများ များပြားလာသဖြင့် ယောဂီတို့အား နေ့စဉ် တရားစစ်ဆေးသောအလုပ်ကို မဆောင်ရွက်နိုင်တော့၍ ဆရာတော် အရှင် သုဇာတ, အရှင်ဝဏ္ဏိတ, အရှင်ပဏ္ဍိတ, အရှင်ဇဝန စသော ဆရာတော်တို့အား ထိုအလုပ်ကို လွှဲအပ်လုပ်ကိုင်စေတော်မူရသည်၊ ထိုဆရာတော်တို့လည်း ရဟန်းယောဂီ, အမျိုးသား ယောဂီ, အမျိုးသမီးယောဂီဟု ခွဲခြား၍ တာဝန်ယူကာ ဆောင်ရွက်တော်မူခဲ့ကြသည်၊ ဤဆရာတော်တို့၏ အရည်အချင်း ပြည့်ဝမှု တာဝန်သိသိဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် သာသနာ့ရိပ်သာသည် ယနေ့တိုင်အောင် ဣန္ဒြေရရဖြင့် မှန်မှန်တိုးတက်လျက် ရှိခဲ့ပေသည်။

မဟာစည် ဆရာတော် မရောက်မီက သာသနာ့ရိပ်သာ၌ မြေကွက်သည် (၅.၄၀၀) ကေမျှသာ ရှိသည်၊ ယခုမူကေ ၂၀-ကျော် ရှိနေပြီ ဖြစ်သည်၊ အဆောက်အအုံများမှာလည်း ဆရာတော် ရောက်ခါစက အနည်းငယ်သာ ရှိသေးသည်၊ နှာ ၁၀၉ ၌ ဖော်ပြခဲ့သည့်အတိုင်း ၆ ခုမျှသာ ရှိသေးသည်။ ယနေ့ သာသနာ့ရိပ်သာ၌ကား အဆောက်အအုံပေါင်း ၄၇-ခုအထိ ရှိနေပြီ ဖြစ်သည်၊ ထို အဆောက်အအုံတို့တွင် မဟာစည် ဆရာတော် ရောက်ပြီးမှ ဆောက်လုပ်သော အဆောက်အအုံများမှာ ၄၁-ခုရှိသည်၊ ထိုတွင် သိန်းကျော်တန် အဆောက်အအုံများမှာ ၇-ခု ပါဝင်သည်။ ယင်း အဆောက်အအုံများကို ရေစက်ချသောအခါ ပုဂ္ဂလိက မချပဲ သံဃိက, ဂဏိက ချည်းသာ ရေစက်ချခဲ့သည်။ ဆရာတော် မရောက်မီက အဆောက်အအုံများကိုမူ မည်ကဲ့သို့ရေစက်ချကြောင်း ဆရာတော် သိတော်မမူဟုသိရသည်။ အများဆိုင် ရည်ရွယ်အပ်သော အဆောက်အအုံများ ဖြစ်၍ ဆရာတော် မရောက်မီ ရှိနှင့်သော အဆောက်အအုံများကိုလည်း သံဃိက ဂဏိကပင် ချခဲ့ရပါသည်။

မဟာစည် ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်တော်မူသောအခါ သိမ်နေရာတွင် အဆောက်အအုံ မရှိသေးပါ၊ ယာယီ တဲကြီးသာ ရှိသည်၊ သို့သော် ထိုသိမ်၌ကား ရဟန်းခံသော ကံများကို ၁၃၁၁-ခုနှစ် ဦးတန်ခူးလဆုတ် ၅-ရက်နေ့မှ စ၍ ပြုခဲ့ပြီးပင် ဖြစ်သည်။ ထိုသိမ်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်များကို မှတ်တမ်းတင်ရန် ရည်ရွယ်ချက်ဖြင့် ရက်ချုပ်စာအုပ်ကိုလည်း ရိုက်နှိပ်ထားရှိသည်၊ ထိုရက်ချုပ်၌ ဆိုင်ရာ ဘွဲ့မည် စသည်ကိုရေး၍ မှတ်တမ်း တင်လေသည်၊ ထို ရက်ချုပ် စာအုပ်ကား မဟာ

စည်ဆရာတော် မရောက်မီကပင် ရှိခဲ့သည်၊ ထိုရက်ချုပ်၌ ပဌမဆုံး ရဟန်းခံ မှတ်တမ်းမှာ ၁၃၁၁-ခုနှစ် ဦးတန်ခူးလဆုတ် ၅ ရက်မှ အစပြုသည်ကို တွေ့ရသည်။ ယင်း ရက်ချုပ်စာအုပ်များကို ဘုရားကြီးကျောင်းတိုက် ဆရာ တော် ဦးကောဏ္ဍညပင် စီစဉ်ခဲ့သည်ဟု ထင်ကြောင်း မဟာစည်ဆရာတော် အမိန့်ရှိဘူးသည်။

ဆရာတော်သည်သာသနာ့ရိပ်သာသို့ရောက်ပြီးနောက်အနှစ်၂၀-နီးပါးခန့် သူဌေးကြီးဆာဦးသွင်ဆောက်လုပ်လှူဒါန်းသော စံကျောင်း(နာ-၁၂၁ ပါ သစ်သားကျောင်း) ၌သာ သီတင်းသုံးတော်မူခဲ့သည်။ သူဌေးကြီးသည် မဟာစည်ဆရာတော်ကို မိမိလှူသော ကျောင်း၌သာ သီတင်းသုံးတော်မူစေ လိုသည်၊ ဆရာတော်လည်း သူဌေးကြီး၏ သဒ္ဓါတရားကို ငဲ့၍ ထိုကျောင်း၌ပင် သီတင်းသုံးတော်မူခြင်း ဖြစ်ပေသည်၊ ဤနှစ်များအတွင်း ဆရာတော် ကို ကျောင်းဆောက်လှူဒါန်းလိုသော ဒကာ ဒကာမများမှာ လှူဒါန်းခွင့် မရခဲ့ကြပေ၊ သို့သော် ၁၃၂၉-ခုနှစ်သို့ ရောက်သောအခါမှာမူ ဒကာ ဒကာမများသည် ဆောက်လုပ်ခွင့် ရလာကြတော့သည်၊ ထို့ကြောင့် ဆရာ တော်၏ ယောဂီဟောင်း သစ် ဒကာ ဒကာမများ စုပေါင်းကာ ယခု ဆရာတော် သီတင်းသုံးရာဖြစ်သော ကျောင်းတော်ကို ဆောက်လုပ်ရန် ခွင့်တောင်းရာ ဥက္ကဋ္ဌကြီး ဆာဦးသွင်က ကျပ်ငွေ (၁၀၀၀၀ိ)တသောင်း ထည့်ဝင်၍ ခွင့်ပြုလေသည်။

"**မဟာစည်ကျောင်းတော်**" ဟု ကမ္ပည်း ထိုးထားသော ထိုကျောင်း တော် ရေစက်ချပွဲကို ၁၃၃၀-ပြည့်နှစ် ပြာသိုလဆန်း ၄-ရက်နေ့၌ ခမ်းနား သိုက်မြိုက်စွာ ကျင်းပ ခဲ့ကြသည်၊ နဂိုရ်က တသိန်းတန်လောက် ရည်ရွယ် ခဲ့သော်လည်း ဒကာ ဒကာမတို့၏ သဒ္ဓါတရား တိုးတက်လာမှုကြောင့် နှစ် သိန်းကျော်တန်မျှ ဖြစ်သွားသည်၊ ထိုကျောင်းကို မဟာစည် ဆရာတော်က မြန်မာသက်သက် ရေစက်ချ စာတန်း၌ "နှစ်သိန်းမျှသော ကျပ်ငွေဘို့ဖြင့် ရှုချင်စဖွယ် အလွန်တင့်တယ်၍ ကြည်နူးဘွယ် နှလုံးမွေ့လျော်ဘွယ် ကောင်း လှစွာသော မဟာစည် ကျောင်းတော်မည်သော ကျောင်းကို" ဟု ဖေါ်ပြ ခဲ့ပါသည်၊ ထိုကျောင်းတော်ကြီးမှာ အပေါ်ထပ်၌ ဘုရားခန်းနှင့် မဟာ စည်ဆရာတော် သီတင်းသုံးရန် အခန်းရှိ၍ အောက်ထပ်၌ကား ဓမ္မာရုံ ခန်းမကြီးနှင့် ရဟန်းတော်များ သီတင်းသုံးရန် အခန်း ၂၀ ခန်း ရှိလေ သည်၊ ဤကျောင်းတော်ကြီးကို ရေစက်ချသောအခါ မဟာစည်ဆရာတော် သည်၊ သာသနာ့ရိပ်သာ ထုံးစံအတိုင်း သံဃိက ဂဏိက လှူပေးတော်မူသည်၊ အထက်ထပ် အောက်ထပ် ခွဲ၍ အထက်ထပ်ကို မြတ်စွာဘုရားနှင့် သံဃာ တော်အားလှူခြင်း၊ အောက်ထပ်ကို မဟာစည်ဆရာတော် အမှူးရှိသော သတိ

ပဋ္ဌာန်တရား ပွားများရဖြည့်ကျင့်သော ရဟန်းရှင်လူ ယောဂီ အပေါင်း အားရှင်း လှူဒါန်းနီး ရေစက်ချ ပေးတော်မူသည်၊ ရေစက် ချပြီးသည်မှ စ၍ ယနေ့တိုင် ဆရာတော်သည် ထိုမဟာစည်ကျောင်းတော်မှာပင် သီတင်း သုံးတော်မူလျက် ရှိလေသည်။

ရန်ကုန် သာသနာ့ရိပ်သာတွင်နှစ်စဉ် နတ္တော်လ၌ ဩဝါဒခံယူပွဲ ကျင်းပ သည်၊ ထိုဩဝါဒခံယူပွဲသို့ အနယ်နယ် အရပ်ရပ်မှ ဆရာတော်၏ ဩဝါဒခံ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ယောဂီများ တက်ရောက် ကြသည်၊ ၁၃၃၄-ခုနှစ် နတ္တော်လက(၂၃)ကြိမ်မြောက် ဩဝါဒခံယူပွဲတွင် မဟာစည် ဆရာတော် ဩဝါဒပေးနေတော်မူသည်ကို နာယူခွင့်ရခဲ့ပါသည်၊ သာသနာ တော် တည်တံ့စေရန် ဝိနည်းအလေးပြုရေး, တရားအလေးပြုရေး, အထူး သဖြင့် ဝိပဿနာလုပ်ငန်း အရှည်တည်ခိုင်ရေး, ရိပ်သာများ တိုးတက်ရေး, ရိပ်သာဆရာတော်များနှင့်တကွ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ မှုမှန်စွာ ကျင့်သုံးရေး စသည်များကို ဩဝါဒ ပေးတော်မူသည်၊ ဆရာတော် ဩ ဝါဒ ပေးတော်မူပုံမှာ အထက်မှ နေ၍ အမိန့်ပေးနေသည့် အနေမျိုး မဟုတ်ဘဲ အကြံဉာဏ်ပေးနေသည့် အနေမျိုး မေတ္တာရပ်ခံသည့် အနေမျိုးသာ ဖြစ်သည်ကို တွေ့ရသည်၊ မိမိပေးနေသော ဩဝါဒ၌ ပြုပြင်စရာဖြည့်စွက်စရာ များရှိပါက ဩဝါဒ၌ညွှန်ကြားထားသည်တို့ထက် ကောင်းသော အကြံဉာဏ် များရှိကလည်း ပြုပြင်ကြ, ဖြည့်စွက်ကြ, လျှောက်ထားကြရန် မိန့်တော် မူပါ သည်၊ တဖက်သား၏ စိတ်ကို နူးညံ့စေပြီး ဩဝါဒကို လိုက်နာစေရေး အကြံဉာဏ်များ ရရေး၌ ဤဩဝါဒမျိုးမှာ ခရီးရောက်လှပေသည်၊ ဤသို့ မဟာစည်ဆရာတော်သည် မိမိပျိုးထောင်ခဲ့သော ပဋိပတ္တိသာသနာ၏ ခိုင်ခံ့ ရေး, ကောင်းမွန်ရေး, အရှည်တည်တံ့ရေးတို့ကို ဆောင်ရွက်တော် မူလေ သည်။

ဆရာတော်သည် သက်တော်ကြီးလာသည်နှင့်အမျှ ကျန်းမာရေးမှာလည်း ဆုတ်ယုတ်လာခဲ့သည်၊ လွန်ခဲ့သည့် လေးငါးနှစ်ဆီကမူ မျက်လုံးတဖက် (လက်ဝဲဖက်)မှာ တိမ်စွဲလာသဖြင့် ၁၃၃၁-ခုနှစ်တွင် မေမြို့သို့ ကြွတော်မူ၍ မျက်လုံး ခွဲစိတ်ကုသသည်ကို ခံယူတော်မူရသည်၊ ခွဲစိတ်ပြီးနောက် မျက်လုံး မှာ သက်သာခဲ့သည်၊ သို့သော် ပင်ကိုယ်အတိုင်း ပြန်ဖြစ်သည်မဟုတ်သဖြင့် နဂိုရ်ကလောက်ကား စာမကြည့်နိုင်ခဲ့၊ ဆရာတော်သည် ကြောင့်ကြမဲ့ နေလိုက နေနိုင်သည့် အခြေမှာ ရှိသော်လည်း ထိုသို့ နေတော်မူခြင်းကို မသိုလား၊ စာပေကျမ်းဂန်ကြည့်ရှုခြင်း ပြုစုခြင်းတို့ကိုလည်း မလျှော့လို့ မျက်လုံးအခြေအနေကလည်း လျော့မှုပင် ဖြစ်မည်၊ သို့ဖြစ်နေရာဆရာတော်



မဟာစည် စံကျောင်းတော်သစ်
( ရန်ကုန်မြို့ )

သည် ကျမ်းစာ ကြည့်မှုကို မလျှော့ရသောနည်းဖြင့် စာကြည့်ကို လျှော့ခဲ့သည်၊ ထိုနည်းကား သတင်းစာ စသည် မဖတ်ခြင်းပင် ဖြစ်ပါသည်။

ဆရာတော်သည် ယခုအခါ သက်တော် ၆၉-နှစ် ကျော်ပြီဖြစ်၍ ၇၀-ဟုသင် ဆိုရမည် ဖြစ်ပါသည်၊လာမည့်နှစ် (၁၃၃၆-ခုနှစ်) ဒု-ဝါဆိုလတွင်မူ သက်တော် ၇၁-တင်းတင်း ပြည့်တော့မည် ဖြစ်ပါသည်၊ ယခင်လောက် ကျန်းမာရေး မကောင်းဟု ဆိုသော်လည်း အိပ်ရာထဲ၌ လဲနေသည့် အခြေမျိုး မဟုတ်ရကား တရားလည်း ယခင်ကလိုပင် ဟောတော်မူနိုင်သည်။ စာကိုလည်း ယခင်ကလောက်နီးနီး ကြည့်ရှုတော်မူနိုင်သည်၊ တရားဟောတော်မူနိုင်သည်နှင့်အမျှ တရားဘော် စာအုပ်များမှာလည်း ထွက်ပေါ်နေဦးမည်သာ ဖြစ်ပါသည်၊ ဆရာတော်၏ တရားများ တရားစာအုပ်များသည် တရားနာသူ စာဖတ်သူတို့အား လွန်စွာ ကျေးဇူးများကြပေသည်၊ မိမိတို့လက်လှမ်းမမှီသည့် ဘုရားဟော သုတ္တန်ကြီးများကို အဓိပ္ပါယ်နှင့်တကွ သိရှိနားလည်ခွင့် ရကြသည်။ သိရှိနားလည်သည့်အတိုင်း လိုက်နာကျင့်ကြံကြမည်ဆိုလျှင် ပစ္စုပ္ပန် သံသရာ ၂-ဖြာသော အကျိုးများကို ရနေကြမည်သာ ဖြစ်ပါသည်၊ ဤသို့လျှင် ဆရာတော်၏ တရားကို နာရ၍၎င်း, ဆရာတော်၏ ကျမ်းစာများကို ဖတ်ရှုရ၍၎င်း သာသနာ၏ လေးနက်သောတရားတို့ကို သိမြင်ခွင့်ရကြသော ပုဂ္ဂိုလ်တို့သည် ဆရာတော်၏ တရားကို လာမည့် နှစ်ပေါင်းများစွာ တိုင်အောင် အသစ်အသစ် နာလိုကြောင်း ဆုတောင်းကြမည်သာ ဖြစ်သကဲ့သို့ ဆရာတော်၏ ဩဝါဒကို ခံယူ၍ တရားအားထုတ်ခဲ့ဘူးသောယောဂီပုဂ္ဂိုလ်တို့သည်၎င်း,အခြားဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည်၎င်း ထို့အတူပင် ဆရာတော်သည် သက်တော်ရာကျော် ရှည်တော်မူ၍ သာသနာ၏အကျိုး, ဗုဒ္ဓသာသနာဝင်တို့၏ အကျိုးကို ဆောင်ရွက်တော်မူနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းနေကြမည်သာ ဖြစ်ပါသည်။

ဤမျှဖြင့် မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ ရေးသားခြင်းကိစ္စ ပြီးပေပြီ သမုဒ္ဒရာကမ်းနားသို့ ရောက်ဘူးသော သူများသည် "ငါတို့ သမုဒ္ဒရာကြီးကို မြင်ပြီးပြီ" ဟု ပြောတတ်ကြပါသည်၊ သို့သော်သူတို့မြင်ရသော သမုဒ္ဒရာမှာ သမုဒ္ဒရာကြီး၏ အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာ ဖြစ်ပါသည်၊ ဤ၌လည်း ရေးသားခြင်းကိစ္စ ပြီးစီးပြီ ဆိုသည်မှာ ထိုသဘောမျိုးပင် ဖြစ်ပါသည်။ ထို့ပြင် များစွာသော ထေရုပ္ပတ္တိတို့ကို "ပြီးပါပြီ" ဖြင့် အဆုံးသတ်ကြရပါသည်၊ သို့သော် မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကိုမူ ယင်းဖြင့် အဆုံးမသတ်နိုင်ပါ၊ ဆရာတော် သက်တော်ရှည်တော်မူနေသည်နှင့်အမျှ ဆရာတော်၏ဘဝဆိုင်ရာ ရေးရာများမှတ်တမ်းတင်စရာများမှာ အဆက်မပြတ် ရှိနေမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓ

သာသနာဝင်အပေါင်းကလည်း''ဆရာတော်၏ ဖြစ်တော်စဉ် မပြီးဆုံးပါစေနှင့်''ဟု ဆုတောင်းနေကြမည်သာ ဖြစ်ပါသည်၊ထို့ကြောင့် ရေးသားခဲ့ပြီးသော ဆရာတော်၏ ဖြစ်တော်စဉ်ကို ပြီးဆုံးပြီ ပြည့်စုံပြီဟု မဆိုနိုင်သေးပါ၊ ထိုသို့ အကျဉ်းချုပ်သာဖြစ်သော ဤထေရုပ္ပတ္တိဖြင့် ဆရာတော်၏ ဘဝဖြစ်တော်စဉ်ကိုအဆုံးသတ်၍ မဖြစ်နိုင်ရကား ယနေ့(၁၃၃၅-ခုနှစ် ဝါခေါင်လဆုတ် ၅-ရက်နေ့) ဆရာတော်၏ ထေရုပ္ပတ္တိရေးသားခြင်းကိုစွကိုသာ အောက်ပါစာတမ်းဖြင့် အဆုံးသတ်လိုက်ရပါသတည်း။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ
မပြီးသေးပါ။

မဟာစည်ထေရ ပါဒံ တံ၊ မဟာစည် ဝံသ ပုဗ္ဗဂံ။
သဘံ သမမ္ဘိ ပဿေမု၊ သုခိတတ္တံ အနာမယံ။



မူလ မဟာစည် စံကျောင်းတော် (ဆိပ်ခွန်)
အကြောင်းအရာ နှာ-၁၀၆



မြို့ဝ သတိပဋ္ဌာန် ဆရာတော်ဘုရားကြီး
မော်လမြိုင်မြို့

## မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်

## မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်

## ဆရာတော် ဦးပဏ္ဍိဝ

စစ်ကိုင်းခရိုင်၊ မြင်းမူ မြို့နယ် ထိန်ကန်ရွာ ခမည်းတော် ဦးဘိုးခေါင် မယ်တော် ဒေါ်နုတို့မှ ၁၂၅၉- ခုနှစ်၊ တန်ခူးလဆန်း ၁၄-ရက်၊ ကြာသပတေးနေ့၌ သတို့သားကို ဘွားမြင်သည်။

ထိန်ကန်ရွာကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ၁၂၇၁- ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်နေ့တွင် ရှင်သာမဏေအဖြစ်ကို ခံယူကာ ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူခဲ့ပါသည်။ ၎င်းဆရာတော် ဦးပဏ္ဍိစ္စကိုပင် ဥဇ္ဈာယ်ပြု၍ ၁၂၈၁-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက် နေ့၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ရဟန်း ဖြစ်ပြီးနောက် မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံတိုက် သုဝဏ္ဏဝတီအုပ်ကျောင်း၌ နေ၍ ဒိဲရင်း ဆရာတော်၊ အဘယာရာမ ဆရာတော် အစရှိသော ပရိယတ်အကျော် ဆရာတော်များထံတွင် ၂-နှစ်တိုင်တိုင် ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပြန်သည်၊ ဆရာတော်သည် ပရိယတ္တိဓမ္မကို အားရကြေနပ်အောင် သင်ယူတော်မူပြီးနောက် ပါဠိ အဋ္ဌကထာကျမ်းဂန်များကို ကြည့်ရှုလေ့လာရင်း စာတွေ့ အဖြစ်မှ ကိုယ်တွေ့ အဖြစ်သို့ ရောက်အောင် တရားအားထုတ်လိုသော စိတ်ဆန္ဒပြင်းပြခဲ့သည်၊ နိပါတ နိမာနတ ရားနှင့် ပြည့်စုံသော ဆရာတော် ဖြစ်သည့်အလျောက် ဝိပဿနာ ပဋိပတ်အရာ၌ နည်းနာနယ အပြအသ ကောင်းသည်ဆိုသျှင် ရဟန်းဆရာ လူဆရာ ဟူ၍ရွေးချယ် တော်မမူပဲ ဆရာကောင်းတို့ထံ နည်းခံ နာယူ အားထုတ်တော်မူလိုသော ဆန္ဒရှိသည့်အတိုင်း စစ်ကိုင်းမြို့ ဂန္ဓာရုံဆရာတော်ဘုရား၏ တပည့် ဦးသုဇာတထံ၌၎င်း မိုးညှင်းဆရာတော်ဘုရားကြီးထံ၌၎င်း၊ မော်လမြိုင်မြို့ တောင်ဝိုင်းကြီး ရွှေကျင်တိုက် လူဆရာဦးမင်းဒင်ထံ၌၎င်း၊ ရန်ကုန်မြို့သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီးထံ၌၎င်း နည်းဥပနိဿယယူကာ ပဋိပတ္တိ လုပ်ငန်းများကို ကိုယ်တိုင် ကြိုးပမ်း အားထုတ်ခဲ့သည်၊

မဟာစည်ဆရာတော်ဘုရားကြီးထံ၌ နည်း ဥပနိဿယယူ၍ အားထုတ်ရာ ရက် အနည်းငယ် အတွင်းမှာပင် ဒွါရခြောက်ပါးမှ ပေါ်လာ တိုင်းသော ရုပ်နာမ်တို့ကို မလွတ်တန်း ရှုမှတ်နိုင်လေသည်၊ ရက်ပေါင်း ၂၀ - ကြာသောအခါ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်

များ ကြေနပ်အောင် အားထုတ်နိုင်စွမ်း ရှိသဖြင့် ဉာဏ်စဉ်တရားတော်ကို နာယူခွင့်ရခဲ့သည်။

၁၃၁၁-ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့၌ မော်လမြိုင်မြို့ မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်ကြီးကို တည်ဆောင်လျက် ပဋိပတ္တိလုပ်ငန်းကြီးကို ကြိုးပမ်းတော်မူခဲ့ရာ ၁၃၃၅-ခုနှစ် ယောဂီစာရင်းပိတ်သောအခါ ယောဂီဦးရေ (၉၅၃၆) အထိ ရှိခဲ့သည်။

ဆရာတော်ဘုရားသည် ယခု မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန် ရိပ်သာ၌ပင် နေ့စဉ် သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ဟောပြောပြသ အားထုတ်လျက် ရှိနေပါသည်။



ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ
မူလမဟာစည် သာသနာ့ရိပ်သာ
ကမ္မဋ္ဌာနာစရိယ

## ဆရာကြီး ဆရာကြုံ

ဆရာကြီး ဆရာကြုံသည် ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ အဘ ဦးသန့် အမိ ဒေါ်ဆင်တန်တို့မှ ၁၂၆၈-ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာတို့၏ ထုံးတမ်းစဉ်လာအတိုင်း မိဘတို့ကိုးကွယ်ရင်း ရွာကျောင်း ဆရာတော်ထံ အပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။

ထို့ရွာကျောင်း ဆရာတော်ထံ၌ပင်လျှင် မိဘတို့၏ ပစ္စယာနုဂ္ဂဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးလျှင် ရှင်တို့၏ ကျင့်ဝတ်နှင့် တကွ ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ယူခဲ့သည်၊ တဖန် ရှင်အဖြစ်မှ ရဟန်း

အဖြစ်သို့ တက်၍လည်း ၃-ဝါအထိ ပိဋကတ် စာပေများကို လေ့လာသင်ယူခဲ့သည်။

သုံးဝါရပြီးသောအခါ လူ့လောကသို့ ပြန်လည်ဆင်းသက်ခဲ့ပြီးလျှင် မိဘများနှင့်အတူ လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် နေထိုင်ခဲ့သည်၊ နောင်တချိန်၌ လူတို့၏ ဓမ္မတာအလျောက် အိမ်ထောင်မှုကို ပြုပြီးလျှင် မင်္ဂလာတရားတော်နှင့်အညီ သားမယားတို့ကို စင်ကြယ်သော လယ်ယာလုပ်ငန်းဖြင့်ပင် ကျွေးမွေး စောင့်ရှောက်လျက် ဒါန, သီလ ကုသိုလ်တရားတို့ကိုလည်း စွမ်းနိုင်သမျှ ဆည်းပူးအားထုတ် ပြုလုပ် နေထိုင်ခဲ့သည်။

ထိုသို့ နေထိုင်စဉ် ၁၃၀၀-ပြည့်နှစ်၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဆွေမျိုး ဉာတိတို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရန် မော်လမြိုင်မှ ရွှေဘိုဆိပ်ခွန်သို့ ကြွလာတော်မူပြီးလျှင် ဝါကပ်လျက် ဝိပဿနာတရားကို ဟောကြားတော်မူသည်၊ ထိုအခါ ဆရာတော်ဘုရား၏ တရားကို ကြားနာကြရ၍ ဆရာကြံနှင့်တကွ များစွာသောလူတို့မှာ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ အားထုတ်လျှင် ယခုဘဝတွင် မကြာမီပင် အရိယာမဂ်ဖိုလ်တရားထူးကို ရနိုင်သည်ဟု သက်ဝင်ယုံကြည်သော သဒ္ဓါတရားဖြစ်ပွားကြလေသည်။

ထိုလူများထဲမှ (၁) ဦးထွန်းအေး၊ (၂) ဦးဖိုးချို၊ (ဆရာကြံ၏အစ်ကိုကြီး) (၃) ဆရာကြံ-ဟူသော ပုဂ္ဂိုလ်ထူး သုံးယောက်တို့သည် တိုင်ပင်ညီညွတ်၍ ကျေးဇူးရှင် ဆရာတော်ဘုရား ဟောကြားသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို လက်ဦး စ၍ အားထုတ်ကြသည်၊ ထိုစဉ်ကာလက ဆရာတော်သီတင်းသုံးရာ မဟာစည်ကျောင်းတိုက်၌ တရားအားထုတ်ရန် သင့်လျော်သော ကျောင်းဇရပ်များ မရှိသေးသောကြောင့် တမိုင်ကျော် ဝေးကွာသော အခြားကျောင်းတိုက်အနီး ဇရပ်တခုသို့ သွား၍ နေ့ရော ညဉ့်ပါ မပြတ်အားထုတ်ကြသည်။ ထိုသူတို့တွင် ဆရာကြံနှင့် ဦးဖိုးချိုတို့သည် ဆရာတော်၏ ညီအစ်ကိုဝမ်းကွဲများဖြစ်သောကြောင့် "ငါတို့သည် ဤအရပ်၌ မကြားဘူးသော တရားအလုပ်ကို အစအဦး အားထုတ်သူများဖြစ်ကြသည်၊ ဟောပြော ညွှန်ကြားသော ဆရာတော်၏ ဆွေမျိုးအရင်းအချာများလည်း ဖြစ်ကြသည်၊ ငါတို့က ကြိုးကြိုးစားစား အားမထုတ်၍ ထူးထူးခြားခြား မတွေ့ကြ မပြောနိုင်ကြလျှင် ဒီက တရားကို အားထုတ်မည့် အခြားသူများ ပေါ်လာတော့မည် မဟုတ်၊ ထို့ကြောင့် ငါတို့သည် ဆရာတော် ညွှန်ကြားသည့်အတိုင်း မနေမနား ကြိုးစားအားထုတ်ကြမှတော်မည်" ဟု အချင်းချင်း တိုက်တွန်းကြပြီးလျှင် အပြင်းအထန် အားထုတ်ကြသည်၊ သူတို့၏ အားထုတ်မှု ပြင်းထန်ပုံကို ဖော်ပြရလျှင် (၇)ရက်

စာအတွက် ကွမ်း (၇) ယာစီနှင့် ဆေးလိပ် (၇) လိပ်စီ ယူသွားကြရာ (၇)ရက်စေ့၍ အိမ်ပြန်လာကြသောအခါ ထိုကွမ်းယာများ,ဆေးလိပ်များမှာ မူလကအတိုင်းပင် ပြန်ပါလာကြပါသတဲ့။ ထိုသို့ ပြင်းပြင်းထန်ထန် အား ထုတ်ကြသဖြင့် သုံးရက်ရှိသောအခါ ကြွရောက်လာသော ဆရာတော်ဘုရား အား သူတို့မှာ ထူးခြားစွာဖြစ်သော အလင်းရောင် ပီတိ, သုခ-စသည်တို့ကို အားရဝမ်းသာနှင့် လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်က သူတို့ အား သုံးရက်မျှဖြင့် ထိုသို့ ထူးထူးခြားခြား ဖြစ်ပုံများကို အံ့သြချီးမွမ်း၍ အားပေးစကား ပြောကြားခဲ့ပေသည်။

ထိုသုံးယောက်တို့သည် ( ၇ ) ရက်စေ့သောအခါ ရက်အနည်းငယ် အနားယူပြီးနောက် တဖန်ဆက်လက်၍ အားထုတ်ခြင်းဖြင့် ဆရာတော် ကြေနပ်သည်အထိ ဉာဏ်စဉ်များပြည့်စုံသည်အထိ ရောက်ခဲ့ကြသည်။ ထိုတွင် ဆရာကြံမှာ ဉာဏ်စဉ်များကို လေ့လာရာ၌ ထူးထူးခြားခြား နိုင်နင်းပေ သည်၊ ပြောဟောရေးမှာလဲ ရှင်းလင်းပြတ်သားအောင် ဟောပြောတတ် ပေသည်၊ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ယောဂီတို့အား ဟောပြောညွှန်ကြားရန် အနုကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဆရာကြံအား တာဝန်ပေးလိုက်ပေသည်၊ ထိုအခါမှ စ၍ ဆရာကြံသည် ယောဂီတို့အား မေးမြန်းညွှန်ကြား၍ ယောဂီတို့၏ ထူးခြားသော အတွေ့များကို ဆရာ တော်အား လျှောက်ထားသည်၊ ဆရာတော်က ပြုပြင်ညွှန်ကြားရန် နည်း ပေးသည်။ အချို့ယောဂီများ၏ အခက်အခဲများကို ပြုပြင်ပေးရန် ဆရာ ကြံသည် ထိုဉာဏ်ပိုင်း၌ ကိုယ်တိုင်ရှုမှတ်လေ့လာ၍ ကိုယ်တွေ့ဖြင့်လည်း ရှင်းလင်းပေးသည်။ ဤပုံဤနည်းဖြင့် ဆရာကြံသည် ထို ၁၃၀၀-ပြည့် နှစ်မှစ၍ ကမ္မဋ္ဌာန်းဆရာကြီးအဖြစ်သို့ ရောက်လာခဲ့ပေသည်၊

ဆရာကြီး ဆရာကြံသည် ပင်ကိုကလည်း စကားပြောကောင်းသူ ဖြစ် သည့်ပြင် ပရိယတ်အခြေခံနှင့်လည်း အတော်အတန် ပြည့်စုံသောကြောင့် ၎င်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားတည်းဟူသော ဥပနိဿယကောင်းကို အမှီရသောကြောင့်၎င်း၊ ဤသို့သော အကြောင်းများကြောင့် တရားမှုကို ဟောပြရာ၌ ပရိသတ်နားဝင်အောင် ခိုင်လုံသော အကိုးအကားများဖြင့် ဆန်းပြားနက်နဲစွာလည်း ဟောစွမ်းနိုင်ပေသည်။ စိတ်ဓာတ်ကျဆင်းနေ သော ယောဂီတို့အား ရွှင်လန်းတက်ကြွအောင်လည်း ဟောစွမ်းနိုင်ပေ သည်။ အချို့ယောဂီများမှာ ရက်အနည်းငယ်မျှသာ အားထုတ်ရန် ရည် ရွယ်၍ လာခဲ့သော်လည်း ဆရာကြံ၏ တရားကို ကြားနာရသဖြင့် ဉာဏ်

စဉ်တရားကို နာနိုင်သည်အထိ တလ၊ တလ ကျော် ကြာအောင်လည်း အားထုတ်သွားနိုင်ကြပေသည်။

အနယ်နယ်အရပ်ရပ်မှ ဖိတ်ကြား၍ ဆရာကြီးဟောသော တရားကို လိုလိုလားလား နာယူကာ တရားအားထုတ်သူတို့လည်း များစွာပင် ရှိကြပေသည်။ ယခုပြဆိုခဲ့သည့်အတိုင်း ကမ္မဋ္ဌာနာစရိယ ဝိစိတြဝါဒီ ဓမ္မကထိကဖြစ်ရုံမျှသာ မဟုတ်သေးပေ၊ ဆရာကြီး ဆရာကြွက်နှင့်အတူ ညှိနှိုင်းတိုင်ပင်၍ **ကမ္မဋ္ဌာန်း ဆရာတို့၏မှတ်တမ်း** ဟူသော ကျမ်းစာအုပ်ကိုလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်အရဖြင့် ရေးသားပြုစုသော ဂန္ထကာရကပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ ထိုကျမ်း၌ ကမ္မဋ္ဌာန်းဆရာကြီးများဖြစ်သော မိမိတို့၏ ဝိပဿနာ ရှုစဉ်က ကိုယ်တွေ့များနှင့် တပည့်ယောဂီတို့၏ တွေ့မြင်ပုံပြောဆိုပုံ အချက်အလက်များကို စုပေါင်း၍ ဖေါ်ပြလျက် မှတ်တမ်းတင်ထားသည်၊ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းဆရာ၏ မှတ်တမ်းစာအုပ်သည် ကမ္မဋ္ဌာန်းဆရာအသစ်များအတွက် အလွန်ပင် ကျေးဇူးများလှပါပေသည်။

ထို့ပြင် ဆရာကြီး ဆရာကြွသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကြွရောက်၍ တရားဟောရာ အခြားအရပ်များသို့ရင်း၊ ကမ္မဋ္ဌာန်းဌာနအသစ်ဖွင့်ရာအရပ်များသို့ရင်း ဆရာတော်ဘုရာကြီးနှင့်အတူ လိုက်ပါလျက် ကူညီဆောင်ရွက်ရသည်၊ ရန်ကုန်သာသနာ့ရိပ်သာ၌ စ၍ ကမ္မဋ္ဌာန်း ပြစဉ်ကလည်း ၂-နှစ်ခန့်အတွင်း၌ ဆရာကြွသည်ပင် အနုကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဆောင်ရွက်ခဲ့ရပေသည်။

ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မူလမဟာစည် သာသနာ့ရိပ်သာ၌မူ ယခုထက်တိုင် ဆရာကြွသည်ပင် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ယောဂီတို့အား ကမ္မဋ္ဌာန်း စစ်မေးညွှန်ပြသောအားဖြင့် စောင့်ရှောက်လျက်ရှိပေသည်။ ထိုမူလ မဟာစည်ရိပ်သာ၌ လာရောက်၍ အားထုတ်ပြီးသော ယောဂီဦးရေမှာ (၁၃၅၀၀) ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

## ရွှေဘိုခရိုင်ဆိပ်ခွန်ရွာ
## မူလမဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ
# ဆရာကြီး ဦးကြွက်

ဆရာကြီး ဦးကြွက်သည် ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ အဘ ဦးရွှေပေး အမိ ဒေါ်တောလယ်တို့မှ ၁၉၆၁-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၇) ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာ အတိုင်း မိဘတို့ ကိုးကွယ် အားထားရင်းဖြစ်သော ဆိပ်ခွန်ရွာ ပျဉ်းမနား ကျောင်း ဆရာတော်ထံ၌ မိဘတို့က အပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်။

ထိုဆရာတော်၏ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးလျှင် ရှင်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံစာပေ များ အတော်အသင့် သင်ယူလေ့ကျက်ခဲ့ဘူးသည်၊ စာပေသင်ယူရာ၌ အနက် အဓိပ္ပါယ်သဘောများကို ထင်ရှားသိလွယ်သူဖြစ်သောကြောင့် ဆရာတော်၏ ချီးမွမ်းခြင်းကို ခံရခဲ့ပေသည်။

၁၅-နှစ်အရွယ်တွင် ထိုအရပ်၌ အများတို့၏ ဓလေ့အတိုင်း လူ့ဘောင်သို့ ပြန်လည်ရောက်ရှိခဲ့ပြီးလျှင် မိဘတို့၏ လယ်ယာလုပ်ငန်းကို ကူညီလုပ်ဆောင်၍ မိဘတို့အား ပြုစုလုပ်ကျွေး နေခဲ့ပေသည်၊ နောင်တချိန်တွင် လူ့လောက ဓမ္မတာအလျောက် အိမ်ထောင်ပြု၍ သားမယား တို့အား မင်္ဂလာ တရား တော်နှင့်အညီ ပြုစုစောင့်ရှောက် နေထိုင်ခဲ့သည်၊ ထိုသို့ နေထိုင် နေစဉ် ၁၃၀၀- ပြည့်နှစ်၌ ဉာတိသင်္ဂဟ အနေအားဖြင့် ဟောကြား နေသော ကျေးတုံးရှင် မဟာစည်ဆရာတော်ဘုရား၏ ဝိပဿနာ တရားတော်ကို နာယူ ရသဖြင့် တက်သန်သော သဒ္ဓါ ဆန္ဒ ပြင်းပြစွာ ဖြစ်ပွါး၍ သတိပဋ္ဌာန် ဝိပဿနာ တရားကို ဆရာတော်ဘုရားထံ၌ ပွားများ အားထုတ် နေ့လေ သည်။

ထိုသို့ အားထုတ်သောအခါ ဆရာကြီး ဆရာကြွက်သည် မူလ ဓာတ်ခံ ရင့်သန်သူဖြစ်၍ တလခန့်အတွင်းမှာပင် ဝိပဿနာဉာဏ်ထူးများကို ထင်ရှား ထူးချွန်စွာ တွေ့ရ၍ ဆရာတော် သဘောကျ ကြေနပ်သည့် ဉာဏ်အဆင့်သို့ ပေါက်ရောက် သွားပေသည်၊ ထို့ပြင် ဝိပဿနာ ဉာဏ်စဉ်များကို ထပ်မံ၍

လေ့လာပွားများရာ၌လည်းအထူးပင်နိုင်နင်းနေပေသည်၊ သူတပါးအားလည်း သဘောပေါက်အောင် ပြောဟောနိုင်သော စွမ်းရည်သတ္တိ ရှိပေသည်၊ ထို့ကြောင့် ယောဂီတို့ကို ဆရာကြွက်နှင့် ခွဲဝေ၍ စစ်မေးညွှန်ကြားရန် ဆရာကြီး ဦးကြွက်အားလည်း ဆရာတော်ဘုရားက တာဝန် ပေးလေသည်၊ တာဝန် ပေးသည့်အတိုင်းပင် ဆရာကြီးဦးကြွက်သည် ထိုအခါမှစ၍ ယောဂီတို့အား ဆရာတော်ဘုရားကြီးနည်းအတိုင်း ကျကျနနညွှန်ကြားပြသခဲ့ပေသည်၊ သို့ဖြစ်၍ ဆရာကြီး ဆရာကြွက်သည် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ထောက် ကမ္မဋ္ဌာနာစရိယတို့တွင် လက်ဦးကမ္မဋ္ဌာနာစရိယတဦး အဖြစ် အပါအဝင်ဖြစ်ခဲ့ပေသည်။

ဆရာကြီးသည် ယောဂီတို့အား ဝိပဿနာအလုပ်နှင့် ကပ်၍ ပြုပြင် ညွှန်ကြားပေးရာ၌ ယောဂီတို့၏ ပြောဆိုပုံကို ထောက်ဆ၍ အဇ္ဈာသယကို အကဲခတ်ခန့်မှန်းရာတွင် အလွန်ပင် ကျွမ်းကျင်လိမ္မာ ပေသည်၊ ယောဂီတို့၏ အလိုအဇ္ဈာသယကို အတပ်သိသကဲ့သို့ပင် ရှိပေသည်၊ ထို့ကြောင့် အခါ အားလျော်စွာ တရားနှင့် ချောက်တန်လျှင် ချောက်ပေးသည်၊ စိတ်ဓာတ် ကျဆင်းနေ၍ မြှောက်တန်လျှင် မြှောက်ပေးသည်၊ စာမတတ်သူ လူယောဂီ တို့အား သူတို့နှင့်တန်ရုံသာ ဟောပြောတတ်၍ စာတတ်သူနှင့် ရဟန်း, ယောဂီတို့အားလည်း ၎င်းတို့နှင့်တန်သော နက်နက်နဲနဲ တရားများကို ဟောပြောတတ်သည့် စွမ်းရည်သတ္တိလည်း ရှိပေသည်။

အထူးအားဖြင့် လုပ်ငန်းနှင့် ကပ်၍ ဗောဇ္ဈင်စသော ဗောဓိပက္ခိယတရား များကို ဟောရာ၌ ထိလှ မိလှပေသည်၊ စာပေကျမ်းဂန်တတ် ရဟန်းတော် ယောဂီတို့၏ နှစ်သိမ့်အားရ သဘောကျ ကျေနပ်မှုကို ရရှိသည်အထိ ဟော ပြောနိုင်စွမ်း ရှိပေသည်၊ အမှန်အတိုင်း ဖော်ပြရလျှင် စာတတ်, ပေတတ် ရဟန်းတော်များလို ငယ်ရွယ်စဉ်မှစ၍ ကျမ်းဂန်အမြောက်အများကို ဆရာ သမားတို့ထံ ဒူးဘောက် သင်ကြားခဲ့ရခြင်း မရှိခဲ့ေကာမူ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးလို ပုဂ္ဂိုလ်ထူးကို အမှီသဟဲရခဲ့သည်ကတကြောင်း, ပင်ကိုကပင် ပါရမီဓာတ်ခံ ရင့်သန်ခဲ့သည်ကတကြောင်း, ကိုယ်တွေ့ ဝိပဿနာဉာဏ်ထူးများနှင့် ပြည့်စုံသည်ကတကြောင်း ဟူသော ဤသို့သော အကြောင်းများကြောင့် ဝိပဿနာနှင့် စပ်ဆိုင်ရာ ကျမ်းဂန် သဘောသွားများ၌လည်း ထိမိကျွမ်းကျင်လှပေသည်၊ အမေးပြဿနာများ ကို ဖြေရှင်းရာ၌လည်း သဘာဝကျလှပေသည်။

ထိုစဉ်အခါက ယောဂီဟောင်းတို့မှာ မိမိရောက်ပြီးတရားသို့ ရောက် အောင် ရှုမှတ်လျှင် မကြာမီပင် မိမိရောက်နေကျတရားသို့ လွယ်လွယ်ကူကူ ဖြင့် ရောက်တတ်ကြ၍ မရောက်သေးသော တရားထူးအတွက် ရှုမှတ်လျှင်

ဒုက္ခဝေဒနာ စသော အခက်အခဲများနှင့် တွေ့ရသည့်ပြင် သခ်ါရုပေက္ခာ ဉာဏ်သဘောများ ဖြစ်နေသော်လည်း မိမိတို့အလိုရှိသော တရားထူးသို့ မရောက်နိုင်ဘဲ ကြာမြင့်နေသည်ကို တွေ့ကြရလေသည်၊ ထိုသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့်ပါနည်းဟု မေးကြသဖြင့် ဆရာကြီး ဆရာကြွက်က သူ၏ သဘောအရအားဖြင့် ဖြေကြားလိုက်သည်မှာ- ရပြီးတရားသို့ ရောက်ရန် အားထုတ်သောအခါ သမ္မပ္ပခာန်ကိစ္စအထူး မပါသောကြောင့် လွယ်ကူသည်၊ မရ●သးသောတရားသို့ ရောက်ရန် အားထုတ်ရာတွင်မူ မပယ်ရသေးသော အကုသိုလ်ကို ပယ်ရန် မရသေးသောကုသိုလ်တရားထူးကို ရရန် သမ္မပ္ပဓာန်ကိစ္စ အထူး ပါသောကြောင့် မလွယ်ကူဘဲ ခက်ခဲ ကြံ့ကြာနေသည်၊ ဒါဟာ ကျွန်တော့်အထင်ဘဲ-ဟု ဖြေကြားလိုက်ပါသတဲ့။

ဤသို့စသော ဂုဏ်ထူးတို့နှင့် ပြည့်စုံသောကြောင့်လည်း ဆရာကြီးသည် ကျော်းဂန်တတ် ဆရာတော်များက သူ့အား ချောက်ခြား လှုပ်ရှားစေနိုင် ခြင်းမရှိဘဲ ထိုသို့သော ဆရာတော်, ရဟန်းတော်, ယောဂီတို့၏ အားရ ကြေနပ်မှုကို ရယူနိုင်ခဲ့ပေသည်။

ထို့ပြင် "**ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း**" ဟူသော ကျမ်းစာအုပ်ကိုလည်း ဆရာကြီးနှင့်အတူ ညှိနှိုင်းတိုင်ပင်၍ ရေးသားစီရင်သော ဂန္ထကာရက ပုဂ္ဂိုလ်လည်း ဖြစ်ပါပေသည်၊ ထိုကျမ်းသည် ကမ္မဋ္ဌာနာစရိယ အသစ်များ အတွက် အလွန်ကျေးဇူးများ၍ မရှိလျှင် မဖြစ်သလောက်ပ‌ေ အရေးပါ အရာရောက်လှပေသည်။

ဤ မဟာစည် ပဋိပတ္တိ သာသနာဝင် ပြုစုချိန်တွင် မဟာစည်ပဋိပတ္တိ သာသနာအတွက် လွန်စွာ ကျေးဇူးများပေသော ဆရာကြီး ဆရာကြွက်သည် ဤသူ့ပြည်လောကတွင် မရှိတော့ပေ၊ မဟာစည် ပဋိပတ္တိသာသနာတော် ကြီးကို အစအဦးပိုင်းတွင် ပါဝင် အခြေတည်ခဲ့ပြီးလျှင် သူလိုလား နှစ် သက်လှသော ပဋိပတ္တိသာသနာတော်ကြီး စည်ကားတိုးတက်နေသည်ကို စောင့်ကြည့်ခွင့် မရတော့ပဲ လွန်ခဲ့သော ၁၃၁၈-ခုနှစ်၊ တော်သလင်း လဆန်း ၁၄-ရက်နေ့က ကွယ်လွန် အနိစ္စရောက်သွားခဲ့ပြီ ဖြစ်လေသည်။ တာဝန်ရှိသူတို့၏ လစ်လပ်မှုကြောင့် ဆရာကြီး၏ ဓာတ်ပုံကို ရှာမတွေ့ရတော့ သဖြင့် ဤသာသနာဝင်တွင် ဖော်ပြခြင်း မပြုနိုင်တော့ပေ။

အဟော အနိစ္စာ သင်္ခါရာ-

ဩော် သင်္ခါရတရားဘွဲ့ မမြဲကြပါတကား။

---

## စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ

## ရွှေစေတီဆရာတော်

ရွှေစေတီဆရာတော် လောင်းလျာသည် စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွာ မတောင့်တရပ်ကွက် ခမည်းတော် ဦးရန်ငြိမ်း-မယ်တော်ဒေါ်ပုတို့မှ ၁၃၆၁-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်(၇)ရက် သောကြာနေ့တွင် ဖွားမြင်သော ဒုတိယမြောက် သားရတနာဖြစ်သည်။

ခမည်းတော် ဦးရန်ငြိမ်းသည် မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်း တို့လက်ထက် မင်းနှစ်ဆက်တိုင်တိုင် နန်းတွင်းမင်းမှုထမ်းအဖြစ်ဖြင့် နိုင်ငံ တော်ဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် သူ၏ ဇာတိအရပ် ရွာသစ်ကြီးသို့ ပြန်၍ တတ်ကျွမ်းရင်းရှိသော ဝိန္ဒော ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းနေခဲ့သည်။ ယင်းရွာသစ်ကြီးမှာ အိမ်ခြေတထောင်ကျော်ရှိ၍ ရပ်ကွက် (၅) ခု ရှိသည့်တို့တွင် ဆရာကြီး ဦးရန်ငြိမ်း၏ နေထိုင်ရာ ရပ်ကွက်မှာ မတောင့်တရပ်ကွက်ဖြစ်သည်၊ ယင်းရပ် ကွက်၌ ဆရာတော် လောင်းလျာကို ဖွားမြင်ခဲ့သည်။

ယင်းသူငယ် ပဋိသန္ဓေ တည်နေသည်မှ ထူးခြားလာသည်မှာ မိဘများ နှင့်တကွ တအိမ်သားလုံး ထူးထူးခြားခြား ကြည်သာရွှင်ပျ ချမ်းမြအေး ကြည် ရှိလာကြသည်၊ မိဘနှစ်ပါးတို့အား ပတ်ဝန်းကျင်လူအများက လေး စားလာကြသည်၊လာဘ်သပ်ပကာဥစ္စာပစ္စည်းများတိုးပွားလာသည်၊ ရတနာ သုံးပါးနှင့် စပ်လျက် အိပ်မက်ကောင်းများကို မြင်မက်ရသည်၊ မိခင်ဖြစ် သူမှာ လှူဒါန်းရေး သီလစောင့်ရေးဘက်တွင် ရှေးကထက် သဒ္ဓါပို၍ ကြည်ညိုလေးစားခြင်း ရှိလာသည်၊ တရားနာလိုခြင်း၊ တရားနာ၍ အား မရနိုင်ခြင်း၊ သူသိသမျှကို ဟောပြောလိုခြင်း စသည်ဖြင့် သဒ္ဓါ ဆန္ဒများ တိုးပွားလာသည် ဆို၏။

ထူးခြားသူ သန္ဓေ တည်နေလျှင် ဤသို့သော ထူးခြားချက်များ ဖြစ် ပေါ်လာသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဝေဿန္တရာ လောင်းလျာ သန္ဓေတည်သောအခါ ဖုသတီ မိဖုရားကြီးမှာ ပေးလှူလိုသော ဆန္ဒများ ထူးခြားစွာဖြစ်ပေါ်ခဲ့လေသည်၊ ပဋ္ဌမဘဝိက ဘုရားအလောင်း တော် သန္ဓေတည်သောအခါ မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း၊ အပူ



(အဂ္ဂမဟာပဏ္ဍိတ)
ဝဋ္ဋစေတီ ဆရာတော်ဘုရားကြီး စစ်ကိုင်းတောင်ရိုး

အအေး မျှတခြင်း စသော ထူးခြားချက် (၃၂)ပါး တင်ရှားဖြစ်ပေါ်ခဲ့လေသည်။

(၇)နှစ်သားအရွယ်တိုင်အောင် သူငယ်ကို မိဘဆွေမျိုးတို့က မျက်စိအောက်မှ အပျောက်မခံဘဲ ယုယုယယ စောင့်ရှောက် လာခဲ့ကြသည်။ (၈)နှစ်သားအရွယ်ရောက်ခါမှ သူငယ်ကို ရွာသစ်ကြီး ပြည်တော်သာရပ် ဦးကြီးအရင်းဖြစ်သော မူလတန်းကျောင်းဆရာကြီး ဆရာချို၏ကျောင်း၌ အပ်နှံ၍ မူလတန်းပညာကို သင်ယူစေခဲ့သည်။

(၁၀) နှစ်သားအရွယ်တွင် မူလတန်းပညာ အောင်မြင် ခဲ့ပြီးနောက် ရွာသစ်ကြီးရွှေစေတီတောရတိုက် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးထံ၌ သူငယ်ကို အပ်နှံကြသည်၊ အကြောင်းမူကား-ထိုစဉ်အခါက ရွာသစ်ကြီး၌ မူလတန်းလွန်ကျောင်းမရှိခြင်းနှင့် ဝေးလံသော စစ်ကိုင်းမြို့ရှိ အလယ်တန်း အထက်တန်းကျောင်းများသို့ ပို့မထားနိုင်ခြင်းများကြောင့်ဖြစ်သည်။

(၁၂) နှစ်သားအရွယ်သို့ ရောက်သောအခါ ထိုဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးထံ၌ပင် မိဘတို့က ရှင်သာမဏေ အဖြစ်သို့ ရောက်အောင် ချီးမြှောက်ပေးလိုက်ကြသည်။ ဆရာတော်ဘုရားကြီးက ရှင်သုန္ဒရ ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ ရှင်သုန္ဒရသည် ရှင်ကျင့်ဝတ်နှင့်တကွ ဘာသာရေးအခြေခံစာပေများ ပိဋကတ် အခြေခံ ကျမ်းဂန်များကို ထိုဆရာတော်ဘုရားကြီးထံ၌ သင်ယူခဲ့ရသည်။ထိုစဉ်အခါက-

"ဒီ ကုလားဖြူ မိစ္ဆာကောင်တွေ လက်ထက်မှာ ငါတို့ သာသနာ မှေးမှိန်ဆုတ်ယုတ်ကုန်ပြီ၊ သာသနာတော် မကွယ်ပ-ရအောင် ပိဋကတ်စာပေ ကျမ်းဂန်များကို မင်းတို့ ကြိုးစားသင်ယူကြ၊ ငါတို့ သာသနာကို ငါတို့ စောင့်ရှောက်မှ ဖြစ်တော့မယ်"ဟု ဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူသည်၊ ထိုဩဝါဒ စကားကို နာခံမှတ်သားခဲ့ရသော ရှင်သုန္ဒရမှာ သံမှိုနှက်ထားသည့်အလား နားထဲက မထွက်ပဲ စွဲမြဲနေခဲ့သည်ဆို၏။

သာသနာတော်ကို ချစ်မြတ်နိုးလှသော ဆရာတော် ဘုရားကြီးသည် သာသနာတော်အတွက် အားကိုးလောက်သော ရှင်သုန္ဒရ၏ အရည်အချင်း အလားအလာကို သိမြင်တော်မူသောကြောင့် စာပေဘက်၌ ဇခြေခံရပြီးသော ရှင်သုန္ဒရကို ထိုစဉ်အခါက မန္တလေးမှကြွလာ၍ ရွာသစ်ကြီး ရွာကျောင်း၌ စာသင်တိုက်ဖွင့်ကာ စာပေကျမ်းဂန်တို့ကို ပို့ချနေသော နာယက ဆရာတော် ဦးနန္ဒနထံ အပ်နှံပေးတော် မူပေသည်၊ ရှင်သုန္ဒရသည် ဆရာတော် ဦးနန္ဒနထံ၌ သဒ္ဒါ, သင်္ဂြိုဟ်, ရူပသိဒ္ဓိ, သဒ္ဒနီတိ, ဋီကာကျော်စသော ပိဋကတ် အခြေခံ ကျမ်းစာများနှင့် တကွ ဓမ္မသင်္ဂဏီ ပါဠိ အဋ္ဌကထာ

မူလဋီကာ စသော နေ့ဝါကျမ်းဂန်တို့ကိုရင်း၊ မာတိကာဓာတုကထာယမိုက် ပဋ္ဌာန်း ဟူသော ညဝါ ကျမ်းဂန်တို့ကိုရင်း၊ ရဟန်းတော်များနှင့် အတူ သင်ယူနိုင်ခဲ့ပေသည်။

ထိုသို့ သင်ယူနေရာမှာ ရှင်သုန္ဒရ၏ အလားအလာကို မြော်မြင်တော်မူကြ သဖြင့် စာချဆရာတော်နှင့် ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးသည် ထိုစာ သင်တိုက်ဘက် သာ၍မြင့်သော ချောင်းဦးမြို့ ဓမ္မာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ဓမ္မာရုံ ဆရာတော်ထံသို့ အပ်နှံပေးတော်မူပေသည်၊ ထိုအချိန်တွင် ရှင်သုန္ဒရ မှာ (၁၇)နှစ် အရွယ်မျှသာ ရှိသေးသည်၊ ဂိုဏ်းချုပ် ဆရာတော်ဘုရား ကြီးကိုယ်တိုင် အပ်နှံပေးသဖြင့် ဓမ္မာရုံဆရာတော်က ရှင်သုန္ဒရအား အထူး ဂရုစိုက်၍ သင်ကြားပို့ချပေးတော်မူပေသည်။ ထိုဓမ္မာရုံကျောင်း၌ ၂-နှစ် မျှနေ၍ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်များကို သင်ယူခဲ့ရသည်။

သက်တော်(၂၀)ပြည့်လျှင် ရှင်သုန္ဒရသည် ရဟန်းအဖြစ်သို့ တက်ရောက် ရန် ချောင်းဦးမှ ဇာတိအရပ် ရွာသစ်ကြီးသို့ ပြန်လာခဲ့လေသည်။ မိဘ ဆွေမျိုးဘိုကမူ ရှင်သုန္ဒရ ရဟန်းအဖြစ်သို့ တက်ရောက်ခြင်းကို အလိုမရှိကြ၊ လူ့ဘောင်လောက၌ မိမိတို့နှင့် အတူတကွ နီးနီးကပ်ကပ် နေထိုင်ကာ ကြီးပွားချမ်းသာ နေသည်ကိုသာ မြင်လိုကြပေသည်။ သို့သော် ပါရမီအား လျော်စွာ ရှင်သုန္ဒရ၏ မြင့်မြတ်ထက်သန်သော ဆန္ဒကို မပယ်ဖျက်နိုင်ကြ ပေ၊ ထို့ကြောင့် နောက်ဆုံး၌ ရှင်သုန္ဒရ၏ ဆန္ဒအတိုင်း လိုက်လျော၍ သဘောတူကြရသည်၊ ထိုအခါမှာလည်း ရဟန်းဒါယကာ ခံလိုသူများ လေးငါးဦး အလုအယက် ပေါ်လာကြပြန်၏၊ သို့သော် နောက်ဆုံး၌ ရွာသစ်ကြီးမှ ဦးသူတော်-ဒေါ်ခွါ တို့အား ရဟန်းဒါယကာအဖြစ် အများ သဘောတူ ခွင့်ပြုလိုက်သဖြင့် ၁၂၈၀-ပြည့်နှစ် တပို့တွဲလဆန်း (၇)ရက်နေ့ တွင် ရွှေစေတီဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဦးသူတော်- ဒေါ်ခွါတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သုန္ဒရသည် မြင့်မြတ်သော သာသနာ တော် ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မန္တလေးသို့ စာသင်ရန် သွားလို သော်လည်း ရဟန်းဒကာ ရဟန်းအမတို့၏ အလိုဆန္ဒကို ငဲ့သောအားဖြင့် ရွာသစ်ကြီး မူလစာချဆရာတော် ဦးနန္ဒ ကျောင်းမှာသာလျှင် တဝါ နေလျက် ပိဋကတ်ကျမ်းဂန်များကို ဆက်လက် လေ့လာနေခဲ့ရသည်။

ဝါကျွတ်သောအခါ ရဟန်းဒကာ ရဟန်းအမတို့၏ ကြေနပ်မှုကို ရရှိ ပြီဖြစ်သောကြောင့် ရဟန်းတော် ဦးသုန္ဒရသည် မန္တလေးသို့ ကြွသွား

၍ အနောက်ပြင် ငွေးချိုကိုက် ရွှေပြည်အုတ်ကျောင်း ရွှေပြည်ဆရာတော် ဦးစန္ဒိမာထံ၌ နေ၍ မိုးကောင်းတိုက် ညောင်ရမ်း ဆရာတော်ဘုရားကြီး ပို့ချသော အဘိဓမ္မာ ပါဠိ အဋ္ဌကထာတို့ကို ဆို၀ါဖြင့် ထပ်မံ၍သင်ယူတော်မူသည်။ (ညောင်ရမ်းဆရာတော်ဘုရားကြီးသည် နောင်အခါ၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဆဋ္ဌသံဂါယနာ ဥက္ကဋ္ဌ မဟာနာယက အဖြစ် ထင်ရှားတော်မူပေသည်) ထို့ပြင် အခြား နေ့၀ါ ည၀ါများကိုလည်း လိုက်၀ါဖြင့် နာယူခဲ့သေး၏။ ထို့ပြင် ခင်မကန်တိုက် မန်းကျည်းပင်ကျောင်း ဆရာတော်၊ သုဓွေးကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့ထံ၌လည်း ပိဋကတ်ကျမ်းဂန်များကို နာယူလေ့လာခဲ့သည်။

ရဟန်းတော် ဦးသုန္ဒရမှာ ရှင်အဖြစ်ကပင် ပိဋကတ် ကျမ်းဂန်တို့၌ အ၀ါး၀စွာ လေ့လာသင်ယူခဲ့ပြီး ဖြစ်သောကြောင့် မန္တလေးမြို့သို့ တက်ရောက်၍ ထပ်မံလေ့လာသောအခါ၌ ခက်ခဲလှသည်မရှိပဲ သက်သာလွယ်ကူစွာဖြင့်ပင် လေ့လာရပေသည်။

ရှင်အဖြစ်နှင့် (၇)၀ါ၊ ရဟန်းအဖြစ်နှင့်(၅)၀ါ၊ ပိဋကတ် ကျမ်းဂန်များကိုလေ့လာသင်ယူခဲ့ပြီးနောက် ရဟန်းတော်ဦးသုန္ဒရသည် အခြားစာသင်သားများအား ပိဋကတ် ကျမ်းဂန်များကို သင်ကြား ပို့ချပေးတော်မူသည်၊ ထိုသို့ပို့ချပေးနေရင်း အားလပ်ချိန်ကို အလဟဿ မကုန်စေဘဲ အနောက်ပြင် ဆင်တဲတိုက်သစ် ကျောက်တန်းကျောင်း ဗေဒင်အကျော်အမော် ဆရာတော် ဦးသီလ၀ံသ ထံ၌ ဗေဒင်ပညာကို လေ့လာ ဆည်းပူးတော်မူသည်။ သန္ဒိဋ္ဌ ဧသော ဗေဒင်လက်ရိုးများတွင် ကျမ်းကျင် တတ်မြောက်သည်အထိ သင်ယူပြီးသည်တိုင်အောင် သက်တော်၀ါတော်မှာ ငယ်လှသေးသည်။

ထိုသို့ အရွယ်ကလည်း မကြီးလှသေး၊ ဗဟုသုတလိုလားသော ၀ါသနာကလည်း ထက်သန်လျက်ရှိနေသော ရဟန်းတော် ဦးသုန္ဒရသည် ငယ်စဉ်က သင်လက်စရှိခဲ့သော အင်္ဂလိပ်ဘာသာ စာပေကိုလည်း ဆက်လက်သင်ကြားလိုပြန်သောကြောင့် မန္တလေးမြို့ အရှေ့ပြင် စီဗီလိုင်းရှိ ဘီဘီအိုအေကျောင်း၌ အမျိုးသား ပညာရေးစံနစ်အရ (၁၀)တန်း ပညာကို သင်ကြားတော်မူခဲ့သည်။

ထို့နောက် ပါဠိပိဋကတ်ဆိုင်ရာ ပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ရာ၌အထောက်အကူဖြစ်စေနိုင်သော သက္ကတ စာပေကိုလည်း သင်ကြားလေ့လာ လိုပြန်သောကြောင့် မန္တလေးမြို့ တောင်ပြင် မိုးတားတိုက် ဆရာတော်ဦးပညိန္ဒ

ထံ၌၎င်း၊ ၎င်း၏တပည့် တောင်သာဆရာတော် ဦးကေသရထံ၌၎င်း သဒ္ဒါစာပေများကို သင်ကြားတော်မူခဲ့သည်။ အထူးအားဖြင့် မာဓဝ နိဒါန်း, သုဿုတ, ဘာဝပ္ပကာသက စသော ဆေးကျမ်းတို့ကို အလေးထား၍ သင်ကြားလေ့လာတော်မူခဲ့သည်။

## စာသင်တိုက် ဖွင့်ကာ ပို့ချတော်မူခြင်း

ယင်းသို့ အဖက်ဖက်မှ ဗဟုသုတ ပညာရပ်များကို စုံလင်အောင် ဆည်းပူးပြီးသော ရဟန်းတော် ဦးသုန္ဒရသည် မူလနေရင်းဖြစ်သော ရွာသစ်ကြီး ရွှေစေတီကျောင်းတိုက်သို့ ပြန်၍စာသင်တိုက်အနေဖြင့် ရောက်လာသမျှသော စာသင်သားတို့ကို လက်ခံကာ ပိဋကတ် စာပေကျမ်းဂန်များကို ပခုနတ္တားလျက် ပို့ချသင်ကြားပေးတော်မူလေသည်။

ယင်းသို့ ကြိုးစား၍ စာပေပို့ချခြင်းမှာ သာသနာတော်ကို ချစ်မြတ်နိုးတော်မူလှသော ရွှေစေတီတောရ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး၏ (ငါ့ကို သာသနာတော်ကို ငါတို့က စောင့်ရှောက်ကြရမယ်) ဟူသော အဆုံးအမ ဩဝါဒစကားကို မမေ့နိုင်ဘဲ အစွဲအမြဲ အမှတ်ရလျက် နေသောကြောင့်၎င်း၊ မိမိကိုယ်တိုင်ကလည်း သာသနာတော်ကို တိုးတက်ကြီးပွားစေလိုသော စိတ်ဆန္ဒ အလွန် ထက်သန်သောကြောင့်၎င်း ဖြစ်ပေသည်၊ ထို့ကြောင့် သာသနာတော်ကို စောင့်ရှောက်နိုင်မည့် အရည်အချင်းရှိသော စာသင်သား ရဟန်းသာမဏေတို့အား အထူးဂရုစိုက် အလေးပေး၍ ပို့ချတော်မူခဲ့သည်၊ တပည့် စာသင်သားတို့အား ဆန္ဒ ဝီရိယ တက်ကြွစေရန် အစိုးရ စာမေးပွဲသို့လည်း ဝင်ရောက်ဖြေဆိုစေခဲ့သည်။

ထိုသို့ ကျမ်းဂန်စာပေများကို ပို့ချနေစဉ်မှာ ရဟန်းတော် ဦးသုန္ဒရသည် အသက်တော် (၄၀) ကျော်လာပြီ ဖြစ်၍ ဝါ (၂၀) ကျော်ရပြီး မဟာထေရ်ကြီး အဖြစ်သို့ ရောက်လျက် ရှိနေပေသည်။ ထို့ကြောင့်ပတ်ဝန်းကျင်က တပည့် ဒကာ ဒကာမတို့၏ နှုတ်တွင် ရဟန်းတော် ဦးသုန္ဒရအဖြစ်မှ ဆရာတော် ဦးသုန္ဒရအဖြစ်သို့ ကူးပြောင်းခဲ့လေသည်။ ထိုအချိန်မှာ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ရန် အလွန်နီးကပ်နေသဖြင့် ရဟန်း သာမဏေများနှင့် ကျောင်းသား သူငယ်များအား သူတို့ရပ်ထံ ပြန်လွှတ်လိုက်ပြီးလျှင် ဆရာတော် ဦးသုန္ဒရသည် ရွှေစေတီတောရတိုက်၌ သီတင်းသုံးမြဲ ဆက်လက်သီတင်းသုံးလျက် ရှိပေသည်၊

ထို့နောက် များမကြာမီပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာလေတော့သည်။ ထိုအချိန်အခါက ရွာသစ်ကြီးသည် အလွန်စည်ကားလျက်ရှိပေသည်။ စည်ကားခြင်း၏ အကြောင်းမှာ ရွာသစ်ကြီးသည် ကုန်းလမ်းရေလမ်းမှ သွားလာရန် လွယ်ကူသောဌာနဖြစ်၍ မန္တလေးမြို့၊ စစ်ကိုင်းမြို့များမှ ဘိုးရန်ကို ကြောက်ရွံ့သူ များစွာတို့သည် ရွာသစ်ကြီးသို့ လာရောက်နေထိုင်ကြလျက် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ရန် အဆင်ပြေသောဌာန ဖြစ်သောကြောင့် ဖြစ်ပေသည်။ ထို့ပြင် ရွာသစ်ကြီး ဆိပ်ကမ်းကို ဂျပန်စစ်ဘက်မှ အုပ်ချုပ်လျက် မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်များမှ ထွက်သမျှ ဝါဂွမ်းများကို အကြီးအကျယ် ဝယ်ယူ သယ်ဆောင်လာရာ ဆိပ်ကမ်း၌ ဝါဂွမ်းပုံကြီးတွေ အမြောက်အများ စုပုံလျက်ရှိလေသည်၊ ထိုအခါက ဂျပန်စစ်သားများနှင့် ပူးပေါင်းလျက် အချို့သောမသမာသူတို့သည် အခွင့်ကောင်းယူကာ ကျွဲနွားတို့ကို အမြောက်အများသတ်ဖြတ် ရောင်းချလျက် ရှိလေသည်၊ ရွှေစေတီ တောရကျောင်းနှင့် သပြေပင် တောရကျောင်းများမှ သံဃာတော်များသည် ရွာတွင်းသို့ ဆွမ်းခံကြသောအခါ လမ်းအနီးရှိ သားသတ်ရုံများ၌ ကျွဲ နွားများ သတ်ဖြတ်နေကြသည်ကို တွေ့မြင်ကြရ၍ စိတ်မချမ်းမသာ များစွာ ဖြစ်ကြရလေသည်။ သက်တော် အသွန်ကြီးနေသော သပြေပင်တောရ ဆရာတော်ဘုရားကြီးသည်လည်း ထိုအကြောင်းအရာများကို ကြားရ၍ လွန်စွာပင် စိတ်နှလုံးမချမ်းမသာ ဖြစ်ရရှာလေသည်၊ ထို့ကြောင့် တနေ့သောအခါမှာ ထိုဆရာတော်ဘုရားကြီးက–

"ဦးပဉ္ဇင်း (ဆရာတော်ဦးသုန္ဒရကို မိန့်ဆိုခြင်း ဖြစ်သည်၊) ငါတို့များမှာ နှလုံးအေးအေးနဲ့ နေချင်ပေမယ့် ဒီလိုမကောင်းတာတွေကို ကြားသိရတော့ တော်တော်စိတ်မကောင်း ဖြစ်မိတယ်၊ ဒါကြောင့် ဦးပဉ္ဇင်း ရပ်ရွာ ဒကာ ဒကာမတွေကို အစည်းအဝေး ပြုလုပ်ပြီး နွားသား မစားရအောင် မေတ္တာရပ်ခံပါ။ လယ်တီဆရာတော်ကြီး ဟောပြော ရေးသားခဲ့တဲ့ နွားမေတ္တာစာ စာအုပ်များကို သေသေချာချာဖတ်ပြီး ဒကာ-ဒကာမတွေ နားလည်အောင် ဟောပြောဆုံးမပါ၊ ဒီလို စစ်ကြီးဖြစ်နေချိန်မှာ မိမိတို့အသက်ကိုတောင်မှ ဘယ်တော့ သေရမည်ကို မသိကြရတဲ့ အချိန်မျိုးမှာ မိမိတို့၏ မိဘသဖွယ်ဖြစ်တဲ့ ကျွဲ၊ နွားတို့ရဲ့ အသားများကို သတ်ဖြတ်ရောင်းချစားသောက် နေကြတာဟာ အလွန်စိတ်မချမ်းမသာဖြစ်ဖွယ်ကောင်းပါတယ်" လို့ ဆရာတော် ဦးသုန္ဒရအား မိန့်ဆို၍ တာဝန်ပေးစေခိုင်းလေသည်။

ထိုအခါ ဆရာတော် ဦးသုန္ဒရသည် သပြေပင်တောရ ဆရာတော်ကြီး၏ ဩဝါဒအမိန့်ကို နာယူလျက် ရွာသစ်ကြီးမှ လူကြီးများနှင့် တိုင်ပင်၍ အစည်းအဝေးကြီး ပြုလုပ်ကာ ရွာသူရွာသားအားလုံးနှင့်တကွ ရွာသစ်ကြီးတွင် ရောက်ရှိနေကြသည့် ဒကာ-ဒကာမများအား မိမိတို့၏ မိဘသဖွယ်ဖြစ်သည့် ကျွဲနွားများ၏ အသားများကို မစားကြရန် မေတ္တာရပ်ခံလေသည်။ ထိုသို့ မေတ္တာရပ်ခံသောအခါ အချို့က လပိုင်း၊ အချို့က နှစ်ပိုင်း၊ အချို့က တသက်ပတ်လုံး မစားကြဘဲ ရှောင်ကြဉ် ကြမည့်အကြောင်း ဝန်ခံ လျှောက်ထားကြလေသည်။

ရွာသစ်ကြီးရွာ၌ ကျွဲနွားများ၏ အသားကို မစားရေးအတွက် အခိုင်အမာ လိုက်နာကြအောင် ဟောပြော ဆုံးမပြီးသောအခါ ရွာသစ်ကြီးနှင့် အနီးအစပ်ရှိ ကျေးရွာများကို လှည့်လည်၍ ထို့အတူပင် ဟောပြောဆုံးမလေသည်။ ကျေးရွာများသို့ တရားဟော ထွက်သောအခါ နောက်ပါရဟန်းတော် ၂-ပါး ၃-ပါး ပါရှိသည်။ လှည်းစီးခြင်း မရှိဘဲ ခြေလျင်ဖြင့် သာကြွသွားကြသည်။ ရောက်ရာ ကျေးရွာများ၌ အနည်းဆုံး ၂-ည, ၃-ည ဟောပြောကြသည်။ ကျေးရွာများမှ တရားပူဇော်ပွဲအဖြစ် လှူကြသော ဝတ္ထုပစ္စည်းများကိုလည်း မယူဆောင်ခဲ့ကြဘဲ ထိုရွာရှိ သံဃာများအား လှူရန် ကျေးရွာလူကြီးများထံ၌သာ အပ်ထားခဲ့ကြသည်။ ဤနည်းဖြင့် ရေဝတီမြစ်၏ တောင်ဘက် မြောက်ဘက် ကျေးရွာများ တော်တော်များများသို့ လှည့်လည်၍ ဟောပြော မေတ္တာရပ်ခံခဲ့ကြသည်။ ထိုသို့ ဟောပြောပြီးနောက် ရွာသစ်ကြီးသို့ ပြန်လာခဲ့ကြသည်။ ပြန်ရောက်ပြီးနောက် တခုသောညမှာ အောက်ပါအတိုင်း အိပ်မက်အထူးကို ဆရာတော် ဦးသုန္ဒရ မြင်မက်လေသည်။

## ထူးဆန်းသော အိပ်မက်

မန္တလေးမြို့ အိမ်တော်ရာဘုရား အနောက်ဖက် မိုးကောင်းတိုက်ကြီးကဲ့သို့သော ကျောင်းတိုက်ကြီး၏ အလယ်ဗဟိုတွင် အလွန်ခမ်းနားတင့်တယ်သော ရွှေကျောင်းကြီး တကျောင်းကို တွေ့မြင်ရသည်။ ရှေးမြန်မာမင်းများ လက်ထက်က ဆောက်လုပ်ရှိသော ရုပ်စုံ ကျောင်းကြီးဖြစ်သည်။ ရွှေပိန်းချထားသဖြင့် တဝင်းဝင်း တထိန်ထိန် တောက်ပလျက်ရှိသည်။ ဆရာတော် ဦးသုန္ဒရသည် ယင်းကျောင်းကြီးကို အိပ်မက်ထဲမှာ အံ့ဩလျက် အရှေ့ဘက် အုတ်လှေကားမှ တက်သွားသည်။ ကျောင်းကြီးပေါ် အနောက်ပိုင်းကျကျ နေရာတွင် အလွန် ခမ်းနား တင့်တယ်သော ရွှေသား ပလ္လင်ကြီးကို

တွေ့မြင်ရသည်၊ ပလ္လင်ကြီးပေါ်တွင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား ကိုယ်တော်တိုင် သီတင်းသုံး ထိုင်နေတော်မူလျက် ရှိသည်ကိုလည်း တအံ့ တသြ ငေးမော ဖူးမြော်လျက် တဖြေးဖြေးချင်း ပလ္လင်ကြီးအနီးသို့ ချဉ်း ကပ်သွားသည်၊ အနီးသို့ ရောက်သောအခါ လက်ဝဲဘက် တနေရာ၌ ထိုင် လျက် ဘုရားကို ဦးခိုက် အရိုအသေပြုသည်၊ ထိုအခါ ပလ္လင်ပေါ်၌ ထိုင် လျက်ရှိသော မြတ်စွာဘုရားက လက်ျာလက်တော်ဖြင့် စက္ကူဖိုင်တွဲကြီးကို ကိုင်ဆောင်တော်မူလျက် "ရော့ရော့ ဒီဖိုင်တွဲကြီးကို ကြည့်ကြည့်" ဟု မိန့်တော် မူကာ လှမ်း၍ပေးတော်မူလေသည်၊ ဆရာတော်ဦးသုန္ဒရက ထိုဖိုင်တွဲကြီးကို နေရာမှထ၍ လှမ်းယူလိုက်လေသည်။ ထိုအခါမြတ်စွာဘုရားက "သွား-သွား ပလ္လင်နောက်ဖက်မှာ သာရိပုတ္တရာ, မောဂ္ဂလာန်နှင့် အာနန္ဒာတို့ ရှိကြလေရဲ့၊ သူတို့နဲ့ စကားစမြည် ပြောချေဦး" ဟူ၍လည်း အမိန့်ရှိလိုက်သည်။ ဆရာ တော် ဦးသုန္ဒရသည် အမိန့်တော် ရှိလိုက်သည့် အတိုင်းပင် ဖိုင်တွဲကြီးကို ကိုင်ဆောင်လျက် ပလ္လင်နောက်ပက်သို့ သွားသည်၊ မြတ်စွာဘုရား အမိန့် ရှိလိုက်သည့် အတိုင်းပင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင် အာနန္ဒာတို့ကို တွေ့မြင်ရလေသည်။ ထိုအချိန်တွင် အိပ်ရာမှ လန့်၍ နိုးလေ သည်။

## အိပ်မက်၏ အကြိုး

ထိုအိပ်မက်ထူးကို မြင်မက်ပြီးနောက် မကြာမီ ရက်များ အတွင်းမှာ ဆရာတော် ဦးသုန္ဒရထံသို့ အသက်သုံးဆယ်ခန့် အရွယ်ရှိ ဒါယကာ ၂-ဦး ရောက်လာကြသည်။ ထိုဒါယကာများကို မြင်လျှင်မြင်ခြင်း-

"ဟ- မောင်ဘဖေတို့ပါလား၊ မင်းတို့ သားအဖကို မမြင်ရတာ ကြာပြီ၊ ယခု ဘယ်ကို ရောက်နေကြသလဲ" ဟု မေးလိုက်သည်။

"တပည့်တော်တို့ စစ်ကိုင်း-မန္တလေးမှာ မီးကျည်တွေချ, ဗုံးတွေကြဲနဲ့ ကြောက်လို့ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာမှာ သွားနေကြပါတယ်ဘုရား" ဟု မောင်ဘဖေက လျှောက်၏။

"မင်းနဲ့ ပါလာတဲ့လူက ဘယ်ကလဲ"

"သူက တပည့်တော်တို့ သားအဖ တည်းခိုနေတဲ့အိမ်က ဆိပ်ခွန်ရွာ သူကြီးပါဘဲ၊ နာမည်က ကိုသိန်းလို့ ခေါ်ပါတယ်ဘုရား"

"ယခု ဘာကိစ္စနဲ့ ရွာသစ်ကြီးကို ရောက်လာကြတာလဲ"

"တပည့်တော်တို့ ဝိပဿနာစာအုပ်ကို ရိုက်ချင်လို့ မန္တလေး-စစ်ကိုင်းမှာ သင့်တော်မည့် ပုံနှိပ်တိုက်ကို လိုက်ရှာကြပါတယ်၊ အဲဒီမှာ မတွေ့ရလို့ ဒီရွာသစ်ကြီးကို ရောက်လာကြပါတယ်၊ ဒီရွာသစ်ကြီးမှာ စစ်ကိုင်းက ပြောင်းလာတဲ့ မြသန်းပုံနှိပ်တိုက်ပိုင်ရှင် ဦးမြသန်းနဲ့ တွေ့လို့ ပုံနှိပ်ဖို့တော့ ပြောပြီးပါပြီ၊ အဲဒီစာအုပ်ကို ပုံနှိပ်တဲ့အခါမှာ ပရူကို ဖတ်ပြီး စစ်ဆေးပြင်ဆင်ပေးရန်အတွက် အကူအညီတောင်းဘို့ ဆရာတော်ဘုရားထံ လာကြရခြင်း ဖြစ်ပါတယ်ဘုရား။"

"ဒီလိုဆိုယင် မင့်စာမူကို ပြပါဦး"ဟု ဆိုသဖြင့် မောင်ဘဖေက စာမူကို ယူလာ၍ ဆရာတော် ဦးသုန္ဒရအား ပြလိုက်လေသည်။

ထိုအခါ ဖိုင်တွဲကြီးကို မြင်လိုက်သည်နှင့် တပြိုင်နက် ဆရာတော် ဦးသုန္ဒရသည် အိပ်မက်ထဲက ဖိုင်တွဲကြီးကို သတိရလေသည်။ ဖိုင်တွဲကြီးကို ယူ၍ လှန်လှောကြည့်လိုက်ရာ သူ ကျက်မှတ် ပြောဟောနေသော မာလုကျပုတ္တသုတ်ကို တွေ့ရလေသည်၊ ယင်းသုတ်၌ ဖွင့်ပြထားသော အနက်အဓိပ္ပါယ်များကို သေသေချာချာ ဖတ်ပြီးသောအခါ အလွန် နှစ်သက်သဘောကျသဖြင့် "မောင်ဘဖေရေ၊ ဒီစာက တော်တော်ကို ကောင်းတဲ့စာဘဲ ကွ၊ ရွှေဘိုနယ်မှာ ဒီစာမျိုး ရေးနိုင်မည့် ပုဂ္ဂိုလ်ကို ငါ ပကြားမိဘူး။ ဒီစာရေးတဲ့ ကျမ်းပြုဆရာတော်က ဘယ်အရွယ်လောက် ရှိပြီလဲ"ဟု မေးလိုက်သည်၊

မောင်ဘဖေက "အသက်တော် ခုနှစ်ဆယ်လောက် ရှိပြီလို့ ထင်ပါသည်ဘုရား"ဟု လျှောက်လိုက်သဖြင့် ဆရာတော် ဦးသုန္ဒရက "ဟ၊ မောင်ဘဖေ မဟုတ်နိုင်တာဘဲ ကွ၊ မင်းလဲ ခေတ်စာပေတွေ သင်လို့ (ဘီအေ) တောင် အောင်သွားတာဘဲ၊ အသက်ခုနှစ်ဆယ်ရှိတဲ့ ရှေးဘုန်းကြီးဆိုယင် ဒီစာရေးသားပုံမျိုး ရေးမှာ မဟုတ်ဘူး၊ ဒီကျမ်းစာရေးပုံက အင်္ဂလိပ်စာအုပ်များလို ခေတ်မှီမှီ ကျကျနန ရေးသားတာဘဲ၊ ငါတို့အရွယ်ထက် ကြီးမယ်မဟုတ်ပါဘူး၊ ကဲသွားပါတော့၊ ငါလဲ အလွန်သဘောကျပါတယ်၊ တတ်နိုင်သမျှ ကြိုးစားပြီး စောင့်ရှောက် ရိုက်နှိပ်ပေးပါမယ်"ဟု ဝန်ခံ၍ ဆရာတော် ဦးသုန္ဒရက ဝိပဿနာရှုနည်းကျမ်းကြီးကို ကြီးကြပ် ပုံနှိပ်ပေးရန် ဝန်ခံလိုက်လေသည်၊ ထိုသို့ ဝန်ခံ၍ ဆောင်ရွက်ခြင်းဖြင့် ကျမ်းပြုပုဂ္ဂိုလ် မဟာစည်ဆရာတော်နှင့် မခြားဘူးဘဲ ရင်းနှီးသော သီတင်းသုံးဘော်အဖြစ်သို့ ရောက်ခဲ့ပေသည်။

ပုံနှိပ်ပြီး အချောစာဖေါင်များကို ရွာသစ်ကြီး သပြေပင် တောရ ဆရာတော်ဘုရားကြီးထံ တင်ပြသည်၊ ယင်းဆရာတော်ဘုရားကြီးမှာ ထိုစဉ်က သက်တော်(၇၀) ကျော် ဝါတော်(၅၃) ရှိနေပြီ ဖြစ်သည်။ ပိဋကတ်

စာပေ တတ်ကျွမ်းသည်။ အထူးအားဖြင့် အဘိဓမ္မာဘက်က ပို၍ နိုင်နင်းသည်။ ငယ်စဉ်က ရွာကျောင်း၌ စာပေပို့ချနေခဲ့ရာမှ အရွယ်ကြီး၍ တောရကျင့်သုံးနေတော်မူပေသည်။

## သပြေပင် တောရ ဆရာတော်ကြီး၏ အမြင်

ပဥ္စမဘွဲ့ပြီး၍ ဒုတိယတွဲ အခဏ်း (၅)ကို ပုံနှိပ်ပြီးသောအခါ ဆရာတော်ဦးသုန္ဒရက သပြေပင် တောရဆရာတော်ကြီးအား ကြည့်ရှုရသော ဝိပဿနာရှုနည်းကျမ်းအပေါ် ဘယ်လို ထင်မြင်တော်မူပါသလဲ- ဟု မေးလျှောက်သည်။ ထိုအခါ ဆရာတော်ဘုရားကြီးက....

"အင်း....ဦးပဥ္စင်းရဲ့ ကျမ်းစာက တော်တော် ကြိုးကြိုးစားစားနဲ့ ရေးထားလို့ သေချာလှပါပေတယ်၊ အလုပ်သဘော ကတော့ သူပြထားတဲ့ အတိုင်း အားထုတ်မကြည့်ရသေးလို့ မပြောတတ်သေးဘူး၊ စာသဘော ကတော့ အလွန် စေ့စပ်လှပါပေတယ်၊ ပေါ်လဲ ပေါ်လွင်ပါပေတယ်၊အလွန်ထက်မြက်စူးရှတဲ့ဉာဏ်နဲ့ ရေးထားတာပေဘဲ၊ တို့များမှာတော့ တောမထွက်မီကလဲ ဝိသုဒ္ဓိမဂ်ကို လက်ညှိုးတတီး ကြည့်ရှုခဲ့တယ်၊ တောကျောင်းရောက်တော့လဲ ခေါင်းရင်းမှာထားပြီး အမြဲတစေ ကြည့်ရှုနေရတာဘဲ၊ ဒါပေမယ့် တကယ်ဆိုတော့ ဘာမျှ ထိထိရောက်ရောက်လုပ်လို့မဖြစ်သေးဘူး၊ စာသဘောလောက် သဘောကျနေရတာဘဲ၊ ယခု ဒုတိယတွဲ အခဏ်း (၅) ကို ဖတ်ကြည့်တော့မှဘဲ လုပ်ပုံ အားထုတ်ပုံကို ရှင်းရှင်းလင်းလင်း သိရပေတယ်။ မင်းကွန်း ဇေတဝန်ဆရာတော်ကြီးရေးတဲ့ "အာရမ္ဘဝိဓိ" ဆိုတဲ့ ကျမ်းကိုလဲ ကြည့်ဘူးပါရဲ့၊ ဒါပေမဲ့ အဲဒီကျမ်းမှာ ရေးထားပုံက မပြတ်သားဘူး၊ ယခု ဝိပဿနာ ရှုနည်းကျမ်းကတော့ ဝိပဿနာရှုပုံ ကျင့်စဉ်ကို ပြတ်ပြတ် သားသားဖော်ပြထားတယ်၊ ဉာဏ်ဖြစ်ပုံတွေကိုလဲ ကျမ်းဂန်နှင့် နှိုးနှော‌ပြထားတယ်၊ အေး-အေး ကျေးဇူးများလှပါပေတယ်"ဟု ဆရာတော် ဘုရားကြီးက သူ့ထင်မြင်ချက်ကို ဖွင့်ဖွင့်လင်းလင်း အမိန့်ရှိတော်မူလေသည်။

## ဒုတိယတွဲ မီးထဲပါသွားခြင်း

ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲကို ရိုက်နှိပ်နေစဉ် အခဏ်း (၆) မှဉ့်တုက မျှတာဉာဏ်လောက် ရောက်သောအခါ (၁၃၀၇ ခု ပြာသိုလမှာ) အင်္ဂလိပ် အမေရိကန် မဟာမိတ် လေယာဉ်ပျံ(၁၄၀)ကျော် လာရောက်၍ ရွာသစ်ကြီး ဆိပ်ကမ်းတလျှောက်၌ မီးလောင်ဗုံးများကြဲချလေသည်။ တရွာလုံးကို

မီးကျည်များချလျက် ဒလကြမ်း တိုက်ခိုက်လေသည်။ တရွာလုံး ဟိုပြေးဒီပြေး နှင့် ပွက်ပွက်ဆူသျက်ရှိလေသည်။ ဆရာတော် ဦးသုန္ဒရတို့လည်း ရွာထဲရောက် နေခိုက် ဖြစ်၍ ရောဝတီမြစ်ဘက်သို့ အတင်းဆင်းပြေးကြရလေသည်၊ တနာ ရီအတွင်းမှာပင် ရွာသစ်ကြီးအလယ်ပိုင်းနှင့် ရောဝတီ ဆိပ်ကမ်းရှိ ဝါဂွမ်း များမှာ ပြာပုံဘဝသို့ ရောက်သွားလေတော့သည်။ ဦးမြသန်း ပုံနှိပ်စက် နှင့်တကွ ပုံနှိပ်ဆဲ ဝိပဿနာကျမ်းစာများလည်း မီးထဲ ပါသွားလေတော့၏။ ထိုအခါမှစ၍ ရွာသစ်ကြီးမှာ မစည်ကားတော့ပေ။

ဒုတိယတွဲစာမူ မီးထဲပါသွားသဖြင့် ဆရာတော် ဦးသုန္ဒရမှာ အလွန်ပင် စိုးရိမ် ပူပန်လျက် ရှိလေသည်၊ အကြောင်းမူကား လက်ခံစာမူ မရှိပါက အသစ်ပြန်ရေးရန် လွယ်ကူမည်မဟုတ်ဟု စဉ်းစားမိသောကြောင့်ပင်။ ထို့ ကြောင့် ဆရာတော် ဦးသုန္ဒရသည် ရွာသစ်ကြီးကို မီးလောင်ပြီးနောက် မကြာမီပင် ဆိပ်ခွန်သို့ ကြွသွားခဲ့လေသည်၊ နေမဝင်မီပင် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းသို့ ရောက်၍ မဟာစည်ဆရာတော်နှင့် တွေ့ရသောအခါ ကျမ်းစာမူ မီးထဲပါသွားကြောင်း အရေးတကြီး ပြောကြားလေသည်။

ထိုအခါ မဟာစည်ဆရာတော်က ကိစ္စမရှိပါဘူး၊ ဒီမှာလက်ခံမူရှိပါသေး တယ်၊ တခါဘပ်ပြီး အချောပြင် ရေးလိုက်ယင် သာပြီးပြည့်စုံ၍ သာပြီး ကောင်းသွားပါလိမ့်မယ်ဟု အေးဆေးတည်ငြိမ်စွာ ပြန်ကြား လိုက်လေ သည်၊ ထိုအခါကျမှ ရွှေစေတီဆရာတော် ဦးသုန္ဒရမှာ စိတ်အပူငြိမ်း၍ ရွှင်ရွှင် ပျပျ ချမ်းသာသွားပေတော့သည်။

ဆိပ်ခွန်၌ လေးငါးရက်ခန့်နေပြီးနောက် ရွှေစေတီဆရာတော် ပြန်ကြွ သောအခါ စာမူလာအပ်စဉ်က မောင်ဘပေနှင့်အတူပါလာသော ဆိပ်ခွန် ရွာသူကြီး မောင်သိန်းက ဆွမ်းဆန်များ စုဆောင်းပြီး ၃-တင်းဝင် ဆန် အိပ်ပေါင်း(၇၅)အိပ်ကို ရွာသစ်ကြီးသို့ အရောက် လိုက်ပို့လှူဒါန်းလိုက်ကြ ပေသည်။

## မဟာစည်ကျောင်း၌ သီတင်းသုံးခြင်း

မဟာစည်ဆရာတော်က မော်လမြိုင်သို့ သွားရောက် သီတင်းသုံးရန် ရှိသောကြောင့် ရွှေစေတီဆရာတော်ကို ဆိပ်ခွန်မဟာစည်ကျောင်းသို့ ကြွ ရောက်သီတင်းသုံးရန် ပင့်ဖိတ်ထားလေသည်။ထို့ကြောင့်ရွှေစေတီဆရာတော် သည် ၁၃၀၉ ခု၊ ဝါဆိုလဆန်း ၃-ရက်နေ့တွင် တပည့် သာမဏေ ၂-ပါးနှင့် အစ်မကြီး ဒေါ်စိန်တင်တို့ သားအမိကိုပါ ခေါ်ဆောင်ခဲ့၍

ရွှေဘို ဆိပ်ခွန်သို့ ကြွလာခဲ့လေသည်။ ထိုနှစ်ဝါက မဟာစည်ဆရာတော်သည်လည်း မော်လမြိုင်သို့ မကြွဖြစ်သေးသဖြင့် ရွှေစေတီဆရာတော်သည် ထိုနှစ်ဝါတွင်းမှာ မဟာစည်ဆရာတော်နှင့် အတူတကွ နေထိုင်လျက် သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ်တော်မူခဲ့လေသည်။

၁၃၁၀-ခုနှစ် ဝါဆိုဦးမှာ မဟာစည်ဆရာတော်သည် မော်လမြိုင်သို့ ကြွသွား၍ တောင်ဝိုင်းကလေး တိုက်ကျောင်း၌ ဝါကပ်သီတင်းသုံးရသည်။ ထိုအခါမှစ၍ ရွှေစေတီဆရာတော်သည် မဟာစည်ဆရာတော်၏ ကိုယ်စားအဖြစ်ဖြင့် တရားဟောရလေသည်။ သုတ်မဟာဝါ ပါဠိတော်မှ မဟာပရိနိဗ္ဗာန သုတ်တော်ကြီးကို စတင်၍ သီတင်းစဉ် ဟောပြောလေသည်။ ထိုသုတ်ကို စ၍ ဟောခြင်း၏ ရည်ရွယ်ချက်မှာ မကြာမီက ဖွဲ့စည်း ထည့်ထောင်ထားသော သဒ္ဓမ္မပါလဝိပဿနာ ဖြန့်ဖြူးရေးအဖွဲ့ကြီး၏ အဖွဲ့ဝင်လူကြီးများ အသင်းသူ အသင်းသားများ မကြာမကြာ စည်းဝေးတိုင်ပင်ခြင်းဖြင့် ဝိပဿနာ ပဋိပတ္တိသာသနာရေး၌ တိုးတက်ကြီးပွားလားစေရန် ဖြစ်ပေသည်၊ ထိုသို့ဟောပြောသည်ကို သဘောကျသဖြင့် တရားနာများ တသီတင်းထက် တသီတင်း တိုးတက်များပြား လာလေသည်၊ တခါမျှ မလာရောက်ဖူးသော ပုဂ္ဂိုလ်များလည်း လာရောက်၍ တရားနာကြလေသည်။ တရားအားထုတ်သူများလည်း တစထက်တစ တိုးတက် များပြားလာလေသည်၊

ထိုစဉ်အခါက မဟာစည် ကျောင်းတိုက်မှာ ယခုမျက်မြင်တွေ့နေရသကဲ့သို့ သာသာယာယာ မရှိလှသေး၊ ပတ်ဝန်းကျင်၌ တောချုံများပိတ်ဖုံးလျက်ရှိ၏၊ တရားဟောရန် ဓမ္မာရုံလည်း မရှိသေး၊ ကျောင်းဟောင်းကြီးအောက်တွင် ကြမ်းစင် ခုံကြီးများပေါ်၌ ဟောရသည်၊ တရားနာသူတို့မှာလည်း တချို့က ကြမ်းစင်ခုံကြီးများပေါ်၌ တချို့က ခုတင်များပေါ်၌ ထိုင်လျက်၊ တချို့ကမူ မြေပေါ်တွင် ဖျာကြမ်းများခင်း၍ ထိုဖျာကြမ်းများပေါ်၌ ထိုင်လျက် နာကြရသည်။ ၁၃၁၀-ခုနှစ်၊ ဝါခေါင်လပြည့်နေ့မှာ တရားနာပရိသတ် အလွန်များလာသည်၊ ယောကျ်ားများ အပြည့်ထိုင်နေသည့် ခုတင်ကြီး၏ ဆင့်မှာ ဆွေးမြေ့နေသဖြင့် တရားဟောနေစဉ်ကျိုးကျသွား၏၊ ထိုအခါ တရားနာပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ထိုသို့ဖြစ်ပုံကို အကြောင်းပြု၍ ရွှေစေတီဆရာတော်က ဓမ္မာရုံတခုရှိဘို့လိုကြောင်း၊ နောင်အခါ ထိုဌာနမှာ အကြီးအကျယ် တိုးတက်စည်ကားလာဘွယ်ရှိကြောင်း၊ ဓမ္မာရုံရှိမှ တရားဟောခြင်း, တရားနာခြင်းများကို တင့်တင့်တယ်တယ် ဆောင်ရွက်နိုင်ကြောင်း စသည်များကို တရားထဲ၌ ထည့်သွင်း၍ ဟောကြားလေသည်၊ ထိုသို့ဟောကြားခြင်းကြောင့် တရားပွဲ

ပြီးသောအခါ ဓမ္မာရုံဆောက်ရန်အတွက် တချို့က တထောင်၊ တချို့က ငါးရာ၊ တချို့က သုံးရာ စသည်ဖြင့် လှူဒါန်းရန် ဝန်ခံကြလေသည်။ ထို့နောက် မကြာမီပင် သဒ္ဓမ္မပါလ ဝိပဿနာဖြန့်ဖြူးရေးအဖွဲ့က ကမ္မကတ ပြုလုပ်၍ ယခု မျက်မြင်တွေ့နေရသော ဓမ္မာရုံကြီးကို ဆောက်လုပ်ကြလေသည်၊ ဓမ္မာရုံကြီး ဆောက်လုပ်ပြီးစီးသောအခါ ဓမ္မကထိက အရှင်မြတ်များ ထိုင်၍ တရားဟောရန် ဓမ္မာသနခေါ် မှန်စီရွှေချ တရားပလ္လင်ကြီးကိုလည်း ဆိပ်ခွန်ရွာ တောင်ရပ် ဦးအောင်ကြီး ဒေါ်ဗူးတို့က မန္တလေးမှ မှာထား ဝယ်ယူ၍ လှူဒါန်းကြလေသည်၊ တန်ဘိုးမှာ (၃၅၀၀) ကျသည် ဟု ဆို၏၊ သို့ဖြစ်၍ ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာ၌ ယခု မျက်မြင်တွေ့နေ ရသော ဓမ္မာရုံကြီးနှင့် တရားပလ္လင်ကြီးမှာ ရွှေစေတီဆရာတော်၏ ဟောပြော ညွှန်ပြမှုကြောင့် ဖြစ်ပေါ်လာခဲ့ကြောင်း မှတ်သားရပေသည်၊

ထိုအခါမှစ၍ ရွှေစေတီဆရာတော်သည် ဆိပ်ခွန် မဟာစည် သာသနာ့ ရိပ်သာမှာ သီတင်းသုံးလျက် တရားဒေသနာတော်များကို ကျယ်ပြန့်စွာ ဟောကြားတော်မူခဲ့သည်၊ တပည့်ဖြစ်ဘူးသူတို့ကိုလည်း မိန့်ခေါ်၍ တရား အားထုတ်စေခဲ့၏၊ ထိုအသည့်တို့ဘွင် ဦးရေဝတ (ယခုကိုင်းပြင် လက်ပံတော)၊ ဦးပုည (ယခု မောင်းခမ်း သာသနာ့ရိပ်သာ)၊ ဦးဝိသုတ (ယခု မုံရွာမြို့နယ် ခြောက်တင်းကျ ရိပ်သာနှင့် စစ်ကိုင်း ဆင်များရှာ ရိပ်သာ)၊ ဦးကုလိသ (ယခု မန္တလေးမြို့ နန်းတော်ရှေ့ ရွှေစည်သာသနာ့ရိပ်သာ) တို့ ပါဝင်ကြ၏၊ ယင်းတည့်တို့အား တရားအားထုတ်စေပြီးနောက် တရားဟောပုံ ဟောနည်း ကိုလည်း သင်ကြား ညွှန်ပြပေးခဲ့လေသည်။ ယင်းတပည့် ၄-ပါးတို့သည် ယခုအခါမှာ မဟာစည် သတိပဋ္ဌာန်ဝိပဿနာ သာသနာပြုရေး၌ အလွန် အရေးအရာ ရောက်လျက် ထင်ရှားနေကြပေ၏။

## ဆိပ်ခွန်ရိပ်သာ၌ တာဝန်ခံဖြစ်ခြင်း

၁၃၁၀-ခုနှစ် ဝါကျွတ်ပြီးနောက် နတ်တော်လမှာ မဟာစည်ဆရာတော် သည် မော်လမြိုင်မှ ကြွလာပြီးလျှင် ရွှေစေတီဆရာတော်နှင့်အတူ ဟောပြော လျက် ပဋိပတ္တိသာသနာ ပြုစုတော်မူခဲ့သည်၊ သို့သော် ၁၃၁၁-ခုနှစ်ဝါကျွတ် ပြီးနောက် တန်ဆောင်မုန်းလမှာ သတိုးသီရိသုဓမ္မ ဆာဦးသွင် ကြီးမှူးသော ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့၏ ညွှန်ကြားချက်အရဖြင့် နိုင်ငံတော် ဝန်ကြီး ချုပ် ဦးနုက ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ပဋိပတ္တိသာသနာပြုရန် မဟာစည် ဆရာတော်ကို ပင့်ဆောင်သွားသောကြောင့် ထိုအခါမှစ၍ ဆိပ်ခွန်မဟာစည် ဌာန၌ ရွှေစေတီဆရာတော်သည်ပင် ဦးစီးနာယက ကမ္မဋ္ဌာနာစရိယအဖြစ်

ဆောင်ရွက်တော်မူရသည်။ ထိုဌာနသို့ ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း၊ ပတ်ာန်းကျင် အရပ်များသို့ လှည့်လည် ကြွရောက်၍ ဝိပဿနာတရားဟောခြင်း စသည်ဖြင့် သတိပဋ္ဌာန် ဝိပဿနာသာသနာပြုရေးနှင့် စပ်သော ကိစ္စအဝဝတို့ကို တာဝန်ယူ၍ ဆောင်ရွက်တော်မူသည်။ ယင်းသို့ ဆောင်ရွက်တော် မူခဲ့သည်မှာ ၁၃၁၃-ခုနှစ် ဝါဆိုလအထိဖြစ်သည်၊ ထိုနှစ်များအတွင်းမှာ ရွှေစေတီဆရာတော်၏ ဟောပြောမှုကြောင့် ဆိပ်ခွန်ရိပ်သာ၌ တရားနာသူများ တရားအားထုတ်သူများ အလွန်တိုးတက်များပြားသာခဲ့လေသည်၊ တနှစ်တနှစ် အတွင်းမှာ နေ့ရောညဉ့်ပါ ရက်ရှည်အားထုတ်သူ ယောဂီပေါင်း တထောင်ခန့်မျှအထိ ရှိခဲ့လေသည်။

## မန္တလေးရတနာပုံ သာသနာ့ရိပ်သာ

မန္တလေးမြို့ ရုံတော်ကြီးစတိုးပိုင်ရှင် ဦးဘဖေသည် ဦးစံရီ၊ ဦးမင်း၊ ဦးလှတင့်၊ ဦးဆောင် အစရှိသော သူ၏ မိတ်သင်္ဂဟများနှင့် တိုင်ပင်ပူးပေါင်း၍ စိန်ပန်းချပ်ကွက်မှ အိမ်နှင့်တကွ ခြံကြီးတခုကို ဝယ်ယူ၍ သာသနာ့ရိပ်သာဖွင့်ပေးရန် မဟာစည်ဆရာတော်အား လျှောက်ထားခဲ့လေသည်။ မဟာစည်ဆရာတော်က သဘောတူ ခွင့်ပြုသဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၏ မူလဒါယကာကြီး ဖြစ်သော ဆာဦးသွင်နှင့် တိုင်ပင်းနှော၍ ၁၃၁၃-ခုနှစ် ကဆုန် လပြည့်နေ့၌ ရတနာပုံ သာသနာ့ရိပ်သာကို ဖွင့်လှစ်ရာ မဟာစည်ဆရာတော်သည် ရန်ကုန်မှကြွလာ၍ ထိုရိပ်သာကို ဖွင့်လှစ်သည်။ ဖွင့်လှစ်ပြီးနောက် တလခန့် စောင့်ရှောက် နေထိုင်ပြီးလျှင် ဝါဆိုလဆန်း အထိ တလခန့် ကမ္မဋ္ဌာန်းပြလျက် စောင့်ရှောက်ရန် ဦးသုဇာတအား လွှဲအပ်၍ ရန်ကုန်သို့ ပြန်ကြွလေသည်၊ ထိုရိပ်သာ၌ အမြဲတမ်း ဦးစီးနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်ရန်မှာ ရွှေစေတီ ဆရာတော်အား ပန်ကြားထားခဲ့ သည့် ပြင် ရတနာပုံ အသင်း လူကြီးများအားလည်း ရွှေစေတီဆရာတော်ကို ပင့်ဆောင်၍ သာသနာပြုကြရန် မှာထား ခဲ့လေသည်၊ ထိုမှာထားချက်အရ ရတနာပုံရိပ်သာအသင်းလူကြီးများက ပင့်လျှောက်ကြသဖြင့် ရွှေစေတီဆရာတော်သည် မန္တလေးသို့ကြွမည့်အကြောင်း ဆိပ်ခွန်က ဒါယကာများအား ပန်ကြားသောအခါ ဆိပ်ခွန် ဒကာ ဒကာမများက ဆိပ်ခွန်မှာပင် သီတင်းသုံးလျက် ဆက်လက် သာသနာပြုသွားရန် တောင်းပန်လျှောက်ထား ကြလေသည်။

သို့သော်လည်း ရွှေစေတီဆရာတော်သည် ၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၃-ရက်မှစ၍ ၄ နှစ်တိုင်တိုင် ဆိပ်ခွန်၌နေ၍ ဟောပြော ညွှန်ကြားလျက်

သာသနာပြုလာခဲ့ရာ ဆိပ်ခွန်နှင့်တကွ ရွှေဘိုနယ်၌ ပဋိပတ္တိသာသနာ ပြန့်ပွားစည်ပင်လျက်ရှိနေပြီ ဖြစ်သောကြောင့်၎င်း၊ ပဋိပတ္တိသာသနာ မထွန်းကားသေးရာ၌ ထွန်းကားရေးကို အလေးပေး ဆောင်ရွက်လိုသောကြောင့်၎င်း ၁၃၁၃-ခုနှစ် ဝါဆိုလဆန်း ၃-ရက်နေ့တွင် နောက်ပါတပည့်အနည်းငယ်နှင့်တကွ ဆိပ်ခွန်မှ မန္တလေးမြို့ ရတနာပုံသာသနာ့ရိပ်သာသို့ ကြွရောက်တော်မူခဲ့လေသည်။

ထိုစဉ်အခါက ရတနာပုံ သာသနာ့ရိပ်သာသည် အသစ်စက်စက် တည်ထောင်ခါစဖြစ်၍ နေရာ ထိုင်ခင်းများမှာ တင့်တင့်တင့် တယ်တယ် ထယ်ထယ်ဝါဝါ မရှိလှသေးပေ၊ ၂-ခန်းကျောင်း လေးငါးခုနှင့် တခန်းကျောင်း လေးငါးခုမျှသာ ရှိနေသေးသည် ကမ္မဋ္ဌာနာစရိယဆရာတော် သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းတော်မှာမူလကရှိနေသော ကုလားအိမ်ကြီးကိုပင် အတော်အသင့် ပြုပြင်ထားသော အဆောက်အဦဟောင်း တခုမျှသာ ဖြစ်ပေသည်၊ ရွှေစေတီ ဆရာတော်သည် ရောက်ခါစနှစ်၌ ထိုအိမ်ဟောင်းကြီးမှာပင် သီတင်းသုံးနေထိုင်လျက် ထိုကျောင်းအောက်မှာပင် တရားဓမ္မကို ဟောပြောရလေသည်။ ၁၃၁၃-ခုနှစ် ဝါဆိုလပြည့်နေ့မှ စ၍ သီတင်းနေ့တိုင်း တရားဒေသနာတော်များကို ဟောပြောတော်မူခဲ့သည်၊ ရှေးဦးစွာ မူလပဏ္ဏာသပါဠိတော်မှ ပါသရာသိသုတ်တော်ကို ဟောပြီးလျှင် သတိပဋ္ဌာနသုတ် စေတောခိလသုတ်၊ ဝနပတ္ထသုတ်၊ ဝတ္ထသုတ်၊ စူဠသစ္စကသုတ်၊ စူဠဝေဒလ္လသုတ် စသည်တို့ကို ဝါတွင်း, ဝါပ သီတင်းစဉ် ဟောပြောတော်မူခဲ့လေသည်၊ ဆရာတော်၏ တပည့်များဖြစ်ကြသော လယ်တီ ဦးကုလိသ၊ စဉ့်ကိုင် ဦးညာဏဝံသ၊ ဘောင်တွင်းကြီး ဦးဣန္ဒိယတို့ကလည်း ရှေ့ပိုင်းမှ ကူညီ၍ ဟောပြောကြပေသည်။

၁၃၁၄-ခုနှစ်မှာ မန္တလေးမြို့ ယိုးဒယားဈေး အထည်ကုန်သည် ဒေါ်ဒေါ်ထွေးနှင့် မိသားစုတို့က ရွှေစေတီ ဆရာတော် သီတင်းသုံးရန် တကပ်တိုက်တခု ဆောက်လုပ် လှူဒါန်းကြလေသည်၊ ထို့နောက် မကြာမီပင် မန္တလေးမြို့ သံဖြူတန်း ကုန်သည်ကြီး (ဝန်းသိုကျောင်းအမကြီး) ဒေါ်ဒေါ်မတို့ မိသားစုက ဓမ္မာရုံကြီးနှင့် ဆွမ်းစားကျောင်းတဆောင် ဆောက်လုပ် လှူဒါန်းကြလေသည်၊ ဓမ္မာရုံကြီးပေါ်ရှိ တရားပလ္လင်မှာ မန္တလေးမြို့ တမ္ပဝတီ ချည်ပါရပ်မှ ပန်းပုဆရာကြီး ဦးစိန်တင်တို့ သားအဖက အဖြူထည် လှူဒါန်းကြ၍ အပေါ်ယံ မှန်စီရွှေချကို ဓမ္မာရုံကြီး အမကပင် တာဝန်ယူ၍ လှူဒါန်းလေသည်၊ သိမ်တော်ကြီးမှာ သာသနာတော် ၂၅၀၀-ပြည့် အထိမ်းအမှတ်ဖြင့် ကောင်းမှုရှင်အများ စုပေါင်း၍ လှူဒါန်းကြလေသည်၊ ထို့ပြင် စက်ရေတွင်းလည်း တူး၍ လှူဒါန်းကြသည်။

အသစ်အသစ်တို့သည် အဟောင်းအဟောင်းတို့၏ နေရာတွင် နေရာယူ၍ မြဲဖြစ်သည့်အတိုင်း တည်ထောင်ခါစက ရှိခဲ့ကြသော နှစ်ခန်းကျောင်း, ကခန်းကျောင်း နေရာများတွင် တင့်တယ် ခမ်းနားသော အုတ်တိုက်ကမ္မဋ္ဌာန်းကျောင်းများက နေရာယူလျက် ရှိကြလေပြီ၊ မူလကျောင်းအိုကြီးနေရာတွင်လည်း မန္တလေးမြို့ ဗိုလ်ချုပ်လမ်း ဇဝန ဆန်စက်ပိုင်ရှင် ဦးစံရီနှင့် ဒေါ်မယ်တို့၏ စေတနာအဟုန်ဖြင့် အလွန် တင့်တယ် ခမ်းနား၍ကြီးမားလှသော ခေတ်မှီ ကျောင်းဆောင်ကြီးက (၁၃၃၁-ခုနှစ်က) နေရာယူလျက် ရှိနေလေပြီ။

ရွှေစေတီ ဆရာတော်ဘုရားသည် မိမိနှင့်ထိုက်တန်သည်ဟု ယုံကြည်၍ အပ်နှံကြသည်ကို လက်ခံတော်မူပြီးလျှင် ရတနာပုံ သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူလျက် ထိုရိပ်သာ၏ တိုးတက်စည်ကားကြောင်း, သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိ သာသနာဘော်၏ တိုးတက်ပြန့်ပွားကြောင်းများကို ရှေးရှုလျက် ဟောပြော ဆောင်ရွက်တော်မူခဲ့ပေသည်။ ၁၃၁၃-ခုနှစ်မှ ၁၃၁၉-ခုနှစ်အထိ (၇) နှစ်တို့ပတ်လုံး သီတင်းသုံးလျက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရတနာပုံ သာသနာ့ရိပ်သာကြီးလည်း တိုးတက် စည်ကားလာပေသည်၊ ပဋိပတ္တိ သာသနာတော်လည်း မန္တလေးပတ်ဝန်းကျင်၌ အနှယ်နှယ်အရပ်ရပ် ပြန့်နှံ့သွားပေသည်။ ယင်းသို့ ရိပ်သာနှင့် သာသနာတော် ၂-ရပ်လုံး တိုးတက် စည်ကား ကြီးပွား ပြန့်နှံ့သွားခြင်းမှာ ရွှေစေတီ ဆရာတော်သည် ပရိယတ္တိ ဝိသာရဒ ပဋိဘာနတ္တယ ဝိဒူဖြစ်တော်မူကြသော မန္တလေးမြို့ မြို့မ, မြို့ဖ ဆရာတော်ဘုရားကြီးများနှင့် ဆက်ဆံမှု ပြေပြစ်၍ ယင်းဆရာတော်ဘုရားကြီးများ၏ ချီးမြှောက် အားပေးခြင်းကို ရရှိသောကြောင့်လည်း ဖြစ်ပေသည်။

အထက်ပါအတိုင်း ရတနာပုံ သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် သာသနာတော် တိုးတက် ပြန့်ပွားရေးအတွက် ကြိုးပမ်း အားထုတ်နေစဉ် ရွှေစေတီ ဆရာတော်ဘုရား၏ ကျန်းမာရေးမှာ အားနည်း ချို့တဲ့လာတော့သည်၊ စားမဝင် အိပ်မပျော် မအီမသာ ဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် အနားယူရန် ရတနာပုံ သာသနာ့ရိပ်သာမှ ထွက်ခွါ၍ ရာသီဥတု ကောင်းသော မေမြို့ စသည့် နေရာဌာနများ၌ ကျန်းမာရေး အကဲစမ်းရင်း ကြွရောက် သီတင်းသုံးတော် မူခဲ့လေသည်၊ ရတနာပုံ သာသနာ့ ရိပ်သာကိုလည်း အသင်း လူကြီးတို့အား ပြန်အပ် ထားခဲ့လေသည်။

## ဆရာတော်ဖွင့်လှစ်သည့် ရိပ်သာသစ်များ

၁။ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ရွှေစေတီတောရ သာသနာ့ရိပ်သာ၊

၂။ ဗန်းမော်မြို့နယ် ရွှေကူမြို့ သာသနာ့ရိပ်သာ။

၃။ မော်မြို့ သစ်တောလမ်း မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ။

၄။ မော်မြို့ မြမာလာရပ် ရွှေစေတီ သာသနာ့ရိပ်သာ။

၅။ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာ။

၁။ ရွာသစ်ကြီး ရွှေစေတီတောရ ကျောင်းတိုက်သည် ဆရာတော်၏ မူလနေရင်းကျောင်းတိုက် ဖြစ်သည်၊ သို့ဖြစ်၍ ထိုကျောင်းတိုက်၌ ၁၃၁၄-ခုနှစ်တွင် သာသနာ့ရိပ်သာ ဖွင့်လှစ်ပြီးလျှင် တပည့် ဦးဇဋိလအား နာယက ကမ္မဋ္ဌာနာစရိယအဖြစ် လွှဲအပ် ခန့်ထားတော်မူသည်။

ထိုရိပ်သာတွင် ရွှေစေတီ ဆရာတော်ဘုရား၏ ကောင်းမှု ၂-ထပ်တိုက် တလုံးရှိသည်။ ထိုတိုက်ကို ဆရာတော်ဘုရား၏ အမွေဆိုင် လယ်ယာမြေများမှ ရရှိသော ဝတ္ထုပစ္စည်းများဖြင့် သက်ဆိုင်ရာ ဆွေမျိုးများက ဒကာ ဦးလှဘော်ကို ဦးဆောင်စေ၍ ဆရာတော်ဘုရား၏ သဒ္ဓါ, စေတနာ ညွှန်ကြားချက်အရ ဆောက်လုပ် လှူဒါန်းထားခြင်း ဖြစ်ပေသည်၊ (ရွှေစေတီ ဆရာတော်ဘုရားမှာ အမွေရ လယ်ယာမြေကေ (၃၀၀) ကျော် ရှိခဲ့သည်၊ ထိုလယ်ယာမြေများကို ငွဲကွက်တော်မယူဘဲ စွန့်ခွါ၍ သာသနာ့ဘောင်သို့ ဝင်ရောက်တော်မူခဲ့သည်၊ ထိုလယ်ယာမြေများကို သက်ဆိုင်ရာ ဆွေမျိုး သားချင်းတို့က ထိန်းသိမ်း စောင့်ရှောက် လုပ်ကိုင် စားသောက်ကြသည်၊)

၂။ ရွှေကူမြို့ သာသနာ့ရိပ်သာကို သစ်ကုန်သည်ကြီး ဦးဘရှင်-ဒေါ်စက်မော်တို့က ဒကာဒကာမ ကမ္မကတပြုလျက် အသစ်ဆောက်လုပ်ပြီးလျှင် ၁၃၁၉-ခုနှစ်က လှူဒါန်းသဖြင့် ရွှေစေတီ ဆရာတော်ဘုရားကြီးက ကြီးမှူး၍ ဖွင့်လှစ်ပေးတော်မူခဲ့သည်၊ လယ်တီ ဦးကုလိသအား နာယက ကမ္မဋ္ဌာနာစရိယအဖြစ် လွှဲအပ် ခန့်ထားတော်မူသည်။

၃။ မော်မြို့ သစ်တောလမ်း မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာကို သမားတော်ကြီး ဦးချင်း-ဇနီး ဒေါ်သန့် ရိက္ခာတော်ရ စာရေးကြီး ဦးရှင်-ဇနီး ဒေါ်တင် တို့နှင့် မြို့သူ မြို့သား အများတို့က စုပေါင်း၍

၁၃၁၆-ခုနှစ်၌ တည်ထောင်ခဲ့သည်၊ ဦးအာစာရအား နာယက ကမ္မဋ္ဌာနာစရိယအဖြစ် အုပ်ချုပ်စေခဲ့သည်။

၄။ မေမြို့ မြမာလာရပ် ရွှေစေတီ သာသနာ့ရိပ်သာကို မေမြို့ ကျောင်းဒါယကာကြီး ဦးချင်း-ဇနီး ဒေါ်သန့်အမှူးပြုသော ရပ်ကွက် ဒကာ ဒကာမတို့က အသစ်ဘီတွင် ဆောက်လုပ်၍ လှူဒါန်းကြသဖြင့် ရွှေစေတီ ဆရာတော်ဘုရားကြီးက ၁၃၂၂-ခုနှစ်၌ ဖွင့်လှစ် ပေးတော်မူသည်၊ ထိုရိပ်သာ၌ ဦးစီးအုပ်ချုပ်ရန် ဦးဥတ္တမအား နာယက ကမ္မဋ္ဌာနာစရိယအဖြစ် လွှဲအပ်ခန့်ထားတော်မူသည်။

၅။ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာကို ၁၃၂၄ ခုနှစ်၌ အသစ် တည်ထောင် ဖွင့်လှစ်ပြီးလျှင် ရွှေစေတီ ဆရာတော်ဘုရားကြီးကိုယ်တိုင်ပင် ကြီးမှူး အုပ်ချုပ်၍ စောင့်ရှောက်လျက်ရှိသည်။ ယင်းရိပ်သာ ဖြစ်ပေါ်လာပုံမှာ- စစ်ကိုင်းမြို့ အတုလဝတီ စာပုံနှိပ်တိုက် ပိုင်ရှင် ပဉ္စမကျော် ဦးကျော်မြင့်၊ ကပ်ကျေး ဆေးလိပ်ရုံပိုင်ရှင် ဦးဘအေးတို့က တိုက်တွန်းနှိုးဆော်သဖြင့် စစ်ကိုင်းမြို့ ဦးသိန်းတန်-ဇနီးဒေါ်ဖြူ၊ သား မောင်ဝင်းမြင့်တို့က (၁၀) ကေရှိသော သာသနာ့ရိပ်သာ မြေကွက်၌ ဒကာခံကာ စံကျောင်းဘော် ဆောက်လုပ်ပြီးလျှင် စတင်၍ တည်ထောင်ခဲ့ကြသည်။ ယခုအခါ ထိုရိပ်သာ၌ ကျောင်း အဆောက်အဦ ဗုဒ္ဓဂယာ မဟာဗောဓိပုံ စေတီတော်ကြီး ရေလှောင်ကန်ကြီး တို့နှင့် ကမ္မဋ္ဌာန်း ကျောင်းများ၊ ဒေါ်သန္တာစာရီ၊ ဒေါ်ရူပဝတီတို့၏ သီလရှင် စာသင်တိုက်ကျောင်းများဖြင့် အလွန် တင့်တယ်စည်ကားလျက် ရှိပေ၏။

## ဆဋ္ဌ သံဂါယနာနှင့် ရွှေစေတီဆရာတော်

ဆဋ္ဌသံဂါယနာပွဲကြီး ဆင်နွှဲရန်အတွက် ၁၃၁၄-ခုနှစ်မှ စ၍ ဇီစဉ်ခဲ့ကြသည်။ ထိုစဉ်အခါမှစ၍ ရွှေစေတီ ဆရာတော်ဘုရားသည် ပိဋကတ် ပါဠိကျမ်းစာများကို သုတ်သင်ရေးနှင့် သံဂါယနာ တင်ရေးများအတွက် ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာ ကုန်းမြေ ဇမ္ဗူဒိပကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးလျက် ဆောင်ရွက်တော်မူရသည်မှာ သံဂါယနာပွဲကြီး ပြီးဆုံးသည်အထိပင် ဖြစ်ပေသည်။ အထူးအားဖြင့် မဇ္ဈိမနိကာယ် ပါဠိတော်ကြီး (၃)ကျမ်းကို ပဋိဝိသောဓကအဖြစ် အပြီးအဆုံးတိုင်အောင် သုတ်သင်ပြင်ဆင်ရန်အတွက် ၁၃၁၆-ခုနှစ်၊ တပို့တွဲလမှ စ၍ ၁၃၂၂-ခုနှစ်အထိ ဇမ္ဗူဒိပကျောင်းဆောင်၌ ဝါကပ်လျက် ဆောင်ရွက်တော်မူခဲ့ရသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ရရှိတော်မူခြင်း

ရွှေစေတီဆရာတော်ဘုရားသည် ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များ၌ ကျွမ်းကျင်တော်မူသည့်ပြင် ဘာသန္တရဖြစ်သော သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကိုလည်း တတ်သိတော်မူသဖြင့် ဆဋ္ဌသံဂါယနာ ပွဲသဘင်နှင့် စပ်၍ ကျရောက်ရာ တာဝန်များကို ကျေကုန်အောင် ဆောင်ရွက်တော်မူခဲ့ပေသည်၊ ထို့ပြင် စာသင်သားတို့အားလည်း ပိဋကတ်စာပေများကို ပို့ချပေးတော်မူသည်။ ထို့ပြင် လူထုအား လောကီ လောကုတ္တရာ လိမ်မာယဉ်ကျေးမှုကို ရအောင် ဟောပြောနိုင်သော နိုင်ငံကျော် ဓမ္မကထိကအဖြစ်ဖြင့်လည်း ထင်ရှား ကျော်စောလျက်ရှိပေသည်။ ထိုသို့သော ဂုဏ်အရည်အချင်းများကို အကြောင်းပြု၍ နိုင်ငံတော် အစိုးရက ရွှေစေတီဆရာတော်ဘုရားကြီးအား ၁၃၂၃-ခုနှစ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းခဲ့ပေသည်။

## ကျမ်းပြုစုတော်မူခြင်း

ရွှေစေတီဆရာတော်သည် တရားဟောရေး၌ ကျွမ်းကျင်တော်မူသကဲ့သို့ ကျမ်းစာ ရေးသားမှုမှာလည်း ဝါသနာအလျောက် ကျွမ်းကျင်တော်မူပေသည်။ ထို့ကြောင့် ပါဠိဘာသာ မတတ်သော ပုဂ္ဂိုလ်များအတွက် ဥပရိပဏ္ဏာသပါဠိတော်မှ သဠာယတနသုတ္တန်တရားတော်ကို အနက်မြန်မာပြန်လျက် (သဠာယတနသုတ် ဘာသာပြန်) ဟူသော အမည်ဖြင့် ရေးသားပြုစုပြီးလျှင် ပုံနှိပ်ဝေငှတော်မူခဲ့ပေသည်။ နောင်အခါ၌လည်း အခွင့်သာလျှင် အလှူးတူပင် ရေးသားထုတ်ဝေရန် ရည်ရွယ်ချက် ရှိသေးသည်ဟု ဆို၏။

## ရာဇမုနိစေတီတော်နှင့် ရွှေစေတီဆရာတော်

ရွှေစေတီ ဆရာတော်ဘုရား၏ ဇာတိဌာန ဖြစ်သော ရွာသစ်ကြီး ရွာ၏ အရှေ့ဖက်ရွာဦး ရွာထိပ်တွင် ပျက်စီး ယိုယွင်းနေသော စေတီကြီး တဆူ ရှိသည်၊ ထိုစေတီကြီးကို သီပေါမင်းလက်ထက် သံတော်ဆင့် ဦးအောင်မင်းက ဘုရင့်ကိုယ်စား ကမ္မကတပြု၍ တည်ထားခဲ့သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက တည်ဆောက် ထားသော လူမျိုးစု ဖွံ့ဖြိုးရေး သိပ္ပံကျောင်းမှာ ထိုစေတီကြီး၏ အနီး၌ ဖြစ်၍ ယင်းကျောင်းကြီးနှင့် စေတီတော်ကြီး တည်နေပုံမှာ ပနာရလျက် အဆင်ပြေနေသည်ကို တော်လှန်ရေး အစိုးရ ဆိုင်ရာ အရာရှိတို့က မြော်မြင်မိခဲ့ကြသည်၊ ထို့ကြောင့် ယင်းစေတီ

တော်ကြီးကို ကြည်ညိုဘွယ်ဖြစ်လာအောင် ပြုပြင်မွမ်းမံရန် ဆိုင်ရာက ခွင့်ပြုခဲ့သဖြင့် တည်ဆောက်ရေး ဂေါပကအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းကြသည်။

(က) အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော် (နာယက)။
(ခ) ဗိုလ်မှူး ထွန်းမြတ် ညွှန်ကြားရေးမှူး ဖွံ့ဖြိုးရေး သိပ္ပံကျောင်း (နာယက)။
(ဂ) ဦးထွန်းအေး .... .... ဂေါပကအဖွဲ့ (နာယက)။
(ဃ) ဦးလှဘော် .... .... ။ (ဥက္ကဋ္ဌ)။
(င) ဦးစန်းမောင် .... .... ။ (အတွင်းရေးမှူး)
(စ) ဦးတင်အောင် .... .... ။ (အဖွဲ့ဝင်)
(ဆ) ဦးလှမောင် .... .... ။
(ဇ) ဦးစိန်မောင် .... .... .... ။
(ဈ) ဦးသွင် .... .... .... ။
(ည) ဦးခင်မောင် .... .... .... ။
(ဋ) ဦးသိန်းမောင် (ဒု-တိုင်းအင်ဂျင်နီယာ) ။
(ဌ) ဦးစီ .... .... .... .... ။
(ဍ) မစ္စတာဆတြာပါးလ် (ဦးစီးအရာရှိ-တ) .... ။

ထိုအဖွဲ့ကို ၁၉၆၇ ခု ဩဂုတ်လ (၁၈) ရက်၊ (၁၀) နာရီ အချိန်၌ ဖွဲ့စည်းကြသည်၊ ရွှေစေတီဆရာတော်ဘုရားသည် ယင်းဂေါပက အဖွဲ့တွင် နာယကအဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့ရသဖြင့် စေတီတော်ကြီး ကြည်ညိုဘွယ် အပြီးအဆုံးသို့ ရောက်သည်အထိ မအားမလပ် ရှိတော် မူခဲ့သည်၊ စေတီတော်ကြီး ပြုပြင်ရာ၌ ကုန်ကျစရိတ်မှာ (၁၀၀,၀၀၀) တသိန်းကျော် ဖြစ်လေသည်။

## စစ်ကိုင်းတောင်ရိုး ရွှေစေတီရိပ်သာတွင်

ယခုအခါမှာမူ ရွှေစေတီဆရာတော် ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ၌ အမြဲသီတင်းသုံးလျက် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးလျက် ညွှန်ကြားပြသခြင်း၊ ဝိပဿနာတရား ဟောပြောခြင်း၊ ပင့်လျှောက်လာသော အရပ်ရပ်အနယ်နယ်သို့ ကြွရောက်၍ တရားဟောပြောခြင်း စသော သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူလျက် ရှိပေသည်။



**မော်လမြိုင်မြို့ တောင်ဝိုင်းကလေး**

မဟာစည် သာသနာ့ရိပ်သာ

## ဆရာတော် ဦးသုဇာတ

ဆရာတော် ဦးသုဇာတ လောင်းလျာသည် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် မီးလောင်ကျွန်းရွာ ခမည်းတော် ဦးဖိ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၇၁-ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

(၇)နှစ်သားအရွယ်တွင် အစိုးရမူလတန်းကျောင်း၌ ၃-တန်းစာ သင်ကြားပြီးနောက် (၉)နှစ်သားအရွယ်တွင် တောင်ကျောင်းကြီး ဆရာတော် ဦးဝဏ္ဏထံ မိဘတို့က ပြောင်းရွှေအပ်နှံ၍ ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပဉ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်အဖြစ်သို့

ရောက်လျှင် ဆရာတော်က ရှင်တို့ကျင့်ဝတ်နှင့် ဘာသာရေးအခြေခံစာပေများကို သင်ကြားပို့ချပေးတော်မူသည်။

သက်တော် ၂၀-ပြည့်လျှင် ကျောက်ဆည်မြို့ ဝေဘူရိပ်သာ၌ သီတင်းသုံးလျက်ရှိသော ဘထွေး ဘုန်းတော်ကြီး ဦးစန္ဒာဝရထံ သွား၍ မြင်းကဘက်ရွာ ကျောင်း, သိမ်တွင် မိုးလောင်ကျွန်းရွာ ကမ်းနားကျောင်း ဆရာတော် ဦးဂန္ဓမာလာကို ဥပဇ္ဈာယ်ပြု၍ ၁၂၉၁-ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၅-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဘထွေး ဘုန်းတော်ကြီး ဦးစန္ဒာဝရထံ၌၎င်း၊ ဝါခင်းကုန်း ဗိုလ်ကျောင်း ဆရာတော် ဦးစန္ဒိမာထံ၌၎င်း၊ တောင်သာမြို့နယ် ဇောင်ကြမ်း မြို့ဘဆရာကြီး ဆရာကြွက်ထံ၌၎င်း၊ (အဂ္ဂမဟာပဏ္ဍိတ) အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ၌၎င်း၊ ဦးစရိယ၊ ဆရာတင့်၊ ဦးကေသဘတို့ထံ၌၎င်း စာပေကျမ်းဂန်များကို သင်ကြားရင်း ထိုကျောင်းတိုက်၌ ပြုလုပ်ကျင်းပသော မဝင်မနေရ စာပြန်ပွဲတွင် ဝင်ရောက်ပြန်ဆိုရာ အကျော်တန်းမှ အောင်မြင်တော်မူသည်၊

ထိုမှ တဖန်ရဟန်း ၅-ဝါ အရတွင် မန္တလေးမြို့ အရှေ့ပြင် ဝါခင်းကုန်းတိုက်ကျောင်းသို့ ပြန်ပြီးလျှင် စာချ ဓမ္မာစရိယ အဖြစ်ဖြင့် စာမေးပွဲဝင် စာသင်သားများကို စာပေပို့ချပေးတော်မူသည်။

ပရိယတ္တိဓမ္မကို ဤမျှဖြင့် အားရကြေနပ်ခြင်း မရှိသေးသော ဆရာတော် ဦးသုဇာတသည် ဘုရားကြီးတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးနာရဒထံ၌၎င်း (အဂ္ဂမဟာပဏ္ဍိတ)အဘယာရာမ ဆရာတော်ထံ၌၎င်း၊ တောင်မြို့တူးမောင်းတိုက် ဆရာတော် ဦးနန္ဒိယထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (အတိဒဇ မဟာရဋ္ဌဂုရု) ဆရာတော် ဦးသုန္ဒရ၊ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးပညာတို့ထံ၌၎င်း၊ ပိဋကတ်အခြေခံ စာပေကျမ်းဂန်များနှင့်တကွ ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို လေးလေးနက်နက် သင်ကြားအားထုတ်တော်မူသည်။ ဘာသန္တရ သက္ကတ ကျမ်းများကိုပါ ဗဟုသုတအဖြစ် သင်ကြား အားထုတ်တော်မူခဲ့သေးသည်၊

ပရိယတ္တိဓမ္မကို နည်းနိသျ ကျနစုံလင်အောင် သင်ယူလေ့လာပြီးနောက် ကျိုက်လတ်မြို့နယ် သဗြုဆိပ်ရွာ ကျောင်း၌၎င်း၊ ကျိုက်လတ်မြို့ ပုဗ္ဗာရုံတိုက် ပိဋကတ် တိုက်ကျောင်း၌၎င်း၊ စာသင်သားတို့အား စာမေးပွဲ အတွက်

ကျမ်းဂန်များနှင့် ပါဠိ အဋ္ဌကထာ ဋီကာများကို စာချ ပုဂ္ဂိုလ်အဖြစ်ဖြင့် ပို့ချပေးတော်မူသည်၊

ဤသို့ ဂန္ထဓုရကို အားထုတ်ဆည်းပူး ပြီးနောက် ပဋိပတ္တိဓမ္မ ဝိပဿနာ ဓုရကို ဖြည့်ကျင့် ဆည်းပူးရန်အတွက် ကျိုက်လတ်မှ ရန်ကုန်မြို့ အင်းစိန် မင်းကွန်းဆရာတော် ဦးဝိသုဒ္ဓထံသို့ ကြွရောက်ခဲ့သည်၊ ထိုဆရာတော် ညွှန်ပြသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို (၇) ရက် အားထုတ်တော်မူခဲ့သည်၊ တဖန် ရွှေဘိုမြို့ ပုသိမ်ကမ္မဋ္ဌာန်းဌာနသို့ ကြွရောက်၍ ထိုဆရာတော် ညွှန်ပြသည့်အတိုင်း အာနာပါန ၄-နည်းကို ပွားများ အားထုတ်တော်မူခဲ့သည်။

ထို့ပြင်လည်း အားမရ မကြေနပ်သေး၍ ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ နည်းနိဿယ ဩဝါဒခံယူ၍ သတိပဋ္ဌာန် ဝိပဿနာတရားကို တလတိတိ စနစ်တကျ ကြိုးစား အားထုတ်တော် မူခဲ့သည်၊

ထို့နောက် စစ်ကိုင်းမြို့ ဆင်များရှင်ရိပ်သာတွင် ဆရာတော် ဦးပညာဝါ (ယခု ပဲခူးရိပ်သာဆရာတော်)နှင့်အတူ သီတင်းသုံးလျက် ဆရာတော်ဦးပညာဝါက ယောဂီတို့အား ကမ္မဋ္ဌာန်းတရား မေးမြန်းသောအားဖြင့်၎င်း၊ ဆရာတော် ဦးသုဇာတက ယောဂီတို့အား ဝိပဿနာတရားကို ဟောကြားသောအားဖြင့်၎င်း ဆောင်ရွက်တော် မူခဲ့သည်။ ဆရာတော် ဦးပညာဝါ ပခုက္ကူသို့ကြွ၍ ကမ္မဋ္ဌာန်းဌာနဖွင့်လျက် တရားပြနေသောအခါ၌မူ ဆရာတော် ဦးသုဇာတ တပါးတည်းပင် ထိုဆင်များရှင်ဌာန၌ တရားဟော တရားပြ နှစ်ကိစ္စလုံးကို ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဆောင်ရွက်တော်မူရသည်။

၁၃၁၃-ခုနှစ်၌ မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ ဖွင့်ခါစ တွင်လည်း ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် သွားရောက်၍ စောင့်ရှောက်တော် မူခဲ့သည်၊ ထို့နောက် ၁၃၁၄ ခု နှစ်၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော် ဘုရားကြီးထံသို့ ရောက်လာသောအခါ ဆရာတော်ဘုရားကြီး၏ အမိန့်အရ ထိုနှစ်ဝါဆိုဦးမှစ၍ ရန်ကုန် သာသနာ့ရိပ်သာတွင် ဆရာတော် ဘုရားကြီးအား ကူညီလျက် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်း တရားကို ဟောကြား ညွှန်ပြလျက် ရှိတော်မူသည်။

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌လည်း ပါဠိတော် မြန်မာပြန်များကို ထပ်မံ၍ သုတ်သင်သော ပဋိဝိသောဓကအဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူရသည်။

## သီဟိုဠ်သို့ သာသနာပြုကြွတော်မူခြင်း

ထိုသို့ ပရိယတ် ပဋိပတ် နှစ်ရပ်လုံးအတွက် ဆောင်ရွက်နေစဉ် သီဟိုဠ်နိုင်ငံမှ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ စေလွှတ်ပေးပါရန် တောင်းပန် လာရာတွင် ဆရာတော် ဘုရားကြီး၏ စေလွှတ်ချက်အရ ဆရာတော်ဦးသုဇာတ ခေါင်းဆောင်၍ ဆရာတော်ဦးဥတ္တရာဘိဝံသ (ယခု ရန်ကုန် သရက်တောတိုက် သီတာရုံ ဆရာတော်)၊ ဆရာတော်ဦးဇဝန (ယခု ရန်ကုန် သာသနာ့ရိပ်သာ လက်သောက် ကမ္မဋ္ဌာနာစရိယ) တို့နှင့် သီဟိုဠ်နိုင်ငံသို့ ကြွရောက်တော်မူရသည်၊ ကိုလံဘိုမြို့ မာယာလမ်း ယမုနာ ခေါ် အိမ်ကြီးကို ပိုင်ရှင် ဒေါ်နီစံက-က ကျောင်းအဖြစ် လှူသဖြင့် ထိုယမုနာအိမ်ကိုပင် ဗဟိုဌာနပြု၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြားပြသလျက် ပဋိပတ္တိသာသနာ ပြုတော်မူကြရသည်။

## သီဟိုဠ်၌ ပဋိပတ္တိဌာနအခြေအနေ

သီဟိုဠ်၌ ကမ္မဋ္ဌာန်းဌာန တခု ဖွင့်လှစ်တည်ထောင်လျှင် ထိုဌာနဆိုင်ရာ အသင်းအဖွဲ့များက ယောဂီများအား အခမဲ့ ကျွေးမွေးလှူဒါန်းရသည်၊ ထိုသို့ကျွေးမွေးမှ လာရောက် အားထုတ်ကြသည်၊ မကျွေးလျှင် လာရောက် အားထုတ်သူ မရှိ၊ ကမ္မဋ္ဌာန်းဌာနတိုင်းမှာ ဤပုံချည်းပင် ဖြစ်သည်။

ပဋိပတ္တိသာသနာပြု ဆရာတော် ဦးသုဇာတတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာကြသော သီဟိုဠ်ကမ္မဋ္ဌာန်းဌာနများစွာတို့တွင် ကိုလံဘိုနှင့် (၂၀) မိုင်မျှ ဝေးကွာသော ကန္ဒုဗောဒ ကမ္မဋ္ဌာန်းဌာနသည် ရှေးအကျဆုံး အကြီးကျယ်ဆုံး အထင်ရှားဆုံး ဖြစ်သည်။ ယင်းဌာနကို ၁၃၁၇-ခုနှစ် နတ်တော်လဆုတ် ၉-ရက်နေ့တွင် စ၍ဖွင့်သည်၊ ယောဂီ ၃၀-မှ ၇၀-အထိ လက်ခံသည်၊ အသင်းက တာဝန်ယူ၍ အခမဲ့ ကျွေးသည်။

အားထုတ်ရန် လာရောက်သော ယောဂီတိုင်းပင် အိပ်ယာလိပ် (၁)၊ ပုဂံပြား (၁)၊ ဟင်းပုဂံသုံး (၁) ဤမျှကို ယူဆောင်လာခဲ့ရသည်၊ အသင်းမှ စားပွဲခုံနှင့် ထမင်း ဟင်း ပုဂံများ ထူဆောင်ထားရန် မလို၊ ဇလုံကြီးနှင့် ဇွန်းကြီးများကိုသာ ထူဆောင်ထားရသည်။

ဆွမ်းစားကျောင်း ဆောက်လုပ်ရာ၌လည်း တတ်နိုင်လျှင် အင်္ဂတေဖြင့် ခုံမြင့် အခင်း နံရံတို့ ပြုလုပ်ကြသည်၊ မတတ်နိုင်လျှင် မြေတလင်း ခြေခုံမြင့်

မြေနံရံပြုလုပ်၍ အုန်းလက်ဖြင့် အမိုးပြုလုပ်ကြသည်။ သစ်ဝါး ရှားပါးသောကြောင့် သစ်ဝါးဖြင့် မပြုလုပ်နိုင်ကြပေ။ ဆောက်လုပ်ပုံမှာ အဝင်ဘက်မှတပါး ကျန် ၃-ဘက်၌ နံရံကို ကျောပေးလျက် ထိုင်ရန် ၉-လက်မခန့် မြင့်သော အင်္ဂတေခုံမြင့် (သို့မဟုတ်) မြေခုံမြင့် လုပ်ထားကြသည်၊ ယင်းခုံမြင့်၏ အနံမှာ ၃-ပေခန့်ရှိ၍ အလျားမှာ ၃-ဘက်လုံး အပြည့်ဖြစ်သည်၊ ယင်းခုံပေါ်တွင် အုန်းဆံဖျာ ခင်းထားသည်။

ဇမ္ဗူဋ္ဌာန်းကျောင်းမှ ယောဂီများ ထမင်းစားရန် လာကြသောအခါ ကြီးစဉ်ငယ်လိုက် တန်းစီကာ ရှုမှတ်လျက် လာကြသည်၊ ကျော်၍တက်ခြင်း မရှိ။ ဥပုသ်ဇရပ်လာလျှင်လည်း နည်းတူပင် စီတန်းလာကြသည်။ သီဟိုဠ်၌ ရှေးအစဉ်အလာမှ ဖြစ်လာခဲ့သည့် အလွန်ကောင်းသော ဓလေ့ ဖြစ်ပေသည်။

ထမင်းစားရန် ထိုင်သောအခါ ခုံမြင့်ပေါ်ရှိ အုန်းဆံဖျာပေါ်၌ ထိုင်ကြသည်၊ ခြေ ၂-ဖက်ကိုမူ အောက်သမံတလင်းပေါ်၌ ချထားသည်၊ ဒူးပေါ်ပေါင်ပေါ်၌ ထမင်းပုဂံတင်၍ စားကြသည်၊ ရှေးဦးစွာ ပုဂံဆေးရန်ရေကို လေ့ကြီးဖြင့် ယောဂီများရှေ့သို့ ယူလာ၍ အစဉ်အတိုင်း ပေးသွားသည်၊ ယောဂီက မိမိပုဂံနှစ်ခုကို ထုတ်၍ ထိုရေဖြင့် ဆေးသည်၊ ထို့နောက် အခြားသူတယောက်က ထမင်းလေ့ကြီးဖြင့် အစဉ်အတိုင်း ပေးသွားသည်၊ ထို့နောက် ဟင်းလေ့များဖြင့် တမျိုးပြီး တမျိုး အစဉ်အတိုင်း ထမင်းပုဂံထဲသို့ ပုံသည့်ပေးသွားကြသည်၊ အရေသောက်ဟင်းကိုမူ ဟင်းပုဂံလုံးထဲထည့်ပေးသည်၊ ထိုပုဂံ၌ငှဲပင်စောင်း၍ သောက်ကြသည်၊ ဇွန်းကို အသုံးမပြုကြ (ဘုရားလက်ထက် ရှေးခေတ်မှ ဆင်းသက်လာသော စနစ် ဖြစ်ဟန်ရှိ၏၊ ဝန်ကျဉ်းလှသော၏။)

## ထမင်းကျွေးမွေး လှူဒါန်းပုံ

ကျွေးမွေး လှူဒါန်းနိုင်သူများက စာရင်းပေးထားကြပြီးလျှင် အလှည့်ကျဖြင့် အနီးအပါးမှ စ၍ မိုင်တရာကျော်ကပင် ဘတ်စ်ကားကြီးဖြင့် လာရောက်၍ ကျွေးမွေးလှူဒါန်းကြသည်။ ကျွေးမည့်သူ မရှိသေးသောရက်သို့ အချင်းချင်းဖြစ်စေ၊ သတင်းစာမှ ဖြစ်စေ အသင်းက ကြော်ငြာပေးသည်၊ ကုသိုလ်ရှင် မပေါ်လာသော ရက်မှာ တာဝန်ခံအသင်းက ကျွေးရသည်၊ ထိုသို့သော ရက်မှာ ကန္ဒူဗောဒဌာနအတွက် ဆိုလျှင် အလွန်နည်းသည်၊ တလအတွင်းမှာ အများဆုံးအားဖြင့် (၇) ရက် ခန့်သာရှိတတ်သည်၊ တလလုံးလုံး ကုသိုလ်ရှင် ပြည့်နေသည်လည်း ရှိသည်။

ကျွေးမွေးကြပုံမှာ အာရုဏ်၌ ဆန်ပြုတ် ကျွေးသည်၊ (၇)နာရီ၌ နံနက်စာအဖြစ်ဖြင့် အာပုံဖြစ်စေ၊ မုန့်တွန်ဆံဖြစ်စေ၊ ပေါင်မုန့်ဖြစ်စေ၊ ကော်ဖီနှင့်တကွ ကျွေးသည်၊ ငှက်ပျောသီး၊ သခွားသီး နာနတ်သီး စသည်ကိုလည်း ကျွေးသည်၊ ၉-နာရီမှာ အုန်းရေတိုက်သည်။ ၁၁-နာရီမှာ ထမင်းဟင်းနှင့် မုန့် သစ်သီး စသည်ကို ကျွေးသည်၊ ညနေ ၃-နာရီခွဲ ၄-နာရီမှာ ဘိလပ်ရေ ဖျော်ရေ နံ့စေ့ပြုတ်ရေ စသည် တိုက်ကြသည်။ ဤနည်းဖြင့် ယောဂီများကို နေ့တိုင်းလိုလိုပင် ပြုစုကြသည်၊

ပစ္စည်းရှိသူ အသက်တန်းစား ပုဂ္ဂိုလ်များသည်လည်း တရားအားထုတ်နေစဉ်မှာ ကမ္မဋ္ဌာန်းဌာနက ကျွေးသမျှဖြင့် သူများလိုပင် ရောင့်ရဲနေကြသည်၊ မညည်းညူကြပေ။ တရားဌာနမှ ထွက်သောအခါ ၎င်းတို့ကလည်း ၁-လှည့် ၂-လှည့် စသည် ကျွေးမွေး လှူဒါန်းကြပြန်သည်။ သီဟိုဠ်ကမ္မဋ္ဌာန်းဌာနများမှာ ဤပုံ ဤနည်းအတိုင်းပင် ပြုစုစောင့်ရှောက်ကြသည်။

ဆရာတော် ဦးသုဇာတသည် သီဟိုဠ်၌ ၂-ဝါနေလျက် ယောဂီပေါင်း (၁၀၀၀)ခန့်တို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်စေခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်ကြွတော်မူခဲ့သည်၊ ၁၃၁၉-ခုနှစ် ကဆုန်လတွင် ထိုင်းနိုင်ငံ ဗုဒ္ဓဇယန္တီ သံဃအစည်းအဝေးကြီးသို့ ကြွရောက်ပြီးလျှင် ပီနံ့,စက်ာပူ အရပ်များသို့ လှည့်လည်၍ ဝိပဿနာတရားကို ဘာသာပြန်အကူအညီဖြင့် ဟောကြားတော်မူခဲ့သည်။

တဖန်သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့၌ ဘာဝနာမဏ္ဍ ကမ္မဋ္ဌာန်းဌာနအသစ် ဖွင့်လှစ်ရန် ၁၃၂၀-ခုနှစ်၌ မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်သော အခါ၌လည်း နောက်ပါအဖြစ် လိုက်ပါ၍ ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် သီဟိုဠ်၌ နေရစ်လျက် ပဋိပတ္တိသာသနာကို ပြုစုတော်မူရသည်၊ တနှစ်ကျော်မျှ ကြာသောအခါ မြန်မာပြည်သို့ ပြန်ကြွခဲ့၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီးထံ၌ပင် နေတိုင်လျက် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ကျရောက်ရာ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

၁၃၀၀-ပြည့်နှစ်တွင် မန္တလေး ရတနာပုံ သာသနာ့ရိပ်သာ၌ နာယက ကမ္မဋ္ဌာနာစရိယ လစ်လပ်၍ လိုနေသဖြင့် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ထိုဌာနသို့ ကြွရောက်၍ နာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်စောင့်ရှောက်တော် မူခဲ့ရသည်။

တဖန် ၁၃၃၃-ခုနှစ်တွင် မော်လမြိုင် တောင်ဝိုင်းကလေး၌ မဟာစည် သာသနာ့ရိပ်သာအသစ် ဖွင့်လှစ်ရာ ကမ္မဋ္ဌာနာစရိယ လိုနေပြန်သဖြင့် ဆရာတော်ဘုရားကြီး၏ အမိန့်အရ မန္တလေးမှ မော်လမြိုင်သို့ ပြောင်းရွှေ့၍ ထိုတောင်ဝိုင်းကလေး မဟာစည်ရိပ်သာ၌ ၂-နှစ်တိုင်တိုင် စောင့်ရှောက် နေထိုင် တော်မူခဲ့ရသည်၊ ထိုရိပ်သာတွင် ၂-နှစ်အတွင်း၌ လာရောက် အားထုတ်ကြသော ယောဂီဦးရေမှာ (၇၅၅) ဦး ရှိကြောင်းသိရှိရသည်။

၁၃၃၅-ခုနှစ် ယခုအခါမှာမူ ဆရာတော်ဘုရားကြီး၏ အမိန့်အရ ရန်ကုန် သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရှိသည်၊



သာသနာ့ ရိပ်သာ ရန်ကုန်မြို့

## ဆရာတော် ဦးပဏ္ဍိတာဘိဝံသ

အရှင် ပဏ္ဍိတာဘိဝံသသည် သက္ကရာဇ် ၁၂၇၃-ခုနှစ်၊ ဝါဆိုလဆုတ် ၉-ရက် ကြာသပတေးနေ့တွင် မဟာရန်ကုန် (ယခင် အင်းစိန်မြို့) ဝံတား ကလေးရွာ ရွှေဘိုစု၌ ဖွားမြင်သည်။ ဦးပဏ္ဍိတ၏ မိဘများမှာ ဦးဖေ-ဒေါ်ချစ်စု ဖြစ်သည် သား သမီး (၁၀) ယောက် အနက် နဝမသား ဖြစ်သည်။

(၇)နှစ်သားအရွယ်တွင် မိဘများက ပဲခူးခရိုင် ကဝမြို့နယ် ကော့ခဲ ကျေးရွာကျောင်း ဆရာတော် အရှင်ဇာဂရထေရ်ထံတွင် အပ်နှံ၍ သူငယ် တို့တတ်သင့်သော ပညာတို့ကို သင်ကြားစေသည်။ ကျောင်းသားအရွယ် ကပင် ပဲခူးခရိုင် ကဝမြို့နယ် အုန်းရွာ ဒက္ခိဏာရုံ ရွှေကျင်တိုက် ပရိယတ္တိ အသင်း စာပြန်ပွဲတွင် ပဌမငယ်နှင့် ပဌမလတ်တို့ကို ပြန်ဆိုအောင်မြင်ခဲ့လေ သည်၊(၁၂)နှစ်သားအရွယ်သို့ ရောက်သောအခါ ဆရာတော် အရှင်ဇာဂရ ထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သာမဏေဘဝဖြင့် ကော့ခဲ

ရွာကျောင်း စာချဆရာတော် အရှင်ဂန္ဓောဒယထံ၌ ပိဋကတ်အခြေခံ ဖြစ်သော ဝိသုဒ္ဓါရုံကစ္စည်း- သုဘ်စဉ်-သုတ်နက်- အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို သင်ကြားခဲ့သည်။

အသက်(၁၇)နှစ်အရွယ်တွင် ဆရာတော်အရှင်ဇာဂရထေရ်၏ စေလွှတ်ချက်အရ ပဲခူးခရိုင် ကျောက်တန်းကျေးရွာ မဟာဗောဓိတောရ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး အရှင် ကေလာသမဟာထေရ်ထံ၌ ရောက်ရှိလျက် မဟာဗောဓိတောရတိုက်ခမ္မကထိက တိုက်အုပ်ဆရာတော် အရှင် ပဏ္ဍဝ၊ ဂဏာဝါစကချေးဖြစ်သော အရှင်နန္ဒိယ၊အရှင် ပညာသိရီ၊ အရှင် ဩဘာသ တို့ထံတွင်နေ့ဝါ-ညဝါ ဆိုင်ရာကျမ်းစာများကို ဆက်လက်သင်ကြားခဲ့သည်၊ ဤသို့သင်ကြားနေရင်း ကျောက်တန်း မဟာဗောဓိတောရတိုက် ပရိယတ္တိ အသင်း စာပြန်ပွဲတွင် ပဌမကြီးတန်းကို ဝင်ရောက် ပြန်ဆို အောင်မြင်ခဲ့လေသည်၊

ရှင်ပဏ္ဍိတ သည် အသက်(၂၀)ပြည့်သောအခါ (၁၃၀၂)ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုးဟန်-ဒေါ်သောင် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မဟာဗောဓိတောရတိုက် ခဏ္ဍသိမ်တော်ကြီး၌ ကျေးဇူးတော်ရှင် မဟာဗောဓိ တောရဆရာတော် ဘုရားကြီးကိုပင်ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လေသည်၊ ရဟန်းဖြစ်ပြီး (၁၀) လ အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာရာ စစ်ဘေးဒဏ်ကြောင့် ပရိယတ်သင်ကြားရေးမှာ ထင်သလောက် ခရီးမရောက်လှချေ၊ စစ်ပြီးကာလ ရဟန်း(၃)ဝါရသောအခါ ရန်ကုန်မြို့ သင်္ဃန်းကျွန်း ကျိုက္ကစံရွှေကျောင်တိုက်သစ်(ကျောက်တန်းမဟာဗောဓိဘိုက်ခွဲ) ကျေးဇူးရှင် ဆရာတော် အရှင်သုစိန္တနှင့် ဂဏဝါစက အရှင်ဆန္ဒာဓိကတို့၏ ထံ၌ အဘက်တန်းပါဠိအဋ္ဌကထာ- ဋီကာစသည့်နေ့ဝါ ညဝါကျမ်းစာဘို့ကို ဆက်လက်လေ့လာအားထုတ်နေစဉ် ဒုတိယကမ္ဘာစစ်ပြီးရာ(၁၃၀၇)ခုနှစ်အချိန်အခါ၌ ရှေးဦးအစ ကျင်းပသောအစိုးရပါဠိပဌမပြန် စာမေးပွဲတွင် ပဌမလတ်တန်းကိုလည်း၊ (၁၃၁၉) ခုနှစ်တွင် ပဌမကြီးတန်းနှင့် စေတိယင်္ဂဏပရိယတ္တိ သီးခြား စာသင်တန်းတို့ကိုလည်း၊ ဆက်ကာဆက်ကာ ဖြေဆိုအောင်မြင်လေသည်၊

ယင်းသို့ မိမိအတွက် တဘက်မှ စာပေလေ့လာနေစဉ် အခြားတဘက်မှလည်း စာသင်သားများအား အကူစာချအဖြစ်ဖြင့် စာပေပို့ချယင်း အချိန်ကို ကုန်လွန်စေခဲ့သည်၊ (၁၃၁၀) ခုနှစ်တွင် ပင်ပန်းလွန်းအားကြီး၍ ၁-နှစ် စာဖြေ အနားယူပြီး ကျိုက္ကစံ ရွှေကျောင်တိုက်သစ်ဆရာတော် ညွှန်ကြားချက်အရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ပြောင်းရွှေနေထိုင်ပြီး

ဇီးပင်ဆရာတော် အရှင်သုဇာတထေရ်ကို မှီခိုလျက် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် အရှင်ကောသလ္လ, ဂဏာဝါစကများဖြစ်ကြသော အရှင်အာနန္ဒပဏ္ဍိတ (ဗာရာဏသီဆရာတော်), အရှင်သုဝဏ္ဏဇောတိ စသော မဟာထေရ်တို့ထံမှ၎င်း၊ မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကြီးနှင့်တကွ ပဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ, အရှင်ဝိစိတ္တာဘိဝံသ, အရှင် စန္ဒောဘာသာဘိဝံသတို့၏ ထံမှ၎င်း၊ စာချတန်းဆိုင်ရာ အထက်တန်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ဆက်လက်လေ့လာ ဆည်းပူးခဲ့လေသည်။

ရန်ကုန်မြို့ ခြောက်ဆပ်ကြီး ဘုရားကြီးတိုက်မှ၎င်း၊ ဆရာကြီး ဦးအောင်မြတ်ထွန်း (အရှင် အာဒိစ္စဝံသ) ထံမှ၎င်း၊ နိကာယ်အချို့ကို လေ့လာခဲ့သည့် အပြင် အထူးသဖြင့် သံလျင်သပြေကန် ဓမ္မကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသ (သိရေမဏ်ဘွဲ့နှင့် ပရိတ်ကြီး နိသျသစ် ကျမ်းပြုဆရာတော်) ထံမှ၎င်း၊ စာချတန်းဆိုင်ရာ နည်းနာတို့ကိုလည်း လေ့လာဆည်းပူးခဲ့လေသည်။

ယင်းသို့ အထက်တန်းစာပေတို့ကို ထင်ရှားသော ဆရာအမျိုးမျိုးတို့ထံမှ လေ့လာဆည်းပူးလျက် အစိုးရဓမ္မာစရိယတန်းနှင့် စေတိယင်္ဂဏစာချတန်းတို့ကို ၁၃၁၁- ခုနှစ်ကစ၍ ဖြေဆိုရာ ၁၃၁၃- ခုနှစ်တွင် (သိရီပဝရဓမ္မာစရိယဘွဲ့နှင့် သာသနဓဇသိရီပဝရဓမ္မာစရိယနှစ်တန်းနှင့်)၁၃၁၄-ခုနှစ်တွင် စေတိယင်္ဂဏ စာချတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့လေသည်၊ လေ့လာပြီးသော ပရိယတ္တိနောက်ဘွဲ့သက်တွေ့ထိရောက်အောင် ပဋိပတ္တိလိုက်နိုင်မှသာ ဗုဒ္ဓသာသနာတော်မှာ ထောက်တည်ရာ ရလိမ့်မည်ဟု ယုံကြည်ရင်း၍သည့်အတိုင်း ၁၃၁၂- ခုနှစ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးထံသို့ ချဉ်းကပ်ပြီး ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာ ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရ(ယခုဝါးခယ်မမြို့သာသနာ့ရိပ်သာ နာယကဆရာတော်)၏ ညွှန်ကြားနည်းပေးမှုအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိလုပ်ငန်းကိုလည်း ကြိုးပမ်း အားထုတ်ခဲ့လေသည်။

၁၃၁၂- ခုနှစ်မှစ၍ ကျေးဇူးရှင် ကျိုက္ကစံ ရွှေကျင်တိုက်သစ် ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ တိုက်တွင်း စာချတာဝန်ကို အားလုံးယူ၍ ပရိယတ္တိ သာသနာလုပ်ငန်းကို ဆောင်ရွက်နေစဉ် ၁၃၁၆- ခုနှစ်တွင် ဆဋ္ဌသံဂါယနာတင်ကိစ္စ ပါဠိဝိသောဓက ကိစ္စတို့ကိုလည်း ဆောင်ရွက်ခဲ့လေသည်၊ ၁၃၁၇-ခုနှစ် နယုန်လတွင် တိုက်တာစာချတာဝန်တို့ကို ချထားခဲ့ပြီး သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းကို ထပ်မံ၍ ဆက်လက်လေ့လာ ဆည်းပူးရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ရောက်လာပြီး ဆရာတော်ဘုရားကြီး ပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်လေသည်။

၁၃၂၀-ခုနှစ်၊ နတ်တော်လဆုတ် ၁၂-ရက်နေ့တွင် သီဟိုဠ်နိုင်ငံ ကိုလံဘို မြို့၌ ကမ္မဋ္ဌာန်းဌာနသစ် ဖွင့်လှစ်ရန်အတွက် ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီးသည် အိန္ဒိယ, သီဟိုဠ်သို့ကြွသွားတော်မူစဉ်က အရှင်ပဏ္ဍိတ ကို သီဟိုဠ်နိုင်ငံ ပဋိပတ္တိသာသနာပြုအဖွဲ့ဝင် အဖြစ်ဖြင့် ခေါ်သွားသည်၊ ထိုအခါက အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓမြတ်စွာနှင့် စပ်ဆိုင်သော အရပ်ဒေသများသို့ ဘုရားဖူး လှည့်လည်ယင်း သွားရောက်ခဲ့ရသဖြင့် အရှင် ပဏ္ဍိတာဘိဝံသမှာ သာသနာရေးဆိုင်ရာ ဒေသန္တရဗဟုသုတများကို ဆည်းပူးခွင့်ရခဲ့ပေသည်။

သီဟိုဠ်နိုင်ငံတွင် ပဋိပတ္တိ သာသနာပြု လုပ်ငန်းကို ဆရာတော်ဘုရား ကြီး၏ ဩဝါဒအတိုင်း ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ သုံးနှစ်နီးပါး ဆောင်ရွက်နေဆဲမှာပင် ကျန်းမာရေး မပြည့်စုံသဖြင့် မြန်မာပြည်သို့ ပြန် ရောက်လာပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ထံမှာ ပင် ဆန်းကျယ်နက်နဲလှသော ပရိယတ္တိ- ပဋိပတ္တိ နည်းနိသျှများကို ကိုယ် တိုင်လည်း ဆက်လက်ဆည်းပူးယင်း ဆရာတော်ဘုရားကြီးထံ နည်းခံ၍ အားထုတ်ရန် လာရောက်ကြသော ရဟန်းတော် ယောဂီများနှင့် အမျိုး သား ယောဂီများအားလည်း ဆရာတော်ဘုရားကြီး၏ ကိုယ်စား ဟောကြား ညွှန်ပြလျက်ရှိနေပေသည်၊

ဆရာတော် ဦးပဏ္ဍိတာဘိဝံသသည် ရန်ကုန် သာသနာ့ရိပ်သာ နာယက တပါးဖြစ်၍ ဆရာတော်ဘုရားကြီး၏ အစီအစဉ်အရ မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ၌ စောင့်ရှောက် နေထိုင်ရန် အလှည့်ကျသောကြောင့် ယခုအခါ ၁၃၃၅-ခုနှစ်မှာ ရတနာပုံသာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်လျက် သတိပဋ္ဌာန်ဝိပဿနာ ပဋိပတ္တိသာသနာကို ပြုစုလျက်ရှိပေသည်။



သာသနာ့ရိပ်သာ ရန်ကုန်မြို့
ဆရာတော် ဦးသံဝရ

ဆရာတော် ဦးသံဝရ လောင်းလျာသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ခမည်းတော် ဦးဘိုးဆိုင်-မယ်တော် ဒေါ်အေးရင် တို့မှ ၁၂၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၇)ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

(၇) နှစ်သားအရွယ်မှ စ၍ ရွာဦးရှိ အင်ကြင်းပင်ကျောင်း ဆရာတော်ဘုရားကြီးထံ၌ သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ယူ ခဲ့သည်၊ ၁၂၈၆ ခုနှစ် ဝါဆိုလပြည့်အဖိတ်နေ့တွင် ထိုဆရာတော်ဘုရားကြီးထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ၁၂၈၇ ခုနှစ်မှ ၁၃၀၀- ပြည့်နှစ်အထိ စစ်ကိုင်းမြို့ မင်းစံရပ် ရွာဆောင်ဘိုးကျောင်းဆရာတော်ထံ၌ ပိဋကတ်အခြေခံစာပေများကို သင်ယူခဲ့သည်၊ ၁၃၀၁-၂ ခုနှစ်များတွင် နောင်တော်အရင်း ဦးသုန္ဒရနှင့်အတူ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် ဘွားတော်ကျောင်း၌နေ၍ အလယ်တိုက်ကြီး (အဂ္ဂမဟာပဏ္ဍိတ) စံကျောင်းဆရာတော်ဘုရားကြီးနှင့်နောင်တော် ဦးသုန္ဒရတို့ထံမှာ ပိဋကတ်အခြေခံ စာပေများကို ဆက်လက်၍ သင်ယူခဲ့သည်။

၁၃၀၂-ခုနှစ် နှောင်းတန်ခူးလဆန်း (၆)ရက်နေ့တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မန်းကျည်းတံရွာ ဦးစိန်-ဒေါ်ဖွားလှိုင် သားသမီးတစုတို့၏ပစ္စယာနုဂ္ဂဟနှင့် ကမ္မဋ္ဌာနာစရိယာသံဃာတော်၏ ဓမ္မာနုဂ္ဂဟကို ခံယူလျက် ကျိုက်လတ်မြို့ ပုဗ္ဗာရုံ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာသနာ့ဝန်လမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် မန်ကျည်းတံရွာအနီး သူကောင်းမင်းရွာကျောင်း၌ နေလျက် ဆရာတော်ဦးတိဿ (ယခု ဝက်လက်မြို့ မစိုးရိမ်ဆရာတော်) ထံတွင် ပိဋကတ်အခြေခံ စာပေများကို ဆက်လက် သင်ယူခဲ့သည်။ ၁၃၀၃-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး အောင်မြေသာစည် ချောင်၌ ဝါဆို၍ မစိုးရိမ်ဆရာတော်ထံမှာပင် ဆက်လက်သင်ယူခဲ့သည်။ ဝါကျွတ်သောအခါ ဒုတိယကမ္ဘာစစ် အရှိန်ကြောင့် ဇာတိရပ်မြေသို့ပြန်၍အင်ကြင်းပင် ကျောင်းမှာပင် ဝါဆိုနေသည်၊ ထိုစဉ်အခါက တောဝါကပ်လျက်ရှိသော မွေ့တော်ရင်တောကျောင်း ဆရာတော်ဦးတိဿ (ယခု ဝက်လက်မစိုးရိမ်ဆရာတော်) ထံ၌ဝိနည်းငါးကျမ်းကို အထူးဂရုစိုက်၍ သင်ယူခဲ့သည်။

၁၃၀၇-ခုနှစ်မှ ၁၃၁၀-ခုနှစ်အထိ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကိုက် ဇမ္ဗူမော်မင်္ဂလာအုဋ်ကျောင်း၌ နေ၍ ကျေးဇူးတော်ရှင် ဇမ္ဗူမော်ဆရာတော်၊ စည်ရှင်အသောကာရုံဆရာတော်၊ ပိုက်ကျုံးဆရာတော်၊ ယခု ပြည်မြို့ဗာရာဏသီဆရာတော်၊ ယခု ရန်ကုန်မြို့ဗဟန်းဝိသုဒ္ဓါရုံဆရာတော်တို့ထံ၌ ပိဋကတ်စာပေပညာများကို သင်ယူရင်း အစိုးရ စာမေးပွဲငယ်-လတ်-ကြီးနှင့် စာချတန်းကို ဂုဏ်ထူးပါအောင်မြင်၍ (သာသနဓဇသိရီပဝရဓမ္မာစရိယ) ဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့သည်။

၁၃၁၀-၉-ခုနှစ်များတွင် စစ်ကိုင်းတောင်ရိုး တောင်ရေဦး အနောက်တိုက်ကြီး၌ ဝါ ၃ ဝါ သီတင်းသုံးလျက် စာပေကျမ်းဂန်များကို ပို့ချကာ ပရိယတ္တိသာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၂၀-ပြည့်နှစ်မှ ၁၃၂၄-ခုနှစ်အထိ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ပိတောက်ချုံနှင့် ရွာသစ်ရွာ ဒကာ ဒကာမတို့၏ ပင့်လျှောက်ချက်အရ ထို၂-ရွာ ဆိုင်ရာ သန္တိဗ်ကျောင်းတွင် ကျောင်းထိုင် ဘုန်းကြီးအဖြစ်ဖြင့် သီတင်းသုံးလျက် ကလေးသူငယ်များအား ပညာသင်ကြားပေးရင်း ပတ်ဝန်းကျင်မှတရားဟောပင့်လာသည်ကို နှေးညည့်မရှေး လက်ခံ၍ ဒကာ ဒကာမတို့အား ဗုဒ္ဓသာသနာဆိုင်ရာ အသိအလိမ္မာဉာဏ်ပေးကာ တရားဟောပြောလျက် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊

## ပဋိပတ်ဘက်သို့ ရောက်ပုံ

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်၌ စာသင်နေစဉ်က ဦးလေးတော်များ ဖြစ်ကြသော ဦးဖိုးအီ ဦးညာဏ်ပွင့် တို့၏ ပင့်လျှောက်ချက်အရ ဇာတိရွာ အင်ကြင်းပင်သို့ ပြန်သွားသည်၊ ဦးလေးများက ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မဟာစည်ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်၍ အားထုတ်ခဲ့ကြကြောင်း၊ အလွန် ကောင်းကြောင်းများကို ပြော၍ တရားအားထုတ်ရန် တိုက်တွန်းကြသည်။ အားထုတ်ပုံကို မေးကြည့်သောအခါ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ် ရကြောင်း လောက်သာ ပြောနိုင်၍ သိလိုသော အချက်အလက်များကိုမူ မပြောနိုင်ကြ။ ထို့ကြောင့် သဘောမပေါက် စိတ်မဝင်စားသဖြင့် သူတို့ လျှောက်ထားသည်ကို ဂရုမစိုက်ပဲ မန္တလေးသို့ ပြန်၍ နေမြဲသာ နေခဲ့ လေသည်။

ထိုဒကာများက ဦးသံဝရအားတရားအားထုတ်အောင် တိုက်တွန်းပေးရန် အင်ကြင်းပင် ဆရာတော်အား လျှောက်ကြသည်။ ဆရာတော်က ငါကိုယ်တိုင် အားထုတ်ကြည့်ဦးမည်၊ ငါသဘောကျယင် တိုက်တွန်းပေးမည်ဟုပြောကြား ပြီးလျှင် စစ်ကိုင်းမြို့ ဆင်များရှင် သာသနာ့ရိပ်သာသို့ သွား၍ အားထုတ် တော်မူလေသည်၊ ထိုစဉ်ကာလက (ယခု ရန်ကုန် သာသနာ့ရိပ်သာ၌ နည်း ပြဆရာတော်ဖြစ်သော) ဆရာတော် ဦးသုဇာတက ထိုဆင်များရှင် ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဟောပြောညွှန်ပြနေခိုက် ဖြစ်သည်။ သို့ဖြစ်၍ ဆရာတော် ဦးသုဇာတ၏ ညွှန်ပြချက်အတိုင်း အားထုတ်၍ တရားကို ကောင်းကောင်းသဘောကျပြီးနောက် အင်ကြင်းပင် ကျောင်းသို့ ပြန်ကြွ လာတော်မူခဲ့လေသည်။ ထိုအခါမှာ အင်ကြင်းပင်ဆရာတော်က ဦးသံဝရ ကို ခေါ်၍ တရားအားထုတ်ရန် တိုက်တွန်းတော်မူသည်၊ ဦးသံဝရက သိလိုသောအချက်များကို မေးသည်၊ အင်ကြင်းပင် ဆရာတော်က ဖြေရှင်း ပြသည်။ ထိုအခါ ဦးသံဝရက သဘောကျ၍ အင်ကြင်းပင် ဆရာတော် ညွှန်ပြသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာ အလုပ်ကို စ၍ အားထုတ်ခဲ့ လေသည်၊ အင်ကြင်းပင်ရွာမှ ဒကာ ဒကာမများလည်း ငါးဆယ်ကျော် လောက် အားထုတ်ကြသည်။ ၁၄-ရက်လောက် အားထုတ်မိသောအခါ အင်ကြင်းပင် ဆရာတော်က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပ- ဒု နှစ်အုပ်ကို ဖတ်ပို့ပေးတော်မူသည်၊ ထိုစာအုပ်များ ကို ဖတ်ကြည့်ရာ ကိုယ်တွေ့နှင့် ကိုက်သည့် အချက်များကို တွေ့ရ၍ ဝမ်း မြောက်ဝမ်းသာဖြစ်မိသည်၊ သို့သော် အပြည့်အစုံ အားရခြင်းကား မရှိသေး ဟု ဆိုသည်။

ဝိပဿနာရှုနည်း ကျမ်းများကို ကြည့်ရှုပြီးသောအခါ ဦးသံဝရမှာ မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ဆည်းကပ်လျက် အားထုတ်လိုသော စိတ်ဆန္ဒများစွာပင် ဖြစ်ပေါ်ခဲ့သည်၊ သို့သော် ပရိယတ္တိ စာပေသင်ကြားမှုက မပြည့်စုံသေးသောကြောင့် မန္တလေးသို့ပင် ပြန်သွား၍ ဆက်လက်သင်ကြားလျက် နေခဲ့ရသေးသည်၊ ထိုသို့ စာသင်ပြီးနောက် သန့်စင်ကျောင်း၌ သီတင်းသုံးနေထိုင်လျက် တရားဟောပြောနေစဉ်တွင် အားထုတ်လိုသော စိတ်ဆန္ဒများ ထက်သန်စွာ ဖြစ်ပေါ်လာပြန်သောကြောင့် ၁၃၂၄-ခုနှစ် နတ္တော်လဆန်း ၆-ရက်နေ့၌ သန့်စင်ကျောင်းမှ တိတ်တဆိတ် ထွက်ခွာခဲ့ပြီးလျှင် ကျောက်ဆည်ခရိုင် အနောက် ရွာနန်းရွာ ဦးပွ-ဒေါ်မေတို့၏ လယ်တောထဲမှာ တဲကျောင်းကလေး၌ ဘုန်းကြီးဦးဇနကနှင့်အတူ နေလျက် မဟာစည် သတိပဋ္ဌာန်နည်းအရ ရှုမှတ်အားထုတ်နေခဲ့သည်။ ထင်ရှားသော မဟာစည်ဌာနကြီးများသို့ မသွားမူ၍ ထိုလယ်တောအရပ်၌ အားထုတ် နေခြင်းမှာ အရညကတောဝါ-ဟူသော ပါဠိအရ အထူးဆိတ်ငြိမ်သော တောအရပ်၌ အားထုတ်မှ တရားထူးကို ရလွယ်မည် ထင်မြင်သောကြောင့် ဟု ဆိုသည်။

ထိုသို့ အားထုတ်နေစဉ် တရံတခါ၌ တကိုယ်လုံး လင်းနေသည်ကိုရင်း၊ တကျောင်းလုံး လင်းနေသည်ကိုရင်း၊ အကာအရံများပျောက်ပြီး ဟင်းလင်း ပြင်ထဲ ရောက်နေသလို ဖြစ်နေသည်ကိုရင်း တွေ့ရသည်၊ ထိုဖြစ်ပုံများကို ရှုမှတ်လိုက်သောအခါ ပျောက်ပျောက်သွားသည်ကိုလည်း တွေ့ရသည်၊ တခါတရံ ကိုယ်ပုံသဏ္ဌာန်ကြီး ပျောက်ပြီး အသိစိတ်ကလေး တခုတည်းသာ ထင်ပေါ်နေသည်၊ တခါတရံမှာ အလွန် သိမ်မွေ့နေသည်ကိုလည်း တွေ့ရသည်၊ ထိုစဉ်အခါက ရွာထဲ၌ တင်ုတခု အထူးဖြစ်ပုံကို တရားရှုမှတ်နေရင်း ထင်မြင်ပြီး သိရသည်၊ ကျောင်းသို့လာ၍ လူရန်ကြံသည်ကိုလည်း တရား ရှုမှတ်နေရင်း သိရသည်၊ ထို့ကြောင့် အဘိညာဉ်ကို ရပြီဟူ၍ အထင်ကြီး မိခဲ့လေသည်၊ အမှန်မှာမူ အဘိညာဉ်ကား မဟုတ်ပေ ဝိပဿနာ ဉာဏ် နုစဉ်၌ သမာဓိ၏အစွမ်းဖြင့် မြင်ခြင်း, သိခြင်းမျှသာ ဖြစ်သည်၊ ဝိပဿနာ ဉာဏ် ရင့်လာသောအခါ၌မူ ထိုသို့သော အထင်အမြင်များ မရှိတော့ဘဲ အဖြစ်အပျက်ကိုသာ သန့်ရှင်းစွာ သိသိသွားတော့သည်၊ ဤသို့သောဖြစ် တဘ်ပုံ အကြောင်းအရာများကို ဆရာသမားနှင့် လက်ထပ်အားထုတ်သော အခါကျမှ အမှန်အတိုင်း သိရသည်ဟု ဆိုသည်။

၁၃၂၅-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂-ရက်နေ့၌ ဦးသံဝရသည် ကျောက်ဆည်မှ မန္တလေးသို့ လာခဲ့သည်၊ အကြောင်းမှာ- မဟာစည်ဆရာ တော်ဘုရားကြီး၏ တရားပွဲရှိကြောင်း ကြားရ၍ တရားနာရန်ပင် ဖြစ်သည်။

ထိုတရားပွဲ၌ မိမိ၏ဆရာရင်း ဖြစ်သော ဝက်လက် မစိုးရိမ် ဆရာတော်က မဟာစည်ဆရာတော်ဘုရားကြီးထံ အပ်နှင်းတော်မူလိုက်သဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်အတူ ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်လာခဲ့ပေသည်။ ၁၃၂၅-ခုနှစ် နတ်တော်လဆန်း ၃-ရက်နေ့မှ စ၍ ဆရာတော်ဘုရားကြီး ထံမှ ဩဝါဒကို ခံယူပြီးလျှင် ကမ္မဋ္ဌာန်းနည်းပြဆရာတော် ဦးပဏ္ဍိတ၏ညွှန် ကြားပြသမှုဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားကို ဆက်လက်ပွားများ အား ထုတ်လာခဲ့ရာ တပို့တွဲလဆုတ် (၇) ရက်နေ့၌ ဉာဏ်စဉ်တရားတော်ကို နာရ လေသည်။

ဉာဏ်စဉ် တရားတော်ကို နာရသောအခါ အားထုတ်စဉ်က ကိုယ်တိုင် တွေ့များနှင့် ကိုက်ညီနေသည်ကို များစွာပင် တွေ့ရသောကြောင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်၊ သူတပါးတို့အားလည်း မိမိကဲ့သို့သိအောင် ဟောပြောလိုသော စိတ်ဆန္ဒ များစွာ ဖြစ်ခဲ့သည်၊ နောက်တနေ့မှစ၍ သတိ ပဋ္ဌာန် ဝိပဿနာလုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်း မှတ်စုများကို ရှာ၍ လေ့ လာမှတ်သားခဲ့သည်၊ ဆရာတော် ဦးသုဇာတ၏ ကမ္မဋ္ဌာန်းမေးစစ် ပုံပြင် ဟောပြောမှုတို့ကို ၆-လလောက် နာကြား လေ့လာခဲ့သည်။

ထို့ပြင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဝိသုဒ္ဓိမဂ် အဋ္ဌက ထာနှင့် ဋီကာကို ပို့ချရာ၌ လိုက်၍ နာယူသည့်အပြင် မဟာဋီကာ နိဿယ ရေးသားပြုစုရာ၌ရင်း၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကို ရေးသားပြုစုရာ၌ရင်း တိုက် ပရိုက်ဖြင့် ရိုက်လျက် ကူညီဆောင်ရွက်ခဲ့သည်။

၁၃၂၆-ခုနှစ် နတ်တော်လဆန်း ၉-ရက်နေ့မှစ၍ ဆရာတော်ဘုရားကြီး၏ အမိန့်အရ တရားပြ လက်ထောက်ကမ္မဋ္ဌာနာစရိယ တာဝန်ကိုယူ၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် အမျိုးသမီး ယောဂီတို့အား ဝိပဿနာ လုပ်ငန်းတရားကို ဆရာတော်ဘုရားကြီး၏ ကိုယ်စား ဟောကြား ညွှန်ပြနေသည့်ပြင် ပဋိပတ္တိ သာသနာ ပြန့်ပွားရေးအတွက် မဟာစည် ဓမ္မကထိက အဖွဲ့ဝင်အဖြစ်ဖြင့် နယ်လှည့်၍လည်း တရားဟောခဲ့ပေသည်။

ထို့ပြင် ဆရာတော် ဦးသံဝရသည် မန္တလေးမြို့ ရတနာပုံရိပ်သာနှင့် မော် လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာတို့၌ ရန်ကုန်ရိပ်သာမှ ကမ္မဋ္ဌာနာစရိယများ အလှည့်ကျအားဖြင့် စောင့်ရှောက်ကြရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ စီမံချက်အရအားဖြင့် ၁၃၃၃-၄ ခုနှစ်တို့၌ မန္တလေး မြို့ စိန်ပန်းရပ် ရတနာပုံသာသနာ့ရိပ်သာမှာ ဝါကပ်လျက် ပဋိပတ္တိသာသနာ့



သာသနာ့ရိပ်သာ ရန်ကုန်မြို့

ဆရာတော် ဦးဇဝန

ဆရာတော် ဦးဇဝန လောင်းလျာသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ခတ္တိယရွာ ကုန်သည်ကြီး ဦးစစ်ပိုး-ဒေါ်သာလိတို့မှ ၁၂၆၇-ခုနှစ်

---

ဝန်ကို အားသွန်ခွန်စိုက် နှစ်ခြိုက်စွာ ဆောင်ရွက်ခဲ့ပေသည်၊ ယခု ၁၃၃၅-ခုနှစ် နယုန် လဆုတ်မှစ၍ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ၌ လာရောက်အားထုတ်ကြသော ယောဂီတို့အား ဝိပဿနာလုပ်ငန်းတရားကို ဟောကြားညွှန်ပြလျက် ပတ်ဝန်းကျင် အရပ်များသို့လည်း ကြွရောက် ဟောပြောလျက် ပဋိပတ္တိသာသနာတော်ကို ပြုစုတော် မူလျက် ရှိပေသည်၊ ၁၃၃၃-ခုနှစ် မှစ၍ ဖွင့်လှစ်သော မော်လမြိုင် တောင်ဝိုင်းကလေး သာသနာ့ရိပ်သာ၌ လာရောက်အားထုတ်ကြသော ယောဂီဦးရေမှာ (၈၁၀)ရှစ်ရာကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ကော်သလဉ်းလဆန်း ၁-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၆-နှစ်သားအရွယ် ငယ်စဉ်ကပင် မူလတန်းကျောင်း၌ ပညာသင်၍ စတုတ္ထတန်းအထိ ရောက်ပြီးနောက် ၁၁-နှစ်သားအရွယ်တွင် ပန်းတနော်မြို့ လယ်ပေါ်ကျောင်းတိုက် ဆရာတော် ဦးဓမ္မသာမိထံ၌ ရှင်သာမဏေပြု၍ ဗုဒ္ဓဘာသာ အခြေခံစာပေများကို ၃-နှစ်ခန့် သင်ယူခဲ့ဘူးသည်။ ထို့နောက် ၁၄ နှစ်သားအရွယ်တွင် ပန်းတနော်မြို့ ဗုဒ္ဓဘာသာ အင်္ဂလိပ် မြန်မာအထက်တန်းကျောင်း၌ (၈)တန်း အထိ လူဝတ်နှင့် ပညာသင်ကြားခဲ့သည်။

အသက် ၂၁-နှစ်အရွယ်ဘွင် ပန်းတနော်မြို့နှင့် မော်လမြိုင်ကျွန်းမြို့များ၌ အလယ်တန်းပြ အင်္ဂလိပ် ကျောင်းဆရာအဖြစ် ဆောင်ရွက်နေရင်း ၂-နှစ်ခန့်အတွင်းမှာ ၁၀-တန်းပညာကို ဆည်းပူးခဲ့သည်။ ထို့နောက် ရောဝတီ ဖသိုတီလာကုမ္ပဏီတွင် စာရေးအဖြစ်မှ စ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ၁၄-နှစ်အတွင်းမှာ ကိုယ်စားလည်အဖြစ် အာ်စပိတ်တော်အဖြစ်ထိ အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်၊ ထိုသို့လုပ်ကိုင်နေစဉ် အသက် ၃၆ နှစ်အရွယ်မှာ ငယ်ငယ်က ၃ နှစ်ခန့် ရှင်သာမဏေအဖြစ်နှင့် နေခဲ့ဘူးသော အထုံဝါသနာကြောင့် လောကထဲမှာ ငြီးငွေ့၍ သံသရာမှ လွတ်မြောက်ရန် တရားကျင့်သုံးလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့လေသည်၊ ထိုအတောအတွင်းမှာ ဇနီးဖြစ်သူ ပျက်စီးသွားသောကြောင့် စိတ်ပူလောင်မှု ဆင်းရဲဒုက္ခကို များစွာ ခံစားခဲ့ရလေသည်။ ထိုအခါ "ငယ်သေးသည်၊ အရွယ်ကောင်းသေးသည်" ဟု အရွယ်ကို အားကိုး၍ လူ့ဘောင်၌ ဆက်လက်နေလျှင် ဒီထက် ပူလောင်သော မီးတွေကိုလည်း ထပ်ခါထပ်ခါ တွေ့ရချေမည် စသည်ဖြင့် ဆင်ခြင်၍ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်သို့ သွားရောက်နေထိုင်ခဲ့သည်၊ အခွင့်နှင့် တလမျှ နေပြီးနောက် အလုပ်မှ ထွက်စာတင်၍ ရှိသမျှ ပစ္စည်းများကိုလည်း သာသနာအတွက် စွန့်လှူပြီးလျှင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့လေသည်။

၁၃၀၃-ခုနှစ်၌ မဟာဂန္ဓာရုံချောင် ဝိပဿနာဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်။ ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက်ဖြင့် "ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးထံ၌" ဝတ်ကြီး ဝတ်ငယ်ပြုလျက် (၅) နှစ်ပတ်လုံး ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

ထိုနောက် ပန်းတနော်မြို့ လယ်ပေါ်ကျောင်းသို့ ပြန်၍ နေထိုင်လျက် ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ပြီးလျှင် (၅)နှစ်ပတ်လုံး ပရိယတ္တိသာသနာတော်ကို ပြုစုတော် မူခဲ့သည်။ ထိုသို့ ပြုစုနေစဉ်မှာပင် ပဋိပတ်ဘာဝနာ အလုပ်ကို အားထုတ်လိုသော သဒ္ဓါ ဆန္ဒ တက်ကြွ ထက်သန်လာသော ကြောင့်-

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဝိပဿနာ ဆရာတော်ဘုရားကြီးထံ၌ ၎င်း၊ လက်ပံတန်းမြို့ သဒ္ဓမ္မပါလ ဆရာတော်ထံ၌၎င်း၊ ရန်ကုန်မြို့ အင်းစိန် မင်းကွန်း ဆရာတော် ဦးဝိသုဒ္ဓထံ၌၎င်း၊ သာယာဝတီခရိုင် မင်းလှမြို့မှ (၇)မိုင်ကွာ ကျောက်တံခါးတောရ မဟာမြိုင် ဆရာတော်ဘုရားကြီးထံ၌၎င်း၊ မြင်းခြံမြို့ စွန်းလွန်း ဆရာတော်ဘုရားကြီးထံ၌၎င်း ကျင့်သုံး အားထုတ် တော်မူခဲ့လေသည်၊ နောက်ဆုံး၌ တိပိဋကရွေးချယ်ပွဲတွင် ပဌမဆုံး ဝိနည်း ငါးကျမ်းကို အာဂုံဆောင်မြဲတော်မူ၍ ဝိသိဋ္ဌ ဝိနယဓရ ဘွဲ့တံဆိပ်ရ ဦးပညာသာရထံမှ သတင်းကောင်းကို ကြားရသဖြင့် ရန်ကုန်မြို့ သာသနာ့ ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံတွင် ခိုလှုံ၍ သတိ ပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ်တော် မူလေသည်။

ထိုသို့ အားထုတ်နေစဉ်မှာ ရှေးက မတွေ့ဘူး မမြင်ဘူး မကြုံဘူးသော အသိအမြင် အထူးများကို တွေ့ရ၍ အလွန်အကဲ ဝမ်းမြောက်မှုပီတိတွေ စိတ်ချမ်းသာမှုသုခတွေ များစွာ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် ညွှန်ကြား ပေးသော ဦးပညာသာရအား များစွာ ကျေးဇူးတင်မိသည်၊ ဆရာတော် ဘုရားကြီးနှင့်တကွ ကမ္မဋ္ဌာန်းပြ ဆရာတော်တို့အားလည်း ကြည်ညိုလေးစား သောစိတ်တွေ များစွာ ဖြစ်ပေါ်လာခဲ့သည်၊ မိမိ တွေ့ရ သိရသော တရား အရသာထူးများကို ချစ်ခင်ရင်းနှီးသော မိတ်ဆွေများ ဆွေမျိုးများအား မိမိကဲ့သို့ပင် တွေ့သိခံစားရအောင် ဟောပြောတိုက်တွန်းလိုသော စိတ်ဆန္ဒ များလည်း များစွာဖြစ်ခဲ့သည်။

ညဘက်စဉ်တရား နာရပြီးသည့်နောက် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ တာဝန်ပေးတော်မူချက်အရဖြင့် ရှေးဦးစွာ ယောဂီတို့အား နေရာချထားရေးနှင့် အမျိုးသမီးယောဂီတို့အား ကမ္မဋ္ဌာန်းစစ်မေး ပြုပြင် ပေးရေး ကိစ္စများကို ဆောင်ရွက်ရသည်၊ ထို့နောက် ဆရာတော်ဘုရား ကြီးထံသို့ ရောက်လာကြသော ပြင်သစ်, ဂျာမန်, အမေရိကန်, အင်္ဂလိပ်, သီဟိုဠ်, အိန္ဒိယ, နီပေါ, ယိုးဒယား, ကမ္ဘောဒီးယား, ဗီယက်နမ်, ဩ စတြေးလျား စသော နိုင်ငံခြားသားတို့အား ဆရာတော်ဘုရားကြီး၏

ကိုယ်စား ဝိပဿနာတရားကို ညွှန်ပြလျက် သာသနာ့ရိပ်သာ၌ လက်ထောက်ကမ္မဋ္ဌာန်းနည်းပြ သရာအဖြစ် ဆောင်ရွက်ရသည်။

ဤသို့ ဆောင်ရွက်နေစဉ်မှာပင် သီဟိုဠ်နိုင်ငံမှ ဝန်ကြီးချုပ်နှင့်တကွ ဒါယကာ, ဒါယိကာမအများတို့က မြန်မာနိုင်ငံ ဝန်ကြီးချုပ်ထံသို့ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ စေလွှတ်ပေးပါရန် တောင်းပန်ကြသဖြင့် သက်ဆိုင်ရာမှ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ တဆင့် တောင်းပန်ရာဘွင် ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါးကို ရွေးချယ်၍ သီဟိုဠ်နိုင်ငံသို့ ပဋိပတ္တိသာသနာပြု စေလွှတ်တော်မူလေသည်။ ယင်းသို့ ရွေးချယ်၍ စေလွှတ်လိုက်သော ဆရာတော် ၃-ပါးတို့တွင် ဆရာတော်ဦးဇဝနသည်လည်း တပါးအပါအဝင် ဖြစ်သည်၊ ထို့ကြောင့် ဆရာတော်ဦးဇဝနသည် ဆရာတော်ဘုရားကြီး၏ အမိန့်ကို နာယူကာ ပဓာန နာယက ဆရာတော် ဦးသုဇာတ၊ လက်ထောက် ဆရာတော်ဦးဥတ္တရတို့နှင့် အတူ လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ကြွရောက်တော်မူပြီးလျှင် သီဟိုဠ်၌ (၃)နှစ်ခန့် သီတင်းသုံးနေထိုင်လျက် သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိသာသနာတော်ကို ဟောကြား ပြုစုတော်မူခဲ့ပေသည်။

ထိုသို့ သီဟိုဠ်၌ သာသနာပြုနေစဉ်က ကောလိပ်ကျောင်းမှ ခရစ်ယာန်ဘာသာဝင် ဆရာကြီးတယောက်သည် စိတ်ရှုပ်ထွေးနေသဖြင့် ဆရာတော်ဦးဇဝနထံမှာ တရားနာ၍ အားထုတ်စေမ်းကြည့်ရာ မိနစ် (၂၀) ခန့်အတွင်းမှာပင် စိတ်အရှုပ်အထွေးများ ကင်းသွားသည်၊ ထို့ကြောင့် တရားကို သဘောကျ၍ ဆက်လက်အားထုတ်ရာ ညဏ်စဉ်တရားကို နားနိုင်သည်အထိ ပြည့်စုံသွားသဖြင့် မိသားစုအားလုံး လာရောက်၍ ကန်တော့ကာ ဝမ်းမြောက် ဝမ်းသာနှင့်-''ဤတရားဟာ အခြားနည်းဖြင့် မဖြေရှင်းနိုင်သော စိတ်အရှုပ်အထွေး စိတ်ပူပန်မှု ဆင်းရဲများကို မိနစ် (၂၀) လောက်အတွင်း ချက်ခြင်းပင် ပျောက်ကင်းစေကာ ချမ်းသာစေနိုင်သော တရား ဖြစ်ပါပေသည်၊ အလွန်ထူးဆန်းပါသည်၊ ကိုယ်တွေ့ဖြစ်၍ ယုံကြည် သဘောကျလှပါသည်'' ဟု သျှောက်ထားပြောဆိုသည်ကို ကြားရ တွေ့ရခဲ့သည် ဆိုပါသည်၊ ထို့ပြင် ရန်ကုန်သာသနာ့ရိပ်သာ၌လည်းတချိန်က ဆွီဒင်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် သီလရှင်တဦးသည် တရားအားထုတ်၍ အမှတ် ကောင်းနေစဉ်မှာ ၂၉-နာရီတိုင်တိုင်မလှုပ်မယှက်မပြုပြင်ဘဲကြိမ်သက်စွာထိုင်နေနိုင်သည်ကိုလည်း ကြားရသိရသည် ဆိုပါသည်။



သာသနာ့ရိပ်သာ ရန်ကုန်မြို့

## ဆရာတော် အရှင်ဇနကာဘိဝံသ

၁၂၆၀-ပြည့်နှစ်ဝါခေါင်လဆန်း ၈-ရက်အင်္ဂါနေ့သည် အရှင်ဇနကာဘိဝံသ၏ လူ့လောက၌ လူသားတဦးအဖြစ်ဖြင့် အသင်အရှား စတင်ပေါ်လာခဲ့သော နေ့ဖြစ်သည်၊ သူ၏ ဇာတိမြေမှာ တောင်တွင်းကြီးမြို့ ပျဉ်းမရွာဖြစ်သည်၊ ခမည်းတော်နှင့် မယ်တော်တို့မှာ ဦးဖြူမင်းနှင့် ဒေါ်ရွှေရီတို့ဖြစ်သည်။

---

ယခုအခါမှာ ဆရာတော်ဦးဇနသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံ၌ လွှဲအပ်ညွှန်ကြားသည့် တာဝန်ဟူသမျှကို လက်သောက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဆောင်ရွက်တော်မူလျက် ရှိပေသည်။

ပျဉ်းမနားချီ အစိုးရမူလတန်းကျောင်း၌ စတင်ပညာသင်ကြား၍ စတုတ္ထတန်းအောင်ပြီးနောက် သူငယ်ကို အဖိုးအဖွားများဖြစ်ကြသော ဦးစံဒွန်းနှင့် ဒေါ်ကောက်တို့၏ အလိုဆန္ဒအရ မိဘတို့က အလယ်တန်းပညာကို ဆက်လက်မသင်စေတော့ဘဲ နောင်တော်ရှိရာ တောင်တွင်းကြီးမြို့ တောရ ဇိမာန်ကျောင်းတိုက် ဆရာတော်ထံသို့ အပ်နှံ လိုက်ကြသည်၊ သူငယ်သည် ထိုကျောင်းတိုက်၌ ကျောင်းသား သူငယ်များ သင်ရိုးဖြစ်သည့် ဘုရားရှိခိုး မင်္ဂလသုတ် ပရိတ်ကြီး စသည်တို့ကို သင်ယူရသည်၊ သို့သော် ထိုစဉ်အခါက ထိုတရားစာတို့၏ အဓိပ္ပါယ်သဘောကို နားမလည်ခဲ့သေး၊ နားလည်အောင်ကြိုးစားရမည်ဟူ၍လည်း သဘောမပေါက်ခဲ့သေးဟု ဆို၏။

တဆယ့်သုံးနှစ်သား အရွယ်သို့ ရောက်သောအခါ သုတ်မဟာဝါ ပါဠိတော်ကို သင်ယူရ၏၊ ထိုအခါမှာ မဟာပရိနိဗ္ဗာန သုတ်ကို လေ့လာရသဖြင့် ဗုဒ္ဓဘုရားအကြောင်း စသည်တို့ကို သဘောပေါက်၍ ဗုဒ္ဓသာသနာဝင်အစစ်အဖြစ်သို့ ကောင်းကောင်း ရောက်လာ ခဲ့ရသည်၊ သူသည် "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ"၊ "ဤရဟန်းတို့သည်(အသက်ဆက်ပြောဟောကျင့်ကြံလျက်) ကောင်းစွာ နေသွားကြပါမူ လောက၌ ရဟန္တာ မဆိတ်မသုဉ်းရာ" ဟူသော ဘုရားစကားတော်ကို အလေးအနက်ဆင်ခြင်မိသဖြင့် "ယခုခေတ်မှာ တရားအားထုတ်လို့ မဂ်ဖိုလ်မရနိုင်ဘူး" ဟု ပြောဆိုနေကြသော အချို့ လူရှင်ရဟန်းတို့၏ စကား မှားနေကြောင်း ဆုံးဖြတ်နိုင်ခဲ့ပေသည်။

တဆယ့်ငါးနှစ်သားအရွယ်တွင် တောရဇိမာန်တိုက်မှ တိုက်အုပ်ဆရာတော် ဦးမာလာဝံသ-က ဥပဇ္ဈာယ်ပြုကာ သူငယ်ကို ရှင်သာမဏေပြု၍ ရှင်ဇနကဟူသောဘွဲ့အမည်ကို ပေးတော်မူသည်၊ ဥပဇ္ဈာယ်ဆရာတော် ဦးမာလာဝံသနှင့်စာချဆရာတော် ဦးဝါသဝိနှတို့သည် ရှင်ဇနကအား ပါဠိတော် အဋ္ဌကထာ, ဋီကာ,ပိဋကတ်စာပေ ကျမ်းဂန်တို့ကို တတ်သိလွယ်သော နည်းအမျိုးမျိုးဖြင့် သင်ကြားပို့ချ ပေးတော် မူကြ၏၊ ထို့ကြောင့် ရှင်ဇနကသည် ရှင်သာမဏေဘဝကပင် အင်္ဂုတ္တရနိကာယ် သံယုတ္တနိကာယ် စသော ပါဠိ အဋ္ဌကထာအချို့ကို ဆရာသွတ် ကြည့်ရှုလေ့လာနိုင်ခဲ့ပေသည်၊ ဆရာတော်၏ တာဝန် ပေးချက်အရ အခြားသူတို့အား အခြေခံ ကျမ်းစာ များကိုလည်း ပို့ချသင်ပြ ပေးခဲ့ရပေသည်၊

ထိုသို့ ဗုဒ္ဓ စာပေများကို ကိုယ်တိုင် သင်ယူခြင်း သူတပါးအား ပို့ချပေးခြင်းဖြင့် လေ့လာနေစဉ် ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့၌ တောရဇိမာန်ဆရာတော် အရှင်ပဒုမ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော

သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့ပေသည်၊ ရဟန်းအဖြစ်သို့ တက်ရောက်ရာ၌ စာဘုပဋ္ဌာယ ဒါယကာများမှာ တောင်တွင်းကြီးမြို့ ရွှေအိုးရပ်နေ ကုန်သည်ကြီး ဦးစိန်ညို-ဒေါ်လှနှစ်တို့ ဖြစ်သည်။

အရှင်ဇနကသည် ရဟန်းဖြစ်ပြီးနောက် မကြာမီပင် ပိဋကတ်ကျမ်းဂန်များကို ထပ်မံဆည်းပူးရန် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည့်ရှင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းခိုလှုံခဲ့၏။ စည့်ရှင်ဆရာတော်ဘုရားကြီး၏ လက်ရင်း တပည့်အဖြစ်ဖြင့် သင်ကြားလေ့လာခဲ့ရ၏။ ၎င်း၏ တပည့်ကြီးများ ဖြစ်ကြသော ပိုက်ကျုံးဆရာတော် ဦးဇာနေယျဗုဒ္ဓိ၊ အသောကာရုံဆရာတော် ဦးသုဝဏ္ဏဇောတိ၊ ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတနှင့် သံတော်ဆင့် စာချဆရာတော် ဦးဝါသဝတို့အထံ၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို ထပ်မံလေ့လာဆည်းပူးခဲ့၏။ ထို့ပြင် မန္တလေး အနောက်ပြင် တောင်ပြင်တို့၌ ထင်ရှားသော အခြားစာချ ဆရာတော်များထံ၌လည်း ထိုဆရာတော်များ၏ နည်းအမြွက်ကို သိရရုံမျှ လေ့လာဆည်းပူးခဲ့၏။ မစိုးရိမ်တိုက် စာချဆရာတော် ဦးဝိစိတ္တာဘိဝံသနှင့် ပဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ တို့ အထံ၌မူ အချိန်အတော်ကြာမျှ သင်ယူလေ့လာခဲ့၏။

ထိုသို့ သင်ယူသည့်အခါ- သင်ယူ၊ပို့ချသည့်အခါ ပို့ချလျက်ပင် သွားရင်းဟန်လွဲသဘောဖြင့် အစိုးရ ငယ်-လတ်-ကြီးတန်းနှင့် သကျသီဟ စာသင်တန်း စာမေးပွဲတို့၌ ဝင်ရောက် ဖြေဆိုရာ တကြိမ်စီ ဖြေဆိုရုံမျှဖြင့်ပင် သက်သာလွယ်ကူစွာ အောင်မြင်ခဲ့၏။ ၁၃၁၄-ခုနှစ်၌ အစိုးရ ပါဠိတက္ကသိုလ်များအနေဖြင့် ပဌမဆုံး ကျင်းပသော ပါဠိတက္ကသိုလ် စာချတန်း စာမေးပွဲ၌လည်း ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးငါးကျမ်းတို့ကို တနှစ်တည်းဖြင့်ပင် ဖြေဆိုအောင်မြင်ခဲ့၏၊ ကျန်ရှိနေသော ဂုဏ်ထူးတကျမ်းကိုမူ ၁၃၁၅ ခုနှစ်၌ ရန်ကုန်တွင် ဖြေဆိုအောင်မြင်ခဲ့၏။

ပါဠိတက္ကသိုလ် စာချတန်း အောင်မြင်ပြီးနောက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၌ပင် ကထိကအဖြစ် တာဝန်ယူကာ စာပေပို့ချနေခဲ့၏။ ထိုအချိန်တွင် သကျသီဟ စာချတန်း၌ အဋ္ဌကထာ ၂-ကျမ်း အောင်မြင်ပြီး ဖြစ်ပေသည်။

## ပဋိပတ်ဖက်သို့ လှည့်စပြုပုံ

ယင်းသည့်နှစ်မှာပင် ကြည်ညိုကိုးကွယ်ရင်းရှိကြသော မန္တလေးမြို့ဈေးချိုတော် စီရုံ ဇမ္ဗူမိတ်ဆွေ စာအုပ်ဆိုင်ရှင် ဦးထွန်းရှင် ဒေါ်ကြည်ရှင် တို့အိမ်

သို့ ကိစ္စတခုဖြင့် အရှင်ဇနက ကြွရောက်သွားရာ ပဋိပတ်လုပ်ငန်းအကြောင်း စပ်မိကြသဖြင့် ဒကာကြီး ဦးထွန်းရှင်က "သည်စာအုပ် ကြည့်စမ်းပါဘုရား တော်ရဲ့လားလို့" ဟုဆိုကာ စာအုပ်တအုပ်ကို ကပ်လိုက်၏။

ထိုစာအုပ်ကို ယူ၍ အရှင်ဇနက ကြည့်မိရာ "ဝိပဿနာရှုနည်းကျမ်း" ဟူသောအမည်ကို တွေ့ရသဖြင့် ထိုကျမ်း၌ ပါဝင်သောအကြောင်းအရာများကို သိရ၏။ ထို့ပြင် ကျမ်းပြု ပုဂ္ဂိုလ်၏ အမည်ကို "မဟာစည်ဆရာတော်" ဟု တွေ့ရပြန်၏။ ယင်းတွဲအမည်မှာ အရှင်ဇနက ကြားဘူးသောအမည်ဖြစ်သည်၊ ၁၃၁၀-ခုနှစ်က မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း၌ မဟာစည် ဆရာတော် ကြွရောက်၍ တည်းချတရားဟောသွားဘူး၏။ ထိုအခါက အရှင်ဇနကသည် ထိုတိုက်သို့ ရောက်သည့်နှစ်ဖြစ်သည်။ သို့သော် မကျန်းမာခိုက်ဖြစ်၍ မဟာစည် ဆရာတော်ကိုလည်း မဖူးမြော်လိုက်ရ၊ တရားကိုလည်း မနာလိုက်ရပေ၊ မဟာစည်ဆရာတော် ဟူသော အမည်နှင့် ဝိပဿနာတရားကို ဟောသွားသည် ဟူသောအကြောင်းအရာကို ထိုစဉ်အခါက ကြားသိထားခဲ့ရဘူးပေသည်။

ထိုစာအုပ်၏နိဒါန်းကို ခပ်ဖြန်းဖြန်း ကြည့်လိုက်သည့်အခါ" ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဟူသော ပစ္ဆိမဗုဒ္ဓဝစနကိုတွေ့လိုက်ရသဖြင့်ထိုစာကြောင်းများ၌ သူ၏မျက်စိများကန့်ကန် ရပ်သွား၏၊ အကြောင်းမူကား-သုတ်မဟာဝါ ပါဠိတော်ကို သင်ယူစဉ် ၁၃-နှစ်သား အရွယ်ကပင် ထိုနောက်ဆုံး မှာတမ်းစကားတော်ကို ရွတ်ကောင်းတိုင်း ရွတ်လျက် စွဲနေခဲ့သောကြောင့်ပင်။ ထို့ပြင် ထိုစကား၏မြန်မာပြန်၌ "ရဟန်းတို့၊ ဟော ယခု ဆရာဘုရားက သင်တို့အား မှာသား အမိန့်ရှိခဲ့မည်" ဟူသော ရေးရိုးမဆံ တီထွင်ဉာဏ်ပါသည့် ပြန်ဆိုချက်ကို တွေ့ရသဖြင့် ဖတ်ရှုရန် သာ၍ စိတ်ဝင်စားလာခဲ့၏၊ ထို့ကြောင့် ထိုစာအုပ်ကို ကျောင်းသို့ ယူဆောင်လာခဲ့၏။

အရှင်ဇနကသည် ကျောင်းသို့ရောက်၍ ထိုစာအုပ်ကို ကြည့်ရှုရာ မသိသေးသောအချက်များကို သိရပြီးလျှင် သိပြီးအချက်များ၌ သာ၍ အသိရှင်းသွား၏။ သူ့အတွက် အထူးခြားဆုံး အကျိုးမှာ ဝိပဿနာရှုမှုနှင့်စပ်၍ ယခင်ကစွဲလမ်းခဲ့သော အယူအဆဟောင်းတခု ပြောင်းပြန်လှန်ကာ အမှန်သို့ ရောက်သွားရခြင်းပင် ဖြစ်၏။ ယခင်က "ရုပ်သည်မမြဲ၊ ဆင်းရဲ၊ ငါ မဟုတ်" စသည်ဖြင့် လက္ခဏာယာဉ်တင်ပုံကို စွဲမှတ်ထားခဲ့၏၊ ယခု ထိုကျမ်းစာအုပ်က ယင်းသို့ ရှုဆင်ခြင်ခြင်းမှာ ဘာဝနာ ဉာဏ်အစစ် မဖြစ်၊ သညာသိ စိန္တာသိမျှသာ ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်သဖြင့် ယခင်

အသိမှား ပြောင်းပြန်လန်ကာ အမှန်သို့ ရောက်သွားပေ၏၊ ယင်းသို့အသိ မှန်ရရေး၌ ထိုစာအုပ်တွင် "ရှုမှတ်ပုံနှင့် ဒေသနာ နိုးနှော”ချက်"ဟူသော အခန်း (၄) က အများဆုံး အထောက်အကူ ပြုခဲ့၏။

အရှင်ဇနကသည် ဝိပဿနာရှုနည်းကျမ်း ပဌမတွဲကို ကြေနပ်လောက်အောင် ဖတ်မိလျှင်ပင် ကျမ်းပြုဆရာတော်၏ ပရိယတ် ပဋိပတ် နှစ်ရပ်သော အရည်အသွေးကို လေးစားကြည်ညိုလာတော့၏၊ ဒုတိယတွဲကို ဆက်လက် ဖတ်ရှုမိသောအခါ၌မူ ထိုကျမ်းစာအုပ်က ညွှန်ပြထားသည့် အတိုင်း အားထုတ်ဖြစ်အောင် အားထုတ်မည်ဟု ဆုံးဖြတ်လိုက်တော့သည် ဆို၏။

## လက်တွေ့အားထုတ်ခြင်း

ထိုသို့ ဆုံးဖြတ်ခဲ့သည့်အတိုင်း အရှင်ဇနကသည် ၁၃၁၅-ခုနှစ် နယုန်လ၌ ရန်ကုန်တွင် ကျင်းပသည့် စာချတန်း ဘွဲ့နှင်းသဘင်သို့ တက်ရောက်ပြီးသော အခါ ဖျာပုံမြို့သို့ သွား၍ စကြာရန်အောင်ကျောင်းတိုက်၌ ပရိဝါသ် ဆောက်တည်ပြီးနောက် ရန်ကုန်သို့ ပြန်လာပြီးလျှင် မဟာစည် သာသနာ့ ရိပ်သာ၌ ဝိပဿနာလုပ်ငန်းခွင်သို့ ဝင်၍ လက်တွေ့အားထုတ်လေတော့၏။ ထိုစဉ်အခါက ရဟန်းတော် ယောဂီများအား ဆရာတော် ဦးနန္ဒဝံသ(ယခု ကော့မှူးညောင်ကုတ်ကိုင်းတောရ) ကရင်း၊ အမျိုးသား ယောဂီများအား ဆရာတော် ဦးကောသလ္လ(ယခု မြောက်ဥက္ကလာပ ရွှေဥမင်) ကရင်း၊ အမျိုး သမီးယောဂီများအား ဆရာတော် ဦးသုဇာတကရင်း၊ အသီးအသီးတရားပြ ကြ၏။

အရှင်ဇနကသည် တရားလုပ်ငန်းခွင်သို့ ဝင်သောအခါ သင်ယူတတ် မြောက်ခဲ့သမျှသော စာသိတရားများကို လုံးဝ ကျောခိုင်းထားလိုက်ကာ ကမ္မဋ္ဌာန်းဆရာ ညွှန်ကြားသည့်အတိုင်းသာ လိုက်နာ၍ ကြိုးကြိုးစားစား အားထုတ်ခဲ့၏၊ ၁၅-ရက်ခန့် ရသောအခါ ခဏိက သမာဓိ အားရှိ၍ အသိုက်အသျှောက် အသိကလေးတွေ တဖြည်းဖြည်း ပို၍ ပို၍ ရှင်းလာ၏။ အသိပို၍ ရှင်းလာသည်နှင့်အမျှ "ငမ်းဗိုက်ကို ရှုမှတ်ခြင်းဖြင့် တရား တွေ့နိုင်ပါမည်လား" ဟု ယခင်က ဖြစ်ခဲ့သော သံသယသည်လည်း တစ တစဖြင့် လုံးဝလွင့်စင်သွားလေတော့၏၊ ထိုအချိန်မှာ သဒ္ဓါတရားများ လည်း အလွန်ထက်သန်အားကောင်းနေလေရာ ရဟန်းမှန်လျှင် ပဋိပတ် လုပ်ငန်းမဝင်ပါက ရဟန်းဘဝ၏ အဓိပ္ပါယ် မပြည့်စုံနိုင်ဟု ကောက်ချက် ချမိသည်အထိပင် ဖြစ်လေတော့သည် ဆို၏။

ကမ္မဋ္ဌာန်းဆရာ၏ စေ့စေ့စပ်စပ်ညွှန်ကြားမှု၊ ပြုပြင်ပေးမှု၊ တိုက်တွန်းမှုနှင့် အားပေးမှုများသည် ယောဂီမှာ တရားလမ်းမှန်ရေးနှင့် တိုးတက်ရေးများအတွက် မရှိမဖြစ်သော လိုအပ်ချက်များဖြစ်ကြောင်း အားထုတ်နေရင်းပင် အရှင်ဇနက သဘောပေါက်လာ၏။ အရှင်ဇနက အား ညွှန်ကြားပြသနေသော ကမ္မဋ္ဌာန်းဆရာသည် ရိုးဖြောင့်၏၊ စိတ်ရှည်၏၊ သည်းခံတတ်၏၊ မေးမြန်းလျက် တရားပြသည့်အခါများ၌ ပြုံးရွှင်သောမျက်နှာဖြင့် ချိုသာစွာ မေးမြန်းညွှန်ပြလေ့ရှိ၏၊ ထိုသို့ ဆရာဖက်မှ လိုအပ်ချက်ပြည့်စုံစွာနှင့် ညွှန်ပြမှုကိုရသဖြင့် စိတ်အားထက်သန်စွာ ကြိုးစား အားထုတ်လာခဲ့ရာ တလခွဲမျှရှိသောအခါ၌ အရှင်ဇနကသည် တရား၏စွမ်းရည်အထူးတခုကို အထင်အရှားတွေ့ရလေတော့သည်၊ တရားအားမထုတ်မီ ၂ နှစ်လောက်မှစ၍ ဆေးစားမှားသဖြင့် အိပ်မပျော်တတ်သောရောဂါ စွဲကပ်လာခဲ့၏၊ အိပ်ချိန်လွန်လျှင် အိပ်မပျော်တတ်၊ အနေမှား အစားမှားလျှင်လည်း အိပ်မပျော်တတ်၊ ညဥ့်အခါ စာကြည့်များလျှင်လည်း အိပ်မပျော်တတ်၊ အိပ်မပျော်လျှင် ခေါင်းနောက်ခြင်း၊ မူးခြင်း၊ နွမ်းနယ်ခြင်း၊ အားနည်းနုံးချိခြင်းတို့ကို ခံစားရ၏။ ထို့ကြောင့် အိပ်ပျော်ရန်အတွက် အလွန်ဂရုစိုက်ခဲ့ရ၏။ ယခုမူ အိပ်မပျော်မည်ကိုလည်း မစိုးရိမ်ရ၊ အိပ်မပျော်၍လည်း မည်သို့မျှ ထိခိုက်ခြင်းမရှိ၊ လန်းဆန်းကြည်လင်လျက်သာရှိ၏။ အိပ်ချင်စိတ်မရှိသဖြင့် သုံးညတိုင်တိုင် မအိပ်ပဲ ဆက်တိုက်အားထုတ်ကြည့်ရာ ကျန်းမာလန်းဆန်းလျက်ရှိသည်ကိုသာ တွေ့ရသည် ဆို၏။ ဘာဝနာတရား၏ ထက်မြက်လှသော စွမ်းပကားပါပေတည်း။

သုံးလမျှ အားထုတ်မိသောအခါ အရှင်ဇနကသည် ဘာဝနာအားထုတ်မှု၏ ရလဒ်ကို သိရှိရာ၍ အကြေနပ်ကြီး ကြေနပ်သဖြင့် လူသစ် စိတ်သစ်ဖြစ်လျက် ရဟန်းဖြစ်ရကျိုးနပ်ပေပြီဟု လွန်စွာပင် ဝမ်းသာအားရ ဖြစ်နေ၏၊ လူတိုင်းပင် အားမထုတ်ပဲ မနေသင့်သော တရားဟုလည်း စိတ်ထဲတွင် မှတ်ချက်ချမိသည်ဆို၏။ စတုတ္ထလဖက်သို့ ကူးမိသောအခါမှုမှာ လို့လဝိဒိယာကို တပြည်းပြည်း လျှော့ချလိုက်ကာ အားထုတ်စဉ်က တွေ့သိခံစားခဲ့ရသည်များကို ကျမ်းဂန်များနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်သည်၊ ကမ္မဋ္ဌာန်းဆရာများ တရားပြရာသို့လည်း သွားရောက်နားထောင်ကာ လေ့လာနည်းယူသည်၊ ဟောကြားသော တရားများ ကိုလည်း များစွာ နာယူခဲ့လေသည်။

## ပါဠိ ပဋိဝိသောဓက

သာသနာ့ရိပ်သာ၌ လေးလကျော်မျှ တရားအားထုတ်ခြင်း, တရား ဗဟုသုတ ဆည်းပူးခြင်းများကို ပြုလုပ်ပြီးနောက် အရှင်ဇနကသည် ဆဋ္ဌ သံဂါယနာ ပါဠိပဋိဝိသောဓကအဖွဲ့၌ ဝင်ရောက်၍ ဆောင်ရွက်ရလေသည်။ ယင်းသို့ ဆောင်ရွက်ရင်း ပုသိမ်မြို့ မြောင်းမြကျောင်း ဆရာတော် အရှင် ဓမ္မာနန္ဒထံ၌ (ယခင်က သင်လက်စရှိခဲ့သော) အင်္ဂလိပ်ဘာသာကို ဆက်လက် သင်ယူခွင့် ရရှိပြန်၏၊ ၁၃၁၆-ခုနှစ် ဝါဆိုဦးမှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သို့ ပြန်ကြွ၍ ပါဠိ တက္ကသိုလ် ကထိက တာဝန်ကို ထမ်းဆောင် ရပြန်၏၊

ထိုနှစ် နတ္တော်လ၌ ဗုဒ္ဓသာသနအဖွဲ့က ပင့်ပြန်သဖြင့် ကမ္ဘာအေး ဇမ္ဗူ ဒီပကျောင်းဆောင်၌ သီတင်းသုံးကာ ပဋိဝိသောဓကတာဝန်ကို ဆောင် ရွက်ရပြန်၏၊ မိုးကျသောအခါ မန္တလေးသို့ ပြန်၍ နယုန်လ၌ ကျင်းပသော သကျသီဟစာမေးပွဲ၌ ဖြေဆိုရန် ကျန်ရှိနေသေးသော အဋ္ဌကထာတ ကျမ်း ကို ဖြေဆိုအောင်မြင်ပြီးနောက် ဆရာတော်များ၏ ခွင့်ပြုချက်အရ ရန်ကုန် သို့ ပြန်လာခဲ့၏၊ အရှင်ဇနကသည် ရန်ကုန်၌ ဘာသာစုံ ခေတ်ပညာရပ် များကို လေ့လာဆည်းပူးရန် ၂-နှစ်ခန့် အခွင့်ရခဲ့၏၊ အမေရိကန် အမျိုး သားကြီးတဦးထံမှ (Bible) ကို သင်ယူရင်း အင်္ဂလိပ်စကားပြော လေ့ ကျင့်ရန်လည်း အခွင့်သာခဲ့ပြန်၏။

## နိုင်ငံခြား သွားရောက်ခြင်း

အရှင်ဇနကသည် ၁၃၁၇-ခုနှစ် ငှန်လ၌ သီဟိုဠ်ကျွန်းသို့ သွား၍ ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမ တိုက်၌ သီတင်းသုံးလျက် အင်္ဂလိပ်ဘာသာ သက္ကတဘာသာနှင့် အခြားခေတ်ပညာရပ်များကို လေ့လာဆည်းပူးခဲ့၏၊ သီဟိုဠ်ဘာသာနှင့် ဟိန္ဒီဘာသာတို့ကိုလည်း အတော်အသင့် လေ့လာခဲ့၏။ ထိုစဉ်အခါက လန်ဒန်ဂျီစီအီးစာမေးပွဲကို ဖြေဆိုခဲ့ရာ ဘာသာရပ်အချို့ကို အောင်မြင်၍ ကျန်ဘာသာရပ်များကို မြန်မာပြည်သို့ ရောက်မှ ဖြေဆို အောင်မြင်ခဲ့၏၊ သီဟိုဠ်၌ နေစဉ်က သီဟိုဠ်နိုင်ငံအစိုးရ တည်ထောင်ထား သော ဝိဇ္ဇောဒယတက္ကသိုလ်၌ အဘိဓမ္မာကထိကအဖြစ် ဆောင်ရွက်ပါရန် တက္ကသိုလ်အဓိပတိက စကားကမ်းလှမ်းခဲ့သော်လည်း ကျန်းမာရေးကို ငဲ့၍ အရှင်ဇနက ငြင်းပယ်ခဲ့ရလေသည်၊

## မြန်မာပြည်သို့ ပြန်ကြွလာခြင်း

၁၉၆၃-ခုနှစ် ဇွန်လတွင် အရှင်ဇနကသည် မြန်မာပြည်သို့ ပြန်ကြွလာသည်၊ ဗုဒ္ဓသာသနာ့အဖွဲ့၏ ပင့်လျှောက်ချက်အရ ကမ္ဘာအေး၌ ပါဠိကျမ်းစာသုတ်သင် ရေးတွင် ပါဝင်ဆောင်ရွက်လျက် သီတင်းသုံးနေခဲ့၏။ ထိုအတောအတွင်းမှာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ဆရာတော်ဘုရားကြီး ပြုစုသော ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်းအတွက် စာမျက်နှာ ၄၀-ကျော်ရှိ နိဒါန်းကို ရေးသား ဆက်ကပ်ခဲ့ရ၏။ ထို့နောက် တောင်တွင်းကြီး တောရဓိမာန်တိုက်သို့ ပြန်၍ တာဝန်ဝတ္တရားအရ တနှစ်ခန့် သီတင်းသုံးခဲ့ရ၏၊ ၁၉၆၇ ခုနှစ်ဦးပိုင်းတွင်မူ အရှင်ဇနကသည် ခမည်းခေါ် ဒါယကာကြီးကို ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်စေကာ သူကိုယ်တိုင်မှာမူ ပုဇွန်တောင် ပြဟ္မဝိဟာရကျောင်း၌ နေ၍ ဒါယကာကြီးအား အကူအညီပေးကာ စောင့်ရှောက်နေ၏။

## သာသနာ့ရိပ်သာသို့ ရောက်လာခြင်း

ထိုသို့ နေခိုက်တွင် ကျေးဇူးရှင်မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ စာပေါင်းများကို ကူညီ စစ်ဆေးပေးရ၏၊ အခြားတဖက်တွင်လည်း ၉-တန်း ၁၀-တန်း ကျောင်းသား များအား ပညာပါရမီဖြစ် စာသင်ပေးနေရာ စာပေါင်းများ စစ်ဆေးရေးကိစ္စ၌ ခရီးမတွင်ပဲ ရှိနေ၏။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက သာသနာ့ရိပ်သာသို့ လာရောက်နေရန် အမိန့်ရှိသဖြင့် ကျောင်းသားများ စာမေးပွဲ ပြီးချိန်တွင် သာသနာ့ရိပ်သာသို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့လေသည်၊ သာသနာ့ရိပ်သာသို့ ရောက်လာသည့် နေ့မှစ၍ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက အရှင်ဇနကကို နာယကတပါးအဖြစ် အသိအမှတ် ပြုထားခဲ့လေသည်။

ထိုအချိန်မှစ၍ အရှင်ဇနကသည် ဆရာတော်ဘုရားကြီး၏ ပရိယတ်လုပ်ငန်းကို အဆက်မပြတ် ကူညီနေရသဖြင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်၍ ကာဝန်ဆောင်ရေးကိစ္စမှာ မူလကရည်မှန်း ခဲ့သည့်အတိုင်း အကောင်အထည် မပေါ်ခဲ့တော့ပေ။ ထိုအချိန်၌ သီဟိုဠ်နိုင်ငံမှ ထုတ်ဝေသော ( World Buddhism ) မဂ္ဂဇင်း၌ ခဏိကသမာဓိအကြောင်း ဆောင်းပါးကို ဆရာတော် ဦးဉာဏုတ္တရက ဖြေရှင်းပေါ်ပြရာတွင် ကျေးဇူးရှင်ဆရာတော်ကြီး၏ အမိန့်အရဖြင့် ပါဝင်ကူညီခဲ့၏၊ အချိန်မှာ ၂-နှစ်



ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်

ဟံလင်းကြီးမြို့ဟောင်း၊ ဝါဆိုကျောင်း သာသနာ့ရိပ်သာ။

## ဆရာတော် ဦးဝိဇယ

ဆရာတော် ဦးဝိဇယသည် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် မုဆိုးချုံရွာ ခမည်းတော် ဦးပိုက်-မယ်တော် ဒေါ်ဖွားညွန့် တို့မှ ၁၂၇၆-ခုနှစ်၊ နယုန်

---

ခန့်ကြသွား၏။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မျက်စိကုသနေချိန်မှစ၍ ဆရာတော်ဘုရားကြီးရေးလက်စရှိနေသော ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းကို ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ အရှင်ဇနက-က ဆက်လက်ပြန်ဆိုရေးခဲ့ရာ ပဌမတွဲပြီးဆုံးသည်အထိ ဖြစ်၏။ ဒုတိယတွဲကို ဆက်လက်ရေးသားရန်ဖြစ်သော်လည်း အမျိုးသမီး ယောဂီတို့အား တရားပြသော ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသံဝရ မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ၌ သာသနာ့ဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့သွားရသောကြောင့် အမျိုးသမီး

လပြည့်ကျော် ၃-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်တော်မူသည်။

မိဘနှစ်ပါးတို့သည် ထိုသူငယ် သုံးနှစ်သား အရွယ်တွင် ဟံလင်းကြီးမြို့ဟောင်းသို့ ပြောင်းရွှေ့နေထိုင်ကြပြီးလျှင် (၆)နှစ်သားအရွယ် ရောက်သောအခါ သူငယ်ကို ဟံလင်းကြီး ရွှေတံခွန်ကျောင်း ဆရာတော် ဦးကောသလ္လထံ အပ်နှံကြသည်၊ ထိုကျောင်းသည် ထိုစဉ်က အစိုးရ အလယ်တန်းကျောင်းဖြစ်၍ ဆရာတော် လောင်းလျာသည် ထိုကျောင်း၌ (၇) တန်းအောင်မြင်သည်အထိ လောကီပညာကို သင်ကြား တတ်မြောက်ခဲ့သည်။ (၁၄)နှစ်သား အရွယ်တွင် ဆရာရင်း ဦးကောသလ္လက ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့အမည်ကိုလည်း ရှင်ဝိဇယ ဟု ဆရာတော်ကမှည့်ပေးခဲ့သည်၊ ဉာဏ်ထက်မြက်သော သာမဏေဖြစ်၍ ရှင်ငယ်တို့ တတ်သင့် တတ်ထိုက်သော သင်ရိုးစာပေများကို အလွယ်တကူ သင်ယူတတ်မြောက်ခဲ့သည်။ သက်တော် (၂၀) ပြည့်မြောက်လျှင် ဆရာရင်း ရွှေတံခွန် ကျောင်း ဆရာတော် ဦးကောသလ္လကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုပင်ခံယူကာ ၁၂၉၆-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀-ရက်နေ့တွင် ကာရကသံဃာ ၃၀-ကျော်တို့ဖြင့် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်တော်မူသည်။

ရဟန်းအဖြစ်ရောက်ပြီးနောက် (၃) ဝါအထိ ဥပဇ္ဈာယ် ဆရာတော်ထံတွင် နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ယူတော်မူသည်။ ထိုနောက် မန္တလေးမြို့ တောင်ပြင် ဓမ္မိကာရာမတိုက်၊ သာသနာ့လင်္ကာရကျောင်းတွင် နေ၍ ၎င်း ဆရာတော် ဦးဇာနေန္ဒာဘိဝံသ ထံ၌၎င်း၊ ဘုရားကြီးတိုက်

---

ယောဂီတို့အား ညွှန်ကြားပြသရန် တာဝန်ယူနေရ၍ အားလပ်ချိန်မရှိသဖြင့် ဆက်လက်မရေးနိုင်တော့ပေ၊ ထိုအချိန်မှစ၍ ယခုအချိန်အထိ အမျိုးသမီး ယောဂီတို့နှင့် ရံဖန်ရံခါ ရောက်လာကြသော နိုင်ငံခြားသား ယောဂီတို့အား တရားပြသရေး သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက် ရှိပေသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာရဒ ထံ၌ ၎င်း၊ ၎င်းတိုက် ဆရာတော် ဦးခန္တီလေးထံ၌၎င်း၊ ဆည်းဘန်နီတိုက် ဆရာတော် ဦးတေဇောဘာသ ထံ၌ ၎င်း ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူခဲ့သည်၊ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ခေတ်ပျက်လာရာတွင် မန္တလေးမြို့မှ နေရင်းဖြစ်သော ဟံလင်းကြီး ရွှေတံဒင်ကျောင်းသို့ ပြန်ကြွပြီးလျှင် ဆရာတော် ဦးပဏ္ဍိစ္စထံ၌လိုနေသေးသော ပဋ္ဌာန်းညဝါကိုဆိုရင်း ရဟန်းငယ် ရှင်ငယ်တို့အားလည်း စာပေပို့ချပေးတော်မူသည်။ ထိုမှသည် ရွှေဘိုမြို့ ဓမ္မသုခဆရာတော်ထံ၌ နေ့ဝါ ညဝါ များကို ထပ်မံသင်ယူရင်း စာသင်ငယ်တို့အားလည်း နေ့ဝါညဝါ များကို ပို့ချပေးနေစဉ် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ ရွာဦးကျောင်း စာသင်တိုက် ဆရာတော် ဦးဝရသာမိက ကူညီစာချပေးရန် စာချအဖြစ်ပင့်ခေါ်သဖြင့် ကြွရောက်၍ နေ့ဝါ ညဝါ ပို့ချပေးတော်မူသည်၊ ဆရာတော်သည် ဟံလင်းကြီး၊ ရွှေဘို၊စဉ့်ကိုင် ဌာနတို့၌ (၇)နှစ်တိုင်တိုင် စာချအဖြစ်ဖြင့် ကျမ်းဂန်အချပ်ရပ်ကို ပို့ချခြင်းဖြင့် ပရိယတ္တိသာသနာတော်ကို ပြန့်ပွားစေတော်မူခဲ့သည်၊

## ပရိယတ်မှ ပဋိပတ်သို့

စဉ့်ကိုင်မြို့၌ စာချနေစဉ်မှာ ဟံလင်းကြီးတောင်ဘက် ဆားတောင်ကြီးရွာမှ စာပေဗဟုသုတနှင့် ပြည့်စုံသော ဒကာကြီး ဦးမင်းဒင် ရောက်လာသည်။ ဒကာကြီးက ဆရာတော် ဦးဝိဇယအား တရား အားထုတ်လိုကြောင်းကြားသိရ၍ လျှောက်ထားသည်မှာ ရွှေဘိုမြို့ ဆိပ်ခွန်ရွာမှ မဟာစည် ဆရာတော်ဘုရားကြီးဟာ သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားညွှန်ပြနေပါသည်။ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူများ သွားရောက်အားထုတ်နေကြပါသည်၊ အရှင်ဘုရားသည်း သွားရောက်ပြီး အားထုတ်စရာကောင်းပါသည်၊ စသည်ဖြင့် ပြောပြီးလျှင် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရား၏ ဝိပဿနာ ရှုနည်းကျမ်း ပ-ဒု-တစုံကို လှူသွားလေသည်။

ဆရာတော်ဦးဝိဇယသည် ထိုဝိပဿနာ ရှုနည်းကျမ်းကို ကြည့်ရှုသောအခါ သိလိုသော အချက်များလည်း ရှင်းသင်းစွာ သိရ၍ အလွန်ဝမ်းမြောက်သည်။ တရားအားထုတ်လိုသော စိတ်ဆန္ဒများလည်း ရှေးကထက် ထက်သန်စွာ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် ရန်ကုန်မြို့ မဟာစည် ဆရာတော်ဘုရားထံ သွားရောက်၍အားထုတ်ရန် ကြံစည်ပြီးလျှင် ထိုအကြောင်းကို ရပ်ရွာရှိ ဆရာတော်ကြီးများအား လျှောက်ထားရာ ထိုဆရာတော်ကြီးများက အမိန့်ရှိကြသည်မှာ "ဦးဝိဇယရေ၊ ယခုနေအခါမှာ တရားတုတရား

ယောင်တွေ ဆရာတု ဆရာယောင်တွေက အလွန်ပေါတယ်၊ မဟာစည် ဆရာတော်ဘုရားကြီး ဆိုတာကတော့ တပည့်တော်တို့ ရွှေဘိုနယ် ဆိပ်ခွန် ကဘဲ၊ ပရိယတ် ပဋိပတ် နှစ်မျိုးလုံး ပြည့်စုံပါတယ်၊ ဒါကြောင့် မဟာစည် ဆရာတော်ထံ မြန်မြန်သာသွားပေတော့၊ ပြည့်ပြည့်စုံစုံဖြစ်အောင်အားထုတ် ခဲ့ပါ၊ တပည့်တော်တို့ရွာမှာ ကမ္မဋ္ဌာန်းဌာနလိုနေပါတယ်၊ ကမ္မဋ္ဌာန်းဆရာ ဖြစ်အောင် အားထုတ်ခဲ့ပါ'' ဟုမိန့်ဆို တိုက်တွန်းတော်မူကြသည်။

ထိုသို့ တိုက်တွန်းတော် မူကြသောကြောင့် ဆရာတော် ဦးဝိဇယသည် စိတ်ဆန္ဒ တိုးတက် ထက်သန်လာသဖြင့် ကျောင်းကိစ္စအဝဝကို ညီဖြစ်သူ ဦးဉာဏအား လွှဲအပ်ခဲ့ပြီးလျှင် မိမိ၏ ကျောင်းမှ ထွက်ခွါလာခဲ့ပေသည်။ ၁၃၂၃ ခုနှစ် နတ်တော်လဆန်း (၁၀)ရက်နေ့မှာ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံသို့ ရောက်လာခဲ့ပေသည်၊ ထိုနေ့ ညနေ ၅-နာရီမှာ ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်း သြဝါဒတရားကို နာယူ ပြီးလျှင် ရှုမှတ်အားထုတ်လေသည်။ တရားမြန်မြန်ရလိုသောကြောင့်အပြင်း အထန် အားထုတ်သည်။ ၁-နာရီကျော် ၂-နာရီခန့်ကြာအောင် ပေထိုင် လျက် အားထုတ်သောအခါ ဒုက္ခဝေဒနာများကို ပြင်းထန်စွာ ခံစားရလေ သည်။ ထိုအကြောင်းကို နည်းပြကမ္မဋ္ဌာန်း ဆရာတော်အား လျှောက်သော အခါ ဆရာတော် ဦးပဏ္ဍိတက ''အားထုတ်ခါစမှာ ဒါလောက် ကြာကြာကြီး မထိုင်ရဘူး၊ ထိုင်တိုင်းလိုချင်တိုင်းလဲ ရတာမဟုတ်ဘူး၊ မှန်မှန်မပြတ် ရှုမှတ် သွားဘိုသာလိုပါတယ်''စသည်ဖြင့် ပြုပြင်ညွှန်ကြားပေးသည်။

၁၀-ရက်လောက် ကြာသောအခါ ဒုက္ခဝေဒနာများကို လွန်မြောက် သွားသည် အမှတ်ကောင်းနေသောအခါ၌ တောတောင် စေတီစသော အာရုံ နိမိတ်အမျိုးမျိုးကို တွေ့မြင်ရသည်၊ တကိုယ်လုံး ဂွမ်းကဲ့သို့ပေါ့ပါးပြီးလျှင် တံလျှပ်ငွေ့ ထိုင်လျက်ပင် အပုံသင်စ ငှက်ကလေးများကဲ့သို့ တက်လိုက် ကျလိုက်နှင့် ခုန်ဆွ ခုန်ဆွ ဖြစ်နေရာ အနီးရှိ ယောဂီတဦးကို တိုက်မိလျက် ပင် ဖြစ်သွားခဲ့သည်၊ ရှုမှတ်နေယင်း အလင်းရောင်ကို ခြင်ထောင်အတွင်း၌ တွေ့မြင်ရ၍ လက်နှိပ်ဓာတ်မီးက ပွင့်နေလို့လေလား ဟု အထင်ဖြင့် လက်နှင့် စမ်းသပ်၍တောင် ကြည့်ရှုစုံစမ်းမိခဲ့လေသည်၊ ထိုအကြောင်းများကို အာရုံ ဝမ်းသာနှင့် ကမ္မဋ္ဌာန်းဆရာအား လျှောက်သောအခါ ဆရာတော်ဦးပဏ္ဍိတက ပေါ်လာသော အာရုံအထူးများနှင့် နှစ်သက် သာယာသော စိတ်များကို စူးစူးစိုက်စိုက် ရှုမှတ်ရန် အမိန့်ရှိလိုက်ပေသည်၊ စူးစူးစိုက်စိုက် ရှုမှတ်သော် လည်း နှစ်သက်သာယာသော စိတ်က ခဏခဏဖြစ်နေသောကြောင့် အတော် ကြိုးစား၍ ရှုသည်၊ အတော်ကြာမှ ပျောက်ကင်း သွားသည်။ တခါန်မှာ အမှတ်ကောင်းနေစဉ်တွင် ခန္ဓာကိုယ်ကြီး ဖွတ်ကနဲ ငြိမ်းအေးပြီး သွေး လေ

အလှုပ်အရှားရပ်သွားသကဲ့သို့ ဖြစ်သွားသည်၊ ထိုအခါ သမာပတ် ဝင်စားတယ် ဆိုတာ ဒီဟာမျိုးဘဲ ထင်ပါရဲ့ဟူ၍လည်း ထင်မိသည်၊ "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ" ဟု ဘုရား ဟောတော်မူတဲ့အတိုင်း တရား အရသာကို အကောင်းဆုံးဆိုတာ မှန်လှပါပေသည် ဟူ၍လည်း သဘော ကျမိသည်၊ အားလည်း ကြီးမိသည်။

တခါတခံ စိတ်ဟာ ဘယ်ကိုမျှ မသွားတော့ဘဲ ရှုမှတ်ရာ အာရုံ၌သာ ကပ်လျက် ကပ်လျက် တည်နေသည်၊ အထူးကြောင့်ကြမစိုက်ရဘဲ အာရုံနှင့် မှတ်သိဘ် အံကျကိုက်လျက် အမှတ်ကောင်းနေပေသည်။ ထိုသို့အမှတ်ကောင်းနေသောအခါ အအိပ်အနေ နည်းပါး သွားသည်၊ သုံးလေးည တိုင်တိုင် မအိပ်ဘဲ အားထုတ်နေနိုင်ခဲ့သည် ထိုသို့မအိပ်ရသည့်အတွက် အိပ်ရေးပျက်ခြင်း မူးဝေထိုင်းမှိုင်းခြင်းမရှိဘဲ ပကတိအတိုင်းပင် ကြည်လင်လျက်ရှိသည် တခါကမူ ရုပ်ကိုယ်ကြီးတခုလုံး ပျောက်နေပြီး အသိစိတ်ကလေးတခုတည်းသာ ကျန်နေတော့သည်၊ ထိုအခါ၌ မှတ်စရာ မရှိတော့သဖြင့် မမှတ်ပဲ နေမိ ခဲ့သည်၊ ထိုအကြောင်းကို ကမ္မဋ္ဌာန်းဆရာ ဦးဝဏ္ဏိတအား လျှောက်သောအခါ ဆရာတော်ဦးဝဏ္ဏိတက အဲဒီသိနေတဲ့ စိတ်ကလေးကိုဘဲ ရှုမှတ်နေရမယ်ဟု ညွှန်ကြားပြုပြင် ပေးတော်မူသည်၊ "ဆရာမရှိလျှင် ရွှေသို့မဘိုးဘဲ နေတော့မှာဘဲ၊ တတ်သိနားလည်သော ဆရာကိုအမှီပြု၍ အားထုတ်ရတာ ကျေးဇူး များလှပါပေသည်" ဟု စဉ်းစား မိခဲ့သည်၊ ကမ္မဋ္ဌာန်းဆရာ၏ ညွှန်ကြားချက်အတိုင်း လိုက်နာ၍ ဆက်လက် အားထုတ်ခဲ့ရာ ၁၃၂၃-ခုနှစ် တပေါင်းလဆုတ် ၇-ရက်နေ့၌ ဉာဏ်စဉ်တရားကို နာရသည်။

"ကမ္မဋ္ဌာန်းဆရာလုပ်မည့်ပုဂ္ဂိုလ်ဆိုတာ သူများထက်ပိုပြီး ကြာကြာအားထုတ်ရတယ်" ဟု ဦးဝဏ္ဏိတက အမိန့်ရှိသောကြောင့် ဆက်လက်၍လည်းအားထုတ်ခဲ့သေးသည်၊ ထို့ပြင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ ဖြစ်ကြသော ဆရာတော်ဦးဝဏ္ဏိတ၊ ဦးသုဇာတ၊ ဦးပဏ္ဍိတတို့ထံ၌ ကမ္မဋ္ဌာန်း ပေးနည်း စစ်နည်း ဟောပြော ပြုပြင်နည်းများကိုလည်းနာကြားလေ့လာခဲ့သည်၊ ဆရာတော် ဦးဝိဇယသည် ဉာဏ်စဉ်တရားကို နာရသောအခါ ကိုယ်တွေ့များနှင့် ကိုက်ညီနေသည်ကို များစွာ တွေ့ရ သောကြောင့်၎င်း၊ ဉာဏ်စဉ် တရားကို နာပြီးနောက် ဆက်လက် အားထုတ်သောအခါများ၌ သာ၍ ရှင်းလင်းစွာ ဉာဏ်ဖြစ်ပုံများကို တွေ့ရသောကြောင့်၎င်း ဆွေမျိုး မိတ်ဆွေများနှင့် ဒကာ ဒကာမများအား သတိပဋ္ဌာန်ကိုယ်တွေ့အလုပ် ဝိပဿနာတရားကို ဟောပြောလိုသောစိတ် အားထုတ်စေလိုသောစိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်ခဲ့လေသည်၊ ထို့ကြောင့် မိမိ၏နေရပ် ဟံလင်းကြီးသို့ ရောက်သောအခါ ၁၃၂၄-ခုနှစ် ကဆုန်လမှစ၍ ဟံလင်းကြီး ဝါဆိုကျောင်းရိပ်သာ ဟူသော အမည်



မဟာစည်-ဓမ္မကထိက သရက်-အောင်မင်္ဂလာ

ဆရာတော်-ဦးစန္ဒာဝရ

## လက္ခဏာရေးသုံးပါး တင်၍ ရှုဟန်က အခြေခံ

သရက်-အောင်မင်္ဂလာ ဆရာတော် ဦးစန္ဒာဝရသည် အဒေါ် ဖြစ်သူက သင်ပေးသဖြင့် လက္ခဏာရေးတင်၍ ရှုခြင်းနှင့်စပ်သော လေးချိုး ကဗျာ

---

ဖြင့် ရိပ်သာအသစ်ဖွင့်လှစ်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိဿယအတိုင်း ရောက်လာသမျှ ယောဂီတို့အား ဟောကြားပြသလျက် ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ပြီးသော ယောဂီဦးရေမှာ (၂၀၀) ရှိပြီ ဖြစ်ကြောင်းသိရှိရသည်။

ယခုအခါ၌မူ ဆရာတော်ဦးဝိဇယသည် ရန်ကုန် သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ပေးအပ်သောတာဝန်များကို နာယကတပါး အဖြစ်ဖြင့် ဆောင်ရွက်လျက် ရှိပေသည်။

တပုဒ်ကို ကျောင်းမနေမီ ငယ်စဉ်ကပင် နှုတ်တက်ရနေခဲ့သည်။ စာရေးစာဖတ် တတ်သည်မှစ၍ လက်လှမ်းမှီရာ စာပေမျိုးစုံကို ဖတ်ရှုလာခဲ့ရာ ရှင်သာ မဏေပြစ်သောနှစ်မှာ စစ်ကိုင်းတောင်ရိုး ဂန္ဓာရုံချောင် ဆရာတော်ဘုရား ကြီး၏ "နိဗ္ဗာနမဂ္ဂဒီပနီ" ကျမ်းစသော ပဋိပတ္တိဆိုင်ရာ စာပေများကို ဖတ်ရှုလေ့လာခွင့်ရလေတော့သည်။ ထို့ကြောင့် ဆရာတော် ဦးစန္ဒာဝရ၏ စိတ်ထဲ၌"လက္ခဏာရေးသုံးပါးတင်၍ ရှု" ဟူသော ဝေါဟာရသည် စွဲတည် လာခဲ့သည်။ သို့သော် ထိုဝေါဟာရ၏ ဆိုလိုရင်း အနက် အဓိပ္ပါယ်ကို ကား သဘောမပေါက် နားမလည်သေး၊ နားလည်လိုသော အာသာဆန္ဒ လည်း အလွန်ပြင်းပြနေသည်၊

## ဝိပဿနာရှုနည်းမှာ တွေ့သည်

တနေ့သောအခါ ခရီးသွားရင်း သရက်ခရိုင် မင်းလှမြို့နယ် အောက် ကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးဇူးတော်ရှင် (အဂ္ဂမဟာ ပဏ္ဍိတ)မဟာစည်ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသော"မဂ်ဖိုလ် နိဗ္ဗာန်သို့ အမြန်ရောက်စေနိုင်သော သတိပဋ္ဌာန်လက်တွေ့ လုပ်ငန်းဝိပဿနာ ရှုနည်းကျမ်း"စာအုပ်ပဌမတွဲ ဒုတိယတွဲ တစုံကို (ရဟန်းခြောက်ဝါအရ၌) တွေ့ရလေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာများနှင့် ပဌမဆုံး အကြိမ် တွေ့ရခြင်းဟု ဆိုသည်။ ဆရာတော် ဦးစန္ဒာဝရသည် မာတိကာ ခေါင်းစဉ်မျကိုသာ ဖတ်ရှုရာ ဒုတိယတွဲတွင် သူအချိန် ကြာမြင့်စွာကပင် အာသာငမ်းငမ်း ရှာစမ်းရှာဖွေလာခဲ့သော "လက္ခဏာတင်၍ရှုပုံ" ဟူသော ခေါင်းစည်းစာကြောင်းကို တွေ့ရသဖြင့် အလွန်ပင် ဝမ်းသာသွားသည်၊ ရင်ခုန်၍ လက်များပင် တုန်လာသည် ထင်ရသည်ဟု ဆိုပါသည်။

## စာတွေ့ ကိုယ်တွေ့

အဘွင်း စာသားကို ဖြည်းဖြည်း နှေးနှေးဖတ်သည်၊ (သတ္တမအကြိမ်ရိုက် နှာ ၁၂၁-မှ စသည်)အချို့ဝါကျစာပိုဒ်များကို ထပ်၍ ထပ်၍ ဖတ်သည်။ "လက္ခဏာရေးတင်၍ရှု" ဟူသော ပဋိပတ်နယ်သုံး ဝေါဟာရ၏ ဆိုလိုရင်း သဘောအဓိပ္ပါယ်ကို "အလုပ်သဘော ပါဝင်သော စာအလိုအရ" သိလိုက် ရသဖြင့် ကျောတွင်းစိမ့်ချမ်း ပီတိဖြန်းကာ လွန်စွာ အားရ ကြေနပ်သွား တော့သည်။ ကိုယ်တိုင်တရားကို အားထုတ်ပြီး "စာတွေ့-ကိုယ်တွေ့" သိရ ပါလျှင် ပိုမို၍ ပြည့်စုံသည်ဟုလည်း တွေးကြံမိလိုက်သည်ဆိုပါသည်။ ယင်း ဝိပဿနာရှုနည်းကျမ်းစာ နှစ်အုပ်လုံးကို ဆက်လက်ဖတ်ရှုမိသောအခါ တရား

အားထုတ်ဖို့ရာ သဒ္ဓါဆန္ဒပိုမိုထက်သန် ပြင်းပြလာလေသည်။ ၁၃၃၀-ခုနှစ် ပြာသိုလမှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် တရားဟောတော်မူရန် မြို့တ်မြို့သို့ ကြွတော်မူပါသည်။ ထိုစဉ်အခါက ဆရာတော် ဦးစန္ဒာဝရသည် မဟာစည် ဆရာတော် ဘုရားကြီးအနီး၌ ငါးရက်တိုင်တိုင် ဆည်းကပ်၍ ဝတ်ပြုလျက် သိလိုသော အကြောင်းအချက်များကို မေးမြန်း လျှောက်ထားသည်။ ဆရာတော်ဘုရားကြီးကလည်း စိတ်ရှည်စွာ ပြန်လည် မိန့်ကြားတော်မူသည်။

## ဝိနည်းသြဝါဒ

တနေ့သောအခါ ဦးစန္ဒာဝရသည် ပျားရည်နှစ်ပုလင်းကို ကိုင်ယူ၍ နေရာ ပြောင်းရွှေလိုက်မိသည်၊ မဟာစည်ဆရာတော်ဘုရားက "ဦးပဥ္စင်း ဘာလို့ သွားပြီး ကိုင်ရရွှေ့ရတာလဲ၊ သည်လိုမလုပ်ရဘူး ဒုက္ကဋ် ဥဂ္ဂဟိတ က ဖြစ်တယ်"ဟု ဆုံးမတော်မူသည်၊ တည်ငြိမ်၍ ကြည်လင်သော မျက်နှာ တော်ပိုင်ရှင် ဆရာတော်ဘုရားကြီး၏ ချိုသာငြိမ့်လေးသော ဆုံးမသံကို နာခံရသောအခါ ဦးစန္ဒာဝရစိတ်ထဲမှာ သဘောပေါက်လာပုံက "မဟာစည် ဆရာတော်ဘုရားကြီးဟာ မာယာ သာဌေယျ ကင်းစင်၍ သက်သက် ရိုးသား လှသော ဝိနယဂရုက ပုဂ္ဂိုလ်မွန်ကြီးဘဲ" ဟူ၍ ဖြစ်သည် ဆိုပါ သည်။

> (ရှင်းလင်းချက်) အကပ် မခံရသေးသော စားသောက်ဘွယ် ပစ္စည်းများကို ထိရုံမျှ ကိုင်တွယ်သုံးသပ်လျှင် ဒုရူပစိဏ္ဏ ဒုက္ကဋ် အာ ပတ်သင့်ပါသည်၊ တနေရာမှ တနေရာသို့ ကိုင်၍ ရွှေလိုက်ပါလျှင် ဥဂ္ဂဟိတက ဒုက္ကဋ် အာပတ်သင့်ပါသည်။ ထို့ကြောင့် ဝိနည်းတော်က ရဟန်းတော်များအား စားဘွယ် သောက်ဘွယ် ပစ္စည်းများကို အကပ်မခံဘဲ ကိုင်ရန် နေရာရွှေ့ရန် ခွင့်မပြုပါ၊

ဤသို့စသော ဒိဋ္ဌသုတများကို မှီ၍ ဆရာတော်ဘုရားကြီးမှာ ပိယ ဂရုဘာဝနီယ ဝတ္တာ-စသော ကလျာဏမိတ္တ ဂုဏ်များ ပြည့်စုံတော်မူ ကြောင်း ယုံကြည်ဆုံးဖြတ်နိုင်ခဲ့ပေသည်၊ ထို့ကြောင့် ဝိပဿနာရှုနည်း ကျမ်းကို ဖတ်ရှုရကတည်းက ပင် ကြည်ညိုလျက်ရှိနေသော ဆရာတော် ဦးစန္ဒာဝရသည် ဆရာတော်ဘုရားကြီး၏ ခြေတော်စုံကို ဦးတိုက်၍ ရန်ကုန် မြို့ သာသနာ့ရိပ်သာသို့ လာရောက်၍ တရား အားထုတ်လိုပါကြောင်း ခွင့်တောင်း ပန်ကြား လျှောက်ထားခဲ့လေသည်၊

## သာသနာ့ရိပ်သာ ရောက်၍လာ

ဆရာတော် ဦးစန္ဒာဝရသည် ၁၃၃၁-ခုနှစ် ပဌမ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့ ရန်ကုန်မြို့သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မေတ္တာတော်ရိပ်မြုံသို့ ခိုလှုံမိခဲ့သည်၊ ညနေ ၅-နာရီမှာ ဆရာတော်ဘုရားကြီး၏ ဝိပဿနာအလုပ်ပေး တရားတော်ကို နာယူရသည်၊ ထိုညမှစ၍ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ရသည်။ ဆရာတော်ဘုရားကြီး၏ လက်သောက် ကမ္မဋ္ဌာနာစရိယဖြစ်သော ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ တရားစစ်မေးခြင်း ဟောပြောညွှန်ပြ ပြုပြင်ခြင်းတို့ကို ခံယူခဲ့ရသည်။ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ နေ့စဉ်ဟောကြားတော်မူသော တရားခွန်းတို့တွင် "သမာဓိဿ စ နိမိတ္တဂ္ဂါဟော-စိတ်တည်ကြည်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်းမှတ်ရမည်" ဟူသော ဣန္ဒြေထက်ကြောင်း ကိုးပါး (ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၄၈-ရှုနည်း၊ ၂၊ ၁၁၇) တရားခွန်းသည် ဆရာတော် ဦးစန္ဒာဝရအား ကျေးဇူးအများဆုံး ဖြစ်ခဲ့သည်။

## သက်တော်ထင်ရှား မြတ်စွာဘုရား နည်းတူ

ဤမဟာစည် သာသနာ့ရိပ်သာ ပဋိပတ္တိဌာန၌ ရဟန်းတော်ယောဂီများသည် (၄၀-မှ-၈၀) များပြားလှသည် လူအမျိုးသားယောဂီမှာ ငါးဆယ်ဝန်းကျင်၊ အမျိုးသမီး ယောဂီ (လူ သီလရှင်) တို့မှာ တရာဝန်းကျင် အသွဲ့ရှိသည်၊ သီးခြား သူ့နေရာနှင့်သူ၊ သူ့ တာဝန်ခံ ဆရာနှင့်သူ၊ နေ့စဉ် အချိန်မှန် စုရုံး၍ တာဝန်ခံ ဆရာများက ယောဂီများအား တရားစစ်မေးသည် ပြုပြင်ညွှန်ကြားပေးသည်။ ယင်းသို့သော အဖြစ်မှန်များကို ကွေ့တိ သိမြင်ရသောအခါ ဆရာတော် ဦးစန္ဒာဝရသည် ဝိနယမဟာဝဂ်နှင့် မဇ္ဈိမနိကာယ်လာ မြတ်စွာဘုရား ကိုယ်တော်တိုင် ပဉ္စဝဂ္ဂီတို့အား တရားစစ်မေး ညွှန်ကြားတော်မူလျက် ရဟန္တာ ဖြစ်သွားကြသည်တိုင်အောင် အထူး ကြပ်မတ် စောင့်ရှောက်တော်မူခဲ့ပုံကို ပြန်လည်သတိရလာလေသည်၊ မြတ်စွာဘုရား၏ နည်းကိုယူ၍ တာဝန်ခံ ဆရာတော်များက တကူ တမျှ တရားစစ်မေး ညွှန်ပြ ဆောင်ရွက်တော်မူနေကြခြင်းကြောင့် သက်တော်ထင်ရှား မြတ်စွာဘုရား မျက်မှောက်တော်နှင့် မခြား တူမျှသော ဤမဟာစည် သာသနာ့ရိပ်သာ ပဋိပတ္တိဌာနကြီးသို့ ရောက်လာရသော ငါသည် ကံထူးလေစွဟူ၍ ဆရာတော် ဦးစန္ဒာဝရမှာ ဝမ်းသာရွှင်မြူး အလွန်အကြူး ကြည်နူး နှစ်သိမ့်ခဲ့ရလေသည်။

## နောက်ကျောတက်ရောဂါ ကင်းစင်ကွာ

တရားအားထုတ်၍ တလခွဲခန့် ရှိသောအခါ ယခင်က ၁၅-မိနစ်ထက် ပို၍ ကြာမြင့်စွာ မထိုင်နိုင်အောင် ဒုက္ခပေးခဲ့သော (ပူ-အောင့်-ကိုက်) နောက်ကျောတက် ရောဂါကြီးသည် ပိန်းကြာဖက်ဖျား ရေမနားသို့ ပျောက်ကင်း၍ သွားလေတော့သည်၊ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ “ရောဂါရှိသည်၊ ပြန်ထမည်၊ ကြံစည်မပျင်းနှင့်”ဟူသော (အင်္ဂုတ္တိုရ်၊ ကုသိတာရမ္ဘသုတ်) ညွှန်ကြားချက်အတိုင်း လိုက်နာအားထုတ်၍ ငါ့ရောဂါ ပျောက်ကင်းသွားသည်ဟု ဝမ်းသာလွန်းလှသဖြင့် “မအိပ်နိုင် မစက်နိုင် အကျောတက်က၊ သတိပဋ္ဌာန်လက်နှင့် နှိပ်ပေးလေ”စသော တရားကဗျာ ကိုပင် ဖွဲ့စီမိလေသည်။

## ဉာဏ်စဉ်တရားနာရပြီ

၁၃၃၁-ခု၊ တော်သလင်းလဆုတ် ၇-ရက်နေ့၊ ညနေ ၅-နာရီမှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောတော်မူသော ဉာဏ်စဉ် (ဓမ္မာဒါသသုတ်) တရားတော်ကြီးကို ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ ခွင့်ပြုတော်မူချက်ဖြင့် ဆရာတော် ဦးစန္ဒာဝရ နာယူခွင့် ရသွားခဲ့သည်။ ဉာဏ်စဉ်တရားတော်ကြီးကို နာခွင့်ရသော ဆရာတော်ဦးစန္ဒာဝရသည် မိမိအားထုတ်၍ တွေ့သိခဲ့ရသည်များနှင့် တိုက်ဆိုင်သောအရာများကို နာကြားရသဖြင့်လည်း အထူး ဝမ်းသာ ကြည်နူးခဲ့ရသည်၊ ဤဉာဏ်စဉ်တရားတော်ကြီးကို ဟောခြင်းသည် ယောဂီများအား အောင်လက်မှတ် ပေးခြင်း ဘယ်အရိယာအဆင့်သို့ ရောက်သွားပြီဟု အဆုံးအဖြတ်ပေးခြင်း မဟုတ်၊ မိမိတို့ကိုယ်တိုင်သာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ကြစေရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မာဒါသသုတ် (တရားမှန်ပြင်) တရားတော်ကြီးကို (ဒီ၊ ၂၊ ၇၉။သံ ၃၊ ၃၁၁) ဟောကြားရခြင်း ဖြစ်ကြောင်း သိရပြန်၍လည်း ဆရာတော်ဘုရားကြီးအပေါ်၌ ဆင့်ကဲပိုမို ကြည်ညိုသဒ္ဓါ တိုးတက်လာပြန်သည်ဟု ဆိုသည်။

## တိုက်ရိုက်လျှောက်ထား၊ တရားဟောကာ

ဆရာတော်ဦးစန္ဒာဝရသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထံတော်မှောက်သို့ ရောက်ကတည်းက ယနေ့ကျအောင် ဆက်လက် နေထိုင်လျက် ကိုယ့်အတွက် ရှုမှတ်အားထုတ်ရင်း တဖက်မှ ပိဋကတ် စာပေ

များကို ဖတ်ရှုကာ မသိနားမလည်သော အရာ တွေ့ရလျှင် ဆရာတော်ဘုရားကြီးအား တိုက်ရိုက် လျှောက်ထား မေးမြန်းသည်၊ နာယူမှတ်သားသည်။

ဆရာတော်ဘုရားကြီးမှ ဟောမိန့်ကျလာသောတရားပွဲ၊သူ့အား သီးခြားပေးလာသော တရားပွဲများကိုလည်း အချိန်အခါ အရပ်ဒေသအားလျော်စွာ ကျန်းမာရေးကို မသိပါးဘဲ မဟာရန်ကုန်နှင့်တကွ အခြားသော မြို့ရွာနယ်ပယ်များပါမကျန် လက်ခံ၍ သတိပဋ္ဌာန်ဝိပဿနာ တရားတော်မြတ်ကို ပိဋကတ်တော် စည်းမျဉ်းအတွင်းမှ အာစရိယဝါဒ (ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အယူအဆ) အတိုင်း ကျယ်ပြန့်စွာ ဟောပြောညွှန်ပြနေလေသည်။ ဆရာတော် ဦးသုဇာတ, ဆရာတော် ဦးပဏ္ဍိတာဘိဝံသ, ဆရာတော် ဦးသံဝရ, ဆရာတော် ဦးဇနကာဘိဝံသတို့ ထံတော်၌ တရားစစ်မေးနည်း ပြုပြင်ညွှန်ကြား ဟောပြောနည်း သင်တန်းများကိုလည်း တက်ရောက်လေ့လာ နာယူမှတ်သားပြီးသား ဖြစ်နေသည်။

## ကျိုက်လတ် ပုသိမ်

ဆရာတော် ဦးစန္ဒာဝရသည် ကျန်းမာရေးချို့တဲ့နေသော ဆရာတော် ဦးဉာဏာလင်္ကာရ၏ ကျိုက်လတ်မြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ၁၃၃၄-ခုနှစ် တဝါတွင်း သွားရောက်၍ တရားဟော သာသနာပြုခဲ့ရသေးသည်။ မိုးကုတ်မြို့ လောကမာရဇိန် ရွှေတိဆရာတော်၏ ယောဂီတထောင် ဓမ္မပူဇာ တရား အားထုတ်ပွဲတော်ကြီးသို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ညောင်ကန်ဆရာတော် ဦးဣန္ဒကသည် လိုက်သွားရသောအခါ ညောင်ကန်ဆရာတော်၏ သဘောတူညီချက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ၁၃၃၅-ခုနှစ် နွေရာသီ(ကဆုန် နယုန် ဝါဆို)၌ ပုသိမ်မြို့ အောင်မြေဘုံကျော် သာသနာ့ရိပ်သာတွင် ယောဂီများအား နေ့စဉ် တရားဟောလျက် စစ်မေးလျက် သာသနာပြုခဲ့ရသေးသည်။

## မေတ္တာပိုသ အမျှဝေကာ

သရက် အောင်မင်္ဂလာဆရာတော် ဦးစန္ဒာဝရသည် ကန်ကျောကျေးရွာ ကျောင်း၌၄င်း၊ ပြည်မြို့ သာသနာ့ဒီပါရုံ ကျောင်းတိုက်၌၄င်း၊ သူရဲတန်းမြို့တိုက်ကျောင်း၌၄င်း၊ သရက်မြို့ အောင်မင်္ဂလာ ကျောင်းတိုက်၌၄င်း၊မန္တလေးမြို့ မစိုးရိမ်တိုက်၊ တောင်ထီးလင်းတိုက်တို့၌၄င်း၊ စစ်ကိုင်းမြို့ တောင်ရေဦး

တိုက်ဟောင်း ပဋ္ဌာန်းသိပ္ပံကျောင်း၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာ ရာမ ကျောင်းတိုက်၌၎င်း၊ ပရိယတ်စာပေပညာ ယဉ်ကျေးမှု အသိအလိမ္မာပညာ များပေးတော်မူခဲ့ကြကုန်သော (ယခုသက်တော်ထင်ရှားရှိ-မရှိ) ကျေးဇူးရှင် ဆရာတော်တို့အားလည်း နေ့စဉ်ပင် မေတ္တာပို့သ အမျှပေးဝေနေလေသည်။

## ဇာတိဌာနေ မွေးဖွားရာမြေ

သရက်-အောင်မင်္ဂလာဆရာတော် ဦးစန္ဒာဝရသည် သရက်ခရိုင် မင်းဘုန်း မြို့နယ် ချောင်းဖျားကျေးရွာ ခမည်းတော် ဦးဖိုးဆင်-မယ်တော် ဒေါ်ချစ်အုံ တို့မှ ၁၂၉၁-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက်၊ (၁၉၂၉-ခု၊ ဇူလိုင် လ ၂၃-ရက်) အင်္ဂါနေ့ ညဉ့် ၈-နာရီ အချိန်၌ ဖွားမြင်ခဲ့သော သား ရတနာ ဖြစ်သည်။

၁၂၉၉-ခု၊ ဒုတိယဝါဆိုလပြည့် ၁၉၃၇-ခု၊ ဇူလိုင် ၂၂-ကြာသပတေး နေ့နံနက် ကန်ကျောရွာကျောင်း ဘုန်းတော်ကြီးထံ၌ အပ်နှံခြင်းကို ခံခဲ့ရ သည်။ ၁၃၀၃-ခုနှစ်၊ ကဆုန်လပြည့် ၁၉၄၁၊ မေလ ၈-ကြာသပတေး နေ့၌ ရှင်အဖြစ် ရောက်၍ ၁၃၁၀-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် (၁၉၄၈၊ ဒီဇင်ဘာ၊ ၁၃-ရက်) တနင်းလာနေ့နံနက် စက်(၈)နာရီအချိန်၌ တောင်တော်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်ဦး မိသားစု သရက်မြို့ ပွဲစားလမ်း ကိုမြစိန်-မအေးမြိုင်တို့ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက် ခဲ့သလသည်။



သာသနာ့ရိပ်သာ ရန်ကုန်မြို့

## အရှင်ကေလာသ

အရှင်ကေလာသသည် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ စာများကို လက်နှိပ်စက်နှင့် ရိုက်၍ အနီးကပ် ဝေယျာဝစ္စပြုသည့် တပည့်များတွင် တပါးအပါအဝင်ဖြစ်သည်၊ ရန်ကုန်သာသနာ့ရိပ်သာတွင် ယောဂီသစ်များသည် မိမိတရားကိုသာနေ့ရောညပါ ကြိုးစားအားထုတ်ရသည်။ ယောဂီဟောင်းများသည်ကား မိမိအတွက် တရားအားထုတ်မှုအပြင် သာသနာတော်အတွက် ဝေယျာဝစ္စတာဝန်များကိုလည်း ကိုယ်စီကိုယ်င ပြုကြရသည်။

ရန်ကုန် သာသနာ့ရိပ်သာတွင် သာသနာ့ ဝန်ထမ်း ရဟန်းတော်များ အပြင် ရှင်လောင်း ရဟန်းလောင်းများနှင့် အမျိုးသား အမျိုးသမီး လူငယ် လူလတ်လူကြီး အသီးအသီးတို့ လာရောက်တရားအားထုတ်ကြရာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက တပည့်ကြီးငယ် အသွယ်သွယ် တို့အား ဆိုင်ရာဆိုင်ရာ တာဝန်များကိုပေး၍ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ဝစလုံးကိုပင်

ထမ်းဆောင်စေပါသည်၊ ထိုတွင် ရှင်လောင်းများနှင့် ရှင်ဖြစ် ပြီးသူများ အား သွားလာ ပြောဆို နေထိုင် စားသောက်ရာ၌ ယဉ်ကျေး စေရန်နှင့် ဘာသာရေး ဗဟုသုတ ရရှိစေရန် သင်ကြားပေးရေး အတွက် တာဝန်ကို အရှင်ကေလာသအား ဆရာတော်ဘုရားကြီးက ပေးထားသည်၊ ဤသို့ ပေး ထားသော တာဝန်ရရှိသဖြင့် "ခေတ္တဝတ်သော ကိုရင်ကလေးများပဲ" ဟု ပေါ့ပေါ့သဘောမထားဘဲ "အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော" ဟူသော ကျမ်းဂန် အရ ကိုယ်နှင့် ထိုက်တန်၍ ကိုယ့်ထံ ရောက်လာသော တာဝန်ဝတ်တရားကို မချွတ်မယွင်းအောင် ရွက်ဆောင်မည် ဟု သဘော ထား၍ အရှင်ကေလာသက ဆောင်ရွက်နေရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ အခက်အခဲများစွာကို တွေ့ရသည်၊ ယင်း ကိုရင် ကလေးများသည် ရှင်မဖြစ်မီ လူ့ဘဝတုန်းက မိဘများနှင့် ခွဲမအိပ် ဘူးသူ များလည်း ပါသည်၊ မိဘများထံမှ အချိန်မရွေးပင် ထွေထွေရာရာကို အကြိမ် များစွာပူဆာ၍ တောင်းစားဘတ်သူ ဆော့တတ်သူ ပြေးလွှားတတ်သူ အော် ကျယ်ဟစ်ကျယ် စကား ပြောတတ်သူ အမျိုးမျိုးလည်း ပါသည်၊ တချို့ ကိုရင်ကလေးများသည် ရှင်ဖြစ်ပြီး သော်လည်း သူတို့ ပြုနေကျ အပြုအမူ များကို ရုတ်ချည်း ဖျောက်ဖျက်၍မရပဲ သတိလစ်၍ ပြုလုပ်ပြောဆို တတ်ကြ ပေသည်၊ ညနေချိန်ခါ မိဘဆွေမျိုးများက လာတွေ့လျှင် အမေအဖေ အစ်ကို အစ်မ ခေါ်၍ အပြေးအလွှား သွားကာ နှုတ်ဆက် တတ်ကြ သည်လည်း ရှိသည်၊

သာသနာ့ရိပ်သာသည် အလွန်တိတ်ဆိတ်၏၊ ယောဂီများ၏ အမူအရာမှာ လွန်စွာ သိမ်မွေ့၏၊ အမျိုးသမီး အမျိုးသား စသည်ဖြင့် ပရိသတ်များက လည်း စုံလှ၏၊ ထို့ကြောင့် ထိုကိုရင်က လေးများကိုလည်း ဆရာတော်များနှင့် စကားပြောနည်း ကိုရင် အချင်းချင်း ပြောနည်း ဒကာ ဒကာမ များနှင့် ပြောနည်းမှစ၍ သင်ကြားပေးရသည်၊ သူ့အချိန်နှင့်သူ တရားရှုမှတ်ရန်လည်း ခိုင်းရသည်၊ ထို့ပြင် သာသနာ့ရိပ်သာထဲတွင် ရေကန်း ရေကန်ကြီး သစ်ပင် ကြီးများနှင့် မြွေမြောင် တောခြုံများ ရှိနေသောကြောင့်လည်း ကိုရင်ကလေး များကိုလွှတ်ထား၍ မဖြစ်ပေ၊ ထို့ကြောင့် အရှင်ကေလာသ သည် မိမိ၏ အချိန်များကို ကိုရင်များအတွက် ခွဲဝေပေးထားရသည်။

ခွဲဝေပေးပုံမှာ ဘုရားရှိခိုးများကို လက်နှိပ်စက်နှင့်ရိုက်၍ ကိုရင်များ တရားထိုင်ရာမှ နားချိန်တွင်သင်ပေးရသည်၊ တိုးတိုး စာကျက်ခိုင်းရသည်၊ စာကျက်ရာ ငြီးငွေ့လောက်သော အချိန်ဝယ် ဘုရားရှင်လက်ထက်တော် ထင် ရှား ရှိစဉ်တုန်းက ကိုရင်ရဟန်းလာစသော ကိုရင်ကလေးများ တရားအားထုတ်

ကြပုံ-ကိုယ်နှုတ် နှလုံး သိမ်မွေ့ပုံတို့ကို ပြောပြရသည်၊ တရားစကား တိုတို ထွာထွာ များကို ကိုရင်ကလေးများက နားထောင်ချင်ကြသည်၊နောက်တော့ သူတို့နေရာကို ပြန်လွှတ်လိုက်သျှင် နောက်တနေ့ရောက်တော့လဲ ဘုရား အကြောင်းကို ပြောပြဖို့ သူတို့ကပင် တောင်းဆို၍ ပြန်သွားကြသည်၊ ဘုရားလောင်း တောထွက်ခန်းကိုလည်း ပြောပြရသည်၊ ဘုရားရှင်၏ ဆွေ တော်မျိုးတော်များ နေရာဌာနကို ပြောရင်း မဟာသမယသုတ် အဋ္ဌကထာမှ ရောဟိနီမြစ်ရေကို အကြောင်းပြု၍ ဆွေတော် မျိုးတော် အချင်းချင်း ဆင်တပ်, မြင်းတပ်တို့ဖြင့် စစ်တိုက်လုဆဲဆဲ စစ်ရေးစစ်ဟန် ခင်းပုံတို့ကိုပါ တခါဘာရုံ ပြောပေးသည်၊ သူတို့ စိတ်ဝင်စားနေစဉ်မှာပင် ယနေ့တော့ တော်တော်ကြာသွားပြီ တော်ကြအုံးစို့ ဟု ပြောလိုက်သည်၊ မကြာသေးပါ ဘုရား၊ ထပ်ပြောပါအုံးဘုရား ဟု အများက စိတ်ပါလက်ပါ တောင်းပန် ကြမှ ဘုရားရှင်ကြွလာပြီး တရားဟောလို့ တယောက်ကိုတယောက် သည်းခံ လိုက်ကြသဖြင့် အကျိုးများလှပုံတို့ကို ဆက်ပြော၍ ဝတ္ထုကို အဆုံးသတ် လိုက်ရသည်၊

ဤသို့နှင့် ကိုရင်ကလေးများက ဆရာအမှတ်သညာဖြင့် လေးစားခံမင် လာသောအခါဝယ် တဆင့်တဆင့်တက်၍ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ အဘိုးတန် ဘုရားရှိခိုးများ, တရားဆောင်ပုဒ်များကို ဆက်လက် သင်ကြားရသည်၊ ထို့ပြင် ဆရာတော်ဘုရားကြီး ဝိသုဒ္ဓိမဂ် မဟာဋီကာကို ပို့ချ၍ နိဿယ ရေးစဉ်ကလည်း စာလိုက်သူများထဲတွင် အရှင်ကေလာသလည်း မှီသည့်နေရာမှလိုက်၍ လက်နှိပ်စက်ရိုက်ကာ ဝေယျာ ဝစ္စပြုခဲ့ပေသည်၊ ဆရာတော်ဘုရားကြီးထံတွင် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကြီး ကို လိုက်ရာမှ အဋ္ဌကထာဋီကာများကို ပုံမှီ၍ မြင်လာခဲ့သည်. ထို့ပြင် ဆရာတော်ဘုရားကြီးထံ၌ အချိန်မရွေး လျှောက်နိုင် မေးမြန်းနိုင်သဖြင့် မနစ် ပိုင်းအဘွင်းမှာပင် လိုအပ်သော အနက်အဓိပ္ပါယ်များကို အတိအကျ သိနိုင်ပေသည်။

ကျယ်ဝန်းသော, အေးဆေးသော, ဆိတ်ငြိမ်သော, သာယာသော ရန်ကုန်သာသနာ့ရိပ်သာတွင်းရှိ ယောဂီအများတို့သည် ငြိမ်သက် ငြိမ်းအေးမှု ရှိတော်မူသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက သတ္တဝါ အများဘို့အား ငြိမ်သက် ငြိမ်းအေးစေရန်အတွက် ဟောကြားတော်မူ သော နက်နဲသိမ်မွေ့သည့် အာသီဝိသောပမသုတ္တန် တရားတော်, သမ္မသာဒနီ ယသုတ္တန်ဘုရားတော် စသော တရားတော်ကြီးများကို နာယူရသဖြင့် အလွန် ကံကောင်းကြ ပါပေသည်။ အရှင်ကေလာသ ရန်ကုန်မှာ နေခြင်းသည်

ဆရာတော်ဘုရားကြီး၏ ထိုသို့သော တရားဒေသနာများနှင့် အဆုံးအမ ဩဝါဒများကို နာရခြင်းကြောင့်သာ ဖြစ်ပေသည်။

ရန်ကုန် သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယများ, ဓမ္မကထိကများ အပြင် အခြားသော စာသင်တိုက်ကြီးများမှာကဲ့သို့ပင် များစွာသော ဓမ္မာစရိယများ တိပိဋကဓရ စာမေးပွဲသမားများ အဘိဓံသများနှင့် ဘာသန္တရ အသီးသီးကို တတ်ကျွမ်းတော်မူကြသော စွယ်စုံမုံသောက် ဖြစ်ကြသည့် တပည့်ကြီးများ အမြောက်အမြား လာရောက်၍ ဆရာတော်ဘုရားကြီး၏ ထီးရိပ်ကို ခိုလှုံနေကြသဖြင့်လည်း အရှင်ကေလာသတို့ကဲ့သို့သော တပည့် ငယ်များမှာ အားထားစရာများ အပြည့်အဝ ရရှိခဲ့ပေသည်။

အရှင် ကေလာသသည် ရန်ကုန်သာသနာ့ရိပ်သာ၌ သတိပဋ္ဌာန်တရား ကို အားထုတ်ခါစက နောက်ကျောတက်သောဝေဒနာနှင့် ပေါင်နှစ်ဖက် တွင် အကြောတင်းသော ဝေဒနာများကို ခံစားရ၏၊ နောက်ကျော တက် တင်သော ဝေဒနာကို မှတ်လိုက်၍ ပျောက်သွားလျှင် ပေါင် တဖက်မှာ အကြောတင်းမှု ပိုပြင်းထန်လာ၏၊ အချိန်အတော်ကြာအောင် စိုက်မှတ်လိုက်လျှင် ပျောက်သွား၏၊ သို့သော် ကျန်သော ပေါင်တဖက်၌ တင်းလာပြန်၏ ဤသို့ဖြစ်နေပုံကို ဆရာတော် ဦးပဏ္ဍိတာဘိဝံသထံ လျှောက် ရာ ဆရာတော်က -

"ဒီဝေဒနာတွေဟာ တဖြေးဖြေး တိုးတိုးပြီး ဖြစ်လာကြတာ မဟုတ်ဘူး၊ မွဲနေတဲ့မျက်စိကို မျက်မှန်တပ်လိုက်တဲ့အခါ မျက်မှန်ရဲ့ အားကောင်းမှုကြောင့် ပိုမြင်သလို ဒီဝေဒနာတွေကိုလဲ ဝိပဿနာ ဉာဏ် အားကောင်း သလောက် တိုးတိုးပြီး တွေ့ရ တာသာ ဖြစ်တယ်"

ဟု အမိန့်ရှိလိုက်သည်၊ ဆရာတော်ထံက အပြန် ဆက်မှတ်ပြန်သော် အငက် ပါ ဝေဒနာဆိုးများကို တခါတွေ့ရပြန်၏၊ ဆရာတော်အမိန့် ရှိလိုက်သည် ကို စမ်းကြည့်ချင်စိတ် ပေါက်လာသဖြင့် ဝေဒနာတွေ ပြင်းထန်နေဆဲတွင် မျက်စိဖွင့်၍ နာရီ၏ စက္ကန့်လက်တန်ကို ကြည့်ရာ စက္ကန့် ၃၀-လောက်တွင် ပေါင် ၂-ဘက်မှ ဝေဒနာအားလုံး ပျောက်နေသည်ကို တွေ့ရသည်၊ ထို အချိန်တွင်မှ ဆရာတော်၏ စကားကို ပိုမိုသဘောကျသွားပေသည်၊ တခါ တလေ ဝေဒနာတွေ ပါးသွားပြန်လျှင်လည်း တိနမိဒ္ဓက နှိပ်စက်ပြန်သည်၊ ဆရာတော်က -

သညာဒေပြောင်းပေး၊ စာကြံတွေး၊ ရှုတ်ရေးနှားဆဲ့လိန်။
မျက်ဘဲသွတ်ချန်၊ အလင်းကြံ၊ စကြံလျှောက်ပါလေ။
ထိုနှ မိဋ္ဌ မကာ်ရန် အမှန်ပယ်ဖျောက်လေ-

ဟု ရှင်မောဂ္ဂလာန်အိပ်ငိုက်၍ တရားမတက်စဉ်က ဘုရားရှင်က သတိပေး တရားဟောပုံတို့ကို လှတ်ဖော်၍ ဟောပြတော်မူသည်။ ထိုဟောပြချက် များကို နာရပြီးနောက် ပေါ်ခိုက်ပေါ်ခိုက်တို့ကိုသာ ရှုမှတ်နေသဖြင့် ဖြစ်ပေါ်လာမည့် စိတ်ကြွမ်းများမှ တချိန်တက်တချိန် ဝေးလာသည်။ ဘောင်ပေါ်သို့ တက်သောသူသည် တလှမ်းထက်တလှမ်း မြင့်၍သွားသကဲ့သို့ ရှုမှတ်နေသောသူသည် မရှုမှတ်ရူထက် ဝိပဿနာဉာဏ်များ တနေ့တခြား ရင့်သန်လာရမည်မှာ သေချာပေသည်၊ ထို့ကြောင့် အရှင် ကေလာသသည် နှစ်သန့်ကြာသောအခါ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟော ကြားတော်မူသော ဉာဏ်စဉ်တရားတော်ကို နာခွင့်ရလေသည်။

အရှင်ကေလာသသည် မိတ္ထီလာခရိုင် သာစည်မြို့အပိုင် သဲပုံရွာ ခမည်း တော် ဦးကောင်းငြိမ်း မယ်တော် ဒေါ်ချောတို့မှ ၁၂၉၈-ခု သီတင်းကျွတ် လဆန်း ၇-ရက် တနင်းလာနေ့ နံနက် ၅-နာရီခွဲအချိန်တွင် ဖွားမြင် သည်၊

အသက် ၁၁-နှစ်သား အရွယ်တွင် မိဘတို့က သဲပုံရွာကျောင်း ဆရာ တော် ဦးတေဇဝန္တအရှင်မြတ်ထံ အပ်နှံကြသဖြင့် ၂-စောင်တွဲအစ၊ ဆယ် စောင်တွဲအလယ် ဇာတ်ကြီး ဆယ်တွဲ အဆုံးရှိသော ဘုန်းတော်ကြီးကျောင်း ပညာရပ်အားလုံးတို့ကို လက်ရေး လက်သား တွက်ပုံများနှင့်တကွ ၂-နှစ် အတွင်းမှာပင် ကျောင်းသားဝတ်နှင့် သင်ယူခဲ့သည်၊ ၁၃-နှစ်သားအရွယ် တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဆရာတော် ဦးတေဇဝန္တ ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်သာမဏေ ဖြစ်ပြီးနောက် ဆရာတော် ဦးတေဇဝန္တကပင် သဒ္ဒါသင်္ဂြိုဟ်စသော ပိဋကတ် အခြေခံကျမ်းစာတို့ကို သင်ပေးတော်မူသည်၊ ထို့နောက် ဆရာတော် ဦးတေဇ ဝန္တကပင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင် ကျောင်းသို့ အပ်နှံ၍ ပိဋကတ်ပညာရပ်များကို သင်ယူစေခဲ့သည်။

မဟာဝိသုဒ္ဓါရုံ တိုက်သစ်တွင် ဂဏဝါစကအဖွဲ့က ရေးဆွဲ ထားသော စာဝါများ အတိုင်း နေ့ဝါ ညဝါအဖြာဖြာတို့ကို လိုက်လံ သင်ယူခဲ့ရာ အခိုးဂုဏ်ယ်-လတ်-ကြီးနှင့် စာချတန်း စာမေးပွဲတို့ကို ဂုဏ်ထူးဆောင် ကျမ်း များနှင့်တကွ သာမဏေဘဝကပင် အောင်မြင်ခဲ့လေသည်၊ ၁၃၁၉- ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ခဏ္ဍ

သိမ်တော်ကြီး၌ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ၈၂ - လမ်း ဒေါ်ထွန်း၊ (မောင်) ကိုစံညွန့်၊ တူ- မောင်ထွန်းဝင်း၊ တူမ-အမာငွေး တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ရဟန်းဖြစ်ပြီးနောက် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည့်ချုပ်ကျောင်း ပိုက်ကျုံး ဆရာတော် ဦးဇာနေယျဗုဒ္ဓိထံတွင် နိကာယ်ကျမ်းကြီးများကို အဋ္ဌကထာ, ဋီကာများနှင့်တကွ ထပ်မံသင်ယူ၍ ရဟန်းသိက္ခာ ၃-ဝါအရတွင် တိပိဋက ဓရ ရွေးချယ်ပွဲကြီး၌ ဒီဃဘာဏကဘွဲ့ကို ထပ်မံရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့ကိုယူရန် ရန်ကုန် သာသနာ့ရိပ်သာတွင် တည်းခိုနေစဉ် ရိပ်သာတွင်းရှိ လူယောဂီ ရဟန်းယောဂီတို့၏ ဣန္ဒြေနှင့် ပြည့်စုံခြင်းကိုမြင်ရ၍ ကြည်ညိုလှသဖြင့် မိမိလည်း စာဖြေပြီးလျှင် သာသနာ့ ရိပ်သာ၌ နေခဲ့၍ ပဋိပတ်သာသနာအတွက် နည်းနာနယ ပြည့်စုံအောင် အားထုတ် မည်ဟု မဖြစ်ဘူးမြဲ ထူးကဲသောစိတ်ကူး စိတ်သန်းများ ဖြစ်ခဲ့ရလေသည်၊ သို့သော် ထိုနှစ်က စာပြန်ရင်း ဓနမကောင်း ဖြစ်ရာ ဆွမ်းမစား နိုင်သော်လည်း ဇွဲ မလျှော့ပဲ ပြီးဆုံးအောင် ပြန်ဆိုသည့်အတွက် ဒီဃဘာဏကဘွဲ့နှင့်အတူ သွေး အားနည်း၍ နှလုံးတုန် ရင်ခုန်သည့် ရောဂါကိုလည်း ရရှိခဲ့သဖြင့် မန္တလေးသို့ ပြန်ခဲ့ရလေသည်၊ ၁၃၂၇-ခုနှစ်တွင် စာရော ကျန်းမာရေးပါ အနည်းငယ် ပြည့်စုံလာ၍ စာဖြေရန်အတွက် ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်လာခဲ့ပြန် လေသည်၊ ထိုနှစ်က စာမေးပွဲကျ၍ ဒီဃနိကာယ ကောဝိဒဘွဲ့ကိုကား မရ ရှိခဲ့သော်လည်း ယခင်ကပင် အာသီသရှိသည့်အတိုင်း ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ တရားအားထုတ်ခွင့်ရကာ ဉာဏ်စဉ် တရားနာခွင့်ရသဖြင့် အလွန်အကြူး အထူးပင် ဝမ်းသာခဲ့ရလေသည်။

ဉာဏ်စဉ်တရားနာပြီးနောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ထံတွင် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာ စာဝါများကို လိုက်ရာ အဋ္ဌကထာ, ဋီကာ များကို ပိုမိုခြင်လာသဖြင့် တိပိဋကဓရစာမေးပွဲတွင် ဆက်လက် ဖြေပြန်ရာ "ဒီဃနိကာယကောဝိဒ" ဘွဲ့ကို ထိုနှစ်က တပါးတည်းသော အောင်မြင်သူ အဖြစ်ကို ရရှိခဲ့ပေသည်၊ ဆရာတော်ဘုရားကြီး၏ ဓမ္မာနုဂ္ဂဟ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဒီဃနိကာယကောဝိဒဘွဲ့ကို ရရှိစဉ်က ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးမှ ကြီးမှူး၍ အင်တိုက် အားတိုက် ချီးကျူး ပူဇော်ပွဲ ပြုလုပ်ရာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အထူးဖြစ်သော ဩဝါဒ တော်တို့ဖြင့် ချီးမြှောက် မှုကိုပါ ခံယူရပြန် သောကြောင့် ဒီဃနိကာယကောဝိဒ ဘွဲ့ကို ဆွတ်ခူးနိုင်သည်ထက် အဆပေါင်း ရာထောင်မက သာလွန်၍ ဝမ်းမြောက်

## ထိုင်းလင်း သာသနာပြုဆရာတော်

## အရှင် အာသဘ

ဆရာတော် အရှင် အာသဘမထေရ် လောင်းလျာသည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကွေ့ဆောင့်ရွာ ခမည်းတော်ဦးဖိုးအံ့-မယ်တော် ဒေါ်ပြောင်း တို့မှ ၁၂၇၃-ခုနှစ် ပဥ္စမ ဝါဆိုလဆန်း (၇)ရက် တနင်္ဂနွေနေ့ နံနက် တချက်မတီးမီ မင်္ဂလာအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘတို့က သတ္တိသား သူငယ်ကို ကျွန်းလှယဉ် ရွာဦးကျောင်း ဆရာ တော် ဦးပုညထံ အပ်နှံ၍ ဆရာတော်က သူငယ်အား နမော ဗုဒ္ဓါယ သိဒ္ဓံ မှ စ၍ တတ်သင့်သော ဘာသာရေးအခြေခံ စာပေ ပညာများကို ဇာတ်ကြီး ဆယ်ဘွဲ့အထိ သင်ကြား ပေးတော်မူသည်၊ ယင်း ဆရာတော် ဦးပုည ပြန်လွန်တော်မူသွားသောအခါ ငါးလံရွာ အနောက်ကျောင်း ဆရာတော် အရှင်ဉာဏထံသို့ ပြောင်းရွှေ့နေထိုင်ရသည်။

ထိုအရှင် ဉာဏမထေရ်ထံ၌ပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် အသက်(၁၅) နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ဆရာတော်က သာမ ဏေအား ရှင်အာသဘ-ဟု ဘွဲ့အမည်ပေး၍ ရှင်တို့ ကျင့်ဝတ်များနှင့် တကွ သဒ္ဒါ-သင်္ဂြိုဟ် စသော ပိဋကတ် အခြေခံစာပေများကို သင်ကြား ပို့ချ ပေးတော်မူသည်။ ထို့ပြင် ထိုဆရာတော် အရှင်ဉာဏမထေရ်က ဝိနည်းငယ် လေးစောင်ကိုလည်း သင်ကြားပေးပြီးနောက် သာမဏေ ရှင်အာသဘကို ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးများထံ ကိုယ်တိုင် ကြွရောက်၍ အပ်နှံပေးတော်မူသည်။

---

ခဲ့ရပါသည်၊ ယခုလည်း ရန်ကုန်သာသနာ့ရိပ်သာမှာပင် ရှင်သစ် ရဟန်းသစ် များအား သင်ကြား စောင့်ရှောက်ခြင်း စသော ဝေယျာဝစ္စ တာဝန် ဆောင်ကာ မဟာစည် ဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ ခိုလှုံနေလျက် ရှိပေသည်။



ဆရာတော် အရှင် အာသဘ
ဝိဝေက အာစုံရိပ်သာ၊ ချန်ပူရီမြို့ ထိုင်းနိုင်ငံ

သာမဏေ ရှင်အာသဘသည် မဟာဝိသုတာရာမတိုက်၌ လက်ထောက်စာချဆရာတော်များထံတွင် အဘိဓာန်-ဆန်း အလင်္ကာ၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ ဝိဘာဝနီဋီကာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ စသော ကျမ်းဂန်များကို သင်ယူရပေသည်၊ ထိုသို သင်ယူနေစဉ်မှာပင် သက်တော် (၂၀) ပြည့်ဖို့ ကြွယ်သဖြင့် ကျွန်းလှယဉ်ရွာ ခဏ္ဍသိမ်တွင် ငါးလံဆရာတော် အရှင်ဉာဏမထေရ်ကိုပင် ဥပဇ္ဈာယ် ပြု၍ ပခုက္ကူမြို့ ရွှေပန်းတိမ်သည် ဆရာကြီး ရဟန်း ဒါယကာ ဦးစံမောင် ရဟန်းအမ ဒေါ်မမတို့၏ ပစ္စယာနုဂ္ဂဟနှင့် (၁၅) ပါးသော ကမ္မဝါစာရသံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်၊ ရဟန်းအဖြစ်သို့ ရောက်သည့် မင်္ဂလာအချိန်မှာ ၁၂၉၃-ခုနှစ်၊ ဝါဆိုလဆန်း ၇-ရက် တနင်္ဂနွေနေ့ နံနက် ၉-၂၀ နာရီ အချိန်ဖြစ်သည်။

ထိုသို့ ရဟန်းဖြစ်ပြီးနောက် အရှင်အာသဘသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ပဌမဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမသေရ်၊ ၎င်းတိုက် ဒုတိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမထေရ်၊ ညောင်တုန်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မထေရ် အစရှိသော ပဥ္စနိကာယပါရဂူ ဆရာတော် ဘုရားကြီးများထံ၌ အဋ္ဌကထာ, ဋီကာများနှင့် တကွ နိကာယ်ငါးရပ် ပါဠိတော်တို့ကို လေ့လာကြိုးစား သင်ကြားတော်မူခဲ့လေသည်။

ထိုသို့ သင်ကြားတော်မူပြီးနောက် ဗဟုသုတ နာနာနယတို့ကို ထပ်မံ၍ အသူး သည်းပူးချာဒိုးတော်မူလိုသေးသဖြင့် မန္တလေးမြို့သို့ ကြွရောက်ပြီးလျှ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာဂဒ၊ အနောက်ပြင် ခင်မကန်တိုက် အဂ္ဂမဟာပဏ္ဍိတ စံကျောင်း ဆရာတော် ဦးနန္ဒိမာ၊ အမရပူရ တူးခဲ့ဘောင်းတိုက် ညာါအကျော်ဆရာတော် ဦးနန္ဒိယ၊ မင်္ဂလာတိုက်ဟောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဝိမလ-အစရှိသော ဆရာတော်တို့ထံ၌ နေ့ဝါညာါများကို သင်ကြား နာယူတော်မူခဲ့ပေသည်၊ ထို့နောင် ပခုက္ကူမြို့ မဟာဝိသုတာ ရာမဘိုက်ကြီးသို့ပြန်ရောက်လာသောအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများက ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူကြသဖြင့် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ပိဋကတ်စာပေများကို ပို့ချလျက် ဂန္ထဓုရ သာသနာ့ဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော် မူခဲ့ပေသည်။

## ဂန္ထဓုရမှ ဝိပဿနာဓုရသို့ ပြောင်းလာခဲ့ပုံ

ထိုသို့ ပိဋကတ်စာပေကျမ်းဂန်များကို ကြိုးပမ်းပို့ချနေစဉ် ရဟန်းအမကြီး ဒေါ်မမ၏ ပင့်လျှောက်ချက်အရ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းဆရာတော် ဦးကဝိထံတွင် အာနာပါန အခြေတည်၍ ဝေဒနာနုပဿနာကို ၄၅-ရက်ကြာ ပွားများအားထုတ်ခဲ့ရာ ဆရာတော်ဘုရားကြီး အားရကြေနပ်သည်အထိ ပေါက်ရောက်ပြည့်စုံတော်မူခဲ့ပေသည်၊ ယင်းသို့ အားထုတ်ပြီးနောက် ပခုက္ကူသို့ ပြန်ရောက်လာသောအခါ မဟာဝိသုတာ ရာမတိုက် တိုက်အုပ်ဆရာတော် ဦးဂန္ဓမာ၏ ညွှန်ကြားချက်အရ မဟာစည် ဆရာတော်ဘုရား ရေးသားစီရင်သော ဝိပဿနာရှုနည်းကျမ်းကို စိတ်ပါလက်ပါ ထက်သန်စွာနှင့် သေချာစွာ ကြည့်ရှုလေ့လာသောအခါ အလွန်တရာ နှစ်သက်သဘောပေါက်လှသဖြင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ မူလဌာနရင်းဖြစ်သော ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မဟာစည် ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်၍ ထိုစဉ်အခါက ကမ္မဋ္ဌာန်းတရားဟောကြား ညွှန်ပြလျက်ရှိကြသော အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားနှင့်တကွ ဆရာကြံ ဆရာကြွက်တို့၏ ညွှန်ကြားချက်အရ ၄-လတိုင်တိုင် သတိပဋ္ဌာန် ဝိပဿနာတရားကို ရှုမှတ်ပွားများ ကြိုးစားအားထုတ်ခဲ့ရာ ကမ္မဋ္ဌာန်းဆရာများ အားရကြေနပ်သည်အထိ ပေါက်ရောက် ပြည့်စုံတော်မူခဲ့ပေသည်။

## ကမ္မဋ္ဌာနာစရိယအဖြစ်သို့ ရောက်တော်မူပုံ

ထို့နောက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ဩဝါဒခံယူရင်း ရောက်ရှိနေသောအခါ ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာနာစရိယအဖြစ် ချီးမြှောက်တော်မူသဖြင့် ၁၃၁၄-ခုနှစ်မှစ၍ ရန်ကုန်သာသနာ့ရိပ်သာ၌ ရဟန်းတော် ယောဂီတို့အား တရားစစ်ဆေးမေးမြန်းညန်ကြားလျက် လက်ထောက်ကမ္မဋ္ဌာနာစရိယ တာဝန်ကို ရွက်ဆောင်တော်မူခဲ့ပေသည်။

ထိုစဉ်အခါက ယိုးဒယားပြည်မှ ဖရားဝိမလဓမ္မ ခေါ်ဝတ်မဟာဓာတု ဆရာတော်ဘုရားကြီးက ယိုးဒယားပြည်၌ ကမ္မဋ္ဌာနာစရိယ ရရေးအတွက် ရည်၍ မဟာဇေတက ခေါ်သော တပည့်ရဟန်းတပါးကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားထံ အပ်နှံထားလေသည်၊ ထိုယိုးဒယားရဟန်းကို မဟာစည်ဆရာတော်ဘုရားကြီးက အရှင်အာသဘထံ လွှဲအပ်ထားသဖြင့် ကမ္မဋ္ဌာနာစရိယ အရှင် အာသဘ က ပင် ထိုရဟန်းအား သတိပဋ္ဌာန် ဝိပဿနာအလုပ်တရားကို အစမှ အဆုံးတိုင်အောင် ညွှန်ကြားပြသရပေသည်၊

ထိုရဟန်းမှာ ယိုးဒယားပြည်၌ သင်ရိုးအားဖြင့် ၉-ပယုဂ်အထိ အပြည့်အစုံ စာပေသင်ကြားထားပြီး ဖြစ်သောကြောင့် ပါဠိဘာသာဖြင့် တဖြည်းဖြည်း ချင်း နားလည်အောင် ပြောပြရပေသည်။ ထိုသို့ပြောပြသဖြင့် သုံးလခန့် ကြာသောအခါဝိပဿနာ ဉာဏ်စဉ်ပြည့်စုံသည့် အခြေအနေသို့ ရောက်သွား လေသည်။

ထိုနှစ်မှာပင် ဝတ်မဟာဓာတု ဆရာတော်က ယိုးဒယားပြည် အတွက် ကမ္မဋ္ဌာန်း ဆရာတောင်းသောကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက ပရိယတ် ပဋိပတ် နှစ်ရပ်လုံးပြည့်စုံသောကြောင့်၎င်း ဇွဲသတ္တိ နှင့်ပြည့်စုံသောကြောင့်၎င်း ယိုးဒယား ရဟန်းတပည့် မဟာစေတက၏ ဆရာဖြစ်သောကြောင့်၎င်း၊ အရှင်အာသဘကိုပင် ယိုးဒယား ပြည် တွင် ပဋိပတ္တိ သာသနာပြုရေး အတွက် အသင့်လျော်ဆုံး ဟု ယူဆ၍ အရှင် အာသဘကိုပင် ယိုးဒယားပြည်သို့ ပဋိပတ္တိသာသနာပြု ကြွရန် အမိန့်ချမှတ်တော်မူလေသည်။ ဆရာတော် အရှင်အာသဘ မထေရ် သည်လည်း (သော တေသံ တေသံ ဘိက္ခူနံ ဘာရံ ကတွာ တေ တေ ဘိက္ခူ တတ္ထ တတ္ထ ပေသေသိ)ဟူသော ဝိနယအဋ္ဌကထာအရ တတိယ သံဂါယနာတင်ပြီးစ အခါက အရှင်မဟာ မောဂ္ဂလိ ပုတ္တတိဿ မထေရ်က ၉-တိုင်း ၉-ဌာနသို့ သာသနာပြု စေလွှတ်တော် မူသကဲ့သို့ မိမိနှင့် ထိုက်တန် သောကြောင့် စေလွှတ်ခြင်းဖြစ်သည် ဟု နှလုံးသွင်းလျက် ကျေးဇူးရှင် ဆရာတော်ဘုရား ကြီး၏ အမိန့်အရဖြင့် ၁၃၁၄-ခုနှစ် တပေါင်း လဆုတ် ၁-ရက်နေ့တွင် ယိုးဒယား ပြည်သို့ သာသနာပြုရန် အတွက် လေယာဉ်ဖြင့် ကြွတော်မူ ခဲ့လေသည်။

## ထိုင်းလင်း (ယိုးဒယား) ပြည်၌ ပဋိပတ္တိ သာသနာပြုပုံ

ထိုစဉ်အခါက ကမ္မဋ္ဌာနာစရိယ တောင်းပူသော အရှင်ဝိမလဓမ္မဆရာ တော်သည် ယိုးဒယား သံဃာဝန်ကြီးအဖွဲ့၌ ရဟန်းတော်များကို အုပ်ချုပ် ရသော ဒုတိယ သာသနာပိုင် သံဃာ ဝန်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် ယင်းဆရာတော်က ဝတ်မဟာဓာတု ကျောင်းတိုက်၌ သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်၍ ဆရာတော် အရှင်အာသဘအား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ညွှန်ကြား ဟောပြစေသောအခါ ထိုဌာနသို့ လာရောက်၍ အားထုတ်ကြသော ရဟန်း ရှင် လူ ယောဂီအပေါင်းမှာ ငေး ငါးခြောက်နှစ်လောက်အတွင်း၌ပင် ထောင်သောင်း များစွာ ရှိသည်ပြင် ကမ္မဋ္ဌာန်း ဌာနခွဲပေါင်းလည်း (၃၀၀) ကျော်အထိ ဖြစ်ပွားခဲ့လေသည်။

ထို့နောက် ဆရာတော် အရှင်အာသဘ၏ တပည့်များ ဖြစ်ကြသော အရှင်မဟာဓောတက, အရှင်သောဘန အစရှိသော အချို့သော ယိုးဒယား ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များသည် အင်္ဂလန်စသော နိုင်ငံခြား အရပ်များသို့ သွားရောက်၍ သီတင်းသုံးနေထိုင်ကြရင်း သတိပဋ္ဌာန် ကမ္မဋ္ဌာန်း တရားကို ဟောကြားညွှန်ပြခြင်း, သတိပဋ္ဌာန် ဝိပဿနာ ကျမ်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းများကို ပြုကြသဖြင့် ကမ္ဘာအနှံ့အပြား၌ သတိပဋ္ဌာန် ဝိပဿနာကို အလိုရှိသူများစွာတို့အား ကျေးဇူး များသွားသည်လည်း ရှိပေသေးသည်။

## တရွာပြောင်းမှ သူကောင်းဖြစ်ရပုံ

ဆရာတော်အရှင်အာသဘမှာမူ ချွန်ပူရီမြို့ ကျောင်းဒကာကြီး စက်ပိုင်ရှင် ခွန်သမ္ဘိ၏ ပင့်လျှောက်ချက်အရ ဘန်ကောက်မြို့မှ မိုင် ၃၀ ခန့်ကွာဝေးသော ပင်လယ်ကမ်းခြေအနီး ချွန်ပူရီမြို့၌ ဝိဝေက အာစုံ ခေါ် ကမ္မဋ္ဌာန်း ရိပ်သာသစ်ကို ၁၃၂၄-ခုနှစ်က စ၍ ဖွင့်လှစ်လျက် ရောက်လာသော ရဟန်း ရှင် လူ ယောဂီအပေါင်းတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားနေထိုင်လျက်ရှိပေသည်။ ထိုရိပ်သာမြေကွက်၏ အကျယ်အဝန်းမှာ (၁၀)ဧကရှိ၍ ကမ္မဋ္ဌာန်းကျောင်း ပေါင်း (၇၀)ကျော်ရှိသည်။ ထို(၇၀)ကျော်တွင် ၂ ထပ်အုတ်တိုက်လည်း ၆-ခုပါဝင်သည်၊ အအေးကြိုက်သော နိုင်ငံခြားသားများအတွက် (အဲယားကွန်ဒစ်ရှင်း)အအေးခန်းလည်း အထူးပြုလုပ်ထားသေးသည်ဟု သိရ၏။ ထိုရိပ်သာတွင် ဝါတွင်းကာလ၌ ရဟန်းရှင်လူ ယောဂီပေါင်း (၇၀) ကျော် ရှိ၍ ဝါပ ကာလ၌လည်း (၄၀) ကျော်(၅၀) ခန့် အမြဲတမ်း ရှိသည်။ ၁၃၂၄-ခုနှစ် ဖွင့်လှစ်သည်မှ စ၍ ယခုအထိ အားထုတ်ပြီးသော ယောဂီပေါင်းမှာ တသောင်းကျော် ရှိသွားပြီဟုလည်း ကြားသိရပေသည်။

ထို့ပြင် ထိုရိပ်သာအတွက် ရံပုံငွေမှာလည်း ယိုးဒယား ဘတ်ငွေ ၆-သိန်းကျော်ရှိသည်။ ထိုရံပုံငွေမှ ဘဏ်တိုးများဖြင့် ဝေယျာဝစ္စအဖွဲ့က ထိုရိပ်သာအတွက် ထောက်ပံ့လှူဒါန်းသည်၊ ထို့ပြင်ဆရာတော် အရှင်အာသဘမှာ ပရိယတ် ပဋိပတ် စွယ်စုံအရည်အချင်းနှင့် ပြည့်စုံသော ယိုးဒယား ပြည်သား လက်ထောက်တပည့် ကမ္မဋ္ဌာနာစရိယလည်း ထိုရိပ်သာ၌ပင် (၃)ပါးရှိသည်၊ အုပ်ချုပ်ရေး တရားဟောပြောရေးနှင့် ကမ္မဋ္ဌာန်းနည်းပြရေးဘို့မှာလည်း ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ အတိုင်းပင် ဖြစ်၍ ထိုရိပ်သာ၌ လာရောက် အားထုတ် ကြသော ပုဂ္ဂိုလ်တို့ မှာလည်း

ယိုးဒယား အမျိုးသား အမျိုးသမီးများတွင် မကဘဲ တိုင်းတပါး နိုင်ငံခြားသားများလည်း မပြတ်မလပ် လာရောက်အားထုတ်လျက်ရှိကြသည်။ မြန်မာပြည်၌ ကြာရှည်စွာ နေထိုင်ခွင့် အားထုတ်ခွင့် မရနိုင်သော နိုင်ငံခြား အမျိုးသား အမျိုးသမီးတို့သည်လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ ထိုဝိဝေကအာဇုန်ရိပ်သာသို့ လာရောက်၍ အားထုတ်ကြသည်၊ ယင်းရိပ်သာသည် ယိုးဒယားနိုင်ငံတော်တဝှန်းလုံးတွင် ရဟန်းရှင်လူများ အကြိုက် အနှစ်သက်ဆုံး ဌာနဖြစ်၍ နာမည်အကောင်းဆုံး အသင်ရှားဆုံးလည်း ဖြစ်ပေသည်။

အသက် ဇော်ပြပါ အတိုင်း ဆရာတော် အရှင်အာသဘ မထေရ်၏ ပဋိပတ္တိ သာသနာပြု လုပ်ငန်း ကြီးပွါးတိုးတက် အောင်မြင်ရာတွင် ထိုင်းဘာသာစကားနှင့် ထိုင်းစာပေ တတ်မြောက်ခြင်း သည်လည်း အရေးကြီးသောအကြောင်းတခုအဖြစ်ဖြင့် ပါဝင်ပေသည်။ ထိုအကြောင်းကို စောစောကပင် မြော်မြင် သိရှိသော ဆရာတော် အရှင် အာသဘသည် ယိုးဒယားပြည်သို့ ရောက်ပြီးနောက် မကြာမီပင် ထိုင်းဘာသာ စကားကို စတင်၍ လေ့လာခဲ့ပေသည်၊ (၃) နှစ်ခန့်ရှိသောအခါ ထိုင်းဘာသာစကားကို နားလည်၍ အတော်အတန်ပြောဆိုနိုင်အောင် တတ်မြောက်ခဲ့ပေသည်။ လေးငါးနှစ်ခန့်ကြာသောအခါ ထိုင်းဘာသာဖြင့် ဝိပဿနာတရားကို ဟောနိုင်အောင် တတ်မြောက်သဖြင့် ထိုအခါမှာ၍ ဝိပဿနာတရားကို စကားပြန် မပါဘဲ ကိုယ်တိုင် ဟောပြောလာခဲ့ပေသည်။ ခြောက်နှစ် ခုနစ်နှစ်ရှိသောအခါ ထိုင်းဘာသာဖြင့် ကျမ်းစာများကို ဖတ်နိုင် ရေးနိုင်သည့်တိုင်အောင် တတ်မြောက်ခဲ့ပေသည်၊ သို့ဖြစ်၍ ထိုအခါမှ စတင်ပြီးလျှင် ထိုင်းဘာသာဖြင့် ဝိပဿနာ တရားနှင့်စပ်သော စာရွက်စာတမ်း ကျမ်းစာများကို ပြုစုရေးသားဘာသာပြန်ခဲ့ပေသည်၊ ထိုစာရွက်စာတမ်း ကျမ်းစာအုပ်များကို ယိုးဒယားပြည်သူပြည်သား တရားလိုလားသူတို့က များစွာပင် နှစ်သက်သဘောကျကြပေသည်။

ယင်း စာရွက် စာတမ်း ကျမ်းတို့မှာ....

၁။ ဝင့်ထန် ပဋိပတ် ( ဓမ္မာဒါသသုတ် ဘာသာပြန်)

(နှာ-၁၂၇ ရှိသည်။)

၂။ နဲးဝိုးထန် ပဋိပတ် ဝိပဿနာ (အမှတ်ပေး တရားတော်)

(နှာ-၄၂)

## ထိုင်းနိုင်ငံ၊ လမ်းပန်းမြို့
## ညောင်ခိုင်းခေါ် စိကျုံးကျောင်း
## သာသနာပြုဆရာတော် အရှင်ပညာဝံသ

ဆရာတော် အရှင်ပညာဝံသ လောင်းလျာသည် တောင်ငူခရိုင် ဖြူးမြို့နယ် ကျောက်လှရွာ ခမည်းတော် (ကျောင်းဒကာ) ဦးမှတ်ကြီး- မယ်တော် (ကျောင်းအမ)ဒေါ်တော်တို့မှ ၁၂၆၉ ခုနှစ်၊ ပြာသိုလဆုတ် ၁၃-ရက် ကြာသပတေးနေ့ ညနေ ၄-နာရီကျော် အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

၅-နှစ်သား အရွယ်တွင် မိဘတို့က ကျောက်လှရွာကျောင်း ဆရာတော် ဦးကုသလထံ၌ အပ်နှံ၍ သူငယ်တို့တတ်သင့်သော စာပေများကို ထိုဆရာတော်ထံ၌ သင်ယူခဲ့ရသည်၊ ၁၅-နှစ်သား အရွယ်တွင် ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ရှင်ပညာဝံသဟု ဆရာတော်က ဘွဲ့အမည် ပေးတော်မူသည် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို ထိုဆရာတော်ထံမှာပင် သင်ယူခဲ့သည်၊ ၁၉-နှစ် ၄-လအရွယ်တွင် ကျောက်လှကျောင်း ခဏ္ဍသိမ်၌ မြောက်ရင်းဒိုက်စိမ့်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မကာရက သံဃာတော်၏ ပေမာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊ ရဟန်းအဖြစ်သို့ ရောက်သည့်အချိန်မှာ ၁၂၈၈-ခုနှစ် တပေါင်းလဆုတ် ၈-ရက်နေ့ဖြစ်သည်။

---

၃။ လက်ကန်ကျရိန်း ဝိပဿနာ ကမ္မဋ္ဌာန်း (နှာ ၂၉)
၄။ ပဋိစ္စသမုပ္ပါဒ စက္က ဒေသနာနိုင် ဒွေယော (နှာ-၅၁)
၅။ ဝိပဿနာ ဒီပနီဋီကာကျမ်း(နှာ-၂၂၉)စသည်တို့ပင်ဖြစ်သည်။

အာသဝော နာမ ဧရော ယံ၊ ကုသလော အာသဝေ နယေ။
ဝိပဿနာ နယံ ဒေန္တော၊ ဝိခဝကေ အဿ မေ ရတော။ ။



ဆရာတော် အရှင်ပညာဝံသ
စီကြုံးကျောင်း
လမ်းပန်မြို့ ထိုင်းနိုင်ငံ

အရှင်ပညာဝံသသည် ရဟန်းတဝါရကပင် တောရကျောင်း နေလိုသော ဆန္ဒရှိသဖြင့် အနာဂါမ်ဟု ချီးကျူးကြသော ညောင်လွန့်တောရ ဆရာတော်ထံသို့ သပိတ်တလုံး သင်္ကန်းသုံးထည်မျှဖြင့် ထွက်သွားခဲ့သည်၊ တလလောက် စောင့်နေမှ ထိုကျောင်း၌ နေရာရမည်ဖြစ်၍ မစောင့်နိုင်သောသောကြောင့် မိဘများ၏ ဇာတိရွာဖြစ်သော လက်ပံလှရွာသို့သွားရင်း ရွှေဘိုမြို့ မိတ္ထီလာ စာသင်တိုက်သို့ ရောက်သွားခဲ့သည်၊ စာသင်သား မိတ်ဆွေများက စာသင်ပြီးမှ တောထွက်ရန် ပြောကြသဖြင့် ထိုတိုက် စာချဆရာတော် ဦးဝိစိတ္တထံတွင် ပိဋကတ်အခြေခံ စာပေ ကျမ်းဂန်များကို သင်ယူခဲ့သည်၊ ထိုသို့ သင်ယူနေစဉ်မှာပင် အစိုးရ ငယ်-လတ်-ကြီးတန်းအထိ ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် အမရပူရမြို့ မင်္ဂလာရာမတိုက်ဟောင်း ဆရာတော် ဦးဓမ္မသာမိထံ၌၎င်း၊ မန္တလေးဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ဦးဥယျ စသော ဆရာတော်တို့ထံ၌၎င်း ပိဋကတ်အခြေခံစာပေ ကျမ်းဂန်များကို သင်ယူခဲ့သည်။ ထို့ပြင် ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးထံ၌ နိကာယ်ငါးရပ် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်များကို သင်ယူခဲ့သည်။

၁၅-ဝါရသောအခါ ကမ္မဋ္ဌာန်းနည်းများကို ယူ၍ တရားအားထုတ်လိုသောကြောင့် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော် ဦးကဝိထံ၌၎င်း၊ မုံရွာမြို့ မိုးညှင်း ဆရာတော် ဘုရားကြီးထံ၌၎င်း ဩဝါဒခံယူ၍ အားထုတ်တော်မူခဲ့လေသည်၊ ရန်ကုန်မြို့ သိမ်ဖြူတိုက်၌ နေထိုင်စဉ် မဟာစည်ဆရာတော်နှင့် ရွှေမင်းဝံဆရာတော် ဦးကောသလ္လ၊ ရွှေဘိုဆရာတော် ဦးမုနိန္ဒတို့သည် ကုက္ကိုင်း ဟာခစ်ဘ်တလမ်း သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာန်းဌာနဖွင့်၍ (၇) ရက်တိုင်တိုင် ဝိပဿနာတရားကို ဟောကြားတော်မူကြသောအခါ ညစဉ်ပင် သိမ်ဖြူတိုက်မှ သွား၍ တရားနာသည်၊ အပြန်တွင် ဘတ်စ်ကား မရှိသဖြင့် ခြေလျင်ပင် လမ်းလျှောက်ပြန်လာရ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူသော သတိပဋ္ဌာန် ဒေသနာတော်နှင့် အညီ ရှုမှတ်လျက် ပြန်လာခဲ့သည်။ ထိုအတောအတွင်းက ဗ-ဆ-ပ-လ ရပ်ကွက်၌ ဆွမ်းခံရာတွင် လိုက်ပါသော သူငယ်များက အရှင်ဘုရား ရှေးတုန်းက အရှင်ဘုရားကို မှီအောင် တပည့်တော်တို့ အတော်လိုက်ရသည်၊ ယခုနှေးလှပါကလား ဟု ပြောကြသည်၊ ဆွမ်းလောင်းသူ ဒကာပကြီး တယောက်ကလည်း နေမကောင်းလို့လားဟု မေးသည် အမှတ်တရားနှင့်သွားနေသည်ကို မသိကြသောကြောင့် မေးကြ ပြောကြခြင်းဖြစ်သည်၊ ထိုစဉ်က တရားနာပြီး သာသနာ့ရိပ်သာ၌ ချက်ခြင်းဝင်ရောက် တရားအားထုတ်လိုသော်လည်း တိပိဋက စာပြန်ပွဲ ကျင်းပနေခိုက်ဖြစ်၍ စောင့်ဆိုင်းနေခဲ့ရသည်။

နေရာရ၍ အားထုတ်ရသောအခါ၌လည်း လက်သမားတို့ အလုပ်ရုံတဲကြီး အတွင်း၌ ဖျာခင်း၍ ဝါးအခင်း ကြမ်းပြင်ပေါ်မှာနေ၍ အားထုတ်ရသည်၊ လက်သမားတို့၏ အသံများကိုလည်း သည်းခံ၍ အားထုတ်ခဲ့ရသည်၊ ၄-လ ကျော်ကြာမှ ဉာဏ်စဉ်တရားကို နာရသည်။ ၊

ဉာဏ်စဉ်တရားကို နာရပြီးသည့်နောက် လှည်းကူးမြို့၌ မဟာစည် ဆရာတော်၏ ပဉ္စမဆုံး ဌာနခွဲဖြစ်သော ဓမ္မနာဒ ကျောင်းတိုက်၌ ရွှေဘိုဆရာတော် ဦးမုနိန္ဒ၏ တိုက်တွန်းချက်အရဖြင့် ယောဂီများအား တရားပြလျက် တဝါနေခဲ့သည်။ ထို့နောက် မော်လမြိုင်မြို့ တောင်ဝိုင်းကြီး ရွှေကျင်ကျောင်းတိုက်၌ ယောဂီများအား တရားပြလျက် ၃-နှစ်နေခဲ့သည်။ ထို့နောက် မြို့ဝသတိပဋ္ဌာန် ဆရာတော်နှင့်အတူ ဣန္ဒိယနှင့် သီဟိုဠ်သို့ ဘုရားဖူးသိုက်သွားရာ သီဟိုဠ်ကျွန်း ဒိုရုံဒုဝဘူတာအနီး အိုက်လင်းဟာမစ်တိတ်ခေါ် ကျွန်းကလေးတောကျောင်း၌(ဝိသုဒ္ဓိမဂ် အင်္ဂလိပ်ဘာသာပြန်ကျမ်းကို ပြုသော ) အင်္ဂလိပ်ဘုန်းကြီး အရှင်ဉာဏမောဠိ၊ အရှင်ဉာဏဝီရ စသော နိုင်ငံခြားသားရဟန်းတော်များနှင့်အတူ တဝါနေခဲ့သည်၊ ထိုစဉ်အခါက သီဟိုဠ်သာသနာပြု ကမ္မဋ္ဌာနာစရိယ အရှင်သုဇာတနှင့် အရှင်ဥတ္တရတို့သည် ကန္ဒုဗောဒ မဟာစည်ကမ္မဋ္ဌာန်းဌာန၌ ကမ္မဋ္ဌာန်းပြ သာသနာပြုလျက် ရှိကြသောကြောင့် ထိုဌာနသို့ သွားရောက်၍ တလကျော်မျှ တရားစစ်မေးရာ၌ အကူအညီ ပေးခဲ့ဘူးလေသည်။

သီဟိုဠ်မှ ပြန်လာပြီးနောက် ဘိတ် (မြိတ်) မြို့ ဘုရားငါးဆူကျောင်း၌ ဝါကပ်၍ ကမ္မဋ္ဌာန်းတရားကို ဟောကြားလျက် သာသနာကို ပြုစုခဲ့သည်။ ထိုသို့ပြုစုနေစဉ် ယိုးဒယားနိုင်ငံမှ ကျောင်းဒကာများက မြန်မာပြည် ရန်ကုန်မြို့ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့သို့ ဝါ(၂၀)ကျော်ရ သာသနာပြု ရဟန်းတော်(၃)ပါးတောင်းခံလာသဖြင့် ဗုဒ္ဓသာသနအဖွဲ့က ဆင္ဃသံဂါယနာ ဩဝါဒါစရိယအဖွဲ့အား လျှောက်ထားတောင်းပန်လေသည် ဩဝါဒါစရိယ အဖွဲ့က ယင်းအဖွဲ့ဝင်ဖြစ်သော မဟာစည်ဆရာတော်ထံမှ တပါးစေလွှတ်ရန် အမိန့်ချသဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက အရှင်ပညာ ဝံသ ကို ယိုးဒယားသို့ စေလွှတ်ရန် ဗုဒ္ဓသာသနအဖွဲ့အား ညွှန်ကြားလေသည်၊ ထိုညွှန်ကြားချက်အရ ဩဝါဒါစရိယ ဆရာတော်များနှင့် ဗုဒ္ဓသာသန အဖွဲ့က စေလွှတ်သဖြင့် ဆရာတော် အရှင်ပညာဝံသသည် ၁၃၁၉-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့က ရန်ကုန်မှ လေယာဉ်ဖြင့် ဘန်ကောက်မြို့သို့



ဆရာတော် အရှင် သုမတိပါလ

ကန္ဒုဗောဓမဋ္ဌာန၊ သီရိလင်္ကာ [သီဟိုဠ်ကျွန်း]

## သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း

## ကန္ဒုဗောဒ ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ

# ဆရာတော် အရှင်သုမတိပါလ

ဆရာတော်အရှင်သုမဘိပါလ လောင်းလျာသည် သီဟိုဠ်ကျွန်း ဟောရနမြို့ ကဟတပိတိယခြာ ခမည်းတော် ဦးဆုဝါရိစ် အပ္ပါးဟာမိ- မယ်တော် ဒေါ် ပိနဝလဘာဒိနီတို့မှ မြန်မာသက္ကရာဇ် ၁၂၅၇-ခုနှစ် ဝါဆိုလဆုတ် ၁၄-ရက် တနင်္လာနေ့နံနက် ၄-နာရီအချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဟောရနမြို့ ဥဒုဝေရှာ သီရိသုနန္ဒာရာမကျောင်းတိုက်၌ လဘုဂမ ဆရာတော် အရှင် သောဘိတဗ္ဗာရမထေရ်က ဥပဇ္ဈာယ်အဖြစ်ဖြင့် ရှင်သုမတိပါလကို ရှင်သာမဏေပြုပေးတော်မူသည်။ ရှင်သာမဏေပြုသည့် အချိန်မှာ မြန်မာ သက္ကရာဇ် ၁၂၆၈-ခုနှစ် တပို့တွဲ လဆုတ် ၄-ရက်၊ (၃၁-၁-၁၉၀၇) ကြာသပတေးနေ့နံနက် ၉-နာရီ ဖြစ်သည်၊ ရှင်သုမဘိပါလသည် ကုန္တက္ကေ ရွာ၊ ဝိဇ္ဇာသေခရ စာသင်တိုက်၌၎င်း၊ ကိုလံဘိုမြို့ ပန်ချိကာဝအရပ် အဘယ သီဟရာမကျောင်းတိုက် ဆရာတော်အရှင်သာရာနန္ဒထံ၌၎င်း သီဟိုဠ်ပါဠိ၊ သက္ကတဘာသာများနှင့် ဗုဒ္ဓဓမ္မကျင့်ဝတ်တရားတို့ကို သင်ယူခဲ့သည်။ မြန်မာ သက္ကရာဇ် ၁၂၇၄ ခုနှစ် ပြာသိုလဆန်း ၁၄-ရက်၊ (၂၀၊၁၊၁၉၁၃) ၌ သီဟိုဠ်မှ ထွက်ခွါခဲ့၍ မြန်မာပြည်သို့ ရောက်လာခဲ့သည်၊ ရန်ကုန်မြို့ သရက်ဘောတိုက် ထားဝယ်ကျောင်း ဦးဝိစိတ္တထံ၌ နေ၍ မြန်မာစာကို သင်ယူ ခဲ့သည် ထို့နောက် ထားဝယ်ဆရာတော် ဦးဝိစိတ္တက အပ်နှံပေးသဖြင့် ဗဟန်း ဝေဠုဝန် ဆရာတော်ထံ၌၎င်း၊ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်၌ ၎င်း မြန်မာစာကို ဆက်လက်သင်ယူခဲ့သည်။ ထို့နောက် သာယာဝတီမြို့

---

ကြွရောက်ပြီးလျှင်၊ ထိုမှတဆင့် (ရှေးက လဂွန်းဒေါ်) လမ်းပန်းမြို့သို့ ကြွ၍ စီကျုံးကျောင်း၌ သီတင်းသုံးနေထိုင်ကာ ရောက်လာသော ပုဂ္ဂိုလ်တို့အား ဟောပြောပြသလျက် သာသနာပြုနေတော်မူသည်၊ ယခု ၁၃၃၅-ခုနှစ် အထိ ယိုးဒယား၌ (၁၆)ဝါ ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

တရားကုန်း စာသင်ကျောင်းနှင့် စာသင်တိုက်၌ရှင်းပိန်းလေတုတ်မြို့ သာဝတ္ထိမြို့ ဂိုဏ်းအောက်ဆရာတော်ထံ၌ရှင်း မြန်မာဘာသာနှင့် ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့သည်။

၁၉၁၆-ခုနှစ် ဧပြီလ၌ မန္တလေးမြို့သို့ ရောက်ခဲ့သည်၊ အနောက်ပြင် ငွေးချိုတိုက် ရေဘော်ခင်လေးအုတ်ကျောင်း ဦးဇောတထံ၌ နေထိုင်၍ ခင်မကန်တိုက် ဆရာတော် ဦးသီလစာရ၊ မိုးကောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ (အဘိဓဇမဟာရဋ္ဌဂုရု) ညောင်ရမ်းဆရာတော် ဦးရေဝတ၊ ခေမာသီဝံ ဆရာတော်တို့ ထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ နေ့ဝါကျမ်းစာအရပ်ရပ်ကို သင်ယူခဲ့သည် ဆင်တဲဆရာတော်ဦးပဏ္ဍိတထံ၌ ညဝါကျမ်းစာများကို သင်ယူခဲ့သည်၊ ထိုသို့ သင်ယူနေစဉ်မှာပင် သက်တော် (၂၀) ပြည့်သဖြင့် ရှင်သုမတိပါလသည် မန္တလေးမြို့ ငွေးချိုတိုက် ခဏ္ဍသိမ်တော်၌ သုဓမ္မာမဟာ သံဃအဖွဲ့ချုပ် ဥက္ကဋ္ဌ စံကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ အနောက်ပြင် ထီးတန်း ၂၆-ဘီလမ်းနေ မြေလပ်ဝန် မိုးနဲတပ် စော်ကဲကြီးကတော်၏ ပစ္စယာနုဂ္ဂဟနှင့် အနုသာသက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဦးဝါယမ-စသော ၂၉-ပါးသော ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက် တော်မူခဲ့သည်၊ ရဟန်းဖြစ်သည့်အချိန်မှာ မြန်မာသက္ကရာဇ် ၁၂၇၈-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက် (၈-၈-၁၉၁၆)နံနက်အချိန် ဖြစ်သည်။

အရှင်သုမတိပါလသည် မန္တလေးမြို့၌ ပရိယတ္တိကျမ်းဂန်များကို သင်ယူ နေရာမှ တဖန် မော်လမြိုင်မြို့သို့ ပြောင်းရွှေ့၍ အဂ္ဂမဟာပဏ္ဍိတ ရတနာ ဘုံ၏ ဆရာတော်ဦးကေတုသံပါးမှာ ဝတ်တွားနေထိုင်ကာ ပရိယတ္တိလုပ်ငန်း ကို ဆက်လက်၍ ကြိုးပမ်းတော်မူခဲ့သည်၊ ထိုသို့ ကြိုးပမ်းသင်ယူပြီးနောက် ၁၉၁၇-ခု ဒီဇင်ဘာလ (၁၂၇၉ ခုနှစ် နတ်တော်-ပြာသို) တွင် မြန်မာပြည်မှ သီဟိုဠ်သို့ ပြန်ကြွသွားတော်မူလေသည်၊ အရှင်သုမတိပါလသည် သီဟိုဠ်သို့ ရောက်ပြီးသောအခါ စပ်ဆိုင်ရာ အရပ်ဒေသများ၌ ပရိယတ္တိ သာသနာ တော်ကို ရှင်းနိုင်သမျှ ပြုစုတော်မူခဲ့သည်။ ကိုလံဘိုမြို့ ဝေလဝေတ္တရပ် မာဿာလမ်း ယမုနာ ဂေဟာနေ မစ္စတာ အိပ်ချ် ရှရီ နိဿင်္က (Mr. H. Sri. Nissanka K. C.) ခေါ် ဝတ်လုံတော်ရ ဒကာကြီး က တည်ဆောက်လှူဒါန်းထားသော ဆလဂလ တောရ ကမ္မဋ္ဌာန်းကျောင်း တွင် ၁၉၃၃-၄ ခုနှစ်ဘို့၌ သီတင်းသုံးနေထိုင်လျက် ဝိပဿနာ ဘာဝနာ တရားကို အားထုတ်ခဲ့လေသည်။ ၁၉၅၅-ခုနှစ်၌ မြန်မာပြည်သို့ နောက် ထပ်ကြွလာတော်မူပြီးလျှင် မေလ ၁၃-ရက်(၁၃၁၇-ခုနှစ် ကဆုန်လဆုတ် ၇-ရက်)မှာ၍ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ ဝိပဿနာအလုပ်ကို

စနစ်တကျ အားထုတ်တော်မူခဲ့သည်။ ဝါဆိုလဆန်း ၉-ရက်အထိ တလခွဲ ကျော်ကြာခဲ့သည်။

မဟာစည် ဆရာတော် ဘုရားကြီးနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးမှ ဝိပဿနာ ပဋိပတ္တိ သာသနာပြု စေလွှတ်လိုက်သော ဆရာတော် ဦးသုဇာတ အမှူးရှိသည့် မဟာစည် သာသနာပြုအဖွဲ့သည် ၁၃၁၇-ခုနှစ် ဝါဆိုဦးမှစ၍ သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့ ဒဘာမကြီး ဒေါ်နိစံက၏ ယမုနာ ဂေဟာတွင် သီတင်းသုံးလျက် ဝိပဿနာလုပ်ငန်းတရားကို ဟောကြားပြသနေစဉ်အခါက ဆရာတော် အရှင်သုမင်္ဂလသည် မတ္တေဂိုဒ ဥယျာဉ်ခြံ ယာယီကမ္မဋ္ဌာန်း ဌာနသို့ ပြုလုပ်ဖွယ်ရာ ကိစ္စများကို စိတ်အားထက်သန်စွာနှင့် လုံးဝ တာဝန်ယူ၍ ကူညီအားပေးတော်မူခဲ့သည်။ ၁၉၅၆-ခုနှစ် ဗုဒ္ဓဇယန္တီ ပွဲတော်အချိန်တွင် ဆရာတော် ဦးသုဇာတ အမှူးရှိသော မဟာစည် သာသနာပြု အဖွဲ့က စတင်တည်ထောင်ထားခဲ့သော ကန္ဒုဗောဒ ဝိပဿနာ ဘာဝနာ ဌာနသို့ ဆရာတော် အရှင်သုမင်္ဂလသည် လာရောက်အားထုတ်ကြသော ယောဂီတို့ အား ကမ္မဋ္ဌာန်းတရား ဟောကြားပြသခြင်း စစ်ဆေး မေးမြန်းပြုပြင်ပေး ခြင်း, စသည့်ဖြင့် ကမ္မဋ္ဌာနာစရိယ ကိစ္စအဝဝတို့ကို ဌာနဖွင့်ငမှ စ၍ ယနေ့ တိုင်အောင် ပဋိပတ္တိ သာသနာကို ပြုစုတော်မူလျက် ရှိပေသည်။ ထိုဌာနသို့ ၁၂-ရာသီ နေ့စဉ်ပင် ယောဂီအသစ် ၃၀-မှ ၇၀ အထိ အမြဲတမ်းရှိသည်။ ယင်းယောဂီတို့အား အခမဲ့ ကျွေးမွေးပြုစုလျက်ရှိသည်။

ဆရာတော် အရှင်သုမင်္ဂလ အုပ်ချုပ် စောင့်ရှောက် နေရသော ဩဝါဒခံ ဌာနခွဲများမှာလည်း ၉-ဌာနရှိသည်။ ယင်းဆရာတော် ထံ၌ လာ ရောက်အားထုတ်ကြပြီးသော ယောဂီဦးရေမှာ (၅၀၀၉)ဦး ရှိသွားပြီ ဖြစ် ကြောင်း သိရှိရသည်။

## အင်ဒိုနေးရှား သာသနာပြုဆရာတော်

## အရှင် ဇိနရက္ခိတ

အင်ဒိုနေးရှားနိုင်ငံသည် အာရှတိုက်နှင့် ဩစတြေးလျတိုက်တို့၏ အကြား အိန္ဒိယသမုဒ္ဒရာ ခေါ် ပစိဖိတ်သမုဒ္ဒရာ ကြားလမ်းကြောင်းပေါ်မှာ တည်ရှိသည်။ ကျွန်း ပေါင်း သုံးထောင်ကျော် ပါဝင်သည်၊ ၎င်းတို့တွင် ထင်ရှားသော ကျွန်း များမှာ စုမတြာကျွန်း, ဂျာဝါးကျွန်း, ဗာလီကျွန်း, ဝက်စ်အီရီယန်ခေါ် နယူးဂီနီကျွန်း, အနောက်ပိုင်း, ကလီမန္တံခေါ် ဘိုနီယိုကျွန်း တောင်ပိုင်း, စူလဝေစီခေါ် စေလေဗတ်စ်ကျွန်းတို့ ဖြစ်သည်။မြေနေရာ ဧရိယာ အကျယ်အဝန်း မှာ စတုရန်းမိုင်ပေါင်း ၇၃၅,၀၀၀ ရှိသည်။ လူဦးရေမှာ ယခုအခါ သန်းတရာကျော် ရှိသည်။ လူများစုမှာ မူဆလင် ဘာသာဝင်များ ဖြစ်၍ မူဆလင်ဘာသာ နိုင်ငံဖြစ်သည်။

ထိုအင်ဒိုနေးရှားနိုင်ငံ ဂျာဝါးကျွန်းမှ မေတ္တာ ဘွန်အန်အမည်ရှိသော အသက် ၃၀-ရှိ (ဘီ-အေ) ကျောင်းဆရာ တဦးသည် ၁၃၁၅ ခုနှစ် နတ်တော် လဆန်း ၁၁-ရက်(၁၇၊ ၁၂၊ ၅၃) မှာ မြန်မာပြည် ရန်ကုန်မြို့ သာသနာ့ ရိပ်သာသို့ ရောက်လာသည်၊ ရောက်လာပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ၌ သြဝါဒခံယူ၍ ဝိပဿနာ ဘာဝနာတရားကို ကျင့်သုံး အားထုတ်လေသည်။

ယင်း ကျောင်းဆရာ ဘွန်အန်သည် မဟာစည်ဆရာတော်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရတို့၏ ညွှန်ကြားပြသချက်အတိုင်း ရိုသေစွာ လိုက်နာ၍ အားထုတ်သဖြင့် ဝိပဿနာဉာဏ်စဉ်တရားကို သူ့ကိုယ်တွေ့နှင့် တိုက်ဆိုင်၍ နားလည် ဆုံးဖြတ်နိုင်သည့် အခြေသို့ ရောက်ခဲ့ပေသည်။သို့ဖြစ်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ၁၃၁၅-ခုနှစ် တပေါင်းလ ဆန်း ၃-ရက်နေ့၌ ဘွန်အန်အား ဝိပဿနာဉာဏ်စဉ်တရားကို အပြည့်အစုံ ရှင်းလင်း ဟောပြတော်မူပေသည်၊ ပဲခူးတိုင်းမင်းကြီး၏ အပေါင်းတော်မြဲ အငြိမ်းစား ဒကာကြီး ဦးဖေသင်က အင်္ဂလိပ်ဘာသာပြန်သည်။

## သာသနာပြုမည့် ပုဂ္ဂိုလ်အား ရဟန်းပြုပေးခြင်း

မေတ္တာဘွန်အန်မှာ ဗုဒ္ဓသာသနဓမ္မကို ကိုယ်တိုင် တွေ့သိရသဖြင့် ဗုဒ္ဓသာ သနာတော်၌ ရဟန်းအဖြစ်ကို ခံယူရန် ထက်သန်သော သဒ္ဓါဆန္ဒ ဖြစ်ပေါ် လာပေသည်။ထို့ကြောင့် မေတ္တာဘွန်အန်အား သတိုးသီရိသုဓမ္မ သူဌေးကြီး

ဆာဦးသွင်-ဒေါ်ဒေါ်သိန်းတို့က ရဟန်းဒကာအဖြစ် ခံယူ၍ မဟာစည် ဆရာတော် အမှူးရှိသော သံဃာတော်က ၁၃၁၅-ခုနှစ် တပေါင်းလဆုတ် ၁၅-ရက် (၅၊ ၄၊ ၅၄) စနေနေ့မှာ သာသနာ့ရိပ်သာ သိမ်တော်၌ ဥပသမ္ပဒကံဆောင်၍ ရဟန်းပြု ပေးတော်မူခဲ့ပေသည်၊ ထိုကံဆောင်ရာ၌ ဥပဇ္ဈာယ်ဆရာမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးပင် ဖြစ်သည်၊ ကမ္မဝါဆရာတော်များမှာ (၁) အဂ္ဂမဟာပဏ္ဍိတ, ဆရာတော်ဦးဉာဏုတ္တရ (ဇမ္ဗုဒီပ ကျောင်းဆောင်၊ ကမ္ဘာအေး)၊ (၂) အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ် ဆရာတော် အရှင်အာနန္ဒမေတ္တေယျ၊ (၃) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၊ (၄) သာသနာ့ရိပ်သာ နည်းပြ ကမ္မဋ္ဌာနာစရိယ ဦးဝဏ္ဏိတ၊ (၅) သာသနာ့ရိပ်သာ နည်းပြ ကမ္မဋ္ဌာနာစရိယ ဦးသုဇာတ စသည်တို့ ဖြစ်သည်။

ယင်း အင်ဒိုနေးရှား ရဟန်းသစ်အား မဟာစည် ဆရာတော်ဘုရားကြီးက ဇိနရက္ခိတ ဟူသော ဘွဲ့အမည်ကို ပေးတော် မူသည်၊ အေးရန် ဟူသမျှကို အောင်တော်မူသည့်ဘုရားရှင်က စောင့်ရှောက်အပ်သောသူ ဟု အနက်ရှိသည်၊ အင်ဒိုနေးရှား၌ သာသနာပြုနိုင်ရန် ရည်၍ ပေးသော ဘွဲ့အမည် ဖြစ်သည်၊ အရှင်ဇိနရက္ခိတသည် ရဟန်း ဖြစ်ပြီးနောက် ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးထံ၌ တနှစ်ကျော်ကျော် သီတင်းသုံးနေထိုင်လျက် သာသန ဓမ္မကို ဆည်းပူးလေ့လာခဲ့သည်၊ ထိုသို့ ဆည်းပူးလေ့လာပြီးနောက် မိမိ၏ တိုင်းရင်းဌာနဖြစ်သော အင်ဒိုနေးရှားသို့ ပြန်ကြွသွားလေသည်။

## အရှင်ဇိနရက္ခိတ သာသနာပြုတော်မူပုံ

အရှင်ဇိနရက္ခိတမှာ မိမိ၏ ဇာတိဌာနဖြစ်သော အင်ဒိုနေးရှားသို့ ရောက် သောအခါ သာသနာပြုဘို့ကို မဆိုထားဘဲ တနေ့တရက်မျှ တည်းခိုနေထိုင် ရန်ပင် မလွယ်ကူဘဲ ခက်ခဲလျက် ရှိခဲ့လေသည်၊ အကြောင်းမှာ ရှေး၌ဖော် ပြခဲ့သည့် အတိုင်း အင်ဒိုနေးရှား နိုင်ငံသည် မူစလင်နိုင်ငံ ဖြစ်သည့် အပြင် မဟာယာန အဆက်အနွယ် ဗုဒ္ဓဘာသာဝင်တို့ မှာလည်း ဗုဒ္ဓတရားတော်ကို မသိနားမလည်ကြသောကြောင့်ပင်၊ ထို့ကြောင့်အရှင်ဇိနရက္ခိတသည် မာလာ ယုနှင့် စက်ဘူတို့၌ သီဟိုဠ် ဘုန်းကြီးကျောင်းများမှာ နေထိုင်လျက် ရံဖန် ရံခါ အင်ဒိုနေးရှားသို့သွား၍ နီးစပ်ရာ ပုဂ္ဂိုလ်များအား ဗုဒ္ဓသာသနဓမ္မကို တစတစနှင့် ဟောပြရလေသည်၊ ဤသို့ မဆုတ်နစ်သော ဇွဲလုံ့လဖြင့် သာ သနာပြုလုပ်ငန်းကို ကြိုးပမ်း အားထုတ်ခဲ့ရာ ၅-နှစ် အတွင်းမှာ အင်ဒိုနေး ရှား၌ ဝိဟာရခေါ် ဗုဒ္ဓသာသနာ့ အဆောက်အအုံ ကျောင်းပေါင်း ၂၀-

ကျော်မျှ ရရှိလာခဲ့ပေသည်၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူကျင့်သုံးသူ ဥပသကာယောကျ်ားနှင့် ဥပါသိကာ မိန်းမပေါင်း ခြောက်ရာ (၆၀၀) ကျော် ရရှိခဲ့ပေသည်။

ထိုပုဂ္ဂိုလ်များထဲမှာ အဋ္ဌင်္ဂဥပုသ် ရှစ်ပါးသီလကို အမြဲတမ်းဆောက်တည်ကျင့်သုံးသူများလည်း ရှိသည်၊ သမထ ဝိပဿနာ ဘာဝနာအလုပ်ကို အားထုတ်သူများလည်း ရှိသည်၊ ထို့ပြင် သရဏဂုံ သီလ မခံယူသေးသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုလေးစားလျက် ညွတ်ကိုင်း နေသူတို့လည်း တော်တော်များများ ရှိလာပေသည်၊ ဗုဒ္ဓသာသနာတော်ကို အားပေးရန် တည်ဆောင် ဖွဲ့စည်းသားသော အသင်းအဖွဲ့များလည်း အသင့်ရှိနေသည့်ပြင် ဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်းအဖြစ်ဖြင့် ဝင်ရောက်လျက် သာသနာ့ဝန်ကို အမြဲ ထမ်းဆောင်လိုသော ပုဂ္ဂိုလ်များလည်း ထွက်ပေါ်လာခဲ့လေသည်။

သို့ဖြစ်၍ ထိုရှင်လောင်း ရဟန်းလောင်းတို့ကို ရှင်ရဟန်း ပြုပေးရန်နှင့် ဗုဒ္ဓသာသနာတော်၏ အခြေအမြစ်ဖြစ်သော သိမ်ကိုလည်း သမုတ်ရန်အတွက် ထေရဝါဒ ဗုဒ္ဓသာသနာ နိုင်ငံများဖြစ်သော သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနှင့် မြန်မာပြည်တို့မှ သာသနာပြု မထေရ်များကို အရှင်ဇိနရက္ခိတ အမှူးပြုသော အင်ဒိုနေးရှား ဗုဒ္ဓသာသနာ အသင်းအဖွဲ့ များက ဖိတ်မန် ပင့်ဆောင်ကြလေသည်။

ထိုပင့်ဖိတ်ချက်အရ ၁၃၂၁-ခုနှစ် ကဆုန်လမှာ ကမ္ဘောဒီးယားမှ သံဃရာဇာ ဆရာတော် ဘုရားကြီးနှင့်တကွ (၂) ပါး၊ ယိုးဒယားမှ (၃)ပါး၊ သီဟိုဠ်မှ အရှင်နာရဒ, အရှင်ပိယဒဿီတို့နှင့်တကွ (၇) ပါး၊ မြန်မာပြည်မှ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး (၁)ပါး၊ ပေါင်း အရှင်ဇိနရက္ခိတနှင့်တကွ (၁၄) ပါးသော ထေရဝါဒရဟန်း သံဃာတော်များ အင်ဒိုနေးရှား၌ မကြုံစဖူး အထူး စုဝေးမိကြလေသည်၊ ယင်း (၁၄) ပါးသော သံဃာတော်က အင်ဒိုနေးရှား၌ မရှိခဲ့ဘူးသော သိမ်ကိုလည်း သမုတ်တော်မူခဲ့ကြသည်၊ ရှင် ၁-ပါးနှင့် ရဟန်း ၂- ပါးကိုလည်း ပြုပေးတော် မူခဲ့ကြသည်၊ ထို့ကြောင့် ၁၃၂၁-ခုနှစ်မှစ၍ အင်ဒိုနေးရှား နိုင်ငံမှာ သံဃမဟာနာယက အရှင်ဇိနရက္ခိတနှင့်တကွ ထေရဝါဒ ရဟန်းတော် ၃-ပါး ရှင်သာမဏေ ၁-ပါးအားဖြင့် အမြဲနေ တိုင်းရင်းသား သံဃာတော် ၄-ပါး ဖြစ်ပေါ်လာခဲ့သည်။

နောက်နောက် နှစ်များ၌သည်း ရဟန်းလောင်း ထွက်ပေါ်လာသဖြင့် ထေရဝါဒ ငါးနိုင်ငံမှ သံဃာတော်များကို ပင့်၍ ရဟန်းခံပေးသည်။

မြန်မာပြည်မှမူ အခွင့်မသာသောကြောင့် ကူညီအားပေးခွင့် မရခဲ့ပေ။ အရှင်ဇိနရက္ခိတသည် တရံတခါ ယိုးဒယားသို့ ကြွ၍ ရဟန်းလောင်းများကို ရဟန်းပြုပေးသည်၊ တရံတခါ သီဟိုဠ်သို့ ကြွ၍ ရဟန်းပြုပေးသည်။ ၁၃၃၃-ခုနှစ် တပို့တွဲလဆုတ် ၄-ရက်နေ့ကမူ သူ့တူ ရဟန်းလောင်း သာမဏေကို ရဟန်းပြုပေးရန် မြန်မာပြည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံသို့ ရောက်လာခဲ့လေသည်။ ထိုရဟန်းလောင်းအား မဟာစည်ဆရာတော်ဘုရားကြီးက ဇိနရက္ခိတ၏ အဆက်အနွယ်အဖြစ် ထင်ရှားစေရန် ဇိနဝံသ-ဟူသော ဘွဲ့အမည်ကို ပေးသည်၊ ထိုလဆုတ်(၇)ရက် တနင်္ဂနွေနေ့က သာသနာ့ရိပ်သာ သိမ်တော်၌ မဟာစည်ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ကြီး၏ ပစ္စယာနုဂ္ဂဟနှင့် ၁၅-ပါးသော ကမ္မကာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ရှင်ဇိနဝံသသည် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော်မူလေသည်။ ထိုကံဆောင်ရာ၌ အနုသာသက ဆရာတော်မှာသာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယ အရှင်ဇနကာဘိဝံသ ဖြစ်သည်။ အခြားကမ္မဝါဆရာတော်တို့မှာ(၁)အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းရွှေစေတီဆရာတော်၊ (၂)ကမ္မဋ္ဌာနာစရိယ ဦးဇဝန။ (၃)ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတ၊ (၄)ရိပ်သာမှ ဦးယသ၊ (၅)ယိုးဒယားပြန် ဦးတေဇိန္ဒ၊ (၆)ရိပ်သာမှ ဦးစန္ဒာဝရ၊ (၇)အင်ဒိုနေးရှား သာသနာပြု ဆရာတော် အရှင်ဇိနရက္ခိတ-စသည်တို့ ဖြစ်သည်။

ဤသို့ အရှင်ဇိနရက္ခိတ၏ ဇွဲလုံ့လကောင်းစွာနှင့် ဟောပြောဆောင်ရွက်ခြင်းကြောင့် ယခုအခါ အင်ဒိုနေးရှားနိုင်ငံ၌ ရဟန်းတော် (၂၀)ကျော် ရှိနေလေပြီ။ ဝိဟာရခေါ် နေရာဌာန ကျောင်း အဆောက်အအုံ များမှာလည်း (၇၀) ကျော်ရှိနေလေပြီ။ သရဏဂုံသုံးပါးနှင့် ငါးငါးသီလ စောင့်ထိန်းသူ ထေရဝါဒ ဗုဒ္ဓသာသနာဝင် ဥပါသကာနှင့် ဥပါသိကာမတို့မှာလည်း (၆၀၀) ကျော် ရှိနေပြီ ဖြစ်ကြောင်း ကြားသိရပေသည်။

အထူး သတိပြုရန်မှာ အထက်ပါ ဖေါ်ပြခဲ့သော အင်ဒိုနေးရှား ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ သာသနာ့ရိပ်သာမှ အစအဦး ပြုစု တည်ထောင်ပေးလိုက်သော သာသနာတော်ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို အလေးအမြတ်ပြုသော မြန်မာပြည်သူပြည်သားတိုင်း ဂုဏ်ယူဘွယ် ဖြစ်သည့်ပြင် စွမ်းနိုင်ပါက အကူအညီပေးရန်လည်း သင့်လျော်လှပါပေသည်။

အရှင်ဇိနရက္ခိတသည် သက်တော်ရှည်၍ အင်ဒိုနေးရှားနိုင်ငံ၌ ဆထက် ထမ်းပိုး တိုး၍ သာသနာ ပြုနိုင်ပါစေသတည်း။



မဟာစည် သာသနာ့ရိပ်သာ ဖျာပုံ

## ဆရာတော် ဦးဝဏ္ဏိတ

ဆရာတော် ဦးဝဏ္ဏိတ လောင်းလျာသည် ဇီးကုန်းမြို့နယ် ခတက်ကုန်းရွာ ခမည်းတော် ဦးစံညွန့်-မယ်တော် ဒေါ်တုတ်တို့မှ ၁၂၆၉-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘတို့က သူငယ်ကို ခတက်ကုန်းရွာ ကြံလေးပင်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က သူငယ်တို့ တတ်သင့်သော စာပေများကို သင်ကြားပေးတော်မူသည်၊ ထို ဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်ဝဏ္ဏိတ-ဟု ဘွဲ့အမည် ပေး၍ ဆရာတော်က ရှင်တို့၏ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်။ ၁၇-နှစ်အရွယ်မှာ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်တိုက်သို့ ရောက်ပြီးလျှင် ဆရာတော် ဦးဝိမလာစာရ၊ ဆရာတော် ဦးဥတ္တမ တို့ထံ၌လည်း ရှင်သာမဏေအဖြစ်နှင့် စာပေကျမ်းဂန်များကို ဆက်လက် သင်ယူခဲ့သည်။

သက်တော် ၂၀-အပြည့်တွင် သရက်သုံးပင်ကျောင်း ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟ, ကာရကသံဃာတော်၏ဓမ္မာနုဂ္ဂဟဖြင့် ၁၂၉၀-ခုနှစ် ကဆုန်လဆန်း ၁၂-ရက်နေ့၌ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် မန္တလေးမြို့ စကုတိုက် မင်းလှကျောင်း၌ နေ၍ ၎င်းကျောင်းဆရာတော် ဦးသီလာစာရထံ၌၎င်း၊ ခင်မကန်တိုက် သူဌေးကျောင်း ဆရာတော်ဦးရေဝတ၊ ချမ်းသာကြီးတိုက် ဆရာတော် ဦးလက္ခဏ၊ တောင်သမန်တိုက် ဆရာတော် ဦးဝိမလ၊ ငွေးချိုတိုက် ဆရာတော် ဦးရေဝတတို့ထံ၌၎င်း၊ ထို့ပြင် မေမြို့ ရွှေစည်းခုံကျောင်း ဆရာတော် ဦးသာဂရ၊ ဆရာတော်ဦးစန္ဒ၊ ဆရာတော် ဦးပညာသီဟ တို့ထံ၌၎င်း ပိဋကတ် ပါဠိ- အဋ္ဌကထာ- ဋီကာ ဂန္ထန္တရ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်း သင်ယူတော်မူခဲ့သည်၊

ယင်းသို့ သင်ယူရင်းပင် သွားရင်း ဟန်လွဲသဘောဖြင့် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ အစိုးရ ငယ်-လတ်တန်းနှင့် အမျိုးသားအကြီးတန်း အထိ အောင်မြင်တော်မူခဲ့သည်၊

ဆရာတော်သည် နေက္ခမ္မဇ္ဈာသယဓာတ်ခံ ရင့်သန်တော်မူသဖြင့် ငယ်ရွယ်စဉ်မှ စ၍ စာပေကျမ်းဂန်တို့ကို သင်ယူလေ့လာရင်း ဘုရားအလောင်းတော် တောထွက်တော်မူ၍ တရားကျင့်ပုံများ အားကျလျက် "မည်သည့်အခါ၌ ဘာဝနာအလုပ်ကို အားထုတ်ရပါမည်နည်း၊ မည်သည့် ဌာနသို့ သွားရောက်၍ အားထုတ်ရပါမည်နည်း" ဟု မကြာ မကြာ ကြံစည်လေ့ရှိခဲ့ရာ ဒုတိယကမ္ဘာစစ်မီး ငြိမ်းပြီးသည့်နောက် ရန်ကုန်မြို့ သိမ်ဖြူတိုက် လိပ်ပြာကန်ကျောင်း ဆရာတော်ထံမှာ ခိုလှုံနေစဉ် တနေ့သောအခါ သတင်းကောင်းတခု ကြားရလေသည်၊ ၎င်းမှာ ရန်ကုန်မြို့ ဟာမစ်တိတ်လမ်း၌ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က တည်ထောင်ထားသော သာသနာ့ရိပ်သာတွင် မဟာစည်ဆရာတော်ကို ပင့်လာ၍ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန ဖွင့်လျက် မဟာသတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ကမ္မဋ္ဌာန်းပြနေကြောင်း တရားလိုက်စားသူ ဒါယကာကြီး ဦးသာဆင်ထံမှ ကြားသိရသော မင်္ဂလာသတင်းပင် ဖြစ်ပါသည်။

ထိုမင်္ဂလာသတင်းကို ကြားရသောအခါ သာသနာ့ရိပ်သာသို့ သွားရောက်၍ အားထုတ်လိုသော သဒ္ဓါ ဆန္ဒ တက်ကြွ ဖြစ်ပေါ်လာခဲ့သည်၊ သို့သော် ကမ္မဋ္ဌာန်းနည်းမှန် ဟုတ်-မဟုတ် သေချာစွာ သိလိုသောကြောင့်

ဒကာကြီး ဦးသာဆင်နှင့်အတူ သာသနာ့ရိပ်သာသို့ သွားရောက်၍ စုံစမ်းသည်၊ စုံစမ်းပြီးနောက် ဒေသနာတော်နှင့်အညီ နည်းမှန်ဖြစ်ကြောင်း သေချာစွာ သိရ၍ ၁၃၁၁-ခုနှစ် ပြာသိုလဆန်း ၁ ရက်မှစ၍ ရန်ကုန် သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ "ငယ်ရွယ်စဉ်မှ စ၍ တောင့်တ မြှော်လင့်ခဲ့သော တရားကို အားထုတ်ရပေပြီ"ဟု ဝမ်းသာအားရ စိတ်တက်ကြွလျက် သတိပဋ္ဌာန် ဝိပဿနာ တရားကို ကြိုးစားအားထုတ်ခဲ့သည်၊

ယင်းသို့ အားထုတ်နေစဉ် ထူးခြားသော တရားအရသာများကို တွေ့ရ၍ သဒ္ဓါဆန္ဒ လွန်ကဲစွာ ဖြစ်ပေါ်လာခဲ့သည်၊ မိမိကဲ့သို့ပင် အခြားသူများအားလည်း တွေ့ရအောင်, သိရအောင် ဟောပြောလိုသော စိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်၊ နောက်ဆုံး ဉာဏ်စဉ်တရားတော်ကို နာရပြီးသောအခါ၌ သတိပဋ္ဌာန်အမှတ်တရားကို ကိုယ်တိုင်လည်း အသက်ထက်ဆုံး အားထုတ်ရမည်၊ သူတပါးတို့အားလည်း စွမ်းနိုင်သမျှ ဟောပြောညွှန်ပြသွားမည်ဟု ဆုံးဖြတ်ချက် ချမိလေသည်၊

ထိုသို့ ဆုံးဖြတ်ခဲ့သည့်အတိုင်းပင် ရန်ကုန် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ၌ လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ၁၀-နှစ်ပတ်လုံး ယောဂီတို့အား ဟောကြားညွှန်ပြခဲ့သည်၊ အခါအားလျော်စွာ မြင်းကကုန်းရိပ်သာ, သာယာဝတီ မင်းလှရိပ်သာ, ရှမ်းပြည် တောင်ကြီးရိပ်သာ, လပွတ္တာ ကန်ဘက်ဌာနများသို့လည်း သွားရောက်၍ ဟောကြား ညွှန်ပြခဲ့သည်၊ ယခုအခါမှာမူ (၁၃၁၂-ခုနှစ်မှ စ၍ တည်ထောင်ခဲ့သော) ဖျာပုံမြို့ (၈) လမ်း၊ မဟာစည်ဌာနခွဲ သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ၁၃၂၇-ခုနှစ်မှ စ၍ သီတင်းသုံး စောင့်ရှောက်လျက်ရှိသည်၊ ထိုရိပ်သာသို့ ရောက်လာသမျှသော ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောပြောခြင်း၊ ကမ္မဋ္ဌာန်းအလုပ်ပေးခြင်း၊ ကမ္မဋ္ဌာန်းစစ်မေးလျက် အားပေးခြင်း စသည့် ဝိပဿနာ ပဋိပတ္တိသာသနာတော်ကို ပြုစုအားထုတ်လျက်ရှိသည်။ ထိုရိပ်သာတွင် ဆရာတော်၏ လက်ထက်၌ လာရောက်အားထုတ်ကြသော ယောဂီအပေါင်းမှာ (၃၇၇)ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။



မန္တလေးမြို့ ဘောင်ပြင် ကဥ္စနမဟီရပ်
မြေနီကျောင်း သတိပဋ္ဌာန်ရိပ်သာ

## ဆရာတော် ဦးဥက္ကံသ

ဆရာတော် ဦးဥက္ကံသ လောင်းလျာသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ညောင်လှရွာ ခမည်းတော် ဦးချမ်းသာ - မယ်တော် ဒေါ်ငွေနိုင် တို့မှ သက္ကရာဇ် ၁၂၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်၊

မိဘတို့က သတို့သား သူငယ်ကို ဒီပဲယင်းမြို့နယ် ဝဲကြီးမြောက်ကျောင်း ကိုးသန်းဂိုဏ်းချုပ် ဆရာတော် ဦးနန္ဒိယထံ အပ်နှံ၍ ဆရာတော်က သူငယ် တို့တတ်သင့်သော စာပေများကို သင်ကြားပေးသည်၊ ယင်းဆရာတော်ထံ မှာပင် မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ဆရာတော်က ရှင်ဥက္ကံသဟု ဘွဲ့အမည်ပေးသည်၊ ရှင်ဥက္ကံသအား ရှင်ကို ကျင့်ဝတ်နှင့်တကွ ပိဋကတ် အခြေခံ စာပေများကို ဆရာတော်ဘုရားကြီး က သင်ကြားပေးသည်။

၁၂၉၂-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀-ရက် နေ့တွင် ဝဲကြီးရွာ ဦးထင်-ဒေါ်ငွေညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ နမောဂိုဏ်းချုပ်ဆရာတော် ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်ဘန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပိဋကတ်အခြေခံစာပေကျမ်းဂန်များကို ဥပဇ္ဈာယ်ဆရာတော်ထံအနီးတွင် သင်ယူပြီးနောက် ကျန်သေးသော အထက်အထက် ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူရန် မန္တလေးသို့ ကြွရောက်တော်မူသည်၊ မန္တလေးမြို့ ချမ်းသာကြီး တိုက် ပဲ့နှင်းကျောင်းဆရာတော် ဦးဇလန္ဒ၊ ဦးပညာသာမိ၊ ဦးထပ်ကျောင်း ဆရာတော် ဦးမာဃိန္ဒ၊ ဦးရှမ်းကြီးကျောင်း ဆရာတော် ဦးလက္ခဏ၊ ဦးရာကျော်ကျောင်း ဆရာတော် ဦးအဂ္ဂဝံသတို့ထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်း သင်ယူတော်မူသည်။

ထိုသို့ သင်ယူပြီးနောက် မန္တလေးမြို့ မြေနီကျင်းကျောင်းတိုက်ဆရာတော် ဦးဒေါက်ဆိန်ခေါ် ဦးနန္ဒိယအား ဂိလာနဝတ်ပြုစုနေစဉ် ယင်းဆရာတော် ပျံတော်မူသွားသဖြင့် ထိုကျောင်း၌ ကျောင်းထိုင်ဘုန်းကြီး ဖြစ်နေခဲ့သည်၊ ထိုသို့နေစဉ်ဘွင် ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကြောင့် ဇာတိအရပ်သို့ ပြန်နေရသည်၊ ထိုအခါ ခေတ်ပျက်ဘေးရန်များကို မကြာခဏ မြင်ရ ကြားရ၍ လောက၌ ငြီးငွေ့စိတ်များဖြစ်ပေါ်လာသည်၊ ထိုသို့ဖြစ်နေစဉ်မှာ ဆိပ်ခွန်ရွာ မဟာစည်ဆရာတော်ထံမှ တရားအားထုတ်ပြီး ပြန်လာကြသော ရဟန်း ဒကာကြီး ဦးထင်နှင့် မောင်ဘသွင်-မောင်စိုးညွန့် တို့က သူတို့အားထုတ် ခဲ့ပုံများကို ပြောပြ၍ အားထုတ်ရန် တိုက်တွန်းကြလေသည်။

ထိုအခါ "တရားဌာနတွေက အလွန်များ၍ ဆရာမှားယင် တပည့်တွေအစဉ်အဆက် မှားသွားတတ်သည်၊ ဆရာက မှန်ပါမှ တပည့်တွေလဲ အစဉ် အဆက် မှန်ကန်သည်၊" ဤသို့ စသည်ဖြင့် စဉ်းစားပြီးလျှင် မဲကန်ရွာ အင်ကြင်းပင် ကျောင်းသို့ သွားရောက်ရာ ထိုကျောင်းက ဆရာတော် ဦးခေမာဝံသနှင့် ဦးဉာဏိန္ဒတို့ကလည်း "ဦးဥဂ္ဂံသရေ၊ ရဟန်း ဆိုတာ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ - လို့ ဆိုခဲ့တဲ့အတိုင်း တရားအားထုတ်ဘားရတယ်၊ ငယ်သေးတယ်လို့ မအောက်မေ့နဲ့၊ အသက် အရွယ်ကြီးမှ ဆိုယင် အားထုတ်ဖို့ ခဲယဉ်းတယ်၊ ကိုယ်က တရားသိရှိပြီးမှ သူတပါးကို ဟောယင် ပိုကောင်းတယ်၊ ကိုယ်ကတရားမသိရှိဘဲနဲ့ သူတပါးကို ဟောနေယင် ကိုယ့်အတွက် ဘာအကျိုးရှိမှာလဲ" စသည်ဖြင့် တိုက်တွန်း ဆုံးမစကားကို ပြောကြားကြသည်။ ဤသို့သော အကြောင်းများကြောင့် တရားအားထုတ်ရန် ထက်သန်သော စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည်။

ထို့နောက် ကမ္မဋ္ဌာန်းဌာနကို ရွေးချယ်သောအခါ မဟာစည်ဌာနကိုပင် နည်းမှန်လမ်းမှန် အကောင်းဆုံးဟု ဆုံးဖြတ်ပြီးလျှင် ဆိပ်ခွန်ရွာ မူလမဟာစည် ရိပ်သာသို့ သွားရောက်ခဲ့သည်။ ထိုစဉ်အခါက ယင်းဌာန၌ ရွှေစေတီ ဆရာတော်က ကြီးမှူး၍ ဆရာကြွက်နှင့် ဆရာကြံတို့က နေ့ညဉ့် စစ်မေးလျက် အားပေးညွှန်ကြားကြသည်။ ထိုဆရာများ ညွှန်ကြားသည့် အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို နေ့ညဉ့်မနား ကြိုးစား အားထုတ်သဖြင့် ဆရာများ ကြေနပ်အားရသည်အထိ ပြည့်စုံပေါက်ရောက်ခဲ့ပေသည်။

ထိုသို့အားထုတ်စဉ်အခါက အစပိုင်း၌ ပင်ပန်းခဲ့သော်လည်း အလွန်လျှင်မြန်စွာ ဖြစ်ပျက်နေသည်များကို အလွန်လျှင်မြန်စွာပင်လိုက်၍ သိမြင်နိုင်သောအခါ၌ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ခါ သဒ္ဓါဆန္ဒများ ထက်သန်စွာ ဖြစ်ပွါးလာခဲ့သဖြင့် ရှုမှတ်ရန် လွယ်ကူသွားခဲ့ပေသည်။ ထို့ပြင်နောက်ဆုံး ဉာဏ်စဉ်တရားကို နာရသောအခါ၌လည်း မိမိမှာ ဖြစ်ပုံများနှင့် ကိုက်ညီနေသည်ကို တွေ့ရသောကြောင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် သူတပါးတို့အား ဟောပြောလိုသောစိတ်ဆန္ဒများလည်း ဖြစ်ပေါ်ခဲ့ပေသည်။ ထို့ကြောင့် ရွှေစေတီ ဆရာတော်နှင့်အတူ လိုက်ပါ၍လည်း တရားဟောခဲ့သည်ဟု ဆိုပါသည်။

ထို့နောင် စစ်ဘေးငြိမ်း၍ မန္တလေးသို့ ပြန်လာသောအခါ မြေနီကျောင်းကျောင်းတိုက်မှာ စစ်ဘေးဒဏ်ကြောင့် မြေရာ ကွက်လပ်မျှသာ ကျန်နေသည်ကိုတွေ့ရ၍ ထိုမြေကွက်တွင် ၂ ခန်းပတ်လည် ငြမ်းစိုက် ကျောင်းငယ်ကလေး ဆောက်လုပ်ကာ ကိုယ်တိုင်အားထုတ်ခဲ့သော တရားကို အားထုတ်လျက် တကိုယ်တည်း အေးချမ်းစွာနေထိုင်သွားရန် စိတ်အကြံ ဖြစ်ခဲ့သည်။ ထိုသို့အကြံဖြစ်နေစဉ်မှာ ဦးမိုးဆောင်း၊ ဦးလှုရင်၊ ဦးထွန်းတင်တို့က တရားပြရန် တိုက်တွန်းအားပေးကြသောကြောင့် ၁၃၁၃ ခုနှစ်မှစ၍ ရောက်လာသမျှသော ယောဂီတို့အား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး နည်းနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားကို ဟောကြားညွှန်ပြလျက်ရှိပေသည်။ ထိုမြေနီကျောင်း သာသနာ့ရိပ်သာ၌ လာရောက် အားထုတ်ကြသော ယောဂီပေါင်းမှာ (၀၉၇)ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။



မန္တလေးမြို့၊ အရှေ့ပြင်၊ ဝါခင်းကုန်း

## ဆရာတော် ဦးဇောတိက

ဆရာတော် ဦးဇောတိက လောင်းလျာသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်ပိုရွာ ခမည်းတော် ဦးထွန်းလှ မယ်တော် ဒေါ်အိမ်ရတို့မှ ၁၂၇၂-ခုနှစ် တန်ဆောင်မုန်းလဆန်း ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

(၇)နှစ်သားအရွယ်တွင် မြိုင်မြို့နယ် ခေါင်းသဲ့ရွာ မြောက်ကျောင်း ဆရာတော် ဦးဣန္ဒာဘိဝံသထံ၌ မိဘတို့က အပ်နှံ၍ ဆရာတော်က သူငယ်တို့ တတ်သင့်သော စာပေပညာများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော်၏ ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်၊

၁၂၈၉-ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် ဝါခင်းကုန်း ဆရာတော် ဦးစန္ဒိမာထံ၌ ခိုလှုံနေထိုင်လျက် ပိဋကတ်အခြေခံ ကျမ်းစာများကို ဆက်

လက်သင်ကြား ဆည်းပူးခဲ့သည်။ အစိုးရ ပဌမငယ်တန်းကို ရှင်သာမဏေ အဖြစ်နှင့်ပင် အောင်ခဲ့သည်။

သက်တော်(၂၀)ပြည့်သဖြင့် ၁၂၉၂-ခုနှစ် ဝါဆိုလဆန်း(၈)ရက် နေ့တွင် ဆရာတော် ဦးစန္ဒိမာကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဦးစံမြင့် ရဟန်းအမ ဒေါ်ဒေါ်မြ တို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်းရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊ ထိုနှစ်မှာပင် ပဌမလတ်တန်းကို အောင်မြင်တော်မူခဲ့သည်။

ထို့နောင် အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းသို့ ပြောင်းရွှေ့၍စည်ရှင်ဆရာတော်ထံ၌လေးနှစ်ပတ်လုံး ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ယူဆည်းပူးတော်မူခဲ့သည်၊ ထိုမှတဖန် မိုးကောင်းတိုက်သို့ ပြောင်းရွှေ့၍ ညောင်ရမ်း ဆရာတော်ဘုရားကြီးထံ၌ ဆက်လက် သင်ကြားတော်မူသည်၊ ယင်းသို့သင်ကြားနေစဉ် ၁၂၉၈-ခုနှစ်၌ သကျသီဟ စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရာ စာသင်တန်းကို အောင်မြင်တော်မူခဲ့သည်။

၁၃၀၂-ခုနှစ်တွင် အစိုးရ ပဌမကြီးတန်းကို အောင်မြင်တော်မူသည်။ ၁၃၀၃-ခုနှစ်တွင် ဒုတိယအကြိမ်ကျင်းပသော အစိုးရစာချတန်း စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ စာချတန်း(၃)ကျမ်းနှင့် ဂုဏ်ထူးဆောင် (၄)ကျမ်းပါ အောင်မြင်တော်မူသဖြင့် (သာသနဓဇသိရီပဝရဓမ္မာစရိယ) ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

## ပရိယတ်မှ ပဋိပတ်သို့ ဦးလှည့်ပုံ

၁၃၀၁-ခုနှစ်၌ သကျသီဟ စာချတန်းကို ဝင်ရောက် ဖြေဆိုစဉ်မှာ အဖျားရောဂါအကြီးအကျယ် အနှိပ်စက်ခံရသည်၊ သတိလစ်၍ မေ့မျောသွားသည်အထိ ဖြစ်ခဲ့သည်၊ ထိုသို့ သတိလစ်မေ့မျောနေစဉ်မှာ တောကြီးနှင့် ရေကန်ကြီးကို တွေ့မြင် ရသည်၊ အဖျားရောဂါ သက်သာလာသောအခါ မေ့မျောနေစဉ်က တွေ့မြင်ခဲ့သော အာရုံကို ပြန်လည်စဉ်းစားကြည့်သည်၊ တောနိမိတ် ရေကန်နိမိတ် ထင်တာဟာ ကောင်းသောနိမိတ် မဟုတ်၊ ဒီနိမိတ်များ ထင်ပြီး သေသွားယင် ပြိတ္တာဘုံ ရောက်ဖို့ နီးစပ်နေတယ်၊ ပရိယတ္တိသက်သက် အားထုတ်နေရုံနဲ့တော့ အပါယ်လေးပါးမှ လွတ်ဖို့ရာ မသေချာသေးဘူး၊ ပဋိပတ် အကျင့်တရားကို အားထုတ်ဦးမှ နေရာကျမှာဘဲ ဟု စဉ်းစားကြည့်မိလေသည်။

ထိုသို့ စဉ်းစားမိသည့်အတိုင်းပင် ဂျပန်ခေတ်ပျက်ထဲတွင် သုံးနှစ်ပတ်လုံး တောရကျောင်း နေတော်မူလျက် ကောသနိက်-ပတ္တပိုဏ် စသော ဓုတင်ကျင့်ဝတ်များကို ဆောက်တည်ကာ အာနာပါနကမ္မဋ္ဌာန်းအရ ထွက်သက်ဝင်သက်ကိုရှုကာ ကြိုးပမ်းအားထုတ်လျက် နေခဲ့သည်၊ သို့သော် ထူးခြားချက်ကိုကား မတွေ့ရပေ၊ ထို့ကြောင့် စိတ်ဓာတ်ကျနေခိုက်တွင် ကလျာဏမိတ္တအစစ်ဖြစ်သော ဆရာတော်ဦးသုဇာတ (ယခု ရန်ကုန် သာသနာ့ရိပ်သာနည်းပြ ကမ္မဋ္ဌာနာစရိယ) ကို တွေ့ရလေသည်၊ မိမိ၏အဖြစ်မှန်ကို ပြောပြသောအခါ ထိုဆရာတော်က သူကိုယ်တိုင် ရွှေဘိုခရိုင် ဆိပ်ခွန် မဟာစည်ကမ္မဋ္ဌာန်းဌာနသို့ အားထုတ်လာခဲ့ကြောင်း စသည်ကို ပြောပြ၍ မဟာစည်ဌာနသို့ သွား၍ အားထုတ်ရန် တိုက်တွန်း ညွှန်ကြားတော်မူသည်။

ထိုညွှန်ကြားချက်အတိုင်း ဆိပ်ခွန်မဟာစည်ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်၍ ထိုစဉ်အခါက ထိုဌာန၌ နည်းပေးညွှန်ပြနေသော ရွှေစေတီဆရာတော်ဘုရားထံ၌ တရားရှုမှတ်နည်းကို နာယူပြီးလျှင် ဆရာကြီး၊ ဆရာကြွက်တို့၏ ကူညီစောင့်ရှောက်မှုဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးစားအားထုတ်ခဲ့လေသည်၊ ထိုသို့အားထုတ်သောအခါ ရက်များမကြာမီပင် ထူးခြားသောသမာဓိနှင့် ထူးခြားသောအသိဉာဏ်များ ဖြစ်ပေါ်လာသည်ကို တွေ့ရ၍ ဂျပန်ခေတ်က နှစ်ရှည်လများ အားထုတ်ခဲ့သော်လည်း ဘာမျှ မထူးခြားခဲ့၊ ယခုတော့ နည်းမှန်အတိုင်း စနစ်တကျ အားထုတ်တဲ့အတွက် ရက်များမကြာမီ အထူးအခြားကို တွေ့ရပေသည်၊ စသည်ဖြင့် ဆင်ခြင်လျက် ဝမ်းသာ အားတက်လာခဲ့လေသည်။

ထိုသို့ စိတ်အားထက်သန်စွာနှင့် အားထုတ်သဖြင့် ၂ လနီးပါး ကြာသောအခါ ဉာဏ်စဉ်တရားကို နာခွင့်ရခဲ့ပေသည်။ ထိုအခါ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဉာဏ်စဉ်တရားတော်ကို နာနေစဉ် မိမိ၏အတွေ့များနှင့် ကိုက်ညီနေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သဒ္ဓါတရား လွန်စွာတိုးပွား ထက်သန်လာလေသည်၊ ထို့ကြောင့် ထိုအခါမှစ၍ မိမိကိုယ်တိုင် အချိန်အခါ အားလျော်စွာ ရှုမှတ်ပွားများအားထုတ်နေသည့်ပြင် ဇာတိကာရာမတိုက် မိမိထံသို့ ရောက်လာသော သူတပါးတို့အားလည်း သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြား ညွှန်ပြလျက် တဖက်မှ စာသင်သားတပည့်တို့အား ပရိယတ္တိစာပေ ကျမ်းဂန်များကို ပို့ချပေးလျက် ပရိယတ် ပဋိပတ် နှစ်ရပ်လုံးသော သာသနာတော်ကို ပြုစုလျက် ရှိပေသည်။



မန္တလေးမြို့ နန်းတော်ရှေ့
ရွှေစည် သာသနာ့ ရိပ်သာ

**လယ်တီ အရှင်ကုလိသ**

ရွှေစည်ဆရာတော် (လယ်တီ အရှင်ကုလိသ) လောင်းလျာသည် စစ်ကိုင်းခရိုင် လယ်ကြီးရွာ ဦးလူတုပ်-ဒေါ်ညက်တို့မှ ၁၂၈၁-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄-ရက် တနင်္ဂလာနေ့နံနက် (၂) နာရီအချိန်တွင်ဖွားမြင်သော သားရတနာဖြစ်သည်။

အသက်(၈)နှစ်အရွယ်တွင် လယ်ကြီးရွာ အနောက်ကျောင်း ဆရာတော် ဦးသုအဂ္ဂထံ၌ သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ယူခဲ့သည်။

---

၁၃၂၅-ခုနှစ်က မန္တလေးအနောက်ပြင် စိန်ပန်း ရတနာပုံသာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ မရှိသောကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ထိုရိပ်သာ၌ (၄)နှစ်ပတ်လုံး သီတင်းသုံးနေထိုင်လျက်ရဟန်းရှင်, လူယောဂီတို့အား ပဓာန နာယက ကမ္မဋ္ဌာနာစရိယ

⟶

၁၂၉၄-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် စကုတိုက် သဒ္ဓမ္မဇောတိကာရုံ အုတ်ကျောင်း ဆရာတော် ဦးသဒ္ဓမ္မထံ၌ ခိုလှုံလျက် ပညာ သင်ယူကာ ၁၂၉၅-ခုနှစ်တွင် ရှင်သာမဏေပြု၍ ကျော်စောထင်ရှားသော ဆရာတော်ကြီးများထံ၌ ပရိယတ္တိ စာပေကျမ်းဂန်များကို (၇) နှစ်ပတ်လုံး သင်ယူဆည်းပူးခဲ့သည်။ ဆရာတော်က ရှင်ကုသလ ဟု ဘွဲ့အမည် ပေးတော်မူသည်။

၁၃၀၀-ပြည့်နှစ်၊ တပေါင်း လပြည့်ကျော် (၈) ရက်နေ့တွင် ဖျာပုံ ခရိုင် နောက်ပြန်တိုးရွာ ရွာလယ်ကျောင်း ဆရာတော်ဘုရားကြီး ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ လယ်ပိုင်ရှင် ဦးဘ-ဒေါ်အေးခင် တို့၏ ပစ္စယာ နုဂ္ဂဟ နှင့် ဇမ္ဗုကာရကသံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် အရှင်ကုသလသည် ၁၃၀၂-ခုနှစ်တွင် မုံရွာမြို့ မဟာလယ်တီကိုက်သို့ သွားရောက်၍ ပဌမကျော် ဆရာတော်လယ်တီ ဦးကောဝိဒထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ပရိယတ္တိ စာပေ ကျမ်းဂန်များကို သင်ကြားဆည်းပူးခဲ့သည်။လယ်တီ ဦးကောဝိဒက အရှင်ကုသလဟူသော ဘွဲ့ အမည်ကို အရှင်ကုလိသဟု ပြောင်းလဲပေးသည်။ ထို့ကြောင့်ပင် လယ်တီ အရှင်ကုလိသဟု ခေါ်ဆိုရပေသည်။

၁၃၀၈-ခုနှစ်တွင် ရွာသစ်ကြီး ရွှေစေတီတောရကျောင်း ရွှေစေတီ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) အရှင်သုန္ဒရထံ၌ လောကီ လောကုတ္တရာ ပညာရပ်များကိုသင်ကြားဆည်းပူးခဲ့သည်။၁၃၀၉-ခုနှစ်တွင် မန္တလေးမြို့ အနောက်

---

→

အဖြစ်ဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားကို ဟောကြားညွှန်ပြလျက် ပဋိပတ္တိ သာသနာတော်ကို ပြုစုတော်မူခဲ့ပေသည်။

ယခုအခါ၌မူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရဖြင့် မိမိ၏ နေမြဲနေရာသို့ ပြန်နေလျက် ထိုဇောတိကာရာမတိုက်၌ရင်း၊ ဆူးပြုရိပ်သာ၌ရင်း ယောဂီတို့အား ဟောကြားညွှန်ပြကာ သာသနာတော် ၂-ရပ်လုံးကို ပြုစုလျက် ရှိတော်မူသည်။

ပြီ ရတနာစိန်တောင်တိုက်၌ သီတင်းသုံးနေထိုင်လျက် ထင်ရှားကျော်စော သော ဆရာတော်ကြီးများထံတွင် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် အရပ်ရပ် ကို ထပ်မံ၍ သင်ကြား ဆည်းပူးခဲ့ပြန်သည်။ ၁၃၁၁-ခုနှစ်၌ လယ်ကြီးရွာ သို့ ပြန်၍နေထိုင်စဉ် ရွှေစေတီ ဆရာတော်ဘုရား၏ အမိန့်အရ ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မဟာစည်ရိပ်သာ ရွှေစေတီဆရာတော်ဘုရားထံ သွားရောက်၍ သတိပဋ္ဌာန် ဝိပဿနာ တရားကိုပွားများ အားထုတ် လေသည်။ ဤအရာ၌ ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ၏ တရားအားထုတ်ရန် သံဝေဂရသ နိဿယ အထောက်အပံ့ရပုံ၊ သံဝေဂယူပုံနှင့် ပလိဗောဓ ဖြတ်တောက်ပုံ တို့ကို အကျယ်ဖော်ပြရလျှင် အလွန်ပင် စိတ်ဝင် စားဘွယ်ဖြစ်ပေ လိမ့် မည်။ သို့သော် ကျယ်အံ့စိုး၍ ၎င်းတို့ကို အကျဉ်းမျှသာ ဖော်ပြသွားပါမည်။

လယ်တီ အရှင်ကုလိသသည် ရွာသစ်ကြီး ရွှေစေတီ ဆရာတော်ကြီးထံသို့ ဝိပဿနာ ရှုနည်းကျမ်း ပဌမ အကြိမ် ပုံနှိပ်ရေးကိစ္စနှင့် စပ်၍ ကြွရောက်လာ သော မဟာစည် ဆရာတော်ဘုရားကို ဖူးမြင်ရသဖြင့် ကြည်ညိုခဲ့ပေသည်။ တဖန် မန္တလေးမြို့ စိန်မေဒီကျောင်း၌ မဟာစည် ဆရာတော် ဘုရားကြီးက အာသီဝိသောပမ သုတ္တန်တရား ဟောကြား တော်မူသောအခါ ဖူးမြင်ရ နာကြားရ၍ ကြည်ညိုသဒ္ဓါ တိုးပွါးလျက် တရားအားထုတ်လိုသော စိတ် ဆန္ဒလည်း ဖြစ်ခဲ့ရပြန်သည်။ တဖန်ရွှေစေတီဆရာတော် ဘုရားကြီးက တရား အားထုတ်ရန် တိုက်တွန်းတော်မူသည့်ပြင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ဝိပဿနာရှုနည်းကျမ်းကြီး ပဌမ, ဒုတိယ နှင့်အုပ် ကို ပေး၍ ကြည့်ရှုစေသဖြင့် ကြည့်ရှုသောအခါ တရား အားထုတ်ရန် ထက်သန်သောသဒ္ဓါဆန္ဒ တက်ကြွဖြစ်ပေါ်လာခဲ့ပေသည်၊ ထို့ပြင် လယ်ကြီး ရွာ၌ ပြန်ရောက်နေစဉ် ပတ်ဝန်းကျင်၌ သေဆုံးပျက်စီး ကြသည်များကို တွေ့မြင်ရသည့်ပြင် မိမိကိုယ်တိုင်လည်း နေမကောင်း ထိုင်မသာ ဖြစ်သော အခါ၌ မရဏဿတိကို ပွားများမိသဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ မသေ တရားကို (ဝါ-သေမှာ မကြောက်ရအောင် အားကိုးရမည့်တရားကို) ရှာဘို့ ရန် အချိန်တန်နေပြီဟု စိတ်အကြံ ဖြစ်ပေါ်လာခဲ့လေသည်၊ ထိုသို့ စိတ်အကြံ ဖြစ်နေစဉ်တွင် ရွှေစေတီဆရာတော်ဘုရားကြီးက ခေါ်တော် မူလိုက်သဖြင့် ဆိပ်ခွန် မဟာစည်ရိပ်သာသို့ သွားရောက်၍ အားထုတ် ခဲ့ခြင်း ဖြစ်ပေ သည်။

ယင်းသို့ ထက်သန်သော သမ္မာဆန္ဒဖြင့် အားထုတ်ခဲ့ခြင်းဖြစ်သော်လည်း အားထုတ်ခါစ၌ မကျွမ်းကျင် သေးခြင်း၊ သတိ သမာဓိ အားမရှိသေးခြင်း စသောအကြောင်းများကြောင့် ထူးခြားချက်ကို မတွေ့ရသဖြင့် ''ဖေါင်းတာ ပိန်တာကို မှတ်နေတာဟာ ဘာဝနာတရားမှ ဟုတ်ပါ လေလား၊ ဒီလို

မှတ်နေရုံမျှဖြင့် ဉာဏ်သူများ ဖြစ်သည် ဆိုတာ ဟုတ်မှ ဟုတ်ပါလေလား" စသည်ဖြင့် ယုံမှား တွေးတောမှုများ ဖြစ်ပေါ် လာလေသည်၊ ထို့ကြောင့် ရှုမှတ်မှုမှာ မထက်သန်သဖြင့် ထူးခြားသော အတွေ့အသိများ မရှိသည့် အတွက် ကမ္မဋ္ဌာန်းဆရာအား ပြောစရာပင် မရှိဘဲ ဖြစ်နေ ခဲ့လေသည်၊ ထို အကြောင်းကို ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဆရာကြွက်က သိသောကြောင့် သူကိုယ်တိုင်လည်း ပြောဟောသည့် အပြင် ရွှေစေတီ ဆရာတော်ဘုရားကြီး အားလည်း လျှောက်ထား လေသည်၊ ထိုအခါ ဆရာတော် ဘုရားကြီးက ဟောပြောတိုက်တွန်းလျက် အားပေးတော်မူသဖြင့် "ဘာဘဲဖြစ်ဖြစ် မစဉ်း စား မဆင်ခြင်တော့ဘဲ ကြိုးစား ရှုမှတ်သွားမည်" ဟု စိတ်နှလုံးဒုံးဒုံးချလျက် မိးသွတ်သော ယောကျာ်းပမာ မနေမနား ကြိုးစား အားထုတ်ခဲ့လေသည်။

ထိုသို့ အားထုတ်သဖြင့် ရုံဖန်ရံခါတွင် မီးခိုးတန်းကြီးတွေ တိမ်တောင် ကြီးဘွေ သစ်ပင် တောတောင်တွေ ဇရပ်တန်ဆောင်းတွေ ကျောင်း ကန် ပြာသာဒ်ဘွေစေတီပုထိုးဘွေ စသော အာရုံနိမိတ်အမျိုးမျိုးတွေကိုထူးဆန်းစွာ တွေ့မြင်ရလေသည်၊ရုံဖန်ရံခါတွင်ကိုယ်ထဲ၌ တစိမ့်စိမ့် တသိမ့်သိမ့်ဖြစ်လာခြင်း၊ ကိုယ်ရောစိတ်ပါလွန်စွာပေ့ါပါးခြင်း၊ ဝမ်းမြောက်ဝမ်းသာခြင်းစသော အရ သာထူးများကို တွေ့ရလေသည်. ရုံဖန်ရံခါ၌င်စိတ်တွေဘယ်ကိုမှမပျံ့လွင့်မပြေး သွားတော့ဘဲ ရှုမှတ်ရာ အာရုံ၌သာကပ်လျက် တည်နေလေတော့သည် ယင်းသို့ တည်နေသောအခါမျိုး၌အအိပ်အနေလည်းနည်းပါးလာလေတော့သည်၊ ၂ ည ၃-ညတောင် မအိပ်ပဲ နေနိုင်ပေသည်၊ ထိုသို့ မအိပ်ခြင်း ကြောင့်လည်း မူးဝေ ထိုင်းမှိုင်းခြင်းမရှိ၊ ပကတိကြည်လင်နေပေသည်၊ ထိုအချိန်ဘွင် အရှင်ကုလိသ ၏ စိတ်ထဲ၌ "ဒီသိုအခါမျိုးမှာ စာသင်ရလျှင် တတ်လွယ်မှာဘဲ" ဟု ဆင် ခြင်မိသည့်ပြင် "ပဋိပတ် အားထုတ်ပြီးမှ စာသင်ယင် မြန်မြန် တတ်လွယ် တယ်လို့ တချို့ပညာရှိကြီးဘွေက မိန့်တော် မူကြတာဟာ ဒီလို အဖြစ်မျိုး ကြောင့် နေမှာဘဲ" ဟူ၍၎င်း "ငါတို့တော့ တောထဲက စာတတ်တာဘဲလို့ လယ်တီဆရာတော်ဘုရားကြီးက မိန့်တော်မူတာဟာ ဒါကြောင့်နေမှာဘဲ" ဟူ၍၎င်း ဆင်ခြင် စဉ်းစားကာ ပဋိပတ်နယ်မြေမှ ပရိယတ် နယ်မြေကို လှမ်း၍ သဒ္ဒါပိုကာ ကြည့်ညိုမိခြင်းဖြစ်သည်အထိ သဘောပေါက်သွားလေ တော့သည်။

တရားအားထုတ်၍ တလကြာသောအခါတွင် အရှင်ကုလိသသည် ဉာဏ် စဉ်တရားကို နာကြားရလေတော့သည်။ ဉာဏ်စဉ် တရားကို နာကြားပြီး နောက် ဆက်လက်၍ ရှုမှတ် အားထုတ်သည့်အခါတွင် အားထုတ်တိုင်း အသိအမြင် ပို၍ ပို၍ ရှင်းလာလေသည်၊ ဆွေမျိုးသားချင်း အသိမိတ်ဆွေ

များနှင့်တကွ ဒကာ ဒကာမများအားသတိပဋ္ဌာန် ဝိပဿနာတရားကို ဟော ပြလိုသော အားထုတ်စေလိုသော ဆန္ဒတွေ ပြင်းပြစွာ ဖြစ်လာလေသည်၊ ဝိပဿနာနှင့် စပ်သောတရားများကို နာကြားလိုခြင်းနှင့် ဝိနည်းသိက္ခာပုဒ် များကို စောင့်ရှောက် လိုခြင်းများသည်လည်း ရှေးကထက် ထူးခြားစွာ တိုးတက်လာလေသည်၊ ထို့ကြောင့် အနေအထိုင် အပြောအဆိုစသည်တို့၌ ဆင်ခြင်၍ ဣန္ဒြေသိပ်သည်းစွာ နေလိုသဖြင့် ကိုယ်နှုတ်အပြုအမူတို့၌ အမှတ် ရမှု သတိထင်မှု များနေသည်ကိုလည်း ထူးခြားစွာ တွေ့သိရပေသည်။

ဤသို့ ကိုယ်တိုင်တွေ့အားဖြင့် ထူးခြားစွာ သိရှိရသောကြောင့် အရှင် ကုလိသမှာ ''ဘယ်သူတွေက ဘာဘဲ ပြောနေနေ ငါ့အတွက်တော့ ဒီတရား ဟာ အချိုးကြီး ကျေးဇူးရှိတာဘဲ၊ ထောက်တည်ရာ မှီခို အားထားရာ ကိုးကွယ်ရာ ရတာဘဲ'' ဟု အောက်မေ့ဆင်ခြင်မိသည် ဆိုပါသည်။

သို့ဖြစ်၍ အရှင်ကုလိသသည် ဉာဏ်စဉ်တရားနာပြီးသော အခါ၌လည်း ဆိပ်ခွန်မဟာစည်ရိပ်သာမှာပင် ဆက်လက်၍ တရားအားထုတ်ခြင်း ရွှေ စေတီဆရာတော်ဘုရားကြီးထံမှာပင် ပရိယတ် ပဋိပတ် ၂-ရပ်သော ပညာ များကို ဟောပုံဟောနည်းနှင့်တကွ သင်ယူလေ့လာခြင်းတို့ဖြင့် မိမိအတွက် ဆက်လက် ဆည်းပူးသည့်ပြင် လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့်လည်း ပဋိပတ္တိ သာသနာတော်ကို ပြုစုတော်မူခဲ့ပေသည်။

၁၃၁၃-ခုနှစ်၊ ဝါဆိုလတွင် မန္တလေးမြို့ စိန်ပန်းရပ် (ဖွင့်လှစ်ပြီးခါစ ဖြစ်သော) ရတနာပုံသာသနာ့ရိပ်သာကို စောင့်ရှောက်လျက် ပဋိပတ္တိ သာ သနာပြုရန် ရွှေစေတီ ဆရာတော်ဘုရားကြီးကြွတော်မူသောအခါ အတူတကွ လိုက်ပါလာရလေသည်၊ ယင်းရိပ်သာ၌ ရွှေစေတီ ဆရာတော် ဘုရားကြီး၏ လက်ထောက် ကမ္မဋ္ဌာနာစရိယ နည်းပြဆရာတော်အဖြစ်ဖြင့် တာဝန်ယူကာ (၃)ဝါကာလပတ်လုံး ပဋိပတ္တိသာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက် တော်မူခဲ့ပေသည်။

ထိုသို့ ဆောင်ရွက်နေစဉ် ရွှေစေတီဆရာတော်ဘုရားကြီး၏ အမိန့်အရ ဖြင့် ၁၃၁၆-ခုနှစ်၊ သီတင်းကျွတ်လတွင် ဗန်းမော်ခရိုင် ရွှေကူမြို့ မဟာ သုခိတာရာမသာသနာ့ရိပ်သာသို့ ကြွရောက်၍ ထိုရိပ်သာ၌ သီတင်းသုံးကာ တရားဟောလျက် တရားပြလျက် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင် ရွက်တော်မူခဲ့ပေသည်။

၁၃၂၂-ခုနှစ်မှ စ၍ မန္တလေးမြို့ နန်းတော်ရှေ့ မောင်းထောင်တိုက်၌ မင်္ဂလာရာမ သာသနာ့ရိပ်သာဟူသော အမည်ဖြင့် ရိပ်သာအသစ် ဖွင့်လှစ်၍ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် တရားဟော တရားပြလျက် ပဋိပတ္တိ သာသနာကို အားသွန်ကြိုးပမ်း စွမ်းစွမ်းတမန် ပြုစုတော်မူခဲ့ပေ သည်၊

ထိုသို့ သာသနာပြုနေစဉ်မှာပင် အရှင်ကုလိသ၏ ဘုန်းကံစွမ်းအင်ကို သိမြင်တော်မူသော စိန်တုံးဆရာတော်ဘုရားကြီး ဦးဝိစိတြက ယင်းမင်္ဂလာ ရာမရိပ်သာ၏ မြောက်ဖက်၌ ကပ်လျက်တည်ရှိသော (အဆောက်အအုံ မရှိသလောက်ဖြစ်နေသော) သက်ပန်းတိုက်ကြီးကို ၁၃၂၀-ခုနှစ် ဝါဆို လဆုတ် (၁၁) ရက်နေ့တွင် ရဟန်းတော်များနှင့် ရပ်ကွက် လူကြီးများ ရှေ့မှောက်၌ အခိုင်အမာပြုလျက် လယ်တီ အရှင် ကုလိသအား အပြီး အပြတ် လှူအပ်တော်မူလေသည်၊ ထိုအခါ အရှင်ကုလိသသည် သာသနာတော် ပြုရန် တာဝန်တခု ရောက်လာပြန်ပြီဟု နှလုံးသွင်းလျက် ယင်း သက်ပန်းတိုက် ကြီးတွင် မြေနေရာရှင်းလင်းခြင်း ဝင်းခတ်ခြင်းမှစ၍ သာသနာ့အဆောက် အအုံများ ဖြစ်လာအောင် ရွက်ဆောင်လျက် **ရွှေစည်သာသနာ့ရိပ်သာ** ဟူသော အမည်ဖြင့် ရိပ်သာအသစ် ဖွင့်လှစ်၍ ပဋိပတ္တိသာသနာကို ပြုစု တော်မူလေသည်။ ထိုရိပ်သာသစ်၏ အမည်တွင် ရွှေ-ဟူသည်မှာ ကျေးဇူး ရှင် ရွှေဘိုဆရာတော်ဘုရားကြီး၏ အမည်တော်မှ အစအက္ခရာကို ယူ၍ မှည့်သောအမည် ဖြစ်သည်၊ စည်-ဟူသည်မှာ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ အမည်တော်မှ အဆုံးအက္ခရာကို ယူ၍ မှည့်သော အမည် ဖြစ်သည်၊ ယခုအခါ အရှင်ကုလိသသည် ထို ရွှေစည် သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် ရောက်လာကြသော ရဟန်းရှင်လူတို့အား တရားဟော တရားပြလျက် ပဋိပတ္တိသာသနာကို ပြုစုလျက် ရှိတော်မူပေသည်၊ ယင်းသို့ ပြုစုတော်မူခြင်းကြောင့် ရွှေစည်သာသနာ့ရိပ်သာ၌ ဆရာတော်နှင့် ရဟန်း တော်များ သီတင်းသုံးရန် ကျောင်းများ ယောဂီများ တရားအားထုတ် နေထိုင်ရန် ကမ္မဋ္ဌာန်းကျောင်းများနှင့်တကွ သိမ်, ဓမ္မာရုံ စသော အဆောက် အအုံများဖြင့် ဝိသကြုံနတ်သား ဖန်ဆင်းသည့်အလား စည်ကား သိုက်မြိုက် လျက်ရှိပါပေသည်၊ လယ်တီ အရှင်ကုလိသသည်လည်း **ရွှေစည်ဆရာတော်** ဟူသော ဘွဲ့အမည်သစ်ဖြင့် ထပ်ဆင့်၍ ထင်ရှားလာပေသည်။

ရွှေစည်ဆရာတော် လယ်တီ အရှင် ကုလိသသည် အဟော အပြောနှင့် အပြုအသဘင် ဝါသနာထုံသလောက် အရေးအသားတွင်လည်း ဝါသနာ ထုံသောကြောင့် သူတလိုလားသူတို့အား ကျေးဇူးများစေရန် ကျမ်းဂန်



မန္တလေးမြို့ အရှေ့ပြင်၊ ဝါခင်းကုန်း၊ ဇွဋ္ဌာသယတိုက်ကျောင်း

## ဆရာတော် ဦးဇဋိလ

ဆရာတော်ဦးဇဋိလ လောင်းလျာသည် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် မီးလောင်ကျွန်းရွာ ခမည်းတော် ဦးဘိုးအို- မယ်တော် ဒေါ်ဝါးတို့မှ ၁၂၇၃-ခုနှစ်၊ နတ်တော်လဆုတ် (၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားကြီး ဩရသဖြစ်သည်။ ဇာတိရွာမှ တဖန်-မယ်တော်- ခမည်းတော်များ

---

စာပေများကိုလည်း အခါအားလျော်စွာ ရေးသား ပြုစုတော်မူလေ့ ရှိပေသည်။ အောက်ပါများမှာ ရွှေစည်ဆရာတော် ရေးသားသော ကျမ်းစာများ ဖြစ်သည်။

(၁) နည်းသစ် သင်ပုန်းကြီးနှင့် ဖတ်စာ၊
(၂) အိန္ဒိယနှင့် သီဟိုဠ်ဘုရားဖူးမှတ်တမ်း (အိန္ဒိယနှင့် သီဟိုဠ်သို့ ဘုရားဖူးကြွစဉ်က ရခဲ့သောသုတများကို မှတ်တမ်းတင် ထားသော စာအုပ်ဖြစ်သည်။)

နှင့် အဘ-မယ်တော်၏ဇာတိ မုံရွာမြို့နယ် မုံရွေးရွာသို့ ပြောင်းရွှေ့လိုက်ပါ နေထိုင်ခဲ့သည်။

ကျောင်းသားချိန်အရွယ် ရောက်နေသော သတိုးသားသူငယ်ကို မိဘတို့က မုံရွေး မဟာဇေတဝန်ကျောင်းတိုက် ဆဋ္ဌမမြောက် ဆရာတော် ဦးဥတ္တမ ဗုဒ္ဓိထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြား ပေးတော်မူသည်၊

သာမဏေပြုချိန်တွင် ဆရာတော်ဦးဥတ္တမဗုဒ္ဓိ ရန်ကုန်ကြွရောက်၍ ဝါကပ် သောကြောင့် ၎င်းရွာ ရွှေမြင်တင်ကျောင်းသို့ ပြောင်း၍ ဆရာတော် ဦးပဒုမထံ၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော် မူသည်၊ တဖန်- ခမည်းတော်၏ မိခင် ဘုရားအမကြီး ဒေါ်ထွန်းဆင့်က ထပ်မံ ရှင်ပြုလိုပြန်သောကြောင့် ဇာတိရွာသို့ပြန်၍ ၎င်းရွာ ဒက္ခိဏာရာမ ကျောင်းကြီး ဆရာတော် ဦးဝိသုဒ္ဓါစာရထံ၌ ဒုတိယအကြိမ် ရှင်အဖြစ်အချီး အမြှောက် ခံရပြန်သည်။ ထို ကျောင်းဆရာတော်က ရှင်အဖြစ် ရောက်လာ သော ရှင်ဇဋိလအား ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန် များကို သင်ကြားပို့ချပေးတော်မူသည်၊ ရှင်ဇဋိလ ၁၃-နှစ်အရွယ်တွင် ဆရာ တော် ဦးဝိသုဒ္ဓ၏ ပို့ဆောင်မှုဖြင့် မန္တလေးမြို့ ဝါခင်းကုန်း ဣန္ဒာသယတိုက် ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စထံသို့ ရောက်ရာ ဆရာတော်၏ လက်ထောက် စာချများဖြစ်သော ဦးပဏ္ဍိတာဘိဝံသ၊ ဦးသုဇာတ၊ ဦးသဇ္ဇနာဘိဝံသတို့ထံ၌ လိုနေသေးသော ပိဋကတ် အခြေခံစာပေများနှင့် ပိဋကတ်ပါဠိ-အဋ္ဌကထာ- ဋီကာ ကျမ်းဂန် အရပ်ရပ်ကို သင်ကြား အားထုတ်တော် မူသည်။

---

※

(၃) ရွှေစည်တရားပန်းခိုင်များ၊
(၄) ရွှေစည်ဝတ်ရွတ်စဉ်၊
(၅) ရွှေစည်ဓမ္မလက်ဆောင်၊
(၆) ရွှေစည်စာမွန်၊
(၇) ရွှေစည်တရားတော်များ၊
(၈) ရွှေစည်ဘဝဖြစ်စဉ်-စသောစာအုပ်များ ဖြစ်သည်။

သက်တော် ၂၀-ပြည့်လျှင် သရက်တောကျောင်း ဆရာတော် ဦးဝိစိတ္တကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ မြို့ပိုင် ဦးဘသက်- မြို့ပိုင်ကတော် ဒေါ်ချစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်လျှင် ဒုတိယ ကမ္ဘာစစ်ကြီးနှင့် ကြုံကြိုက်နေသဖြင့် မန္တလေးမှ မယ်တော်ရှိရာ မုံရွေးသို့ပြန်၍ ဇေတဝန် ဆရာတော် ဦးဥတ္တမဗုဒ္ဓိ ထံ၌၎င်း၊ ကျောင်းသစ်ဆရာတော် ဦးမာဟ်န္ဒထံ၌၎င်း၊ ပါဠိ အဋ္ဌကထာ- ဋီကာ ကျမ်းဂန်များနှင့် ဘာသန္တရ- သက္ကတ စာပေ ကျမ်းဂန်များကို သင်ကြား လေ့လာ အားထုတ်တော်မူသည်။ တဖန်- မန္တလေး ဆရာတော် ဦးပဏ္ဍိစ္စက ခေါ်ယူ၍ ဆရာတော်ပိုင်ဖြစ်သော ဣန္ဒာသယကျောင်းတိုက်ကို စစ်ကိုင်းတောင်ရိုး- ဝိဝေက ဆရာတော် ဦးလက္ခဏအား နာယကအဖြစ် အပ်နှံပြီးလျှင် ဦးဇဋိလအားလည်း အန္တေဝါသိက တပည့်အဖြစ် အပ်နှံခဲ့သည်။ ထိုဆရာတော် ဦးလက္ခဏထံ၌ ဝတ်ကြီး, ဝတ်ငယ်များပြုရင်း ပါဠိ အဋ္ဌကထာ-ဋီကာ နေ့ဝါ-ညဝါ ကျမ်းဂန်များကို သင်ကြားအားထုတ်ခွင့် ရခဲ့ပြန်သည်၊

ရဟန်း (၈) ဝါအရတွင် ဆရာတော် ဦးလက္ခဏသည် ရွှေဘိုမြို့ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ပဋိပတ္တိဌာနသို့ကြွရောက်၍ ၄-လ ခန့်မျှ ဝိပဿနာတရား အားထုတ်တော်မူပြီးနောက် ဝါခင်းကုန်းသို့ ပြန်ကြွတော်မူသည်။ ရောက်လျှင် ဆရာတော်သည် တပည့် ရဟန်းတော်များကိုလည်း ဆရာတော်ထံတွင်- ဝိပဿနာတရားများကို အားထုတ်ကြရန် တိုက်တွန်းတော်မူလေသည်။ ထိုအခါ ဦးဇဋိလမှာလည်း ဝိပဿနာတရားများ အားထုတ်ခွင့်ရခဲ့သည်၊ သို့သော် ဆရာတော် ဦးဇဋိလ မှာ ဝေယျာဝစ္စ များပြားမှုကြောင့် တွင်တွင်ကျယ်ကျယ် အားမထုတ်နိုင်ခဲ့ပေ။ တွင်ကျယ်မှုမရှိဘဲ ဖြစ်နေစဉ် ဆရာတော် ဦးသုဇာတ၏ လမ်းညွှန်မှုဖြင့် တွင်ကျယ်စွာ အားထုတ်ခွင့်ရနိုင်သော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကိုခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ နည်းညွှန်မှုဖြင့် ဝိပဿနာတရားများကို ထပ်မံပွားများ အားထုတ်တော်မူသည်။ ကြေနပ်အောင် အားထုတ်ပြီးနောက် တရားပေးနည်း ဟောပြောနည်းများကိုပါ ကျွမ်းကျင်အောင် လေ့လာတော်မူသည်။

ထိုသို့ အားထုတ်ပြီးနောက် ဆရာတော်ဦးသုဇာတနှင့် အတူ လိုက်ပါ၍ ကျိုက္ကမီတွင် တပို့တွဲလမှ- တပေါင်းလပြည့်နေ့ အထိ ဝိပဿနာတရားကို ➤



ဆင်မြရှင် သာသနာ့ရိပ်သာ မန္တလေးမြို့

## ဆရာတော် ဦးဇာဂရ

ဆရာတော် ဦးဇာဂရ လောင်းလျာသည် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ငါးနန်းရွာ ခမည်းတော် ဦးလူဖေ-မယ်တော် ဒေါ်အုန်းပွင့်တို့မှ ၁၂၇၁-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၂-ရက် အင်္ဂါနေ့ ညဉ့်(၄)နာရီအချိန်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

ပွားများအားထုတ်ခဲ့ခြင်း၊ ထိုမှတဖန် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ဆရာတော်ဦးသုဇာတကို အမှူးပြု၍ ဝါခင်းကုန်း ဦးကုဏ္ဍလ၊ ဦးတိက္ခတို့နှင့်အတူ ရေစကြိုမြို့ ဂူကြီးသာသနာ့ရိပ်သာ ဖွင့်ပွဲသို့ ကြွရောက်၍ ဖွင့်ပွဲပြီးလျှင် ထိုရိပ်သာ၌ ဆရာတော် ဦးသုဇာတ၏ အမိန့်ဖြင့် ၃-လခန့်အထိ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြင့် ယောဂီ (၁၀၀) ကျော် တို့အား ဟောပြော နည်းညွှန် ပြသ နေတော်မူခဲ့ရသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဘုန်းတော်ကြီးကျောင်း၌ အပ်နှံ၍ ဆရာဘုန်းကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်၊ ၁၆-နှစ်သား အရွယ်တွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကြိုးကြာဝင်းကျောင်း ဆရာတော် ဦးဒေဝ ယျထံ၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ သက်တော် ၂၀-အရွယ်တွင် ကြိုးကြာဝင်းကျောင်းဆရာတော် ဦးဒေဝ ယျကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဦးဘာတော-ဒေါ်လှပုံ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၁-ခုနှစ် နယုန်လဆန်း ၁၁-ရက် အင်္ဂါနေ့ နံနက် ၁၀-နာရီအချိန်တွင် မြင့်မြတ်သော သာသနာ့ ဝန်ထမ်း အသက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ရဟန်းတဝါအရတွင် မန္တလေးမြို့ အနောက်ပြင် သိမ်တိုက်ဆရာတော် ဦးနန္ဒထံ၌၎င်း၊ မြောက်ပြင် ရွှေကျင် မင်းကင်းတိုက် ဆရာတော် ဦးဇာနန္ဒထံ၌၎င်း၊ အနောက်ပြင် ခေမာသီဝံတိုက် တိုက်ကြီးဆရာတော် ဦးသုမနထံ၌၎င်း၊ ကျော်စောသင်ရှားသော ထိုထို ဆရာတော်တို့ထံ၌၎င်း ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရအရပ်ရပ်တို့ကို ဆိုဝါ လိုက်ဝါ နှစ်ချပ်စလုံးဖြင့် အားသစ်ကြိုးပမ်းတော်မူသည်။ ကိုယ်တော်တိုင် ပရိယတ္တိဓမ္မဂန္ထဓုရကို အားထုတ် ဖြည့်ဆည်းပူးတော် မူပြီး၍ ၁၅-ဝါအရ တွင် မန္တလေးအနောက်ပြင် ဒုတ်လှမ်း လယ်ပြင်တောင်တိုက် ဆရာတော် ဦးသောမက ဆင်မြန်းကျောင်းတိုက်ကို အပ်နှင်းတော်မူရာ လက်ခံတော် မူပြီးလျှင် စာသင်သားတို့အား ၁၀-နှစ်ပတ်လုံး ပရိယတ္တိဓမ္မကို ပို့ချလျက် ပရိယတ္တိသာသနာတော်ကို ပြုစုပျိုးထောင်တော်မူခဲ့သည်။

ပရိယတ္တိဓမ္မကို ၁၀-နှစ်ပတ်လုံး ပို့ချနေရာ ဝါတော် ၂၅ ဝါ ရသွား ပြီဖြစ်၍ ပဋိပတ္တိဓမ္မ ဝိပဿနာဓုရကို ဖြည့်ဆည်းပူးရန်ကိုလည်း သဒ္ဓါဆန္ဒ ဖြစ်ပေါ်လာခဲ့သည့်အတိုင်း မန္တလေးဝါခင်းကုန်း ဆူးဖြူရိပ်သာ ကမ္မဋ္ဌာနာ

---

ယခုအခါ ဆရာတော် ဦးဇဋိလသည် ဝါခင်းကုန်း ဣစ္ဆာသယတိုက် ကျောင်း သာသနာ့ရိပ်သာ၌ တပည့်များအား စာပေပို့ချရင်း ရောက်လာ သော ယောဂီတို့အား ဝိပဿနာတရားများ ညွှန်ပြ ဟောကြားလျက် ရှိပေ သည်၊ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီ ဦးရေမှာ(၃၆၆)ဦး ရှိ သွားပြီ ဖြစ်ကြောင်း သိရှိရသည်။



ရတနာပုံ သာသနာ့ရိပ်သာ

**ဓမ္မကထိက အရှင်ဇာဂရ**

အရှင်ဇာဂရသည် မုံရွာခရိုင် ဘုတလင်မြို့နယ် နှောရင်းရွာ ခမည်းတော် ဦးဘိုးရင်-မယ်တော် ဒေါ်လုံလေးတို့မှ ၁၂၉၇-ခုနှစ် တပို့တွဲ လဆန်း ၃-ရက် အင်္ဂါနေ့နံနက် ၈-နာရီ အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

★

စရိယာဆရာတော်ဦးသံ၀ရထံ၌ဆရာတော်ညွှန်ပြဟောကြားသောနည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူလေသည်။ ထိုသို့ ကိုယ်တိုင်အားထုတ်ပြီးနောက် အခြားပုဂ္ဂိုလ်တို့အကျိုးငှါ ယခင်က ပရိယတ္တိ ဓမ္မပို့ချခဲ့သော ဆင်မြှရှင်ကျောင်းတိုက်၌ပင် မဟာစည် သတိပဋ္ဌာန်ရိပ်သာခွဲ ဖွင့်လှစ်ခါ ရောက်လာသမျှ ရဟန်းယောဂီ လူယောဂီတို့အား ကမ္မဋ္ဌာန်း တရားများကို ဟောကြားညွှန်ပြတော်မူလျက်ရှိသည်။

ငါးနှစ်သားအရွယ်တွင် နွှေရင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၃၁၆- ခုနှစ် တပေါင်းလဆန်း ၅-ရက် စနေနေ့ နံနက် နေတက် စက် ၈-နာရီ ၂၅- မိနစ်အချိန် နွှေရင်းကျောင်းတိုက် ခဏ္ဍသိမ်၌ နွှေရင်းဆရာတော်ဦးဇောတိက ကို ဥပဇ္ဈာယ်ပြု၍ မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်သည်။ စာသိုက်ခဲ့သောကျောင်းတိုက်နှင့် ဆရာတော်များမှာ နွှေရင်းကျောင်း ဆရာတော်၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် အုန်းလှေခါးကျောင်းဆရာတော်၊ လှထောင်ကျောင်းဆရာတော်၊ မန်ကျည်းပင်ကျောင်း ဆရာတော်၊ ရွှေလောင်းကျောင်းဆရာတော်၊ မြို့ခံကျောင်း ဆရာတော်ဦးအဂ္ဂဝံသ၊ မိုးကောင်းတိုက် (ညောင်ရမ်းဆရာတော်များ) အလယ်တိုက်ကြီးဆရာတော်၊ ဒေးဒရဲ အုန်းကျောင်းဆရာတော်၊ ထီလင်းတိုက် ဗြဟ္မာမင်း စာချကျောင်း ဆရာတော်၊ ငွေးချိုတိုက် ဦးကေလာသ ဆရာတော်၊ ရန်ကုန် မိုးကောင်းတိုက် ဦးဝါသမ-ဦးဇောတိကတို့ ဖြစ်ကြသည်။

၁၃၂၇-ခုနှစ် သထုံ သာသနာ့ရိပ်သာ ရွှေကူ ဆရာတော်ဘုရားကြီးထံ ၂၀-ရက်ဘိတိ ဝိပဿနာတရား အားထုတ်ခဲ့ပါသည်၊ ၁၃၂၈ ခုနှစ် ရန်ကုန် သာသနာ့ရိပ်သာ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးထံ ဝိပဿနာတရား အားထုတ် ခဲ့ပါသည်၊ ၁၃၃၀ ခုနှစ် ပုပ္ပါး သစ္စာမြိုင်ကျောင်း၌ နေထိုင်၍ ဝိပဿနာ တရားများကို ဟောကြားပြသခဲ့သည်။ ၁၃၃၁-ခုနှစ် ပေါင်းတည်မြို့နယ် ဝက်ပုတ်သာသနာ့ရိပ်သာ၌ ဝိပဿနာတရားဟောကြားလျက် သာသနာပြုခဲ့သည်။ ၁၃၃၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈-ရက်နေ့မှစ၍ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ အမိန့်အရ မန္တလေးမြို့ စိန်ပန်းရတနာပုံသာသနာ့ရိပ်သာ၌ လက်သောက်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အဖြစ်ဖြင့် ဤ အတ္ထုပ္ပတ္တိကို ရေးချိန် အထိ ဆောင်ရွက်လျက်ရှိသည်။



ရတနာပုံသာသနာ့ရိပ်သာ

## ဓမ္မကထိက ဦးဇောတိက

ဆရာတော် ဦးဇောတိက လောင်းလျာသည် စစ်ကိုင်းခရိုင် ပဒူရွာ ခမည်းတော် ဦးဘရိုး-မယ်တော် ဒေါ်လှမိတို့မှ ၁၂၇၅-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသား အရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာတို့ ထုံးတမ်းစဉ်လာ အတိုင်း မိဘတို့က သတို့သားကို ရွာဦး ပိတောက်ပင် ကျောင်းဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ ထိုကျောင်းဆရာတော်ဘုရားထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်. ရှင်သာမဏေအဖြစ်သို့ ရောက်လာသော ရှင်ဇောတိကအား ဆရာတော်က ရှင်ငယ်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံစာပေကျမ်းဂန်များကိုသင်ကြားပို့ချပေးတော်မူသည်။ရဟန်းပြုရန် သက်တော်အပြည့်တွင် ပဒူတောင်ကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၅-ခုနှစ်၊ နယုန်လပြည့်

ကျော်(၉)ရှက်နေ့တွင် မြင့်မြတ်သော အထက်တန်း ရဟန်းပဥ္စင်း အဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်လျှင် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ပဒုကန်တွင်းကျောင်းဆရာတော်ထံ၌ (၃) နှစ်ပတ်လုံး လိုသေးသော ပိဋကတ် အခြေခံကျမ်းဂန်များကို ဆက်လက်သင်ယူသည်၊ ထိုနောက် ဦးလေးတော် များဖြစ်ကြသော ယခု(၁၃၃၄)ရတနာပုံရိပ်သာ နာယက ဇမ္ဗူဒီပနာဂရိယ ဆရာတော် ဦးသံဝရ၊ စစ်ကိုင်းတောင်ရိုး တောင်ရေဦး အနောက်တိုက် ကြီး နာယကစာချဆရာတော် ဦးအရိယဝံသတို့၏ ချီးမြှောက်ထောက်ပံ့မှု ဖြင့် ထိုဆရာ နှစ်ပါးထံ၌ရင်း၊ ပဋ္ဌာန်းသိပ္ပံဆရာတော်ထံ၌ရင်း၊ ပါဠိကာရီ သုံးခွ နာယကဆရာတော်နှင့် စာချဆရာတော် ဦးသဇ္ဇနာဘိဝံသတို့ ထံ၌ရင်း၊ အဘယာရာမ ဆရာတော် ဦးပညာဝန္တထံ၌ရင်း၊ ဇေယျသိန် နာယကဆရာ တော် ဦးပညိန္ဒာဘိဝံသနှင့် စာချဆရာတော် ဦးအဂ္ဂဝံသတို့ထံ၌ရင်း၊ ဟံသာ ဂိရိ ဆရာတော် ဦးနန္ဒဝံသထံ၌ရင်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်းဂန်အရပ်ရပ်ကို သင်ကြားအားထုတ်တော်မူသည်။ ထိုသို့ သင်ကြား အားထုတ်နေဆဲမှာပင် သွားရင်းဟန်လွှဲ သဘောဖြင့် အစိုးရ ပဌမပြန် စာမေးပွဲကို ဝင်ရောက် ဖြေဆိုတော်မူခဲ့ရာ ငယ်-လတ်-ကြီးတန်း များကို အောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်းကိုလည်း ဝင်ရောက်ဖြေဆိုတော် မူခဲ့သည်၊ ထိုနောက် ရေဦးအနောက်တိုက်ကြီးတွင် ဆရာတော် ဦးအရိယဝံသ အား ကူညီ၍ စာသင်ငယ်တို့အား စာပေပို့ချပေးတော်မူသည်။

ပရိယတ္တိဓမ္မဂန္ထဓုရကို ဖြည့်ဆည်း ပူးတော်မူပြီးနောက် ဆရာတော် ဦးဇောတိကသည် ဆရာကောင်း သမားကောင်းတို့၏ ဥပနိဿယကို ခံယူ ရရှိခဲ့သည်အလျောက် သာသနာတော်တွင် အကျိုးမဲ့ အသဟာယ အချိန်ကုန် လွန်စေမှုကို လိုလားတော် မမူဘဲ ပဋိပတ္တိ ဝိပဿနာ ဓုရကို ဆက်လက် အားထုတ်ရန် အာသာဆန္ဒ ပြင်းပြလာခဲ့သည်၊ ထို့ကြောင့် ၁၃၃၃-ခုနှစ် တွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ ၆-လပတ်လုံး ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဩဝါဒအတိုင်း နာယကအဖွဲ့ဝင် ဆရာတော်တို့ သဘောကျသည် အထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးပမ်း အားထုတ်တော်မူသည်၊ ထိုသို့ အားထုတ်ပြီး နောက် ယခု မန္တလေး ရတနာပုံ သာသနာ့ရိပ်သာ နာယက ဆရာတော် ဦးသံဝရ၊ နွားထိုးကြီးမြို့နယ် ကျောက်တန်း သာသနာ့ရိပ်သာ နာယက ဆရာတော် ဦးကုသလတို့နှင့် အတူ အောက်မြို့ အောက်နယ်တလျှောက်သို့ လှည့်လည်၍ ဝိပဿနာ ပြန့်ပွားရေး တရားများကို ဟောကြားတော်မူ သည်။

⟶



မဟာစည် သာသနာ့ရိပ်သာ–ဆိပ်ခွန်

## ဆရာတော်ဦးဩသဓ

ဆရာတော်ဦးဩသဓ လောင်းလျာသည် ရွှေဘိုမြို့ ထမ်းစင်ရွာ ခမည်းတော် ဦးဆွယ်-မယ်တော် ဒေါ်လှိုင်တို့မှ ၁၂၉၆–ခုနှစ် ဝါခေါင် လဆုတ် ၉–ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသား အရွယ်က ထမ်းစင်ရွာ သုမေဓာကျောင်း ဆရာတော် ဦးဉာဏာစာရထံ၌ မိဘတို့က အပ်နှံ၍ဆရာတော်ကသူငယ်တို့တတ်သင့်သောစာ

---

→

ဆရာတော်သည် ယခုအခါ ရတနာပုံ သာသနာ့ရိပ်သာတွင် နာယက ဆရာတော် ဦးသံဝရ နှင့်အတူ သီတင်းသုံးပြီးလျှင် လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

ပေးသည်ကိုသင်ကြားပေးတော်မူသည်၊ထိုဆရာတော်ထံမှာပင်မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်၊ ဆိပ်ခွန်ရွာ အင်ကြင်းဘောတိုက် မဟာစည်ကျောင်း၌ နေ၍ မဟာစည်ဘုန်းတော်ကြီး ဦးကုသလထံ၌၎င်း၊ ပိဋကကျောင်း ဆရာတော် ဦးသုန္ဒရထံ၌၎င်း ပိဋကတ် အခြေခံစာပေ ကျမ်းဂန်တို့ကို သင်ယူခဲ့သည်။ သက်တော် ၂၀-ပြည့်သော အခါ ဆရာတော်ဦးကုသလကို ဥပဇ္ဈာယ်ပြု၍ ဆိပ်ခွန်ရွာနေ ရဟန်းဒကာ ဦးရှပ်-ရဟန်းအမ ဒေါ်ဖွားတင်တို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရကသံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ၁၃၁၆-ခုနှစ် ဦးတန်ခူးလဆုတ် ၁၀-ရက်နေ့၌ မြင့်မြတ်သော အထက်ဘန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊

ရဟန်းဖြစ်ပြီးသောအခါ မဟာစည်ကျောင်းဘုန်းတော်ကြီးဦးကုသလထံ၌၎င်း၊ပိဋကကျောင်းဆရာတော်ဦးသုန္ဒရထံ၌၎င်း။ ရေဦးမြို့ ကမ္ဘာ့ရုံကျောင်းဆရာတော် (ဓမ္မာစရိယ) ဦးသုမနာဘိဝံသ ထံ၌၎င်း၊ ၎င်းမြို့ ချမ်းသာကြီးတိုက် ဆရာတော် ဦးပဏ္ဍိစ္စ၊ ဦးဣန္ဒောဘာသတို့ ထံ၌၎င်း။ ရန်ကုန်မြို့ ဗားကရာတိုက် မှော်ဘီကျောင်း ဆရာတော် ဦးစန္ဒာဘိဝံသ (ဓမ္မာစရိယ) ထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဦးသူရိယ၊ ဦးပညိန္ဒတို့ထံ၌၎င်း၊ စစ်ကိုင်းတောင်ရိုး ရွှေစေတီရိပ်သာ (အဂ္ဂမဟာပဏ္ဍိတ) ရွှေစေတီ ဆရာတော်ဘုရားကြီးထံ၌၎င်း ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အရပ်ရပ်တို့ကို သင်ယူတော်မူခဲ့သည်၊ ထိုသို့သင်ယူစဉ် အစိုးရ ပဌမပြန်စာမေးပွဲ၌ ငယ်-လတ်-ကြီး နှင့် စာချတန်းအထိ အောင်မြင်၍ ဓမ္မာစရိယ ဘွဲ့ဘိဆိပ်ကိုလည်း ရရှိတော်မူခဲ့သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မူလ ကမ္မဋ္ဌာန်းဌာန ဖြစ်သော မဟာစည်ကျောင်း၌ သီတင်းသုံးနေသဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားနှင့် အသွန်ရင်းနှီးသျက်ရှိသောကြောင့် ရဟန်းငယ်ဘဝကပင် ဆိပ်ခွန်မဟာစည်ရိပ်သာ၌ ဝိပဿနာတရားအလုပ်ကိုစနစ်တကျအားထုတ်ခဲ့ပေသည်၊ ထို့ပြင် ရန်ကုန်မြို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံသို့လည်း ချဉ်းကပ်ခိုလှုံ၍ ထပ်မံအားထုတ်ခဲ့ပေသည်၊ ထိုသို့စနစ်တကျ အားထုတ်ပြီးနောက် ဆိပ်ခွန်ရွာ မူလ မဟာစည်ရိပ်သာတွင် ၁၃၃၂-ခုနှစ်မှစ၍ ပဓာနကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော် မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ ၁၃၀၀-ပြည့် နှစ်မှစ၍ လာရောက် အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၁၃၅၀၀) ဦးရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



မဟာစည်သာသနာ့ရိပ်သာ ဆိပ်ခွန်

ဆရာတော် ဦးကောသလ္လ

ဆရာတော် ဦးကောသလ္လ လောင်းလျာသည် ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ ခမည်းတော် ဦးရွှေဘွန်း-မယ်တော် ဒေါ်ပေါရတို့မှ ၁၂၆၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် တနင်္ဂလာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း မိဘတို့ ကိုးကွယ်ရင်းဖြစ်သော ရွာကျောင်းဆရာတော်ထံ အပ်နှံ၍ သတိုးသားကို ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးခဲ့သည်၊ ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်က ရှင်တို့ကျင့်ဝတ်နှင့် သင်ရိုးဖြစ်သော မင်္ဂလသုတ်၊ အဘွင်း-အပြင် အောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်-နမက္ကာရ-ပရိတ်- လောကနီတိ- စာပေများကို သင်ကြား ပို့ချပေးတော်မူသည်။ ရှင်သာမဏေအဖြစ်ဖြင့် အတန်ကြာနေခဲ့ပြီးနောက် ရှင်အဖြစ်မှ ထွက်ခွါခဲ့၍ မိရိုးဖလာ လယ်ယာအလုပ်ကို မိဘများနှင့်အတူ ရိုးသားစွာ လုပ်ကိုင်နေထိုင်ခဲ့သည်၊ အရွယ်ရောက်သည့်အခါ လောကလူတို့ ဓမ္မတာ အိမ်ယာတည်



ပိဋက ဆရာတော် ဆိပ်ခွန်

## ဦးသုန္ဒရာဘိဝံသ

ဆရာတော် ဦးသုန္ဒရာဘိဝံသ လောင်းလျာသည် ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ ခမည်းတော်ဦးခါ-မယ်တော်ဒေါ်စံမြင့်တို့မှ ၁၂၇၁-ခုနှစ်တပေါင်းလပြည့်ကျော် ၁၀-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်၊

---

ထောင်၍ လယ်ယာ လုပ်ငန်းဖြင့်ပင် ကောင်းသော အသက်မွေးမှုဖြင့် နေထိုင်ခဲ့သည်၊

ကောင်းသော အသက်မွေးမှုဖြင့် လူတို့ဘောင်တွင် နေထိုင်စဉ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး တည်းဟူသော အမှီကောင်း ဥပနိဿယကို ရရှိခဲ့ရာ၌ အိမ်ယာကို စွန့်ခွါခဲ့၍ ဆရာတော်ဘုရားကြီး၏ နည်းညွှန်ပြောကြားတော်မူသော ဝိပဿနာတရားကို ပွားများ အားထုတ်ခဲ့သည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ လက်ဦးတပည့်ကြီးများတွင် အပါအဝင်ဖြစ်သော ဆရာတော် ဦးကောသလ္လမှာ ဝိပဿနာတရားကို

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအတိုင်း မိဘတို့က ဆိပ်ခွန်ရွာရှေ့ ရေလည်ဘုံကျောင်း ဆရာတော်ထံအပ်နှံ၍ သင်္ဘိုသားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်၊ ရှင်အဖြစ်သို့ရောက်လာရာ၌ ဆရာတော်က ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်။ သက်တော် ၂၀-အပြည့်တွင် မြန်အောင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဦးချစ် ဒကာမ ဒေါ်မင်းသေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဥပဇ္ဈာယ် ဆရာ၏ ခွင့်ပြုချက်ဖြင့် မန္တလေးသို့ ပြောင်းရွှေ့၍ အနောက်ပြင် ခင်မကန်တိုက် သူဌေးကျောင်းဆရာတော် ဦးရေဝတထံ၌၎င်း၊ တောင်သမန်တိုက် ဆရာတော်ဦးဝိမလထံ၌၎င်း၊ တောင်ပြင်ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝ၊ ဆရာတော် ဦးအာစာရတို့ထံ၌၎င်း၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ တို့ထံ၌၎င်း၊ မြင်းခြံမြို့ ခင်မကန်ရွာ ခုနစ်ရာခိုင်တိုက် ဆရာတော် ဦးနန္ဒမာလာထံ၌၎င်း၊ တောင်သာမြို့ ဆီမီးခုံရွာ ကျင်းကျောင်းဆရာတော် ဦးကောသလ္လထံ၌၎င်း၊

---

❂

ပွဲများအားထုတ်ရာတွင် လုံ့လဝီရိယ အားသန်မှု-သဒ္ဓါတရား ထက်သန်မှု-အမှတ်စိတ်မှုတို့၌ ထူးချွန်သူအဖြစ် ထင်ရှားခဲ့သည်။ပါရမီဓာတ်ခံ ရင့်သန်သူဖြစ်သည့်အတိုင်း ဝိပဿနာတရားများ အားထုတ်နေခဲ့ရာမှ လူတို့ဘောင်တွင် နေထိုင်ရသော လူ့အဖြစ်ကို ငြီးငွေ့လာသည်အခါ ၁၃၀၉- ခုနှစ်၊ သီတင်းကျွတ်လဆန်း- ၅- ရက်နေ့တွင် ရွှေစေတီ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာနာတော်ထမ်း ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့သည်။

ဝိပဿနာတရားများ အားထုတ်ခဲ့သည်မှ စ၍ ဝိပဿနာတရားကို မပြတ်သေ့လာပွဲများမှု၌ စွဲမြဲလှသော ပုဂ္ဂိုလ်ထူးအဖြစ်ဖြင့်လည်း ထင်ရှားသော ဆရာတော်တပါး ဖြစ်လေသည်။

အကျော်အမော် စာချဆရာတော်ကြီးတို့ထံ၌ ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်းဂန်အရပ်ရပ်ကို ဆည်းပူးအားထုတ်တော်မူသည်။ ဤသို့ ကျမ်းဂန်အရပ်ရပ်ကို ဆည်းပူးအားထုတ်ရင်း ဝါသနာအလျောက် သကျသီဟ စာမေးပွဲ၊ အမျိုးသားစာမေးပွဲ၊ အစိုးရစာမေးပွဲတို့၌ ဝင်ရောက်ဖြေဆိုခဲ့ရာ ငယ်–လတ်–ကြီး အထိ ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ပိဋကတ် ကျမ်းဂန်များကို ကိုယ်တိုင်ဆည်းပူးသင်ကြား တတ်မြောက်ပြီးနောက် တပည့်ပရိသတ်တို့အား ပိဋကတ်ကျမ်းဂန်များကို ပို့ချနေတော်မူစဉ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားညွှန်ပြသော မဟာသတိပဋ္ဌာန် ဝိပဿနာ တရားကို နာကြားရသဖြင့် ပရိယတ္တိစာပေပို့ချမှုကို ခေတ္တရပ်နားကာ ဝိပဿနာတရားကို ပွားများ အားထုတ်တော် မူသည်၊ ပရိယတ်-ပဋိပတ် နှစ်ရပ်စလုံး ပြည့်ဝသော ဆရာတော်ဖြစ်ခဲ့ရာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး စီရင်ရေးသားအပ်သော ဝိပဿနာရှုနည်း ကျမ်းကြီး၏ နိဒါန်းကိုဎင်း၊ ကမ္ဘာ့ ငြိမ်းချမ်းရေး ခေါ် ဘာသာလမ်းညွှန် စသောကျမ်းဂန်များကိုဎင်း၊ စီရင်ရေးသားနိုင်သဖြင့် ကျမ်းပြု ဆရာတော် တပါးလည်း ဖြစ်သည်။ ထို့ပြင် ဆဋ္ဌသံဂါယနာ တင် သဘင် ပွဲကြီးနှင့် ကြုံကြိုက်ခဲ့ရာ သုတ္တနိပါတဘာဏက အဖြစ် သံဂီတိကာရက အဖြစ် ဝင်ရောက်ဆောင်ရွက်တော်မူခဲ့သည်။ ဝိနိစ္ဆယဌာနတွင် ခုံဝိနည်းဓိုရ်အဖြစ် မြို့နယ်ဝိနည်းဓိုရ်အဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူခဲ့သည်၊

စာပေကျမ်းဂန် နှံ့စပ်တော်မူသည့်အတိုင်း ဟောရေးပြောရေး ဘက်၌လည်းစွမ်းဆောင်တော်မူနိုင်သည့်အလျောက် မဟာစည်ပဋိပတ္တိ သာသနာပြုနယ်လှည့် ဓမ္မကထိကအဖွဲ့တွင် တပါးအပါအဝင် ဖြစ်တော်မူသည်။ ဆရာတော်ဦးသုန္ဒရာဘိဝံသသည် ယခုအခါ ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ အင်ကြင်းတောင်ဋ္ဌာတတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူလျက် ရှိပေသည်။



## ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ သိတာရုံကျောင်းတိုက်
## ဆရာတော် ဦးဓိတိမာ

ဆရာတော်ဦးဓိတိမာ လောင်းလျာသည် မုံရွာခရိုင်၊ အရာတော်မြို့နယ် ကြေပုဂ်ရွာ ခမည်းတော် ဦးရွှေသွန်း- မယ်တော် ဒေါ်ပျောမယ်တို့မှ ၁၂၇၉-ခုနှစ်၊ တန်ခူးလဆန်း ၂-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘတို့က မိုးကောင်းဆရာတော်ထံ၌ အပ်နှံ၍ သူငယ်တို့ တတ်သင့်သော စာပေများကို ထိုဆရာတော်က သင်ကြားပေးတော်မူသည်၊ ထိုဆရာတော် ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်သာမဏေတို့ ကျင့်ဝတ်များနှင့် ပိဋကတ် အခြေခံစာပေများကို ထိုဆရာ တော်ကပင် သင်ကြား ပေးတော်မူသည်။ အသက် (၂၀) အရွယ်တွင် ရှင်ဓိတိမာသည် ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ သိတာရုံဆရာတော်ဘုရားကြီးထံသို့ ရောက်၍ ထိုဆရာတော်ဘုရားကြီးထံ၌ စာပေကျမ်းဂန်များကို သင်ကြား နေစဉ် ၁၃၀၀-ပြည့်နှစ် နယုန်လဆန်း ၁၀-ရက်နေ့တွင် ဆိပ်ခွန်ရွာ အင်ကြင်းတောတိုက် ညောင်ပင်ကျောင်း ဆရာတော်ဘုရားကြီး ဦးပဏ္ဍဝကို

ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မကာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရဟန်းဖြစ်ပြီးနောက် သီတာရုံဆရာတော်၊ ကြွေပုဂံရွာ ဒက္ခိဏာရာမ ဆရာတော်၊ မိုးကောင်း ဆရာတော်၊ မြောင်းမြ ဆရာတော်၊ ရန်ကုန်မြို့ ကျောက်မြောင်း သစ်တိုပင်ကျောင်း ဆရာတော်- စသော ထိုထိုဆရာတော်ဘုရားကြီးတို့ထံ၌ ပိဋကတ်, ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

အရှင်ဓိတိမာသည် သီတာရုံကျောင်း၌ စာသင် စာချနေစဉ်က မဟာစည် ကျောင်း၌ မဟာစည် ဆရာတော်ဘုရား ဟောကြားသော တရားကို အကြိမ် များစွာ နာယူဘူးသည်၊ သို့သော် ထိုစဉ်အခါက စိတ်ဝင်စားခြင်း မရှိခဲ့ သေးပေ။ သီတာရုံ ဆရာတော် ဘုရားကြီးသည် မဟာစည် ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း ပ-ဒု တစုံကို အကြိမ်ကြိမ် ကြည့်ရှု လေ့လာတော် မူပြီးနောက် ထိုကျမ်းစာ ၂-အုပ်ကို အရှင်ဓိတိမာအား ကြည့်ရှုရန် ပေး အပ်ခဲ့ပြီးလျှင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ တရားအားထုတ်ရန် ၁၃၁၂-ခုနှစ်၌ ကြွသွားတော်မူလေသည်။ ထို ဝိပဿနာရှုနည်း ကျမ်းကြီး များကို ကြည့်ရှုရာ ဘဒ္ဒေကရတ္တသုတ်၏ အနက်အဓိပ္ပါယ် ဖွင့်ပြချက်များကို တွေ့ရသောကြောင့်၎င်း၊ မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အတ္တနှင့် အနတ္တကို ဝေဘန်ဟောကြားသော တရားကို ထပ်မံ၍ နာရသော ကြောင့်၎င်း၊ အရှင်ဓိတိမာအား တရားအားထုတ်ရန် အလွန်ထက်သန်သော စိတ်ဆန္ဒများ ဖြစ်ပေါ်ခဲ့လေသည်။ ယင်းစိတ်ဆန္ဒများ၏ လှုံ့ဆော်မှုကြောင့် အရှင်ဓိတိမာသည် ၁၃၃၀-ခုနှစ် ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် ရန်ကုန် သာသနာ့ရိပ်သာကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက် လာခဲ့ပေသည်၊ ဝါဆိုလပြည့်နေ့၌ မဟာစည် ဆရာတော်ဘုရားကြီး ဟော ကြားသော ရာဟုလောဝါဒသုတ္တန် တရားတော်ကိုနာရသောအခါ ထိုတရား တော်၏ လေးနက်သော အနက် အဓိပ္ပါယ်တို့ကို ပေါ်လွင်ထင်ရှားစွာ သိရ သည့်ပြင် တထောင်မက များစွာသော လူရှင်ရဟန်းတို့ တိတ်ဆိတ်ငြိမ်သက်စွာ လေးလေးစားစားတရားနာနေကြသည်ကို မြင်တွေ့ရသောကြောင့်သဒ္ဓါကြည် ညိုခြင်းများစွာ ဖြစ်ပွားခဲ့ရ ပေသည်၊ တရားနာပြီးနောက် ၅ နာရီအချိန် သံဃဥပုသ်ပြုရာ၌လည်း ရဟန်းတော်များ တည်ငြိမ်သော ဣန္ဒြေဖြင့် ကြွလာ တော်မူကြပြီးလျှင် မိမိတို့ကျရောက်ရာ နေရာများ၌ ငြိမ်သက်စွာ ထိုင်နေ ကြသည်ကို၎င်း၊ ဝိနည်းတော်နှင့်အညီ စိစစ်ဝေဘန်၍ ပါတိမောက်ကို သန့်ရှင်းကျနစွာ ရွတ်ဆို ပြသည်ကို၎င်း၊ ဆရာတော်ဘုရားကြီးက အကျဉ်း ချုပ်သြဝါဒ ပေးသည်ကို၎င်း၊ တွေ့မြင်ရကြားရသဖြင့် သဒ္ဓါတရား ထပ်

မံ၍ ဖြစ်ပွားခဲ့ပြန်သည်။ ဝါဆို လဆုတ် ၁-ရက်နေ့ည ဝါဆို ဝါကပ်ပွဲ ကျင်းပသောအခါ၌လည်း ညနေ ၆-နာရီ အချိန်၌ သံဃာတော်များ ဖယ်ယာဉ်ာမွာရုံကြီးသို့ ငြိမ်သက် သိမ်မွေ့စွာကြွလာကြပုံ၊ ဝါဆိုပန်းကပ်၍ ကြည်ညိုနေကြသော ဒကာ-ဒကာမများ၏ တိတ်ဆိတ်ငြိမ်သက်စွာ အာရုံပြု နေကြပုံ၊ ရှေးဦးစွာ ဘုရားရှိခိုးခြင်း ပရိတ်ရွတ်ခြင်းများကို ပြုပြီးနောက် ဆရာတော် ဘုရားကြီးက တနာရီကျော်မျှ ဩဝါဒတရားကို ဟောကြား၍ ရှိသေစွာနာနေကြပုံ၊ ဓမ္မစည် ဝါစဉ်အတိုင်းရွတ်ဆို၍ ဝါကပ်ကြပုံများကို တွေ့ရသဖြင့်လည်း အလွန်ပင် အံ့ဩလျက် ဝမ်းမြောက် ကြည်ညိုမိသည်။ မိမိဌာနာ၌လည်း ထိုနည်းအတိုင်း ဖြစ်နိုင်သမျှ ဝါကပ်ပွဲ အစီအစဉ်ကို ပြုလုပ်ရန်လည်း ကြံစည်မိခဲ့ပေသည်။ (ကြံစည်ခဲ့သည့် အတိုင်းလည်း သူ့နေ ရာဌာန၌ စီစဉ်ပြုလုပ်နေသည် ဟုဆိုပါသည်။)

ထိုဝါဆိုလဆုတ် ၁-ရက်နေ့ည ဝါကပ်ပြီးချိန် ၁၀-နာရီခန့်မှစ၍ ဆရာ တော်ဘုရားကြီး၏ ညွှန်ကြားချက်အတိုင်း ရှုမှတ်အားထုတ်ခဲ့သည်။ သို့သော် ရှုမှတ်ပုံ အချိုးမကျသေးသောကြောင့် လဆုတ် ၂-ရက်နေ့ ညနေအချိန်၌ တရားမေးစစ်ရာဌာနဘွင် နည်းပြဆရာတော် ဦးပဏ္ဍိတက မေးသောအခါ ပြောစရာမရှိဘဲ ဖြစ်နေသဖြင့် စိတ်ပျက်လျက်ရှိခဲ့သည်။ ကမ္မဋ္ဌာန်း ဆရာက ပြုပြင်ပေးသည့်အတိုင်း ကြိုးစားအားထုတ်လာရာ (၁၀)ရက်လောက် ကြာ သောအခါ အတော်အတန် အချိုးကျလာ၍ အမှတ်သတိက အာရုံပေါ် ပေးနေကြောင်း ရိပ်မိလာသည်။ ပေါင်းမှု ပိန်မှု တွန်းကန်လှုပ်ရှားမှု ရုပ်တရားနှင့် မှတ်သိမှု နာမ်တရားကို ပိုင်းခြား၍ သိလာသည်။ ထို့နောင် အကြောင်းနှင့်အကျိုး၊ အဖြစ်အပျက်စသည်များကိုလည်း ရှင်းလင်းစွာသိရ၍ ထက်သန်သော စိတ်ဆန္ဒဖြင့် ကြိုးစားရှုမှတ်ခဲ့ရာ ၃-လကြာမှ ဉာဏ်စဉ်တရား ကို နာခွင့်ရခဲ့သည်။ နောက်ထပ် လေးလခန့်လည်း သာသနာ့ ရိပ်သာ၌ လေ့လာ အားထုတ်လျက်နေခဲ့သည်။

ယခုအခါ မိမိ၏ နေမြဲနေရာဖြစ်သော သီတာရုံကျောင်း၌ သီတင်းသုံး လျက် သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရားကို အခွင့်အခါအားလျော်စွာ ဟောကြားလျက် ရှိပေသည်။ ဤသို့ ဟောပြောရင်းရှိနေစဉ် မဟာစည် ဓမ္မကထိကအဖွဲ့ကြီး ဖွဲ့စည်းပေါ် ပေါက်လာရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ ကျရောက်ရာတာဝန်ကို ဆောင် ရွက်တော်မူလျက် ရှိပေသည်။



မဟာစည်သာသနာ့ရိပ်သာ-ပဲခူး

## ဆရာတော်ဦးပညာဝါ

ဆရာတော်ဦးပညာဝါ လောင်းလျာသည် မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတောမအုပ်စု တမာပင်ကုန်းရွာ ခမည်းတော် ဦးကာဖိုး – မယ်တော် ဒေါ်ဖွားချန်တို့မှ ၁၂၇၈–ခုနှစ် ပြာသိုလဆုတ် ၁၁–ရက် ကြာသပတေး နေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

(၇)နှစ်သားအရွယ်တွင် တမာပင်ကုန်းရွာ အတိသုခမင်္ဂလာရာမ ဆရာတော် ဦးသုနန္ဒထံအပ်နှံ၍ သူငယ်အား ဆရာတော်က သူငယ်တို့တတ်သင့် တတ်ထိုက်သော စာပေပညာကို သင်ကြားပေးသည်။ ၁၄-နှစ်အရွယ်တွင် ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်ပညာဝါ ဟု ဘွဲ့အမည်ပေး၍ ဆရာတော်က ရှင်ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားပေးတော်မူသည်။ ၁၅-နှစ်သား အရွယ်တွင် ဘုတလင်မြို့နယ် မောင်းထောင်ရွာ စေတီလှကျောင်းတိုက် ဆရာတော် ဦးဥက္ကံသထံ၌ သဒ္ဒါ သင်္ဂြိုဟ်နှင့် ဝိနည်းစသော ကျမ်းဂန်များကို သင်ယူခဲ့ရသည်။

၁၂၉၇-ခုနှစ် တပို့တွဲလဆန်း(၈)ရက်နေ့၌ တမာပင်ကုန်းရွာ အတိသုခမင်္ဂလာရာမဆရာတော် ဦးသုန္ဒကိုပင် ဥပဇ္ဈာယ်ပြု၍ ကုက္ကိုကျင်းရွာ ဦးလူဖေဘင် ဒေါ်စောရင်တို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်းရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့တောင်ပြင် ထီးလင်းတိုက် ပေပင်ကျောင်းဆရာတော် ဦးဇဝနထံ၌၎င်း၊ အနောက်ပြင် မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရားကြီးထံ၌၎င်း၊ ထင်ရှားသော အခြားစာချဆရာတော်တို့ထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို ကြိုးစားသင်ယူတော်မူခဲ့သည်။

## ပရိယတ်မှ ပဋိပတ်သို့

ဘုရားမြတ်စွာ၏ သာသနာတော်တွင် ပရိယတ္တိဓမ္မကို သင်ယူတတ်မြောက်ရုံမျှဖြင့် ရဟန်းတော်တို့ ဆောင်ရွက်သင့်သောကိစ္စ ပြီးဆုံးပြည့်စုံသည်ကား မဟုတ်သေးပေ။ ပရိယတ္တိဟူသည် လိုရာသို့ ရောက်နိုင်ရန် လမ်းညွှန်မျှသာဖြစ်သည်။ ယင်း ပရိယတ္တိဓမ္မက ညွှန်ပြသည့်အတိုင်း သွားနိုင်မှသာလျှင် ရည်ရွယ်ရင်းဖြစ်သော လိုရာခရီးအဆုံးသို့ ရောက်ပေမည်-ဟူသော အသိဉာဏ်နှင့် သဒ္ဓါဆန္ဒပြည့်ဝတော်မူသော ဦးပညဝါသည် ပရိယတ္တိဓမ္မကအထိုက်အလျောက် သင်ယူတတ်မြောက်ပြီးနောက် ယင်းပရိယတ္တိဓမ္မကိုညွှန်ပြထားသည့် ပဋိပတ္တိဓမ္မလမ်းခရီးကို ဆက်လက်သွားလိုသေးရကား ၁၃၀၇-ခုနှစ် (ဆယ်ဝါရပြီးသောအခါ)တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ကြည့်ရှုလေ့လာရသောကြောင့်၎င်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏တပည့်ဖြစ်သော (အရာတော်မြို့နယ်ဝါးတောမရွာ) ဆရာဦးဘထွန်း၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့်၎င်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း နည်းကောင်းလမ်းမှန်ကိုညွှန်ပြနေသော ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံရန်အခွင့်ကောင်း ကြုံခိုက်၌ လက်မလွတ်တန်းအရယူ အားထုတ်မည်ဟု အကြံအစည်ကောင်းများဖြစ်ပေါ်လာ၍ ဆိပ်ခွန်ရွာ မဟာစည်ကမ္မဋ္ဌာန်းဌာနသို့သွား၍ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ ဆရာကြွက်နှင့် ဆရာကြံကမ္မဋ္ဌာန်းဆရာကြီးတို့၏ ညွှန်ကြားချက်ဖြင့် သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာကြွက်-ဆရာကြံတို့ ဟောပြောညွှန်ပြသော သတိပဋ္ဌာန်တရားကို ကြားနာရ၍၎င်း၊ ကိုယ်တိုင်ရှုမှတ်ဆဲမှာ

ရုပ်နာမ်-အဖြစ်အပျက်နှင့် ပီတိသုခ စသောအတူးများကို သန္တိဋ္ဌိကဂုဏ်နှင့် ညီစွာ ထင်ရှားတွေ့မြင်ရ၍ငင်း၊ ဘင်္ဂဉာဏ်အဆင့်သို့ ရောက်သောအခါ ဝမ်းဗိုက်-ကိုယ်-လက်-ခြေစသော ပုံသဏ္ဍာန်ပညတ်နိမိတ်များပျောက်လျက် ခဏမစဲ ရုပ်နာမ်များ ပျက်ပျက်သွားကြသည်ကိုသာ ထင်ရှားတွေ့ရ၍ငင်း၊ ထို့ပြင် ဘယ-အာဒီနဝ စသောဉာဏ်များ ဖြစ်ပေါ်လာပုံ အထူးအားဖြင့် သင်္ခါရုပေက္ခာဉာဏ် ထူးခြားစွာဖြစ်ပေါ်လာပုံကိုထင်ရှားတွေ့ရ၍ငင်း သဒ္ဓါ ဆန္ဒနှင့် ဝမ်းမြောက်အားရမှု အထူးဖြစ်ပေါ်လာခဲ့ပေသည်။ မိမိကဲ့သို့ပင် သူတပါးတို့အားလည်းသိစေလိုသဖြင့် ပဋိပတ္တိသာသနာပြုလိုသော စိတ်ဆန္ဒများ ထက်သန်စွာ ဖြစ်ပေါ်လာခဲ့ပေသည်။ ဉာဏ်စဉ်တရားတော်ကို ကြားနာရသောအခါ ဒေသနာတော်လာဉာဏ်စဉ်နှင့် ကိုယ်တွေ့ ဖြစ်ပုံသိပုံများသည် အများအားဖြင့် ကိုက်ညီနေသည်ကိုတွေ့ရသောကြောင့် ဝမ်းသာအားရမှု အထူးဖြစ်ပေါ်လာပြီးလျှင် ပဋိပတ္တိသာသနာပြုရန် သာ၍ထက်သန်လာပေသည်။

ထို့ကြောင့် ၁၃၀၈-ခုနှစ်တွင် အရာတော်မြို့နယ် ဝါးတောမအုပ်စု တမာပင်ရွာ အတိသုခမင်္ဂလာရာမကျောင်း၌ သတိပဋ္ဌာနဝိပဿနာကမ္မဋ္ဌာန်း တရားကို ဟောကြားပြသခဲ့ရာ အားထုတ်သူယောဂီအပေါင်း (၁၀၀)ခန့် ရခဲ့သည်။ ၁၃၀၉-ခုနှစ်မှ ၁၃၁၁-ခုနှစ်အထိ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည်ကမ္မဋ္ဌာန်းဌာန၌ ဆရာကြွက်-ဆရာကြံတို့နှင့်တွဲဖက်၍ တရားပြခဲ့သည်၊ ထို့ပြင် ၁၃၁၂-၁၃-ခုနှစ်များတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ စစ်ကိုင်းမြို့ဆင်များရှင် သတိပဋ္ဌာန်ရိပ်သာ၌ ဟောကြားညွှန်ပြလျက် စောင့်ရှောက်နေခဲ့ရာ အားထုတ်သူယောဂီအပေါင်းတထောင်ကျော်ရှိခဲ့သည်၊ ထိုဌာန၌ ရဟန်းတော်ယောဂီတပါးရှုမှတ်အားထုတ်နေစဉ် ဥဗ္ဗေဂါပီတိ အဟုန်ကြောင့် ကြမ်းပြင်မှ ၂-ထောင်ခန့်မျှ ကြွတက်နေသည်ကိုတွေ့ခဲ့ရသည်ဆို၏။ ၁၃၁၄-ခုနှစ်မှာ ပခုက္ကူမြို့ မန္တလေးတိုက် ကျောင်းအမကြီး ဒေါ်ကြွယ်နှင့် ဒေါ်သွယ်တို့က ပင့်လျှောက်သဖြင့် ပခုက္ကူမြို့ ခံတောရပ် သုခိတာရာမကျောင်းတိုက်၌ သာသနာ့ရိပ်သာဖွင့်လှစ်ပြီးတနှစ်ခန့်မျှ တရားပြလျက် ပဋိပတ္တိသာသနာကို ပြုစုတော်မူခဲ့သည်။ ယောဂီပေါင်း (၁၀၀၀)ခန့် ရခဲ့သည်။ ထိုဌာနမှာ ယခုထက်တိုင် တိုးတက်ကြီးပွားကာ တည်တံ့လျက်ရှိပေသည်၊ ၃၃၁၅-ခုနှစ်မှစ၍ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးနှင့် ကမ္ဘာအေးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဥက္ကဋ္ဌ ရတို့၏ တာဝန်ပေး ချထားချက်အရ ပဲခူးမြို့မဟာစည် သာသနာ့ရိပ်သာ၌ လာလာသမျှ လူရှင်ရဟန်းတို့အား သတိပဋ္ဌာန်ဝိပဿနာတရား ဟောကြား

ပြသလျက်ရှိရာ ယခု(၁၃၃၅-ခုနှစ်)အထိဆိုလျှင် ယောဂီပေါင်း (၆၂၀၂) ဦး ရှိသွားပြီဖြစ်ကြောင်းသိရှိရပေသည်။

ဆရာတော်ဦးပညာဝါသည် ဝိရိယဓာတ်ခံ အလွန်ထက်သန်သော ဆရာတော်ဖြစ်ပေသည်၊ ပဲခူးရိပ်သာတည်ရာဌာနသည် မူလက ကျွဲ နွား ချိုင့် ကမူ တို့ဖြင့်၎င်း၊ ဝါးရုံချုံပုတ်တို့ဖြင့်၎င်း ရှုပ်ထွေးလျက် ဖြတ်သန်းသွားလာရန်ပင် ခက်ခဲသော ဌာနဖြစ်သည်၊ ထိုသို့သောဌာနသည် တပည့် ယောဂီဟောင်း များနှင့် ဦးပညာဝါ၏ ကြိုးစားမှုဖြင့် ၂-နှစ် ၃-နှစ်အတွင်းမှာ ပြန့်ပြူး သာယာ၍ နေချင်စဖွယ် အလွန်တင့်တယ်သော ရိပ်သာကြီးတခု ဖြစ်လာခဲ့ပေသည်၊ ထို့ပြင် ဝိရိယဓာတ်ခံ ရင့်သန်သောကြောင့်ပင် ထိုရိပ်သာ၌ ချမ်းသာစွာနေလျက် ကမ္မဋ္ဌာန်းတရား ဟောကြား ပြသနေရရုံမျှဖြင့် အားရ ရောင့်ရဲခြင်း မရှိသေးပေ၊ ရခဲသော လူ့ဘဝကို ရကြ၍ ကြုံခဲသော ဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံနေပါလျက် ရက်ရှည်လများ တရားအားထုတ် ရန် အခွင့်မရှာဘဲ ရှိနေကြသော သူများအား၎င်း၊ ဝိပဿနာတရားကို ကြားရုံမျှပင် မကြားဖူးကြသဖြင့် ဝိပဿနာဆိုတာ ဘယ်လိုဟာ ဟူ၍မျှ မသိရှာကြ၍ ကမ္မဋ္ဌာန်း ရိပ်သာများနှင့် လွန်စွာ ဝေးနေကြသောသူများ အား၎င်း၊ ဝိပဿနာရှုနည်း အခြေခံနိသျည်းကို ရကြစေရန် ရည်သန်လျက် ၁၃၃၁-ခုနှစ်မှ စ၍ အောက်ပါဌာနများ၌ ယာယီ ၁၀-ရက် စခန်းများ ဖွင့်က ၁၀-ရက်စီ ဟောကြားလျက်သတိပဋ္ဌာန် ဝိပဿနာတရား လက်တွေ့ အားထုတ်စေခဲ့ပေသည်။ ထိုဌာနများမှာ(၁) ပဲခူးမြို့၊ (၂) ကျောက်တံခါးမြို့၊ (၃) မဒေမာက်မြို့၊ (၄) ကမာစဲရွာ၊ (၅) ခလပ်ရွာ (ယခုအခါ ဤ ငါး ဌာန) တို့ပင် ဖြစ်သည်။ နောက်ကာလ၌ တိုးတက်၍ ဖွင့်လှစ်ဟောကြား ပြသရန်လည်း ရည်ရွယ်ချက်ရှိသည် ဟု ဆို၏၊

အကျိုးမှာ ဤကဲ့သို့ (၁၀) ရက် စခန်းများဖွင့်လှစ်၍ ဟောကြား ပြသ ခြင်းအားဖြင့် များစွာသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်နည်း အခြေခံတို့ကို ရသွားကြသည်၊ ထို့ပြင် တရားနာရုံမျှ တရားစာအုပ်ကလေးများကို ကြည့် ရုံမျှဖြင့် အထိုက်အလျောက် ပြည့်စုံသော ပရိယတ္တိ ဗဟုသုတကိုပင် ပဋိပတ္တိ ထင်၍ ပဋိဝေဓကိုပင် ထိုးထွင်း၍ သိသယောင်ယောင် မျက်စိလည် လမ်းမှား နေသူတို့အားလည်းမျက်စိလည်ပြေစေသည်၊ ထို့ပြင် ၁၀-ရက်စခန်း၌၁၀- ရက်ခန့်အားထုတ်၍ အခြေခံရသဖြင့် ကမ္မဋ္ဌာန်းရိပ်သာများသို့ လာရောက် ၍ ရက်ရှည်အားထုတ်ကာ ဉာဏ်စဉ်များ ပြည့်စုံသည်အထိ ရောက်သွားကြ သူတို့လည်း ရှိပေသည်၊ ဤသို့ စသော အကျိုးများစွာတို့ကို ၁၀-ရက် စခန်း ဖွင့်ခြင်းဖြင့် ပြီးစေနိုင်ပေသည်။ ထို့ပြင် ဆရာတော် ဦးပညာဝါသည် ၁၃၂၀-၂၁-ခုနှစ်များက ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏



၁

ပျဉ်ပုံကြီးရွာ သဒ္ဓမ္မသိတဂူ သာသနာ့ရိပ်သာ ပဲခူး

## ဆရာတော် ဦးဇာဂရ

ဆရာတော်ဦးဇာဂရသည် ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကျောင်းစိုးရွာ ခမည်းတော် ဦးဘိုးချိန် – မယ်တော် ဒေါ်စိန်းရင် တို့မှ သက္ကရာဇ် ၁၂၉၁-ခုနှစ်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

အမိန့်အရဖြင့် မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံ သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကမ္မဋ္ဌာန်းတရား ဟောကြားပြသလျက် ၂-နှစ်ခန့် စောင့်ရှောက်တော်မူခဲ့ပေသည်၊ ထို ၂-နှစ်ခန့်အတွင်း၌ ထိုရိပ်သာ၌ လာရောက်အားထုတ်သော ယောဂီပေါင်းမှာ ၅၀၀-ခန့် ရှိသည်ဟု ကြားသိရသည်။

ယခုအခါမှာမူ ဆရာတော် ဦးပညာဝါသည် ပဲခူး သာသနာ့ရိပ်သာ၌ပင် အမြဲသီတင်းသုံးလျက်သင့်လျော်သောအခါများတွင်ထိုထိုအရပ်တို့၌၁၀-ရက်စခန်းများဖွင့်ကာ သတိပဋ္ဌာန် ဝိပဿနာလက်တွေ့ တရားကိုကြိုးစားပြသလျက် ရှိပေသည်။

---

ကျောင်းသား ဘဝကပင် ကျောင်းစိုးကျောင်း ဂိုဏ်းချုပ် ဝိနိစ္ဆယ ဆရာတော် ဦးပဏ္ဍိတထံ၌ မိဘတို့က အပ်နှံ ခဲ့သည့်အတိုင်း ဆရာတော်က သတို့သားကို ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေးတော်မူခဲ့ သည်၊ ထိုဆရာတော် ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့ရာ ထိုဆရာတော်က သာမဏေကျင့်ဝတ် သိက္ခာပုဒ်များနှင့် တကွ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြား ပို့ချပေးတော် မူသည်။

၁၃၁၂-ခုနှစ် နယုန်လပြည့်နေ့ နံနက် ၈-နာရီအချိန်တွင် ထိုဆရာတော် ကိုပင် ဥပဇ္ဈာယ်ပြု၍ ကျောင်းစိုးကျောင်း ခဏ္ဍသိမ်၌ ရဟန်း ဒါယကာ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ဥပဇ္ဈာယ် ဆရာတော်ထံ၌ သင်ယူသင့်သော အခြေခံ ကျမ်းဂန်များကို အခြေရသည်အထိ သင်ယူပြီးနောက် ပဲခူးမြို့ မြို့မစာသင် တိုက်ဆရာတော်ထံ၌ ပိဋကတ် ကျမ်းဂန်များကို ဆိုဝါသိုက်ဝါတို့ဖြင့် ကြိုး ပမ်း သင်ယူတော်မူခဲ့သည်၊ ထိုသို့ သင်ယူပြီးနောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သတိပဋ္ဌာန်ဝိပဿနာ အလုပ် ပေး တရားတော်များကို ကြားနာ ကြည့်ရှုရ၍ ပဋိပတ္တိ သာသနာတော် ကိုလည်း ကြိုးပမ်းအားထုတ်ရန် သဒ္ဓါဆန္ဒ ဖြစ်ပေါ်တော်မူ သည့်အတိုင်း ပုသိမ်မြို့ သင္ဂမွသိတဂူ သာသနာ့ရိပ်သာ ဆရာတော်ထံ၌ ၁၃၂၃-ခုနှစ်တွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနယအတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ကြိုးပမ်း အားထုတ်တော်မူခဲ့သည်။

ယိုဂီဆရာတော်ထံတွင် စနစ်တကျ ကြေနပ်အားရအောင် အားထုတ်တော် မူပြီးနောက် ဉာဏ်စဉ်တရားတော်များကို နာကြားကာ မိမိကိုယ်တိုင်တွေ့သိ ခဲ့သော တရားအရသာများကို အခြားပုဂ္ဂိုလ်တို့အားလည်း တွေ့သိ ကြစေ လိုသော စေတနာဆန္ဒရှိလာသဖြင့် ပဲခူးတိုင်း ဘုရားကလေးမြို့နယ် ပျဉ်ပုံကြီး ကျေးရွာတွင် ၁၃၂၆-ခုနှစ် ပြာသိုလဆန်း ၁၅-ရက်နေ့မှစ၍ သင္ဂမွသိတဂူ သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရောက် လာသမျှသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရားများကို ဟော ကြားညွှန်ပြ သြဝါဒ ပေးတော်မူလျက် ရှိပေသည်။ ထိုရိပ်သာတွင် အား ထုတ်ပြီးသော ယောဂီဦးရေမှာ (၄၂၅) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိ ရသည်။



ဖောင်ကြီး၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ

## ဆရာတော် ဦးဓမ္မိဿရ

ဆရာတော် ဦးဓမ္မိဿရသည် ဖောင်ကြီးမြို့ ခမည်းတော် ဦးဖိုးတင်-မယ်တော် ဒေါ်စိန်ပုတို့မှ သက္ကရာဇ်–၁၂၇၉-ခုနှစ်၊ နတ္တော်လဆုတ် ၇-ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်က မိဘတို့ ကိုးကွယ်ရင်းဖြစ်သော ဖောင်ကြီးမြို့ ဘုန်းတော်ကြီးကျောင်း၌ မိဘတို့က အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ သင်ရိုး စာပေများကို သင်ကြားပေးတော်မူသည်။ ထို ဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသဖြင့် ဆရာတော်က ရှင်သာမဏေတို့ ပြုကျင့်ရသော ကျင့်ဝတ်သိက္ခာပုဒ်များနှင့် အခြေခံ ကျမ်းဂန်များကို သင်ကြား ပို့ချ ပေးတော်မူသည်။၁၃၀၉ ခုနှစ်၊ တန်ခူးလဆုတ် ၂-ရက်နေ့တွင် လှည်းကူးမြို့ ဓမ္မနာဒကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီးသျှင် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်နှင့် ပဲခူးမြို့မ စာသင်တိုက် စာချဆရာ

တော်တို့ထံ၌၎င်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက် စာချဆရာတော်တို့ထံ၌၎င်း၊ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဆရာတော်ထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ နှင့်ဝါ-ညဝါ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်းအားထုတ်တော်မူသည်။

ပရိယတ္တိဓမ္မကို သင်ယူပြီးနောက် ပဋိပတ္တိဓမ္မကိုပါ အားထုတ်လိုသောသဒ္ဓါ-ဆန္ဒ ဖြစ်ပေါ်လာသဖြင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဖြစ်တော်မူကြသော ဆရာတော် ဦးဝဏ္ဏိတ၊ ဆရာတော် ဦးသုဇာတ၊ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော် ဦးကောသလ္လတို့ ဟောကြား ညွှန်ပြသည့်အတိုင်း ပဋိပတ္တိ ဝိပဿနာတရားကို ကြိုးပမ်းမယုတ်အားထုတ်တော်မူခဲ့သည်။

ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ အားရကြေနပ်လောက်အောင်ကြိုးပမ်းအားထုတ်တော်မူပြီးနောက် ကမ္မဋ္ဌာန်း ပေးနည်း, စစ်ဆေးနည်း, ဟောပြောနည်းများကို လေ့လာမှတ်သားပြီးလျှင် ယခုအခါတွင် ဖောင်ကြီးမြို့ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိရာ ထိုရိပ်သာတွင် လာရောက်အားထုတ်ကြပြီးသော ယောဂီဦးရေမှာ (၂၆၂)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



လှည်းကူး သာသနာ့ရိပ်သာ

## ဆရာတော် ဦးတေဇဝန္တ

ဆရာတော် ဦးတေဇဝန္တ လောင်းလျာသည်! ရန်ကုန်တိုင်း လှည်းကူး မြို့နယ် ငမိုးရိပ်ချောင်း ကြုံးကြုံးကျွရွာ ခမည်းတော် ဦးဘိုးဆင်-မယ်တော် ဒေါ်ရွှေချစ်တို့မှ ၁၂၇၂-ခုနှစ် ပဉ္စမဝါဆို လဆန်း ၁၂-ရက် စနေနေ့ နံနက် ၁၀- နာရီအချိန်တွင် ဖွားမြင်၍ သား သမီး ၇-ယောက် ရှိသည့် အနက် ပဥ္စမမြောက် သားရတနာဖြစ်သည်။

၅-နှစ်သားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဆည်းကပ် ကိုးကွယ်ရင်း ဖြစ်သော ကြုံးကြုံးကျွရွာကျောင်း ဂိုဏ်းအုပ် ဂိုဏ်းချုပ်ဆရာတော် ဘုရား ကြီး ဦးစန္ဒိမာထံ၌ အပ်နှံ၍ သတို့သားကို ဆရာတော်ဘုရားကြီးက ဘာသာ ရေး အခြေခံ စာပေများကို သင်ကြားပို့ချ ပေးတော် မူသည်။ ၁၀-နှစ် သားအရွယ်သို့ ရောက်လျှင် ထို ဆရာတော် ဘုရားကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်ဘုရားကြီးက ရှင်သာမဏေတို့ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ဂဏန်းသင်္ချာ အတတ်များကို ၎င်း၊ သဒ္ဒါ- သင်္ဂြိုဟ် စသော ပိဋကတ် အခြေခံ ကျမ်းဂန် များကို၎င်း၊ ဝိနည်း, ပါဠိတော်များကို၎င်း သင်ကြားပို့ချ ပေးတော် မူသည်။ သင်္ကာတော်

၂၀-ပြည့်လျှင်ထိုဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၂-ခုနှစ် ဦးတန်ခူး လပြည့်ကျော် ၁-ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ ဆရာတော်ဘုရားကြီး၏ ခွင့်ပြုတော် မူချက်ဖြင့် ရန်ကုန်မြို့ မင်္ဂလာကျောက်ခြောင်း စာသင်တိုက်၌ ၅-၁ါပတ်လုံး ပိဋကတ်ကျမ်းဂန်များကို သင်ကြားတော်မူသည်၊ ထိုမှတဖန် ပုဇွန်တောင် တဖက်ကမ်းဒေါပုံ နတ်စဉ်ကုန်း စာသင်တိုက်၌ ၂-ဝါ၊ တဖန် မန္တလေးမြို့ မစိုးရိမ်တိုက်၊ မြင်းဝန်တိုက်၊ ဘုရားကြီးတိုက်တို့၌ ၃-ဝါ၊ တဖန် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ၂ ဝါ၊ ပိဋကတ်, ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ အရပ်ရပ်ကို သင်ကြားအားထုတ်တော်မူသည်။ ထိုသို့ သင်ကြား အားထုတ်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီး၏ အမိန့်အရ စာသင် ငယ်တို့အား ပရိယတ်ကျမ်းဂန်များကို သင်ကြား ပို့ချပေးရန် ဇာတိရွာ လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ရွာကျောင်းကို လက်ခံ၍ ကျောင်းထိုင်အဖြစ်နှင့် သီတင်းသုံးတော်မူသည်၊

၁၃၁၁ -ခုနှစ်မှစ၍ ၁၃-ခုနှစ်အထိ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ ဆည်းကပ်၍ သတိပဋ္ဌာန် ဝိပဿနာတရားများကို ပွားများ အားထုတ်တော်မူသည်၊ ဝိပဿနာတရားများကို အားထုတ်ပြီးနောက် နေရင်း ရှမ်းတဲကြီး ကျောင်းသို့ ပြန်ကြွ သီတင်းသုံးတော်မူသည်။ ၁၃၂၅-ခုနှစ်တွင် ဒကာ ဒကာမတို့၏ ပင့်လျှောက်ချက်ဖြင့်၎င်း၊ လောကနာထ ဆရာတော်၏ဆန္ဒတော်အရ၎င်း ရန်ကုန်တိုင်း လှည်းကူးမြို့သာသနာ့ရိပ်သာ၌ သီတင်းသုံး နေထိုင်တော် မူလျက် ရှိပေသည်။



မဟာစည်သာသနာ့ရိပ်သာ ဒိုက်ဦးမြို့

## ဆရာတော် ဦးဉာဏ

ဒိုက်ဦးဆရာတော်ဦးဉာဏ အလောင်းအလျာသည် မုံရွာမြို့နယ် ကျောက္ကာရွာ ခမည်းတော်ဦးဘချို - မယ်တော် ဒေါ်ကျော့ရင်တို့မှ ၁၂၈၉-ခုနှစ် နတ္တော်လဆန်း(၁၃)ရက်နေ့၌ ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။ ကျောင်းသားအရွယ် ငယ်စဉ်က မိဘတို့က ဘုံသာကျောင်းဆရာတော် ဦးနန္ဒိယထံအပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေးအခြေခံစာပေများကိုသင်ကြားပို့ချ ပေးတော်မူခဲ့သည်၊ ၁၇ နှစ်သားအရွယ်သို့ရောက်လျှင် ကျောက္ကာရွှေသိမ်တော်ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ရောက်လျှင်ရှင်ဉာဏဟူသော ဘွဲ့အမည်ကို ခံယူလျက်ရွှေသိမ်တော် ဆရာတော် ဦးပညာသီဟထံ၌ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ယူခဲ့သည်။

သက်တော်(၂၀)အပြည့်တွင် ကျောက္ကာအောင်မြေချမ်းသာ ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ ရှမ်းတောရပ် ဦးဘမင်း - ဒေါ်အေးရင်တို့၏

ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၀၉-ခုနှစ် ဝါဆိုလဆန်း (၁၃)ရက် နေ့၌ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဒိုက်ဦးမြို့ ခေမာသီဝံကျောင်းတိုက် စာချ ဆရာတော် ဦးပညာဇောတထံ၌၎င်း၊ ပခုက္ကူမြို့ မဟာပိသုတာရာမတိုက် ဆရာတော် ဦးနန္ဒဝံသထံ၌၎င်း၊ ဆရာတော် ဦးနန္ဒိယထံ၌၎င်း၊ ဆရာတော် ဦးမာဃိန္ဒထံ၌၎င်း၊ ဆရာတော် ဦးတေဇနိယထံ၌၎င်း ပါဠိတော် အဋ္ဌကထာ ဋီကာစာပေတို့ကို မှတ်သားကြည်ဖြူ သင်ယူလေ့လာခဲ့သည်။ ထိုနောက် ၁၃၁၁-ခုနှစ် အရောက်တွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ရောက်ရှိ၍ ရဟန်းရှင်လူ သူတော်စင် ယောဂီအပေါင်းတို့၏ အားထားခိုရာ ဖြစ်တော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝိစာရ၏ နည်းလမ်းညွှန်ပြမှုဖြင့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို တလခွဲခန့်မျှ ပွားများအားထုတ်ပြီးလျှင် တရားပြနည်း၊ ဟောပြောနည်းတို့ကိုပါ လေ့လာမှတ်သားခဲ့ပါသည်။ လေ့လာမှတ်သားပြီးနောက် ကွမ်းခြံကုန်း သာသနာ့ရိပ်သာ၌လက်ထောက် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ဆရာတော် ဦးဉာဏသည် ဒိုက်ဦးမြို့သာသနာ့ရိပ်သာ၌နာယက ကမ္မဋ္ဌာနာစရိယမှူးကထိက အဖြစ်ဖြင့် သာသနာ့ဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်လျက်ရှိပါသည်။



သာသနာ့ရိပ်သာ-ရန်ကုန်မြို့

## မဟာစည် ဓမ္မကထိက ရွှေကူ အရှင်အကုသ

အရှင်အကုသသည် သက္ကရာဇ် ၁၃၀၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် တနင်္ဂနွေနေ့ညနေ ၅-နာရီအချိန်တွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ ပင့်ဆည်းကျေးရွာ ခမည်းတော် ဦးဘဆန်-မယ်တော် ဒေါ်သန်းရင်တို့မှ ဖွားမြင်သော သားရတနာဖြစ်သည်။

(၇) နှစ်သားအရွယ်တွင် ဘိုးလေးဖြစ်သူ ဦးကံညွန့်က ရွှေသိမ်တော်ကျောင်းဆရာတော်ဦးဇာဂရထံ အပ်နှံ၍ ဆရာတော်က သူငယ်တို့တတ်သင့် တတ်ထိုက်သော ဘာသာရေးအခြေခံ ယဉ်ကျေးမှုစာပေများကို တပည့်သူငယ်အား သင်ကြား ပို့ချပေးတော်မူသည်၊ မကြာခင်မှာပင် ၎င်းကျောင်းဆရာတော် ဦးဇာဂရ ပျံလွန်တော်မူသွားရာတွင် ရွှေဂူကျောင်း ဆရာတော် ဦးအာစိဏ္ဏထံ၌ ပြောင်းရွှေ့အပ်နှံပြန်သည်။ ကျောင်းသားအရွယ်ငယ်သေးရကား ဆရာတော်ဦးအာစိဏ္ဏက ဘာသာရေးအခြေခံ စာပေများကိုပင် ဆက်လက်သင်ကြားပေးတော်မူသည်၊ ရွှေဂူကျောင်း၌ ကျောင်းသား ၂၀၀ ကျော်မျှရှိသည့်တွင် ဘာသာရေးယဉ်ကျေးမှုစာပေ သင်ကြားပေးပြီးသော

ကျောင်းသားများအား ဆရာတော်က မူလတန်းကျောင်း ဖြစ်မြောက်အောင် ဆောင်ရွက်တော်မူပြီ လျှင် မူလတန်းပညာများကို သင်ကြားပေးတော်မူသည်။ အရှင်အကုသ အလောင်းအလျာ ကျောင်းသားကိုလည်း အခြားနည်းတူ မူလတန်းပညာကိုပင် သင်ကြားရာ (၁၂)နှစ်သားအရွယ်တွင် မူလတန်းပညာကိုကောင်းစွာ အောင်မြင်ခဲ့လေသည်။ မူလတန်းပညာကို အောင်မြင်ခဲ့ရာ ဝက်လက်မြို့ အစိုးရ ယခင်အလယ်တန်း ကျောင်းသို့ ပြောင်းရွှေ့၍ အလယ်တန်းပညာကို ဆက်လက်သင်ကြားသည်။

အလယ်တန်းပညာရပ်ကို သင်ကြားလျက်ရှိသော်လည်း ရပ်ရွာနှင့်တကွ အနီးအပါး ထိုထိုရွာများတွင် ဘုန်းတော်ကြီးများ ဟောကြားသောတရားပွဲရှိလျှင် ဘိုးလေးဖြစ်သူ ဦးကံညွန့်နှင့်လိုက်ပါ၍ တရားနာလေ့ရှိသည်။ တရားတော်၏သဘော သဘာဝကို တကယ်နားလည်သောအရွယ် မဟုတ်သောကြောင့် ဟောကြားသောတရားတော်ကို ကောင်းစွာနားမလည်သော်ငြားလည်း တရားဆောင်ပုဒ်ကလေးများကို ဓမ္မကထိကများက လိုက်ဆိုစေရာ၌ အရှင်အကုသအလောင်းအလျာက အင်မတန်သဘောကျလေ့ရှိသည်၊ လိုက်ဆိုရသည်မှာပင် ပျော်ရောဖြစ်နေသည်။ တရားနာရာမှ အိမ်ပြန်ရောက်လျှင် သူ့ဘိုးလေးက နာကြားခဲ့ရသော တရားတော်မှ သီတန် လင်္ကာကလေးများကို ပြန်၍အဟောခိုင်းလေ့ ရှိသည်။ ဤနည်းဖြင့် အရှင်အကုသအလောင်းအလျာသည် ငယ်ရွယ်သောအချိန်ကတည်းက တရားဟော ဓမ္မကထိက ဖြစ်လိုသောစိတ် ကိန်းအောင်းလာခဲ့သည်။

(၁၄)နှစ်သားအရွယ်တွင် ဘထွေး ဦးချစ်ဖေနှင့် ဒေါ်လေးဒေါ်အေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေဂူကျောင်းဆရာတော် ဦးအာစိဏ္ဏကို ဥပဇ္ဈာယ်ပြုလျက်ရှင်သာမဏေအဖြစ် ဆက်ရောက်ခဲ့လေသည်။ ရှင်အမည်ကို ရှင်အကုသဟူ၍ ဆရာတော်က မှည့်ခေါ်ခဲ့သည်။ ရှင်အဖြစ်သို့ ရောက်ရှိလာသော ရှင်အကုသအား ဆရာတော်က ရှင်ကျင့်ဝတ်နှင့်ပိဋကတ်အခြေခံစာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။ ရှင်အကုသ (၁၅)နှစ်သားအရွယ်သို့ရောက်ရှိလျှင် ဥပဇ္ဈာယ်ဆရာတော် ဦးအာစိဏ္ဏက ရွှေကျင်နိကာယ ဦးစီးဥက္ကဋ္ဌဖြစ်တော်မူသော ပိသုဒ္ဓါရုံမြောင်းမြဆရာတော်ဘုရားကြီး အုပ်ချုပ်လျက်ရှိသည့် ရန်ကုန်မြို့ ရန်ကင်းတိုက်နယ် ကံဘဲ့ရပ် မဟာဗောဓိကျောင်းတိုက်သို့ ပို့အပ်ပေးတော်မူသည်။

ယင်းကျောင်းတိုက်တွင် တာဝန်ခံ နာယကများ ဖြစ်တော်မူကြသော ဘုန်းကြီးဦးပဋိမ၊ ဘုန်းကြီး ဦးကုမာရတို့နှင့် စာချဆရာများ ဖြစ်ကြသော ဦးဣန္ဒာစရိယ, ဦးအဂ္ဂညာဏ, ဦးဂုနိဿရတို့၏ထံတွင် ပါဠိစာပေတို့ကိုသင်ယူခဲ့သည်၊ အသက် ၂၀ ပြည့်မြောက်သောအခါ မြောင်းမြဆရာတော်ဘုရား

ကြီးကို ဥပဇ္ဈာယ်ပြုလျက် ကာရကသံဃာတော် ၂၅-ပါးတို့၏ ချီးမြှောက်မှုဖြင့် ယင်း ကျောင်းတိုက်၌ ခဏ္ဍသိမ်တော်တွင် အင်းယ်ဒမီ ရုပ်ရှင်မင်းသား ဦးထွန်းဝေ- ဒေါ်စော၊ အာမခံစနစ် မန်နေဂျာ ဦးတင်-ဒေါ်ခင်စိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ကောဇာသက္ကရာဇ်- ၁၃၂၆-ခုနှစ်၊ ကဆုန်လဆုတ်- ၁၄-ရက်၊ စနေနေ့ နံနက် ၇-နာရီ ၂၂-မိနစ် အချိန်ကောင်းတွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်သည်။

၎င်းကျောင်းတိုက်တွင် ပညာရေးဆိုင်ရာ ပဓာန တာဝန်ခံဖြစ်သော ဘုန်းကြီး ဦးကုမာရ (သာသနာ့ဗိုဇ သိရီပဝရ ဓမ္မာစရိယ)ထံ၌ ကိုယ်တိုင်လည်း ပါဠိ အဋ္ဌကထာများကို သင်ယူလျက် ကူညီစွမ်းဆောင်နိုင်သလောက် တဆင့်လည်း ပို့ချပေးလျက်-၁၃၃၃-ခုနှစ်၊ နယုန်လအထိ ၁၀-နှစ်တိုင်တိုင် ပရိယတ္တိသာသနာ့ဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် ဇာတိရပ်မြေ ရွှေကူဆရာတော်ထံပါးသို့ ပြန်လည်ရောက်ရှိခဲ့သည်၊ ထိုရွှေကူဆရာတော်၏ ကျောင်းတိုက်တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဥပနိဿ နည်းစနစ်အတိုင်း ၁၃၁၀-ခုနှစ်မှစ၍ တည်ထောင်ထားသော ရွှေကူသာသနာ့ရိပ်သာ ရှိသည်။ ၎င်းရိပ်သာကြီး ဆက်လက်တည်တန့်စေရန် စောင့်ရှောက်နိုင်ရေးအတွက် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ရွှေကူဆရာတော်၏ ပို့ဆောင်ပေးမှုဖြင့် ၁၃၃၅-ခုနှစ် နယုန်လဆန်း ၆ ရက်နေ့တွင် ရောက်ရှိကာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာအလုပ်ပေး တရားတော်မြတ်ကို နာယူပြီးလျှင် ကမ္မဋ္ဌာနာစရိယ ဖြစ်ကြကုန်သော ဆရာတော်ဦးသုဇာတ, ဦးပဏ္ဍိတ, ဦးဇဝန, ဦးဇနက,တို့၏ ညွှန်ကြား ချီးမြှောက်မှုကို ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာ တရားတော်မြတ်ကို ဝါဆိုလဆန်း ၇-ရက်နေ့တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားသော ဉာဏ်စဉ် တရားတော်မြတ်ကို နာယူရသည့်တိုင်အောင် ကိုယ်တွေ့ပွားများ အားထုတ်ခဲ့သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မြတ်စွာဘုရား ဒေသနာတော်တို့နှင့် လျော်ညီစွာ ရှုမှတ်ပွားများနည်းတို့ကို စုံလင်စွာ ဖော်ပြထားသော ဝိပဿနာတရားဆိုင်ရာ စာပေတို့ကိုကြည့်ရှုပြီး ပဋိပတ္တိသာသနပြန့်ပွားရေးအတွက် ဟောကြားနေရာမှ မဟာစည်ပဋိပတ္တိ သာသနာတော်မြတ်ကြီး ထွန်းလင်းပြန့်ပွားရန် ဆောင်ရွက်လျက်ရှိသော ဝက်လက်မြို့ မဒိုးရိမ် ဆရာတော်၏ ချီးမြှောက်မှုဖြင့် မဟာစည် ဓမ္မကထိက အဖွဲ့တွင် ပါဝင်ထမ်းဆောင်လျက် ယခုအခါ ရန်ကုန်မြို့သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် မဟာ



သလ္လာဝတီ သာသနာ့ရိပ်သာ ရန်ကုန်မြို့

## ဆရာတော် ဦးသူရိယ

ဆရာတော် ဦးသူရိယသည် မုံရွာခရိုင် အရာတော်မြို့နယ်၊ ဝါးတောမ တိုက်၊ ရွာစီကုန်းကျေးရွာ ခမည်းတော် ဦးဘိုးရ မယ်တော် ဒေါ်ငွေ ချစ်ဘို့မှ သက္ကရာဇ်–၁၂၈၆–ခုနှစ်၊ ဝါဆိုလဆန်း ၃–ရက် သောကြာနေ့ တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

**သ**ဘိုးသားကို ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ကိုးကွယ်ရင်း ရွာဦးကျောင်း ဘုန်းတော်ကြီးထံတွင် အပ်နှံ၍ ဘုန်းတော်ကြီးက ဘာသာ ရေး အခြေခံစာပေများကို သင်ကြားပေးခဲ့သည်၊ ထိုဘုန်းတော်ကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရ

---

စည် ဆရာတော်ဘုရားကြီးနှင့် တကွသော ကမ္မဋ္ဌာနာစရိယ ဆရာတော် များ၏ သီလ, သမာဓိ, ပညာ တည်းဟူသော အရိပ်ကိုခိုလှုံကာ သာသနာ့ တာဝန်ကို ထမ်းဆောင်၍ သီတင်းသုံးလျက်ရှိသည်။

သာမဏေတို့ ပြုကျင့်သော သိက္ခာပုဒ်များနှင့် ပရိယတ္တိ ပိဋကတ်အခြေခံ ကျမ်းစာများကိုသင်ယူတော်မူသည်။ အသက် ၂၀-ပြည့်မြောက်လျှင် မုံရွာခရိုင် အရာတော်ကြီးမြို့နယ် တမာပင်ရွာ အတိသုခမင်္ဂလာကျောင်း ဆရာတော် ဦးသုနန္ဒကို ဥပဇ္ဈာယ်ပြုလျက် ၁၃၀၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့၌ ရဟန်း ဒကာ-ဒါယိကာ ရဟန်း အမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်လျှင် ရဟန်းတို့ကျင့်ရမည့် ဝိနည်း သိက္ခာပုဒ်များနှင့် တကွ ပိဋကတ် အခြေခံကျမ်းဂန်များကို ဆက်လက် သင်ကြားတော်မူသည်။

ထို့နောက် မိမိရပ်ရွာမှ ခွာခဲ့၍ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက် ဆရာတော် ဦးဉာဏာဘိဝံသထံ၌၎င်း၊ လပွတ္တာ- လေးထပ်စာသင်တိုက် ဆရာတော် ဦးကုသလထံ၌၎င်း၊ စစ်ကိုင်း မဟာဂန္ဓာရုံချောင် စာချဆရာတော် ဦးသုမင်္ဂလထံ၌၎င်း၊ ရွှေဘိုခရိုင် ဆိပ်ခွန် သီတာရုံကျောင်း ဆရာတော် ဦးပညာဝံသထံ၌၎င်း၊ မန္တလေး ဒက္ခိဏာရာမဘုရားကြီးတိုက် ဦးဇာဂရကြီးကျောင်း ဆရာတော် ဦးအာစာရထံ၌၎င်း၊ ၎င်းတိုက်ဆရာတော် ဦးနာရဒထံ၌၎င်း၊ ၎င်းတိုက်ဆရာတော် ဦးသီလဝံသထံ၌၎င်း၊ ၎င်းတိုက် ဆရာတော် ဦးဥဂ္ဂသာဘိဝံသထံ၌၎င်း၊ ၎င်းတိုက်ဆရာတော် ဦးမေဓာဝီယာဘိဝံသထံ၌၎င်း ပိဋကတ် ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ဆိုဝါ-လိုက်ဝါဖြင့် ကြိုးပမ်း အားထုတ်တော်မူသည်။ ဆရာတော်သည် အစိုးရ ပါဠိ ပဋ္ဌမပြန် စာမေးပွဲများ၌ ဝင်ရောက် ဖြေဆိုတော်မူရာတွင် ငယ်-လတ်-ကြီး အဆင့်များဘွင် အောင်မြင်ခဲ့ရုံသာမက (သာသနဓဇသိရီပဝရဓမ္မာစရိယ) စာချတန်းအထိ ကောင်းစွာ အောင်မြင်တော်မူခဲ့သည်။

ပရိယတ္တိ ဘက်တွင် ပြည့်စုံ လုံလောက်ပြီးနောက် လိုနေသေးသော ပဋိပတ္တိ သာသနာတော်ကို ဖြည့်ကျင့်လိုသောကြောင့် ပဲခူးမြို့ မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးပညာဒါထံသို့ ချဉ်းကပ်လျက် မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။ ကိုယ်တိုင် အားထုတ်တော်မူပြီးသော ဝိပဿနာတရားများကို တပါးသော ပုဂ္ဂိုလ်တို့ အားလည်း မိမိကဲ့သို့ပင် အားထုတ်စေလိုသော သဒ္ဒါ-ဆန္ဒ ပြင်းပြတော်မူသော ဆရာတော်ဦးသူရိယသည် ရန်ကုန်မြို့ နာဂလိုဏ်ဂူအနီးတွင် (သလ္လာဝတီ သာသနာ့ရိပ်သာ) ဟူသော အမည်ဖြင့် ပဋိပတ္တိဌာန တည်ထောင်ဖွင့်လှစ်ပြီးလျှင် ရောက်လာသမျှ ယောဂီတို့အား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရှေးနည်းအတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောကြား ညွှန်ပြတော်မူလျက် ရှိသည်၊



မဟာစည် သာသနာ့ရိပ်သာ၌၊ ပြည်လမ်း ရန်ကုန်

ဆရာတော် ဦးကဝိဇ

ဆရာတော် ဦးကဝိဇသည် သာယာဝတီခရိုင် မိုးညိုမြို့နယ် ပတ်တော်ရွာ ခမည်းတော် ဦးဖိုးခ မယ်တော် ဒေါ်စိန်ညွန့် တို့မှ ၁၂၇၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၃-ရက် တနင်္လာ နေ့၌ ဖွားမြင်သော သားရတနာ ဖြစ်သည်။ သဘိုသားသည် ငယ်ရွယ်စဉ်က မိဘများ၏ အလိုဆန္ဒအတိုင်း အင်္ဂလိပ်မြန်မာ သတ္တမတန်း အောင်မြင်သည် အထိ ခေတ်ပညာ များကို သင်ယူခဲ့သည်။

၁၃၁၄-ခုနှစ် ဝါဆိုလဆန်း တရက်နေ့၌ လေးအိမ်တန်းကျောင်း ဆရာတော် ဦးဝါယမကို ဥပဇ္ဈာယ်ပြုလျက် သာမဏေအဖြစ်ကိုခံယူကာ အခြေခံ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပါသည်။ ၎င်းနောက် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် တိုက်အုပ် ဆရာတော်နှင့် ကထိက ဆရာတော်များထံ၌ ပိဋကတ် ကျမ်းဂန်တို့ကို သင်ယူရင်း တိုက်ကျောင်း ပါဠိတက္ကသိုလ် ဆရာတော်တို့ ကြီးမှူးကျင်းပသော အငယ်တန်း အလတ်တန်း အကြီးတန်း ဓမ္မာစရိယ စာချတန်းတို့ကို အောင်မြင်ခဲ့သည့်အပြင် ပြည်

ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ကျင်းပသော ပဌမငယ်တန်း ပဌမလတ်တန်း ပဌမကြီးတန်းနှင့် ဓမ္မာစရိယ စာချတန်းတို့၌ အစိုးရ ဓမ္မာစရိယ ဘွဲ့ရသည်အထိ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့သည်။

အသက် ၂၀-ပြည့်မြောက်သောအခါ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိ တက္ကသိုလ် ဆရာတော် ဦးတေဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဇီးကုန်းမြို့ မြို့ပတ်လမ်း ဦးအုန်း-ဒေါ်မြင့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၁၇-ခုနှစ် တန်ခူးလဆန်း ၁-ရက်နေ့နံနက် ၉-နာရီအချိန်၌ ဇီးကုန်းမြို့ သမားတော် ကျောင်း သိမ်တော်ဝယ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၂၁-ခုနှစ်မှ ၁၃၂၃-ခုနှစ်အထိ မန္တလေးမြို့ အသောကာရာမတိုက် မဃိကာရုံကျောင်း၌ သီတင်းသုံးကာ မန္တလေးမြို့ပေါ်ရှိ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ရွှေရေးဆောင် ဆရာတော် ဦးပဏ္ဍဝစသော ပရိယတ် အကျော် ဆရာတော်များထံ၌ ၃-နှစ်တိုင်တိုင် ပိဋကတ်စာပေများကို သင်ကြားလေ့လာခဲ့ပြန်သည်။

ထို့နောက် ဒကာ-ဒကာမ များနှင့် ဆရာတော်များ၏ အလိုဆန္ဒအရ မန္တလေးမြို့မှ ပြည်မြို့ ဒက္ခိဏာရုံကျောင်းသို့ ရွှေ့ပြောင်း၍ ၁၃၂၃-ခုနှစ်မှ ၁၃၂၄-ခုနှစ်အထိ စာသင်သား ရဟန်းသာမဏေများကို စာပေပို့ချခဲ့သည်။ ပရိယတ်, သင်ကြားပို့ချနေစဉ်ပင် စာတွေ့မှ ကိုယ်တွေ့ဖြစ်အောင် တရား အားထုတ်လိုသော ဆန္ဒပြင်းပြလာခဲ့ပြန်သောကြောင့် ရန်ကုန်မြို့ သာသနာ့ ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ခြေတော်ရင်း သို့ ရွှေ့ပြောင်းလာသည်၊ နေ့ရက်ကား ၁၃၂၅-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့ ဖြစ်တော့သည်၊

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ခံယူကာ နာယက ဆရာတော်များ၏ ကူညီစောင့်ရှောက်မှုဖြင့် ဝိပဿနာတရား ကို အားထုတ်ခွင့်ရခဲ့သည်။ အားထုတ်ခါစ ရက်သတ္တပါတ်အတွင်း၌ ဒွါရ ခြောက်ပါး၌ ကျရောက်လာသော အာရုံနှင့် မှတ်စိတ်သည် အံဝင် ဂွင်ကျ မဖြစ်နိုင်ပဲ ချော်၍ ချော်၍ နေခဲ့သည်။ သို့ဖြစ်၍ ပြန်သွားရကောင်းမည် လား, ဆက်အားထုတ်ရကောင်းမည်လားဟုပင် ဝေ၍ဝေးနေမိသည်။ ထို အချိန်က ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သီတင်းနေ့ တိုင်း အနတ္တလက္ခဏသုတ်တော်ကို ဟောကြားနေခိုက်ဖြစ်လေသည်။

အနတ္တလက္ခဏသုတ်တော်ကို ကြားနာရသောအခါ တွေအိုက်နေသော စိတ်သည် တည်ငြိမ်လာပြီးလျှင် ဆက်လက်အားထုတ်ရာ ဒွါရ ခြောက်ပါး၌

ပေါ်လာတိုင်းသော အာရုံတို့နှင့် မှတ်စိတ်သည် တထပ်တည်း ဖြစ်လာလေတော့သည်၊ ၃-လခန့် ကြာသောအခါ ကမ္မဋ္ဌာနာ စရိယ ဆရာတော်တို့ ကြေနပ်လောက်အောင် အားထုတ်နိုင်စွမ်းရှိသဖြင့် ဉာဏ်စဉ်တရားတော်ကို နာယူခွင့်ရခဲ့လေသည်။ ဉာဏ်စဉ်နာပြီးနောက် ဆရာတော် ဘုရားကြီး ရေးသားတော်မူသော ကျမ်းစာများကို လက်နှိပ်စက် ရိုက်ပေးခြင်း အလုပ်ဖြင့် ဆရာတော် ဘုရားကြီး၏ သာသနာပြု အလုပ်ကို တကဏ္ဍအနေ ကူညီဆောင်ရွက်ခဲ့သည်၊ ၁၃၂၅-ခုနှစ်မှ စ၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ပို့ချတော်မူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာကို လိုက်ဝါအဖြစ် သင်ကြားခဲ့သည့်အပြင် ဝိသုဒ္ဓိမဂ် မဟာ ဋီကာ နိဿယကျမ်းစာ ပြီးဆုံးအောင်မြင်သည်အထိ လက်နှိပ်စက်ရိုက်ပေးခြင်းဖြင့် ပူဇော်ခဲ့ရသည်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းစာပြီးဆုံးအောင်မြင်သော အထိမ်းအမှတ် ဒါနပွဲတွင် ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီးနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသော တပည့်များအားဆုအနေဖြင့် နဝကမ္မကို လှူဒါန်း ရာဘွင် ဦးကဝိဓဇ သည်လည်း ပါဝင် အလှူခံခဲ့ရပေသည်၊

မဟာစည် ဆရာတော် ဘုရားကြီးသည် ရန်ကုန်မြို့၌ သီတင်းသုံးပြီး သတိပဋ္ဌာန် တရားတော်များကို ဟောပြောပြသ သကဲ့သို့ အခါအခွင့် သင့်သောအခါ နယ်မြို့များသို့လည်း ဒေသစာရီ ကြွချီကာ သတိပဋ္ဌာန် တရားတော်များကို ဟောပြောပြသ လေ့ရှိသည်၊ ပြည်၊ ဟင်္သာတ၊ မန္တလေး၊ ရွှေဘို၊ ဆိပ်ခွန်၊ မော်လမြိုင်နှင့် မြိတ် စသော မြို့ရွာများသို့ ကြွရောက်တရားဟောတော်မူသည့်အခါ ဦးကဝိဓဇကိုလည်း ပစ္ဆာသမဏ အဖြစ်ဖြင့် လိုက်ပါစေ၍ ဆရာတော်ဘုရားကြီး တရားမဟောမီရှေ့ပိုင်းက တရားဟော ခွင့်ပေးလေ့ရှိခဲ့သည်။ ဦးကဝိဓဇသည် ရန်ကုန် သာသနာ့ရိပ်သာ၌ ၁၃၂၅-ခုနှစ်မှ စ၍ ၈-နှစ်တိုင်တိုင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မမွေနဝါသိက အဖြစ်ဖြင့် ဆရာတော် ဘုရားကြီး၏ နည်းနာ နိဿယကို ကြိုးနှံစွာ ခံယူခဲ့သည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏မွေးရပ်ဇာတိလည်းဖြစ်သော မဟာစည် ကမ္မဋ္ဌာန်း ဌာန စတင်တည်ထောင်ရာ မူလလည်း ဖြစ်သော ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည် ကမ္မဋ္ဌာန်း ဌာန၌ ၁၃၃၀-ပြည့်နှစ်မှ စ၍ ၂-ဝါတိတိ ဆရာတော်ဘုရားကြီးက စေလွှတ်သဖြင့် ဦးကဝိဓဇသည် ဆရာတော်ဘုရားကြီး၏ အလိုတော်ကျ ကမ္မဋ္ဌာန်းတရား ဟောကြားကျင့်သုံး နေထိုင်ခဲ့ပေသည်။ ထို့ကြောင့် မဟာစည် ဆရာတော် ဘုရားကြီးက

ဦးကဝိဇေထံ စာပေးသည့်အခါ “ဆရာတော်၏ ကိစ္စကို ဆောင်ရွက်ရသည် ဟု နှလုံးသွင်း ဂုဏ်ယူကြောင်းကိုဎင်း၊ ဦးကဝိဇေအား ဆိပ်ခွန်မှ အများ ကကြည်ညိုကြကြောင်းကိုဎင်း၊ ဟောသောတရားကို နှစ်သက်ကြကြောင်းကို ဎင်း၊ ကြားသိရ၍ဆရာတော်က အထူးပင် ဝမ်းမြောက်ပါသည်။ အများတို့၏ သဒ္ဓါတရားကို စောင့်ရှောက်သော အားဖြင့် အရာရာမှာ ပါသာဒိကဂုဏ်နှင့် ပြည့်စုံပါစေ ဟူ၍လည်း တောင့်တမြော်လင့်လျက်ရှိ၏”ဟူ၍ချီးမြောက်ရေး သားတော်မူခဲ့ဘူးလေသည်။

ရန်ကုန်မြို့ ၇-မိုင်ခွဲ ဦးသန်းဝင်း ဒေါ်မြသင်တို့က လှူဒါန်းသည့် ရန်ကုန် မြို့ ပြည်လမ်း ၈-မိုင်ခွဲရှိ မြေနေရာ၌ ကမ္မဋ္ဌာန်းဌာနတည်ထောင်ရန် ကျေး ဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော် ဘုရားကြီးက ဝမ်းမြောက်စွာ ခွင့်ပြုတော်မူခဲ့သဖြင့် အဆောက်အဦးများ တည်ဆောက်ပြီးသောအခါ ၁၃၃၃-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက် နေ့၌ ဖွင့်ပွဲကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက် ချီးမြှင့်၍ ဖွင့်လှစ်ပေးသနားတော်မူခဲ့ပေသည်၊ ဤကမ္မဋ္ဌာန်းဌာနကား ရန်ကုန် မြို့တွင် ပဌမဆုံး ပေါ်ထွက်လာသော မဟာစည်သာသနာ့ရိပ်သာခွဲ ဖြစ်လေ သည်၊ ဖွင့်ပွဲအခမ်းအနား၌ ပင့်သံဃာ ၅၀-ကျော်နှင့် လူပရိသတ် ငါးရာ ကျော်တို့ တက်ရောက်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက “မြန်မာပြည်ရှိ မြို့ရွာအသီးသီးတွေမှာ ကမ္မဋ္ဌာန်းဌာနခွဲတွေ ဖွင့်လှစ်ပေးခဲ့ တာ ၁၇၀-ကျော်ခဲ့ပါပြီ၊ ရန်ကုန်မှာတော့ ဦးကဝိဇေကို အကြောင်းပြုပြီး ဤကမ္မဋ္ဌာန်းဌာနခွဲဟာ ပဌမဆုံး ဖြစ်ပေါ်လာခြင်းပါဘဲ”ဟု မြွက်ကြားခဲ့ လေသည်၊ ဤကမ္မဋ္ဌာန်းဌာနခွဲတွင် ဆရာတော် ဦးကဝိဇေက ကျေးဇူးတော် ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းဥပန်သယအတိုင်း အမျိုးသား အမျိုးသမီး ယောဂီသူတော်စင်တို့အား သတိပဋ္ဌာန်ဝိပဿနာ တရားတော် များကို နေ့စဉ် ဟောပြောပြသ အားထုတ်လျက်ရှိခဲ့ရာ ၁၃၃၅-ခုနှစ် နတ် တော်လ မတိုင်မီ နှစ်လည်စာရင်းပိတ်သောအခါ တရားအားထုတ်ပြီး ယော ဂီပေါင်း ၄၉၇-ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်၊

---



ကံသာကျောင်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်

ဓမ္မကထိက ဆရာတော် အရှင်ရာဇိန္ဒ

အရှင်ရာဇိန္ဒလောင်းလျာသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်ကိုင်းရွာ ခမည်းတော် ဦးပု၊ မယ်တော် ဒေါ်ကွန့်တို့မှ ၁၂၉၃-ခုနှစ် ပြာသိုလကွယ် ဗုဒ္ဓဟူးနေ့၌ ဖွားမြင်သော သားရတနာဖြစ်သည်။

တောင်ကိုင်းရွာ ကျောင်းကြီးတိုက် (အဘိုးဖြစ်သူ) ဂိုဏ်းချုပ်ဆရာတော် အရှင်ဂန္ဓမာလာထံ၌ မိဘတို့က အပ်နှံ၍ သူငယ်တို့ တတ်သင့်သော စာပေများကို စ၍ သင်ယူခဲ့ရသည်။ ယင်းဆရာတော်ဘုရားကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဆရာတော်ဘုရားကြီးက ရှင်ရာဇိန္ဒ-ဟု ဘွဲ့အမည်ပေး၍ ရှင်ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံစာများကို သင်ကြားပေးတော်မူသည်။ နောက်ကာလ၌မုံရွာမြို့မဟာဇောတိကာရာမတိုက်သို့ ပြောင်းရွှေ့၍ ပိဋကတ်အခြေခံစာပေများကို ဆက်လက်သင်ယူနေစဉ် အသက် (၂၀) ပြည့်သဖြင့် အဂ္ဂမဟာပဏ္ဍိတ မဟာဇောတိကာရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ ရွှေဒေါင်းယဉ် သက်နိုးပရိက္ခ

ရာ ကုန်သည် ဦးသွန်းလှ-ဒေါ်ခင်ပုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မကာရကသံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ၁၃၁၃-ခုနှစ် ဝါဆိုလပြည့်နေ့၌ မဟာဗောဓိကာရာမတိုက် ခဏ္ဍသိမ်တော်တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် အရှင်ရာဇိန္ဒသည် မုံရွာမြို့ မဟာဗောဓိကာရာမဆရာတော်ဘုရားကြီးထံ၌၎င်း၊ ထိုတိုက်စာချဆရာတော်များထံ၌၎င်း၊ တောင်ကိုင်းရွာ ကျောင်းကြီးတိုက် ဆရာတော်အရှင် အာစရထံ၌၎င်း၊ ဤသို့စသော ဆရာတော်များထံ၌ ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို ကြိုးပမ်းသင်ယူခဲ့သည်။ ထိုသို့ သင်ယူပြီးနောက် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်အနီးရှိ ရွှေမင်းဝံကျောင်းတိုက်၌ ရွှေမင်းဝံဆရာတော်ဘုရားထံ၌ ခိုလှုံလျက် ပဋိပတ္တိနည်းကို ခံယူလျက် ရှိခဲ့ရာတွင် ရွှေမင်းဝံဆရာတော် ဘုရားက ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားထံ အပ်နှံပေးသဖြင့် ၁၃၂၀-ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်မှစ၍ မဟာစည် ဆရာတော်ဘုရား၏ နည်းနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို ရှုမှတ်ပွါးများ အားထုတ်ခဲ့သည်။ ထိုသို့ စနစ်တကျ အားထုတ်ပြီးနောက် ရွှေမင်းဝံတိုက်၌နေလျက် ဘာဝနာတရားကို ဟောကြားနေခဲ့သည်။

ယခုအခါမှာမူ ရန်ကုန်မြို့ တောင်ဥက္ကလာပ ကံသာကျောင်း၌ ဘာဝနာလုပ်ငန်းတရားများကို ဟောကြားကာ ပဋိပတ္တိသာသနာကို ပြုစုလျက်ရှိပေသည်။ ၁၃၃၂-ခုနှစ်က ရန်ကုန် သာသနာ့ရိပ်သာ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲမှာ ဖွဲ့စည်းတည်ထောင်သော ပဋိပတ္တိသာသနာပြု မဟာစည်ဓမ္မကထိကအဖွဲ့တွင် အရှင်ရာဇိန္ဒသည် အဖွဲ့ဝင်တပါးဖြစ်၍ အဖွဲ့မှ ညွှန်ကြားရာ ကျရောက်ရာ အရပ်များသို့လည်း ကြွ၍ ဟောပြောတော်မူသည်။



မင်းလှကျောင်းတိုက်၊ ဗဟန်း၊ ရန်ကုန်

## ဆရာတော် ဦးဝါယမိန္ဒ

ဆရာတော် ဦးဝါယမိန္ဒလောင်းလျာသည် သရက်ခရိုင် မင်းလှမြို့နယ် ရွာတော်ရွာ ခမည်းတော် ဦးကျော်ဦး၊ မယ်တော် ဒေါ်ရွှေမြတို့မှ ၁၂၈၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်၍ သားချင်း ၈-ယောက်တို့တွင် သတ္တမမြောက်သားရတနာဖြစ်သည်။

၅-နှစ်သားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ မိဘတို့က မင်းလှမြို့ မှန်ကျောင်းဆရာတော်ဘုရားကြီးထံ အပ်နှံ၍ သတို့သားကို ဆရာတော်ဘုရားက ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်၊ ဉာဏ်ထက်မြက်သော သူငယ်ဖြစ်သည့်အတိုင်း ၁၀-နှစ်သားအရွယ်ကပင် ရဟန်းသာမဏေများနှင့်အတူ သဒ္ဒါကြီး-သင်္ဂြိုဟ်နှင့် ပုဒ်စစ်-စသော ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ယူနိုင်ခဲ့သည်။ ၁၃-နှစ်သားအရွယ်တွင် ဘထွေးရင်းဖြစ်သော မှန်ကျောင်း ဆရာတော်ဘုရားထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟာဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေတဝါအရတွင် ရဟန်းတော် ဦးဝါသဝနှင့် အတူ မန္တလေးမြို့

မစိုးရိမ်တိုက်သို့ လိုက်ပါ၍ မဂဓနေယျပဒေသကျောင်း၌ နေထိုင်ကာ ပိဋကတ် ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

၁၂၉၇-ခုနှစ်၊ ရှင်သာမဏေ စာပြန်ပွဲ-မူလတန်း၌၎င်း၊ ၁၂၉၉-ခုနှစ်၊ အသယ်တန်း၌၎င်း၊ ၁၃၀၀ ပြည့်နှစ်၊အလတ်တန်း၌၎င်း ဝင်ရောက်ဖြေဆိုခဲ့ရာ ကောင်းစွာ အောင်မြင်တော်မူသည်။ ထိုနောက် မင်းလှမြို့မှနေ၍ အမျိုးသား ပရိယတ္တိစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ အကြီးတန်းအထိ အောင်မြင်တော် မူသည်။ တဖန်-ခရစ် သက္ကရာဇ် ၁၉၅၄-ခုနှစ်တွင် အထူးသတ္တမတန်းစာမေး ပွဲ၌၎င်း၊ ၁၉၆၀-ခုနှစ်တွင် ၁၀-တန်း စာမေးပွဲ၌၎င်း ဝင်ရောက်ဖြေဆို အောင်ခဲ့သည်။ သက်တော် ၂၀-အပြည့်တွင် ကျိုက်လတ်မြို့နယ် မင်းလှစု ကျောင်းဆရာတော်ကြီး ဦးဝရသဘကို ဥပဇ္ဈာယ်ပြု၍ သိမ်ကျောင်းဒကာ- မြေပိုင်ရှင် တိုက်ပိုင်ကြီး ဦးပါလကျို၊ ဒေါ်ဒေါ်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၃-ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် နံနက် ၉ နာရီတွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း အသက်တန်း ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မင်းလှစုကျောင်း ဆရာတော်ဘုရားကြီး (ဥပဇ္ဈာယ်ဆရာတော်)ထံ၌ ဝါကပ်၍ ဝိနည်းပါဠိတော်ကြီးများကို သင်ကြား နေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ကာ ခေတ်ပျက်ထဲသို့ ရောက်လာသခြင့် ဇာတိ အရပ် မင်းလှမြို့သို့ ပြန်ကြွတော်မူခဲ့ရသည်။ မင်းလှမြို့ မှန်ကျောင်းဆရာတော် ဘုရားကြီးထံ အရောက်တွင် ထိုဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ ပခုက္ကူမှ ပြန်ကြွလာသော စာချဆရာတော် ဦးတိလောက (ယခုဆင်ပေါင်ဝဲမြို့နယ်- ငန်းပြားရွာကမ္မဋ္ဌာနာစရိယ)ထံတွင် ဆက်လက်၍ ဝိနည်းပါဠိတော်ကြီးများ ကို သင်ကြားတော်မူသည်။

၁၃၀၉-ခုနှစ်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး တိုက်သို့ ကြွရောက်၍ ဆရာတော် ဦးကောဏ္ဍညထံတွင် နိကာယ ၄ါးရပ် ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်များကို သင်ကြား အားထုတ်တော်မူသည်။ ၁၃၁၆-ခုနှစ်တွင် ကျောင်းအမကြီး ဒေါ်မိနှင့် သားသမီး တစုတို့၏ ပင့်လျှောက်ချက်ဖြင့် ရန်ကုန်မြို့ ဗဟန်းရပ် ရေတာရှည် လမ်းဟောင်း မင်းလှကျောင်း၌ ကျောင်းထိုင်အဖြစ် သီတင်းသုံးတော်မူရသည်။

ထိုသို့သီတင်းသုံးနေစဉ်မှာ မယ်တော်ကြီးနှင့် ခမည်းတော် ကြီးများ သုံးလေးနှစ်ဘိုင်တိုင် ပြင်းထန်သော ရောဂါ ဝေဒနာ များကို မချိမဆန့် ခံစားရပြီးနောက် မရှေးမနှောင်း ဆိုသလိုပင် သေဆုံးပျက်စီး သွားကြရ သည်ကို တွေ့မြင်ရသောကြောင့်၎င်း၊ မိမိကိုယ်တိုင် အူကျရောဂါကို ခွဲစိတ် ကုသခံရရာတွင် ဒုက္ခဝေဒနာများကို အပြင်းအထန် ခံစားရသောကြောင့်

ရင်း၊ မင်းလှကျောင်းအနီး၌ အဖွားကြီးနှင့် အဖိုးကြီးတို့ သေဆုံးပျက်စီး သွားကြပုံ သားသမီးဖြစ်သူတို့၏ ငိုကြွေး မြည်တမ်းကြပုံကို တွေ့မြင်ရ ကြားရသောကြောင့်ရင်း ထိတ်လန့်ခြင်း သံဝေဂ များစွာ ဖြစ်ခဲ့ရသည်။ ထိုသို့သံဝေဂ ဖြစ်နေစဉ်မှာပင် အသည်းအသန် မကျန်း မမာ ဖြစ်နေသော ဒကာမကြီးတဦးအား ဟောကြားသော မဟာစည် ဆရာတော်၏ ဗောဇ္ဈင် တရားကို ကြားနာရသောကြောင့်ရင်း၊ မဟာစည် ဆရာတော် ဘုရား၏ ဝိပဿနာ ရှုနည်းကျမ်း ပဥ္စမအုပ်နံပါတ် (၅)၌ အဇ္ဈေဝ ကိစ္စမာတပ္ပံ အစရှိ သောဂါထာနှင့် "စျာယထ ဘိက္ခဝေ မာ ပမာဒတ္တ"စသော မိန့်ခွန်းတော် တို့၏ အနက်အဓိပ္ပါယ်ဖော်ပြချက်ကို လေးလေးနက်နက် ကြည့်ရှုဆင်ခြင်မိ သောကြောင့်ရင်း တရားအားထုတ်ရန် အပြည့်အဝ ထက်သန်သော သဒ္ဓါ ဆန္ဒများ ဖြစ်ပွါးလာခဲ့သည်။

ထို့ပြင် ထိုစာအုပ်နံပါတ် ၂၄၆ ၌ အရှင်ပေါဋ္ဌိလ မထေရ်ကြီး၏ မာန်မာန နှိမ်ချ၍ အလွန်ရိုးဖြောင့်စွာ တရားအားထုတ်ပုံကို တွေ့ရသော ကြောင့်ရင်း၊ နံပါတ် ၃၀၄ ၌ အရှင်မဟာသီဝမထေရ်ကြီး၏ အနှစ်သုံး ဆယ်ဘိုက်အောင် ဇွဲကောင်းကောင်းနှင့် အားထုတ်ပုံကို တွေ့ရသောကြောင့် ရင်း၊ ထိုစာအုပ်ပါ နည်းနိသျှအတိုင်း အားထုတ်ကြည့်သည်။ သို့သော် ဆရာနှင့် လက်ဦးလက်ကြပ် အားထုတ်ခြင်း မဟုတ်သောကြောင့် အချိုးမကျ သည်ကို သိရသဖြင့် မဟာစည်ဆရာတော် ဘုရားထံ ခိုလှုံချဉ်းကပ်လျက် ဆရာတော်၏ ညွှန်ကြားချက်အတိုင်း အားထုတ်ခဲ့လေသည်။ ထိုအခါ နေပူ ထဲမှ အလွန်အရိပ်ကောင်းသော သစ်ပင်ကြီး၏အရိပ်ထဲသို့ ဝင်ရောက်ခိုလှုံရ သကဲ့သို့ပင် သာသနာ့ ရိပ်သာ၌ ခိုလှုံအားထုတ် ရသည်ကို ထင်မြင်လျက် ဝမ်းမြောက်ခဲ့ရပေသည်။

(၃၁-၇-၆၉) ရက်နံနက် တရားစစ်ရာတွင် ဆရာတော် ဦးပဏ္ဍိတက သာသနာ့ ကြက်သရေဆောင် ပုဂ္ဂိုလ်လေးဦး အကြောင်းကို ဟောရာတွင် ထိုပုဂ္ဂိုလ်တို့၏ ဝိယတ္တဂုဏ်၊ ဝိနီတဂုဏ်၊ ဝိသာရဒဂုဏ်၊ ဗဟုသုတဂုဏ်၊ ဓမ္မဓရဂုဏ်၊ ဓမ္မာနုဓမ္မပဋိပန္နဂုဏ်များကိုလည်း သမ္ဗောဇ် ၄ ပါးနှင့် ယှဉ်၍ ဟောသွားသည်ကို ကြားနာရသည့်ပြင် သံဃဥပုသ် ပြုပြီးသော အခါတွင် မဟာစည် ဆရာတော် ဘုရားကြီးက မြင်းကောင်း မြင်းညံ့များနှင့် ဥပမာ ပြုလျက် အပ္ပမာဒ တရား ဟောကြားဆုံးမ သြဝါဒပေးတော်မူသည်ကိုလည်း ကြားနာရသဖြင့် အလွန်ထက်သန်သော သဒ္ဓါဆန္ဒ ဝီရိယများ ဖြစ်ပွါးလာခဲ့ ပေသည်။

ထိုသို့ အလွန်ထက်သန်သော သဒ္ဓါဆန္ဒ ဝီရိယတို့ဖြင့် အားထုတ်နေစဉ် လက်ဝဲဘက်ဒူးမှာ ခွေ၍မထိုင်နိုင်လောက်အောင် နာကျင်မှု ဖြစ်လာခဲ့သည်။

ဆရာဝန်က ဆေးထိုးပေးသော်လည်း မသက်သာဘဲ ရှိခဲ့သည်။ ထိုအခါ မူလက မရှိဲ ယခုတရား အားထုတ်မှ ဖြစ်ပေါ်လာသော ဝေဒနာကို ရှုမှတ်မှုဖြင့်ပင် ပယ်ရမည်။ ဥပမာ ရေကြောင့်ဖြစ်သော အညစ်အကြေးကို ရေဖြင့်ဆေးကြောရသကဲ့သို့ပင် ဟု စိတ်ကူးအကြံ ပေါ်လာခဲ့သည်။ ထိုသို့ အကြံပေါ်ခဲ့သည့်အတိုင်းပင် ဒူးကို အတင်းခွေ၍ထိုင်သည်။ မျက်ရည်ကျ လောက်အောင် နာကျင်သည်။ ပေ၍ရှုမှတ်သည် မူလက ၅-မိနစ်မျှတောင် မထိုင်နိုင်သော်လည်း ပဌမအကြိမ်မှာ ၁၅-မိနစ် ထိုင်နိုင်သည်။ ဒုတိယ အကြိမ်မှာ မိနစ် ၃၀၊ တတိယအကြိမ်မှာ ၄၅-မိနစ် နောက်အကြိမ် များ မှာ တနာရီတိုင်အောင် ထိုင်နိုင်သည်။ နာကျင်မှုလည်း သေးငယ်သေးငယ် သွားသည်၊ အပ်ဖျားရာခလောက်အထိ သေးငယ်သွားပြီးလျှင် နောက်ဆုံး၌ လုံးဝပျောက်ကင်းသွားသည်။ ထိုအခါ အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာကာ ဆရာသမားတို့အား ကျေးဇူးတင်မဆုံး ဖြစ်ခဲ့လေသည်။

ဉာဏ်စဉ်တရားကို နာရသောအခါ မိမိတို့တွေ့သိသားပုံများကို ဒေသ နာမှာလာသဲ့ ဉာဏ်စဉ်နှင့် တိုက်ဆိုင်ကြည့်ဘိုဖြစ်ကြောင်း စသည်ဖြင့်ကြား နာရသည့်ပြင် မိမိတွေ့ပုံနှင့် ကိုက်ညီတိုင်း ဝမ်းမြောက် ရသောကြောင့် ထိဒပေါက်စဉ်နှင့် တိုက်သောသူမှာ ဂဏန်းတလုံးတလုံးတိုက်တိုင်း ဝမ်းသာ ရသည်နှင့် တူလှပေသည်ဟူ၍လည်း ထင်မြင်မိပေသည်။ ဓမ္မာဒါသ ခေါ် တရားမှန်ထဲ၌ မိမိ၏ သဘောမှန်အရိပ်ကို မြင်ရသောကြောင့်လည်း အထူး ဝမ်းမြောက်ရပေသည်။ ဝါဆိုပွဲကျင်းပသောအခါ ဇလ်ယဉ် ဓမ္မာရုံကြီးသို့ ထေရ်စဉ်ဝါလိုက် ငြိမ်သက်စွာ ကြွလာကြပြီးလျှင် အသီးအသီး နေရာယူ၍ ငြိမ်သက်စွာ ထိုင်နေကြပုံကိုငင်း၊ ဆရာတော် ဘုရားကြီးက အဆုံးအမ ဩဝါဒတရားများ ဟောကြားပုံ စသည်ကိုငင်း၊ တွေ့မြင်ရ ကြားနာရ၍ ဘုရားလက်ထက်တော်ကာလက ဒေသစာရီ ကြွချီကြပုံ ဝါဆိုဝါကပ်ကြပုံ တရားဟောကြ တရားနာကြပုံ တရားအားထုတ်ကြပုံများလည်း ဤပုံမျိုးပင် ဖြစ်ပေလိမ့်ဟု တွေးထင်မိသည်။ နောက်တနေ့ တရားအစစ်ခံရာ၌ တပည့် တော်သည် တရားအားထုတ်ရုံမျှသာမဟုတ်၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကိုပါ ရနေသည်ဟု ယူဆကြောင်း ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတအား လျှောက် ထားသည် ဆိုပါသည်။

သာသနာ့ရိပ်သာ ကထိန်သင်္ကန်းကပ်ပွဲ၌ ကထိန်ဆိုင်ရာ လိုရင်းအနုမော ဒနာ တရားသားသက်သက်ကိုသာ ဟော၍ ရေစက်ချလှူပြီးနောက် လှူဘွယ် များကို သိမ်ပေါ်သို့ယူဆောင်ပြီးလျှင် ကထိန်ခံထိုက်သောပုဂ္ဂိုလ်ကို ဝိနည်း တော်နှင့်အညီ စိစစ်ရွေးချယ်သည်။ ထိုနှစ်က ဝါကပ်၍ တရားအားထုတ် သော ကျောက်ဖြူက ဆရာတော်ကြီးအား အများသဘောတူ ရွေးချယ်၍

ကထိန်သင်္ကန်းကို ပေး၍ ကထိန်ခင်းပြီးနောက် သင်္ကန်းစသော ပစ္စည်းများကို ဝေငှလှူဒါန်းသည်။ ယင်းကထိန်ပွဲ၌ မဟာစည် ဆရာတော် ဘုရားကြီးက သံဃာတော်၏ ကိုယ်စား ကထိန်သင်္ကန်းကို အလှူခံပြီးနောက် ကထိန်ခင်းမည့်ပုဂ္ဂိုလ်ကို ဝိနည်းနှင့်အညီ ရွေးချယ်ပုံ၊ လှူဘွယ်များကို အညီအမျှ ဝေငှပုံ၊ သဒ္ဓါဖြင့်လှူသောပစ္စည်းများကို သာသနာအတွက် အကျိုးများအောင်သုံးရန် သတိပေးစကား ပြောကြားပုံ၊ အထူးအားဖြင့် သတ္တာဟကာလိကဖြစ်သော ဂလူးကို အထုပ်ကလေးများကိုပင် သံဃာတော်များအား မကပ်စေဘဲ မိမိတို့နေရာ တိုက်ခန်းသို့အရောက် ကပ္ပိယနှင့်လိုက်ပို့စေပုံစသည်ဖြင့် ဝိနယဂရုကဖြစ်တော်မူပုံများကို နည်းယူဘွယ် တွေ့မြင်ရသောအခါ ဒါကြောင့်"ဆရာတော်ဘုရားကြီးဟာ တိုင်းပြည်ကျော် ကမ္ဘာကျော်ဖြစ်တာပေဘဲ"ဟုဝမ်းမြောက်စွာနှင့် ချီးကျူးအံ့သြမိသည် ဆိုသည်။

ရန်ကုန် သာသနာ့ရိပ်သာ၌ ကျေးရှင်မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ နာယကဆရာတော်များ၊ ဓမ္မကထိကအရှင်မြတ်များတို့သည် ငြိမ်သက်သောဣန္ဒြေ တည်ကြည်သော စကားလုံးတို့ဖြင့် လေးနက်သောတရားကိုသာ ဟောကြားတော်မူကြသည်ကိုရင်း၊ စူးစူးစိုက်စိုက် ငြိမ်သက်တည်ကြည်စွာ နာယူကြသော ယောဂီပရိသတ်ကိုရင်း၊ မြန်မာစကား ကောင်းစွာမတတ်ပဲ မဂိုလာ ပီကလာဖြင့် တရားအစစ်ခံနေသော လူမျိုးခြားများကိုရင်း၊ ပျော်မွေ့နေသည့်အရွယ် လူမမယ်ကျောင်းသား သူငယ်ကလေးများ၏ တရားအစစ်ခံ ပြောဆို လျှောက်ထားနေပုံ များကိုရင်း တွေ့မြင်ရသဖြင့် အပြင်လောကမှလူများလည်း ရိပ်သာတွင်း ယောဂီများကဲ့သို့ ဖြစ်လျှင် အလွန်သာယာ အေးချမ်းသော လောကကြီး ဖြစ်ပေလိမ့်မည်ဟု ယုံကြည်မိသဖြင့် ကမ္မဋ္ဌာန်းတရား ဟောကြားလျက် သာသနာပြုလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည် ဆိုသည်။

အတိုချုပ်ဖော်ပြရလျှင် ဆရာတော် ဦးဝါယမိန္ဒသည် ပရိယတ်, ပဋိပတ်နှစ်ရပ်လုံး စွယ်စုံပုဂ္ဂိုလ် ဖြစ်သောကြောင့်-

(၁) ရန်ကုန်မြို့ အလယ်ပိုင်း ဗဟန်းနယ်လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ကြီး၏ အတွင်းရေးမှူး တာဝန်ကိုရင်း၊

(၂) ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များ အဖွဲ့၏ ဗဟိုအမှုဆောင် တာဝန်ကိုရင်း၊

(၃) ရန်ကုန်-မင်းလှမြို့နယ် အသင်းကြီး၏ နာယက တာဝန်ကိုရင်း၊



အလယ်တောရတိုက် ပဂ်သာ စကြံကျောင်း ရန်ကုန်

## ဓမ္မကထိက ဦးဝါသဝ(ငန်းငွန်း)

ဆရာတော် ဦးဝါသဝ လောင်းလျာသည် စစ်ကိုင်းခရိုင် ငန်းငွန်းမြို့နယ် ငန်းလွန့်ရွာ ခမည်းတော် ဦးဖိုးဦး-မယ်တော် ဒေါ်လေးမြတို့မှ ၁၂၉၆-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၇)ရက် ဗုဒ္ဓဟူးနေ့ နံနက် ၃-နာရီအချိန်တွင် ဖွားမြင်သော သားထူးရတနာ တဦးဖြစ်လေသည်။

---

(၄) မကွေးမြို့ မြသလွန်ကုန်းတော် မဟာစည် သာသနာ့ရိပ်သာဌာနခွဲဘွင် ကမ္မဋ္ဌာနာစရိယ တာဝန်ကိုရင်း၊

(၅) ရန်ကုန်မြို့ မင်းလှကျောင်း မဟာစည် သာသနာ့ရိပ်သာဌာနခွဲတွင် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ တာဝန်ကိုရင်း-

ထမ်းဆောင်လျက် ရှိပေသည်။ ဆရာတော်ထံ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၁၆၈)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

၁၀-နှစ်သား အရွယ်သို့ ရောက်သောအခါ ငန်းဒွန်းမြို့ သုမင်္ဂလတိုက် ကျောင်း ဆရာတော် (ဘသွေး ဦးဝဏ္ဏိတ (၁၁ချ ဓမ္မကသိက)၏ အထံတော်တွင် အခြေခံစာပေပညာများကို သင်ယူပြီး ၁၂-နှစ်သားအရွယ်သို့ရောက်သောအခါ ထိုဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာမဏေအဖြစ်သို့ ရောက်ရှိလေသည်၊ ဆရာတော်သည် သာမဏေငယ်အား ရှင်ဝါသဝဟု ဘွဲ့မည်ပေး၍ သဒ္ဒါသင်္ဂြိုဟ် စသောအခြေခံ ပရိယတ် ပညာများကို သင်ပေးတော်မူသည်၊ ထို့နောက် ဝိနည်းငါးကျမ်း ပါဠိတော်များကို အနက်ဘွဲ့ချတော်မူသည်၊ ထိုအခါ ရဟန်းတော်များနှင့်အတူ တွဲဘက်၍ စာဝါလိုက်စေပြီးလျှင် စာဆိုရန်လည်း တာဝန်ပေးတော်မူသည်။ ထိုစာဝါကို တနေ့ ၃-နာရီကြာမျှ ဆိုရလေသည်၊ ထို့ကြောင့် ရှင်ဝါသဝသည် သာမဏေဘဝ(၁၈)နှစ်သား အရွယ်မျှကပင် ဝိနည်း ၅-ကျမ်း ပါဠိတော်အနက် ပေါက်ခဲ့ရလေသည်။

၁၃၁၆-ခုနှစ် နယုန်လဆန်း (၉) ရက်နေ့တွင် သုမင်္ဂလတိုက် ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ငန်းဒွန်းမြို့ အရှေ့ပိုင်း ကုန်သည် ဒေါ်အေးစိန်နှင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ ဇာတိနယ်မြေမှတဆင့် စစ်ကိုင်းမြို့ ရတနာ့ ဗိမာန် ပါဠိတက္ကသိုလ် တိုက်အုပ်ဆရာတော် ဦးဓမ္မာနန္ဒာဘိဝံသ အထံသို့ ရွှေ့ပြောင်းနေထိုင်ပြီး စာမေးပွဲဆိုင်ရာ စာပေများကို လေ့လာဖြေဆိုခဲ့ရာ ရဟန်းတဝါအရတွင် အစိုးရ ငယ်-လတ်-ကြီး ဓမ္မာစရိယ အတန်းများကို ဂုဏ်ထူးနှင့်တကွ အောင်မြင်ခဲ့သည်။ ထိုဆရာတော်၏ အထံ၌ ၃-နှစ်တိတိ ကထိကာချအဖြစ်ဖြင့် ကူညီဆောင်ရွက်ပြီး တဖန် မန္တလေးမြို့ မစိုးရိမ်တိုက် အာဂမနယပဒေသကျောင်း ဆရာတော် ဦးဝိစိတ္တာဘိဝံသ အထံသို့ ပြောင်းရွှေ့ကာ မန္တလေးမြို့၌ စာချအကျော် ဆရာတော်တို့အထံ၌ စာပေ ချဉ်းနည်းနိသျည်းများကို နာယူမှတ်သား လေ့လာခဲ့ပြန်သည်။ မန္တလေးမြို့တွင် ၂ နှစ်ကြာမျှ ပညာသည်းပူးပြီး တဖန် ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်ကြီးသို့)ရွှေ့ပြောင်းကာ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို ၂-နှစ် ကြာမျှ လေ့လာသင်ယူခဲ့သည်။

## ပဋ္ဌိပတ်ဖက်သို့ လှည့်ခြင်း

ဦးဝါသဝမှာ သာမဏေငယ်ဘဝကပင် ရည်မှန်းချက် တခုထားခဲ့လေသည်၊ ထိုရည်မှန်းချက်ကား "သာသနာ့ဘောင်၌မွေ့ခဲ့လျှင်အသက်(၃၀)ရဟန်း (၁၀)ဝါအထိ စာပေသင်ယူမည်၊ ထို့နောက် စာလျှင်လည်း ချပို့နိုင်ရမည်၊ သို့မဟုတ် တရားလျှင်လည်း အားထုတ်မည်" ဟု ရည်ရွယ်ချက် ထားခဲ့ဘူးလေသည်။ ထိုရည်ရွယ်ချက်အတိုင်းပင် ရဟန်း(၁၀)ဝါရပြီးသောအခါ ပခုက္ကူ၌

စာလိုက်ခြင်းမှ ရပ်နားခဲ့ပြီးလျှင် မိတ်ဆွေဖြစ်သူ အရှင်အရိယဝံသ (ဓမ္မာစရိယ) ၏အကူအညီဖြင့် ရန်ကုန်မြို့ အလယ်တောရ တိုက်သို့ ရောက်ရှိခဲ့လေသည်၊ ထိုတိုက်၌ ၂-နှစ်တိတိ စာပေပို့ချ ပြီးသောအခါ ကိုယ်တွေ့တရားများ အားထုတ်လိုသော စိတ်ဆန္ဒ များစွာဖြစ်ပေါ်လာလေသည်။ ထိုဆန္ဒအလျောက် အားထုတ်ဘို့ရန် ဌာနတော်တော်များများကို လှည့်လည် စုံစမ်းနေခဲ့သည်။ (ယင်းသို့ စုံစမ်းနေခဲ့ခြင်းမှာ သူ၏ ပင်ကိုယ်ကပင် အရမ်းသုံးကြည့်လိုသောစိတ် မရှိသည့်ကတကြောင်း အထိုက်အလျောက် စာပေများ သင်ယူပြီးဖြစ်၍က တကြောင်း များကြောင့်ပင်ဟု ဆို၏)။

တနေ့သောအခါ တရားအားထုတ်ပြီး အသိမိတ်ဆွေ ရဟန်းတော်တပါးထံမှ မဟာစည်ဆရာတော် ရေးသားသော ဝိပဿနာရှုနည်းကျမ်း နှစ်အုပ်ကို ခေတ္တငှါးယူလေ့လာခဲ့ရာ ဆရာတော်ဘုရား ညွှန်ကြားပြသသော တရားအားထုတ်နည်းသည် လက်တွေ့ အားထုတ်သော ယောဂီများ၏ကိုယ်တွေ့အသိဉာဏ်နှင့်လည်း ကိုက်ညီသည့်ပြင် ကျမ်းဂန် အထောက်အထား များလည်း ခိုင်လုံသည်ကိုတွေ့ရ၍ ထိုဌာန၌ အားထုတ်ဘို့ရန် စိတ်ကို ဆုံးဖြတ်ပြီးလျှင် သာသနာ့ရိပ်သာနှင့် အဆက်အသွယ်ကို ရှာလေတော့သည်၊ ထိုသို့ ရှာနေစဉ်မှာ တချိန်က ပခုက္ကူ အလယ်တိုက်ကြီးဘက် အကူ နေထိုင်ခဲ့ဘူးသော ညောင်ကန်အရှင်ဣန္ဒက (ယခု ပုသိမ် ဘုံကျော်သာသနာ့ရိပ်သာ ဆရာတော်) မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်နေကြောင်း ကြားရ၍ သွားရောက်တွေ့ဆုံပြီး ရိပ်သာနှင့် အဆယ်အသွယ်ရကာ ၁၃၃၀-ပြည့်နှစ် ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် တရားများကို စတင် အားထုတ်သည်၊ ဝါလယ်လောက်ရောက်သောအခါ ရှုမှတ်မှုများ နိုင်နင်းလာပြီး အသိဉာဏ်များ အဘူးစင်ကြယ်လာကာ နှစ်သိမ့်မဆုံးဖြစ်နေမိသည်၊ ထိုအခါ နီးစပ်သော ဆွေမျိုးမိတ်ဆွေများကိုပါ ထိုတရားအရသာမျိုး ခံစားရရေး အတွက် ဘယ်သို့နည်းဖြင့် ခေါ်ဆောင် ယူရမည်လဲဟု ခေါ်လိုသော စိတ်ဆန္ဒတွေ တဖွားဖွားဖြစ်ခဲ့လေသည်၊ ထို့နောင် ဆက်ပြီး အားထုတ်ပြန်ရာ ဖေါင်းမှု ပိန်မှုနှင့် အမှတ်တွေ တသန့်စီ တသန့်စီ ရှင်းရှင်းလာပြီး မှတ်ရင်း ကုန်ရင်း ဖြစ်နေသည်ကို သိမြင်လျက် အသိဉာဏ်များ တဆင့်ထက် တဆင့် တိုးတက်လေသည်၊ သီတင်းကျွတ်လဆန်းညာဏ်စဉ်တရားတော်များကိုနာကြားရသည်။

ညာဏ်စဉ်တရား နာကြားပြီးသောအခါ သဒ္ဓါ, ဆန္ဒ, ဝီရိယတို့ ဆထက်ထမ်းပိုး တိုးတက်လာကာ အားထုတ်ပြီး အမှတ် တရားများကိုပင် မရပ်မနား အားထုတ်လိုသော စိတ်တွေ တရားနာချင် စိတ်တွေ တရားဟောပြောချင်စိတ်တွေ များစွာ ဖြစ်ပေါ်နေတော့သည်ဆို၏။ ထိုအချိန်မှစပြီး ဦးဝါသဝသည် သတိပဋ္ဌာန် ဒေသနာတော် နည်းအရ ဆရာတော် ဘုရားကြီး၏



မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ကျိုက်လတ်

## ဆရာတော် ဦးဉာဏာလင်္ကာရ

ဆရာတော် ဦးဉာဏာလင်္ကာရ လောင်းလျာသည် ပဲခူးခရိုင် ဝေါမြို့နယ် အထက်ပန်းညိုရွာ ခမည်းတော် ဦးသိန်းဖေ မယ်တော် ဒေါ်ဒွေးဖြူ တို့မှ

---

ဟောကြားညွှန်ပြတော်မူသော ပဋိပတ္တိကျင့်စဉ်တရားတော်များကို စွမ်းအား ရှိသလောက် တဆင့်ဟောပြပြီး သာသနာပြုမည် ဟု ဆုံးဖြတ်ချက် ချကာ ဆရာတော်ဘုရားကြီးကို ပူဇော်သောအနေအားဖြင့် အနယ်နယ် အရပ်ရပ်သို့ လှည့်ကာ တရားဟောပြောခဲ့လေသည်၊ လွန်ခဲ့သော ၁၃၃၅-ခုနှစ်က သူ၏ ဇာတိရပ်မြေဖြစ်သော ငန်းဇွန်းမြို့သို့ ဝါပြန်ကပ်ရ၍ ဝါတွင်း၌ သီတင်းစဉ် အလုပ်ပေးတရားများကို ပြောပြပြီး ကိုယ်တွေ့တရားများကို ရှုမှတ် စေခြင်း ဖြင့် သာသနာပြုခဲ့ရာ ဝါကျွတ်သောအခါတွင် ယောဂီ အများတို့ သဒ္ဓါ တရားတိုးတက်လာသည်ကို တွေ့ခဲ့ရသည်ဆို၏။

ယခုအခါ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာပြီး မဟာစည် ပဋိပတ္တိ သာသနာပြုမမ္မကထိကအဖွဲ့ဝင်များတွင် တပါးအပါဝင်အဖြစ်ဖြင့် ကုရေက် ရာဌာနသို့ ကြွရောက်ဟောပြောကာ သာသနာပြုလျက် ရှိနေပေသည်။

၁၂၉၂-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

အသက်ပန်းညို အရှေ့ကျောင်းဆရာတော် ဦးသုဇာတထံ၌ သူငယ်တို့တတ်သင့်သော စာများကို ကျောင်းသားအဖြစ်ဖြင့် သင်ယူခဲ့သည်။ ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ခဲ့သည်။ ဆရာတော်က ရှင်တို့၏ ကျင့်ဝတ် သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံစာပေများကို သင်ကြားတော်မူသည်။ ၁၃၁၂-ခုနှစ် နယုန်လဆန်း ၁၂-ရက်နေ့၌ စစ်တောင်းမြို့ ကျောက်တိုင်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ရဟန်းအမတို့၏ပစ္စယာနုဂ္ဂဟနှင့် ကမ္မကာရက သံဃာတော်၏ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်းရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် အသက်ပန်းညိုအရှေ့ကျောင်းဆရာတော် ဦးသုဇာတထံ၌ရင်း၊ ကျိုက်ကသာ ကန်ကြီးကျောင်းတိုက် ဆရာတော် ဦးပညာဝံသထံ၌ရင်း၊ ကျိုက်ထိုမြို့ ဘုရားကြီးတိုက် ဆရာတော်၊ ငင်းတိုက် တိုက်အုပ်ဆရာတော် ဦးအရိယဝံသတို့ထံ၌ရင်း၊ မုပ္ပလင် ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် ဦးပညာဝံသ၊ ရန်ကုန် အလုံကွင်းကျောင်း ဆရာတော် ဦးပညာ၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် စာချ ဆရာတော်များ ဖြစ်ကြသော ဦးပညာဇောတ၊ ဦးအာဒိစ္စရံသီ၊ ဦးကောသလ္လတို့ ထံ၌ရင်း ပါဠိ အဋ္ဌကထာ ဋီကာ ပိဋကတ်ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

## ပဋိပတ်လုပ်ငန်းခွင်သို့ ရောက်လာပုံ

အရှင်ဉာဏာလင်္ကာရ သည် ထိုသို့ စာပေကျမ်းဂန် သင်ယူနေရင်းပင် ရောဂါဝေဒနာ ကျရောက်လာသဖြင့် စိတ်ဆင်းရဲနေစဉ် မဟာစည်သာသနာ့ရိပ်သာမှ ပြန်လာကြသော သီတင်းသုံးဖော်များ၏ တရားရှုမှတ်အားထုတ်၍ကောင်းကြောင်းအချင်းချင်းပြောဆိုကြခြင်းကို ကြားရ၍ "ငါဟာဒီအတိုင်းသေသွားလျှင် ဘာမှ အားကိုးစရာရှိမှာမဟုတ်ဘူး၊ တရားအားထုတ်ရလျှင်တော့ စိတ်ချမ်းသာပြီး အားကိုးစရာလည်း ရပေလိမ့်မည်" ဟု စိတ်အကြံဖြစ်ပြီး ရန်ကုန်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ပြီး တရားအားထုတ်ခဲ့ပေသည်၊

၁၅-ရက်လောက် ရှုမှတ်အားထုတ်မိသောအခါ စိတ်တည်ငြိမ်၍ အမှတ်ကောင်းလာသည်၊ စင်္ကြံသွားလျက် ရှုမှတ်နေရင်း စိတ်ချမ်းသာမှုတွေအလွန်

အကဲ ဖြစ်လာသည်ကို တွေ့ရ၍စဉ်းစားမိသည်မှာ "စောစောက အားထုတ်ယင် စောစောကပင် ဒီလိုချမ်းသာခဲ့မှာဘဲ၊ ယခုမှ အားထုတ်ရတာနောက်ကျသွားတာဘဲ" စသည်ဖြင့် စဉ်းစားလျက် သူတပါးအား တရားဟောပြောတိုက်တွန်းလိုသော သဒ္ဓါ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်လာသည်။ ကမ္ဘာနာစရိယ ဆရာတော် ဦးဝဏ္ဏိတ-က ဝမ်းသာတာ ဟောပြောလိုတာ ဆိုတဲ့ စိတ်အကြံဘွေကို ရှုမှတ်ပြီး ပယ်သွားဘို့ ပေါ်လာသမျှကို ရှုမှတ်ရုံမျှသာ မပြတ်ရှုမှတ်သွားဘို့ ညွှန်ကြားတော်မူသည်။

ထို့နောက် ရက်အနည်းငယ် ကြာသောအခါ ရှုမှတ်၍တာ ခြောက်တောက်တောက် ဖြစ်နေသဖြင့် ရိပ်သာမှ ပြန်ချင်စိတ်များ ဖြစ်လာသည်။ ဆရာတော် ဦးဝဏ္ဏိတက တရားသဘော ဖြစ်တတ်ပုံများကိုရှင်းပြ၍ ဆက်လက်အားထုတ်ရန် တိုက်တွန်းသည်၊ တိုက်တွန်းသည့်အတိုင်း ဆက်လက်၍အားထုတ်သောအခါ မကြာမီ အတွင်းမှာပင် အမှတ်ကောင်းလာ၍ ပြန်ချင်စိတ်များပျောက်ကင်းသွားသည်။ထိုအခါ "ပြန်ချင်နေတုန်းမှာ ဆရာတော်က ပြန်ခွင့်ပြုလိုက်ယင် ယခု တွေ့ရတဲ့ တရားအရသာမျိုးကို တွေ့ရမှာ မဟုတ်ဘူး၊ ဆရာတော်က ရှင်းလင်းညွှန်ပြပြီး တားထားပေလို့ ဒီလို တရားအရသာထူးကို တွေ့ရပေသည်၊ ကမ္ဘာန်းပြသမှုမှာ ကျွမ်းကျင်တော်မူကြပါပေသည်" ဟု ဆရာတော်များအား ကျေးဇူးတင်ပြီး ကြည်ညိုမိသည် ဆိုသည်။

ဉာဏ်စဉ်တရားတော်ကို နာရသောအခါ သူ့ဉာဏ်အဆင့်နှင့်သူ အထူးဖြစ်တတ်ပုံများကို ဟောပြထားသည်မှာ မိမိဖြစ်ပုံတွေနှင့် ကိုက်ညီနေသောကြောင့် အလွန်ပင် အံ့ဩမိလေသည်၊ အကြောင်းမှာ ထိုတရားတော်သည် လွန်ခဲ့သော ၁၀ နှစ်လောက်က အသံသွင်းထားသော တိပ်ခွေထဲမှ တရားသံဖြစ်ပါလျက် ယခုအားထုတ်သောသူတို့၏ ဖြစ်ပုံ တွေ့ပုံများနှင့် ကိုက်ညီနေသောကြောင့်ပင် အကယ်၍ ဆရာတော်ဘုရားကြီးက နှုတ်ဖြင့်ဟောပါမူ ကမ္ဘာနာစရိယများက လျှောက်ထား၍ ငါ့ဖြစ်ပုံကို ထည့်ဟောသည်ဟု တွေးထင်မိပေလိမ့်မည်-စသည်ဖြင့် စဉ်းစားလျက် ဗုဒ္ဓမြတ်စွာ တရားတော်၏ သွာက္ခာတ စသော ဂုဏ်တော်တို့ကိုလည်းကောင်း၊ တရားပြသော ဆရာတော်တို့ကိုလည်း ကြည်ညိုမှုသဒ္ဓါတရားဘွေ အတိုင်းထက်အလွန် ဖြစ်ပွားခဲ့ပေသည်။

ထိုသို့ ကြည်ညိုမှုသဒ္ဓါတရား တိုးပွားသဖြင့် ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်ရန်ရည်ရွယ်၍ ကျိုက်ထိုမြို့ ဝေပုလ္လတောင် တောကျောင်းတခု၌ တပါးတည်း သီတင်းသုံးနေလေသည်၊ ထိုသို့နေစဉ်မှာ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးနှင့် ကမ္ဘာနာစရိယ ဆရာတော် ဦးသုဇာတတို့၏



## ဆရာတော် ဦးကောသလ္လ

### မြင်းကကုန်းမြို့ သာသနာ့ရိပ်သာ ဖျာပုံ

ဆရာတော် ဦးကောသလ္လသည် ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ညောင်ပင်ရပ် တောင်ပိုင်း ခမည်းတော် ဦးသိန်း- မယ်တော် ဒေါ်နှင်းစိန်တို့မှ

---

အမိန့်အရ ၁၃၂၆-ခုနှစ်မှ စ၍ ကျိုက်လတ်မြို့ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ သီတင်းသုံး နေထိုင်လျက် ဒကာ-ဒကာမများတို့အား တရားဟောခြင်း၊ ယောဂီတို့အား ကမ္မဋ္ဌာန်း အလုပ်တရား ဟောခြင်း၊ ကမ္မဋ္ဌာန်းစစ်မေး ပြုပြင်ပေးခြင်းစသော ကမ္မဋ္ဌာနာစရိယ၏ ကိစ္စအဝဝကို ဆောင်ရွက်တော်မူကာ ပဋိပတ္တိသာသနာတော်ကို ပြုစုတော်မူလျက် ရှိသည်။ ထိုရိပ်သာ၌ လာရောက် အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၄၇၆၃)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

သက္ကရာဇ်-၁၂၈၇-ခုနှစ် သီတင်းကျွတ်လဆန်း ၁၂-ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူသည်။

ကျောင်းသားအရွယ် ရောက်လျှင် မိဘတို့က ဗန်းမော်မြို့ ညောင်ပင်ရပ် တောင်ပိုင်း စေတီတော်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဘာသာရေး အခြေခံ စာပေများကို သင်ကြားခဲ့သည်။ ဆက်လက်၍ လယ်ပေါ်ကျောင်း တိုက် ဆရာတော် ဦးသံဝရထံ၌ ကျောင်းသားရှင်ငယ်တို့ သင်ရိုးဖြစ်သော နမက္ကာရ–လောကနီတိ-ပရိတ်–ရှင်ကျင့်ဝတ် စသည်တို့ကို သင်ယူလေသည်။ ၁၃၁၂-ခုနှစ် တပေါင်းလဆုတ် ၇-ရက်နေ့တွင် ကချင်ပြည်နယ် ဗန်းမော် မြို့ သံသည်ညွှတ်ဒေး အဖွဲ့ ဂိုဏ်းချုပ် ဦးနန္ဒဝံသ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ကျောင်းသား- ရှင်ငယ်တို့ သင်သင့် သင်ထိုက်သော အခြေခံစာပေတို့ကို သင်ကြားခဲ့ပြီးနောက် ရဟန်းအဖြစ်သို့ရောက်လျှင် ရွှေကျီးနား စေတီတော် အနီး တံခွန်တိုင် ကျောင်းတိုက် ဆရာတော် ဦးပညာသာမိထံတွင် ပါဠိ အဋ္ဌကထာ-ဋီကာ အဘိဓမ္မာ စာပေတို့ကို သင်ယူတော်မူသည်၊

ပိဋကတ်စာပေတို့ကို သင်ယူပြီးနောက် မူလကတည်းက ပဋိပတ္တိ အကျင့် မြတ်၌ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရန် အဆုံဝါသနာခေတ် သဒ္ဓါမြတ် ပါရှိခဲ့ပြီး ဖြစ်သည့်အတိုင်း ရန်ကုန်မြို့ မဟာစည် ‘သာသနာ့ရိပ်သာသို့ ကြွရောက်ကာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဝဏ္ဏိတထံတွင် ကမ္မဋ္ဌာန်းတရား များကို စနစ်တကျ ဆရာကြေနပ်သည့်တိုင်အောင် ကြိုးပမ်းအားထုတ်တော် မူသည်။ စနစ်တကျ အားထုတ်ခဲ့ပြီးနောက် ယခုအခါ ဖျာပုံခရိုင် ဘိုက လေးမြို့နယ်–မြင်းကာကုန်းမြို့ မဟာစည်ဩဝါဒခံ သာသနာ့ရိပ်သာ၌ ကမ္မ ဋ္ဌာနာစရိယ အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူလျက် ရှိပေသည်။ ထို ရိပ်သာတွင် အားထုတ်ပြီးသော ယောဂီဦးရေမှာ (၃၂၀) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပေသည်။



ကျောက်ဝိုင်း မဟာစည်သာသနာ့ရိပ်သာ အိမ်မဲမြို့

ဆရာတော် ဦးဣန္ဒဝံသ

ဆရာတော် ဦးဣန္ဒဝံသ သည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် လေးတော် ဇရပ်ပြင်ရွာ ခမည်းတော်-ဦးဘိုးသာအောင်နှင့် မယ်တော်ဒေါ်ခိုင်ဖြူတို့ထံမှ သက္ကရာဇ် ၁၂၇၉-ခုနှစ် တန်ခူးလဆုတ် ၅-ရက်၊ တနင်္ဂနွေနေ့၌ မိုးမှုန်း သန်း စင် ဖွားမြင်တော် မူခဲ့သည်။

ကျောင်းသားအရွယ်သို့ ရောက်သည့်အခါ ကိုးကွယ်ရင်းဖြစ်သော ဇရပ်ပြင်ရွာကျောင်းဆရာတော် ဦးဝါသဝထံတွင် အပ်နှံ၍ သင်ရိုးသင်ပုန်းကြီးမှစ၍ သင်ကြားလာခဲ့ရာ မင်္ဂလသုတ်, အောင်ခြင်းရှစ်ပါး, ရတနာ့ရွှေချိုင့်, နမက္ကာရ,လောကနီတိ,ပရိတ်ကြီး စသည်နှင့် ရှင်မဟာသီလဝံသ ဆုံးမစာများ ပါ သင်ကြားတတ်မြောက်ခဲ့သည်။ နေ့ရှင်းကျောင်း၌ပင် ရှင်သာမဏေ ပြုလျက် ရှင်သာမဏေအဖြစ်နှင့် သုဝဏ္ဏသျှံ စသော ဇာတ်တော်များ၊ သဒ္ဒါကြီး, သင်္ဂြိုဟ်, မာတိကာ, ဓာတုကထာ စသော အခြေခံစာပေများကို သင်ကြားခဲ့သည်၊ အသက်ပြည့်၍ ရဟန်းပဉ္စင်းအဖြစ်ကိုလည်း ရွာကျောင်းဆရာတော် ဦးဝါသဝအား ဥပဇ္ဈာယ်ပြု၍ပင် တက်ရောက်တော် မူသည်၊ ဆရာရင်း ဖြစ်သော ဆရာတော် ဦးဝါသဝထံတွင် အခြေခံ သဒ္ဒါ, သင်္ဂြိုဟ် စသည်ကို

အသပ်လပ်သင်ယူပြီးနောက် အထက်စာပေများ သင်ယူရန် ဇာတိဖြစ်သော ဇရပ်ပြင်ရွာကျောင်းမှ ထွက်ခွါ၍ သရက်မြို့သို့ ကြွရောက်တော်မူသည်။

သရက်မြို့သို့ရောက်သည့်အခါ မဟာဝိသုတာရာမရွှေဘုံသာ စာသင်တိုက်၌ ဝင်ရောက်နေထိုင်ပြီးလျှင် ၁-တိုက်အုပ်ဆရာတော်ဦးကောဝိဒ၊ ၂-ဆရာတော် ဦးနန္ဒဝံသ၊ ၃-ဆရာတော် ဦးခန္တီ တို့ထံတွင်၎င်း၊ ထို့မှ စလင်းမြို့ ကိုးဆောင် တိုက်သို့ ပြောင်းရွှေ့၍ ၁။ ရွှေကျောင်းဆရာတော်ဦးကုမာရ။ ၂၊ ဦးကိတ္တိ တို့ထံတွင်၎င်း၊ တဖန် မန္တလေးမြို့ မစိုးရိမ်တိုက်သို့ပြောင်းရွှေ့၍ ၁၊ ဆရာ တော် ဦးသူရိယ၊ ၂၊ ဆရာတော် ဦးကောသလ္လ။ ၃၊ ဆရာတော် ဦးဝိစိတ္တ၊ ၄၊ ဆရာတော် ဦးနာရဒ၊ ၅၊ ဆရာတော် ဦးဝိသုဒ္ဓတို့ ထံတွင်၎င်း၊ တဖန် ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ၁၊ တိုက်အုပ် ဆရာ တော် ဦးကောဏ္ဍည၊ ၂၊ ဆရာတော် ဦးအာစိဏ္ဏ တို့ထံတွင်၎င်း၊ တဖန် ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ပြောင်းရွှေ့ပြန်လျက် ၁-ဆရာတော် ဦးနန္ဒဝံသ၊ ၂- ဆရာတော် ဦးပညာဇောတ၊ ၃- ဦးဒေဝတ (ယခု တာမွေသိမ်ကုန်းဆရာတော်) ၄-ဦးကောဏ္ဍည၊ ၅-ဦးဝါသဝ ဆရာတော်တို့ ထံတွင်၎င်း၊ ဆိုခဲ့ပြီးလိုက်ပါနှစ်ရပ်လုံးဖြင့် နိကာယ်ငါးရပ်, ပါဠိ, အဋ္ဌက ထာ, ဋီကာများကို သင်ကြား အားထုတ်တော်မူသည်။

## ပဋိပတ္တိလုပ်ငန်းဆက်

ထိုသို့ ပရိယတ္တိ စာပေများကို သင်ကြားပြီးလျှင် ဆရာတော်ဦးဣန္ဒဝံသ သည် ပဋိပတ္တိလုပ်ငန်းအတွက် ဆက်လက် အားထုတ်ရန်အတွက် ထိုအခါက ဟောပြနေသော ဝိပဿနာရှုနည်း အမျိုးမျိုးကို မိမိအားထုတ် သင်ကြား ပြီးသော စာပေဗဟုသုတဖြင့် လေ့လာစိစစ်သည်၊ ထိုလေ့လာ စိစစ်ရာတွင် မြတ်စွာဘုရား ဟောတော်မူသော ဒေသနာတော်နှင့် အညီညွတ်ဆုံး ဟု သဘောကျ၍ အနှစ်သက်ဆုံး ဖြစ်သော မဟာစည် ဝိပဿနာ ရှုမှတ်နည်းကို အားထုတ်ရန် ရွေးချယ် ဆုံးဖြတ်တော် မူလိုက်သည်။

## ရန်ကုန် မဟာစည်ရိပ်သာသို့

ဆုံးဖြတ်ပြီးဖြစ်သည့်အတိုင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာသို့ ရောက်ခဲ့သည်။ ထို ရိပ်သာတွင် ၁-ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၊ ၂-ဖျာပုံသာသနာ့ ရိပ်သာ ဆရာတော်ဦးဝဏ္ဏိတ၊ ၃-ဆရာတော် ဦးသုဇာတ၊ ၄-ဆရာတော်



မဟာစည် သာသနာ့ရိပ်သာ မြောင်းမြ

## ဆရာတော် ဦးဉာဏိန္ဒ

ဆရာတော် ဦးဉာဏိန္ဒ လောင်းလျာသည် ပုသိမ်ခရိုင် ငပုတောမြို့နယ် သမ္မာဒေဝရွာ ခမည်းတော် ဦးတား မယ်တော် ဒေါ်အေးချိန်တို့မှ ၁၂၇၅-ခုနှစ် ဒုတိယဝါဆို လဆုတ် ၁၂-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

---

ဦးနန္ဒဝံသတို့၏ ညွှန်ပြခြင်းကို ခံယူလျက် မဟာသတိပဋ္ဌာန်ဝိပဿနာတရားကို ဆရာ အားရသည်အထိ စနစ်တကျ ရှုမှတ်ပွားများတော်မူခဲ့သည်။ စနစ်တကျ ရှုမှတ်ပွားများခဲ့ပြီးနောက်ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့်ဆရာတော်ဦးဝဏ္ဏိတတို့၏ အမိန့်အရ အိမ်မဲမြို့ ကျောက်ဝိုင်း မဟာစည် သာသနာ့ ရိပ်သာ၌ သီတင်းသုံးကာ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက် ရှိသည်၊ ထို ရိပ်သာ၌ အားထုတ်ပြီး ယောဂီပေါင်း ( ၇၆၃ )ဦး ရှိသွားပြီဟု သိရပေသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ရွာကျောင်းဘုန်းတော်ကြီးထံ မိဘတို့က အပ်နှံ၍ ဆရာဘုန်းတော်ကြီးက သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ကြားပေးတော်မူခဲ့သည်။ ယင်းဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ဆရာဘုန်းတော်ကြီးက ရှင်ဉာဏိန္ဒဟု ဘွဲ့အမည်ပေး၍ ရှင်သာမဏေတို့ ကျင့်ဝတ်သိက္ခာပုဒ်များနှင့်တကွ ပိဋကတ် အခြေခံစာပေများကို သင်ကြားပေးတော်မူခဲ့သည်၊ ၁၃၀၄-ခုနှစ် တပို့တွဲလဆန်း ၁၅-ရက်နေ့တွင် သမ္မာဒေဝရွာ ဓမ္မသုခါရာမတိုက် ဆရာတော် ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒကာရဟန်းအမတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သောအထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်ထံ၌ နိဿယည်းလွတ်သည်တိုင်အောင် အတူနေလျက် ပိဋကတ်စာပေများကို သင်ယူခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်ထံမှ ခွင့်ပြုချက်ရသောအခါ ပုသိမ်မြို့ သဒ္ဓမ္မသိတဂူဆရာတော် ဦးအာစိဏ္ဏထံ၌၎င်း၊ ပဲခူးမြို့ မြို့မ စာသင်တိုက် ဆရာတော် ဦးဂုဏာလင်္ကာရထံ၌၎င်း၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် ဆရာတော် ဦးစန္ဒရံသီထံ၌၎င်း၊ မန္တလေးမြို့ အနောက်ပြင် ဝေဠုဝန်ဘုံသာ ပါဠိတက္ကသိုလ်ဆရာတော် ဦးကလျာဏထံ၌၎င်း၊ ရန်ကုန်မြို့ မြေနီကုန်း ဗားကရာတောရ ပါဠိတက္ကသိုလ် ဆရာတော် ဦးနာဂဝံသထံ၌၎င်း၊ ပါဠိ အဋ္ဌကထာ ဋီကာ ပိဋကတ် ကျမ်းဂန်များကို ကြိုးစား သင်ယူတော်မူခဲ့သည်။

ပုသိမ်မြို့ သဒ္ဓမ္မသိတဂူကျောင်း၌ နေစဉ်က သဒ္ဓမ္မသိတဂူဆရာတော်သည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားထံမှ ဩဝါဒခံယူကာ တရားအားထုတ်ပြီး၍ ပြန်လာသောအခါ သာသနာ့ရိပ်သာ ဖွင့်လျက် ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူသည်ကို အကြိမ်များစွာ နာရသောကြောင့်၎င်း၊ အထူးအားဖြင့် မူလပဏ္ဏာသ ပါဠိတော်မှ အရိယပရိယေသနတရားတော်နှင့် အလှူရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ တရားရှာပုံများကို ကြားနာရသောကြောင့်၎င်း တရားအားထုတ်လိုသော စိတ်ဆန္ဒများထက်သန်စွာ ဖြစ်ပေါ်လာခဲ့သည်၊ ထို့ကြောင့် သဒ္ဓမ္မသိတဂူ သာသနာ့ရိပ်သာ၌ပင် စ၍ အားထုတ်ခဲ့သည်။

နောက်တချိန်၌ ရန်ကုန်မြို့၌ သာသနာ့ရိပ်သာကျေးဇူးရှင်မဟာစည်ဆရာတော်ထံမှာ ဩဝါဒခံယူ၍ လက်ထောက်ကမ္မဋ္ဌာနာစရိယ ဦးဝဏ္ဏိတ၏ ညွှန်ကြားပြသမှုကို ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ခဲ့သည်၊ ထိုသို့ အားထုတ်စဉ်မှာ အာရုံနှင့် မှတ်စိတ် နှစ်ခုတည်းကိုသာ တွေ့ရလျက်



သာသနာ့ကာရီရိပ်သာ မော်လမြိုင်ကျွန်း

## ဆရာတော် ဦးအာသဘ

ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းခရိုင်၊ ချောင်းဦးမြို့နယ်၊ ရွာထင်ရွာ ခမည်းတော် ဦးဘိုးမောင် ၊မယ်တော် ဒေါ်အုံတို့မှ သက္ကရာဇ်-၁၂၅၇-ခုနှစ်၊

---

ကြောင့်ကြမပြုရတော့ဘဲ အမှတ်အသိကောင်းနေသောအခါ သတိပဋ္ဌာန် လုပ်ငန်းတရားတော်အပေါ်၌ ယုံကြည်မှုသဒ္ဓါတရား အလွန်အကဲ ဖြစ်ပေါ် ခဲ့သည်၊ ထို့ကြောင့် ကြိုးစား၍ အားထုတ်သွားရာ နောက်ဆုံး၌ ဉာဏ် စဉ်တရားကို နာရပေသည်၊ ဉာဏ်စဉ်တရားကို နာရသောအခါ အားထုတ် စဉ်က တွေ့ခဲ့သော ဖြစ်ပုံများနှင့် ကိုက်ညီနေသည်များကို ကြားနာရ သိ ရသောကြောင့် တကယ်မှန်ကန်သော တရားကို အားထုတ် ရသည့်အတွက် အမှန်အကန်တွေကို သိရပေသည်ဟု ဆင်ခြင်လျက် ဝမ်းမြောက် ဝမ်းသာ များစွာ ဖြစ်ရသည့်ပြင် သူတပါးတို့အားလည်း ဟောပြောလိုသောဆန္ဒများ ထက်သန်စွာ ဖြစ်ပေါ်လာခဲ့ပေသည်။

ပြာသိုလဆန်း (၁) ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ ခမည်းတော် - မယ်တော်တို့သည် ဆရာတော်ဘုရားကြီး ငယ်ငယ်ကပင် အညာဒေသ ရွာထင်ရွာမှ အောက်ပြည်အောက်ရွာ မော်လမြိုင်ကျွန်း မြို့နယ်-နတ်မင်းကြီးရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်၊ ကျောင်းသားအရွယ် သားငယ်ကို မိဘတို့က နတ်မင်းကြီးကျောင်း ဆရာတော် ဦးသိဒ္ဓိထံ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ သင်ရိုးစာပေများကို သင်ကြားပေးသည်၊ ရှင်သာမဏေပြုချိန်တွင် ထိုဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် သာမဏေအဖြစ်သို့ ရောက်တော်မူသည်၊ သာမဏေအဖြစ်သို့ ရောက်လျှင် ဆရာတော်သည် ရှင်အာသဘ-ဟူသော ဘွဲ့အမည်ကိုမှည့်၍ ပိဋကတ် အခြေခံ စာပေနှင့် ရှင်သာမဏေတို့၏ ကျင့်ဝတ် သိက္ခာပုဒ်များကို သင်ကြားပေးတော်မူသည်။

သက်တော် ၂၀-ပြည့်လျှင် နတ်မင်းကြီးဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ဥဒကုက္ခေပရေသိမ်တွင် ကာရကသံဃာ-၂၀-ဖြင့် ၁၂၇၈-ခုနှစ်၊ တပေါင်းလဆန်း-၁၄-ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ငယ်ရွယ်စဉ်ကပင် မဟာဇ္ဈာသယဓာတ် မြင့်မြတ်သော ဆရာတော်သည် ဘုရားရှင်သာသနာတော်၌ လေးစားကြည်ညို သိက္ခာပုဒ်တော်များကို ရိုသေခြင်းရှိလှရကား- အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ-ဟူသော

---

❁ ထိုသို့ဖြစ်ပေါ်ခဲ့သော အလိုဆန္ဒများအရ ယခုအခါ ပြောင်းမြို့မဟာစည်သာသနာ့ရိပ်သာ၌ ရောက်လာသမျှသော ရဟန်း ရှင်လူ ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ တရားကို ဟောကြားပြသလျက် ရှိပေသည်။ ထိုရိပ်သာ၌အားထုတ်ပြီး ယောဂီဦးရေမှာ(၁၂၀၀)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

လဇ္ဇီပေသလ သိက္ခာကာမ အရှင်မြတ်တို့၏ သဘောအတိုင်း သေးငယ်သော သိက္ခာပုဒ်များကိုပင် မကျူးမလွန်မိအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူလေ့ ရှိပေသည်။

ပရိယတ္တိဓမ္မကိုလည်း အားပေးချီးမြှောက်လိုသော သဒ္ဓါ·ဆန္ဒ ပြင်းပြတော်မူလှသည်ဖြစ်၍ ပရိယတ္တိသာသနာတော် ပြန့်ပွားစေရန် ရှေးဦးစွာကိုယ်တိုင်အပင်ပန်းခံ၍ မနေမနား ကြိုးစားတော်မူသည်။ မန္တလေး မစိုးရိမ်တိုက် ဆရာတော် ဦးသောမထံ၌၎င်း၊ မြင်းခြံခရိုင် ခင်မကန်-ခုနစ်ရာကိုင် ရှုပသိဒ္ဓိ စာသင်တိုက် ဆရာတော် ဦးနန္ဒမာလာထံ၌၎င်း၊ မြင်းခြံတိုက်သစ်ဆရာတော် ဦးဘိလောကထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးပညာ- ဦးနန္ဒဝံသတို့ထံ၌၎င်း၊ အမရပူရမြို့ မင်္ဂလာတိုက်သစ်ညာဝါ ဆရာတော် ဦးဓမ္မသာမိထံ၌၎င်း- နိကာယ်ငါးရပ် ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို မိမိတတ်သိရုံသာမက စာသင်ငယ်တို့အားလည်းချို့နိုင်သည်အထိ ဂရုတစိုက် သင်ယူတော်မူသည်။

ရှေးဦးကပင် ပရိယတ္တိ သာသနာတော် စည်ပင် ပြန့်ပွားစေလိုသောရည်ရွယ်ချင်း နှလုံးသွင်း ရှိတော်မူခဲ့သည့်အတိုင်း - ၁၂၈၈ - ခုနှစ်မှ စ၍ ၁၃၀၀-ပြည့်နှစ်ကျအောင်(၁၂)နှစ်တို့ပတ်လုံး စာသင်ငယ်တို့အား ပရိယတ္တိဓမ္မချပို့တော်မူခြင်း၊ ရှင်လူအပေါင်းတို့အား ဩဝါဒ ဒေသနာဓမ္မ ဟောကြားပြသခြင်း-တို့ဖြင့် အချိန်ကို ကုန်လွန်စေတော်မူသည်။

## ပဋိပတ္တိအလုပ် အားထုတ်ခြင်း

ပရိယတ္တိ သာသနာတော်ကို စွမ်းအား ရှိတော် မူသလောက် ချီးမြှောက်အားပေးတော်မူပြီးနောက် ပဋိပတ္တိ သာသနာတော်ဘက်သို့ လှည့်တော်မူခဲ့သည်၊ သဒ္ဓါ ဆန္ဒ ထက်သန်သော ဆရာတော် ဖြစ်သည့်အတိုင်း ပဋိပတ္တိဘက်သို့လှည့်ပြီဆိုလျှင်ပင် မိမိနေရာကျောင်း တိုက်တာတို့ကို စွန့်ခွာတော်မူခဲ့တော့သည်။

သထုံမြို့ မူလ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့် ရန်ကုန်အင်းဝိန် မင်းကွန်းတိုက် ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ ထံ၌၎င်း၊ မိုးညှင်းတောရတိုက်ဆရာတော်တို့ထံ၌၎င်း။ ဝိပဿနာ တရားပွားများနည်း နိသျည်းများကို စနစ်တကျခံယူပြီးလျှင် ၁၃၀၁-ခုနှစ်တွင် ဖိုးဝန်းတောင်သို့ ထွက်တော်မူခဲ့ကာ ခြောက်တန်းကျ တောရကျောင်းဘွင် တနှစ်ပတ်လုံး အရ

ညာဏ်ဓာတ်ဆောက်တည်လျက် ပဋိပတ္တိအလုပ်ကို ကြိုးပမ်းအားထုတ်တော်မူသည်၊ ယောဂီတို့၏ တောင်းပန် လျှောက်ထား မှုတို့ကြောင့် ထိုဌာနတွင် ကမ္မဋ္ဌာန်းတရားပေးခြင်း, တရားဓမ္မဟောပြ ဩဝါဒပေးခြင်း များကိုလည်း ပြုတော်မူသည်။ သို့သော် ဥပုသ်နေ့တို့၌သာ တရားဓမ္မ ဟောပြတော်မူပြီး လျှင် အခြားနေ့တို့၌မူ ဟောတော်မမူပဲ တရားကိုသာ အားထုတ်စေတော်မူ၏။ တောရကျောင်း ဖြစ်သည်အလျောက် စိမ့်စမ်းအရိပ်အာဝါသအားကြီး ရကား နောက်ပိုင်းတွင် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ မလို လောက်အောင်ဖြစ်လာ၍ အထက်အညာဒေသမွေးဇာတိ ရွာသင်ရွာ ဒကာ တို့က ပင့်လျှောက်ချက်ဖြင့် လိုက်ပါ ကုသ ခြင်းကို ခံယူတော် မူသည်။ ကျန်းမာရေးပြန်ကောင်းလာသည့်အခါ နတ်မင်းကြီး ဒကာတို့က ပင့်ပြန်၍ နတ်မင်းကြီးကျောင်းတွင် စာပေ့သို့ချနေတော်မူရပြန်သည်။ ၁၃၀၃–ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာရာ၌ နတ်မင်းကြီး တောရ ကျောင်းမှ မော်လမြိုင်ကျွန်းမြို့ပေါ်သို့ ကြွရောက်တော်မူပြီး ဆောင်ရွက်မြဲ ပရိယတ် ပဋိပတ်အလုပ်များကို ဆောင်ရွက်တော်မူသည်။

ထိုအတွင်း မော်လမြိုင်ကျွန်း မြို့ပေါ်တွင် ၁၃၁၂–ခုနှစ်၌ (သာသနာ့ ကာရီ) ကျောင်းတိုက်ကြီး တတိုက် တည်ဆောင် လိုက်ကြသည်။ ထို သာသနာ့ကာရီ ကျောင်းတိုက်မှနေ၍ ၁၃၁၃–ခုနှစ်တွင် ရန်ကုန်မြို့ မဟာ စည် သာသနာ့ရိပ်သာသို့ မော်လမြိုင်ကျွန်း မြို့နယ်လုံးဆိုင်ရာ ကိုယ်စားလည် အဖြစ် ကြွရောက်တော်မူ၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်းကို ၂–လကျော် အားထုတ်တော်မူရာ ညာဏ်စဉ်တရား နာကြားတော်မူရသည်အထိ အောင်မြင်တော်မူခဲ့သည်။

မော်လမြိုင်ကျွန်းသို့ပြန်ရောက်တော်မူလျှင် ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးထံမှ အားထုတ်ခဲ့သော သတိပဋ္ဌာန် ရှုမှတ်နည်း အတိုင်း ရိပ်သာဖွင့်လျက် ပဋိပတ္တိသာသနာတော်ပြန့်ပွားရေးကိုကြိုးပမ်း ဆောင်ရွက် တော်မူသည်၊ ထိုဆရာတော် ဘုရားကြီးမှာမြို့မဝိနည်းဒိုရ် ခရိုင်ဝိနည်းဓိုရ်ခန့် အပ်ခြင်းခံရသော ဆရာတော်ဘုရားကြီးလည်း ဖြစ်တော်မူသည်။ ထိုဆရာ တော်ဘုရားကြီး၏ ရိပ်သာတွင် တရားအားထုတ်ပြီး ယောဂီ ဦးရေမှာ (၆၇၀၀) ရှိသွားပြီဖြစ်ကြောင်း သိရသည်။



အောင်မြေဘုံကျော် သာသနာ့ရိပ်သာ ပုသိမ်

(မဟာစည်ဓမ္မကထိက) ညောင်ကန် အရှင် ဦးဣန္ဒက

ဆရာတော် ဦးဣန္ဒက (ညောင်ကန် အရှင်ဣန္ဒက) လောင်းလျာသည် မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ညောင်ကန်ရွာ ရွှေအိမ်တော်ရပ် ခမည်းတော် ဦးဘဒေါင်-မယ်တော် ဒေါ်ပွဲဟန်တို့မှ ၁၃၀၀-ပြည့်နှစ် နယုန်တန်ခူး လပြည့်ကျော် ၁၃-ရက်(၁၆၊ ၄၊ ၃၉) တနင်္ဂနွေနေ့ ညနေ ၄-နာရီအချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။ (၈) နှစ်သား အရွယ်တွင် မိဘတို့က ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက် သဂေါ်ကျောင်း ဘုန်းတော်ကြီးထံ အပ်နှံ၍ ဆရာဘုန်းတော်ကြီးက သူငယ်တို့ တတ်သင့်သော အခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်။ ငယ်ရွယ်စဉ်ကပင် တရားနာရန် ဝါသနာပါခဲ့သည်၊ သက်ကြီးရွယ်ကြီးများ တရားစကား ပြောရာ၌ နားထောင်လေ့ရှိသည်၊ တရားဟောလည်း ဝါသနာပါ၍ ယမမင်း စစ်ခန်း သံဝေဂါက်များကို ကျက်မှတ်၍ ဟောလေ့ရှိခဲ့သည်။

၁၂ နှစ်သားအရွယ်တွင် ထိုကျောင်းဘုန်းကြီးထံ၌ပင် မိဘတို့၏ ကျေးဇူးသာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဆရာဘုန်းတော်ကြီးက

ရှင်ဣန္ဒက-ဟု ဘွဲ့အမည်ကိုပေး၍ ပိဋကတ် အခြေခံစာပေများကို သင်ကြား ပေးတော်မူသည်၊ အရှင်ဣန္ဒကသည် ဝါသနာအလျောက် အားလပ်ချိန် များ၌ တရားစာများကို ကျက်၍ တရားဟောလေ့ရှိခဲ့သည်။ ထိုစဉ်အခါက ပင် "တရားဆိုတာ ဘောရုံ နာရုံဖြင့် ပြီးသလား၊ ဘယ်လို ကျင့်ရသလဲ"ဟု စိတ်အကြံဖြစ်ခဲ့သည်၊ သူ၏ဆရာတော်က လူအများအား အာနာပါနဿတိ ကို အားထုတ်ရာ၌ သူလည်း ပါဝင် အားထုတ်ခဲ့သည်၊ ဦးပဍ္ဍင်းကြီး ဦးပဏ္ဍိတ၏ ညွှန်ကြားချက်အရ ဗုဒ္ဓါနုဿတိနှင့် မေတ္တာဘာဝနာကိုလည်း အနည်းငယ် အားထုတ်ခဲ့ဘူးသည်၊ ထူးခြားချက်ကိုကား မတွေ့ခဲ့ရ။ "သူများ အား တရားဟောချင်သော သူသည် ကိုယ်တိုင် တတ်သိ နားလည်ရမည်၊ ကိုယ်တိုင် အားထုတ်ဘူးရမည်" ဆိုသော အချက်ကိုတော့ ထိုစဉ်ကပင်သဘော ပေါက်ခဲ့ပေသည်။

၁၆-နှစ်သား အရွယ်တွင် မန္တလေးမြို့ တောင်ပြင် မဟာအောင်မြေ ကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိတထံ၌ နေ၍ရှင်း၊ ၁၈-နှစ်သား အရွယ် တွင် အနောက်ပြင် မိုးကောင်းတိုက် ဂန္ဓဂေါကျောင်း၊ ဆရာတော် ဦးကု မာရထံ၌ နေ၍ရှင်း၊ သဒ္ဒါ-သင်္ဂြိုဟ်စသော အခြေခံ စာပေများကို သင်ယူ ရင်း ဝါသနာအလျောက် တရားဟောနည်း၊ ပြောနည်း များကိုလည်း လေ့လာ ဆည်းပူးခဲ့သည်၊ သက်တော် (၂၀) ပြည့်လျှင် ဇာတိရပ်မြေ သြောင်ကန်သို့ ပြန်၍ ရှစ်မျက်နှာကျောင်းတိုက် သဘော်ကျောင်း ဆရာ တော် ဦးဣန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟနှင့် ဓမ္မကာ ရကသံသာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ၁၃၂၀-ပြည့်နှစ် ဒုတိယဝါဆို လဆန်း ၅-ရက်နေ့တွင် သာသနာ့ဝန်ထမ်း မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက် တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးသော သြောင်ကန် အရှင် ဣန္ဒကသည် မုံရွာမြို့ မဏိရတနာပုံ ကျောင်းတိုက်၌ နေလျက် မဟာနာယက ဆရာတော် ဦးနန္ဒိယ တိုက်အုပ် ဆရာတော် ဦးကောသလ္လ၊ တိုက်ကြပ် ဆရာတော် ဦးနာဝိက တို့ထံတွင် ပိဋကတ် စာပေများကို သင်ယူခဲ့သည်။ ရဟန်း တဝါအရတွင် ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ဓမ္မာယတန ကျောင်း၌ နေလျက် ရတနသိဒ္ဓိ ဆရာတော် ဦးနန္ဒိယ၊ တိလောကာလင်္ကာရဆရာတော် ဦးမာဃသိန္ဒ၊ ဇေယျသုခဆရာတော် ဦးဂန္ဓမာ စသော စာချအကျော် ဆရာ တော်များထံ၌ နိကာယ်ငါးရပ် ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာများကို ကြိုးစားသင်ယူခဲ့သည်။ ထိုသို့ သင်ယူစဉ်၌လည်း ပါဠိတော်များကို ကြည့်ရှု ကြားနာတိုင်း မြတ်စွာဘုရား၏ စကားတော်ကို တကယ်ကြားနာနေရသကဲ့ သို့ ဖြစ်လျက် တရားအားထုတ် လိုသော ဆန္ဒများ ဖြစ်ပွားခဲ့လေသည်။

အထူးအားဖြင့်မူ ဒီဃနိကာယ်ကို ပို့ချနေသော ဝမ္ဗာလင်္ကာရ ဆရာတော် ဦးကုသလထံ၌ ဆိုဝါဖြင့် သင်ယူနေစဉ် မဟာဝဂ္ဂ မဟာ ပရိနိဗ္ဗာန သုတ်တော်၌....။

ပန်းနံ့သာ တူရိယာစသည်တို့ဖြင့် ပူဇော်ရုံမျှဖြင့် မြတ်စွာဘုရား ကို ရိုသေသည် ပူဇော်သည် မမည်သေးကြောင်း၊ လောကုတ္တရာ တရားအား လျော်သောအကျင့်ကို ကျင့်သူသည်သာလျှင် မြတ်စွာ ဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ရိုသေသည် ပူဇော်သည် မည်ကြောင်း....။

မိန့်တော်မူပုံကို တွေ့သိရသောအခါတွင် တရားအားထုတ်လိုသော စိတ်ဆန္ဒ များ ထက်သန်စွာ ဖြစ်ပွားလာခဲ့ပေသည်။ ထို မဟာဝိသုတာရာမတိုက်၌ ဖွင့်ထားသော ကိန္နရာတောင် ဓမ္မကထိက အဖွဲ့မှ သရက် အောင်မင်္ဂလာ ဆရာတော် ဦးစန္ဒာဝရက မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်းကျမ်းမှ ယူ၍ သတိပဋ္ဌာန် ရှုမှတ်ပုံတရားကို ဟောသည့်တွင် ကြားနာရ၍ ထိုနည်းအရ အားထုတ်တော့မည် ဟု ဆုံးဖြတ်ချက် ချမိ ခဲ့ပါသည်။

ထိုသို့ဆုံးဖြတ်ချက်ချပြီးနောက် တရားအားထုတ်ရန် ရန်ကုန်သို့ လာခဲ့ရာ ၁၃၂၅-ခုနှစ် တပေါင်းလဆန်း ၆-ရက်နေ့ နံနက်တွင် သာသနာ့ ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ရောက်သည်။ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသက ရိပ်သာစည်းမျဉ်းများကို ဖတ်စေကာ မေးမြန်းပြီးလျှင် လက်ခံ၍ နေရာချထားပေးသည်။ နေရာမှာ ကမ္မဋ္ဌာနာစရိယများ၏ နေရာ သစ်သား ကျောင်းကလေးများနှင့် မျက်နှာ ချင်းဆိုင် တိုက်နံပါတ်(က)အခန်း (၉) ဖြစ်သည်၊ ထိုအခါက အရှင်ဇ္ဇနက သည် ဘယ်အချိန်မှာ ဘယ်ဌာနသို့ ကြွပြီး ဆွမ်းဘုဉ်းပေး ရသည်ကို မေးလည်းမမေးမိ၊ ပြောလည်း မပြောကြသဖြင့် ကျောင်းခန်းထဲ ၌သာ ထိုင်နေလေသည်။ နံနက် ၁၁-နာရီခွဲလောက်မှာမှ တံခါးကို ခေါက်သဖြင့် ဖွင့်လိုက်သောအခါ ကမ္မဋ္ဌာနာစရိယ ဆရာတော်က ဆွမ်းဘုဉ်းပေးပြီးပြီ လား-ဟု မေး၍ မစားရသေးကြောင်း သိသဖြင့် ဆွမ်းခံ၍ ဘုဉ်းပေး သော ယောဂီ ရဟန်းတော်များထံမှအလှူခံ၍ ကျွေးတော်မူသည်။

ထိုနေ့ညနေ ၅-နာရီအချိန်မှာ ရှုမှတ်နည်း အလုပ်ပေးတရားကို နာယူ ရသည်။ နာယူပြီးနောက် အမြန်တရား ပြည့်စုံစေလိုသောဇောဖြင့် ၂-နာရီ ၃-နာရီကြာအောင် ပေ၍ထိုင်မှတ်နေရာ အလွန်ပြင်းထန်သော ဒုက္ခဝေဒနာ

များကို မျက်ရည်ကျသည့်တိုင်အောင် ရှုမှတ်ရလေသည်။ ထိုအကြောင်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်က ကြားသိရ၍ လေ့ကျင့်သား မရသေးမီ အားထုတ်ခါစမှာ ထိုချလောက်ကြာအောင် မထိုင်ရကြောင်း၊ အများဆုံး တနာရီလောက် ထိုင်နိုင်အောင် ကြိုးစား၍ တနာရီလောက် လမ်းလျှောက်ပြီး ရှုမှတ်အပ်ကြောင်း၊ ခြသော့မင်းဟာ သားကောင်ကို ဖမ်းသည့်အခါ အလျှော့ အတင်း မရှိသကဲ့သို့ ကြီးကျယ်သော ဒုက္ခဝေဒနာကိုလည်း အလွန်အားထုတ်ပြီး မရှုအပ်ကြောင်း၊ သေးငယ်သော အကွေးအဆန့် အလှုပ်အရှားကိုလည်း ပေါ့ပေါ့ဆဆ မရှုအပ်ကြောင်း၊ အားလုံးကိုပင် ပုံမှန်အားဖြင့်သာ ရှုမှတ်အပ်ကြောင်း" စသည့်ကို ပြောဟော၍ ပြုပြင်ပေးတော်မူသည်။

ထိုဩဝါဒအတိုင်း လိုက်နာ၍ အားထုတ်ရာ ၁၀-ရက်ခန့် ကြာသောအခါ ဒုက္ခဝေဒနာများကို လွန်မြောက်သွားလေသည်။ ရက်ပေါင်း ၂၀-လောက် အားထုတ်မိသောအခါ ရှုနေကျ အတိုင်း ရှုမှတ်နေရင်း ခန္ဓာကိုယ်ကြီးပျောက်ပြီး သိသိနေသော စိတ်က လေးတခုတည်းကိုသာ တွေ့ရသဖြင့် တရားထူးသင်မှတ်ပြီးအလွန်ဝမ်းသာသွားသည်။ ထို့ကြောင့် တရားစစ်ချိန်ကို ပင်မစောင့်နိုင်တော့ဘဲဆရာတော် ဦးပဏ္ဍိတာဘိဝံသထံသွား၍လျှောက်သည်။ ဆရာတော်က "ကောင်းလာပြီ၊ ဆက်လက် ကြိုးစားပါ" ဟု တည်ငြိမ်သော လေ့ဖြင့်ပင် မိန့်တော်မူသည်၊ ထိုအခါ မိမိဖြစ်ပုံကို ကမ္မဋ္ဌာန်းဆရာက သဘောမပေါက်ဟု ထင်သဖြင့် "တကိုယ်လုံးပျောက်ပြီး အေးငြိမ်းနေလို့ တရားထူးတွေ့ပြီထင်ကြောင်း" ထပ်၍ လျှောက်သည်။ ထိုအခါ ဆရာတော်က ပြုံး၍ အေးအေးပင် "မဟုတ်သေးပါဘူး၊ ကောင်းတော့ ကောင်းပါတယ်၊ ဒါထက် ကောင်းတာတွေကိုလဲ တွေ့ပါလိမ့်ဦးမယ်၊ ဆက်လက်ကြိုးစားပါဦး" ဟု မိန့်လိုက်ပြန်သည်။ ထို့ကြောင့် အထင်ကြီးမှု အနည်းငယ် လျော့ပြီး ဆက်လက်ကြိုးစားသွားလေသည်၊

ထို့နောက် ၁၅-ရက်မျှသာ အားထုတ်ခွင့်ရသော အမျိုးသမီးတယောက် ၁၅-ရက်ပတ်လုံး မအိပ်ပဲ အားထုတ်နေကြောင်း ကြားရသည့်ပြင် ဒုလ္လဘရဟန်းတပါးလည်း နံရံမှီလျက် ထိုင်ပြီး အားထုတ်နေရာ မပြင်ဘဲ ၁၂-နာရီကြာအောင် နေနိုင်ကြောင်းကိုလည်း ကမ္မဋ္ဌာန်းဆရာထံ လျှောက်သည်ကို ကြားရသဖြင့် "အမျိုးသမီးလောက်၊ ဒုလ္လဘရဟန်းလောက်မှ အားမထုတ်နိုင်ပါကလား"ဟု ကိုယ့်ကိုယ်ကို အားမရဖြစ်ကာ သူများကို အားကျ၍ အသူးကြိုးစားအားထုတ်သည်။ တချိန်မှာ ၅-နာရီအထိ မပြင်မပန်းပဲ ချမ်းသာစွာ ထိုင်နိုင်သည်၊ အချိန်ဟာ ကုန်မှန်းမသိ ကုန်သွားသည်ကို

တွေ့ရသဖြင့် တရားတော်၏ စွမ်းရည်ဂုဏ်ကို အံ့ဩမဆုံး ချီးကျူးမဆုံး အာရုံပြု ကြည်ညို မိသည့်ပြင် လွန်စွာလည်း ဝမ်းမြောက်မိသည် ဟု ဆိုသည်။

တန်ခူးလဆန်း ၇)ရက်နေ့မှာ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ ခွင့်ပြုချက်ဖြင့် ဉာဏ်စဉ်တရားတော်ကို နာရသည်၊ ဉာဏ်စဉ်တရားကို နာပြီးနောက် မူလက အထုံပါခဲ့သော ဝါသနာအလျောက် သူတပါးတို့အားလည်း သိစေရန် ဟောပြောပြသလိုသော ဆန္ဒများ တိုးပွားလာလေသည်၊ ထို့ကြောင့် ၁၃၂၈-ခုနှစ်တွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်း သာသနာ့ရိပ်သာ၌ ဆရာတော် ဦးသူရိယနှင့် အတူ ဝါဆိုလျက် ဝိပဿနာတရားဓမ္မကို ဟောပြတော်မူခဲ့ပေသည်။

တဖန် ၁၃၃၀-ပြည့်နှစ်၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့်ပင် မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ နာယက ဆရာတော် ဦးသုဇာတ၏ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အဖြစ် ကိစ္စတာဝန်ကို ၃-နှစ်ကြာ ဆောင်ရွက်တော် မူခဲ့ပေသည်။ တဖန် ၁၃၃၂-ခုနှစ်၌ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည် သာသနာ့ ရိပ်သာကို ဖွင့်လှစ်၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးကိုယ်တိုင် ချီးမြှောက်လျက် သာသနာပြုနေစဉ်တွင် လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ယောဂီတို့အား ဝိပဿနာတရားကို ဟောကြားညွှန်ပြလျက် ဆောင်ရွက်တော်မူခဲ့ပေသည်။ တဖန် ၁၃၃၃-ခုနှစ်၌ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ အမိန့်ဖြင့်ပင် ဟင်္သာတမြို့ တာငါးဆယ်မြောက်ရပ် မဟာစည် သာသနာ့ရိပ်သာတွင် တောင်တွင်းကြီး ဆရာတော် ဦးကုဏ္ဍလနှင့် အတူ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိအဖြစ် ဆောင်ရွက်တော်မူခဲ့ပေသည်၊

ယခုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏အမိန့်ဖြင့်ပင် ၁၃၃၃-ခုနှစ် တပေါင်းလဆန်း ၁၄-ရက်နေ့မှစ၍ ပုသိမ်မြို့ အောင်မြေဘုံကျော် ပဋိပတ္တိ သာသနာ့ရိပ်သာ၌ နာယက ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူလျက် ရှိပေသည်။

အောင်မြေဘုံကျော် ဆရာတော် ညောင်ကန်အရှင်ဣန္ဒကသည် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် စွမ်းဆောင်နိုင်ရုံမျှသာမက ဝါသနာ အလျောက် စာပေ အရေးအသားဘက်၌လည်း စွမ်းဆောင်နိုင်ပေသည်၊ ထို့ကြောင့်



ရေအိုးစဉ်ရွာ ဝါးတောသာသနာ့ရိပ်သာ ပုသိမ်

ဆရာတော် ဦးကလျာဏ

ဆရာတော် ဦးကလျာဏသည် ပခုက္ကူခရိုင်၊ မြင်းကျွန်းတိုက်နယ် မချိုးကုန်းရွာ ခမည်းတော် ဦးမှိုင်-မယ်တော် ဒေါ်ချက်တို့မှ ၁၂၇၉-ခုနှစ်၊ သီတင်းကျွတ်လတွင် ဖွားမြင်တော်မူသည်။

---

သတင်းစာများနှင့်၊ ဓမ္မဂျာနယ် စာစောင်၊ ဗုဒ္ဓဓမ္မလောက စာစောင် စသည့်တို့နှင့်၊ သတင်းဆောင်းပါး အမြောက်အမြားကို ရေးသားတော်မူခဲ့သည်။ ရေးသားပြုစုပြီးသော ယင်းစာပေများမှာ....

(၁) ဗုဒ္ဓဓမ္မဆောင်းပါးများ။
(၂) ဒေသနာ ကြေးမုံဆောင်းပါးများ၊ (စာအုပ်မရိုက်ရသေး)
(၃) အညာတခွင် တရားဘောထွက်စဉ်က( ။ )
(၄) ဗုဒ္ဓဓမ္မကြေးမုံ (၁၃၁၅-ခုနှစ်၌ ရိုက်နှိပ်ပြီး) တို့ ဖြစ်သည်။

၁၃-နှစ်သား အရွယ်တွင် ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးဉာဏစံသ ထံ၌ အပ်နှံ၍ ရှင်သာမဏေအဖြစ် တက်ရောက်သည်၊ ထိုဆရာတော်ကြီး ထံတွင် သဒ္ဒါ-သင်္ဂြိုဟ် စသော အခြေခံစာများကို သင်ယူသည်။ ၁၂၉၉-ခုနှစ်၊ ပဉ္စမဝါဆိုလဆန်း ၄ ရက် သောကြာနေ့တွင် မရိုးကုန်းကျောင်း ဆရာတော်ဦးဉာဏစံသကိုပင် ဥပဇ္ဈာယ်ပြု၍မြင့်မြတ်သော အထက်တန်းရဟန်း အဖြစ်သို့ တက်ရောက်ခဲ့သည်။ ၁၃၀၁-ခုနှစ်တွင် ပခုက္ကူမြို့ လယ်ပြင်ကျောင်း တိုက် ဆရာတော် ဦးပညာထံ၌နေ၍ ထိုဆရာတော်ဘုရားကြီး၏ အဆုံးအမဩ ဝါဒကိုခံယူလျက် စာချဆရာတော် ဦးအရိယဝံသ၊ ဦးမဏိဇောတ တို့ထံ၌၎င်း၊ မဟာဝိသုတာရာမတိုက် (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်၊ (အဂ္ဂမဟာ ပဏ္ဍိတ) ဆရာတော်ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးနန္ဒဝံသတို့ ထံ၌၎င်း၊ စာချဆရာတော် ဦးနန္ဒိယ၊ ဦးနန္ဒဝံသ၊ ဦးမာဃိန္ဒ၊ ဦးအာသဘ၊ ဦးနာယက၊ ဦးနန္ဒိယလေး တို့ထံ၌၎င်း ပိဋကတ် ပါဠိ-အဋ္ဌကထာ ဋီကာ များကို သင်ယူခဲ့သည်။

## ပရိယတ္တိကို ဆက်အားထုတ်ခြင်း

၁၃၀၉-ခုနှစ်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဦးနန္ဒဝံသထံ၌ မဟာသတိပဋ္ဌာနသုတ် စာဝါလိုက်ရင်း သတိပဋ္ဌာန်လေးပါး ပွားများပုံကို ညွှန်ပြသည်ကို ခံယူရသဖြင့် ဓမ္မာရုံစိတ္တ တောရကျောင်းသို့ သွားရောက် နေထိုင်လျက် (၃) ဝါအထိ မဟာ သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်တော်မူသည်၊ ၁၃၁၂-ခုနှစ်တွင် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးထံ၌ လက်သောက် ကမ္မဋ္ဌာနာစရိယ ဦးဝိစာရ ဆရာ တော်၏ (ယခု ဝါခယ်မ သာသနာ့ရိပ်သာ ဆရာတော်) သွန်သင် ပြသမှုကို ခံယူ၍ ဆရာသဘောကျသည်အထိ အားထုတ်ခဲ့သည်။ ၁၃၁၅-ခုနှစ်တွင် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ လက်သောက် ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒထံတွင် တရား ဟော နည်း, ပြောနည်းကို၎င်း၊ ကမ္မဋ္ဌာန်းပေးနည်း စိစစ်နည်းကို၎င်း လေ့လာ သည်။

## သာသနာပြုခြင်း

ဟောသူ၊ ပြောသူ ကမ္မဋ္ဌာန်းစိစစ်မှုတို့၌ အသားကျကျ ဟောပြော စိစစ် နိုင်သည်ကို သိတော်မူသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက

လက်ထောက် ဇမ္ဗုဒ္ဒီပါနာဘရိယ ကောင့်မှူး တောရကျောင်း ဆရာတော် ဦးနန္ဒဝံသနှင့် အတူ သာသနာပြု စေလွှတ်တော်မူသဖြင့် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင် စသော မြို့ရွာများသို့ လှည့်လည်၍ ပဌမအကြိမ် ရက်ပေါင်း– ၂၀ ကြာမျှ တရားဟော–တရားပြသလျက် သာသနာပြုတော်မူသည်၊

၁၃၁၈-ခုနှစ်တွင် လှည်းကူး သာသနာ့ရိပ်သာ၌ ဒုတိယ အကြိမ် (၁)ဝါ၊

၁၃၁၉-ခုနှစ်တွင် ကျောက်ဆည် သာသနာ့ရိပ်သာ၌ တတိယအကြိမ် (၁)ဝါ။

၁၃၂၀-ခုနှစ်တွင် ဖျာပုံသာသနာ့ရိပ်သာ၌ စတုတ္ထအကြိမ် (၃) ဝါ။

၁၃၂၃-ခုနှစ်တွင် မိုးကုတ် သာသနာ့ရိပ်သာ၌ ပဥ္စမအကြိမ် (၄)လ။

၁၃၂၄-ခုနှစ်တွင် မအူပင်ခရိုင်–ကျွဲဒုံးရွာ ကျည်းချောင်းကျောင်း ဘုန်းတော်ကြီး ဦးစန္ဒိမာထံ၌ ဆဋ္ဌမအကြိမ် (၁)ဝါ။

၁၃၂၇-ခုနှစ်တွင် ပျဉ်းမနားမှန်ကျောင်း မဟာစည် သာသနာ့ရိပ် သာ၌ သတ္တမအကြိမ် (၂)ဝါ။

၁၃၃၁-ခုနှစ်တွင် ပုသိမ်မြို့၊ သင်္ဘောကျင်းဌာနာပိုင် ရေအိုးစင်ရွာ ဝါးတောကျောင်း (ဝေဠုဝန်) သာသနာ့ရိပ်သာ၌ အဋ္ဌမ အကြိမ် (၃)ဝါ။

ယခုအခါ ဆရာတော် ဦးကလျာဏသည် ရေအိုးစင် ဝေဠုဝန်သာသနာ့ ရိပ်သာ၌ပင် ပဋိပတ္တိသာသနာ ပြန့်ပွားရေးအတွက် အားသစ်တော်မူလျက် ရှိသည်။

ဤ ဆရာတော် ဦးကလျာဏသည် ဌာနလက်ကိုင် ဟူသော ဌာနစွဲ မရှိ၊ ပဋိပတ္တိ သာသနာတော် ပြန့်ပွားရေးအတွက် လိုလျှင်လိုသလို ကြွရောက်ကာ သာသနာ ပြုတော်မူလေ့ ရှိတော်မူသည်။ ဌာနပေါင်းများစွာ ကြွရောက် သာသနာပြုတော်မူခဲ့ရာ၌ မိုးကုတ် သာသနာ့ရိပ်သာသို့ ကြွရောက်သည်မှ တပါး တခြား ဌာနများသို့ ကြွရောက် သာသနာပြုခဲ့သည်မှာ မိမိအလို အတိုင်း ကြွရောက်တော်မူသည်မဟုတ်၊ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ အမိန့်ဖြင့် ညွှန်ကြားတော်မူသည့် အတိုင်းသာ ကြွရောက် သီတင်းသုံးလျက် ပြုစုအားထုတ်တော်မူခြင်း ဖြစ်သည်။ ရေအိုးစင်ရွာ ဝါးတော သာသနာ့ရိပ်သာတွင် ယခုကြွရောက်သီတင်းသုံးတော် မူသည်မှာ လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဆိုင်ရာ ဒကာတို့က ပင့်လျှောက်ကြသဖြင့် ပဋိပတ္တိသာသနာဝန်ကို ထမ်းဆောင် နေခြင်းပင် ဖြစ်သည်။



သာပေါင်း၊ သရက်တောကျောင်း သာသနာ့ရိပ်သာ ပုသိမ်

## ဆရာတော် ဦးအာစိဏ္ဏ

ဆရာတော် ဦးအာစိဏ္ဏ လောင်းလျာသည် သရက်တောရွာ ခမည်းတော် ဦးရွှေချိန်-မယ်တော် ဒေါ်မှတ်တို့မှ ၁၂၆၃ ခုနှစ်၊ တော်သလင်းလဆန်း ၃-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကအစိုးရမူလတန်းကျောင်းဆရာထံ မိဘတို့က အပ်နှံ၍ ၄-တန်း မူလတန်း အောင်မြင်ခဲ့သည်။ ထို့နောက်အလွတ်ကျောင်းတွင် ၆-နှစ်လောက် တက်ရောက်သင်ကြားရင်း မိဘနှစ်ပါးတို့အား လုပ်ကျွေးပြုစုခဲ့သည်၊ သက်တော် ၂၀ အရွယ်တွင် သံဃာအပါး (၁၀၀) ကျော်ပင့်ဖိတ်ကျွေးမွေးလှူဒါန်းပြီးလျှင် ပုသိမ်မြို့ ညောင်ပင်သာဆရာတော်ဘုရားကြီးထံ၌ ရှင်သာမဏေ အဖြစ်သို့ တက်ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လျှင် ဆရာတော်ဘုရားကြီးက ရှင်အာစိဏ္ဏ- ဟူသောဘွဲ့အမည်ကိုပေး၍ ရှင်သာမဏေတို့ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံစာပေကျမ်းဂန်များကို ပို့ချပေးတော်မူသည်၊ ဥပဇ္ဈာယ် ဆရာဖြစ်သောဆရာတော်ဘုရားကြီးသည် သေသေဝပ်ဝပ်နေထိုင်၍ ပိဋကတ်စာပေကျမ်းဂန်

များကို ကြိုးစားသင်ယူသော ရှင်အာစိဏ္ဏအား နှစ်သက်တော်မူသည်။ ထို့ကြောင့် သက်တော် ၂၀-ပြည့်နေပြီဖြစ်သော ရှင်အာစိဏ္ဏကို ညောင်ပင်သာ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဥပဇ္ဈာယ်ပြုတော်မူ၍ ကန်ကြီးဒေါင့် ဦးလှကျော်-ဒေါ်သည့်နှံတို့ကို ရဟန်းဒကာ-ဒကာမအဖြစ် ခံယူစေ၍ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ တင်မြှောက်ပေးတော်မူသည်။

ရဟန်း ၂၀ါရသျှင် ဦးပညာသာမိ မော်လမြိုင်-ဦးဥက္ကံသ တို့နှင့်အတူ အိန္ဒိယသို့ ကြွရောက်၍ ဗုဒ္ဓဂယာ ရာဇဂြိုဟ်မြို့-မိဂဒါဝုန်ဌာနတို့၌ ဘုရားဖူးလှည့်လည်ကာ ဗာရာဏသီတွင် ဦးဥတ္တမ၊ ဦးလက္ခဏ ဦးဝိသုတတို့နှင့်အတူ အင်္ဂလိပ်ဘာသာ နှင့် သက္ကတဘာသာ စာပေများကို သင်ကြားတော်မူသည်။ ဗာရာဏသီမှာနေ၍ ၉-လလောက်အထိ ဘာသန္တရစာပေများကို သင်ကြားပြီးနောက် မြန်မာပြည်သို့ ပြန်ကြွကာ ညောင်ပင်သာဆရာတော်ဘုရားကြီးထံ၌ပင်ပိဋကတ်ကျမ်းဂန်များကိုသင်ကြားတော်မူသည်။ရဟန်း ၃-ဝါအရတွင် လှူဘောင်သို့ပြန်၍ ချနေစာရေးအဖြစ် ဝင်ရောက် လုပ်ကိုင်ရင်း မြင်းခြံမြို့ ဝတ်လုံ ဦးချစ်ကလေးကျောင်းတွင် ချနေစာမေးပွဲ ဖြေဆိုရန် နည်းဥပဒေများကို ၄-လလောက် သင်ကြားလျက် တတိယတန်း ချနေစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့သည်။ ထို့နောက် မိဘတို့အား လုပ်ကိုင်ပြုစုကျွေးမွေး နေခဲ့ရာ သာသနာ ၂၅၀၀-ပြည့်နှစ် အကြိုတွင် ဒါးက ကိုးနဝင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ၁၃၁၆-ခုနှစ် ကဆုန်လဆန်း ၄-ရက် ၇-နာရီ ၁၅-မိနစ် အချိန်၌ မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပြန်သည်။

နောက်ထပ် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ကန်ကြီးဒေါင့် စာသင်တိုက် ဆရာတော် ဦးပညာသုတထံ၌ ပိဋကတ် စာပေကျမ်းဂန်များကို သင်ကြား အားထုတ်တော်မူ၏၊ ကန်ကြီးဒေါင့် စာသင်တိုက်၌ ၃-နှစ်၊ ရွာသစ်ကုန်းကျောင်း၌ ၂-ဝါ ပိဋကတ်စာပေများကို သင်ကြားပြီးနောက် ရန်ကုန်မြို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ ခိုလှုံ၍ ဆရာတော် ဦးဝဏ္ဏိတ ကမ္မဋ္ဌာနာစရိယထံ၌ သတိပဋ္ဌာန် ဝိပဿနာ တရားများကို ၃-လနှင့် ၇-ရက်ကြာ ကြေနပ်အားရသည့်တိုင်အောင် အားထုတ် ပွားများတော်မူသည်၊ ထိုသို့အားထုတ်တော်မူပြီးနောက် သရက်တော မန်ကျည်းကုန်း ဆရာတော် ဦးအရိယ၏ တိုက်တွန်းချက်ဖြင့် ယခုအခါ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် သရက်တောကျောင်း သာသနာ့ရိပ်သာ- ဟူသော အမည်ဖြင့် ရိပ်သာဖွင့်လျက် သတိပဋ္ဌာန်ဝိပဿနာ ပဋိပတ္တိ သာသနာတော်ကို ပြုစုအားပေးရင်း သီတင်းသုံးနေထိုင်လျက် ရှိပေသည်။

## သာပေါင်း၊ ထောက်ကြံ့ကွင်းရွာ သာသနာ့ရိပ်သာ ပုသိမ်
## ဆရာတော် ဦးဇဝန

ဆရာတော် ဦးဇဝန လောင်းလျာသည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငဖြူတွင်းရွာ ခမည်းတော် ဦးနီ မယ်တော် ဒေါ်နှင်းငုံတို့မှ ၁၂၆၃-ခု၊ ပြာသိုလဆန်း ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

၁၂-နှစ်သားအရွယ် ရောက်လျှင် မယ်ဘော်-ခမည်းတော်တို့က မြတ်ထို ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က သတို့သားအား ဘာသာ ရေး စာပေများကို သင်ကြားပေးတော်မူသည်။ ၁၅-နှစ်သား အရွယ် တွင် ထိုဆရာတော် ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ တက်ရောက်ခဲ့သည်၊ ထိုနောက် သာသနာ့ဘောင်မှထွက်၍ မိဘ များနှင့်အတူ လယ်ယာလုပ်ကိုင်လျက် မိဘတို့အား လုပ်ကျွေးနေခဲ့သည်။ သက်တော် ၂၀-အရွယ်ရောက်လျှင် သာပေါင်းမြို့နယ် မြတ်ထိုဆရာတော် ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မယ်တော်-ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူ သည်၊ ရှင်သာမဏေအဖြစ်က မှည့်ပေးခဲ့သော ဘွဲ့တော်အတိုင်း ဦးဇဝန ဟူသော ဘွဲ့ကိုပေးတော်မူသည်။

ဥပဇ္ဈာယ်ဆရာတော်ထံမှ ခွင့်ပြုချက်ရသည့်အခါ မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက် ဟံသာဝတီကျောင်း၌ ၃-နှစ်သီတင်းသုံးလျက် ဟံသာဝတီ ဆရာတော်ထံ၌၎င်း၊ စာချဆရာတော် ဦးမုနိန္ဒ၊ ယိုးဒယားကျောင်း ဆရာ တော် ဦးခေမိန္ဒ၊ မြို့အုပ်ကျောင်း စာချဆရာတော် ဦးကေသရ တို့ထံ၌၎င်း၊ ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ပရိယတ္တိ ကျမ်းဂန်အရပ်ရပ်ကို အားထုတ် သင်ယူတော်မူသည်။ ထိုသို့သင်ယူတော်မူပြီးနောက် ရန်ကုန်မြို့ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဦးခန္တီကျောင်း၌ ၃-ဝါ၊ ဟင်္သာတခရိုင်ယုန်တလင်းရွာ မင်္ဂလာဇေယျုံကျောင်း၌ ၂-ဝါ၊ ဟင်္သာတ ဘုရားကြီးကျောင်း၌ ၁-ဝါ၊ တနင်္သာရီတိုင်း မြိတ်မြို့ ဆင်ဒင်ရွာ ကျောင်း၌ ၃-ဝါ၊ ရခိုင်ပြည်စစ်တွေမြို့ လမ်းမကျောင်း၌ ၁-ဝါ၊ ပုသိမ်ခရိုင် ငပုတောမြို့နယ် တွင်းကျောင်း၌ ၁-ဝါ၊ သာပေါင်းမြို့နယ် သစ်ပုတ်ကုန်းရွာ ကျောင်း၌ ၃-ဝါ၊ ဤသို့ မြို့ရွာ အသီး အသီး တို့၌ ပရိယတ္တိ သာသနာ တော်ကို ပြုစု ပျိုးထောင် အား ပေးချီးမြှောက်တော်မူပြီးနောက် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ထောက်ကြံ့ ကွင်းရွာကျောင်းသို့ ပြန်လည်သီတင်းသုံးတော်မူသည်။



မန်အောင် သာသနာ့ရိပ်သာ၊ မအူပင်

## ဆရာတော် ဦးသောဘိတ

ဦးသောဘိတသည် မအူပင်မြို့နယ် စစ်ချောင်းကျေးရွာ အဘ ဦးဘိုးထိုက် အမိ ဒေါ်ရွှေပြန့်တို့မှ ၁၃၀၃-ခုနှစ်၊ ဝါခေါင်လဆန်း ၁-ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

◎ ၁၃၁၈-ခုနှစ်၌ ပုသိမ်မြို့ တဂေါင်း ဘုရားလမ်း ဘုံကျော် ပဋိပတ္တိ သာသနာ့ရိပ်သာ မူလပဌမ ဘုံကျော် ဆရာတော် ဦးထေရာစာရ ထံ၌ သတိပဋ္ဌာန် ဝိပဿနာ တရားများကို ပွားများ အားထုတ်တော်မူသည်။ ထိုနောက် ထောက်ကြံ့ကွင်းရွာသို့ပြန်၍ ထောက်ကြံ့ကွင်း ကျောင်း၌ သာသနာ့ရိပ်သာ တည်ထောင်ကာ သတိပဋ္ဌာန် ဝိပဿနာ တရားများကို နည်းပေး လမ်းပြ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော် မူလျက် ပဋိပတ္တိ သာသနာတော်ကို အားပေး ချီးမြှောက်တော်မူလည်း။ ပဋိပတ္တိ သာသနာတော်ကို ထိုသို့ အားပေး ချီးမြှောက်တော် မူနေစဉ် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်ကာ ကျေးဇူးရှင် မဟာစည် ဆရာ

၁၃၁၂-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်နေ့တွင် မြင့်မြတ်သော ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ရှင်သာမဏေဘဝ အသက် ၁၅-နှစ်အရွယ် ကပင် ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက် ပါဠိတက္ကသိုလ်သို့ စာသင်ရန် ရောက်ရှိခဲ့ပြီး ရှင်သာမဏေဘဝနှင့်ပင် အစိုးရ ပဌမငယ် ပဌမလတ် ပဌမကြီး တန်းတို့ကို အောင်မြင်ခဲ့သည်။ ရွှေကျင်နိကာယသာသနပါလအသင်း စာမေးပွဲ ပဌမငယ် ပဌမလတ် ပဌမကြီးတန်း အစိုးရစာချတန်း ဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။ ၁၃၂၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက် ကြာသပတေးနေ့တွင် ရေလဲကလေး ဂန္ဓာရုံကျောင်းဆရာတော် ဦးသီလာစာရကို ဥပဇ္ဈာယ်ပြုလျက် စစ်ချောင်းရွာ ကွက်သစ်ပိုင်း အမိ ဒေါ်ငွေရှင်နှင့် သားသမီးများဖြစ်ကြသော မအေးမေ ကိုထွားစံ မအေးရွှေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ရဟန်းဘဝနှင့်ပင် ညောင်တုန်း ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ်စာသင်တိုက်၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်စာသင်တိုက်.ချောက်မြို့ ငွေတောင်တိုက် ပါဠိတက္ကသိုလ် စသည့် စာသင်တိုက်များတွင် ဓမ္မာစရိယစာချတန်းဆိုင်ရာ ကျမ်းဂန်များကို သင်ယူပြီး အသက် ၂၂-နှစ် သိက္ခာ ၃-ဝါအရတွင် အစိုးရဓမ္မာစရိယ စာချတန်း စာမေးပွဲကိုအောင်မြင်ခဲ့ပြန်သည်။

---

တော်ဘုရားကြီးထံ၌ ရက်ပေါင်း ၄၀-ကျော် သတိပဋ္ဌာန်ဝိပဿနာ တရားကို ပွားများအားထုတ်တော်မူသည်။

မဟာစည်ရိပ်သာ၌ ရက်ပေါင်း ၄၀-ကျော်ထပ်မံအားထုတ်တော်မူပြီး နောက် နေရင်းဖြစ်သော ဇောက်ကြဲ့ကွင်းရွာ သာသနာ့ရိပ်သာသို့ပြန်၍ ပဋိပတ္တိ သာသနာတော်ကို အားပေးပြုစုတော်မူသည်။ ဤသို့ ပဋိပတ္တိ သာသနာတော်ကို အားပေး ပြုစု နေတော်မူစဉ် ၁၃၃၄-ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၈-ရက်နေ့တွင် ရွာနယ်မြေ မငြိမ်မသက်ရှိခဲ့ရာ၌ ခေနံ့ရွာ ကျောင်းသို့ ယာယီပြောင်းရွှေ့လျက် ရိပ်သာဖွင့်ပြီးလျှင် ပဋိပတ္တိသာသနာ တော်ကို ဆက်လက်ကာ အားပေးပြုစုမြဲပြုစုတော်မူသည်။ ဤအတ္ထုပ္ပတ္တိရေးချိန်၌ဆရာတော်သည် ခေနံ့သာသနာ့ရိပ်သာမှာပင် ခေတ္တ သီတင်းသုံးရင်း ပြုစုမြဲသာသနာတော်လုပ်ငန်းကို ကြိုးပမ်းလျက်ရှိရာ ပြုစုခဲ့သည်မှစ၍ယနေ့ အထိ ယောဂီပေါင်း (၂၂၆၉) ယောက်ရှိသွားပြီဖြစ်သည်။

၁၃၂၆-ခုနှစ်၊ ကဆုန်လဆုတ် ၁၁-ရက်နေ့တွင် မအူပင်မြို့ ဘုရားလမ်း ရန်အောင် သာသနာ့ရိပ်သာကျောင်းတိုက်ကို မူလသာသနာ့ရိပ်သာ ဆရာတော် ဦးဇယာနန္ဒက လှူအပ်၍ အသက် ၂၃-နှစ်၊ ၄-ဝါအရွယ်ကပင် ကျောင်းထိုင်ဘုန်းကြီးဘဝသို့ ရောက်ရှိပြီးလျှင် ပရိယတ္တိပဋိပတ္တိသာသနာပြု လုပ်ငန်းအဝဝတို့ကို တတ်စွမ်းနိုင်သမျှ ထမ်းဆောင်သည့် ဆောင်ရွက်ခဲ့သည်။ ၁၃၂၃-ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ တရားအားထုတ်ရန် ရောက်ရှိခဲ့ပြီး တပေါင်းလဆန်း ၉-ရက်နေ့အထိတလခွဲမျှ သာသနာ့ရိပ်သာတွင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ ဆရာတော် ဦးပဏ္ဍိတ၊ ဖျာပုံဆရာတော် ဦးဝဏ္ဏိတ စသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံတွင် ကမ္မဋ္ဌာန်းနည်း နိဿယည်းကိုယူပြီး စေတနာ သဒ္ဓါ တရားထက်သန်စွာဖြင့် တရားအားထုတ်ခဲ့ရပြန်သည်။ တပေါင်းလဆန်း ၇-ရက်နေ့တွင် ရန်ကုန်သာသနာ့ရိပ်သာ၌ ဉာဏ်စဉ်တရားတော်ကို နာကြားခွင့်ရရှိပြီး သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဆက်လက်အားထုတ်လိုသော စိတ် သူတပါးတို့အား ဟောပြော ပြသလိုသော စေတနာ သဒ္ဓါတရား တိုးပွါးလာခဲ့ပါသည်။

၁၃၃၅-ခုနှစ်၊ ပြာသိုလဆန်း ၃-ရက်နေ့တွင် မအူပင်မြို့ ရန်အောင် သာသနာ့ရိပ်သာ၌တရားအားထုတ်ရန် ကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်ပွဲနှင့် ဝိပဿနာ တရားများ ဟောကြားပြသ ဆုံးမရန် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ကြီးနှင့်တကွနောက်ပါကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူကြသော ဆရာတော် ဦးဇဝန၊ ဦးစန္ဒာဝရ၊ ဖျာပုံ သာသနာ့ရိပ်သာ ဆရာတော် ဦးဝဏ္ဏိတ ညောင်ကန်အရှင် ဣန္ဒကစသော ဓမ္မကထိက အကျော် ဆရာတော်များနှင့် မအူပင် ရန်အောင်သာသနာ့ရိပ်သာ ဖွင့်ပွဲကို မဟာစည်ဆရာတော် ဘုရားကြီး ကိုယ်တိုင် ကြွကားသိုက်မြိုက်စွာ ချီးမြှင့်ခဲ့သည်။



## သာပေါင်း၊ ဘုရားကုန်း ပဋိပတ္တိ သာသနာ့ရိပ်သာ ပုသိမ်

## ဆရာတော် ဦးတေဇဝန္တ

ဆရာတော် ဦးတေဇဝန္တလောင်းလျာသည်ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် ဘုရားကုန်းကျေးရွာ ခမည်းတော် ဦးဘိုးသန့်-မယ်တော် ဒေါ်မယ်သင့်တို့မှ ၁၂၇၄-ခုနှစ် တန်ဆောင်မုန်း လဆန်း ၁-ရက် စနေနေ့ နံနက် ၈-နာရီ ၄-နာရီ အချိန်၌ ဖွားမြင်သော သားရတနာဖြစ်သည်၊

သက်တော်၄ နှစ်အရွယ် ငယ်ငယ်ကပင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ်-ပထမ-ဘုရားကုန်း (မြန်အောင်) ဆရာတော်ထံ၌ မိဘတို့က အပ်နှံ၍ ဆရာတော်က သတိုးသားအား ဘာသာရေး အခြေခံ ပညာများကို သင်ကြား ပေးတော်မူသည်၊ ဂ-နှစ်သား အရွယ်သို့ ရောက်လျှင် ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟာဖြင့် ရှင်သာမဏေ အဖြစ်သို့ တက်ရောက်ခဲ့သည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လျှင် ဆရာတော်က ရှင်တေဇ ဟူသော ဘွဲ့အမည်ပေး၍ ရှင်သာမဏေတို့၏ ကျင့်ဝတ်-သိက္ခာနှင့် တကွ အခြေခံ စာပေကျမ်းဂန်များကို သင်ကြား ပေးတော်မူသည်။ ထိုနောက် သာမဏေအဖြစ်မှ ထွက်၍ မိဘများအား လယ်ယာလုပ်ကိုင်ကာ ပြုစု လုပ်ကျွေးလေသည်။



မဟာစည်သာသနာ့ရိပ်သာ တာဝါးဆယ်၊ ဟင်္သာတ

## ဆရာတော် ဦးကုဏ္ဍလ

ဆရာတော် ဦးကုဏ္ဍလ လောင်းလျာသည် မကွေးခရိုင် တောင်တွင်းကြီး မြို့-ငမော်ရွာ ခမည်းတော် ဦးစံအေး မယ်တော် ဒေါ်လှရောတို့မှ ၁၂၈၈-

---

မိဘတို့အား ပြုစုလုပ်ကျွေးနေခဲ့ရာမှ သက်တော် ၃၀-အရွယ်တွင် ပုသိမ်ခရိုင်သာပေါင်းမြို့နယ်-ဂရက်ရှည်ရွာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်ဖြင့်-၂-နှစ်ပတ်လုံး ပိဋကတ် ကျမ်းဂန်များကို ကြိုးပမ်း အားထုတ်တော်မူသည်။ သက်တော် ၃၂-နှစ် အရွယ်တွင် ကျောင်းသား-သာမဏေဘဝက ဆရာရင်းဖြစ်ခဲ့သော ပုသိမ်ခရိုင် သာပေါင်းမြို့ ဘုရားကုန်းရွာ ပထမ-ဘုရားကုန်း (မြန်အောင်) ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ဘုရားကုန်းရွာ ဦးသက်ရှည် ဒေါ်ကြင်စိန် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၈-ခုနှစ် နယုန်လဆုတ် ၈-ရက်နေ့၌ မြင့်မြတ်သော သာသနာ့ဝန်ထမ်း အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄-ရက် တနင်းလာနေ့တွင် ပွားမြင်သော သားရတနာဖြစ်သည်၊

(၇)နှစ်သားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာ အရ မိဘတို့က မေင်ခြောက်ကျောင်း ဆရာတော် ဦးဝိမလထံ၌ အပ်နှံ၍ သတိုးသားကို ဆရာတော်က ဘာသာရေးအခြေခံစာပေများကို သင်ကြား ပေးတော်မူသည်၊ (၁၆)နှစ်သားအရွယ်တွင် ထိုဆရာတော် ဦးဝိမလထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ထိုအခါ ဆရာတော်က ရှင်တို့ကျင့်ရသော ကျင့်ဝတ်များနှင့် ပိဋကတ်အခြေ ခံကျမ်းဂန်များကို ပို့ချပေးတော်မူသည်။ သက်တော် ၂၀-ပြည့်သည့်အခါ တောင်ဘွင်းကြီးမြို့ ရွှေအင်တောင် ခဏ္ဍသိမ်အပြင်၌ ရတနာဒေဝ်ဆရာတော် ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ တောင်ဘွင်းကြီးမြို့ ရွှေအိုးချပ် ရွှေပန်းတိမ်ဆရာ ဦးပိုင်-ဒေါ်သန်းရွှေ ဒေါ်စောမြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့် မြတ်သော သာသနာတော်ထမ်း ရဟန်း ပဥ္စင်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ်သော ရက်ချုပ်မှာ ၁၃၀၉-ခုနှစ် ဝါဆိုလပြည့်ကျော် ၁-ရက် နေ့ဖြစ်သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် တောင်တွင်းကြီးမြို့ အလောကာရုံ တိုက်၌ပင် (၆)နှစ်ပတ်လုံး ပိဋကတ် အခြေခံ ကျမ်းဂန်များနှင့် ပိဋကတ်

---

ပိဋကတ် စာပေကျမ်းဂန်များကို သင်ကြားအားထုတ်တော်မူပြီးနောက်- ၁၃၂၁-နှစ်အရောက်၌ ပုသိမ်မြို့ တဂေါင်းဘုရားလမ်း- ဘုံကျော်သာသနာ့ ရိပ်သာ ပထမဆရာတော် ဦးထေရေစာရထံ၌ သတိပဋ္ဌာန် ဝိပဿနာတရား များကို ပွားများအားထုတ်တော်မူသည်။ သတိပဋ္ဌာန် ဝိပဿနာတရားများ ကို ပွားများအားထုတ်တော်မူပြီးနောက် (၁၃၂၀-ခုနှစ်၌ ပုသိမ်မြို့ ပထမ- ဘုံကျော် ဆရာတော်ဘုရား တည်ထောင်ပေးသော) နေရင်း ဘုရားကုန်းရွာ ပဋိပတ္တိ သာသနာ့ရိပ်သာတွင် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်း နည်းပြ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ကမ္မဋ္ဌာန်းပေးလျက် ပဋိပတ္တိသာသနာ တော်ကို အားပေးတော်မူလျက် ရှိပေသည်။

---

ကျမ်းဂန်များကို အဆိုးရစာပြန်ပွဲတွင် ငယ်-လတ်-ကြီးတန်းများအောင်မြင်သည်အထိ သင်ကြားအားထုတ်တော်မူသည်။ ထိုမှသည် မန္တလေးမြို့ မစိုးရိမ် (ပါဠိတက္ကသိုလ်)တိုက် မာဂဓနေယျပဒေသကျောင်းသို့ ပြောင်းရွှေ့ကာ ထိုကျောင်း အဂ္ဂမဟာ ပဏ္ဍိတ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ အရှင် နာရဒါဘိဝံသ ဆရာတော်ထံ၌၎င်း၊ ထိုတိုက်၏ မဟာနာယက ဂန္ထဓုရနေယျပဒေသကျောင်း (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးကောသလ္လထံ၌၎င်း၊ ကောင်းဆိုသော အခြားစာချ ဆရာတော်တို့ထံ၌၎င်း၊ ၅-နှစ်ပတ်လုံး ပိဋကတ်ပါဠိ အဋ္ဌကထာ-ဋီကာများကို သင်ကြား အားထုတ်တော်မူသည်။

မိမိအတွက် အထက်အဆက် စာပေကျမ်းဂန်များကို လေ့လာအားထုတ်ရင်း တဖက်မှလည်း မိမိအောင်မြင်တတ်မြောက်ခဲ့ပြီး ငယ်-လတ်-ကြီးတန်းဆိုင်ရာ ကျမ်းဂန်များကို ချပို့ပေးတော်မူသည်။ မန္တလေးမစိုးရိမ် (ပါဠိတက္ကသိုလ်)တိုက်မှာပင် ၁၃၁၅-ခုနှစ်၌ (သာသနဓဇသိရီပဝရဓမ္မာစရိယ)ဘွဲ့တံဆိပ်ကို၎င်း၊ ၁၃၁၆-ခုနှစ်၌ (သာသနဓဇ ဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူ)ဘွဲ့တံဆိပ်ကို၎င်း အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သည်။ ထိုဂုဏ်ထူးဘွဲ့တံဆိပ်များကို ရရှိသည်အထိ သင်ကြားအားထုတ်ပြီးနောက် ၎င်းတိုက်မှာပင် ပါဠိတက္ကသိုလ်(ကထိက)အဖြစ် ဆောင်ရွက်တော်မူရသည်၊ ကထိကအဖြစ် စာပေပို့ချနေစဉ် ဆဋ္ဌသံဂါယနာသဘင်နှင့် ကြုံကြိုက်တိုက်ဆိုင်နေခဲ့ရာပဌမ သံဂါယနာတွင် ပဋ္ဌာနပါဠိတော်၌ သံဂီတိကာရက အဖြစ်ဖြင့်၎င်း၊ ဒုတိယသန္နိပါတ၌ (မဇ္ဈိမဘာဏက) အဖြစ်ဖြင့်၎င်း၊ ပါဝင်ဆောင်ရွက်တော် မူရသည်။ ထို့နောက် ၁၃၁၉-ခုနှစ်မှ ၂၃-ခုနှစ်အထိ ၅-နှစ်ပတ်လုံး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရတနသိဒ္ဓိကျောင်း၌ နေထိုင်လျက် ရတနသိဒ္ဓိ ဆရာတော် အရှင်နန္ဒိယထံ၌၎င်း၊ (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော် ဘုရားကြီးနှင့် ဂဏဝါစက စာချဆရာတော်တို့ ထံ၌၎င်း၊ နိကာယ်ငါးရပ် ပါဠိ-အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရအရပ်ရပ်တို့ကို သင်ယူ အားထုတ်တော်မူသည်။

ထိုသို့ ပရိယတ္တိဓမ္မကို သင်ယူနေစဉ် မန္တလေးမြို့ သကျသီဟ ဆင်းတုတော်မြတ်အနီး၌ ဓမ္မကထိက ဆရာတော်တပါးက "တရား အားထုတ်ချင်ယင် ဖောင်းတယ်-ပိန်တယ်လို့ အားမထုတ်ကြနဲ့"ဟု အကြောင်းပြချက် မပါဘဲ ကန့်ကွက် ဟောပြောသည်ကို ကြားနာရဘူးသည်၊ ထိုအရှင်၏ အသံအနေအထားနှင့် အမူအရာကို ခန့်မှန်းသောအားဖြင့် သူဟောတဲ့အတိုင်း ဟုတ်ချင်မှ ဟုတ်မှာ၊ ဖောင်းပိန် ရှုမှတ်နည်းကို စမ်းသပ်အားထုတ်ကြည့်မယ်ဟု စိတ်ကူးမိခဲ့သည်။ (ဓမ္မကထိက အလိုနှင့် ပြောင်းပြန် ဖြစ်သွားခြင်းပင်။) ထို့ပြင် သီလက္ခန်အဋ္ဌကထာကို တက်စဉ်က ထိုကျမ်း၌ (စိတ္တကိရိယ

ဝါယောဓာတု ဝိပ္ဖါရဝသေန အယံ ကာယသင်္ခါတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိ-စသည်ဖြင့်) ပြဆိုထားသော ဝါကျကို တွေ့ရ၍ ဆင်ခြင်မိသည်မှာ"စိတ်ကိုလဲ သိရမယ်၊ စိတ္တဇရုပ်ကိုလဲ သိရမယ်၊ ဝါယောဓာတ်ကိုလဲ သိရမယ်၊ ဝါယောဓာတ်၏ လှုပ်ရှားပုံကိုလဲ သိရမယ်၊ကာယကိုလဲ သိရမယ်၊ အရိုးစုကိုလဲ သိရမယ်၊ ဓာတ်လေးပါး သူ့အနိုင်အတန်နှင့်သူ ဖြစ်ပျက်သွားတာကိုလဲ သိရမယ်-တဲ့၊ ဒီလိုဆိုယင် ခြေတလှမ်း အတွင်းမှာ သိရေရာတွေက များလိုက်တာ၊ ဒီလိုသိပြီး အားထုတ်သွားကြတဲ့ ရှေးယောဂီ ရဟန်းတော်များကို ကြည်ညိုအားထုတ်ရုံ ရှိတော့တယ်၊ မိမိကိုယ်တိုင်တော့ ဒီလို သိအောင် အားထုတ်လို့ ဖြစ်မှာ မဟုတ်" ဟု ဆင်ခြင်မိကာ တရားအားထုတ်ရန် စိတ်အားလျော့ခဲ့သည် ဆို၏၊သို့သော် မဟာစည်ဆရာတော်၏ ဝေဒနာနုပဿနာ တရားတော်ကြီး စာအုပ်ကို ဖတ်ရှုရသောအခါ ဒီလိုဆိုတော့ အားထုတ်လို့ ဖြစ်နိုင်တာဘဲ၊ အကြောင်းညီညွတ်တဲ့အခါ အားထုတ်မည်ဟု စိတ်အားတက်လာပြန်သည် ဟူ၍လည်း ဆို၏။

ထိုသို့ စိတ်အားတက်လာသည်နှင့် အညီပင် ၁၃၂၃-ခုနှစ် သီတင်းကျွတ်လ၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံမှာ ဩဝါဒခံယူ၍ ကမ္မဋ္ဌာနာစရိယတို့၏ ညွှန်ကြားချက်ဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သည်၊ လပြည့် လကွယ်နေ့မှာ သံဃဥပုသ်ပြုပြီးနောက် ဆရာတော်ဘုရားကြီးက "ဖောင်းတယ်-ပိန်တယ်" စသည်ဖြင့် ရှုမှတ်တိုင်း တကြိမ်ကြိမ် မှတ်ချက်အတွင်း၌ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးနှင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါး ပေါင်းကာရကမဂ္ဂင် ငါးပါး ပါဝင်နေတဲ့အတွက် ရှုမှတ်ရတာ အလွန် ဝမ်းသာစရာကောင်းကြောင်း၊ ထို့ပြင် သီလမဂ္ဂင် သုံးပါးကတော့ သီလစင်ကြယ်အောင် သုတ်သင်ပြီးကတည်းက ပါဝင်နေကြောင်း၊ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်းမဂ္ဂင်ရှစ်ပါးကို ပွားနေရသဖြင့် အလွန် ဝမ်းသာစရာ ကောင်းကြောင်းစသည်ကို မိန့်ကြားတော်မူသည်။ ထိုအမိန့်ဩဝါဒကို နာရသဖြင့် မိမိစိတ် အကြံကို သိ၍ ထိုဩဝါဒစကားကို မိန့်ကြားသည်ဟု ထင်မှတ်ပြီးလျှင် ဆက်လက်အားထုတ်ရန် စိတ်အားတက်လာခဲ့သည် ဆို၏။

ထို့ပြင် နောက်တနေ့၌ ကမ္မဋ္ဌာနာစရိယ အရှင် ပဏ္ဍိတာဘိဝံသ - က ထိုမဂ္ဂင်ရှစ်ပါး တရားကိုပင် အကျယ် ဟောပြန်သဖြင့် သာ၍ စိတ်အားတက်ပြီး ကြိုးစား ရှုမှတ် လာခဲ့ရာ ရှုမှတ်၍ အထူး ကောင်းလာပြီးလျှင် သဒ္ဓါဆန္ဒတွေ အလွန် တက်ကြွလာသည်။ တရားအားထုတ်ရေး ဆိုင်ရာ၌

ဖောင်းပိန်ကို မမှတ်ရစသည်ဖြင့် မှားယွင်းစွာ ဟောပြောနေကြသော အချို့ ဓမ္မကထိက အရှင်မြတ်တို့အား ရှိရှိသေသေနှင့် အမှန်ကို သိနားလည်အောင် ရှင်းပြမယ်၊ မိမိထံ ရောက်လာတဲ့ စာသင်သား ရဟန်းသာမဏေများအား အားသုတ်ပေးမယ်၊ တရားနဲ့ အလွန်ဝေးပြီး ဝိပဿနာရဲ့အပြစ် တရားအား ထုတ်သူတွေရဲ့ အပြစ်ကို ပြောတတ်တဲ့ သူများကိုလဲ ထိုသို့အပြစ်မပြောမိ အောင် သတိပေးမယ်၊ အဆင်ပြေယင် တရားလဲပြမယ် စသည်ဖြင့် သဒ္ဓါ ဆန္ဒတွေ အသွန်သက်သန်စွာ ဖြစ်ပေါ်လာခဲ့သည်။

ထိုသို့ ဖြစ်ပုံကို ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိတာ ဘိဝံသအား လျှောက် သောအခါ ယင်းဆရာက "အရှင်ဘုရား၏ တွေ့သိပုံ စိတ်ဆန္ဒ ဖြစ်ပုံများဟာ အင်မတန် ကောင်းပါတယ်၊ ဒါပေမယ့် အဲဒါတွေထက် ကောင်းတာကို တွေ့ သိရအောင် ပေါ်လာသမျှကို မှတ်ရုံသာ ဆက်ပြီး မပြတ်မှတ်နေပါ"ဟု ဩဝါဒစကား ညွှန်ကြားတော်မူသည်။

ထိုသို့ ညွှန်ကြားဆုံးမသည့်အတိုင်း အားထုတ်သဖြင့် နောက်ဆုံး၌ ဉာဏ် စဉ်တရားတော်ကို နာရသည်။ ယင်းတရားကို နာရသောအခါ သင်္ခါရုပေက္ခာ ဉာဏ်အထိ မိမိမှာဖြစ်ပုံများနှင့် များစွာ တူညီနေသည်ကို တွေ့ရသောကြောင့် လွန်စွာ ဝမ်းမြောက်ခဲ့ရလေသည်။ ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်ပြီး ဉာဏ်စဉ်တရားတော်ကို ဟောကြားတော်မူသော ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးအားလည်း ပညာရှင်အစစ် သူတော်ကောင်းအစစ်ပဲဟု အာရုံ ပြု ကြည်ညိုမိလေသည်။ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဟော၍ အသံသွင်းထားသော ဉာဏ်စဉ်တရားသည် ယခုမှ အားထုတ်သော ယောဂီတို့ အတွေ့အသိနှင့် ကိုက်ညီနေသည်ကို တွေ့ရသောကြောင့် ဗုဒ္ဓတရားတော်သည် ဘယ်အခါမဆို ကျင့်သူတို့အတွက် ခေတ်မှီတရားသာဖြစ်ကြောင်း ဆင်ခြင် လျက် အံ့ဩမိခဲ့လေသည်။

ထိုသို့ သာသနာ့ရိပ်သာ၌ အားရကြေနပ်အောင် အားထုတ်ပြီးနောက် ဗဟုသုတပွါးရန်အလို့ငှါ ရန်ကုန်မြို့ အလယ်တောရအနီး မင်းကွန်းတောရ တိုက် ဆရာတော် ဦးဝါယမထံ၌၎င်း၊ ရန်ကုန်မြို့ ရှစ်မိုင် ဉာဏစာဂီဆရာတော် ထံ၌၎င်း၊ ပြည်သမ်း လယ်တီမူကမ္မဋ္ဌာန်း တိုက်ဆရာတော် ဦးဇာဂရထံ၌၎င်း၊ တောင်ဥက္ကလာပ စွန်းလွန်း ကမ္မဋ္ဌာန်းတိုက် ကမ္မဋ္ဌာနာစရိယဆရာတော်တို့ထံ၌ ၎င်း၊ ကမ္မဋ္ဌာန်းတရားများကို နည်းပေါင်းစုံအောင် အားထုတ်တော်မူ ခဲ့သည်။



မဟာစည်သာသနာ့ရိပ်သာ ဟင်္သာတ

## အရှင်သံဝရ

အရှင်သံဝရ လောင်းလျာသည် တောင်တွင်းကြီးမြို့(မြောက်ဖက်)အနီး မြို့သစ်မြို့နယ် ဆူးထပ်ကြီးကျေးရွာခမည်းတော် ဦးညိုပု-မယ်တော်ဒေါ်သန်း ချိုတို့မှ ၁၂၈၈-ခုနှစ် တပို့တွဲလဆုတ် ၉-ရက် သောကြာနေ့၌ ဖွားမြင်သော သားရတနာဖြစ်သည်။

---

ထိုသို့ ဌာနပေါင်းများစွာ၌ လေ့လာအားထုတ်ခဲ့ရာတွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ၌ အချိန်ကာလ အကြာမြင့်ဆုံး အားထုတ်ခဲ့ပုံမျှမက ယခုအခါ၌လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဟင်္သာတမြို့ တာငါးဆယ်မြောက်ရပ် မဟာစည် သာသနာ့ရိပ်သာ၌ ပဓာန နာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ယင်း သီတင်းသုံးတော်မူလျက် ရှိပေသည်။ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီဦးရေမှာ (၄၂၂)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဆရာကြီး ဦးဘတင်၏ကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ခဲ့ပြီးနောက် တောင်တွင်းကြီးမြို့ ရတနာဒေဝီ (ဆယ်တန်း) ကျောင်းသို့ ပြောင်းရွှေ့ကာ ဆက်လက်ပညာသင်ယူခဲ့သည်၊ ၁၃၀၅ ခုနှစ်၌ ရတနာဒေဝီဆရာတော် ထံမှသာ အဘိုးဖြစ်သူ ဦးဖိုးခန့်၏ဓမ္မာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ တက်ရောက်ပြီးလျှင် ပိဋကတ်အခြေခံစာပေများကို စတင်၍ သင်ယူခဲ့သည်၊ ရှင်သာမဏေအဖြစ်ဖြင့် ၄-ဝါရပြီးနောက် ၁၃၀၈ ခုနှစ် တန်ဆောင်မုန်း လဆန်း (၈) ရက်နေ့၌ တောင်တွင်းကြီးမြို့ ရေဟိုက်ကျောင်း ခဏ္ဍသိမ်တွင် ရတနာဒေဝီ ဆရာတော်ကြီး အရှင်သုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင် တွင်းကြီးမြို့ မောင်းသိုက်ပုပ် ဦးဘခင်-ဒေါ်မြကြည်တို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက်ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးထံ၌၎င်း ယင်း၏ ညီတော်အရှင်ကုသလထံ၌၎င်း၊ အရှင်နန္ဒမာလာ (ယခုရတနာဒေဝီ ဆရာတော်)၊ ပန်းတောရ ကျောင်း အရှင်သာဓိန၊ အရှင်အရိယ၊ စွယ်တော် စင်ပါဠိတက္ကသိုလ် ဆရာတော် အရှင်ဇာဂရတို့ထံ၌၎င်း၊ မန္တလေးမြို့ မစိုးရိမ် တိုက်ကြီးမှအဘိဓဇမဟာရဋ္ဌဂုရုမစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်အရှင်နာရဒါ ဘိဝံသ၊ အရှင်ဝိစိတ္တာဘိဝံသ၊ အရှင်စာရိန္ဒာဘိဝံသတို့ထံ၌၎င်း၊ ဝေယန်ဘုံ သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏာဘိဝံသထံ၌၎င်း၊ ပခုက္ကူ မြို့ မဟာဝိသုတာရာမတိုက်မှ တိုက်အုပ်များဖြစ်ကြသော အရှင်နန္ဒိယ၊ အရှင် မာသိန္ဒ အရှင်နာယကတို့နှင့် စာချဆရာတော်များဖြစ်ကြသော အရှင်သူရိယ အရှင်ခေမိန္ဒတို့ထံ၌၎င်း ပါဠိ အဋ္ဌကထာ ဋီကာ ပရိယတ္တိစာပေကျမ်းဂန်များ ကို ကြိုးစားသင်ယူခဲ့သည်။ ထိုသို့သင်ယူနေခိုက် မန္တလေးမြို့ မစိုးရိမ်တိုက် ကြီး၌ နေစဉ်မှာပင် ပဌမငယ်-လတ်-ကြီးတန်းတို့၌ ဝင်ရောက် ဖြေဆို၍ အောင်မြင်သည့်ပြင် စာချတန်း၌ ဂုဏ်ထူးပါအောင်မြင်၍ (သာသနဓဇသိရီ ပဝရဓမ္မာစရိယ) ဘွဲ့တံဆိပ်ကိုလည်း ရရှိတော်မူသည်။ ထိုတိုက်ကြီးမှာပင်(၇) နှစ်နေ၍ ပါဠိတက္ကသိုလ် ကထိကအဖြစ် ချီးမြှင့်ခံရ၍ စာပေပို့ချလျက် ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်၊ ရန်ကုန်မြို့ ကမ္ဘာအေး ရွှေကူးချပ်မဦးချိမ်တိုက်သစ်၌လည်း (၇)နှစ် တိုင်တိုင်စာပေပို့ချလျက်ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်၊

## ပရိယတ်မှ ပဋိပတ်သို့

မဟာစည်သာသနာ့ရိပ်သာမှ တလကျော်မျှ အားထုတ်ပြီး ပြန်လာသော ကလျာဏမိတ္တဖြစ်သူ အရှင်ကုဏ္ဍလ (ယခု ဟင်္သာတ မဟာစည်ရိပ်သာဆရာ

တော်)က''ဟာရားသွားအားထုတ်ချေပါလား''ဟုစ၍ပြောသည်။တာတွေ့တွေ့ ခဲ့လို့တုန်းဟု အရှင်သံဝရက ပြန်၍မေးသည်။ စာတွေထဲ ရှိတာထက်ပိုမပြော တတ်ပါဘူး၊ အရှုံးမရှိပါဘူး ဟု အရှင်ကုဏ္ဍလက တိုတိုဘဲ ဖြေလိုက်သော ကြောင့် ထပ်မမေးတော့ဘဲ အရှင်သံဝရက စဉ်းစားကြည့်သည်၊ အရှုံးမရှိဘူး ဆိုတာဟုတ်ပေတယ်၊ ဘာဝနာအားထုတ်ရတာက စာမေးပွဲ ဖြေရတာမျိုး မဟုတ်ပေဘူး အားထုတ် နိုင်သလောက် အတွင်းမှာ သိလဲ အထူးစင်ကြယ် နေမယ်၊ သမာဓိ ပညာများလဲ ဖြစ်တန်သမျှ ဖြစ်ပွားမယ်၊ အမြတ်ချည်းဘဲဟု အဖန်ဖန်စဉ်းစား ဆင်ခြင်ပြီးလျှင် ရဟန်းဝါဖြင့် (၁၀) ဝါ ရှိနေသော အရှင်သံဝရသည် တဝါလျှင် တရက်ကျဖြင့် (၁၀)ရက်ခန့် စမ်းကြည့်ရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ ရတနာပုံသာသနာ့ရိပ်သာသို့ သွား၍ သတိ ပဋ္ဌာန် ဝိပဿနာ အမှတ်တရားကို အားထုတ်ကြည့်ခဲ့လေသည်။

ထိုသို့အားထုတ်နေစဉ် နယုန်လ အပူဒဏ်ကြောင့်ရင်း၊ ကိုယ်တွင်းမှ အညောင်း အညာဒဏ် များကြောင့်ရင်း တွန့်ဆုတ်ဆုတ် ဖြစ်နေခိုက်တွင် ထိုစဉ်က ကမ္မဋ္ဌာန်း နည်းပြဆရာတော် အရှင် ဣန္ဒြိယက ''ဦးသံဝရ-က ဝေဒနာတွေကို လွန်အောင် မမှတ်နိုင်ဘဲကိုး'' ဟု အမိန့်ရှိသည်။ မှတ်ယင် လွန်နိုင်ပါသလား အရှင်ဘုရား ဟု ပြန်မေးလျှောက်ရာ လွန်နိုင်ပါတယ် ဟု အမိန့်ရှိလိုက်သဖြင့် ''ငါကြိုးစားမှု လိုနေသေးလို့ဘဲ'' ဟု စဉ်းစားပြီး အပြင်းအထန် ဒလစပ် မပြတ်ရှုမှတ်လိုက်လေသည်။ ထိုသို့ အပြင်းအထန် ကြိုးစားရှုမှတ်သောအခါ အပူဒဏ် အညောင်းဒဏ်တွေ ပျောက်သွားသည့် ပြင် အလင်းရောင်တွေ တောက်လာကာ တကျောင်းလုံး လင်းနေသည်ကို တွေ့ရ၍ အားရကြေနပ်သောကြောင့် နောက်ထပ် (၁၀)ရက်တိုး၍ အရက် (၂၀)အထိ အားထုတ်ခဲ့လေသည်။

ထိုသို့ အားထုတ်နေစဉ် ကိုယ်ရောစိတ်ပါ သွက်လက် ပေါ့ပါး လာပြီး တသိမ့်သိမ့် တငြိမ့်ငြိမ့်ဖြင့် အေးစိမ့်လျက် ချမ်းသာသုခဖြင့် ဟန်ကျနေခိုက် တွင် ''ဦးသံဝရ သူများတွေကို တရားဟောတာ များမနေဘူးလား''လို့ ကမ္မဋ္ဌာန်းပြ ဆရာတော်က မေးသည်။ ''ဟောနေမိပါတယ် ဘုရား''ဟုဖြေ ကြားပြီးလျှင် ''ဒီလိုစိတ်ကူးတွေ ဖြစ်နေခိုက်မှာ ဒီလိုတောင်သိနေပါကော'' ဟု ဆရာအားပို၍ယုံကြည်သောစိတ်များ ဖြစ်ပွားခဲ့ပေသည်။ ထိုအခိုက်က အသက် (၇၅) နှစ်ခန့်ရှိ ရှင့်ဒကာ အဖိုးဖြစ်သူ ဦးဖိုးခန့်အား ထိုသို့သော တရားအရသာများကို ရရှိသွားစေလို၍ စိတ်ကူးဖြင့် ပြောဟောနေမိခြင်း ဖြစ်ပါသတဲ့။ အရက် (၂၀) ပြည့်သောအခါ ဝါဆိုခါနီးသဖြင့် စာချတန်း ပြီးသောအခါ နောက်နှစ် ဆက်လက်အားထုတ်မည် ဟု အဓိဋ္ဌာန် ပြု၍ ပြန်ခဲ့ရလေသည်။

အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း နောက်နှစ်မှာ တရားအားထုတ်ရန် အရှင် ဣန္ဒြိယအား လျှောက်သောအခါ နွေဥတုနှင့်လျော်ညီသော မေမြို့ ကမ္မဋ္ဌာန်း ဌာန အရှင် ဦးအာစာရထံသို့ စာရေး၍ ညွှန်ကြားလိုက်သဖြင့် ထိုဌာနသို့ သွား၍ မြတ်စွာဘုရား၏ (၄၅)ဝါကို ပူဇော်သည့်အနေဖြင့် (၄၅) ရက် တိတိ ဒုတိယအကြိမ် အားထုတ်ခဲ့လေသည်။ နောက်ထပ်တဖန် အားထုတ် ရန် စိတ်ဆန္ဒရှိသော်လည်း ဂန္ထပလိဗောဓ စသည်တို့ကြောင့် အချိန်များ ရွှေ့ရွှေ့လာခဲ့ရာ ဝါ(၂၀)သို့ ရောက်လာခဲ့သည်။ ထိုအခါမှာ ဆန္ဒာဓိပတိ ထားရှိသည့်အတိုင်း ဦးစီးဝန်ဆောင်နေမှုကို ခေတ္တဖြတ်ပြီးလျှင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးထံသို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်းနည်းပြဆရာတော် အရှင် ပဏ္ဍိတာဘိဝံသ၏ ညွှန်ကြားပြသချက်ကို ခံယူကာ သတိပဋ္ဌာန်ဝိပဿနာတရားကို တတိယအကြိမ် ပွါးများအားထုတ်ခဲ့ လေသည်။ ယခင်က ၂-ကြိမ်တိုင်တိုင် အားထုတ်ခဲ့ဘူးသော ဓာတ်ခံများ ကြောင့် ရက်များစွာ မကြာမီပင် သာလွန်ထူးခြားသော ချမ်းသာသုခတို့ကို တွေ့ရလေသည်၊ အလွန်ကြည်လင်သည့် လဟာပြင်သာရှိနေသလို တွေ့မြင်လျက် (စာဖြင့်ရေး၍မဖော်ပြနိုင်သော) မှုံမှုံမွားမွားပါးပါးကလေးကို မြင်နေရ၍ "ရုပ်ကလာပ်စုကလေးတွေကို မြင်နေသည်" ဟု ထင်မိသည်၊ အကောင်းဆုံးကို တွေ့နေပြီဟု ထင်သဖြင့် ကြိုးကြိုးစားစား မမှတ်ချင်တော့ဘဲ အားရလျက် ရှိနေသည်၊

ထိုအကြောင်းများကို လျှောက်သောအခါ "ဦးသံဝရ-ရုပ်ကလာပ်တွေကို မမြင်နိုင်ပါဘူး၊ မြင်ရတာမျိုးမဟုတ်ပါဘူး" ဟု ဆရာတော် ဦးပဏ္ဍိတက ချိုသာစွာ အမိန့်ရှိသည်၊ ထိုအမိန့်ရှိချက်သည် များစွာ ထိရောက်၍ ကောင်း ကျိုးများကို တိုးတက်ရစေနိုင်သော စကားဖြစ်သည် ဟု ဆိုပါသည်။ ပူပန် ခပ်သိမ်းငြိမ်းလျက် တည်ကြည်သော သမာဓိနှင့် ချမ်းသာသုခအထူးများကို ကြာရှည်စွာ ရရှိနေသောအခါ သီလက္ခန်အဋ္ဌကထာမှာ ဖွင့်ပြထားသည့် စတုတ္ထဈာန်ချမ်းသာပုံပြသော စကားများကို ဤသို့ အမှတ်ရမိလေသည်၊ "အေးမြကြည်လင် စင်ကြယ်သန့်ရှင်းသောရေကို ချိုးပြီးလျှင် သန့်ရှင်းဖြူစင် သော အဝတ်ကို ခြုံထားလိုက်ပါက တကိုယ်လုံး၌ ကိုယ်ငွေ့များဖြင့် မတွေ့ မထိသောနေရာ မရှိသကဲ့သို့ ဖြူစင်သန့်ရှင်းသော စိတ်ဖြင့် မရောက်မတွေ့ မထိ သော နေရာဟူ၍ တကိုယ်လုံးမှာ မရှိပါတကား၊ ထိုသို့သော စာတွေကို ယခု အခါ အားထုတ်၍သာ ကိုယ်တွေ့ရောက်ရှိ ခံစားနေရပါတကား၊ ကြည်လင် အေးမြ သုခဘုံလို ဖြစ်နေပါတကား" ဟု အမှတ်ရမိခဲ့သည် ဆိုပါသည်။

ထိုသို့ တရားအရသာများကို တွေ့လျက် ထက်သန်သော သဒ္ဓါဖြစ်နေသော ကြောင့် မိမိ၏ စကားကို ယုံကြည်လောက်သော ဆရာနှစ်ဦးထံသို့ တရားလာ



မဟာစည်သာသနာ့ရိပ်သာ နံကပ်ရွာ ဟသ်ာတ

## ဆရာတော် ဦးပညာသာမိ

ဆရာတော် ဦးပညာသာမိလောင်းလျာသည် ဟသ်ာတမြို့ နံကပ်ကျေးရွာ ခမည်းတော် ဦးအောင်ကျော်-မယ်တော် ဒေါ်ရွှေမြတို့မှ ၁၂၇၆-ခုနှစ်၊

---

အားထုတ်ရန် စာရေး၍ မှာလိုက်သည်၊ မှာလိုက်သည့်အတိုင်းပင် လာရောက်၍ အားထုတ်ကြပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့တွင် ရာသက်ပန် အသင်းသား အဖြစ် ဝင်သွားကြလေသည်။ ၎င်းတို့မှာ တောင်တွင်းကြီးမှ ဆရာဦးအောင်ခင် နှင့် ဆရာကြီး ဦးအောင်လှိုင်တို့ ဖြစ်ကြသည်။ ယင်းသို့ အလွန်ထက်သန်သော သဒ္ဓါတရား ဖြစ်ပွါးပြီးနောက် ကမ္မဋ္ဌာန်းဆရာတို့၏ ညွှန်ကြားချက်အတိုင်း စံနစ်တကျ အားထုတ်ခဲ့ရာ ၂-လလောက် ကြာသောအခါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မာဒါသ ဉာဏ်စဉ်တရားတော်ကို ကြားနာရပေသည်။

အရှင်သံဝရသည် မဟာစည် ဓမ္မကထိက အဖွဲ့ဝင် ဓမ္မကထိက တပါး ဖြစ်သည့်ပြင် ယခုအခါ ဟသ်ာတမြို့ တာငါးဆယ်မြောက်ရပ် မဟာစည်

တပို့တွဲလပြည့်ကျော် ၁၃-ရက် ကြာသပတေးနေ့ည ၈-နာရီခွဲအချိန်တွင် ဖွားမြင်သော သားရတနာဖြစ်၏။

ကျောင်းသားအရွယ် ကျောင်းအပ်ချိန်တွင် မိဘနှစ်ပါးတို့က ရွာဦးကျောင်းကြီး ဆရာတော်ထံအပ်နှံ၍ သတ္တိသားအား ဆရာတော်က ဘာသာရေးအခြေခံစာပေများကို သင်ကြားပို့ချပေးတော်မူသည်၊ ၁၄-နှစ်အရွယ်သို့ ရောက်လျှင် ရွာဦးကျောင်းကြီး ဆရာတော်ထံ၌ပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ထိုအခါ ဆရာတော်က ရှင်ပညာသာမိ-ဟူသော ဘွဲ့အမည်မှည့်၍ ရှင်တို့ကျင့်ဝတ်များနှင့် ပိဋကတ်အခြေခံစာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။ ရှင်ပညာသာမိသည် သာမဏေပါ ၇-ဝါအရတွင် ပခုက္ကူမြို့ နံကပ်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးသောမကို ဥပဇ္ဈာယ်ပြု၍ မိဘနှင့် ဆွေမျိုးအပေါင်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၆-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅-ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်းရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်လာသော ဦးပညာသာမိသည် ဥပဇ္ဈာယ်ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်များကို ပြုခဲ့ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ဒလမြို့သို့ ကြွရောက်လျက် ဇေယျဝတီတိုက် ဆရာတော် ဦးဥတ္တမရှင်နှင့် ဂဏဝါစကဆရာတော် ဦးဇေယန္တတို့ထံ၌၎င်း၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗားဂရာတိုက်ဝံသမေဒနီ ဆရာတော် ဦးနန္ဒိယထံ၌၎င်း၊ ဥယျာဉ်တိုက် စံတော်ဆရာတော် ဦးသုဇာတထံ၌၎င်း၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက်

---

သာသနာ့ရိပ်သာ၌ ကလျာဏမိတ္တဖြစ်သော ကမ္မဋ္ဌာနာစရိယ နာယကဆရာတော်အရှင်ကုဏ္ဍလအား ကတညုတာ ကတဝေဒီအဖြစ်ဖြင့် ကူညီဆောင်ရွက်ကာ ရောက်လာသော ရဟန်းရှင်လူတို့အား ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြလျက် ရှိပေသည်။ ယင်းသို့ ကူညီဆောင်ရွက်ခြင်းမှာ တရားအားထုတ်ရန် ဦးစွာ တိုက်တွန်းဘူးသော ကျေးဇူးကို အမှတ်ရလျက် ကျေးဇူးတုန့်ပြန်ခြင်းဖြစ်ကြောင်း သိရပေသည်။

သံကျောင်းဆရာတော် ဦးပဏ္ဍဝ၊ သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ အောင်ကြီးမြင့် ဆရာတော် ဦးအာစရတို့ထံ၌၎င်း၊ ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြယ်၊ ဆရာတော် ဦးအရိယ၊ ဆရာတော်ဦးဥက္ကံသ၊ ဆရာတော် ဦးမေဓိယ၊ ဆရာတော် ဦးပညာဇောတ၊ ဆရာတော်ဦးသီလဝံသ တို့ထံ၌၎င်း၊ ဆည်းဘန်နီ ဆရာတော် ဦးအာစရထံ၌၎င်း၊ ဤသို့သောစာချ အကျော်ဆရာတော်တို့ထံ၌ ပိဋကတ် ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ် ကို ကြိုးပမ်းအားထုတ် သင်ကြားတော်မူသည်။

ရဟန်းတော် ဦးပညာသာမိသည် ဝါသနာအလျောက် စာမေးပွဲများ ကို ဝင်ရောက်ဖြေဆိုခဲ့ရာ မန္တလေးမြို့ ဝိနယာနုဂ္ဂဟစာမေးပွဲနှင့် ရန်ကုန်မြို့ ဝိနယာနုဂ္ဂဟစာမေးပွဲများမှ- ဝိနယကောသလ္လ၊ ဝိနယဒေသက၊ ဝိနယ ဝိသာရဒ ဘွဲ့ထူးများကို ရရှိခဲ့သည်။ အစိုးရ ငယ်-လတ်-ကြီးတန်းများကို အောင်ပြီးနောက် ၁၃၂၂-ခုနှစ်၌ စာချတန်း ၃-ကျမ်းနှင့်တကွ မြန်မာ ဂုဏ်ထူး ဝိဘင်္ဂဒီ ကျမ်းများပါ အောင်မြင်သဖြင့် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ) ဘွဲ့တံဆိပ်ကိုလည်း ရရှိခဲ့သည်၊

ထို့နောက်လည်း ပရိယတ္တိစာပေကျမ်းဂန်များကို ဆက်လက်သင်ယူပို့ချ ခြင်းဖြင့် မန္တလေးမြို့ ရွှေရေးဆောင်တိုက် သူဌေးကျောင်း၌နေ၍ သာသနာ့ တာဝန်များကို ကြိုးပမ်း ထမ်းဆောင်နေတော်မူခဲ့သည်။ ၁၃၂၁-ခုနှစ်သို့ အရောက်တွင် ပဋိပတ္တိသာသနာတော် လုပ်ငန်းကို ဆောင်ရွက်ရန် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတနှင့်ဦးပဏ္ဍိတာ ဘိဝံသတို့၏ ညွှန်ကြားချက်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်း တရားများကို ပွားများ အားထုတ်ခဲ့ရာညာဏ်စဉ်တရားကိုနာကြားရသည်အထိ ဆရာတော်တို့၏ကြေနပ် မှုကို ရရှိခဲ့သည်။

၁၃၃၄-ခုနှစ်တွင် ဟသ်ာတမြို့ နံကပ်ကျေးရွာ ရွာဦးကျောင်းကြီး အတွင်း မဟာစည်သာသနာ့ရိပ်သာ-ဟူသော အမည်ဖြင့် ကမ္မဋ္ဌာန်းရိပ်သာ ဖွင့်လျက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်နည်း ကျကျ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ပြီးလျှင် ပဋိပတ္တိ သာသနာ လုပ် ငန်းကို ကြိုးပမ်းအားထုတ်လျက်ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ကြသော ယောဂီဦးရေမှာ (၁၅၀) ခန့် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

# မဟာစည် သာသနာ့ရိပ်သာ ရေကြည်မြို့

## ဆရာတော် ဦးပညာဇောတ

ဆရာတော်ဦးပညာဇောတသည်ရမည်းသင်းခရိုင်ပျော်ဘွယ်မြို့နယ်ပုတီးကုံး ရွာ ခမည်တော် ဦးဖိုးမြိုင်-မယ်တော်ဒေါ်လှထွန်းတို့မှ ၁၂၈၄- ခုနှစ်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသား ချိန်တွင် ပုတီးကုံး ရွာရင်းကျောင်း ဘုန်းတော်ကြီးထံ၌ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေး တော်မူသည်၊ ထိုဆရာရင်း ဘုန်းတော်ကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်၊ ရှင်သာမဏေ အဖြစ်သို့ ရောက် သော် သင်ကြားသင့် သင်ကြား ထိုက်သော ကျင့်ဝတ်သိက္ခာ ပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေများကို ဆရာဘုန်းတော်ကြီးက သင်ကြား ပေးတော် မူသည်။ သက်တော် ၂၀-ပြည့်လျှင် ဆရာတော်ဦးသူရသေနကို ဥပဇ္ဈာယ် ပြု၍ ရဟန်း ဒာ-ာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရွှေညောင်ဖူး ရေကြည် တောရကျောင်း (ပဌမကျော်) အရှင်သောဘန ထံ၌၎င်း၊ တောင်ငူမြို့စည်ပင်ကျောင်းဆရာတော်ထံ၌၎င်း၊ ရန်ကုန်မြို့ကျောက် မြောင်း ဓမ္မဝိဟာရ ( ယမကတ္ထဝိဘာဝနီကျမ်းပြု ) ဆရာတော်ဦးဉာဏဝရ ထံ၌၎င်း၊ ခြောက်သပ်ကြီး ဘုရားကြီးတိုက် ပဌမ, ဒုတိယ စာချဆရာတော် တို့ထံ၌၎င်း ပိဋကတ်, ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် များကို သင် ကြား အားထုတ်တော်မူသည်၊ ပဋိပတ္တိ ဓမ္မ၏ အခြေခံဖြစ်သော ပါဠိ, အဋ္ဌ ကထာ, ဋီကာ ပရိယတ္တိဓမ္မကို သင်ကြားတော်မူပြီးနောက် သာသနာတော်၌ ဆောင်ရွက်ရန်တာဝန်မှာ အပြီးတိုင်မရောက်သေးသည်ကို သိရှိတော်မူသော ဆရာတော် ဦးပညာဇောတသည် စေတနာ သဒ္ဓါ ဆန္ဒပြည့်ဝပြီး · ဖြစ်သည့် အဘိုင်း သာသနာ့မာန်အောင် ဆရာတော်ထံ၌၎င်း မင်းကွန်း ဆရာတော်ထံ ၌၎င်း ဟံသာဝတီဆရာတော်ထံ၌၎င်း စွန်းလွန်းဆရာတော်ထံ၌၎င်း ဝိပဿနာ ကမ္မဋ္ဌာန်းကိုအားထုတ်ပွားများတော် မူပြီးလျှင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီးထံ ဩဝါဒခံယူ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော် များထံ၌ တဖန် အားထုတ်တော်မူလေသည်။

ဤသို့ အားထုတ်တော် မူပြီးနောက် မျက်မှောက်ကာလ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ရေကြည်မြို့မဟာစည်သာသနာ့



ညောင်ကျိုးမြို့ ညောင်တုန်းလဲရွာ၊ ဟသ်ာတ

ဆရာတော် ဦးကုဏ္ဍလ

ဆရာတော်[*] ဦးကုဏ္ဍလသည် ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ် ညောင်ကျိုးတိုက်၊ ညောင်ပင်သာရွာ ခမည်းတော် ဦးရွှေတင်–မယ်တော် ဒေါ်ညိုပုတို့မှ ၁၂၇၈-ခုနှစ်၊ နတ်တော် လပြည့်ကျော်-၈-ရက် တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်၊

---

ရိပ်သာတွင် ဆရာတော် ဘုရားကြီး၏ ရှုမှတ်နည်း အတိုင်း သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို နာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ဟော ပြောညွှန်ပြလျက် ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၁၁၆) ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

၆-နှစ်သားအရွယ်မှစ၍ ညောင်ပင်သာကျောင်း ဆရာတော် ဦးဗောဓေယျထံ အပ်နှံ၍ ဘာသာရေး အခြေခံစာပေများကို သင်ကြားသည်။ ၁၀-နှစ်သားအရွယ်တွင် ခမည်းတော်- မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်၊ ထို့နောက် ညောင်ပင်သာရွာ နန္ဒာရာမကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်-ဦးနန္ဒထံ၌ သာမဏေအဖြစ်ဖြင့် ပိဋကတ် အခြေခံစာပေများကို သင်ကြားခဲ့သည်၊ ၁၂၉၇-ခုနှစ် တပေါင်းလဆန်း ၁၄-ရက်နေ့တွင် ငယ်ဆရာရင်း ဆရာတော် ဦးဗောဓေယျကို ဥပဇ္ဈာယ်ပြု၍ ကျောင်းဒကာ ဦးဘိုးချိ- ကျောင်းအမ ဒေါ်သဲအူတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

ဆရာတော်သည် ငါးဝါအတွင်း ရဟန်းငယ်ဘဝကပင် မြန်အောင်မြို့ သုခမ္မာရာရိယတ္တိ စာမေးပွဲတွင် ငယ်-လတ်-ကြီးအတန်း များကိုင်၎င်း၊ သပြေကုန်းမြို့ အချိုးသားစာမေးပွဲတွင် ပဌမကျော် ဂုဏ်ထူးတန်းကို၎င်း၊ အောင်မြင်တော်မူခဲ့သည်၊ ၅ ဝါမြောက်တွင် ရန်ကုန်မြို့ ဘုရားကြီးစာသင်တိုက် ဆရာတော်ဦးကောဏ္ဍညထံ၌ ၆-နှစ်ပတ်လုံး ပါဠိ, အဋ္ဌကထာ, ဋီကာများကို ထပ်မံသင်ယူတော်မူသည်၊ထိုသို့သင်ယူပြီးနောက် နန္ဒာရာမကျောင်းတိုက်သို့ ပြန်ကြွကာ တိုက်အုပ်ဆရာတော်အဖြစ် ပရိယတ္တိစာပေများကို ပို့ချတော်မူသည်၊

၁၃၂၂-ခုနှစ်တွင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူလျက် လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတထံတွင် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသည်၊ စနစ်တကျ ရှုမှတ်အားထုတ်ပြီးလျှင် ညောင်ပင်သာ ညောင်တုန်းလမ်း ဒကာ-ဒကာမတို့၏ လျှောက်ထား တောင်းပန်ချက်ဖြင့်- ဟင်္သာတခရိုင် ညောင်တုန်းလမ်းရွာ၊ညောင်ပင်သာကျောင်း ကမ္မဋ္ဌာန်းဌာနတွင် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဟောကြား ညွှန်ပြတော်မူပါသည်။ ဆရာဦးသာမြင့်၊ ကိုဝဏ္ဏ၊ ကိုမောင်ကလေး စသော လက်ထောက် ကမ္မဋ္ဌာနာစရိယတို့လည်း ကူညီဟောပြော ပြသလျက်ရှိရာ ယခုအခါတွင် ထိုဌာန၌ အားထုတ်ပြီး ယောဂီ ဦးရေမှာ (၃၃၄)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



မဟာစည် သတိပဋ္ဌာန်သာသနာ့ရိပ်သာ မဲဇလီကုန်း

## ဆရာတော် ဦးသူရိယ

ဆရာတော် ဦးသူရိယ လောင်းလျာသည် မန္တလေးခရိုင် မတ္တရာမြို့နယ် သဖန်းဒေါင့်ရွာ ခမည်းတော် ဦးထွန်းစိန်-မယ်တော် ဒေါ်စိန်တင် တို့မှ ၁၂၉၄-ခုနှစ် ပြာသိုလဆုတ် ၁၁-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

သဖန်းဒေါင့် ရွာကျောင်း ဆရာတော်ထံမှာ သူငယ်တို့ တတ်သင့်သော စာပေကို ကျောင်းသားအဖြစ်ဖြင့် သင်ယူခဲ့ရသည်။ ထိုဆရာတော် ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဆရာတော်က ရှင်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့်တကွ ပိဋကတ် အခြေခံစာပေများကို သင်ကြားပေးတော်မူသည်၊ ၁၃၁၄-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့၌ ဆရာတော်ဦးဣန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မိဘ ဆွေမျိုးများ ဖြစ်ကြသော ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရာ သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့ဝန်ထမ်း မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးသောအခါ မန္တလေးမြို့ မစိုးရိမ်တိုက် အာဂမ နယုပဒေသကျောင်းတွင် နေ၍ ထိုကျောင်းဆရာတော်ထံ၌၎င်း (အဘိဓဇ မဟာရဋ္ဌဂုရု) မစိုးရိမ်ဆရာတော်ဘုရားကြီးထံ၌၎င်း၊ ၎င်းတိုက်စာချဆရာတော် များ ဖြစ်ကြသော ဆရာတော်ဦးဝိသုဒ္ဓ၊ ဦးကောသလ္လကြီး၊ ဦးကောသလ္လ လေး၊ ဦးဝိစိတ္တ၊ ဦးဉာဏစာသ၊ ဦးသီရိန္ဒ၊ ဦးဇဝနတို့ထံ၌၎င်း ပါဠိ, အဋ္ဌ ကထာ, ဋီကာ နေ့ဝါ ညဝါ ပရိယတ္တိကျမ်းဂန်များကို ကြိုးပမ်း သင်ယူ ဆောင်မှုခဲ့သည်၊ ထိုသို့သင်ယူစဉ်မှာ အစိုးရစာမေးပွဲများ၌ ဝင်ရောက် ဖြေဆို သဖြင့် ငယ်- လတ်- ကြီး- ဓမ္မာစရိယ တန်းတို့ကို အောင်မြင်တော် မူခဲ့ သည်။

ပါရမီဓာတ်ခံ ရင့်သန်ပြီးသော ဆရာတော်ဦးသူရိယသည် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် ပရိယတ္တိဓမ္မဂန္ထဓုရမျှဖြင့်အားရခြင်း မရှိနိုင်သေးဘဲ ဘဝ များစွာက ဖြည့်ကျင့်ဆည်းပူးခဲ့သော ဝါသနာပါရမီ အလျောက် ပဋိပတ္တိ ဓမ္မ ဝိပဿနာဓုရကိုလည်း ဆည်းပူးရန် အလိုရှိသောကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း ပ-ဒု နှစ်တွဲကို စူးစူး စိုက်စိုက် အာရုံပြု၍ ကြည့်ရှုလေ့လာခဲ့လေသည်၊ ထိုသို့ ကြည့်ရှု လေ့လာသော အခါ ပဌမတွဲ နှာ ၅-၌ အဇ္ဇေဝ ကိစ္စ မာတပ္ပံ စသော ဂါထာဖြင့် နက်ဖြန် သန်ဘက်နေ့ရက်မရွှံ့ဘဲယနေ့ပင်အားထုတ်ရန် တိုက်တွန်းထားသည်ကို တွေ့ရ သဖြင့် နက်ဖြန်ခါ သေမည် ရှင်နေဦးမည်ကို ကောန်မသိနိုင်၊ သေခြင်း တရား က မဦးမီ ဝိပဿနာ အလုပ်ကို မြန်မြန်ကြီး အားထုတ်ပါမှ ဝဋ်ဆင်းရဲ အပေါင်းနှင့်တကွ သေခြင်းတရားမှ လွတ်ရပေလိမ့်မည်ဟု ဆင်ခြင်မိသည်၊ ထိုဂါထာကိုလည်း မကြာခဏ နှလုံးသွင်း ရွတ်ဆိုလျက် မိမိကိုယ်ကို သတိ ပေး နှိုးဆော်နေခဲ့သည်။

ထို့ကြောင့် ၁၃၂၆-ခုနှစ် နယုန်လဆန်း ၅-ရက်နေ့မှာ ရန်ကုန်မြို့ သာ သနာ့ရိပ်သာသို့ ရောက်ပြီးလျှင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ထံတော်၌ ဝိပဿနာလုပ်ငန်းစဉ်တရားကို ရိုသေစွာ နာယူ၍ နည်းပြ ကမ္မ ဋ္ဌာနာ စရိယ ဆရာတော်ဦးပဏ္ဍိတ၏ ညွှန်ကြား ပြသမှုကို ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာ အလုပ်ကို အားထုတ် လေသည်။ ထိုသို့ အားထုတ် နေစဉ်တွင် ဆရာတော် ဦးပဏ္ဍိတ၏ ဟောကြား ညွှန်ပြ ဆုံးမ မှု များကို ကြားနာရ၍ သဒ္ဓါ ဆန္ဒ ထက်သန်စွာ ဖြစ်ပွားကာ ကြိုးစား ရှုမှတ် သဖြင့် တရက်ထက်တရက် ထူးခြားစွာ ဖြစ်ပေါ်လာသော သမာဓိဉာဏ် များကို ကိုယ်တွေ့ ဉာဏ်တွေ့ သိမြင်ရလေသည်။ ထိုအခါ မတွေ့ဘူး မကြုံ ဘူးသော တရားအရသာထူးများကို ပြောမပြနိုင်လောက်အောင် တွေ့ထိ ခံစားရသဖြင့် "တရားစစ် တရားမှန်ကို တွေ့ပြီ၊ ဒီတရား ဟောတော်မူခဲ့တဲ့

ဘုရားဟာ ဘုရားစစ် ဘုရားမှန်ဘဲ၊ ညွှန်ပြတဲ့ ဆရာတော်တွေလဲ နည်းမှန် အတိုင်း ညွှန်ပြ နေကြတာဘဲ'' စသည်ဖြင့် ဆင်ခြင်လျက် ကြည်ညိုကာ ဝမ်းသာ ဝမ်းမြောက်မှု အလွန်အကဲ ဖြစ်နေသောကြောင့် အိပ်လို့မပျော် နိုင်အောင်ပင် ဖြစ်နေခဲ့လေသည်။ သာသနာ့ရိပ်သာ၌ အားထုတ်နေသော ယောဂီတို့အားလည်း အထူး ကြည်ညိုခဲ့သည့်ပြင် ညွှန်ပြသော ဆရာတော် များအားလည်း များစွာပင် ကျေးဇူးတင်မိလေသည်။

ဉာဏ်စဉ်တရားကို နာရသောအခါ အများအားဖြင့် မိမိမှာ ဖြစ်ဘူး သည်များနှင့် ကိုက်ညီနေသောကြောင့် အလွန်အမင်း ဝမ်းမြောက်မှုပီတိ များ ဖြစ်ပွားခဲ့လေသည်။ အခြားသူများကိုလည်း မိမိကဲ့သို့ပင် တရား အရသာများကို ခံစားစေလိုသဖြင့် ဝိပဿနာတရားကို ဟောပြောရန် ထက်သန်သော စိတ်ဆန္ဒများလည်း ဖြစ်ပွားခဲ့လေသည်၊

ရန်ကုန်သာသနာ့ရိပ်သာတွင် ဝါဆိုဝါကပ်ပွဲကို ဖလ်ယဉ် ဓမ္မာရုံကြီး၌ ခမ်းနားစွာ ကျင်းပသည်ကို ထိုနှစ်က တွေ့ရသည်၊ သံဃာတော်များ ဝါဆိုဝါကပ်သည်ကို ကြည်ညိုရန် လာရောက်နေကြသော ဒကာ ဒကာမ များမှာလည်း လေးငါးရာခန့်ရှိသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး အမှူးရှိသော သံဃာတော်များနှင့် လူပရိသတ်များသည် ရှေး ဦးစွာ မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြသည်၊ ထို့နောင် သံဃာတော်များက ပရိတ်တရားတော်များကို ညီညာစွာ ရွတ်တော်မူကြသည်၊ ထို့နောင်ဆရာ တော်ဘုရားကြီးက ဩဝါဒတရားတော်ကိုတနာရီကျော်မျှ ဟောကြားတော် မူသည်၊ ထို့နောင် သံဃာတော် ၆၀ ကျော်က ထေရ်စဉ်အတိုင်း ဝါဆိုဝါ ကပ်အဓိဋ္ဌာန်ကိုရွတ်ဆိုလျက် အသီးသီးဝါကပ်တော်မူကြသည်၊ ထိုအခါ ဝတ် ဆိတ်ငြိမ်သက်စွာ ကြည်ညိုနေသော ပရိသတ်များကို မြင်ရသဖြင့်၎င်း ဩဝါဒ တရားတော်ကို ကြားနာရသဖြင့်၎င်း များစွာပင် ကြည်နူးဝမ်းမြောက် မိပေသည်၊ ဘုရားလက်ထက်တော် ကာလက သံဃာတော်အများ ဝါကပ် ကြရာမှာလဲ ဒီလိုပင် တရားဟောဘာရာနာ၍ ဝါကပ်ကြပေလိမ့်မည် ဟူ၍ ၎င်း၊ ယခုအခါ၌ ဝိနည်းတရားတော်နှင့်အညီ ကျင့်သုံးကြသည်ကို ကြည်ညို လျက် တရားနာနေကြသော ဒကာ ဒကာမများမှာ ကုသိုလ်ကံထူးကြပါ ပေသည်ဟူ၍၎င်း ဆင်ခြင်လျက် အလွန်ပင် ဝမ်းမြောက်ရပေသည်၊ ဗုဒ္ဓ သာသနာတော် ထွန်းကားရာအရပ်တိုင်းမှာ ဤသို့သော ဝါကပ်ပွဲများဖြစ် လျှင် သာသနာတော်အတွက် အလွန်ကျေးဇူး များပေလိမ့်မည် ဟူ၍လည်း စဉ်းစားမိလေသည်။

ဆရာတော် ဦးသူရိယသည် ရန်ကုန်သာသနာ့ရိပ်သာမှ ဝိပဿနာဓုရနှင့် တကွ သာသနာ့ဗဟုသုတများကို ဆည်းပူးပြီးနောက် ကျေးဇူးရှင် ဆရာ



မဟာစည်သာသနာ့ရိပ်သာ ဌာနခွဲ၊ မြန်အောင်

ဆရာတော်ဦးကုဝေရ

ဆရာတော် ဦးကုဝေရ လောင်းလျာသည် ဟင်္သာတခရိုင် ကြံခင်းမြို့နယ် မြောက်ချောကုန်းရွာ ခမည်းတော် ဦးကြာကြီး မယ်တော် ဒေါ်ချစ်တို့မှ ၁၂၇၂-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက် တနင်္လာနေ့တွင်ဖွားမြင်သော သားရတနာဖြစ်သည်။

---

ဓာတ်ဘုရားကြီး၏ အမိန့်အရပြင့် ၁၃၂၀-ခုနှစ်မှ စ၍ မဲဇလီကုန်းသာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက် အားထုတ်ပြီးသော ယောဂီဦးရေမှာ(၆၇၅)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအတိုင်း မိဘတို့က ဇာတိရွာ မြောက်ချောကုန်း ဆရာတော်ထံ၌ အပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်၊ ရှင်သာမဏေအဖြစ်တွင် ရှင်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေများကို သင်ကြားခဲ့သည်၊ ထို့နောက် ရှင်သာမဏေအဖြစ်နှင့်ပင် ဦးလေးရင်းဖြစ်သော ဆရာတော် ဦးပညာတနှင့်အတူ လိုက်ပါလျက် မန္တလေး အနောက်ပြင် ခင်မကန်တိုက် ရေလည်ကျောင်းဆရာတော် ဦးဇာဂရထံတွင် နေထိုင်ကာ ဆရာတော် ဦးဂုဏဝန္တ ချမ်းသာကြီးတိုက် ဆရာတော် ဦးလက္ခဏတို့ထံ၌ ပရိယတ္တိစာပေကို ဆည်းပူးခဲ့သည်။

၁၂၉၃-ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်နေ့၌ ဇာတိရွာသို့ပြန်၍ ကြံခင်းမြို့နယ် ကျောက်တိုင်ကျောင်း ဆရာတော်ဘုရားကြီး ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၃-ခုနှစ်တွင် မြင့်မြတ်သော သာသနာ့ဝန်ဆောင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ရဟန်းတော် ဦးကုဝေရသည် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးဇမ္ဗုသိရိဓဇထံ၌နေ၍ ဓမ္မာစရိယဆရာတော်များဖြစ်ကြသော ဆရာတော် ဦးဣန္ဒသာရ၊ ဆရာတော်ဦးခေမိန္ဒ၊ ဆရာတော်ဦးနာရဒ-တို့ထံ၌ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အရပ်ရပ်ကို ဆည်းပူးတော်မူလေသည်။

ပရိယတ္တိစာပေ ဂန္ထဒူရကို ဖြည့်ဆည်းပူးတော်မူပြီးနောက် ပါရမီဓာတ်ခံရင့်သန်တော်မူခဲ့သည့်အတိုင်း ကြံခင်းမြို့ ကန်တော်ကလေးတောရဆရာတော် ဦးနာရဒနှင့် ဆရာကြီး ဦးအောင်ငြိမ်းတို့ထံ၌ ဝိပဿနာအခြေခံ တရားများကို ပထမ လေ့လာ အားထုတ်ပြီးလျှင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ထံ၌သြဝါဒခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစာရ ညွှန်ကြားပြသမှုဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားကို တသတိတိ ညာဏ်စဉ်နှာကြားရသည်အထိ ဆည်းပူးအားထုတ်တော်မူသည်၊ ထို့နောက် မိုးညှင်းတောရဆရာတော်နှင့် ဟံသာဝတီဆရာတော် ဦးဂန္ဓမာအရှင်မြတ်တို့အထံ နည်းခံလေ့လာတော်မူသည်၊ ကမ္မဋ္ဌာနာစရိယအဖြစ် ရောက်ရန် ညှိနှိုင်းဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးရကား တဖန် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြန်ပြီးလျှင် နှစ်လတိတိ နေထိုင်ပြီး နည်းနာနယ အဝဝကို ဆရာဖြစ်အသိ လေ့လာ အားထုတ်တော်မူခဲ့သည်၊



မင်းကန်ကြီး မဟာစည်သာသနာ့ရိပ်သာ မြန်အောင်

ဆရာတော် ဦးဝါယမိန္ဒ

ဆရာတော် ဦးဝါယမိန္ဒ လောင်းလျာသည် ကနောင်မြို့ ရေတွင်းကုန်း ရွာ ခမည်းတော် ဦးတိုးသူ-မယ်တော် ဒေါ်လှမယ်တို့မှ ၁၂၈၆-ခုနှစ်

---

ပရိယတ် ပဋိပတ် နှစ်ရပ်စလုံး ကျွမ်းကျင်အောင် အားထုတ်တော်မူပြီး နောက် ယခုအခါ တွင် မြန်အောင်မြို့ လေးမျက်နှာရပ်-ဥမ္မာဒန္တီဘုရားဝင်း အဘွင်း မဟာစည် သာသနာ့ရိပ်သာဌာနခွဲ ဖွင့်လှစ်ပြီးလျှင် ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ဟော ပြောခြင်းဖြင့် ပဋိပတ္တိသာသနာ့ဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၂၉၀၀) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

တပို့တွဲ လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သား ရတနာ ဖြစ်သည်။

၆ နှစ်သားအရွယ်တွင် မိဘတို့က ကိုးကုဋ်ရင်းဘုန်းတော်ကြီးကျောင်း၌ အပ်နှံ၍ ကျောင်းထိုင်ဆရာတော်က သူငယ်တို့ ကတ်သင့်သော စာပေပညာ များကို သင်ကြားပေးသည်။ ၉-နှစ်သား အရွယ်တွင် ရှင်သာမဏေပြု၍ ၁၀-နှစ် (ဆယ်ဝါ) တိုင်တိုင် ပိဋကတ် အခြေခံ စာပေများကို သင်ယူခဲ့ သည်၊ ၁၃၀၆-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့တွင် မူလပေါက်ကုန်း ကျောင်း၊ ဆရာတော် ဦးဣန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှင့် အဒေါ်တို့၏ ပစ္စယာ နုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ကွင်းသာကျောင်း ခန္တာသိမ်၌ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ သည်၊

ရဟန်းအဖြစ်သို့ ရောက်ပြီးသော ဦးဝါယမိန္ဒသည် ဂနောင်မြို့ ရေတွင်း ကုန်းရွာ သာယာကုန်း မူလ ဆရာတော် ဦးနန္ဒမာလာ၊ ပြည်မြို့ မဟာ အောင်မြေတိုက် ဆရာတော် ဦးနာရဒ (ဓမ္မာစရိယ)၊ ၎င်းတိုက် (ဓမ္မာစရိ ယ) ဦးတေဇနိယ ၎င်းမြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဦးတေဇနိယတို့ထံ၌၎င်း၊ ထို့ပြင် ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ စာချအကျော် ဆရာတော်တို့ထံ၌၎င်း ပိဋကတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ဆိုဝါ လိုက်ဝါတို့ဖြင့် ကြိုးပမ်း သင်ယူတော်မူခဲ့သည်။ ထိုသို့ သင်ယူစဉ် အစိုးရ ငယ်-လတ်-ကြီးနှင့် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ) စာချတန်းတို့ကို အောင်မြင်သည့်ပြင် ပြည်မြို့ ဝိနယ ပမုခ စာမေးပွဲတွင်လည်း (စာချတန်း) အထိ အောင်မြင်တော် မူခဲ့သည်၊ ထို့ပြင် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဝိနယာနုဂ္ဂဟ စာမေးပွဲ တွင်လည်း ဖြေဆို အောင်မြင်တော် မူခဲ့သည်၊ အသက် ၄၀-ကျော်လျှင် တရားအားထုတ်ရန် ရည်သန်ခြင်း ရှိခဲ့သောကြောင့် ပုဂ္ဂလိက ကိုယ်ပိုင် ကျောင်းကို လက်မခံဘဲ ဝါ ၂၀-ကျော်အထိ စာချဘုန်းကြီး အဖြစ်ဖြင့် စာပေကျမ်းဂန်များကို ပို့ချလျက် ပရိယတ္တိ သာသနာတော်ကို ပြုစုခဲ့ပေ သည်။

## ပရိယတ်မှ ပဋိပတ်သို့ ဦးလှည့်ခြင်း

အသက် ၄၁-နှစ် ရှိသောအခါ မူလက ရည်သန်ခဲ့သည့်အတိုင်း ဝိပဿနာ ကျမ်းပေါင်း များစွာတို့ကို ကြည့်ရှုလေ့လာ၍ အိပ်ရာဝင်၊ အိပ်ရာထ အချိန် များ၌ နေ့စဉ်အချိန်မှန်အားထုတ် စမ်းသပ်ကြည့်သည်။ ထိုစဉ်က ကျေးဇူးရှင်

မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ရှုမှတ်နည်းကိုမူ မလေ့လာ မစမ်းသပ်ခဲ့ဘူးပေ။ အဘယ့်ကြောင့်ဆိုသော်- လေ့လာခဲ့သော ဝိပဿနာ ကျမ်းပေါင်း များစွာတို့တွင် (၁) အရိယာဘုံသွား ဉာဏ်လေ့ခါး၊ (၂) ပဋိပတ္တိကမ္မဋ္ဌာန-ဟူသော ထိုစာ ၂-အုပ်က နှလုံးသားထဲမှာ ဦးစွာ နေရာ ယူထားသောကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

ယင်းသို့ ဉာဏ်လေ့ခါးကျမ်း စသည်တို့၌ ပြထားသော နည်းမျိုးစုံဖြင့် စမ်းသပ်အားထုတ် ကြည့်သော်လည်း ကြေနပ်နှစ်သိမ့်မှုကိုကား ကောင်းစွာ မရခဲ့ပေ၊ ထို့ကြောင့်နာမည်ကြီးနည်းများ ကုန်သောအခါ မဟာစည်ဆရာ တော်ဘုရားကြီး၏ သတိပဋ္ဌာန်ရှုမှတ်နည်းကို စမ်းသပ်ကြည့်မိသည်၊ ကာယာ နုပဿနာဆိုင်ရာ (ဖောင်းတယ်-ပိန်တယ်) ၂-ချက်မှတ် တမျိုးတည်းကိုသာ စမ်းသပ်လေ့လာကြည့်သည်၊ ထိုသို့စမ်းသပ်လေ့လာကြည့်ရာ မှတ်စရာ အာရုံ ထင်ရှားပေါ်လွင်၍ ရှုမှတ်ရ လွယ်ကူခြင်း, သတိ သမာဓိဉာဏ် ဖြစ်လွယ် ခြင်းတို့ကို ထင်ရှားတွေ့ရလေသည်။ ထိုမျှဖြင့်လည်း ဆုံးဖြတ်ချက်မချသေးဘဲ ပညာရှိပုဂ္ဂိုလ်များနှင့်လည်း ဆွေးနွေးကြည့်သည်၊ ပုသိမ်မြို့ သာသနာ့ရံသီ ပါဠိတက္ကသိုလ် စာချဆရာတော် ဦးဝဏ္ဏိတ၊ ရန်ကုန်မြို့ အလယ်တောရ မင်္ဂလာကြီးကျောင်းဆရာတော်၊ မှော်ငြိမ်း ဒွေမန်း ဦးဝါသဝ၊ ရင်းအလယ် တောရ မှော်စရိယ ဒေါ်ရူပဝတီ (ဉာဏ်ငြိမ်နာပြီး ယောဂီဟောင်း) တို့၏ ညွှန်ပြပေးမှုသည် ဆရာတော် ဦးဝါယမိန္ဒ၏ နှလုံးသားထဲ၌ မူလအစွဲစင်စေ ကာ နေရာဝင်ယူနိုင်သည် ဆိုသည်။

ထိုအခါကျမှ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာသတိ ပဋ္ဌာန် ဝိပဿနာရှုနည်း အကျဉ်းချုပ်စာအုပ်ကိုရှာဖွေ၍သေချာစွာဖတ်ကြည့် လေရာ ထိုစာအုပ်၌-

> "အားထုတ်ခါစ၌ ပညတ်ကို လုံးလုံးဖျောက်၍ ရှုမှတ်ရန်မဖြစ်နိုင်၊ ပညတ်ရော ထင်ရှားသိ၍ ရှုမှတ်မှသာ သမာဓိ သတိ ဉာဏ် ရင့်သန် လွယ်ပေသည်၊ ဉာဏ်ရင့်သောအခါ၌ကား ပညတ်အာရုံ အလုံးစုံ ကွယ်ပျောက်၍ ပရမတ်သဘော၌သာ အသိဉာဏ် နောက်လျက်ရှိလိမ့် မည်"

ဟူသော စာပိုဒ်ကို တွေ့ရ၍ ရှိုးရိုးနှင့် လေးနက်လှပေသည်ဟု သဘောကျမိ သည်။ထိုထို ဝိပဿနာစာအုပ်တို့၌ "ဟိုဟာရှုလဲ ပညတ်ပဲ၊ ဒီဟာရှုလဲပညတ်ပဲ" ဆိုထားသဖြင့် ဝိပဿနာအစကို မတွေ့နိုင်ပဲ ဖြစ်နေစဉ်မှာ ထိုစာပိုဒ်က သူ့အား အထူးအားတက်စေသည် ဟူ၍လည်းဆို၏။ ထို့ပြင် ယင်းဝိပဿနာ ရှုနည်း အကျဉ်းချုပ်မှာပင်-

"နွယ်တန်းကြီးကို ဓါးနဲ့ခုတ်ချလိုက်သလိုပင် အာရုံနဲ့ အမှတ်တွေ တိကနဲ ပြတ်ကျသွားသည် ဟူ၍၎င်း၊ လေးလံတဲ့ ဝန်ထုတ် ဝန်ပိုး ကြီးကို တွန်းချလိုက်ရသလိုပင် အာရုံနဲ့ အမှတ်တွေ အကုန်လုံးပြုတ် ကျသွားသည် ဟူ၍၎င်း"

ယောဂီတို့ ပြောပုံအမျိုးမျိုး ပြထားသည်ကိုလည်း တွေ့ရ၍ စာတွေ့သက်သက် ဖြင့် ရေးထားသည်မဟုတ်၊ လက်တွေ့လေ့လာချက်နှင့် ပေါင်းစပ်ပြီး ရေး ထားခြင်း ဖြစ်ပေလိမ့်မည် ဟူ၍လည်းယူဆမိလေသည်၊ ထို့ကြောင့် ရန်ကုန် မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံသို့ သွားရောက်၍ အားထုတ်မည်ဟု ဆုံးဖြတ်ချက်ချမိလေသည်။

ထိုဆုံးဖြတ်ချက်အရ ၁၃၃၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀- ရက်နေ့တွင် ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်၍ ဆရာတော်ဘုရားကြီး၏ ရှုမှတ်ပုံ အလုပ်ပေး ဩဝါဒတရားကိုနာယူပြီးလျှင် သတိပဋ္ဌာန် ဝိပဿနာ တရားကို စနစ်တကျ ရှုမှတ် အားထုတ်လေတော့သည်၊ အားထုတ်ခါစ၌ ရန်ကုန်မြို့၏ ဆူညံသံတွေကြောင့် အသံတိတ်ဆိတ်သော အခြားဌာနများမှာ အားထုတ်မှ စိတ်တည်ငြိမ်မှု သမာဓိကို ရနိုင်မည်ဟု တွေးထင်မိသည်။ သို့ သော်ဒုတိယနေ့သို့ ရောက်သောအခါဆူညံသံတွေဆီကို စိတ်ကမရောက်သဖြင့် ယင်းအသံများကို သိပ်မကြားရတော့ပေ၊ လျှပ်စီးလက်သလို ဆလိုက်မီး ထိုး လိုက်သလို အရောင်ကလေးများကိုလည်း တွေ့ရသည်၊ တတိယနေ့မှာမူ အသံချဲ့စက်သံကိုသော်လည်း သည်းခံနိုင်၍ မူလအာရုံပေါ်မှာသာ တချက်မှ မလွတ်တော့ဘဲ ရှုမှတ်နေနိုင်လေတော့သည်၊

ယခင်က တရားအားထုတ်ရတာကို ပျင်းစရာဟု ထင်ခဲ့သည်မှာ မှား ကြောင်းသိရသည် တချိန်ပြီး တချိန် အားထုတ်၍ပင် အားမရနိုင်ပေ. အချိန် ဟာ ကုန်လွယ်နေသည် ဣရိယာပုထ် ဖျက်ရမှာစိုး၍ အရေးဆွမ်းမသုံးဆောင် ဘဲ နေခဲ့သည်လည်းရှိ၏၊ စားသောက်နေခြင်းဖြင့် အချိန်မကုန်စေရန် သုံးပုံတပုံ ခန့်သာစား၍ အားထုတ်နေခဲ့သည်လည်းရှိ၏၊ (စကားအား၁း၊ အအိပ်များ၊ နည်းပါးကြရာ) ဆိုတဲ့ ဆောင်ပုဒ်အရ စကားအပြောနည်း၍ အသံပင် တိမ်၍ သွားခဲ့၏ သုံးလေးလကြာမှ ပုံမှန်ပြောနိုင်ပေသည်။ တရားအားထုတ် သူတို့ တွေ့ရသော ပျော်မွေ့မှုကို သာမန်လူနတ်တို့၏ ပျော်မွေ့မှုက မမှီနိုင် ဆိုသည်ကို ယခင်က စာတွေ့မျှသာ တွေ့၍ ယခုမှ ကိုယ်တွေ့ဖြစ်ရပေသည်ဟူ၍ လည်း ဆင်ခြင်မိ၏။

ရှုမှတ်ကောင်းနေစဉ် လက်ခြေကိုယ်ပုံသဏ္ဌာန်တွေပျောက်၍ ခဏမစဲပျက်ပျက်သွားနေသည်ကိုသာ တွေ့ရသဖြင့် သုညတော လောကံ အဝေက္ခဿု=ခန္ဓာငါးပါးဟူသော လောကကို အတ္တမှ ဆိတ်သည်ဟု ရှုလော ဟူသော စာတမ်းကလေးသည် ဘွားကနဲ ပေါ်၍လာသည်။ သို့သော် ဆက်၍တော့ စဉ်းစားမနေပေ၊ အကြောင်းမှာ-အားထုတ်ခါစ ပဌမနေ့ကပင် (အရှင်ဘုရား ပင်ကိုကပါလာတဲ့ အသိဉာဏ်တွေ စာပေတွေ ယခု အားထုတ်ဆဲမှာ မေ့ထားပါ၊ တည့်တော်တို့ ညွှန်ပြထားတဲ့အတိုင်းသာ အားထုတ်ပါ၊ အားထုတ်ပြီးတော့မှ ကိုက်တဲ့ စာပေနဲ့ ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါ) ဟူသော ဆရာတော်ဦးပဏ္ဍိတ၏ ဩဝါဒကို စွဲမြဲစွာ ခံယူလျက်ရှိသောကြောင့်ပင် ဆိုသည်။

နေ့စဉ် ၁၅-နာရီမှ ၁၉-နာရီအထိ ထိုင်မှတ်နှင့် လမ်းလျှောက်မှတ်ဖြင့် မပြတ်ရှုမှတ်အားထုတ်လာခဲ့ရာ ၄၄-ရက်မြောက်ညဉ့်၌ ထူးခြားသောအတွေ့ကို တွေ့ရသဖြင့် ဘဝသစ်သို့ ရောက်လာသည်ဟု ထင်မိလေသည်၊ လူသစ်စိတ်သစ် ဘဝသစ်ဆိုတဲ့ စီမံကိန်းဟာ သာသနာ့ရိပ်သာ ယောဂီများအတွက်လေလားဟူ၍လည်း စဉ်းစားမိလေသည်။ တရားတော်၏ ငြိမ်သက်အေးချမ်းပုံ ချမ်းသာပုံ အရသာများကို ဘယ်သူအားစပြီး ဟောရမလဲဟူ၍လည်း ဆင်ခြင်မိလေသည်။

၁၃၃၁-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက်နေ့ ညဉ့်၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မဒါသ(တရားမှန်ပြင်)ဉာဏ်စဉ် တရားဘော်ကို နာရသောအခါ ထိုတရားလောက် ကြေနပ်နှစ်သက်မှုကို ပေးနိုင်သော တရားမျိုး၊ နာကြားလို့ မဝ အားမရ တင်းမတိမ်ဖြစ်ခဲ့သော တရားမျိုးကို ရှေးက တကြိမ်မျှ မနာကြားခဲ့ရဘူးဟု အတိအကျ သိရလေသည်၊ ကိုယ်တွေ့နှင့် ကိုက်ညီနေသော အချက်များ၌ အလိုလိုပင် ခေါင်းငြိမ့်လျက် မှန်ကန်ကြောင်း ဝန်ခံမိပေသည်၊ အခြားယောဂီများလည်း ခေါင်းတငြိမ့်ငြိမ့်နှင့် ဖြစ်နေကြသည်ကို သတိပြုမိသည်၊ ယင်းဉာဏ်စဉ်တရားကို ၃-ကြိမ်တိုင်တိုင် နာခဲ့သည် ဆိုပါသည်။

ဆရာတော် ဦးဝါယမိန္ဒသည် ပဌမအကြိမ် ဉာဏ်စဉ်တရားကို နာယူပြီးနောက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့်တကွ ရန်ကုန် သာသနာ့ရိပ်သာ၌ နည်းပြဆရာတော်များဖြစ်ကြသော ဦးပဏ္ဍိတ၊ ဦးသံဝရ၊ ဦးဇဝနတို့ထံ၌ အားထုတ်ဆဲ ယောဂီများက လျှောက်ထားကြပုံ ဆရာတော်တို့က ဟောကြား ပြုပြင်ပေးကြပုံ နည်းမျိုးစုံကို ၆ လတိုင်တိုင် ကြားနာလေ့လာခဲ့



မင်းကန်ကြီး၊ မဟာစည်သာသနာ့ရိပ်သာ၊ မြန်အောင်

## ဆရာတော် ဦးထေရာဝံသ

ဆရာတော် ဦးထေရာဝံသသည် ဟသာ်တခရိုင် ကနောင်မြို့ ရေတွင်းကုန်းရွာ-ခမည်းတော် ဦးဘိုးတင့်-မယ်တော် ဒေါ်ကောက်တို့မှ သက္ကရာဇ်-၁၂၉၀-ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄-ရက် စနေနေ့တွင်ဖွားမြင်သော သား ၅-ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်သည်။

---

ပြီးနောက် ယခုအခါ မြန်အောင်မြို့ မင်းကန်ကြီးကျောင်း၌ မဟာစည်သာသနာ့ရိပ်သာ အသစ်ဖွင့်လှစ်၍ ရောက်လာသော ယောဂီတို့အား သတိပဋ္ဌာန်ဝိပဿနာတရားကို ဟောကြားညွှန်ပြလျက် ပဋိပတ္တိသာသနာတော်ကို ပြုစုလျက် ရှိပေသည်။

မိဘတို့က ၉-နှစ်သား အရွယ်တွင် ရေတွင်းကုန်းရွာ သာယာကုန်းကျောင်း ဆရာတော် ဦးနန္ဒမာလာထံ၌ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ၁၅ နှစ်သား အရွယ်တွင် ထိုဆရာတော်ဘုရားထံ၌ပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ သာမဏေအဖြစ်နှင့် ၃၀ ါရသည် တိုင်အောင် ဆရာတော်ထံတွင် ပိဋကတ်အခြေခံစာပေများကိုဆက်လက်သင်ကြားပြီးလျှင် ပြည်မြို့သို့ကြွ၍ ပြည်မြို့ မဟာအောင်မြေတိုက် ဆရာတော် ဦးနာရဒကို ဥပဇ္ဈာယ်ပြုလျက် ပြည်မြို့ ပန်းဘဲတန်း ဒေါ်စောနှစ်၊ ဒေါ်ခင်မေညီအမနှစ်ဦး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၀၉-ခုနှစ် တပို့တွဲလဆန်း ၅-ရက်နေ့တွင် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ပြည်မြို့ မဟာ အောင်မြေတိုက် ဆရာတော် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ) ဦးနာရဒထံ၌၎င်း၊ ၎င်းတိုက် (သာသနဓဇသိရီပဝရဓမ္မာစရိယ) ဆရာတော် ဦးတေဇနိယထံ၌၎င်း၊ လက်ပန်တန်းမြို့ သဒ္ဓမ္မောဒယ- ညဝါတက္ကသိုလ် ဆရာတော်ထံ၌၎င်း၊ ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်းကျောင်းတိုက် ပဋ္ဌာန်းဂါရဂူ ခင်ဦးတောရ ဆရာတော်ထံ၌၎င်း၊ ရန်ကုန်မြို့ အလယ်တောရ ပါဠိတက္ကသိုလ် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးသူရိယထံ၌၎င်း၊ ၎င်းတိုက် (အနုံးရ စေတိယင်္ဂဏ-သက္ကျသီဟ-ဓမ္မာစရိယ) ဆရာတော် ဦးသုမနာဘိဝံသထံ၌၎င်း၊ (ဓမ္မာစရိယ)ဆရာတော် ဦးပညာသာရ ထံ၌၎င်း စာပေ ပိဋကတ် ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်းသင်ယူတော်မူသည်။

ရေကြောင်းမြို့ ပရိယတ္တိ အခြေပြုစာမေးပွဲ၌ အကျော်တန်းတွင်၎င်း၊ ပြည်မြို့ ဝိနယဓုရ စာမေးပွဲ၌ အလတ်တန်းတွင်၎င်း၊ အစိုးရ ပါဠိပဋ္ဌမပြန် စာမေးပွဲ၌ ပဋ္ဌမကြီးတန်းတွင်၎င်း ဝင်ရောက် ဖြေဆို အောင်မြင်တော် မူသည်။ ၁၀-နှစ်တိုင်တိုင် စာပေပို့ချတော်မူခဲ့သည်။ ပရိယတ္တိဓမ္မကို သင်ယူပြီးနောက် လိုနေသေးသော ပဋိပတ္တိဓမ္မကို ကျင့်ကြံကြိုးကုတ် အားထုတ်လိုသော သဒ္ဓါ-ဆန္ဒရှိသဖြင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ဩဝါဒကိုခံယူ၍ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဖြစ်ကြသော ဦးပဏ္ဍိတာဘိဝံသ၊ ဦးဇဝန၊ ဦးဇနကာဘိဝံသတို့ထံ၌ ၆-လအထိ သတိပဋ္ဌာန်ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်ပြီးလျှင် ကမ္မဋ္ဌာန်ပေးနည်း၊ ဟောပြောနည်းများကိုပါ လေ့လာတော်မူသည်။



အောင်ဇေယျာတောရ သာသနာ့ရိပ်သာ မိချောင်းအိုင်

## ဆရာတော်ဦးဒီပ

ဆရာတော်ဦးဒီပ လောင်းလျာသည် ဟသ်ာတခရိုင် မြန်အောင်မြို့နယ် မိချောင်းအိုင်ရွာ ခမည်းတော် ဦးရွှေသာ၊ မယ်တော် ဒေါ်ငွေသင် တို့မှ ၁၂၈၂-ခုနှစ် နတ်တော်လပြည့် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ဆရာတော်သည် ယခုအခါ မြန်အောင်မြို့ မင်းကန်ကြီးကျောင်းတိုက် မဟာစည် သာသနာ့ရိပ်သာ၌ ဆရာတော် ဦးဝါယမိန္ဒနှင့် တွဲဖက်၍ လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်လျက်ရှိသည်။

၉-နှစ်သားအရွယ်တွင် ငယ်စဉ်ကပင် မိဘတို့က သနပ်ပင်ကွင်း မိချောင်းအိုင် ဆရာတော်ဘုရားကြီးထံ အပ်နှံ၍ ဆရာတော်ဘုရားကြီးက သတို့သားကို ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ ထိုမိချောင်းအိုင် ဆရာတော်ဘုရားကြီးထံ၌ပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ သာမဏေအဖြစ်မှ ရှင်လိန် ပြန်ပြီးနောက် ၃-နှစ်ကျော်မျှ မိဘနှစ်ပါးတို့အား ကောင်းမွန်စွာ ပြုစု လုပ်ကျွေး မွေးကျေးဇူးဆပ်ခဲ့သည်။

ဆရာရင်း မိချောင်းအိုင်ဆရာတော်ဘုရားကြီး၏ (သာမညဖလ) ရဟန်းတို့အကျိုး ကျေးဇူးတရားများကို နာကြားရသဖြင့် သာသနာတော်၌ သဒ္ဓါပသန္နဖြစ်လာသည့်အလျောက်မိဘတို့ထံခွင့်ပန်၍သက်တော် ၂၀-အပြည့်တွင် မိချောင်းအိုင် ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြုလျက် မိဖနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၂-ခုနှစ် တပို့တွဲ လပြည့်ကျော် ၈-ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းဖြစ်သို့ ရောက်တော်မူသည်။ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ဟင်္သာတခရိုင် မဲဇလီကုန်းမြို့မ ဇေယျာသိမ်ကျောင်းတိုက်(ဝဿပနာယိက ဒီပနီကျမ်းပြု) သဖန်းပင်ဆရာတော် ဘုရားကြီးထံ၌၎င်း၊ မုံရွာမြို့ အရှေ့လယ်တိုက်သစ် (ပဌမကျော်) ဆရာတော် ဦးဝါယမထံ၌၎င်း၊ ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်း သင်ယူတော်မူခဲ့သည်။

ဆရာတော် ဦးဒီပသည် မိမိ၏ ဥပဇ္ဈာယ် ဆရာတော် ဘုရားကြီး ၇၀-ကျော်၊ ၈၀-တွင်းအရောက် သက်တော်ကြီးရင့်နေပြီဖြစ်၍ ဥပဇ္ဈာ စရိယဝတ်ကို ဖြည့်ကျင့်ရန် မိမိရပ်ရွာ မိချောင်းအိုင် ဆရာတော် ဘုရားကြီးထံ ပြန်ပြီးလျှင် ၁၀-နှစ်ပတ်လုံး ဆရာတော်ဘုရားကြီးအား လုပ်ကျွေးသမှု ပြုတော်မူသည်။ ၈၃-နှစ်သက်တော်တွင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ရာ၌ ကျရောက်လာသော ကျောင်းထိုင်တာဝန်ကို ၇-နှစ်မျှ ဆောင်ရွက်တော်မူသည်။

၇-နှစ်မျှ ကျောင်းထိုင်တာဝန်ကို ဆောင်ရွက်နေစဉ် ဆရာတော် ဦးဒီပ၏ သက်တော်မှာ ၄၀-ပြည့်လာပြီဖြစ်ရာသတိသံဝေဂအရယူလျက်နေကွမ်ဗျာသယ ခါတ်ခံကလည်း ရင့်သန်တော်မူသည့်အလျောက် မိမိ၏မွေးလ မွေးရက် မွေးချိန် ညဉ့်သန်းကောင်ယာမ် အချိန်တွင် ကညင်ချောင်း၊ သနပ်ပင်ကွင်း မိချောင်းအိုင်ရွာအရှေ့ အောင်ဇေယျာ တောရသို့ ကြွရောက်ကာ ရွာနားမကပ် တောရပ်မှီခဲ့လေတော့သည်။

ဆရာတော် ဦးဒီပ တောထွက်သွားသောအခါ မဲဇလီကုန်းမြို့မ ဇေယျာသိဝံ ကျောင်း(ဝဿုပနာယိက ဒီပနီကျမ်းပြု) သဖန်းပင် ဆရာတော်ဘုရားကြီးသည် ဦးဒီပ၏မိချောင်းအိုင်ကျောင်းသို့ ကြွရောက်လျက် စောင့်ရှောက်တော်မူသည်။ ၈-နှစ်မျှ သီတင်းသုံးတော်မူရရှိတွင် သဖန်းပင် ဆရာတော်ဘုရားကြီးမှာ ဇရာဖိစီး လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူပြန်ရာ ဆရာတော်ဦးဒီပ၏ တာဝန်ပင် ဖြစ်လာပြန်သောကြောင့် ဆရာတော် ဘုရားကြီး၏ ဈာပန ကိစ္စကို ဆောင်ရွက်ပြီးနောက် မိချောင်းအိုင်ကျောင်းကို ပြန်လည်ထိန်းသိမ်း စောင့်ရှောက်တော်မူရပြန်သည်။

ပကတိ ပင်ကိုရင်းက ပါရမီခေတ်ခံ ရင့်သန်ခဲ့ပြီးဖြစ်သော ဆရာတော်ဦးဒီပမှာ ဇရာဒုက္ခ-မရဏဒုက္ခတို့ ညှဉ်းဆဲနှိပ်စက်ခံရပုံကို ဆရာတော်ကြီးနှစ်ပါးက မျက်ဝါးထင်ထင် သွန်သင်ပြသ သွားတော်မူကြသဖြင့် သတိသံဝေဂ ပြင်းပြသည်ထက် ပြင်းပြထောက်တည်မရ ဖြစ်တော်မူခဲ့ ရကားရှုပ်ပွေလှသော အလုပ်ကိစ္စ အနှောင်အဖွဲ့တို့အကြားမှ ရုံးကန်ငြင်းဆန်တော်မူကာ ရန်ကုန် မဟာစည် သာသနာ့ ရိပ်သာသို့ ရောက်ခဲ့လေတော့သည်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်းနိဿယည်းကို နာယူတော်မူပြီးနောက် ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတာဘိဝံသ၏ နည်းလမ်းတကျ ညွှန်ပြမှုကို လိုက်နာလျက် သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

၃-လကျော်မျှ အားထုတ်တော်မူပြီးနောက် ၁၃၃၂-ခုနှစ် ဝါဆိုလမှစ၍ မဟာ သတိပဋ္ဌာန် ဝိပဿနာ သာသနာ့ရိပ်သာ ဖွင့်လှစ်ပြီးလျှင် မိမိထံမှောက်ရောက်လာကြသော ရဟန်း-ရှင်-လူ-ယောဂီ တို့အားကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံမှ နာယူခဲ့သော နည်းနာနယအတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ဟောပြော ညွှန်ပြကာ ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မိချောင်းအိုင်ရွာ အောင်ဇေယျာတောရ သာသနာ့ရိပ်သာတွင် သီတင်းသုံးလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီများမှာ (၉၀)ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



မစိုးရိမ် သာသနာ့ရိပ်သာ မိုးညှို

## ဆရာတော် ဦးနာဂိန္ဒ

ဆရာတော် ဦးနာဂိန္ဒသည် မြန်အောင်မြို့နယ်၊ ကျောင်းကုန်းရွာ ခမည်းတော် ဦးမြတ်စံ-မယ်တော် ဒေါ်ညွက်တို့မှ သက္ကရာဇ် ၁၂၇၁-ခုနှစ်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ်သူငယ်ဘဝကပင် ကျောင်းကုန်းရွာ တောင်ပေါ်ကျောင်းဂိုဏ်းချုပ်-ဝိနိစ္ဆယဆရာတော် ဦးအာဒိစ္စထံ၌ မိဘတို့က အပ်နှံခဲ့သည့်အတိုင်းဆရာတော်က သတို့သားကို ဘာသာရေးအခြေခံစာပေများကို သင်ကြားပို့ချပေးတော်မူခဲ့သည်။ ထိုဆရာတော်ထံမှာပင် မိဘတို့၏ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်က သာမဏေတို့ ကျင့်ဝတ် သိက္ခာပုဒ်များနှင့်တကွ ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။

ရဟန်းအဖြစ် တက်ရောက်တော်မူချိန်၌လည်း ထိုဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။



ကွမ်းခြံကုန်း၊ သာသနာ့ရိပ်သာ ဟံသာဝတီ

## ဆရာတော် ဦးဥတ္တမာစာရ

ဆရာတော်သည် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ပခန်းကြီးအုပ်စု ရွာသာရွာ ခမည်းတော်ဦးဘိုးဝန် မယ်တော် ဒေါ်မြဂုဏ်တို့မှ သက္ကရာဇ် ၁၂၇၈-ခုနှစ်၊

---

ဥပဇ္ဈာယ်ဆရာတော်ထံ၌ သင်ယူသင့်သော အခြေခံ ကျမ်းဂန်များကို အခြေရသည်အထိ သင်ယူပြီးနောက် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဆရာတော် ထံ၌ ဓမ္မာစရိယဆရာတော်တို့ ပို့ချသော ပိဋကတ် ကျမ်းဂန်များကို ဆိုဝါ-လိုက်ဝါ တို့ဖြင့် ကြိုးပမ်း သင်ယူတော်မူခဲ့သည်၊ ထိုသို့ သင်ယူပြီးနောက် ဆရာတော်သည် ပဋိပတ္တိဓမ္မကိုလည်း ကြိုးပမ်းအားထုတ်ရန် သဒ္ဓါဆန္ဒ ဖြစ်ပေါ်တော်မူခဲ့သည့်အတိုင်း သာယာဝတီ ဆရာကြီး ဦးသာမြင့်ထံ၌ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းနာနယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။

တော်သလင်းလပြည့်ကျော် ၁၃-ရက် တနင်္ဂနွေနေ့ နံနက် ၄-ချက်တီးကျော် အချိန်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

၇-နှစ်သား အရွယ်ဘွင် မိဘတို့က ရွှေဥမင်တိုက် ပေါ်တော်မူကျောင်း ပဌမ ဆရာတော်ဘုရားကြီး ဦးပရမထံ အပ်နှံ၍ ဆရာတော် ဘုရားကြီး၏ အမိန့်အရ တပည့်များဖြစ်သော ဦးဝိလာသနှင့် ဦးပဏ္ဍိစ္စအရှင်မြတ်တို့က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးခဲ့ကြသည်။

ရွှေဥမင်တိုက် ပေါ်တော်မူကျောင်း ပဌမ ဆရာတော် ဘုရားကြီးသည် ဓုတင်အကျင့်မြတ် ပဋိပတ်ဖြင့် ဆွမ်းခံဝတ် ပြုတော်မူလေ့ရှိရာ ၁၀-နှစ်ရွယ် ဦးဥတ္တမာစာရ လောင်းလျာ ကျောင်းသားငယ်ကို ဘိနပ် အိပ် လွယ်စေ၍ နောက်ပါအဖြစ် ခေါ်တော်မူလေသည်၊ ဆွမ်းခံ, ဆွမ်းစားခြင်း ကိစ္စပြီး သည့်အခါ ဥမင်လိုဏ်ဂူအတွင်းသို့ ဝင်၍ နေကုန်နေခမ်း ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်တော်မူသည်။ နံနက် ၄-နာရီ ခေါင်းလောင်းတီးချိန် တိုင်း အိပ်ယာမှ ထတော်မူ၍ လောင်းလျာ သူငယ်ကို ခေါ်ပြီးလျှင် ပေါ် တော်မူ ကျောင်းတိုက်အတွင်းရှိ ကမ္မဋ္ဌာန်းကျောင်းသို့ ကြွတော်မူလျက် ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်တော် မူသည်၊ လောင်းလျာ သူငယ်သည် ထိုစဉ်အခါကပင် ပဋိပတ္တိ ဘာဝနာအကျင့်မြတ်၌ ဆရာတော် ဘုရားကြီးနှင့်အတူ ဝါသနာခလေ့ ထုံမွှေပျော်ပိုက် နှစ်ခြိုက်ခဲ့ပြီး ဖြစ်လေ သည်။

---

ဆရာကြီးထံဘွင် စနစ်တကျ အားရအောင် ကြိုးပမ်းအားထုတ်တော်မူပြီး နောက် တရားအရသာကို ကိုယ်တိုင်တွေ့သိရသကဲ့သို့ တခြားပုဂ္ဂိုလ်တို့အား လည်း တရားအရသာကို တွေ့သိကြစေလိုရကား မိုးညှိမြို့နယ် ဆင်ခေါင်း တိုက် မစိုးရိမ်ကျေးရွာ- မစိုးရိမ်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရောက်လာသမျှ ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားညွှန်ပြ ဩဝါဒပေးတော်မူသည်။

ထိုရိပ်သာဘွင် အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၂၆၇)ဦး ရှိသွားပြီ ဟု သိရသည်။

လောင်းလျာသူငယ် ၁၄-နှစ်သားအရွယ်သို့ ရောက်သည့်အခါ မိဘနှစ်ပါးတို့မှာ ဘဝတပါး ပြောင်းသွားခဲ့ပြီဖြစ်၍ အဖွား ဒေါ်ငွေးကြွယ်၊ အဒေါ် ဒေါ်စံညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ပေါ်တော်မူကျောင်း ဒုတိယ ဆရာတော် ဦးအာစရ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့အမည်ကိုလည်း ရှင်ဥတ္တမ-ဟု မှည့်ခေါ်သမုတ်တော်မူလိုက်သည်၊ ရှင်သာမဏေအဖြစ်သို့ ရောက်လျှင် ဥပဇ္ဈာယ်ဆရာတော်ဦးအာစရ၊ နောင်တော်ကြီး ဦးသုနန္ဒ၊ ဦးဒေဿသိတ မထေရ်မြတ်တို့က ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ကြားပို့ချ ပေးတော်မူသည်။

## ရဟန်းအဖြစ်သို့ တက်လှမ်းခြင်း

ရှင်ဥတ္တမသည် အသက် ၂၀-ပြည့်လျှင် မြင်းခြံမြို့၊ မင်းကျောင်းတိုက်-အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ သပြေပင်ရပ် ဦးဘိုးငယ်-ဒေါ်စိန်မှုန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောသာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်တော်မူသော အချိန်ကား သက္ကရာဇ်-၁၂၉၉-ခုနှစ်၊ ပဉ္စမဝါဆိုလဆုတ် ၅-ရက် ဖြစ်ပေသည်။

ရဟန်းဖြစ်ပြီးသောအခါ မြင်းခြံမြို့ မင်းကျောင်းတိုက် ဆားခါးကျောင်းဆရာတော် ဦးကုမာရ၊ ဦးနန္ဒိယတို့ထံ၌၎င်း၊ ကျေးဇူးရှင်ဆရာတော် ဦးအာစရထံ၌၎င်း၊ မန္တလေးမြို့ အနောက်ပြင် ခံမကန်တိုက် အဂ္ဂမဟာပဏ္ဍိတစံကျောင်းဆရာတော်ဦးနန္ဒိမာထံ၌၎င်း၊သူဌေးကျောင်းဆရာတော် ဘုရားကြီးထံ၌၎င်း၊ တောင်သမန်တိုက် ပုသိမ်ကျောင်း ဆရာတော် ဦးရေဝတ၊ ရွှေဥမင်ကျောင်းတိုက် ပေါ်တော်မူကျောင်း တတိယဆရာတော် ဦးဥတ္တရ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဘိဓဇမဟာရဋ္ဌ ဂုရုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒစံသ၊ တိုက်အုပ်ဆရာတော် ဦးဂန္ဓမာ၊ ဦးနန္ဒိယ၊ ဦးမာဃိန္ဒ၊ ဦးအာသဘတို့ထံ၌၎င်း ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူခဲ့သည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ သီတင်းသုံးစဉ် ဒွေးသာမဏေဘဝကပင် ရင်းနှီးခဲ့သော စစ်ကိုင်းတောင် အာရှေ့ပရက္ကမချောင် ဆရာတော် ဦးဝါယမ မထေရ်မြတ်ထံမှ ကိုယ်တိုင် ပြုစုထားသော (ဘာဝနာပါရဂူကျမ်း) ကို ပေးပို့တော်မူလိုက်ပြီး ဝိပဿနာတရား ပွါးများအားထုတ်ပါရန်ကိုလည်း စာဖြင့် တိုက်တွန်းလိုက်သည်၊ ထိုအခါ ငိုချင်ရက် လက်တို့ဘိုသကဲ့သို့ ထိုစာပါ တိုက်တွန်းချက်ဖြင့် ၁၃၁၃-ခုနှစ်မှာပင် ပခုက္ကူမြို့ သုခိတာရာမသတိပဋ္ဌာန်သာသနာ့ရိပ်သာသို့ ကြွရောက်လျက် သတိပဋ္ဌာန်ဝိပဿနာတရားကို

မဟာစည် ရှုမှတ်နည်းအတိုင်း ရှုမှတ်ပွါးများအားထုတ်တော်မူသည်၊ ညွှန်ပြတော်မူသော ဆရာတော်များမှာ ဆရာတော် ဦးပညာဝါ (ယခု ပဲခူးရိပ်သာဆရာတော်) ဆရာတော် ဦးကလျာဏ (ယခု ညောင်ဦးရိပ်သာ ဆရာတော်) မိတ္ထီလာမြို့ မလှိုင် ပန်းအိုင်ဆရာတော်များဖြစ်လေသည်။

တဖန် ၁၃၁၄ ခုနှစ်တွင် ရန်ကုန်မြို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားထံ ချဉ်းကပ်ခိုလှုံလျက် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ ဆရာတော် ဦးသုဇာတထံ၌၎င်း၊ ဆရာတော် ဦးအာသဘ (ယခု ယိုးဒယားနိုင်ငံ ချန်ပူရီသာသနာ့ရိပ်သာဆရာတော်)ထံ၌၎င်း၊ ပဋိပတ္တိဝိပဿနာနည်းနာနယအာဝဇ္ဇန်းကို စံနစ်တကျ ဩဝါဒခံယူတော်မူသည်။ ခံယူပြီးနောက် ထိုနှစ်ဝါတွင်းကာလ၌ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာတွင် ရဟန်းတော်ယောဂီများအတွက် လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ပဋိပတ္တိသာသနာဝန်ကို ဆောင်ရွက်တော်မူသည်။ ၁၃၁၅-ခုနှစ်တွင် ရွှေဥမင်တိုက်သို့ ပြန်၍ ဆရာရင်းဖြစ်သော ပေါ်တော်မူကျောင်း တတိယဆရာတော်၏ တိုက်တွန်းချက်ဖြင့် ဆရာတော် ဦးတိက္ခသာရ (ယခု ပေါ်တော်မူ သာသနာ့ရိပ်သာဆရာတော်)၊ ဆရာတော် ဦးဉာဏုတ္တရ (ယခု ရွှာသာကျောင်းဆရာတော်)နှင့်အတူ ပေါ်တော်မူ သာသနာ့ရိပ်သာကို စံနစ်တကျ ဖွင့်လှစ်၍ ထိုရိပ်သာတွင် တနှစ်နီးပါး ကမ္မဋ္ဌာန်းတရား ဟောကြားပြသတော်မူသည်။

၁၃၁၆-ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ တဖန်ရောက်နေစဉ်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားနှင့် အဂ္ဂမဟာဓမ္မကထိက ရွှေဘိုဆရာတော်ဘုရားတို့က စေလွှတ်တော်မူကြသဖြင့် ဦးပညာဇောတနှင့်အတူ ကွမ်းခြံကုန်းမြို့သို့ ပဋိပတ္တိသာသနာပြု ကြွတော်မူသည်။ ထိုနှစ် ဝါဆိုလတွင် ရွှေဘိုဆရာတော်ဘုရားကြွရောက်တော်မူ၍ ကွမ်းခြံကုန်းမြို့သာသနာ့ရိပ်သာကို ဖွင့်လှစ်တော်မူပေသည်။ ၃ နှစ်ပတ်လုံး ဆရာတော်ဦးပညာဇောတနှင့်အတူ ပဋိပတ္တိသာသနာ့ဝန်ကို ထမ်းဆောင်ကြရာမှ ၁၃၁၈ ခုနှစ်တွင် ဆရာတော် ဦးပညာဇောတသည် ဇာတိဌာနဖြစ်သော ဒိုက်ဦးသို့ ပြန်ကြွတော်မူသည်။ ဆရာတော် ဦးဥတ္တမာစာရမှာမူ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို နာယူလျက် ကွမ်းခြံကုန်းမြို့ သာသနာ့ရိပ်သာတွင်ပင် ယခုတိုင် ဆက်လက်၍ သတိပဋ္ဌာန်ပဋိပတ္တိသာသနာ့ဝန်ကို ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိသည်။



ပုဂံတောင်ရွာ၊ သာသနာ့ရိပ်သာ၊ သံလျင်

## ဆရာတော် ဦးပညိန္ဒ

ဆရာတော် ဦးပညိန္ဒသည် သုံးခွမြို့နယ် စွယ်တော်ခြောင်ရွာ ခမည်းတော် ဦးစံဦး၊ မယ်တော် ဒေါ်မွန်တို့မှ သက္ကရာဇ် ၁၂၈၂-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

၁၃၀၂-ခုနှစ်၊ တပို့တွဲလဆုတ် ၆-ရက်နေ့တွင် စွယ်တော်ကျောင်း ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သံလျင်မြို့နယ် ပုဂံတောင်ရွာ အင်္ဂဖိုကျောင်း စာသင်တိုက် ဓမ္မာစရိယ ဆရာတော် ဦးဂန္ဓမာလာထံ၌၎င်း၊ ဆရာတော် ဦးခေမာစာရထံ၌၎င်း၊ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို သင်ယူတော်မူသည်။ ၁၃၀၇-ခုနှစ်တွင် ပဲခူးမြို့ ဝိနယာဓိက ဝိနည်းစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရရာ ပဌမ အဆင့်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည်၊ ၁၃၀၈-ခုနှစ်တွင် လှည်းကူးမြို့ရေးဖြေဝိနည်း စာမေးပွဲ၌ဝင်ရောက်ဖြေဆိုရာကောင်းစွာအောင်မြင်ခဲ့ပြန်သည်။ ထိုနှစ်မှာပင် ကျောင်းတိုက် စာမေးပွဲများနှင့်အစိုးရပဌမငယ်တန်းကိုဝင်ရောက်ဖြေဆိုရာ



သပြေကုန်း သာသနာ့ရိပ်သာ ခရမ်း

**ဆရာတော် ဦးသုမန**

ဆရာတော် ဦးသုမန လောင်းလျာသည် ဟံသာဝတီခရိုင် ခရမ်းမြို့ မြို့လှ ပိုင်းရပ်ကွက် ခမည်းတော် ဦးဘိုးခင်-မယ်တော် ဒေါ်ရွှေခင်တို့မှ ၁၂၇၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက် သောကြာနေ့ ည တချက်တီးကျော်အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ကောင်းစွာ အောင်မြင်ပြန်သည်။ ၁၃၀၉-ခုနှစ်တွင် အမျိုးသား ပဌမလတ် နှင့် အစိုးရ ပဌမ လတ်တန်းကို ဝင်ရောက် ဖြေဆိုရာတွင်လည်း ကောင်းစွာ အောင်မြင်ပြန်သည်။

ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ ရှုမှတ်နည်းအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိ တာ ဘိဝံသထံတွင် ကမ္မဋ္ဌာန်းတရားကို ပွါးများအားထုတ်တော်မူသည်။ ထိုဆရာတော်ထံ၌ပင် ဝိပဿနာကမ္မဋ္ဌာန်းပေးနည်း စစ်ဆေးနည်း ဟောပြော

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ မိဘတို့က သတို့သားကို ထုံးအိုင်ပေါက်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ထိုဆရာတော် ဘုရားကြီး ဦးဇာဂရထံတွင် မယ်တော် ခမည်းတော်များကို အမှူးထားကာ ဦးလေး အဒေါ်များဖြစ်သော ကျုံမရေကျေးရွာ ဦးရှိန်း-ဒေါ်တောမယ် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၇၄-ခုနှစ်၌ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

သက်တော် ၂၀-ပြည့်လျှင် ခရမ်းမြို့နယ် စွယ်တော်ကွင်း ကျေးရွာ ဇာတသ(ဥဒကုက္ခေပ)သိမ်အပြင်၌ ပဋ္ဌမဒေးပေါက် ဆရာတော်ဘုရားကြီး ဦးဥန္နကကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်များကို အမှူးထားကာ အစ်ကို-အစ်မများဖြစ်သော စွယ်တော်တွင်းရွာ ဦးထွန်းဦး -ဒေါ်သဲမေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၈၀ -ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈-ရက်နေ့နံနက် ၆ -နာရီ မိနစ် ၄၀-အချိန်တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဟံသာဝတီခရိုင် သံလျင်မြို့နယ် ဘောသပြောက်န် အချေကျောင်းကြီး ဦးလေးတော်ဆရာတော်ဘုရားကြီးဦးဝိလာသထံ၌၎င်း၊ ဘော်သွန် ကျောင်းဆရာတော် ဦးပဏ္ဍိစ္စသထံ၌၎င်း၊ ညောင်လေးပင်မြို့ တောကျောင်းတိုက် ဆရာတော် ဦးကေသရထံ၌၎င်း၊ ၎င်းတိုက် စာချဆရာတော် တို့ထံ၌၎င်း၊ မန္တလေးမြို့ အသောကာရာမတိုက် ကံသာကျောင်းဆရာတော် ဦးဇ္ဈနန္ဒဝံသထံ၌၎င်း၊ ၎င်းတိုက် ဇောတိကာရုံဆရာတော် ဦးတေဇနိယထံ၌၎င်း၊ ဘုရားကြီးတိုက် ( အဂ္ဂမဟာပဏ္ဍိတ ) ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြယ်၊ဦးခန္တိ၊ ဦးဥယျ၊ ဦးအရိယဝံသ၊ဦးသီလဝံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဦးပဏ္ဍဝ၊ ဦးအာစရ၊ အောင်မြေရွှေဘုံကိုက် ဆရာတော် ဦးပညိန္ဒ ညောင်ကန်ဆရာတော်ဘုရားကြီးတို့ထံ၌၎င်း၊ ပခုက္ကူမြို့

---

နည်းများကို စံနစ်တကျ လေ့လာတော်မူသည်။ ထိုသို့ လေ့လာပြီးလျှင် ဟံသာဝတီခရိုင် သံလျင်မြို့နယ် ပုဂံတောင်ရွာအုဋ္ဌဖိုကျောင်းတိုက် သာသနာ့ ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယောဂီ ဦးရေ(၄၃၆) ရှိသွားပြီဟု သိရှိရသည်။

မဟာဝိသုဘာရာမတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးပညာ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဦးသုန္ဒရ၊ ၄င်းတိုက် စာချဆရာတော်တို့ ထံ၌၎င်း၊ ဇောင်ဂျမ်း မြို့ဘသရာကြီး ဆရာကြွက်ထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာဋီကာ ဂန္ထန္တရ အချပ်ရပ်ကို ကြိုးပမ်းသင်ကြားတော်မူခဲ့သည်။

ပရိယတ္တိ ဓမ္မကို ကြိုးပမ်းသင်ယူတော်မူပြီးနောက် ပဋိပတ္တိဓမ္မ ကိုလည်း ကြိုးပမ်းအားထုတ်တော်မူလိုသော သဒ္ဓါဆန္ဒဖြင့် မုံရွာမြို့ (အဂ္ဂမဟာပဏ္ဍိတ) မိုးညှင်းတောရ ဆရာတော်ဘုရားကြီး ဦးသုမန၊ ၄င်းတိုက်အုပ်ဆရာတော် ဦးသုမင်္ဂလ၊ ချောင်းဦးမြို့ ခံတောတိုက်ဆရာတော်ဦးနရိန္ဒ၊ အင်းစိန်မြို့ မင်းကွန်း ဆရာတော် ဦးဝိသုဒ္ဓတို့ထံ၌ ဆည်းကပ်ပြီးလျှင် ထိုဆရာတော်တို့ ညွှန်ကြား သော ကမ္မဋ္ဌာန်းနည်းများကို ကြိုးပမ်းအားထုတ် ပွားများတော် မူသည်။ တဖန် ၁၃၁၃-ခုနှစ်တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစာရတို့ ညွှန်ကြားသော သတိပဋ္ဌာန် ဝိပဿနာတရားကို (၄)လပတ်လုံး ကြိုးစားပွားများတော်မူခဲ့သည်၊

ဆရာတော် ဦးသုမနသည် ဝိပဿနာအလုပ်ကို အားမထုတ်မီ ဟံသာဝတီ ခရိုင် ခရမ်းမြို့နယ် သပြေကုန်းကျောင်းတိုက် နောင်တော်ကြီး ဦးဥက္ကဋ္ဌ၏ လက်အောက်၌ စာချအဖြစ် နေထိုင်သီတင်းသုံးလျက် စာပေကျမ်းဂန်များကို ပို့ချတော်မူရင်း စာမေးပွဲနာယကအဖြစ် ခရမ်းမြို့မ ကျောင်းထိုင်အဖွဲ့၏ အကျိုးတော်ဆောင်အဖြစ် မြို့မဝိနည်းဓိုရ်အဖြစ် စသော သာသနာတော်၏ တာဝန်များကို ကျရာမှ မလွဲမဖယ်ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် သင္ဃ သံဂါယနာကော်မတီ၌ ဇာတကဘာသာဋီကာအဖြစ် ဆောင်ရွက်တော်မူခဲ့သည်၊

ယခုအခါ၌မူ ၁၃၁၃-ခုနှစ်မှစ၍ ခရမ်းမြို့ သပြေကုန်းကျောင်းတိုက်၌ သာသနာ့ရိပ်သာဖွင့်လှစ်ပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ကြီး၏ နည်းနာနယ ဩဝါဒအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို ရောက်လာသော ယောဂီတို့အား နည်းလမ်းညွှန်ပြ ဩဝါဒပေးလျက်ရှိသည်၊ ထိုရိပ်သာတွင်အားထုတ်ပြီးယောဂီပေါင်း(၁၈၁၃)ဦးရှိသွားပြီဖြစ်ကြောင်း သိရှိရသည်၊



ဒေါက်ရပ်-ပဋိပတ္တိသာသနာ့ရိပ်သာ၊ ဘီးလင်း

## ဆရာတော် ဦးပညာစာရ

ဆရာတော် ဦးပညာစာရ လောင်းလျာသည် သထုံခရိုင် သိမ်ဆိပ်မြို့နယ် တံတားဦးရွာ ခမည်းတော် ဦးသာထွန်း-မယ်တော် ဒေါ်ရွှေဉတို့မှ ၁၂၇၉-ခုနှစ် နယုန်လဆန်း၄-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

တံဘားဦးကျောင်း ဆရာတော် ဦးကောသလ္လထံ၌ ကျောင်းသားအဖြစ်ဖြင့် စာပေကို သင်ယူခဲ့သည်။ ထိုဆရာတော် ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ဆရာတော်က ရှင်ပညာစာရ ဟူ ဘွဲ့အမည်ပေးတော်မူ၍ ရှင်သာမဏေတို့၏ ကျင့်ဝတ်များနှင့် ဘာသာရေး စာပေများကို သင်ကြားပေးတော်မူသည်၊ ရှင်သာမဏေအဖြစ်နှင့် သုံးနှစ်ကျော် ကျင့်သုံးနေထိုင်ခဲ့သည်။ ၁၃၁၅-ခုနှစ် ပဉ္စမဝါဆိုလဆုတ် ၆-ရက် ကြာသပတေးနေ့၌ ခဲမောက်ရွာကျောင်း ဆရာတော် ဦးစာရိတ္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒါယိကာမ ဒေါ်သိန်း၏ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။



ဓမ္မိကာရုံ သာသနာ့ရိပ်သာ ရင်းပြင်မြို့
ဆရာတော် ဦးဝိမလ

ဆရာတော်ဦးဝိမလလောင်းလျာသည် ဘီးလင်းမြို့ နှင်းပုလဲရွာ ခမည်းတော်ဦးရွှေငယ်-မယ်တော် ဒေါ်ဖူးစာတို့မှ ၁၂၆၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူး နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် တံတားဦးကျောင်း ဆရာတော်ဦးကောသလ္လ၊ ဆရာတော်ဦးကုသလတို့ထံ၌ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူခဲ့သည်။ အတော်အတန် သင်ယူပြီးနောက် ဒုံဝန်းတောကျောင်းသို့ ချဉ်းကပ်၍ ပဋိပတ္တိကမ္မဋ္ဌာန်းတရားကို အားထုတ်တော်မူခဲ့သည်၊ ထိုမှတဖန် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော် ဦးဝဏ္ဏိတ၏ ညွှန်ကြား ပြသမှုကို ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာတရားကို ၂-လကျော်ကျော် ကြိုးစား အားထုတ်တော်မူခဲ့သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘနှစ်ပါးတို့က နှင်းပုလဲမြောက်ကျောင်းဆရာတော် ဦးဉာဏထံအပ်နှံ၍ ဆရာတော်က သူငယ်အား သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ကြား ပေးတော် မူသည်။ ယင်း ဆရာတော်ဦးဉာဏထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဆရာတော်က ရှင်ဝိမလဟု ဘွဲ့အမည်ပေး၍ ရှင်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့်တကွ ပိဋကတ်အခြေခံစာပေများကို သင်ကြား ပေးတော်မူသည်၊ သက်တော် ၂၀-ပြည့်လျှင် ယင်း ဆရာတော် ဦးဉာဏကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရိယ သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်တော် မူသည့်နေ့မှာ ၁၂၉၁-ခုနှစ် ပဉ္စမဝါဆိုလပြည့်နေ့ ဖြစ်သည်၊

ရဟန်းအဖြစ်သို့ ရောက်တော် မူပြီးသော အရှင်ဝိမလသည် ဥပဇ္ဈာယ်ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်များကို ပြည့်စုံစွာ ပြုကျင့်ပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ အခွင့် ပြုချက်ဖြင့် ပဲခူးမြို့ စာသင်တိုက် ဆရာတော် ဦးဣန္ဒာစာရထံ၌၎င်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ) ဦးကောဏ္ဍညထံ၌၎င်း၊ မန္တလေးမြို့ တောင်သမန်တိုက် ရွှေလောင်းဆရာတော်ဦးစန္ဒိမာထံ၌၎င်း ဤသို့သော ပိဋကတ်ကျမ်းဂန်တတ်ဆရာတော်တို့ထံ၌ ပိဋကတ်, ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်အချပ်ရပ်ကို ကြိုးပမ်းသင်ယူတော်မူခဲ့သည်။

အရှင်ဝိမလသည် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဦးကောဏ္ဍညထံ၌ ဝိသုဒ္ဓိမဂ်ကျမ်းကိုသင်ယူစဉ် ရဟန်းဝါ (၁၀)ဝါရ ထိုအချိန်အခါကပင် တရားအားထုတ်ရန် ရည်သန်ဆုံးဖြတ် ခဲ့မိပေသည်၊ ထို့ပြင် သံဝေဂဝတ္ထုကျမ်းနှင့် လယ်တီဆရာတော် ဘုရားကြီး၏

---

ထိုသို့ အားထုတ်ပြီးနောက် ဘီးလင်းမြို့နယ် ဒေါက်ရပ်ရွာ ပဋိပတ္တိသာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းတရားကို ဟောကြား ညွှန်ပြလျက်ရှိသည်။ ထိုရိပ်သာ၌ လာရောက် အားထုတ်ကြသော ယောဂီဦးရေမှာ (၅၀၀)ကျော် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ဒီပနီကျမ်းများကို ကြည့်ရှုရခြင်းကြောင့်လည်း တရား အားထုတ်ရန် စိတ်ထက်သန်လာခဲ့သည်၊ ထို့ပြင် ဂျပန်ခေတ်အတွင်းက ရင်းနှီးသောဆရာတော်ကြီးများနှင့် ဆရာတူ သီတင်းသုံးဖော်များ မိတ်သင်္ဂဟများ ပျံလွန်သွားကြသည်ကိုတွေ့မြင်ရသောကြောင့် "ငါလဲသို့ အတူပင်ပျက်စီးရမည်မှာမလွဲကေန်ပင် စောစောကပင် အားကိုးစရာ တရားကိုရှာမှီးကျင့်သုံးထားသင့်သည်" ဟု စဉ်းစား၍သင့်လျော်သော တရားဌာနကို စုံစမ်းနေခဲ့သည်၊ ထိုသို့စုံစမ်းနေစဉ်မှာပင် ကလျာဏမိတ္တဖြစ်သော ဦးပညာဇောတ က "ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိဿယသည် ကျမ်းဂန်နှင့်ညီ၍ မှန်ကန်ကြောင်း ဒီဂရီအတိုင်းအတာနှင့်တူသော ဉာဏ်စဉ် တရားတော်ကိုလည်း နာသင့်သော အချိန်အခါ၌ နာရပြီး ကိုယ့်ဟာကိုယ်ပင် ဆုံးဖြတ်နိုင်ကြောင်း၊ တိကျသော အသုံးအဖြတ်ကိုရနိုင်၍ ယင်းနည်း နိဿယအတိုင်း အားထုတ်သင့်ကြောင်း" စသည်ဖြင့် ညွှန်ကြား တိုက်တွန်းသဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ၌ ခိုလှုံ၍ ကျင့်သုံး အားထုတ် ခဲ့ပေသည်၊

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ရှုမှတ်ပုံ နည်းနိဿယကို နာယူပြီးလျှင် အားထုတ်သော အခါမှာလည်း "ပဋိပတ္တိမွေ့နည်းလမ်းမှန် ထွန်းပြောင်နေသော အခါကောင်း ဖြစ်သောကြောင့်၎င်း၊ ဆရာသမားကောင်း အမှီကို ရသောကြောင့်၎င်း၊ နေရာဌာနကောင်းကို မှီခိုရသောကြောင့်၎င်း အစစ အရာရာ အကြောင်း ညီညွတ်၍ အားထုတ်ရပေသည်" ဟု နှလုံးသွင်းလျက် တင်းတင်း ရင်းရင်း အားထုတ်လေသည်။ ထိုသို့ အားထုတ်သဖြင့် ကိုယ်စိတ်၏ ပေါ့ပါးလျှင်မြန်ခြင်း နူးညံ့ခြင်း စသော အထူးများကို ရက်များမကြာမီအတွင်းမှာ တွေ့ရလေသည်၊ ထိုသို့ တွေ့ရသောအခါ "စာတွေ့မျှဖြင့် တိတိကျကျသိရန် ခဲယဉ်းသော ကာယလဟုတာ စိတ္တလဟုတာ ကာယမုဒုတာ စိတ္တမုဒုတာ စသည် တို့ကို ယခု ကိုယ်တွေ့ ဉာဏ်တွေ့ သိရပေသည်" ဟု ဆင်ခြင် စဉ်းစားလျက် များစွာ ဝမ်းမြောက် မိလေသည်၊ တရားစစ် ဆရာတော် အရှင်သုဇာတ မထေရ်၏ ဟောပြောညွှန်ပြခြင်းကို ကြားသိရသဖြင့်လည်း အလွန်အားတက်ပြီး ကြိုးစား အားထုတ်ခဲ့လေသည်၊

တရားစစ် ဆရာတော်က ကြေနပ်သဘောကျ၍ ခွင့်ပြုသဖြင့် ဉာဏ်စဉ် တရားတော်ကို နာရသောအခါ မိမိအားထုတ်စဉ်က အတွေ့ အသိ များနှင့် ကိုက်ညီနေသည်ကို များသောအားဖြင့် တွေ့ရ၍ အလွန် ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးလျှင် သူတပါး တို့အားလည်း မိမိကဲ့သို့ပင် တရား အရသာကို တွေ့သိကြ၍ ခံစားကြရအောင် ဟောပြောလိုသော စိတ်ဆန္ဒ များလည်း များစွာ ဖြစ်ပေါ်ခဲ့လေသည်။

## မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၊ ကော့ကရိတ်

## ဆရာတော် ဦးသုမန

ဆရာတော် ဦးသုမနလောင်းလျာသည် မြင်းမူမြို့နယ် ထိန်ကန်ရွာ ခမည်းတော် ဦးဖား-မယ်တော် ဒေါ်ညွန့်တို့မှ ၁၂၉၂-ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက် သောကြာနေ့ ည ၁၀-နာရီ အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့ ကိုးကွယ်ရင်း ထိန်ကန်ရွာကျောင်း ဆရာတော်ထံ အပ်နှံ၍ သတိုးသားကို ဆရာတော်က ဘာသာ ၁ရေ အခြေခံစာပေများကို သင်ကြား ပို့ချပေးတော်မူသည်။ ထိုကျောင်း ဆရာတော်ထံ၌ပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်က ရှင်သုမန-ဟူသော ဘွဲ့အမည်ကိုပေး၍ ရှင်သာမဏေတို့ ကျင့်ရသော ကျင့်ဝတ်နှင့်တကွ ပိဋကတ် အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်။

ဆရာရင်းဖြစ်သော ထိန်ကန်ရွာကျောင်း ဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့်-၁၃၁၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂-ရက် စနေနေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

ဆရာတော် ဦးသုမနသည် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မိမိ၏ ဥပဇ္ဈာယ် ဆရာတော်ဘုရားထံ၌ ၃-နှစ်အထိ ဝတ်ကြီး, ဝတ်ငယ် များကို ပြုစုရင်း ပိဋကတ် ကျမ်းဂန်များကို သင်ကြားတော် မူသည်။ ထိုနောက်

---

ဆရာတော် ဦးဝိမလသည် ယခုအခါ ရင်းငြိမ်မြို့ မိမိ၏ဒေနရာ ဓမ္မိကာချုံကျောင်းတိုက်၌ "မဟာစည်ဌာနခွဲ ဓမ္မိကာချုံ သာသနာ့ရိပ်သာ" ဟူသော အမည်ဖြင့် ကမ္မဋ္ဌာန်း ဌာနဖွင့်လှစ်၍ ရောက်လာကြသော ရဟန်း ရှင် လူ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း ဟောပြောညွှန်ပြခြင်း စသော ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်တော်မူကာ ပဋိပတ္တိ သာသနာလုပ်ငန်းကို ကြိုးပမ်း ဆောင်ရွက်တော် မူလျက် ရှိပေသည်။ ထိုဌာန၌ အားထုတ် ပြီးသော ယောဂီဦးရေမှာ (၂၀၀၀) ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဥပဇ္ဈာယ် ဆရာတော်ဘုရား၏ ခွင့်ပြုချက်အရ ရဟန်း၀၁ ၄-၀၁မှ-၉-၀၁ အထိ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် (ပါဠိတက္ကသိုလ်) သုဝဏ္ဏဝတီကျောင်း၌ သီတင်းသုံးနေထိုင်ကာ တိုက်တွင်း ထင်ရှားသော စာချဆရာတော်တို့ထံ၌ ငဒ္ဓကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ဂန္ထန္တရအရပ်ရပ် ကို သင်ကြား နာယူတော်မူသည်။

ပရိယတ္တိဓမ္မဂန္ထဓုရကို အားထုတ် သင်ယူတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် အရေးပါအရာရောက်သော ပဋိပတ္တိ ဝိပဿနာ ဓုရကို ကြိုးပမ်း အားထုတ်ရန်အတွက် ရဟန်းတော် ဦးသုမနသည် ရဟန်း၀၁-၉-၀၁မှ-၂၂-၀၁အထိ မော်လမြိုင်မြို့-မြို့ဝ သတိပဋ္ဌာန် ဆရာတော်ထံ၌ သတိ ပဋ္ဌာန် ကမ္မဋ္ဌာန်း တရားများကို အားထုတ်ပွားများပြီးလျှင်- ၁၃-၀၁ ပတ်လုံး မိမိအားထုတ်ပြီးသော ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟော ပြောခြင်း၊ နည်းလမ်းညွှန်ပြ လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်ခြင်း၊ စာသင်သားအများတို့အား ပရိယတ္တိဓမ္မ ပို့ချခြင်း-စသော ဓုရနှစ်ပါးနှင့်တကွ ကျောင်းတာဝန်များကို စွမ်း စွမ်း တမန် ဆောင်ရွက် တော် မူခဲ့သည်။

(မှတ်ချက်) ၁၃၃၀-၃၁-ခုနှစ်တွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ ထပ်မံ၍ တရားယူကာ ဆရာတော် ဦးပဏ္ဍိတထံ ဉာဏ် စဉ် နာရသည် တိုင်အောင် အားထုတ်ခြင်း၊ ဉာဏ်စဉ်ရှင်းတမ်းကို ၁၅-ရက်တိုင် အားထုတ်ရှင်းလင်းခြင်း တို့ကိုပြုကာ ကမ္မဋ္ဌာနာစရိယ သင်တန်းကို ဆရာတော် ဦးပဏ္ဍိတထံနှင့် ဆရာတော် ဦးသံဝရတို့ထံ နည်းခံခဲ့ပါသေးသည်။

ဤသို့ ဆောင်ရွက်ပြီးနောက် ၁၃၃၄-ခုနှစ် မှစ၍ တာဝန် ကျရောက် လာသော ဓုရ-၂-ပါးကို ဆောင်ရွက်ရန် ကော့ကရိတ်မြို့ သာသနာ့ရိပ်သာ- မဟာသတိပဋ္ဌာန်ကျောင်းသို့ ရွှေ့ပြောင်း၍ ပဓာန နာယက ကမ္မဋ္ဌာနာ စရိယ အဖြစ်ဖြင့် သာသနာတော်ဝန်ကို ထမ်းဆောင်ရင်း သီတင်းသုံးလျက် ရှိပေသည်။



ရတနာမာန်အောင် သာသနာ့ရိပ်သာ၊ မြဝတီ

## ဆရာတော် ဦးသေဋ္ဌိလ

ဆရာတော်ဦးသေဋ္ဌိလသည် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ဆန္ဒမ်းတောရွာ ခမည်းတော် ဦးလှ-မယ်တော် ဒေါ်အေးတန်တို့မှ သက္ကရာဇ် ၁၂၈၂-ခုနှစ် တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဆရာတော်သည် ကျောင်းသားအရွယ် ငယ်စဉ်ကပင် ရင်ဆာ ရွာဆရာ တော်ထံတွင် ဘာသာရေး သင်ရိုးစာပေများကို ရှင်သာမဏေ အဖြစ်အထိ သင်ကြားခဲ့သည်။

၁၃၀၂-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့၌ စည့်သာကျောင်းဆရာ တော် ဦးစန္ဒနကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ် သို့ ရောက်တော်မူသည်။

ကန့်ဘလူမြို့ ရွှေကျောင်းပဌမကျော် ဆရာတော် ဦးနန္ဒသိရိထံ၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်များကို သင်ယူတော်မူသည်၊ ပရိယတ္တိမွေကိုသင် ယူပြီးနောက် ပဋိပတ္တိဓမ္မကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်လိုသော သဒ္ဓါ

ဆန္ဒ ရှိခဲ့သည့်အလျောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်တော်မူသည်၊ တဖန်ဝိပဿနာရှုမှတ်ကြသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးနည်း စစ်ဆေးနည်း ဟောပြောနည်းစသော နည်းနာနယများကိုကန့်ဘလူကျောင်းရိပ်သာ ဆရာတော် ဦးအာဒိစ္စထံ၌ လေ့လာ နာယူတော်မူသည်။

## ကြီးမားသော သဒ္ဓါ ဆန္ဒ

ဆရာတော် ဦးသေဋ္ဌိလ၏ စေတနာ သဒ္ဓါ ဆန္ဒကား ကြီးမားမြင့်မြတ်သည်ဟု ဆိုနိုင်သည်၊ မြန်မာပြည်အလယ်ပိုင်းသည် အစွန် အဖျား အနားကျသော ဌာနများထက် သာသနာတော်စည်ပင်လျက်ရှိသည်၊ သာသနာပြုရသည်မှာလည်း၊ အလည်ပိုင်းတွင် သာယာသည်၊ ဖြောင့်ဖြူးသည်၊ အန္တရာယ်ကင်းသည်၊ အစွန်းအဖျား အနား ကျသော အရပ်ဒေသများတွင်မူ သာသနာပြုပုဂ္ဂိုလ် အရောက်နည်း၍ ဗုဒ္ဓသာသနာတော် စည်ပင်မှုမရှိအားသေးနေသည်၊ သာယာဖြောင့်ဖြူးခြင်းလည်း မရှိ၊ အန္တရာယ်လည်းများသည်၊ အသွားအလာလည်း ခက်ခဲသည်။ ဗုဒ္ဓသာသနာတော် အားနည်းနေသည့် ဤလိုအစွန်း အဖျား အနား ကျသော အရပ်ဒေသရှိ အမျိုးသားတို့အား ဗုဒ္ဓမြတ်စွာ၏ ယဉ်ကျေးမှုသာသနာကို ပြုပေးရလျှင် ပို၍ကောင်းမည်ဟု ဆင်ခြင်တော်မူပြီးလျှင် အစွန်း အဖျား အနားကျသော မြဝတီမြို့မှ ပင့်လာသည်ကို မငြင်းဘဲ အလွယ်တကူပင် လိုက်ပါ ကြွရောက်တော်မူသည်။

မြဝတီမြို့၌ သာသနာပြုနေစဉ် တရားပြဌာနကင်းမဲ့နေသော မဲဆောက်မြို့မှ လာရောက်ပင့်ပြန်ရာ လိုက်ပါတော်မူ၍ တရားဌာနဖွင့်ကာ သာသနာပြုတော်မူရပြန်သည်၊ မဲဆောက်မြို့၌ တရားဟောပြောနေစဉ် အခြားဌာနများမှ ပင့်ပြန်ရာ ထိုဌာနများသို့လည်း ကြွရောက်၍ တရားဓမ္မဟောပြလျက်ပဋိပတ္တိသာသနာ ပြုတော်မူရပြန်ပါသည်၊ဆရာတော်၏ ပင်ရင်းရိပ်သာဌာနမှာ ကော့ကရိတ်ခရိုင် မြဝတီမြို့ ကိုးနဝင်းကျောင်း ရတနာမာန်အောင်သာသနာ့ရိပ်သာဖြစ်သည်။ ထိုဌာန၌ အားထုတ်ပြီးသော ယောဂီဦးရေမှာ (၁၁၃) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ဇေတဝန်ကျောင်းတိုက် ကျိုက်မရောမြို့

## ဆရာတော် ဦးသီလ

ဆရာတော် ဦးသီလသည် ကျိုက်မရောမြို့ ခမည်းတော် ဦးပိုက်-မယ်တော် ဒေါ်ငွေတို့မှ ၁၂၅၆-ခုနှစ်၊ တပို့တွဲလဆန်း ၈-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘနှစ်ပါးတို့က ရပ်ရွာကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော်ထံမှာပင်မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက်ပြီးလျှင် ရှင်သာမဏေတို့ ကျင့်ဝတ် သိက္ခာများနှင့် ပိဋကတ် အခြေခံစာပေများကို သင်ကြားခဲ့သည်။ ၁၂၇၆-ခုနှစ် တန်ခူးလဆန်း ၁၀-ရက်နေ့၌ ကျိုက်မရောမြို့ မယ်ကရိုကျောင်း ဆရာတော် ဦးဇောတိပါလကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန္တာသိမ်တွင်မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်း

အဖြစ်သို့ ရောက်တော်မူသည်။ ဥပဇ္ဈာယ်ဆရာတော်ထံ၌ ရဟန်းအဖြစ်နှင့် ပိဋကတ်အခြေခံ စာပေများကို သင်ကြားရင်း အတန်ငယ် နေပြီးနောက် ကတိုးမြို့ ကော့နှပ်ရွာ ပရိယတ္တိ စာသင်တိုက် ဆရာတော် ဦးပုဗ္ဗရမ္မထံ၌-၇-နှစ်သက်လုံး ပါဠိ, အဋ္ဌကထာ, ဋီကာများကို ကြိုးပမ်း သင်ယူတော်မူသည်။

သွားရင်းဟန်လွှဲ သဘောဖြင့်ပရိယတ္တိဓမ္မကိုကြိုးပမ်းသင်ယူရင်း အစိုးရ ပဥ္စမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ ပဥ္စမလတ်တန်းအထိ အောင်မြင်တော်မူခဲ့သည်၊ ပရိယတ္တိဓမ္မကို သင်ယူပြီးနောက် အဇ္ဈာသယဓာတ်ခံ ရင့်သန်တော်မူပြီးဖြစ်သော ဆရာတော် ဦးသီလသည် သာသနာတော်တွင် ပရိယတ္တိဓမ္မ သင်ကြားတတ်မြောက်ရုံမျှဖြင့် မပြည့်စုံသေးသည်ကို ဆင်ခြင်တော်မူလျက် စစ်ကိုင်းမြို့ ဝိပဿနာချောင် ဆရာတော်ထံသို့ ချဉ်းကပ်၍ ဝါတွင်းသုံးလပတ်လုံး၎င်း၊ ဘုတလင်မြို့ ကြောင်ပန်းတောရ ဆရာတော်ထံတွင် ၄-လပတ်လုံး၎င်း၊ သမ္ဗုဒ္ဓေ မိုးညှင်း ဆရာတော်ထံတွင် တလနှင့် တဆဲ့ငါးရက်ပတ်လုံး၎င်း၊ နောက်ဆုံး ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံတွင် ညာဏ်စဉ်တရား နာကြားရသည် အထိ၎င်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်တော်မူသည်၊

ကိုယ်တိုင် အားထုတ်ပြီးနောက် အခြားသော ပုဂ္ဂိုလ်တို့အားလည်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောပြောခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်းဖြင့် ပဋိပတ္တိ သာသနာ့ဝန်ကို ဆောင်ရွက်လျက်ရှိသည်၊ ယခုအခါတွင် ကျိုက်မရောမြို့ ဇေတဝန် ကျောင်းတိုက်၌ သာသနာ့ရိပ်သာ ဖွင့်လှစ် သီတင်းသုံးလျက် ရောက်လာသော ရဟန်းရှင် လူယောဂီတို့အား ဟောပြော ပြသလျက်ရှိရာ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေပေါင်း (၁၆၆၇) ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



**သံဃာ့ပိုင် ရိပ်သာ မော်လမြိုင်**

## ဆရာတော် ဦးပဏ္ဍိတ

ဆရာတော် ဦးပဏ္ဍိတသည် မော်လမြိုင်ခရိုင် ကတိုးမြို့နယ် သံဃာ့ပိုင်ရွာ ခမည်းတော် ဦးငွေကိုင်–မယ်တော် ဒေါ်ရင်တို့မှ သက္ကရာဇ် ၁၂၉၅–ခုနှစ် တန်ခူးလဆန်း ၅–ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘတို့က သတို့သား ကျောင်းအပ်ချိန်အရွယ်တွင် သံဃာ့ပိုင်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ သင်ရိုးစာပေ များကို သင်ကြားပေးတော်မူသည်၊ ကျောင်းသားအဖြစ်မှ ရှင်သာမဏေ အဖြစ်သို့ ရောက်လျှင် သာမဏေတို့ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ရဟန်းပြုချိန်တွင် သံဃာ့ ပိုင်ကျောင်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူလျက် ၁၃၁၈–ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅– ရက်နေ့တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။



တော်ကူး တံခွန်တိုင် သတိပဋ္ဌာန်ရိပ်သာ မုဒ္ဒို

## ဆရာတော် ဦးနန္ဒိယ

ဆရာတော်ဦးနန္ဒိယသည် မုဒုံမြို့နယ် တော်ကူးရွာ ခမည်းတော် ဦးလူက လေး-မယ်တော်ဒေါ်ဖွားကျုံ့တို့မှ ၁၂၅၂-ခုနှစ် ဝါခေါင် လပြည့်ကျော် ၃-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ရဟန်းအဖြစ်သို့ ရောက်ခဲ့ပြီးနောက် အရှယ်တော် ငယ်သေးရကား ဓမ္မ နှစ်ပါးတွင် ဂန္ထဓုရကို ဖြည့်ကျင့်ဆည်းပူးရန် ဆုံးဖြတ်တော်မူလျက် ဂ တိုး မြို့ မဟာရင်ကျောင်းဆရာတော် ဦးအာဒိစ္စ(သိရိပဝရ ဓမ္မာစရိယ)ထံ၌၎င်း၊ ဦးပါလ,ဦးဝိဇ္ဇောတိကတို့ထံ၌၎င်း, မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက် ဆရာတော် ဦးဉာဏိက, ဦးကုမာရ, ဦးကုန္ဒစံသ, ဦးကာရဏိက တို့ထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို သင်ယူတော်မူသည်။

ဂန္ထဓုရကို အားထုတ်ဆည်းပူးတော်မူပြီးနောက် ဝိပဿနာဓုရကိုပါ ဖြည့် ကျင့်ရန် သဒ္ဓါဆန္ဒရှိခဲ့ပြီး ဖြစ်သည့်အလျောက် မူရစ်က လေးဂျင်အင်ကျောင်း

ကျောင်းသားအရွယ် ငယ်ငယ်ကပင် မိဘနှစ်ပါးတို့က ရွာဦး ဘုန်းတော်ကြီးထံ အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူခဲ့သည်၊ ထိုဘုန်းတော်ကြီးကျောင်းမှာပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် တက်ရောက်ခဲ့သည်၊ ရှင်သာမဏေတို့၏ ကျင့်ဝတ်သိက္ခာနှင့် အခြေခံ စာပေများကို ရှင်သာမဏေ အဖြစ်ဖြင့် သင်ကြားခဲ့သည်၊ မုဒုံမြို့နယ် တော်ကူးရွာ ဆရာတော်ဦးဉာဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ တက်ရောက်တော် မူခဲ့သည်။ မုဒုံမြို့နယ် တော်ကူးရွာ ကျောက်စရစ်ကျောင်း ဆရာတော်ဦးကေတုထံ၌ စာပေ ကျမ်းဂန်ကို အတော်အတန် သင်ခဲ့ဘူးသည်၊ အရွယ်ကြီးမှ ရဟန်းဖြစ်သောကြောင့် ပဋိပတ်ကိုသာ အမှီတကဲပြုလိုသော ဆရာတော်သည် မော်လမြိုင်မြို့ မြို့ဝသတိပဋ္ဌာန်တိုက် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်လျက် သတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်တော် မူသည်။

ဆရာတော်သဘောကျ အားရအောင် ကြိုးပမ်း အားထုတ်တော် မူပြီးနောက် မိမိအားထုတ်ပြီး တရားများကို မိမိကိုယ်တိုင်လည်း ထပ်မံပွားများသူတပါး တို့အားလည်း ဟောကြား ဖြန့်ဝေတော် မူလိုရကား မုဒုံမြို့နယ်တော်ကူးတံခွန်တိုင် သတိပဋ္ဌာန်ရိပ်သာဘွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်

×

---

ဆရာတော်ထံတွင်၎င်း၊ မော်လမြိုင်မြို့ မြို့ဝမဟာသတိပဋ္ဌာန်ဆရာတော်ထံတွင်၎င်း၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိဘာဘိဝံသထံတွင်၎င်းသတိပဋ္ဌာန်ဝိပဿနာတရားကိုဆရာတော်တို့ အားရကြေနပ်တော်မူကြသည်အထိ ကြိုးပမ်းအားထုတ်တော်မူသည်။

ဂန္ထဓုရ ဝိပဿနာဓုရနှစ်မျိုးစုံအောင် အားထုတ်တော်မူပြီးလျှင် ယခုအခါ၌ ကတိုးမြို့နယ် မဟာရင်ကျောင်းတိုက်နှင့် သံဃာပိုင်ကျောင်းဝိုက်တွင်ရိပ်သာဖွင့်ပြီးလျှင် ရောက်လာသော ယောဂီတို့အား ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ဟောကြားညွှန်ပြ၍ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရှိပေသည်၊ တို့ဌာန၌ လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၁၄၆)ဦး ရှိသွားဖြစ်ကြောင်း သိရသည်။



ကမာဝက် ဒက္ခိဏာရုံ သတိပဋ္ဌာန်သာသနာ့ရိပ်သာ မုဒုံ

**ဆရာတော် ဦးသီလဝန္တ**

ဆရာတော် ဦးသီလဝန္တ လောင်းလျာသည် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကမာဝက်ရွာ စိန်တောင်ရပ်-ခမည်းတော် ဦးဆင်း-မယ်တော် ဒေါ်လုပ်တို့မှ ၁၂၇၄-ခုနှစ်၊ ဝါခေါင်လဆုတ်-၁၀-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

---

×

ရှက်ကာ ရောက်လာ သမျှသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြား ညွှန်ပြတော်မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ လာရောက် အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၂၃၄၆) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

ဆရာတော် ဦးနန္ဒိယသည် မိမိ၌ စွဲကပ်နေသော အကြီးအကျယ်ရောဂါ များကို ရှုမှတ်ခြင်းဖြင့်ပင် လုံးဝပျောက်ကင်းစေနိုင်သဖြင့် မိမိထံ၌ ရောက် လာသော ယောဂီတို့အားလည်း အကြီးအကျယ်ရောဂါတို့ကို ပျောက်ကင်း သည်အထိအောင် အပြင်းအထန် အားထုတ် ရှုမှတ်စေသည်။ ထိုသို့ ရှုမှတ် စေခြင်းဖြင့်လည်း ရောဂါပေါင်းများစွာပင် ပျောက်ကင်း သွားကြောင်း

ကျောင်းသားအရွယ် ငယ်စဉ်က အစိုးရမူလတန်းတွင် ၄ တန်း အောင်မြင်သည်အထိ သင်ကြား၍ ကမာဝက်-ဒက္ခိဏာရုံကျောင်း ဆရာတော်ထံ၌ မိဘတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့သည်။ ရှင်သာမဏေအဖြစ်နှင့် ဘာသာရေး အခြေခံ စာပေများကို ဆရာတော်က သင်ကြား ပေးတော်မူသည်။ ကမာဝက် ဒက္ခိဏာရုံကျောင်း ဆရာတော် ဦးသီလဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟကို ခံယူကာ-၁၃၀၀-ပြည့်နှစ်၊ တန်ခူးလဆန်း ၇-ရက် တနင်္ဂလာနေ့ ညနေ ၄-နာရီအချိန်တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း အထက်တန်းရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ညွှန်ကြားချက်အတိုင်း ကမာဝက်-ရတနာဒေဝဿတာရုံကျောင်း ဆရာတော် ဦးဉာဏဝံသထံ၌၎င်း၊ မုဒုံမြို့နယ် ကွမ်တာရွာ ကျောင်းသစ်ကျောင်း ဆရာတော် ဦးဓမ္မပါလထံ၌၎င်း- ပိဋကတ်- ပါဠိ- အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို ကြိုးပမ်း သင်ကြားတော်မူသည်။ ပရိယတ္တိဓမ္မကို ကြိုးပမ်း သင်ယူတော်မူပြီးနောက်- ကမာဝက်- ရတနာဒေဝဿတာရုံကျောင်း (ယခု ခြသေ့ကျောင်း) တိုက်တွင် စာချအဖြစ်ဖြင့် ၄-နှစ်ခန့် ပရိယတ္တိ သာသနာတော်တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူသည်။ ထိုသို့ ပရိယတ္တိ သာသနာတော် တာဝန်ကို ကြိုးပမ်းအားထုတ် ဆောင်ရွက်ရင်း ပဋိပတ္တိဓမ္မကို အားထုတ်လိုသော သဒ္ဓါဆန္ဒများ အကြိမ်ကြိမ် ဖြစ်ပေါ်လျက် ရှိခဲ့သော်လည်း ထမ်းဆောင်လျက် ရှိသော ပရိယတ္တိတာဝန်ကို ရုတ်တရက် ရှောင်တခင် တခဏချင်း ချထားခဲ့၍ မဖြစ်နိုင်ရကား ၄ နှစ်တိုင်အောင့်အီး သည်းခံနေခဲ့ရသည်။

*

---

သိရသည်၊ ထို့ပြင် ဆရာတော်ဦးနန္ဒိယသည် တနေ့လုံး တညလုံးလည်း ရပ်လျက် မလှုပ်မရှက် အားထုတ် နေနိုင်သည်ဟူ၍၎င်း၊ လဲလျောင်းအိပ်နေလျှင်လည်း ညဥ့်ဦးမှ နံနက်အထိ မကွေး မဆန့် မလှည့်ဘဲ၊ မလှုပ် မရှားဘဲ သစ်တုံးများ ချထားဘိသကဲ့သို့ ငြိမ်သက်စွာ ရှုမှတ် နေနိုင်သည် ဟူ၍၎င်း မြို့ဝသတိပဋ္ဌာန် ဆရာတော်ထံမှ ကြားသိရသည်။



သာသနပါလ မွန်ရွှေကျင်ကျောင်း သံဃ္ဃဇရပ်

## ဆရာတော် ဦးပဒုမ

ဆရာတော် ဦးပဒုမ လောင်းလျာသည် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကမာဝက်ရွာ စိန်တောင်ရပ် ခမည်းတော် ဦးအောင်စိန် မယ်တော် ဒေါ် မယ်ဘင်တို့မှ ၁၂၇၀-ပြည့်နှစ် ဝါဆိုလဆုတ် ၃-ရက် ကြာသပတေးနေ့ တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

*

၄-နှစ်ကြာ၍ အခွင့်သင့်သည်နှင့် တပြိုင်နက် ကော်သူးလေပြည်နယ် ကော့ကရိတ်ခရိုင် ကော့မိန်းတောရကျောင်း ဆရာတော်ထံ ချဉ်းကပ်၍ သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်လေသည်။ ထိုမှတဖန် မော်လမြိုင်မြို့-မြို့ဝ သတိပဋ္ဌာန်ရိပ်သာ ဆရာတော်ထံ၌၎င်း၊ တဖန် ကော်သူးလေပြည်နယ် ကန်နီတောရကျောင်း ဆရာတော်ဦးပဒုမထံ၌၎င်း၊ ရန်ကုန် မင်းကွန်း သတိပဋ္ဌာန်ရိပ်သာ ဆရာတော် ဦးပုညထံ၌၎င်း၊ နောက်ဆုံး မော်လမြိုင် တောင်ဝိုင်းကလေး မဟာစည်ရိပ်သာ ဆရာတော်

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ရိုးရာအတိုင်း မိဘတို့က သတို့သားကို ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဗုဒ္ဓဘာသာဝင်ရိုးရာအတိုင်း ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံစာပေများကို သင်ကြားပေးတော်မူသည်၊ ရှင်သာမဏေအဖြစ်ကိုလည်း ထိုဘုန်းတော်ကြီးကျောင်းမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တက်ရောက်တော်မူခဲ့သည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လျှင် ဆရာဘုန်းတော်ကြီးက ရှင်သာမဏေတို့ ပြုကျင့်ရမည့်ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ကြားပေးတော်မူသည်။

သက်တော် ၂၀-အရွယ်တွင် ဆရာတော် ဦးဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒါယာ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၉-ခုနှစ် တပေါင်းလဆုတ် ၄-ရက် သောကြာနေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ကမာဝက်ရွာ ရတနာဒေဝသဃတာရုံကျောင်း ဆရာတော် ဦးသီလာနန္တထံ၌၎င်း၊ ထိုမှတဖန် ဇာသပြင်မြို့ ကျုံဖဲရွာ သရက်ကုန်းကျောင်းဆရာတော်ဦးအဂ္ဂညာဏထံ၌၎င်းထိုနောက်မုဒုံမြို့ပိုင်ကမာတောရကျောင်းဆရာတော် ဦးဝါယမထံ၌၎င်း၊ထိုမြို့တောရကျောင်းစာချဆရာတော် ဦးပညာဝံသထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရကျမ်းဂန်အရပ်ရပ်တို့ကို အားသစ်ကြိုးပမ်းတော်မူသည်။ ၁၃၂၁-ခုနှစ် ကညော်ရွှေကျင်ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ် စာပေပို့ချ၍ ၆-နှစ်ပတ်လုံး သီတင်းသုံးခဲ့သည်၊ ထိုမှတဖန် နေရင်းဖြစ်သော ဂမာဝက်ရွာ ရတနာဒေဝသဃတာရုံကျောင်းတွင် ၂-နှစ်မျှ ပြန်လည် သီတင်းသုံးတော်မူသည်၊

ပါရမီဓါတ်ရင့်သန်တော်မူပြီးဖြစ်သော ဆရာတော် ဦးပဒုမသည် ပရိယတ္တိဓမ္မဂန္ထခုရမျှဖြင့် အားရရောင့်ရဲတော်မမူပဲ ဝိပဿနာ ပဋိပတ္တိဓမ္မကို ဖြည့်ကျင့် +

ဦးသုဇာတထံ၌၎င်း သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ်တော်မူသည်။

ဝိပဿနာတရားကို ကိုယ်တိုင်အားရအောင် အားထုတ်တော်မူပြီးနောက် ကမာဝက် ဒက္ခိဏာရုံ သတိပဋ္ဌာန်ရိပ်သာ၌ ရောက်လာသမျှ ယောဂီတို့အား ဝိပဿနာကမ္မဋ္ဌာန်းများ ဟောကြား နည်းညွှန်လျက်ရှိရာ ယောဂီပေါင်း (၃၁) ကျော်ပြီဖြစ်ကြောင်း သိရှိရသည်။



## မော်အူ သာသနာ့ရိပ်သာ၊ ထားဝယ်

## ဆရာတော် ဦးဣန္ဒြိယ

ဆရာတော်ဦးဣန္ဒြိယသည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ယဉ်ငေး မင်းတပ်ရွာ ခမည်းတော် ဦးသိုင်းရွှေ- မယ်တော် ဒေါ်ထွန်းအင်ဘို့မှ သက္ကရာဇ် ၁၂၉၂-ခုနှစ်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

+

ဆည်းပူးရန်သဒ္ဓါဆန္ဒပြင်းပြလာသည့်အတိုင်း ၁၃၁၀-ခုနှစ်တွင် မော်လံမြိုင်မြို့ မြို့ဝမဟာသတိပဋ္ဌာန်ရိပ်သာ ဆရာတော်ဦးပဏ္ဏဝံသထံ၌ ရက်ပေါင်း-၄၀ ပတ်လုံး ဆရာတော် ညွှန်ကြားသည့် အတိုင်း သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်တော်မူသည်။ ထို့နောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကို ခံယူလျက် ၁၃၁၁-ခုနှစ်တွင် ၁-သတိတိ တကြိမ် ၁၃၂၉-ခုနှစ်တွင် ၃-သတိတိတကြိမ် ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတာဘိဝံသ၏ ကူညီ စောင့်ရှောက် ညွှန်ပြမှုကို ခံယူကာ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်တော်မူသည်။

ကျောင်းသားအရွယ် ငယ်စဉ်က ရွာဆရာ ဘုန်းတော်ကြီးကျောင်းတွင် မိဘတို့က အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးသင်ရိုး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ထို ဆရာဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက်၍ ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို ဆရာဘုန်းတော်ကြီးက ပို့ချ သင်ကြား ပေးတော်မူသည်။

သက်တော် ၂၀ အရွယ်တွင် ထားဝယ်မြို့-ကညုံချပ်- မြေတိုက်ကျောင်း ဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ- ဒကာမ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူ သည်။ ရဟန်းဖြစ်ပြီးနောက် ကျောင်းသားဘဝကတည်းက ဆရာရင်းဖြစ် သော ထားဝယ်မြို့ တောင်သုံးလုံး ရွှေကျောင်း မူလကျောင်းကြီး ဆရာ တော်ထံ၌၎င်း၊ ၎င်းမြို့- ဇေယျဝတီ ကျောင်းတိုက် နာယက ဆရာတော် ဦးစန္ဒိမာထံ၌၎င်း၊ မော်လမြိုင်မြို့ မဟာမြိုင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဦးရေဝတထံ၌၎င်း၊ ၎င်းတိုက် ဆရာတော် ဦးကိတ္တိ ထံ၌၎င်း၊ ဦးအာစရ ထံ၌၎င်း၊ မြောင်းမြမြို့ မူလပဋ္ဌာနတာရုံ ပါဠိတက္ကသိုလ်တိုက် ဆရာတော် ဦးဉာဏိက၊ ဆရာတော်ဦးကုမာရ၊ ဆရာတော်ဦးကာရုဏိက၊ ဦးဝိပုလတို့ထံ၌ ၎င်း- ပိဋကတ်- ပါဠိ- အဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်း သင်ယူတော်မူသည်။

ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို သင်ကြား၍ ပရိယတ္တိကိစ္စ ပြည့်ဝတော်မူပြီးနောက် အားထုတ်ရန် ကျန်ရှိနေသေးသော ပဋိပတ္တိ လုပ်ငန်းကိုလည်း ကြိုးပမ်းအားထုတ်တော်မူလိုရကား ဆရာတော်ဦးဣန္ဒြိယ သည် ထားဝယ်မြို့ ဇေယျဝတီ သာသနာ့ရိပ်သာ- တောင်ဘွားဆရာတော် ဦးခေတိန္ဒထံ ချဉ်းကပ်၍ ထိုဆရာတော် ညွှန်ကြား ပြသသော ဝိပဿနာတရား ×

---

အားထုတ်၍ နည်းနာကျကျရပြီးဖြစ်သော ဆရာတော်သည် ယခုအခါ သံဖြူဇရပ်မြို့ သာသနာ့ပါလ မွန်ကျောင်း သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာ စရိယအဖြစ်ဖြင့် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားများကို ဟောပြောညွှန်ပြလျက်ရှိရာ အားထုတ်ပြီး ယောဂီပေါင်း(၃၄၃) ဦးရှိသွားပြီ ဖြစ်ကြောင်း သိရသည်။



## ရှပ်ပုံ၊ ဆိတောင် သာသနာ့ရိပ်သာ ပြ်တ်

## ဆရာတော် ဦးဝါယမ

ဆရာတော်သည် မြိတ်ခရိုင်၊ ပုလောမြို့နယ် ရှပ်ပုံရွာ ခမည်းတော် ဦးဘိုးသံ မယ်တော် ဒေါ်မင်းကျင်တို့မှ သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ နွောင်းတန်ခူး လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွါးမြင်သော သားရတနာဖြစ်သည်။

ကျောင်းထားချိန်တွင် မိဘတို့က ရှပ်ပုံရွာ ကျောင်းကြီးဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေး

---

×

ကို ကြိုးပမ်း အားထုတ်တော်မူသည်၊ ထိုမှတဖန် ထိုထက် အရင်းကျသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုနာယူရင်း ဝိပဿနာတရားကို အားထုတ်ရန် ဆန္ဒရှိသဖြင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ချဉ်းကပ်ပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကိုခံယူကာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ ညွှန်ပြသော ဝိပဿနာတရားကို ကြိုးပမ်း အားထုတ်တော်မူသည်။

တော်မူသည်၊ ကျောင်းသားငယ် သာမဏေအရွယ်ကပင် အခြေခံစာပေတို့ကို သင်ယူပြီးနောက် ၁၂၈၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ ပုလောမြို့ အရှေ့ကျောင်းတိုက်ဆရာတော် ဦးသုဒေဝကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ရဟန်းအမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရှပ်ပုံရွာကျောင်းကြီးဆရာတော် ဦးနန္ဒသီရိထံ၌၎င်း၊ ပဲခူးမြို့ ကြေးနီကန်တိုက်ဆရာတော် ဦးဝိမလထံ၌၎င်း၊ ရန်ကုန်မြို့နယ် ဒလ တက်သစ်ရွာကျောင်းဆရာတော် ဦးသီလာစာရထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် ဆရာတော် ဦးပညာထံ၌၎င်း၊ တောင်သာမြို့နယ် ကံမြဲ ဇောင်ကြမ်းဘုရားကြီးတိုက်ဆရာတော် ဦးသောဘိတထံ၌၎င်း၊ ပရိယတ္တိ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို သင်ယူတော်မူသည်။

ပရိယတ္တိဂုဏ်နှင့် ပြည့်စုံလုံလောက်တော်မူသည်ဖြစ်၍၎င်း၊ သီလသိက္ခာဂုဏ်နှင့်တည်ကြည်ဖြောင့်မတ်သော သမာဓိဂုဏ် ပြည့်စုံလုံလောက်တော်မူသည်ဖြစ်၍၎င်း ဆရာတော်မှာ ခုံဝိနည်းဓိုရ်ဆရာတော်အဖြစ်၊ ယာယီမြို့နယ် ဝိနည်းဓိုရ်ဆရာတော်အဖြစ် တင်မြှောက်ခြင်းကို ခံယူရရှိတော်မူသည်။

သာသနာတော်၌ သဒ္ဓါဆန္ဒပြည့်ဝတော်မူသည်အလျောက် ပရိယတ္တိဓမ္မကို အားထုတ်သင်ယူတော်မူပြီးနောက် ပဋိပတ္တိသာသနာတော်ကိုလည်း ပြန့်ပွားစည်ပင်ရန် ဆောင်ရွက်တော် မူလိုသဖြင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဩဝါဒကိုခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးအာသဘထံ၌ သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသည်။ ဆရာကြေနပ်သည်အထိ၊ စနစ်တကျအားထုတ်တော်မူပြီးလျှင် မြို့တိခိုင် ပုလောမြို့နယ် ဇာတိဖြစ်သော *

---

ကိုယ်တိုင် အားရကြေနပ်အောင် စနစ်တကျ ကြိုးပမ်းအားထုတ်ပြီးနောက် ထိုဆရာတော်ထံမှ ကမ္မဋ္ဌာန်းပေးနည်း၊ စစ်ဆေး ဟောပြောနည်းများကိုပါ လေ့လာတော်မူပြီးလျှင် ယခုအခါ ထားဝယ်မြို့ ကျောက်မော်ရပ် မော်အင်ူ သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိရာ အားထုတ်ပြီးယောဂီပေါင်း (၄၀၀) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပါသည်။



## ကလင်ပန်း သာသနာ့ရိပ်သာ ဖြိုတ်

## ဆရာတော် ဦးဝိသုဒ္ဓ

ဆရာတော် ဦးဝိသုဒ္ဓလောင်းလျာသည် မြိတ်မြို့အပိုင် ကလင်ပန်းရွာ ခမည်းတော် ဦးဘိုးဆယ်၊ မယ်တော် ဒေါ်ဒိုးရွှေတို့မှ ၁၂၉၈-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

၁၃-နှစ်သားအရွယ်တွင် မိဘတို့က ဆည်းကပ် ကိုးကွယ်ရင်းဖြစ်သော ကလင်ပန်းရွာကျောင်း ဆရာတော်ထံအပ်နှံ၍ သတို့သားကို **ဆရာတော်**

---

*ရုပ်ပုံရွာ ဆိတောင်ရိပ်သာတွင် ရောက်လာသမျှ ယောဂီတို့အား ဝိပဿနာတရား ဟောပြောပြသတော်မူလျက် ရှိပေသည်။

ဆရာတော်၏ ဆိတောင်သာသနာ့ရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီဦးရေမှာ (၂၁၈၂) ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဘုရားကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်။ ၁၄-နှစ်သားအရွယ်တွင် မြိတ် အရှေ့ကျောင်းဆရာတော် ဦးနန္ဒိယ ထံတွင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်ဘုရားကြီးက ရှင်ဝိသုဒ္ဓဟူသော ဘွဲ့မည်ကိုပေး၍ ရှင်ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ ကျမ်းစာတို့ကို သင်ကြားပို့ချပေးတော်မူသည်။

၁၃၂၁-ခုနှစ်. နယုန်လဆန်း ၄-ရက်နေ့၌ ဝတ်တိုက်ကျောင်းဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ်ပြီးနောက် မုဒုံမြို့ ဂျုံးဂျုံးကျတောကျောင်း တွင် အလယ်တန်းအောင်သည်အထိ စာသင်ကြားခဲ့သည်။ထိုနောက်ရန်ကုန်မြို့ ကျိုက်ဝိုင်းဆရာတော် ဦးဣန္ဒကထံ၌ ပိဋကတ်ကျမ်းစာ အပြားပြားတို့ကို သင်ယူခဲ့သည်။

၁၃၂၉-ခုနှစ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော် ဘုရားကြီးထံ ချဉ်းကပ်၍ သတိပဋ္ဌာန်တရားတို့ကို ၄-လကြာမျှ ကမ္မဋ္ဌာန်း ဆရာများ သဘောကျသည်အထိ အားထုတ်ခဲ့သည်။ ဝိပဿနာတရားတို့ကို ကိုယ်တိုင်အားထုတ်ပြီးနောက် မိမိခံစားရသော တရားတို့ကို အခြားပုဂ္ဂိုလ် များအားလည်း သိစေလိုသော စေတနာ သဒ္ဓါဆန္ဒပြင်းပြလှသဖြင့် ၁၃၃၁-ခုနှစ်မှစ၍ ၁၃၃၄-ခုနှစ်အထိ တိုးရွာသာသနာ့ရိပ်သာတွင် လာရောက် အားထုတ်ကြသော ယောဂီများအား တရားဟော တရားပြ နေခဲ့ပေသည်။ ထိုနောက် ယင်း ၁၃၃၄-ခုနှစ်တွင်ပင် ကလင်ပန်း သာသနာ့ရိပ်သာသို့ ပြောင်းရွှေ့၍ လာသမျှသော ရဟန်းရှင် လူတို့အား ကြိုးကြိုးစားစားပင် တရားပြလျက်ရှိပေသည်။ မဟာစည်ဆရာတော်ဘုရားကြီး တည်းဟူသော သပ္ပုရိသူပနိဿယကိုရရှိ၍ မိမိကိုယ်တိုင်လည်း သတိပဋ္ဌာန်တရားတို့ကို အား ထုတ်ခဲ့ရသည်၊ ယခုလည်း မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနယ အတိုင်းပင် အခြားပုဂ္ဂိုလ်များအား တရားပြသနေရသည်မှာ အတ္တဟိတ ပရဟိတနှစ်ခုစလုံး တိုးပွားလှသဖြင့် လူဖြစ်ရကျိုးလည်း နပ်လှသည်၊ သာသ နာ့ဝန်ထမ်း ရဟန်းတော်တပါး ဖြစ်လာရကျိုးလည်း နပ်လှသည်ဟု အားရ ရွှင်လန်းစွာဖြင့်ပင် ပဋိပတ္တိ သာသနာတော်ကြီး၏ တာဝန်ကို ထမ်းဆောင် လျက်ရှိပေသည်။

ထိုဆရာတော်ထံတွင် တရားအားထုတ်ပြီးသော ယောဂီပေါင်းမှာ ၂-ရိပ် သာပေါင်း (၂၇၀) ဦးရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

## တနင်္သာရီမြို့ သာသနာ့ရိပ်သာ

## ဆရာတော် ဦးတေဇ

ဆရာတော် ဦးတေဇ သောင်းသျှာသည် မြိတ်မြို့အပိုင် ကလွယ်ရွာ ခမည်းတော် ဦးစံဘင် မယ်တော် ဒေါ်အေးညွန့်တို့မှ ၁၂၈၇-ခုနှစ် နတ်တော်လဆန်း ၁၂-ရက် စနေနေ့၌ ဖွားမြင်သော သားရတနာဖြစ်သည်။

၁၄ နှစ်သားအရွယ်တွင် မိဘတို့က ဆည်းကပ် ကိုးကွယ်ရင်းဖြစ်သော မြိတ်မြို့ ကံသာကျောင်းဆရာတော်ထံ အပ်နှံ၍ ဘာသာရေးဆိုင်ရာ စာပေများကို သင်ကြားစေခဲ့သည်။ ၁၆-နှစ်သားအရွယ်သို့ရောက်လျှင် မြိတ်ခရိုင် အုဋ္ဌိုဖိုကျောင်း ဆရာတော်ထံ၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ သတိုးသားအား ဆရာတော်ဘုရားက ရှင်ကျင့်ဝတ်များနှင့် ပိဋကတ် အခြခံ ကျမ်းစာများကို သင်ကြား ပို့ချပေးတော်မူသည်။

တနင်္သာရီမြို့ ချောင်းကြီးဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ အသက် ၂၀-အပြည့်တွင် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းပြုပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ခြေတော်ရင်း၌ပင် ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို သင်ကြားအားထုတ်ခဲ့သည်။ ကျန်းမာရေးမကောင်းသဖြင့် ပဉ္စမလတ်တန်းအထိသာ အောင်မြင်ခဲ့သည်။ ရဟန်း ၃-ဝါအရမှာ ရောဂါဖြစ်၍ သိက္ခာချပြီး ရှင်သာမဏေအဖြစ်နှင့် ၄-ဝါ နေခဲ့ရသေးသည်။

၁၃၂၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့ နံနက် ၆-နာရီ အချိန်တွင် မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းကြီးကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပြန်သည်။ ထို့နောက် မြိတ်မြို့ ကံဈားချပ် သာသနာ့ရိပ်သာဆရာတော် ဦးအာသဘထံချဉ်းကပ်၍ သတိပဋ္ဌာန် ဝိပဿနာ တရားများကို တနှစ်ခန့် ကြိုးကြိုးစားစား အားထုတ်ခဲ့သည်။ ဆရာတော် ဦးတေဇသည် ဝိပဿနာတရားတို့ကို အားထုတ်နေစဉ် ရှိရင်းစွဲဖြစ်သော နှလုံးရောဂါမှာ တဖြေးဖြေးသက်သာလာသည်ကို ခံစားရသည်။ တိုးတက်အားထုတ်၍ အမှတ်ကောင်းလာလေလေ ရောဂါမှာ သက်သာလေလေ ဖြစ်သဖြင့် သာသနာတောင်၌ ရှေးကထက် ပျော်ရွှင်လာသည်။ လူ့ဖြစ်ရကျိုးနပ်သည်ဟု ဝမ်းမြောက်ကြည်နူး၍ မဆုံးနိုင်အောင် ဖြစ်သာရသည်။ သတ္တဝါများ၏ စိတ်ချမ်းသာရေးတွင် ဤမျှ အဓိက ဖြစ်နေ



မင်္ဂလာ အုဋ်ကျောင်း သာယာဝတီမြို့

**ဆရာတော်ဦးသုဇန**

ဆရာတော် ဦးသုဇနသည် သာယာဝတီခရိုင် မင်းလှမြို့နယ် ညောင်ဝင်း အုပ်စု မြောက်လွတ်ပင်ရွာ ခမည်းတော် ဦးဘိုးလှ-မယ်တော်ဒေါ်ငြိမ်းမယ်

---

သော ဝိပဿနာတရားတို့ကို မိမိ အသိနောက်ကျသကဲ့သို့ သူတပါးတို့အား နောက်မကျစေလိုတော့ပေ၊ သူတပါးတို့ကိုလည်း အတတ်နိုင်ဆုံး ဟော ပြောပြသ၍ သာသနာပြုမည်ဟုလည်း သံဒိဋ္ဌာန်ချလိုက်လေတော့သည်။

ဆရာတော် ဦးတေဇသည် မိမိဆုံးဖြတ်ချက်အတိုင်းပင် မိမိလည်း အား ထုတ် သူတပါးတို့ကိုလည်း ဟောပြောပြသ၍ တနင်္သာရီမြို့ သာသနာ့ရိပ်သာ တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒတော် အတိုင်း သာသနာပြုလျက် ရှိပေသည်။

တို့မှ သက္ကရာဇ် ၁၂၇၆ ခုနှစ် ပြာသိုလဆန်း(၁၀)ရက် သောကြာနေ့တွင် ဖွားမြင်သော တတိယမြောက် သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဇာတိရပ်ရွာ ကျောင်း ဆရာတော်ထံသို့ အပ်နှံ၍ ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေးသည်။ သာမဏေအဖြစ်တိုင်အောင် ကိုးကွယ်ရင်း ဖြစ်သော မြောက် လွတ်ပင်ရွာကျောင်း ဆရာတော်ထံမှာပင် သာသနာတော်အတွက် ကျေးဇူး များသော ရှင်ကျင့်ဝတ် သဒ္ဒါ သင်္ဂြိုဟ် စသော ကျမ်းစာတို့ကို သင်ယူ တော်မူသည်။

ပဉ္စမ ၁၂၈၇-ခုနှစ် ၁၁-နှစ်သားအရွယ်တွင် မြောက်လွတ်ပင်ကျောင်း ဆရာတော် ဦးဥက္ကံသ၊ ဦးဝိဇယတို့ ထိမ်းသိမ်း စောင့်ရှောက် သင်ကြားမှုကို ခံယူ၍ ၁၂၈၈-ခုနှစ်တွင် သာယာဝတီမြို့ မင်္ဂလာအုဋ်ကျောင်းဆရာတော် ဦးဇနိန္ဒထံသို့ ပြောင်းရွှေ့လျက် စာပေများကို ဆက်လက် သင်ယူတော် မူသည်။

၁၂၉၅-ခုနှစ် တန်ခူး လဆန်း ၉-ရက်နေ့တွင် သာယာဝတီမြို့ အုဋ်ကျောင်းဆရာတော် ဦးဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြောက်လွတ်ပင်ကျောင်း ခဏ္ဍသိမ်၌ ကာရကသံဃာ ၂၀-ကျော်တို့၏ ချီးမြှောက်ခြင်းဖြင့် မြင့်မြတ် သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် ဥပဇ္ဈာယ် ဆရာတော်ထံ၌ တနှစ် ဆက်လက်၍ ပရိယတ္တိ စာပေများကို သင်ယူပြီးလျှင် ၁၂၉၆-ခုနှစ် တွင် ဇီးကုန်းမြို့ ယာယ်ကွင်းကျောင်း ဆရာတော် ဦးကုသလထံ၌၎င်း၊ ၁၂၉၈-ခုနှစ် တွင် ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ဆရာတော် ဦးပညာစသောဓမ္မာစရိယ စာချ ဆရာတော်တို့ထံ၌၎င်း၊ ၁၃၀၀-ခုနှစ်တွင် မန္တလေး တောင်ပြင် ဆင်တဲတိုက် ဆရာတော် ဦးဥတ္တမထံ၌၎င်း၊ ၁၃၀၂-ခုနှစ်တွင် အမရပူရမြို့ တူးမောင်းတိုက် ဆရာတော်ထံ၌၎င်း၊ နိကာယ်ငါးရပ် ပိဋကတ် ကျမ်းစာ များကို သင်ယူတော်မူသည်။

မင်္ဂလာအုဋ်ကျောင်း ဆရာတော် ဦးနာဂိန္ဒသည် ၁၃၁၇-ခု နှစ်၌ သာယာဝတီမြို့နယ် အတွက် ရန်ကုန်မြို့ မဟာစည် သာသနာ့ ရိပ်သာတွင် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်တော် မူခဲ့ပြီးလျှင် တပည့် ဒကာ ဒကာမတို့အားလည်း မဟာစည်ဝိပဿနာနည်းကို အားထုတ်စေတော်မူသည်။



မဟာစည် သာသနာ့ရိပ်သာ မင်းလှမြို့

## ဆရာတော် ဦးသာသန

ဆရာတော်ဦးသာသနသည်တောင်တွင်းကြီးမြို့နယ် ကျည်းကန်ရွာခမည်းတော်ဦးထွန်းပ-မယ်တော် ဒေါ်ဖွားတို့မှ သက္ကရာဇ် ၁၂၈၄-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

ယင်း ဆရာတော်ဦးနာဂိန္ဒ ဟောကြားပြသသော နည်းအတိုင်း ဆရာတော်ဦးသုဇန သည်လည်း ၁၃၁၈-ခုနှစ်တွင် ရှုမှတ် အားထုတ်တော်မူပြီးလျှင် တပည့်ယောဂီတို့အား ဟောကြားညွှန်ပြလျက်ရှိရာ ထိုရိပ်သာတွင် အားထုတ်ပြီးသော ယောဂီပေါင်း (၆၅၄) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

ကျောင်းလားချိန် အရွယ်တွင် ကျည်းကန် ဆရာတော် ဦးဩဘာသထံ မိဘတို့က အပ်နှံ၍ ဆရာတော်က သတ္တိသားကို ဘာသာရေး အခြေခံ စာပေများ သင်ကြားပေးတော်မူသည်၊ ထိုဆရာတော်၏ထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ၁၃၀၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် ပေါက်ကုန်းကျောင်း ဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ပိဋကတ်အခြေခံ ကျမ်းဂန်များကို ဥပဇ္ဈာယ်ဆရာတော်ထံမှာ သင်ယူပြီးနောက် တောင်တွင်းကြီးမြို့ တောရဇိမာန် ဆရာတော်ဦးပဒုမထံ၌၎င်း၊ တဖန် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောသလ္လ ထံ၌၎င်း၊ တဖန် နန္ဒိသေနာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနန္ဒိသေနထံ၌၎င်း၊ တဖန် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးပဏ္ဍိဘာထံ၌၎င်း၊ တဖန် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကောဏ္ဍည ထံ၌၎င်း ပိဋကတ် ကျမ်းဂန် များကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိဓမ္မကို ကြိုးပမ်း အားထုတ်တော် မူပြီးနောက် ပဋိပတ္တိသာသနာတော်လုပ်ငန်းကို ကြိုးပမ်းတော်မူရန် (၁၃) ဝါ အရတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသည်၊

အားထုတ်တော်မူပြီးလျှင် သာယာဝတီခရိုင် မင်းလှမြို့ မဟာစည် သာသနာ့ရိပ်သာခွဲဘွဲ့ ရောက်လာသမျှသော ယောဂီတို့အား မဟာသတိပဋ္ဌာန် ဝိပဿနာ တရားများကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ဟောပြော ညွှန်ပြတော်မူလျက်ရှိပေသည်၊ ယင်း သာသနာ့ရိပ်သာသို့ လာရောက် အားထုတ်ပြီးသော ယောဂီဦးရေမှာ (၁၄၅၀) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပေသည်။



မင်္ဂလာရာမ ကန်ဦးသာသနာ့ရိပ်သာ ဇီးကုန်း

## ဆရာတော် ဦးဥက္ကံသာစာရ

ဆရာတော် ဦးဥက္ကံသာစာရ လောင်းလျာသည် သာယာဝတီ ခရိုင် နတ်တလင်းမြို့နယ် သစ်ဘရာမြောက်စုရွာ ခမည်းတော်ဦးရွှေဒွေး-မယ်တော် ဒေါ်ငွေသင်တို့မှ ၁၂၇၅-ခုနှစ် တပို့တွဲလဆန်း ၇-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော တဘိယမြောက် သားရတနာဖြစ်သည်။

၅-နှစ်သား ကျောင်းသားအရွယ်တွင် မိဘတို့က ဇီးကုန်းမြို့ ဘုရားကြီး လမ်း အိုးရ မူလတန်းကျောင်း၌ ထားပေးခဲ့ရာ (၁၃)နှစ်သားအရွယ်တွင် (၄)တန်း အောင်မြင်သည် အထိ မူလတမ်း ပညာကို သင်ကြားခဲ့သည်။ မူလတန်း အောင်သည်တွင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်း အရ ရှင်ပြုရန် အရွယ်ရောက်နေရကား ဇီးကုန်းမြို့ မင်္ဂလာရာမ ကန်ဦးကျောင်း ဂဏ နာယက ဖြစ်တော်မူသော ဆရာတော်ဘုရားထံတွင်မိဘတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်အဖြစ်သို့ ရောက်လာ သော ရှင်ဥက္ကံသာစာရကို ဆရာတော်ဘုရားကြီးက ရှင်တို့ကျင့်ဝတ်များနှင့်

ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပို့ချ ပေးတော်မူသည်။ ရှင်သာမဏေ အဖြစ်ဖြင့် နေရင်းကျောင်းအနီး "ဂဏဟိတဓရ ဂဏဝါစက အတုလပဏ္ဍိတမာရုံ ဘုရားကြီးကျောင်းတိုက် နာယက ဆရာတော်ဦးဇောတိက ထံ၌ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ယူတော်မူသည်။

သက်တော် ၂၀-အပြည့်တွင် သာယာဝတီခရိုင် မင်းလှမြို့ ရွှေကျင် နိကာယ စံကျောင်းတိုက် နာယက ဆရာတော် ဦးရဝိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချောင်းအုပ် ဦးဘိုးဒီ-ဒေါ်သိန်းမေ၊ တောအုပ် ဦးထွန်းရ-ဒေါ်မမလေးတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်း ပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်သည့် နှစ်မှာ ၁၂၉၅-ခုနှစ် တပေါင်းလပြည့်နေ့ဖြစ်သည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ပခန်း နာယက ဆရာတော်ဘုရားကြီး ထံ၌၎င်း၊ စာချဆရာတော် ဦးဝဏ္ဏိတ၊ ဆရာတော် ဦးဇောတိက၊ ဆရာတော် ဦးသုမင်္ဂလ၊ ဆရာတော် ဦးဇာသုကထံတွင်၎င်း၊ ကသာခရိုင် အင်းရွာ ဆရာတော် (သကျသီဟဓမ္မာစရိယ) ဦးဃောသိတထံ၌၎င်း၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် နန်းမတော်ကျောင်းတွင်နေ၍ သုဝွေး ဆရာတော် ဦးရေဝတထံ၌၎င်း၊ စကုတိုက်၊ တောင်သမန်တိုက်၊ မိုးကောင်း တိုက်၊ ချမ်းသာကြီးတိုက် စာချဆရာတော်ကြီးတို့ ထံတွင်၎င်း၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် ဘုံကျော်ကျောင်း ဓမ္မာစရိယ ဆရာတော် ဦးဝဏ္ဏ၊ နာယကဆရာတော်ဘုရားကြီးဦးဇဝန စသော စာချဆရာတော်တို့ ထံတွင်၎င်း၊နိကာယ်ငါးရပ် ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်း ဂန်အရပ်ရပ်ကို နေ့ဝါ-ညဝါ-ဆိုဝါ-လိုက်ဝါတို့ဖြင့် ပရိယတ္တိဓမ္မ ဂန္ထဓုရ ကို ဆည်းပူးအားထုတ်တော်မူသည်။

ထိုနောက် သက်ဆိုင်ရာ ဆရာတော်ဘုရားကြီးတို့၏ တာဝန် ပေးချက် ဖြင့် ဇီးကုန်းမြို့ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက်၏ ဦးစီး နာယကအဖြစ် ဘုရားကြီးဂိုဏ်း၏ ဟဲ့ဘက်အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။

ဂိုဏ်းဂဏ၏တာဝန် သာသနာတော်၏ တာဝန်များကို ဆောင်ရွက်နေ တော်မူစဉ် ဘုရားသာသနာတော်တွင် ပြည့်ကျင့်ဆည်းပူးရန် လိုနေသေး သော ပဋိပတ္တိ ဝိပဿနာဓုရအဘက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူး ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေရင်း၌ ချဉ်းကပ်ပြီး ဆရာတော် ဘုရားကြီး၏ ဩဝါဒအတိုင်း ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးဝဏ္ဏိတ၏ ညွှန်ကြားပြသမှုဖြင့် သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်း အား ထုတ်တော်မူသည်။



ကျစ္စာ ရန်အောင်မြင်နှင့် ဗောဓိကျောင်း ရိပ်သာ ကြို့ပင်ကောက်

ဆရာတော် ဦးသောဏက

ဆရာတော် ဦးသောဏက လောင်းလျာသည် သာယာဝတီခရိုင်၊ မိုးညိုမြို့ ခမည်းတော် ဦးဆင့်-မယ်တော် ဒေါ်မယ်အိတို့မှ ၁၂၉၃-ခုနှစ်

---

ကိုယ်ဘိုင်အားရအောင် အားထုတ်တော်မူပြီးနောက် ကမ္မဋ္ဌာနာ စရိယ ဆရာတော်ဘွဲ့ထံ၌ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးနည်းစစ်ဆေးနည်းဉာဏ်စဉ် ဟောနည်းများကို နည်းယူလေ့လာမှတ်သားနေစဉ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တာဝန်ပေးမှုအရ ယခုအခါ သာယာဝတီ ခရိုင် ဇီးကုန်းမြို့ မင်္ဂလာရာမ ကန်ဦး သာသနာ့ရိပ်သာတွင် သီတင်းသုံးလျက် ရောက်လာသမျှသော ယောဂီတို့အား ကမ္မဋ္ဌာန်းတရားဟောခြင်း၊ ကမ္မဋ္ဌာန်း ပေးခြင်း စသော ပဋိပတ္တိ သာသနာတော် အတွက် အားတက်သရော ဆောင်ရွက်တော်မူလျက်ရှိသည်။ ထိုရိပ်သာတွင် အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၉၉၀) ကျော် ရှိသွားပြီဟု သိရသည်။

တော်သလင်းလဆန်း ၁၄-ရက် သောကြာနေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ဘိုး-ဘွား-မိဘတို့မှ ဆင်းသက်လာခဲ့သော အမျိုးသား ဖြစ်သည့်အလျောက် မိဘတို့က ကျောင်းသားအရွယ် ငယ်စဉ်ကပင် သာ ယာဝတီခရိုင် မိုးညိုမြို့ သဲကုန်းကျောင်းဆရာတော်ထံ အပ်နှံ၍ ဆရာတော် က သတို့သားကို ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော် မူသည်။ ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူ၍ ဆရာတော်က ရှင်သောဏ အား ပိဋကတ် အခြေခံကျမ်းဂန်များကို သင်ယူစေတော်မူသည်။

၁၃၁၂-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့၌ မိုးညိုမြို့ ကန်ဦးကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ-ဒကာမတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်းရဟန်း ပဉ္စင်း အဖြစ်သို့ ရောက်တော် မူသည်။

ဥပဇ္ဈာယ်ဆရာတော်တို့ ခွင့်ပြုချက်ဖြင့် ရှင်သာမဏေအဖြစ်မှ ရဟန်း သုံးဝါရသည်တိုင်အောင် သာယာဝတီခရိုင်၊ မင်းလှမြို့စံကျောင်းဆရာတော် ဦးဝါယမနှင့် ဦးကောဏ္ဍညတို့ထံ၌ သဒ္ဒါ-သင်္ဂြိုဟ်-ပါတိမောက်-ပဒရူပသိဒ္ဓိ ဋီကာကျော်-ကင်္ခါအဋ္ဌကထာ-မာတိကာ-ဓါတုကထာယမိုက်-စသောအခြေ ခံနှင့်ပိဋကတ် ကျမ်းဂန်များကို သင်ယူတော်မူသည်။ရေနံချောင်းမြို့ရွှေတောင် တိုက်ဆရာတော် ဦးဝဏ္ဏ-စသော စာချဆရာတော်တို့ထံ၌ အဘိဓာန်-ဆန်း အလင်္ကာနှင့် ပဋ္ဌာန်း-စသော အခြေခံနှင့် ပိဋကတ်ကျမ်းဂန်များကို သင်ယူ တော်မူလေသည်၊ ထိုနောင် ရဟန်းတော် ဦးသောဏကသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ကြွရောက်ပြီးလျှင်ဘကြီးတော်ဖြစ်သောဆရာတော် ဦးနန္ဒဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးပညာ စသော စာချဆရာတော် တို့ထံ၌(၆)နှစ် ပတ်လုံး နိကာယ်ငါးရပ်ကို အထပ်ထပ် သင်ယူတော်မူပြီး နောက် ဆရာတော်ဘုရားကြီးတို့ ကျေးဇူးကို ဦးညွှတ်လျက်(၃)နှစ်ပတ်လုံး စာချအဖြစ်ဖြင့် ပရိယတ္တိတာဝန်ကို ရွက်ဆောင်တော်မူသည်။

ပရိယတ္တိဓမ္မပြည့်ဝပြီးသော ဆရာတော် ဦးသောဏကသည် ပဋိပတ္တိဓမ္မ ကို အားထုတ်တော်မူရန်အတွက် မိုးညိုမြို့ အောင်သုခကျောင်းဆရာတော် ဦးဇဋိလထံ၌၎င်း၊ ဒုတိယအကြိမ် ပခုက္ကူမြို့ အရှေ့ကျွဲတဲသာသာသနာ့ရိပ်သာ ဆရာတော် ဦးတိက္ခထံ၌၎င်း၊ တတိယအကြိမ် ရန်ကုန် မဟာစည်သာသနာ့ ရိပ်သာ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ကမ္မဋ္ဌာနာစရိယဆရာ



ကျွဲစွာ ရန်အောင်မြင်နှင့် ဗောဓိကျောင်း ရိပ်သာ ကြို့ပင်ကောက်

ဆရာတော် ဦးဝါယမ

ဆရာတော်ဦးဝါယမ လောင်းလျာသည် သာယာဝတီခရိုင် မိုးညိုမြို့ ခမည်းတော် ဦးဆင့်-မယ်တော် ဒေါ်မယ်အိတို့မှ ၁၃၀၀-ပြည့်နှစ်၊ နတ်တော် လပြည့် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

တော် ဦးပဏ္ဍိတာဘိဝံသ ထံ၌ရင်း သတိပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ပွားများအားထုတ်တော်မူသည်။

ပရိယတ်-ပဋိပတ် နှစ်ရပ်စလုံး ကိုယ်တိုင် အားထုတ်တော်မူပြီးနောက် ယခုအခါ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ အရှေ့-ကျွဲစွာရန်အောင်မြင် ရိပ်သာနှင့် ကြို့ပင်ကောက်မြို့ ဗောဓိကျောင်းတိုက် သာသနာ့ရိပ်သာတွင် သီတင်းသုံးလျက် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားများကို ဟောကြားညွှန်ပြတော်မူသည်။

ဗုဒ္ဓဘာသာဝင် ဘိုး-ဘွား- မိဘတို့မှ ဆင်းသက်လာခဲ့သော သတိုးသား ဖြစ်သည့်အလျောက် ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က မိုးညှင်းမြို့ သဲကုန်းကျောင်းဆရာတော်ဦးဥက္ကံသ၊ နောင်တော်ဦးသောဏကတို့ထံ အပ်နှံ၍ဆရာတော်က သတိုးသားကို ဘာသာရေး အခြေခံစာပေများ သင်ကြား ပေးတော်မူသည်။ ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာ မဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်ဝါယမဟု ဘွဲ့အမည် ပေးပြီးနောက် ဆရာတော်များက ရှင်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံ စာပေကျမ်းဂန် များကို သင်ကြားပို့ချ ပေးတော်မူခဲ့သည်။ ၁၃၂၀-ခုနှစ် တန်ခူး လဆုတ် ၁၂-ရက်နေ့၌ မိုးညှင်းမြို့ သဲကုန်းကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း ဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက် တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်ပြီး နောက် ရဟန်းတို့ အလုပ်ဖြစ်သော ပရိယတ္တိဓမ္မဂန္ထဓုရကို သင်ကြား အား ထုတ်ရာ၌ သဲကုန်းကျောင်း ဆရာတော် ဦးဥက္ကံသ၊ နောင်တော်ဦးသောဏက တို့ထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဦးပညိန္ဒ စသော စာချဆရာတော်တို့ထံ၌၎င်း၊ သာယာဝတီခရိုင် မင်းလှမြို့စံကျောင်းဆရာတော် ဦးကောဏ္ဍည စသော စာချဆရာတော်တို့ထံ၌၎င်း အဋ္ဌကထာ, ဋီကာနှင့်တကွ သင်ရိုး ပိဋကတ် နိကာယ်ငါးရပ်ကို ဆိုဝါ-လိုက်ဝါတို့ဖြင့် ပေါက်ရောက် အောင် အားသစ် ကြိုးပမ်းတော် မူသည်၊

ကျောင်းသားအရွယ် ငယ်စဉ်မှစ၍ ဆရာကောင်း သမားကောင်း တို့ထံ နီးသံမပြတ် ဆည်းကပ်မှီခိုခွင့်ရခဲ့သော ဆရာတော်ဦးဝါယမသည် သပ္ပုရိသုပ နိဿယ စသော စက်လေးပါး အပြည့်အစုံဖြင့် ကြီးမြောက်လာတော်မူခဲ့ရသည် အလျောက် ပရိယတ္တိဓမ္မဂန္ထဓုရကို ဆောင်ရွက်ရရုံဖြင့် အားရတော်မမူပဲ ပဋိ ပတ္တိဓမ္မ ဝိပဿနာဓုရကိုလည်း ဖြည့်ကျင့်ဆည်းပူးရန် အာသာဆန္ဒ ပြင်းပြ တော်မူခဲ့သည်၊ အာသာဆန္ဒ ပြင်းပြတော် မူသည့်အတိုင်း ကြို့ပင်ကောက်မြို့ ဗောဓိသာသနာ့ရိပ်သာ ဆရာတော်ဖြစ်သော နောင်တော် ဦးသောဏကထံ တွင်၎င်း၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယဆရာတော်ဦးဝဏ္ဏိတထံတွင်၎င်း မဟာသတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်း အားထုတ်တော်မူသည်။

ဓုရ နှစ်ပါးစလုံးကို ကိုယ်တိုင် အားထုတ်တော်မူပြီးနောက်၊ နောင်တော် ဦးသောဏကနှင့်အတူတွဲ၍ ကြို့ပင်ကောက်မြို့ အရှေ့ကျစွာ ရန်အောင်မြင် ရိပ်သာနှင့် ကြို့ပင်ကောက်မြို့ ဗောဓိကျောင်း သာသနာ့ရိပ်သာ၌ဓမ္မကထိက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရှိပေသည်။



**နတ်တလင်းမြို့ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ**

**ဆရာတော် ဦးကေသရ**

ဆရာတော်ဦးကေသရ လောင်းလျာသည် နတ်တလင်းမြို့ ကြို့ပင်သာရွာ ခမည်းတော် ဦးဘိုးသင်-မယ်တော် ဒေါ်စောခင်တို့မှ ၁၂၈၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက် တနင်းလာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဘုန်းတော်ကြီးကျောင်းတွင် မိဘတို့က အပ်နှံ၍ ဆရာ ဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ရှင်သာမဏေ အဖြစ်ကိုလည်း ထိုဘုန်းတော်ကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တက်ရောက်တော် မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လျှင် သာမဏေတို့ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံကျမ်းဂန်များကို သင်ယူတော်မူသည်။

၁၃၀၁-ခုနှစ် တပို့တွဲလဆန်း ၈-ရက်နေ့၌ ပေါင်းတည်မြို့ ဘုရားကြီးတိုက် ဆရာတော် ဦးပုညကို- ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ- ဒကာမတို့၏

ပဋိသာသနဂုဟာဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် နတ်တလင်းမြို့ ကြို့ပင်သာကျောင်း ဆရာတော် ဦးအာဒိစ္စ– ဦးကလျာဏ တို့ထံ၌၎င်း၊ ၎င်းမြို့ ပဲမခန်းကျောင်း ဆရာတော် ဦးသီလာစာရ ထံ၌၎င်း၊ ပေါင်းတည်မြို့ မဟာအောင်မြေကျောင်း ဆရာတော် ဦးအရိယစံသ ထံ၌ ၎င်း၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် ဆရာတော် ဦးဇဝနထံ၌၎င်း၊ မန္တလေးမြို့ တောင်ပြင်သီးလင်းတိုက် ပဌမ တိုက်အုပ်ကျောင်း ဆရာတော် ဦးပုညာရမ္မထံ၌၎င်း၊ ၎င်းတိုက် အင်္ဂါထောင့်ကျောင်း ဆရာတော် ဦးဓမ္မ ညာဏထံ၌၎င်း၊ ၎င်းမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးဥက္ကံသ (ဦးကြယ်) ထံ၌၎င်း၊ အာသောကာရာမတိုက် ဆရာတော် ဦးသုမင်္ဂလ ထံ၌၎င်း၊ ရန်ကုန်မြို့ ညောင်ကုန်းတိုက် ဆရာတော် ဦးဓမ္မသေန-ဦးသူရိယ ထံ၌၎င်း– ပိဋကတ် ပါဠိ–အဋ္ဌကထာ–ဋီကာ နေ့ဝါ-ညဝါ ကျမ်းဂန်များကို ဆိုဝါ– လိုက်ဝါ နှစ်ရပ်စလုံးဖြင့် ကြေနပ်တော်မူသည် အထိ အားသစ်ကြိုးပမ်း သင်ယူတော်မူသည်၊

ဆရာတော်ဦးကေသရသည် ပရိယတ္တိဓမ္မကို အသားကျကျ အားရအောင် သင်ကြားနာယူပြီးနောက် ပရိယတ္တိဓမ္မဖြင့်သာ အားမရနှစ်သိမ့် နေတော် မမူပဲ ပါရမီဓာတ်ခံ ထက်သန်သော ဆရာတော်ဖြစ်သည် အလျောက် ကြုံကြိုက်ခဲစွာ ကြုံကြိုက်လာခဲ့ရသော ဘုရားရှင်သာသနာတော်တွင် လိုရင်း ပဓာနကိစ္စဖြစ်သော ပဋိပတ္တိအလုပ်ကိုလည်း အားသစ် ကြိုးပမ်းရန် မေ့ လျော့တော် မမူပေ၊ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒကို နာယူပြီး လျှင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစာရ၏ ညွှန်ပြ စောင့်ရှောက်မှုဖြင့် မဟာသတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်း အားထုတ်တော် မူခဲ့သည်။

## အကြောင်းကား ဤသို့ ဖြစ်သည်

ဆရာတော် ဦးကေသရသည် ပရိယတ် ဗဟုသုတနှင့် ပြည့်စုံသူဖြစ်၍ စာတွေ့ချည်းဖြင့် မိမိသဘောကျထားသည့်အတိုင်း ဝိပဿနာတရားကို ကျယ်ပြန့် စွာ ဟောပြောလေ့ရှိသည်၊ ထိုဟောပြော နာကြားနေသည်ကိုပင် ဝိပဿနာ ဉာဏ်အစစ် ဖြစ်နေသည်ဟု ယုံကြည်အားရ နေခဲ့ပေသည်။ ထိုသို့အားရ နေစဉ်မှာ မဟာစည် ဆရာတော်ဘုရား ရေးသားတော်မူသော ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ၌ အခြေခံရှုမှတ်ပုံကို ဖတ်ရှုရသဖြင့် ထိုနည်းအတိုင်း

စမ်းသပ်အားထုတ်ကြည့်ရာ ရှေးကတခါမျှ မဖြစ်ဘူးသေးသော ဝိပဿနာ သမာဓိဉာဏ်များ ဖြစ်ပေါ်လာသည်ကို ထူးခြားစွာ တွေ့ရလေသည်၊ ထို အခါ ရှေးက စာတွေ့မျှနှင့် ဟောခဲ့သော ဝိပဿနာဟာ အဟောဝိပဿနာ အပြောဝိပဿနာ သက်သက်မျှသာ ဖြစ်သည်ဟု ဆုံးဖြတ်မိလေသည်။ ထိုသို့ ဆုံးဖြတ်ပြီးနောက် ဆရာသမားထံမှာ စနစ်တကျ အားထုတ်ရလျှင် ပို၍ ကောင်းပေလိမ့်မည် ဟု ကြံစည်ပြီးလျှင် ၁၃၁၃-ခုနှစ် နတ္တော်လတွင် ရန်ကုန် သာသနာ့ရိပ်သာသို့ သွားရောက်၍ အားထုတ်ခဲ့ခြင်း ဖြစ်ပေသည်။

## ဆရာမှီ၍ သဒ္ဓါကြည်သည်

အားထုတ်၍ ခုနစ်ရက်ရှိသောအခါ သမာဓိဉာဏ်များ ထူးခြားစွာ ဖြစ်ပေါ်လာသည့်ပြင် ထိုနေ့က သီတင်းနေ့လည်း ဖြစ်၍ ယခု ဖလ်ယာဉ် ဓမ္မာရုံကြီးနေရာတွင် တည်ရှိသော ဓနိတဲဓမ္မာရုံကြီး၌ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်ကို ကြားနာရ သဖြင့် သဒ္ဓါဆန္ဒတွေ ထူးထူးကဲကဲ ဖြစ်ပေါ်လာခဲ့လေသည်၊ ဖြစ်ပေါ်ပုံမှာ- သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်မြတ်ဖြစ်သည့် ဆရာ တော်ဘုရားကို အမှီပြု၍ အနယ်နယ်အရပ်ရပ်မှ များစွာသော ရဟန်း ရှင်လူ တို့သည် တရားထူး တရားမြတ်ကို ကိုယ်တွေ့ ဉာဏ်တွေ့ သိမြင်ကြရပေသည်၊ မဟာစည်ဆရာတော်ဘုရားဟာ ကျေးဇူးကြီးလှပါပေသည်ဟု လိုက်လှိုက်လှဲလှဲ အလွန်အကဲ ကြည်ညိုမှု ဖြစ်ပွားခဲ့လေသည်။ မိမိကိုယ်တိုင်လည်း ဟောပြော လျက် ပဋိပတ္တိသာသနာတော်ကို ပြုလိုသော စိတ်ဆန္ဒ ထက်သန်စွာ ဖြစ်ခဲ့လေ သည်။

သဒ္ဓါဆန္ဒ ထက်သန်စွာနှင့် ဆက်လက်၍ အားထုတ်သဖြင့် တလကျော် ကြာသောအခါ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဟောသော ဉာဏ်စဉ်တရား တော်ကို နာရသည်၊ ယင်းဉာဏ်စဉ်တရားမှာ ဟောနေကျအတိုင်းပင် ဟော ခြင်းဖြစ်သည်၊ သို့သော် မိမိရှုမှတ်အားထုတ်စဉ်က တွေ့ခဲ့ရသော သမာဓိ ဖြစ်ပုံ ဉာဏ်အဆင့်ဆင့် ဖြစ်ပုံများနှင့် ကိုက်ညီနေသည်ကို များစွာ ကြားနာ ရသဖြင့် ငါ့ဘို တွေ့ပုံ သိပုံတွေကို ဆရာတော် ဘုရားကြီးက စောစော ကတည်းက သိသွားလေရော့သလား ဟူ၍ပင် ဆင်ခြင်မိလေသည်။ မိမိ၏ ကိုယ်တွေ့များသည် ဒေသနာတော်နှင့် ကိုက်ညီနေသဖြင့် သာသနာတော် နှင့် တွေ့ရကျိုး လူဖြစ်ရကျိုးနပ်ပေပြီ ဟူ၍လည်း အောက်မေ့ဆင်ခြင်လျက် ဝမ်းသာအားရမဆုံး ဖြစ်ခဲ့ရလေသည်၊ ဆရာတော်ဘုရားကြီးထံမှ ဩဝါဒ ခံယူ၍ အသက်ထက်ဆုံး ပဋိပတ္တိ သာသနာပြု လုပ်ငန်းကို ကြိုးပမ်းအား ထုတ်သွားမည်ဟူ၍လည်း ကြံစည်ဆုံးဖြတ်မိခဲ့သည် ဆိုသည်။



ဝက်ပုတ် ကြို့ပင်သာ သာသနာ့ရိပ်သာ သဲကုန်း

ဆရာတော် ဦးပညာဒီပ

ဆရာတော် ဦးပညာဒီပ လောင်းလျာသည် သထုံခရိုင် ဘီးလင်းမြို့နယ် နှင်းပုလဲရွာ ခမည်းတော် ဦးပု(ခေါ်)ဦးကျော်မှူး-မယ်တော် ဒေါ်လှသင် တို့မှ ၁၂၉၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

* ထိုကြံစည် ဆုံးဖြတ်ချက်အတိုင်းပင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဖြင့် ၁၃၁၄-ခုနှစ်မှစ၍ နတ်တလင်းမြို့၌ သာသနာ့ရိပ်သာအသစ် ဖွင့်လှစ် ကာ ရဟန်းရှင်လူ ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို ဟော ကြားပြသလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက် အားထုတ်ကြသော ယောဂီ ဦးရေမှာ (၅၀၀၀) ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

အသက် ၁၂-နှစ်အရွယ်တွင် နှင်းပုလဲမြောက်ကျောင်း ဆရာတော်ထံ၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်၍ ၁၄-နှစ်သား အရွယ်တွင် ဘကြီးတော်ရင်းဖြစ်သော သထုံခရိုင် ရင်းငြိမ်ရွာ ဓမ္မိကာရုံ ကျောင်း ဆရာတော်ထံ၌ သဒ္ဒါ သင်္ဂြိုဟ်စသော ပိဋကတ် အခြေခံကျမ်းဂန် များကို သင်ယူတော်မူခဲ့သည်၊ အသက် ၁၆-နှစ်တွင် ဆရာရင်း ဖြစ်သော ရင်းငြိမ်ဓမ္မိကာရုံကျောင်း ဆရာတော်၏ အပ်နှံမှုဖြင့် သထုံမြို့ ဟိတကာရီ စာသင်တိုက် ဆရာတော် ဦးဥတ္တရနှင့် စာချဆရာတော် ဦးရေဝတ၊ ဦးဝိဇယ တို့ထံ၌ အစိုးရ ပဌမပြန်စာမေးပွဲ-ငယ်-လတ်-ကြီး အောင်မြင်သည်အထိ ပရိယတ္တိပညာကို ဆည်းပူးအားထုတ်တော်မူခဲ့သည်။

သက်တော် ၂၀-အပြည့်တွင် ရင်းငြိမ်ရွာ နတ်စင်ကျောင်း ခဏ္ဍသိမ်၌ ရင်းငြိမ်ပန်းတောကျောင်းဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ ရင်းငြိမ်ရွာ ကျောင်းဒကာများဖြစ်သော ဦးထွန်းဖေ-ဒေါ်အံ၊ ဦးအုန်းရှိန်-ဒေါ်ဖွားရင် ဦးဘကြည်-ဒေါ်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော အထက် တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်။

ဆက်လက်၍ သထုံ ဟိတကာရီစာသင်တိုက် ဆရာတော်တို့ထံ၌၎င်း၊ တဖန် ရန်ကုန် အလယ်တောရ ပါဠိတက္ကသိုလ် ဆရာတော် ဦးသူရိယ ထံ၌၎င်း၊ မန္တလေးမြို့ ဘုရားကြီးတိုက် စာချဆရာတော်များဖြစ်သော ဆရာတော် ဦးအရိယ၊ ဦးဥဂ္ဂသ၊ ဦးသာသန၊ ဦးမေဓိယ တို့ထံ၌၎င်း၊ အစိုးရစာချတန်း စာမေးပွဲ (သာသနဓဇသိရီပဝရဓမ္မာစရိယ) ဘွဲ့တံဆိပ်ရသည်အထိ ဆည်းပူး အားထုတ်တော်မူသည်။

ထို့နောက် ၁၃၁၈-ခုနှစ်မှ ၂၁-ခုနှစ် ရဟန်း (၇)ဝါ အထိ ဟိတ ကာရီ စာသင်တိုက်တွင် ဓမ္မာစရိယ စာချအဖြစ်ဖြင့် ပရိယတ္တိ သာသနာ ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ထိုမှတဖန် ၂၁-ခုနှစ်မှ ၂၅-ခုနှစ်အထိ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဣန္ဒာသယ ကျောင်းတွင်နေလျက် နာယက ဆရာတော် ဦးအာစိဏ္ဏ၊ ဂဏဝါစက စာချဖြစ်သော ဣန္ဒာသယ ကျောင်း ဆရာတော် ဦးကေလာသ၊ အခြားစာချဆရာတော်များဖြစ်သော ဦးပညာဇောတ၊ ဦးအာဒိစ္စ၊ ဦးနန္ဒောဘာသ၊ ဦးအဂ္ဂရိယသိရိ-စသော ဆရာ တော်တို့ထံတွင် ပိဋကတ် သုံးပုံ-နိကာယ်ငါးရပ်-ပါဠိ အဋ္ဌကထာ ဋီကာများ ကို သင်ကြားအားထုတ်တော် မူခဲ့သည်။ ×



ကန်တော်မှုဂ်လာ သာသနာ့ရိပ်သာ ပေါင်းတည်မြို့

## ဆရာတော် ဦးပညာသာမိ

ဆရာတော်ဦးပညာသာမိ လောင်းလျာသည် နတ်တလင်းမြို့ ခမည်းတော် ဦးကျော်ရန်- မယ်တော် ဒေါ်ဒွန်းအောင်တို့မှ ၁၂၅၈-ခုနှစ်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

× တဖန် မန္တလေးမြို့ တောင်ပြင် ထီးလင်းတိုက် ဝိဇ္ဇာဓမ္မ အုပ်ကျောင်းသို့ ရွှေပြောင်းသီတင်းသုံး၍ ၂၆-ခုနှစ်မှ ၂၈-ခုနှစ်အထိ ထီးလင်း တိုက်၊ ဘုရားကြီးတိုက်၊ ရွှေရေးဆောင်တိုက် စသော တိုက်များမှ စာချ ဆရာ ဘော်ဘွဲ့ထံတွင် ကောင်းနိုးရာရာ နေ့ဝါ-ညဝါများကို ထပ်မံ လေ့လာ ဆည်းပူးတော်မူသည်။

၁၃၂၉-ခုနှစ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ခိုလှုံ၍ ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးသံဝရ၏ ညွှန်ကြားပြသမှုဖြင့် ဝါတွင်းသုံးလပတ်လုံး သတိပဋ္ဌာန် ဝိပဿနာ တရား

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်း စဉ်လာအတိုင်း မိဘတို့က ကိုးကွယ်ရင်းဘုန်းတော်ကြီးကျောင်း ဆရာဘုန်းတော်ကြီးထံ အပ်နှံ၍ သတို့သားကို ဆရာဘုန်းတော်ကြီးက ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ထို ဆရာဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက် ခဲ့သည်။ ရှင်သာမဏေအဖြစ်ရောက်ခဲ့ရာတွင် ရှင်တို့၏ ကျင့်ဝတ်နှင့် အခြေခံစာပေများကို ဆရာဘုန်းတော်ကြီးက သင်ကြား ပို့ချ ပေးတော် မူသည်။ ရှင်သာမဏေအဖြစ်မှ လူ့ဘောင်သို့ သက်ဆင်းပြီးလျှင် လူတို့ဓမ္မတာ လူမှုရေးရာများကို ကာလအတန်ကြာ ဆောင်ရွက်ရင်း လူ့ဘောင်တွင် ပျော်ပိုက် နေခဲ့သည်။

၁၃၁၂-ခုနှစ် တန်ခူးလဆန်း ၁၅-ရက်နေ့၌ ညောင်လုံရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။ နတ်တလင်းမြို့သာသနာ့ရိပ်သာ ဆရာတော်ဦးကေသရထံ၌ရင်း၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် ဦးရာဇိန္ဒ၊ ဦးခေမိန္ဒ၊ ဦးတေဇောဘာသတို့ထံ၌ရင်း၊ ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူသည်။

---

များကို ကြိုးပမ်း အားထုတ်တော်မူသည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော် ဦးဇဝန၊ ဆရာတော် ဦးဇနကာဘိဝံသ တို့ထံတွင်လည်း ကမ္မဋ္ဌာန်း နည်းနာနိသျှများကို ဆက်လက် ဆည်းပူး လေ့လာတော်မူသည်။

ထိုသို့ဆည်းပူးလေ့လာ နေစဉ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ၁၃၃၀-ပြည့်နှစ်တွင် ပြည်ခရိုင်သဲကုန်းမြို့နယ် ဝက်ပုတ်(ကြို့ပင်သာ) သာသနာ့ ရိပ်သာသို့ ကမ္မဋ္ဌာနာစရိယ အဖြစ် ကြွရောက် သီတင်းသုံးတော်မူသည်။

ယခုအခါ အဆိုပါ ဝက်ပုတ် (ကြို့ပင်သာ) သာသနာ့ ရိပ်သာတွင် တရားဟောခြင်း၊ တရားပြခြင်း၊ ကိုယ်တိုင် အားထုတ် ခြင်းဖြင့် ပဋိပတ္တိ သာသနာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပေသည်။ ထိုရိပ်သာတွင်လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၃၄၃၃)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပေသည်။



မဟာစည် သာသနာ့ရိပ်သာ ပြည်မြို့

## ဆရာတော် ဦးဉာဏာစာရ

ဆရာတော် ဦးဉာဏာစာရသည် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ သြော်လှရွာ ခမည်းတော် ဦးမြိုင်-မယ်တော် ဒေါ်အုန်းမြင့်တို့မှ သက္ကရာဇ် ၁၂၈၂-ခုနှစ် ပြာသိုလဆန်း ၁၂-ရက်နေ့တွင် ဖွားမြင်တော်မူသည်။

---

လူ့ဘောင်တွင် မည်မျှ ပျော်ပိုက်နေသည်ဖြစ်စေ ပါရမီအလျောက် အချိန်တန် အခါသင့်၍ ဆရာကောင်း သမားကောင်းတို့နှင့် တွေ့သည်နှင့်တပြိုင်နက် သတိသံဝေဂ ရတက်ကြွမြဲ ဖြစ်သည်အတိုင်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်တွေ့ခဲ့ရာ လူတို့ဘောင်ကို ငြီးငွေ့ခဲ့ရလေတော့သည်၊ ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့အရောက် တက်လှမ်းတော်မူခဲ့သည်။

၁၃၁၂–ခုနှစ် တန်ခူးလဆန်း ၁၅–ရက်နေ့၌ ညောင်လှရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။ နတ်တလင်းမြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးကေသရထံ၌၎င်း၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် ဦးရာဇိန္ဒ၊ ဦးခေမိန္ဒ၊ ဦးတေဇောဘာသတို့ထံ၌၎င်း– ပါဠိ-အဋ္ဌကထာ- ဋီကာများကို သင်ယူတော်မူသည်။

ပါရမီ ခတ်ခံအလျောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်းနှင့် ကြုံကြိုက်ခဲ့လေရာ ထိုကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ သတိပဋ္ဌာန် ရှုမှတ်နည်းကို နတ်တလင်းမြို့ သာသနာ့ရိပ်သာ ဆရာတော်ထံတွင် ရှုမှတ်ပွားများအားထုတ်ခွင့် ရတော်မူသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုအစဉ်မပြတ်ခံယူလျက် ပြည်မြို့ မဟာစည် သာသနာ့ ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူ ဆောင်ရွက်မူသည်။ ပေးထားသော စာရင်းအရ ထိုရိပ်သာ၌အားထုတ်ပြီး ယောဂီဦးရေမှာ(၅၀၄)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

---

---

အရွယ်တော်မှာ အတန် ကြီးရင့်ခဲ့ပြီဖြစ်၍ ဂန္ထဓုရကို ပြည့်ဆည်းပူးရန် အချိန်မရ၊ စွမ်းဆောင်ရန် မတတ်နိုင်တော့သည်ကိုသိ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒအောက်တွင် ကမ္မဋ္ဌာနာစရိယဆရာတော်ဦးဝိစာရ၏ နည်းညွှန်ပြသမှုကို ခံယူပြီးလျှင် ပဋိပတ္တိဓုရ ဝိပဿနာဓုရကိုသာ ဖိဖိစီးစီး လုံ့လ ကြိုးကုတ် အားထုတ် ပြည့်ဆည်းပူးတော်မူသည်။

ဝိပဿနာကမ္မဋ္ဌာန်းကို ကိုယ်တိုင်အားရအောင် ကြိုးပမ်းအားထုတ်တော်မူပြီးနောက် ကမ္မဋ္ဌာန်း ပေးနည်း ဟောပြောနည်းပါ ကျွမ်းကျင်အောင် နည်းနာနိသျှခံယူပြီးလျှင် ယခုအခါ ပြည်ခရိုင် ပေါင်းတည်မြို့ ၃၆-လမ်း ကန်တော်မင်္ဂလာ သာသနာ့ရိပ်သာ၌ ပဓာန နာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ကာ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း ဟောပြောခြင်း စသော ပဋိပတ္တိ သာသနာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိသည်။ ထိုရိပ်သာတွင် လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၄၃၄) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

---



မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ဆင်ပေါင်ဝဲ

## ဆရာတော် ဦးသုနန္ဒ

ဆရာတော် ဦးသုနန္ဒ လောင်းလျာသည် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အနောက်ဖက် ၄ မိုင်ကွာသော အလယ်ရွာ ခမည်းတော် ဦးသာလုံး-မယ်တော် ဒေါ်ထိန်ညွန့်တို့မှ ၁၂၉၃-ခုနှစ် ပဉ္စမဝါဆိုလဆန်း ၁၂-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

အလယ်ရွာ မြောက်ကျောင်း ဆရာတော်ထံ၌ ကျောင်းသားအဖြစ်ဖြင့် သူငယ်တို့တတ်သင့်သော စာပေပညာကို သင်ခဲ့သည်၊ ၁၂-နှစ်အရွယ်တွင် ထိုဆရာတော်ထံ၌ပင် ရှင်သာမဏေပြု၍ ၁၅-နှစ်အရွယ်အထိ သာမဏေအဖြစ်ဖြင့် ပ်ဒ္ဓကတ်အခြခံစာများကို သင်ယူခဲ့သည်၊

၁၆-နှစ်အရွယ်မှစ၍ မိဘများနှင့်အတူ လူ့ဘောင်၌ လုပ်ကိုင်နေခဲ့ရာ ၂၄-နှစ် အရွယ်တွင် သူတပါးအား မနာလိုသောစိတ် အဖြစ်များသည်ကို ဆင်ခြင်မိသည်၊ ဤသို့မနာလိုစိတ်ဖြင့် သေသွားလျှင် အပါယ်ကျလိမ့်မည်ဟု စဉ်းစားမိသဖြင့် ထိတ်လန့်ကြောက်ရွံ့သွားခဲ့သည်၊ ယင်းကြောက်လန့်မှုကို ပြေငြိမ်းစေရန် မေးမြန်းကြည့်ရာ လူခပ္ပကထိကတို့က တရားအားထုတ်၍

တရားထူးရလျှင် အပါယ်ဘေးမှ လွတ်မြောက်ကြောင်း ပြောဟောကြသည်၊ ထို့ကြောင့် တရားအားထုတ်လိုသော စိတ်ဆန္ဒများ ထက်သန်စွာ ဖြစ်ပေါ်လာခဲ့သည်။

ယင်းစိတ်ဆန္ဒများ၏ တိုက်တွန်းမှုကြောင့် ကမ္မဋ္ဌာန်းဌာနကို စုံစမ်းရှာဖွေခဲ့ရာ အလယ်ရွာမှ ၆-မိုင်ခန့်ဝေးသော ငန်းပြားရွာ၌ မဟာစည်တိုက်ခွဲ သာသနာ့ရိပ်သာကို တွေ့ရသဖြင့် ထိုရိပ်သာသို့ သွားရောက်၍ ကမ္မဋ္ဌာန်းပြဆရာတော် ညွှန်ပြသည့်အတိုင်း ရှုမှတ်အားထုတ်ခဲ့သည်၊ ထိုသို့ အားထုတ်နေစဉ် ၁၈-ရက် လောက်အရမှာ အရောင်အလင်းများကို တွေ့ရသည့်ပြင် ပေါ်လာသမျှ အာရုံများကိုလည်း မလွတ်အောင် ရှုမှတ်နိုင်သည်၊ ချက်ခြင်း ပင်ပျောက်ပျောက်သွားသည်ကိုလည်း ထူးခြားစွာတွေ့ရသည်၊ ထို့ကြောင့် မိမိရှုမှတ်နေသည့်နည်းကို စိတ်နိုင်နင်းအောင် ပြုကျင့်ရန် အကောင်းဆုံးနည်းဟု ဆုံးဖြတ်မိသည့်ပြင် သူတပါးတို့အား ဟောပြောလိုသော စိတ်ဆန္ဒလည်း ပြင်းပြစွာ ဖြစ်လာခဲ့သည်။

ဉာဏ်စဉ်တရားကို နာခံသောအခါ ကိုယ်တွေ့ဉာဏ်ဖြစ်ပုံများနှင့် ကိုက်ညီနေသည်ကို တွေ့ရသဖြင့် အလွန်ဝမ်းမြောက်သည်၊ ဝိပဿနာအလုပ်တရားကို ရဟန်းအဖြစ်နှင့် ဟောပြောမှ သာသနာတော်ကြီးပွားလွယ်မည်ဟူ၍လည်း ဆင်ခြင်မိသည်။ ထိုသို့ ဆင်ခြင်မိသည်အားလျော်စွာ ၁၃၁၇-ခုနှစ် အသက် ၂၅ နှစ်အရွယ်တွင် ရှင်သာမဏေပြုပြီးလျှင် ၁၃၁၇-ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်နေ့၌ အလယ်ရွာ ဆရာတော်ဘုရားကြီးကိုဥပဇ္ဈာယ်ပြု၍ ဘိုးဘွားတို့၏ ပဉ္စယာနုဂ္ဂဟာကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဂန္ထဓုရကိုလည်း ဖြည့်ကျင့်ဆောင်ရွက်လိုသေးသောကြောင့် အောင်လံမြို့ တာတိသာဘိုက် ဆရာတော် ဦးဝိဇယထံ၌ရင်း၊ ၎င်းတိုက် တိုက်အုပ်ဆရာတော် ဦးကုဏ္ဍလထံ၌ရင်း၊ ပိဋကတ် စာပေကျမ်းဂန်များကို ၃ နှစ်သင်ယူခဲ့သည်၊ တဖန် ရန်ကုန်မြို့ ဝေဠုဝန်တိုက်တွင် ခေတ္တသီတင်းသုံးလျက်ရှိသော (အလယ်ရွာ ဆရာတော်ကြီး၏ တပည့်ကြီးဖြစ်သော) ဦးသုမင်္ဂလထံ၌ ၂-နှစ်ဆက်၍ သင်ယူခဲ့သည်၊ ထိုသို့သင်ယူနေစဉ် ဆရာတော် ဦးသုမင်္ဂလ အလယ်ရွာသို့ ပြန်ကြွလာသောအခါ၌လည်း အတူလိုက်ပါကာ စာပေကျမ်းဂန်များကို ဆက်လက်သင်ယူခဲ့သည်။

ဆရာတော် ဦးသုမင်္ဂလသည် အလယ်ရွာ ကျောင်းသို့ပြန်၍ စာပေပို့ချနေစဉ် တဖြည်းဖြည်း ကျန်းမာရေးချို့တဲ့ လာပြီးနောက် ထိုကျောင်းမှာ

ပင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ ထိုအခါ ဆရာတော်ဦးသုနန္ဒသည် ထိုအလယ်ရွာ ကျောင်း၌ပင် ဆက်လက်သီတင်းသုံးနေထိုင်လျက် ကမ္မဋ္ဌာနာ စရိယအဖြစ်ဖြင့် ပဋိပတ္တိ သာသနာတော် ပြန့်ပွားစည်ပင်ရေးကို အားပေး ဆောင်ရွက်တော်မူလျက်ရှိပေသည်။ ထိုမဟာစည်တိုက်ခွဲ သာသနာ့ရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၈၂) ဦး ရှိကြောင်း သိရှိရသည်။

ဤဆရာတော်သည် ကောင်းမြတ်သော ကြည်ညိုဘွယ်ဂုဏ်ကို ကြည်ညို တတ်သော အလေ့ရှိ၏။ ကြည်ညိုတတ်ပုံမှာ ၁၃၂၇-ခုနှစ်က ရန်ကုန်မြို့သို့ ဘုရားဖူးသွားရင်း မဟာစည် သာသနာ့ရိပ်သာ၌ ဝင်ရောက်၍ ရက် (၂၀) လောက် အခွင့်ရသရွေ့ အားထုတ်ခဲ့ဘူးသည်။ ထိုစဉ် အခါက ကမ္မဋ္ဌာနာ စရိယ ဆရာတော်ထံ၌ ကမ္မဋ္ဌာန်း ချောက်သားကြသော ရဟန်းတော် ယောဂီများသည် လက်ဝဲလက်မောင်းကို လုံစေနိုင်သော ရုံနည်းဖြင့် ကောသိ သက်န်းကို လက်ကတော့ရုံလျက် ရိုသေစွာ လျှောက်နေကြသည်ကို တွေ့မြင် ခဲ့ရလေသည်။

အထူးအဆန်း ဖြစ်၍ စုံစမ်းကြည့်သော အခါ ပရိမဏ္ဍလ သိက္ခာပုဒ် အရ လက်ဝဲလက်မောင်းကို ဖော်၍ရုံသော ပါဋိကာရက ရဟန်းကဲ့သို့ မရုံအပ်ကြောင်း၊ လက်ဝဲလက်မောင်းကို လုံစေသောရုံနည်းဖြင့်ရုံမှ ပရိမဏ္ဍလ သိက္ခာပုဒ်နှင့်ညီကြောင်း၊ဘုရားဆင်းတုတော်များ သက်န်းသပ္ပါယ်ထားပုံမျိုး ပင်ဖြစ်ကြောင်း၊ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ ရုံပုံနှင့် ပရိမဏ္ဍလ သိက္ခာပုဒ် အရ ရုံပုံ နှစ်မျိုးတို့မှာ ပခုံး နှစ်ဖက် စလုံး လုံအောင် ရုံတာနှင့်ပခုံး တဖက်ဖော်လျက် ရုံတာ ဤသို့သာ ကွဲပြားကြောင်း စသည်ဖြင့်ရှင်း၊ အထူးအားဖြင့် အချိအသေ ပြုသင့်သော ဘုရားအနီးအရပ်၊ သံဃာစည်း ဝေးရာအရပ်၊ ဆရာသမား မထေရ်ကြီးများ မျက်မှောက် အရပ်များ၌ ထိုသို့လက်ဝဲလက်မောင်းလုံစေလျက် ပခုံးတဖက် ဖော်ထားသော ပရိမဏ္ဍလ ရုံနည်းဖြင့် ရုံရန် မဟာစည် ဆရာတော် ဘုရားကြီးက ညွှန်ကြား ထား ကြောင်းစသည်ဖြင့်ရှင်း ကြားသိခဲ့ရ၍ စည်းစနစ် ကောင်းပါပေသည် ဟု ချီးကျူးပြီးလျှင် သူ၏ဌာနမှာလည်း တပည့်ပရိသတ်များရှိပါက ထိုနည်း အတိုင်း ညွှန်ကြားရန် အကြံဖြစ်ခဲ့သည်ဟု ဆိုပါသည်။

## မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ငါန်းပြေးရွာ

## ဆရာတော် ဦးတိလောက

ဆရာတော် ဦးတိလောကသည် သရက်ခရိုင် ရေဝတီ မင်းလှမြို့ ရွာတော်ရပ်- ခမည်းတော် ဦးဘိုးသက် ·မယ်တော်ဒေါ်အေးမြတို့မှ သက္ကရာဇ် ၁၂၅၆ ခုနှစ် ပြာသိုလပြည့်ကျော် ၃-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘတို့က ကိုးကွယ်ရင်းဖြစ်သော အရပ်ဆရာတော်ထံတွင် သားသူငယ်ကို အပ်နှံ၍ ဆရာတော်က ဗုဒ္ဓဘာသာ သင်ရိုးစာပေများကို သင်ကြားပေးတော်မူသည်။ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထိုဆရာတော် ထံ၌ပင် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့ရာ၌ ရှင်သာမဏေတို့ ပြုကျင့်ရမည့် ကျင့်ဝတ် သိက္ခာပုဒ်များနှင့်တကွ ပိဋကတ်အခြေခံစာပေ ကျမ်းဂန်များကိုသင်ကြားပေးတော်မူသည်။ ၁၂၇၀-ပြည့်နှစ်၊ နယုန်လတွင် မင်းလှမြို့ ဂေါင်ဘီလာဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော အထက်တန်း ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ငယ်ဆရာရင်းထံ၌ ရဟန်းအဖြစ်နှင့် ၃-နှစ် ၃-ဝါနေ၍ ပရိယတ်စာပေ ကျမ်းဂန်များကို သင်ယူပြီးနောက် အဆက်အထက်ဖြစ်သော ပရိယတ် စာပေ ကျမ်းဂန်များကို သင်ယူရန် ရန်ကုန်မြို့ ရွှေကြက်ရက် ကျောင်းတိုက်သို့ ကြွရောက်တော်မူလျက် ထိုဘိုက် စာချဆရာတော်များဖြစ်ကြသောဆရာတော် ဦးပါရမီ၊ ဆရာတော်ဦးစန္ဒန၊ ဆရာတော်ဦးဇဝနတို့ထံ ဆိုဝါ ·လိုက်ဝါတို့ဖြင့် ကြိုးပမ်း အားထုတ်တော်မူသည်၊ တဖန် ငင်းမြို့သံယုတ်ဆရာတော်ဘုရားကြီး ထံ၌ရင်း၊ စာချဆရာတော်များဖြစ်ကြသော ဆရာတော်ဦးစန္ဒိမာ၊ ဦးသာသန တို့ထံ၌ရင်း၊ တဖန်ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်ဦးဉာဏိန္ဒတို့ထံ၌ရင်း၊ တဖန် မန္တလေး ရွှေရေးဆောင်နှင့် တောင်ပြင် တူးမောင်းတိုက်တို့၌ သိတင်းသုံးရင်း ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် အချပ်ရပ်ကို ကြိုးပမ်း အားထုတ် သင်ယူရင်း စာသင်ငယ်တို့အားလည်း ပို့ချတော် မူသည်၊

ပရိယတ္တိဓမ္မကို ကိုယ်တိုင် အားရအောင် သင်ယူပြီးနောက် မင်းလှမြို့သို့ ပြန်၍ တောင်ပေါ် မှန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် စာသင်သားတို့အား ပရိယတ္တိဓမ္မ ကျမ်းဂန် အဝဝတို့ကိုပို့ချကာ ဓမ္မာစရိယ+



အောင်မင်္ဂလာ သာသနာ့ရိပ်သာ သရက်မြို့

## ဆရာတော် ဦးကေသရ

ဆရာတော် ဦးကေသရသည် သရက်ခရိုင်၊ သရက်မြို့နယ် ထုတ်ကိုင်းကျေးရွာ ခမည်းတော် ဦးညီငယ်-မယ်တော် ဒေါ်ပုမတို့မှ သက္ကရာဇ်-၁၂၉၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

\+

အဖြစ် ဆောင်ရွက်တော်မူနေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောကြောင့် စာချစာသင်အလုပ်ကို ရပ်ဆိုင်းတော် မူလိုက်ရသည်။

ဆရာတော်၏ ပါရမီ ကံအလျောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်း သတိပဋ္ဌာန်ဝိပဿနာတရားများ ထွန်းကားလာခိုက်နှင့် ကြုံတော့ ကြုံခဲကြုံလာသဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်လျက် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ၌ ဝိပဿနာတရားကို ကြိုးစား အားထုတ်တော်မူနိုင်ခဲ့သည်။

၁၀-နှစ်သားအရွယ်တွင် ထုတ်ကိုင်း ရွာဦးကျောင်း ဆရာတော်ဦးသံဝရ ထံ အပ်နှံ၍ ဆရာတော်က ဗုဒ္ဓဘာသာ သင်ရိုးစာပေများကို သင်ကြားပေး တော်မူသည်။ ၁၅-နှစ်သားအရွယ်တွင် ရွာဦးကျောင်း ဆရာတော်ထံ၌ပင် မယ်တော်-ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်တော်မူသည်။ ၁၆-နှစ်သားမှ ၁၉-နှစ်သားအထိ မယ်တော်-ခမည်းတော်တို့အား ပြုစုလုပ်ကျွေးခဲ့သည်။

အသက် ၂၀-ပြည့်သည့်အခါ စွယ်တော်တောရ ဆရာတော် ဘုရားကြီး ဦးပညာစံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော်-ခမည်းတော် တို့၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ၁၃၀၉-ခု ပြာသိုလပြည့်ကျော် ၂-ရက် စနေနေ့နံနက် အချိန် တွင် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## ဓမ္မာစရိယ ဆရာတော်များ

ဆရာရင်းဖြစ်သော တောကျောင်း ကျေးရွာ ကျောင်းသစ် ဆရာတော် ဦးဓမ္မာစိဏ္ဏ၊ သရက်မြို့ အောင်မင်္ဂလာ စာသင်တိုက်ကို စတင်တည်ထောင်ခဲ့ သော လူပြန်တော်ဆရာကြီး ဦးကျော်မင်းတို့ထံ၌ ပရိယတ် အခြေခံစာပေ များကို သင်ကြား၍ ထိုဆရာကြီး၏ထံမှာပင် အစိုးရ ငယ်-လတ်-ကြီး စာမေးပွဲများကို အောင်မြင်တော်မူသည်။

မန္တလေးတောင်ပြင် ထီးလင်းတိုက်-ည၀ါ အကျော် ဆရာတော် ဦးဝဇိရ ဗုဒ္ဓိ ဆီးဘန့်နီတိုက် စာချဆရာတော် ဦးအာစာရ၊ စေတီ်ဂင်းတောင်ရိုး ပဋ္ဌာန်း သိပ္ပံတိုက် ဆရာတော် ဦးဣန္ဒက၊ သရက်ခရိုင် ကမ္ဘမြို့နယ် ကျောက်စောင်း ကျေးရွာ ပြည်ကြီးကျောင်း ဆရာတော် ဦးဉာဏိန္ဒ၊ ရန်ကုန် အလယ်တောရ ပါဠိတက္ကသိုလ်တိုက်အုပ် အဂ္ဂမဟာအကျော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

---

ဆရာသဘောကျ ကြေနပ်အောင် စနစ်တကျ အားထုတ်တော် မူခဲ့ပြီး နောက် ယခုအခါ၌ သရက်မြို့ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ငါန်းပြားရွာ သာ သနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိရာ ထို ရိပ်သာ၌ အားထုတ်ပြီး ယောဂီ ဦးရေမှာ (၁၂၅၀) ရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ဦးသူရိယာဘိဝံသ၊ ကထိက ဆရာတော်များဖြစ်ကြသော ဦးသုမနာဘိဝံသ ရေကင်း၊ ဦးပညာသာရ (ငါးသိုင်းချောင်း) ဦးစရိယ(သဲတော ကိုးတောင်ပြည့်)တို့ထံ၌ ပိဋကတ်- ပါဠိ- အဋ္ဌကထာ- ဋီကာ ကျမ်းဂန် အရပ်ရပ်ကို သင်ယူခဲ့ရခြင်းဖြင့်-ဓမ္မာစရိယ စာချတန်းကို ကောင်းစွာ အောင်ပန်း ဆွတ်ခူးနိုင်ခဲ့သည်။

ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် အရပ်ရပ်ကို ပေါက်မြောက်အောင် အားထုတ်လိုသော သဒ္ဓါ-ဆန္ဒ ရှိတော်မူသဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ကြွ၍-တိုက်အုပ် ဆရာတော်များ ဖြစ်ကြသော ဦးဂန္ဓမာ၊ ဆရာတော် ဦးနန္ဒိယ၊ ဆရာတော်-ဦးမာဃိန္ဒ၊ စာချဆရာတော် ဦးပညိန္ဒ၊ ဆရာတော် ဦးတေဇနိယ၊ ဆရာတော် ဦးနန္ဒိယ တို့ထံ၌ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ အရပ်ရပ်ကို ကြိုးပမ်း အားထုတ်သင်ယူတော်မူသည်။

ပရိယတ္တိ စာပေ ကျမ်းဂန်များကို ဆရာနည်းကျကျ သင်ယူတော်မူပြီးနောက်- ၁၃၂၄-ခုနှစ်မှ စ၍ အောင်မင်္ဂလာ ကျောင်းတိုက်သို့ ပြန်လည်လျက် စာပေပို့ချကာ-ဂန္ထဓုရ ဟူသော ပရိယတ္တိ သာသနာဝန်ကို ထမ်းဆောင်တော် မူသည်။

## ဝိပဿနာ ဓုရ

ဂန္ထဓုရကို အားထုတ် ထမ်းဆောင်နေစဉ် သရက် အောင်မင်္ဂလာ ဓမ္မကထိက ဆရာတော် ဦးစန္ဒာဝရ-ကမ္မဋ္ဌာန်း နည်းပြ၊ နယ်လှည့် ဓမ္မကထိကညောင်ကန် အရှင်ဣန္ဒကနှင့် သရက်မြို့ ဗုဒ္ဓသာသနာ့အလင်းရောင်ကျောင်း ဆရာတော် ဦးကုသလတို့၏ အားပေး တိုက်တွန်းမှုကို အရင်းပြု၍-၁၃၂၇-ခုနှစ်၊ ကဆုန်လတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ရောက်ရှိသွားပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် တကွ- ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသော ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော်ဦးဇဝန၊ ဆရာတော် ဦးသံဝရ တို့၏ နည်းညွှန် ပြသမှုကို ခံယူ၍ (၄၅) ရက်တိုင်ကြိုးပမ်း အားထုတ်လိုက်ရာ မဟာစည် ရှုမှတ်နည်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ဆရာတို့သဘောကျအထိ အောင်မြင်တော်မူသည်။

ထိုနောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ပို့ချတော်မူလျက်ရှိသော ဝိသုဒ္ဓိမဂ် မဟာဋီကာ စာဝါကို နာယူမှတ်သားရင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏- ကမ္မဋ္ဌာန်းပေးနည်း- ဟောပြောနည်းများကို လေ့လာ မှတ်သားတော်မူသည်။



ပိဋကတ်ကျောင်း သာသနာ့ရိပ်သာ မဟာစည်ဌာနခွဲ မိချောင်းရဲမြို့

ဆရာတော်ဦးဝိနယ

ဆရာတော် ဦးဝိနယသည် သရက်ခရိုင် မင်းလှမြို့နယ် ကိုင်းရွာ ခမည်းတော် ဦးထွန်းလှိုင်-မယ်တော် ဒေါ်စိတ်ကောင်းတို့မှ သက္ကရာဇ်-၁၂၇၆ ခုနှစ် ဝါခေါင်လဆန်း (၁)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

---

ဝိပဿနာရှုမှတ်နည်း-ယောဂီတို့အား ကမ္မဋ္ဌာန်းပေးနည်း ဟောပြောစိစစ်နည်းများကို စနစ်တကျ ရယူပြီးနောက် အောင်မင်္ဂလာတိုက်သို့ ပြန်၍ ဂန္ထဓုရ- ဝိပဿနာဓုရ- ၂-ပါးစလုံး တာဝန်ယူ ထမ်းဆောင်တော်မူလျက် ရှိသည်၊ ဆရာတော်၏ ကမ္မဋ္ဌာန်းဌာနတွင် အားထုတ်ပြီး ယောဂီဦးရေမှာ (၃၇၃) ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကျောင်းသားအရွယ် ကျောင်းအပ်ချိန်တွင် ရွာကျောင်း ဆရာတော် ဦးသီလထံ၌ အပ်နှံ၍ ဆရာတော်က သတိုးသားကို ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ ရှင်သာမဏေအဖြစ်သို့ရောက်ပြီးနောက် ပိဋကတ် အခြေခံ ကျမ်းဂန်များနှင့် ရှင်သာမဏေတို့ သိသင့် သိထိုက်သောကျင့်ဝတ် ပဋိပတ်များကို သင်ကြားတော်မူသည်။ ရှင်လူထွက်၍ မိဘများအား ကျွေးမွေးပြုစုရသဖြင့် အသက်အရွယ် ၂၃-နှစ်ပြည့်၍ ရဟန်းပြုချိန်တွင် ၁၂၉၉-ခုနှစ် ပြာသိုလပြည့်ကျော် (၁၂)ရက်နေ့၌ မကွေးခရိုင် မိချောင်းရဲမြို့ ပိဋကတ်ကျောင်း ပဌမ ဆရာတော်ဘုရားကြီး ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရောဝတီနဒီသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မိချောင်းရဲမြို့ ပိဋကတ်ကျောင်း တတိယဆရာတော် ပဌမကျော် ဦးဇောတိဒသံထံ၌၎င်း၊ တောင်တွင်းကြီးမြို့ ပခုက္ကူ နိကာယ သီရိမင်္ဂလာတိုက်သစ် ဆရာတော် ဦးရာဇိန္ဒထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး ဦးနန္ဒဝံသထံ၌၎င်း၊ နိကာယ် ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို ဆိုဝါ-လိုက်ဝါ နှစ်ရပ်စလုံးဖြင့် သင်ယူပေါက်မြောက်တော်မူသည်၊

ဝါတော် (၁၇) ဝါအရတွင် မိချောင်းရဲမြို့ ယခု သီတင်းသုံးသော ပိဋကတ်ကျောင်းကို အပ်နှင်းသဖြင့် လက်ခံတော်မူလျက် ရောက်လာသမျှသော စာသင်သား ရဟန်းသာမဏေတို့အား ပါဠိ ပိဋကတ် ကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။ သူတော်ကောင်း တရားနှင့်မွေ့လျော်တော်မူသော ဆရာတော် ဦးဝိနယသည် ပရိယတ္တိ ဓမ္မကို ပို့ချနေရာမှ (၂၈) ဝါအရတွင် ရန်ကုန်မြို့ ကမ္ဘာအေး(၈-၄)မှ ဆရာတော် ဦးတေဇိန္ဒ၏ ကူညီမှုဖြင့် မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ၁၃၂၈-ခုနှစ် ပဌမ ဝါဆိုလပြည့်ကျော် (၁၁)ရက် နေ့တွင် ကမ္မဋ္ဌာန်းယူ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ညွှန်ကြားပြသမှုကို ခံယူရရှိသည့်အတိုင်း ကြိုးပမ်းအားထုတ်တော်မူသည်။ ဝါခေါင်လဆန်း ၇ ရက်နေ့တွင် ဆရာသဘောကျသည် အဖြစ်သို့ ရောက်ခဲ့သဖြင့် ဉာဏ်စဉ်တရား နာကြားတော်မူရသည်။

ထိုနောက် ၈-လကြာမြင့်သည်အထိ ပဋိပတ္တိ သာသနာပြု ဗဟုသုတများကို ဆည်းပူးပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ပေးသောသြဝါဒတရားကို ၁ နာရီခန့် နာကြားတော်မူရရုံသာမက ဆရာတော်ဘုရားကြီးကိုယ်တိုင် ချီးမြှင့်တော်မူလိုက်သော ဆရာကိုင် စာအုပ်ကိုရရှိတော်မူသည်။ ဆရာဖြစ် ဗဟုသုတကို ရယူတော်မူပြီးသည့်အတိုင်း ယခုအခါ



မဟာစည်သာသနာ့ရိပ်သာ မင်းဘူးမြို့

## ဆရာတော် ဦးဥက္ကဋ္ဌညာန

ဆရာတော် ဦးဥက္ကဋ္ဌညာနသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ညောင်ပင်တွင်းရွာ ခမည်းတော်ဦးစောဘ-မယ်တော် ဒေါ်အေးစံတို့မှ ၁၂ဂဂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

မိချောင်းရဲမြို့ ပိဋကတ်ကျောင်း မဟာစည် ဌာနခွဲ သာသနာ့ရိပ်သာတွင် ရောက်လာသမျှသော ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်း တရားဟောကြား ပြသလျက်ရှိရာ အားထုတ်ပြီး ယောဂီဦးရေမှာ (၆၄)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

၇-နှစ်သားအရွယ်တွင် မိဘတို့က ညောင်ပင်တွင်း မြောက်ကျောင်း ဆရာတော် ဦးကေသရထံတွင် အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးသည်။ ၁၄-နှစ်သားအရွယ်တွင် မိဘနှစ်ပါး တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထိုဆရာတော်ထံ၌ပင် ရှင်သာမဏေအဖြစ် တက် ရောက်တော်မူသည်၊ သာမဏေအဖြစ်ဖြင့် ခြောက်ဝါပတ်လုံး သာမဏေတို့ ပြုကျင့်ရမည့် ကျင့်ဝတ်သိက္ခာများနှင့် ပိဋကတ် အခြေခံစာပေများကို သင် ယူခဲ့သည်။

၁၃၀၈-ခုနှစ်သို့ အရောက်တွင် ရဟန်းပြုရန် အသက် ၂၀-ပြည့် မြောက်ပြီဖြစ်၍ ဝက်လက်မြို့နယ် မင်းကုန်းတောရ ဆရာတော် ဦးကုမာရ ကို ဥပဇ္ဈာယ်ပြုလျက် မင်းကုန်းရွာ ဦးကြွယ်အေး-ဒေါ်ဆန်းတင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းကုန်းတောရကျောင်းသိမ်၌ ရဟန်းအဖြစ်သို့ တက် ရောက်တော်မူသည်၊ မြန်မာနိုင်ငံ အစိုးရဌာနမှ ကျင်းပပြုလုပ်သော ပါဠိ ပဌမပြန် စာမေးပွဲ၌ ငယ်-လတ်-ကြီးအဆင့်များတွင် အစဉ်အတိုင်း အောင် မြင်ခဲ့ပြီးနောက် ရဟန်းသိက္ခာ ၉-ဝါအရ ၁၃၁၇-ခုနှစ်တွင် ကျင်းပ သော စာချတန်း စာမေးပွဲ၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇမ္ဗူမော် ကျောင်းမှနေ၍ ဂုဏ်ထူးဆောင် ကျမ်းများနှင့် တကွ အောင်မြင်တော် မူခဲ့သည်၊

ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးနောက် ကျောင်းဘုန်းကြီး လစ်လပ် နေသော ခံမံရွာ ရွှေကျောင်း၌ ကျောင်းဘုန်းကြီးအဖြစ် စောင့်ရှောက် သီတင်းသုံးရန် ရပ်ရွာ ဒါယကာ ဒါယိကာမတို့၏ ပင့်လျှောက်ချက်ဖြင့် သဘောတူ လက်ခံ သီတင်းသုံးတော်မူသည်၊ ခိုလှုံဆည်းကပ်လာသော တပည့်သားတို့ အား ပရိယတ္တိဓမ္မကိုပို့ချရင်း အခွင့်သင့်ရာ အခါတိုင်း တရားဓမ္မများကို ဟော ပြောတော်မူသည်။ ပါဠိမြီခေတ်ခံ ရင့်သန်ပြီး ဖြစ်သည့်အတိုင်း ပရိယတ္တိ ဓမ္မကို ပို့ချနေရုံမျှဖြင့် အားရ ရောင့်ရဲခြင်းမရှိသေးပဲ လိုနေသေးသော ပဋိပတ္တိဓမ္မကိုလည်း ဖြည့်ကျင့်လိုသောကြောင့် ၁၃၃၃-ခုနှစ် နယုန်လတွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ရိပ်သာရှိ ကမ္မဋ္ဌာနာစရိယဆရာတော်တို့၏ ညွှန်ပြမှုကိုခံယူကာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်းအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာ တရားကို အားကြနပ်သည်အထိ အားထုတ်တော်မူသည်၊

အားထုတ်ပြီးလျှင် ရှေးကပါဠိအလျောက် ဟောပြောမှု၌လည်း စွမ်း အားရှိတော်မူသော ဆရာတော် ဦးဥက္ကဋ္ဌညာနသည် မဟာစည် ပဋိပတ္တိ



ဆင်ဖြူကျွန်းမြို့နယ် ခါတော်မှိသာသနာ့ရိပ်သာ မင်းဘူး

## ဆရာတော် ဦးဓမ္မိက

ဆရာတော် ဦးဓမ္မိက လောင်းလျာသည် ဆင်ဖြူကျွန်းမြို့ ရပ်ဒွေးရွာ ခမည်းတော် ဦးဘိုးအောင်-မယ်တော် ဒေါ်ရွှေတင့် တို့မှ ၁၂၇၉-ခုနှစ် တော်သလင်းလဆန်း ၁၅-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

သာသနာပြုဓမ္မကထိက အဖွဲ့ဝင်အဖြစ်ဖြင့်လည်း သာသနာပြုတော်မူလျက် ရှိသည်၊ ယခုအခါ၌မူ မင်းဘူးမြို့ မဟာစည်သာသနာ့ရိပ်သာ ဂေါပကအဖွဲ့က ပင့်လျှောက်သဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ယင်းရိပ်သာ၌ ရောက်လာသမျှသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရား ညွှန်ကြားပြသလျက် ပဋိပတ္တိ သာသနာတော်ကို ပြုစုလျက် ရှိသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ရပ်ဌေး ဘုန်းတော်ကြီး ကျောင်းတွင် အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံ စာပေ များကို သင်ကြားပေးတော်မူသည်။ ထိုဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့ရာ ရှင်သာမဏေ တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင် ကြားတော်မူခဲ့သည်။ သက်တော် (၂၀)အရွယ်တွင် ရပ်ဌေးကျောင်းဆရာ တော်ဘုရားကြီး ဦးသာဂရကို ဥပဇ္ဈာယ်ပြု၍ ရပ်ဌေးရွာ ရဟန်း ဒကာ ဦးစံဖေ-ဒေါ်ခင်စိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၈-ခုနှစ်တွင် မြင့်မြတ် သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆင်ဖြူကျွန်းမြို့ ရပ်ဌေးရွာကျောင်း ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီးထံ ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ အလည်တိုက်ကြီး (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးပညာ၊ (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော် ဦးသုန္ဒရ၊ (အဂ္ဂ မဟာ ပဏ္ဍိတ) ဆရာတော် ဦးနန္ဒဝံသ၊ စာချဆရာတော် ဦးနန္ဒိယ တို့ထံ၌ ၎င်း၊ မန္တလေး မဟာဝေယန်ဘုံသာတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးကလျာဏာဘိဝံသ၊ (သာသန ဓဇ သိရီပဝရ ဓမ္မာစရိယ) ဆရာ တော် ဦးဝေပုလ္လသာမိ စသော ကျော်စောထင်ရှား၍ ပါကဋ ဖြစ်သော ဆရာ တော်ကြီးတို့ထံ၌ ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရများကိုဆိုဝါ လိုက်ဝါ နှစ်ရပ်စလုံးဖြင့် အားသစ်ကြိုးပမ်း၍ ပရိယတ္တိဓမ္မကို ဆည်းပူး တော်မူသည်။

အစိုးရ ပဌမပြန် စာမေးပွဲများတွင်လည်း ဝါသနာအလျောက် သွား ရှင်းဟန်နှင့်သဘောမျိုးဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ ငယ်-လတ်-ကြီး တန်းများ ကို အောင်တော်မူပြီးနောက် ၁၃၁၅-ခုနှစ် တပေါင်းလတွင်ကျင်းပသော စာချတန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြန်ရာဂုဏ်ထူးဆောင် (၅) ကျမ်း နှင့် ကျမ်းရင်း (၃)ကျမ်းကို ကောင်းစွာ ဖြေဆိုနိုင်သဖြင့် (သာသနဓဇ သိရီပဝရဓမ္မာစရိယ) ဘွဲ့ကို ခံယူ ရရှိတော်မူသည်။

ဆရာတော် ဦးဓမ္မိက မှာ ပရိယတ္တိဓမ္မကို သင်ယူရာ၌လည်း ပရိယတ္တိဉာဏ် ရင့်သန်တော်မူခဲ့သည့်အတိုင်း အလိုရှိသော ကျမ်းဂန်များကိုပေါက်ရောက် အောင်သင်ယူတော်မူနိုင်သည်။ ပါရမီဓာတ်ခံ ရင့်သန်တော် မူသည်ဖြစ်၍ လည်း ပရိယတ္တိဓမ္မဂန္ထဓုရမျှဖြင့် နှစ်သိမ့်ရောင့်ရဲ နေတော်မမူ၊ ပဋိပတ္တိ ဝိပဿနာခုရကိုလည်း ရန်ကုန်မြို့ မဟာစည် ရိပ်သာသို့ ကြွရောက်၍ကျေးဇူး ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာ နည်းကိုခံယူပြီးလျှင်



## ယင်းဆိပ်၊ မုံချောင်း ပေါက်ရွာ မကွေးမြို့

## ဆရာတော် ဦးရေဝတ

ဆရာတော်သည် မကွေးမြို့နယ် မုံချောင်း ပေါက်ရွာ ခမည်းတော် ဦးဂမုန်း–မယ်တော်ဒေါ်လှဝိုင်းတို့မှ သက္ကရာဇ် ၁၂၈၅–ခုနှစ်တွင် ဖွားမြင် *

---

ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ ညွှန်ကြား ပြသစောင့် ရှောက်မှုဖြင့် သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်တော် မူသည်။ ကိုယ်တိုင်ပွားများအားထုတ်တော်မူပြီးနောက် ယခု အခါ တွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ ရပ်ဒွေးရွာ ခါတော်မှိ သာသနာ့ ရိပ်သာ၌ လာရောက်သမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားများ ဟောကြား ညွှန်ပြ လျက်ရှိရာ အားထုတ်ပြီး ယောဂီပေါင်း (၄၇၉)ဦးရှိသွားပြီဖြစ်ကြောင်း သိရှိရပါသည်။



သာသနာ့ရိပ်သာ စလေမြို့

ဆရာတော် ဦးရာဇိန္ဒ

ဆရာတော်ဦးရာဇိန္ဒလောင်းလျာသည် မကွေးခရိုင် ချောက်မြို့နယ် စွယ်ပေါက်ကန်ဒိုင် ထန်းခြောက်ပင်ရွာ ခမည်းတော် ဦးချစ်ဖွယ်- မယ်တော် ဒေါ်ယုတို့မှ ၁၂၇၆-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄-ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ၈ နာရီ ၁၁-နာရီ အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

*တော်မူသော သားရတနာ ဖြစ်သည်၊ မုံချောင်းပေါက်ရွာ ကျောင်းဆရာတော် ဦးသုစိတ္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်၊

မကွေးမြို့ မဟာဝိသုတာရာမတိုက် ဓမ္မာစရိယဆရာတော် ဦးပညာသာမိ အထံတော်တွင်၎င်း၊ ဦးပဒုမအထံတော်တွင်၎င်း၊ ရန်ကုန်မြို့ ဗားကရာတိုက် မင်္ဂလာ မှန်ကျောင်းဆရာတော် ဦးကောသလ္လ အထံတော်တွင်၎င်း၊ ဆရာ

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့ ကိုးကွယ်ရင်း ဘုန်းတော်ကြီး ကျောင်း ဆရာဘုန်းတော်ကြီးထံ မိဘတို့က အပ်နှံ၍ သတို့သားကို ဆရာ ဘုန်းတော်ကြီးက ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော် မူသည်။ ဆရာဘုန်းတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်အဖြစ်သို့ရောက်ခဲ့ရာ ရှင်ရာဇိန္ဒ ဟူသော ဘွဲ့မည်ကို ပေး၍ ရှင်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံ စာပေ၊ကျမ်းဂန်များကို ဆရာတော်က ပို့ချ သင်ကြားပေးတော် မူသည်။ ရှင်ရာဇိန္ဒသက်တော် ၂၀-ပြည့်လျှင် ချောက်မြို့ စမ်းစုကျေးရွာ ခြံဝတ်ကန်ကျောင်းဆရာတော်ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ-ဒကာမ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၆-ခုနှစ် နတ်တော် လပြည့်ကျော် ၁၄-ရက်နေ့ နံနက် ၉-နာရီအချိန်တွင် မြင့်မြတ်သော သာ သနာ့ဝန်ထမ်း အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

---

တော် ဦးကိတ္တိ၊ ဦးဥတ္တမတို့၏ အထံတော်တွင်ရင်း၊ မန္တလေးမြို့ မစိုးရိမ် တိုက်ဆရာတော် ဦးဝိသုဒ္ဓ၊ ဦးဇာနိန္ဒာ၊ ဦးနာဂဒေ စသော ဆရာတော်တို့၏ အထံတော်တွင်ရင်း ပါဠိ အဌကထာ ဋီကာများကို သင်ကြားတော် မူခဲ့သည်၊ အလျင်းသင့်သော အစိုးရစာပြန်ပွဲများ၌ ဝင်ရောက်ဖြေဆိုရာ ပဌမလတ် တန်းအထိ အောင်မြင်ခဲ့လေသည်။

လေ့လာသင်ယူပြီးနောက် ပဋိပတ်ဘက်က အားထုတ်လိုသော သဒ္ဓါ ဆန္ဒရှိသဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးအထံတွင်အဂ္ဂမဟာဓမ္မကထိကရွှေဘိုဆရာတော် ဦးမုနိန္ဒ၏ စောင့်ရှောက်မှုဖြင့် နိသျည်းကျကျအားထုတ်ခဲ့လေသည်။ နိသျည်း ကျကျအားထုတ်ခဲ့ပြီးနောက် မကွေးမြို့နယ် ယင်းဆိပ်၊ မုံချောင်း ပေါက်ရွာ ပဋိပတ္တိသာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် ကိုယ်တိုင်လည်း အားထုတ်၊ သူတပါးတို့အားလည်း ဟောပြောညွှန်ပြတော်မူသည်။

၁၃၃၃-ခုနှစ် စာရင်းအရ မုံချောင်းပေါက် သာသနာ့ရိပ်သာတွင် တရား အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၁၇၂၀) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

---

ရဟန်းတော်ဦးရာဇိန္ဒသည် ရဟန်းအဖြစ်သို့ ရောက်လျှင် ရေနံချောင်းမြို့ တွင်းကုန်းရပ် ပုဗ္ဗာရုံကျောင်းတိုက် ပထမနာယက ဆရာတော်ကြီး ဦးလက္ခဏ ထံ၌၎င်း၊ ၎င်းတိုက်အုပ်ဆရာတော် ဦးဉာဏိန္ဒာသဘထံ၌၎င်း၊ ၎င်းမြို့ရွှေတောင် တိုက် ပါဠိတက္ကသိုလ် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဦးနန္ဒမာလာ ထံ၌၎င်း၊ ၎င်းတိုက်ဆရာတော်ဦးဝဏ္ဏိတထံ၌၎င်း၊ မြင်းခြံမြို့သာသနာ့ဇောတိကာရုံတိုက် ဆရာတော်ဦးဇာဂရ ဆရာတော်ဦးနာဂဝံသ တို့ထံ၌၎င်း၊ ၎င်းမြို့ သုဓမ္မာ ကျောင်းတိုက် ဆရာတော်ဦးဓမ္မသိရိထံ၌၎င်း၊ စလေမြို့ တောင်တိုက်ဆရာ တော်ဦးနာရဒ- ဦးစိန္တာတို့ ထံ၌၎င်း၊ ဆင်ဖြူကျွန်းမြို့ မဟာ ဝိသုတာရာမ တောင်တိုက် ဆရာတော်ဦးပညာသီဟ- ဆရာတော် ဦးဝရသာမိတို့၏ ထံ၌ ၎င်း၊ စလင်းမြို့ ကိုးဆောင်တိုက်ရွှေကျောင်း ဆရာတော်ဦးကုမာရ စသော ဆရာတော်တို့ထံ၌ ပိဋကတ်, ပါဠိ,အဋ္ဌကထာ, ဋီကာ ကျမ်းဂန် အရပ်ရပ် ပရိယတ္တိဓမ္မကို သင်ကြား အားထုတ်တော် မူသည်။

အသိုးရ ငယ်-လတ်-ကြီး စာမေးပွဲများနှင့် ရေနံချောင်းမြို့ ရွှေတောင် တိုက် ပါဠိတက္ကသိုလ်ဓမ္မာစရိယစာချတန်းစာမေးပွဲများ၌ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်ပန်း ဆွတ်ခူးတော် မူနိုင်ခဲ့ရုံသာမက အစိုးရဓမ္မာစရိယ စာချတန်း၌ ဝင်ရောက်ဖြေဆိုခဲ့ရာ၌လည်း အဋ္ဌသာလိနီကျမ်းစွဲဖြင့် ဆက်လက်ဖြေဆိုရန် အ ထက်တန်းကျမ်းများကို အားထုတ် လျက်ပင်ရှိသည်။ ဆဋ္ဌသံဂီတိသံဂါယနာ စတုတ္ထသန္နိပါတအကြိမ်၌သံဂီတိကာရကအဖြစ်ဖြင့်၎င်း ရေနံချောင်းမြို့ ဘာဏ က အဖွဲ့တွင် ပါဝင်၍ ခုဒ္ဒကနိကာယ ဇူဠနိဒ္ဒေသ ဘာဏက အဖြစ်ဖြင့်၎င်း ပါဝင်ဆောင်ရွက်တော် မူသည်၊

ပရိယတ္တိဓမ္မကို သင်ကြား အားထုတ်ယင်းပင် (လသာတုန်း ဗိုင်းငင်) ဆိုသကဲ့သို့ ပဋိပတ္တိဓမ္မကို အားထုတ်ရန် အခွင့်သာခိုက် ဆိပ်ခွန် မဟာစည် တိုက်သို့ ကြွရောက်၍ ၁၃၁၄-ခုနှစ်တွင် ကမ္မဋ္ဌာနာစရိယဆရာကြီးဆရာကြံ၏ ထံ၌ အစစ်ခံကာ ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ဆရာ နှစ်သက် အားရ သည်အထိ ပွားများ အားထုတ်တော် မူသည်။ တဖန် ၁၃၃၀-ခုနှစ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာ ကမ္မဋ္ဌာနာစရိယဆရာတော်ဦးပဏ္ဍိတာဘိဝံသထံအစစ်ခံ၍ ဝိပဿနာတရားများကို ထပ်မံ အားထုတ်တော် မူသည်။

ထိုသို့ ဝိပဿနာတရားများကို ကိုယ်တိုင် ပွားများ အားထုတ်ပြီးနောက် မကွေးတိုင်း ချောက်မြို့နယ် စလေမြို့၌ မဟာစည်ဝိပဿနာဋ္ဌာနခွဲကို ၁၃၃၁ ခုနှစ်မှအစပြု၍ တည်ထောင် ဖွင့်လှစ်ကာ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားများကို ညွှန်ပြနည်းပေးလျက် ရိပ်သာ နာယက ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်ယင်း သီတင်းသုံးလျက် ရှိပေသည်။



ကန်ဦးကျောင်းတိုက် သာသနာ့ရိပ်သာ ပျဉ်းမနားမြို့

## ဆရာတော် ဦးဝါယမ

ဆရာတော် ဦးဝါယမ လောင်းလျာသည် သာယာဝတီခရိုင် စစ်ကွင်းမြို့နယ်- သနားပို့ရွာ ခမည်းတော် ဦးဘိုးညွှန်း-မယ်တော် ဒေါ်ကျင်တို့မှ ၁၂၀၀-ပြည့်နှစ်၊ ပြာသိုလဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း မိဘတို့က ကိုးကွယ်ရင်းဖြစ်သော ရွာဦးကျောင်း ဘုန်းတော်ကြီး ထံ အပ်နှံ၍ ဆရာဘုန်းတော်ကြီးက သတို့သားအား ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။

၁၆-နှစ်သား အရွယ်တွင် သာယာဝတီခရိုင် စစ်ကွင်းမြို့နယ် ကန်ဦး ကျောင်း ဆရာတော် ဦးဂါရဝ ထံ၌ မိဘ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင် သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ထိုအခါ ဆရာတော်က ရှင်အဖြစ်သို့ ရောက်လာသည့် အားလျော်စွာ ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ကြားပို့ချ ပေးတော်မူသည်။

သက္ကရာဇ် ၂၁-ပြည့်လျှင် လက်ပံတန်း မြို့နယ်-ဝက်လှ ဆရာတော် ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ အဘိုးအဘွားများ ဖြစ်ကြသော ဦးဘိုးချို-ဒေါ်ရွှေသဲ-သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၀-ပြည့်နှစ်၊ တန်ခူးလဆုတ် ၆-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း ပဥ္စင်း အဖြစ်သို့ ရောက်တော်မူသည်။

ဉာဏ်ထက်မြက်သော ဆရာတော်ဖြစ်၍ ရှင်သာမဏေဘဝကပင် အုဋ္ဌဖိုမြို့အလယ်ကုန်း ဆရာတော်ဘုရားကြီး ကြီးမှူးကျင်းပသော ဝိနည်းစာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုရာ-ပဌမဆင့် ဒုတိယဆင့်ကိုင်း၊ အစိုးရ ပဌမပြန် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ငယ်-လတ်-ကြီးတန်းနှင့် ဓမ္မာစရိယ စာချတန်းကိုင်း ကောင်းစွာ ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

သာသာဝတီခရိုင် စစ်ကွင်းမြို့နယ် ကန်ဦးကျောင်း မူလဆရာတော် ဦးဂါရဝထံ၌ငင်း၊ ပျဉ်းမနားမြို့ ပဌမ ကန်ဦး ဆရာတော် ဦးကုသလ၊ ဒုတိယ ကန်ဦး ဆရာတော် ဦးတေဇဝန္တတို့ ထံ၌ငင်း၊ ငင်းမြို့ ဓမ္မာစရိယ ကျောင်း ဆရာတော် ဦးဝိစယရံသီထံ၌ငင်း ရန်ကုန်မြို့ ဇရပ်ကြီးကျောင်း (ယခုနေနှတ်သား) ဆရာတော် ဦးခန္တီစာရထံ၌ငင်း၊ မန္တလေးမြို့ ဆရာတော် ဦးကြယ်၊ ဆရာတော် ဦးနာရဒ-စသော ဘုရားကြီးတိုက် ဆရာတော်တို့ထံ၌ ငင်း ဘောဂသီးသင်းတိုက် (ပါဠိတက္ကသိုလ်) ဆရာတော် ဦးသူရိယာဘိဝံသနှင့် ကထိက ဆရာတော်တို့ထံ၌ငင်း ပရိယတ္တိဓမ္မ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် အရပ်ရပ်ကို နှံ့စပ်အောင် သင်ကြား အားထုတ်တော်မူသည်။

ထိုသို့ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူလေ့လာပြီးသည့်နောက် ဆရာတော် ဦးဝါသမသည် မိမိထံ၌ ရောက်လာသော ရဟန်းရှင်သာမဏေတို့အား စွမ်းနိုင်သမျှ ပရိယတ္တိ စာပေကျမ်းဂန်များကို ပို့ချပေးလျက် ပရိယတ္တိသာသနာတော်ကို ပြုစုနေခဲ့ပေသည်။ ထိုစဉ် အချိန်အခါက ပဋိပတ်အလုပ်ဆိုဘာရဟန်းတော်များ၏ အလုပ်ပဲဟု သိသားသော်လည်း ဘာဝနာအလုပ်ကို အားထုတ်ရန် ဆန္ဒသာရှိ၍ တကာယ်လက်တွေ့အားဖြင့် အားမထုတ်နိုင်ခဲ့ပေ၊ ခပ်ပေါ့ပေါ့ဖြင့်သာ အချိန်ကုန်ခဲ့သည်။ တရားလုပ်ငန်းဆိုင်ရာ စာအုပ်များကို အတော်အသင့် ဘတ်ဘူးသော်လည်း စိတ်ပါလက်ပါ လေ့လာခြင်း မရှိခဲ့ပေ၊ သာသနာ့ရိပ်သာကြီးတွေကိုလည်း စိတ်ဝင်စားမှုမရှိခဲ့၊ မဟာစည် သာသနာ့ရိပ်သာကိုလည်း မရောက်ဘူး မလေ့လာဘူးခဲ့၊ အခြား ကမ္မဋ္ဌာန်းဌာနများလို နေမှာဘဲဟု သာမန်လောက်သာ မှတ်ထင်ခဲ့သည်ဟု ဆိုသည်။

## ပဋိပတ်သို့ ဦးလှည့်ပုံ

၁၃၃၀-ခုနှစ် ပြာသိုလဆန်း ၄-ရက်နေ့တွင် ရန်ကုန် သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီးအား ပူဇော်ပွဲနှင့် ကျောင်းတော် ရေစက်ချပွဲကြီး ကျင်းပပြုလုပ်သည်၊ ယင်းပွဲကြီးသို့ ကြွရောက်ပါရန် ပျဉ်းမနားမြို့ မဟာစည် သာသနာ့ရိပ်သာ ကျောင်းအမကြီး ဒေါ်နှင်းမေက ပင့်သဖြင့် ဆရာတော် ဦးဝါယမသည် ရန်ကုန်မြို့သို့ ရောက်လာသည်၊ ထိုပူဇော်ပွဲ ရေစက်ချပွဲကြီး၌ အတီးအမှုတ်စသည် ပျော်ပွဲ ပကာသနအလုပ်များမပါဘဲ ဘုရားအလိုတော်ကျ ရိုးရိုးနှင့် ခန်းနားသိုက်မြိုက်စွာ ကျင်းပပုံကိုငင်း၊ မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ မဟာစည်အဖွဲ့ဝင် ဆရာတော်တို့၏ သဘာဝကျကျ လေးလေးနက်နက် ဟောပြောကြသည်ကိုငင်း၊ ရဟန်းရှင်လူ အများ၏ တည်ကြည်ငြိမ်သက်စွာ တရားနာကြ ဆောင်ရွက်ကြသည်ကိုငင်း၊ တွေ့မြင်ကြားသိရ၍ မဟာစည် သာသနာ့ရိပ်သာ၏ ထူးခြားပုံကို တွေ့မြင်ရပေသည်။

ထိုအခါ၌ ဒါယိကာမကြီး ဒေါ်နှင်းမေက မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်ရန် လျှောက်ထားတိုက်တွန်းသည်။ ဆရာတော်က ဤသို့ ဆင်ခြင်မိသည်၊ တရားအားထုတ်မှုသည် ရဟန်းတော်များ၏ အလုပ်ဖြစ်သည် သူတပါးက မတိုက်တွန်းဘဲနဲ့တောင် ကိုယ့်ဟာကိုယ် ရှာကြံပြီး အားထုတ်ရမည့်အလုပ်ဘဲ၊ ယခုလူဝတ်ကြောင် ဒကာမကြီးက လျှောက်ထား တိုက်တွန်းနေရမှာ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ် ခံယူနေတဲ့ငါက ငြင်းနေလို့တော့ မတော်ပေဘူး -ဟု ဆင်ခြင်လျက် တရားအားထုတ်ရန် ဝန်ခံလိုက်ပေသည်၊

၁၃၃၀-ခုနှစ် ပြာသိုလဆန်း ၇-ရက်နေ့ညနေမှာ သာသနာ့ရိပ်သာသို့ ရောက်၍ မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ရှုမှတ်ပုံ ဝိပဿနာ လုပ်ငန်းစဉ်တရားကို နာယူပြီး ထိုညကပင်စ၍ အားထုတ်သည်၊ နည်းပြကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတာဘိဝံသထံ၌ မိမိအားထုတ်ပုံ တွေ့မြင်ပုံများကို လျှောက်ထားရသည်။ အားထုတ်ခါစမှာ အာနာပါန ရှုပုံလောက်သာ ကြားဘူး နားဝရှိခဲ့သော ဆရာတော် ဦးဝါယမမှာ ဖောင်းမှု ပိန်မှုကို ရှုမှတ်ရာ၌ ခံစိမ်းစိမ်းဖြစ်၍ နေခဲ့သည်၊ သို့သော်'မဟုတ်ဘဲတော့ညွှန်ကြားမှာမဟုတ်ပါဘူး၊ ဟုတ်လို့ ညွှန်ကြားတာ ဖြစ်မှာပါဘဲ၊ သူတပါး တွေလဲ၊ အများပင် ဒီလိုရှုမှတ်နေကြတာဘဲ၊ သွားတာ - ရပ်တာ - ထိုင်တာ - ကွေးတာ - ဆန့်တာတွေနှင့် ဖေါင်းတာ- ပိန်တာဟာ အတူတူဘဲ၊ ကိုယ် အမူအရာချည်းဘဲ ၊ နောက်ပြီးတော့ ဒီဖောင်းတာ - ပိန်တာ ၂ ခုထဲ

ရှုခဲ့တာလဲ မဟုတ်ပေဘူး၊ ကိုယ်အမူ အရာ ဟူသမျှ စိတ်အမူအရာ ဟူသမျှ ဝေဒနာဟူသမျှ သဘောတရားဟူသမျှကို ရှုနိုင်လျှင် ရှုဘို့ ညွှန်ကြား လိုက်တာဘဲ၊ အကုန်လုံးကို မရှုနိုင်သေးမီမှာ ရှုစရာနည်းနဲ့ အလွယ်တကူ ရှုနိုင် အောင် ဒီဖောင်းတာ ပိန်တာကို မူရင်းထားပြီး ရှုဘို့ ပြောကြားလိုက်တာ ဘဲ၊ (သူ့ကျောင်းနေယင် သူ့စာအံမှ) ဆိုသလိုဘဲ ညွှန်ကြားလိုက်သည့် အတိုင်း အားထုတ်မှဘဲ"လို့ စဉ်းစားဆင်ခြင်ပြီး ကြိုးကြိုးစားစားပင် အားထုတ်လေသည်။

၇-ရက်လောက်ရှိသောအခါ ဖောင်းတာနှင့် ပိန်တာကလေး-ဒီ ၂-ခုကို ရှုတည့်ဘည့်မှာ ချထားပြီး ကြည့်နေရသလိုပင် သူ့ဟာ သူ တခြားစီ ကွဲပြားလျက် ထင်ပေါ်နေလေတော့သည်၊ ထိုအကြောင်းကို လျှောက်သော အခါ ဆရာတော်ဦးပဏ္ဍိတာဘိဝံသ က ရုပ်နာမ်တို့၏ သဘောလက္ခဏာနှင့် ရုပ်နာမ်ကွဲပြီး သိပုံများကို ရှင်းလင်း၍ ပြသည်၊ ထိုအခါမှ စ၍ "ဟုတ်ပြီ၊ ရုပ်နှင့် နာမ်ကို ခွဲခြားပြီး သိတယ်ဆိုတာ ဒါဘဲ၊ အယင်က ဖောင်းတာနှင့် မှတ်တာဟာ ခွဲလို့ မရဘူး၊ တယောက်တည်း ဖြစ်နေခဲ့တယ်၊ ယခုတော့ ရောလို့တောင် မရဘူး၊ တခြားစီကွဲနေတယ်၊ ဘယ်တော့ကမှ မတွေ့ရဘူး သေးတဲ့ ရုပ်နာမ်-အဖြစ်အပျက်-အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေကို ကိုယ်ပိုင် ဉာဏ်ဖြင့် တွေ့ရ သိရပေပြီ"ဟု အလွန်ပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီး ကြိုးစား ရှုမှတ်လေသည်။

ရှုမှတ်လို့ ၁၃-ရက်လောက် ရှိသောအခါ မှတ်သိမှုတွေ တဖြည်းဖြည်း မြန်လာသည်၊ တခိုင်ခိုင်နှင့် ဖြစ်ပျက်နေသည်ကို တွေ့ရသည်၊ အလင်းရောင် ကြီးများ ပေါ်လာသည်ကိုလည်း တွေ့ရသည်၊ ထိုအခါ အံ့ဩရုံမျှသာမက ငါတော့ လူဖြစ်ကျိုးနပ်ပြီ ဟူ၍လည်း အောက်မေ့လျက် ဝမ်းမြောက် ဝမ်း သာခြင်း အလွန်အကဲ ဖြစ်လာသည်၊ အားထုတ်ရသည့် တရား အပေါ်မှာ ရော ညွှန်ပြတော်မူကြသည့် ဆရာတော်များ အပေါ်မှာရော ယုံကြည်မှု သဒ္ဓါတရား များစွာဖြစ်လာသည်၊ တိုက်တွန်းလျှောက်ထားသည့် ဒါယိကာမ ကြီးအားလည်း များစွာ ကျေးဇူးတင်မိသည်၊ မျက်ရည်များလည်း အလိုလို ကျလာသည်၊ တရားတော်ဟာ ဧဟိပဿိက (လာကြည့်လှည့်ပါလို့ တိုက် တွန်းထိုက်သော) ဂုဏ်နှင့် ပြည့်ပါပေသည် ဟူ၍လည်း ဆင်ခြင်မိသည် ဆိုပါသည်။

၁၃၃၀-ခုနှစ် တပို့တွဲလဆန်း ၇-ရက်နေ့မှာ ဉာဏ်စဉ်တရားကို နာရ သည်၊ ထိုတရားကို နာပြီးနောက် ဝမ်းမြောက်မှုတွေ လွှန်ကဲနေသော



ပြန်ကပြေး သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက်သစ် ပျဉ်းမနားမြို့

## ဆရာတော် ဦးဇဋိလ

ဆရာတော် ဦးဇဋိလ လောင်းလျာသည် မြင်းခြံခရိုင် ဆိမီးခုံမြို့နယ် ကတောရွာ ခမည်းတော် ဦးမြကြီး-မယ်တော် ဒေါ်ဖွားသစ်တို့မှ ၁၂၉၇-ခုနှစ် နတ်တော်လဆန်း ၂-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၁၃၀၇ ခုနှစ် ဝါဆိုလဆန်း ၁၀-ရက်နေ့တွင် ကတောရွာ ဒက္ခိဏာရုံကျောင်း ဆရာတော် ဦးဥတ္တရထံ အပ်နှံ၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဆရာတော်က ရှင်ဇဋိလ ဟု ဘွဲ့အမည် ပေးတော်မူသည်။ သာမဏေတို့ ကျင့်ရမည့် ကျင့်ဝတ်သိက္ခာပုဒ် များနှင့်

---

ကြောင့် ၂-ရက်လောက်မှာ ကောင်းကောင်းမမှတ်နိုင်ဘဲ ရှိခဲ့သည်။ ထို့ပြင် ရှေးကလို ပေါ့ပေါ့တန်တန် နေခြင်းမျိုး မရှိစေဘဲ သာသနာတော်အတွက် အဖက်ဖက်က အကျိုးများအောင် ဆောင်ရွက်သွားရန်, သူတပါးတို့အား မိမိလို အသိအမြင်ရအောင် ဟောပြောရန် ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည် ဆိုပါသည်။

*

တက္ကပိဋကတ် အခြေခံ စာပေများကို ရှင်ဇဋိလအား ဆရာတော်က သင်ကြားပေးတော်မူသည်။

၁၃၁၇-ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၅-ရက်တနင်္ဂနွေနေ့တွင် မန္တလေးမြို့ အနော်ပြင် ဝိဇိတာရုံကျောင်းတိုက် ဆရာတော်ဦးဝါသနကို ဥပဇ္ဈာယ်ပြုလျက် ကတောချာ ကုန်သည်ကြီး ဦးမောင်လေး-သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

စစ်ကိုင်းတောင်ရိုး ရတနာမာရ်အောင်တိုက် (ဝိဇိတာရုံ) ဆရာတော် ဦးဝါသနထံ၌၎င်း၊ ၎င်းတိုက် စာချဆရာတော် ဦးဝိစာရိန္ဒထံ၌၎င်း၊ ဇေယျသိင်္ဂီပါဠိတက္ကသိုလ် ဆရာတော် ဦးပညိန္ဒာဘိဝံသထံ၌၎င်း၊ ၎င်းတိုက်စာချဆရာတော်များ ဖြစ်ကြသော ဦးအဂ္ဂဝံသာဘိဝံသ၊ ဦးကေတုမာ၊ ဦးဓမ္မသာမိတို့ထံ၌၎င်း ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်းသင်ယူတော်မူခဲ့သည်၊ ထိုသို့ သင်ယူစဉ်မှာပင် အစိုးရ ပဌမငယ်-လတ်-ကြီးတန်းများကို အောင်မြင်တော် မူသည့်ပြင် စာချတန်းကိုလည်း ပါဠိပါရဂူဏ်ထူးနှင့်တကွ အောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ ဘွဲ့ထူးကိုလည်း ရရှိတော် မူခဲ့သည်။

ယို့နောင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံတို့ကို နှံ့နှံ့စပ်စပ် လေ့လာတော်မူလိုသဖြင့် ၁၃၂၅-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်သို့ ကြွရောက်၍ တိုက်အုပ်ဆရာတော် ဦးမာဃိန္ဒ ဦးနန္ဒိယနှင့် အခြားဆရာတော်များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို လေ့လာ သင်ယူတော်မူခဲ့သည်။

---

*

ထိုသန္ဒအားသျော်စွာ ဆရာတော် ဦးဝါယမသည် ထို ၁၃၃ဝ-ခုနှစ်မှစ၍ မိမိ၏ နေမြဲဖြစ်သော ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက်၌ သာသနာ့ရိပ်သာအဖြစ် ဖွင့်လှစ်၍ ရောက်လာသမျှသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြလျက် ရှိတော်မူပေသည်၊ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၃၅၅) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

## ပရိယတ်မှ ပဋိပတ်သို့ ကူးပုံ

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ ရှင်ရဟန်းပြုခြင်းသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်ရန်ပင် ဖြစ်သည်၊ သို့သော်လည်း အရှင်ဇဋိလမှာ သုတနည်းသေးသော ရဟန်းငယ် ဘဝတုန်းက ပတ်ဝန်းကျင်အခြေအနေအရအားဖြင့် ယခုအခါ တရားထူးကို အားထုတ်၍ မရနိုင်တော့ပြီ–ဟူသော အထင်အမြင် အယူအဆရှိခဲ့သည်၊ သို့သော် ရဟန်း (၄) ဝါ အရတွင် စာမေးပွဲဝင်ရန် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်တော်ကို ကျက်မှတ် လေ့လာသောအခါ သုဘဒ္ဒပရိဗ္ဗာဇက ဝတ္ထု၌–

> ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ=သုဘဒ္ဒပရိဗ္ဗိုဇ်၊ (ဝိပဿနာ အားထုတ်နေသူနှင့် အရိယာ-ဟူသော) ဤ ရဟန်းတို့သည် (အဆက်ဆက် ဟောပြော တိုက်တွန်းသော အားဖြင့်) ကောင်းမွန်စွာ နေကြပါမူ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းဘဲ ရှိလေရာ၏–

ဟူသော ဘုရားစကားတော်ကို တွေ့ရသဖြင့် ယခုအခါမှာလည်း နည်းလမ်းမှန်စွာ အားထုတ်လျှင် တရားထူးကို ရနိုင်သည် ဟု အမြင်မှန်ကို ရခဲ့လေသည်။

ထို့ကြောင့် ရဟန်း ၅–ဝါမှ စ၍ စစ်ကိုင်းတောင် မြို့ကြီးချောင်နှင့် မဏိကုဏ္ဍလချောင်တို့၌ စာဝါ နားချိန်ဘွင် ကနီနည်းအရ အနည်းငယ် အားထုတ်ခဲ့ဘူးသည်၊ သို့သော် ထိုမျှဖြင့် အားမရသေးပေ၊ အခွင့်သင့်သောအခါ အချိန်ယူ၍ အားထုတ်ရန် ရည်ရွယ်ထားခဲ့သည်၊ ရဟန်းဝါ ၁၁–ဝါအရတွင် ပြန်ကြားပြေး သတိပဋ္ဌာန်တိုက်သစ် ကျောင်း ဒါယကာ ဦးအောင်သောင်း၏ ပို့ဆောင်ချက်ဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံသို့ ရောက်၍ သတိပဋ္ဌာန် ဝိပဿနာ တရားကို အားထုတ်ခွင့် ရပေသည်။

ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ နည်းပြ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ ညွှန်ကြားချက်ဖြင့် ရှုမှတ်အားထုတ်နေရာ ရက်တပတ်မျှ ကြာသောအခါ ရှေးက စာထဲမှာသာ တွေ့ဘူးသော အလင်းရောင် ပီတိ ပဿဒ္ဓိ စသော အထူးအထွေများကို ထင်ရှား တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါအားများ တိုးပွားလာသည်၊ ထို့ကြောင့် အအိပ်ကိုလျှော့၍ ကြိုးစား အားထုတ်လေသည်၊ ထိုအခါ ကမ္မဋ္ဌာနာစရိယ

အရှင်ပဏ္ဍိတာဘိဝံသ-က မြတ်စွာဘုရား လက်ထက်က ယောဂီများလို လဲလျောင်း၍ အိပ်ခြင်းမရှိဘဲ အားထုတ်လျှင် ကောင်းကြောင်း၊ ၂၄-နာရီပတ်လုံး မအိပ်ပဲ အားထုတ်နိုင်ကြောင်း၊ ထိုသို့ မအိပ်ပဲ အားထုတ်သော်လဲ ဘာမျှ ရောဂါအန္တရာယ် မဖြစ်နိုင်ကြောင်း-စသည်ကို ပြောပြတော်မူပြီးလျှင် ၂၄-နာရီလုံး မအိပ်ပဲ အားထုတ်ရန် တိုက်တွန်းတော် မူလေသည်။ အရှင်ဇဋိလကလည်း ဆရာတော်၏ အမိန့်အတိုင်း အားထုတ်ပါမည်ဟု ဝန်ခံခဲ့သည်၊ ထိုသို့ ဝန်ခံပြီးနောက် ရှေးကလိုပင် မအိပ်ရသည့်အတွက် ဒုက္ခရောက်တော့မှာဘဲဟု ကြံတွေး၍ ကြောက်ရွံ့စိုးရိမ် ဖြစ်လျက်ရှိသည်။ ပဌာန်း ည၀ါများကို တညလုံး မအိပ်ပဲ ရွတ်ခဲ့စဉ်က နောက်တနေ့တွင် မူးနေ၍ ဆေးရုံတက်ခဲ့ရဘူးသည်၊ ထိုအဖြစ်မျိုးကို နက်ဖြန် တွေ့ရတော့မှာဘဲဟု စိုးရိမ်လျက်ရှိခဲ့သည်။ သို့သော် ထိုညက မအိပ်တော့ဘဲ ညဉ့်လုံးပေါက် အားထုတ်သည်၊ နံနက် လင်းသောအခါ၌၎င်း၊ နောက်တနေ့လုံး၌၎င်း မူးဝေခြင်း အိပ်ချင်ခြင်း မရှိဘဲ ကြည်ကြည်လင်လင် နေကောင်းနေသည်ကို တွေ့ရ၍ အံ့ဩမိလေသည်၊ ထို့ကြောင့် သဒ္ဓါတရား တိုးတက်ထက်သန်၍ နေ့ရောညပါ ၁၅ ရက်တိုင်တိုင် မအိပ်ပဲ၊ အားထုတ်ခဲ့လေသည်၊ ကြည်လင် ချမ်းသာလျက်ပင်။

ထိုသို့အားထုတ်၍ ရက်ပေါင်း (၇၀) ရှိသောအခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဉာဏ်စဉ်တရားတော်ကို နာရသည်၊ ယင်း ဉာဏ်စဉ်တရားတော်မှာ လွန်ခဲ့သော ၁၀-နှစ်လောက်က တိပ်ကြိုးဖြင့် သွင်းယူထားသော တရားတော် ဖြစ်သည်။ ထို တရားတော်ကို နာရသောအခါ "လွန်ခဲ့သော နှစ်ပေါင်း များစွာက ဟောထားသော တရားတော်ဟာ ငါတို့အတွေ့အသိတွေနှင့် ကိုက်ညီနေပါကလား၊ ဒါကြောင့် မြတ်စွာဘုရား၏ တရားတော်ကို သန္ဒိဋ္ဌိက (ကျင့်ယင် ကိုယ်တိုင်တွေ့နိုင်တဲ့) တရားလို့ ဟောထားပေတာဘဲ" စသည်ဖြင့် တရားဂုဏ်တော်များကို နက်နက်နဲနဲ သဘောပေါက်၍ ထက်သန်သော သဒ္ဓါတရား တိုးပွားလာသည် ယင်းသို့ သိရသဖြင့် ရခဲသော လူ့ဘဝကို ရလာရမှာ လူဖြစ်ရကျိုးနပ်ပေပြီ ဟူ၍လည်း ဆင်ခြင်မိခဲ့သည်ဟု ဆိုသည်။

ဆရာတော် အရှင်ဇဋိလသည် ဉာဏ်စဉ်တရားကို နာရပြီးသည့်နောက်၌ ယောဂီတို့အား ကမ္မဋ္ဌာန်းပြပုံ ပြနည်းများကိုလည်း လေ့လာ နာယူခဲ့လေသည်၊ ထိုသို့လေ့လာပြီးနောက် ပျဉ်းမနားမြို့ အနောက် ၂-မိုင်ခန့်ကွာ ပြန်ကပြေးရွာ ကျောင်းဒါယကာ ဦးအောင်သောင်း - ကျောင်းအမ ဒေါ်မြကြည်တို့က အသစ်ဆောက်လုပ်၍ လှူဒါန်းသော သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက်သစ် (ပြန်ကပြေး သာသနာ့ရိပ်သာ) ၌ ၁၃၂၉-ခု နယုန်

လဆုတ် ၁၁-ရက်နေ့မှ စ၍ သီတင်းသုံးတော်မူလျက် ပတ်ဝန်းကျင် ထိုထို မြို့ရွာတို့၌ တရားဟောခြင်း, ထိုရိပ်သာ၌ ရောက်လာသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို စနစ်တကျ ဟောပြ ညွှန်ကြားခြင်းတို့ဖြင့် ပဋိပတ္တိ သာသနာတော်ကို စွမ်းစွမ်းတမံ ထက်သန်စွာ ပြုစုတော်မူလျက် ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၃၄၅) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဆရာတော် အရှင်ဇဋိလသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲသို့ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် နှစ်စဉ်နှစ်တိုင်းတက်ရောက်၍ ဩဝါဒခံယူခဲ့ပေသည်၊ ထိုနှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲ၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ရိုသေလေးနက် ငြိမ်သက်စွာ ခံယူကြလျက် မျက်နှာစုံညီ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြ, အကြံဉာဏ်ပေးကြ, ညွှန်ကြားကြသည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို တွေ့မြင်ရသဖြင့် "ဤသို့ စည်းဝေးခြင်း,ရတ္တညူ သံဃပရိနာယက များအား အရိုအသေ ပြုကြခြင်းသည် ဘုရားဟောအပရိဟာနိယတရားနှင့်အညီ ကျင့်သုံးခြင်းဖြစ်၍ သာသနာတော် မဆုတ်ယုတ်ကြောင်း ကြီးပွားတိုးတက်ကြောင်း အလွန်ကောင်းသော သာသနာပြုလုပ်ငန်း ဖြစ်ပေသည်" ဟု ဆင်ခြင်လျက် ဝမ်းသာအားရ ဖြစ်မိတော့သည်ဟု ဆိုသည်။

ထို့ပြင် ရန်ကုန်သာသနာ့ရိပ်သာ၌ ရဟန်းတော် ယောဂီများ, အမျိုးသား အမျိုးသမီး ယောဂီများထိုင်လျက် ငြိမ်သက်သိမ်မွေ့စွာ တရားရှုမှတ်နေကြပုံ၊ အမှတ်သတိနှင့်တကွ ငြိမ်သက်သိမ်မွေ့စွာ သွားလာနေကြပုံ၊ သီတင်းနေ့တရားပွဲများ၌ ၂-နာရီခန့် ၂-နာရီကျော်ခန့်ကြာအောင် ငြိမ်သက်တိတ်ဆိတ်စွာ ရိုရိုသေသေ တရားနာနေကြပုံ စသည်တို့ကို တွေ့မြင်ရသဖြင့် ဘုရားလက်ထက်တော် ကာလကလဲ ဒီသို့နေမှာဘဲ၊ အရပ်တိုင်း အရပ်တိုင်း ဒီရိပ်သာမျိုးတွေနှင့် ဒီပရိသတ်မျိုးတွေ ရှိနေယင် ဗုဒ္ဓသာသနာတော်ဟာ ဆုတ်ယုတ်ခြင်း မရှိဘဲ တိုးတက်ကြီးပွား ထွန်းကား သွားပေလိမ့်မည် ဟု ထင်မြင်မြော်လင့်လျက် ထိုထိုအရပ်များသို့လည်း လှည့်လည်လျက် မဟာစည် ဓမ္မကထိကအဖွဲ့ဝင် တပါး အဖြစ်ဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားလျက် ရှိတော်မူပေသည်။



## အသောကာရုံ သာသနာ့ရိပ်သာ တောင်တွင်းကြီးမြို့
## ဆရာတော် ဦးကဝိဓဇ

ဆရာတော်ဦးကဝိဓဇ လောင်းလျာ သတို့သားသည် မကွေးခရိုင် တောင်တွင်းကြီးမြို့ မေင်ရွာ ခမည်းတော် ဦးထွန်းငြိမ်း– မယ်တော် ဒေါ်သာမယ်တို့မှ ၁၂၉၂– ခုနှစ် ပြာသိုလဆုတ် ၁၀-ရက် တနင်းလာနေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

၇-နှစ်အရွယ် ငယ်စဉ်ကပင် မိဘတို့က မေင်မြောက်ကျောင်းဆရာတော် ဦးဝိမလထံ အပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြား ပေးတော် မူသည်။ ၁၆–နှစ် သားအရွယ်တွင် တောင်တွင်းကြီးမြို့ အသောကာရုံတိုက် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်၊ ရှင်ကဝိဓဇ ဟူသော ဘွဲ့မည်ကိုပေး၍ အသောကာရုံဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော်တို့က ရှင်ကဝိဓဇအား ပိဋကတ် အခြေခံကျမ်းဂန်များကို သင်ကြား ပို့ချပေးတော် မူသည်။

သက်တော် ၂၀-အရွယ်တွင် တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ်ခဏ္ဍသိမ်၌ သက်တော်ရှည် ရတနာဒေဝီ ဆရာတော်ဦးသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့ ရွှေအိုးရပ် အကြည်ကုန်သည် ဦးသိန်း-ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၂-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၅- ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော် မူသည်။ ၁၃၁၄-ခုနှစ် အထိ အသောကာရုံ ကျောင်းတိုက်၌ သီတင်းသုံးလျက် ပရိယတ္တိကျမ်းဂန်များကို သင်ကြားအားထုတ်ခဲ့ရာ အစိုးရ စာမေးပွဲ ပဌမငယ်နှင့် ပဌမလတ်တန်းများကို ကောင်းစွာ ဖြေဆိုအောင်မြင်တော် မူသည်။

တဖန် ၁၃၁၄-ခုနှစ် နယုန်လဆွင် အသောကာရုံမှ ပြောင်းရွှေ့၍ မဂိုးရိမ်ပါဠိတက္ကသိုလ်တိုက် မာဂဓနေယျပဒေသ ကျောင်း၌ သီတင်းသုံးလျက် ခုနစ်နှစ်ပတ်လုံး ပရိယတ္တိဓမ္မကို ဆက်လက်သင်ကြားရာ အစိုးရပဌမကြီးတန်း ဖြေဆိုအောင်မြင် ရုံသာမက မစိုးရိမ်တိုက်၌ ကျင်းပသော စာမေးပွဲ၌ ပရိယတ္တိစာသင်တန်း ၂-ကြိမ်၊ ပရိယတ္တိစာချတန်း ၅-ကြိမ်၊ ပေါင်း ၇-ကြိမ် ဖြေဆိုအောင်မြင်တော်မူသည်။ ၁၃၂၀-ခုနှစ် အရောက်တွင် ဂုဏ်ထူးဆောင် ၂-ကျမ်းနှင့် တကွ ကျမ်းရင်း ၃-ကျမ်းပါ ဖြေဆို အောင်မြင်သဖြင့် (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့သည်။

၁၃၂၄-ခုနှစ်၌ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရတနသိဒ္ဓိ ကျောင်းသို့ ပြောင်းရွှေ့၍ ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အရပ်ရပ်ကို ပေါက်မြောက်အောင် သင်ကြား အားထုတ်တော်မူသည်။

## ပဋိပတ္တိဓမ္မ ဝိပဿနာဓုရစခန်း

အရှင် ကဝိဓဇသည် ရှင်သာမဏေ ဘဝကပင် အသောကာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒ စကားကို ညစဉ်ပင် ဘုရား ဝတ်တက်အပြီးတွင် ကြားနာခဲ့ရသည်။ ထိုဩဝါဒမှာ....

> စာတတ်ရုံနဲ့လဲ ကိစ္စမပြီးသေးဘူး၊ ဝိနည်းနှင့်အညီ ကျင့်ရမယ်၊ အဲဒါနဲ့လဲ မပြီးသေးဘူး၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် တရားလဲ အားထုတ်ရမယ်၊ အကြား အမြင် မရှိယင် နွားကြီးလို အသားတွေ့တိုးပြီး အိုသွားရုံမျှဘဲ၊ ပညာက တော့ မရှိဘူး၊....

စသည်ဖြင့် ဆုံးမသော စကားများဖြစ်သည်။ ထိုဩဝါဒကို ညစဉ်ကြားနာခဲ့ရသည့်ပြင် ကိုယ်ကျင့်အဘိဓမ္မာ ရတနာ့ ဂုဏ်ရည်ပသော ကျမ်းစာအုပ်များကိုလည်း ကြည့်ရှုရသောကြောင့် စာသင်ပြီးလျှင် တရားအားထုတ်ရန် ကြံစည်ခဲ့လေသည်။

ထိုကြံစည်ချက်အတိုင်းပင် ၁၃၂၇-ခုနှစ် ဝါဆိုလဆန်း ၁၂-ရက်နေ့မှာ ရန်ကုန်မြို့ သာသနာ့ ရိပ်သာသို့ ရောက်ပြီးလျှင် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ၌ ဝိပဿနာ ရှုမှတ်ပုံ ညွှန်ကြားသည့် လုပ်ငန်းစဉ်တရားကို နာယူ၍ ထိုညွှန်ကြားချက်အတိုင်း ရိုသေစွာ ရှုမှတ်အားထုတ်လေသည်၊ နည်းပြဆရာတော် ဦးပဏ္ဍိတာဘိဝံသထံ၌ နေ့စဉ် ကမ္မဋ္ဌာန်းအစစ်ခံရလျှောက်ထားရသည်။ ထိုသို့ အစစ်ခံရာဌာန၌ ဆရာတော် ဦးပဏ္ဍိတ၏ အားတက်စရာ အဆိုအဆွဲ ဩဝါဒများကို ကြားနာမှတ်ယူရသဖြင့် စိတ်အားတက်ကြွစွာနှင့် ရှုမှတ်အားထုတ်လာရာ ဝါခေါင်လဆုတ် ၅-ရက်နေ့ ညတွင် ထူးခြားသောအမှတ်အသိများ ဖြစ်ပေါ်ကာ အလွန်အကဲ ဝမ်းသာ ဝမ်းမြောက်မှု ပီတိများကို တွေ့ရသည်၊ ရှုမှတ်ရမည်ဟူ၍လည်း အမှတ်မရသဖြင့် ထိုအတွေ့ထူးများကို ဝမ်းသာသဘောကျလျက် အချိန်ကုန်သွားလေသည်။ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ ထိုဖြစ်ပုံကို လျှောက်သော အခါ ဆရာတော်က အဲဒါဟာ အတွင်း၌ ရပ်တန့်နေတာပဲ စသည်ဖြင့် ရှင်းပြလျက် ပြုပြင်ပေးတော်မူသည်၊ ဝါခေါင်လဆုတ် ၉-ရက်နေ့ညဉ့်၌လည်း ထူးခြားသောဖြစ်ပုံကို တွေ့ရပြန်သဖြင့် အချိန်မရွေး သေရဲပြီ ဟူ၍ ဆုံးဖြတ်ချက် ချမိခဲ့လေသည်၊ ထိုအခါ တောင်တွင်းကြီးသို့ပြန်၍ ဟောပြောလို သာသနာ ပြုလိုသော စိတ်ဆန္ဒများ အလွန်အကဲဖြစ်နေလေသည်၊ ဝါမကျွတ် သေးသောကြောင့် အောင့်အီး၍ ချုပ်တည်း၍ ထားရလေသည်၊ သို့သော်ဆရာတော် ဦးပဏ္ဍိတ၏ အဆုံးအမဖြင့် ဆက်လက်၍ ရှုမြဲ ရှုမှတ်သွားသဖြင့် ထို့ထက်ကောင်းသော တရား အရသာများကိုလည်း တွေ့ရပေသည်၊ ထို့ကြောင့် သီတင်းကျွတ်လဆန်း ၇-ရက်နေ့ညမှာ ညာဏ်စဉ်တရားတော်ကို နာရသည်။

ယခုအခါ ဆရာတော် ဦးကဝိဓဇသည် တဖက်မှ စာပေကျမ်းဂန်များကို ပို့ချလျက် တဖက်မှ ရောက်လာသော ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းကို ဟောကြား ပြသလျက် တောင်တွင်းကြီးမြို့ အသောကာရာမ သာသနာ့ ရိပ်သာ၌ ပရိယတ် ပဋိပတ် နှစ်ရပ်သုံးသော သာသနာတော်ကို ပြုစုလျက် ရှိပေသည်။

## သီရိမင်္ဂလာ တိုက်သစ်ကျောင်းရိပ်သာ တောင်တွင်းကြီး

## ဆရာတော် ဦးတေဇိန္ဒ

ဆရာတော်ဦးတေဇိန္ဒသည် တောင်တွင်းကြီးမြို့ အနောက်လက် ဆိုကုန်းရွာ ခမည်းတော် ဦးသက်ရှည်-မယ်တော် ဒေါ်ငွေပွင့် တို့မှ သက္ကရာဇ် ၁၂၇၇-ခုနှစ် နယုန်လပြည့်ကျော် ၉ ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

၉ နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့က ဆိုကုန်းကျောင်း ဆရာတော်ထံ၌ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆိုကုန်းကျောင်းဆရာတော်ထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေ အဖြစ်သို့ ရောက်လျှင် ဆရာတော်က သာမဏေတို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ သက်တော် ၂၀-အပြည့်တွင် ဆရာတော် ဦးပဒုမကို ဥပဇ္ဈာယ်ပြု၍ ၁၂၉၇-ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆိုကုန်းကျောင်းဆရာတော် ဦးစက္ကိန္ဒထံ၌၎င်း၊ သီရိမင်္ဂလာ တိုက်သစ်ဆရာတော် ဦးဣန္ဒာစာရထံ၌၎င်း၊ ပခုက္ကူမဟာဝိသုတာရာမတိုက်(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးပညာ၊ ၎င်းတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးနန္ဒဝံသထံ၌၎င်း၊ ၎င်းတိုက်(အဘိဓဇ မဟာရဋ္ဌဂုရု) ဆရာတော် ဦးသုန္ဒရထံ၌၎င်း၊ အဋ္ဌကထာ ဋီကာနှင့်တကွ ပါဠိ ပိဋကတ် ပရိယတ္တိ စာပေတို့ကို သင်ရိုးကုန်အောင် သင်ယူတော်မူသည်။

ဆရာတော်သည် အဘိဓမ္မာ ကထိက၊ ဓမ္မာစရိယ ယိုးဒယား သာသနာပြု ဖြစ်ရုံမျှမက ဆဋ္ဌသံဂီတိ ဝိသောဓက နှင့် ဆဋ္ဌသံဂါယနာ ကိစ္စတွင် ယိုးဒယား ဘာသာပြန်ကိစ္စကိုပါ တွဲဖက်ဆောင်ရွက်တော်မူသည်။ မြန်မာနှင့် ယိုးဒယားတို့ ဆွေးနွေးဘွယ် ကိစ္စရှိတိုင်း ယိုးဒယား;မြန်မာနှစ်ဘာသာ အတွက် စကားပြန်အဖြစ်ကိုလည်း ဆောင်ရွက်တော် မူရသည်။ အများ အကျိုး သာသနာတော်အကျိုးကို ဆောင်ရွက်ရာ၌ အကွက်မြင်၍ သွက်လက်တော်မူလှသော ဆရာတော်ဖြစ်သည်။ ဆောင်ရွက် ရာ၌ စေတနာ သဒ္ဓါတရား ကောင်း၍ လိုလိုချင်ချင်လည်း ဆောင်ရွက်တော်မူလေ့ရှိသည်။

အရည်အချင်းရှိသည်နှင့်အမျှ သူတော်ကောင်းစိတ်လည်း ရှိတော်မူသော ဆရာတော်ဖြစ်၍ ပရိယတ္တိဓမ္မပြည့်ဝပြီးနောက် လိုနေသေးသော ပဋိပတ္တိဓမ္မ

## မြို့တွင်း သာသနာ့ရိပ်သာ တောင်တွင်းကြီး

## ဆရာတော် ဦးအရိယဝံသ

ဆရာတော် ဦးအရိယဝံသသည် တောင်ငူခရိုင်၊ ဆွာမြို့ ခမည်းတော် ဦးကျော်အေး-မယ်တော်ဒေါ်ရွှေတို့မှ ၁၂၇၃-ခုနှစ်၊ နတ်တော်လဆုတ် ၄-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်က ကိုးကွယ်ရင်း ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်၊ ထိုဆရာဘုန်းတော်ကြီး ကျောင်းမှာပင် ရှင်သာမဏေ အဖြစ်သို့ ရောက်၍ ရှင်သာမဏေတို့ သင်သင့် သင်ထိုက်သော ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံစာပေများကို သင်ကြားတော်မူသည်၊၊ ၁၃၀၃-ခုနှစ် နယုန်လဆုတ် ၂-ရက်နေ့တွင် တောင်ငူမြို့ ဝေဠုဝန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ တောင်ငူခရိုင် ကျေးတော ထိန်ကုန်းရွာ ဦးချစ်ဦး ဒေါ်လှတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော် မူသည်၊၊

ဝေဠုဝန်ဆရာတော်ထံ၌၎င်း၊ ဦးနေမိန္ဒ၊ ဦးလက္ခဏ တို့ထံ၌၎င်း၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော်တို့ထံ၌၎င်း ပရိယတ္တိ ပိဋကတ် စာပေများကို သည်းပူး အားထုတ်တော် မူခဲ့သည်။ ပရိယတ္တိဓမ္မကို အားထုတ် ပြီးနောက် ပဋိပတ္တိဓမ္မကို ဖြည့်ကျင့်လိုရကား မူလ မင်းကွန်း ဆရာတော်ဘုရားကြီး၏ တပည့်ရင်း တောင်ငူခရိုင် ရေတာရှည်မြို့ နတ်ရေတွင်း ဆရာတော် ထံ၌၎င်း၊

---

အားထုတ်ရန် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်လျက် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ၌၎င်း၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတထံ၌၎င်း၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ဝါလပတ်လုံး အားထုတ်တော်မူသည်။ ဆရာတော်သည် ယခုအခါ တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ်ကျောင်းတိုက်၌ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူလျက် ရှိသည်။



**သာသနာ့ရိပ်သာ နတ်မောက်မြို့**

## ဆရာတော် ဦးလာဘသာမိ

ဆရာတော် ဦးလာဘသာမိ လောင်းလျာသည် မကွေးခရိုင် မြို့သစ်မြို့နယ် ရွှေပန်းပင်ရွာ ခမည်းတော် ဦးကျော်ထွန်း-မယ်တော် ဒေါ်ရွှေမျှင် (ခုံမင်း

---

ရန်ကုန်မြို့ မဘာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ၌ဒုင်း ချဉ်းကပ်၍ ထိုဆရာတော်တို့ ညွှန်ပြသော မဟာသတိ ပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ကြိုးပမ်း အားထုတ်တော် မူသည်။

ထိုဆရာတော်သည် ယခုအခါ မကွေးခရိုင် တောင်တွင်းကြီးမြို့ မြို့တွင်း ရန်အောင်မြင်သာသနာ့ရိပ်သာ၌ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့်မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားများကို ဟောပြောညွှန်ပြတော်မူလျက် ရှိပေသည်။

---

ကြီး ဦးရွှေထုံး-ဒေါ်ငယ်တို့၏ သမီး)တို့မှ ၁၂၇၄-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဆရာတော်လောင်းလျာ ဖွားမြင်ခါနီးတွင် မယ်တော်၏ ထမိမှာ အလိုလို မီးဟုန်းဟုန်းတောက်လျက်အလိုလိုပင်ငြိမ်းအေးသွားသည့် ထူးကဲသော ပုဗ္ဗ နိမိတ်ထင်ရှားဖြစ်ခဲ့လေသည်၊ ၉-နှစ်သားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာ ဝင်တို့ ထုံးတမ်းစဉ်လာအတိုင်း မိဘတို့က ရွှေပန်းပင်ရွာဦးကျောင်း ဆရာ တော်ထံတွင် အပ်နှံ၍ သတ္တိသားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေ များကို သင်ကြား ပေးတော်မူသည်၊ ၁၄-နှစ်သား အရွယ်တွင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရွှေပန်းပင် ဆရာတော်ထံ၌ပင် ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ရွာကျောင်း ဆရာတော်ထံ၌ သာမဏေအဖြစ်ဖြင့် တနှစ်တာ နေပြီးနောက် ဖျောက်ဆိပ်ပင် စာသင်တိုက်သို့ ပြောင်းရွှေ့လျက် ဂိုဏ်းအုပ် ဆရာတော် ဦးဇဝနနှင့် ဂဏာဝါစက စာချ ဆရာတော်များထံ၌ ပိဋကတ် အခြေခံ ကျမ်းဂန်များနှင့် ပိဋကတ်-ပါဠိ-အဋ္ဌကထာ ကျမ်းဂန်များကို သင်ကြားခဲ့သည်။

သက်တော် ၂၀-ပြည့်လျှင် ဖျောက်ဆိပ်ပင်တိုက် ခဏ္ဍသိမ်၌ပင် နတ် မောက်မြို့ ကံကြီးရပ် ရွှေဘုံသာကျောင်း ဆရာတော် ဦးသီလာစာရ (မူလ ဖျောက်ဆိပ်ပင် ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး၏ တပည့်အကြီးဆုံး) ကို ဥပဇ္ဈာယ်ပြု၍ လက်ပံတုံးရွာ ဦးဖိုးရုံး-ဒေါ်ညီမ တို့၏ရှင်၊ မယ်တော်- ခေညးတော်တို့၏ရှင်း ပစ္စယာနုဂ္ဂဟကို ခံယူလျက်-၁၂၉၄-ခုနှစ်၊ ဝါဆို လဆန်း ၉ ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဖျောက်ဆိပ်ပင်တိုက်၌ စာသင် စာချတို့အတွက် သင်ယူချပို့ကြရန် သတ်မှတ်သော ကျမ်းများရှိခဲ့သည်။ ထိုသတ်မှတ် ကျမ်းဂန်များမှာ-ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူပို့ချပြီးနောက်-

အဋ္ဌကထာနှင့်တကွသော ဒီဃနိကာယ်သုတ် (၃)ကျမ်း၊ ဝိနည်း (၅)ကျမ်း အဘိဓမ္မာအောက်(၅) ကျမ်း၊ နေတ္တိ၊ ဝိသုဒ္ဓိမဂ်၊ နေ့ဝါကျမ်းများနှင့် မာတိ ကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန် ညာဝါ ကျမ်းဂန်များကို ပေါက် မြောက်အောင် သင်ယူချပို့ကြရန် ဖြစ်သည်။

ရဟန်းတော် ဦးလာဘသာမိသည် ရဟန်း ၄-ဝါ အရတွင် ယင်းတိုက် သတ်မှတ် ထားသော- ဘော်ပြပါ ကျမ်းဂန်များကို အပြီးတိုင် အောင်ပန်း ဆွတ်ခူးတော် မူနိုင်ခဲ့သည်။ အစိုးရ ပဌမပြန် စာမေးပွဲများတွင်လည်း

လက်မွန်မဆွ ဝင်ရောက် ဖြေဆို အောင်မြင်ခဲ့၍ ဆရာတော်များ၏ အထူး ချီးမြှောက်မှုကို ခံယူရရှိတော် မူခဲ့သည်။ ဆရာ ဥပဇ္ဈာယ်တို့ အထံ၌ အတူတကွ ငါးဝါတိုင်အောင် ဆည်းကပ်နေထိုင်ရမည် ဟူသော ဝိနည်းစည်းမျဉ်း ဥပဒေတော်ကိုလည်း ကျော်လွန်ခြင်းငှာ မဝံ့ရကား ဥပဇ္ဈာယ်ဆရာတော်ရှိရာ ထိုဖျောက်ဆိပ်ပင်တိုက်၌ပင် ငါးဝါ ရသည်အထိ နေထိုင်ခဲ့သည်။

ထို့နောက် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်အရဖြင့် ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ရတနသိဒ္ဓိကျောင်း၌ နေထိုင်လျက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးပညာ၊ (အဘိဓဇ မဟာရဋ္ဌဂုရု) ဆရာတော် ဦးသုန္ဒရ ဟူသော ဆရာတော်ဘုရားကြီးများထံ၌၎င်း၊ ဂဏဝါစက စာချဆရာတော်တို့ထံ၌၎င်း အဋ္ဌကထာ ဋီကာများနှင့်တကွ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော် ကျမ်းဂန်များကို ထပ်မံ၍ လေ့လာသင်ယူတော်မူသည်။

ထိုသို့ သင်ယူနေစဉ် ရဟန်းဝါ ၇-ဝါ အရတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်အရဖြင့် ပြန်လာခဲ့ရသည်။ ထိုအခါ အရှင်လာဘသာမိအား ဆရာတော်ဘုရားကြီးများက မိမိတို့နှင့် အာဏာတူ အခွင့်အရေး ပေးတော်မူလျက် ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော် မူကြသည့်ပြင် ဖျောက်ဆိပ်ပင် စာသင်တိုက်ကြီးကိုလည်း လွှဲအပ်တော် မူကြလေသည်။ ယင်းသို့ ဆရာတော်ဘုရားကြီးများက လွှဲအပ်ချီးမြှောက်တော်မူသည့်အတိုင်း အရှင်လာဘသာမိသည် ထိုဖျောက်ဆိပ်ပင်တိုက်၌ နှစ်ပေါင်း ၂၀-ကျော် ကာလပတ်လုံး စောင့်ရှောက်နေထိုင်လျက် ပိဋကတ် ကျမ်းဂန်များကို ပို့ချပေးတော်မူခဲ့ရာ အစိုးရ ဓမ္မာစရိယ သကျသီဟဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ တပည့်ကြီးများပင် ထွန်းကားပေါ်ပေါက်ခဲ့ပေသည်။

## ပဋိပတ်ဘက်သို့ ရောက်တော်မူပုံ

နတ်မောက် သာသနာ့ရိပ်သာ ဆရာတော် အရှင်လာဘသာမိ၏ ပဋိပတ်ဘက်သို့ ရောက်ရန် ဗီဇမျိုးစေ့မှာ ၁၂-နှစ်သားအရွယ် သူငယ်ဘဝကပင် စ၍ ကိန်းအောင်းလာခဲ့ပေသည်။ ထိုစဉ်ကာလက ဇာတ်တော်တို့ကို သင်ယူရင်း တေမိယ ဇာတ်တော်၌ ဘုရားအလောင်းတော်၏ တောထွက်ကျင့်သုံးပုံ စသည်တို့ကို တွေ့ရသောအခါ "ငါသည်လည်း အဘယ်အခါ၌ ထိုကဲ့သို့ ဘာဝနာတရားကို ကျင့်သုံးအားထုတ်ရပါမည်နည်း" ဟုကြံစည်လျက်တရား အားထုတ်လိုသော စိတ်ဆန္ဒများ ကိန်းအောင်းခဲ့လေသည်။ ထိုစိတ်ဆန္ဒ၏

လှုံ့ဆော်ချက်ကြောင့် ရဟန်းဖြစ်ပြီးသောအခါ စာသင်ပြီး၍ ပို့ချနေသော အခါများ၌လည်း "ရဟန်းဖြစ်ပါလျက် တရားအားမထုတ်ရဘဲ သေသွားလျှင် ရဟန်းဖြစ်ရကျိုး နပ်မည်မဟုတ်ပါတကား" ဟု ဆင်ခြင်စဉ်းစားကာ မိမိ ရထားသည့် ပိဋကတ် ကျမ်းဂန်သုတဖြင့် ပဋိပတ် ဘာဝနာအလုပ်ကို အား ထုတ်ကြည့်ခဲ့လေသည်။ သို့သော် ဆရာမပြနည်းမကျ ဆိုသကဲ့သို့ပင် ရဟန်း ဝါ ၂၀-ကျော်သို့ ရောက်သည်တိုင်အောင် ထူးခြားချက်ကိုကား မတွေ့ခဲ့ရ သေးပေ။

## ဆဋ္ဌသံဂါယနာ၏ ကျေးဇူး

အရှင်လာဘသာမိသည် ဆဋ္ဌသံဂါယနာတင်စဉ်ကာလ၌ ပါဠိဝိသောဓက ဘာဏက သံဂီတိကာရက ဆရာတော် အဖြစ်ဖြင့် ပါဝင် ဆောင်ရွက်တော်မူ ရသည်။ ထိုသို့ ဆောင်ရွက်တော်မူစဉ် အရှင်မဟာ ကဿပ မထေရ်မြတ်ကြီး ကဲ့သို့ သံဂါယနာ ပုစ္ဆက တာဝန်ကို ဆောင်ရွက်တော်မူသော ကျေးဇူး ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များကို နေ့စဉ် နာကြား ကြည်ညိုရသဖြင့် ပရိယတ် ပဋိပတ် နှစ်ရပ်လုံး၌ ကျွမ်းကျင်ပြည့်စုံတော်မူသော ဤဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းခိုလှုံကာ ဘာဝနာပဋိပတ် တရားကို ကြိုးစားအားထုတ်တော့မည်ဟု သန္နိဋ္ဌာန်ချ ဆုံးဖြတ်ခဲ့သည်။

## မှတ်ရှုသိမြင် ကျေးဇူးတင်

ထိုသို့ ဆုံးဖြတ်ချက် ချခဲ့သည့် အတိုင်းပင် သံဂါယနာ ဒုတိယသန္နိပါတ ပြီးဆုံးသောအခါ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ ရှုမှတ်နည်း ဩဝါဒကို ခံယူ၍ ကမ္မဋ္ဌာနာစရိယ များ ဖြစ်တော်မူကြသော ဆရာတော်ဦးသုဇာတ၊ ဆရာတော်ဦးဝဏ္ဏိတတို့၏ ညွှန်ကြားစောင့်ရှောက်မှုဖြင့်သတိပဋ္ဌာန်ဝိပဿနာတရားကိုကြိုးစားအားထုတ် ခဲ့လေသည်။ အရှင်လာဘသာမိသည် ဗဟုသုတပြည့်ဝပြီး ဖြစ်သည့်အတိုင်း ဂမ္ဘီရဋ္ဌာန်းဝင်ကထာသံးကပင်"နေရှိနေသော အချိန်၌ ငါ၏နောက်ကျောနှင့် အိပ်ရာ မထိစေအံ့" ဟု စိတ်ကို သောက်တည်၍ ပြင်းထန်စွာ အားထုတ် လေသည်၊ ထိုသို့ပြင်းထန်စွာ ရှုမှတ် အားထုတ် ခြင်းကြောင့် စာတွေ့မျှဖြင့် သဘောပေါက်ရန် ခဲယဉ်းသော ထူးခြားချက်အမျိုးမျိုးကို ကိုယ်တွေ့ ဉာဏ် တွေ့အားဖြင့် သိမြင် သဘောပေါက်ခဲ့ရပေသည်။

## ထူးခြားချက်များ

အာရုံနိမိတ် အမျိုးမျိုးနှင့် အလင်းရောင် ပီတိ ပဿဒ္ဓိ စသည်တို့ကို တွေ့ရသဖြင့် ဝမ်းသာအားရ သဘောကျနေသည်။ ကမ္မဋ္ဌာနာစရိယဆရာတော်က "ဒါလောက်နဲ့ အားရမနေပါနှင့်ဦး၊ ဆက်ပြီး ရှုမှတ်သွားပါ၊ ဒါ့ထက်ကောင်းတာတွေကို တွေ့ရပါလိမ့်မယ်" စသည်ဖြင့် ညွှန်ကြား ပြုပြင်ပေးသည်။ ဆရာမရှိလျှင် ထိုမျှဖြင့်ပင် အားရ၍ ရပ်တန့်နေလိမ့်မည်။

တရားစစ်မေးရာ ဌာန၌ မိမိအလှည့်မကျသေး၍ ရှုမှတ်လျက် ထိုင်နေစဉ် ဆရာတော်က အခြားယောဂီတဦးအား "ဟုတ္ဝာ အဘာဝါကာရ- ပေါ်လာပြီးနောက် ပျောက်ပျောက်သွားတဲ့ အခြင်းအရာဟာ အနိစ္စလက္ခဏာဘဲ၊ အဲဒါကို သိသိနေတာက အနိစ္စာနုပဿနာဉာဏ်ဘဲ" လို့ ဟောပြနေတဲ့တရားနှင့် မိမိရှုသိနေတာ ကိုက်ညီနေသည့်ပြင်၊ ရှုသိမှု အကြိမ်များစွာ လျင်မြန်စွာ ဖြစ်သွားပုံများကိုလည်း တွေ့ရသည်။

ထို့ပြင် အမှတ်အသိ ကောင်းနေသောအခါ ဆီပွက်သလို ဟင်းအိုး ဆူသလို လျင်မြန်စွာ ဖြစ်ပျက်သွားသည်ကိုဎင်း၊ မှတ်တိုင်း မှတ်တိုင်း ပျောက်ပျောက်သွားသည်ကိုဎင်း၊ တကိုယ်လုံးပျောက်၍ အသိ စိတ်ကလေးတခုတည်း ကောင်းကင်ထဲ၌တည်နေသလိုဖြစ်နေပုံကိုဎင်း တွေ့ရသည်၊ ပေါ်လာတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် ပျောက် ပျောက် သွားတာကိုလည်း တွေ့ရသည်၊ ထိုသို့တွေ့ရသဖြင့် တည်မြဲနေသော တရားဟူ၍ မရှိ၊ အနိစ္စ မမြဲသော တရားချည်းပင် စသည်ဖြင့် ကိုယ်တိုင်တွေ့ အသိဉာဏ်များ ရှင်းလင်းစွာ ဖြစ်ပေါ်လာသဖြင့် တရားတော်နှင့် ဘုရားအား ယုံကြည်သဒ္ဓါ တိုးပွားသည့်ပြင် ညွှန်ပြသော ဆရာတော်များအားလည်း များစွာ ကျေးဇူးတင်မိသည် ဆိုပါသည်။

၁၃၁၇-ခုနှစ် တပေါင်းလဆန်း ၇-ရက်နေ့ည ၆-နာရီမှ ၁၀-နာရီအထိ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ် တရားတော်ကို နာရသည်၊ ထိုသို့ နာရသောအခါ ကိုယ်တွေ့နှင့် ဒေသနာဉာဏ် နှီးနှောရှု၍ ဉာဏ်စဉ်များဖြစ်ပုံကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားသဖြင့် အခြား ပုဂ္ဂိုလ်တို့လည်း ဉာဏ်စဉ်တရားကို နာရသည်အထိ အားထုတ်နိုင်ကြပါစေ ... တောင့်တမိလေသည်။

## သာသနာ့ရိပ်သာ နတ်မောက်မှာ

အရှင် လာဘသာမိသည် ရန်ကုန် သာသနာ့ရိပ်သာမှ ပြန်ခါနီး၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက "နတ်မောက်မြို့မှာရိပ်သာ *



မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ညောင်ဦး

ဆရာတော် ဦးကလျာဏ

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် ကုန်းစင်ရွာ ခမည်းတော် ဦးအောင်မင်း-မယ်တော် ဒေါ်ဆင်တို့မှ ၁၂၇၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆-ရက် တနင်းလာနေ့တွင် ဆရာတော် ဦးကလျာဏ လောင်းလျာ သတို့သားကို ဖွားမြင်သည်၊

---

*

ဖွင့်လှစ်ဦးလာဘာသာမိ၏ တာဝန်ဘဲ'' ဟု အမိန့်ရှိလိုက်သည်ကိုအစဉ်သတိရလျက် နတ်မောက်မြို့၌ပင်လျှင် အောင်ဆန်းရပ်ကွက်၌ ၁၃၂၁-ခုနှစ်မှ စ၍ သာသနာ့ရိပ်သာအသစ် ဖွင့်လှစ်ကာ ရောက်လာသော ရဟန်းရှင်လူ ယောဂီအပေါင်းတို့အား မဟာစည် ရှုမှတ်နည်း အတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားကို ဟောကြားညွှန်ပြလျက် ရှိပေသည်၊ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၁၄၀၀) ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

၇-နှစ်သားအရွယ်သို့ ရောက်သည့်အခါ ကုန်းစင်ရွာ စိတြာရုံကျောင်း ဆရာတော် ဦးနာဂိန္ဒထံ အပ်နှံ၍ ဘာသာရေး အခြေခံ စာပေနှင့်တကွ ဇာတ်အဋ္ဌကထာများကို သင်ယူရသည်။ ငယ်စဉ်ကပင် လက်ရေးလက်သား ကောင်းလှ၍ ဇာတ်အဋ္ဌကထာများနှင့် ပါတိမောက်နိဿယကိုပါ ဆရာက အရေးခိုင်းသဖြင့် ပေစာရေးခဲ့ရသည်။

၁၆-နှစ်သားအရွယ်တွင် ဆရာတော် ဦးနာဂိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာမဏေအဖြစ် တက်ရောက်ခဲ့သည်။ ရှင်သာမဏေကိုလည်းရှင်ကလျာဏဟု ခေါ်ဝေါ်စေသည် ဆရာဥပဇ္ဈာယ်ထံ၌ပင် သဒ္ဒါကြီးနှင့် သင်္ဂြိုဟ်ကျမ်းများကို သင်ယူ၍ ဒုတိယ လက်ထောက် ဆရာတော် ဦးရာဇိန္ဒထံ၌ ပုဒ်စစ်- သဒ္ဒါစစ် · သံဝဏ္ဏနာ- နည်းလေးဆယ်- မာတိကာ ဓာတုကထာ ကျမ်းများကို သာမဏေ အဖြစ်ဖြင့် သင်ယူခဲ့သည်၊

၁၂၉၃-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅-ရက်နေ့တွင် ဆရာတော် ဦးနာဂိန္ဒကိုပင် ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ တက်ရောက်တော်မူသည်။ ဒုတိယ လက်ထောက် စာချ ဆရာတော် ဦးနန္ဒိယထံတွင် ပါတိမောက်- ကင်္ခါအဋ္ဌကထာ- ဝိနည်းငါးကျမ်း- ပါဠိတော်- အဋ္ဌကထာ- အဋ္ဌသာလိနီ- သမ္မောဟဝိနောဒနီ- ဝိသုဒ္ဓိမဂ်- ဓမ္မပဒအဋ္ဌကထာ ကျမ်းများကို သင်ယူတော်မူသည်။ အဋ္ဌကထာတွင် ညွှန်ကြားချက်- ၃- နည်းလာရှိရာ တတိယ ညွှန်ကြားချက်၌ ဝါ ၂၀-ရသည် အထိ ပရိယတ္တိ သင်ကြား၍ ထိုနောက် ပဋိပတ်အလုပ်ကို အားထုတ်ရမည်ဟု ညွှန်ကြား

---

ပရိယတ် ပဋိပတ် နှစ်ရပ် စွယ်စုံဖြစ်သော ဆရာတော် ဦးလာဘသာမိသည် ဗုဒ္ဓမြတ်စွာ ဒေသနာတော်များကို နိုင်နိုင်နင်းနင်း ဟောပြောနိုင်စွမ်း ရှိသည့်အလျောက် မဟာစည် ပဋိပတ္တိသာသနာပြု ဓမ္မကထိက အဖွဲ့ဝင် ဆရာတော်လည်းဖြစ်၍ အခွင့်သင့်တိုင်း အနယ်နယ်အရပ်ရပ်သို့ ကြွရောက် ဟောပြောတော်မူလျက် ရှိပေသည်၊ တရားဟော တရားပြရုံမျှသာ မဟုတ်၊ ကျမ်းစာရေးသားမှု၌ စွမ်းနိုင်သည်ဖြစ်၍ (၁) သြဝါဒကထာ၊ (၂) ဓမ္မဒေသနာပဒေသာ စသော ကျမ်းစာတို့ကိုလည်း ရေးသားပြုစုတော် မူပေသည်။

လားတော်မူသည့်အတိုင်း ဝါ ၂၀-ရအောင် ပရိယတ္တိစာပေ သင်ကြား မည်ဟု ဆုံးဖြတ်တော်မူလျက် ဝိနည်းငယ်လေးဆောင်- ပရိဝါပါဠိတော်- အာပတ္တိဝါရ-ကမ္မဝဂ်နှင့် မဟာသတိပဋ္ဌာန် ပါဠိတော်များကို နှုတ်တက် အာဂုံဆောင်တော်မူသည်။

၁၀-ဝါအရတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော်ဘုရား ကြီး ဦးဇာဝနနှင့် ဆရာတော် ဦးစန္ဒတို့ထံ၌ နေ့စဉ် စာဝါ တဝါစီလိုက်၍ ဆရာတော်ဦးညာဏိန္ဒထံဘွင် နေ့ဝါ ညဝါများကို ဆိုဝါဖြင့် ၅-နှစ် သင်ယူ တော်မူသည်၊ ၁၅-ဝါအရ စေတီရုံတောရမှာ ည,ညတွင် ကြွရောက် သီတင်းသုံးလျက် နေ့,နေ့တွင် ထိုဆရာတော် သုံးပါးထံ၌ပင် ပါဠိ-အဋ္ဌ ကထာ-ဋီကာ ကျမ်းဂန်များကို သိက္ခာ ဝါ ၂၀-ရသည် တိုင်အောင် လိုက်ဝါ-ဆိုဝါ နှစ်မျိုးလုံးဖြင့် သင်ယူတော်မူသည်၊

ရည်ရွယ် ဆုံးဖြတ်ထားခဲ့သည့်အတိုင်း သိက္ခာဝါ ၂၀-ရအောင် ပရိယတ္တိ ဓမ္မကို သင်ယူတော်မူပြီးနောက် သုခိတာရာမ မဟာစည် သာသနာ့ရိပ်သာ တွင် ဆရာတော်ဦးပညာဝါထံ၌ ဉပနိသျှခံယူကာ ပဋိပတ္တိ ဝိပဿနာကမ္မဋ္ဌာန်း တရားကို အားထုတ်ခဲ့သည်၊

ဆရာနှစ်သက်အားရသည်အထိ စနစ်တကျအားထုတ်ပြီးလျှင် ကမ္မဋ္ဌာန်း တရား ဟောပြော ပြသနည်းကို လေ့လာရင်း ဆရာတော် ဦးပညာဝါ၏ ချွေထွက်အဖြစ် နာရီဝက်ခန့် နာရီဝက်ခန့်မျှ ကမ္မဋ္ဌာန်းတရားများကို ယောဂီ တို့အား ဟောပြောခဲ့သည်၊

ဆရာတော်ဦးပညာဝါ စစ်ကိုင်းမြို့သို့ ပြန်ကြွသွားသည့်အခါ ဆရာတော်၏ ကိုယ်စား ဦးဇောတိကနှင့်အတူ ပခုက္ကူ သာသနာ့ရိပ်သာတွင် ၂-နှစ်တိုင် ဆက်လက်၍ ယောဂီတို့အား ကမ္မဋ္ဌာန်း ပြသနေတော်မူခဲ့သည်။ ၁၃၁၆-ခု နှစ်တွင် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ သီတင်းသုံး လေ့လာနေ တော်မူစဉ် ညောင်ဦးမြို့မှ ပင့်လာသဖြင့် ကြွရောက်ပြီးလျှင် ညောင်ဦးမြို့၌ မဟာစည် သတိပဋ္ဌာန်တိုက်ခွဲကို တည်ထောင်ကာ ရောက်လာသမျှ လူ-ရှင်- ရဟန်း ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောပြော ပြသတော်မူလျက် ရှိပေသည်။ ဆရာတော်၏ ကမ္မဋ္ဌာန်းဌာနတွင် အားထုတ်ပြီး ယောဂီဦးရေ မှာ (၁၆၂၁) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရပေသည်။



မဟာသုခိတာရာမ သတိပဋ္ဌာန်ရိပ်သာ ပခုက္ကူ

## ဆရာတော် ဦးတေဇဝန္တ

ဆရာတော် ဦးတေဇဝန္တ လောင်းလျာသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကွင်းမရွာ ခမည်းတော် ဦးကံဇ-မယ်တော် ဒေါ်နန်းညိမ်းတို့မှ သက္ကရာဇ် ၁၂၉၆-ခုနှစ် တော်သလင်းလပြည့် စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

မိဘနှစ်ပါးတို့က ၁၀-နှစ်သားအရွယ်တွင် ကွင်းမရွာအနောက်ကျောင်း ဆရာတော်ဦးသုဇာတထံ၌ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော် မူသည်၊ ထိုနှစ် ထိုဆရာတော်ထံ၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်၍ ၁-ဝါမျှနေပြီးလျှင် ၁၁-နှစ်သားအရွယ်တွင် ဘထွေးဦးစိန်မြကိုအမှီပြု၍ ပခုက္ကူမြို့မဟာသုခိတာရာမတိုက် ဆရာတော်ဦးဇောတိကထံသို့ ရောက်ရာ ဆရာတော်က သင်္ချာနှင့် အင်္ဂလိပ်စာပေကို သင်ကြား ပေးတော် မူသည်၊ ၁၇-နှစ်သား အရွယ်တွင် မန္တလေးမြို့ ချမ်းသာကြီးတိုက် ရတနာ့ဗိမာန်ကျောင်း (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဦးနန္ဒမာလာထံတွင် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို သင်ယူတော်မူသည်။

၁၃၁၆-ခုနှစ် ကဆုန်လဆန်း ၄ ရက်နေ့တွင် ပခုက္ကူမြို့ သာသနာ့ဝိပုလာရာမ မန္တလေးတိုက် (အဂ္ဂမဟာပဏ္ဍိတ) မဟာနာယက ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ ရှင်းမြို့ ဝါးတန်းရပ် ဦးစံသိုက်- ဒေါ်ရွှေဥ သမီး မတင်ခ်နှင့် မြင်းခန်းရွာ ဒေါ်ကျန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် မန္တလေးမြို့ ချမ်းသာကြီးတိုက် ရတနာ့ဗိမာန်ကျောင်း (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဦးနန္ဒမဉ္ဇူထံ၌ ပါဠိ ပိဋကတ် ကျမ်းဂန်များကို သင်ယူရင်း ရဟန်းသုံးဝါတွင် အစိုးရစာမေးပွဲ ငယ်-လတ်-ကြီးအဆင့်တို့၌ အောင်မြင်တော် မူသည်။ ၄ ဝါအရတွင် ဓမ္မာစရိယ စာချတန်း၌ အဋ္ဌသာလိနီ-အဋ္ဌကထာ ကျမ်းရင်းနှင့် ဝိဘင်္ဂ-ပါစိတျာဒိ ဂုဏ်ထူး ၂-ကျမ်း အောင်မြင်တော် မူသည်။

မန္တလေး ချမ်းသာကြီးတိုက် ရတနာဘုံမြေ ကျောင်း (အဂ္ဂတ္တရဘာဏက သကျသီဟ ဓမ္မာစရိယ) ဆရာတော်ဦးသောဘိတ ထံ၌ရှင်း၊ သ-အ- ဓမ္မာစရိယ ဆရာတော်ဦးသုမင်္ဂလသာမိ ထံ၌ရှင်း၊ အစိုးရဓမ္မာစရိယ ဆရာတော် ဦးပညာထံ၌ရှင်း၊ ပတ္တမြားကျောင်း ဆရာတော်ဦးပရမထံ၌ရှင်း၊ မိုးကောင်းတိုက် သ-အ ဓမ္မာစရိယ ဆရာတော်ဦးသဇ္ဇနထံ၌ရှင်း၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် (အဂ္ဂမဟာပဏ္ဍိတ) နာယက ဆရာတော်ဦးအာစိဏ္ဏထံ၌ရှင်း ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် အရပ်ရပ်ကို လိုက်ဝါဖြင့် သင်ယူတော် မူသည်။

ပရိယတ္တိဓမ္မပြည့်ဝပြီးသော ဆရာတော် ဦးတေဇဝန္တသည် ပဋိပတ္တိဓမ္မကို ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူလိုသဖြင့် ပဲခူးမြို့ သာသနာ့ရိပ်သာ ဆရာတော်ဦးပညဝါသံမှ ကမ္မဋ္ဌာန်း တရားများကို နာယူ၍ ပခုက္ကူမြို့ သာသနာ့ရိပ်သာဆရာတော်ဦးဇောတိကထံ၌ ကြိုးပမ်းအားထုတ်တော်မူသည်။ ဆရာထံ၌ စနစ်တကျ ဆရာ အားရ ကြေနပ်သည်အထိ အားထုတ်ပြီးလျှင် ဆရာတော်ဦးဇောတိက ဟောပြောသော ဉာဏ်စဉ်တရားများကို နာယူတော် မူရသည်။

## ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခြင်း

၁၃၂၆-ခုနှစ်တပေါင်းလဆန်း ၁၁-ရက်နေ့တွင် ကျေးဇူးရှင်ဆရာတော် ဦးဇောတိကပျံလွန်တော်မူသဖြင့်တပည့်ရင်းဖြစ်သော ဦးတေဇဝန္တမှာ မဟာ



ကွဲတဲ့ရွာ သာသနာ့ရိပ်သာ ဌာန ပခုက္ကူမြို့

ဆရာတော် ဦးတိက္ခဓဇ

ဆရာတော် ဦးတိက္ခဓဇ လောင်းလျာသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဖက်ပင်ရွာ ယခုဝိုပြင်ရွာ ခမည်းတော် ဦးရ-မယ်တော်ဒေါ်စုတို့မှ ၁၂၇၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁-ရက် စနေ နေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

---

သုခိတာရာမ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင်ဆရာတော်၏နေရာတွင်မလွဲမဖယ် သာ ကမ္မဋ္ဌာနာစရိယအဖြစ် ဝင်ရောက် ထမ်းဆောင် နေတော် မူရသည်။ ထိုသာသနာ့ရိပ်သာတွင် အားထုတ်ပြီး ယောဂီဦးရေမှာ (၁၆၅၇) ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်း စဉ်လာအရ ဖက်ပင်ရွာကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စထံ၌ မိဘတို့က အပ်နှံ၍ သတ္တိုသားကို ဆရာတော်က အခြေခံ သင်ပုန်းကြီးမှစ၍ ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ မြိုင်မြို့နယ် သာယာကောင်းရွာကျောင်း ဆရာတော် ဦးနာဂထံအပ်နှံ၍ ရှင်သာမဏေ အဖြစ် ရောက်ခဲ့ရာ၌ ဉာဏ်ထက်မြက်သော ရှင်တိက္ခဇေကို ဆရာတော်က လောကီတွက်ပုံ နည်းမျိုးစုံနှင့်တကွ ရှင်ကျင့်ဝတ် ဘုရားရှိခိုး၊ ဝတ်ရွတ်စဉ်၊ ပရိတ်ကြီး ၁၁-သုတ်၊ သဒ္ဒါကြီးသုတ်စဉ်များကို အာဂုံရသည်အထိ သင်ကြားပို့ချပေး တော်မူသည်။

သာမဏေအဖြစ် ၃-ဝါအရတွင် မိဘနှစ်ပါး မကျန်းမာ၍ လူဝတ်လဲပြီး လျှော် ၃-နှစ်ပတ်လုံး မိဘနှစ်ပါးကို ပြုစုစောင့်ရှောက် လုပ်ကျွေးခဲ့သည်။ အသက် ၁၈-နှစ်သဲ အရောက်တွင် သာယာကောင်း ကျောင်း ဆရာတော် ဦးနာဂထံ၌ တဖန် သာမဏေအဖြစ် ပြန်လည်ဝင်ရောက်၍ အသက် ၂၀-ပြည့်သောအခါ မြို့သာတိုက်နယ် သင်းဒေါင်းကံကျောင်း ဆရာတော် ဦးဥက္ကံသ သက်တော် ၇ဝ-ကို ဥပဇ္ဈာယ်ပြု၍ သာယာကောင်းရွာ အစ်ကိုတော်သူ ဦးဘိုးငြိမ်း ဒေါ်ဝါပွင့် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃ဝဝ-ပြည့်နှစ် တပို့တွဲ လပြည့်ကျော် ၄-ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက်ဖြင့်ပခုက္ကူ ကျဲတဲရွာအရှေ့ကျောင်း ဦးကြီးတော် ဆရာတော် ဦးနာဂိန္ဒထံ၌ဝိနည်းငယ် လေးစောင်ကို သင်ယူသည်။ တဖန် ကျောက်ပန်းတောင်း အရှေ့ရွာ ယခု ကြည်သာရွာ ကံနီကျောင်း အစ်ကိုတော် ဆရာတော် ဦးဥတ္တမထံ၌ သဒ္ဒါ နှင့် သင်္ဂြိုဟ်ကျမ်းကို သင်ယူသည်။ တဖန် ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် ဇေယျဝတီကျောင်းဆရာတော် ဦးဇနိန္ဒထံ၌ရင်း၊ (အဘိဓဇမဟာ ရဋ္ဌဂုရု) နာယက ဆရာတော်ဘုရားကြီးထံ၌ရင်း၊ ဆရာတော် ဦးဉာဏိန္ဒထံ၌ ရင်း၊ ဦးဝိမလလေး၊ ဦးဝိမလကြီးတို့ထံ၌ရင်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် အရပ်ရပ်ကို သင်ကြားအားထုတ်တော်မူခဲ့သည်။

ပရိယတ္တိ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို သင်ယူရင်း အစိုးရ ပဌမပြန် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ ငယ်-လတ်-ကြီး တန်း အထိ အောင်ပြီးချိန်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာသောကြောင့် ဤမျှဖြင့် ပင် ရပ်နားတော်မူခဲ့ရသည်။



ပျားရွာ၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ဂန္ဓေါ

## ဆရာတော် ဦးဉာဏ

ဆရာတော် ဦးဉာဏသည် အထက်ချင်းတွင်း မော်လိုက်ကြီးခရိုင် ဖောင်းပြင်မြို့နယ် တွင်နိမ်ရွာ ခမည်းတော် ဦးစံထိုက်–မယ်တော် ဒေါ်ဖွားမြင့်တို့မှ သက္ကရာဇ် ၁၂၇၅–ခုနှစ်၊ ပြာသို လပြည့်ကျော် ၁၀–ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

နောက်ကာလ၌ ကျွဲတဲအရှေ့ကျောင်း ဆရာတော် ဦးနာဂိန္ဒ ပျံလွန်တော်မူသဖြင့် ထိုကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီး အဖြစ် ဆောင်ရွက်တော်မူရသည်။ ကျောင်းတွင် တပည့် ရဟန်း သာမဏေတို့ကိုလည်း ပရိယတ္တိဓမ္မ ကျမ်းဂန် သင်ကြားပို့ချခြင်း၊ ကျောင်းသားများအား မူလတန်းအခြေအထိ စာပေသင်ပြခြင်းများဖြင့် ကျောင်းထိုင်ဘုန်းကြီးတို့၏ တာဝန်ကို ကျေပြွန်အောင် ဆောင်ရွက်တော်မူသည်။ ပရိယတ္တိဓမ္မ ဂန္ထဓုရကိုဖြည့် ဆည်းပူးပြီးကတည်းကပင် ပဋိပတ္တိဓမ္မ ဝိပဿနာဓုရ ကိုလည်း ဖြည့်ကျင့်ဆည်းပူးရန် ရည်ရွယ်ချက်ထားခဲ့ပြီးသော ဆရာတော် ဦးတိက္ခဓေသည် ၁၃၁၂ ခုနှစ် +

မိဘတို့က ရွာကျောင်း ဆရာတော်ထံ အပ်နှံ၍ ကျောင်းသားအရွယ် ငယ်စဉ်ကပင် မင်္ဂလသုတ်-ပရိတ် စသော ဘာသာရေး အခြေခံ စာပေများကို သင်ယူတတ်မြောက်ခဲ့သည်၊ တဖန် ဖောင်းပြင်မြို့နယ် ကယားရွာကျောင်း ဂိုဏ်းအုပ် ဆရာတော် ဦးနန္ဒဝံသထံတွင် သာမဏေ အဖြစ်ဖြင့် ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူတော်မူသည်။ ၁၃၀၂-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့၌ ဂိုဏ်းအုပ် ဆရာတော်ကြီး ဦးနန္ဒဝံသအား ဥပဇ္ဈာယ်ပြု၍ ကျောင်းဆရာကြီး ဦးကျော်ဒွန်း-ဒေါ်အေးမြတို့၏ ပစ္စယာနုဂ္ဂဟာကို ခံယူကာ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

ရဟန်းအဖြစ်ဖြင့် မြန်အောင်မြို့ မဟာဒမ္မိကာရာမတိုက် ဆရာတော် ဦးဝါသဝထံ၌ ၄ ဝါ,မုံရွာမြို့ရွှေကူတိုက် ဆရာတော် ဦးဇေယျသရထံ၌ ၁-ဝါ, ပါဠိ အဋ္ဌကထာ-ပဋိယတ္တိ ကျမ်းဂန်များကို သင်ယူတော်မူသည်။ ထို့နောက် ★

---

\+
တွင် စွန်းလွန်းဂူကျောင်းဆရာတော်ထံ၌ ဆရာတော် ညွှန်ပြသော ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်းအားထုတ်တော်မူသည်။

ကဒန် ၁၃၁၃-ခုနှစ်တွင် ပခုက္ကူ သုခိတာရာမ သာသနာ့ရိပ်သာသို့ ကြွရောက်လာသော ဆရာတော် ဦးပညဝါထံ၌ ဆရာတော်ညွှန်ပြသည့် အတိုင်း သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ဆရာကြေနပ်သည်အထိ ကြိုးပမ်းအားထုတ်တော်မူပြီးလျှင် မိမိနေရင်းကျောင်းသို့ပြန်ကြွတော်မူသည်။

သူတပါးအား ကမ္မဋ္ဌာန်းပေးမည်၊ ဟောပြောမည်ဟု မူလက ရည်ရွယ်ရင်းမရှိခဲ့သော်လည်း တရားအားထုတ်ကြသော ဒကာ-ဒကာမတို့၏ လိုလားတောင်းပန်မှုကြောင့် ယခုအခါ၌ ပခုက္ကူကျွတ်ရွာ နေရင်းကျောင်း၌ သတိပဋ္ဌာန် သာသနာ့ရိပ်သာ ဖွင့်လှစ်၍ အားထုတ်လိုကြသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း ဝိပဿနာ တရားများ ဟောကြားတော် မူခြင်းဖြင့် ပဋိပတ္တိ သာသနာကို ပြန့်ပွားအောင် ဆောင်ရွက်တော်မူလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီဦးရေမှာ (၅၅၅) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



ဂူကြီးမဟာစည် သာသနာ့ရိပ်သာ ရေစကြိုမြို့

## ဆရာတော် ဦးနန္ဒိယ

ဦးနန္ဒိယလောင်းလျာသည် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဓမ္မပါလရွာ ခမည်းတော် ဦးဘိုးစိုး – မယ်တော် ဒေါ်ငွေခင် တို့မှ ၁၂၇၉–ခုနှစ် ဝါခေါင် လဆန်း ၂–ရက် စနေနေ့တွင် ဖွားမြင်သော သား ရတနာ ဖြစ်သည်၊

★

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် ပြစ်မရွာကျောင်းတွင် ကျောင်းထိုင်အဖြစ် ၂-ဝါ သီတင်းသုံးနေထိုင်စဉ် ၁၃၀၀-ပြည့်နှစ်၌ သာသနာတော်တွင် အသိုအလျောက် ငြိုးငွေကာ မပျော်မမွေ့ ဖြစ်လာသဖြင့် သန့်သန့်ရှင်းရှင်း ပင် ပရိသုဒ္ဓပြုလိုက်လေသည်။ တဖန် ၁၃၀၁–ခုနှစ်တွင် ပြန်လည်၍ သတိ သံဝေဂရလာသောကြောင့် ဂန့်ဂေါမြို့ မြောက်ကုန်းကျောင်း ဆရာတော် ဦးအာစရကို ဥပဇ္ဈာယ်ပြုလျက် ၎င်းမြို့ ဒုတိယတောအုပ် ဦးရွှေလုံး၏ ပစ္စယာ နုဂ္ဂဟာကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ပြန်ပါသည်။ *

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းလမ်းစဉ်အတိုင်း မိဘတို့ ကိုးကွယ်ရင်းဖြစ်သော ရွာဦးကျောင်း ဆရာတော် ဘုရားကြီးထံ အပ်နှံ၍ ဆရာတော်ကြီးက သတို့သားအား သာသနာရေးအခြေခံဖြစ်သော စာပေများနှင့် တေ, ဇ, သု, နေ, မ, ဇာတ်တော်များကို သင်ကြားခဲ့ပါသည်။ ဆရာတော်ဘုရားကြီးထံမှာပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ရှင်နန္ဒိယဟူသော အမည်မှည့်၍ သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို သင်ကြားခဲ့ပါသည်၊ သာမဏေအဖြစ်မှ လူ့ဘောင်သို့ သက်ဆင်း၍ အမိအဘနှစ်ပါးကို ကြည်ဖြူစွာ လုပ်ကျွေးခဲ့ဘူးပါသည်။

၁၃၁၅-ခုနှစ်မှစ၍ မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဖိုလ်ဝင်းတောင်ရှိ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရိပ်သာခွဲဖြစ်သောလွမ်းစေတီ ဆရာတော် ဘုရားကြီးထံ၌ ထက်သန်သော ဝီရိယဖြင့် သတိပဋ္ဌာန်ဝိပဿနာ တရားတို့ကို ပွားများ အားထုတ်တော်မူသည်။ ၁၃၂၁-ခုနှစ် ဝါဆိုလဆုတ် ၈-ရက်နေ့တွင် မင်းစုရွာ ရဟန်းဒါယကာ ဦးကံတင့် ရဟန်းအမဒေါ်အုန်းမေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ဖိုလ်ဝင်းတောင် လွမ်းစေတီ

---

✳

နောက်သပ် ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ခြောက်ဝါခြောက်ဘွဲ ဝိပဿနာ တရားအလုပ်ဘက်သို့ ညွတ်လျက် သဒ္ဓါဆန္ဒ အားကြီးလာခဲ့သည်အလျောက် အနောက်ဂန္ဓဝေါ-ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသဒ္ဓမ္မထံ၌ ၁-လကျော်ကျော် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်တော်မူသည်။ ထိုနောက် ၁၃၁၆-ခုနှစ်၊ တပေါင်းလမှ ၁၃၁၇-ခုနှစ် နယုန်လပြည့်ကျော် ၁-ရက်အထိ ပခုက္ကူမြို့ သုခိတာရာမ သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇောတိကထံ၌ ဆရာတော်သဘောကျသည်အထိ စနစ်တကျ အားထုတ်တော်မူပြန်သည်၊

ထိုသို့ အားထုတ်တော်မူပြီးနောက် ၁၃၁၇ခု-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂-ရက်နေ့မှစ၍ ယခုအချိန်အထိ ပျားရွာ မဟာစည် ပဋိပတ္တိ သာသနာ့ရိပ်သာ တည်ထောင်ဖွင့်လှစ်လျက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်းအတိုင်း ပဋိပတ္တိသာသနာ ပြန့်ပွားရေးကို ကြိုးပမ်းအားထုတ်တော်မူလျက် ရှိပေသည်။



## အုန်းနှောက်ရွာ ဓမ္မိကာရုံ သာသနာ့ရိပ်သာ ထီးလင်း

## ဆရာတော် ဦးပညာသိဒ္ဓိ

ဆရာတော်ဦးပညာသိဒ္ဓိ လောင်းလျာသည် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် အုန်းခနှောက်ရွာ ခမည်းတော် ဦးတိုက်ဘိုး-မယ်တော် ဒေါ်ဖွားသန့်တို့မှ ၁၂၉၂-ခုနှစ် ကဆုန်လပြည့်ကျော် ၁၁-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော တတိယမြောက် သားရတနာဖြစ်သည်။

---

သတ်ိပဋ္ဌာန်တိုက် အဘွင်းရှိ သာသနာ့ သောတ်ဏ် ခေါ် ခဏ္ဍသိမ်၌ ဖိုလ်ဝင်းတောင် ကံဦးကျောင်း ဆရာတော် ဦးမာဏေယျ အရှင်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဖိုလ်ဝင်းတောင် ဆရာတော်ကြီးအထံ၌ ဝိနည်းငယ် လေးစောင်နှင့် တကွ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပိဋကတ် အခြေခံ ကျမ်းစာတို့ကို သင်ယူတော်မူခဲ့သည်။ ထို့နောက် မုံရွာမြို့ သာစံတိုက် ဆရာတော်ဘုရားကြီးထံ၌ပါဠိ *

၁၁-နှစ်သား အရွယ် ကျောင်းသားဘဝတွင် အုန်းနှောက်ကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ သာမဏေဘဝ ၁၆-နှစ်သားအရွယ် တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဓမ္မာစရိယ စာချဆရာတော် အရှင် နာယကထံတွင် ပရိယတ္တိအခြေခံကို သင်ယူပြီး အသက် ၂၉-နှစ်သို့အရောက် ၁၃၁၁-ခုနှစ် တပေါင်း လဆန်း ၁၁-ရက်နေ့တွင်ခမည်းတော် ဦးဟိုက်စိုး မယ်တော် ဒေါ်ဖွားသန့်တို့၏ ပစ္စည်းလေးပါးကို ခံယူလျက် အုန်းနှောက်ရွာ ခဏ္ဍသိမ်တွင် ရင်ရောင်း ဆရာတော် အရှင်ဇေယန္တာဒေဝကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်း ၂-ဝါအထိ ပခုက္ကူ အလယ်တိုက်ကြီးတွင် ပရိယတ္တိ သင်ရိုးကျမ်းစာများကို သင်ကြား အားထုတ်ခဲ့သည်။

ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ဆရာတော် ဦးသူရိယထံ၌၎င်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း စာချကထိက ဆရာတော်များထံ၌ ၎င်း ပိဋကတ်အခြေခံများကို သင်ကြားခဲ့သည်၊ ပရိယတ်ကို အားထုတ်ပြီး +

---

*

အဋ္ဌကထာ ဋီကာများကို ၈-ဝါကြာကြာ သင်ယူပြီး ၁၃-ဝါ အရတွင် မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ ဆရာတော် ဦးသံဝရထံ၌ ဝါတွင်း သုံးလပတ်လုံး သတိပဋ္ဌာန် တရားတို့ကို အားထုတ်လေသည်။ ၁၃၃၄-ခုနှစ် တွင် ရန်ကုန်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရား ကြီးထံ ချဉ်းကပ်ခိုလှုံ၍ တနှစ်ကြာကြာ သတိပဋ္ဌာန်တရားတို့ကို အားထုတ် ခဲ့လေသည်၊ ထို့နောက် ဝါခင်းကုန်း ဆရာတော် ဦးဇဋိလထံသို့ ပြန်ခဲ့ရာ ယင်းဆရာတော်က ရေစကြိုမြို့ ဂူကြီး မဟာစည် သာသနာ့ရိပ်သာ၌ ပဋိပတ္တိ သာသနာ့ တာဝန်ကို ထမ်းဆောင်ဘို့ တိုက်တွန်းခြင်း၊ ဂူကြီးရိပ်သာ ဂေါပက များက လာပင့်ခြင်းတို့ကြောင့် ၁၃၃၅-ခုနှစ် ဝါဆို လဆန်း ၁၁-ရက်နေ့မှ စ၍ ရေစကြိုမြို့ ဂူကြီး မဟာစည် သာသနာ့ရိပ်သာတွင် ပဋိပတ္တိ သာသနာတော် တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။ ဤရိပ်သာ သည် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဆုံးမ သြဝါဒ နည်းနာနိဿယအတိုင်း ဆရာတော် ဦးမာဃနန္ဒက တည်ထောင်ထားသော ရိပ်သာဖြစ်ပါသည်။



သုံးဆူတန်း မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာ ကျောက်ပန်းတောင်း

## ဆရာတော် ဦးပဏ္ဍိစ္စ

ဆရာတော် ဦးပဏ္ဍိစ္စလောင်းလျာသည် မကွေးခရိုင် ချောက်မြို့နယ် ဝွေးချိုရွာ ခမည်းတော် ဦးပြား-မယ်တော် ဒေါ်ဆင်တို့မှ ၁၂၇၁-ခုနှစ်၊ တော်သ

---

၂-

နောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ ၂-လခွဲမျှ ဝိပဿနာတရားများကို ကြိုးစား အားထုတ်ခဲ့သည်။ ၎င်းနောက် ကျဲတဲရိပ်သာ ဆရာတော် ဦးတိက္ခထံ၌၎င်း၊ ဂန့်ဂေါမြို့နယ် ပျားရွာ အရှင်ဉာဏထံ၌၎င်း၊ လှိုင်ကော်မြို့ ဝိမုတ္တိသုခ သာသနာ့ရိပ်သာ ဆရာတော် အရှင် အဂ္ဂဓမ္မအထံ၌၎င်း အထက်ပါ ဆရာတော်များ ညွှန်ကြားပြသသော ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို အားထုတ်တော်မူခဲ့သည်၊

၁၃၃၀-ခုနှစ်မှစ၍ ပခုက္ကူခရိုင် ထီးလင်းမြို့နယ် အုန်းနွေ့ာက်ရွာ သတိပဋ္ဌာန် သာသနာ့ရိပ်သာ ဓမ္မိကာရုံကျောင်းတွင် ကမ္မဋ္ဌာနာစရိယ x

လင်း လပြည့်ကျော် ၁၁ - ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်၊

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့ ကိုးကွယ်ရင်းဖြစ်သော ရွှေချို တောင်သာကျောင်း၊ ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ရှင်သာမဏေ အဖြစ်ကို လည်း ထိုဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တက်ရောက်တော် မူသည်။ သာမဏေအဖြစ်သို့ ရောက်လျှင် ရှင်သာမဏေတို့၏ ကျင့်ဝတ်သိက္ခာ ပုဒ်များနှင့် ပိဋကတ်အခြေခံစာပေများကို သင်ကြားတော်မူသည်။ ၁၂၉၂-ခုနှစ်၊ ပြာသိုလဆုတ် ၂-ရက်နေ့၌ ဩဘာတောရွာ ကန်နီတိုက်ဆရာတော် ဘုရားကြီး ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။

ရဟန်းအဖြစ်သို့ ရောက်သျှင် ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက်ဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာနာယကဆရာတော် ဦးပညာထံ၌၎င်း၊ ၎င်း တိုက်စာချဆရာတော်များဖြစ်ကြသော ဆရာတော် ဦးဂန္ဓမာ၊ ဆရာတော် ဦးမာဃိန္ဒ၊ ဆရာတော် ဦးပညာသီဟ တို့ထံ၌၎င်း၊ ရေနံချောင်းမြို့ ရွှေတောင် တိုက် ပါဠိတက္ကသိုလ် တိုက်အုပ်ဆရာတော် ဦးနန္ဒမာလာ၊ ၎င်းတိုက်ဆရာတော် ဦးနန္ဒောဘာသ၊ ဦးဝဏ္ဏတို့ထံ၌၎င်း ပါဠိ အဋ္ဌကထာ ဋီကာ-နေ့ဝါ ညဝါ ကျမ်းဂန်များကို ဆိုဝါ·လိုက်ဝါ နှစ်ရပ်ဖြင့် အားသစ် ကြိုးပမ်းတော်မူ ခဲ့သည်။

ပရိယတ္တိဓမ္မအရာ၌ ဗဟုသုတပြည့်ဝပြီးသော ဆရာတော် ဦးပဏ္ဍိစ္စသည် ပါရမီဓာတ်ခံရင့်သန်ပြီးဖြစ်သည်အလျောက် ပရိယတ္တိဓမ္မပြည့်ဝရုံဖြင့် အားရ

---

×

အဖြစ် ဆောင်ရွက်တော်မူလျက် တရားအားထုတ်လိုသော ယောဂီ ဒကာ-ဒကာမအပေါင်းတို့အား ဝိပဿနာကမ္မဋ္ဌာန်းများကို ပြသလျက် သာသနာ ကျိုးကို ထမ်းပိုးရွက်ဆောင်လျက် ရှိသည်၊ ယခုအခါ အနုန်းနွှောက်ချွာ မဟိဘာရုံ သတိပဋ္ဌာန်သာသနာ့ရိပ်သာ၌ တရားအားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၉၂) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရပေသည်။

# ရွှေတောင်ဦးရိပ်သာ ကျောက်ပန်းတောင်း

## ဆရာတော် ဦးသေိက

ဆရာတော် ဦးသေိက လောင်းလျာသည်ကျောက်ပန်းတောင်းမြို့ ကျောက်တံခါးရွာ ခမည်းတော်ဦးကြာမြင့် မယ်တော်ဒေါ်ငွေနှင်းတို့မှ ၁၂၉၁-ခုနှစ်၊ နယုန်လဆန်း ၅-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ အရ၊ ရွာကျောင်းဘုန်းတော်ကြီးထံ အပ်နှံ၍ သတိုးသားကို ဆရာဘုန်းတော် ★

---

နှစ်သိမ့်ခြင်းမရှိ၊ ဘုရားသာသနာတော်နှင့် ကြုံတောင့်ကြုံခဲကြုံကြိုက်လျက်ရှိရာ ပရိယတ်-ပဋိပတ်နှစ်ရပ်စလုံး ပြည့်စုံစွာ ကြိုးပမ်းအားထုတ်ရန် သဒ္ဓါ-ဆန္ဒ ပြင်းပြတော်မူခဲ့သည်။ ပြင်းပြသော ထိုသဒ္ဓါ-ဆန္ဒအလျောက် ပရိယတ္တိဓမ္မဖြင့် ပြည့်ဝပြီးရာ၌ ပဋိပတ္တိဓမ္မကို ဖြည့်ကျင့်ဆည်းပူးရန်အတွက် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒကို ခံယူပြီးလျှင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတ၏ စောင့်ရှောက်ညွှန်ပြမှုဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသည်။

ပရိယတ်-ပဋိပတ်နှစ်ရပ်ကို ကိုယ်တိုင်အားထုတ်တော်မူပြီးနောက် သာသနာတော်တွင် ကြောင့်ကြမဲ့နေတော်မမူပဲ ပဋိပတ္တိသာသနာတော်ပြန့်ပွားရေးကို အားပေးတော်မူလိုသော သဒ္ဓါ-ဆန္ဒ ပြည့်ဝတော်မူသည် အလျောက် အခြားသူတို့အား အကျိုးများစေရန်အတွက် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ သိုးဆူတန်း သတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ လာရောက်သမျှ ယောဂီတို့အား မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြတော်မူလျက်ရှိပေသည်။ ဆရာတော် ညွှန်ပြလျက်ရှိသော ထိုရိပ်သာတွင် အားထုတ်ပြီး ယောဂီဦးရေမှာ (၇၉၀) ကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ကြီးက ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူခဲ့သည်။ ထိုဘုန်းတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ တက်ရောက်တော်မူခဲ့လေသည်။ သာမဏေအဖြစ်သို့ ရောက်လာသော ရှင်သေိကကို ဆရာတော်ဘုန်းကြီးက ရှင်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို သင်ယူစေတော်မူသည်။

သက်တော် ၂၀-ပြည့်လျှင် ၁၃၁၀-ခု တပို့တွဲလဆန်း ၆-ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့ မင်္ဂလာစေတီတိုက်ဆရာတော် ဦးပဏ္ဍိတ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာတော်သစ် ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်။

အသက်အရွယ်အားဖြင့် ငယ်သေးရကား ရဟန်းတော် ဦးသေိကသည် ဓမ္မနှစ်ပါးတို့တွင် ဂန္ထဓုရကို ဖြည့်ဆည်းပူးရန် ရေနံချောင်းမြို့ ရွှေတောင်တိုက် ဆရာတော် ဦးဥက္ကာစသော စာချဆရာတော်များထံ၌၎င်း၊ ရန်ကုန်မြို့ သရက်တောတိုက် ကျောက်ပန်းတောင်းကျောင်းဆရာတော် ဦးဉာဏုတ္တရဆရာတော်ထံ၌၎င်း၊ မန္တလေးမြို့ အနောက် ထီးလင်းအလယ်တိုက်ကြီးဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)ဦးပညာဘိဝံသထံ၌၎င်း၊ တောင်သမန်တိုက်ဆရာတော် ဦးကေသဝါဘိဝံသထံ၌၎င်း၊ ညောင်ရမ်းပါဠိတက္ကသိုလ်ကထိက ဆရာတော်တို့ထံ၌၎င်း၊ ကျောက်ပန်းတောင်းမြို့ မင်္ဂလာစေတီတိုက်ဆရာတော် ဦးသုဘောဂထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ-ဋီကာ ဂန္ထန္တရကျမ်းဂန်အရပ်ရပ်ကို သင်ကြားအားထုတ်တော်မူသည်။

ရေနံချောင်း ရွှေတောင်တိုက်တွင် ကျင်းပပြုလုပ်သော ငယ်-လတ်-ကြီး စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်တော်မူသည်။ အစိုးရ ပထမပြန် စာမေးပွဲကိုဝင်ရောက်ဖြေဆိုရာငယ်-လတ်-ကြီးနှင့်တကွ(သာသနဓဇသိရီပဝရဓမ္မာစရိယ)စာချတန်းအထိ ဖြေဆိုအောင်မြင်တော်မူသည်။ထို့ပြင် မန္တလေး အနောက်ထီးလင်းတိုက်တွင် ရိုးရိုး မူလဓမ္မာစရိယ စာချ အဖြစ်ဖြင့် ၂-နှစ်၊ တက္ကသိုလ်ကထိက ဓမ္မာစရိယ အဖြစ်ဖြင့် ၃-နှစ် ပေါင်း ၅-နှစ် စာလိုက် သံသာတော် ၁၅၀-လောက်ကို စာချတော်မူသည်။

သာသနာတော်တွင် ပရိယတ္တိဓမ္မဂန္ထဓုရကို ဖြည့်ဆည်းပူးပြီးနောက် ရဟန်းတော် ဦးသေိကသည် ဆက်လက်၍ ပဋိပတ္တိဝိပဿနာဓုရကို အားသစ်ကြိုးပမ်းရန်အတွက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ အဆုံးအမ သြဝါဒကို ခံယူ



## ကံဖြူတောရရိပ်သာ ကျောက်ပန်းတောင်း

## ဆရာတော် ဦးကုမာရ

ဆရာတော်ဦးကုမာရသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ကံမြဲဇရပ်မ်း အနီး မြို့ဘရွာ ခမည်းတော် ဦးရွှေဗြင် ၊ မယ်တော် ဒေါ်ကြွယ်သူ တို့မှ သက္ကရာဇ် ၁၂၇၁ ခုနှစ် ကဆုန်လဆန်း ၁-ရက် တနင်းလာနေ့တွင် ဖွား မြင်သော သားရတနာ ဖြစ်သည်။

၇ နှစ်သားအရွယ်တွင် ဇာတိ မြို့ဘရွာကျောင်း ဆရာတော်ထံ၌အပ်နှံ၍ ထိုဆရာတော်ထံမှာပင် ရှင်သာမဏေပြုကာ လောကီ-လောကုတ္တရာ အခြေခံ

---

လျက် ကမ္မာဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ ညွှန်ပြမှုဖြင့် သတိ ပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။

ပရိယတ်–ပဋိပတ် နှစ်ရပ်စလုံး ပြည့်စုံလုံလောက်ပြီးသော ဆရာတော် ဦးသေိကသည် ပရိယတ္တိဓမ္မဂန္ထဓုရကို ဖြည့်ကျင့်ရန်လိုလားသော စာသင်သား ရဟန်း သာမဏေတို့အား စာပေပို့ချ၍ငင်း ပဋိပတ္တိဓမ္မ ဝိပဿနာဓုရကို +

စာပေများကို သင်ကြားသည်။ ၁၉-နှစ်သား အရွယ်တွင် ရှင်အဖြစ်မှ ထွက်ခဲ့လေသည်။ လူတို့ဘောင်တွင် ၂၂-နှစ်ခန့် ကျင်လည်ပြီးမှ ရင့်ကျက်သော ပါရမီကုသိုလ်၏ နှိုးဆော်မှုဖြင့် သက်တော် ၄၁ နှစ် အရောက်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရပြန်သည်။ ၁၃၁၂-ခု ထိုနှစ်မှာပင် ကဆုန်လဆန်း ၁၅-ရက်နေ့၌ မြို့ဘဆရာတော် ဦးနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ အရောက်လှမ်းခဲ့သည်။

သက်တော် ၄၁-နှစ်အရွယ် ဆိုသည်မှာ ကာယဗလ ဉာဏဗလ ပြည့်စုံသောအရွယ်ဖြစ်သောကြောင့် ဓုရနှစ်မျိုးတွင် အလိုရှိရာဓုရကို ဆောင်စွမ်းနိုင်တုံးပင် ဖြစ်သည်။ စွမ်းအားအလျောက် အစဉ်ကျကျ ဆောင်ရွက်လိုသော ဦးကုမာရသည် ရှေးဦးစွာ ဂန္ထဓုရကို ဆောင်ရွက်ရန် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွရောက်၍ ထိုတိုက်၌ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီးထံ၌၎င်း၊ ဓမ္မာစရိယ စာချ ဆရာတော်တို့ ထံ၌၎င်း နိကာယ်ငါးရပ် ပါဠိ-အဋ္ဌကထာ-ဋီကာတို့ကို ငါးနှစ်ပတ်လုံး သင်ယူတော်မူသည်၊ သင်ယူရာ၌ အတန်ငယ်နောက်ကျနေသည်ကို သိရှိသော ဆရာတော်သည် သူတပါးတို့ထက် ပို၍ ကြိုးစားအားထုတ် သင်ယူတော်မူခြင်းကြောင့် အချိန်မှီပင် နိကာယ်ငါးရပ် ပါဠိ- အဋ္ဌကထာ- ဋီကာ ကျမ်းဂန်များကို တတ်မြောက် ပေါက်ရောက်တော်မူသည်။

ဂန္ထဓုရကို ဆောင်ရွက်တော်မူပြီးသော ထိုစဉ်အခါတွင် ငှက်နန်အသင့် ကြွာအသင့်ဆိုသကဲ့သို့ ဝိပဿနာဓုရကို ဆောင်ရွက်နိုင်ရန်အတွက် ကမ္မဋ္ဌာန်း ရိပ်သာတို့မှာ အရပ်ရှစ်မျက်နှာတို့၌ အသင့်ရှိနေကြတော့သည်။ အားထုတ်လိုသည်ဆိုပါက မည်သည့်ရိပ်သာ၌မဆို အားထုတ်နိုင်သည် ဖြစ်ရကား

---

\+

ပြည့်ကျော့ရန် လိုလားသောရဟန်းတော် ယောဂီ လူယောဂီ တို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောပြောပြသ၍၎င်း ယခုအခါ ကျောက်ပန်းတောင်းမြို့ ရွှေတောင်ဦးကျောင်းတွင် နေထိုင်သီတင်းသုံးလျက် ရှိပေသည်။ တရားဓမ္မဟောပြောမှု၌ စွမ်းအားရှိတော်မူသည့်အတိုင်း (မဟာစည်မွေဂ ထိကအဖွဲ့) တွင် အဖွဲ့ဝင်အဖြစ် ပါဝင် ဟောပြောနေသော ဆရာတော်လည်း ဖြစ်ပေသည်။



မဟာစည် သာသနာ့ရိပ်သာ မြင်းခြံ

## ဆရာတော် ဦးသုန္ဒရ

ဆရာတော် ဦးသုန္ဒရသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ထန်းနေ‌ာင်းတိုင်ရွာကြီးအနီး ချောင်းပေါက်အိုင် (နိဗ္ဗာယ) အေးရွာ ခမည်းတော် ဦးထိုက်-မယ်တော် ဒေါ်အေးမယ်တို့မှ သက္ကရာဇ် ၁၂၆၉-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉-ရက် သောကြာနေ့ နံနက် ၁၁-နာရီ ၄၅-မိနစ် အချိန်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

အသက် ၉-နှစ် အရွယ် ငယ်ငယ်ကပင် ရှင်သာမဏေ အဖြစ် တက်ရောက်၍ အေးရွာ ဆရာတော် ဦးပုည၊ ဦးကောသလ္လ တို့ထံ၌ဂုဏ်း၊ မြို့ဘ

×

---

ရှေးဦးစွာ ပခုက္ကူမြို့ မဟာစည် သာသနာ့ရိပ်သာတွင် ဝင်ရောက်၍ ထိုရိပ်သာ ဆရာတော်ထံ၌ ၄ လတိုင်တိုင် အားထုတ်တော်မူသည်။ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ထံ၌ ၁၅-ရက် နှစ်ကြိမ်၊ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော်ထံတွင် ၁၅-ရက်၊ ✻

× ဆရာတော် ဦးကလျာဏ၊ ဦးသုမန တို့ထံ၌၎င်း၊ မရှိးကုန်း ဆရာတော် ဦးသောမ ထံ၌၎င်း၊ ကစ္စည်းသဒ္ဒါကြီး သဒ္ဒါငယ် ၅ စောင်ပုဒ်စစ် ရူပသိဒ္ဓိ မောဂ္ဂလ္လာန် စသော သဒ္ဒါသက်ဆိုင်ရာ ကျမ်းဂန်များကို၎င်း၊ သင်္ဂြိုဟ် ဋီကာကျော် သင်္ခေပဋီကာ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ ဟူသော အဘိဓမ္မာ ဘက်ဆိုင်ရာနေ့ဝါများကို၎င်း၊ မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း ဟူသော အဘိဓမ္မာ ညဝါများကို၎င်း၊ ဆိုဝါလိုက်ဝါ နှစ်မျိုးလုံးဖြင့် ကိုယ်တိုင် သင်ယူရင်း စာသင်ငယ်တို့အားလည်းချပို့တော်မူသည်။ ရှင်သာမဏေ ဝါ ၁၁-ဝါရရှိ၍ သက်တော် ၂၀-အပြည့်တွင် ၁၂၈၈-ခုနှစ် တပို့တွဲ လပြည့်ကျော် ၈-ရက်နေ့ ၁-နာရီအချိန်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် ဆရာတော် ဦးပညာ (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော် ဦးသုန္ဒရ စသော ဆရာတော်ဘုရားကြီးတို့ကို နာယက ကာရကအဖြစ် ပါဝင်၍ သောက်ချာပင် ဆရာတော် ဦးဝါယမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘုရားကြီးများနှင့် ထို တိုက် စာချ ဆရာတော် တို့ထံတွင် သုံးနှစ်ပတ်လုံး နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့ကို ဆိုဝါ လိုက်ဝါတို့ဖြင့်၎င်း၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်ကိုက်မှနေ၍ ချမ်းသာကြီးတိုက်ဆရာတော်ဦးလက္ခဏ၊ ညောင်ချမ်းဆရာတော် ဦးရေဝတ၊ တောင်သမန်ဆရာတော် ဦးဝိမလ တို့ ထံတွင် သုံးနှစ်ပတ်လုံး ဆိုဝါလိုက်ဝါတို့ဖြင့်၎င်း၊ အမရပူရမြို့ မင်္ဂလာတိုက်

---

*
မြင်းခြံမြို့ မန်ကျည်းစုချပ် မဟာစည် သာသနာ့ရိပ်သာခွဲ ဆရာတော် ဦးသုန္ဒရထံ၌ ၂-နှစ်တိုင်တိုင် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်တော်မူသည်။

စနစ်တကျ အားထုတ်တော်မူပြီး၍ ယခုအခါ မြင်းခြံခရိုင် ကျောက် ပန်းတောင်းမြို့နယ် ကံဖြူတောရရိပ်သာတွင် ၁၃၂၃-ခုနှစ်မှစ၍ မဟာစည် ဝိပဿနာပြန့်ပွားရေး သတိပဋ္ဌာန်လုပ်ငန်း တာဝန်ကို ဆောင်ရွက်လျက် ရှိသည်၊

ဟောင်း တိုက်သစ်ဆရာတော်တို့ထံတွင် ယမိုက် ပဋ္ဌာန်းညဝါဒ်တို့ကို ထပ်မံ၍ ဆိုဝါဖြင့် သင်ယူရင်း စာသင်ငယ်တို့အားလည်း ပို့ချတော်မူသည်။

အမရပူရမြို့တွင် ညဝါများကို သင်ယူပို့ချတော်မူရင်း ဉာဏ်အား ဝီရိယအား ထက်မြက်သောဆရာတော် ဖြစ်သည်အလျောက် လက်သမားကျောင်း ဆရာတော်ထံတွင် ဗေဒင်လက်ရိုး ကျမ်းငါးမျိုးတို့ကိုလည်း တွက်ရိုး ကုန်သည်အထိ ဗဟုသုတ အဖြစ် လေ့လာသင်ယူတော်မူနိုင်ခဲ့သည်။

သိက္ခာတော် ၉-ဝါအရတွင် မြင်းခြံခရိုင် တောင်သာမြို့နယ် ကံမြဲဇကျမ်းရွာကြီးအနီး မြို့ဘရွာရှေ့ကျောင်း ဆရာတော် ဦးသုမန၏ အမွေရကျောင်း၌ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်တည်ထောင်ကာ သောတုဇနစာသင်သားတို့အား ပဌမပြန်ဆိုင်ရာ စာပေကျမ်းဂန်များကို ၉-နှစ်တိုင်တိုင် သင်ကြားပို့ချရင်း ပရိယတ္တိသာသနာ တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

မြန်မာပြည်တပြည်လုံး တည်ငြိမ်ခြင်းမရှိသော ဂျပန်ခေတ်၌ ပဋိပတ္တိလုပ်ငန်းဘက်သို့လှည့်ခဲ့ပြီးလျှင် ပါရမီရင့်သန် သံဝေဂဉာဏ်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းလမ်းစဉ်များကို ဆရာနည်းစုံစွာ လေ့လာ အားထုတ်တော်မူပြီးနောက် လွတ်လပ်ရေးခေတ်သို့ ရောက်ခဲ့ရာ၌ ခေတ်ပျက် အဘွင်းတွင် ဆုတ်ယုတ်နေသော ပရိယတ္တိ သာသနာတော်အတွက် ပြန်လည် ထူထောင်ရန် မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူ တိုက်ခွဲ ဆရာတော် ဦးသောဘိတနှင့်အတူ နာယက အဖြစ်ဖြင့် ပရိယတ္တိ အားထုတ်လိုသော စာသင်သားရှင်ရဟန်းတို့အား လက်ခံ၍ ပဌမပြန် စာပေကျမ်းဂန်များကို ၂-နှစ်နှင့် ၆ လခန့်မျှ ပို့ချနည်းပေးလျက် ပရိယတ္တိ သာသနာတော်ကို ပြုစု ပျိုးထောင်တော်မူသည်။

၁၃၁၂-ခုနှစ် နယုန်လဘွင် ရွှေဘိုနယ် ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွ၍ ရွှေစေတီဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာ ဆရာကြွက် ဆရာကြံတို့ညွှန်ပြသော မဟာစည် ဆရာတော်ဘုရားကြီး၏ဝိပဿနာ ရှုမှတ်နည်း နိသျည်းကို ၆-လတိုင်တိုင် ကြိုးပမ်း ရှုမှတ်တော်မူသည်။ ဝိပဿနာ တရားကို ဆရာနည်းကျ အားရအောင် အားထုတ်တော်မူပြီးလျှင် အရပ်ရပ်ရှိ ကျောင်းထိုင်စာချ ဓမ္မာစရိယ စသော သမဂ္ဂသံဃာတော် ၃၀-ကျော်တို့အား ကြွလိုရာ ကမ္မဋ္ဌာန်း ဌာနများသို့ ကြွရောက်တော် မူနိုင်ကြရန် တိုက်တွန်း ပို့ဆောင်သူ မဂ္ဂဒေသက အဖြစ် ၈-လတာမျှ တာဝန်ယူဆောင်ရွက်တော်မူသည်။



မဟာစည် သာသနာ့ရိပ်သာ မြင်းခြံ

## မဟာစည် ဓမ္မကထိက ဦးနရပတိ

ဆရာတော် ဦးနရပတိ လောင်းလျာသည် စစ်ကိုင်းခရိုင်၊ ရေဦးမြို့နယ် ပင်စိမ်းခင်းရွာ ခမည်းတော်ဦးဘလွင်-မယ်တော် ဒေါ်ဒေါ်မေတို့မှ ၁၃၀၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

၁၃၁၃ခုနှစ် နယုန်လဆန်း ၈-ရက်နေ့တွင် ရဋ္ဌဂုရုဆရာတော် ဘုရားကြီး၏ အမိန့်အရ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးသို့ ပြန်၍ ပဋ္ဌမပြန် စာချအဖြစ်ဖြင့် ၅-နှစ်တိုင်တိုင် ဆောင်ရွက်နေစဉ် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာတွင် ကျင်းပသော ဆဋ္ဌသံဂါယနာ ပဏာမအစည်းအဝေးအတွက်၄င်း ဣတိဝုတ္တက ပါဠိဝိသောဓကအဖွဲ့အတွက်၎င်း၊ သံဂီတိကာရက အဖွဲ့အတွက်၎င်း၊ မဟာဝိသုတာရာမ တိုက်ကြီး၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူရသည်။ ဤသို့သော တိုက်တာ၏တာဝန် သာသနာတော်၏ သံဂါယနာတင် တာဝန်တို့ကို ဆောင်ရွက်တော်မူရင်း အားလပ်ခွင့်ရရာ

ကျောင်းသားအရွယ် ငယ်စဉ်က မိဘနှစ်ပါးတို့က ပင်စိမ်းခင်း မဟာသုခဝတီကျောင်း ဆရာတော်ထံ၌ အပ်နှံ၍ ဆရာတော်က သတ္တိသားအား ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပို့ချ ပေးတော်မူသည်။ ၁၃-နှစ်သားအရွယ်သို့ ရောက်လျှင် စစ်ကိုင်းတောင်ရိုး၊ လေးကျွန်းသာယာ ချောင် ဆရာတော် ဦးဇောတထံ၌ စစ်ကိုင်းတောင်ရိုး ပုသိမ်ချောင် ဓမ္မာစရိယ ဒေါ်ပညာသိဂီ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဆရာတော်က ရှင်နရပတိ-ဟူသော ဘွဲ့အမည်ကို ပေး၍ ရှင်သာမဏေတို့ ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေ ကျမ်းဂန်များကို သင်ကြားပို့ချ ပေးတော်မူသည်။

၁၃၂၃-ခု ပဌမဝါဆိုလဆန်း ၁၁-ရက်နေ့၌ သက်တော် ၂၀-အပြည့်တွင် စစ်ကိုင်းတောင်ရိုး လေးကျွန်းသာယာချောင်- ဆရာတော် ဦးဇောတကိုပင် ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ၄၁-လမ်း ဥပုသ်တော်ကုန်း ဇောတိကစက်ချုပ်ဌာန အဘ ဦးငြိမ်း-သမီး မသောင်းစိန်၊ ညီမ မမ-တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

---

ကြားကာလအချိန်၌ အေးရွာ-မြို့ဘုရွာ-ကံမြဲရွာ စသော ကျေးရွာများသို့ ကြွရောက်လှည့်လည်ကာ မဟာစည်ဝိပဿနာ ပြန့်ပွားရေး မဟာသတိပဋ္ဌာန် ကျင့်စဉ်တရားများကို ဟောကြားပြသတော်မူသည်။

၁၃၁၇-ခုနှစ် ဝါဆိုလဘွင် မဟာဝိသုတာရာမတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၏အမိန့်အရ မြင်းခြံမြို့ မန်ကျည်းပင်စုရပ် မဟာစည်သာသနာ့ရိပ်သာခွဲတွင် ပရိယတ် ပဋိပတ် နှစ်ရပ်သော လုပ်ငန်းတို့ကို သင့်လျော်သလို အချိန်ပေးလျက် သောတုဇန စာသင်သားတို့နှင့် ဝိပဿနာတရားပွားများအားထုတ်လိုသူ ယောဂီတို့အား သင်ကြားပို့ချ ညွှန်ပြဟောကြားတော်မူလျက် ရှိပေသည်။ ထိုမန်ကျည်းပင်စု မဟာစည်သာသနာ့ရိပ်သာခွဲ၌ လာရောက်အားထုတ်ကြပြီးသော ယောဂီဦးရေမှာ (၃၉၉၄)ဦးရှိသွားပြီဖြစ်ကြောင်း သိရှိရပေသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ရဟန်းတော် ဦးနရပတိသည် ဥပဇ္ဈာယ် ဆရာတော်ထံ၌၎င်း၊ ထိုချောင် စာချဆရာတော် ဦးဣန္ဒာသီရိ ထံ၌၎င်း၊ လေးကျွန်းချမ်းသာ ဆရာတော် ဦးသောဘိတ (အဂ္ဂမဟာ ပဏ္ဍိတ) ထံ၌၎င်း၊ ရွှေဦးတိုက်သစ် ဇေယျသိမ် ပါဠိတက္ကသိုလ် ဆရာတော် ဦးပညိန္ဒာဘိဝံသထံ၌၎င်း၊ ထိုတိုက် စာချဆရာတော် ဦးအဂ္ဂဝံသ(သိရေမဏိ) ထံ၌၎င်း၊ မအူလေးကျောင်း ဆရာတော် ဦးဓမ္မသာမိထံ၌၎င်း၊ ဇမ္ဗူထိန် လင်း ဦးကေတုမာလာ၊ ပဌာန်း သိပ္ပံ ဆရာတော် ဦးဣန္ဒက၊ မန္တလေး မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဦးသာသနာဘိဝံသ၊ ထိုတိုက် စာချဆရာတော် ဦးအာစိဏ္ဏာဘိဝံသ၊ ပခုက္ကူ အလည်တိုက်ကြီး တိုက်အုပ်ဆရာတော် ဦးနန္ဒိယ၊ တိပိဋကစရ ဆရာတော် ဦးနေမိန္ဒ၊ မြင်းခြံမြို့ မန်ကျည်းပင်စု မဟာစည် သာသနာ့ရိပ်သာ ပထမ နာယက ဆရာတော် ဦးသုန္ဒရတို့ထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရ အရပ်ရပ်ကို ပေါက်မြောက်အောင် သင်ကြား အားထုတ်တော်မူသည်။

ဂန္ထန္တရ ကျမ်းဂန် အရပ်ရပ်ကို သင်ကြားနေစဉ် သွားရင်း ဟန်နှင့် သဘောဖြင့် အဘိဓမ္မာစာမေးပွဲ၌ တတိယအဆင့်အထိ၎င်း၊ မြတောင်တိုက် ဝိနယာဓိက စာမေးပွဲ၌ ငယ်-လတ်-ကြီး အဆင့်များကို၎င်း၊ အောင်မြင် တော်မူသည့်ပြင် အစိုးရစာမေးပွဲ ငယ်-လတ်-ကြီးနှင့် ဓမ္မာစရိယ အဆင့်ကို လည်း အောင်မြင်တော်မူသည်။

စာမေးပွဲအသီးသီးကို အောင်မြင်သည်အထိ ပရိယတ္တိဓမ္မကို အားထုတ် သင်ကြားပြီးနောက် ဆရာကောင်း သမားကောင်းတို့၏ ဩဝါဒရရှိခဲ့သူ ပုဂ္ဂိုလ်ဖြစ်သည့် အတိုင်း ပရိယတ္တိဓမ္မဖြင့်သာ အားရကြေနပ် နှစ်သိမ့်၍ မနေပဲ ပဋိပတ္တိဘက်သို့လှည့်ကာ မြင်းခြံမြို့ မကျည်းပင်စုရပ် မဟာစည် သာသနာ့ရိပ်သာ နာယကဆရာတော်ထံ မှီခိုလျက် လက်ထောက် ကမ္မဋ္ဌာနာ စရိယဆရာတော် ဦးဣန္ဒာစက္ကတို့ထံ သတိပဋ္ဌာန် ဝိပဿနာ တရားများကို ရက်ပေါင်း ၅၀-ပတ်လုံး ပွားများ အားထုတ်တော်မူသည်။

ဆရာတော် ဦးနရပတိသည် ပရိယတ် ပဋိပတ် နှစ်ရပ်လုံး နှံ့နှံ့စပ်စပ် သင်ယူ အားထုတ်ပြီးသည့်အလျောက် မြင်းခြံမြို့ မန်ကျည်းပင်စု မဟာစည် သာသနာ့ရိပ်သာ လက်ထောက် ကမ္မဋ္ဌာနာစရိယနှင့် ဓမ္မကထိကအဖြစ်ဖြင့် ၎င်း၊မဟာစည် ဓမ္မကထိက အဖွဲ့ဝင်အဖြစ်ဖြင့်၎င်း ဆောင်ရွက်တော်မူလျက် ပဋိပတ္တိ သာသနာတော်ကို အားပေးပြုစုတော်မူလျက် ရှိပေသည်။



နွားထိုးကြီး၊ ကျောက်တန်း သာသနာ့ရိပ်သာ မြင်းခြံ

## ဆရာတော် ဦးကုသလ

ဆရာတော် ဦးကုသလလောင်းလျာသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မင်းစုရွာ ခမည်းတော် ဦးဆန်များ-မယ်တော် ဒေါ်စိုးရင်မ်တို့မှ ၁၂၇၂-ခု၊ ဒုတိယ ဝါဆိုလဆန်း ၇-ရက် တနင်းလာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၅-နှစ်သားအရွယ်တွင် ဝက်လက်မြို့နယ် လိန်ပင်ရွာ တောင်ဝတ်ရှိ ကျောင်းဆရာတော်ထံ မိဘတို့က အပ်နှံ၍ သတို့သားအား ဆရာတော်ကြီးက ဘာသာရေးအခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ၇-နှစ်သား အရွယ်တွင် မိခင်၏ ဇာတိရွာ အင်ကြင်းပင်သို့ ပြောင်းရွှေ့လျက် ထိုကျောင်း ဆရာတော်ဘုရားကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်၊ ရှင်သာမဏေအဖြစ် ရောက်လာရာ၌ ရှင်ကုသလဟူ သော ဘွဲ့အမည်ပေးပြီးလျှင် ရှင်တို့ ကျင့်ဝတ်သိက္ခာပုဒ်နှင့် အခြေခံစာပေ ကျမ်းဂန်များကို ဆရာတော်က သင်ကြားပေးတော်မူသည်။

ရှင်သာမဏေအဖြစ် ၇-ဝါမြောက်တွင် အိုမင်းပြီဖြစ်သော မိခင်ကြီးကို လုပ်ကျွေးသမှုပြုရန် ရှင်သာမဏေအဖြစ်မှ ထွက်ခဲ့ရသည်၊ မိခင်အိုကြီးကို လုပ်ကျွေးပြုစုရင်း ဗေဒင်ကျမ်း နက္ခတ်ကျမ်း သဘာဝဓမ္မဆေးကျမ်းများကို လေ့လာသင်ကြားခဲ့သည်၊ ရှစ်လုံးတပိုဒ် လေးပုဒ်တဂါထာ ဖွဲ့စီထားသော ဂါထာတပုဒ်ကိုသုံးခေါက်ကြည့်ရုံဖြင့်အရလေ့ကျက်နိုင်စွမ်းရှိ၍ထူးထူးချွန်ချွန် ဉာဏ်ထက်မျက်သော ပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း အားထုတ်သမျှသော ဗေဒင်ကျမ်းစသည်ကို မပင်မပန်း သင်ယူတတ်မြောက်ခဲ့သဖြင့် နက္ခတ် ဗေဒင်ဆရာ ဆေးဆရာအဖြစ်ဖြင့် ဖြောင့်မှန်စွာ အသက်မွေးခဲ့သည်။

၁၃၁၃-ခုနှစ်တွင် ဝေဘူဆရာတော်ထံ၌ ၅-လပတ်လုံး လူဝတ်နှင့်ပင် ကမ္မဋ္ဌာန်းတရားများကို အားထုတ်ခဲ့သည်၊ ပါရမီဓာတ်ခံရင့်သန်ပြီးဖြစ်သည့် အလျောက် စာပေကျမ်းဂန်ကြည့်ရှုလေ့လာမှု ကမ္မဋ္ဌာန်းတရားပွားများမှုတို့၌ ဝါသနာထုံလှရကား မပြတ်လေ့လာအားထုတ် ပွားများခဲ့သည်၊ ၁၃၁၉-ခုနှစ်၊ တော်သလင်းလဆန်း ၄-ရက်နေ့တွင် သင်မြွန်းရွာကျောင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပျားရွာ ဦးစံလှ ဒေါ်ခင်ကြည်၊ ဦးသောင်းညွန့် ဒေါ်စော၊ ဒေါ်ထိုက်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ် ဆရာတော်ဘုရားထံ ခွင့်ပန်၍ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် စကြာတောင်အနီး ရှေးရွာဟောင်း ကုန်း မည်သူမျှ နေထိုင်သူမရှိ နေထိုင် ကင်းမဲ့နေသည်မှာ ကြာမြင့်လှပြီ ဖြစ် သော ကျောင်းပျက်ကြီးတွင် သီတင်းသုံးလျက် နေ့အချိန်တွင် ကျောင်းပျက် ကြီးအနီးရှိ သုံးထပ်ဂူကြီးအတွင်း သွားရောက်ပြီးလျှင် ကမ္မဋ္ဌာန်းတရားများ ကိုပွားများအားထုတ်တော်မူသည်၊ ကေသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ ရုက္ခမူဓု တင်၊အဗ္ဘောကာသိကဓုတင်၊ နိသဇ္ဇဓုတင်၊ တိစီဝရိက်ဓု ဘင်စသော ဓုတင်များ ကိုလည်း ကျင့်ဆောင်တော်မူသည်။

၁၃၂၂-ခုနှစ်တွင် စစ်ကိုင်း ဆင်မျှားရှင်ဆရာတော်, ဝက်လက် မစိုးရိမ် ဆရာတော် ၂ ပါးတို့က ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံအပ်နှံ၍ ပေးတော်မူကြသဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ကြည်ဖြူစွာ လက်ခံတော်မူသည့်အတိုင်း ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကို ခံယူလျက် ထိုရိပ်သာရှိ ကမ္မဋ္ဌာနာ စရိယ ဆရာတော်တို့ အားရ ကြေနပ်သည်အထိ အားထုတ်တော် မူခဲ့သည်။



## သစ်တော်ဗျား မြေနီတောင်တောရ သာသနာ့ရိပ်သာ ကျောက်ဆည်

## ဆရာတော် ဦးဉာဏာလင်္ကာရ

ဆရာတော် ဦးဉာဏာလင်္ကာရသည် စစ်ကိုင်းခရိုင် အင်းဝမြို့နယ် (တံတား ဦးမြို့နယ်) ညောင်ပင်သာရွာ ခမည်းတော် ဦးဆန် မယ်တော် ဒေါ်ညိုမယ် တို့မှ ၁၃၀၂-ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၅-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားဦးရတနာဖြစ်သည်။

---

ထိုသို့အားထုတ်နေစဉ် မြင်းခြံမြို့ နွားထိုးကြီးနယ် ကျောက်တန်းရွာ ဒကာ ဒကာမတို့က ဆရာတော် ဦးကုသလအား ကျောက်တန်း သာသနာ့ ရိပ်သာ ကမ္မဋ္ဌာနာစရိယအဖြစ် ခွင့်ပြုပါရန် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ လျှောက်ထားတောင်းပန်ခဲ့ရာ၌ ဆရာတော်ဘုရားကြီး၏ ခွင့်ပြု ချက်ဖြင့် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို နာယူကာ ယခုအခါ ထိုကျောက် တန်းသာသနာ့ရိပ်သာတွင် ပဓာန နာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ရောက်

ကျောင်းထားချိန် အရွယ်ဘွင် စပါးတွင်း ဆရာတော်ဦးကေသဝထံ မိဘတို့က အပ်နှံ၍ ဆရာတော်ကသတို့သားကိုဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ ထိုဆရာတော်ထံမှာပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်သာမဏေ တို့၏ ကျင့်ဝတ် သိက္ခာနှင့် အခြေခံ စာပေများကို ထိုဆရာတော်ထံမှာပင် သင်ယူခဲ့သည်၊

ရန်ကုန်မြို့ ဆည်မြောင်းဌာန မြို့နယ် အင်ဂျင်နီယာ ဦးသိန်း-ဒေါ်သန်းညွန့် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကမာရွတ် သီရိမင်္ဂလာ ပျော်ဘွယ် ပါဠိတက္ကသိုလ် ဆရာတော် ဦးဥဇ္ဇောတာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာသနာတော်ကမ်း ရဟန်းအဖြစ်သို့ တက်ရောက်တော်မူခဲ့သည်။

ပိဋကတ် အခြေခံ ကျမ်းစာများကို ဥပဇ္ဈာယ် ဆရာတော်ထံမှာ သင်ယူပြီးနောက် အမရပူရမြို့ ဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသထံ၌ ၎င်း, ရန်ကုန်မြို့ ကမာရွတ် သီရိမင်္ဂလာ ပျော်ဘွယ်ကျောင်းတိုက် (ပါဠိတက္ကသိုလ်) ဆရာတော် ဦးဥဇ္ဇောတာဘိဝံသ၊ ဦးတိလောက (မွေ့ာစရိယ-ဘီအေ) တို့ထံ၌၎င်း, ရန်ကုန်မြို့ ကြည့်မြင်တိုင် အောင်မင်္ဂလာသိမ်ကျောင်းတိုက် ဆရာတော် ဦးဥတ္တမထံ၌၎င်း, မြစ်သားမြို့ တည်းတော်ရာ ရွှေကျင်

+

လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားဟောပြောခြင်း၊ ကမ္မဋ္ဌာန်းတရားပေးခြင်းစသော ပဋိပတ္တိသာသနာတော်ဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၉၇၅)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဆရာတော်ဦးကုသလမှာ တရားဓမ္မ ဟောပြောရာ၌လည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒနည်းကို ခံယူရရှိခဲ့သည့်အတိုင်း ဝိပဿနာတရားများကို ပါဠိတော် အဋ္ဌကထာဋီကာလာအတိုင်း ကောင်းစွာ ဟောစွမ်းနိုင်သော ဆရာတော်ဖြစ်သည့်အလျောက် (မဟာစည် ဓမ္မကထိက အဖွဲ့ဝင်)တပါးလည်း ဖြစ်ပေသည်။



## ပြင်ဦးလွင် မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာ မေမြို့
## ဆရာတော် ဦးအာစရ

ဆရာတော် ဦးအာစရသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ချောင်းဆုံရွာ ခမည်းတော် ဗိသုကာဆရာ လက်သမားကြီး ဦးပု·မယ်တော် ဒေါ်ရှိတို့မှ ၁၂၇၆–ခုနှစ် ဘောသသင်းလဆန်း ၄·ရက် တနင်္ဂနွေ နေ့ဘွင် ဖွားမြင်သော သားရတနာဖြစ်သည်။

★

---

ကျောင်းတိုက် ဆရာတော် ဦးကေသရ၊ ဦးသမ္မာညနတို့ထံ၌ရင်း ပိဋကတ် ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိဓမ္မကို ကြိုးပမ်း အားထုတ်တော်မူပြီးနောက် ပဋိပတ္တိ သာသနာတော် လုပ်ငန်းကို ကြိုးပမ်းတော်မူရန် ၁၂·၀၁ အရတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ပွားများ အားထုတ် တော်မူသည်။

★ ၅-နှစ်သား အရွယ် ငယ်ငယ်ကပင် မိဘတို့က မူလစာချဆရာတော် ဦးခေမာထံ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ ၇-နှစ်သား အရွယ်တွင် အဘိုးဖြစ်သူ ပန်းချီဆရာကြီး ဦးမျိုး၏ ပစ္စယာနုဂ္ဂဟဖြင့် ငယ်ဆရာ ဦးခေမာ ထံ၌ပင် ရှင်သာမဏေအဖြစ် တက်ရောက်တော် မူခဲ့သည်။ ၁၀-နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော် တို့က ထပ်မံ၍ ရှင်ပြု မင်္ဂလာသဘင် ဆင်ယင်ပြန်သည်။

ရှင်သာမဏေအဖြစ်ဖြင့် သဒ္ဒါ-သင်္ဂြိုဟ် စသော အခြေခံ စာပေများကို သင်ယူခဲ့သည်၊ သက်တော် ၂၀ ပြည့်မြောက်သည့်အခါ ငယ်ဆရာဦးခေမာကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ ၃၀-ကျော်ဖြင့် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် သက္ကရာဇ် ၁၂၉၅-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့၌ မြင့်မြတ်သော အသက်တန်း ရဟန်းအဖြစ်သို့ရောက်တော်မူသည်၊

ဥပဇ္ဈာယ် ဆရာတော်နှင့်အတူ နေထိုင်စဉ် ၁၂၉၈-ခုနှစ် ၃-ဝါ အရတွင် ရွှေဘိုမြို့ပခန်းတိုက်၌ စာချနေသော ဦးရိုးတော် ဦးသုဝဏ္ဏအား စဥ့်ကူးမြို့ ပရိယတ္တိ သာသနာ့ဟိတ အသင်း လူကြီးမင်းတို့က သာသနာပြု ပင့်ဆောင်ရာတွင် နောက်ပါရဟန်းအဖြစ် လိုက်ပါရလေသည်။ ဦးရိုးတော် ဦးသုဝဏ္ဏထံတွင် ပိဋကတ် စာပေများကို သင်ယူရင်း ရဟန်းငယ်တို့အား သဒ္ဒါ သင်္ဂြိုဟ် စသော အောက်အခြေခံ စာပေများကို ပို့ချတော်မူသည်။

---

❁

ကမ္မဋ္ဌာန်းဆရာ သဘောကျ အားရအောင် ကြိုးပမ်း အားထုတ်တော်မူပြီးနောက် မိမိအားထုတ်ပြီး တရားများကို မိမိကိုယ်တိုင်လည်း ထပ်မံပွားများ သူတပါးတို့အားလည်း ဟောကြားဖြန့်ဝေတော် မူလိုရကား ကျောက်ဆည်မြို့နယ် သစ်တော်ဗျားရွာ မြေနီတောင် တောရ သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ်ဆောင်ရွက်ကာ ရောက်လာသမျှသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ဟောပြောညွှန်ပြတော်မူလျက် ရှိပေသည်။ ယင်းရိပ်သာ၌လာရောက်အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၁၂) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဦးရိုးတော် ဦးသုဝဏ္ဏနှင့်အတူ ၄-နှစ်ပတ်လုံး ထိုသို့သင်ယူပို့ချ နေခဲ့ပြီး နောက် ၁၃၀၅-ခုနှစ် ၅-ဝါအရတွင် မန္တလေးမြို့ တောင်ပြင် ဘုရားကြီး တိုက် အလည်တိုက်ကြီးဆရာတော် ဦးဥေယျထံတွင်၎င်း၊ အခြားသော စာချ ဆရာတော်တို့ထံတွင်၎င်း၊ ပို့ချသော စာဝါများကိုနာယူ၍ မန္တလေးစာချ နည်းကို မှတ်သားလေ့လာတော်မူသည်။

မန္တလေးဆရာတော်တို့၏ နည်းနာနယကို ၅-နှစ် သင်ယူလေ့လာနေ တော်မူစဉ် ဦးရိုးတော် ဦးသုဝဏ္ဏ၏ အမိန့်ဖြင့် စဥ့်ကူးမြို့သို့ပြန်၍ စာပေပို့ ချရပြန်သည်။ ဦးရိုးတော်၏ထံတွင် စာပေပို့ချနေစဉ် ခင်ဦးမြို့သူမြို့သားတို့ ၏ တောင်းပန်လျှောက်ထားချက်အရ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ခင်ဦးမြို့ လောကမာရဇိန် ကျောင်းတိုက်သို့ ကြွရောက်၍ နိုင်ငံတော်မင်္ဂလာ စာမေးပွဲ အတွက် သင်တန်းဖွင့်၍ မင်္ဂလာတရားတော်ကို သင်တန်းသူ သင်တန်းသား တို့အား သင်ကြားပေးရသည်၊ ထိုသို့ သင်ကြားပေးနေစဉ်မှာ ရွှေစေတီ ဆရာတော် ဘုရားကြီးနှင့် မဟာစည် ဆရာတော်ဘုရားကြီးတို့၏ ဝိပဿနာ တရားကို နာကြားရသဖြင့် ဝိပဿနာအလုပ် အားထုတ်ရန် စေတနာ သဒ္ဓါ တရား ဖြစ်ပွားလာလေတော့သည်။

ဖြစ်ပေါ်လာသော စေတနာသဒ္ဓါတရားကို လျှောက်ထားရာ ရွှေစေတီ ဆရာတော်နှင့် မဟာစည် ဆရာတော်ဘုရားများ၏ ညွှန်ကြားချက်အရ ဆိပ်ခွန် မဟာစည်တိုက်သို့ ကြွရောက်လျက် ကမ္မဋ္ဌာနာစရိယ ဆရာကြွက်ထံ ချဉ်းကပ်၍ ဆရာကြွက် ညွှန်ကြား ပြသသည့်အတိုင်း မဟာစည် ရှုမှတ် နည်းကို အားထုတ် ရှုမှတ်တော်မူသည်။ ၂၄-ရက်လုံးလုံး အပြင်းအထန် အားထုတ်လိုက်ရာ ဆရာ နှစ်သက် အားရသော အခြေသို့ ရောက်သွား တော့သည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြား တော်မူသော ဓမ္မာဒါသသုတ် တရားတော်ကို နာယူမှတ်သားခြင်း၊ ရွှေစေတီ ဆရာတော်ဘုရား ချပို့နေသော မူလပဏ္ဏာသပါဠိတော်ကို သင်ယူမှတ်သား ခြင်းများဖြင့် ကမ္မဋ္ဌာန်းနှင့်ဆိုင်ရာ စာပေများကို အရေးပေး လေ့လာနေစဉ် ရွှေဘိုကမ္မဋ္ဌာန်းရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ လစ်လပ်နေသဖြင့် ရွှေစေတီဆရာ တော်ဘုရားကြီး၏ အမိန့်အရ ရွှေဘို ကမ္မဋ္ဌာန်းရိပ်သာသို့ ကြွရောက်၍ ကမ္မဋ္ဌာန်း တရားများကို ညွှန်ပြ ဟောပြောတော်မူသည်။

တဖန် မန္တလေး ရတနာပုံရိပ်သာသို့ ရွှေစေတီ ဆရာတော်ဘုရားကြီး ကြွရောက် သီတင်းသုံးရာတွင် အတူ လိုက်ပါ ဆောင်ရွက်ရလေသည်၊ ထိုမှ



ရွှေစေတီ သာသနာ့ရိပ်သာ မေမြို့

ဆရာတော် ဦးဥတ္တမ

ဆရာတော် ဦးဥတ္တမ လောင်းလျာသည် ရှမ်းတပ်ရွာ ခမည်းတော် ဦးကျော်-မယ်တော် ဒေါ်ဖွားချုံတို့မှ ၁၂၇၇-ခုနှစ် နယုန်လဆန်း ၃-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

တဖန် မေမြို့ ကမ္မဋ္ဌာန်းရိပ်သာ ဖြစ်မြောက်ပေလိုကြောင်း ဒကာတို့က လျှောက်ထားကြရာတွင် ရွှေစေတီ ဆရာတော်ဘုရားကြီး အမိန့်အရ မဟာသတိပဋ္ဌာန်ရိပ်သာဟူသော အမည်ဖြင့် ၁၃၁၄-ခုနှစ်မှစ၍ တည်ထောင် ဖွင့်လှစ်သော မေမြို့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ ဦးဝိသုတ(ယခု ဆင်မျှားရှင် ရိပ်သာနှင့် ခြောက်တင်းကျရိပ်သာ ဆရာတော်) နှင့် အတူ လိုက်ပါနေထိုင်ရာမှ ယခုထက်တိုင် နေထိုင်လျက်ရှိကြောင်း ကြားသိရပေသည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ကိုးကွယ်ရင်း ဖြစ်သော ရှမ်းတပ်ရွာကျောင်း ဘုန်းတော်ကြီးထံ မိဘတို့က အပ်နှံ၍ သတို့သားငယ်ကို ဆရာတော် ဘုန်းတော်ကြီးက ဘာသာရေး အခြေခံဖြစ်သော စာပေများကို သင်ကြားပို့ချပေးတော်မူသည်။ ရှင်ပြုရန်အရွယ်ရောက်လျှင် ထိုဆရာဘုန်းတော်ကြီးထံမှာပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဆရာ ဘုန်းတော်ကြီးက သတို့သား သာမဏေကို ရှင်ဥတ္တမဟူသော ဘွဲ့အမည်ပေး၍ ပိဋကတ် အခြေခံ ကျမ်းဂန်များကိုရင်း၊ ရှင်တို့ကျင့်ရမည့် လိင်၊ ဒဏ်၊ သေခိယ သိက္ခာပုဒ်များကိုရင်း သင်ကြားပို့ချပေးတော်မူသည်။

သက်တော် ၂၀-အပြည့်တွင် ရှမ်းတပ်ရွာကျောင်း ခဏ္ဍသိမ်၌ပင် ရှမ်းတပ်ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ၁၂၉၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊ စနေနေ့ နံနက် ၉-နာရီ ၁၀-မိနစ် အချိန်တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် ဦးဥတ္တမသည် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ရှမ်းတပ်ဆရာတော်ထံ၌ ဆက်လက်၍ ပိဋကတ် ကျမ်းဂန်များကို ငါးလခန့် သင်ကြား အားထုတ်ပြီးလျှင် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်အရ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး တောကျောင်း ဆရာတော် ဦးနရိန္ဒ ထံ၌ရင်း၊ ရွှေစေတီ ဆရာတော် ဦးသုန္ဒရထံ၌ရင်း အထက်အထက် ဖြစ်သော ပိဋကတ် ကျမ်းဂန်များကို သင်ကြား အားထုတ်တော်မူသည်။

အဆိုပါ ဆရာတော်တို့ထံ၌ သုံးနှစ်ခန့် သင်ကြား အားထုတ်ပြီးနောက် ရဟန်းတော် ဦးဥတ္တမသည် မုံရွာမြို့ အရှေ့လယ်တိုက်သစ်၊ ဆရာတော် ဦးဝါယမထံ၌ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာကျမ်းဂန်တို့ကို ဆက်လက် သင်ကြား အားထုတ်တော်မူသည်။ ထိုဌာနတွင် ၃-နှစ်ခန့် သင်ကြားအားထုတ်ပြီးနောက် နေရင်းဖြစ်သော ရှမ်းတပ်ကျောင်း ဒုတိယ ဆရာတော် ဦးပဏ္ဍိတထံ ပြန်၍ ဆရာတော် ချပို့သျက်၍သော ပါဠိ ပိဋကတ် ကျမ်းဂန်များကို နာယူတော်မူသည်။

၁၃၀၅-ခုနှစ် အရောက်တွင် သင့်တော်လောက်ပြီ သဘောရသော ဂန္ထဓုရကို ရပ်ဆိုင်းပြီးလျှင် နိက္ခမဇ္ဈာသယခာတ် ကိန်းဝပ်ပါလာခဲ့သော ရဟန်းတော် ဦးဥတ္တမသည် မန္တလေးမြို့ ရတနာပုံရိပ်သာ၌ မဟာသတိပဋ္ဌာန်

## အောင်မင်္ဂလာရိပ်သာ လားရှိုး

## ကမ္မဋ္ဌာနာစရိယ ဦးသီလာနန္ဒ

ဦးသီလာနန္ဒ လောင်းလျာသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ခမည်းတော် ဦးဘခင်-မယ်တော် ဒေါ်သောင်းတို့မှ ၁၃၀၇-ခုနှစ်- လ ရက် နေ့၌ ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်က ကွမ်းခြံကုန်းမြို့ ဓမ္မိကာရုံကျောင်းဆရာတော်ထံ၌ သူငယ်တို့ တတ်သင့်သော စာများကို သင်ယူခဲ့ရသည်၊ ယင်းဆရာတော်ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့

---

ဝိပဿနာကမ္မဋ္ဌာန်းဘာရး ဟောကြားပြသ နာယက ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော ရွှေစေတီ ဆရာတော်ဘုရားထံ ချဉ်းကပ်လျက် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် အားထုတ်ပြီး၍ ပေးဝေခဲ့သော ဝိပဿနာ ရှုမှတ်နည်းအတိုင်း လိုက်နာ၍ ဝိပဿနာဓုရအလုပ်ကို ကြိုးပမ်းအားထုတ်တော်မူသည်၊ဆရာတော် သဘောကျသည်အထိ ကြေကြေနပ်နပ်အားထုတ်ပြီးနောက် ရွှာသစ်ကြီး ရွှေစေတီတောရ သာသနာ့ရိပ်သာ ဆရာတော် ဦးဇဋိလအား ကူညီလျက် ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း, ဟောပြောစစ်ဆေးခြင်း ကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။

အကူအညီ ကမ္မဋ္ဌာနာစရိယ အဖြစ် ၁-နှစ်ခန့် ဆောင်ရွက်တော်မူပြီးနောက် ရွှေစေတီ ဆရာတော်ဘုရားကြီး၏ အမိန့်အရ မေမြို့ ရွှေစေတီ ဆရာတော်ဘုရားကြီး ပြုစုပျိုးထောင်ထားသော ရွှေစေတီ သာသနာ့ရိပ်သာတွင် ပြောင်းရွှေ့လျက် ယခုအခါ ထိုသာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရင်း ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း, ဟောပြောစစ်ဆေးခြင်း စသော ဗုဒ္ဓမြတ်စွာ သာသနာတော် ကြီးပွားရာ, ကြီးပွားကြောင်း ကောင်းမြတ်သော သာသနာ့ဝန်ကို ဆောင်ရွက်တော်မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီပေါင်းမှာ (၂၅၀) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

သည်။ ဆရာတော်က ရှင်သီလာနန္ဒ ဟု ဘွဲ့အမည် ပေး၍ ရှင်သာမဏေတို့၏ ကျင့်ဝတ်နှင့် ဗုဒ္ဓဘာသာ အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။

၁၃၂၇-ခုနှစ် တပို့တွဲလပြည့်နေ့၌ မန္တလေးမြို့ မိုးကောင်းတိုက် တိုက်အုပ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ နမ့်ခမ်းမြို့ ပဋိပတ္တိသာသနာနုဂ္ဂဟအသင်း၏ ပစ္စယာနုဂ္ဂဟနှင့် ကမ္မကာရက သံဃာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မန္တလေးမြို့ မိုးကောင်းတိုက် စာချ ဆရာတော်များထံ၌၎င်း၊ လားရှိုးမြို့ စာသင်တိုက် စာချ ဆရာတော်များ ထံ၌၎င်း၊ ပိဋကတ် စာပေကျမ်းဂန်များကို ဆက်လက်သင်ယူခဲ့သည်၊ ထိုသို့ သင်ယူနေစဉ်မှာပင် အစိုးရပဋ္ဌမပြန် စာမေးပွဲ၌ ဝင်ရောက် ဖြေဆိုသဖြင့် ပဋ္ဌမငယ်, ပဋ္ဌမလတ် တန်းများကို အောင်မြင်ခဲ့သည်။ ၁၃၃၁-ခုနှစ်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့က ကျင်းပသော သာသနာပြု သင်တန်းကို တက်ရောက်သင်ကြား အောင်မြင်ခဲ့သည်။

၁၃၂၆-ခုနှစ်မှစ၍ နမ့်ခမ်းမြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းနိဿယအတိုင်း ရုပ်ပိုင်း-လပိုင်းဖြင့် မကြာမကြာ အားထုတ်ခဲ့ပြီးနောက် ၁၃၃၃-ခုနှစ် ပြာသိုလပြည့်နေ့မှ စ၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ထံမှာ ဩဝါဒခံယူ၍ ကမ္မဋ္ဌာန်း နည်းပြဆရာတော် ဦးပဏ္ဍိတ၏ ညွှန်ကြားပြသမှုကို ခံယူလျက် သတိပဋ္ဌာန်ဝိပဿနာတရားကို စိန်စိတကျ အားထုတ်ခဲ့သည် တပို့တွဲလပြည့်ကျော် ၇-ရက်နေ့၌ ဇမ္မဋ္ဌာနာစရိယ ဆရာတော်၏ ကြေနပ်ခွင့်ပြုချက်ဖြင့် ဉာဏ်စဉ်တရားတော်ကို နာယူခဲ့ရသည်။

ယခုအခါ လားရှိုးမြို့ အမှတ် ၅-ရပ်ကွက် မဟာစည်ဩဝါဒခံ အောင်မင်္ဂလာ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြား ညွှန်ပြကာ ပဋိပတ္တိသာသနာကို ပြုစုတော်မူလျက် ရှိသည်။



သာသနာ့မာန်အောင် ကမ္မဋ္ဌာန်းတိုက် တောင်ကြီး

ဆရာတော် ဦးဓမ္မပါလ

ဆရာတော်ဦးဓမ္မပါလ လောင်းလျာသည် တောင်ကြီးခရိုင် ညောင်ရွှေမြို့ ကံသာရပ် ကုန်သည်ကြီး ခမည်းတော် ဦးဘိုးလုံ-မယ်တော်ဒေါ်တုတ် တို့မှ ၁၂၇၉- ခုနှစ် ဝါဆိုလဆန်း ၅-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ညောင်ရွှေမြို့ မင်္ဂလာရပ် ဆရာကြီး ဦးမောင် ကြီးမှူးသော အတန်းကျောင်း၌ မိဘတို့က အပ်နှံ၍ ပဥ္စမတန်း အောင်မြင်သည်အထိ သင်ယူခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် ဗုဒ္ဓဘာသာတို့ ထုံးတမ်းစဉ်လာအတိုင်း မိဘတို့က ညောင်ရွှေမြို့ရွှေဂူကျောင်းတိုက် နယ်လေး ရပ်ဆိုင်ရာ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးအာစရထံ၌အပ်နှံ၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိလာသော သတို့သား သာမဏေကို ဆရာတော်ဘုရားကြီးက ရှင်တို့၏ကျင့်ဝတ်နှင့် ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပို့ချ ပေးတော်မူသည်။

သက်တော် ၂၀-အရွယ်တွင် မော်လမြိုင်မြို့ကျိုက်သံလန်ဘုရားကုန်းဝဇီရာရာမသိမ်တော်ကြီးအတွင်း၌ ဘုံပျံကျောင်းတိုက် ပထမ ပထမကျော်နှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးကေတုမာလာကိုဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့ရှမ်းစုရပ် သစ်ကုန်သည် သိမ်, ကျောင်း, တန်ဆောင်း ဒကာ ဦးဘိုးလွန်း-ဇနီး ဒေါ်ရွှေယု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၉ ခုနှစ် ကဆုန်လဆန်း ၅-ရက် စနေနေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ညောင်ရွှေမြို့ ရွှေဂူကျောင်းတိုက် နယ်လေးရပ်ဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးအာစရ ထံ၌၎င်း၊ ဒမော်လမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးစက္ကပါလ ထံ၌၎င်း၊ ၎င်း၏ လက်ထောက် စာချဆရာတော်ဦးသောဘိတ ထံ၌၎င်း၊ အင်းလေးဒေသ ဟဲယားရွာမ ရွှေဘုံသာ ကျောင်းတိုက် ဆရာတော်ဦးပဏ္ဍဝထံ၌၎င်း၊ မန္တလေး ပါဠိတက္ကသိုလ် ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးခန္တီနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးနာရဒတို့ထံ၌၎င်း၊ အင်းလေးဒေသ သာလေးရွာ တောင်ကျောင်း ဆင္ဃသံဂါယနာဝန်ဆောင် သကျသီဟ ဓမ္မာစရိယ ဆရာတော် ဦးနေမိန္ဒာဘိဝံသ ထံ၌၎င်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတစံကျောင်းဆရာတော်နှင့် နာယကဆရာတော်ဦးကလျာဏ၊ ဦးဝိမလ၊ ဦးဉာဏဝံသတို့ထံ၌၎င်း ပါဠိ ပိဋကတ်, အဋ္ဌကထာ, ဋီကာ ဂန္ထန္တရအရပ်ရပ်ကို ကြိုးပမ်း အားထုတ် သင်ယူတော်မူသည်။

ပရိယတ္တိပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို သင်ယူနေစဉ် သွားရင်းဟန်နှဲ့ သဘောဖြင့် ဝါသနာတော် အလျောက် စာမေးပွဲနှင့် စာပြန်ပွဲများကိုလည်း ဝင်ရောက် ဖြေကြား ပြန်ဆိုတော်မူသည်။ ထိုသို့ပြန်ဆိုခဲ့ရာ၌ ညောင်ရွှေမြို့ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဝိနုဂ္ဂဟ စာပြန်ပွဲနှင့် စာမေးပွဲတွင် စတုတ္ထတန်း အထိ၎င်း၊ မော်လမြိုင်မြို့ သဒ္ဓမ္မပါလ စာမေးပွဲတွင် တဘိယတန်းအထိနှင့် ဝိနယစာမေးပွဲတွင် စတုတ္ထတန်းအထိ၎င်း၊ ညောင်တုံးမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် စာမေးပွဲတွင် ပဌမကြီးတန်းအထိ၎င်း၊ အစိုးရ ပါဠိပဌမပြန် စာမေးပွဲတွင် ဂုဏ်ထူးကျမ်းနှင့် တကွ စာချတန်းအထိ၎င်း ဖြေဆို အောင်မြင်တော်မူခဲ့၍ ( သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ) ဟူသော ဘွဲ့ထူးကို ဆွတ်ခူး ပန်ဆင်တော်မူသည်။

၁၃၁၀-ခုနှစ်မှ စ၍ ညောင်ရွှေမြို့ ရွှေဂူကျောင်းတိုက်၌၎င်း၊ ၁၃၁၅-ခုနှစ်မှ စ၍ အင်းလေးဒေသ- အင်းခြံရွာ သဒ္ဓမ္မာလင်္ကာရ ကျောင်း၌၎င်း ပရိယတ္တိ စာသင်တိုက် တည်ထောင်ကာ စာသင်သား ရဟန်းသာမဏေ (၁၀၀) ကျော်တို့အား လက်ခံလျက် စာပေပို့ချ စီမံအုပ်ချုပ်တော်မူသည်။ သို့ဖြင့် ပရိယတ္တိသာသနာတော် ပြန့်ပွားတိုးတက်ရေးအတွက် ၁၂-နှစ်ကြာ ကာလတိုင် အားသစ် ကြိုးပမ်းတော်မူသည်။

ထိုသို့ ကြိုးပမ်းဆဲကာလတွင် တဘက်တလမ်းမှလည်း ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိကရဏ စာပွဲတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဦးစီး သံဃာအဖွဲ့၌ အတွင်းရေးမှူး အဖြစ်ဖြင့်၎င်း၊ ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ ဖောင်တော်ဦး ရုပ်ရှင်တော်များ သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီး ဆောက်လုပ်ရေး သံဃာအဖွဲ့၌ အတွင်းရေးမှူး အဖြစ်ဖြင့်၎င်း၊ ရှမ်းပြည်သုံးဆိုင်ရာ ဖွဲ့စည်းထားသော ရှမ်းရိုးမ ဂဏသမူဟ သံဃာအဖွဲ့ချုပ်ကြီး၌ အတွင်းရေးမှူး အဖြစ်ဖြင့်၎င်း၊ ဆဋ္ဌသံဂါယနာ တင်ရာတွင် ပါဠိဝိသောဓကအဖြစ်နှင့် သင်္ဂါယနာကာရကအဖြစ်ဖြင့်၎င်း ဤသို့အစရှိသည့် သာသနာ့ကိစ္စ အဝဝတို့ကို ကိုယ်အား ဉာဏ်အား ဝီရိယအားတို့ဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက် ပြုလုပ်တော်မူသည်။

၁၃၂၂-ခုနှစ်၊ နတ်တော်လမှစ၍ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာတွင် ၃-လကြာ ကာလပတ်လုံး သတိပဋ္ဌာန် ဝိပဿနာတရားကို ဆရာသမားများ ကျေနပ်အားရသည်အထိ အားထုတ်ကြိုးစား ပွားများတော်မူပြီးနောက် ဝိပဿနာ ကမ္မဋ္ဌာန်းပေးနည်း စစ်ဆေးဟောပြောနည်းများကိုပါ စနစ်တကျ လေ့လာတော်မူသည်။

ထိုသို့ အားထုတ် လေ့လာတော်မူပြီးနောက် တောင်ပိုင်း ရှမ်းပြည်တောင်ကြီးမြို့ ညောင်ပင်သာရပ် လမ်းမတော်ဌာန မူလမင်းကွန်း ဇေတဝန်သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီး၌ ၁၃၂၃-ခုနှစ်မှ စ၍ ပဉ္စမဆုံး အာရာမိက ဦးစီးနာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် မဟာစည် ဆရာတော်ဘုရားကြီး၏ သြဝါဒဥပနိဿယအတိုင်း ပဋိပတ္တိ သာသနာတော်ကို တိုးတက်ပြန့်ပွား စည်ကားအောင် အားသစ်ကြိုးပမ်းတော်မူသည်၊ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီ ဦးရေမှာ (၁၄၀၀)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ဝိမုတ္တိမုခ သာသနာ့ရိပ်သာ လှိုင်ကော်

## ဆရာတော် ဦးအဂ္ဂဓမ္မ

ဆရာတော် ဦးအဂ္ဂဓမ္မသည် ပဲခူးခရိုင်၊ ပြွန်တံဆာမြို့နယ်၊ ချောင်းရင်းကျေးရွာ ခမည်းတော် ဦးကျောက်တိုင်-မယ်တော် ဒေါ်မေတို့မှ သက္ကရာဇ်-၁၂၇၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

---

ထိုဌာနကို သထုံမြို့ မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့် မဟာသတိပဋ္ဌာန်တရားပြ ဆရာကြီး ဦးမြတ်ကျော်နှင့် တောင်ကြီးမြို့ ကျောင်းဒါယကာ ဟိန်းကြီး ဦးရန်ပြေတို့က ၁၂၉၇-ခုနှစ်မှ စ၍ တည်ထောင်ဖွင့်လှစ်ခဲ့သည်၊

၁၂၈၈-ခုနှစ်၊ ၁၂-နှစ်သား အရွယ်တွင် ချောင်းရင်းကျေးရွာ ရွာဆရာ ရပ်ဆရာဖြစ်သော မဟာနိဗ္ဗုတာရာမတိုက်- ဘုရားကြီးကျောင်း ဆရာတော် ဦးဣန္ဒကာသဓမ္မာဒိထံတွင် အပ်နှံ၍ မယ်တော်၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ဘွဲ့အမည်ကိုလည်း ဆရာတော်က ရှင်အဂ္ဂဓမ္မ-ဟု မှည့်ခေါ်စေသည်။ ထိုကျောင်း ဆရာတော် ထံမှာပင် ကျောင်းသားငယ် ရှင်ငယ် တို့၏ အခြေခံ စာပေများကို သင်ကြားသည်၊

၁၂၉၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက် နေ့တွင် အသက် ၁၉-ပြည့်ဖြစ်၍ ကျောင်းသစ်ကျောင်း ခဏ္ဍသိမ်၌ ရန်ကုန်ကျောင်း ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြုလျက် ဦးစံညွန့်-ဒေါ်စိန်ရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့သည်၊

ဆရာရင်းဖြစ်သော ဘုရားကြီးကျောင်း ဆရာတော် ဦးဣန္ဒကာသဓမ္မာဓိ ထံတွင် အခြေခံစာပေများကို သင်ကြားပြီးနောက်- (၁) ကျောင်းသစ် ကျောင်း ဆရာတော်ဦးဉာဏစံသ၊ (၂) ကျောင်းကြီးကျောင်း ဆရာတော် ဦးဇောတိက။ (၃) မန္တလေးမြို့ ငွေတောင်တိုက်-စာချကျောင်း ဆရာတော် ဦးဝါယမ၊ (၄) နန္ဒိသေနာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ တိုက်အုပ်ဆရာတော် ဦးနန္ဒိသေနတို့ထံတွင် ပါဠိ-အဋ္ဌကထာ-ဋီကာများကို သင်ယူခဲ့သည်။

## ပဋိပတ္တိသာသနာပြု

ပရိယတ္တိစာပေများကို ပရိယတ္တိအကျော် ဆရာတော်တို့ထံတွင် သင်ကြားဘက်ခြောက်ခဲ့ပြီးနောက် ပါရမီအလျောက် သဒ္ဓါ-ဆန္ဒ ပြည့်ဝပြီးဖြစ်သော ဆရာတော် ဦးအဂ္ဂဓမ္မသည် (၁) ရန်ကုန်မြို့ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၊ (၂) ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုဏ္ဍိက၊ (၃) ဆရာတော် ဦးကောသလ္လ။ (၄) ဆရာတော် ဦးသုဇာတ တို့၏ ညွှန်ကြားပြသမှုကိုခံယူ၍ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားကို ရှုမှတ်ပွားများ အားထုတ်ခဲ့သည်။

## ကယားပြည်နယ်သို့

ကယားပြည်နယ်- လွိုင်ကော်မြို့တွင် မဟာစည် ရိပ်သာ ဌာနခွဲ စတင် တည်ထောင် ဖွင့်လှစ်ခဲ့သည်မှာ အရှင်ပညာစိုသထေရ်ဖြစ်သည်။ ကျေးဇူးရှင်

မဟာစည် ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန် ရှုမှတ်နည်း နိသျည်းကို စနစ်တကျ ရှုမှတ်နည်းယူပြီးနောက် အရှင်ပညာဝံသမထေရ်သည် ၁၃၀၅-ခုနှစ်တွင် လှိုင်ကော်မြို့သို့ ပြန်ကြွလျက် ထိုမြို့တွင် ဝိဒ္ဓတ္ထိမုခ သာသနာ ရိပ်သာ- ဟူသော အမည်ဖြင့် ရိပ်သာဖွင့်၍ ရောက်လာသမျှ ယောဂီ တို့အား ပဋိပတ္တိ ကျင့်စဉ်တရားများကို သွန်သင်ဆုံးမ နည်းညွှန်ပြသလျက် နေစဉ် ၁၃၁၆-ခုနှစ်၌ ပျံလွန်တော်မူခဲ့သည်၊ ထိုအခါ ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ပြတ်လပ်သွားသည်။

ထိုသို့ကမ္မဋ္ဌာနာစရိယဆရာတော် ပြတ်လပ်သွားရာတွင် ပဉ္စမ မင်းကျောင်း ဆရာတော် အရှင်တိလောကမထေရ် အမှူးရှိသော လှိုင်ကော်မြို့နယ် သံဃ သာမဂ္ဂီအဖွဲ့ကြီးက တရားအားထုတ်လိုသူ ရှင်လူတို့ကို ငဲ့ညှာတော်မူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါးရရှိရေးအတွက် အားထုတ်တော်မူကြရ သည်။ စံကားဆရာတော်ဘုရားကြီးက သံဃာတော်တို့၏ ကိုယ်စားပြု၍ ၁၃၁၈-ခုနှစ်၊ ပြာသိုလပြည့်နေ့၌ ရန်ကုန်မြို့ ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးထံသို့ ကြွရောက်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါး တောင်းစေခဲ့သည်။

ထိုအခါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆရာတော် ဦးအဂ္ဂဓမ္မကို ကမ္မဋ္ဌာနာစရိယဆရာအဖြစ်ခန့်အပ်၍ ပဋိပတ္တိသာသနာပြုရန် စံကားဆရာတော်ဘုရားကြီးနှင့် အတူ ထည့်လိုက်သည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုဇာတကိုလည်း ခေတ္တခဏမျှ လိုက်ပါချီးမြှောက်ရန် ထည့် လိုက်သေးသည်။ ဆရာတော် ဦးသုဇာတသည် ၁၅-ရက်ခန့် နေလျက် ဆရာတော် ဦးအဂ္ဂဓမ္မ အနေတကျ ဖြစ်သည့်အခါ ရန်ကုန်မြို့သို့ ပြန်ကြွတော် မူသည်။

## ယောဂီမျိုးစုံ

ဆရာတော် ဦးအဂ္ဂဓမ္မသည် ထက်သန်သော သဒ္ဓါ-ဆန္ဒ အရှင်းခံဖြင့် ကြီးမားသော လုံ့လ ဝီရိယစိုက်ထုတ်၍ ပဋိပတ္တိသာသနာတော်ကို ပြုစု ပျိုးထောင်ခဲ့လေရာ ကယားပြည်နယ် အတွင်း၌ ကယား-ရှမ်း-ပအိုဝ့်-ပဒေါင်း-အင်း-ယွန်း-မြန်မာ စသော လူမျိုးစုံတို့ လာရောက်၍ ဝိဒ္ဓတ္ထိမုခ သာသနာ့ရိပ်သာတွင် တရားအားထုတ်ကြသည်။

ဝိဒ္ဓတ္ထိမုခသာသနာ့ရိပ်သာ ဒကာမကြီးစပ်စောမြ အမှူးပြုသောဒကာ-ဒကာမတို့ကလည်း ကမ္မဋ္ဌာနာစရိယဆရာတော်နှင့်တကွ ကမ္မဋ္ဌာန်းတရား *



မဟာစည် သတိပဋ္ဌာန် သာသနာ့ရိပ်သာ ပင်းတလ

ဆရာတော် ဦးဉာဏုတ္တရ

ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဉာဏုတ္တရသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မိုးကန်အရှေ့ရွာ ခမည်းတော် ဦးတုတ်- မယ်တော် ဒေါ်ဖွားငြိမ်းတို့မှ ၁၂၈၆-ခုနှစ် တပို့တွဲလဆန်း ၂-ရက် တနင်္ဂနွေ နေ့တွင် ဖွားမြင်တော်မူသည်။

---

*

ပွဲသွားချား အားထုတ်ကြသော ရဟန်း-ရှင်-လူ ယောဂီတို့အား စားရေးသောက်ရေး နေရေး ထိုင်ရေး ကျန်းမာရေးပါမကျန် အလုံးစုံတာဝန်ယူစောင့်ရှောက်ကြရန်အတွက် ယောဂီထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ထားလိုက်ကြသည်။ ထိုထောက်ပံ့ရေးအဖွဲ့တွင် မယ်တော်ကြီး စပ်စောမြ၊ သမားတော်ကြီး ဆရာစိန်၊ စာရေးကြီး ဦးစံမြင့်၊ ရိက္ခာတော်ရ ဦးအေးမောင်၊ သမားတော်ကြီးဆရာညာဏ်၊ လောပိတ ရေအားလျှပ်စစ်လုပ်ငန်းအုပ်ချုပ်ရေးမှူးချုပ် ဦးအုံး၊ စက်မှုလက်မှုအရာရှိ အငြိမ်းစား ဦးထွန်းလှ၊ ကျောင်းဒကာကြီး ဦးဘအေး၊ ကယားပြည်နယ် ဦးစိုးအဖွဲ့အတွင်းဝန်ရုံး

၇-နှစ်သားအရွယ်တွင် မိုးကန်အရှေ့ရွာကျောင်းဆရာတော်ထံ အပ်နှံ၍ ထို ကျောင်းမှာပင် ရှင်သာမဏေ ပြုသည်၊ ကျောင်းသား သာမဏေတို့ တတ်သင့်တတ်ထိုက်သောအခြေခံ စာပေများကိုလည်း ထိုကျောင်းဆရာတော် ထံမှာပင် သင်ကြား တတ်မြောက်ခဲ့သည်။ နောက်ကာလတွင် ဦးလေးတော် ဘုန်းကြီးနှင့်အတူလိုက်ပါလျက် မန္တလေးမြို့ မစိုးရိမ်တိုက် သာသန နယပဒေသ အလည်ကျောင်းကြီး၌နေ၍ ဆက်လက်ပညာ သင်ကြားရသည်။

ဦးလေး ဘုန်းတော်ကြီး ပခုက္ကူမြို့သို့ ရွှေ့ပြောင်းရာတွင် အတူလိုက်ပါ၍ မဟာဝိသုတာရာမတိုက်၊ သုဝဏ္ဏဝတီကျောင်း၌ နေထိုင်ခဲ့ရာ ငွေတိုက် ဝန်ထောက်ဦးဘသန်း-ဒေါ်ခင်နွယ်တို့က ဦးလေးဘုန်းကြီးထံ တောင်းယူလျက် သားအဖြစ် မွေးစားကြသည်၊ အစိုးရအမှုထမ်းများ ဖြစ်ကြသည်အလျောက် ဦးဘသန်း-ဒေါ်ခင်နွယ်တို့မှာ သင့်လျော်ရာဌာနများသို့ ပြောင်းရွှေ့ အမှုထမ်းကြရသဖြင့် နေထိုင်ရာဌာန အမြဲမရှိပေ။ ၎င်းတို့ ရွှေ့ပြောင်းရာဌာနတိုင်းသို့ လူဝတ်နှင့်လိုက်ပါရင်း အစိုးရအတန်း ကျောင်းများတွင် ပညာ သင်ကြားခွင့် ရသောကြောင့် ဆရာတော် ဦးဣန္ဒဝံသ လောင်းလျာသည် အင်္ဂလိပ်-မြန်မာ နဝမတန်းအထိ သင်ကြား တတ်မြောက်ခဲ့သည်။

---

ရုံးဝန်ထောက် ဦးထွန်းလွင်၊ ဘော်လခဲစော်ဘွား စပ်ငယ်ဒူး၊ ချောတာ စုဆောင်းရေးအရာရှိချုပ် ဦးစစ်လှိုင်၊ ကျောင်းဒကာ ဦးမောင်ကြီး စသော ပုဂ္ဂိုလ်ကြီးတို့ပါဝင်ကြ၍၊ ထိုထောက်ပံ့ရေးအဖွဲ့ကြီးက ရိပ်သာ တရိပ်သာလုံးအတွက် လိုလေသေးမရှိ ထောက်ပံ့လျက်ရှိသည်၊

ကမ္ဗောဒီယဆရာတော် ဦးအဂ္ဂမုနိအား ကယားပြည်နယ်လုံးဆိုင်ရာ သံဃသာမဂ္ဂီအဖွဲ့ကြီးမှ(ကယားပဋိပတ္တိ သာသနာ့ ဘာသဝိသိဋ္ဌအရှင်အဂ္ဂမုနိ ကမ္ဗောဒီယ)ဟူသောဂုဏ်ထူးဘွဲ့တံဆိပ်ကိုလည်း ၁၃၂၀-ခုနှစ် တပေါင်းလပြည့်နေ့တွင် ပေးအပ်ခြင်း ခံရသည်။

၁၃၃၃-ခုနှစ် စာရင်းအရ ဝိမုတ္တိမုခ သာသနာ့ရိပ်သာတွင် တရားအားထုတ်ကြသော ယောဂီဦးရေမှာ (၃၃၂၀)ရှိသွားပြီဖြစ်ကြောင်း သိရှိရပေသည်၊

---

ဒုတိယကမ္ဘာစစ်ကြီး အတွင်းတွင် မွေးစားမိဘများ ကွယ်လွန် သွားကြရာ၌ ၁၇-နှစ်သားအရွယ် ငယ်သေးသော်လည်း ဆရာတော်အလောင်းလျာမှာ ပါရမီရင့်ကျက်နေသူ ဖြစ်သည့် အလျောက် သေကျေ ပျက်စီးပြုန်းတီးတတ်သော သင်္ခါရသဘောတရားတို့၌ သတိသမ္ပဇဉ် ယှဉ်နိုင်ခဲ့သည် ဖြစ်၍ ဦးလေးဘုန်းတော်ကြီးထံပြန်ကာ သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့လေတော့သည်။ ထိုအချိန်တွင် ဦးလေး ဘုန်းတော်ကြီးသည် နွားထိုးကြီးမြို့ တာတိုင်တိုက်သစ်ကျောင်း၌ ကျောင်းထိုင် ဘုန်းတော်ကြီး အဖြစ်ဖြင့် သီတင်းသုံးတော်မူလျက် ရှိသည်။

၁၃၀၆-ခုနှစ် နယုန်လဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့ နံနက် အချိန်တွင် တာတိုင် တိုက်သစ် ဆရာတော် ဦးလေးဘုန်းတော်ကြီး ကိုပင် ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့ မန်ကျည်းစုရွာဘုရားဒါယကာဦးဘိုးသင်-ဘုရားဒကာမ ဒေါ်ဖွားခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြဲ့မြဲ့ကြာ သောချမှန်းဘောင်သို့ တက်ရောက်တော်မူသည်၊

ဦးလေးတော် ဆရာတော် ထံတွင်ဒ်ဗင်း။ ထို့ပြင် ပခုက္ကူ အခြား စာချ ဆရာတော်တို့ထံတွင်ဒ်ဗင်း ပါဠိ-အဋ္ဌကထာ-ဋီကာများကို သင်ရိုးကုန်ဆုံးသည် အထိ သင်ယူခဲ့သည် ပါဠိ-အဋ္ဌကထာ-ဋီကာ များကို သင်ယူနေစဉ် သွားရင်းဟန်နှင့်ဆိုသလို အလျဉ်းသင့်ရာ ကာလတွင် အစိုးရ စာမေးပွဲ များကို ဝင်ရောက်ဖြေဆိုခဲ့ရာ အလင်္ကာတန်း အောင်မြင်ခဲ့သေးသည်။

စာသင်ပရိယတ္တိကို အားရအောင်သင်ယူပြီးနောက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံတွင် ကမ္မဋ္ဌာန်းတရားကို အားထုတ်တော် မူသည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဝဏ္ဏိတ၊ ဦးကောသလ္လ၊ ဦးသုဇာတ၊ ဦးနန္ဒဝံသ၊ ဦးပဏ္ဍိတ၊ ဦးဇဝနတို့၏ နည်းပေးညွှန်ပြမှုကိုလည်း ခံယူ အားထုတ်ခဲ့သည်၊

အားထုတ်ပြီးနောက် ၂- နှစ်ပတ်လုံး ဆက်လက်၍ ရန်ကုန် ရိပ်သာ၌ ဆရာနည်းကို လေ့လာ နေထိုင်တော်မူသည်၊ စနစ်တကျ လေ့လာပြီးနောက် ဗိုလ်ကလေးမြို့နယ် မြင်းကာကုန်း သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူသည်၊ ထိုရိပ်သာတွင် ၄-နှစ်ကြာ တာဝန် ယူပြီးနောက် ရှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့ သာသနာ့မာန်အောင် ကမ္မဋ္ဌာန်းတိုက်၌ ကမ္မဋ္ဌာနာစရိယအဖြစ် ၄-နှစ်၊ ကယားပြည်နယ် လွိုင်ကော်မြို့ ဝိမုတ္တိမဂ္ဂ သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ် ၁-နှစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်၊



## မဟာစည် သာသနာ့ရိပ်သာဌာနခွဲ နမ့်ခမ်းမြို့

## ဆရာတော် ဦးဝိသုဒ္ဓါစာရ

ဆရာတော်ဦးဝိသုဒ္ဓါစာရ လောင်းလျာသည် ဝါးခယ်မမြို့ မင်းပိုင်းရပ် ခမည်းတော် ကျောင်းဒကာ ဦးဘိုးစော - မယ်တော် ဒေါ်ရွှေမေတို့မှ ၁၂၆၉-ခုနှစ် နယုန်လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ယခုမူ ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ ၁၃၃၀-ခုနှစ်မှစ၍ ကမ္မဋ္ဌာနာစရိယ နာယကအဖြစ် တာဝန်ယူဆောင်ရွက်တော်မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ လာရောက် အားထုတ်ကြပြီးသော ယောဂီဦးရေမှာ (၂၂၁)ဦး ရှိသွားပြီ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်၊ ထိုဆရာ ဘုန်းတော်ကြီး ကျောင်းမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူ၍ ရှင်သာမဏေတို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ ကျမ်းဂန်များကို သင်ကြားတော်မူခဲ့သည်။

သက်တော် ၂၀-အရွယ်တွင် ဝါးခယ်မမြို့ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီး ထံ၌၎င်း၊ ဝါးခယ်မမြို့ သာသနာ့ဟိတကာရီ စာသင်တိုက် (သကျသီဟ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ) ဆင်တဲဆရာတော် ဦးဣန္ဒြိယာဘိဝံသထံ၌၎င်း၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဂန္ထဓုရကျောင်း ဆရာတော် ဦးကောသလ္လထံ၌၎င်း၊ ၎င်းမြို့ ဘုရားကြီးတိုက် မဏိသေလာဝိသုဒ္ဓါရုံအုဋ်ကျောင်း ဆရာတော် ဦးဝိုင်းထံ၌၎င်း၊ အနောက်ပြင် မိုးကောင်းတိုက် မော်လမြိုင်ကျွန်း အုဋ်ကျောင်း ဆရာတော် ဦးအာသဘထံ၌၎င်း၊ (အဘိဓဇမဟာရဋ္ဌဂုရု) ညောင်ရမ်း ဆရာတော် ဘုရားကြီးထံ၌၎င်း၊ ထင်ရှားကျော်စောသော စာချ ဆရာတော်ကြီးတို့ထံ၌ ပိဋကတ်-ပါဠိ- အဋ္ဌကထာ - ဋီကာ နေ့ဝါ ညဝါ ကျမ်းဂန်များကို ဆိုဝါ လိုက်ဝါများဖြင့် ပေါက်မြောက် အောင်မြင်အောင် ကြိုးပမ်း အားထုတ်တော်မူသည်။

ပါရမီဓာတ်ခံ ရင့်သန်ပြီးဖြစ်သော ဆရာတော် ဦးဝိသုဒ္ဓါစာရသည် သာသနာတော်တွင် ရဟန်းတော်တို့ အားထုတ်ဖွယ်ဟူသမျှတို့ကို မခိုမကပ် သဒ္ဓါဆန္ဒ ပြည့်ဝစွာဖြင့် ပရိယတ္တိဓမ္မ ဂန္ထဓုရကိုလည်း အားသစ် ကြိုးပမ်းတော်မူသည်၊ ဂန္ထဓုရကို အားသစ် ကြိုးပမ်းတော်မူပြီးနောက် သာသနာတော်တွင် ကြောင့်ကြမဲ့နေတော်မမူ၊ ဇာတိရပ်ဌာန် ဖြစ်သော ဝါးခယ်မမြို့ မင်းပိုင်းရပ် ကမ်းနားလမ်း ကွမ်းခြံကုန်း ကျောင်းတိုက်ကြီးတွင် မူလ ဓမ္မာစရိယ စာချအဖြစ်ဖြင့် ရဟန်းသာမဏေ စာသင်ငယ်တို့အား ပရိယတ္တိဓမ္မကို ကြိုးပမ်း ပို့ချပေးတော်မူသည်။

စာသင်ငယ်တို့အား ပရိယတ္တိဓမ္မကို ပို့ချရင်း သာသနာတော်တွင် ပရိယတ္တိဓမ္မ ဂန္ထဓုရကို အားသစ် ကြိုးပမ်းနေရုံနှင့် ကိစ္စမပြီးသေးသည်ကို



မဟာစည်သာသနာ့ရိပ်သာ နမ့်ခမ်းမြို့

## ဆရာတော် ဦးဝိသုဒ္ဓ

ဆရာတော် ဦးဝိသုဒ္ဓသည် နမ့်ခမ်းမြို့ ဆာလူတိုက်နယ် မန်ကန်ရွာ ခမည်းတော် ဦးဆွယ်ဆိုင်-မယ်တော် ဒေါ်ထမ်းမွန်းတို့မှ သက္ကရာဇ် ၁၂၆၉-ခုနှစ်

---

ဆင်ခြင်တော်မူမိသဖြင့် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ အဆုံးအမခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုဇာတ, ဦးနန္ဒဝံသတို့၏ စောင့်ရှောက် ညွှန်ပြမှုဖြင့် သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားသစ်ကြိုးပမ်းတော်မူခဲ့သည်။ အားသစ် ကြိုးပမ်းတော်မူပြီးနောက် ယခုအခါတွင် နမ့်ခမ်းမြို့ မဟာစည်ဌာနခွဲ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဝိပဿနာတရားများကို ဟောပြော သီတင်းသုံး စောင့်ရှောက်လျက် ရှိသည်။

တန်ခူးလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄-ချက်တီးအချိန်တွင် ဖွားမြင်တော်မူသည်။

၁၃၀၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅-ရက် နေ့၌ ကောင်းခြေရွာ တောရကျောင်း ဆရာတော် ဦးဣန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့သည်။

ဗန်းမော်မြို့ မဟာသိမ်တော်ကျောင်း ဆရာတော် ဦးဂန္ဓမာထံတွင်၎င်း၊ ဦးဣန္ဒောဘာသ ထံတွင်၎င်း၊ မိုးကုတ်မြို့ ဈေးကျောင်း ဆရာတော် ဦးသောဘိတထံတွင်၎င်း ပါဠိ-အဋ္ဌကထာ-ဋီကာ-ပိဋကတ် စာပေများကို သင်ကြားတတ်မြောက်ခဲ့သည်။

ပါဠိ- အဋ္ဌကထာ- ဋီကာ- ပိဋကတ်- ပရိယတ္တိ စာပေတို့ကို သင်ယူပြီးနောက် ပရိယတ္တိကို သင်ကြားရုံမျှနှင့် ပဓာန ရည်ရွယ်ရင်းအထိ မရောက်သေးသည်ကို သိမြင်တော်မူသော ဆရာတော် ဦးဝိသုဒ္ဓသည် ပရိယတ္တိကို သင်ကြားရုံတွင်သာ ရပ်မနေဘဲ ပဋိပတ္တိအတွက် ကျန်ရှိနေသေးသည်ကို အားထုတ်ရန် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရှိရာ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်ခဲ့သည်။

ထိုအခါ ရန်ကုန် သာသနာ့ရိပ်သာ၌ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတက ရောက်လာသော ရဟန်း ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ညွှန်ကြားပြသလျက် ရှိပေသည်၊ ဆရာတော် ဦးဝိသုဒ္ဓသည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ ဆရာတော် ဦးဝဏ္ဏိတထံတွင် ဆရာတော်နှစ်သက်သည်အထိ စနစ်တကျ ရှုမှတ်အားထုတ်ခဲ့သည်။

ယခုအခါမှာ နမ့်ခမ်းမြို့ ဆာလူတိုက်နယ် မာန်အောင် ကမ္မဋ္ဌာန်းဌာန၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရှိသည်၊ ကူညီပြသနေသော လက်ထောက် ဥပသကာ ဆရာများလည်း ရှိသည်၊ ၎င်းတို့မှာ (၁) ဦးလွယ်ဘိုဒ် (ဆာလူ) (၂) ဦးထမ်းဆိုင် (ဆာလူ) (၃) ဦးထီးဆိုင် (မာန်အောင်) (၄) ဦးလွယ်ခမ်း (ဖာလင်) တို့ဖြစ်ကြသည်။

လက်ထောက် ကမ္မဋ္ဌာန်း ဆရာများနှင့်အတူ ဆရာတော် ဦးဝိသုဒ္ဓသည် ဝိပဿနာ ပြန့်ပွားရေးအတွက် အားထုတ်လျက်ရှိရာ ဌာနခွဲများပင် ရှိနေပေပြီ၊ ၎င်းတို့မှာ-

## ပန်ယုရှာ သာသနာ့ရိပ်သာ နမ့်ခမ်းမြို့

## ဆရာတော် ဦးပညာ

ဆရာတော် ဦးပညာသည် မိုင်းပီးမြို့နယ် ပန်ယုရှာ ခမည်းတော် ( )·မယ်တော်( ) တို့မှ သက္ကရာဇ် ၁၂၆၁-ခုနှစ်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ကိုးကွယ်ရင်း ပန်ယုရှာ ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က သတို့သား ရတနာကို ဘာသာရေး အခြေခံ သင်ရိုး စာပေများကို သင်ကြား ပေးတော်မူသည်။ ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်၊ ရှင်သာမဏေပြုပြီးလျှင် သာမဏေတို့ ကျင့်ဝတ် သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ယူ တော်မူခဲ့သည်။

ဆရာတော် ဦးဣန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ – ရဟန်းအမ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောအထက်တန်း ရဟန်းအဖြစ်သို့ရောက် တော်မူခဲ့သည်။

အခြေခံ စာပေကျမ်းဂန်များကို ဆရာရင်း ဆရာတော်ထံ၌ သင်ယူပြီး နောက် မိုးကုတ်မြို့ ဥယျာဉ်ကျောင်း ဆရာတော်ထံတွင် ပိဋကတ်- ပါဠိ- ပရိယတ္တိ စာပေကျမ်းဂန်များကို ဆက်လက် သင်ကြားတော်မူသည်။

*

---

၁။ မင်းဘူး ဌာနခွဲ-လက်ထောက် ဆရာအဖြစ် ဦးကံဆိုင်၊
၂။ နမ့်ခမ်း ဌာနခွဲ-လက်ထောက် ဆရာအဖြစ်ဦးထီးဆိုင်၊
၃။ မိန့်နိမ်း ဌာနခွဲ လက်ထောက် ဆရာအဖြစ် ဦးခန္တီ တို့ဖြစ်သည်။

(နေ့စဉ်ထပ်တိုး အခရအဘွက်အားဖြင့်)ယောဂီ ဦးရေ (၁၆၄၇) ဦး ရှိသွားပြီ ဖြစ်သည်ဟု သိရှိရသည်၊ အတိအကျ အရေအတွက်အားဖြင့်မူ (၁၆၀၀) ခန့် ဖြစ်ဖွယ်ရှိသည်။

ဟင်လုံတိုက်၊ ဟန်ခမ်းကျောင်းရိပ်သာ၊ နမ့်ခမ်းမြို့၊ လားရှိုးခရိုင်။

## ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍဝံသ

ဦးပဏ္ဍဝံသသည် ရခိုင်တိုင်း ကျောက်ဖြူမြို့ ကျောက်တောင်ပြင်ရွာ ခမည်းတော် ဦးစိန်ဖေ၊ မယ်တော် ဒေါ်ဝါညိုတို့မှ သက္ကရာဇ် ၁၂၇၇-ခုနှစ် ဝါခေါင်လဆုတ် ၁၀-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ကျောင်းသားအရွယ်တွင် ကျောက်တောင်ပြင်ကျောင်းဆရာတော် ဦးနာရဒ ထံအပ်နှံ၍ ကျောင်းသားအဖြစ်ဖြင့် ဘာသာရေးအခြေခံ စာများကို သင်ကြားခဲ့ပါသည်။

---

*

ပရိယတ္တိဓမ္မ ဂန္ထဓုရဝန်ကို ကြိုးပမ်း ထမ်းဆောင်တော် မူပြီးနောက် ဤ ၌ဖြင့် ရဟန်းတို့၏တာဝန် မကုန်သေးသည်ကို ဆင်ခြင်တော်မူမိသော ဆရာတော်သည် ပဋိပတ္တိ ဝိပဿနာဓုရဝန်ကို ထမ်းဆောင်တော်မူရန် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ သည်းကပ်၍ ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဖြစ်ကြသော ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဆရာတော် ဦးဇဝန၊ ဆရာတော် ဦးသုဇာတ တို့ညွှန်ပြသော သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်းအားထုတ်တော်မူသည်၊

ညွှန်ပြသော ဆရာတော်တို့ နှစ်သက် သဘောကျသည်အထိ ဝိပဿနာ တရားများကို ပွားများအားထုတ်ပြီးနောက် ပန်ယုရွာရိပ်သာ ဆရာတော် ဦးသြဘာသ ပျံလွန်တော်မူသွားရာ ကမ္မဋ္ဌာနာစရိယ လစ်လပ်နေသဖြင့် ထိုရိပ်သာရှိ အမှုဆောင်အဖွဲ့လူကြီးများ၏ ပင့်လျှောက်ချက်အရ ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်တော်မူသည်။

ဆရာတော် ဦးပညာ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်နေသော နမ့်ခမ်းမြို့ မိုင်းပိုးမြို့နယ် ပန်ယုရွာ မဟာစည်သာသနာ့ရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၃၀၄)ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

၁၃၀၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် အသက်ပြည့်ပြီဖြစ်၍ ကလန်ကြန်းဆရာတော်ဘုရားကြီး ဦးအဂ္ဂဓမ္မကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်လှမ်းခဲ့သည်၊ ရဟန်း၀ါ ၂-၀ါရသည်အထိ ဇာတိရွာကျောင်းဆရာတော် ဦးနာရဒ၊ ဦးဇနိန္ဒ တို့ထံတွင် အခြေခံစာများကို ဆက်လက်သင်ကြားသည်၊ ထိုနောက် ပြောင်းရွှေ၍ ရမ်းပြဲမြို့ တောင်ကျောင်းဆရာတော် ဦးပဏ္ဍဝနှင့် သာစည်ကျောင်း ဆရာတော် ဦး၀ါယမတို့ထံတွင် ပရိယတ္တိစာပေများကို သုံးနှစ်အထိ သင်ကြားတော်မူသည်။

ထိုမှတဖန် ရဟန်းတော် ဦးပဏ္ဍဝံသသည် ရန်ကုန်မြို့၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ပြောင်းရွှေပြီးလျှင် နာယကဆရာတော် ဦးကေသရ၊ ဦးဇဝန၊ ဦးသူရိယတို့ထံတွင် ၄-နှစ်အထိနေ၍ ပရိယတ္တိစာပေ သင်ကြားတော်မူသည်။

ထို့နောက် မန္တလေးမြို့၊ ဆင်တဲတိုက်သစ်သို့ ပြောင်းရွှေ၍ အဂ္ဂမဟာပဏ္ဍိတ ဦးဣန္ဒြိယ ဆရာတော်၊ ခင်မကန်တိုက် စံကျောင်းဆရာတော်၊ မိုးတားဆရာတော်၊ အုဋ္ဌလှေခါးကျောင်း ဆရာတော် တို့ထံတွင် သင်ကြားနာယူသည်။ ထိုဌာနတွင်လည်း ၃-နှစ်ပတ်လုံး စာပေပရိယတ္တိများကို သင်ကြားခဲ့ပြီးလျှင် ပရိယတ္တိစာပေသင်ကြား၍ နေတတ်ထိုင်တတ်ရှိပြီ ဖြစ်သောကြောင့် ပဋိပတ္တိအလုပ်အားထုတ်ရန် ၁၃၂၁-ခုနှစ်၌ နမ့်ခမ်းမြို့ သာသနာ့ရိပ်သာသို့ပြောင်းရွှေ့၍ ဆရာတော် ဦးဝိသုဒ္ဓထံတွင် ၂ လအထိ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန်နည်းကို အားထုတ်တော်မူသည်၊ တဖန် ၁၃၂၄-ခုနှစ်တွင် နမ့်ခမ်းရိပ်သာသို့ပင် ပြန်လျက် ၀ါတွင်းသုံးလပတ်လုံး အားထုတ်တော်မူသည်၊

၁၃၂၆ ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍိတထံတွင်အစစ်ခံလျက် အားထုတ်ခဲ့သည်။ ဉာဏ်စဉ်နာကြားရသည်အထိ စနစ်တကျအားကုတ်ပြီးလျှင် ယခု နမ့်ခမ်းမြို့ ဟင်လုံတိုက်၊ ဟန်ခမ်းကျောင်းရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ် သိတင်းသုံးတော်မူလျက်ရှိသည်၊



မာန်နိမ်း သာသနာ့ရိပ်သာ ကွတ်ခိုင်မြို့နယ် လားရှိုးခရိုင်

ဆရာတော် ဦးခန္တီ

ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးခန္တီသည် ရှမ်းပြည် မြောက်ပိုင်း လားရှိုး ခရိုင် ကွတ်ခိုင်မြို့နယ်၊ ဟိုမောတိုက် မာန်နိမ်းရွာ ခမည်းတော် ဦးရွက်ဟိန်း- မယ်တော်နိုင်းရွက်ဟိန်းတို့မှ သက္ကရာဇ် ၁၂၇၄-ခုနှစ် တပေါင်းလဆန်း ၂ ရက် တနင်းလာနေ့တွင် ဖွားမြင်တော် မူသည်။

၁၃၂၂-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၁-ရက် စနေနေ့တွင် လားရှိုး ခရိုင်၊ ကွတ်ခိုင်မြို့နယ် ကောင်းခေျာ တောရကျောင်းဆရာတော်ဦးဣန္ဒာစာရ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ရောက်တော် မူသည်။ မာန်နိမ်း ဆရာတော်ဘုရားကြီးထံတွင် ပါဠိ-ပိဋကတ် စာပေများကို သင်ကြား တတ် မြောက်ခဲ့သည်။ ဆည်းပူးခဲ့သော ပါရမီအလျောက် မာန်နိမ်း ဆရာတော် ဘုရားကြီးကဲ့သို့သော သပ္ပုရိသုပနိဿယကိုလည်း ရရှိတော်မူခဲ့သည်။ မာန် အောင် ကမ္မဋ္ဌာန်းဌာနလို အနုပဋ္ဌာနနှင့် ဆက်စပ်နေထိုင်ခဲ့ရသဖြင့် ပဋိရူပ ဒေသာဝါသ စက်ကလည်း မိခဲ့သည်၊ မဟာစည်ဝိပဿနာ နည်းနာနယကို



ဆင်များရှင် သတိပဋ္ဌာန်ရိပ်သာ စစ်ကိုင်းမြို့

ဆရာတော် ဦးသီဟဉာဏ

ဆရာတော် ဦးသီဟဉာဏ လောင်းလျာသည် မုံရွာခရိုင် အရာတော်မြို့နယ်-ကံသာရွာ ခမည်းတော် ဦးစုံ-မယ်တော် ဒေါ်ညိုတို့မှ ၁၂၉၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃-ရက် သောကြာနေ့ည ၇-နာရီ အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

လက်ကိုင်မိမိ ရရှိခဲ့သော ဆရာတော်ဦးဝိသုဒ္ဓလိုပုဂ္ဂိုလ်နှင့် တွေ့ရသဖြင့်လည်း ပုဗ္ဗေစ ကတပုညတာ စက်မိသည်ကိုလည်း သိနိုင်သည်။

အဇ္ဈာသယဓာတ်ခံ ကောင်းခဲ့သည့်အလျောက် ကမ္မဋ္ဌာန်းဌာနများရှိလာ၍ ကမ္မဋ္ဌာန်းတရားဟောကြားညွှန်ပြနိုင်သည့်ဆရာတော်ရှိလာပြီဟု သိသည်ဆိုလျှင်ပင် ထိုရိပ်သာ ထိုဆရာ့ထံသို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတရားကိုကြိုးစားအားထုတ်တော်မူခဲ့သည်။ အားထုတ်တော်မူရာဥ္မမာန်အောင်ရိပ်သာ ဆရာတော် *

၇-နှစ်သားအရွယ် ငယ်စဉ်ကပင် အာဂုတော်မြို့နယ် ရွာသာရွာ အရှေ့ကျောင်း ဘထွေးဘုန်းတော်ကြီး ဦးဂုဏဝန္တထံ မိဘတို့ကအပ်နှံ၍ ဘထွေးဘုန်းတော်ကြီးက သတ္တိသားအား ဘာသာရေး အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်၊ ၁၄-နှစ်သားအရွယ်သို့ ရောက်လျှင် ဘထွေးဘုန်းတော်ကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ရှင်သီဟညာဏ-ဟူသော ဘွဲ့အမည် မှည့်ပေးပြီးလျှင် ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို ဘထွေး ဘုန်းတော်ကြီးက သင်ကြားပို့ချ ပေးတော်မူသည်။

ရှင်သီဟညာဏကို မြောင်းမြမြို့- ပဇ္ဇောတာရုံတိုက် ရွှေကျောင်နိကာယဥပဥက္ကဋ္ဌ ဆရာတော် ဦးညာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံ ဘထွေးဘုန်းတော်ကြီးကိုယ်တိုင် အပ်နှံ၍ ပရိယတ္တိ-ပိဋကတ် ကျမ်းဂန်များကို ကြိုးပမ်း အားထုတ်ခဲ့သည်၊ ရှင်သီဟညာဏသည် ရှင်သာမဏေဘဝနှင့်ပင် အစိုးရ စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ ပဌမကြီးတန်းအထိ နှစ်ချင်းဆက်၍ အကျအရှုံးမရှိ အောင်မြင်ခဲ့သည်။ သက်တော် ၂၀-ပြည့်လျှင် ပဲခူးမြို့ ပန်းခြံကုန်းရပ် သာသနာ့ မဏ္ဍိုင်တိုက် ဆရာတော် ဦးပညာဇောတကို ဥပဇ္ဈာယ်ပြု၍ မြောင်းမြမြို့ ဒေါ်စောတင်နှင့် သားသမီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၄-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

၁၃၁၅-ခုနှစ်၊ အစိုးရစာချတန်း စာမေးပွဲကို မြောင်းမြမြို့- ပဇ္ဇောတာရုံကျောင်းတိုက်မှ ဝင်ရောက်ဖြေဆိုခဲ့ရာ ကျမ်းရင်း ၃-ကျမ်းနှင့် တက္က

---

*

ဦးဝိသုဒ္ဓအရှင်မြတ် သဘောကျသည် တိုင်အောင် အားထုတ် နိုင်ခဲ့သဖြင့် ဆရာဖြစ်သောဦးဝိသုဒ္ဓဆရာတော်က သူ၏မာန်နိမ်း မာန်အောင်ရိပ်သာတွင် ဆရာတော်ဦးခန္တီကို လက်ထောက် ကမ္မဋ္ဌာနာစရိယ အဖြစ် ခန့်ထားတော်မူသည်။

ဆရာတော်ဦးခန္တီ၏ အားထုတ်ဟောကြား ပြသမှုကြောင့် မာန်နိမ်း ရိပ်သာသို့ လာရောက် အားထုတ်ကြသော ယောဂီ ဦးရေပေါင်း (၁၇၀၄)ဦး ရှိသွားပြီ ဖြစ်ပေသည်။

ဂုဏ်ထူးဆောင် ၅-ကျမ်းကို အောင်မြင်သဖြင့် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ)ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသည်။

ပရိယတ္တိဓမ္မ သင်ကြားပို့ချ ပေးသော ဆရာတော်များမှာ ရွာသာရွာ အရှေ့ကျောင်း ဆရာတော် ဦးဂုဏာသန္တ (မူလဓမ္မာစရိယ) ဓမ္မကထိက၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် နာယကဆရာတော် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ)။ ၎င်းတိုက် စာချဆရာတော် အရှင်ဉာဏိက (ဘာသန္တရဆေက-ဘီ-အေ)၊ မြောင်းမြမြို့ ပဗ္ဗတာရုံကျောင်းတိုက် နာယက ဆရာတော် (သာသနဓဇသိရီပဝရဓမ္မာစရိယ)။ ၎င်းတိုက် စာချ-အရှင်ဇနိန္ဒဝံသ(သာသန ဓဇသိရီပဝရဓမ္မာစရိယ)၊ ၎င်းမြို့ ပဗ္ဗတာရုံတိုက်သစ် စာချဆရာတော် အရှင်ကုမာရ(အလင်္ကာပန်းကုန်းကျမ်းပြု-ဂန္ထကာရက)။ ရန်ကုန်မြို့ ကျောက် ကုန်း ကံပွဲ့ရပ် မဟာဗောဓိဓာသင်တိုက် စာချဆရာတော်(သာသနဓဇသိရီပဝရ ဓမ္မာစရိယ)၊တိုက်ကြီးမြို့မစိုးရိမ်ကျောင်းတိုက်နာယကဆရာတော် (သာသနာ့ ဓဇ သိရီပဝရဓမ္မာစရိယ)။ဤသို့သောပိဋကတ္တယကောဝိဒဖြစ်တော်မူကြသော ဆရာတော်ကောင်း သမားကောင်း တို့ထံတွင် ပရိယတ္တိ- ပိဋကတ်- ပါဠိ- အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို သင်ကြားအားထုတ်တော်မူခဲ့သည်။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်စတင်တည်ထောင်သည်မှစ၍ စာချ ဘုန်းတော်ကြီး အဖြစ်ဖြင့် အဖက်ဖက်မှနေ၍ ပရိယတ္တိသာသနာတော်ကို အားပေးကူညီ ဆောင်ရွက်ပြီးနောက် ပဲခူးမြို့ သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးပညာဝါထံ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ကြီး၏ နည်းနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာ တရားများကို အားထုတ် ပွားများတော်မူသည်။

ပရိယတ္တိရော ပဋိပတ္တိပါ အခြေခံ ကောင်းပြီးဖြစ်သော ဆရာတော် ဦးသီဟညာဏသည် သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများအားထုတ်တော် မူပြီးနောက်၌လည်း ကြောင့်ကြမဲ့နေတော်မမူပဲ ပဲခူးမြို့ သာသနာ့ရိပ်သာ ၌ပင် ဓမ္မကထိကအဖြစ်ဖြင့် ဆရာတော် ဦးပညာဝါအား ကူညီအားပေး၍ ပဋိပတ္တိ သာသနာတော်ကို စည်ပင်တိုးပွားစေရန် အားထုတ် ဆောင်ရွက် တော်မူသည်။

ထိုမှတဖန် မန္တလေးမြို့ စိန်ပန်း ရတနာပုံ သာသနာ့ရိပ်သာ၌ ဆရာတော် ဦးပညာဝါနှင့် အတူလိုက်ပါ၍ အကူအညီအဖြစ် တဝါ သီတင်းသုံးတော် မူပြီးနောက်၊ မန္တလေးမြောက်ပြင် မိဘဈေးအနီး မှန်ကင်းကျောင်းတိုက်၌ တိုက်အုပ်-နာယက ကျောင်းထိုင် ဆရာတော် အဖြစ်ဖြင့် ပရိယတ္တိ စာပေ ကျမ်းဂန်တို့ကို စာသင်သားတို့အား ပရိယတ္တိဓမ္မကို ပို့ချပေးရင်း ဝါတွင်း- ဝါပသီတင်းနေ့တိုင်း ဒကာ ဒကာမ တရားနာ ပရိသတ်တို့အား တရား



စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ

## ဆရာတော် ဦးအရိယဝံသ

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျောက်ကြီးရွာ ခမည်းတော် ဦးကျော်ငြာ မယ်တော် ဒေါ်လှမှုံ တို့မှ ၁၂၉၈-ခုနှစ် ဝါဆို လပြည့်ကျော် ၁၁-

---

★

ဓမ္မဟောပြ၍ သာသနာပြု လုပ်ငန်းများကို အားထုတ် ဆောင်ရွက်တော်မူနေစဉ်-

စစ်ကိုင်းမြို့ ဆင်မျှားရှင် မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာ ဆရာတော် ဦးဝိသုတအရှင်မြတ်က ပဋိပတ္တိ သာသနာတော်ကို ကူညီ ဆောင်ရွက်ရန် တိုက်တွန်းသဖြင့် ယခုအခါ ဆရာတော် ဦးသီဟဉာဏသည် ဆင်မျှားရှင် မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ကမ္မဋ္ဌာန်းပေးခြင်း-ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောကြား ညွှန်ပြခြင်း- စသော သာသနာပြု လုပ်ငန်းများဖြင့် သီတင်းသုံးလျက် ရှိပေသည်။

ရက် တနင်္ဂနွေ နေ့တွင် ဖွားမြင်တော်မူသော သား ရတနာ ဖြစ်သည်။ ကျောင်းသားအရွယ်ဘွင် ကျောက်ကြီးရွာ ကိုးရွာကျောင်းဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေး တော်မူသည်၊ ၁၃-နှစ်သားအရွယ်တွင် ကိုးရွာကျောင်းဆရာတော် ဦးဝါသု ဒေဝထံ၌ပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်၊ ပိဋကတ်အခြေခံစာပေများကို သာမဏေအဖြစ်နှင့် သင်ယူတော်မူခဲ့သည်။ သက်တော် ၂၀-ပြည့်လျှင် ပခုက္ကူမြို့ မဟာဝိသုတာ ရာမ အလယ်တိုက် ခဏ္ဍသိမ်၌ ဆရာတော် ဦးသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု) ကို ဥပဇ္ဈာယ်ပြု၍ ၁၃၁၈-ခုနှစ် ကဆုန်လပြည့်ကျော် ၈-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော် မူသည်၊

ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညိန္ဒထံ၌၎င်း၊ မန္တလေး ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝထံ၌၎င်း၊ အဋ္ဌကထာ ဋီကာနှင့် တကွ ပါဠိပိဋကတ် ပရိယတ္တိစာပေများကို သင်ရိုး ပေါက်မြောက်အောင် သင်ယူတော်မူသည်၊ ပရိယတ္တိဓမ္မကို အားရအောင် သင်ယူပြီးနောက် စစ် ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာတွင် တပည့်ယော်တို့အား ပရိ ယတ္တိစာပေများကို ပို့ချနေစဉ် ပဋိပတ္တိဓမ္မကိုလည်း အားထုတ်လိုသေးသော သဒ္ဓါ ဆန္ဒ ပြင်းပြလာရကား ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်ခိုလှုံ၍ ကမ္မဋ္ဌာနာစရိယဆရာ တော် ဦးဝဏ္ဏိတထံ၌ သတိပဋ္ဌာန်ဝိပဿနာတရားကို ၅-လကျော် ကြိုးပမ်း အားထုတ်တော်မူသည်။

ဆရာတော်တို့ သဘောကျသည်အထိ ကြိုးပမ်းအားထုတ်တော်မူပြီးနောက် မူလ ရွှေစေတီရိပ်သာသို့ ပြန်လာပြီးလျှင် ရောက်လာသမျှ ယောဂီတို့အား သတိပဋ္ဌာန်ဝိပဿနာတရားကို ရွှေစေတီ ဆရာတော်ဘုရားကြီး၏ အကူအညီ အဖြစ်ဖြင့် ဟောကြားညွှန်ပြတော်မူလျက် တဖက်မှ ပရိယတ္တိစာပေပို့ချမှုကို လည်း လက်မလွှတ်ဘဲ ပရိယတ် ပဋိပတ်နှစ်ရပ်စလုံး ကြီးပွားရာကြီးပွား ကြောင်း ကြိုးပမ်းအားထုတ်တော်မူလျက်ရှိသည်။



ဦးအိုင်ကျွန်းသရက်တော မဟာသဘိပဋ္ဌာန်ရိပ်သာ စစ်ကိုင်း

## ဆရာတော် ဦးသောပါက

ဆရာတော်ဦးသောပါကသည် စစ်ကိုင်းမြို့နယ် ဆင်မြေရွာ ခမည်းတော် ဦးနှံ့-မယ်တော် ဒေါ်ချိတ်တို့မှ ၁၂၆၄-ခုနှစ် တော်သလင်းလဆန်း ၄-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်က ရွာဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော် မူသည်။ ထိုဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ် တက်ရောက်တော် မူသည်။ သာမဏေ အဖြစ်သို့ ရောက်လာသော ရှင်သောပါကအား ကျင့်ဝတ် သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေ များကို ဆရာဘုန်းတော်ကြီးက သင်ကြား ပေးတော် မူသည်။ သက်တော် ၂၀-ပြည့်ရာတွင် မူးဝရွာ ဂိုဏ်းအုပ် ဆရာတော်ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ၁၂၈၃-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နံနက် ၈-နာရီ အချိန် သရက် တောကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။ ငယ်ဆရာ ဘုန်းတော်ကြီး ထံ၌ရင်း၊ ဦးအိုင်ကျွန်း



## ရွာသစ်ကြီး ရွှေစေတီ သာသနာ့ရိပ်သာ စစ်ကိုင်းမြို့

## ဆရာတော် ဦးဇဋိလ

ဆရာတော် ဦးဇဋိလလောင်းလျာသည် စစ်ကိုင်းခရိုင် လက်ပံသာကျေးရွာ ခမည်းတော် ဦးဘိုးသန့် - မယ်တော် ဒေါ်အိမ် တို့မှ ၁၂၀၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၃-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

သရက်တောကျောင်းဆရာတော် ဦးနာဂိန္ဒထံ၌၎င်း၊ ငါးဇွန်မြို့သိမ်တော်တိုက် ဆရာတော် ဘုရားကြီးထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ-ပရိယတ္တိ ဓမ္မကို အပါးဝအောင် သင်ယူတော်မူခဲ့သည်၊

ပရိယတ္တိဓမ္မဟူသည် ပဋိပတ္တိဓမ္မ၏အခြေခံ လမ်းညွှန်သာလျှင် ဖြစ်သည်၊ လမ်းညွှန်ကို သိနားလည်ထားရုံဖြင့် ထိုညွှန်ကြားသည့် လမ်းအတိုင်း မသွားလျှင် လိုရာသို့ရောက်မည် မဟုတ်သည်ကို သိထားပြီးဖြစ်သော ဆရာတော် ဦးဇဋိလသည် လမ်းညွှန်အတိုင်းလိုရာသို့ ရောက်သွားလိုသောသဒ္ဓါဆန္ဒ+

ဗုဒ္ဓဘာသာဝင် မိဘတို့မှ ဆင်းသက်လာသည့်အတိုင်း ကျောင်းသား အရွယ် ငယ်စဉ်ကပင် လက်ပံသာကျောင်း ဘုန်းတော်ကြီးထံ မိဘတို့က အပ်နှံ၍ သတို့သားကို ဘုန်းတော်ကြီးက ဘာသာရေးအခြေခံ စာပေများ ကို သင်ကြားပေးခဲ့သည်၊ ထိုဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ရာ ပိဋကတ်အခြေခံစာပေ ကျမ်းဂန်များကို ရှင်သာမဏေ အဖြစ်ဖြင့် အခြေရအောင် သင်ကြား ခဲ့သည်။

၁၃၁၀-ခုနှစ် ဝါခေါင်လဆန်း ၁၅ ရက်နေ့၌ စစ်ကိုင်းတောင် ရွှေ မင်းဝံဆရာတော် ဦးဒေကာသလ္လကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ - ဒကာမ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မောင်းထောင်ဆရာတော်ထံ၌၎င်း၊ စစ်ကိုင်းမြို့ ဧတဒဂ်လှဆရာတော်ထံ၌၎င်း၊ ရတနာ့ဥမာန်ဆရာတော်ထံ၌၎င်း ပိဋကတ် ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် များကို သင်ကြားအားထုတ်တော်မူသည်။

★

---

+ ပြင်းပြခဲ့ရာ၌ ရွှေဘိုမြို့ ပုသိမ်တောရ ဆရာတော်ထံ၌ရွှေဦးစွာကြွရောက်၍ ပဋိပတ္တိကမ္မဋ္ဌာန်းတရားကို ကြိုးပမ်း အားထုတ်တော် မူသည်။

ဒုတိယဘဖန် မန္တလေး ရတနာပုံရိပ်သာ ကမ္မဋ္ဌာနာစရိယ ရွှေစေတီ ဆရာတော်ဘုရားကြီးထံ ကြွရောက်၍ မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်း ကို အားရကြေနပ်အောင် အားထုတ်တော် မူသည်။ ကျေးဇူးရှင် ရွှေစေတီ ဆရာတော် ဘုရားကြီးထံမှ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်နည်းကို လက်ကိုင်မိမိ ရရှိတော်မူသော ဆရာတော်သည် ဦးအိုးကျွန်း သရက်ဘော မဟာသတိပဋ္ဌာန် တိုက်တွင် ရောက်လာသမျှ ယောဂီတို့အား မဟာသတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောပြော ညွှန်ပြလျက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် သာသနာတော် ဝန်ကို ကြိုးပမ်း ထမ်းဆောင်တော်မူလျက် ရှိသည်။

ဆရာတော်၏ သရက်တော မဟာသတိပဋ္ဌာန် ရိပ်သာ၌ လာရောက် အားထုတ်ပြီး ယောဂီဦးရေမှာ (၁၂၃၁) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိ ရသည်။

## အလွှကပ္ပ သာသနာ့ရက္ခိတ ဒက္ခိဏာရာမရိပ်သာ မြင်းမူမြို့

## ဆရာတော် ဦးဝဏ္ဏ

ဆရာတော်ဦးဝဏ္ဏ လောင်းလျာသည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ဇရပ်ကုန်းရွာ ခမည်းတော် ဦးထွန်းဝင်း-မယ်တော် ဒေါ်ချစ်မယ်တို့မှ ၁၂၇၄-ခုနှစ် ဝါဆိုလဆုတ် ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဇရပ်ကုန်းရွာကျောင်း ဆရာတော် ဦးဉာဏထံ၌ သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ယူခဲ့ရသည်၊ ၁၀-နှစ်သားအရွယ်တွင် မိဘတို့၏

---

★ ပရိယတ္တိဓမ္မဂန္ထဓုရကို ဖြည့်ဆည်းပူးပြီးနောက် ပါရမီခေတ်ခံ ရင့်သန်တော်မူခဲ့သော ဆရာတော် ဦးဇဋိလသည် ပဋိပတ္တိဓမ္မဝိပဿနာဓုရကို ဖြည့်ကျင့်ဆည်းပူးရန် လုံ့လကြိုးကုတ် အားထုတ်တော်မူသည်။ ပဌမ ရွှေမင်းခံ ဆရာတော် (ဥပဇ္ဈာယ်ဆရာတော်) ထံ၌၎င်း၊ ဆိပ်ခွန် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဟောပြောသော ဝိပဿနာကမ္မဋ္ဌာန်းတရားများကို နာယူ၍ ဆရာကြွက်-ဆရာကြံ တို့ထံ၌၎င်း၊ ဆင်များရှင် သာသနာ့ရိပ်သာ ဆရာတော် ဦးပညဝါ (ယခု ပဲခူးရိပ်သာဆရာတော်) ထံ၌၎င်း ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ကြိုးပမ်းပွားများ အားထုတ်တော်မူခဲ့သည်၊

ပရိယတ်-ပဋိပတ် နှစ်ရပ်စလုံးကို အားထုတ်တော်မူပြီးသော ဆရာတော် ဦးဇဋိလ၏စွမ်းရည်နှင့် သာသနာတော်တွင် ကျေးဇူးများမည်ကို သိရှိတော်မူသော ရွှေစေတီဆရာတော်ဘုရားကြီးသည် ဆရာတော်ဦးဇဋိလအား စစ်ကိုင်းမြို့ ဆင်များရှင် သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့်၎င်း၊ ထို့နောက် စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွှေစေတီ သာသနာ့ရိပ်သာတွင် ဦးစီးနာယက ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့်၎င်း၊ ဆောင်ရွက်ရန် တိုက်တွန်းတော်မူသောကြောင့် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက် အမိန့်ကို နာယူ၍ ထိုထိုဌာနတို့တွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ယခုအခါ ရွာသစ်ကြီး ရွှေစေတီ သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ပစ္စယာနုဂ္ဂဟဖြင့် ထိုဆရာတော် ဦးဉာဏထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊

၁၃၀၀-ပြည့်နှစ် ဝါခေါင်လဆန်း ၁၃-ရက်နေ့တွင် ငါးမြောင်တောင် ကျောင်း ဆရာတော်ဦးမဏိကို ဥပဇ္ဈာယ်ပြု၍ ဒရပ်ကုန်းရွာ ရဟန်းဒကာ ဦးပိုးညွန့်-ရဟန်းအမ ဒေါ်အေးခြုံတို့၏ပစ္စယာနုဂ္ဂဟနှင့် ကမ္မဝါစာရကသံဃာ တော်၏ ဓမ္မာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းဖြစ်ပြီးနောက် ဦးဝဏ္ဏသည် ဥပဇ္ဈာယ်ဆရာတော် ဦးမဏိထံ၌ ရဟန်းတို့ သိအပ် ကျင့်အပ်သော ဝိနည်းကျမ်းစာများကို သင်ယူခဲ့သည်၊ ထို့ပြင် အလ္လကပ္ပလေးရွာကျောင်း ဆရာတော် ဦးအရိယဝံသ ထံ၌လည်း ဝိနည်းနှင့်တကွ အခြားကျမ်းစာများကို သင်ယူခဲ့သည်၊ ဆရာတော် ဦးအရိ ယဝံသ၏ အမြဲမပြတ် သွန်သင်ဆုံးမသော ဩဝါဒတရားကို ကြားနာရ သဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်ရန် တရားအားထုတ်လိုသော စိတ်ဆန္ဒ များ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ၁၃၁၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၂-ရက်နေ့တွင် ရွှေဘို ခရိုင် ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာသို့ တရားအားထုတ်ရန် သွား ရောက်သည်၊ ထိုစဉ်အခါက ထိုဌာန၌ အုပ်ချုပ် စောင့်ရှောက်နေသော (အဂ္ဂမဟာပဏ္ဍိတ) ရွှေစေတီဆရာတော်ကြီးထံ၌ သတိပဋ္ဌာန်ရှုမှတ်ပုံ ရှုမှတ် နည်းကို နာယူမှတ်သားပြီးလျှင် ကမ္မဋ္ဌာန်းဆရာကြီး ဆရာကြံ၏ ညွှန်ကြား ပြုပြင်မှုကိုလည်း ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ခဲ့ သည်၊ ယင်းသို့ အားထုတ်စဉ်မှာ မတွေ့ဘူး မကြုံဘူးသော ရုပ်နာမ်အဖြစ် အပျက်စသည်ဘို့ကို တွေ့ရသဖြင့် သံသရာမှ လွတ်မြောက်အောင် ကယ်တင် နိုင်မည့် တရားလမ်းမှန်ကို ရပေပြီဟု ယုံကြည်စိတ်ချကာ မနေမနား ပြင်း ထန်စွာ အားထုတ်ခဲ့သည်။

ညာဏ်စဉ်တရားကို နာရသောအခါ ကိုယ်တိုင်တွေ့များနှင့် ကိုက်ညီနေ သဖြင့် လူ့အဖြစ် ရဟန်းအဖြစ်ကို ရကျိုးနပ်ပေပြီဟု အောက်မေ့ကာ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပေသည်၊ သူတပါးတို့အား ဟောပြော တိုက်တွန်းလိုသော စိတ်ဆန္ဒများလည်း အလွန်အကဲ ဖြစ်ခဲ့လေသည်။



နိဗ္ဗာနဂါမိ ရုံ သာသနာ့ရိပ်သာ အလ္လကပ္ပရွာ မြင်းမူမြို့

## ဆရာတော် ဦးဣန္ဒာစရိယ

ဆရာတော်ဦးဣန္ဒာစရိယ လောင်းလျာသည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ရက္ခဒီပရွာ ခမည်းတော် ဦးစံကြီး မယ်တော် ဒေါ်ခန့် တို့မှ ၁၂၇၇-ခုနှစ်

---

ထို့ကြောင့် ၁၃၁၃ ခုနှစ်မှစ၍ ဒက္ခိဏာရာမရိပ်သာကို ဖွင့်လှစ်ပြီးလျှင် ရောက်လာသော ယောဂီတို့အား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သဘိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း အတိုင်း ဟောကြားပြသလျက် ရှိတော်မူပေသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်သော ယောဂီဦးရေမှာ (၂၀၅၄၇) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ကဆုန်လဆန်း ၅-ရက်ဘနက်နေ့နေ့ ညဉ့်တချက်တီးအချိန်တွင် ဖွားမြင်သော အထွေးဆုံး သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ခြောက်နှစ်သားကပင် မိဘတို့က မြင်းခြံမြို့ မဟာဝိသုဘာရာမတိုက် စာချဆရာတော် နောင်တော်ကြီး ဦးသာသနအထံတွင် အပ်နှံ၍ ယင်းနောင်တော်ကြီးက ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ မိဘတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟကိုခံယူ၍ ထိုနောင်တော်ကြီး ထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်နှင့် သင်ကြားသောကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို နောင်တော်ကြီးက သင်ကြားပေးတော် မူသည်။ သက်တော် ၂၀-ပြည့်သည့်အခါ ချောင်းဦးမြို့ မဟာဓမ္မာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် နာယကဆရာတော်ဦးမာနိတကို ဥပဇ္ဈာယ်ပြု၍ အလ္လကပ္ပအရှေ့ရပ် ဦးပြေ-ဒေါ်ဖွားယုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၉- ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထဲ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာ ဖြစ်တော် မူသော ချောင်းဦးမြို့ မဟာဓမ္မာရုံ ပါဠိတက္ကသိုလ်တိုက် မဟာနာယက ဥပဇ္ဈာယ်ဆရာတော်ဦးမာနိတထံ၌၎င်း၊ စာချဆရာတော်ဦးပဏ္ဍဝထံ၌၎င်း၊ မြင်းခြံမြို့ မဟာဝိသုဘာရာမတိုက်သစ် နောင်တော်ကြီး ဦးသာသနထံ၌၎င်း၊ မန္တလေး မဉ္စိုးရိမ်တိုက် အာဂမနယုဒ္ဓေသကျောင်း ဆရာတော်ဦးဝိစိတ္တာဘိဝံသထံ၌၎င်း၊ တောင်ပြုံ ဓမ္မိကာရာမတိုက် သီရိမင်္ဂလာကျောင်းဆရာတော်ဦးသုန္ဒရထံ၌၎င်း၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ ထံ၌၎င်း၊ အလ္လကပ္ပ မိုးကောင်းကျောင်းတိုက် ဆရာတော်ဦးနာရဒထံ၌၎င်း သင်ရိုး ပိဋကတ်-ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို ပေါက်ရောက်အောင် အားသစ် ကြိုး ပမ်း၍ သင်ယူတော် မူသည်။

ပေါ်ပြူ ကျောင်းတိုက် စာမေးပွဲများတွင်၎င်း၊ အစိုးရပါဠိ ပထမပြန် စာမေးပွဲတွင်၎င်း ဝင်ရောက် ဖြေဆိုသမျှ အောင်မြင်အောင် ဖြေဆိုတော်မူနိုင်ခဲ့သည်။ ဆရာတော်ဦးဣန္ဒာစရိယမှာ ပါရမီဓာတ်ခံ ရင့်သန်တော်မူပြီး ဖြစ်သည်အတိုင်း ပရိယတ္တိဓမ္မကို ပြည့်ဝအောင် သင်ယူတော် မူပြီးနောက် ပရိယတ္တိဓမ္မ ပြည့်ဝရုံဖြင့် နှစ်သိမ့်ရောင့်ရဲ နေတော်မမူပဲ လိုနေသေးသော ပဋိပတ္တိဓမ္မအတွက် အားသစ်ကြိုးပမ်းရန်ကိုလည်း ဆက်လက် ဆင်ခြင်တော် မူမိလေသည်။ ထိုအခါ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး အထံသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည်

## နှတ်ရေကန် တောပုသာသနာ့ရိပ်သာ ငွေးပင်တော
## ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတ

ဆရာတော် ဦးပဏ္ဍိတ လောင်းလျာ သတို့သားသည် ခမည်းတော် ဦးဘိုးသိန်း - မယ်တော် ဒေါ်အိ တို့မှ ၁၂၇၉-ခုနှစ် ပြာသိုလပြည့်ကျော် ၁-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၇-နှစ်သားအရွယ် ငယ်စဉ်ကပင် မိဘတို့က ငွေးပင်တောကျောင်း ဆရာတော် ဦးသုနန္ဒထံအပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပို့ချပေးတော်မူသည်၊ ဆရာရင်းဖြစ်သော ထိုဆရာတော် ဦးသုနန္ဒထံ၌ပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့သည်။ ရှင်ပဏ္ဍိတ ဟူသောဘွဲ့မည်ကိုပေး၍ ရှင်ပဏ္ဍိတအား ဆရာတော်ဘုရားက ရှင်တို့၏ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။

ရှင်ပဏ္ဍိတ သက်တော် ၂၀-ပြည့်လျှင် ဆရာတော် ဦးသုနန္ဒကို ဥပဇ္ဈာယ် ပြု၍ လက်ထုပ်တောရွာ ဒေါ်ခန့် ၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၀-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက်နေ့တွင် မြင့်မြတ်သော အထက်တန်းရဟန်း

---

ဆရာတော်ဘုရားကြီး၏ညွှန်ကြားချက်ကို ခံယူပြီးလျှင် သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်တော် မူလေသည်။

သတိပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကိုယ်တိုင်ကြိုးပမ်း အားထုတ် တော်မူပြီး၍လည်း သာသနာတော်တွင် ကြောင့်ကြမဲ့ နေတော်မမူ။ ပရဟိတ အကျိုးကိုလည်း ရှေးရှုတော်မူကာ စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အလွှကပ္ပရွာ နိဗ္ဗာန်ခရီး သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ရောက်လာ သမျှ ရဟန်းယောဂီ၊ လူယောဂီတို့အား ကမ္မဋ္ဌာန်းတရားများကို ဟောပြော ညွှန်ပြလျက် ရှိပေသည်။ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီပေါင်း(၁၄၀၀) ကျော် ရှိသွားပြီ ဖြစ်ပါကြောင်း။

အဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းတော် ဦးပဏ္ဍိတသည် ရဟန်းအဖြစ်သို့ရောက်လျှင် ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက်ဖြင့် ပခုက္ကူမဟာဝိသုတာရာမတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ မန္တလေးမြို့ ဘုရားကြီးတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ မုံရွာမြို့ မဟာလယ်တီတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ ရွှေဘိုမြို့ စေတီတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာဋီကာ - ကျမ်းဂန်အရပ်ရပ်ကို ကိုယ်တိုင်လည်း ကြိုးပမ်းအားထုတ် သင်ယူတော်မူသည်။ စာသင် ငယ်သားတို့အားလည်း သင်ကြား ပို့ချ ပေးတော်မူသည်။

ရဟန်းတော် ဦးပဏ္ဍိတသည် ပရိယတ္တိဓမ္မ၌ လုံလောက်နေပြီကိုသိသော ခမည်းတော်ဦးဘိုးသိန်းသည် သား ရဟန်းတော် ဦးပဏ္ဍိတအား ပဋိပတ္တိဓမ္မကို ဆက်လက်အားထုတ်ရန် အချိန်တန်ပြီဖြစ်ကြောင်းကို၎င်း၊ တပည့်တော်လည်း သား ရဟန်းထံ နီးနီးကပ်ကပ်နေ၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ပွားများ မွေ့လျော်နေလိုပြီ ဖြစ်ကြောင်းကို၎င်း လျှောက်ထားတောင်းပန်သည့်အလျှောက် ရဟန်းတော်ဦးပဏ္ဍိတသည် ၁၃၀၃-ခုနှစ်တွင် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာ၌ မဟာစည် ဆရာတော်ဘုရားထံ ကြွရောက်၍ မဟာစည်ဝိပဿနာတရားများကို ကြိုးပမ်းအားထုတ် ပွားများတော်မူပြီးနောက် လယ်တီဆရာတော်ဘုရားကြီး စီရင်အပ်သော အာနာပါနဒီပနီကိုပါ လေ့လာတော်မူသည်၊

ပရိယတ်-ပဋိပတ် နှစ်ရပ် ပြည့်စုံပြီးဖြစ်သော ဆရာတော် ဦးပဏ္ဍိတသည် ခမည်းတော်နှင့် ဆွေမျိုးဉာတကာ တပည့်တပန်းတို့အား ချီးမြှောက်ရန် ရပ်ရွာသို့ပြန်ကြွ၍ ခမည်းတော်ကြီး ဦးဘိုးသိန်းက ဦးစီး၍ အသစ်ဖြစ်သော မြေယာကို ခုတ်ထွင်ရှင်းလင်းကာ ထိုမြေနေရာ၌ ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ သာသနာ့ရိပ်သာဖွင့်လှစ်ကာ ခမည်းတော်ကြီးနှင့်တကွ ရောက်လာသမျှ ယောဂီတို့အား မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြား ညွှန်ပြတော်မူလျက်ရှိပေသည်။



စန်းမြရောင်ခြည် သာသနာ့ရိပ်သာ မုံရွာမြို့

**အာဒိကမ္မိက ဦးစီးဥက္ကဋ္ဌ နာယက ဆရာတော် ဦးနန္ဒိသာရ**

ဆရာတော် ဦးနန္ဒိသာရ လောင်းလျာသည် ၁၂၆၂-ခု ကဆုန်လဆန်း ၅-ရက်၊ စနေနေ့နံနက် ၂-နာရီအချိန်တွင် ဂုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေလှေရွာ ခမည်းတော် ဦးဘိုးစံ-မယ်တော် ဒေါ်ဟံသာတို့မှ ဖွားမြင်သော သားရတနာ ဖြစ်သည်။

မိဘနှစ်ပါးတို့က ၁၀-နှစ်သားအရွယ်တွင် ကြက်သွန်ချေးရွာ ဓမ္မာရာမကျောင်းတိုက်၏ အာဒိကမ္မိက ဦးစီးဥက္ကဋ္ဌ နာယက ဆရာတော်ဘုရား ဦးဉာဏ၏ထံ၌ အပ်နှံ၍ သူငယ်တို့နှင့်ဆိုင်သော စာပေများကို သင်ကြားခဲ့ရသည်။ တဆယ့်သုံးနှစ်အရောက်တွင် ထိုဆရာတော်ဘုရားကြီး အထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ထိုစဉ်အခါ ကြက်သွန်ချေး ဆရာတော် ဘုရားကြီး၏ထံပါးဝယ် သုံးသွယ်ငရာဇ် အရပ်ရပ်တို့ကို နှံ့စပ်

ပေါက်ရောက် တဘက်မြောက်လွယ်ကူ ပါရဂူဖြစ်ရန် သင်အံကြိုးကုတ် အားထုတ်နေသည့် မိုးညှင်းတောရ ပဌမဘိုက်အုပ် ဖြစ်တော်မူသည့် အရှင်ဦးသုမင်္ဂလ မထေရ်မြတ်လည်း ရှိတော်မူခိုက်နှင့် ကြုံကြိုက်ရ၍ ကျေးဇူးရှင် ကြက်သွန်ဈေး ဆရာတော်ဘုရားကြီး၏ အထံတော်မှာ၎င်း အရှင်ဦးသုမင်္ဂလ မထေရ်မြတ်၏ အထံတော်မှာ၎င်း ကောင်းမြတ်သော စာပေ အမွေ အနှစ်တို့ကို သင်ယူရရှိခဲ့သည့်ပြင် သာသနာ၏ နိသျည်း နေနည်း ထိုင်နည်းတို့ကိုလည်း ရခဲ့သည်။

၁၇-နှစ် အရောက်တွင် မန္တလေးမြို့၊ ပုသိမ်မြို့၊ မြောင်မြို့ စသော အနယ်ဒေသများသို့ သွားရောက်လျက် နေ့ဝါ ညဝါ ပိဋကတ် အဖြာဖြာ လိုကို သင်ကြား၍ နေစဉ် ၁၂၉၁-ခု ဝါခေါင်လပြည့်ကျော် ၈-ရက်နေ့ ၁-နာရီအချိန်တွင် မုံရွေး ရွာသစ်ရပ် ဒါယကာ ဦးစံနှစ် ဒါယိကာမ ဒေါ်ပ တို့၏ စတု ပစ္စယ လှူဒါန်းမှုကို ခံယူကာ မိုးနဘ်တိုက် ခဏ္ဍသိမ်၌ ချောင်းဦးမြို့ ထီးလှိုင်ရှင်တိုက် ဆရာတော် ဦးသီလဝံသကို ဥပဇ္ဈာယ်ပြု၍ ကမ္မဝါစာဆရာတော် ၉-ပါးနှင့်တကွ ကမ္မကာရက သံဃာတော်၏ ချီးမြှောက် ဘော်မူကြခြင်းတို့ကြောင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊ ရဟန်းဖြစ်ပြီးနောက် ဆင်ချင်ဆရာတော် အမိန့်အရ မြောင်မြို့မှာ နေထိုင်လျက် ပိဋကတ်စာပေကို သင်ယူရင်း ရှင်-ရဟန်းငယ်တို့အား တတ်အားသချ နေ့ဝါ ညဝါ ပို့ချခဲ့သည်။ ထို့နောက် ဆင်ရှင် ဆရာတော်၏ ခွင့်ပြုချက်အရ မုံရွာမြို့ မဟာလယ်တီတိုက်သို့ ရွှေ့ပြောင်းခဲ့ပြီးလျှင် ထိုစဉ်အခါက ပဌမ နာယက ဦးကုမာရ၊ ဒုတိယနာယက ဦးပဏ္ဍိတ၊ တတိယ နာယက ပဌမကျော် ဦးဝါယမဘိုထံ၌ ပိဋကတ် ကျမ်းစာများကို သင်ယူ ပို့ချလျက် မိမိအကျိုး တိုက်တာ၏ အကျိုးများကို တတ်အားသမျှ အဘက်ဘက်မှ အားထုတ်ခြင်းပြုလုပ်ရာ ၎င်းနာယက ဆရာတော်များက အရာရာ၌ အခွင့်အရေးပေး၍ မကြာမီ ကျောင်းတုန်းကြီးအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရသည်။

၁၃၁၀-ခု ပြာသိုလပြည့်နေ့၌ အတူနေ သပြေပင်တောရ ဆရာတော်ထံ ခွင့်ပန်၍ ကနီမြို့ ရွှေသိမ်တော် ဆရာတော်ဘုရားကြီးထံ ကမ္မဋ္ဌာန်းနည်း ခံယူ၍ တရားအားထုတ်နေစဉ် ရဲဘော်များ ဂါတ်ကိုလာစီးပြီး သူတပြန် ငါတပြန် သတ်ကြပြန်သဖြင့် တရားအားထုတ်မှု ပြီးဆုံးခြင်းသို့ မရောက်သေးဘဲ သောင်မတင် ရေမကျဖြစ်ကာ မုံရွာမြို့ သပြေပင်တောရသို့ပင် ပြန်၍နေရင်း တရားအားထုတ်ခွင့်ကို မျှော်မှန်း နေခဲ့ရပါသည်။ ထိုအတောအတွင်းမှာ ရွှေဘိုမြို့နယ် ထူးကြီးရွာမှ ယခင်သိကျွမ်းဘူးသည့် ဒကာတဦးက

ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်ကြီး၌ မဟာစည်ဆရာတော်ဘုရားသည် တရားစည်ကြီး ရိုက်ဆော်တီး၍ လာလာသမျှ ဒကာ-ဒကာမ ရဟန်း ရှင်လူ အပေါင်းတို့အား တရားစမ္မပြသနေကြောင်း သတင်းကောင်း ကြားရသဖြင့် ကြားလျှင် ကြားခြင်း ၁၃၁၁-ခုနှစ် တပေါင်းလတွင် မုံရွာမြို့မှ လေယာဉ်ဖြင့် မန္တလေးသို့သွား၍ ၎င်းမှတဆင့် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်ကြီးသို့ ရောက်ရှိပြီးလျှင် ရွှေစေတီ ဆရာတော် ဘုရားထံ၌ တရားတောင်း၍ အားထုတ်ရာ ၁၆-ရက်အတွင်း၌ ဉာဏ်စဉ်နာရလေသည်။ ကဆုန်လဆန်း ၁၅-ရက် ရတနာပုံသာသနာ့ရိပ်သာ ဖွင့်သောနေ့မှာ မုံရွာသို့ ပြန်ခဲ့ပြီး သပြေပင် တောရမှာပင် တရားပြသ နေခဲ့ပါသည်။

•

ထိုအတွင်း အန္ဒိယပြည် အရှေ့ပန်ဂျပ် အမ္ဗလာ (ဒ်)မြို့ လာလဒူရွာသား မုံရွာမြို့ လယ်တီရွာတွင် နေထိုင်သည့် ဦးဒီပလီဆင်းနှင့် ဇနီး ဒေါ်အေးတင် မိသားစုများက သာသနာတော်ကြီး ကြီးပွားရန် မျှော်ကိုး၍ ၆.၁၀ ကေရှိ လယ်တီရွာ၏မြောက်ဘက် ယခု စန်းမြရောင်ခြည် သာသနာ့ရိပ်သာတည်ရာ မြေကွက်ကို လှူဒါန်းပါသဖြင့် ၎င်းမြေကွက်တွင် စန်းမြရောင်ခြည် သာသနာ့ရိပ်သာဟူသော အမည်ဖြင့် သာသနာ သက္ကရာဇ်-၁၄၉၈၊ ကောဇာ သက္ကရာဇ် ၁၃၁၆-ခု ကဆုန်လဆန်း ၁၁-ရက်နေ့တွင် စတင်တည်ထောင်၍ ၁၃၁၆-ခု တပို့တွဲလပြည့်ကျော် ၈-ရက်နေ့မှာ ရိပ်သာဖွင့်ပွဲ ဆင်နွှဲရာ၌ ရတနာပုံ သာသနာ့ရိပ်သာမှ ရွှေစေတီဆရာတော်ဘုရားကြီးက နေ့ရောညပါ တရားစည်ကြီးရိုက်တီးဆော်ရှန်း၍ တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ထိုသို့ ဖွင့်လှစ်ပြီးနောက် စန်းမြရောင်ခြည် ဆရာတော်သည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရှုမှတ်နည်းအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားကို ဟောကြားညွှန်ပြလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီ ဦးရေမှာ (၉၇၄၀) ဦး ရှိသွားပြီဟု သိရှိရပေသည်။



ရှောက်ခါးရပ် ပညာဝတီသတိပဋ္ဌာန်ရိပ်သာ မုံရွာမြို့

နမော ဆရာတော် ဦးသုန္ဒရ

နမောဆရာတော် ဦးသုန္ဒရ လောင်းလျာသည် ရွှေဘိုမြို့နယ် ညောင်လှရွာ ခမည်းတော် ဦးချစ်စု - မယ်တော် ဒေါ်ယုမယ် တို့မှ ၁၂၆၂-ခုနှစ်၊ ပြာသိုလဆန်း ၁၅-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ မိဘတို့က ညောင်လှရွာကျောင်း ဆရာတော်ထံ အပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေးအခြေခံစာပေများကို သင်ကြားပေးတော်မူသည်၊ ထိုဆရာတော်ဘုရား ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လာသော ရှင်သုန္ဒရ (ရှင်နမော) အား ရှင်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ ကျမ်းဂန်များကို ဆရာတော်က သင်ကြား ပို့ချ ပေးတော်မူသည်။

၁၂၇၁-ခုနှစ် တန်ခူးလဆန်း ၁-ရက်နေ့၌ နမောကျောင်းဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ်ဆရာ့ထံ၌ ထိုက်သင့်သလောက် နေထိုင်လျက် ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပြီးလျှင် ဥပဇ္ဈာယ် ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မုံရွာမြို့ မဟာလယ်ကီတိုက် နာယကဆရာ တော်ဘုရားကြီးထံ၌၎င်း၊ ဓမ္မာစရိယ စာချဆရာတော်တို့ထံ၌၎င်း ပရိယတ္တိ ဓမ္မ ဂန္ထန္တရအဝဝတို့ကို အားထုတ် သင်ကြားတော်မူခဲ့သည်။

ပရိယတ္တိဓမ္မ ဂန္ထန္တရအဝဝကို သင်ကြားအားထုတ်ပြီးချိန်တွင် မြန်မာ ပြည်၌ ပဋိပတ္တိသာသနာတော် ထွန်းတောက်လျက် ရှိနေရာ အချိန်ကောင်း ကာလကောင်းနှင့် ကြုံကြိုက်နေသော ဆရာတော် ဦးသုန္ဒရသည် ပဋိပတ္တိ ဓမ္မကိုလည်း ဖြည့်ကျင့်ဆည်းပူးရန်အတွက် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ၌ ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသည့်အတိုင်း သတိ ပဋ္ဌာန် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူခဲ့သည်။

ကိုယ်တိုင် သတိပဋ္ဌာန်ဝိပဿနာတရားကို ပွားများအားထုတ်တော်မူပြီး နောက် ဆိပ်ခွန် အင်ကြင်းတောဘုရား အတွင်းမှာပင် အတန်ကြာ သတိ ပဋ္ဌာန် ဝိပဿနာတရားကို ကိုယ်တိုင်လည်းအားထုတ် သူတပါးတို့အားလည်း ဟောပြောရင်း သီတင်းသုံးတော်မူခဲ့သည်။ ယခုအခါ ဦးနမော-ခေါ် ဆရာတော် ဦးသုန္ဒရသည် မုံရွာမြို့ ရှောက်ခါးရပ် ပညာဝတီ သတိပဋ္ဌာန် သာသနာ့ရိပ်သာတွင် သီတင်းသုံးကာ ဝေးနီးရပ်ထံမှ ရောက်လာသမျှသော ယောဂီတို့အား မိမိကိုယ်တိုင် အားထုတ်ခဲ့ပြီးသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး နည်းအတိုင်း ကမ္မဋ္ဌာန်းပေးခြင်း၊ ဟောပြောခြင်း စသော ပဋိပတ္တိသာသနာ ပြန့်ပွားထွန်းကားရေးကို အားပေးတော်မူလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးယောဂီဦးရေမှာ (၂၅၇၅) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ဆင်မျှားရှင် မဟာသတိပဋ္ဌာန်ရိပ်သာ စစ်ကိုင်းမြို့

## ဆရာတော် ဦးဝိသုတ

ဆရာတော်ဦးဝိသုတသည် စစ်ကိုင်းခရိုင် ငါးဇွန်မြို့နယ် တောင်ရွာဗိုလ်ရွာ ခမည်းတော် ဦးပြားကြီး-မယ်တော် ဒေါ်ဖွားချစ်တို့မှ သက္ကရာဇ် ၁၂၇၉-ခုနှစ် တော်သလင်းလဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

၅-နှစ်သားအရွယ်ကပင် မိဘတို့က ဆုတောင်းပြည့်ကျောင်းဆရာတော် ထံ၌ အပ်နှံ၍ ဆရာတော်က ဘာသာရေး သင်ရိုးစာပေများကို သင်ကြား ပေးတော်မူသည်။ ၁၁-နှစ်အရွယ်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှုတော အုဌ်ကျောင်း ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏အတူနေတပည့်ရင်း ဆရာတော် ဦးဝါယမကို ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ ရောက်သည်။ ဆရာတော်က လှုတော သိမ်ဦးကျောင်းဝိသုဒ္ဓါရုံ ဂဏဝါစက ဆရာတော် ဦးဉာဏဝရထံ၌ အပ်၍ ဆရာတော်က ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားပေးတော်မူသည်၊ တဖန် ၁၆ နှစ်အရွယ်တွင် မြင်းမူမြို့ လေသာ ဟိုက် ဆရာတော်ဦးဇယန္တသိရီထံ၌ အထက်အထက် ပိဋကတ်အခြေခံကျမ်းဂန်

များကို ဆက်လက် သင်ကြားတော် မူသည်။ သက်တော် ၂၀- ပြည့်ရာ၌ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွှေကျင်တောကျောင်း ဆရာတော်ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ကံသာရွာ ဒေါ်ရွှေပြန့်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၂၉၈- ခုနှစ် တပို့တွဲလဆန်း ၈-ရက်နေ့တွင် မြင့်မြတ်သော အထက်တန်း ရဟန်း အဖြစ်သို့ ရောက်တော် မူသည်။

ရဟန်း အဖြစ်သို့ ရောက်ပြီးနောက် ငါးထွန်မြို့ သိမ်တော် ဆရာတော် (ဝိနယဓရ) ဦးဝိမလထံ၌၎င်း၊ ရွှေဘိုမြို့ ဝေဠုဝန်တိုက်သစ် ပါဠိတက္ကသိုလ် ဆရာတော် ဦးစန္ဒိမာထံ၌၎င်း၊ လက်ထောက်ဆရာတော် ဦးဉာဏိန္ဒထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊(အဂ္ဂမဟာပဏ္ဍိ) ဆရာတော်ဦးပညာထံ၌၎င်း၊ ဂဏဝါစကဆရာတော်ဦးမာဃိန္ဒထံ၌၎င်း၊ မန္တလေးမြို့ အဘယာရာမ တိုက် ဆရာတော်ဦးပဒုမထံ၌၎င်း၊ စစ်ကိုင်းမြို့ ရွှေစေတီ သာသနာ့ရိပ်သာ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဦးသုန္ဒရထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်း အားထုတ်သင်ယူတော်မူသည်၊ စာသင်ငယ်တို့အားလည်း ကျမ်းဂန်အရပ်ရပ်ကို ပို့ချတော် မူသည်။

ပရိယတ္တိဓမ္မကို အားရအောင်သင်ယူပြီးနောက် ရဟန်း ၁၀ ဝါ အရတွင် ရွှေဘိုမြို့ဆိပ်ခွန် မဟာစည်သာသနာ့ရိပ်သာ၌ ရွှေစေတီ ဆရာတော်ဘုရားကြီး ထံတွင်၎င်း၊ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာကြီးတို့ထံတွင် ၎င်း ၄-လကြာသည်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ် တော်မူသည်၊ ထိုမှတဖန် ရွှေဘိုမြို့ ပါဠိတက္ကသိုလ် ဝေဠုဝန်တိုက်သစ် ဂဏ ဝါစက ဆရာတော်ဦးဉာဏိန္ဒ၏တိုက်တွန်းချက်ဖြင့် ၎င်းတိုက်၌ဓမ္မာစရိယစာချ အဖြစ် ဆောင်ရွက်တော် မူသည်။

ထိုမှတဖန် ရွှေစေတီဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် မန္တလေးရတနာပုံ သာသနာ့ရိပ်သာတွင် ၂-နှစ်အထိ ဆရာတော် ပေးအပ်သော တာဝန်ကို ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့ဂေါပက အဖွဲ့၏ပင့်လျှောက်ချက်ဖြင့်ဆင်များရှင် သာသနာ့ရိပ်သာ၌ (၅)နှစ်တိုင် ကမ္မဋ္ဌာနာစရိယ နာယက အဖြစ် ဆောင်ရွက် တော်မူပြီးလျှင် အရညဝါသီ တောကျောင်းနေလိုသော ဆန္ဒပြင်းပြမှုကြောင့် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် ခြောက်တင်းကျောရွာသို့ ၁၃၂၉-ခုနှစ်တွင် ကြွရောက်တော်မူပြီးလျှင် အရညိကဓုတင်-ပိဏ္ဍပါတိကဓုတင်များကို ဆောက် တည်ကာ တပါးတည်း သီတင်းသုံးတော်မူသည်။

ထိုသို့နေစဉ် အရပ်ရပ်မှ ရောက်လာသောယောဂီတို့၏ တောင်းပန်လျှောက် ထားမှုကြောင့် မိမိ အားထုတ်ခဲ့ပြီးသော ကမ္မဋ္ဌာန်းတရားများကိုယောဂီတို့-



အရာတော်မြို့နယ် မဟာသတိပဋ္ဌာန်ရိပ်သာ မုံရွာခရိုင်

ဆရာတော် ဦးရေဝတ

ဆရာတော် ဦးရေဝတ လောင်းလျာသည် မန္တလေးမြို့ ခမည်းတော် ဦးခန့်ကြီး–မယ်တော် ဒေါ်ဆောင်တို့မှ ၁၂၆၂–ခုနှစ် ပြာသိုလဆုတ် ၆–ရက် နေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း ကိုးကွယ် အားထားရင်း ဖြစ်သော ဘုန်းတော်ကြီးထံ မိဘ တို့က အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေများကို

---

+

အား ညွှန်ပြ၍ ကမ္မဋ္ဌာန်းပေးခြင်း၊ စစ်ဆေးခြင်း၊ သဒ္ဓါတရား တက်ကြွစေရန် ဟောပြောခြင်းကိစ္စများကို ဆောင်ရွက်တော်မူသည်။ ၁၃၃၀–ခုနှစ်တွင် ဆင်များရှင် သာသနာ့ရိပ်သာ ဂေါပကအဖွဲ့၏ ပင့်လျှောက်ချက်ဖြင့် ထိုရိပ်သာသို့ ပြန်လည်ကြွရောက်တော်မူပြီးလျှင် ယောဂီတို့အား ဝိပဿနာကမ္မဋ္ဌာန်းတရား ကို ဟောကြားညွှန်ပြ သိတင်းသုံးတော်မူရပြန်သည်။

သတို့သားအား သင်ကြားပေးတော်မူသည်၊ ထိုဆရာ ဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရာ ရှင်တို့၏ ကျင့်ဝတ်နှင့် ဘာသာရေး အခြေခံ စာပေများကို ဆက်လက်သင်ကြား ပေးတော်မူသည်။

၁၃၂၉-ခုနှစ် ဝါခေါင်လဆန်း ၃-ရက်နေ့၌ အရာတော်မြို့ နှစ်ဆောင်ပြိုင်ကျောင်း ဆရာတော် ဦးသုဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆည်းပူးခဲ့သော ပါရမီ ပုညသတ္တာရအလိုက် သပ္ပုရိသုပနိဿယ-ဆရာကောင်း သမားကောင်းတို့၏ အမှီသဟဲကို ကောင်းစွာ ရရှိတော်မူသဖြင့် ပဋိပတ္တိ အကျင့် ဝိပဿနာဓုရကို ဖြည့်ကျင့်ဆည်းပူးလိုသော သဒ္ဓါ ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည်။

ဖြည့်ကျင့်ဆည်းပူးလိုသော သဒ္ဓါဆန္ဒများ ဖြစ်ပေါ်လာခဲ့သည့်အလျောက် မန္တလေးမြို့ ဝါခင်းကုန်း ဇောတိကာရာမတိုက် ဆရာတော် ဦးဇောတိက (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ထံ၌၎င်း၊ ဆူးဖြူရိပ်သာ ဆရာတော် ဦးသံဝရထံ၌၎င်း၊ ဆည်းကပ်နိုလှုံခါ မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်တော်မူခဲ့သည်၊ အားထုတ်တော်မူပြီးနောက် ယောဂီတို့အား ကမ္မဋ္ဌာန်းပေးနည်း ဝိပဿနာတရား ဟောပြောနည်းများကိုပါ လေ့လာနာယူတော်မူသည်။

---

ဆရာတော်သည် ဤနည်းဖြင့် ဆင်များရှင် သာသနာ့ရိပ်သာတွင်တလှည့်၊ ခြောက်တန်းကျတောရသာသနာ့ ရိပ်သာတွင်တလှည့်-အလှည့်ကျ ဟောပြော ညွှန်ပြဆိုဆုံးမလျက်ရှိရာ ယခုအကြိမ်ဘွင် ခြောက်တန်းကျတောရ သာသနာ့ ရိပ်သာအလှည့်အကြိမ်ဖြစ်၍ ထိုခြောက်ဘန်းကျဘောရ-စိတ္တသုခသာသနာ့ ရိပ်သာ၌ နေထိုင်ဆဲဖြစ်သည်၊ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၂၆၇၀) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



သီတာရုံ သာသနာ့ရိပ်သာ မုံရွာခရိုင် အရာတော်မြို့နယ် မလဲသာ

ဆရာတော် ဦးစာရိတ္တ

ဆရာတော် ဦးစာရိတ္တလောင်းလျာသည် မုံရွာခရိုင် အရာတော် တောင်လက် မလဲသာရွာ ခမည်းတော် ဦးငွေဖိုး - မယ်တော် ဒေါ်ကံတို့မှ ၁၂၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ ရပ်ဆရာ-ရွာဆရာကိုးကွယ်ရင်း ဘုန်းတော်ကြီးကျောင်းတွင် မိဘတို့က အပ်နှံ၍ သတို့သားကို ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံစာပေများကို သင်ကြားပေးတော်မူသည်။

---

★

ကိုယ်တိုင်အားထုတ်ပြီးနောက် မိမိမှတပါး အခြားသော ယောဂီတို့အားလည်း မိမိနှင့်တပ်တူ ဝိပဿနာကမ္မဋ္ဌာန်းတရား ပွားများနိုင်ကြစေရန် သဒ္ဓါဆန္ဒ ရှိပြန်သည့်အလျောက် ယခုအခါ မုံရွာခရိုင် အရာတော်မြို့ မဟာသတိပဋ္ဌာန် ရိပ်သာ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၌ သီတင်းသုံးတော်မူပြီးလျှင် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရားပေးခြင်း၊ ဝိပဿနာတရားတော်များကို ဟောပြောခြင်း စသော ပဋိပတ္တိ သာသနာတော် စည်ပင်ပြန့်ပွားရေးများကို ကြိုးပမ်းအားထုတ်တော်မူလျက် ရှိသည်။

ထိုဆရာဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လာရာ၌ ရှင်တို့၏ ကျင့်ဝတ်နှင့်တကွ ပိဋကတ်အခြေခံကျမ်းဂန်များကို ဆရာဘုန်းတော်ကြီးက သင်ကြား ပို့ချပေးတော်မူသည်။ ၁၃၁၀-ခုနှစ် နှောင်းတန်ခူးလဆန်း ၅-ရက်နေ့၌ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ် ထိန်ကန်ရွာ ထိန်ကန်ဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်လာရာ၌ ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ထိန်ကန်ဆရာတော် ဦးသောဘိတထံ၌၎င်း၊ သလဲပါတောရ ဆရာတော် ဦးပဏ္ဍိစ္စထံ၌၎င်း၊ မင်းရွာ ကလေး ဆရာတော် ဦးလက္ခဏထံ၌၎င်း မန္တလေး အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် သုဝဏ္ဏဝတီဆရာတော် ဦးသုနန္ဒ ထံ၌၎င်း၊ ဇေယျမေဒနီဆရာတော် ဦးအဂ္ဂိယထံ၌၎င်း။ အလည်ဘိုက်ကြီးဆရာတော် ဦးသေက ထံ၌၎င်း၊ စည်ချင်ကျောင်း ဆရာတော် ဦးဉာဏိဿရ ထံ၌၎င်း၊ ဦးအဂ္ဂ၊ ဦးဓမ္မရသ တို့ထံ၌၎င်း၊ မော်လမြိုင် ဦးဝိသုဒ္ဓထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရအရပ်ရပ်ကို ကြိုးပမ်းအားထုတ်သင်ယူတော်မူခဲ့သည်။

ပိဋကတ်စာပေကျမ်းဂန်ကို သင်ကြားနေစဉ် သွားရင်းဟန်နဲ့ သဘော ဖြင့် အစိုးရ ပဋမပြန်စာမေးပွဲ အငယ်တန်းကို ဝင်ရောက်ဖြေဆို အောင် မြင်ခဲ့သည်။ ပရိယတ္တိဓမ္မဂန္ထခုရကို ဖြည့်ဆည်းပူးပြီးနောက် မော်လမြိုင်မြို့-မြို့ပေါက်ဝ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာဆရာတော် ဦးပဏ္ဍဝထံ၌ ဆရာတော်ညွှန်ပြသော သတိပဋ္ဌာန် ဝိပဿနာတရားကို ကျေးဇူးရှင် မဟာ စည် ဆရာတော်ဘုရားကြီး ရှုမှတ်ပွားများနည်း အတိုင်း ရှုမှတ် ပွားများ အားထုတ်တော်မူခဲ့သည်။

သတိပဋ္ဌာန်ဝိပဿနာတရားကို ကိုယ်တိုင်ရှုမှတ်ပွားများပြီးနောက် ယခု အခါတွင် မုံရွာခရိုင် အရာတော်မြို့နယ် မလဲသာရွာ၌ သီတာရုံ သာသနာ့ ရိပ်သာဟူသော အမည်ဖြင့် ရိပ်သာဖွင့်လှစ်ကာ ရပ်နီးရပ်ဝေးမှ ရောက် လာသမျှ ယောဂီတို့အား ဝိပဿနာကမ္မဋ္ဌာန်းပေးခြင်း၊ ဟောပြောခြင်း စသော ပဋိပတ္တိသာသနာတော် တိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်တော် မူလျက်ရှိပေသည်။



လွှမ်းစေတီ သာသနာ့ရိပ်သာ ဖိုးဝင်းတောင်

## ဆရာတော် ဦးစန္ဒိမာ

ဆရာတော် ဦးစန္ဒိမာ လောင်းလျာသည် မုံရွာခရိုင်၊ ပုလဲမြို့နယ် လက်ပုဂံ ကျေးရွာ ခမည်းတော် ဦးညစ်ကြီး မယ်တော် ဒေါ်မဲတို့မှ ၁၂၆၇-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

ဗုဒ္ဓဘာသာဝင် မိဘ-ဘိုးဘွားတို့မှ ဆင်းသက်လာသော အမျိုးသား ဖြစ်သည့်အလျောက် ထုံးတမ်းစဉ်လာအတိုင်း မိဘတို့က ကျောင်းသားအရွယ် ငယ်စဉ်ကပင် လက်ပုဂံဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဆရာတော်က သတို့သားကို ဘာသာရေး အခြေခံစာပေများကို သင်ကြားပေးတော်မူခဲ့သည်၊ ထိုရွာကျောင်း ဘုန်းတော်ကြီးထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လာသော ရှင်စန္ဒိမာကို ဆရာဘုန်းတော်ကြီးက ရှင်ငယ်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေကျမ်းဂန်များကို သင်ယူစေတော်မူခဲ့သည်။



မုံရွာခရိုင် မုံရွာမြို့နယ် မုံရွေး ဆံတော်ရှင်ရိပ်သာ

## ဆရာတော် ဦးဝါယမ

ဆရာတော် ဦးဝါယမသည် မုံရွာမြို့နယ်၊ လယ်ဇင်ရွာ ခမည်းတော် ဦးဘိုးသန့် မယ်တော် ဒေါ်ကန်တို့မှ သက္ကရာဇ် ၁၂၇၆-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ ရဟန်းအမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်ဘော်မူပြီးနောက် ဥပဇ္ဈာယ်ဖြစ်သော အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒအောက်တွင် နေထိုင်လျက် စစ်ကိုင်းတောင်ရိုး- ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး ထံ၌ ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ပရိယတ္တိဓမ္မကိုသင်ကြားအားထုတ်တော်မူသည်။ *

၆–နှစ်သား အရွယ် ငယ်စဉ်ကပင် မိဘတို့က ဘုဗရွာ ကျောင်းသစ် ဆရာတော် ဦးသုံတထံအပ်နှံကြသည်၊ ဆရာတော်က သတို့သားကို ဘာသာရေး သင်ရိုးစာပေများကို သင်ကြားပေးသည်။ ၈–နှစ်သား အရွယ်တွင် ထိုဆရာတော်ထံ၌ပင် ဘုဗရွာသူကြီး ဦးမိုး သူကြီးကတော် ဒေါ်စံမှိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဆရာတော်က ရှင်သာမဏေဘွဲ့အမည်ကို ရှင်ဝါယမ ဟု မှည့်ပေးတော်မူပြီးလျှင် ရှင်သာမဏေတို့ ပြုကျင့်ရမည့် ကျင့်ဝတ်သိက္ခာပုဒ်များကို သင်ကြားပေးတော်မူသည်။

တဖန် အဘိုး ဦးထွန်းရန်နှင့် အရီး ဒေါ်အေးမယ်တို့က ဇာတိဖြစ်သော လယ်ဇင်ရွာ နိဗ္ဗာန်ကျောင်းဆရာတော် ဦးအာဒိစ္စထံသို့ ကျောင်းသားအဖြစ်နှင့် ရွှေ့ပြောင်းသွားကြပြန်သည်။ ထိုဆရာတော်ထံတွင် သဒ္ဒါ သင်္ဂြိုဟ်များကိုလည်းသင်ယူသည်။ တဖန် ၁၈–နှစ်အရွယ်တွင် ဆရာတော် ဦးအာဒိစ္စမရှိသည့်နောက် ထိုကျောင်းတိုက်၌ပင် ဆရာတော်ဦးဥတ္တမထံ၌ ရှင်သာမဏေအဖြစ်ဖြင့်

---

*

ပရိယတ္တိဓမ္မဂန္ထဓုရကို ဖြည့်ဆည်းပူးပြီးနောက် ပါရမီသမ္ဘာရဖြည့်ဝတော်မူသော ဆရာတော် ဦးစန္ဒိမာသည် ပဋိပတ္တိဓမ္မဝိပဿနာဓုရကိုလည်း ဖြည့်ကျင့်ရန် သဒ္ဓါဆန္ဒ ပြင်းပြတော်မူခဲ့သည့်အလျောက် ရွှေဘိုမြို့ ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူပြီးလျှင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုမှတ်နည်း နိသျည်းအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်တော်မူသည်။

ကိုယ်တိုင်နည်းလမ်းဘကျ အားထုတ်တော်မူပြီးနောက် တိုးတက်လာသော စေတနာသဒ္ဓါတရားအလျောက် အခြားသောပုဂ္ဂိုလ်တို့ အကျိုးငှါ–မုံရွာမြို့ ဖိုးဝင်းတောင် လှမ်းစေတီ သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ပဘ်ာန်းကျင်မှ နီးဝေးမဟူရောက်လာကြသော ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားဟောပြောခြင်း၊ကမ္မဋ္ဌာန်းပေးခြင်းဖြင့်ပဋိပတ္တိသာသနာတော် ပြန့်ပွားရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူလျက်ရှိရာ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီပေါင်း (၄၄၄၆) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

နေ၍ မြစိမ်းကျောင်း ဦးသာဂရထံ၌ ထပ်မံလျက် သဒ္ဒါကြီး သင်္ဂြိုဟ် ဝိနည်း ပါတိမောက်နှင့် ညဝါများကို သင်ယူရသည်၊

သက်တော် ၂၀-ပြည့်လျှင် မုံရွာခရိုင် လယ်ဇင်ရွာ မြစိမ်းကျောင်းဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ဦးဆန်ပေါ ဒေါ်ဖွားယူ သမီး ရွှေတဆုတ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၂၆၇-ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့တွင် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဥပဇ္ဈာယ်ဆရာထံ၌၎င်း၊ မိုးကောင်းကျောင်းတိုက် ကောက္ကသန်ကျောင်းဆရာတော် ဦးဥတ္တမထံ၌၎င်း၊ - ချောင်းဦး အဒ္ဓျကျောင်းဆရာတော် ဦးကုဏ္ဍလထံ၌၎င်း၊ ဆရာတော် ဦးဉာနေယျထံ၌၎င်း၊ မေမြို့ သောဘိတာရာမတိုက် ဆရာတော် ဦးအာစိဏ္ဏထံ၌၎င်း၊ စာချဆရာတော် ဦးနန္ဒမာလာထံ၌၎င်း ပဒရူပသိဒ္ဓိ ဋီကာကျော်သော အခြေခံကျမ်းဂန်များနှင့်တကွ ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန် အချပ်ရပ်ကို သင်ယူတော်မူသည်၊ ထိုနောက် မုံရွေး ပုဗ္ဗာရုံကျောင်းဆရာတော် ဦးသူရိယထံ၌ သဒ္ဒါငယ်များ ဆန်း အလင်္ကာ အဘိဓာန် ချာသ ကျမ်းများနှင့် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို ထပ်မံသင်ယူတော်မူသည်။

ပရိယတ္တိဓမ္မကို အားရအောင် သင်ယူပြီးနောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏တရားကို နာကြားရ၍ ပဋိပတ္တိဝိပဿနာ ရှုမှတ်ကျင့်ကြံရန် သဒ္ဓါ-ဆန္ဒပြင်းပြလာသောကြောင့် ဆိပ်ခွန်မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးကုသုမ၊ ဦးနမော၊ ဆရာကြံ၊ ဆရာကြွက် တို့၏ ညွှန်ပြမှုကို လိုက်နာအားထုတ်တော်မူသည်။

ညွှန်ပြသောဆရာတို့ထံ၌ မဟာသတိပဋ္ဌာန်ဝိပဿနာတရားကို ယောဂီတို့အား ဟောနည်း-ပြောနည်း-စစ်ဆေးနည်းပါ မကျန် ကြိုးပမ်းအားထုတ်တော်မူပြီးနောက် အုတ်ရှစ်ကုန်းရွာ အမိ ဒေါ်ကောက်၊ သား-ဦးဘငွေး၊ မြေး-ဦးသိန်းဖေ၊ ဦးသိန်းမောင် စသည်တို့လှူဒါန်းသော မြေဧရိယာ ၄-ဧကနှင့် ဒဿဒ ၇-နေရာ၌ ကမ္မဋ္ဌာန်းရိပ်သာဖွင့်လှစ်၍ မြင်တင်သာသနာ့ရိပ်သာအမည်ဖြင့် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးပြီးလျှင် ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုဌာနတွင် အားထုတ်ပြီးယောဂီဦးရေမှာ(၈၇၀)ဦးရှိသွားပြီဖြစ်ကြောင်းသိရှိရသည်။



စေတီတော် သာသနာ့ရိပ်သာ ရွှေဘိုမြို့

## ဆရာတော် ဦးတိလောက

ရဟန်းတော် ဦးတိလောကသည် ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက်ဖြင့် ပရိယတ္တိ စာပေကျမ်းဂန်များ သင်ကြားအားထုတ်ရန် ခရမ်းမြို့မှ ရန်ကုန်သို့ ထွက်ခွာလာခဲ့သည်၊ ထိုအခါ ရဟန်းအမကြီးရှိရာ သံလျင်ပိုင် ပုဂံတောင်ကြီးရွာသို့လည်း ဝင်ရောက်သင့်သေးသည် အတိုင်း ဝင်ရောက်လေသည်၊ ရဟန်းအမကြီးအိမ်သို့ ဦးတိလောက ရောက်ရှိသွားချိန်၌ တအိမ်သားလုံး ပွက်ပွက်လောအောင် ငိုကြွေးလျက် ရှိနေကြသည်ကို တွေ့ရလေ၏။ အကြောင်းမူကား အစိုးရကို ဆန့်ကျင်နေကြသူ ရဲဘော်များနှင့် အစိုးရတို့ အကြား အသင်အမြင် မှားမှုကြောင့် ပုဂံတောင်ကြီးရွာ သူကြီး ဦးစုန်ရှင်ကို လဲဒီးဝစ်သားတို့က သတ်ပစ်လိုက်သောကြောင့် ဖြစ်သည်။ အသတ်ခံရသူ ဦးစုန်ရှင်မှာ ဦးတိလောက ရဟန်းအမကြီး၏ မောင်အရင်းဖြစ်သည်။

ထိုသို့သော အာ့ုသယ်တွေနှင့် တွေ့ရသည့်အခါ၌ အာ့ုသယ်တို့၏ ထိုအပူများသည် ဦးတိလောကထံသို့လည်း ကူးစက်လေတော့သည်။ ဦးတိလောကမှာ ထို အာ့ုသယ်များလို ချုံးချ၍ မငိုသော်လည်း ပူပန်မှု မှာကား

ငိုကြွေးသူတို့အောက် ယုတ်လျော့ခြင်း မရှိပေ။ စိတ်ကူးလာခဲ့ရင်း ဖြစ်သော စာပေသင်ကြားလိုမှုပင် မရှိတော့ပဲ သတိသံဝေဂကြီးစွာ ဖြစ်သွားရလေ၏။ သူ၏သိပ်လန့်မှု သတိသံဝေဂကို အဘယ်ပုံ ငြိမ်းစေရပါမည်နည်းဟု ပူပန်ထိပ်လန့်မှု ငြိမ်းအေးရာ ငြိမ်းအေးကြောင်းကို ရှာကြံရာ၌ ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုက်မှသာ ပြေငြိမ်းဘွယ်ရှိသည်ဟု ဦးတိလောက က မြင်လာသည်။

"ကမ္မဋ္ဌာန်းရိပ်သာ တခုခုကိုသွားပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ချင်တယ် ဒကာမကြီး"ဟု ရဟန်းအမကြီးကို ဦးဘိလောက က ပြောသည့်အခါ ရဟန်းအမကြီးက "ဦးပဥ္စင်း အားထုတ်ချင်ယင် အားထုတ်ရုံပါပဲ၊ ဉာဏစာဂီ ကမ္မဋ္ဌာန်းရိပ်သာ ဆရာတော်ကို တပည့်တော်သိပါတယ်၊ အဲဒီရိပ်သာကိုကြွ အားထုတ်ရုံပေါ့၊ တပည့်တော်မ လိုက်ပို့ပေးပါမယ်" ဟု ဆို၏၊ ထိုအခါ အနီးရှိ ဦးပဥ္စင်း ဦးပဏ္ဍိတက "ဒကာမကြီး လိုက်ပို့နေဘို့မလိုပါဘူး၊ ဉာဏစာဂီရိပ်သာကို ဦးပဥ္စင်းသဲ သိပါတယ်၊ ဦးပဥ္စင်းပဲ လိုက်ပို့ပါမယ်"ဟု ဝင်ပြီး တာဝန်ယူလိုက်သည်။

သိပါသည်ဆိုသော ဦးပဏ္ဍိတက လိုက်ပို့ရာတွင် ဉာဏစာဂီရိပ်သာသို့ မရောက်ပဲ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်နေလေ၏။ ဤတွင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် တွေ့နေရာ "တပည့်တော် ကမ္မဋ္ဌာန်းတရား အားထုတ်လိုလို့ လာပါတယ်ဘုရား"ဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားလေသည်။ "ကမ္မဋ္ဌာန်းအားထုတ်လိုက အားထုတ်နိုင်ပါတယ်၊ ဒို့ဂလဲ ဆိပ်ခွန်က ရန်ကုန်ကို ရောက်လာတာ မကြာသေးတော့ ဆွမ်းကွမ်းမှ စ၍ နဲနဲတော့ ဆင်းရဲလိမ့်မယ်"ဟု ဆရာတော်ဘုရားကြီးက မိန့်၏၊ "တပည့်တော် ဆရာတော်ဘုရားထံဘယ်နေ့လာနိုင်ပါသလဲဘုရား"ဟု ဦးတိလောက က ရိပ်သာသို့ လာရောက်ရမည့် နေ့ကို လျှောက်ထားရာ "လာလိုတဲ့နေ့မှာ လာရုံပါပဲ"ဟု ဆရာတော်ဘုရားကြီးက မိန့်သည်။

လျှောက်ထားဘွယ်ကိစ္စပြီးပြီဖြစ်၍ ဦးတိလောကသည် လိုက်ပို့သူဦးပဏ္ဍိတနှင့်အတူ ရဟန်းအမကြီးအိမ်သို့ ပြန်လာခဲ့ကြ၏၊ အိမ်ရောက်၍ ဉာဏစာဂီရိပ်သာမဟုတ်ပဲ ရိပ်သာလွဲမှားနေသည်ကို ရဟန်းအမကြီး သိသည့်အခါ မြည်တွန်တောက်တီးရာ၌ ဦးပဏ္ဍိတက "ကျုပ်သိတဲ့ ဉာဏစာဂီရိပ်သာက ဒီရိပ်သာပဲဗျ" ဟု ရဟန်းအမကြီးအား ပြန်ပြောလိုက်သည်၊

ဦးပဏ္ဍိတမှာ ရန်ကုန် ပညာရာမိက စာသင်တိုက်၌ နေသူဖြစ်၍ ဉာဏစာဂီရိပ်သာကို သိမည်ဟု ရဟန်းအမကြီးက ယုံကြည်သဖြင့် တာဝန်လွဲလိုက်

ခြင်းဖြစ်သော်လည်း ဦးပဏ္ဍိတကမူ မဟာစည်ရိပ်သာကိုပင် ဉာဏစာဂိရိပ်သာဟူ၍ ထင်မှတ်မှားနေခဲ့သည်။ ရဟန်းအမကြီးက ဦးတိလောကအား ဉာဏစာဂိရိပ်သာကို လိုက်ပို့ဦးမည်ဟု ပြောသေး၏၊ သို့သော် ဦးတိလောကက မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားခဲ့ပြီးဖြစ်၍ စကားပျက်မခံဟုဆိုကာ ဉာဏစာဂိရိပ်သာသို့ လိုက်ပို့ဦးမည်ဆိုသော ရဟန်းအမကြီး၏ လိုက်ပို့မှုကို လက်မခံတော့ပေ၊ မဟာစည် သာသနာ့ရိပ်သာသို့သာ ကြွလေတော့သည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူပြီးနောက် ဦးတိလောကကို စစ်ဆေးပို့ပြပေးသော ကမ္မဋ္ဌာနာစရိယဆရာ ၁မူ ဆရာတော်ဦးဝိစာရ (ယခု ဝါးခယ်မ သာသနာ့ရိပ်သာ ဆရာတော်) ဖြစ်၏။ ဦးတိလောကသည် ဆရာတော် ဦးဝိစာရ၏ညွှန်ပြချက်အတိုင်း သူ၏ သောက ဒုက္ခတွေ ငြိမ်းအေးရန်အတွက် ကြိုးစားအားထုတ်လေတော့သည်၊ ဝမ်းဗိုက်၏ ဖောင်းမှုပိန်မှုကို ရှုမှတ်၏၊ သို့သော် ရဟန်းအမကြီးအိမ်မှ မိသားစုတို့၏ငိုကြွေးနေကြပုံနှင့် ငိုကြွေးသံတို့ကိုသာ မြင်နေ, ကြားနေသဖြင့် ဗိုက်၏ ဖောင်းပိန်မှုဆီကို မရောက်ပဲဖြစ်လေသည်၊ ရှုမှတ်၍ သောက ဒုက္ခတွေ မငြိမ်းသော်လည်း အားထုတ်ရှုမှတ် ပွားများမှု အချိန်ကြောင့် ပို၍ပို၍ စားကောင်းအိပ်ကောင်းဖြစ်နေသည်။ သပိတ်နှင့် တဝက်နီးပါး ခံ၍ရလာသော ဆွမ်းသည်ပင် မလောက်တော့မသလိုလို တခါတရံကုန်ကုန်သွားလိုက်သေးသည်၊ ဦးတိလောကမှာ စားလို့ကောင်းခြင်းကြောင့် အိပ်လို့လဲ အထူးကောင်းလာလေတော့သည်။ အမှတ်ဖြင့် ကြိုးစား ရှုမှတ်ပါသော်လည်း မှတ်ရင်းမှတ်ရင်း အိပ်ပျော်သွားသည်ကသာ များနေလေ၏။

ဦးတိလောက၏နောက်မှ ရောက်လာကြသော ယောဂီတို့သည်ပင် ဉာဏ်စဉ်တရား နာ၍နာ၍သွားကြသည်တို့မှာ မနည်းလှတော့ပေ။ ဦးတိလောကမှာကား ရှုမှတ် ပွားများခြင်းကြောင့် ထူးခြားပြီး တရားတက်လာသည်- ဟူ၍ မရှိပဲဖြစ်နေသည်။ ရှုမှတ်၍ သုံးလခန့်ပင်ရှိသွားခဲ့ပြီဖြစ်၏။ ထိုအခါ ဆရာက ဦးတိလောကအား စေ့စေ့စပ်စပ်ဖိပြီး စစ်ဆေးလေတော့သည်၊ ''စားကောင်း, အိပ်ကောင်းဖြစ်၍ ကြိုးစားရှုမှတ်ပါသော်လည်း ရှုမှတ်ရင်း ရှုမှတ်ရင်း အိပ်ပျော်ပျော်သွားကြောင်း'' ဖြင့် ဦးတိလောကက မချွင်း မချန် မကွယ်မဝှက်ပဲ အစစ်ခံလေရာ ဆရာတော် ဦးဝိစာရက -

> '' တနေ့ တနေ့ ဆွမ်းငါးလုတ်သာလျှင် စားရမည်။ သည်ထက်ပို၍မစားရ။ ခုနစ်ရက်ပတ်လုံး မအိပ်ရ၊ စားချိန်မှတပါး နေ့ရော ညပါ ရှုမှတ်ရမည် ''

ဟူသော ညွှန်ကြားချက်ကို ပေးလိုက်ပါလေတော့သည်။ သုံးလလောက် တောင်လွန်လာ၍ တစုံတရာမျှ တရားတိုးတက်မှုမရှိသော ဦးတိလောကအား အိပ်ကောင်း စားကောင်း ဖြစ်နေရာ၌ ဤညွှန်ကြားချက်သည်သာလျှင် သင့်လျော်သည်ကို ဆရာက သိ၏။

စစ်ဆေး၍ ညွှန်ကြားချက်ပေးပြီးလို့ ဆရာအနီးမှ ထလာခဲ့သော ဦးတိလောကမှာ ညွှန်ကြားချက်အတိုင်း ဖြစ်နိုင်ပါ့မလား ဟူသော တွေးတောမှု ဖြင့်စိတ်အပျက်ကြီး ပျက်သွားလေသည်။ အိမ်ကပါလာခဲ့သောသောက ဒုက္ခသည်ပင် ပျောက်သွားလောက်အောင် ဝန်လေးသွား၏။ သို့သော် ဆရာ သဘောကျ အားရသည်အထိ အားထုတ်မည် ဟူသော ဆုံးဖြတ်ထားခဲ့သည် ကတကြောင်း၊ ဆရာညွှန်ပြချက်အတိုင်း လိုက်နာရလိမ့်မည် ဟူသော စွဲမှတ်ချက် ရှိနေခဲ့သည်ကတကြောင်း ဤသို့သောအကြောင်းများကြောင့် ဆရာ၏ ညွှန်ကြားချက်ကို ဦးတိလောကမှာ ငြင်းဆန်ရန်မဆိုထားဘိ မတော်တဆ ချွတ်ယွင်းသွားမည်ကိုပင် စိုးရွံ့နေခဲ့၏။

ညွှန်ကြားချက်ကို မလွန်ဆံဝံ့သော ဦးတိလောကသည် ဆွမ်းလုတ်ကို ငါးလုတ်ထက်ပို၍ မစားစံ့ပဲ ညွှန်ကြားသည့်အတိုင်း ဆွမ်းငါးလုတ်ကိုသာ စားသည်။ သို့သော် ညနေကျလျှင် သိပ်ပြီး ဆာလောင်နေမည် စိုးသော ကြောင့် အခါတိုင်းစားနေကျဆွမ်းလုတ်ထက် ကြီးအောင် လက်နှင့်ဆုပ်နိုင် သမျှ ဆုပ်ယူ၍စား၏။ ဆရာ ညွှန်ကြားသည့်အတိုင်း မအိပ်မနေ သဲသဲမဲမဲ အားထုတ်လေတော့သည်။ ဤနည်းဖြင့် အပြတ်အသတ် အားထုတ်လိုက်ရာ တွင် ရဟန်းတော်ဦးတိလောက၏ ရှုမှတ်ပွားများသော တရားမှာ သိသိသာ သာ တိုးတက်လာ၏။ ညွှန်ကြားသည့်အတိုင်း လိုက်နာအားထုတ်သော ကြောင့် ဆရာကလည်း သဘောကျလာသည်။

ရှုမှတ်လို့လည်း တနေ့ထက်တနေ့ ကောင်းလာသည်။ ရှုမှတ်နေသော စိတ်နှင့် ဖောင်းမှုပိန်မှုစသောအာရုံများမှာ အချိုးကျကပ်လျက် ကပ်လျက် တစိတ်ပြီး တစိတ်, တအာရုံပြီးတအာရုံ ပြတ်ပြတ်သွားနေသည်ကို ထင်ထင် ရှားရှားတွေ့လာလေတော့သည်၊ထိုအခါကိုယ့်ရှုမှတ်မှုကို အားရ ကြေနပ်လာ ပြီဖြစ်သောကြောင့်ပို၍ပို၍ အားထုတ်မှုအင်အား ရှိလာလေရာ ရဟန်းတော် ဦးတိလောကမှာ အိပ်ရကောင်းသည်ဟူ၍ပင် မသိသလောက် အားထုတ် လေ၏။ တလခွဲလောက်မျှ အားပါးတရ အားထုတ်လိုက်သည့်အခါ ရှုမှတ်ရ သော တရားတော်ကို မိမိကိုယ်တိုင်ကလည်း အားရ ကြေနပ်လာသည်။ နည်းညွှန်ဆရာတော်ကလည်း ဦးတိလောက အားထုတ်ပုံနှင့် အစစ်ခံချက်ကို သဘောကျသောကြောင့်ဉာဏ်စဉ်တရားကို ဟောကြားပေးလေတော့သည်။ +



ရွှေဘိုမြို့ စေတီတော် သာသနာ့ရိပ်သာ

# ရဟန်းတော် ဦးပဏ္ဍာဝ

"ကျွန်တော် နိဗ္ဗာန်သဘောကို သိပါရစေ၊ နိဗ္ဗာန်သဘောကို ပြောပြစေချင်ပါသည်"ဟု ဆာဦးသွင်က ချပ်သင်းချောင် သီလရှင် ဆရာကြီး ဒေါ်ဝိစာရီကိုမေးလာသည်။ သီလရှင် ဆရာကြီး ဒေါ်ဝိစာရီမှာ ချပ်သင်းချောင် အုပ်ဆရာကြီး ဖြစ်၍ တပည့် သီလရှင်များကို ပိဋကတ် စာပေများ ပို့ချလျက်ရှိသော ဆရာကြီး ဖြစ်သည်။ နိဗ္ဗာန်သဘောကား ပုထုဇဉ်ပုဂ္ဂိုလ်တို့ မြင်နိုင်သော သဘောမဟုတ်၍ နက်နဲခက်ခဲလှသည်။ စာချပင် ဖြစ်သော်

---

+ ရဟန်းတော် ဦးတိလောကသည် ကျောင်းသားအရွယ်ငယ်စဉ်က အစိုးရအဘနိုးကျောင်း၌ ၇-တန်းအထိသင်ကြားခဲ့သည်။ ပိဋကတ် ကျမ်းဂန်များကို ခရမ်းမြို့ ဝေဠုဝန်တိုက် ဆရာတော် ဦးသုဒဿနထံ၌၎င်း၊ မန္တလေး ဆရာတော် ဦးအာဒိစ္စသံ၌၎င်း၊ တံခွန်း ကျောင်းကြီးဆရာတော် ဦးဂုဏိကထံ၌၎င်း၊ ရန်ကုန် ဗားကရာတိုက် မှန်ကျောင်းဆရာတော် ထံ၌၎င်း သင်ကြားအားထုတ်တော်မူသည်၊ စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ၌ အစိုးရ ပဌမကြီးတန်းအထိ အောင်မြင်ခဲ့သည်။

လည်း နိဗ္ဗာန်သဘောကို ဆာဦးသွင် သဘောကျအောင် ဒေါ်ဝိစာရီကပြန် ပြောပြရန် မလွယ်ပေ၊ ဒေါ်ဝိစာရီမှာ ထိုအမေးကို ဖြေကြားရန် ရုတ်တ ရက်သော် အကြပ်ရိုက်သွားလေသည်။

ထိုအချိန်တွင် ရွှေဘိုခရိုင် ရေဦးမြို့မှ စက်ပိုင် ဦးဘသင်သည် ချပ်သင်း ချောင်တွင် အခိုက်တော်စွာ ရောက်လျက် ရှိနေသည်။ ထိုအချိန်က ဦးဘ သင်မှာ ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရား ကြီးထံမှ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ပြီး၍ စစ်ကိုင်းတောင် ရိုးသို့လာကာ မိမိအားထုတ်ခဲ့သော ဝိပဿနာတရားကို ဆက်လက် အား ထုတ်နေခြင်းဖြစ်သည်။ ဤသို့ရှိနေစဉ် ဦးဘသင်က–

"ဆာဦးသွင်သိလိုတဲ့ နိဗ္ဗာန်သဘောကို စာတွေ့ ကိုယ်တွေ့ နှစ်မျိုးစလုံး ဟောပြနိုင်တဲ့ ဆရာတော်တပါး ရှိပါတယ်။ အဲဒီဆရာတော်ဟာ ဓမ္မာစရိယ

---

ရန်ကုန်တိုင်း ခရမ်းမြို့ ခမည်းတော်ဦးငွေခိုင်· မယ်တော် ဒေါ်အေးလှတို့မှ သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်၊ ပြာသိုလဆန်း ၄-ရက် စနေနေ့တွင် ဖွားမြင် သော သားရတနာ ဖြစ်သည်။ သက်တော် ၂၀-အပြည့်တွင် ပုဂံတောင် ကြီးရွာ အုန်းဖိုကျောင်း ဆရာတော် ဦးနိပုဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအမကြီး ဒေါ်စောတင် သား ဦးအောင်ခင်-ဒေါ်ယုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သက္ကရာဇ် ၁၃၁၀-ခု၊ တပေါင်းလဆန်း ၁၄-ရက်နေ့တွင် မြင့်မြတ်သော သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်ပေသည်။

အဂ္ဂမဟာဓမ္မကထိက လောကမာရဇိန် ရွှေဘို ဆရာတော် ဦးမုနိန္ဒထံ၌ လည်း ဝိပဿနာတရား အားထုတ်ခဲ့သည့်အတိုင်းထိုဆရာတော်၏ စီမံပေးချက် ဖြင့် ယခုအခါတွင် ဦးတိလောကသည် ရွှေဘိုမြို့ စေတီတော် သာသနာ့ ရိပ်သာ၌ ပဓာန နာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက် ရောက် လာသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို မဟာစည် ဆရာတော်ဘုရားကြီး ပေးသော နည်းနာနယအတိုင်း ဟော ပြော ပြသနေလျက် ရှိပေသည်။

စာချဘန်းဘွင် တနှစ်သဲနဲ့ ရှစ်ကျမ်းအောင်မြင်လို့ ပိဋကတ် စာပေလဲ အာမဘန် ကျွမ်းကျင်ပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားကို ကိုယ်တိုင် အားထုတ်ပြီးသား ဖြစ်လို့ နိဗ္ဗာန်သဘောကို သူတပါး နားလည်အောင်လဲ ဟောပြောနိုင်ပါတယ်။ ဒီဆရာတော်ကတော့ ဆိပ်ခွန် မဟာစည်ဆရာတော် ဖြစ်ပါတယ်။ မဟာစည် ဆရာတော်ဘုရား၏ တရားကို နာကြားရယင် ဆာဦးသွင် သိလိုတဲ့ နိဗ္ဗာန်သဘောကို သိနိုင်ပါလိမ့်မယ်'' ဟု ဝင်၍အကြံ ပေးလေသည်။

ဆာဦးသွင်သည် စစ်ကိုင်းမြို့ရှိ သမီးနှင့်သားမက်ဆီကိုလာရင်း ကြုံကြိုက် လို့ စစ်ကိုင်းတောင်ရိုးသို့ လာခဲ့ပါသည် ဆိုသော်လည်း အမှန်မှာ ပရိယတ်၊ ပဋိပတ် နှစ်ရပ်စွယ်စုံ လောက်လုံသော ဤလို ပုဂ္ဂိုလ်ကို ရှာဖွေစူးစမ်းရန် အတွက်ရောက်ရှိလာကြောင်းကို နောက်ကာလကြမှသိကြရသည်။ ဦးဘသင် က ဤသို့ဝင်ရောက် အကြံပေးလိုက်သည့်အခါ ''အချိုရှာ သကာတွေ့'' သွားသော ဆာဦးသွင်က–

''ဒီလိုဆိုယင် အဲဒီ ဆရာတော့်တရားကို နာကြားစမ်း ပါရစေဗျာ၊ အဲဒီ ဆရာတော် ရှိရာကို ကျွန်တော့်ကို လိုက်ပို့ ပေးပါ'' ဟု ဦးဘသင် အား တောင်းပန် လေတော့သည်၊ ထိုအခါ ဦးဘသင်က ဆင်ခြင် စဉ်းစား၍၊ ''ကာလ ဒေသကလည်း မကောင်းလှသေးဘူး၊ (ထိုအချိန်က ဗိုလ်ချုပ် အောင်ဆန်းတို့ ကျဆုံးသောနှစ်– ၁၃၀၉-နှစ်၊ ဝါခေါင်လ ဖြစ်သည်၊) ဆိပ်ခွန်ကလဲ ရွှေဘိုနဲ့ ၇-မိုင်တောင် ဝေးတယ်၊ သေဌေးကြီး ဆာဦးသွင်သိုပုဂ္ဂိုလ် သွားလို့မသင့်လျော်ဘူး၊ ဆရာတော်ကို ဤ စစ်ကိုင်း တောင်ရိုးသို့ ပင့်ပြီး တရား နာရယင် တခြား ပညာရှင် တွေလဲ နာကြားကြရမယ်၊ အေးအေးဆေးဆေးလဲ နာကြားကြရမယ်'' ဟူ၍ ဆင် ခြင်စဉ်းစားမိလေ၏။

''ဆိပ်ခွန်ကို ဆာဦးသွင်တို့ သွားလို့သင့်တော်တဲ့အခါ မဟုတ်ဘူး ခင် ဗျာ၊ တကယ်တရားနာကြားချင်ယင် ဆရာတော်ကို ကျွန်တော် ပင့်ပေးပါ့ မယ်၊ ဒီတောင်ရိုးမှာပဲ အေးအေးဆေးဆေး နာကြားကြရတာက ပိုပြီး ကောင်းပါတယ်'' ဟု ဦးဘသင်က ပြောလေ၏။

ဦးဘသင်မှာ ကျောင်းဒကာ, ကျောင်းအမ မိဘများမှ ဆင်းသက် လာသူဖြစ်သည့် အလျောက် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တဦး ဖြစ်သည်က တကြောင်း, စာပေကျမ်းဂန် ဗဟုသုတ ပြည့်ဝသူဖြစ်သည်က တကြောင်း၊ မဟာစည် ဆရာတော်ဘုရားထံ သတိပဋ္ဌာန် ဝိပဿနာတရား ပွားများအား ထုတ်ခဲ့သည်ကတကြောင်း၊ ဤသို့သော အကြောင်းများကြောင့် ရတနာ

သုံးပါး၌ သက်ဝင်ယုံကြည်ရာတွင် ခိုင်မြဲလှသူဖြစ်သည်။ မည်သူ့ကို မဆို တရားနာချင်ပါသည်, တရားအားထုတ်ချင်ပါသည် ဆိုလျှင် ကူညီလေ့ရှိသည်၊ ဤသို့ကူညီလေ့ ရှိသည့်အတိုင်း စက်ပိုင် ဦးဘသင်က ဆာဦးသွင်အား ဆရာတော်ကို ပင့်ပေးပါမည်ဟု တာဝန်ယူ ပြောကြားခြင်းဖြစ်သည်။ ထို အခါ ဆာဦးသွင်က....

"ဟာ....ဒီလိုပင့်ပေးမယ်ဆိုယင် ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော် အင်မတန် နာကြားလိုပါတယ်၊ ပင့်ပေးပါ ခင်ဗျာ" ဟု ဦးဘသင်အား လိုလိုချင်ချင် တိုက်တွန်း တောင်းပန်လေတော့သည်၊ ဆရာတော်ဘုရားကို ပင့်ရန် စိတ်အားထက်သန်နေသော ဦးဘသင်သည် မဆိုင်းမတွပင် စစ်ကိုင်းတောင် ရိုးမှ ဆိပ်ခွန်သို့ ထွက်ခဲ့၏၊ လမ်းခရီးတွင် တရားမဝန်ထောက် ဦးမောင် မောင်ကြီးနှင့်ရင်း ယောက်ဖဖြစ်သူနှင့်ရင်း တွေ့ရာ မေးမြန်းကြ၍ အကျိုး အကြောင်းကို ပြောပြလျှင် "ဟာ....ဦးဘသက နည်းမှ မဟုတ်ပဲ၊ တရား နာချင်သူက ဆရာတော်ရှိရာကို သွားနာရမယ့်ဟာ အခုနာလိုသူ့ထံ ဆရာ တော်ကကြွပြီးဟောရမယ်လို့ မဟုတ်တာပဲ"ဟု ဦးဘသင်အား ဆည်း၍ဆိုကြ ၏၊ "အကြောင်းသင့်သလို ကြည့်လုပ်ကြတာပေါ့" ဟု ပြန်ပြောရင်း ဦးဘသင်သည် ဆရာတော် သီတင်းသုံးရာ ဆိပ်ခွန်သို့ အရောက်သွား၍ မဟာစည်ဆရာတော်ဘုရားအား စစ်ကိုင်းတောင်ရိုးသို့ ပင့်လာခဲ့သည်။

ဆရာတော် ရောက်လာသည့်အခါ ဆရာတော် ဟောကြားသော တရား အပေါ် သဘောမကျ၍ မေးလိုကမေးနိုင်ရန် ပညာရှင် အတော်များများ ကို ဖိတ်ကြားထား၏၊ သို့သော် တရားဟောကြားစဉ် မမေးပဲ အနားယူ သည့်အခါမှ မေးကြရန်ကိုလည်း သတိပေးထားသည်။ တရားပွဲ ကျင်းပရန် နေရာဌာနကိုလည်း ရွေးချယ်ကြရ၏၊ ချပ်သင်းဓမ္မာရုံနှင့် ခေမေသက ဓမ္မာရုံ ကို ရွေးချယ်ကြရာ၌ အလည်ဘွင် တိုင်တွေများသည်ဆိုကာ ဆာဦးသွင်က မကြိုက်ပဲ ဖြစ်နေသည်။ အကြောင်းမူကား ဆရာတော်ဘုရား၏ ရုပ်ဆင်း အင်္ဂါလက္ခဏာကို သေသေချာချာ မမြင်ရပဲတိုင်ကွယ်နေမည် စိုးသောကြောင့် ဟုဆို၏။ ဤသို့ရွေးချယ်သောဆာဦးသွင်ကို ကြေး(ဂျီး)များလှသော အဖိုး ကြီးဟုထင်ကောင်း ထင်မည်၊ထင်စရာလည်းဖြစ်နေ၏၊သို့သော်ဆာဦးသွင်မှာ မည်သည့်ကိစ္စမှာမဆို သေချာစေ့စပ်သူဖြစ်ရာ စာတတ်၍ တရားဟောတတ် ရုံဖြင့် သူတော်ကောင်းအင်္ဂါ ရုပ်လက္ခဏာနှင့် မပြည့်စုံလျှင် ကြေနပ်မည် မဟုတ်ပေ၊ ထို့ကြောင့်လည်း ဤမျှ ရွေးချယ်နေခြင်းဖြစ်ဟန်ရှိ၏၊ အလယ် တွင် တိုင်နည်းသော သမိဒ္ဓေါဒယဓမ္မာရုံကို လိုက်ပြသည့်အခါမှ ထိုဓမ္မာရုံ၌ တရားပွဲ ကျင်းပရန် ဆာဦးသွင်က သဘောတူ လက်ခံခဲ့သည်။

ထိုတရားပွဲတွင် မဟာစည် ဆရာတော်ဘုရားသည် မာလုကျပုတ္တ သုတ်ကို ဟောတော်မူ၍၊ ၂-နာရီတိတိ ဟောပြီးလျှင် တရားရောက်သည့် နေရာတွင် ဆရာတော်သည် တရားတပွဲ သိမ်းတော့သည်၊ အကြောင်းမှာ တရားဟော တရားနာများ မပင် မပန်း ချမ်းသာ ကြစေရန် ၂-နာရီခန့်သာ ဟောကြား ပါမည့် အကြောင်း ဆာဦးသွင်က ကြိုတင် လျှောက်ထားပြီး ဖြစ်သော ကြောင့် ဖြစ်လေသည်၊ ဤသို့ ကြိုတင် လျှောက်ထားသည်ကို မသိသော ပညာရှင်အချို့က ဖြတ်ရမည့်နေရာမဟုတ်ပဲ တရားဖြတ်ထား လိုက်သည်ကို တရားမပြည့်စုံဟု ဆိုကာ ဆရာတော်အား မေးလျှောက်ရန်ကိုပင် တိုင်ပင် ညှိနှိုင်း ထားလိုက် ကြသည်။ သို့သော် နောက်တရားတပွဲတွင် ဆက်ဟော ရာ၌ သူတို့မပြည့်စုံဟု ထင်ထားသော တရားကိုထည့်သွင်း ဟောလိုက်သည့် အခါ မေးလျှောက်မည်ဟု အားခဲထားသူတို့မှာ "ဒို့မေးမည်ကို ဆရာတော် သိများ သိလေသလား" ဟု အံ့သြသွားကြသည်။

ဤအကြောင်းကို သိသော သမိဒ္ဓေါချောင်အုပ် သီလရှင် ဆရာကြီးက လျှောက်ထားမည် ကြံထား ကြသူတို့အား "သည်က စာရှိတယ်၊ စာပေကို လွှတ်ဟောယင်လဲ မရဘူး။ကိုယ်တွေ့မပါပဲ စာပေလာချည်း ဟောသွားယင်လဲ မရဘူး၊ အခုဆရာတော် ဟောနေတာက စာလာ ပေလာနဲ့လဲ ညီတယ်၊ ကိုယ် တွေ့လဲ ပါတယ်" ဟု ရင်ဘတ်ကိုပုတ်ပြကာ အားပါးတရ ပြောကြား၏၊ ထိုအခါ ဆာဦးသွင်က ဆိပ်ခွန် မဟာစည်ဆရာတော်ဘုရားထံရောက်အောင် ဦးဘသင်က တာဝန်ယူပြီးဆရာကြီးကိုပို့ပေးရမယ်။ဆရာကြီးကအားထုတ်ပြီး တဲ့အခါလဲ ကျွန်တော့ဆီကို အကျိုးအကြောင်းနဲ့တရားသဘောအခြေအနေကို စာရေးပို့ပါ" ဟု ပြောဆိုလေသည်။

ဆာဦးသွင်သည် ဆရာတော်ဟောသည့်တရားကို ဂရုစိုက် လေးလေး စားစား နာကြားရုံသာမက ဆရာတော်ဘုရား၏ ဦးခေါင်း, နားရွက်, မျက် စိ, မျက်နှာ, အင်္ဂါ ခြေလက်မှစ၍ ဆရာတော်ဘုရား၏ ပုံဟန် သဏ္ဌာန်ကို စေ့စေ့စပ်စပ် ဖူးမျှော်ကြည့်ရှုသည်၊ အားပါးတရ နာကြားဖူးမျှော်ပြီးလျှင် "ဤဆရာတော်မှာ လျှို့ဝှက် ကောက်ကျစ် စဉ်းလဲသော သဘောမရှိ ပေါ် လွင်ဖြောင့်မတ်မည်, နက်နဲသောသဘောရှိမည်" စသည်ဖြင့် လက္ခဏာဖတ် ဆရာကြီးတဦးအနေနှင့် ထုတ်ဖော် ဟောကြား လိုက်သေးသည်။

ဆရာတော်ဘုရား ဟောသည့်တရားကို ဆာဦးသွင်သည် သုံးရက်အထိ စောင့်၍ တရားတော်ကို လေးလေးစားစား နာကြားသည်၊ ဆွမ်း ပန်း တာဝန်စသည်ကိုလည်း သုံးရက် စလုံး တာဝန်ယူ၍ ပြုစု လုပ်ကျွေးသည်၊

ဆရာတော် ဘုရား၏ ပရိယတ်, ပဋိပတ် နှစ်ရပ် လောကလုံ ပြည့်စုံသည်ကိုရင်း၊ရုပ်ဆင်းသဏ္ဌာန် ပုံဟန် လက္ခဏာကိုရင်း အားရ ကြေနပ် သွားသည်၊ ဆရာတော်၏ တရားတော်ကို ဆာဦးသွင်က အားရကြေနပ်သွားသော်လည်း ပညာရှင် ချောင်ဆရာကြီးတို့နှင့် တကွ တရားနာ ပရိသတ်တို့က သုံးရက်နှင့် အားမရသေးဟု ဆိုကာ နောက်ထပ် ၂-ရက် ထပ်မံ တောင်းပန်လျှောက်ထားကြသောကြောင့် တောင်းပန် လျှောက်ထားသည့် အတိုင်း ဆရာတော်ကလည်း လိုက်လျော ဟောကြားတော် မူသည်။ ငါးရက်အထိ တရားဟောကြားပြီးလျှင် မဟာစည် ဆရာတော်ဘုရားသည် စစ်ကိုင်း တောင်ရိုးမှ ဆိပ်ခွန်သို့ ပြန်ကြွတော်မူသည်၊

နောက် မျှားမကြာမီပင် သမိဒ္ဓေါဒယ ချောင်အုပ်ဆရာကြီး ဒေါမာလာရီသည် နောက်ပါ သီလရှင် တပည့် ခြောက်ပါးနှင့် အတူ ဆိပ်ခွန်မဟာစည် သာသနာ့ရိပ်သာသို့ သွား၍ မဟာစည် ဆရာတော်ဘုရားကြီးထံ သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ်လေသည်။ အားထုတ်ကြပြီးသော အခါ၌လည်း ဆာဦးသွင် မှာကြားထားခဲ့သည့် အတိုင်း တရားသဘော မှန်ကန်ပုံနှင့် တကွ အကျိုးအကြောင်းကိုပါ ချောင်ဆရာကြီးဒေါ်မာလာရီက ဆာဦးသွင်ထံ စာပေးပို့လိုက်သည်။

ရည်ရွယ်ရင်း ရှိထားပြီးဖြစ်သည့်အတိုင်း ဆာဦးသွင်သည် ယခု မဟာစည် သာသနာ့ရိပ်သာ နေရာ၌ သာသနာ့ရိပ်သာ အတွက် စီစဉ်ထားနှင့်သည်။ ဆာဦးသွင်နှင့် အကြောင်းသင့်နေပြီ ဖြစ်သော ဧက်ပိုင် ဦးဘသင်သည် ထိုစီစဉ်ပြီး ရိပ်သာနေရာတွင် ရောက်နေနှင့်ပြီးလျှင် ဝင်လုံ ဦးလှကျော် စသော ယောဂီများကို မဟာစည် ဝိပဿနာ ရှုမှတ်ပွားနည်းအတိုင်း ကမ္မဋ္ဌာန်းပေး၍ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက် ရှိသည်။

ထိုစဉ်မှာပင် ဆာဦးသွင်က ဝန်ကြီးချုပ်ဦးနုအား ဆိပ်ခွန် မဟာစည် ဆရာတော်ကို သွားရောက်ပင့်ရန် တိုက်တွန်းလေသည်၊ မည်သို့ လျှောက်ထား၍ ဆရာတော်အား ပင့်ရမည်ကို မသိပဲ ဖြစ်နေသော ဦးနုက ဦးဘသင်အား "မဟာစည် ဆရာတော်ဘုရားကြီးကို ဘယ်လို လျှောက်ထားပင့်ယင် ကြွပါ့မလဲ" ဟု မေးလာလေရာ ဦးဘသင်က "ရန်ကုန်သို့ သာသနာပြုရန် ကြွတော်မူပါ" လို့ ပင့်ယင် အဆင်ပြေလောက်ပါသည် ဟု အကြံဉာဏ်ပေးလိုက်၏၊ မဟာစည် ဆရာတော်ဘုရားအား ရန်ကုန်သို့ အရပင့်ရန် တာဝန်ရှိသော ဦးနုသည် ဆိပ်ခွန်သို့ ကိုယ်တိုင်သွားလျက် စုံစမ်းပြီးလျှင် ရွှေဘိုမြို့ စေတီတော် ကမ္မဋ္ဌာန်းကျောင်းသို့ ရောက်နေခိုက်တွင် မဟာစည် ဆရာတော်ဘုရားအား လျှောက်ထားကာ အရပင့်ခဲ့လေတော့သည်။

ရေဦးမြို့ စက်ပိုင်ဦးဘသင်သည် မဟာစည် ပဋိပတ္တိသာသနာဝင် သမိုင်းတွင် ဤသို့ အရေးပါ အရာရောက်သော နေရာမှ ဝင်ရောက် ဆောင်ရွက်ခဲ့သူဖြစ်၍၊ ရဟန်းအဖြစ်သို့ မရောက်မီ စောစောပိုင်း လူအဖြစ်နှင့်ပင် ဆိပ်ခွန်ရှိ ယောက်ဖဖြစ်သူ စက်ပိုင် ဦးထွန်းတင်ကို အကြောင်းပြု၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ၌ သတိပဋ္ဌာန် ဝိပဿနာတရားကို ၁၇-ရက်သုံးလုံး အပြင်းအထန် ကြိုးစားအားထုတ်ခဲ့သည်။

မဟာစည် ဆရာတော်ဘုရားကြီးထံ အားမထုတ်မီ ၁၃၀၁-ခုနှစ်ကပင် မြန်အောင်ချောင်သို့ သွားရောက်ကာ ဥပုသ်သီတင်းစောင့်သုံးရင်း လယ်တီ ဆရာတော်ဘုရားကြီး၏ အာနာပါနဒီပနီကို ကြည့်ရှုလေ့လာ၍ စာအုပ်ကို ဆရာသားကာအချိန်ရသမျှကြိုးစား အားထုတ်ခဲ့သည်။ ဘာသာရေး၌ စိတ်ပါဝင်စား၍ အထူးအလေးထားသော စက်ပိုင်ဦးဘသင်သည် ရှေးအခါကလည်း အရဟံဂုဏ်တော် မပြတ်ပွားများ လေ့လာ နေထိုင်ခဲ့သူ ဖြစ်သည်။ လူ့အဖြစ်နှင့်ပင် ရေဦးမြို့ လေးထပ်ကြီး စာသင်တိုက် ဆရာတော်ဘုံးဒေဝိန္ဒ ထံ၌ ရဟန်းတော်များနှင့်အတူ အဘိဓမ္မာ နေ့ဝါ၊ ညဝါများကို သဘောကျသည်အထိ သင်ကြားအားထုတ်ခဲ့သည်၊ မဟာစည် ဆရာတော်ဘုရားကြီး ထံ၌ တရားအားထုတ်ပြီးသော အခါ၌ကား မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းအတိုင်းသာ ယခုတိုင် ဆက်လက် အားထုတ် လေတော့သည်။

စက်ပိုင်ဦးဘသင်သည် ရွှေဘိုမြို့ အနောက်ဈေးရပ် စက်ပိုင်ကျောင်းဒကာ ဦးတင်-ကျောင်းအမ ဒေါ်ဖန်တို့မှ သက္ကရာဇ် ၁၂၅၆-ခု၊ သီတင်းကျွတ် လဆန်း ၁၃-ရက် ကြာသပတေးနေ့တွင်ဖွားမြင်ခဲ့သည်၊ ငယ်စဉ်က ရွှေဘိုမြို့ "အက်စ်ဘီ"ကျောင်းဘွင် မိဘတို့ကအပ်နှံ၍ ၆-တန်းအထိ အင်္ဂလိပ်ဘာသာ ဖြင့်အောင်မြင်ခဲ့သည်၊ ရွှေဘိုမြို့ဓမ္မသုခတိုက် ဓမ္မသုခဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့တက်ရောက်ခဲ့ပြီးနောက်ရှင်အဖြစ်မှထွက်၍ အရွယ် ရောက်သည့် အခါ မန္တလေးမြို့ စက်ငါးလုံးပိုင် ဦးလေးမောင်-ဒေါ်ဗွေးတို့၏ သမီးမသက်ဆိုသူနှင့်နှစ်ဘက်သောမိဘတို့ကလက်ထပ်ပေးလိုက်ကြသည်။

အခြေအမြင့်ရှိ၍ ပစ္စည်းဥစ္စာစုဆောင်းရေး၌ စေ့စေ့စပ်စပ် စုဆောင်းတတ်သူတို့ ဖြစ်သည့်အတိုင်း ကောလင်းတွင် သစ်စက်တလုံးနှင့် ဆန်စက်တလုံး ပိုင်ဆိုင်ရုံသာမက ရန်ကုန်၌ တိုက် ၄-လုံး၊ မန္တလေး၌ ၇-ခန်း ၅ ခန်းတိုက် အိမ်တလုံးရှိ၍ ချမ်းချမ်းသာသာ နေထိုင်နိုင်ခဲ့ကြသည်၊ ၎င်းတို့မှ မောင်မောင်ဆိုသော သားယောကျ်ားတဦး ထွန်းကားခဲ့၏။



မဟာဇေယျဒီပ သာသနာ့ရိပ်သာ ချီပါမြောက်ရွာ ရွှေဘိုမြို့

## ဆရာတော် ဦးစာရိန္ဒ

ဆရာတော် ဦးစာရိန္ဒသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလဲကုန်း ကျေးရွာ ခမည်းတော် ဦးဖြူး မယ်တော် ဒေါ်မေတို့မှ ၁၂၈၃-ခုနှစ် တပေါင်း လဆန်း ၁၀-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၇-နှစ်သားအရွယ်တွင် မိဘတို့က ပေါင်းလဲကုန်း မြောက်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများ ကို သင်ကြားပေးတော်မူသည်။ ၁၃-နှစ်သားအရွယ်တွင် မိဘတို့၏ ပစ္စယာ *

---

အသက်အရွယ် ကြီးရင့်လာသည့်အခါတွင် လူမှုလူရေး ရှုပ်ထွေးလှသော လူတို့ဘောင်မှ သတိသံဝေဂရလာသည့်အလျောက် မန္တလေးမြို့ ဝါခင်းကုန်း သာသနာ့ရိပ်သာ ဆရာတော် ဦးဇောတိကကို ဥပဇ္ဈာယ်ပြု၍ ၁၃၃၀-ခုနှစ် ဝါဆိုလပြည့်နေ့ နံနက် ၁၀-နာရီအချိန်တွင် မြင့်မြတ်သော သာသနာ့ +

*နုဂ္ဂဟဖြင့် ထိုဆရာတော်ကျောင်း၌ပင်ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ရှင်သာမဏေတို့ ပြုကျင့်ရမည့် သေခိယစသော ကျင့်ဝတ်များနှင့် ပိဋကတ် အခြေခံစာပေများကို ရှင်သာမဏေအဖြစ်၌ပင် အခြေခံရအောင် သင်ယူတော်မူသည်။

အသက် ၂၀-အရွယ်တွင် မုံရွာခရိုင် အရာတော်မြို့နယ် ကိုင်းရွာအနောက်ကျောင်းဆရာတော်ဦးမေဓာကို ဥပဇ္ဈာယ်ပြု၍ ဦးတောကျော်-ဒေါ်ဖွားသီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၃၀၄-ခုနှစ် ကဆုန် လပြည့်ကျော် ၂-ရက် နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဥပဇ္ဈာယ် ဆရာတော်ထံ၌ ပိဋကတ် အခြေခံ စာပေများကို သင်ကြားပြီးလျှင် ကိုင်းရွာ အရှေ့တောရ ကျောင်း ဆရာတော် ဦးသုစိတ္တထံ၌၎င်း၊ အရှေ့မြောက်ကျောင်း ဆရာတော် ဦးတေဇိန္ဒထံ၌၎င်း ရွှေဘိုမြို့နယ် ကျားရွာ ရွှေလင်းပင်ကျောင်း ဆရာတော် ဦးနန္ဒဝံသထံ၌၎င်း၊ ဆိပ်ခွန်တံတားဦးကျောင်းသစ်ဆရာတော် ဦးမာဃိန္ဒထံ၌၎င်း၊ ၎င်းကျောင်း ဦးဇာဂရလေးထံ၌၎င်း၊မန္တလေးမြို့ ဝေယန် ဘုံသာ အလည်တိုက်ကြီးဆရာတော် ဦးဂန္ဓမာထံ၌၎င်း၊ အဋ္ဌကထာ ဋီကာနှင့်တကွ ပါဠိ ပိဋကတ် ပရိယတ္တိ ဓမ္မကို သင်ယူတော်မူသည်။

ပရိယတ္တိဓမ္မကို သင်ယူပြီးနောက် လိုနေသေးသော ပဋိပတ္တိဓမ္မကို အားထုတ်ရန် ဆိပ်ခွန်ရွာ မဟာစည်တိုက်သို့ ကြွရောက်တော်မူသည်။ ထိုအခါ မဟာစည်တိုက်တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရှုမှတ်နည်းကို ဆရာတော် ဦးကုသုမနှင့် ဆရာကြီး ဆရာကြွက်တို့က ရောက်လာ ★

---

+ ဝန်ထမ်း ရဟန်းအဖြစ်သို့ တက်ရောက် ခဲ့လေတော့သည်။ ဘွဲ့တော်ကို ဆရာသမားတို့က ဦးပဏ္ဍဝ ဟု မှည့်ခေါ်တော် မူကြသည် ယခုအခါ ရဟန်းတော် ဦးပဏ္ဍဝသည် ရွှေဘိုမြို့ စေတီတော်ရိပ်သာတွင် စက်ပိုင် ဦးအုံ့၏ ပင့်လျှောက်ချက်ဖြင့် သီတင်းသုံးလျက် ဝိပဿနာကမ္မဋ္ဌာန်း တရားကို ပွားများကာ ရဟန်းတရားကို အားထုတ်နေပေသည်။

## ဓမ္မရက္ခိတ သာသနာ့ရိပ်သာ ဆင်အင်းကျေးရွာ ရွှေဘိုမြို့

## အရှင် ကေလာသ

ရဟန်းတော် ဦးကေလာသ လောင်းလျာသည် ရွှေဘိုမြို့ အနောက်ဘက် ၁၄-မိုင်ကွာ (အမှတ် ၂-မြို့နယ်ခွဲ) ဆင်အင်းကျေးရွာ ခမည်းတော် ဦးကောင်းစံ-မယ်တော် ဒေါ်ကြွယ်တို့မှ ၁၃၀၃-ခုနှစ် ကဆုန်လဆုတ် ၁၀-ရက် တနင်းလာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဗုဒ္ဓဘာသာ ရိုးရာအတိုင်း ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ သဘို့သားကို ဆရာ ဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်။ ထိုဘုန်းတော်ကြီးကျောင်း၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လာသော ရှင်ကေလာသအား ရှင်သာမဏေတို့ ကျင့်အပ်သော ကျင့်ဝတ် သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ ကျမ်းဂန် စာပေများကို သင်ကြားပေးတော်မူသည်။

သက်တော် ၂၀-အရွယ်တွင် တိုက်သစ် (လှည်းပွဲတိုက်) ဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒါယာ-ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့်

---

★

သမျှ ရဟန်း ယောဂီ လူယောဂီတို့အား ညွှန်ကြားဟောပြောလျက် ရှိနေသည့် အတိုင်း ထိုဆရာတို့ထံတွင်နည်းယူလျက် မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။

ဆရာအားရကြေနပ်သည့်အထိ ကြိုးပမ်းအားထုတ်ပြီးနောက် ယခုအခါတွင် ရွှေဘိုမြို့ ချိပါမြောက်ရွာ မဟာဇေယျဒိပ သာသနာ့ရိပ်သာ ဟူသော အမည်ဖြင့် မဟာစည်ကမ္မဋ္ဌာန်းဌာနဖွင့်ပြီးလျှင် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကိုဟောပြတော်မူလျက်ရှိသည်။ ထိုကမ္မဋ္ဌာန်းတိုက်၌ လာရောက် အားထုတ်ပြီးသောယောဂီဦးရေမှာ (၁၂၀) ကျော်သွားပြီဖြစ်ကြောင်းသိရသည်။

မြင့်မြတ်သော သာသနာ့ဝန်ထမ်း အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ပရိယတ္တိဓမ္မ သင်ကြားရန် ရေဦးမြို့ မင်္ဂလာရာမတိုက် ဥပဇ္ဈာယ် ဆရာတော်ကိုယ်တိုင် လိုက်၍ အပ်နှံသဖြင့် ထိုတိုက်ဆရာတော်များ ဖြစ်ကြသော ဦးအာစိဏ္ဏဝရ၊ ဦးကေလာသနှင့် (စေတိယင်္ဂဏ သက္ကျသီဟ- စာချတန်း သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဆရာတော် ဦးအာစာရာဘိဝံသ တို့ထံ၌ ပိဋကတ် ကျမ်းဂန်များကို သင်ယူတော်မူသည်။ သွားရင်းဟန်နှဲသဘောဖြင့် အစိုးရ·ပဌမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့သည်။

ဆရာတော် ဦးကေလာသ၏ ဥပဇ္ဈာယ် ဆရာတော် ဦးသုဇာတသည် ဤ ဓမ္မရက္ခိတ သာသနာ့ရိပ်သာကို စတင် တည်ထောင်တော် မူခဲ့သည်၊ ဆရာတော်ဦးသုဇာတသည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တရားကို နာကြားရသဖြင့် ဆိပ်ခွန် မဟာစည်ရိပ်သာတွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးကိုယ်တိုင် ဟောကြား ညွှန်ပြမှုကို ခံယူ၍ သတိပဋ္ဌာန်တရားကို အားထုတ်တော် မူသည်။ အစောဆုံးကာလက အားထုတ်ခဲ့သော ဆရာတော်ဖြစ်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ လက်ဦး တပည့်ကြီးများတွင် တပါးအပါအဝင် ဖြစ်၏။ ဤဓမ္မရက္ခိတသာသနာ့ရိပ်သာသည်လည်း မဟာစည်သာသနာ့ရိပ်သာ ဌာန အဖြစ် ပဌမဦးစွာ ဖွင့်လှစ်ခဲ့သော ရိပ်သာလည်းဖြစ်သည်။

အရှင် ကေလာသသည် ဆရာချင်းလည်းဖြစ် ဥပဇ္ဈာယ် ဆရာလည်းဖြစ်သော ဓမ္မရက္ခိတ သာသနာ့ရိပ်သာ ဆရာတော် ဦးသုဇာတထံ၌ ဆရာတော် ညွှန်ပြ ဟောကြားသော ကမ္မဋ္ဌာန်းတရားကို နာယူ၍ မဟာသတိပဋ္ဌာန်တရားကို အားထုတ်တော်မူခဲ့သည်။ ၁၃၂၈-ခုနှစ်တွင် ဆရာတော် ဦးသုဇာတ ပျံလွန်တော် မူရာ ဓမ္မရက္ခိတ ရိပ်သာကို အရှင် ကေလာသအား လွှဲအပ်တော်မူသဖြင့် လက်ခံ၍ ထိုရိပ်သာတွင် နာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူသည်၊



ဘုရားကြီးသာသနာ့ရိပ်သာ ရွှေဘိုခရိုင်၊ ဝက်လက်မြို့

## ဆရာတော် ဦးဝါယမိန္ဒ

ဆရာတော် ဦးဝါယမိန္ဒသည် ၁၂၇၇-ခုနှစ်၊ ပြာသိုလဆုတ် ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် ဦးစံရ- မယ်တော် ဒေါ်ပုတို့မှ ဖွားမြင်သော သားချင်း ၉ ယောက်တို့တွင် ၇-ယောက်မြောက် သားရတနာ ဖြစ်သည်။

၇-နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့က ဖောင်တော်သီမြို့ ရတနာပုံကျောင်း ဆရာတော် ဦးကလျာဏထံတွင် အပ်နှံ၍ ဆရာတော်က သူငယ်တို့ တတ်သင့် တတ်ထိုက်သော ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးသည်။ ရှင်သာမဏေပြုရန် အရွယ် ရောက်သည့် အချိန်တွင် ကြခတ်ကျောင်း ဆရာတော်ထံ အပ်နှံ၍ ဆရာတော်က ရှင်သာမဏေတို့ သင်ယူသင့်သော လိင်- ဒဏ်- သေခိယ- စူဠဒ္ဒသ ခန္ဓကဝတ် တို့ကို သင်ကြားပေးသည်။

သက်တော် ၂၀-အရွယ်တွင် ရွှေဘိုတောင်လက် ဝက်လက်မြို့နယ် မောက်ကျီး တောကျောင်း ဆရာတော်ထံ၌ ပြောင်းရွှေ့လျက် ရဟန်းတော်တို့၏

ဝိနည်း သိက္ခာပုဒ်များကို သင်ကြားရင်း ရွှေကျင် တောကျောင်း ဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ မောက်ကျိုးရွာ ဦးကျော့ရင်-ဒေါ်ငွေနွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၆-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဥပဇ္ဈာယ် ဆရာတော်ထံမှ ခွင့်ယူလျက် ပရိယတ္တိဓမ္မကို သင်ယူရန် မန္တလေး တောင်ပြင် ဆည်းဘန်နီတိုက် ဆရာဘော် ဦးမဟိန္ဒထံတွင် ဆည်းကပ်ခိုလှုံကာ ထိုဆရာတော် ထံတွင်၎င်း၊ ဝေယန်ဘုံသာတိုက် ဦးအာစိဏ္ဏ-ဦးသုမနတို့ထံတွင်၎င်း၊ မန္တလေး တောင်သမန်ဆရာဘော် ဦးဝိမလထံတွင်၎င်း၊ ရေဦးမြို့ လေးထပ်ကြီး ဆရာတော် ဦးဒေဝိန္ဒ၊ ၎င်းမြို့ ဝါဆိုတိုက်ဆရာတော်နှင့် ဆရာတော် ဦးမာဃိန္ဒတို့ထံတွင်၎င်း၊ ဥပဇ္ဈာယ် ရွှေကျင်တောကျောင်း ဆရာတော် ဦးပညာ ထံတွင်၎င်း၊ ဝက်လက်မြို့ မစိုးရိမ်ဆရာတော် ဦးတိဿထံ၌၎င်း ပရိယတ္တိ-ပါဠိ-အဋ္ဌကထာ-ဋီကာကျမ်းဂန်အချပ်ရပ်ကို အားရအောင် သင်ယူတော်မူသည်။

ပရိယတ္တိဓမ္မကို သင်ယူပြီးနောက် ကျောင်းဘုန်းကြီး လစ်လပ်နေသော ဝက်လက်မြို့ ဘုရားကြီးကျောင်းတိုက်၌ ဆရာဘုန်းတော်ကြီးနှင့် ဒကာ-ဒကာမတို့၏ တိုက်တွန်း လျှောက်ထားချက်အရ ကျောင်းထိုင်ဘုန်းကြီးအဖြစ် တာဝန်ယူ စောင့်ရှောက်တော်မူသည်။ ပရိယတ္တိဓမ္မကို သင်ယူ၍ ကျောင်းထိုင် တာဝန်ကိုယူပြီး တနှစ်ခန့်အကြာမှာပင် ပဋိပတ္တိဓမ္မဟူသော ဝိပဿနာဓုရအတွက် လိုနေသေးသည်ကို ဖြည့်ကျင့်ရန် ဆိပ်ခွန် မဟာစည်တိုက်သို့ ကြွရောက်တော်မူသည်။ ထိုတိုက်တွင် ထိုအခါက မဟာစည် ဆရာဘော်ဘုရား၏ ရှုမှတ်နည်းအတိုင်း ဝိပဿနာတရားကို ညွှန်ကြား ပြသနေသော ဆရာတော်မှာ ရွှေစေကီ ဆရာတော် ဘုရားကြီးနှင့်' ဆရာတော် ဦးပညာဝါတို့ဖြစ်သည်၊ လူပုဂ္ဂိုလ်ဖြစ်သော ဆရာကြွက်လည်း ယောဂီတို့အား စစ်ဆေး ညွှန်ကြားလျက် ရှိသည်။ ထိုပုဂ္ဂိုလ်တို့၏ ညွှန်ကြား ပြသမှုကို ခံယူလျက် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်တော်မူသည်။

အားထုတ်ပြီးသည့်အခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန် ဝိပဿနာရှုမှတ်ပုံ ရှုမှတ်နည်းကို သဘောကျသည့်အတိုင်း မိမိနေရင်း ဝက်လက်မြို့ ဘုရားကြီးကျောင်းသို့ ပြန်၍ ဘုရားကြီး ဝိပဿနာ သာသနာ့ရိပ်သာ အမည်ဖြင့် ရိပ်သာဖွင့်၍ ရောက်လာသမျှသော ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောပြော ပြသတော်မူသည်၊ ဆရာတော် ဦးဝါယမိန္ဒ ကြီးမှူးသော ဤရိပ်သာတွင် လာရောက် အားပြီး ထုတ်ယောဂီ ဦးရေမှာ (၁၂၄၃) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေခွန်ရွှေတိုက် မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ကျောက်မြောင်းမြို့

ဆရာတော် ဦးသုနန္ဒ

ဆရာတော်ဦးသုနန္ဒသည် မန္တလေးခရိုင် စဉ့်ကူးမြို့နယ် ကိုင်းတောလေးရွာ အပါ အဝင် တောင်ကိုင်းရွာကြီး ခမည်းတော် ဦးလူတုတ်– မယ်တော် ဒေါ်စံမိတို့မှ သက္ကရာဇ် ၁၂၇၇–ခုနှစ် တပို့တွဲလဆန်း ၁–ရက် သောကြာ နေ့တွင် ဖွားမြင်တော် မူသည်။

၆–နှစ်သား အရွယ်တွင် သပြေသာ ကျောင်းတိုက် သံဃာသာမဂ္ဂီ ဥက္ကဋ္ဌ ဆရာတော်ဦးမာလာနှင့် ဓမ္မာစရိယဦးနာဂဝံသ၊ ဦးပဏ္ဍိတ၊ ဦးဓမ္မဝံသတို့ထံ အပ်နှံ၍ ဘာသာရေးအခြေခံ စာပေးများကို သင်ကြားသည်။ ၁၂–နှစ်သား အရွယ်တွင် ဆရာတော်ဦးနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ် ချီးမြှောက်ပေးလိုက်ကြသည်။ ဥပဇ္ဈာယ်ဖြစ်သော ဆရာတော် ဦးနာဂဝံသ ထံမှာပင် သာမဏေ အဖြစ်ဖြင့် ပိဋကတ် အခြေခံ ကျမ်းဂန် များကို သင်ယူသည်။

၁၆–နှစ်သားအရွယ်တွင် ကျောက်မြောင်းမြို့ ရွှေခွန်ရွာ စာသင်တိုက်သို့ ပြောင်းရွှေ့၍ ဓမ္မာစရိယဦးသံဝရထံတွင် သင်ရိုး ပိဋကတ် ကျမ်းစာများကို

သင်ယူသည်၊ အစိုးရပါဠိပဉ္စမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ငယ်-လတ်ကြီး အားလုံးကို သာမဏေအဖြစ်ဖြင့်ပင် အောင်မြင်တော် မူခဲ့သည်၊ ရှင်သာမဏေဘဝကပင် ထိုရွှေခွန်စာသင်တိုက်၌ လက်ထောက် စာချအဖြစ်ဖြင့် ရှင် ရဟန်းများကို စာပေပို့ချခဲ့သည်။

၁၂၉၇-ခုနှစ် ပဉ္စမဝါဆိုလန်း ၁၀-ရက်နေ့တွင် သက်တော် ၁၉-နှစ်နှင့် ၄-လအရွယ်၌ ကျောက်မြောင်း ဂိုဏ်းအုပ် သိမ်ကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သတ္တုလုပ်ငန်းပိုင်ရှင် ဦးထွန်း-ဒေါ်အေးသင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်တော် မူခဲ့သည်၊ ရွှေခွန်စာသင်တိုက်၌ ရဟန်း ၃-ဝါအထိ နေ၍ လက်အောက် စာသင်ငယ်တို့ကို စာပေပို့ချရင်း တိုက်အုပ်ဆရာတော်ဦးသံဝရနှင့် ပဉ္စမကျော် ဆရာတော်ဦးဓမ္မပိယတို့ထံ၌ ပါဠိ-အဋ္ဌကထာ-ဋီကာများကို သင်ယူတော် မူသည်။

၁၂၉၉- ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ပဉ္စမ ဂန္ဓာရုံချောင် နာယကဆရာတော်ဦးတေဇဓမ္မနှင့် ဓမ္မာစရိယ ဆရာတော်ဦးဝံသာမိတို့ ထံ၌၎င်း၊ ထို့ပြင် မန္တလေးမြို့ စာသင်တိုက် အသီးအသီးရှိ စာချဆရာတော်အသီးအသီးတို့ ထံ၌၎င်း၊ ပါဠိ-အဋ္ဌကထာ-ဋီကာ နည်းရိုး ကျမ်းအမျိုးမျိုးကို နည်းယူလေ့လာ သင်ယူခဲ့သည်။ ဆရာတော်သည် ၁၃၀၉-ခုနှစ်တွင် ကျောက်မြောင်းမြို့နယ်ရွှေခွန်ရွှေတိုက်ဌာနမှာအောင်ချမ်းသာစာသင်တိုက်အမည်ဖြင့် စာသင်တိုက်တည်ထောင်၍ ၇-နှစ်တိုင်တိုင် ပရိယတ်စာပေပို့ချခြင်း၊ ထပ်မံလေ့လာခြင်းတို့ဖြင့် ကျမ်းဂန်နှင့်မျက်နှာ မကွာဝေးစေပဲ ဂန္ထဓုရတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ ထိုစဉ်က တပည့်များအနက် ယခုရွှေဘိုမြို့ဂန္ဓာရုံတိုက်သစ် နာယကဆရာတော်ဓမ္မာစရိယဦးစန္ဒောဘာသ,ဆင်းကွတ်ကျောင်း နာယကဓမ္မကထိက ဦးသောဘိတ တို့သည် ထင်ရှားသော တပည့်ကြီးများ ဖြစ်ကြသည်။

ဆရာတော် ဦးသုနန္ဒသည် ပရိယတ္တိမျှဖြင့် အားရတော်မမူသေးဘဲဘာဝနာ ပဋိပတ်ကိုလည်း ကျင့်သုံးတော်မူလိုသောကြောင့် ၁၃၁၂-ခုနှစ်တွင် ရွှေဘိုမြို့ ပုသိမ်ကြီး ကမ္မဋ္ဌာန်းတိုက် ဆရာတော်ထံ နည်းခံ၍ ကမ္မဋ္ဌာန်းအလုပ်ကို စတင်အားထုတ်တော်မူခဲ့ပေသည်။ ထိုနှစ်မှာပင် မဟာသတိပဋ္ဌာန်သာသနာ့ရိပ်သာကိုလည်း တည်ထောင်၍ ဟောကြားပြသခဲ့သည်။ထိုအတောအတွင်းမှာ ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရ၏ ညွှန်ကြားတော်မူချက်အရ မဟာစည်

ဆရာတော်ဘုရား၏ ဝိပဿနာရှုနည်းကျမ်းများနှင့် မဟာစည်တရားစာအုပ်များကို ကြည့်ရှုလေ့လာ၍ စမ်းသပ်အားထုတ်ကြည့်သည်၊ ထိုသို့ အားထုတ်ကြည့်သောအခါ ထူးခြားသော အတွေ့များကို တွေ့သိရသဖြင့် မဟာစည်ဆရာတော်ဘုရားကြီးထံ ဆည်းကပ်၍ အားထုတ်လိုသော စိတ်ဆန္ဒများ ထက်သန်စွာ ဖြစ်ပေါ်နေစဉ်အတွင်းမှာ ရန်ကုန်မြို့မှ စတုပစ္စယ ဒါယကာ ဦးထင်ပေါ်-ဒေါ်သန်းခင်တို့၏ ကပ္ပိယ ကာရက စေလွှတ်၍ ပင့်လျှောက်ချက်အရဖြင့် ၁၃၂၃-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက်နေ့၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ချဉ်းကပ်ခိုလှုံခဲ့ပေသည်။

ထိုညနေမှာပင် ဆရာတော်ဘုရားကြီးထံမှ ရှုမှတ်ပုံ ဩဝါဒ တရားကို နာယူပြီးလျှင် နည်းပြ ကမ္မဋ္ဌာနာ စရိယများ ဖြစ်ကြသော ဆရာတော် ဦးသုဇာတ၊ဆရာတော်ဦးဉာဏုတ္တရတို့၏ စစ်ဆေးပြုပြင် သွန်သင်ညွှန်ပြမှုများကိုလည်း ခံယူလျက် သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးစား အားထုတ်ခဲ့သည်၊ အားထုတ်၍ ခုနစ်ရက်မြောက်မှစ၍ ထူးခြားသော အတွေ့များကို တွေ့မြင်ရသဖြင့် ကာယ,ဝေဒနာ,စိတ္တ, ဓမ္မ လေးသော သတိပဋ္ဌာန်တို့၏ ရှုမှတ်သိမြင်ဟန် အဖြစ်မှန်တို့ကို ကေန်ဟုဘ်ပြီ ဉာဏ်အရှိဖြင့် ယုံကြည်မြတ်နိုးအားကိုးစိတ်များ ဖြစ်ပွားလာခဲ့ပေသည်၊ အခြားသောသူများအားလည်း မိမိကဲ့သို့ပင် အသိဉာဏ်ထူးများကို ရရှိစေလိုသော ဆန္ဒများလည်း ဖြစ်ပွားသည့်ပြင် ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင် အားထုတ်သွားရန်လည်း ဆုံးဖြတ်ချက်ချမိခဲ့ပေသည်၊ ထိုအခါတွင် တရားတော်နှင့် ဗုဒ္ဓမြတ်စွာကိုရင်း၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကိုရင်း၊ လိုက်လိုက်လှဲလှဲ ကြည်သိုခဆုံး ဖြစ်ခဲ့သည့်ပြင် တိုက်ဘွန်းတော်မူသော ဆရာတော် ဦးဉာဏုတ္တရနှင့်ညွှန်ပြပြုပြင်ပေးနေသော ဆရာတော်ဦးသုဇာတတို့အားလည်း လွန်စွာပင် ကျေးဇူးတင်မိခဲ့ပေသည်။

ဉာဏ်စဉ်တရားကို နာရသောအခါ မိမိအားထုတ်စဉ်က တွေ့သိရသော အချက်များသည် ဒေသနာနည်းနှင့် ညီညွတ်နေကြောင်း သိရ၍ အတိုင်းမသိ အလွန်ဝမ်းမြောက်သည်၊ ထိုရှုမှတ်နည်းအတိုင်း ဟောပြောညွှန်ကြားပြသရန်လည်း ထက်သန်သော စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့ပေသည်၊ ထို့ကြောင့် ယခုအခါ သိတင်းသုံးမြဲဖြစ်သော ကျောက်မြောင်းမြို့ ရွှေခွန်ရွှေတိုက် မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ သိတင်းသုံးလျက် မဟာစည် သတိပဋ္ဌာန် ရှုမှတ်နည်းအတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ညွှန်ကြားပြသကာ ပဋိပတ္တိသာသနာတော်ကို ပြုစုလျက်ရှိတော်မူသည်၊ဆဋ္ဌသံဂါ *



ပေါ်တော်မူသာသနာ့ရိပ်သာ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့

## ဆရာတော် ဦးသီလာစာရ

ဆရာတော် ဦးသီလာစာရ လောင်းလျာသည် ကော်သူးလေပြည်နယ် ကော့ကရိတ်မြို့ ခမည်းတော် ဦးဘိုးညွှာ – မယ်တော် ဒေါ်ရင်ငွေတို့မှ ၁၂၈၄–ခုနှစ်၊ သီတင်းကျွတ်လ ( ) တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

---

*
ယနာ ခေဘ်က သံဃီတိကာရကအဖြစ် ဆောင်ရွက်တော်မူခဲ့သည့်ပြင် ပရိယတ္တိနှင့် ပဋိပတ္တိ သာသနာ့ရိပ်သာတိုက်ခွဲများ၏ မဟာနာယက ဓမ္မကထိက အဖြစ်ဖြင့်လည်း ပရိယတ် ပဋိပတ် သာသနာတော် ၂–ရပ်လုံးကို ပြုစုလျက် ရှိတော်မူသည်။

၈-နှစ်သားအရွယ် ငယ်စဉ်ကပင် မိဘတို့က ကမ္ဘရိုက်ကွင်းကျောင်း ဆရာတော် ဦးနန္ဒဝံသထံ၌ အပ်နှံ၍ ဆရာတော်က သတို့သားကို ဘာသာရေး စာပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော် ဦးနန္ဒဝံသထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ဆရာတော်က ရှင်ငယ်တို့ ကျင့်ရမည့် ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံ စာပေ ကျမ်းဂန်များကို သင်ကြားပေးသည်။

၁၃၁၈-ခုနှစ် ကဆုန်လဆန်း ၁၁-ရက်နေ့၌ ရန်ကုန်မြို့ စိန်ပန်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၈-ခုနှစ်၊ သာသနာ ၂၅၀၀-ပြည့်နှစ်တွင် မြင့်မြတ်သော အထက် တန်း ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။ ဥပဇ္ဈာယ် ဆရာတော်ထံ၌ နှစ်အတန်ကြာနေ၍ ပိဋကတ် ကျမ်းစာများကိုသင်ကြား အားထုတ်တော် မူသည်။ ထို့နောက် ကော့ကရိတ်မြို့ မဏိကာရုံ ရွှေကျင် ကျောင်းတိုက် ဆရာတော်ထံ၌ ကျန်ရှိနေသေးသော ပါဠိ- အဋ္ဌကထာ- ဋီကာ ဂန္ထန္တရ အရပ်ရပ်ကို အားသစ်ကြိုးပမ်း သင်ယူတော်မူသည်။

ပရိယတ္တိဓမ္မ ဂန္ထဓုရကို အားရကြေနပ်အောင် သင်ယူတော် မူပြီးနောက် ပါရမီဓာတ်ခံ ရင့်သန်ပြီးဖြစ်သော ဆရာတော်ဦးသီလာစာရသည် သာသနာ တော်တွင် မဖြည့်မကျင့်ရသေးသော ပဋိပတ္တိ ဝိပဿနာဓုရကို ဖြည့်ကျင့် ရန် သဒ္ဓါ ဆန္ဒ ဖြစ်ပေါ်လာသည့်အလျောက် ပဌမ ဟံသာဝတီ ကမ္မဋ္ဌာန်း တိုက်၌ ဝိပဿနာတရားကို စတင် အားသစ်ကြိုးပမ်းတော်မူသည်။ ထို့နောက် ရွှေဘိုမြို့ ဆိပ်ခွန် မဟာစည် ကမ္မဋ္ဌာန်းတိုက်၌၎င်း၊ စစ်ကိုင်းတောင်ရိုး မြို့ ကြီးချောင် ကမ္မဋ္ဌာန်းတိုက်၌၎င်း၊ တဖန် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရွှေခွန်ရွှေတိုက် မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ဆရာတော် ဦးသုနန္ဒ ထံ၌၎င်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်တော်မူ သည်။ ထိုဆရာတော် ဦးသုနန္ဒထံ၌ ၆-နှစ်ကြာမျှ ပရိယတ်-ပဋိပတ် နှစ်ရပ် စလုံး ထပ်မံအားထုတ်တော်မူသည်။

ပရိယတ်-ပဋိပတ် နှစ်ရပ်စလုံး ကြိုးပမ်း အားထုတ်ပြီးနောက် ဆရာ တော် ဦးသုနန္ဒ၏ တာဝန်ပေးချက်အရ- ၁၃၂၉-ခုနှစ်တွင် ကျောင်းဒကာ ဦးတင်မောင်- ဒေါ်စောမေ စသော ဒကာ-ဒကာမတို့က ပင့်လျှောက် သဖြင့် ၁၃၂၉-ခုနှစ်မှ စ၍ ကျောက်မြောင်းမြို့ ပေါ်တော်မူ သာသနာ့ ရိပ်သာတွင် ပဓာန ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လျက် ရှိသည်၊ ထို ×



လေးရွာ-ပစ္ဆိမာရုံ သာသနာ့ရိပ်သာ ရေဦးမြို့နယ်၊

## ဆရာတော် ဦးကဝိန္ဒ

ကမ္မဋ္ဌာနာစရိယဆရာတော် ဦးကဝိန္ဒသည် ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ လေးရွာ ခမည်းတော် ဦးဘိုးချိတ် မယ်တော် ဒေါ်သော့တို့မှ သက္ကရာဇ် ၁၂၇၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂-ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်၊

---

×
ရိပ်သာ၌ ရောက်လာသမျှ ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားဟော ပြောခြင်း၊ ကမ္မဋ္ဌာန်း အလုပ်ပေးခြင်း စသော ပဋိပတ္တိ သာသနာ ပြန့်ပွားရေး လုပ်ငန်းကို ကြိုးပမ်း အားထုတ်တော်မူလျက် ရှိသည်။

၇-နှစ်သားအရွယ်တွင် အစိုးရမူလတန်းကျောင်း၌ အပ်နှံ၍ မူလတန်းပညာကို သင်ယူခဲ့သည်။ ၁၂-နှစ်သားအရွယ်တွင် မိဘတို့က လေးရွာပဋ္ဌိမာရုံကျောင်း ဆရာတော် ဦးတိဒလာကထံ အပ်နှံ၍ ၎င်းနှစ်မှာပင် မိဘနှစ်ပါးတို့က ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ကြသည်။

ဆရာတော် ဦးတိဒလာကထံတွင် ၈-နှစ်တိတိ သာမဏေအဖြစ်ဖြင့် အခြေခံ ပရိယတ္တိစာပေများကို သင်ကြားတော်မူသည်။ ထိုနောက် ရှင်သာမဏေအဖြစ်ဖြင့် ၈-ဝါရ၍ ၁၃၀၅-ခုနှစ်တွင် ဦးဘိုကျော်ဒေါ်ဇုံတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရေဦးမြို့နယ် ပင်စိမ်းကင် အလယ်ကျောင်း ဆရာတော် ဦးသုနန္ဒကို ဥပဇ္ဈာယ်ပြု၍ လေးရွာ ပဋ္ဌိမာရုံကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် နိဿယဆရာ လေးရွာ ပဋ္ဌိမာရုံကျောင်းဆရာတော် ဦးဘိလေကထံတွင် ၂-နှစ်ပတ်လုံး အဆုံးအမကို ခံယူရင်း ပိဋကတ်စာပေများကို သင်ယူသည်။ ရဟန်းသုံးဝါအရတွင် ရေဦးမြို့နယ် နှောကုန်းရွာ ဒက္ခိဏာရာမတိုက်ဆရာတော် ဦးသုဇာတထံတွင်၎င်း၊ ရေဦးမြို့ ချမ်းသာကြီးတိုက် ဆရာတော် ဦးပဏ္ဍိစ္စထံတွင်၎င်း၊ ၎င်းတိုက်ဆရာတော် ဦးသုမနထံတွင်၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ပရိယတ္တိစာပေများကို နည်းယူသင်ကြားခဲ့သည်။

ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူပြီးနောက် ရဟန်းဝါ ၉-ဝါအရတွင် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာ၌ ဝက်လက်ဆရာတော် ဦးကုသုမထံတွင်၎င်း၊ ရွှေစေတီ ဆရာတော်ဘုရားကြီးထံတွင်၎င်း ဥပနိဿယခံယူလျက် ပဋိပတ္တိတရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သည်။ အားထုတ်စဉ်တွင် ဆရာကြွက်နှင့် ဆရာကြံတို့ထံတွင်၎င်း၊ နမော ဆရာတော်ထံတွင်၎င်း အစစ်အဆေးခံယူခဲ့သည်။

ရဟန်းတို့၏ ပဓာနကိစ္စမှာ ပရိယတ္တိ ပါဠိ ပိဋကတ်ကို သင်ယူပြီးနောက် အကျင့်ပဋိပတ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ရန်သာဖြစ်၍ ဆရာသမားတို့ထံမှ အားထုတ်ပုံ အားထုတ်နည်းများကို တိကျကျ သင်ယူအားထုတ်ပြီးနောက် ပဓာနဖြစ်သော မဟာသတိပဋ္ဌာန် ပဋိပတ္တိအလုပ်ကို ကိုယ်တိုင်လည်းအားထုတ် ရောက်လာကြသော ယောဂီတို့အားလည်း အားထုတ်တတ်အောင် တဆင့်နည်းပေးလျက် ရေဦးမြို့နယ် လေးရွာ ပဋ္ဌိမာရုံကျောင်း +



မြင်းပေါက်ကျောင်း သာသနာ့ရိပ်သာ ရွှေဘိုခရိုင် ရေဦးမြို့နယ်

## ဆရာတော် ဦးဝါသဝ

ဆရာတော် ဦးဝါသဝသည် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကံပေါက်ရွာ ခမည်းတော် ဦးက-မယ်တော် ဒေါ်ချမ်းသာတို့မှ ၁၂၇၇-ခုနှစ် ပြာသို လပြည့်ကျော် ၉-ရက် ဗုဒ္ဓဟူး နေ့တွင် ဖွားမြင်သော သား ရတနာ ဖြစ်သည်။

---

+

သာသနာ့ရိပ်သာတွင် ပဋိပတ္တိသာသနာ စည်ပင်ပြန့်ပွားအောင် ဆောင် ရွက်သီတင်းသုံးလျက် ရှိပေသည်။ ၎င်းရိပ်သာ၌ လာရောက်အားထုတ်ပြီး သော ယောဂီဦးရေမှာ (၄၀၇) ဦး ရှိသွားပြီဖြစ်ပါသည်။

မိဘတို့က ကျောင်းထားချိန်အရွယ်တွင် တန့်ဆည်မြို့နယ် ကန်ပေါက်ရွာ ယွန်းကျောင်းဆရာတော်ထံ အပ်နှံ၍ ဆရာတော်က သတို့သားကို ဘာသာ ရေးအခြေခံစာပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာတော်ထံမှာ ပင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ သာမဏေအဖြစ်သို့ရောက်လျှင် ရှင်သာမဏေတို့ သိသင့် သိထိုက်သော ကျင့်ဝတ်သိက္ခာပုဒ်များကိုင်း၊ ပရိယတ္တိ အခြေခံစာပေများ ကိုင်း သင်ယူတော်မူသည်။

သက်တော် ၂၀-တွင် တန့်ဆည်မြို့နယ် ကန်ပေါက်ရွာ ယွန်းကျောင်း ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြုပြီးလျှင် ခမည်းတော် ဦးက - မယ်တော် ဒေါ်ချမ်းသာတို့၏ ပစ္စယာနုဂ္ဂဟ ကိုင်း၊ ကန်ပေါက်ရွာ ကျောင်းဆရာ ဦးဘန္တယ် - ဒေါ်ညွန့် တို့၏ ပစ္စယာနုဂ္ဂဟကိုင်း၊ ဝါးခယ်မမြို့ ဝဲကြီးရွာ ဒေါ်တင် သမီး မလှသန်းတို့၏ ပစ္စယာနုဂ္ဂဟကိုင်း ခံယူကာမြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

တန့်ဆည်မြို့နယ် ကန်ပေါက်ယွန်းကျောင်းဆရာတော် ဦးဝိသုဒ္ဓထံ၌ငင်း၊ ရေဦးမြို့ လေးထပ်ကြီးတိုက် ပဌမဆရာတော် ဦးဒေဝိန္ဒထံ၌ငင်း၊ မျက် မှောက်ဆရာတော် ဦးကုမာရထံ၌ငင်း၊ ငင်းမြို့ ဝါဆိုပါဠိတက္ကသိုလ်ကျောင်း တိုက် ဆရာတော် ဦးမာဃိန္ဒထံ၌ငင်း၊ ငင်းမြို့ ပါဠိဝိဇ္ဇာကျောင်းတိုက် (သာသနာ့ဇောတိကပဝရဓမ္မာစရိယ) ဆရာတော် ဦးပညာသိပ္ပထံ၌ငင်း၊ ငင်း မြို့ မစိုးရိမ်ကျောင်းတိုက် (သကျသီဟ ဓမ္မာစရိယ နှင့် အဘိုးရဓမ္မာစရိယ) ဆရာတော် ဦးနေမိန္ဒာဘိဝံသထံ၌ငင်း၊ ခင်ဦးမြို့နယ် မြို့သစ်ကျောင်း (သာ သနာ့ဇောတိကပဝရ ဓမ္မာစရိယ) ဆရာတော် ဦးဝိမလထံ၌ငင်း၊ စစ်ကိုင်းမြို့ ဇေယျာသီရိန်ဆရာတော် ဦးနာယကထံ၌ငင်း၊ မုံရွာမြို့ဇောတိကာရာမ ပါဠိ တက္ကသိုလ်ကျောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးဥတ္တမ ထံ၌ငင်း၊ ရေဦးမြို့ လေးထပ်ကြီးတိုက် စာချဆရာတော် ဦးပဏ္ဍိစ္စာဘိဝံသထံ၌ငင်း ဤသို့စသော စာတတ်အကျော်ဆရာတော်တို့ထံ၌ ပိဋကတ်-ပါဠိ-အဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့သည်။

- ပရိယတ္တိဓမ္မ၌ ကျွမ်းကျင်လိမ္မာတော်မူပြီးသော ဆရာတော် ဦးဝါသဝ သည် ပဋိပတ္တိဓမ္မအတွက်လည်း မလိုရအောင် အားထုတ်တော်မူခဲ့သည်။ ပဋိပတ္တိဓမ္မကို ကြိုးပမ်းအားထုတ်တော်မူရာ၌လည်း ပရိယတ္တိဓမ္မကို အား ထုတ်ခဲ့စဉ်က စာတတ်အကျော် ဆရာတော်အမျိုးမျိုးတို့ထံ၌ နည်းနာနယ အမျိုးမျိုးကို ကြိုးနှံစွာ ဆည်းပူးခဲ့လေ့လာ အားထုတ်တော်မူသကဲ့သို့ ထို့ အတူပင် ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာ *



ရွှေပေါက်ကျွန်း သာသနာ့ရိပ်သာ ပုန္နဂါးပင်ညွှန့်ဆြေး ရေဦးမြို့နယ်

ဆရာတော် ဦးသုမနာစာရ

ဆရာတော် ဦးသုမနာစာရ လောင်းလျာသည် ရွှေဘိုခရိုင် ရေဦးမြို့နယ် ပုန္နဂါးရွာ ခမည်းတော် ဦးချစ်လှ- မယ်တော် ဒေါ်ရွှေမှတ် တို့မှ ၁၂၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ပုန္နဂါးရွာ ရွှေပေါက်ကျွန်းကျောင်း ဆရာတော် ဘုရားထံ မိဘတို့က အပ်နှံ၍ သတို့သားကို ဆရာတော်ဘုရားက

---

*

စရိယ ဆရာကြွက်ထံ၌၎င်း၊ ရေဦးမြို့နယ် တူမောင်းရွာ ခံနံ့သာတောရကျောင်း သာသနာ့ရိပ်သာဆရာတော် ဦးဝါယမထံ၌၎င်း၊ တန့်ဆည်မြို့နယ် ကန်ပေါက်ယွန်းကျောင်း သာသနာ့ရိပ်သာဆရာတော် ဦးဝိသုဒ္ဓထံ၌၎င်း၊ ၎င်းမြို့နယ် ရွှေမုဋ္ဌောခကျောင်း သာသနာ့ရိပ်သာ ဆရာတော် ဦးဇာနေယျ

ဘာသာရေး အခြေခံ စာပေများကို သင်ကြားပို့ချ ပေးတော်မူသည်။ ထိုဆရာတော်ဘုရား ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေအဖြစ်သို့ ရောက်လာသော သတို့သားကို ဆရာတော်က ရှင်သုမနာစာရ-ဟူသော အမည်ကို မှည့်ခေါ်ပြီးလျှင် ရှင်တို့၏ ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံစာပေ ကျမ်းဂန်များကို သင်ကြား ပို့ချပေးတော်မူသည်။

သက်တော် ၂၀-ပြည့်လျှင် ရွှေပေါက်ကျွန်း ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဆရာတော်ဘုရားကြီး၏ အချီးအမြှောက်ကို ခံယူကာ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်သောအချိန်မှာ ၁၃၀၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်နေ့ဖြစ်သည်။

ရဟန်း အဖြစ်သို့ ရောက်ပြီးနောက် ပုန္နဂါး ရွှေပေါက်ကျွန်းကျောင်း ဥပဇ္ဈာယ်ဖြစ်သော ဆရာတော် ဦးတိလောက ထံ၌၎င်း၊ ပဲခူးမြို့မ အရှေ့မြို့ထောင့်ကျောင်း ဆရာတော် ဦးဝိမလဗုဒ္ဓိထံ၌၎င်း၊ ပဲခူးခရိုင် ရှမ်းရွာကြီးကျောင်း ဆရာတော် ဦးကုမာရထံ၌၎င်း၊ မန္တလေးမြို့ မဟာဝေယန်ဘုံသာတိုက် အောင်နန်းရိပ်သာ အုဋ္ဌကျောင်းဆရာတော် ဦးကလျာဏထံ၌၎င်း-ဤသို့ စသော ပရိယတ္တိအကျော် စာချဆရာတော် တို့ထံ၌ ပရိယတ္တိ-

×

---

ထံ၌၎င်း၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ထံ၌၎င်း၊ ၎င်းရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတထံ၌၎င်း၊ သတိပဋ္ဌာန်ဝိပဿနာတရားများကို ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

ပရိယတ္တိ ပဋိပတ္တိဓမ္မ နှစ်ဌာနစလုံး စနစ်တကျအားရအောင် ကိုယ်တိုင်ကြိုးပမ်း အားထုတ်တော်မူပြီးနောက် ၁၃၁၈-ခုနှစ်မှစ၍ ယနေ့တိုင်အောင် ရေဦးမြို့နယ် မြင်းပေါက်ကျောင်း သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူလျက် ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောကြားညွှန်ပြတော်မူလျက်ရှိရာ ယခုအခါတွင် ယောဂီဦးရေ (၆၆၀) ကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



မုံတိုင်ပင် သာသနာ့ရိပ်သာ ရေဦးမြို့နယ်

## ရဟန်းတော် ဦးနာဂဝံသ

ရဟန်းတော်ဦးနာဂဝံသ လောင်းလျာသည် ရေဦးမြို့နယ် မုံတိုင်ပင်ရွာ ခမည်းတော် ဦးလူဂျမ်း-မယ်တော် ဒေါ်ညွန့်တို့မှ ၁၃၀၉-ခုနှစ် ဝါခေါင် လဆန်း ၃-ရက် စနေ နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။ ကျောင်းသား အရွယ် ငယ်စဉ်ကပင် မိဘနှစ်ပါးတို့က မုံတိုင်ပင်ကျောင်း ဆရာတော်ဘုရားထံ အပ်နှံ၍ ဆရာတော်ဘုရားက သတို့သားအား ဘာသာ ရေးအခြေခံ စာပေများကို သင်ကြားပို့ချ ပေးတော်မူသည်။ ထိုမုံတိုင်ပင်

---

×
ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်းအားထုတ် သင်ကြား တော်မူခဲ့သည်၊

ဆရာကောင်း သမားကောင်းတို့ထံ၌ ပရိယတ္တိဓမ္မကို သင်ယူအားထုတ် ပြီးနောက် သာသနာတော်တွင် လိုနေသေးသော ပဋိပတ္တိဓမ္မကို အားထုတ် ရန်အတွက်-ရွှေဘိုခရိုင် ရေဦးမြို့နယ် တူမောင်းရွာ ခံနှံ့သာ သာသနာ့ရိပ်သာ

ဆရာတော်ဘုရားထံ၌ပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ရှင်သာမဏေအဖြစ်သို့ ရောက်လာသော သတို့သားအား ဆရာတော်ဘုရားက ရှင်နာဂဝံသ ဟူသောအမည်ကို မှည့်ခေါ်လျက် ရှင်သာမဏေတို့ သင်သင့် သင်ထိုက်သော ရှင်ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားပို့ချ ပေးတော်မူသည်။

သက်တော် ၂၀- အရွယ်သို့ ရောက်လျှင် ရေဦးမြို့ ဝါဆိုကျောင်း ဆရာတော်ဦးမာဃိန္ဒကို ဥပဇ္ဈာယ်ပြု၍ မယ်တော်-ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၂၀-ခုနှစ် တပေါင်းလဆန်း ၁၅-ရက် နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်လာသော ရဟန်းတော် ဦးနာဂဝံသသည် ရေဦးမြို့ ဝါဆိုကျောင်း စာသင်တိုက် ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ထံနီး မပြတ်ဆည်းကပ် နေထိုင်တော်မူလျက် စာချဆရာတော်ဦးသူရိယ၊ ဦးအာစိဏ္ဏ၊ ဦးစာရိန္ဒတို့ ချပို့သော စာဝါများကို လိုက်နာသင်ကြား၍ ရဟန်းတော်တို့ သင်ယူသင့် သင်ယူထိုက်သော ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရ အရပ်ရပ်ကို ကြိုးပမ်းအားထုတ်တော် မူသည်။

ပရိယတ္တိဓမ္မကို သင်ကြား အားထုတ်တော်မူစဉ် သွားရင်းဟန်နှင့်သဘောဖြင့် အစိုးရ ပထမငယ်တန်းကို ဝင်ရောက် ဖြေဆိုတော်မူရာ ကောင်းစွာ အောင်မြင်တော် မူခဲ့သည်။ ပရိယတ္တိဓမ္မကို သင်ကြား အားထုတ်တော်မူပြီး နောက်ရဟန်းတော် ဦးနာဂဝံသသည် တဖက်မှလိုနေသေးသော ပဋိပတ္တိဓမ္မကို အားထုတ်ကြိုးပမ်းရန်အတွက် မန္တလေး အနောက်ပြင်စိန်ပန်းရပ် ရတနာပုံ

+

---

ဆရာတော် ဦးဝါယမထံ ဆည်းကပ်၍ မဟာစည်ရှုမှတ်နည်းဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားများကို ကြိုးပမ်းအားထုတ် ပွားများတော် မူသည်။ ဝိပဿနာ တရားများကို ကိုယ်တိုင်ပွားများ အားထုတ်ပြီးနောက် ယခုအခါ ပုန္နဂါးပင်စည်ရွာ ရွှေပေါ်ကျွန်း သာသနာ့ရိပ်သာ၌ ရောက်လာသမျှ ယောဂီတို့အား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နိသျည်းကျကျ ကမ္မဋ္ဌာန်းနည်းပြ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ကာ ပဋိပတ္တိ သာသနာတော်ကို အားပေးပြုစုလျက် ရှိပေသည်။

---



ဝိဝေကရိပ်သာ ကန့်ဘလူမြို့

**ဆရာတော် ဦးကောဝိဒ**

ဆရာတော် ဦးကောဝိဒ လောင်းလျာသည် ရွှေဘိုခရိုင် ရေဦးမြို့နယ် ကွမ်းအုံကျေးရွာ ခမည်းတော် ဦးဘိုးအောင် - မယ်တော် ဒေါ်ညွန့်တို့မှ

---

+
သာသနာ့ရိပ်သာသို့ ဆရာတော်ဦးသံဝရ (ရိပ်သာ နာယက) ထံ၌ ခိုလှုံ၍ သတိပဋ္ဌာန်ဝိပဿနာဘာရေးကို ပွားများ အားထုတ်တော်မူခဲ့သည်။

ကိုယ်တိုင် အားထုတ်တော် မူပြီးနောက် ဇာတိ ဖြစ်သော မုံတိုင်ပင်၌ ပဋိပတ္တိသာသနာ့ရိပ်သာဖွင့်၍ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်း နည်းပြ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိရာ ယောဂီ ဦးရေ (၆၀) ကျော် ရှိသွားပြီ ဖြစ်ပေသည်။

၁၂၉၃-ခုနှစ်၊ တပေါင်းလပြည့် တနင်းလာနေ့တွင် ဖွားမြင်သော သား ရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ် လာအရ မိဘတို့က သတို့သားကို ကိုးကွယ်ရင်းဖြစ်သော ရွာကျောင်း ဘုန်းတော်ကြီးထံအပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံ စာ ပေများကို သင်ကြားပေးတော်မူသည်။ ထိုဆရာဘုန်းတော်ကြီး ထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် တက်ရောက်တော်မူခဲ့သည်။ ရှင်သာမဏေအဖြစ်သို့ရောက်လျှင် ဆရာ ဘုန်းတော်ကြီးက ရှင်တို့ကျင့်ဝတ် နှင့် ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြား ပို့ချပေးတော်မူသည်။

သက်တော် ၂၀-ပြည့်လျှင် ကွမ်းအုံရွာ ထိန်သာကျောင်း ခဏ္ဍသိမ်၌ ရွှေမင်းတည်ကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ကန့်ဘလူမြို့ နယ် မြေတူးမြို့ ဦးဘိုးဇုံ - ဒေါ်ဖွားရှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၂-ခု နှစ် တပေါင်းလပြည့်ကျော် ၄-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော် ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ရွှေဘိုခရိုင် ကန့်ဘလူမြို့ ဝိဝေကရိပ်သာ ဆရာတော်ထံ၌၎င်း၊ မြို့ရှေ့ကျောင်းဆရာတော် ဦးနန္ဒသိရိထံ၌၎င်း၊ မန္တလေး မြို့ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးကြွယ်ထံ၌၎င်း၊ မိုးကုတ်မြို့ ရွှေကူ ကျောင်းဆရာတော် ဦးအာစရ (ဓမ္မာစရိယ) ထံ၌၎င်း၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းဆရာတော်ဘုရားကြီးထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ဘုရားကြီးထံ၌ ၎င်း နိကာယ်ငါးရပ် ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို အားခုအောင် သင်ကြားအားထုတ်တော်မူသည်။

ပရိယတ္တိဓမ္မဂန္ထဓုရကို အားထုတ်တော်မူပြီးနောက် ပဋိပတ္တိဓမ္မဝိပဿနာ ဓုရကို ဖြည့်ဆည်းပူးရာ၌ ရွှေဘိုခရိုင် ကန့်ဘလူမြို့ ဆရာတော်ဦးအာဒိစ္စထံ၌ ၂-ဝါ၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒအောက်တွင် ကမ္မဋ္ဌာနာစရိယ ဆရာ တော် ဦးပဏ္ဍိတာဘိဝံသ ၏ နည်းညွှန်ပြသမှုကိုခံယူ၍ ၂-ဝါ ဝိပဿနာ တရားကို ဆရာကြေနပ်အောင်ပွားများ အားထုတ်တော်မူသည်။ ယောဂီ နည်းညွှန်ပြသနည်း ဝိပဿနာတရား ဟောပြောနည်းများကို နည်းညွှန်ပြသ ဟောပြောနိုင်အောင် လေ့လာဆည်းပူးတော်မူသည်။ ❂



တောက္ကရှပ်တောကျောင်း သာသနာ့ရိပ်သာ ကန့်ဘလူမြို့နယ်။
ဆရာတော် ဦးဆေကိန္ဒ

ဆရာတော် ဦးဆေကိန္ဒသည် ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ တောက္ကရှပ်ရွာ ခမည်းတော် ဦးချစ်ဖုး-မယ်တော် ဒေါ်လှလွန်တို့မှ ၁၂၇၅-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

❁

မုရနှစ်ပါးစလုံး ဖြည့်ကျင့်ဆည်းပူးတော်မူပြီးနောက် ယခုအခါတွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့ ဝိဇေကသာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူပြီးလျှင်ရိပ်သာသို့ ရောက်လာသမျှယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားကိုနည်းညွှန်ပေးခြင်း၊ဟောပြောခြင်းစသောပဋိပတ္တိ သာသနာပြုလုပ်ငန်းကို ကြိုးပမ်းလျက် ရှိပေသည်။

ကျောင်းသားအရွယ် ရှင်သာမဏေအရွယ်ကပင် ဘာသာရေး အခြေခံ စာပေများကို သင်ကြားခဲ့ပြီးနောက် အရွယ်ရောက်၍ အသက် ပြည့်လျှင် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် နန္ဒင်းတောရွာ- နန္ဒင်းတောတိုက် အနောက် ကျောင်း တိုက်အုပ် ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ နန္ဒင်းတောရွာ ဦးဖိုးမြင့်-ဒေါ်စိန်ညွန့် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းသက္ကရာဇ်မှာ ၁၃၀၇-ခုနှစ်၊ တန်ခူးလဆန်း ၈-ရက် အင်္ဂါနေ့ နံနက် ၉-နာရီ ၁၅-မိနစ်အချိန် ဖြစ်လေသည်။

နန္ဒင်းတောကျောင်း တိုက်အုပ် ဥပဇ္ဈာယ်ဆရာတော် ဦးဝိသုဒ္ဓထံ၌၎င်း၊ ထိုတိုက် အလယ်ကျောင်း ဆရာတော် ဦးတိဿထံ၌၎င်း၊ ကန့်ဘလူမြို့နယ် မိုးကောင်းကျောင်း လေးထပ်ဆရာတော် ဦးနရိန္ဒထံ၌၎င်း၊ မန္တလေးမြို့ အနောက်ပြင် ထီးသင်းတိုက် တိုက်အုပ် ရွှေဒင်္ဂါးကျောင်း ဆရာတော် ဦးစန္ဒာဝရာဘိဝံသ ထံ၌၎င်း၊ ၎င်းတိုက် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဆရာတော်များဖြစ်ကြသော ဦးကုမာရ၊ ဦးဝိဇိတ္တ၊ ဦးနန္ဒိယတို့ထံ၌၎င်း-ပါဠိ-အဋ္ဌကထာ-ဋီကာများကို သင်ယူခဲ့သည်။

ထိုတိုက်၌ နေစဉ် ပါဠိ-အဋ္ဌကထာ-ဋီကာ များကို သင်ယူရင်း အခွင့်ရသ၍ အစိုးရ စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့သေးရာ ပဌမငယ်တန်း နှင့် ပဌမလတ်တန်းကို အောင်မြင်တော်မူသည်။

ဘဝပါရမီ ရင့်သန်ခဲ့သည်အလျောက် သဒ္ဓါ-ဆန္ဒပြည့်ဝသူပုဂ္ဂိုလ် ဖြစ်ရကား ပရိယတ္တိဒေသနာဓမ္မကို သင်ယူပြီးနောက် ပဓာနဖြစ်သော ပဋိပတ္တိ အကျင့်မြတ်ကိုလည်း ဆက်လက်ဆည်းပူး အားထုတ်ရန် ၁၃၀၉ ခုနှစ်တွင် ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ဆရာကြီး ဆရာကြွက်- ဆရာကြံတို့ထံတွင် ဝိပဿနာတရားကို အားထုတ်တော်မူသည်၊ စနစ်တကျ အားထုတ်ပြီးနောက် ယခုအခါတွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် တောက္က ရုပ်တောကျောင်း သာသနာ့ရိပ်သာ၌ ပဋိပတ္တိ သာသနာ့ဝန်ကို ထမ်းဆောင် လျက် ရှိတော်မူသည်။ ထိုရိပ်သာတွင် အားထုတ်ပြီး ယောဂီ ဦးရေမှာ (၈၃၃) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



လိပ်ပြာနိုင်ငံ၌ လင်းလုရောင်ခြည် သာသနာ့ရိပ်သာ ကန့်ဘလူမြို့နယ်

## ဆရာတော် ဦးသီလာစာရ

ဆရာတော် ဦးသီလာစာရသည် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ရေကြည် အရှေ့ရွာ ခမည်းတော် ဦးဖိုးဆင် - မယ်တော် ဒေါ်နှင်း တို့မှ သက္ကရာဇ် ၁၂၉၀ ပြည့်နှစ် ဝါဆိုလဆန်း ၆-ရက် သောကြာနေ့တွင် ဖွားမြင်တော် မူသည်။

ရပ်ဆရာ ရွာဆရာဖြစ်သော ရေကြည်ကျောင်း ဆရာတော်ဦးအာစိဏ္ဏ ထံ၌ မိဘတို့ကအပ်နှံ၍ ထိုဆရာတော်ထံတွင် ကျောင်းသားအဖြစ် သာမဏေ အဖြစ်ဖြင့် ဘာသာရေး အခြေခံ စာပေများကို သင်ကြားတော် မူသည်။ မိုးကောင်းဆရာတော် ဦးနရိန္ဒအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော် မူသည်။

ရဟန်းအဖြစ်သို့ရောက်သည့်အခါ ခင်သာကျောင်းဆရာတော်ဦးဉာဏဝံသ ထံ၌၎င်း၊ မန္တလေးမြို့ မဟာ ဝေယန်ဘုံသာတိုက် တိုက်အုပ် ဆရာတော်



အိုးကုန်း သာသနာ့ရိပ်သာ ကျွန်းလှမြို့

## ဆရာတော် ဦးဝံသိက

ဆရာတော် ဦးဝံသိကလောင်းလျာသည် ကဘဲကျေးရွာ ခမည်းတော် ဦးငြိမ်း - မယ်တော် ဒေါ်ဆိုးတို့မှ ၁၂၄၆-ခုနှစ် ဝါဆိုလဆန်း ၃-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

ဦးအာဝိဏ္ဏထံ၌၎င်း၊ ဇဝ်းတိုက်ဆရာတော် ဦးကလျာဏ၊ ဦးအဂ္ဂတို့ထံ၌၎င်း၊ ရွှေဘိုမြို့ တဘိယ မဟာဝိသုဘာရာမတိုက် ဆရာတော်ဦးဥတ္တမထံ၌၎င်း၊ ၎င်းမြို့ဓမ္မသုခတိုက် ဆရာတော်ဦးဝိသုတထံ၌၎င်း ပါဠိ-အဋ္ဌကထာ-ဋီကာများကို သင်ယူတော်မူသည်။

ဆရာတော်သည် စာမေးပွဲများကိုဝင်ရောက်ဖြေဆိုခြင်း မပြုသောကြောင့် ဂုဏ်ထူးဆောင် လက်မှတ်ရ မဟုတ်သော်လည်း သင်ယူခဲ့သော ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ များကို ရောက်လာသော တပည့်တပန်း ရဟန်းသာမဏေတို့အား ပို့ချတော်မူသည်ဖြစ်၍ မူလ ဓမ္မာစရိယဆရာတော်ဖြစ် *

ဗုဒ္ဓဘာသာဝင် ဘိုးဘွား မိဘတို့မှ ဆင်းသက်လာခဲ့သည့် အလျှောက် ကျောင်းသားအရွယ် ငယ်စဉ်ကပင် ကဘဲရွာကျောင်း ဘုန်းတော်ကြီးထံ မိဘတို့ကအပ်နှံ၍ ဆရာဘုန်းတော်ကြီးကသတို့သားအား ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ၎င်းဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေ အဖြစ်သို့ရောက်လာသော ရှင်ဝံသိကအား ဆရာတော်က ရှင်ကျင့်ဝတ်နှင့် ပိဋကတ် အခြေခံစာပေ ကျမ်းဂန်များကို သင်ကြားစေတော်မူသည်။

ရဟန်းပြုရန် သက်တော်ပြည့်ရာတွင် ဆရာတော်ဦးကေတုကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက် တန်း ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ရဟန်းအဖြစ်သို့ရောက်ပြီးနောက် သင်ယူသင့် သင်ယူထိုက်သော ပရိယတ္တိ ပိဋကတ် စာပေကျမ်းဂန်များကို ဥပဇ္ဈာယ်ဆရာတော် ဦးကေတုထံ၌ ကြိုးပမ်းအားထုတ် သင်ကြားတော် မူသည်။

+

---

*

ပေသည်။ ငယ်စဉ်ကတည်းက သူတော်ကောင်း စိတ်ဓာတ် ကိန်းဝပ်ပါရှိ တော်မူခဲ့ပြီးသည့်အတိုင်း ပရိယတ္တိစာပေများကို သင်ကြားပြီးနောက် ဆိပ် ခွန် မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ ထိုစဉ်က ကမ္မဋ္ဌာန်းတရား ဟောကြားညွှန်ပြလျက်ရှိသော ဆရာတော်ဦးကောဝိဒထံတွင် သတိပဋ္ဌာန် ဝိပဿနာကို ရှုမှတ်အားထုတ်တော် မူခဲ့သည်။

ဆရာ့ထံတွင် စနစ်တကျ ရှုမှတ်ပြီးလျှင် ရွှေဘိုခရိုင် ကန့်ဘလူ မြို့နယ် လိပ်ပြာနိုင်ရွာတွင် လင်းလုရောင်ခြည် သာသနာ့ရိပ်သာ အမည်ဖြင့်ရိပ်သာ ဖွင့်၍ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောကြား ညွှန် ပြလျက်ရှိပေသည်၊ ထိုရိပ်သာတွင် အားထုတ်ခဲ့ပြီး ယောဂီဦးရေမှာ (၄၃၄) ဦး ရှိသွားပြီဟု သိရှိရပါသည်။



ညောင်ကိုင်းရွာ၊ ရွှေကျင်တောရ သာသနာ့ရိပ်သာ ကျွန်းလှမြို့နယ်၊

## ဆရာတော် ဦးသူရိယ

ဆရာတော် ဦးသူရိယသည် ရွှေဘိုခရိုင် ကျွန်းလှမြို့ ကြီးကုန်းရွာ ခမည်းတော် ကြီးကုန်းသူကြီး ဦးမာတင်-သူကြီးကတော် ဒေါ်ကောက် တို့မှ သက္ကရာဇ် ၁၂၆၂-ခုနှစ် ပြာသိုလဆန်း ၉-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

\+

ပရိယတ္တိဓမ္မဟူသော ဂန္ထဓုရကို အရွယ်သို့လိုက်၍ ဖြည့်ဆည်းပူးနိုင်စွမ်းရှိလျှင် ဖြည့်ဆည်းပူးရန် လိုအပ်၏။ ပရိယတ္တိဟူသည် ပဋိပတ္တိ ဝိပဿနာဓုရအတွက် လမ်းညွှန် ဖြစ်သည့်အလျောက် ကျွမ်းကျင်နိုင်သမျှ ကျွမ်းကျင်အောင် သင်နိုင်လေ ကောင်းလေ ဖြစ်သော်လည်း အကယ်၍ စွမ်းဆောင်နိုင်အားမရှိသောအရွယ်ဖြစ်နေပါလျှင် ပရိယတ္တိဂန္ထဓုရကို အားထုတ်နေဘွယ်မလိုဘဲ ကျင့်လမ်းသိ၍ ပရိယတ် ပဋိပတ် နှစ်ရပ် ကျွမ်းကျင်သော ဆရာကောင်း သမားကောင်းတို့ထံ ဆည်းကပ်ကာ ပဋိပတ္တိဝိပဿနာဓုရကိုကား မဆောင်ရွက်ဘဲ မနေသင့်၊ အသက်နှင့်ကိုယ် မြဲနေသမျှ ငယ်ရွယ်သူဖြစ်စေ +

ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသားများ ဖြစ်သည့်အလျောက် မိဘတို့က သတို့သားကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံတွင် အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်။ ထိုဆရာတော် ဘုရားထံမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ် ရောက်ရာတွင် ရှင်သာမဏေတို့ ကျင့်ရမည့် ကျင့်ဝတ် သိက္ခာပုဒ်များနှင့် အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။

၁၃၁၈-ခုနှစ် ဝါလဆန်း ၁၄-ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင် ရွှေယင်မျှော်တိုက် ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော အထက်တန်း ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

---

+
အသက်ကြီးသူဖြစ်စေ ဆောင်ရွက်ဖြစ်အောင် ဆောင်ရွက်သင့်သည်သာတည်း။ ဤသည်ကို သိနားလည်ပြီးဖြစ်သော ဆရာတော် ဦးဝံသိကသည် ဂန္ထဓုရ လောက်ကို ဆောင်ရွက်ရရုံဖြင့် အားရရောင့်ရဲမနေပဲ ပဋိပတ္တိဝိပဿနာဓုရကို ဆောင်ရွက်ရန် ဆရာတော်ဦးပုည၏ နည်းလမ်းညွှန်ပြသြဝါဒကိုခံယူပြီးလျှင် ကမ္မဋ္ဌာနာစရိယဆရာကြီး ဦးတင်၏ အကူအညီဖြင့် သတိပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။

ကိုယ်တိုင် နည်းလမ်းတကျ အားထုတ်ပြီးနောက် သာသနာတော်တွင် ကြောင့်ကြမဲ့နေတော်မမူပဲ အားထုတ်လိုသူ အခြားပုဂ္ဂိုလ်တို့အား ကမ္မဋ္ဌာန်း တရားများကို ဟောပြောခြင်း၊ အားထုတ်ရန် တိုက်တွန်းခြင်း၊ အားထုတ် ရန် ရောက်လာသူတို့အား ကမ္မဋ္ဌာန်းပေးခြင်း စသော အလုပ်များဖြင့် ရွှေဘိုခရိုင် ကျွန်းလှမြို့ အိုးကုန်း သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူလျက် ရှိပေသည်။ ဆရာတော်ထံ အားထုတ်ပြီး ယောဂီဦးရေမှာ (၁၅၅၅) ဦးပင် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဆရာတော် ဦးသူရိယသည် ငယ်ရွယ်စဉ်ကပင် မှန်ကန် ဖြောင့်မတ်၍ ကိုယ်ကျင့်တရား ရှိခဲ့သည်၊ ရတနာ သုံးပါးကိုလည်း အထူး ကြည်ညို လေးစားခဲ့သူ ဖြစ်သဖြင့် သူ၏ သူတော်ကောင်းသဘောကို ပတ်ဝန်းကျင် ပုဂ္ဂိုလ်တို့က သိနေကြသည်။ ပရိယတ္တိ စာပေ ကျမ်းဂန်များကို ဥပဇ္ဈာယ် ဆရာတော် ဦးဇာဂရထံ၌ သေသေဝပ်ဝပ် သင်ယူတော်မူသည်။

စေတနာ သဒ္ဓါတရားနှင့် ပါရမီဓာတ်ခံ အပြည့်အဝ ရှိနှင့်ပြီး ပုဂ္ဂိုလ်တို့မှာ နေအရုဏ်ကို စောင့်မျှော်နေသော ပဒုမ္မာကြာကဲ့သို့ ကောင်းမှုကုသိုလ်ဖြစ်ရန် အလုပ်ကို အမြဲစောင့်မျှော် နေတတ်ကြသည်။ ပဒုမ္မာကြာပန်းသည် နေအရုဏ်နှင့် တွေ့သည်နှင့် တပြိုင်နက် ပွင့်လာသကဲ့သို့ ပါရမီဓာတ်ခံ ရှိပြီးသူတို့မှာလည်း ကောင်းမှုကုသိုလ် ပြုဘွယ်နှင့် တွေ့ရလျှင် ဆိုင်းငံ့မနေဘဲ တပြိုင်နက် ပြုလုပ်တတ်ကြသည်၊

ဆရာတော် ဦးသူရိယတွင်လည်း ပါရမီဓာတ်ခံ ပြည့်ဝပြီး ဖြစ်သည့်အလျောက် ကောင်းမှုကုသိုလ် ပြုဘွယ်ကိုသာ စောင့်မျှော်လျက်ရှိရာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင် ရှုမှတ် ပွားများကာ ဟောကြား ညွှန်ပြနေသော သတိပဋ္ဌာန် ဝိပဿနာ တရားနှင့် အသင့်ကြုံကြိုက်လာခဲ့သည်။ ထိုသတိပဋ္ဌာန် ဝိပဿနာ တရားများကို သာသနာ့ရိပ်သာ အမြောက်အမြား၌ ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ ဟောကြားညွှန်ပြလျက်ရှိရာ ဆရာတော်ဦးသူရိယသည် ရွှေဘိုခရိုင် မြို့ထောင့် စေတီတော် သာသနာ့ရိပ်သာ ဆရာတော် ဦးမေဓာဝီနွထံ၌၎င်း၊ ကျွန်းလှမြို့ နွားလဘို့ ဆရာတော် ဦးအာဒိစ္စထံ၌၎င်း ဆရာတော်တို့ညွှန်ပြသော သတိပဋ္ဌာန် ဝိပဿနာ တရားကို ကြိုးပမ်းအားထုတ်တော်မူသည်။ ကမ္မဋ္ဌာန်းပြဆရာတော် သဘောကျသည်အထိ ကိုယ်တိုင် အားထုတ်တော်မူပြီးနောက် ယခုအခါတွင် ရွှေဘိုခရိုင် ကျွန်းလှမြို့ ရွှေကျော်တောရ ညောင်ကိုင်းကျေးရွာ သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်လျက်ရှိရာ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီး ယောဂီ ဦးရေမှာ (၁၄၁) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပါသည်၊



ရေဝန်းကျောင်း သာသနာ့ရိပ်သာ ကသာခရိုင် ကောလင်းမြို့

## ဆရာတော် ဦးပုည

ဆရာတော် ဦးပုညသည် ကသာခရိုင် ကောလင်းမြို့ အင်ပင်သာတိုက် စ်တောရွာ ခမည်းတော် ဦးအေးလူ-မယ်တော် ဒေါ်ဆတ်တို့မှ ၁၂၈၀-ပြည့်နှစ် ကဆုန်လပြည့်ကျော် ၂-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ကောလင်းမြို့နယ် တောင်မော်ရွာ သုဓမ္မာဂိုဏ်းဝင် ဂိုဏ်းထောက်ဆရာတော် ဦးနန္ဒထံတွင် အပ်နှံ၍ ၁၃-နှစ်သား အရွယ်တွင် ထိုဆရာတော်ဘုရားကြီးထံ၌ပင် ရှင်သာမဏေအဖြစ်ဖြင့် ၂-နှစ်ပတ်လုံး အခြေခံ သင်ပုန်းကြီးမှစ၍ သာမဏေတို့ ကျင့်ဝတ် လိင် ဒဏ် သေခိယ ခန္ဓကဝတ် တို့ကိုသင်ယူသည်။

ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး ပျံလွန်တော် မူရာတွင် ကောလင်းမြို့ ရေဝန်းကျောင်း ဆရာတော် ဦးမေဓာဝီထံ ပြောင်းရွှေ့လျက် သာမဏေ

အဖြစ်ဖြင့် ၃-နှစ်ပတ်လုံး ဆက်လက်၍ ပရိယတ္တိ အခြေခံ သဒ္ဒါ သင်္ဂြိုဟ် စသည်တို့ကို သင်ယူသည်။

၁၃၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် တောင်မော်ကျောင်း ဆရာတော် ဦးတိလောကကို ဥပဇ္ဈာယ်ပြု၍ တောင်မော်ရွာ ရဟန်းဒကာ ဦးအံ့-ရဟန်းအမ ဒေါ်ချစ်တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူပြီးလျှင် ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်လျှင် ရေဝန်းကျောင်း ဆရာတော် ဦးမေဓာဝီထံမှာပင် ဆက်လက်၍ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို သင်ယူတော်မူသည်၊

ဆရာတော်သည် ပါရမီဓာတ်ခံ ရင့်သန်တော်မူသည် ဖြစ်၍ ပဋိပတ္တိ အကျင့်မြတ်တွင် ထက်သန်သော သဒ္ဓါဆန္ဒဖြင့် ဆည်းပူး လေ့လာတော်မူသည်။ ဆရာတော်၏ ထက်သန်သော သဒ္ဓါဆန္ဒများမှာ နေအရုဏ်ကိုစောင့်မျှော်နေသော ပွင့်တော့မည့် ကြာဖူးနှင့်တူသည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ တရားတော်တည်းဟူသော နေအရုဏ်နှင့် တွေ့ထိခဲ့ရာ၌ ထိုသဒ္ဓါ ဆန္ဒ ကြာဖူးသည် ငါးငါး စွင့်စွင့် ပွင့်လာခဲ့ပေသည်။

ထို့ကြောင့် ၁၃၀၄-ခုနှစ်ဘွင် ရေဝန်းကျောင်းဆရာတော် ဦးမေဓာဝီ ပျံလွန်တော်မူခဲ့သဖြင့် ထိုကျောင်း၌ စောင့်ရှောက် သီတင်းသုံးတော် မူ၍ ၁၃၁၅-ခုနှစ်၌ ဆိပ်ခွန် မဟာစည်တိုက်သို့ ကြွရောက်ပြီးလျှင် သတိပဋ္ဌာန် ဝိပဿနာတရားကို စနစ်တကျ ဆရာနည်းရသည်အထိ အားထုတ်တော်မူသည်။ ထိုစဉ်က ကမ္မဋ္ဌာနာစရိယ ဆရာတော်မှာ ဝက်လက် ဆရာတော် ဦးကုသုမဖြစ်၏၊ ထိုဆရာတော်ထံတွင် အားထုတ်တော်မူသည်။

ဝိပဿနာ တရားကို အားထုတ်ပြီးနောက် ရေဝန်းကျောင်းမှာပင် မဟာစည် ကမ္မဋ္ဌာန်း တိုက်ခွဲ ရိပ်သာထူထောင်၍ ပဋိပတ္တိ သာသနာတော် ပြန့်ပွားရန်အတွက် အားထုတ်ခဲ့ပေသည်။

---



အောင်နန်း သာသနာ့ရိပ်သာ မြစ်ကြီးနားမြို့

ဆရာတော် ဦးပညာသာရ

ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးပညာသာရသည် ရခိုင်တိုင်း ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရမ်းသစ်ချောင်ရွာ ခမည်းတော် ဦးစံဖိုးအောင်-မယ်တော် ဒေါ်ငွေသာဖြူတို့မှ သက္ကရာဇ် ၁၂၈၈-ခုနှစ် နယုန်လဆန်း ၈-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

အင်းစိန်မြို့ ရွာမအနောက်ရပ် ဓမ္မဝေပုလ္လကျောင်း ဆရာတော်ဦးကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ရောက်တော် မူသည်။ အင်းစိန်မြို့ ဓမ္မဝေပုလ္လကျောင်း ဥပဇ္ဈာယ်ဆရာတော် ဦးကုမာရ ထံတွင်၎င်း၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်တိုက် ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးဝါသဝ၊ ဆရာတော် ဦးပဒုမတို့ထံတွင်၎င်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဆရာတော် ဦးကောဏ္ဍည ထံတွင်၎င်း၊ ဆရာတော်ဦးအာစိဏ္ဏ၊ ဆရာတော် ဦးသာဂရ၊ ဦးဝါသဝ၊ ဦးသံဝရတို့ထံတွင်၎င်း၊ မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော် ဦးဝဏ္ဏာထံတွင်၎င်း၊ ရှင်းမြို့ဘုရားကြီးတိုက်ဆရာတော်ဦးနာရဒ၊ ဆရာတော်



မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ကုန်းခါးကျောင်းသစ် ဗန်းမော်မြို့

## ဆရာတော် ဦးတိလောက

ဆရာတော် ဦးတိလောကသည် ဗန်းမော်မြို့ ခမည်းတော် ဦးခန့်ဖေ- မယ်တော် ဒေါ်မြတို့မှ သက္ကရာဇ် ၁၂၆၄-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ဦးကြယ်တို့ ထံတွင်၎င်း ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို သင်ကြား တော်မူခဲ့သည်။

အစိုးရစာမေးပွဲတွင် အလတ်တန်း အောင်သည်အထိ ဝင်ရောက်ဖြေဆို ခဲ့ဘူးသည်။ ပရိယတ္တိစာပေဆိုသည်မှာ ပဋိပတ္တိအကျင့်မြတ်အတွက် လမ်းမှန် ကျကျ ကျင့်တတ်ကြံတတ်အောင် ညွှန်ပြနိုင်ရုံမျှသာဖြစ်၍ ပရိယတ္တိတတ်ရုံမျှ ဖြင့်ကား ကိုယ်ရေး ကိုယ်တာအတွက် အပြီးသို့ မရောက်သေးပေ။ ပဋိပတ္တိ အကျင့်မြတ်ကို အားထုတ် ကျင့်ကြံမှုမရှိဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သည် မဟုတ်သောကြောင့် ပဋိပတ္တိအကျင့်မြတ်ကို ကျင့်ကြံ+

ကျောင်းသားအရွယ် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေးအခြေခံသင်ရိုးစာပေများကို သင်ကြားပေးတော်မူသည်၊ ဆရာဘုန်းတော်ကြီးထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ထိုအခါ ရှင်သာမဏေတို့ ပြုကျင့်ရသော ရှင်ကျင့်ဝတ် သိက္ခာပုဒ်များနှင့်တကွ ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို သင်ယူတော်မူသည်။

၁၂၈၆-ခုနှစ် ဝါဆိုလဆန်း (၁၃) ရက်နေ့၌ ကသာခရိုင် မိုးတားမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

---

+

ကြိုးကုတ် အားထုတ်ဖို့ လိုပေသေးသည်။ ဤသည်ကို မြင်တော်မူသော ဆရာတော် ဦးပညာသာ၏သည် ပရိယတ္တိကို အား၍အောင် သင်ယူတော်မူပြီးနောက် ပဋိပတ္တိအကျင့်မြတ်ကို အားထုတ်ရန်အတွက် ရွှေဘိုမြို့ မြို့ထောင့် စေတီ သာသနာ့ရိပ်သာသို့ ကြွရောက်ခဲ့သည်။

ထိုစဉ် အခါက မြို့ထောင့်စေတီ သာသနာ့ရိပ်သာတွင် ဆရာတော် ဦးတိလောက အရှင်မြတ်က ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဟောကြားညွှန်ပြ လျက်ရှိရာ ထိုဆရာတော်ထံတွင် ဝိပဿနာတရားကို ရှုမှတ် အားထုတ်တော် မူသည်။ ထိုမှတဖန် ရန်ကုန် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံတွင် ခိုလှုံ၍ ဆရာတော်ဦးဝဏ္ဏိတ၏ ညွှန်ကြားပြသ မှုကို ခံယူ၍ အားထုတ်ပြီးနောက် ဆရာတော်ဦးသုဇာတ၏ ယောဂီတို့အား စစ်ဆေးပုံ စစ်ဆေးနည်းများကိုလည်း ရိုသေစွာ လေ့လာ နာယူခဲ့သည်။

ယခုအခါ၌မူ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ ပဓာန ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူ ဆောင်ရွက် တော်မူလျက် ရှိပေသည်၊ ထိုရိပ်သာ၌ လာရောက် အားထုတ်ကြပြီး ယောဂီ ဦးရေမှာ (၆၀၀)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရပါသည်။



စာဝတီးတောကျောင်း သာသနာ့ရိပ်သာ ဗန်းမော်မြို့နယ်

## ဆရာတော် ဦးဝါယမ

ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝါယမသည် ဗန်းမော်မြို့ ပေါက်ကုန်းရပ် ခမည်းတော် ဦးမောင်- မယ်တော် ဒေါ်အိတို့မှ သက္ကရာဇ် ၁၂၆၇-ခုနှစ်၊ တဘောင်းလဆန်း ၇-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

---

မိုးတားမြို့ ဘုရားကြီးကျောင်းတိုက်မှာပင် ပဥ္စမ မာန်လည်ဆရာတော် ဘုရားကြီး၏ တပည့်ရင်း ဆရာတော် ဦးပညာသာမိ၊ ဆရာတော် ဦးအစ္စရိယတို့ထံတွင် ၈-နှစ်ပတ်လုံး ပါဠိ-အဋ္ဌကထာ-ဋီကာကျမ်းများကို သင်ယူရင်း ဥပဇ္ဈာယ်ဆရာတော်နှင့် မကွေမကွာ အဆုံးအမ ဩဝါဒကို ခံယူကာ နေတော်မူသည်။

ထိုနောက် မန္တလေးမြို့သို့ကြွတော်မူ၍ အနောက်ပြင် ခင်မကန်တိုက် ဘွားတော်ကျောင်း၌ သီတင်းသုံးတော်မူပြီးလျှင် ချမ်းသာကြီး မြောက်တိုက် ဆရာတော် ဦးလက္ခဏထံ၌ရင်း၊ခင်မကန်တိုက်သူဌေးကျောင်းဆရာတော် *

ကျောင်းသား သာမဏေအရွယ်မှ စ၍ အခြေခံ စာပေများကို သင်ယူခဲ့ရာ တဘ်သင့်တတ်ထိုက်သော အခြေခံ စာပေများကို တတ်မြောက်ခဲ့သည်။ အသက် ၂၀-အရွယ် ရောက်တော်မူရာ၌ ကောင်းတုံမြို့ စာဝတီးကျောင်း ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးဉာဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

ပဌမ နောင်မိုးကျောင်း ဆရာတော် ဦးဣန္ဒဝံသ ထံတွင်၎င်း၊ ဒုတိယ ဆူးပုတ်ကုန်းကျောင်း ဆရာတော် ဦးဉာဏိန္ဒ ထံတွင်၎င်း၊ တတိယ ကောင်းတုံမြို့ စာဝတီးကျောင်း ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးဉာဏ ထံတွင်၎င်း ပါဠိ-အဋ္ဌကထာ-ဋီကာ-ပရိယတ္တိစာပေများကို သင်ယူ တတ်မြောက်တော်မူခဲ့သည်။

×

---

*

ဦးရေဝတထံ၌၎င်း၊ တောင်သမန်တိုက်ဆရာတော် ဦးဝိမလထံ၌၎င်း ပိဋကတ် ပါဠိ-အဋ္ဌကထာ-ဋီကာ နေ့ဝါ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူသည်။ ညဝါဖြစ်သော မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်းစာဝါများကိုမူ အခနောက်ပြင် ထီးလင်းဘိုက် ရွှေဒဂါးကျောင်းဆရာတော်ထံ၌ ဆိုဝါဖြင့် သင်ယူတော်မူသည်။ အစိုးရ ပဌမလတ်တန်းအထိ အောင်မြင်သည်။

ဂန္ထဓုရ ပရိယတ္တိဓမ္မဝန်ကို အောင်တော်မူပြီးနောက် လိုနေသေးသော ဝိပဿနာဓုရပဋိပတ္တိဓမ္မဝန်ကို ထမ်းဆောင်ရန် သမ္မာဆန္ဒအားကောင်းတော်မူသည့်အလျောက် ရန်ကုန်မြို့သာသနာ့ရိပ်သာတွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဆရာကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတ ညွှန်ကြားပြသတော်မူသည့်အတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားကို ကြိုးစား အားထုတ်တော်မူသည်။ ကမ္မဋ္ဌာန်းနည်းပြဆရာတော် သဘောကျသည်အထိ စနစ်တကျ အားထုတ်တော်မူပြီးနောက် ဗန်းမော်မြို့ ကုန်းခါးကျောင်းသစ် မဟာစည် သာသနာ့ရိပ်သာခွဲတွင် ရောက်လာသမျှသော ယောဂီတို့အား ဝိပဿနာတရားကို ဟောကြားညွှန်ပြတော်မူလျက်ရှိရာ ယခုအခါ အားထုတ်ပြီးသော ယောဂီဦးရေမှာ (၉၄၇) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ကောယားရွာ သာသနာ့ရိပ်သာ ဟုမ္မလင်းမြို့နယ်

## ဆရာတော် ဦးနန္ဒမာလာ

ဆရာတော် ဦးနန္ဒမာလာ လောင်းလျာသည် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နောင်လွန်ရွာ ခမည်းတော် သူကြီး ဦးကံရေး - မယ်တော် ဒေါ်ငွေပုတို့မှ ၁၂၆၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်၊

---

×

ဆရာတော် ဦးဝါယမသည် နာယကဂုဏ်နှင့် ပြည့်စုံတော်မူသည်၊ ဝိနည်းသိက္ခာပုဒ်တော်၌ လိမ္မာသည်ဖြစ်၍ သိက္ခာပုဒ်တော်တို့ကို လေးစားတော်မူသည်၊ အာသန္နဂုဏ်နှင့် ပြည့်စုံတော်မူသဖြင့် အနီး ပတ်ဝန်းကျင် ရှင်လူ ရဟန်းတို့၏ အကြည်ညိုကို ခံယူ ရရှိတော်မူသည်၊ ပဋိပတ္တိ အကျင့်၌ မြတ်နိုးတော်မူသည်၊ ထို့ကြောင့်လည်း စာဝတီးဂိုဏ်း သံဃာတော်တို့၏ ဦးစီးနာယက အဖြစ် တင်မြှောက်သည်ကို ခံယူရရှိတော်မူသည်။

ပဋိပတ် အကျင့်၌ မြတ်နိုးတော်မူသည့်အတိုင်း ရန်ကုန်မြို့ မဟာစည်ဆရာတော်ဘုရားကြီး၏ဂုဏ်သတင်းကို ကြားသိတော်မူရာ ဝေးလံလှသော ×

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း နောင်လွန်ရွာကျောင်းဆရာတော် ဦးအာဒိစ္စထံ မိဘတို့ကအပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြား ပေးတော်မူသည်၊ ၁၃-နှစ်သားအရွယ်တွင် ထိုကျောင်း၌ပင် ကင်း ၁၁-ရွာဂိုဏ်းအုပ် ရေလဲ့ရွာကျောင်းဆရာတော် ဦးကိတ္တိကို ဥပဇ္ဈာယ်ပြု၍ မိဘ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်၊၊ ရှင် သာမဏေအဖြစ်သို့ ရောက်လာသော ရှင်နန္ဒမာလာအား ဆရာတော်က ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားပို့ချပေးတော် မူသည်၊ ဥပဇ္ဈာယ်ဆရာတော်ထံ၌ စာပေကျမ်းဂန်များကို ဆက်လက်သင် ကြားပြီးနောက် ရှင်သာမဏေအဖြစ်နှင့်ပင် ရွှေ ၁၉ - ရွာ ဂိုဏ်းချုပ် ကောယားအလည်ကျောင်း ဆရာတော် ဦးမုနိန္ဒထံတွင် လောကုတ္တရာအခြေခံ စာပေ ကျမ်းဂန်များကို ဆက်လက်သင်ကြားတော်မူသည်။

သက်တော် ၂၀ အပြည့်တွင် ကောယားရွာမကျောင်း ဆရာတော် ဦး တေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၈၇-ခုနှစ်၊

---

×
ဗန်းမော်မြို့နယ်မှ ရန်ကုန် သာသနာ့ရိပ်သာသို့ ကြွရောက်လျက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ သြဝါဒခံ၍ လက်ထောက် ကမ္မဋ္ဌာနာ စရိယအဖြစ် ဆရာတော် ဦးဝဏ္ဏိတ ညွှန်ပြသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားကို စနစ်တကျ အားထုတ်တော် မူလေသည်၊ ထိုသို့ အားထုတ်သဖြင့် ကမ္မဋ္ဌာန်းပြဆရာ အားရ ကျေနပ်သည်အထိ ပြီးမြောက် အောင်မြင်တော် မူခဲ့ပေသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်နည်း ကို ကောင်းစွာ ရယူတော်မူပြီးနောက် ကိုယ်တိုင်-ရှုမှတ် အားထုတ်ရုံသာ မက ရိပ်သာသို့ ရောက်လာသမျှ အားထုတ်လိုသော အခြားသူတို့အားလည်း ကမ္မဋ္ဌာန်းတရား ဟောကြား ညွှန်ပြတော်မူလျက် ရှိသည်၊ ယခုအခါ ဆရာ တော်မှာ ဗန်းမော်မြို့နယ် စာဝတီးကျောင်း သာသနာ့ရိပ်သာတွင် သီတင်းသုံးလျက် လာသာသမျှ အားထုတ်လိုသူ လူ-ရှင် ရဟန်း တို့အား ကမ္မဋ္ဌာန်းတရားများကို ဟောကြား ညွှန်ပြလျက် ရှိပေသည်။

တန်ခူးလပြည့်ကျော် ၄-ရက်နေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်ဖြင့် ကောယားရွာလည်ကျောင်းတွင် လောကုတ္တရာပညာကို ဆက်လက်သင်ကြားပြီးနောက် မုံရွာမြို့ မဟာလယ်တီတိုက် ရတနာဂီရိကျောင်း၌နေ၍ တိုက်အုပ်ဆရာတော် ဦးဉာဏောဘာသထံ၌၎င်း၊ ဆရာတော် ဦးကုမာရ၊ ဂဏဝါစက (ပဥ္စမဘကျော်) ဆရာတော်ဦးဝါယမတို့ထံ၌၎င်း၊ လယ်တီပဒမာလာနှင့်တကွ ပိဋကတ် ပါဠိ-အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရကျမ်းဂန်အရပ်ရပ်ကို ကြိုးပမ်းအားထုတ် သင်ကြားတော်မူသည်။

ထိုမှပြန်၍ ကောယားရွာ တောင်ကျောင်းတွင် သီတင်းသုံးလျက် ကျောင်းရှိစာသင်သား ပရိသတ်တို့အား စာပေကျမ်းဂန်များကို ပို့ချတော်မူသည်။ နေက္ခမ္မဗျာသယခေတ် ရင့်သန်တော်မူသော ဆရာတော် ဦးနန္ဒမာလာသည် စာပေပို့ချရာမှ တောသို့ဝင်၍ သုံးနှစ်ပတ်လုံး သမထကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။ ထိုမှတဖန် ကျောင်းသို့ပြန်၍ ပရိယတ္တိဓမ္မကို နေ့ဝါ ညဝါမပြတ် ပို့ချတော်မူသည်။

စာဝါမပြတ် ပို့ချနေရာမှ ၁၃၁၉-ခုနှစ်အရောက်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်ကာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူပြီးလျှင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုဇာတ ဦးပဏ္ဍိတာဘိဝံသ-တို့ ညွှန်ကြားပြသသော မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူသည်။

ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူပြီးနောက် ကမ္မဋ္ဌာန်းပေးနည်း-ဟောပြောနည်းများပါ စနစ်တကျ လေ့လာမှတ်သားပြီးလျှင် မိမိဌာန ကောယားတောင်ကျောင်းသို့ ပြန်ကြွကာ ၁၃၂၀-ပြည့်နှစ်တွင် ကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်တည်ထောင်၍ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း ဟောပြောခြင်း စသော သာသနာတော်၏ တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိသည်၊ ဆရာတော်၏ ကောယား သာသနာ့ရိပ်သာသို့ ရောက်လာအားထုတ်ပြီး ယောဂီဦးရေမှာ (၉၀၅) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

---



## သာသနာ့ရိပ်သာ ဟုမ္မလင်းမြို့နယ်

## အရှင် ဓမ္မိန္ဒ

အရှင် ဓမ္မိန္ဒ လောင်းလျာသည် ဟုမ္မလင်းမြို့နယ် နောင်လွန်ရွာ ခမည်းတော် ဦးစံအေး- မယ်တော် ဒေါ်မသင် တို့မှ ၁၃၀၃ - ခုနှစ်၊ နတ်တော်လဆန်း ၅-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၆-နှစ်သားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း သတို့သားကို မိဘတို့က နောင်လွန်ရွာကျောင်း ဘုန်းတော်ကြီး ဦးစန္ဒထံ အပ်နှံ၍ ဆရာဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေ များကို သင်ကြား ပေးတော်မူသည်။ ၁၂-နှစ်အရွယ်တွင် ထိုဆရာဘုန်း တော်ကြီး ကျောင်းမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ် တက်ရောက်တော်မူသည်။ ၁၆-နှစ်သားအရွယ် လူဝတ်လဲပြီးလျှင် အစိုးရ မူလတန်း ကျောင်းသရာထံ၌ မူလတန်းပညာ အောင်မြင်သည်အထိ သင်ယူ ခဲ့သည်။

သက်တော် ၁၉-နှစ် အရွယ်တွင် ကောယား သာသနာ့ရိပ်သာ ဆရာတော်-ဦးနန္ဒမာလာထံတွင် ပြန်၍ သာမဏေအဖြစ် တက်ပြီးလျှင် ထိုဆရာတော်ထံ၌ ပိဋကတ် အခြေခံ ကျမ်းဂန်များကို သင်ယူတော်မူသည်။

သက်တော် ၂၀-အပြည့်တွင် ဟုမ္မလင်းမြို့ ရွှေ ၁၉-ရွာ ဂိုဏ်းထောက် ကောယားကျေးရွာ အလယ်ကျောင်း ဆရာတော် ဦးနန္ဒဝံသကို ဥပဇ္ဈာယ် ပြု၍ မယ်တော်ကြီး ဒေါ်မသင်နှင့် သားသမီးတစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၂၃-ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊

ရဟန်းအဖြစ်နှင့် ကောယားရိပ်သာ ဆရာတော် ဦးနန္ဒမာလာထံတွင် ဆက်လက်၍ ပရိယတ္တိ စာပေများကို တနှစ်မျှ သင်ကြားပြီးနောက် ဆရာတော်၏ ခွင့်ပြုချက်ဖြင့် -၁၃၂၄-ခုနှစ်ဘွင် မုံရွာမြို့ ကံအောင်မင်္ဂလာ ပါဠိတက္ကသိုလ် ကျောင်းတိုက်သို့ ကြွရောက်၍ နာယက ဆရာတော် ဦးပဏ္ဍိတာဘိဇ ထံ၌၎င်း၊ ၎င်းတိုက်အုပ် ဆရာတော် ဦးဝိသုဒ္ဓ၊ တိုက်ကြပ် ဆရာတော် ဦးသံဝရ၊ ဦးသုမန တို့ထံ၌၎င်း ပရိယတ္တိ ကျမ်းဂန်များကို ဆက်လက် သင်ကြား အားထုတ်တော် မူသည်၊ တဖန် စစ်ကိုင်းမြို့ စကုမှော်တိုက် နာယက ဆရာတော် ဦးဇဝနထံ၌ ပိဋကတ် ကျမ်းဂန်များကို ဆက်လက် သင်ကြားပြီးနောက် ဇာတိရပ်ရွာကျောင်းသို့ ပြန်၍ စာပေ ကျမ်းဂန်များကို ပို့ချနေတော်မူသည်။

ထိုသို့နေတော်မူစဉ် နောင်ပင်ရွာကျောင်းတွင် ဘုန်းကြီး လစ်လပ်နေရာ ဒကာ-ဒကာမတို့က ပင့်လျှောက်သည့်အတိုင်း ဆရာတော် ဘုရားကြီးများ၏ အမိန့်ဖြင့် နောင်ပင်ရွာကျောင်း၌ ကျောင်းထိုင်အဖြစ် လက်ခံ နေထိုင် သီတင်းသုံးတော် မူခဲ့ရသည်။ ကျောင်းထိုင်အဖြစ် နေထိုင်ရင်းပင် ပါရမီ ဓာတ်ခံ ရင့်သန်ပြီး ဖြစ်သော အရှင် ဦးဓမ္မဒိန္နသည် ဟုမ္မလင်းမြို့ ဗုဒ္ဓ သာသနာ့ရိပ်သာ ဆရာတော် ဦးဇာဂရထံ၌ ဆရာတော် ညွှန်ကြားပြသသည့် အတိုင်း တလကြာမျှ သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများ အားထုတ် တော်မူသည်။

ထိုဆရာတော် ဘုရားကြီးထံ ကိုယ်တိုင် အားထုတ်ပြီးနောက် တဝါတွင်း လုံး နောင်ပင်ရွာ ဒကာ-ဒကာမတို့အား ဝိပဿနာတရား ဟောကြား၍ အားထုတ်လိုသူတို့အား နည်းညွှန် ပြသနေတော်မူခဲ့ရာမှ တဖန် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ကျေးဇူးရှင် မဟာစည်



ကက်သာ နတ်ကြီးချောင်းရိပ်သာ ဟုမ္မလင်းမြို့နယ်

## ဆရာတော် ဦးစန္ဒိမာ

ဆရာတော် ဦးစန္ဒိမာ လောင်းလျာသည် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကက်သာရွာ ခမည်းတော် ဦးဘိုးဆိုင် - မယ်တော် ဒေါ်သိန်းချုံတို့မှ ၁၂၆၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ၂-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ မိဘတို့က မန္တလေးမြို့ အနောက်ပြင် မေဃဝတီ တောင်သမန်တိုက်

---

ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒအောက်၌ နေလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဖြစ်ကြသော ဆရာတော် ဦးသုဇာတ၊ ဆရာတော် ဦးပဏ္ဍိတာဘိဝံသတို့ နည်းညွှန်မှုကို ခံယူ၍ ဝိပဿနာ တရားကို ပွားများအားထုတ်တော် မူသည်။ ဆရာတော်ဘို ကြေနပ် အားရသည် အထိ အားထုတ်ပြီးနောက် ဟောနည်း, ပြောနည်း, ပြသနည်းများကို ဆရာဖြစ်

ဆရာတော် ဦးဝိသုဒ္ဓါစာရ ထံ၌ အပ်နှံ၍ သတ္တိသားကို ဆရာတော်က ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်၊ စစ်ကိုင်း ဆရာတော် ဦးစာရိန္ဒ ထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးနောက် ရှင်တို့ ကျင့်ရသော ကျင့်ဝတ်သိက္ခာပုဒ်နှင့်တကွ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားအားထုတ်ရင်း အကြား-အကြား၌ စစ်ကိုင်းတောင်ရိုး ဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဩဝါဒညွှန်ပြမှုဖြင့် ဗုဒ္ဓါနုဿတိ စသော အနုဿတိ ကမ္မဋ္ဌာန်းနှင့် ပထဝီကသိုဏ်း စသော သမထကမ္မဋ္ဌာန်းများကို ရှင်သာ မဏေအဖြစ်ကပင် ကြိုးပမ်းအားထုတ်ရသဖြင့် သာမဏေအရွယ် ငယ်ငယ် ကပင် ကမ္မဋ္ဌာန်းတရားနှင့် ရင်းနှီးတော်မူခဲ့သည်။

တဖန် ဆရာတော် ဦးဝိသုဒ္ဓစာရ၏ အပ်နှံပေးမှုဖြင့် လယ်တီ ဦးကုသလ နှင့်အတူ ပျဉ်းမနား ရွှေဥဒေါင်း တောရကျောင်းသို့ လိုက်ပါခဲ့ရသည်။ ပျဉ်းမနားမြို့ လယ်တီစကြံကျောင်း ဒကာ ဦးခံဘူး - ဒေါ်သုခ၊ ဒေါ်နွဲ၊ ဦးဘိုးကျော်၊ ဦးဘိုးညဏ် တို့သည် ရှင်စန္ဒိမာ ၏ အနေအထိုင်နှင့်တကွ ကျင့် ကြံကြိုးကုတ် အားထုတ်ပုံကို ကြည်ညိုကြသောကြောင့် ကိုရင်၏ မယ်တော်, ခမည်းတော်ထံ ခွင့်ပန်၍ ၎င်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေမြို့အင်းတောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ၁၂၈၇-ခုနှစ် တန်ခူးလပြည့်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်လျှင် အင်းတောရဆရာတော်ဘုရားကြီး၏ ဩဝါဒ ညွှန်ပြမှုကိုခံယူ၍ တိစိဝရိတ်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ အရညကင်ဓုတင် - စသော ဓုတင်များကို ဆောက်တည်ကျင့်သုံးရင်း ပိဋကတ်စာပေ ကျမ်းဂန် များကို သင်ကြားအားထုတ်တော်မူသည်။

---

အထိ ဟောပြော ပြသနိုင်အောင် လေ့လာ အားထုတ်တော်မူသည်။ ထိုသို့ အားထုတ်တော်မူပြီးနောက် ယခုအခါ နေရင်းကျောင်းသို့ ပြန်၍ ၁၃၂၉- ခုနှစ်တွင် ရိပ်သာဖွင့်လှစ်ကာ ရောက်လာသမျှ ယောဂီတို့အား ဝိပဿနာ တရား ဟောပြောပြသလျက် ရှိပေသည်။ထိုရိပ်သာတွင် အားထုတ်ပြီး ယောဂီ ဦးရေမှာ (၂၁၉) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ထိုအချိန်တွင် အရွယ်တော်ကလည်း ငယ်သေးရကား ပရိယတ္တိဂန္ထဓုရ လုံ့လောက်ရန် ပို၍ အရေးပေးလိုသေးသောကြောင့် ဥပဇ္ဈာယ်ဆရာတော်ထံ ခွင့်ပန်၍ ပျဉ်းမနား လယ်ဘီတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ နေဝင် သင်္ခါကျောင်းတိုက် စာချဆရာတော်တို့ထံ၌၎င်း၊ ရန်ကုန် အလယ်တောရ တိုက် စာချဆရာတော်တို့ထံ၌၎င်း၊ မုံရွာ မောင်းထောင်တိုက် စာချဆရာ တော်တို့ထံ၌၎င်း၊ ၎င်းမြို့ ရွှေပါရုံတိုက် ဆရာတော်တို့ထံ၌၎င်း ပိဋကတ် ပါဠိ အဋ္ဌကထာ-ဋီကာ-ဂန္ထန္တရ အရပ်ရပ်ကို ကြိုးပမ်းအားထုတ်တော်မူသည်။

ပရိယတ္တိခန်း အတော်ပြည့်ဝပြီ ဖြစ်သော အချိန်တွင် ကက်သာရွာမှ ခမည်းတော်နှင့်တကွ ရပ်ရွာ ဒကာ-ဒကာမတို့၏ ပင့်လျှောက်ချက်အရ ဇာတိရပ်ရွာသို့ပြန်၍ သီတင်းသုံးတော်မူရင်း အချိန် အလဟဿမကုန်စေပဲ ကက်သာရွာ မင်းယားလက်ခုပ်ပင်ချောင် စေတီယချောင်တို့၌ ကမ္မဋ္ဌာန်း ဌာနဖွင့်လှစ်ပြီးလျှင် ပတ်ဝန်းကျင်ရှိ ဒကာ-ဒကာမတို့အား ကမ္မဋ္ဌာန်းတရား ဟောပြောခြင်း၊ အားထုတ်ရန် တိုက်တွန်းခြင်း၊ အားထုတ်လိုသူတို့အား ကမ္မဋ္ဌာန်းပေးခြင်း စသော ပဋိပတ္တိအလုပ်ကို အားပေးတော်မူခဲ့ပေသည်။

ဤသို့ ပဋိပတ္တိအလုပ်ဖြင့် သီတင်းသုံးတော်မူစဉ် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဂုဏ်သတင်းတို့ကို ကြားသိရ၍ ရထားတတန်, လေးသာဉ်တတန်ဖြင့် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက် တော်မူခဲ့သည်၊ ရောက်လျှင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ညွှန်ပြမှုကိုခံယူပြီး သတိပဋ္ဌာန် ဝိပဿနာတရားကို ၄-လပတ်လုံး မဆုတ် မနစ် အားသစ်ကြိုးပမ်းတော်မူသည်၊

ထိုသို့ ကိုယ်တိုင် ကြိုးပမ်းအားထုတ်တော်မူပြီးနောက် ၁၃၁၈-ခုနှစ်မှ စ၍ ကက်သာရွာ နတ်ကြီးချောင်းတွင် သာသနာ့ရိပ်သာ မဟာစည်ဌာနခွဲ ဖွင့်လှစ်ပြီးလျှင် ရောက်လာသမျှ ယောဂီတို့အား ဝိပဿနာတရား ဟော ပြောခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်း စသော ပဋိပတ္တိအလုပ်ကို အားပေးတော် မူလျက် ရှိပေသည်၊ ဆရာတော်ဘုရားထံ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၁၇၄၆) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



**မောင်းခမ်းသာသနာ့ရိပ်သာ ဟုမ္မလင်းမြို့နယ်**

## ဆရာတော် ဦးပုညဝရ

အရှင် ဦးပုညဝရ လောင်းလျာသည် စစ်ကိုင်း မြို့နယ် လက်ပတောကျေးရွာ ခမည်းတော် ဦးဘိုးစံ - မယ်တော် ဒေါ်မယ်မြစ်တို့မှ ၁၂၇၃-ခုနှစ် ကဆုန်လဆန်း ၁၅-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

၈-နှစ်သားအရွယ်ငယ်စဉ်ကပင် မိဘတို့က ကိုင်းပြင်ရွာတောင်ကျောင်းဆရာတော် ဦးအဂ္ဂဓမ္မထံ အပ်နှံ၍ ဘာသာရေးအခြေခံ စာပေများကို ဆရာတော်က သင်ကြားပေးတော်မူသည်၊ ထို ဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ရာ ရှင်သာမဏေတို့ ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ်အခြေခံ စာပေများကို သင်ယူတော်မူသည်။

၁၂၉၂-ခုနှစ်တွင် သက်တော် ၂၀-ပြည့်ပြီဖြစ်၍ ဝါဆိုလဆန်း ၁၄-ရက်နေ့မှာ နဂါးတွင်း အရှေ့ကျောင်း ခဏ္ဍသိမ်၌ သက်တော်ရှည်ဆရာတော်

ဘုရားကြီး ဦးဣန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ ညောင်တပင်ရပ် စစ်ကဲကြီး ဦးရိုက် – စစ်ကဲကတော် ဒေါ်ဖွားမို့တို့ကို အမှူးထား၍ သား–ကျန်းမာရေး အင်စပက်တော် ဦးဘသင် – ဒေါ်ဒေါ်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်းရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဥပဇ္ဈာယ်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီး ဦးဣန္ဒာစာရထံ၌၎င်း၊ မုံရွာမြို့ ဒုတိယ လယ်တီဆရာတော်ဘုရားကြီး ဦးဉာဏောဘာသထံ၌၎င်း၊ ရွှေဘိုမြောက်လက် ကျွန်းလှမြို့နယ် အင်းလှဆရာတော် ဦးဇောတိကထံ၌၎င်း၊ သရက် မြို့မတိုက် လယ်တီကျောင်းဆရာတော် ဦးဇောတရထံ၌၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဦးပညာနှင့် ထိုတိုက် စာချဆရာတော်တို့ထံ၌၎င်း ပိဋကတ်–ပါဠိ–အဋ္ဌကထာဋီကာ သင်ရိုးကျမ်းစာများကို ပေါက်မြောက်အောင် သင်ကြားတော်မူ၍ စာသင်ငယ်တို့အားလည်း တဆင့် သင်ကြားပို့ချပေးတော်မူသည်။

ပရိယတ္တိဓမ္မကို သင်ယူတော်မူပြီးနောက် ပရိယတ္တိဓမ္မဖြင့် အားရကြေနပ်၍ မဖြစ်သေးသည်ကို ဆင်ခြင်တော်မူမိသော ဆရာတော် ဦးပုညဝရသည် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ မဟာစည်သာသနာ့ရိပ်သာသို့ကြွရောက်၍ ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ) ရွှေစေတီဆရာတော်ထံ၌ တရားယူကာ ဆရာကြွက် – ဆရာကြုံ တို့၏ အစောင့်အရှောက်ဖြင့် ၄–လပတ်လုံး သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်တော်မူသည်။

ဝိပဿနာ ပဋိပတ္တိဓမ္မကို နည်းနာနယ ကျနအောင် အားထုတ်တော်မူပြီးနောက် ၁၃၁၃–ခုနှစ်တွင် ကျေးရွာလူကြီးများနှင့် တိုင်ပင်ညီညွတ်၍ စစ်ကိုင်းမြို့ လက်ပတော၊ ကိုင်းပြင်၊ ကင်းတော်ကျေးရွာ သုံးဌာနဗဟိုတွင် နောင်တော်ကြီး ဦးရေဝတကို အမှူးထားလျက် မဟာစည်ဌာနခွဲ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ ဖွင့်လှစ်ပြီးလျှင် ရာ-သောင်မကသော ယောဂီတို့အား ဝိပဿနာတရားဓမ္မ ဟောပြ၍ ပဋိပတ္တိသာသနာပြန့်ပွားရေးကို ကြိုးပမ်းအားထုတ်တော်မူသည်။

တဖန် ၁၃၁၄–ခုနှစ်တွင် ဒီပဲရင်းခွဲကျေးရွာသို့ ကြွရောက်၍ တိုက်နယ်ရှိ ဆရာတော် သံဃာတော်များနှင့်တကွ ရပ်ရွာလူကြီးများပါ တိုင်ပင်ညီညွတ်ပြီးလျှင် ထိုတွင်လည်း မဟာစည်သာသနာ့ရိပ်သာခွဲ ဖွင့်လှစ်ကာ ဝိပဿနာတရားဓမ္မကို ဟောပြောပြသလျက် ဝိပဿနာ သာသနာ ပြန့်ပွားရေးကို အားပေးတော်မူသည်။

ထိုမှတဖန် ၁၃၁၅-ခုနှစ်မှ ၁၉-နှစ်တိုင်အောင် ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ) ရွှေစေတီဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် မန္တလေးရတနာပုံသာသနာ့ရိပ်သာတွင် လက်ထောက် ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူ၍ ရောက်လာသမျှသော ယောဂီတို့အား တရားဓမ္မဟောပြ၍ ပဋိပတ္တိသာသနာကို အားပေးတော်မူသည်။

ထိုမှတဖန် မိမိဇာတိရပ်ရွာ လူငယ်လူရွယ်ကလေးများ ဘာသာ ယဉ်ကျေးမှုအတွက် ကြောင့်ကြမှုရှိလာပြန်ရကား ဇာတ်ရပ်ရွာသို့ပြန်၍ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို အသစ်တီထွင်ကာ ၁၃၂၀-ခုနှစ်မှစ၍ ၃၀-ပြည့်နှစ်အထိ ဇာတိရပ်ရွာ လူငယ်လူရွယ်ကလေးတို့အား ဘာသာ ယဉ်ကျေးမှု အခြေခံများကို သင်ကြားပို့ချပေးတော်မူသည်။

ထိုမှတဖန် မန္တလေး အရှေ့ပြင် နန်းရှေ့-ရွှေစည် သာသနာ့ ရိပ်သာ ဆရာတော် ဦးကုလိသ က အကူအညီပေးရန် ဘိတ်မန္တကပြုချက်ဖြင့် ၁၃၃၁-ခုနှစ်မှစ၍ ၁၃၃၃-ခုနှစ်အထိ ဥပထမ္ဘက ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူ ဟောပြော ပြသနေစဉ် မဟာစည် ဓမ္မကထိက အကျိုးတော်ဆောင်ချုပ် ဆရာတော် ဦးသံဝရ၊ မဟာစည် ဓမ္မကထိက ညောင်ကန်အရှင် ဣန္ဒက၊ အငြိမ်းစား တိုင်းမင်းကြီး ဦးညီပု နှင့်ရတနာပုံရိပ်သာ ကျောင်းဒကာဦးခင်မောင် တို့က မောင်းခမ်းရိပ်သာအတွက် ကမ္မဋ္ဌာနာစရိယဆရာတော်တပါး ထားပေးပါရန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ တောင်းပန်လျှောက်ထားချက်အတိုင်း ဆရာတော်ဘုရားကြီးက ဆရာတော် ဦးပုညဝရနှင့် သင့်တော်သည်ဟု မိန့်မြွက်တိုက်တွန်းချက်ဖြင့် အထက်ချင်းတွင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် မောင်းခမ်း မဟာစည်ရိပ်သာခွဲ ဝေသာလီချောင်သီရိကန် အောင်မင်္ဂလာရိပ်သာသို့ ကြွရောက်လျက် ယခု ထိုရိပ်သာတွင် ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။ ထိုရိပ်သာတွင် လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၁၅၀) ကျော်သွားပြီဖြစ်ကြောင်း သိရှိရသည်။

---

## မဟာစည် သာသနာ့ရိပ်သာ ကလေးမြို့

## ဆရာတော် ဦးမေဃိန္ဒ

ဆရာတော် ဦးမေဃိန္ဒ လောင်းလျာသည် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် နန္ဒင်းတောရွာ ခမည်းတော် ဦးအောင်ဆင့်-မယ်တော် ဒေါ်စလောင်းတို့မှ ၁၂၈၂-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် နန္ဒင်းတော အနောက်ကျောင်း ဆရာတော် ဦးဝိသုဒ္ဓထံ မိဘတို့က အပ်နှံ၍ ထိုဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ရှင်သာမဏေ အဖြစ်ကို လည်း မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးဝိသုဒ္ဓထံ၌ပင် တက်ရောက် ခဲ့ရာ ဆရာတော်က ပိဋကတ် အခြေခံ စာပေများနှင့် ရှင်သာမဏေတို့၏ ကျင့်ဝတ် သိက္ခာပုဒ်များကို သင်ကြား ပေးတော်မူခဲ့သည်။

၁၃၀၀-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့၌နန္ဒင်းတောအနောက်ကျောင်း ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ ဒကာမတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

အထက်တန်း ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် နန္ဒင်းတော စာသင်တိုက် အနောက်ကျောင်းဆရာတော် ဦးဝိသုဒ္ဓ (ဥပဇ္ဈာယ်ဆရာတော်) ထံ၌ပင် ပိဋကတ် အခြေခံ စာပေများနှင့် ပါဠိ-အဋ္ဌကထာ-ဋီကာ ပိဋကတ် ကျမ်းဂန်များကို သင်ကြားတော်မူသည်။

နန္ဒင်းတော အလယ်ကျောင်း ဆရာတော် ဦးတိဿထံ၌လည်း ပါဠိ ကျမ်းဂန်များကို လိုက်နာ သင်ကြားတော်မူသည်။

ဆရာတော်သည် ပရိယတ္တိဓမ္မကို အားရ ကြေနပ်အောင် ကြိုးပမ်း အား ထုတ်တော်မူပြီးနောက် ပါရမီသမ္ဘာရ အဇ္ဈာသယဓာတ်ခံ ရင့်သန်တော်မူသည့် အလျောက် ဘုရားရှင် သာသနာတော်တွင် ပရိယတ္တိဓမ္မဖြင့်သာ အားရကြေ နပ်နေ၍ မဖြစ်သေးသည်ကို ဆင်ခြင်စဉ်းစား သတိတရားဖြင့် ပဋိပတ္တိဓမ္မကို လည်း ဖြည့်ဆည်းပူးရန် သဒ္ဓါ-ဆန္ဒ ပြင်းပြတော်မူခဲ့သည်။ ထိုအခါ ဆိပ်ခွန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်ပြီးလျှင် ဆရာကြွက်- ဆရာကြီ



အနောက်ရွာကျောင်း ရိပ်သာ ရမ်းဗြဲမြို့နယ်
ဆရာတော် ဦးဂုဏဝံသ

ဆရာတော် ဦးဂုဏဝံသ လောင်းလျာသည် ကျောက်ဖြူ ခရိုင် ရမ်းဗြဲ မြို့နယ် ကျောက်ချောင်းပြင်ကျေးရွာ ခမည်းတော် ကျောင်းဒကာ ဦးချမ်းငြိမ်း-မယ်တော် ကျောင်းအမဒေါ်ရွှေမှုန်တို့မှ ၁၂၈၆-ခုနှစ် သီတင်းကျွတ်လဆန်း ၂-ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

တို့၏ အစောင့်အရှောက်ကို ခံယူ၍ သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်တော်မူလေသည်။

ထိုသို့ ကြိုးပမ်း အားထုတ်တော်မူရာတွင် ပဋိပတ္တိ သာသနာတော်၌ ရှေးကထက်ပို၍ သဒ္ဓါ- ဆန္ဒ ပြင်းပြ တိုးတက် လာသည် ဖြစ်သောကြောင့် မိမိအားထုတ်ပြီးသော ဝိပဿနာတရားများကို မိမိလိုပင် သူတပါးတို့အားလည်း အားထုတ်စေလိုသော သဒ္ဓါ-ဆန္ဒများ ဖြစ်ပေါ် လာလေတော့သည်။ ထိုကြောင့် ကလေးမြို့ မော်လိုက်ခရိုင် မဟာစည် သာသနာ့ရိပ်သာ၌

၆-နှစ်သားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်း စဉ်လာ အရ ကျောက်ချောင်းပြင်ကျောင်း ဆရာတော်ထံအပ်နှံ၍ သတို့သားကို ဆရာတော်က ဘာသာရေး အခြေခံ စာပေများကို သင်ကြား ပေးတော် မူသည်။

၈-နှစ်သား အရွယ်တွင် မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော် မူသည်။ ထိုအခါ ရှင်သာမဏေအား ဆရာတော် က ရှင်တို့ကျင့်ဝတ်နှင့် ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားပို့ချ ပေး တော်မူသည်။ သက်တော် ၂၀- ပြည့်လျှင် ကျောက်ဖြူခရိုင် ရမ်းဗြဲ မြို့နယ် ကျောင်းပြိန်ကျောင်း ခဏ္ဍ သိမ်တွင် အောင်လှပြင်ကျောင်း ဆရာတော် ဦးသောဘနကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော သာသနာတော်ထမ်း ရဟန်း အဖြစ်သို့ ရောက်တော်မူ သည်။

ဒေသနာတော်နှင့်အညီ ရဟန်းဝါ ငါးဝါရသည့်တိုင်အောင် ဥပဇ္ဈာယ် ဆရာထံ၌ ဝတ်ကြီး-ဝတ်ငယ်ပြုလျက် သီတင်းသုံး နေထိုင်ပြီးလျှင် ကျောင်း စည်ကျောင်း ဆရာတော်ဦးသီလာစာရထံတွင်ဝိနည်းငယ်လေးစောင်၊ သဒ္ဒါ ကြီး-ဋီကာကျော်-ဝိနည်း-ပါဠိတော် ၅- ကျမ်းကို သင်ကြား အားထုတ် တော် မူသည်။ ငါးဝါရ၍ နိဿယ မုတ္တက အင်္ဂါနှင့် ပြည့်စုံသည့်အခါ ဥပဇ္ဈာယ်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မြန်မာပြည် ရန်ကုန်မြို့ အင်းစိန်ခရိုင် ဆောက်ကြန့်ပုပ္ဖာရုံကျောင်း ဆရာတော်ဦးပဏ္ဍိတထံ၌ပိဋကတ် ပါဠိ-အဋ္ဌက ထာ ဋီကာ ကျမ်းများကို ထပ်မံသင်ကြား အားထုတ်တော်မူသည်။ ပရိယတ္တိ ဂန္ထဓုရကို ဖြည့်ဆည်းပူးတော်မူပြီးနောက် ဆရာတော် ဦးပဏ္ဍိစ္စ၏ညွှန်ကြား

သို့ ကြွရောက်ကာ ရောက်လာသမျှ ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို ညွှန်ပြဟောကြားလျက် ပဋိပတ္တိ သာသနာတော် ပြန့်ပွား အောင် ကြိုးပမ်း အားထုတ်တော် မူခဲ့သည်။ ထို သာသနာ့ရိပ်သာ ခွဲ၌ လာရောက်အားထုတ်ပြီး ယောဂီ ဦးရေမှာ (၁၀၄၆) ဦးကျော် ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



ဝါးကျိန်ပြင် သေးတောင် မဟာဗုဒ္ဓါရာမတိုက် ရမ်းဗြဲမြို့

## ဆရာတော် ဦးသာဂရ

ဆရာတော် ဦးသာဂရသည် ရမ်းဗြဲမြို့ ကွမ်းအိုင်ရွာ လေးတောင် ခမည်းတော် ဦးသာဝန်-မယ်တော် ဒေါ်ဝင်းဘုံတို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ် ဝါခေါင်လဆန်း ၆-ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

---

✲

ချက်ဖြင့် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဩဝါဒကိုခံယူပြီးလျှင် ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏ နည်းညွှန်မှုအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားကို ပွါးများ အားထုတ်တော် မူသည်။

ထိုနောက် ကမ္မဋ္ဌာန်း ဟောပြော ညွှန်ပြ နည်းများကိုလည်း လေ့လာ အားထုတ်တော် မူပြီးလျှင် ယခုအခါ ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် အနောက်ရွာကျောင်း သာသနာ့ရိပ်သာ၌ ရောက်လာသမျှ ယောဂီတို့အား

ကျောင်းသားအရွယ် ငယ်စဉ်တွင် ကိုးကွယ်ရင်း ရွာကျောင်းဆရာတော်ထံ အပ်နှံ၍ ဆရာတော်ကသတို့သားအား ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ရှင်သာမဏေအဖြစ်သို့ရောက်လျှင်ရှင်သာမဏေတို့ကျင့်ရမည့် ကျင့်ဝတ်သိက္ခာပုဒ်များနှင့် ပိဋကတ် အခြေခံ စာပေများကို စနစ်တကျသင်ကြားပို့ချပေးတော်မူသည်။

၁၃၁၁-ခုနှစ် ကဆုန်လဆန်း ၄-ရက်နေ့၌ တောင်နီ ဆရာတော် ဦးကေသရအား ဥပဇ္ဈာယ်ပြုပြီးလျှင် ရဟန်းဒကာ ရဟန်းအမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

အောင်စီပြင်မာန်အောင် မူလဓမ္မာစရိယ ဆရာတော် ဦးဝိမလထံတွင် ပရိယတ္တိ ပိဋကတ် စာပေများကို သင်ယူတော်မူသည်။

ပရိယတ္တိ စာပေများကို သင်ယူပြီးနောက် ပါရမီ သမ္ဘာရ အလျောက် ပဋိပတ္တိ ဝိပဿနာ သာသနာတော်ဝန်ကို ဆောင်လိုသော သဒ္ဓါ ဆန္ဒ ပြင်းပြတော်မူလာသောကြောင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ ရိပ်သာသို့ ကြွရောက်လျက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူတော်မူပြီးလျှင် ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးဝဏ္ဏိတ ညွှန်ပြတော်မူသော သတိပဋ္ဌာန် ဝိပဿနာ တရားကိုကြိုးပမ်း အားထုတ်တော်မူသည်။

ဆရာနည်းအတိုင်း စံနစ်တကျ အားထုတ် ကြိုးပမ်းတော် မူပြီးနောက် ရမ်းဗြဲမြို့ ဝါးကျိန်ပြင်လေးတောင် မဟာဗုဒ္ဓါ ရာမတိုက် သာသနာ့ရိပ်သာတွင် သီတင်းသုံးလျက် ရောက်လာသမျှသော ယောဂီ အပေါင်းတို့အား

---

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်းအတိုင်း ညွှန်ကြားပြသခြင်း ဟောပြောခြင်းများဖြင့် ပဋိပတ္တိသာသနာတော်ဝန်ကိုထမ်းဆောင်တော်မူလျက် ရှိပေသည်။ ထိုရိပ်သာ၌ လာရောက် အားထုတ်ပြီး ယောဂီ ဦးရေမှာ (၄၂၀) ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



လက်ဝဲသုံးတော်ဓာတ် သာသနာ့ရိပ်သာ စစ်တွေမြို့

## ဆရာတော် ဦးပညိန္ဒြိယ

ဆရာတော် ဦးပညိန္ဒြိယ လောင်းလျာ သတို့သားသည် စစ်တွေခရိုင် မြို့ဟောင်းမြို့ တောင်ရပ် ရခိုင် သမားတော် ဆေးဆရာကြီး ခမည်းတော်

---

သတိပဋ္ဌာန် ဝိပဿနာ တရားများကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ နိသျည်းအတိုင်း ဟောကြား ညွှန်ပြ ဆုံးမတော် မူလျက်ရှိ ပေသည်။

၁၃၂၇-ခုနှစ်မှစ၍ ယခု ၁၃၃၃-ခုနှစ်အထိ ထိုရိပ်သာ၌ အားထုတ် ပြီး ယောဂီဦးရေမှာ (၂၈၆)ဦးရှိသွားပြီဖြစ်ကြောင်းသိရှိရသည်။

ဦးပု - မယ်တော် ဒေါ်မေပါး တို့မှ ၁၂၈၁ ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘနှစ်ပါးတို့က ကိုးကွယ် အားထားရင်းဖြစ်သော ဆရာဘုန်းတော်ကြီးကျောင်း၌ အပ်နှံ၍ သတို့သားကို ဆရာဘုန်းတော်ကြီးက ဘာသာရေး အခြေခံ စာပေများကို သင်ကြားပို့ချပေးတော်မူသည်။ ထိုဆရာဘုန်းတော်ကြီး ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့ရာ ရှင်ပညိန္ဒြိယ ဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေတို့ ကျင့်ဝတ်နှင့် တကွ ပိဋကတ် အခြေခံ ကျမ်းဂန်များကို ဆရာဘုန်းတော်ကြီးက သင်ကြားချပို့ ပေးတော်မူသည်။

၁၇-နှစ်ကျော် ၁၈-နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ အလုပ်ကိစ္စများကို ကူညီလုပ်ကိုင် ဆောင်ရွက်ရန် ရှင်သာမဏေအဖြစ်မှ လူအဖြစ်သို့ ကူးပြောင်း၍ ဘယဒေသးဆိုင်တွင် ဆိုင်ထိုင်အဖြစ် ဆောင်ရွက်လျက် မိဘတို့အား ကျေးဇူးတုန့်ပြန်ကာ နေထိုင်ခဲ့သည်။ ပါရမီအလျောက် သာသနာ့ဘောင်သို့ ရောက်ချိန်တန်လာသည့် အခါ၌ လူတို့ဘောင်တွင်ပျော်ပိုက်ခြင်း မရှိတော့ဘဲ၊ မြို့ဟောင်းမြို့၊ လေးမြို့ချောင်း အထက်ပိုင်း ပြုတ်ချောင်း ကျောင်းတိုက်ဆရာတော် ဦးဉာဏသံသို့ ချဉ်းကပ်၍ ရှင်အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ပိဋကတ် စာပေ ကျမ်းဂန်များကို တဝါဆို၍ သင်ကြားအားထုတ်တော်မူသည်၊

ထိုနောက် မြို့ဟောင်းမြို့ အပိုင် ဘောင်းဒွတ်ရွာ နတ်တောင် ဆရာတော်ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး ဆွေမျိုးများနှင့်တကွ ပြုတ်ချောင်းရွာ ဒကာ-ဒကာမ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၃-ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်လျှင် ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ ဗဟန်း-ဓညဝတီကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိတ ထံ၌ရှင်း၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် ဝေဠုဝန်ကျောင်း ဆရာတော် ဦးသူရိယ ထံ၌ရှင်း၊ မိုးတား ဆရာတော် ထံ၌ရှင်း၊ ခင်မကန် အလည်တိုက်ကြီး ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ထံ၌ရှင်း၊ စကုတိုက် ဆရာတော် ထံ၌ရှင်း၊ ခင်မကန်တိုက် အုန်းလှေခါးကျောင်း ဆရာတော် ထံ၌ရှင်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် ဓမ္မရက္ခိတကျောင်း ဆရာတော် ဦးသာဂရ ထံ၌ရှင်း၊

ဓမ္မာလင်္ကာရကျောင်း ဆရာတော် ဦးနေမိန္ဒ ထံ၌၎င်း၊ သာသနာ့ပါလ ကျောင်း ဆရာတော် ဦးစန္ဒာဝရ ထံ၌၎င်း၊ ဆွမ်းစားကျောင်း ဆရာတော် ဦးကောဏ္ဍည ထံ၌၎င်း၊ ဆရာတော် ဦးသူရိယ ထံ၌၎င်း၊ ညောင်တုံးတိုက် ဆရာတော် ထံ၌၎င်း၊ ဘုရားကြီးတိုက် ဆရာတော် ဦးဇဋိလထံ၌၎င်း၊ ခင်မကန်တိုက် မြန်အောင်ကျောင်း ဆရာတော် ဦးဥတ္တမ ထံ၌၎င်း၊ မိုးကုတ်တိုက် ဆရာတော် ထံ၌၎င်း၊ ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် အရပ်ရပ်ကို ကြိုးပမ်း အားထုတ်တော်မူသည်။

ပရိယတ္တိဓမ္မ-ဂန္ထဓုရကို သင်ကြား အားထုတ်တော်မူပြီးလျှင်- ပဋိပတ္တိဓမ္မ-ဝိပဿနာဓုရသို့ ကူးပြောင်း ဦးလှည့်တော်မူခဲ့သည်။ ဤသို့ဦးလှည့်သည် ဆိုလျှင်ပင် ပဋိပတ္တိ သာသနာတွင် ထင်ရှားသော ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတ၏ စောင့်ရှောက် ညွှန်ကြားမှုဖြင့် သတိပဋ္ဌာန် ဝိပဿနာ တရားများကို ပွား များ အားထုတ်တော်မူသည်။

ဟောနိုင်- ပြောနိုင်- နည်းပေးနိုင်သည် အထိ အားထုတ်ပြီးနောက် တနင်္သာရီတိုင်း ရေးမြို့ စသည်တို့သို့ လှည့်လည်၍ ဝိပဿနာတရားများကို ဟောကြားတော်မူသည်။ ထိုနောက် ရခိုင်တိုင်း မြို့ဟောင်းမြို့ ဝေသာလီ တိုက် ပေါက်တောပြင်ရွာ၌ လေးလပတ်လုံး ပဋိပတ္တိသာသနာပြု လုပ်ငန်းကို ကြိုးပမ်း ဆောင်ရွက်တော် မူသည်။ ထိုနောက် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ညွှန်ကြား ချက်ဖြင့် ဧရာဝတီတိုင်း မြင်းက ကုန်းမြို့တွင် တဝါ၊ ထိုနောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး နှင့် အတူ စစ်တွေမြို့, မင်းပြားမြို့, မြို့ဟောင်းမြို့, ကျောက်တော်မြို့တို့သို့ လှည့်လည် ဟောပြောကာ သာသနာပြု လုပ်ငန်းကို ကြိုးပမ်းအားထုတ် တော်မူခဲ့သည်၊ ၎င်းနောက် ဒကာ-ဒကာမ တို့၏ ပင့်လျှောက်ချက်ဖြင့်- ပေါက်တောပြင်ရွာ၌ ပြန်လည်၍ သုံးဝါပတ်လုံး၎င်း၊ မင်းပြားမြို့ သာသနာ့ ရိပ်သာ၌ ယောဂီတို့ ပင့်လျှောက်ချက်ဖြင့် တဝါ၊ တဖန် ဒကာ-ဒကာမတို့ လျှောက်ထားချက်ဖြင့် လေးမြို့ချောင်း ဆင်အိုး ကျေးရွာ၌ သုံးနှစ်သုံးဝါ ပဋိပတ္တိလုပ်ငန်းကို အားပေးတော်မူသည်၊

ထိုနောက် မင်းကန် နိကာယ ဂဏပါမောက္ခ မဟာနာယက (အဂ္ဂမဟာ ပဏ္ဍိတ, စစ်တွေမြို့ ဂြစ်ဘက်ကျောင်း အဘိုးရှင် ဆရာတော်ဘုရားကြီး၏ *



**အောင်စေတီ သာသနာ့ရိပ်သာ တွံတေးမြို့**

## ဆရာတော် ဦးဣန္ဒာစာရ

ဆရာတော်ဦးဣန္ဒာစာရသည် မုံရွာခရိုင် ပန်းချိတိုက် ပုလဲမြို့နယ်သေတ္တာရာ ရွာ ခမည်းတော် ဦးသာဝ-မယ်တော် ဒေါ်စံမယ်တို့မှ သက္ကရာဇ် ၁၂၆၇-ခုနှစ် ပြာသိုလပြည့်ကျော် ၁၃-ရက်တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ်ငယ်စဉ်က ဇာတိရွာ ဘုန်းတော်ကြီးထံ မိဘတို့က အပ်နှံ၍ ဆရာတော်က ဘာသာရေး အခြေခံစာပေများကို သင်ကြားပေး

---

*အမိန့်အရ စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ်ကျောင်း သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် ပဋိပတ္တိ သာသနာပြုလုပ်ငန်းကို အားပေး၍ ဆောင်ရွက်တော်မူလျက် ရှိပေသည်။

တော်မူသည်။ မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်သည့်အခါ ဆားလင်းကြီးမြို့ ငွေးပင်ကျောင်းဆရာတော် ဦးတေဇောဘာသ ထံ၌ သဒ္ဒါကြီးကို သင်ယူပြီးလျှင် နဂါးဆရာတော် ဦးအဂ္ဂထံ၌ ပဒရူပသိဒ္ဓိကျမ်းကို သင်ယူတော်မူသည်၊ တဖန် ဆားလင်းကြီးမြို့ ငွေးပင်ကျောင်းသို့ ပြန်၍ စာချ ဆရာတော် ဦးရေဝတထံ၌ ဒွေမာတိကာ-ကင်္ခါအဋ္ဌကထာ- ဝိနည်းပါဠိတော် ၅- ကျမ်းတို့ကိုင်း၊ တဖန်သေက္ခတောင်ဆရာတော် ရေးသားသောနိရုတ္တိပဒ ဗျူဟနိကျမ်းနှင့်အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကိုသေက္ခတောင်ဆရာတော်ဦးတိလောကထံ၌ သာမဏေအဖြစ်နှင့်ပင် သင်ယူတော်မူသည်။

အသက် ၂၀- ပြည့်လျှင် မန္တလေးမြို့ တောင်ပြင်ဓမ္မာရုံ စံကျောင်းဆရာတော်ဦးစိန္တာကို ဥပဇ္ဈာယ်ပြု၍မန္တလေး နယူးစီပီလိုင်း ဦးမင်းတော်စပ်သူ သမ္ဝါယမာန်အောက် ဦးမောင်မောင်ပြား- ဒေါ်ခင်ခင်လတ် တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းအဖြစ်သို့ ရောက်တော် မူပြီးနောက် မန္တလေးမြို့ ရွှေရေးဆောင်တိုက် ပရိယတ္တိဓမ္မပါလ သံကျောင်းဆရာတော် ဦးပဏ္ဍဝထံ၌ရင်း၊ ရင်းမြို့ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒထံ၌ရင်း၊ ဖက်ပင်အိုင်ဆရာတော်ဦးမေဃိယထံ၌ရင်း ပိဋကတ်-ပါဠိ-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်အချပ်ရပ်ကိုနှံ့စပ်အောင် ကြိုးပမ်း အားထုတ်တော်မူသည်။ ဂန္ထဓုရဟူသောပရိယတ္တိဝန်ကို ဆောင်တော် မူပြီးနောက် ဝိပဿနာဓုရ ဟူသော ပဋိပတ္တိဝန်ကိုလည်း ဆောင်ရွက်ရန်-ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ၌ သတိပဋ္ဌာန်ပဋိပတ္တိအလုပ်ကို စနစ်တကျကြိုးပမ်း အားထုတ်တော်မူသည်။

ဆရာနည်းကျကျ ဆရာအားရအောင် စနစ်တကျ အားထုတ်တော် မူပြီးလျှင် ယခုမျက်မှောက်အချိန်တွင် ဟံသာဝတီခရိုင် တွံတေးမြို့ အောင်ဇေတိသာသနာ့ရိပ်သာ၌ ရောက်လာ သမျှသော ယောဂီ တို့အား သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဟောပြောညွှန်ပြတော်မူလျက်ရှိရာ ထိုရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေမှာ (၁၇၀၀)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။

---



ဇင်းမယ်မြို့၊ ယိုးဒယားနိုင်ငံမြောက်ပိုင်း

ဝပ်မုန်းမန်း ကမ္မဋ္ဌာန်းကျောင်းတိုက်

**ဦးသီရိမင်္ဂလာ (ဗြဟ္မဏာသေန)**

ဆရာတော် ဦးသီရိမင်္ဂလာသည် ဇင်းမယ်ခရိုင် ဟွတ်မြို့ပိုင် ဘန်နနားကိုင်း ရွာ၌ အဖ နိုင်ထာ-အမိ ဒေါ်နန်းတင် (ဗြဟ္မဏာသေန) တို့မှ သက္ကရာဇ် ၁၂၇၅-ခုနှစ်၊ တော်သလင်းလဆန်း ၁၂-ရက်၊ သောကြာနေ့ ညနေ ၅-နာရီ အချိန်တွင် ဖွားမြင်သည်။

## သာမဏေပြုခြင်း

သက္ကရာဇ် ၁၂၈၆-ခုနှစ်၊ အသက် ၁၂-နှစ် အရွယ်တွင် ဝပ်နားကိုင်း ဆရာတော် ဖရချိုင်ရဝုန် ဇယဝံသောထံ၌ သာမဏေပြု၍ အခြေပြု ကျမ်းစာ များကို ၎င်းဆရာတော်ထံ၌ သင်ယူခဲ့သည်။

သက္ကရာဇ် ၁၃၀၆-ခုနှစ်၊ တပို့တွဲလဆုတ် ၁၁-ရက် နံနက် ၆-နာရီ အချိန်တွင်-ဇင်းမယ်မြို့ ဝပ်ဇယဖရက်ကိရပ်ကျောင်း ခဏ္ဍသိမ်၌ ဖရခူ ဂမ္ဘီရဓမ္မ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘကို ရရှိခဲ့လေသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မတရားစာပြန်ပွဲတွင် ပဌမအဆင့် ကေချန် ဘိလတန်းမှ အောင်မြင်ခဲ့သည်။

၁၃၁၈-ခုနှစ်တွင် မြန်မာပြည် မဟာစည် ဆရာတော်ဘုရားကြီး ထံ၌ ဝိပဿနာတရားများကို အားထုတ် သင်ယူတော်မူခဲ့သည်။ ၁၃၂၁-ခုနှစ်၊ ယိုးဒယားနိုင်ငံသို့ ပြန်ရောက်သည်မှစ၍ ဇင်းမယ်မြို့ ဝပ်မုန်းမန်း ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီးတွင် ရဟန်း, ရှင်, လူ, ယောဂီ အပေါင်းတို့ကို တရားပြ လာရာ-၁၃၃၅-ခုနှစ် အရောက်တွင် ယောဂီပေါင်း (၅၀၀၀) ငါးထောင် ကျော် ရှိသွားပြီး ၎င်းယောဂီများထဲတွင် ရဟန်း ၂-ပါးနှင့်သာမဏေ ၂-ပါး တို့သည် တမိနစ်အတွင်း ဝိပဿနာ ချမ်းသာကို ဝင်စားနိုင်သည့်ပြင် အဓိ ဋ္ဌာန်ထားသလောက် ကြာရှည်စွာလည်း ဝင်စားနိုင်သည်ကို ထူးခြားစွာ တွေ့ရသဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်း စနစ် မှန်ကန်ကြောင်းကို လက်တွေ့ သိရှိရ၍ အားတက်လျက် ရှိနေ ကြပါသည်။

## ကမ္ဘာ့အေး ဇမ္ဗူဒီပ ကျောင်းဆောင်
## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇနိကျမ်းပြု
## ဆရာတော် အရှင်ဉာဏုတ္တရ၏
# အတ္ထုပ္ပတ္တိ

အဂ္ဂမဟာ ပဏ္ဍိတ အရှင်ဉာဏုတ္တရ မထေရ် အလောင်းလျာသည် မန္တလေးမြို့ ရွှေကုန်းချိန် လေ့ဘန်းရပ် မိုးကုတ် ကျောက်ကုန်သည် ခမည်းတော် ဦးဘိုသွား-မယ်အောင် ဒေါ်မြစ်သို့မှ ၁၂၆၂-ခု၊ နယုန်တန်ခူး လဆန်း ၈-ရက် အင်္ဂါနေ့ ၆-နာရီ ၃၀-မိနစ်အချိန်တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၆-နှစ်သား အရွယ်တွင် မန္တလေးမြို့ဒေးဝန်းရပ် မင်းကွန်းတိုက် ဆရာတော် ဦးပညာဝံသထံတွင် စတင်၍ စာပေပညာ သင်ကြားသည်။ ၁၀-နှစ်သားအရွယ်တွင် မင်းကွန်းဆရာတော် အရှင်ပညာဝံသထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်၊ ရှင်ဉာဏုတ္တရဟု ဘွဲ့အမည်ပေးသည်။

သာမဏေ ရှင်ဉာဏုတ္တရသည် ယင်း မင်းကွန်းတိုက် ဆရာတော်နှင့်တကွ ကင်းဝန်မင်းကြီးတိုက်ဆရာတော် အရှင်ပညာတို့ထံတွင် ပိဋကတ် အခြေခံစာပေများကို သင်ကြား၍ သာမဏေဘဝကပင် အစိုးရ ပဌမငယ် ပဌမလတ်တန်းများကို ဖြေဆိုအောင်မြင်ခဲ့လေသည်။

အသက် ၂၁-အရွယ်တွင် မန္တလေးမြို့ ဘောင်သမန်တိုက် ပြာသာဒ်ကျောင်းဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ပဲလှော်ချောင်ရပ် ကျောင်း ဒါယကာ ဦးရေအေး-ကျောင်းအမ ဒေါ်စုတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သကျသီဟ ဓမ္မာစရိယ ဆရာတော် ဦးပညာ၏ထံ၌၎င်း၊ စစ်ကိုင်းတောင်ရိုး ပဌမ ဂန္ဓာရုံ ဆရာတော် အရှင်ဉာဏိန္ဒထံ၌၎င်း၊ အင်းစိန်ခရိုင် သိမ်ချောင်းရွာ ပဌမကျော် အရှင်ဣန္ဒသိရီထံ၌၎င်း၊ ဖျာပုံမြို့ စကြာရန်အောင် ရွှေကျင်တိုက် သကျသီဟ ဓမ္မာစရိယ အရှင်သံဝရထံ၌၎င်း၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ၌၎င်း၊ ပိဋက ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို



ဆရာတော် ဦးဉာဏုတ္တရ (အဂ္ဂမဟာပဏ္ဍိတ) ဇမ္ဗူဒိပ ကျောင်းဆောင်၊
ကမ္ဘာ့အေး၊ ရန်ကုန်။

ပြည့်စုံကုံလုံအောင် သင်ယူလျက် ပရိယတ္တိ ဓမ္မ ဂန္ထဓုရလုပ်ငန်းကို ကြိုးပမ်း အားထုတ်တော်မူခဲ့လေသည်။

ဆရာတော် အရှင်ဉာဏုတ္တရသည် နိက္ခမ္မဇ္ဈာသယ ဓာတ်ခံ ရင့်သန်တော်မူ သောကြောင့် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်း နည်းဖြင့် ဘာဝနာလုပ်ငန်းကို ရဟန်းနှစ်ဝါကပင် စ၍ အားထုတ်တော် မူခဲ့သည်။ ထို့နောက် မိုးညှင်းဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းနည်းကိုလည်းမေ်းသပ် အားထုတ်တော်မူခဲ့သည်။ နောက်ဆုံးတွင် မဟာစည် ဆရာတော်ဘုရားထံ၌ သတိပဋ္ဌာန်လုပ်ငန်း ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူပြီး လျှင် ထိုဝိပဿနာ ကမ္မဋ္ဌာန်းကို ရဟန်းရှင်လူ တပည့်အပေါင်း အားလည်း နှစ်ထောင်းအားရ သဘောကျ ကြေနပ်လောက်အောင် ညွှန်ကြား ဟောပြ တော်မူခဲ့ပေသည်။

ဆရာတော်သည် မူလက စစ်ကိုင်းတောင်ရိုး အောင်မြေ ဘုံစံတိုက်၌ သီတင်းသုံးလျက် ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာတော်ကို ဝေဆာ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်တော် မူခဲ့ပေသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ရန်ကုန်သာသနာ့ရိပ်သာကို ဖွင့်လှစ်ပြီး နောက် ပဲခူးသာသနာ့ရိပ်သာ ကိုလည်း ဖွင့်လှစ်ပြီးသော အချိန်အခါတွင် ဆရာတော် အရှင်ဉာဏုတ္တရ မထေရ်သည် ရန်ကုန်မြို့ သာသနာ့ရိပ်သာအနီး တနေရာတွင် ခေတ္တလာရောက်သီတင်းသုံးလျက် ရှိလေသည်။ ထိုစဉ်အခါက ပဲခူးသာသနာ့ရိပ်သာ၌ ပဓာနနာယကဖြစ်သော ကမ္မဋ္ဌာနာစရိယ မရှိသေး သောကြောင့် ဆရာတော်အရှင်ဉာဏုတ္တရအား ကျေးဇူးရှင် မဟာစည် ဆရာ တော်က ပဲခူးသာသနာ့ရိပ်သာကို ပဓာနနာယက အဖြစ်ဖြင့် စောင့်ရှောက် ရန်တောင်းပန် လွှဲအပ်ခဲ့လေသည်၊ ဆရာတော်အရှင်ဉာဏုတ္တရသည်လည်း ပဋိ ပတ္တိသာသနာတော်ကြီးပွားရေးကိုအလေးပြုကာ လက်ခံ၍ ယနေ့ပဲခူးရိပ်သာ၌ စောင့်ရှောက်နေသော ဆရာတော်ဦးပညဝါကိုလက်ထောက်ကမ္မဋ္ဌာနာစရိယ အဖြစ်ထားကာ ပဲခူးရိပ်သာကို စောင့်ရှောက်တော် မူခဲ့ပေသည်။

သို့ရာတွင် ထိုရိပ်သာ၌ ကြာရှည်စွာ နေခွင့်ကားမရပေ၊ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့သို့ ကြွလာပြီးလျှင် သာ သနာ့ရိပ်သာမှ အစပြု၍ ကမ္ဘာအေး သီရိမင်္ဂလာ ကုန်းမြေ၌ အကောင် အထည်ဖော်လျက်ရှိသော ဆဋ္ဌသံဂါယနာလုပ်ငန်းစဉ်တို့ကို ဝင်ရောက် ထမ်း ဆောင်တော် မူခဲ့ရ လေသည်၊ ဆဋ္ဌသံဂါယနာ အကျိုးတော်ဆောင် ဝိဇ္ဇာ လက်ာချ ဆရာတော်နှင့်တွဲဖက်၍ သံဂါယနာကိစ္စ အဝဝတို့ကို ဆောင်ရွက်

ခြင်း, ကျမ်းစာတို့ကို သုတ်သင် စီစဉ်ရိုက်နှိပ်ရေးတို့၌ တာဝန် ယူခြင်းတို့ဖြင့် ထက်ထက်သန်သန်စိမ် အားထုတ်တော် မူခဲ့လေသည်။

အထူးအားဖြင့်....

၁။ ဒီဃနိကာယ်နှင့် အင်္ဂုတ္တရနိကာယ် မြန်မာပြန် ပဋိဝိသောဓက
၂။ ပိဋကတ်တော် မြန်မာပြန် ဝေါဟာရ စိစစ်ရေးနှင့် သတ်ပုံ သတ်ညွှန်း ကော်မတီဝင်
၃။ ဒီဃနိကာယ် မြန်မာပြန် ဩဿာနသောဓေယျပတ္တပါဌက
၄။ ဓမ္မဒူတဝိဇ္ဇာလယ နာယက
၅။ ဂျပန်ပြည် သာသနာပြုအဖွဲ့ မဟာနာယက
၆။ ဗုဒ္ဓသာသနအဖွဲ့ တိပိဋက ပါဠိမြန်မာအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ
၇။ ကမ္ဘာအေး စေတီတော် ဓာတ်တော် ထိန်းသိမ်းရေး အဖွဲ့၏ ဩဝါဒါစရိယ

စသော တာဝန်ကြီးများကို ထမ်းဆောင်လျက် ဇမ္ဗူဒိပ ကျောင်းဆောင်တွင် အနှစ် ၂၀-ခန့် သီတင်းသုံးတော် မူခဲ့လေသည်။

အထက်ပါ ပူဇော်ထိုက်သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံတော် မူသောကြောင့် မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်အရှင်ဉာဏုတ္တရမထေရ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ခဲ့ပေသည်။

ဆရာတော် အရှင်ဉာဏုတ္တရသည် ပါဠိ-သက္ကတ-ပါကတ -ဟိန္ဒီ-အင်္ဂလိပ် စသော ဘာသာနှုရတို့၌ တတ်ကျွမ်းတော်မူသဖြင့် နီပေါပြည် ဗုဒ္ဓဘာသာ ညီလာခံသို့တက်ရောက်၍ ဆောင်ရွက်ခြင်း၊ ဂျပန်ပြည်သို့ သာသနာပြု ကြွရောက်ခြင်း၊ ဂျာန်ပြည် မိုဂျီမြို့၌ ဝါကပ်လျက် ဝိပဿနာတရားဟောခြင်း စသော နိုင်ငံခြားသာသနာပြု လုပ်ငန်းတို့ကိုလည်း ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပေသည်။ သတိပဋ္ဌာန်နည်းအရ ရှုမှတ်မှု ဝိပဿနာအလုပ်၌လည်း အထူးနိုင်နင်းပေသည်။ ထို့ကြောင့် မယုံကြည်သော နိုင်ငံခြားသားတို့အား လက်တွေ့ရှုမှတ်၍ ပြနိုင်သည်အထိ ရဲရင့်တော်မူပေသည်။

တခါက ရှမ်းပြည် မြို့တမြို့၌ အလှူကိစ္စအတွက် ပင့်လျှောက်၍ ကြွသွားလေသည်၊ ထိုအလှူတွင် ကျွေးမွေးရန် ချက်ပြုတ်ကြသော လူတို့သည် ရွတ်တရက်လေပြင်းတိုက်၍ရင်း၊ ချက်ပြုတ်နေသောအိုးများမှ ရွတ်တရက်ဝေကျ

ရှိရင်း မိးငြိမ်းငြိမ်းသွားသဖြင့် ချက်ပြုတ်၍ပင်မဖြစ်နိုင်လောက်အောင် ရှိနေသောကြောင့် ဆရာတော်အား ပရိတ်မေတ္တာပြုပေးရန် လျှောက်ထားတောင်းပန်ကြသည်။ ဆရာတော်ကလည်း မိမိ၏ ဘာဝနာအလုပ်ကို ယုံကြည်အားကိုး၍ ပရိတ်မေတ္တာပွားခြင်းနှင့်တကွ အဓိဋ္ဌာန်သစ္စာပြုပြီးလျှင် သတိပဋ္ဌာန်ရှုမှတ်နည်းဖြင့် အထူးစူးစိုက်၍ရှုသည်။ ထိုသို့ရှုနေစဉ် အာရုံထဲ၌ လူတယောက်ထင်ပေါ်လာသည်၊ ထိုလူကိုမေတ္တာပြုပြီးလျှင် ရှုမြဲပင် ဆက်၍ ရှုလေသည်။ ထိုအခါ ချက်ပြုတ်သူတို့မှာ အနှောင့်အရှက်မရှိပဲ အေးချမ်းစွာ ချက်ပြုတ်ဆောင်ရွက်သွားနိုင်ပေသည်။ နောက်တနေ့ နံနက်၌ ညဥ့်က အာရုံထဲ၌ထင်ပေါ်လာခဲ့သော လူသည် ဆရာတော်ထံသို့ လာရောက်၍ ကန်တော့တောင်းပန်သွားသည်-ဟူသော ဤအကြောင်းအရာများကို မဟာစည် ဆရာတော်အား ဆရာတော် အရှင်ဉာဏုတ္တရ က ဘာဝနာ၏ အစွမ်းကို ချီးကျူးသောအားဖြင့် ပြောကြားဘူးကြောင်း သိရသည်။

ထို့ပြင် ဆရာတော်သည် သနားခြင်းကရုဏာ ကြီးမားတော်မူလှပေသည်။ အခက်အခဲတွေ့ကြုံနေ၍ အကူအညီတောင်းလာလျှင် မသိမကျွမ်းသောသူအားလည်း စွမ်းနိုင်သမျှ ကူညီဆောင်ရွက်ပေးလေ့ရှိ၏။ သူဆောင်ရွက်သည့်အတိုင်းလည်း အောင်မြင်တတ်ပေသည်။ ဝိပဿနာအလုပ်နှင့်စပ်၍လည်း မိမိကဲ့သို့ပင် သိစေလိုသော သမ္မာဆန္ဒ အားကြီးလှသောကြောင့် စပ်ဆိုင်ရာ တပည့် ဒကာ-ဒကာမတို့အား တရားအားထုတ်ရန် တိုက်တွန်းဟောပြောလေ့ရှိပေသည်။ ဟောပြောသည့်အတိုင်းလည်း လိုက်နာ၍ အားထုတ်ကြပေသည်၊ ထိုသို့ အားထုတ်ကြသောသူတို့အနက် အချို့ကိုကမ္ဘာဇေဗုဒ္ဓဒီပကျောင်းဆောင်၌ပင် အားထုတ်စေ၍ ကိုယ်တိုင် ပြသတော်မူသည်။ အချို့ကိုမူ ရန်ကုန် သာသနာ့ရိပ်သာသို့ ပို့ပေး၍ မကြာမကြာ လာရောက်ကြည့်ရှု အားပေးတော်မူသည်၊ ထိုသို့ အားထုတ်စေသည့်သူများထဲမှာ နိုင်ငံခြားသားများလည်း များစွာပင်။

ထို့ပြင် ဆရာတော်သည် ကမ္ဘာအေး ဗုဒ္ဓဒီပ ကျောင်းဆောင်၌၎င်း၊ ရန်ကုန် သာသနာ့ရိပ်သာ၌၎င်း နိုင်ငံခြားမှရောက်လာသော သာသနာရေးမစ်ရှင်များနှင့် ဗုဒ္ဓတရားတော်ကို လာရောက် လေ့လာကြသူများအား ဝိပဿနာတရားကို သဘောကျ ကြေနပ်လောက်အောင် ဟောကြားတော်မူပေသည်။ တချိန်က သီဟိုဠ်မှထုတ်ဝေသော WORLD BUDDHISM ခေါ် စာစောင်၌ ပုဂ္ဂိုလ်တဦးက ဥပစာရသမာဓိမျှဖြင့်၎င်း၊ ဥပစာရသမာဓိနှင့်တူညီသော ဝိပဿနာ ခဏိကသမာဓိမျှဖြင့်၎င်း စိတ္တဝိသုဒ္ဓိ မပြီးကြောင်း၊ အပ္ပနာစျာန်သမာဓိဖြင့်သာလျှင် စိတ္တဝိသုဒ္ဓိ ပြီးကြောင်း၊ သို့ဖြစ်

၍ ဈာန်မရပဲ ဝိပဿနာရှု၍ မဖြစ်နိုင်ကြောင်းများကို ဆောင်းပါးတခုရေး၍ ကျေညာလိုက်လေသည်။ ထိုကျေညာချက်ကို ဆရာတော် အရှင် ဉာနုတ္တရ က ခိုင်လုံသော ပါဠိ-အဋ္ဌကထာ-ဋီကာများကို ထုတ်ပြ၍ အင်္ဂလိပ် ဘာသာဖြင့် ဖြေရှင်းလျက် သာသနာ့အန္တရာယ်ကို သုတ်သင် ရှင်းလင်းတော်မူခဲ့ပေသည်။ ( ထိုဆောင်းပါးများကို 153/3 Dutugemunu Street, Nugegoda, Ceylon မှ ထုတ်ဝေသော **WORLD BUDDHISM** ခေါ် မဂ္ဂဇင်း ၁၉၆၆-ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလထုတ် စာစောင်တို့၌၎င်း၊ ၁၉၆၇-ခုနှစ် ဒီဇင်ဘာလမှ ၁၉၆၉-ခုနှစ် မေလထုတ်အထိ စာစောင်တို့၌၎င်း ကြည့်ရှုနိုင်သည်။) ဤသို့ အစရှိသော ဆောင်ရွက်မှုများကြောင့် ဆရာတော်၏ ဂုဏ်သတင်းသည် ပြည်တွင်းမှသာမက ပြည်ပ ကမ္ဘာအရပ်ရပ်၌လည်း ပြန့်နှံ့ကျော်ကြားလျက် ရှိပေသည်။

သို့သော် ဤ မဟာစည် ပဋိပတ္တိသာသနာဝင် စာအုပ် ထွက်ပေါ်ချိန်၌ ဆရာတော်သည် လူ့ပြည်လောက၌ မရှိတော့ပြီ။ ၁၃၃၄-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက် (၂၃-၁၁-၇၂) ကြာသပတေးနေ့ နံနက် ၁၀ နာရီ ၃၅-မိနစ်အချိန်တွင် ဘဝပစ္စုပ္ပန် ရုပ် နာမ် ခန္ဓာ ချုပ်ငြိမ်းတော်မူလေပြီ။

ဉာနုတ္တရော မဟာထေရော၊ ဉာနေန ဟိတ ကာရကော။
သိဿာနံ သာသနံ ဒတွာ၊ ပစ္စုပ္ပန္န ဘဝံ ဇဟိ။ ။

(ဤ၌ ဉာနကို ဆရာတော်၏အကြိုက် နငယ်နှင့် ရေးသည်။)



အောင်မြေဘုံကျော် သာသနာ့ရိပ်သာ ပုသိမ်မြို့

ဆရာတော် ဦးဉာဏဗလ

နှမြောလောက်သည့် ဆရာတော်

(မဟာစည် ပဋိပတ္တိသာသနာဝင်) အတွက် အတ္ထုပ္ပတ္တိ ပေးပို့ပါရန် အခြားဆရာတော်များထံ တောင်းခံခဲ့သည့်နည်းတူ ဆရာတော် ဦးဉာဏဗလ ထံ၌လည်း တောင်းခံခဲ့ပါသည်။ တောင်းခံခဲ့ရာတွင် သူ့အတ္ထုပ္ပတ္တိနှင့် အတူ အမှာစာတစောင် ပါလာပါသည်။ အမှာစာမှာ....

၁၀-၁-၇၂။

မဝိုးရိမ် ဆရာတော် ဦးတိဿ ထံ

ရှိသေစွာ ဦးညွတ်၍ လျှောက်ထားအပ်ပါတုရား....

နာရောဂါဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရတာ ၄-လလောက်ရှိပါပြီ၊ ဝဋ်မကင်း သဖြင့် အလွဲလွဲအမှားမှား ဖြစ်ခဲ့ရပါတုရား၊ ယခု

နောက်ဆုံး ရောဂါကြာမှ ဆရာနှင့်ကုသနေရာ သက်သာ လာပါ ဘုရား၊ ပါးတခြမ်း၌ အကျိပ်အဖု အနာတွေကြောင့် အမျိုးမျိုး ရောဂါစွဲ ဆေးချက်တွေကလဲ လွဲမှားခဲ့သဖြင့် ပြင်ဆင် ကုသရတာ နှောင့်နှေးပါဘုရား၊ ဆရာတော်ထံမှ အတ္တပ္ပတ္တိ အကျဉ်း တောင်း စာရွက်ကိုပြသိုလဆန်း ဂ-ရက်နေ့မှ ပုသိမ်က ရန်ကုန်သို့ရောက်ရှိလာ ပါဘုရား၊ ၎င်းကိစ္စအတွက် ဆရာတော့် ဆန္ဒတော်အတိုင်း ပိုဖျက်- လိုစွက် အကျဉ်းထုတ်နှုတ်စီစဉ်နိုင်ရန် နောက်ထပ်ရိုက် ဖြစ်စဉ်စာအုပ် ကို ပို့လိုက်ရပါဘုရား၊ စိတ်အား ကိုယ်အား ကျဆင်း နေပါ၍ ဘာမှလဲ မရေးချင်ပါဘုရား။

အားတက် ရွှင်လန်းဘွယ် ဩဝါဒများ ပေးပါဦးဘုရား၊ ဆရာတော် ကျန်းမာ ချမ်းသာစွာဖြင့် သာသနာတော်ကျိုး တိုးတက် အောင် ဆောင်ရွက်တော်မူနိုင်ပါစေဘုရား။

ဉာဏဗလ

အတ္တုပ္ပတ္တိစာအုပ်နှင့်အတူ အဆိုပါ အမှာ စာကလေး ပါလာပါသည်။ အမှာစာ၏ အောက်တွင် ဖေါ်ပြထားသော လိပ်စာမှာမူ ဦးဉာဏဗလ အောင်မြေဘုံကျော် ဆရာတော်၊ ဉာဏခေမိ ကျောင်း၊ အရှေ့ပိုင်းကုန်း တိုက် ကန်တော်ကလေး ရန်ကုန်-ဟူ၍ဖြစ်သည်။ ထိုလိပ်စာကို ကြည့်၍ စွဲကပ်နေသော ရောဂါ ကုသရန်အတွက် ပုသိမ်မှ ရန်ကုန်သို့ ရောက်နေ ကြောင်းသိရသည်၊ သူ့စာတွင် အားတက်ရွှင်လန်းဘွယ် ဩဝါဒများ ပေး ပါဦး ဘုရား-ဟူသော စာပိုဒ်ကလေးအတွက်....

အားမငယ်ပါနှင့် ဆရာတော်-ဆရာတော် မသေနိုင်သေးပါဘူး။ ဆရာတော်မှာ ပိဋကတ္တယ ပါရဂူဘွဲ့နှင့် သာသနာပြုရန် ဤလူ့ပြည် ဤသာသနာတော်သို့ ရောက်လာခဲ့ရခြင်းဖြစ်ပါသည်။သာသနာတော် တွင် အလှူဘုရား ဆောင်ရွက်ရန် တာဝန်တွေအများကြီး ကျန်ရှိ နေပါသေးသည်။ ထမ်းဆောင်ရန် ကျန်ရှိနေသေးသော သာသနာ့ တာဝန်တွေကို ကျေကုန်အောင် ဆောင်ရွက်ပြီးမှသာ ဆရာတော် သေလိုက သေရမည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဟူသော အားပေးချက်နှင့် အတူ စာတစောင်ကို ဦးဉာဏဗလရှိရာ ရန်ကုန်သို့ ပေးပို့လိုက်ပါသည်။ ဆရာတော် ဦးဉာဏဗလမှာ သူက-ပဒဋ္ဌာန်

ဖြတ်ထုံး- စီရင် ရေးသား၍, သည်က- မဟာ္ဘရတနာ- ရေးသားခြင်းဖြင့် စာပေက ဆက်နွယ် ပေးခဲ့သဖြင့်၎င်း၊ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒ ခံယူပွဲတွင် ဩဝါဒခံယူပွဲက ဆက်သွယ်ပေးခဲ့သဖြင့်၎င်း၊ စာပေ အရလည်း ရင်းနှီး၊ ပုဂ္ဂိုလ်အရလည်း ရင်းနှီးခဲ့ရပါသည်။ ဤလို ရင်းနှီးမှုရှိခဲ့ပြီးဖြစ်၍လည်း -အားတက်ရှင်လန်းဘွယ် အားပေးပါရန်- တောင်းခံလိုက်ခြင်းဖြစ်ပါသည်။

တောင်းခံသည့်အတိုင်း ဝေးကွာလှသော ဝက်လက်မှ လိုလိုလားလား ပေးပို့လိုက်သော အားသည်၎င်း၊ ဆရာတော် ဦးဉာဏဗလတွင် ရှိနေသော အားသည်၎င်း၊ သေမင်း၏အားကို မယှဉ်ပြိုင်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ သေမင်း၏အားမှာ ကောင်းလွန်းလှသဖြင့်-

ဆရာတော် ဦးဉာဏဗလသည်-၁၃၃၃-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက် နေ့တွင် သေမင်း၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါ သွားခဲ့ရရှာလေပြီ-

မဟာစည် ပဋိပတ္တိ သာသနာ၀င်ဘွင် ရှေ့တန်းက ဆောင်ရွက်နေသော သာသနာ့အာဇာနည် သူရဲကောင်းကြီး ဦးဉာဏဗလမှာ အာဇာနည်ပြီပြီ ဆောင်ရွက်လာခဲ့သမျှ သေမင်းကျကာမှ လက်မြှောက် အရှုံးပေးခဲ့ရသဖြင့် နာကျည်းဘွယ် ကောင်းလှသည်။ မဟာစည် ပဋိပတ္တိ သာသနာ၀င်တွင် တကယ် အားထားလောက်သော သာသနာ့အာဇာနည် ဖြစ်သောကြောင့် အသေစောလှသည့်အတွက် နှမြောဘွယ်လည်းကောင်းလှပါသည်။ လောဘ- ဒေါသ- မောဟ- တည်းဟူသော အဘွင်းရန် သူပုန်တွေကို မလျှော့တန်း တိုက်ချင်း ခိုက်ရင်း သေနာပတိ ဗိုလ်မှူးတဦး အနေနှင့် ရှေ့တန်း စစ်မြေပြင် တွင် တအားကြိုးတိုက်နေရာမှ အကျကြီးကျ အရှုံးကြီး ရှုံးခဲ့ရခြင်းကြောင့် သာသနာတော်အဘွက် တတပ်တအား လျော့သွားခဲ့ရသည်။

သို့သော် ဆရာတော် ဦးဉာဏဗလ ပျံလွန်တော်မူ ကွယ်လွန် သွားသော်လည်း သူ၏စွမ်းရည် ဂုဏ်တို့မှာကား သာသနာတော် တည်သမျှ တည်ရှိ ကျန်ရစ်နေမည်သာ ဖြစ်ပါသည်။

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊
ဝိနယာဒိက ပရိယတ္တိ သိရီပဝရ ဓမ္မာစရိယ၊
မဟာဝိနယ ပရိယတ္တိ ဝိသာရဒ၊ *

ရွှေဘိုခရိုင် ဝက်လက်မြို့ မစိုးရိမ်ဆရာတော် ဦးတိဿက မဟာစည် ဆရာတော်ဘုရားကြီး၏ အကူအညီအဖြစ်ဖြင့် ဆောင်ရွက်သင့်သမျှကို ညွှန်ကြားဆောင်ရွက်ရန် နာယကအဖွဲ့တခု ရှိသင့်ကြောင်း အကြံပေးပါသည်။ ထိုအကြံပေးချက်အရ အောက်ပါဆရာတော်များကို ဩဝါဒါစရိယ နာယက အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

၁။ ရွှေစေတီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) စစ်ကိုင်း (ဩဝါဒါစရိယ)
၂။ မြို့ဝ သတိပဋ္ဌာန်ဆရာတော် မော်လမြိုင် ။

၁။ ဦးတိဿ မစိုးရိမ်ဆရာတော် ဝက်လက်မြို့ နာယက
၂။ ဦးအာစိဏ္ဏ သဒ္ဓမ္မသီတဂူဆရာတော် ပုသိမ် ။
၃။ ဦးဝိစာရ ဝါးခယ်မရိပ်သာဆရာတော် ဝါးခယ်မ · ။
၄။ ဦးဝဏ္ဏိတ ဖျာပုံ သာသနာ့ရိပ်သာဆရာတော် ။

---

*

သာသနဇောတိပါလ၊
သာသနဟိတ ဂဏဝါစက၊
ပိဋကတ္တယ ပါရဂူ၊
ဆဋ္ဌသံဂါယနာ ဩသာသနသောဓက၊
ပုသိမ်မြို့-အောင်မြေဘုံကျော်သာသနာ့ရိပ်သာ၊ နာယက ဆရာတော်

ဟူသော ဂုဏ်ပုဒ်များနှင့် အတူ ဆရာတော် ဦးဉာဏဗလ- ဟူသော နာမ ပညတ်မှာကား ကျန်ရစ်ရမည် ဖြစ်၍ သေမင်း မတတ်နိုင်သော အမြုတေ တို့သာ ဖြစ်သည်။

ဆရာတော်သည် ပဲခူးခရိုင်၊ ဝေါမြို့နယ်- အထက်တောကြီးရွာ ခမည်းတော် ဦးချစ်ဦး-မယ်တော် ဒေါ်စောတို့မှ ၁၂၈၃-ခုနှစ်၊ ပြာသိုလဆန်း ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်၍ ၁၃၃၃-ခုနှစ် တပေါင်းလဆန်း ၅-ရက် နေ့တွင် ပျံလွန်တော်မူရကား- သက်တော် ၅၀-ကျော်ရှိမျှဖြင့် ပျံလွန်တော် မူချက် စောလွန်းလှ သဖြင့် ဝမ်းနည်းမဆုံး ယူကြုံးမရ ဖြစ်ကြရပါ သတည်း။ ။

| | | |
|---|---|---|
| ၅။ | ဦးဝိသုဒ္ဓ နမ့်ခမ်းရိပ်သာဆရာတော် | နာယက |
| ၆။ | ဦးသုမန သပြေကုန်းရိပ်သာဆရာတော် ခရမ်း | ။ |
| ၇။ | ဦးသုန္ဒရ မြင်းခြံရိပ်သာဆရာတော် | ။ |
| ၈။ | ဦးနန္ဒမာလာ ကေဘယားရိပ်သာဆရာတော် ဟုမ္မလင်း | ။ |
| ၉။ | ဦးဝိမလ ရင်းငြိမ်ရိပ်သာဆရာတော် သထုံခရိုင် | ။ |
| ၁၀။ | ဦးမုနိန္ဒ ရွှေဘိုဆရာတော် မိုးကုတ် | ။ |
| ၁၁။ | ဦးနန္ဒိသာရ စန်းမြခရောင်ခြည်ဆရာတော် မုံရွာ | ။ |
| ၁၂။ | ဦးပညဝါ ပဲခူးရိပ်သာဆရာတော် | ။ |
| ၁၃။ | ဦးဥက္ကံသ ဇီးကုန်းရိပ်သာဆရာတော် သာယာဝတီခရိုင် | ။ |
| ၁၄။ | ဦးယုဂန္ဓရ မြေပုံရိပ်သာဆရာတော် ရခိုင်တိုင်း | ။ |
| ၁၅။ | ဦးခမ္မပါလ သာသနာ့မာန်အောင်ဆရာတော် တောင်ကြီး | ။ |
| ၁၆။ | ဦးဇာနေယျ ဟိုပင်ရိပ်သာဆရာတော် မြစ်ကြီးနားခရိုင် | ။ |
| ၁၇။ | ဦးတိလောက ခါးကုန်းရိပ်သာဆရာတော် ဗန်းမော် | ။ |
| ၁၈။ | ဦးဝါယမိန္ဒ မင်းကန်ကြီးဆရာတော် မြန်အောင်မြို့ | ။ |
| ၁၉။ | ဦးလာဘသာမိ နတ်မောက်ရိပ်သာဆရာတော် | ။ |
| ၂၀။ | ဦးဣန္ဒြိယ ယဉ်ငေးဆရာတော် ထားဝယ်ခရိုင် | ။ |
| ၂၁။ | ရတနာပုံသာသနာ့ရိပ်သာဆရာတော် မန္တလေး | ။ |
| ၂၂။ | ဦးသုဇာတ သာသနာ့ရိပ်သာ ကမ္ဘာ့ဌာနာစရိယ ရန်ကုန် | ။ |
| ၂၃။ | ဦးပဏ္ဍိတ ။ | ။ |
| ၂၄။ | ဦးဇဝန ။ | ။ |
| ၂၅။ | ဦးသံဝရ ။ | ။ |
| ၂၆။ | ဦးဇနက ။ | ။ |

(အထက်ပါ စာရင်းကို အခါ အားလျော်စွာ ဖြည့်စွက် နှုတ်ပယ် ပြင်ဆင်နိုင်ခွင့် ရှိသည်။)

အထက်ပါ နာယက ဆရာတော်များသည် အကြောင်းအားလျော်စွာ အားလုံးဖြစ်စေ သုံးပုံတပုံဖြစ်စေ ဖြစ်နိုင်သမျှစည်းဝေးတိုင်ပင်၍ သင့်လျော်သော ပဋိပတ္တိသာသနာရေး အစီအစဉ်များကို ညွှန်ကြားဆောင်ရွက်ရန် ဖြစ်သည်။

---

## မဟာစည် ဓမ္မကထိကအဖွဲ့ဝင် ဆရာတော်များ

၁။ ဆရာတော် ဦးတိဿ မဂိုးရိပ်ကျောင်း၊ ဝက်လက်၊ ရွှေဘိုမြို့။
၂။ ။ ဦးသံဝရ၊ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။
၃။ ။ ဦးကုလိသ၊ ရွှေစည်သာသနာ့ရိပ်သာ၊ မန္တလေးမြို့။
၄။ ။ ဦးဒေသိက၊ ရွှေညောင်ပင်ဇရပ်ကွင်းကျောင်း၊ ရန်ကုန်မြို့။
၅။ ။ ဦးသူရိယ၊ သလ္လာဝတီကျောင်း၊ ရန်ကုန်မြို့။
၆။ ။ ဦးရာဇိန္ဒ၊ ကံသာဒကျောင်း၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။
၇။ ။ ဦးဝါယမိန္ဒ၊ မင်းကျောင်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၈။ ။ ဦးဓောဘိက၊ ဇောတိကာရုံသာသနာ့ရိပ်သာ၊ မန္တလေးမြို့
၉။ ။ ဦးဥက္ကံသ၊ မြနန်းကျောင်းသာသနာ့ရိပ်သာ၊ မန္တလေးမြို့။
၁၀။ ။ ဦးဝိဇယ၊ ဝါဆိုကျောင်း၊ ဟဲလင်းကြီး၊ ရွှေဘိုမြို့။
၁၁။ ။ ဦးသုန္ဒရ၊ ပိဋကတ်တိုက်ကျောင်း၊ ဆိပ်ခွန်၊ ရွှေဘိုမြို့။
၁၂။ ။ ဦးမိတ္တာဘ၊ သိတာရုံတိုက်၊ ဆိပ်ခွန်၊ ရွှေဘိုမြို့။
၁၃။ ။ ဦးဝဏ္ဏိတ၊ ဖျာပုံသာသနာ့ရိပ်သာ၊ ဖျာပုံမြို့။
၁၄။ ။ ဦး လာဘသာမိ၊ နတ်မောက်သာသနာ့ရိပ်သာ မကွေးမြို့။
၁၅။ ။ ဦးဇဋိလ၊ ပြန်ကပြေး သာသနာ့ရိပ်သာ၊ ပျဉ်းမနား။
၁၆။ ။ ဦးဣန္ဒက (ညောင်ကန်) အောင်မြေဘုံကျော်သာသနာ့ ရိပ်သာ၊ ပုသိမ်မြို့။
၁၇။ ။ ဦးဝါယမိန္ဒ၊ မြန်အောင်သာသနာ့ရိပ်သာ၊ မြန်အောင်။
၁၈။ ။ ဦးကုသလ၊ ကျောက်တန်းသာသနာ့ရိပ်သာ၊ နွားထိုးကြီး၊ မြင်းခြံ။
၁၉။ ။ ဦးဥက္ကဋ္ဌ၊ ရှင်ပင်စက္ကုတဲသာသနာ့ရိပ်သာ၊ မင်းဘူးမြို့။
၂၀။ ။ ဦးဇောတိက၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ။
၂၁။ ။ ဦးပညာဒီပ၊ ဝက်ပုတ်သာသနာ့ရိပ်သာ ပေါင်းတည်မြို့။



ကော့ဒွတ်ရွာ သာသနာ့ရိပ်သာ ရေးမြို့

## သီလရှင် ဆရာကြီး ဒေါ်ဓမ္မဇ

သီလရှင် ဆရာကြီး ဒေါ်ဓမ္မဇမှာ ၁၈-နှစ်သမီး သိတတ်သောအရွယ် ငယ်စဉ်ကပင် ရှုပ်ထွေးလှသော လူ့ဘောင်လောကတွင် မနေလိုဘဲ သံဝေဂဉာဏ် ထက်သန်ခဲ့သဖြင့် လူတို့ဘောင်မှ သီလရှင်ဘောင်သို့ ကူးပြောင်းခဲ့သူဖြစ်သည်။ ပါရမီဓာတ်ခံရှိသူ ဖြစ်သည့်အလျောက် ၁၂၈၂-ခုနှစ်တွင် ရေးမြို့နတ်မော်ကျောင်း ဆရာတော် ဦးဇာဂရထံ ချဉ်းကပ်လျက် သီလရှင်ဘောင်သို့ ကူးပြောင်း နေထိုင်လိုကြောင်း လျှောက်ထား တောင်းပန်ပြီးလျှင် ၎င်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ သီလရှင်အဖြစ်သို့ ရောက်ခဲ့ပြီးနောက် ဂန္ထဓုရ,ဝိပဿနာဓုရ နှစ်မျိုးတွင် မည်သည့်ဓုရဖြင့် နေထိုင်ရမည်ကို ဆင်ခြင်ရွေးချယ်လေတော့သည်။

၁၈-နှစ်အရွယ်မှာ ငယ်လှသေးသူ ဖြစ်သောကြောင့် ပရိယတ္တိဓမ္မ ဂန္ထဓုရဖြင့် နေထိုင် အားထုတ်နိုင်သေးသော အရွယ်ဖြစ်သည်ကို ဆင်ခြင်ပြီးလျှင် မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်းတွင် ပရိယတ္တိဓမ္မကို ချပို

လျက်ရှိသော ဆရာဖွားခေါ် သီလရှင် ဆရာကြီးထံသို့ သွားရောက်ချဉ်းကပ်လေသည်၊ ထိုဆရာဖွားခေါ် သီလရှင်ဆရာကြီး၏ ဘွဲ့မည်ရင်းမှာ ဒေါ်ဉာဏစာရီဖြစ်၏။ စစ်ကိုင်းတောင်ရိုး မြို့ချောင်မှ တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ လာရောက်၍ သီလရှင် စာသင် ငယ်တို့အား ပရိယတ္တိဓမ္မ ပို့ချပေးနေခဲ့သူဖြစ်သည်၊ ထိုသီလရှင် ဆရာကြီးထံတွင် အခြေခံ ပရိယတ္တိ စာပေများကို သင်ကြားပြီးနောက် တဖန် သထုံမြို့ မေဿဝန်ကျောင်း ခေမာရာမတိုက်သို့ ပြောင်းရွှေ့၍ ဒေါ်ခေမာဝတီထံတွင် ပရိယတ္တိဓမ္မကို ဆက်လက် သင်ကြားခဲ့သည်။ အခြေခံ သဒ္ဒါ, သင်္ဂြိုဟ်နှင့်တကွ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းအထိ သင်ကြား အားထုတ်ခဲ့ပေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာသောအခါတွင် သထုံမြို့မှ ဆွေမျိုးသင်္ဂဟတို့ရှိရာ ကျိုက္ခမီမြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အေးငြိမ်းသွားရာ အခါ၌ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး ဇေတဝန် ဆရာတော်ဘုရားကြီးထံ ဆည်းကပ်၍ သတိပဋ္ဌာန် ဝိပဿနာတရားများကို ပွားများ အားထုတ်လေသည်။ ထိုအချိန်တွင် ဒေါ်ဓမ္မဇေမှာ အသက်အရွယ် ၄၀-အနီး ပတ်ဝန်းကျင်၌ ရောက်နေပြီ ဖြစ်သောကြောင့် ဂန္ထဓုရကိုလွှတ်၍ ဝိပဿနာဓုရဘက်သို့ ဦးလှည့်ခဲ့လေတော့သည်။ ဤသို့ ဇေတဝန် ဆရာတော်ဘုရားကြီးထံ ဝိပဿနာတရားကို အားထုတ်နေစဉ် ဇေတဝန် ဆရာတော်ဘုရားကြီးမှာ သက်တော်ဝါတော် ကြီးရင့်လာသည်အလျောက် ပျံလွန်တော် မူခဲ့လေသည်။ ထိုဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားရာတွင် သင်္ခါရဓမ္မတို့၏ ယိုယွင်းပျက်စီးတတ်သော သဘောကို မျက်မှောက် ထင်ထင် ဆင်ခြင်မိသော ဒေါ်ဓမ္မဇေသည် သူ၏ဝိပဿနာအလုပ်ကို ရပ်နားမနေဘဲ မုံရွာမြို့ အနီး မိုးညှင်းတောရသို့ ပြောင်းရွှေ့၍ မိုးညှင်း ဆရာတော် ဘုရားကြီးထံ ဆက်လက်ဆည်းကပ်ပြီးလျှင် ဝိပဿနာတရားကို အားထုတ်ပြန်လေသည်။ သူ့လက်တွင်းသို့ သက်ဆင်းလာပြီဆိုလျှင် ဘုရားရှင်သော်မှ ချမ်းသာပေးလေ့မရှိသော သင်္ခါရနှင့် ဝယဓမ္မတို့သည် မိုးညှင်း ဆရာတော် ဘုရားကြီးအားလဲ ချမ်းသာမပေးပဲ သဇီဝသဘောမှ နိဇ္ဇီဝ သဘောသို့ ပို့ဆောင်ခဲ့ကြပြန်၏။

မိုးညှင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ တဖန် ပြောင်းရွှေ့လျက် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးထံ ဩဝါဒကို ခံယူပြီးလျှင် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဖြစ်ကြသော ဆရာတော် ဦးသုဇာတ, ဆရာတော် ဦးဇဝနတို့ နည်းပေးလမ်းပြမှုကို သင်ယူကာ သတိပဋ္ဌာန်ဝိပဿနာတရားကို ဆက်လက် အားထုတ်ခဲ့သည်။ ဆရာသမားတို့ ကြေနပ်သည်အထိ အားထုတ်ပြီးနောက်



မဟာစည် သာသနာ့ရိပ်သာ ရန်ကုန်မြို့

## ဝဏ္ဏကျော်ထင် စည်သူ ဦးညီပု

ဝဏ္ဏကျော်ထင် စည်သူ ဦးညီပုသည် ဟသ်ာတ ခရိုင် ဇလွန်မြို့ အဖ ဦးသာခအေး–အမိ ဒေါ်ကြီး(ကုန်သည်မျိုးရိုး)တို့မှ ၁၂၆၃–ခုနှစ် နတ်တော် လဆန်း ၁၀–ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ တဦး ဖြစ်သည်။

---

ထိုဆရာတော်တို့ထံတွင်ကမ္မဋ္ဌာနာစရိယ သင်တန်းကို ၅ နှစ်ပတ်လုံး သင်ကြားနည်း ယူခဲ့သည်။ ကမ္မဋ္ဌာနာစရိယသင်တန်းကို အဝါ ၁၀ သင်ယူပြီးနောက် ရေးမြို့ ကော့ဒွတ်ရွာ၌ သာသနာ့ရိပ်သာ တည်ထောင် ဖွင့်လှစ်လျက် ကျေးဇူး ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူရရှိခဲ့သည့် အတိုင်း ၁၃၂၆–ခုနှစ်မှ စ၍ ရောက်လာသမျှ ယောဂီတို့အား ကမ္မဋ္ဌာန်း တရားများဟောကြားခြင်း, ကမ္မဋ္ဌာန်းပေးခြင်း စသော သာသနာရေး ကိစ္စ များကို ဆောင်ရွက်လျက်ရှိပေသည်။ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဓဇ ×

တနှစ်သားအရွယ်ကပင် မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့သို့ ပြောင်း ရွှေ့နေထိုင်ခဲ့ပြီးလျှင် ၅-နှစ်သားအရွယ် ငယ်ငယ်ကပင် မော်လမြိုင်ကျွန်းမြို့ မြန်မာစာသင်ကျောင်း ဆရာကြီး ဦးဘိုးညွှန်းထံ၌ စာပေသင်ကြားခဲ့သည်။ ၈-နှစ်သားအရွယ်တွင် ၃-တန်း အောင်မြင်၍ ၁၁-နှစ်သား အရွယ်တွင် ၅-တန်းအောင်မြင်သည်။

ထိုနောက် ရန်ကုန်မြို့ စိန့်ဂျွန်းကျောင်းသို့ ပြောင်းရွှေ့၍ ၁၉၁၂-ခုနှစ်မှစပြီး ကျောင်းအိပ်ကျောင်းစား အဖြစ်ဖြင့် နေခဲ့ရာ ၃-တန်းမှ စ၍ လက်ခံခဲ့သည်။ ၁၉၁၆-၁၇-ခုနှစ်တွင် ၇-တန်းကို စကောလားရှစ်နှင့် အောင်မြင်ခဲ့သည်။ ၁၉၁၉-၂၀-ခုနှစ်၌ ထိုကျောင်းမှပင် မက်ထရစ် ၁၀-တန်းစာမေးပွဲကို ပထဝီဘာသာ, ရာဇဝင် ဘာသာ, မြန်မာဘာသာ ဂုဏ်ထူး တို့ဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ၄-နှစ် ဆက်လက်ပညာ သင်ကြားရန် ဆရာမှတ်ကြီး၏ စကောလားရှစ် ဆုကို ရသဖြင့် ၁၉၂၀-ခုနှစ် မတ်လတွင် (အိုင်အက်စီအောက်တန်း)မှ အိမ်ပြန် အိပ်စား ကျောင်း သားအဖြစ်ဖြင့် ကောလိပ်သို့ တက်ရောက်သင်ကြားသည်။

၁၉၂၀-ခုနှစ် ကျောင်းသား သပိတ်ကြီး ပေါ်ပေါက်ခဲ့ရာ၌ ခေါင်း ဆောင်ကြီးများ၏ တိုက်တွန်းချက်ဖြင့် သပိတ်မှောက် ကျောင်းသားများ အား ပထဝီဘာသာ ဆရာအဖြစ်နှင့် သင်တန်း ၂-ကြိမ်၊ ၃-ကြိမ် ပေးခဲ့ပြီး နောက် အစိုးရနှင့် ဆွေးနွေးချက်များ မအောင်မြင်သောကြောင့်ကောလိပ် ကျောင်းကို လုံးဝ သပိတ်မှောက်လိုက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ ထို

---

×
တည်ထောင်သော သာသနာ့ရိပ်သာ၌ လာရောက် အားထုတ်ပြီးကြသော ယောဂီဦးရေမှာ (၇၆၇) ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရပေသည်။

ဒေါ်စမ္မဇာသည် ကျိုက္ကမီမြို့ ဦးသန်းမောင်-ဒေါ်နွယ် တို့မှ ၁၂၆၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်၊ စနေနေ့ နံနက်သုံးနာရီ, မိနစ် ၃၀-အချိန်တွင် ကော့ဒွတ်ရွာ၌ ဖွားမြင်လာသူ ဖြစ်သည်။ ယောဂီ သူတော် ကောင်းများတို့ အားကိုးမှီခိုရာ အမျိုးသမီးကြီး ဖြစ်သောကြောင့် သာသ နာတော်တွင် ကျေးဇူးများလှသော အမျိုးသမီးကြီး ဖြစ်လေသည်။

အချိန်က ကျောင်းသား မောင်ညီပုမှာ ၁၉-နှစ် သား အရွယ်မျှသာ ရှိသေးသည်။

သပိတ်မှောက် ကျောင်းသားများစာရင်းတွင် ပါဝင် လက်မှတ်ထိုးခဲ့ပြီး နောက် မိမိတို့နေရပ်များ၌ နေရှင်နယ်ကျောင်းဖွင့်ကြရန် ဆုံးဖြတ်ချက်အရ မိမိနေရပ်၌ နေရှယ်နယ်ကျောင်းဖွင့်ရန် ဦးဘချစ် (အိုင်အေအထက်တန်းမှ သပိတ်မှောက်သူ ယခုသေဆုံးပြီ) နှင့်အတူ ဧမ်းချောင်း ဝိုင်အမ်ဘီအေ အသင်း၌ ကျောင်းဖွင့်ကြသည်။

ကျောင်းဖွင့်ရာ၌ ကျောင်းသား၁၀-ယောက်ခန့်သာ ရှိ၍တဖြည်းဖြည်း ကျောင်းနေကျောင်းသား နည်းသွားရာ ထိုကျောင်းမှထွက်ခဲ့သည်။ နောက် ရန်ကုန်မြို့ အတွင်းဝန်ရုံးဘွင် ရုံးထိုင်သော ပဲခူးတိုင်းမင်းကြီး ရုံးတွင် စတုတ္ထတန်း စာရေးမှစ၍ အလုပ် ဝင်လုပ်ခဲ့သည်။ ထိုစဉ်က စတုတ္ထတန်း စာရေး၏လခမှာ ၄၀-မှစ၍ ရရှိးဖြစ်သော်လည်း ၁၀-တန်းအောင်ပြီးသူ ဖြစ်၍ ၉-ကျပ် ပိုရခဲ့သည်၊

ထိုရုံးတွင် တဖြည်းဖြည်း လက်နှိပ်စက်စာရေးအလုပ်မှစ၍ တတိယတန်း စာရေး ဒုတိယတန်း စာရေးအဖြစ် တိုးတက်လုပ်ခဲ့ရာ ၄-နှစ်ရှိလျှင် ပဥ္စမ တန်း စာရေး ရာထူးအထိရောက်လာပြီး မကြာမီမှာပင် ဌာနခွဲစာရေးကြီး အဖြစ်အထိ တိုးတက်ပေးသည်။ ဌာနခွဲစာရေးကြီးအဖြစ် ၂-နှစ်ခန့် လုပ် ပြီးသည့်အခါ ၁၉၂၆-ခုနှစ် ဒီဇင်ဘာလ၌ ဒုတိယ မြို့အုပ်ရာထူးကို တိုးမြှင့် ပေး၏။ ၁၉၂၇-ခုနှစ်တွင် အလုပ်သင်မြို့အုပ်လုပ်ရင်း မိတ္ထီလာသင်တန်းသို့ ၃-လခွဲ ခန့်အထိ မြို့အုပ်, နယ်ခြားဝန်ထောက်, အိုင်စီအက်စ် တရားမ ဝန်ထောက်,တရားမမြို့အုပ် စသူတို့နှင့် အတူသင်တန်းတက်ရာ အားလုံးအရာရှိ များအနက် ရာဇဝတ် ဥပဒေတွင် ပဥ္စမရပြီး အခွန်တော်ဥပဒေတွင် ဒုတိယ ရခဲ့သည်။

သင်တန်းပြီးသည့် နောက် ဟသ်ာတခရိုင် အင်္ဂပူ၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ ဇလွန်မြို့များတွင် ၁၉၃၀-ခုနှစ်အထိ ၄-နှစ် မြို့ပိုင် အဖြစ် အလုပ်လုပ်ခဲ့သည်။ ဆရာစံ သူပုန်မထမီ တလခန့်တွင် သာယာဝတီ ခရိုင် မိုးညိုမြို့ပိုင်အဖြစ် ၃-နှစ်၊ ဇီးကုန်းမြို့ပိုင်အဖြစ် ၁-နှစ်၊ လက်ပန်တန်း မြို့ပိုင်အဖြစ် ၆-နှစ်၊ တွံတေးမြို့ပိုင်အဖြစ် ၁-နှစ် ဆောင်ရွက်ပြီး ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီတနှစ်ခန့်က မြစ်ကြီးနားခရိုင် မိုးကောင်း နယ်ပိုင်ဝန် ထောက်အဖြစ် ထမ်းဆောင်ခဲ့သည်။ စစ်အတွင်း၌ အစိုးရ အလုပ်ကို မလုပ် တော့ပဲ ဇာတိရပ်မြေ ဇလွန်မြို့သို့ ပြန်၍ သာသနာ့ဘောင်သို့ဝင်ပြီး ရဟန်း အဖြစ်ဖြင့် တနှစ်ခွဲခန့် ဗုဒ္ဓစာပေဘက်ကို လေ့လာခဲ့သည်၊

၁၉၄၅-ခုနှစ် အင်္ဂလိပ်ပြန်ဝင်လာရာတွင် ဟသ်ာတနယ်ပိုင် ၁၉၄၅-၄၇၊ မြန်အောင်နယ်ပိုင် ၁၉၄၇-၄၈၊ ဟင်္သာတ အခွန်ဝန်- ၁၉၄၈၊ ပုသိမ်မြို့မ ဝန်ထောက်ကြီးနှင့်တွဲဘက် အရေးပိုင် ၁၉၄၈-၄၉-အဖြစ် ထမ်းရွက်ခဲ့သည်၊ ပုသိမ်၌အမှုထမ်းနေစဉ် ၁၉၄၉-ခုနှစ် ဇန်နဝါရီလ ၂၉-ရက်နေ့ ကရင်သူပုန်တရာ၌ ရဲတပ်သားတော်များကိုသိမ်း၍ ကိုးသိန်းဂါတ်ကို သိမ်းသည့်အခါ (အရေးပိုင် ဦးထွန်းသောင်းမရှိခိုက်) လက်နက်ကိုင်တပ်ရင်း(၄) ကက်ပတိန်မင်းသိန်း (ယခုဗိုလ်မှူးကြီး မင်းသိမ်း) စစ်ဝန်ထမ်း ကက်ပတိန် သန်းညွန့်(ယခုဗိုလ်မှူးသန်းညွန့်)တို့နှင့် တွဲဖက်ဆောင်ရွက်ခဲ့၍ ပုသိမ်မြို့ ကို ကရင်အသိမ်းမခံရပါ၊ ဖေဖေါ်ဝါရီလ ၁-ရက်နေ့ည မေယုသင်္ဘောရောက်လာပြီး ၂-ရက်နေ့တွင် ၎င်းတို့ခိုအောင်းရာ စကောကရင် ကျောင်းကို အမြောက်နှင့်ပစ်မှ ဆုတ်ခွါသွားကြသည်။

၁၉၄၉-ခုနှစ်တွင် ဖျာပုံအရေးပိုင် အဖြစ်ပြောင်းရွှေ့ရ၏။ ဖျာပုံအခြေအနေ ဆိုးဝါးနေစဉ်ဖြစ်သည်။ ဗိုလ်ကလေးကို သောင်းကျန်းသူများသိမ်းထား၏၊ ဖျာပုံမြို့လယ်၌ ဘန်ကာလုပ်၍ ကာကွယ်ထားရသည်၊ ထိုစဉ်အရေးပိုင် ဦးဘကြူးသည် စိတ်နောက်သွားသောကြောင့် ရန်ကုန်တွင်ပင် အလုပ်လက်ခံရသည်၊ ၎င်းနှစ်တွင် ဖ-ဆ-ပ-လ အစိုးရက တနှစ်အတွင်းငြိမ်းချမ်းရေးရမည်ဟူသော ကြုံးပမ်းချက်ကို အကောင်အထည် ဖေါ်ကြရသည်။ စစ်ရဲဗိုလ်မှူး မြသောင်း၊ စစ်ဝန်ထမ်း ဗိုလ်တင်ရွှေ (ယခုဗိုလ်မှူး) တို့နှင့် ပူးပေါင်း၍ ရှင်းလင်းရာ ဒေးဒရဲနောက်ဖေး ရွာတန်းရှည်အနီးပတ်ဝန်းကျင်တွင် အခြေစိုက်နေသော သခင်စိုးကြီးနှင့် အဖွဲ့သည် သမ္ဗာန်ကြီးငယ် ၆၀-ကျော်နှင့် ပင်လယ်မှကွေ့၍ ကွမ်းခြံကုန်းအပိုင်သို့ ပြောင်းပြေး၏။

ဝဲကြီးစခန်းကြီးတဝိုက်တွင် အခြေစိုက်နေသော ကွန်မြူနစ်တို့ကို ဗိုလ်ကလေးအောက် မြောင်းမြခရိုင် ကျွန်းညိုကြီးနှင့် မြတ်သာကြိုးဝိုင်းအတွင်းသို့ မောင်းထုတ်ခဲ့၏။ ကရင် ကိုပြူးတို့နှင့် နားလည်မှုယူကာ ဖျာပုံခရိုင်အတွင်း အနှောက်အယှက်မရှိပဲ ခရီးသွားလာနိုင်သည်အထိ ငြိမ်းချမ်းရေးရခဲ့၏။

တနှစ်ကြာသည့်အခါ ရခိုင်တိုင်း စစ်တွေအရေးပိုင်အဖြစ် ၁၉၅၀-၅၂ ခုနှစ် နိုဝင်ဘာလအထိ ထမ်းရွက်ခဲ့ရသည်။ စစ်တွေခရိုင်တွင် တနှစ်အတွင်း ၁၉၅၁-ခုနှစ် ရွေးကောက်ပွဲ ကျင်းပနိုင်အောင် သူပုန်တို့ရန်ကို လက်နက်ကိုင်တပ်ပေါင်းစုနှင့် ပူးတွဲဆောင်ရွက်ခဲ့၏။ တပ်ပေါင်းစုအုပ်ချုပ်သူမှာ ဗိုလ်မှူးအောင်ဇင် (ယခု ဂေါက်သင်းဥက္ကဋ္ဌ) ဖြစ်၏။ မဲပုံးများကို နယ်-တိုင်း-ကျေးရွာအရောက်ပို့၍ မဲရုံများ ဆောက်ပေးခဲ့သည်။

၁၉၅၂-ခု ဒီဇင်ဘာ ၁-ရက်နေ့မှစ၍ တောင်ပိုင်း ရှမ်းပြည်တွင် စစ်အုပ်ချုပ်ရေး စတင်သည့်အခါ နယ်မင်းကြီးအဖြစ် ပြီးဆုံးသည့် ၁၉၅၄-ခု ဩဂုတ်လအထိ ထမ်းရွက်ခဲ့သည်။ စော်ဘွားများလက်ထဲမှ အုပ်ချုပ်ရေး အာဏာသိမ်းပြီး ရှမ်းပြည်အစိုးရလက်သို့အပ်သည်။ ရှမ်းပုလိပ်များကိုလည်း ပြည်နယ်ရဲအဖွဲ့အဖြစ် ပြောင်းလဲရာ ၁၉၅၄-ခု ဇူလိုင်လကုန်တွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းသည်။

၁၉၅၄-ခုနှစ် ဩဂုတ်လမှစ၍ ပထမ ရန်ကုန်မြို့စည်ပင်သာယာမင်းကြီးနောက် အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်သူ့အိုးအိမ်အဖွဲ့တွင် ၂ နှစ် ၆-လခန့်အထိ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ရခိုင်တိုင်းမင်းကြီး အဖြစ်နှင့် ၁၉၅၇-၅၈ တနှစ်ခွဲခန့် တာဝန်ထမ်းရွက်ရသည်၊ ၁၉၅၈ ခုမှ ၅၉-ခု ဧပြီလကုန်အထိ ပြည်ထောင်စု လျှပ်စစ်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ၂-လ ဥက္ကဋ္ဌအဖြစ် ၇-လခန့် ဆောင်ရွက်ပြီး အနားယူသည်။

၁၉၆၀-ခု အိမ်စောင့်အစိုးရလက်ထက်တွင် ဖေဖော်ဝါရီလ ၁-ရက်နေ့မှစ၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်အဖြစ် ၅-နှစ်အထိ ထမ်းရွက်ခဲ့သည်၊ ရာထူးဝန်အဖြစ် ဆောင်ရွက်နေစဉ် ၁၉၆၂ ခုမှ ၆၅ ခုနှစ်အထိ ပါဠိပညာရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသေးသည်။

ဒကာကြီး ဦးညီပုတွင် ထူးခြားချက်များရှိရာ ပဌမထူးခြားချက်မှာ ပညာတပိုင်းတစပင် ဖြစ်သော်လည်း ကိုယ်ဒူးကိုယ်ချွန်စိတ်ဓာတ်ဖြင့် အလုပ်ဝတ္တရားများ ဆောင်ရွက်ခဲ့သောကြောင့် အငယ်ဆုံးစာရေးဘဝမှ အကြီးဆုံး မင်းကြီးရာထူးအထိ ရရှိခြင်း၊ ဒုတိယ ထူးခြားချက်မှာ ဖျာပုံအရေးပိုင် အဖြစ် ဆောင်ရွက်ပြီးသည့်အခါ ဝဏ္ဏကျော်ထင်ဘွဲ့ကို ၁၉၅၀-ခုနှစ်တွင် ရရှိခဲ့ခြင်းနှင့် ရခိုင်တိုင်း မင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ရာတွင် အလံနီပါတီ (ဦးစိန္တာ) ၃၀၀-ခန့်၊ ရဲဘော်ဖြူ (စံသာကျော်) ၃၀၀ ခန့်၊ ရဲဘော်ဖြူ (ဦးသာထွန်း) ၃၀၀ ခန့်၊ ကွန်မြူနစ်ပါတီ ၁၀၀-ခန့်၊ မူဂျာဟစ် ၅၀-ခန့် လက်နက်ချခဲ့သဖြင့် စည်သူဘွဲ့ ချီးမြှင့်ခံရခြင်းများ ဖြစ်သည်။ တတိယ ထူးခြားချက်မှာ အငြိမ်းစားယူပြီးသည့်နောက် ၉-နှစ်လုံးလုံး မင်းကြီး အဆင့်အတန်းနှင့်ညီမျှသော အလုပ်နှင့်လခ ရရှိခဲ့သည်၊ အခြားထူးခြားချက် များလည်းရှိသေးရာ အရေးကြီးသော အောက်ပါ အုပ်ချုပ်ရေးအပြောင်း အလဲများတွင် ချောမောပြေပြစ် အဆစ်အငေါ့မရှိအောင် ကောင်းစွာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ခြင်းများပင် ဖြစ်သည်။



၇ ဦးဖေသင်လမ်း သင်္ကန်းကျွန်း၊ ရန်ကုန်။

## ဦးဖေသင်

ဦးဖေသင်သည် ဘဖ ဦးသာဒွန်း (အစိုးရ မြေတိုင်း ကျောင်းဆရာ-ဟင်္သာတ) အမိ ဒေါ်အိုတို့မှ ၁၂၅၇-ခု ကဆုန်လပြည့်ကျော် ၁၀-ရက်၊

---

၁။ ရှမ်းပြည် စေ်ဘွားအုပ်ချုပ်ရေးမှ ပြည်နယ်အုပ်ချုပ်ရေးအဖြစ် တနှစ်နှင့်ရှစ်လအတွင်း ပြီးစီးခဲ့သည်။

၂။ ရန်ကုန် စည်ပင်သာယာအဖွဲ့မှ ပြည်သူ့အိုးအိမ်အဖွဲ့သို့ တနှစ်အတွင်း ပြောင်းလဲနိုင်ခဲ့သည်။

၃။ ရန်ကုန်လျှပ်စစ်အဖွဲ့နှင့် ပြည်ထောင်စုလျှပ်စစ်အဖွဲ့နှစ်ဖွဲ့ကို တဖွဲ့တည်း ဖြစ်အောင် ၆-လ အတွင်း ပြီးအောင် ဆောင်ရွက်ခဲ့သည်။

သောကြာနေ့တွင် မွေးဖွားခဲ့သည်၊ ငယ်စဉ်ကပင် ဟင်္သာတမြို့တွင် ခရီယာန်သာသနာပြု(အင်္ဂလိပ်မြန်မာဘာသာသင်)ကျောင်း၌ ပညာသင်ကြားခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ အကြားအမြင် ဗဟုသုတနည်းပါး၏၊ သက်တန်းအလိုက် ခေတ်ပညာဘို့ကိုသင်ကြားခဲ့ရာ ကာလကတ္တားယူနီဗာစီတီ၊ ရန်ကုန်ကောလိပ်ကျောင်း၌ (အိုင်-အေ) အတန်းတွင် သင်ကြားနေခိုက် မွေးသဖခင် ကျေးဇူးရှင်ကြီး ကွယ်လွန်သဖြင့် ကျောင်းထွက်လိုက်ရ လေတော့သည်။ ထို့နောက် ပဲခူး ဝန်ရှင်တော် မင်းကြီးရုံးတွင် အနိမ့်ဆုံးစာရေး အဖြစ်မှ အမှုထမ်းခဲ့ရာ ရုံးချုပ် (ပီ-အေ) အပါးတော်မြဲ အဖြစ်ဖြင့် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် ထမ်းဆောင်ခဲ့လေသည်။

ဂျပန်ခေတ်အတွင်း၌ မိခင်ဖြစ်သူ, နှမဖြစ်သူနှင့် သမီး နှစ်ယောက်တို့သည် လေးရက်အတွင်း ပုလိပ်ရောဂါဖြင့် တနေ့တယောက်ကျ သေဆုံးကြသောကြောင့် စိတ်ထိခိုက်၍ ရူးမလောက် ဖြစ်ခဲ့လေသည်။ ထိုစိတ်ကို ထိမ်းသိမ်းနိုင်ရန် ဟိုမှသည်မှ ဆရာသမားတို့ကို စုံစမ်းစိစစ်၍ ထိုထိုဆရာတို့

---

ဦးညီပုသည် ယခုအခါ မဟာစည်သာသနာ့ရိပ်သာ၌ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်တွင် ဘဏ္ဍာရေးမှူး (ယခု ဒုဥက္ကဋ္ဌ) အဖြစ်နှင့် ပဋိပတ္တိသာသနာ ပြန့်ပွားရေး သာသနာပြု လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ အသက်အရွယ်မှာ ၇၂-နှစ်ရှိနေပြီဖြစ်၏။

၁၉၂၀-ခုနှစ်တွင် ဇလွန်မြို့ မြေပိုင်ရှင် ဦးစံမင်း - ဒေါ်အုံးမြင့်တို့၏သမီး ဒေါ်မြရင်နှင့် အိမ်ထောင်ပြု၍ ၁၉၆၁-ခုနှစ်တွင် ဒေါ်မြရင် ကွယ်လွန်ခဲ့သည်၊ သားတယောက် သမီးတယောက် ထွန်းကားခဲ့ရာ သား ကိုထွန်းလွင် (ပိသုကာ ပြည်သူ့လုပ်ငန်းဌာန) နှင့် သမီး မမြသန်း (ခင်ပွန်း ဦးရီ ပစ္စည်းထိန်းအရာရှိ ပြည်သူ့လုပ်ငန်းဌာန) တို့ ဖြစ်သည်၊

ထံတွင် ဆေးမီးတိုအဖြစ် တရားကိုအားထုတ်ခဲ့လေသည်။ သို့ရာတွင် အောင်မြင်မှုကား မရှိပေ၊ ၁၉၄၉-ခုနှစ်တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်တရား ပြသရန် ကြွရောက်လာသည်ဟု ကြားရသဖြင့် သွားရောက်ဖူးမြော် ကန်တော့လေသည်။

ကံအားလျော်စွာ ထိုအခါတွင် ဆရာတော်ဘုရားကြီးထံ၌ ဒကာကြီး နှစ်ယောက်က သာသနာ့ရိပ်သာတွင် တရားအားထုတ်လိုကြောင်း သို့ရာတွင် နေ့၌ အလုပ်ဘာဝန် အလွန်များသဖြင့် ညအခါ လာရောက် တရားအား ထုတ်ခွင့် ပြုရန် ခွင့်ပန်သည်ကို ခွင့်ပြုမည်၊ မပြုမည်ကို မိန့်ကြားတော်မမူပဲ....

"တခါတုန်းက ဘုန်းကြီးထံ ဒကာကြီးတယောက် ရောက်လာဘူးသည်။ ထိုဒကာကြီးသည် တရားအားထုတ်နည်းတို့ကို ဆေးမီးတို စုဆောင်းသကဲ့သို့ စုဆောင်း၍ သူတပါးမသိစေလိုပဲ မိမိအိမ်တွင် တနေ့ နှစ်နာရီကျ တရားအားထုတ်လေ့ရှိ၏၊ မိမိနှင့် တွေ့စဉ်တုန်းက ထိုဒကာကြီးမှာ သုံးနှစ်မျှ တရားအားထုတ်ခဲ့ပြီးဖြစ်၏၊ တရားအကြောင်း မေးမြန်းကြည့်ရာ ထိုဒကာကြီးသည် ဥဒယဗ္ဗယဉာဏ် အနုပိုင်းလောက် ရောက်နေသည်ကို တွေ့ရ၏။ ယခု ဘုန်းကြီးတို့ပြသနေသည့်အတိုင်း နေ့ရောညပါ ကျကျနန အားထုတ်ပါက ထိုဉာဏ်အဆင့်အတန်းသို့ ၇-ရက်၊ သို့မဟုတ် အကြာဆုံး ၁၅-ရက်နှင့် ရောက်နိုင်မှာပဲ"ဟု ပြောသံ ကြားရ၍ များစွာ စိတ်ဝင်စားသွားခဲ့သည်။ ထို့ကြောင့် ရုံးရောက်သည်နှင့် တပြိုင်နက် ခွင့်တောင်းပြီး အနည်းဆုံး တလတော့ ရိပ်သာတွင် တရားအားထုတ်ရန် ဆုံးဖြတ်လိုက်သည်။

သာသနာ့ရိပ်သာတွင် (၁-၃-၅၀) နေ့တွင် ဝင်ရောက်၍ တရားအားထုတ်ခဲ့လေသည်။ ထိုမှစ၍ အချိန်ရတိုင်း သာသနာ့ရိပ်သာသို့ သွားရောက်လေ့ရှိ၏။ ထိုသို့ သွားရောက်ရာ၌ နိုင်ငံခြားမှပုဂ္ဂိုလ်များ လာရောက်သည်နှင့် မကြာခဏ ဆုံမိကြရာမှ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အရ နိုင်ငံခြားသားတို့နှင့် စကားပြောရာတွင် ဝင်ရောက်၍ ဘာသာပြန် ပေးရလေသည်၊ ထိုသို့ ဘာသာပြန်ပေးရသဖြင့် အလေ့အကျင့် ရလာကာ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အတိုင်း လွယ်လင့်တကူ ပြန်ဆိုနိုင်ခဲ့လေသည်။

ဦးဖေသင်သည် မသိနားမလည်သော အချက်တို့ကို ဘာသာပြန်ရင်း သိရှိနားလည်လာခဲ့သဖြင့် အသိဉာဏ် တိုးပွားလာခဲ့သည့်အတိုင်း သာသနာ့ရိပ်သာတွင် ဆရာတော်ဘုရားကြီး တရားပြသရာ၌ စေတနာဝန်ထမ်း စကား

## မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက် နမ့်ခမ်းမြို့

## ဆရာကြီး ဦးခမ်းဆွယ်

ဆရာကြီးဦးခမ်းဆွယ်သည် နမ့်ခမ်းမြို့ ဟိုနောင်ရပ်ကွက် အဘဦးဆွယ်ခမ်း အမိဒေါ်ဆွယ်ခမ်းတို့မှ ၁၂၆၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

အသက် ၈-နှစ်အရွယ်တွင် နမ့်ခမ်းမြို့ သီရိမင်္ဂလာကျောင်း ဆရာတော် ဘုရားထံ၌ စာဒပသင်ကြားခဲ့သည်။ ထိုဆရာတော်ထံ၌ပင် ရှင်သာမဏေပြု၍ ဗုဒ္ဓစာပေတရားတော်များကို ၇-နှစ်ပတ်လုံး သင်ယူ ခဲ့သည်။ ၁၅-နှစ်အရွယ် တွင် ဆရာတော်ဘုရားထံမှ ခွင့်ပန်၍ ပြန်လာပြီးလျှင် မိဘတို့၏ကိစ္စများကို ကူညီလုပ်ကိုင် နေခဲ့သည်။အထက်အောက်မြို့ရွာများသို့ ကူးသန်း ရောင်းဝယ် ခြင်းနှင့် မှန်စီရွှေချ၊ နိဗ္ဗာန်ကုန်၊ ပန်းပု လက်သမားလုပ်ငန်းများကို လုပ် ကိုင်ခဲ့သည်။ အသက်အရွယ်ရောက်၍အလှူအတန်း ပြုလုပ်ရာတွင် ဘုရားဒကာ အမည်ခံသဖြင့် သံဃာတော် အရှင်မြတ်တို့က (ဘုရားဒကာဆွယ်) ဟု နာမ ကင်ပွန်းတပ် ပေးတော်မူကြသည်။ ငယ်ရွယ်စဉ်မှစ၍ ဗုဒ္ဓ တရားတော်နှင့် စပ်ဆိုင်သော ရှမ်းဘာသာ စာပေ ကျမ်းဂန်များကို ဖတ်ရှု လေ့လာပြီးလျှင် ရှမ်းဘာသာ ကဗျာလင်္ကာ များကို ရေးသားရာ၌ ဝါသနာ ထုံခဲ့သည်။

---

ပြန်အဖြစ် ဆက်လက် ထမ်းဆောင်ခဲ့ရာ ကျန်းမာရေး ချို့တဲ့လာသဖြင့် အနားယူလိုက်ရလေသည်။

ယခုအခါ အသက် ၈၀-ရှိပြီ ဖြစ်သဖြင့် အလွန် မျက်စိမှုံခြင်း၊ ကိုယ်လက် အင်္ဂါဆွံ့ခြင်းတို့ကြောင့် မိမိအိမ်တွင် အာဟုတ်တရားဖြင့် နေထိုင်လျက်ရှိ၏။ နိုင်ငံခြားသားများ တရားအားထုတ်ရာ၌ အထောက်အကူ များစွာ ပေးစွမ်း နိုင်ခဲ့သော ဒကာကြီးတဦး ပေတည်း။

---

၁၃၀၉-ခုနှစ်တွင် မိတ္ထီလာခရိုင် ပန်းအိုင်မြို့ ရှေ့ကျောင်းဆရာတော်ဘုရား ထံ၌ ကမ္မဋ္ဌာန်းတရားကို အားထုတ်ခဲ့ပြီးလျှင် နမ့်ခမ်းမြို့ပဋိပတ္တိသာသနာ နုဂ္ဂဟအသင်း-ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၌ ကမ္မဋ္ဌာန်းနည်းပြဆရာအဖြစ်ဖြင့် ဟောပြောညွှန်ပြလျက် ရှိသည်။

ထိုသို့ ဟောပြော ညွှန်ပြနေစဉ်မှာပင် ၁၃၁၄-ခုနှစ်၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားထံ၌ ခိုလှုံ၍ သတိပဋ္ဌာန် ဝိပဿနာ တရားကို ၄၅-ရက်အထိ လက်တွေ့ကျင့်သုံး အားထုတ် ခဲ့သည်၊ ဉာဏ်စဉ် တရားကို နာရပြီးနောက် ကမ္မဋ္ဌာန်းစစ်မေး ပြောဟောညွှန်ပြပုံ အလုံးစုံ နည်းနိဿယ များကိုလည်း လေ့လာ မှတ်သားခဲ့သည်၊ ယခုအခါ၌လည်း နမ့်ခမ်းမြို့ မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းတိုက် သာသနာ့ရိပ်သာ၌ပင် ကမ္မဋ္ဌာန်း ဆရာကြီးအဖြစ်ဖြင့် ဟောပြောညွှန်ကြား ပြသလျက် ပဋိပတ္တိ သာသနာကို ပြုစုလျက်ရှိသည်၊ ထိုရိပ်သာ၌ လာရောက် အားထုတ်ပြီးသော ယောဂီဦးရေ မှာ (နေ့စဉ်သံတိုး ရေတွက်နည်းဖြင့် ၇၉၈၁၆) ဦး ရှိပြီ ဖြစ်ကြောင်း သိရှိရသည် (အတိအကျ ရေတွက်လျှင်မူ ၇၀၀၀-ထက် များမည်မဟုတ်ပေ။)

ထို့ပြင် ဆရာကြီး ဦးခမ်းဆွယ်သည် မြန်မာဘာသာဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားအပ်သော တရားကျမ်းဂန်စာအုပ် တို့ကို ရှမ်းအမျိုးသားတို့အတွက် ရှမ်းဘာသာပြန်၍လည်း ပဋိပတ္တိသာသနာ ကို ပြုစုလျက် ရှိပေသည်၊ ဆရာကြီး ပြန်ဆိုပြီးသော ကျမ်းများမှာ-

(၁) အရိယာဝါသ တရားတော်

(၂) ဘာရသုတ္တန် ။

(၃) ဝိပဿနာအခြေခံ ။

(၄) မဟာသတိပဋ္ဌာန် တရားတော်ကြီး

(၅) ဓမ္မစကြာ အနတ္တလက္ခဏသုတ် စသည်တို့ပင် ဖြစ်သည်။



## မဟာစည် သာသနာ့ရိပ်သာ သာယာဝတီမြို့

## ဦးသာမြင့်

ဦးသာမြင့်သည် ဟင်္သာတခရိုင် အင်္ဂပူမြို့ ကံဦးရပ် အဘ ဦးကျော်ဒင်–အမိ ဒေါ်ငြိမ်းဒွန်းတို့မှ သက္ကရာဇ် ၁၂၅၈-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဦးသာမြင့်၏ သန္တာန်တွင် သူတော်ကောင်းတရား ကိန်းဝပ် တည်နေခဲ့သည်၊ အရိယာ သူတော်ကောင်းတို့၏ အကျင့်ဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်း အလုပ် အားထုတ်မှု၌ ပျော်မွေ့သည်ကို ထောက်၍ ဦးသာမြင့် သန္တာန်၌ သူတော်ကောင်းတရား ကိန်းဝပ်တည်နေသည်ကို သိနိုင်ပေသည်၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့–ဆိုသည့်အတိုင်း ဦးသာမြင့်နှင့်အတူ ဝိပဿနာ အလုပ် အားထုတ်ကြသော ဓမ္မမိတ်ဆွေတို့မှာ သိုက်သိုက်ဝန်းဝန်း ရှိလှသည်၊ အရိယာ သူတော်ကောင်းတို့၏ မွေ့လျော်နည်းမျိုးဖြင့် တရားနှင့် မွေ့လျော်ရသည်မှာ မွေ့လျော်ဘွယ် တကာတို့တွင် အကောင်းဆုံးသော မွေ့လျော်ဘွယ် ဖြစ်သည်။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။

ယတ္ထ အရဟန္တော ဝိရဟန္တိ၊ တံ ဘူမိ ရမ္မဏေယျကံ။

ဟူသော ခဒိရဝနိယ ရေဝတ ဝတ္ထုလာ ဓမ္မပဒ ဒေသနာတော် အတိုင်း သူတော်ကောင်းတရား ကိန်းဝပ်တည်နေသူတို့ အတွက် ရွာမှဖြစ်စေ၊ တောမှ ဖြစ်စေ၊ (အနိမ့်ပိုင်း) စိုပြေရာမှ ဖြစ်စေ၊ (ကုန်းမြင့်) ခြောက်သွေ့ရာမှ ဖြစ်စေ မည်သည့်နေရာမျိုးမှာမဆို မွေ့လျော် ပျော်ဘွယ် ကောင်းသည်ချည်း ဖြစ်သည်။

ဦးသာမြင့်သည် ၁၃၁၉-ခုနှစ်တွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကောသလ္လ၏ ဟောကြား ညွှန်ပြသည့်အတိုင်း မဟာစည် ဝိပဿနာနည်း ကို အားထုတ်ခဲ့သည်၊ အားထုတ်ပြီးနောက် ယောဂီတို့အား ကမ္မဋ္ဌာန်း ပေးနည်း၊ စစ်ဆေးနည်း ကိုလည်း ဆရာတော် ဦးကောသလ္လ ထံတွင်ရင်း၊ ဆရာတော် ဦးဝဏ္ဏိတ ထံတွင်ရင်း၊ ဆရာတော် ဦးသုဇာတ ထံတွင်ရင်း၊ ဆရာတော် ဦးဇဝန ထံ တွင်ရင်း သင်တန်းတက်ခဲ့သည်။

ထိုသို့ သင်တန်းတက်ပြီးနောက် မဂ်ဃာအုဋ်ကျောင်းကို တည်ရာဌာန ပြု၍ ဦးသာမြင့် ညွှန်ကြားပြသနေသော ကမ္မဋ္ဌာန်း ဌာနခွဲတို့မှာ (၁) သာ ယာဝတီမြို့နယ် ဆင်စခန်း၊ (၂) ရင်းမြို့နယ် စာဖြူစု၊ (၃) ဟသ်ာတ မြို့နယ် သောင်ကြီး၊ (၄) ရင်းမြို့နယ် အင်္ဂပူကံဦးရပ်၊ (၅) သာယာဝတီ ခရိုင် ရေကင်း၊ (၆) သာယာဝတီမြို့နယ် ပန်းဆွဲ၊ (၇) ရင်းမြို့နယ် လှည်းလမ်းကူး၊ (၈) ရင်း ငါးအိမ်စု၊ (၉) ရင်း ကိုးပင်စုတို့ ဖြစ်သည်။

ဦးသာမြင့်၏ သာယာဝတီမြို့ ဆင်ခေန်း သာသနာ့ရိပ်သာတွင် အား ထုတ်ပြီး ယောဂီဦးရေမှာ (၁၀၀၆)ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိ ရသည်။



## ချောင်းပေါက် သာသနာ့ရိပ်သာ တောင်သာမြို့နယ်

## ဆရာကြီး ဦးပု

ဆရာကြီး ဦးပုသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ချောင်းပေါက် ကျေးရွာ အဘ ဦးထွန်းမြိုင်-အမိ ဒေါ်ဆောင်တို့မှ ၁၂၇၁ - ခုနှစ် တော်သလင်း လဆုတ် ၉-ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ်က ချောင်းပေါက်ရွာကျောင်း ဆရာတော်ထံ၌ သူငယ်တို့ တတ်သင့်သော စာပေပညာကို သင်ယူခဲ့သည်။ ထိုဆရာတော် ထံ၌ပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ အသက် ၂၀-အရွယ်တွင် မြင်းခြံမြို့ ကံဆင့်ကျေးရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာ-ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ရဟန်း ၆-ဝါအထိ စာပေကျမ်းဂန်များ ကို သင်ယူခဲ့သည်။

ထိုနောက် လူ့ဘောင်သို့ရောက်ခဲ့သော်လည်း ကံ-ကံ၏အကျိုးကို သိနားလည်ပြီးဖြစ်သည့်အတိုင်းအပြစ်ကင်းသောသမ္မာအာဇီဝအသက်မွေးမှုဖြင့်



မြို့ဘရွာ မဟာစည်သာသနာ့ရိပ်သာ တောင်သာမြို့နယ်

## ဆရာကြီး ဦးရွှေလှိုင်

ဆရာကြီးဦးရွှေလှိုင်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် မြို့ဘကျေးရွာ အဘ ဦးဘိုးစံ-အမိ ဒေါ်ဒေါ်သင်တို့မှ ၁၂၆၁-ခုနှစ်ပြာသိုလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

---

※

လုပ်ကိုင်စားသောက် နေထိုင်ခဲ့သည်။ ပိုလျှံသော ဓမ္မိယသဒ္ဓါပစ္စည်းများဖြင့် ရှင်ဒကာ-ရဟန်းဒကာအဖြစ်ခံယူ၍ ရှင်ပြု-ရဟန်းပြုပေးခြင်း၊ ဇရပ်, တန်ဆောင်း, ကျောင်း ဆောက်၍ လှူဒါန်းခြင်း စသော ကုသိုလ် ကောင်းမှုများကို ပြုလုပ်ဆည်းပူးခဲ့သဖြင့် ရဟန်းဒကာ, ကျောင်းဒကာလည်း ဖြစ်ခဲ့သည်။

ပရိယတ္တိ အခြေခံ အသိဉာဏ်ပြည့်စုံသဖြင့် တကယ်အစစ်အမှန် အားကိုးရမည့် ပဋိပတ်ဝိပဿနာအကျင့်ကိုလည်း ဖြည့်ကျင့်လိုသောကြောင့် ပခုက္ကူမြို့ သုခိတာရာမ သာသနာ့ရိပ်သာဆရာတော် ဦးပညာဝါလံ္ကာရ၊ မြင်းခြံမြို့

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က မြင်းခြံခရိုင် တောင်သာ မြို့နယ် ကံမြဲကျေးရွာ သိမ်ကုန်းကျောင်းတိုက် ဆရာတော် (ဦးကြွက်)ခေါ် ဦးဂုဏထံ၌ အပ်နှံ၍ ဆရာတော်က သတ္တိသားကို ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးတော်မူသည်။ ရှင်သာမဏေအဖြစ်သို့ တက် ရောက်ရာ၌လည်း ထိုဆရာတော် ဦးဂုဏထံမှာပင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် တက်ရောက်ခဲ့သည်။ သဒ္ဒါကြီး၊ န္យာသ၊ သင်္ဂြိုဟ်၊ ဋီကာကျော် စသော ကျမ်း ဂန်များကို ဆရာတော် ဦးဂုဏထံမှာပင် ရှင်သာမဏေအဖြစ်ဖြင့် သင်ကြား ခဲ့သည်။

ဆရာကြီး ဦးရွှေလှိုင်မှာ ပါရမီဓာတ်ခံကလည်း ရင့်သန်, ပင္ဒိရူပ ဒေသ ဝါသ စသော စက်လေးပါးနှင့်လည်း ပြည့်စုံခဲ့၍ ဆရာကောင်း သမား ကောင်းများကို အမှီသဟဲ တကဲပြုခဲ့ရသည်ဖြစ်ရာ စာပေကျမ်းဂန်ဗဟုသုတ လည်းရှိ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌လည်း နက်နက်နဲနဲ သက်ဝင် ယုံကြည်သူဖြစ်သည်။ သာသနာတော်နှင့်စပ်၍ အဖက်ဖက်မှ ပြည့်စုံသူ ဖြစ် သည့်အတိုင်း ၁၃၁၅-ခုနှစ်တွင် မြို့ဘဆရာတော် ဦးသုန္ဒရ (ယခု မြင်းခြံမြို့ မန်ကျည်းပင်စု သာသနာ့ရိပ်သာဆရာတော်) ထံတွင် သတိပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ခဲ့သည်။

အားထုတ်ပြီး၍ တရားအရသာကို ကိုယ်တိုင် သိရှိခဲ့သဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ရှေးကထက်ပိုမို၍ ယုံကြည်လေးစား အားထားပြန်သည်။

---

မန်ကျည်းပင်စုရပ် မဟာစည် သာသနာ့ရိပ်သာခွဲ ဆရာတော် ဦးသုန္ဒရထံ၌ ၎င်း ချဉ်းကပ်ခိုလှုံ၍ ထိုဆရာတော်တို့ ညွှန်ပြသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို ပွားများ အားထုတ်ခဲ့သည်။

ထိုသို့အားထုတ်ပြီးနောက် ယခုအခါ ချောင်းပေါက်ကျေးရွာ သာသနာ့ ရိပ်သာတွင် လာရောက်အားထုတ်ကြသော ယောဂီတို့အား ကမ္မဋ္ဌာန်းဆရာ အဖြစ်ဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို မဟာစည် နည်းနိဿယအတိုင်း ဟောပြောညွှန်ပြလျက်ရှိသည်၊ ၁၃၃၂-ခုနှစ်မှစ၍ ဖွင့်လှစ်သော ထိုရိပ်သာ ၌ လာရောက်အားထုတ်ပြီးသော ယောဂီဦးရေမှာ (၆၂) ဦး ရှိသွားပြီဖြစ် ကြောင်း သိရှိရသည်။



မြို့ဘကျေးရွာ သာသနာ့ရိပ်သာ တောင်သာမြို့နယ်

## ဆရာကြီး ဦးထွန်းလှ

ဆရာကြီး ဦးထွန်းလှသည် ပျဉ်းမနားမြို့နယ် ညိုပင်ကျေးရွာ အဘ ဦးဆော့-အမိ ဒေါ်မြင့်တို့မှ ၁၂၆၉-ခုနှစ် နယုန်တော်လဆန်း ၁၀-ရက်နေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က ဘုန်းတော်ကြီး ကျောင်းတွင် အပ်နှံ၍ ပျဉ်းမနားမြို့ ကြံခင်းကျောင်း ဘုန်းတော်ကြီးက သတို့သားကို ဘာသာရေးအခြေခံ စာပေများကို သင်ကြားတော်မူစေခဲ့သည်။ ထို

---

အခွင့်သင့်တိုင်းလည်း တရားနာသူတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောပြောကာ တရားအားထုတ်ကြရန် တိုက်တွန်းလေ့ ရှိလေသည်။ ဆရာကြီးဦးရွှေလှိုင်၏ ဤသို့သော အရည်အချင်းနှင့် သာသနာတော်၌ ယုံကြည်လေးစား အားထားပုံကို အားရ နှစ်သက်တော်မူသော မြင်းခြံမြို့ မန်ကျည်းပင်စုရပ် သာသနာ့ရိပ်သာဆရာတော်ဦးသုန္ဒရသည် ဆရာကြီးဦးရွှေ

ဘုန်းတော်ကြီးကျောင်းမှာပင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ရာ ကျောင်းသား သာမဏေ အဖြစ်ဖြင့် ကာလကြာမြင့်စွာ ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားအားထုတ်ခဲ့သည်။

ဆရာကောင်းသမားကောင်းတို့ ဟောပြောသော တရားဒေသနာများကို ကြားနာမှတ်သားရသည်ကလည်း တကြောင်း ကိုယ်တိုင်ကလည်း ပါရမီဓာတ်ခံရင့်သန်ခဲ့သူဖြစ်သည်အလျောက် ပိဋကတ် စာပေ ကျမ်းဂန်များကို ကြည့်ရှု လေ့လာမှတ်သားလေ့ရှိသည်ကတကြောင်း တို့ကြောင့် ဆရာကြီး ဦးထွန်းလှမှာ ဗုဒ္ဓသာသနာတော်၌ လေးလေးနက်နက် သက်ဝင်ယုံကြည်ခဲ့သူဖြစ်သည်၊ ကြည့်ရှုမှတ်သား ဗဟုသုတများပြီးဖြစ်သော ဆရာကြီးသည် မြို့ဘ ဆရာတော်ဦးသုန္ဒရ ဟောကြားသော ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရှုမှတ်နည်း သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းများကို ကြားနာရသည့်အခါ ဝိပဿနာ ကမ္မဋ္ဌာန်း တရားကိုကြိုးပမ်း အားထုတ်လိုသော စေတနာသဒ္ဓါတရား ထက်သန် ပွားများလာလေသည်။ ထိုအခါ မြို့ဘ ဆရာတော်ဦးသုန္ဒရ ဟောပြောညွှန်ပြမှုကို ခံယူ၍ ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို ပွားများအားထုတ်ခဲ့သည်။

ဆရာတော့်ထံတွင် လေးလတိုင်တိုင် ကိုယ်ပိုင် အားထုတ်ပြီး နောက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ရှေးကထက် ယုံကြည်မှု ပိုမိုသက်ဝင်လာခဲ့ရာ အခွင့် သင့်တိုင်း ဝိပဿနာကမ္မဋ္ဌာန်းတရားများကို တပါးသောသူတို့အားလည်း ဟောကြား၍ ကြုံတောင့်ကြုံခဲကြုံကြိုက်လာသော ဝိပဿနာတရားကို အားထုတ်ကြရန် ကောင်းကြောင်း တိုက်တွန်းစကားများပါ ထည့်သွင်း ဟောပြောလေ့ရှိသည်။ သာသနာတော်၌ သက်ဝင်ယုံကြည်ပုံနှင့် ဆရာကြီး၏ စွမ်းရည်ကို အားရတော်မူသော ဆရာတော် ဦးသုန္ဒရသည် မြင်းခြံခရိုင် ×

---

လှိုင်အား ဆရာကြီး ဦးထွန်းလှ နှင့် အတူတွဲဖက်၍ မြို့ဘကမ္မဋ္ဌာန်းဌာနတွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်အတိုင်း ထိုကမ္မဋ္ဌာန်းဌာနတွင် ဆောင်ရွက်လျက်ရှိပေသည်။ မြို့ဘကမ္မဋ္ဌာန်းဌာန၌ အားထုတ်ပြီး ယောဂီများမှာ (၄၇၀) ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



ကံမြဲ မဟာစည်သာသနာ့ရိပ်သာ တောင်သာမြို့နယ်

**ဆရာကြီး ဦးငွေဆိုင်**

ဆရာကြီး ဦးငွေဆိုင်သည် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်- ဇဂျမ်းရွာ အဘ ဦးအောင်ထွန်း-အမိ ဒေါ်ဒေါ်ငြိမ်းတို့မှ ၁၂၆၅-ခုနှစ်၊ သီတင်း

---

×

တောင်သာမြို့နယ် မြို့ဘကမ္မဋ္ဌာန်း ဌာနတွင် ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်ရန် ဆရာကြီးအား တိုက်တွန်းတော် မူလေတော့သည်။ ဆရာတော်၏ တိုက်တွန်းချက် အမိန့်အရ ဆရာကြီး ဦးထွန်းလှသည် ယခုအခါ မြို့ဘကမ္မဋ္ဌာန်းဌာနတွင် ရောက်လာသမျှသော ယောဂီတို့အား ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ဟောပြောညွှန်ပြ ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်လျက် ရှိပေသည်။ ထိုကမ္မဋ္ဌာန်းရိပ်သာ၌ အားထုတ်ပြီး ယောဂီ ဦးရေမှာ (၄၇၀) ကျော် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ကျွတ် လဆုတ် ၉-ရက် ဗုဒ္ဓဟူး နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာ အတိုင်း ကျောင်းသားအရွယ် ငယ် စဉ်ကပင် မိဘတို့က သတို့သားငယ်ကို တောင်သာမြို့ ကံမြဲရွာကျောင်း နေဒင်တော်ဖြစ်သော ဆရာတော် ဦးသောဘိတထံ အပ်နှံကြ၍ ဆရာတော် က သတို့သား မောင်ငွေဆိုင်ကို ဘာသာရေး အခြေခံ စာပေများကို သင်ကြားပို့ချ ပေးတော်မူသည်။ ထိုဆရာတော်ထံ၌ပင် မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ရှင်သာမဏေအဖြစ်ဖြင့် ၆-ဝါပတ်လုံး ဆရာတော် ပို့ချသော ပရိယတ္တိ-ပိဋကတ် စာပေ ကျမ်းဂန် များကို ကြိုးပမ်းအားထုတ် သင်ကြားခဲ့ရသည်။

ဆရာကြီး ဦးငွေဆိုင်မှာ ပါရမီဓာတ်ခံကလည်း ရင့်သန်- သပ္ပုရိသူ ပနိဿယ-ဟူသော ဆရာကောင်း သမားကောင်း များနှင့်လည်း ဆုံစည်း မိခဲ့ရပြန်သောကြောင့် ဗုဒ္ဓမြတ်စွာ ဒေသနာတော်များကို ကြည့်ရှုလေ့လာ မှတ်သား ဗဟုသုတ များလှသည်၊ တရားဒေသနာတော်၌ ဗဟုသုတများ သည်အလျောက် သာသနာတော်ကိုလည်း ကြည်ညိုလေးစား အားထားသူ ဖြစ်သဖြင့် မြင်းခြံမြို့ မန်ကျည်းပင်စု မဟာစည် သာသနာ့ရိပ်သာ ဌာနခွဲ ဆရာတော် ဦးသုန္ဒရ (ယခင် မြို့ဘဆရာတော်) ထံ၌ ၄-လပတ်လုံး သတိ ပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ခဲ့သည်။

ကိုယ်တိုင် အားထုတ်ပြီးလျှင် သာသနာတော်တွင် ရှေးကထက် ပို၍ သဒ္ဓါပသန္နများ တိုးတက် ဖြစ်ပေါ်လာသော ဆရာကြီး ဦးငွေဆိုင်သည် မိမိမှတပါး အခြားသော သူတို့အားလည်း မိမိပွားများအားထုတ်ပြီးသော ကမ္မဋ္ဌာန်းတရားကို အားထုတ်စေလိုပြန်ရကား ယခုအခါ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ကံမြဲကျေးရွာ ကမ္မဋ္ဌာန်းဌာနတွင် ဆရာတော် ဦးသုန္ဒရ ၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဟောပြောညွှန်ပြ ကာ သတိပဋ္ဌာန် ဝိပဿနာ သာသနာတော် ပြန့်ပွားရေးကို အားပေး ဆောင်ရွက်လျက် ရှိပေသည်။

ဆရာကြီး ဦးငွေဆိုင် ဟောပြော ပြသနေသော ထိုကံမြဲမဟာသတိပဋ္ဌာန် ရိပ်သာတွင် လာရောက်အားထုတ်ပြီး ယောဂီဦးရေမှာ (၉၀၅) ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရှိရသည်။



## နိဗ္ဗာယ အေးရှာ သာသနာ့ရိပ်သာ တောင်သာမြို့နယ်

## ဆရာကြီး ဦးနက်ကျော်

ဆရာကြီး ဦးနက်ကျော်သည် မြင်းခြံခရိုင် တောင်သာမြို့ ချောင်းပေါက်တိုက်နယ် နိဗ္ဗာယ အေးရှာ အဘ ဦးသံစုံ-အမိ ဒေါ်ဝိုက်တို့မှ ၁၂၆၇ ခုနှစ် တပို့တွဲလဆန်း ၅-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်သည်။

ကျောင်းသားအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာ မြန်မာအမျိုးသားဖြစ်သည့်အလျောက် မိဘတို့က နိဗ္ဗာယအေးရှာကျောင်း ဆရာတော် ဦးပုညထံ အပ်နှံ၍ဆရာတော်က ဘာသာရေးအခြေခံစာပေများကိုသင်ကြားပေးတော်မူသည်၊ မိဘတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ဆရာတော် ဦးပုညထံမှာပင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ထိုအခါ ဆရာတော်က သာမဏေငယ်အား သာမဏေတို့ကျင့်ဝတ်များနှင့် ပိဋကတ်အခြေခံ စာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။ ထိုနောက် ပရိယတ္တိ ဝိသာရဒ ဂဏပါမောက္ခ ပခုက္ကူနိကာယ ဂဏဝါစကအဖွဲ့ဝင် ဆရာတော်ဦးကောသလ္လ၏



ကံမြဲ မဟာစည်သာသနာ့ရိပ်သာ တောင်သာမြို့

ဆရာကြီး ဦးလှဖေ

ထရာကြီး ဦးလှဖေသည် မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ဇေဂျမ်းကျေးရွာ အဘ ဦးဘိုးညာဏ်–အမိ ဒေါ်ငွေမှိတို့မှ ၁၂၆၇-ခုနှစ်၊ တော်သလင်းလဆန်း ၅-ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

တူတော်ဖြစ်ရာ ထိုဆရာတော် ဦးကောသလ္လ ထံတွင် ရှင်သာမဏေ အဖြစ်ဖြင့် ၃–နှစ်ပတ်လုံး ထံရင်းမပြတ် ဆည်းကပ်ကာ ပရိယတ္တိဓမ္မကို အားပါးတရ သင်ယူအားထုတ်ခဲ့ရသည်။

ဆရာကောင်း သမားကောင်းတို့ထံ နိယံမပြတ် ဆည်းကပ်လာခဲ့ရသည့်အတိုင်း ဆရာကြီး ဦးနက်ကျော်မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် အငြိသဖြင့် ရင်းနှီးလာခဲ့သည်။ ပါရမီဓာတ်ခံကလည်း ရင့်သန်သူ ဖြစ်သည့် အလျောက် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ လေးနက်သော သက်ဝင်ယုံကြည်မှုလည်းရှိသည်၊ လေးနက်သော သက်ဝင်ယုံကြည်မှု ရှိခဲ့သည့် အတိုင်း +

ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိဘတို့က မြင်းခြံခရိုင် တောင်သာမြို့နယ်-ကံမြဲကျေးရွာ သိမ်ကုန်းကျောင်းတိုက် ဆရာတော် (ဦးကြွက်)ခေါ် ဦးဂုဏထံ အပ်နှံ၍ ဆရာတော်က သတို့သားအား ဘာသာရေးအခြေခံစာပေများကို သင်ကြား ပေးတော်မူသည်။ ထိုဆရာတော် ဦးဂုဏထံမှာပင် မိဘတို့၏ ပဗ္ဗဇ္ဇာ နုဂ္ဂဟာဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ရှင်သာမဏေ အဖြစ်ဖြင့် ဆရာတော် ဦးဂုဏထံတွင် နှစ်ပေါင်းများစွာ ပရိယတ္တိ စာပေများကို ဝါသနာကြီးစွာဖြင့် မှတ်မှတ်သားသား သင်ကြားလေ့လာ အားသစ်ကြိုးပမ်းခဲ့သည်။

ပါရမီဓာတ်ခံကလည်း ရင့်သန်-သပ္ပုရိသူပနိဿယ-တည်းဟူသော ဆရာကောင်း, သမားကောင်း များကိုလည်း အမှီသဟဲ ပြုခဲ့ရသော ဆရာကြီး ဦးလှဖေမှာ ဗုဒ္ဓမြတ်စွာ ဒေသနာတော်ကို ဆရာကောင်း သမားကောင်းတို့ထံမှ ကြားနာမှတ်သား ကျမ်းဂန်ဗဟုသုတများသူ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အသက်ပေး၍ ကြည်ညိုလေးစား အားထား

---

+ ၁၃၁၄ ခုနှစ်တွင် ဆရာကြီးဦးနက်ကျော်သည် ဆရာတော်ဦးကောသလ္လနှင့်အတူ မြင်းခြံမြို့ အမှတ် ၁ ရပ်ကွက် မန်ကျည်းပင်စု သာသနာ့ရိပ်သာ ပဓာန မဟာနာယ ဆရာတော် ဦးသုန္ဒရထံ၌ ဆရာတော်ဟောကြားညွှန်ပြသော သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်ခဲ့ရသည်။

ကိုယ်တိုင် ကျနစွာအားထုတ်ပြီးနောက် တရားအရသာ တွေ့ပြီးဖြစ်သော ဆရာကြီးမှာ ဝိပဿနာ တရားကို ပစ်ခွါမထားနိုင်ဘဲ ကိုယ်တိုင်ဆက်လက် အားထုတ်ရင်း မြင်းခြံခရိုင် တောင်သာမြို့ ချောင်းပေါက်တိုက်နယ်နိဗ္ဗာယအေးရွာမဟာစည်ဌာနခွဲ သာသနာ့ ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် နီးဝေးဝန်းကျင်မှ ရောက်လာသမျှသော ယောဂီတို့အား မဟာသတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ဟောကြားညွှန်ပြ ပဋိပတ္တိသာသနာတော်ကို ပြန့်ပွါးအောင် ဆောင်ရွက်လျက်ရှိပေသည်။

ထိုသာသနာ့ရိပ်သာသို့ ရောက်လာအားထုတ်ပြီး ယောဂီ ဦးရေများမှာ (၃၀)ကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။



## သစ္စေးကုန်း မဟာမင်္ဂလာအောင်မြေရိပ်သာ တန့်ဆည်မြို့

## ဆရာကြီး ဦးချစ်ထွန်း

ဆရာကြီး ဦးချစ်ထွန်း သည် တန့်ဆည် မြို့နယ် သစ္စေးကုန်း မြောက်ရွာ အဘ ဦးဘိုးသ-အမိ ဒေါ်ညှာတို့မှ သက္ကရာဇ် ၁၂၇၆-ခုနှစ် ပြာသိုလပြည့်ကျော် ၆-ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

ခဲ့ရကား-၁၃၃၀-ပြည့်နှစ်ဘွင် မြင်းခြံမြို့ မဟာစည် သာသနာ့ရိပ်သာ ဌာနခွဲ ဆရာတော် ဦးသုန္ဒရာဘိဝံ ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ရက်ချည်လများ ကြိုးစားအားထုတ်ခဲ့သည်။

ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို ကိုယ်တိုင် အားထုတ်ပြီးရာ၌ ဆရာကြီး ဦးလှဖေမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ရှေးကထက် ပိုမို ကြည်ညိုလေးစား သဒ္ဓါတရား ပွားများလာခဲ့သည့်။ ထိုကြောင့် မိမိလည်း မပြတ်ပွားများ-သူတပါးတို့အားလည်း ဟောပြောပြသလျက် ဆရာကြီးဦးငွေဆိုင်နှင့် တွဲဖက်ပြီးလျှင် မြင်းခြံ – မန်ကျည်းပင်စု သာသနာ့ရိပ်သာ ဆရာတော် ဦးသုန္ဒရ၏ ဩဝါဒကိုခံယူကာ မြင်းခြံခရိုင်တောင်သာမြို့နယ်ကံမြဲသာသ

မိဘတို့က သတို့သားကို ကျောင်းသားအရွယ် ငယ်စဉ်ကပင် သစွေး ကုန်းရွာကျောင်း ဆရာတော် ဦးသီရိထံ အပ်နှံ၍ ဆရာတော်က သာသာ ရေး အခြေခံစာပေများကို သင်ကြားပေးတော်မူသည်။

ထိုရွာကျောင်းဆရာတော်၏ ထံမှာပင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့သည်။ ရှင်သာမဏေတို့၏ ကျင့်ဝတ်သိက္ခာပုဒ်ဖြစ်သော လိင်-ဒဏ်-သေခိယ-စုဒ္ဒသခန္ဓကဝတ်နှင့် ပရိယတ္တိအခြေခံစာပေတို့ကို သင်ယူခဲ့သည်။

ဘဝအခြေကောင်းခဲ့သူတို့မှာ ဘုရားရှင်သာသနာတော်နှင့် တွေ့ကြုံရာ၌ ရေကန်အသင့်, ကြာအသင့် ဆိုသကဲ့သို့ ကုသိုလ်ကောင်းမှုဖြစ်ဖို့ သဒ္ဓါတရား ကလည်းအသင့် ဆရာသမားကလည်းအသင့် ဖြစ်လာတတ်ကြသည်။ ဦးချစ်ထွန်းမှာလည်း ဘဝအခြေခံကောင်းသူဖြစ်သည်။ အချိန်တန်သည့်အခါတွင် ရွှေဘိုခရိုင် ရေဦးမြို့နယ် ပင်စည်ရွာ ရွှေပေါ်ကျွန်းရိပ်သာ ဆရာတော် ဦးသုမန လို ဆရာကောင်းနှင့် တွေ့ခဲ့ရသည်။

ဘဝအခြေခံ ကံကောင်းပြီး ဖြစ်သည်အလျောက် ဆရာတော် ဦးသုမန လို ဆရာသမားနှင့်တွေ့ရသဖြင့် ထိုဆရာတော်ထံ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ဝိပဿနာရှုနည်း နိသျည်းကို စနစ်တကျ ခံယူရရှိခဲ့သူဖြစ်သည်။ သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်ရကား ၎င်းဝိပဿနာရှုနည်းကို ကိုယ်တိုင်အားထုတ်ကြိုးပမ်းရရုံမျှဖြင့် ကြေနပ်မနေပဲ ဘဝပေါင်းများစွာလွန်သော်လည်းတွေ့ရကြုံရခဲသော ၎င်းဝိပဿနာတရားတော်ကို သူတပါးတို့အားလည်း မိမိလိုပင် အားထုတ်စေလို, တရားအရသာကို တွေ့စေလိုသော သဒ္ဓါ-ဆန္ဒများ ဖြစ်ပေါ်ခဲ့သည်။

ထိုကြောင့် ဆရာတော် ဦးသုမနထံတွင် စနစ်တကျ ကြိုးပမ်းအားထုတ်ပြီးနောက်ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ၊သစွေး ကုန်း မဟာမင်္ဂလာအောင်မြေ +

---

နာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်လျက် ရှိပေသည်။ ထိုဆရာကြီး ဦးလှဖေဘွဲ့ဖက် ဆောင်ရွက်နေသော သာသနာ့ရိပ်သာတွင် အားထုတ်ပြီး ယောဂီဦးရေမှာ (၉၁၅) ဦး ရှိသွားပြီ ဖြစ်ကြောင်းသိရှိရသည်။



ရှာထောင် ဝိပဿနာသာသနာပြန့်ပွားရေး အောင်လံမြို့

## အတွင်းရေးမှူး ဦးစံငွေ

ဦးစံငွေသည် အောင်လံမြို့ ရှာထောင်ရွာ အဘ ဦးလူကျော့ - အမိ ဒေါ်ပုတို့မှ ၁၂၇၁-ခုနှစ် တော်သလင်းလဆန်း ၃-ရက် (၁၅-၉-၂၀) ဗုဒ္ဓဟူးနေ့ဘွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

---

+ ရိပ်သာတွင် ရောက်လာသမျှ ယောဂီတို့အား သတိပဋ္ဌာန် ကမ္မဋ္ဌာန်း တရားကို ဟောကြားပြသလျက်ရှိပေသည်၊ ထိုရိပ်သာသို့ လာရောက် အားထုတ်ကြပြီးသော ယောဂီဦးရေမှာ ( ၉၀ ) ကျော်ရှိသွားပြီဟု သိရသည်။

ဦးစံငွေသည် ကျောင်းဆရာဖြစ်သောကြောင့် အရာရာတွင် သဘာဝကျကျ သုံးသပ်ဆင်ခြင်နိုင်သူဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။ ဝိပဿနာသာသနာ ပြုအဖွဲ့၏ အဘွင်းရေးမှူးဖြစ်သောကြောင့် ဗုဒ္ဓတရားတော်များကို လေးလေး နက်နက် လေ့လာသူဖြစ်ကြောင်းကိုလည်း ခန့်မှန်းသိနိုင်သည်။

ထို့ကြောင့်ပင် ဦးစံငွေသည် ကျောင်းအုပ်ဆရာကြီးဖြစ်သော ကမ္မဋ္ဌာန်း ဆရာ ဦးအောင်သန်းထံ၌ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ၉-ပိုင်းလုံးသင်ယူ ပြီးနောက် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့မှ ကြီးမှူးကျင်းပသော အဘိဓမ္မာ စာမေးပွဲ၌ ဝင်ရောက် ဖြေဆိုရာတွင် ၉ - ပိုင်းစလုံး အောင်မြင်သည့်ပြင် အလယ်ဆင့်၌ မြန်မာတပြည်လုံးတွင် ဒုတိယစွဲခဲ့သဖြင့် ဒုတိယဆုရခဲ့သူလည်း ဖြစ်ပေသည်။

ကမ္မဋ္ဌာန်းဆရာကြီး ဦးအောင်သန်းထံ၌ အဘိဓမ္မာစာပေကျမ်းဂန်ကို သင် ယူပြီးနောက် သတိပဋ္ဌာန် ဝိပဿနာတရားကိုလည်း စနစ်တကျ ပွားများ အားထုတ်ခဲ့သည်။ ထိုသို့အားထုတ်ပြီးနောက် ဆရာကြီး ဦးအောင်သန်း ကွယ်လွန်သွားသောအခါ ထိုဆရာကြီး၏နေရာတွင် ဝင်ရောက်၍ ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်လျက်ရှိသည်။ တဖက်မှ ဝိပဿနာ သာသနာပြုအဖွဲ့ ၏ အဘွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် တဖက်မှ ကမ္မဋ္ဌာန်းဆရာအဖြစ် ဆောင်ရွက်ကာ အောင်လံမြို့ ရွာထောင်ရွာ သာသနာ့ရိပ်သာ၌ လာရောက် အားထုတ်ကြသော ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို ဟော ကြားညွှန်ပြလျက်ရှိသည်။ ထိုရိပ်သာ၌ လာရောက်အားထုတ်ပြီးသော ယောဂီ ဦးရေမှာ နေ့စဉ် ထပ်တိုး ရေတွက်နည်းအားဖြင့် (၃၁၁၇) ဦးရှိကြောင်း သိရှိရသည်။

# မဟာစည် ပဋိပတ္တိ သာသနာဝင်၊

# နိဂုံး

၁။ မဟာစည် နာမဓေယျာယံ၊ ဝိသေသ ပဋိပတ္တိယံ၊
စုံသ အာရဒ္ဓ ထေရာနံ၊ ရစယိံ သုဋ္ဌု ဒါနိ တံ။

၂။ ယထာဗလံ စ ကိစ္စာပိ၊ ရစယိံ သုဋ္ဌု ဒါနိ တံ၊
ပရိယေသိယ လဒ္ဓံဝ၊ သေသာ ပန ဗဟူ ဂုဏ။
အပ္ပေဝ တေပိ ပူရေယျုံ၊ ယုတ္တကာလေ ပဝေသိယ။

၃။ စိရံ တိဋ္ဌတု’ယံ ဝံသော၊ တိဋ္ဌန္တော ဇနသန္တာနေ၊
ဝုဍ္ဎိဝုဍ္ဎျာစ ဝေပုလ္လော၊ ဥဒယောဒယ အဂ္ဂတ္တံ။

၄။ ဇနာ မောဒန္တု ပဿန္တာ၊ ထေရဝံသံ သုမာနိတံ၊
ပသန္နာ တုဋ္ဌစိတ္တာ စ၊ ဘဝန္တံ ပုညဘာဂိတာ။

၁။ မဟာစည် နာမဓေယျာယံ၊ တိုင်းပြည်တလွှား လွန်ကျော်ကြား၍ မဟာစည်ဟူသော အမည်ဖြင့် အင်မတန်ထင်ရှားသော။ ဝိသေသပဋိပတ္တိယံ၊ ပရိယတ်ထက် ထူးတက်ကဲလွန် အမှန်ထွင်ရှတပ် မဟာသတိပဋ္ဌာန် ပဋိပတ် အကျင့်မြတ်၌။ အာရဒ္ဓ–ထေရာနံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော မဟာထေရ်မြတ်တို့၏။ ယံ ဝံသံ၊ နွယ်လာမပျက် အကြောင်းစဉ်အဆက်ကို။ ဝါ၊ အကြောင်း မဟာစည် ပဋိပတ္တိ သာသနာဝင်ကို။ ဒါနိ၊ ၁၃၃၄ ခု ဥတုဂိမှ တန်ခူး မာသ ဆန်းပက္ခအရောက် ၁၅–ရက်မြောက်၌။ သုဋ္ဌု၊ ဘေးမသီ ရန်မခ အေးမြကြည်သာ ချမ်းသာစွာ။ အဟံ၊ မဟာစည် မွေကထိက အဖွဲ့မှ လျှင် ချာသားဝန်တာ မဖယ်သာသော ငါသည်။ ရစယိံ၊ ရေးသားပြီးပြင် စီစဉ်၍ ပြီးလေပြီ၊

၂။ စ၊ ဆိုဘွယ်အထူး ဆိုပါဦးအံ့။ ဒါနိ၊ ရောက်လာကာလ ခါသမယ၌။ ယထာဗလံ၊ ကိုယ်အား ဉာဏ်အား ရှိငြားသလောက် အင်အားအလျောက်။ ပရိယေသိယ၊ ကိုယ်တိုင်ရော စာပါ သွားသာဝေးနီး ရှာမှီးစုဆောင်း၍။ လဒ္ဓံဝ၊ ခက်ခဲလွန်မြောက် စုဆောင်းမိသလောက်သာလျှင်ဖြစ်သော။တံ ဝံသံ၊ နွယ်လာမပျက် ထိုမထေရ်တို့၏ အစဉ်အဆက်ကို။ ဝါ၊ ထိုမဟာစည် ပဋိပတ္တိ သာသနာဝင်ကို။ သုဋ္ဌု၊ လေးစားဖွေစု ကောင်းစွာပြု၍။ ကိစ္စာပိ ရစယိံ၊ ဖွေစုပြီးပြင် စီစဉ်သည်ကား မှန်ပါ၏။ ပနတထာပိ၊ လေးစား

ဖွေရှာ ့ထိုသို့ပင် စီစဉ်ပါသော်လည်း။ ဣဓ၊ လေးစားသမှု ဖွေစုစီစဉ်ပြီး ဤမဟာစည် ပဋ္ဌိပတ္တိ သာသနာဝင်ကြီး၌။ သေသာ၊ အခက်အခဲများစွာ ရှိသည့်တာကြောင့် ဖွေရှာခွင့်မရ ကြွင်းကျန်ရစ်ကြသော ပဋ္ဌိပတ္တိသာသနာ့ နွယ်ဝင် ထေရ်အရှင်တို့သည်။ ဗဟူ၊ သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား စသော များပြားလှပါကုန်၏။ တေပိသေသေ၊ ကြွင်းကျန်ရစ်သမျှ သာသနာ့ နွယ်ဝင် ထိုအရှင်တို့ကိုလည်း။ ယုတ္တကာလေ၊ အကြောင်းညီမျှ သင့်လျော်သော နောင်ကာလ၌။ ပဝေသိယ၊ ထပ်မံဖြည့်တင်း ထည့်သွင်းဖော်ပြ၍။ အပေ့ဝပုရေယျံ၊ စီစဉ်ဘွယ်အကြောင်း နောက်တကြိမ် ထပ်လောင်း၍ ပြည့်စုံကောင်း ပြည့်စုံနိုင်ရာပါ၏။

၃။ အယံ ဝံသော၊ ဤမဟာစည် ပဋ္ဌိပတ္တိသာသနာဝင် နွယ်အစဉ်သည်။ စိရံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်တည်သမျှ ကာလတောင်တာ ကြာမြင့်စွာ။ တိဋ္ဌတု၊ မပျိုမကွဲ အမြဲမြစ်ခြေ တည်ပါစေသတည်း။ ဇနသန္တာနေ၊ ကြိုးအားမလပ် နှစ်ပကျင့်ကြံ လူတို့သန္တာန်၌။ တိဋ္ဌန္တော၊ ကိန်းဝပ်ကျင်လည် အမြဲတည်လျက်။ အဂ္ဂန္တံ၊ အောက်မက် အောက်ဖိုလ် မိုဃ်ဗြဲမ်းခိုလျက် အရဟတ္တ ဖိုလ်သို့တိုင်အောင်။ ဥဒယောဒယ၊ ဆက်အားမပျက် တောက်လျှောက်တက်၍ တက်၍။ ဝုဍ္ဎုဝုဓော့စ၊ များသည်ထက်များ ငွါးငွါးထက်မြင့် ပွားလည်း ပွားလင့် ပါစေသတည်း။ ဝေပုလ္လောစ၊ ကမ္ဘာအနှံ့ ပျံ့လျက်နှင်နှင် စည်လည်းစည်ပင်ပါစေသတည်း။

၄။ သုမာနိတံ၊ ဝိပဿနာ ဓမ္မနှင့်စပ် အကျင့်မြတ်ဖြစ်သဖြင့် တင့်အပ်လျောက်ပတ် အင်မတန်မြတ်နိုးအပ်သော။ ထေရဝံသံ၊ ကမ္မဋ္ဌာနာစရိယ နွယ်ဝင် ထေရ်အစဉ်ကို။ ဝါ၊ မဟာစည် ပဋ္ဌိပတ္တိသာသနာဝင်ကို။ ပဿန္တာ၊ သိမှတ်သမှု သတိပြု၍ ဖတ်ရှုကြရကုန်သော။ ဇနာ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည်။ မောဒန္တု။ ဝမ်းမြောက်သမှု သာဓုနုမော် ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။ ပသန္နာစ၊ သဒ္ဓါတက်ကြွ ကြည်ညိုကြကုန်သည်ဖြစ်၍ငင်း။ တုဋ္ဌစိတ္တာစ၊ နှလုံးနှစ်မျို့ ပီတိပျိုလျက် စိမ့်စိုမွန်းထုံ နှစ်သက်သောစိတ် ရှိကုန်သည်ဖြစ်၍ငင်း။ ပုညာဘာပိတာ၊ မဟာသတိပဋ္ဌာန် ပဋ္ဌပတ် အကျင့်မြတ်ကို မပြတ်လျှင်လျား လွန်ကြိုးစား၍ ပွားများ အားထုတ်နိုင်ကြကုန်သည်။ ဘဝန္တံ-ဘဝန္တု၊ သာသနာတော် ကုန်ဆုံးသည့်တိုင်အောင် ခိုင်ခိုင်မြဲမြဲ တည်စွဲမလစ် ဖြစ်ရစ်ကြပါစေကုန်သတည်း။

ကောဇာ ၁၃၃၄-ခု၊ တန်ခူးလဆန်း ၁၅-ရက်နေ့။
သာသနာတော်-၂၅၁၆။

### မဟာစည် သတိပဋ္ဌာန် အဖွဲ့လုံးဆိုင်ရာ

## စည်းမျဉ်း ဥပဒေများ

# နိဒါန်း

---

နမော ဗုဒ္ဓဿ ဝိနယ ပညာပကဿ တံ ဝဏ္ဏာဝါဒိနော။

မည်သည့်လုပ်ငန်းမဆို အများနှင့် သက်ဆိုင်လျှင် စည်းမျဉ်းလည်း ရှိရမည်၊ ထိုစည်းမျဉ်းကိုလည်း ရိုသေရမည်၊ သို့မှသာလျှင် ထိုလုပ်ငန်းသည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်နိုင်သည်၊ အရှည်လည်း တည်တံ့ ထွန်းကား ကြီးပွားသွားနိုင်ပေသည်၊ စည်းမျဉ်းမရှိလျှင် သို့မဟုတ် စည်းမျဉ်းကို မရိုသေလျှင်ကား အပြစ်များစွာ ဖြစ်ပေါ်လာပြီးလျှင် မကြာမီပင် ပျက်စီးသွားတတ်ပေသည်။

သို့ဖြစ်၍ လောကရေးရာဘွင် ကြီးကျယ်သောလုပ်ငန်း ဟူသမျှမှာ စည်းမျဉ်းများကို ထားကြသည့်အပြင် စည်းကမ်းသေဝပ်သော လူတော်လူကောင်းများကိုလည်း တာဝန်ဆောင် အဖြစ်ဖြင့် ရွေးချယ်၍ ခန့်ထားကြပေသည်။ ဤသို့ခန့်ထားကြရာတွင် စည်းမျဉ်းနှင့် တာဝန်ဆောင်ပုဂ္ဂိုလ် ၂-မျိုးလုံးက ကောင်းလေလေ လုပ်ငန်းမှာ ကြီးပွားလေလေ ဖြစ်ပေသည်။

ဤစည်းမျဉ်းကောင်း တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်းများမှာ လောကရေးရာ၌သာ လိုသည်မဟုတ်သေး၊ လောကမှ ထွက်မြောက်ရေး ဖြစ်သော ဗုဒ္ဓသာသနာတော်ကြီး၌လည်း နည်းတူပင် လိုလျက်ရှိပေသည်။ ဤ ၂-မျိုးတို့ဘွင် စည်းမျဉ်းကောင်းရှိပါမှ စည်းမျဉ်းကိုရိုသေသော တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်းလည်း ပေါ်လာနိုင်ပေသည်၊ စည်းမျဉ်းမျှပင် မရှိလျှင်ကား စည်းမျဉ်းကိုရိုသေသူ တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်း အဘယ်မှာ ပေါ်လာနိုင်ပါတော့အံ့နည်း။ ဤအရာ၌ ဝိပဿီ-သိခီ-ဝေဿဘူ ဟူသော ဘုရားရှင် ၃-ဆူတို့သည် ရဟန်းတော်များ၏ စည်းမျဉ်းဖြစ်သော ဝိနည်းကို ပညတ်တော်မမူခဲ့သောကြောင့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကောင်းများ မပေါ်လာနိုင်သဖြင့် ထိုဘုရားရှင်တို့၏ သာသနာတော်သည် ကြာရှည်စွာ မတည်

တံ့ဘဲ လျင်မြန်စွာ ကွယ်ပသွားသည် ဟု မိန့်ဆိုထားသော ဘုရားစကား တော်ကို ထောက်ထားသင့်ပေသည်။

## စည်းမျဉ်းမရှိလျှင် သာသနာ အရှည် မတည်နိုင်

အထက်ပါထောက်သားဘွယ်ကို အနည်းငယ် ချဲ့၍ ပြရလျှင် ဤ ၃-ဆူ သော ဘုရားရှင်တို့သည် ထိုခေတ် ထိုအခါက ဝေနေယျတို့၏ အဇ္ဈာသယ အားလျော်စွာ သုတ္တ ဂေယျ စသော တရားတော်ကိုလည်း ကျယ်ပြန့်စွာ မဟောမူ၍ အကျဉ်းမျှသာ ဟောတော်မူကုန်၏။ ဝိနည်းကိုလည်း ကျယ်ပြန့် စွာ ပညတ်တော်မမူကုန်၊ ပြာတိမောက်ချကိုသာ ဟောပြတော်မူကုန် ၏၊ ထို့ကြောင့် ထိုဘုရားရှင်တို့နှင့်တကွ အနုဗုဒ္ဓဖြစ်သော ဘုရားတပည့် သာဝကကြီးများ ကွယ်လွန်တော်မူသွားကြပြီးသော နောက်ကာလ၌ ထို ဘုရားရှင်တို့ ပြုစု ပျိုးထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးများသည် ဆရာတပည့် ၂-ဆက် ၃-ဆက်မျှဖြင့် ကွယ်ပသွားကြရှာလေတော့၏။

ကွယ်ပရပုံမှာ ထိုစဉ်အခါများ၌ သာသနာတော်သို့ ဝင်ရောက်လာကြ သော ပုဂ္ဂိုလ်များမှာ လူမျိုးတမျိုးတည်းလည်း မဟုတ်ကြ၊ ဇာတ်အနွယ် အားဖြင့်လည်းမတူကြ၊ ဤသို့အမျိုးမျိုး ဇာတ်အနွယ်မတူကြလျှင် အယူ အဆ အတွေးအခေါ်များလည်း ကွဲပြားလျက်ရှိကြပေမည်။ သို့ဖြစ်၍ ထို နောက်ဆက်တွဲ ရဟန်းတို့သည် မှီငြမ်းပြုစရာ ဓမ္မဝိနယ အကျယ် များက လည်း မရှိသည့်အတွက် မိမိတို့ထင်သလို ယူဆကြ ကျင့်ကြံကြ ဟောပြော ကြမည်မှာ ယုံမှားဘွယ်မရှိပေ၊ ထိုစဉ်အခါတွင် မည်သို့ပင် မှားယွင်းစွာ ကျင့်ကြံပြောဟောနေစေကာမူ ဝိနည်းစည်းမျဉ်းနှင့်တကွ သုတ္တ ဂေယျ စသော တရားတော်ကလည်း ကျယ်ကျယ်ပြန့်ပြန့် မရှိသဖြင့် အခြားပုဂ္ဂိုလ် များကလည်း ဆုံးမပြုပြင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ထိုနောက်ဆက်တွဲ ရဟန်းတော်တို့သည် ထင်ရာကို ပြောဟော ကျင့်ကြံကြလျက် ထိုဘုရားရှင် တို့၏ မွန်မြတ်လှစွာသော သာသနာတော်ကို သူတို့၏ လက်ထက်မှာပင်ကွယ်ပ စေကြကုန်၏၊ ထို့ကြောင့်"တေသံ ပြဟ္မစရိယံ ခိပ္ပမေဝ အန္တရဓာပေယံ" ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်။ (ဓမ္မသံဝေဂ ဖြစ်ဘွယ်ပေ တည်း။ ဤနောက်ပိတ်ဆုံး သာဝကမျိုး မဖြစ်စေရန် သတိ ပြုသင့်လှ ပေ၏။)

## စည်းမျဉ်းခိုင်ခံ့မှ သာသနာ အရှည်တည်တံ့သည်

ကကုသန်- ကောဏာဂုံ- ကဿပ- ဟူသော ဤဘုရားရှင် ၃-ဆူတို့၏ သာသနာတော်သည်ကား စည်းမျဉ်းခိုင်ခံ့၍ ကြာရှည်စွာ တည်တံ့သည်ဟု

မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်၊ အနည်းငယ်ချဲ့၍ ဖော်ပြရလျှင် ၃–ဆူသော ဘုရားရှင်တို့သည် သုတ္တ ဂေယျ စသော တရားတော် ကိုလည်း ကျယ်ပြန့်စွာ ဟောတော်မူကုန်၏၊ ဝိနည်းကိုလည်း ကျယ်ပြန့်စွာပင် ပညတ်တော်မူကုန်၏၊ ထိုကြောင့် ထိုဘုရားရှင်တို့နှင့်တကွ အနုဗုဒ္ဓ ဖြစ်တော်မူကြသော ဘုရားတပည့်သာဝကအဆက်ဆက်တို့သည် ထိုဘုရားရှင်တို့တည်ထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးများကိုအဓွန့်ရှည်စွာသောကာလပတ်လုံး အခြေမပျက် တည်တံ့သွားအောင် စောင့်ရှောက်တော်မူနိုင်ကြပေသည်။

စောင့်ရှောက်ပုံမှာ ထိုအခါများ၌ သာသနာတော်သို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်တို့သည် အမျိုးဇာတ်အနွယ် အယူအဆမတူကြစေကာမူ တဦးဦးက မှားယွင်းစွာ ပြောဟောကျင့်ကြံခဲ့လျှင် အကျယ်ပညတ် ဟောကြားထားသော ဝိနည်းစည်းမျဉ်းများဖြင့်၎င်း၊ သုတ္တ ဂေယျ စသော သြဝါဒ တရားတော်များဖြင့်၎င်း၊ အခြားပုဂ္ဂိုလ်တို့က ဝိုင်းအုံ၍ ဆုံးမပြုပြင်ကြသောကြောင့် ထိုမှားသော ပုဂ္ဂိုလ်လည်း အမှားကိုပယ်ဖျောက်၍ အမှန်သို့ ရောက်သွားလေတော့သည်။ ဤနည်းဖြင့် ဘေးရန် အန္တရာယ်များကို ပယ်ရှားကာကွယ်ကြ၍ ထိုဘုရားရှင်တို့၏ သာသနာ တော်ကို ဆရာတပည့် အဆက်ဆက် ရှည်မြင့်စွာသော ကာလပတ်လုံး တည်တံ့နေအောင် စောင့်ရှောက်ထားကြပေကုန်၏၊ ထို့ကြောင့် "တေသံ–ဗြဟ္မစရိယံ စိရံ ဒီဃမဒ္ဓါနံ ထပေသိ" ဟုမြတ်စွာဘုရားက အရှင် သာရိ ပုတြာအား မိန့်ကြားတော်မူပေသည်။

(အားကျဘွယ် အတုယူဘွယ်ကောင်း၏၊ ဤသာသနာပြု သာဝကမျိုး ဖြစ်အောင် ကြိုးစားသင့်လှပေ၏။)

## သာသနာအရှည် တည်စေလို၍ ဝိနည်းစည်းမျဉ်းကို တောင်းပန်ရသည်

အထက်ပါ မိန့်ခွန်းတော်များကို ကြားရ၍ အရှင်သာရိပုတြာက သာသနာတော် အရှည်တည်တံ့ရေး အတွက် ဝိနည်း သိက္ခာပုဒ်များကို ပညတ်တော်မူရန် တောင်းပန် လျှောက်ထားခဲ့ပေသည်။ ဤသို့ တောင်းပန်သည့်အတိုင်း အချိန်တန် အခါကျသော နောက်ကာလများ၌ မြတ်စွာဘုရားက ဝိနည်း သိက္ခာပုဒ်တော်များကို ပညတ်ထားတော် မူခဲ့ပေသည်။ ထိုကြောင့်ပင် ဘုရားရှင်နှင့်တကွ အနုဗုဒ္ဓဖြစ်တော်မူကြသော ဘုရားတပည့်

သား သာဝကကြီးများ ကွယ်လွန်သွားကြသော်လည်း သာသနာတော်နှစ် (၂၄၉၆)ခုမြောက် ယခုကာလဘိုင်ခေအောင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဘုရားစကားတော် အလုံးစုံ ဟူသော ပရိယတ္တိ သာသနာတော်ကြီးသည် နေ့လ အလားကဲ့သို့ ထင်ရှားပြည့်စုံစွာ တည်တံ့လျက် ရှိပေသည်။ ဤ ပရိယတ္တိသာသနာ ပြည့်စုံစွာ တည်ရှိနေသောကြောင့် ပင်လျှင် ပဋိပတ္တိ သာသနာတော်သည်လည်း တည်ရှိနေပါပေသည်။ ဤ အခြေခံ သာသနာ တော် ၂-ပါးလုံး အပြည့်အစုံ တည်ရှိနေသောကြောင့် ပင်လျှင် မဂ်ဖိုလ် ဟူသောပဋိဝေဓ သာသနာတော်သည်လည်း နည်းလမ်းမှန်စွာ အပြည့်အစုံ ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့၏သန္တာန်၌ အထင်အရှား ဖြစ်ပွားလျက် တည်ရှိပါပေသည်။ နောင်ကာလ၌လည်း နှစ်ပေါင်း(၂၅၀၀) ကျော် အထိ သာသနာတော် တည်တံ့သွားပေဦးမည်။ (ဝိနည်းစည်းမျဉ်းရှိ၍ ယခုခေတ် ဗုဒ္ဓသာသနာဝင်များ သာသနာ့ အရသာကို မိမိတို့ ပါရမီ ရှိသလောက် တွေ့ရ သိရ ခံစား နေရပါပေသည်ဟု နှစ်လုံးသွင်း၍ ဝိနည်း စည်းမျဉ်းကို အထူးသဖြင့် အလေးပြုသင့်ပေ၏)။

ယခုဖော်ပြသည့် အတိုင်း မြတ်စွာဘုရား၏ သာသနာတော် အပြည့်အစုံ တည်ရှိနေသောကြောင့်ပင်လျှင် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး သည်လည်း ဆရာမြတ်တို့၏ နည်းဥပဒေသများနှင့် တကွ သတိပဋ္ဌာနသုတ် အစ ရှိသော ပရိယတ္တိ သာသနာတော်ကြီးကိုပင် အမှီပြု၍ သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းတရားဟူသော ပဋိပတ္တိ သာသနာတော်ကို အထင်အရှား ဟော ကြား ညွှန်ပြ၍ လာခဲ့သည်မှာ ၁၅ -နှစ်ခန့်ရှိခဲ့လေပြီ၊ ဤ ဝိပဿနာ ပဋိပတ္တိ အလုပ်ကို အားထုတ်ကြကာ ကိုယ်ပိုင်ဉာဏ်အတွေ့ဖြင့် နှစ်နှစ်ချိုက်ချိုက် သဘောကျနေသော ရဟန်း ရှင်လူ အပေါင်းမှာလည်း ထောင်သောင်းမက များပြားလှလေပြီ၊ဤပုဂ္ဂိုလ်အပေါင်း ထောင်သောင်းများစွာတို့တွင် စာပေ ကျမ်းဂန် ဗဟုသုတနှင့် ပြည့်ဝ လုံလောက်သော ပုဂ္ဂိုလ်တို့မှာလည်း ဂဏ ဝါစက ဓမ္မာစရိယများနှင့်တကွ သိက္ခာဝါတော်၅၀-ကျော်အထိ ဆရာတော် ကြီးများလည်း ပါဝင်လျက်ရှိကြပေသည်။ ဤလို ဗဟုသုတနှင့် ပြည့်စုံကြ သော ပုဂ္ဂိုလ်များက မိမိတို့ ဆိုင်ရာ အရပ်ဒေသများ၌ တဆင့်တဆင့် ဟောကြားညွှန်ပြသဖြင့် ဖြစ်ပေါ်လာကြသော ကမ္မဋ္ဌာန်း ဌာနခွဲ များမှာ လည်း တရာခန့် ရှိနေလေပြီ။

သို့ဖြစ်၍ ဌာနခွဲများစွာ ပုဂ္ဂိုလ်များစွာတို့နှင့် သက်ဆိုင်သော သတိ ပဋ္ဌာန် ဝိပဿနာဟူသော ဤ ပဋိပတ္တိ သာသနာ လုပ်ငန်းကြီး၏ အရှည် တည်တံ့ရေး၊ အပြစ်တင်ဘွယ်ကင်း၍ သန့်ရှင်းစင်ကြယ်ရေးများအတွက် စီမံ

ညွှန်ကြားရန် မိမိမှာ တာဝန်ဝတ္တရား ရှိနေသေးသည်ဟု ဆရာတော်၏ ဉာဏ်တွင် ထင်မြင်ပေါ်ပေါက် လာခဲ့လေသည်။ ထို့ပြင် ဤသို့ စီမံရာတွင်လည်း မိမိတပါးတည်း စီမံခြင်းထက် ကမ္မဋ္ဌာန်း ပြသရာ၌ ကိုယ်တွေ့ ဗဟုသုတ များစွာ ရှိကြသော ကမ္မဋ္ဌာန်း ဆရာများနှင့် တိုင်ပင် ညှိနှိုင်း၍ စီမံခြင်းက ပိုမို၍ ကောင်းပေလိမ့်မည်ဟု ယူဆတော်မူခဲ့လေသည်၊ သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အထက်ပိုင်း အောက်ပိုင်းမှာ ရှိကြသော မဟာစည် သတိပဋ္ဌာန်ကမ္မဋ္ဌာန်း ဌာနများမှ ပဓာန ဆရာတော်များကို ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ပင့်ဆောင်ပြီးလျှင် ၁၃၁၇-ခု ဝါဆိုလဆန်း (၉-၁၀-၁၁) ရက်နေ့များ၌ပဓာန ကမ္မဋ္ဌာနာစရိယ အစည်းအဝေးကို ကျင်းပ၍ တည်ထားသင့်သော စည်းမျဉ်း ဥပဒေများကို စဉ်းစား ဆွေးနွေး ခဲ့ကြပေသည်၊ အစည်းအဝေးသို့ တက်ရောက်ကြသော ပုဂ္ဂိုလ်များမှာ....

(၁) သရက်ပင်ချောင် ဆရာတော်ကြီး၊ လှည်းကူးမြို့နယ်။

(၂) ရွှေစေတီ ဆရာတော်၊ မန္တလေး(နောက်မှကြွလာသည်။)

(၃) အောင်မြေဘုံစံ ဆရာတော် အရှင်ဉာဏုတ္တရ၊ ရန်ကုန်။

(၄) ရွှေမင်းဝံဆရာတော်၊ ရန်ကုန်။

(၅) ဝက်လက်ဆရာတော် အရှင်ကုသုမ၊ မူလမဟာစည်ကမ္မဋ္ဌာန်းတိုက်၊ ရွှေဘို။

(၆) ဆရာတော် ဦးကလျာဏ၊ သံလျင်မြို့။

(၇) မဟာစည် ဆရာတော်၊ သာသနာ့ရိပ်သာ ရန်ကုန်။

(၈) သဒ္ဓမ္မသီတဂူ ဆရာတော် အရှင်အာစိဏ္ဏ၊ ပုသိမ်၊

(၉) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်ဝိစာရ၊ ယခုဝါးခယ်မ။

(၁၀) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာ အရှင်သုဇာတ ရန်ကုန်။

(၁၁) ဦးနန္ဒမာလာ၊ လှည်းကူးရိပ်သာ၊ လှည်းကူးမြို့။

(၁၂) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာနှင့် ဓမ္မကထိက၊ ရွှေဘိုဦးမုနိန္ဒ၊ ရန်ကုန်။

(၁၃) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာ၊ ဦးအာသဘ၊ ရန်ကုန်။

(၁၄) ဆင်မျှားရှင် ကမ္မဋ္ဌာန်းဌာန၊ ဦးပညာဝါ၊ စစ်ကိုင်း။

(၁၅) ဦးကောသလ္လ၊ နေရာချထားရေး ဝန်ဆောင်နှင့် လက်ထောက် ကမ္မဋ္ဌာန်းနည်းပြဆရာ၊ သာသနာ့ရိပ်သာ။

(၁၆) ဦးတေဇာစာရ၊ ဘုံကျော်ကမ္မဋ္ဌာန်းဌာန၊ ပုသိမ်။

စသော ဆရာတော်များနှင့် တမ္မဋ္ဌာန်း ဆရာကြီး ဆရာကြံ တို့ ဖြစ်ပေသည်။

ဤအစည်းအဝေးတွင် မိမိတို့မြော်မြင်နိုင်သလောက် အသီးသီး အကြံဉာဏ်ပေးကြ၍ စည်းမျဉ်းမူကြမ်းကို ရေးဆွဲလက်ခံကြပြီးလျှင် နောက်ထပ်ဖြည့်စွက်ပြင်ဆင်ရန်စသော ဆောင်ရွက်ဘွယ် ဟူသမျှကို အောင်မြေဘုံစံဆရာတော် အရှင်ဉာဏုတ္တရ၊ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာအရှင်သုဇာတတို့နှင့်တကွ ကျေးဇူးရှင် မဟာစည်ဆရာတော်အား လုံးဝတာဝန်လွှဲအပ်ခဲ့ကြသည်။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော်သည် အရှင်ဉာဏုတ္တရ အရှင်သုဇာတတို့နှင့်တကွ အဖန်ဖန်ညှိနှိုင်းပြင်ဆင် သုံးသပ်တော် မူပြီးလျှင် ဤစည်းမျဉ်း ဥပဒေများကို ပုံနှိပ်ထုတ်ဝေစေခဲ့ပေသည်။ ဤစည်းမျဉ်းများမှာ လောကဝေါဟာရ အလိုက် စည်းမျဉ်းဟု ခေါ်ဆိုရ သော်လည်း အာဏာပညတ်မျိုးကား မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား သုတ်ဝိနည်း အဘိဓမ္မာတို့၌ မြတ်စွာဘုရား မိန့်မှာထားခဲ့သော အဆုံးအမ တော်ကိုပင် အနှဘ်ဘရ လိုက်နာကျင့်သုံးကြစေရန် အလို့ငှာ ထုတ်ဖေါ်၍ ညွှန်ပြထားသော ဩဝါဒ စကားများသာ ဖြစ်ပေသည်၊ သို့ဖြစ်၍ ဤဩဝါဒ စည်းမျဉ်း များကို ရိုသေစွာ လိုက်နာသျှင် အောက်ပါ အကျိုးတရားများကို လက်ငင်းပင် ခံစားကြရပေလိမ့်မည်။

၎င်းတို့မှာ ....

(၁) မိမိကိုယ်ကို မိမိစွပ်စွဲမည့် အတ္တာနုဝါဒဘေး။

(၂) မိမိကိုယ်ကို သူတပါးတို့ စွပ်စွဲမည့် ပရာနုဝါဒဘေး။

စသည်တို့မှ ကင်းဝေး လွတ်မြောက်၍ အခါခပ်သိမ်း ချမ်းမြကြည်လင်စွာ နေရပါလိမ့်မည်။

ထို့ပြင် ....

(၁) ကိုယ့်အသက်ကို မငဲ့ကွက်ပဲ ကျင့်စွမ်းနိုင်ခြင်း။
(၂) ကိုယ်နှုတ်နှစ်တန် ဖြောင့်မှန်ခြင်း။
(၃) စိတ်ကူးအကြံ ဖြောင့်မှန်ခြင်း။
(၄) ဆိုဆုံးမလွယ်ခြင်း။
(၅) နူးညံ့သိမ်မွေ့ခြင်း။
(၆) မာန်ထောင်လွှားမှု မရှိခြင်း။
(၇) ရောင့်ရဲလွယ်ခြင်း။
(၈) မွေးမြူလွယ်ခြင်း။
(၉) အမှုကိစ္စနည်းပါးခြင်း။
(၁၀) အသက်မွေးမှုပေါ့ပါးခြင်း။
(၁၁) ဣန္ဒြေငြိမ်သက်တည်ကြည်ခြင်း။
(၁၂) ဉာဏ်ပညာရင့်ကျက်ခြင်း။
(၁၃) ကိုယ်နှုတ်စိတ်ကြမ်း အရမ်းချုပ်ချယ်မှု မရှိခြင်း။
(၁၄) ဒါယကာ-ဒါယိကာမတို့၌ ငြိတွယ်မှုမရှိခြင်း။
(၁၅) ပညာရှိတို့ ကဲ့ရဲ့ဘွယ်မှန်ပါက အသေးအနုပ်ကိုမျှ မပြုမိခြင်း။

ဟူသော မေတ္တာသုတ်လာ ဘာဝနာ၏ ပရိကံ ဂုဏ်အင်္ဂါများနှင့်လည်း ကောင်းကောင်း ပြည့်စုံပါလိမ့်မည်။

ထို့ပြင် ....

(၁) မကောင်းမှု ဟူသမျှကို မပြုခြင်း၊
(၂) ကောင်းမှုဟူသမျှကို ပြည့်စုံစေခြင်း။
(၃) မိမိ၏စိတ်နှလုံးကို သန့်ရှင်း ဖြူစင်စေခြင်း၊

ဟူသော ဩဝါဒပါတိမောက်၌လာသော ဘုရားရှင်၏ ဆုံးမတော်မူလိုရင်း အစစ် သာသနာတော် အဆီအနှစ်များလည်း မိမိသန္တာန်မှာ ထိုက်တန် သလောက် ပြည့်စုံသွားပါလိမ့်မည်။

ထို့ပြင် ....

အတ္တနာစ အပ္ပိစ္ဆော၊ အပ္ပိစ္ဆကထဉ္စ ဘိက္ခူနံ ကတ္တာ - စသော ဒေသ နာတော်နှင့်အညီ ....

(၁) အလိုနည်းခြင်း။
(၂) ရောင့်ရဲလွယ်ခြင်း။

(၃) ဆိတ်ငြိမ်စွာနေခြင်း။
(၄) ရောနှောမှုကင်းခြင်း။
(၅) တင်းတင်းအားထုတ်ခြင်း။
(၆) သီလနှင့်ပြည့်စုံခြင်း။
(၇) သမာဓိနှင့် ပြည့်စုံခြင်း။
(၈) ပညာနှင့် ပြည့်စုံခြင်း။
(၉) ဝိမုတ္တိနှင့် ပြည့်စုံခြင်း။
(၁၀) ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံခြင်း။

ဟူသော ကထာဝတ္ထု (၁၀) ပါး တို့နှင့် ကိုယ်တိုင်က ပြည့်စုံပြီးလျှင် သူတပါးတို့အားလည်း ၎င်းဂုဏ်တို့နှင့်ပြည့်စုံစေရန် ဟောကြား ညွှန်ပြခြင်း ဟူသော ကထာဝတ္ထုသမ္ပန္နဂုဏ်နှင့်လည်း ထိုက်တန်သလောက် ပြည့်စုံသွားပါလိမ့်မည်။

ဤသို့စသည်ဖြင့် ဗုဒ္ဓသာသနာတော်မှာ မုချလိုလားအပ်သော ဂုဏ်အင်္ဂါများ၊ အထူးအားဖြင့် ယောဂီ ပုဂ္ဂိုလ်တို့မှာ ပြည့်စုံသင့် ပြည့်စုံထိုက်သော ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်းကြီးပြည့်စုံစေကာ ပဋိပတ္တိသာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်၊ သာသနာပြုပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် ညွှန်ကြားပို့ဆောင်နိုင်သော ဤစည်းမျဉ်းဥပဒေများကို မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင်သူတော်စင်အပေါင်း ယောဂီ အသစ်အဟောင်းတို့သည် နှစ်ထောင်းအားရ ရွှေအိုးကြီးများကို ရကြသလို ရွှင်ပျဝမ်းသာ ရှိသေစွာဖြင့် လိုက်နာကျင့်သုံးနိုင်ကြပါစေ – ဤသို့ လိုက်နာကျင့်သုံးကြ၍ မြတ်စွာဘုရားတည်ထောင်ထားခဲ့သော ပဋိပတ္တိသာသနာတော်၏ ဂုဏ်ရောင်ကို တောက်ပြောင်ထွန်းဝင်း လင်းထက်လင်းအောင် ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

အရှင်သုဇာတ

လက်ထောက်ကမ္မဋ္ဌာန်းနည်းပြဆရာတော်
သာသနာ့ရိပ်သာ ရန်ကုန်မြို့။

| | |
|---|---|
| သာသနာတော်နှစ် | ၂၄၉၆-ခု။ |
| မြန်မာသက္ကရာဇ် | ၁၃၁၄-ခု။ |
| တော်သလင်းလဆုတ် | ၅-ရက်။ (၈-၉-၅၂) |

မဟာစည်ဆရာတော်ဘုရားကြီး ၏

# ဩဝါဒ ကထာ

---

ဆရာတော်သည် မဟာသတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းတရားကို ၁၃၀၀-ပြည့်နှစ်မှစ၍ အထင်အရှား ဟောကြားညွှန်ပြလာခဲ့ပေသည်။ ဤသို့ ဟောကြားညွှန်ပြရာတွင် သက်ဝင်ယုံကြည်ကာ လိုက်နာ၍ အားထုတ်ကြသော သမ္မာဆန္ဒရှိသူ ရဟန်းရှင်လူအပေါင်း ထောင်သောင်း များစွာတို့မှာ အတိုး မပြတ်နိုင်အောင် ကောင်းမြတ်သော ဝိပဿနာ၏ အကျိုးကျေးဇူးများကို လက်ငင်းပင်ခံစားနေရကြောင်း ကောင်းကောင်း အားထုတ်ဘူးသူတို့အား ထင်ရှားလျက် ရှိပေသည်။

ရဟန်းရှင်လူအပေါင်း ထောင်သောင်းများစွာထဲမှ ဟောပြောနိုင်သော စွမ်းရည်သတ္တိနှင့် သမ္မာဆန္ဒဝီရိယဓာတ်ခံ ထက်သန်စွာရှိကြသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့ကလည်း မိမိတို့ကဲ့သို့ပင် ဝိပဿနာ၏ အကျိုးများကို ခံစားနိုင်စေရန် အလို့ငှါ ဆိုင်ရာဆိုင်ရာ အရပ်ဒေသများတွင် တဆင့်ဟောကြား ညွှန်ပြကြသောကြောင့် တစတစနှင့် တိုးပွားလာသော မဟာစည်သတိပဋ္ဌာန်ဌာနခွဲများမှာ ယခုအချိန်အခါ၌ တရာခန့်အထိ ရှိနေလေပြီ။

ဤမျှများပြားသော တပည့်ယောဂီများနှင့် ဌာနခွဲများအတွက် ဟောကြားညွှန်ပြဆုံးမရန်အလို့ငှါ ဆရာတော်ထံမှ မဟာသတိပဋ္ဌာနသုတ်စသော ဓမ္မလက်ဆောင်မျှကိုသာ ပေးရသေးသည်၊ စည်းမျဉ်းဥပဒေ-ဟူသော ဝိနယလက်ဆောင်ကိုကား မပေးရသေးပေ။ ဤသို့ ဝိနယမဘက်ဓမ္မသက်သက်ဖြင့်သာ ဟောကြားညွှန်ပြ ဩဝါဒပေးနေသော်လည်း ထိုမျှ များပြားသော မဟာစည် သတိပဋ္ဌာန်ဌာနများတွင် ယခုထက်တိုင်အောင် ပြောပလောက်သော ချို့ယွင်းချက်များ မပေါ်ခဲ့ခြင်းမှာ ဆရာရောတပည့်များပါ ဝိပဿနာဓမ္မကို ရိုသေလေးစားခြင်းကြောင့်ပင် ဖြစ်သည်ဟု ယုံကြည်ရပေသည်။ သို့ဖြစ်၍ ဤနည်းအတိုင်းသာ ဝိပဿနာဓမ္မကို ရိုသေလေးစားသွားကြမည်ဆိုလျှင် မဟာစည်သတိပဋ္ဌာန်ဌာနများတွင် မည်သည့်အခါမှာမျှ ပြောပလောက်သော ချို့ယွင်းချက်များ ပေါ်လာနိုင်ဘွယ်မရှိဟု ထင်ရလောက်ပေသည်၊

သို့ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ကိုယ်တိုင် မမြင်နိုင်သော အသေးအမွှား ချို့ယွင်းချက်ကလေးများမှာမူကား ရှိနိုင်သေးသည်။ ထို့ပြင် အသစ်ဖြစ်သော ဌာနခွဲများသည်လည်း မကြာမီကာလအတွင်း၌ပင် ဆထက်ထမ်းပိုးများစွာတိုးလာမည်မှာ သေချာလျက် ရှိပေသည်။ ဤသို့ များပြားလှစွာသော ဌာနခွဲတွေ တိုးပွားလာသောအခါမှာ လိုက်နာရေး စည်းမျဉ်းများ သတ်မှတ်၍မထားပါက ဆရာများမှာလည်း ညွှန်ကြားရန် မလွယ်ကူသည့်အပြင် တပည့်များမှာလည်း လိုက်နာရန်ခက်ခဲလျက် ချို့ယွင်းချက်များ ဖြစ်သွားနိုင်ဘွယ်ရာ အကြောင်းလည်း ရှိပေသေးသည်။

သို့ဖြစ်၍ အဆိုပါမမြင်နိုင်သော ချို့ယွင်းချက်ကလေးများနှင့် ဖြစ်ပွားစေနိုင်သော အကြောင်းအချက်များကို စည်းမျဉ်းဖြင့် ကာကွယ်ထားရလျှင် သတိပဋ္ဌာန်ဘာဝနာ ဤဝိပဿနာလုပ်ငန်းကြီးသည် အပြစ်ကင်း၍ သန့်ရှင်းစွာ အရှည်ဘည်တံ့သွားနိုင်လိမ့်မည်ဟု မိမိ၏စိတ်တွင် ထင်မြင်မြော်လင့်မိပေသည်။ ထို့ကြောင့် မဟာစည်သတိပဋ္ဌာန် အဖွဲ့ထဲတွင် ပဓာနဖြစ်သော ကမ္မဋ္ဌာန်းဆရာတော်များနှင့် ဆွေးနွေးတိုင်ပင် ဆင်ခြင်စဉ်းစားပြီးလျှင် မဟာစည် သတိပဋ္ဌာန်တဖွဲ့လုံးစောင့်သုံးရန်အတွက် ဤစည်းမျဉ်းဥပဒေများကိုရေးသား၍ ထုတ်ပြန်ရပေသည်၊ သို့ရာတွင် မိမိတို့၏သဘောအတိုင်း ကြံဖန်၍ရေးသားထားသည်ကား မဟုတ်ပေ။ ယောဂီပုဂ္ဂိုလ်များနှင့် ကမ္မဋ္ဌာန်းဆရာများမှာ ရှိသင့်ရှိထိုက်သော ကျင့်ဝတ်ဂုဏ်ထူးများကိုပင် မြတ်စွာဘုရား ဟောကြားညွှန်ကြားတော်မူအပ်သော ဓမ္မနှင့် ဝိနယတို့မှ ထုတ်ဖော်၍ ရေးသားခြင်းမျှသာဖြစ်ပေသည်၊ သို့ဖြစ်၍ ဤစည်းမျဉ်းဥပဒေများကို အသေးစိတ်အားဖြင့် ခွဲခြားဝေဖန်ကြည့်လျှင် ....

(၁) ဓမ္မဥပဒေများ -

(၂) ဓမ္မာနုလောမဥပဒေများ -

(၃) ဝိနယဥပဒေများ -

(၄) ဝိနယာနုလောမဥပဒေများ -

(၅) ဓမ္မဝိနယမိဿကဥပဒေများ -

ဟူ၍ ငါးမျိုး ကွဲပြားလျက်ရှိသည်ကို တွေ့ရပေလိမ့်မည်။

(၁) ထိုတွင် ဘုရား ဟောတော်မူအပ်သော သုတ် တရားတော်များအရ တိုက်ရိုက်ညွှန်ပြထားသော ဥပဒေများကို ဓမ္မဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ - ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ။ အပိုဒ်ကြီး (၃) အပိုဒ်လတ် (ခ) သွားလာရေး။ အပိုဒ်ငယ် (၁) ဥပဒေ စသည် ပင်တည်း။

(၂) သုတ်တရားတော်များ၌ တိုက်ရိုက်မဟောအပ်သော်လည်း ထိုသုတ်တရားတော်များနှင့် လျော်ညီစွာ ညွှန်ပြထားသော ဥပဒေများကို ဓမ္မာနုလောမ ဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ - ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ ဥပဒေ။ အပိုဒ်ကြီး(၃) အပိုဒ်လတ် (က) နေထိုင်ရေး။ အပိုဒ်ငယ် (၁) ဥပဒေစသည် ပင်တည်း။

(၃) မြတ်စွာဘုရား ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်များအရ တိုက်ရိုက်ပြထားသော ဥပဒေများကို ဝိနယဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ - ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ။ အပိုဒ်ကြီး (၃) အပိုဒ်လတ် (ခ) သွားလာရေး။ အပိုဒ်ငယ် (၃) ဥပဒေ စသည်ပင်တည်း။ ဤအပိုဒ်ငယ် (၃) ၌ သုပ္ပဋိစ္ဆန္န စသော သေခိယ သိက္ခာပုဒ်များနှင့်တကွ ရူပိယသိက္ခာပုဒ်၊ ရူပိယသံဝေါဟာရသိက္ခာပုဒ် စသည်တို့ကို စောင့်ရှောက်ရန် အကျဉ်းချုံး၍ ပြထားသည်။

(၄) ဝိနည်းသိက္ခာပုဒ်များ၌ တိုက်ရိုက်မဆိုအပ်သော်လည်း ထိုဝိနည်းသိက္ခာပုဒ်များနှင့် လျော်ညီစွာ ညွှန်ပြထားသော ဥပဒေများကို ဝိနယာနုလောမ ဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ - ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ။ အပိုဒ်ကြီး (၃) အပိုဒ်လတ် (ဃ) စားသောက်ရေး။ အပိုဒ်ငယ် (၁) ဥပဒေ စသည်ပင်တည်း။

(၅) သုတ်နှင့် ဝိနည်း ရော၍ ပြထားသော ဥပဒေများကို ဓမ္မဝိနယ မိဿက ဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ....ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ ဥပဒေ။ အပိုဒ်ကြီး (၃) အပိုဒ်လတ် (က) နေထိုင်ရေး။ အပိုဒ်ငယ် (၂) ဥပဒေ စသည် ပင်တည်း။

ဤငါးမျိုးသော ဥပဒေတို့တွင် ဝိနယဥပဒေများမှ မြတ်စွာဘုရား၏ အာဏာပညတ်တော်များဖြစ်၍ မချွတ်မယွင်း လိုက်နာရမည့် ဥပဒေများဖြစ် ပေသည်။ ၎င်းတို့ကို လိုက်နာရသော အခါများ၌ စည်းမျဉ်းဥပဒေက သတိ ပေးရုံမျှသာ ဖြစ်သည်။ အမှန်အားဖြင့် မြတ်စွာဘုရား၏ အမိန့်အာဏာတော် ကိုသာ ရိုသေကာ လိုက်နာကြရသည်ဟု ယောနိသော မနသိကာရဖြင့် နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းကြစေလို၏။

ဓမ္မဥပဒေများနှင့် အနုလောမ ဥပဒေများမှာ သဒ္ဓါ-ဝီရိယ စသော မိမိတို့၏ ခွန်အားဗလ ရှိသမျှသာ လိုက်နာရန်ဖြစ်သည်။ ၎င်းတို့ကို လိုက်နာ သောအခါ၌လည်း မြတ်စွာဘုရား ဟောကြား ညွှန်ပြ ဆုံးမတော်မူအပ် သည့် သန္တုဋ္ဌိ၊ သလ္လေခ၊ အပ္ပိစ္ဆ၊ ပါသာဒိက-စသော ယောဂီပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါများ မချို့ယွင်းစေရန် အလို့ငှါ ပဋိပတ္တိ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ် ဖြစ်နေသည့် အတွက် ပြည့်ပြည့်ဝဝကြီး ကျင့်သုံးရပေသည်-ဟူ၍သာ နှလုံးသွင်းကြစေလိုသည်။

**အထူး သိနားလည်ထားရန်မှာ-** ဤ ဓမ္မနှင့် အနုလောမ ဥပဒေတို့၏ အရာ၌ အတိအကျ လိုက်နာရန် ခဲယဉ်းမည်ဟုထင်ရသော အပိုဒ်များတွင်- သတိပြုရမည်၊ လုံ့လပြုရမည်၊ ပြောဆိုနိုင်ရမည်- စသည်ဖြင့် အတိအကျ မဆိုဘဲ သတိပေးစကား အနေဖြင့်သာ ညွှန်ကြားထားသည်ကို၎င်း။ အတိ အကျ လိုက်နာသင့်သော အပိုဒ်များတွင်မူကား- ပြောဆိုရမည်၊ ပြုရမည်၊ ဖြစ်စေရမည်၊ ရှိစေရမည်၊ မပြုရ၊ မဖြစ်စေရ- စသည်ဖြင့် အတိအကျပင် ဩဝါဒ ပေးထားသည်ကို၎င်း။ အထူး သိနားလည်ကြပြီးလျှင် အတိအကျ မလိုက်နာနိုင်ကောင်းသော အရာဌာနများ၌ စွမ်းနိုင်သမျှသာ လိုက်နာ ကြရန်ဖြစ်သည်။ အတိအကျလိုက်နာနိုင်ကောင်းသော အရာဌာနများ၌ကား မြတ်စွာဘုရားနှင့် တရားတော်တို့၏ ဂုဏ်ကျေးဇူးကို၎င်း၊ ပဋိပတ္တိသာသနာ တော်မြတ်ကြီးနှင့် ဆရာသမား သီတင်းသုံးဖော်များကို၎င်း ကြည်ညိုလေး စားရိုသေသောအားဖြင့် ညွှန်ကြားထားသည့် အတိုင်း အပြည့်အစုံ အတိ အကျပင် လိုက်နာကျင့်သုံး သွားကြစေလို၏။

**အထူး သတိပြုရန်မှာ-** ယခုအချိန်အခါမှ စ၍ ရွှေအဘို့၌ ဗုဒ္ဓသာသနာ တော်ကြီး ဆုတ်ယုတ်ရေး၊ တိုးတက်ရေးသည် ယခုလက်ရှိ ဗုဒ္ဓသာသနာဝင်

လူ ရှင် ရဟန်းအားလုံးတို့နှင့် သက်ဆိုင်လျက်ရှိပေသည်။ ယခုလက်ရှိ လူရှင် ရဟန်းတို့က မိမိတို့၏ တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်မသွားလျှင် သာသနာတော်ကြီးသည် ရှေ့အဘို့တွင် တစတစနှင့် ဆုတ်ယုတ်သွားမည်မှာ မလွဲတော့ပေ၊ မိမိတို့၏ တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်သွားလျှင်ကား သာသနာတော်ကြီးသည် မတိုးတက်နိုင်စေကာမူ မဆုတ်ယုတ်ဘဲ အရှည် တည်တံ့သွားမည်မှာ သေချာလှပေ၏။

သို့ဖြစ်၍ သာသနာတော်၏ မဆုတ်ယုတ်ရေး၊ တိုးတက်ရေးကို တကယ် တမ်း အလေးပြုတော်မူကြသော ပရိယတ္တိ ဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံသော ဘုရားစကားတော်တို့ကို သဘာဝကျကျ စေ့စေ့စပ်စပ်လင်စွာ တတ်သိအောင်လေ့လာခြင်း၊ သင်ကြားပေး ခြင်း စသည်ဖြင့် မိမိတို့၏တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်တော် မူကြသကဲ့သို့ ထို့အတူပင် ပဋိပတ္တိဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည်လည်း မိမိတို့၏ တာဝန် ဖြစ်သော ပဋိပတ္တိဆိုင်ရာ ကျင့်ဝတ်ဟူသမျှကို ဆင်ခြေ ကန်၍ ငြင်းပယ် ရှောင်ရှားခြင်း၊ ခိုကပ်ခြင်း အလျဉ်းမရှိမူ၍ အင်အား ရှိသမျှ ပြည့်ပြည့်ဝဝကြီး ကျင့်ဆောင်တော် မူသွားကြရန်နှင့် မိမိအတွက် သာသနာတော်၏ဂုဏ်ကြက်သရေမှာ သိသိသာသာကြီး တိုးတက်စေမည်ဟု နှလုံးသွင်း ဆောက်တည်ကာ ပြည့်စုံစွာ ကျင့်ဆောင်ကြလျက် ပဋိပတ္တိ သာသနာတော်မြတ်ကြီးကို အစွမ်းကုန် မြှင့်တင်တော်မူကြရန် ဆရာတော်က ဤဩဝါဒစကားဖြင့် လေးနက်စွာ မှာကြားအပ်ပါသတည်း၊

အရှင်သောဘန

မဟာစည်ဆရာတော်

သာသနာ့ရိပ်သာ ရန်ကုန်မြို့။

၁၃၁၄-ခု၊ တော်သလင်းလဆန်း (၁၅) ရက်နေ့။
(၃-၉-၅၂)

## မဟာစည် သတိပဋ္ဌာန် အဖွဲ့လုံးဆိုင်ရာ

# စည်းမျဉ်းဥပဒေများ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဌမ ပလ္လင်ခံ စကား

လောက၌ မည်သည့် အရပ်ဒေသတွင်မဆို လုပ်ငန်းရှိလျှင် ပုဂ္ဂိုလ်ရှိသည်၊ လုပ်ငန်းတူသောပုဂ္ဂိုလ်အများရှိလျှင် သူ့အလိုလိုပင် အစုအဖွဲ့ဖြစ်လေတော့သည်။ လူများစုပေါင်းသော ဤအစုအဖွဲ့တိုင်းမှာ ခေါ်ဝေါ်လွယ်စေရန် အကျိုးငှါ အမည်သညာ ဝိသေသ ရှိရိုးဓမ္မတာဖြစ်သည်။ ထို့ပြင်ဒင်းအဖွဲ့နှင့် အဖွဲ့၏ လုပ်ငန်းစဉ်များ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အရှည်တည်တံ့သွားစေခြင်း အကျိုးငှာ စည်းမျဉ်း ဥပဒေသည်း မချွတ်ကေန် အမှန်ပင် ရှိရိုးဓမ္မတာ ဖြစ်ပေသည်။

ဤနည်းအတူပင် မဟာစည်ဆရာတော်သည် ဆရာမြတ်တို့၏ ဥပနိသျများနှင့်တကွ မဟာသတိပဋ္ဌာနသုတ် အစရှိသော ဘုရားဟော ဒေသနာတော်များကို အမှီပြုကာ ရှာကြံအားထုတ်တော်မူပြီးလျှင် မိမိ၏ဉာဏ်တွင် ထင်မြင်သဘောကျသည့်အတိုင်း ဘုရားရှင်၏ကိုယ်စား ထုတ်ဖေါ်ကာ ဟောကြားသဖြင့် သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာ လုပ်ငန်းတရားသည် ထင်ရှားထွန်းပေါ်လျက်ရှိပေသည်။ ဤဝိပဿနာ လုပ်ငန်းတရားကို အားထား ယုံကြည်ကာ လိုက်နာကျင့်သုံးလျက်ရှိသော ရဟန်းရှင်လူအပေါင်းမှာလည်း ထောင်သောင်းများစွာရှိနေလေပြီ။ သို့ရှိနေရာမှာ ဝိပဿနာလုပ်ငန်းတရားဖြင့် စိတ်ထားတူမျှသော ဤရဟန်းရှင်လူအပေါင်း ထောင်သောင်း များစွာသည်လည်း သူ့အလိုလိုပင် အစုအဖွဲ့ကြီးဖြစ်လျက် ရှိနေလေပြီ။

သို့ဖြစ်၍ ဤအစုအဖွဲ့ကြီးမှာလည်း ခေါ်ဝေါ်လွယ်စေရန် အကျိုးငှါ အမည်သညာ ဝိသေသ ရှိသင့်ပါပေသည်။ ထို့ပြင် ဤအဖွဲ့ကြီးနှင့် အဖွဲ့၏ လုပ်ငန်းစဉ်ဖြစ်သော သတိပဋ္ဌာန် ဘာဝနာ ဝိပဿနာ ပဋိပတ် သာသနာတော်မြတ်သည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အရှည်တည်တံ့သွား

စေခြင်းအကျိုးငှါ စည်းမျဉ်း ဥပဒေလည်း မချွတ်ကေန် အမှန်ပင် ရှိသင့်လှပါပေသည်။

သို့ဖြစ်၍ မဟာ သတိပဋ္ဌာနသုတ် အစရှိသော ဘုရားဟော ဒေသနာတော်များနှင့်အညီ မဟာစည် ဆရာတော် ထုတ်ဖေါ်၍ ဟောကြားအပ်သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာလုပ်ငန်းစဉ်ဖြင့် ကျင့်သုံးအားထုတ်လျက်ရှိသော ရဟန်းရှင်လူအပေါင်းကို မဟာစည် သတိပဋ္ဌာန် အဖွဲ့ ဟု ခေါ်တွင်စေရန် ဤအဖွဲ့ဝင် ပဓာန ကမ္မဋ္ဌာနာစရိယ အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်၍ အတည်ပြုကြသည်။

ထို့ပြင် ဤမဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ရဟန်းရှင်လူတို့ နာယူကျင့်သုံးရန်အလို့ငှါ ဩဝါဒ ကထာသဘွယ်ဖြစ်သော အောက်ပါ စည်းမျဉ်းဥပဒေ (၅)ရပ်တို့ကိုလည်း ၎င်းပဓာန ကမ္မဋ္ဌာနာ စရိယ အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်၍ ပြဋ္ဌာန်းအတည်ပြုကြသည်။

၎င်းတို့မှာ....

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ အတွက် စည်းမျဉ်းဥပဒေ။
၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက် စည်းမျဉ်းဥပဒေ။
၃။ ယောဂီရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေ။
၄။ ယောဂီ ဥပါသကာ ဥပါသိကာမများ အတွက် စည်းမျဉ်းဥပဒေ။
၅။ ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေ။

ဤ(၅)ရပ်ပင် ဖြစ်သည်။

## ၁။ ကမ္မဋ္ဌာနာ စရိယ ရဟန်းတော်များ အတွက် စည်းမျဉ်းဥပဒေများ

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော် ဟူရာ၌ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်ကိုသာလျှင် မှတ်ယူရမည်။

### (က) ပရိယတ္တိ အရည်အချင်း

၁။ မဟာစည် သတိပဋ္ဌာန် အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် သဒ္ဒါ·သင်္ဂြိုဟ်-ဋီကာကျော် စသော ပရိယတ္တိ အခြေခံ ကျမ်းဂန်များ

ကို သင်ကြားလေ့လာဘူးသည့်အပြင် ပါဠိ-အဋ္ဌကထာ-ဋီကာ တို့ကိုလည်း အထိုက်အလျောက် ကြည့်ရှု သုံးသပ်နိုင်သော အရည်အချင်း ရှိစေရမည်။ အလူးအားဖြင့် ပရမတ္ထ သရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်ရှိသည့် အပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း လေ့လာပြီးဖြစ်စေရမည်။

၂။ ဒွေမာတိကာ၊ သို့မဟုတ် ဘိက္ခုပါတိမောက်နှင့်တကွ မဟာ သတိပဋ္ဌာနသုတ်ကို အာဂုံဆောင်ထားရမည့်အပြင် မဇ္ဈိမနိကာယ်မှ ဝိပဿနာ ဆိုင်ရာသုတ်ပေါင်း(၂၀) ထက်မနည်း လေ့လာပြီးဖြစ်စေရမည်။

၃။ ဝိပဿနာ ရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့၌ ကျေပြွန်စွာကြည့်ရှုလေ့လာပြီး ဖြစ်စေရမည်။(ဤစာပိုဒ်သည် ပရိယတ္တိအရည် အချင်း၌ လိုရင်းဖြစ်သည်။)

၄။ သီလပေးခြင်း၊ ရေစက်ချခြင်း၊ပရိတ်ရွတ်ခြင်း၊အနုမောဒနာပြုခြင်း၊ စသော ကိစ္စတို့၌ ကျမ်းဂန်နှင့်အညီ မှုမှန်ဖြစ်စေရန် ဟောပြောရေး သင်ဘန်းတက်ပြီး ဖြစ်စေရမည်။ သို့ရာတွင် မူလကပင် အချိုးကျပြီးသော ပုဂ္ဂိုလ်များမှာ သင်တန်းတက်ရန် မလိုပါ။

## (ခ) ပဋိပတ္တိ အရည်အချင်း

၁။ မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် အများသော ရဟန်းရှင်လူတို့ ကြည်ညိုလေးစားထိုက်သော လဇ္ဇီပေသလ သိက္ခာကာမ ဂုဏ်နှင့်ပြည့်စုံစေရမည်။

၂။ မဟာစည် ဆရာတော်၏ နည်းနိဿယအတိုင်း ဝိပဿနာ လုပ်ငန်းကို ပြီးဆုံးသည်တိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံး အားထုတ် ပြီးဖြစ်ရမည့်အပြင် ကမ္မဋ္ဌာန်း စစ်မေးရေး၌လည်း လေ့လာ သင်ကြားပြီး ကျွမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်။

၃။ သန္တုဋ္ဌိ၊ သလ္လေခ၊ အပ္ပကိစ္စ၊ သလ္လဟုကဝုတ္တိ စသော ယောဂါဝစရ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစေရမည်။

၄။ ခမာ၊ ဇာဂရိယ၊ ဥဋ္ဌာန၊ သံဝိဘာဂ၊ ဒယာ၊ ဣက္ခဏာ- ဟူသော နာယက ဂုဏ်အင်္ဂါ ၆-ပါးတို့နှင့်လည်း ပြည့်စုံစေရမည်။

၅။ စိတ်ရှည်ခြင်း၊ သဘောထားကြီးခြင်း၊ နူးညံ့ပြေပြစ်သောစကား ရှိခြင်း၊ ချိုသာသော စကား ရှိခြင်း စသော ဝန်ဆောင် ပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါများနှင့်လည်း ပြည့်စုံစေရမည်။

၆။ ရဟန်းသိက္ခာ၌ အသက်နှင့်မခြား လေးစားခိုင်ခံ့ တည်တံ့သော စိတ်နေစိတ်ထား ရှိစေရမည်။

အထက်ပါ ပရိယတ္တိ ပဋိပတ္တိ အရည်အချင်းတို့တွင် ပဋိပတ္တိ အရည်အချင်းသည် ကမ္မဋ္ဌာန်းဆရာမှာ သာ၍လိုပေသည်။ သို့ဖြစ်၍ ပဋိပတ္တိ အရည်အချင်း အပိုဒ်ငယ်(၁-၂) ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်းပြည့်စုံ လျှင်ပင် မဟာစည်သတိပဋ္ဌာန် အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်ဟု အသိအမှတ်ပြုသော သာမန်ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။ ပရိယတ္တိ အရည်အချင်းပါ ပြည့်စုံလျှင်ကား ဂုဏ်ထူးဆောင်ဆရာအဖြစ် လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။

မှတ်ချက် - ဤသို့ အရည်အချင်းအလိုက် သာမန်လက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်တို့ဖြင့် အသိအမှတ်ပြုရန် စီမံချက်မှာ အရည်အချင်းရှိသော ဆရာတို့ကို ဂုဏ်တင်ရန်-ချီးမြှောက်ရန်အတွက် မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား တရားအားထုတ်မည့် ယောဂီတို့မှာ အရည်အချင်း လုံလောက်သော ဆရာများထံမှ လုံလောက်သော နည်းနိဿယ ဩဝါဒများကိုရကြ၍ ချမ်းချမ်းသာသာနှင့် ရသင့်ရထိုက်သော ဉာဏ်ထူးတရားထူးများကို အပြည့်အစုံ ရရှိသွားကြစေရန် အတွက်သာ ရည်ရွယ်၍ စီမံခြင်း ဖြစ်ပေသည်။ ယင်း လက်မှတ်များ အတွက် မစီစဉ်နိုင်သေး။

၂။ မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် မြတ်စွာဘုရား ပညတ်တော် မူအပ်သော ဝိနည်း သိက္ခာပုဒ်တော်များကို အသက်ပမာထား၍ လေးစားလုံ့လုံ့စွာ လိုက်နာစောင့်ထိန်းရမည်။ (အထူး သတိရစေရန် ထပ်မံ၍ သတိပေးချက်သာ ဖြစ်သည်။ နောက်နောက်အပိုဒ် များ၌လည်း ဤနည်းချည်း မှတ်လေ)။

၃။ အထူးအားဖြင့်-

က။ နေထိုင်ရေး။

ခ။ သွားလာရေး။

ဂ။ ဝတ်ရုံရေး။

ဃ။ စားသောက်ရေး။

င။ ဟောကြားရေး။

စ။ ပြောဆိုရေး။

ဆ။ ဆက်ဆံရေး။

ဟူသော ဤ ၇-ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လုံ့လပြုရမည်၊ ထိုတွင်-

## (က) နေထိုင်ရေးမှာ

၁။ တပည့်ဖြစ်သူတို့၏ ဣန္ဒြေ-သိက္ခာထက် ပိုမို၍ တည်ကြည်ခန့်ငြားသော ဣန္ဒြေ-သိက္ခာနှင့် ပြည့်စုံစေရမည်။

၂။ မာတုဂါမတို့နှင့် စပ်လျဉ်း၍ ပဥ္စပဝါဒ ကင်းရှင်းအောင် နေထိုင်ရမည်။

အထူးအားဖြင့် အရေးကြီးသော အကြောင်းကိစ္စမရှိဘဲ မာတုဂါမတို့နှင့် ကြာရှည်စွာလက်ခံ၍ စကားပြောဆို နေထိုင်ခြင်း မရှိစေရ။ မလွှဲမရှောင်သာသဖြင့် ပြောဆို, နေထိုင်ရာ၌လည်း ရဟောနိသဇ္ဇ မဖြစ်ရအောင် သတိရှေ့ဆောင်လျက် နေထိုင်ရမည်။

၃။ မူလရင်း နေမြဲဌာနမဟုတ်လျှင် မည်သည့်ကမ္မဋ္ဌာန်းဌာနကိုမျှ ကိုယ်ပိုင် အမြဲတမ်းနေရာအဖြစ်ဖြင့် အစွဲမထားမူ၍ ပဓာန နာယက ဆရာတော်များက အကြောင်းအားလျော်စွာ စေလွှတ်ချထားသော ကမ္မဋ္ဌာန်းဌာနတွင်သာ နေထိုင်စောင့်ရှောက်သွားရန် ထက်သန်သော စိတ်ဆန္ဒ ရှိစေရမည်။

## (ခ) သွားလာရေးမှာ

၁။ ပါသာဒိကေန အဘိက္ကန္တေန စသော ဒေသနာတော်နှင့် အညီ အမှတ်သတိမကင်းသဖြင့် ကြည်ညိုဘွယ်ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

၂။ ပဥ္စပဝါဒ ဖြစ်နိုင်သောအချိန်အခါ၌ဖြင့်၊ ပဥ္စပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံသို့ဖြင့် သွားလာခြင်း မရှိစေရ။

၃။ မြို့တွင်း ရွာတွင်းသို့ သွားသောအခါဖြစ်စေ၊ ခရီးရှည်သွားသော အခါဖြစ်စေ၊ ဝိနည်းတော်နှင့်အညီ သွားလာရမည်။

## (ဂ) ဝတ်ရုံရေးမှာ

၁။ ပိန္နဲရောင်၊ ညောင်ခေါက်ဆိုးရောင် သင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်ရမည်။

၂။ ဗုဒ္ဓစေတီတော်များထံသို့ဖြစ်စေ၊ သံဃာ့အစည်းအဝေးသို့ဖြစ်စေ စမဒေထရ်ကြီးများထံသို့ဖြစ်စေ ဝင်ရောက်သောအခါ၌ လက်ဝဲလက်မောင်းကို လုံခြုံစေသော ပရိမဏ္ဍလ ဝတ်ရုံနည်းဖြင့် ဝတ်ရုံရမည်။

၃။ မြို့တွင်း ရွာတွင်းသို့သွားသောအခါဖြစ်စေ၊ မြို့တွင်းရွာတွင်းမှ ဖြတ်သန်း၍ သွားသောအခါဖြစ်စေ၊ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်နှင့်အညီ သင်္ကန်းရုံ၍ သွားရမည်။

၄။ မိမိနေရာတွင် နေထိုင်သော အခါ၌လည်း ပါသာဒိက ဖြစ်အောင် ကောင်းစွာ ဝတ်ရုံလျက် ရှိစေရမည်။

## (ဃ) စားသောက်ရေးမှာ

၁။ အကြောင်းထူးမရှိလျှင် ဆွမ်းဘောဇဉ်များကို သပိတ်ဖြင့်သာ ဘုဉ်းပေးသုံးဆောင်နိုင်ရန် လုံ့လပြုရမည်။

၂။ စားဘွယ်များကို ရပ်လျက် သွားလျက် မစားမူ၍ ထိုင်လျက်သာလျှင် ဣန္ဒြေရရ စားသုံးရမည်။

၃။ အကြောင်းထူးမရှိဘဲ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးဝါးခြင်းများကို (ပါသာဒိက၊ သန္တုဋ္ဌိ၊ သလ္လေခ၊ အပ္ပိစ္ဆဂုဏ် စသည်နှင့် ပြည့်စုံစေခြင်းအကျိုးငှာ) ကြဉ်ရှောင်ရမည်။

## (င) ဟောကြားရေးမှာ

၁။ မိမိတို့၏ ကမ္မဋ္ဌာန်းဌာန၌ တလလျှင် ၄-ကြိမ်ဖြစ်စေ၊ ၂-ကြိမ်ဖြစ်စေ၊ ဝိပဿနာလုပ်ငန်းစဉ်တရားကို မဟာစည်ဆရာတော်၏ ဟူဆဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

မှတ်ချက်။ ။ဤဒေသနာတော်နှင့်အညီ ဟူသောအပိုဒ်ဖြင့် ဒေသနာတော်နှင့်မညီသည်ကို မဟောရန် တားမြစ်ထားသည်။ ဟောပြောပုံဟူသည်မှာ အသံနေ အသံထား၌ အထူးပြုပြင်မှုမရှိဘဲ ပကတိ စကားပြောသကဲ့သို့ ရိုးရိုးဟောပြောခြင်းကို ဆိုလိုသည်။

၂။ ပြင်ပတရားပွဲများ၌မူကား တရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ထောက်ချင့်၍ သဒ္ဓါပသန္နဖြစ်စေခြင်းငှာ သင့်လျော်သလို ဟောပြောနိုင်ခွင့် ရှိပေ၏။ သို့သော် ဝိနည်းတော်နှင့်အညီ တည်ကြည်ခန့်ငြားသော အသံဖြင့်သာ ဟောကြားရမည်။

၃။ ကမ္မဋ္ဌာန်းစစ်မေးရာ၌ ယောဂီတို့၏ဉာဏ်အဆင့်အတန်း အားလျော်စွာ တိုးတက်သည်ထက် တိုးတက်စေခြင်းငှာ သင့်လျော်သောတရားများကို ဟောကြားခြင်း၊ ယောဂီတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော သတိ-သမာဓိ-ဉာဏ်များကိုဆိုက်တန်သလောက်ချီးမြှောက်၍အားပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ သမာဓိ ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယတရားများပြီးစီးသွားပုံစသည် တို့ကိုရှင်းလင်းဖော်ပြခြင်း စသောအားပေးတရားများကို ယောဂီတို့မှာ စိတ်တက်ကြွလာသည့် တိုင်အောင် ဟောကြားရမည်။

၄၊ တရားဟောရာ ကမ္မဋ္ဌာန်းစစ်မေးရာတို့၌ မယဉ်ကျေးသော ဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှနည်းပါးစေရန် သတိပြုရမည်။

၅။ ကမ္မဋ္ဌာန်းဆရာတဦး စစ်မေးနေသော ယောဂီအား ၎င်းဆရာက ခွင့်မပြုဘဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း၊ ဆုံးဖြတ်ခြင်းများကို မပြုရ။

၆။ မဟာစည်ဆရာတော် နည်းလမ်း ညွှန်ပြထားသည့်အတိုင်း တပည့်ယောဂီတို့အား ရသင့်ရထိုက်သော သမာဓိဉာဏ် အဆင့်များ အကြွင်းမဲ့ ပြည့်စုံစေရန် တင်းတင်းရင်းရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြတိုက်တွန်းရမည်။

၇။ ယောဂီမများကို ကမ္မဋ္ဌာန်းစစ်မေးရာဌာနမှာ အများမြင်သာသော ဌာနဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစုလိုက်ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်တွင်သာ စစ်မေးဟောပြောရမည်။ ထို့ပြင် သိကြားလိမ္မာသော ယောကျ်ားပုဂ္ဂိုလ်လည်း အနီး၌ ရှိစေရဦးမည်။

၈။ ယောဂီမတို့အား ကမ္မဋ္ဌာန်းပေးရာဌာနတို့မှာ အများမြင်သာသော နေရာ ဖြစ်စေရမည့်အပြင် သိကြား လိမ္မာသောပုဂ္ဂိုလ်လည်း အနီး၌ရှိစေရမည်၊ ထို့ပြင် အကြောင်းအားလျော်စွာ ညဉ့်အခါ၌ ကမ္မဋ္ဌာန်းပေးရလျှင် ထိန်ထိန်လင်းသော မီးရောင်လည်း ရှိစေရဦးမည်။

၉။ စာရွက် စာတမ်း ကျမ်းစာအုပ်များကို ပုံနှိပ်ခွင့်ရှိသော မဟာစည်သာသနာ့ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါးထံမှ ခွင့်ပြုချက်မရှိဘဲ မဟာစည်ဆရာတော်၏ ဝိပဿနာနည်းနိဿယအဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

## (စ) ပြောဆိုရေးမှာ

၁။ တိရစ္ဆာနကထာကို ပယ်ရှား၍ ကထာဝတ္ထုဆယ်ပါးကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

၂။ ဒုဗ္ဘာသိတဝါစာဖြစ်သော ပြက်ရယ်ပြောင်လှောင်မှုများကို မပြုရ။

၃။ နက်နဲသောစကား၊ ဟုတ်မှန်၍ အကျိုးရှိသောစကား၊ အလေးပြုလောက်သော စကား၊ မှတ်သားဘွယ်ကောင်းသော စကား၊ ဝမ်းမြောက်ဘွယ်ကောင်းသောစကား - ဤသို့သော စကားများကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

၄။ ကြမ်းတမ်းသောစကား၊ ကြိမ်းမောင်းချုပ်ချယ်သော စကားများကို မပြောမဆိုမိစေရန် သတိပြုရမည်။

၅။ ကျုပ်၊ ကျွန်တော်၊ ခင်ဗျား စသော ဂိဟိဝေါဟာရများကို မသုံးစွဲမိစေရန် သတိပြုရမည်။

၆။ ဘုန်းကြီး၊ ဆရာတော်၊ ဒါယကာကြီး၊ ဒါယိကာမကြီး စသော သမဏ ဝေါဟာရများကို သုံးစွဲရန် သတိပြုရမည်။

၇။ ရဟန်း အချင်းချင်း ပြောဆိုရာ၌သည်း၊ ( ဘုရားတပည့်တော်၊ အရှင်ဘုရား ) စသော သမဏ ဝေါဟာရများကိုသာ သုံးစွဲရပည်။

၈။ မိမိကိုယ်ကို ချီးမြှောက်၍ပြောဆိုခြင်း၊ သူတပါးကို နှိပ်ချ၍ပြောဆိုခြင်းများမှ လုံးဝရှောင်ကြဉ်ရမည်။

၉။ ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်၊ ဘူတာရောစန သိက္ခာပုဒ်တို့ဖြင့် ယုံမှားမဖြစ်စေခြင်းအကျိုးငှာ အရိယာဓမ္မကို မိမိနှင့်စပ်လျဉ်း၍ မပြောကြားမိစေရန် အထူးသတိထားရမည်။

၁၀။ အရိယာဓမ္မနှင့် စပ်လျဉ်း၍ ပုဂ္ဂလဒိဋ္ဌာန်အားဖြင့် ဆုံးဖြတ်ပြောဆိုခြင်း မရှိစေရ။

၁၁။ သဘာဂ ဖြစ်သော သီတင်းသုံးဘော်များ၏ ချို့ယွင်းချက်ကို ကြားသိ တွေ့မြင်ရလျှင် မေတ္တာ ကရုဏာ ရှေ့ထား၍ သတိပေးပြောဆိုနိုင်ရမည်။

၁၂။ သီတင်းသုံးဘော်များက မိမိ၏ချို့ယွင်းချက်ကို ကြားသိ တွေ့မြင်ရ၍ သတိပေး ပြောဆိုလျှင် ဝမ်းမြောက် ကြည်သာစွာဖြင့် သည်းခံနိုင် ပြင်ဆင်နိုင်ရမည်။

၁၃။ သီတင်းသုံးဘော်များက ဓမ္မဝိနယဖြင့် သတိပေးဆုံးမလျှင် ဝမ်းမြောက်ကြည်သာ ရိုသေစွာ နာခံနိုင်ရမည်။

၁၄။ သမယန္တရ ပုဂ္ဂိုလ်များနှင့် တရားပြဒ်းခုံ ပြိုင်ဆိုင်ခြင်း အလျဉ်း မရှိစေရ။

## (ဆ) ဆက်ဆံရေး

၁။ လင်္ချပေသလ သိက္ခာကာမ ဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်တိုင်းနှင့် ပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂအားဖြင့် ပေါင်းသင်း ဆက်ဆံနိုင်ခွင့်ရှိသည်။

အဓိပ္ပါယ်ဖော်ပြချက်-ကိုယ့်ပစ္စည်းကို ပေးကမ်း ချီးမြှောက်ခြင်းနှင့် သူ့ထံမှ ပစ္စည်းကို ခံယူ၍ သုံးစွဲခြင်းသည် ပစ္စယသမ္ဘောဂမည်၏။ ထိုနည်းတူစွာပင် တရားဓမ္မ ဩဝါဒ အပေးအယူဖြင့် ဓမ္မသမ္ဘောဂကို သိအပ်၏။ ဤမျှကိုသာ ရည်ရွယ်သည်။

၂။ မဒထေရ်ကြီးများအား ဂါရဝ, နိဝါတ ရှေ့ထား၍ရင်း၊ သမာန၊ နဝကပုဂ္ဂိုလ်တို့အား မေတ္တာ ကရုဏာ ရှေ့ထား၍ရင်း၊ နူးညံ့ သိမ်မွေ့သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ပဋိသန္ထာရဝတ် မချွတ်စေရန် လိုလုပ်ရမည်။

၃။ ဒါယကာ ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ "ကုလေသု နန္နုဂိဒ္ဓေါ" ဟူသော ဒေသနာတော်နှင့်အညီ၊ ကုလဒူသန၊ အနေသနတို့ကို ဝေးစွာရှောင်ကြဉ်၍ သဟနန္ဒီ- သဟသောကီ တို့၏ အကြောင်း ဖြစ်သော ဂေဟာသိတပေမဖြင့် ရင်းနှီးစွာ ဆက်ဆံမှု မရှိစေရန် အထူးသဖြင့် သတိပြုရမည်။

၄။ ကမ္မဋ္ဌာန်းစစ်မေးရာ၌ တပည့်ယောဂီတို့သည် မိမိတို့၏ သမာဓိဉာဏ် အတွေ့များကို ဟုတ်မှန်သည့် အတိုင်း ရဲရဲဝံ့ဝံ့ မရှိ မကြောက် ပြောကြားနိုင်စေရန်အလို့ငှာရင်း၊ စိတ်အားတက်ကြွလာစေရန်အလို့ငှာရင်း ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော်သလို လိုက်လျော၍ ဖေါ်ဖေါ်ရွေရွေ ပြောဆိုနိုင်ခွင့်ရှိသော်လည်း အခြားကာလများ၌မူကား ထိုသို့သောပြောဆိုဆက်ဆံမှုများ မရှိစေမူ၍ တည်ကြည်ခံ့ငြားသော ပြောဆိုခြင်းဖြင့်သာလျှင် ဣန္ဒြေရရ ပြောဆိုဆက်ဆံရမည်။ အထူးအားဖြင့်မူကား ထိုအခြားကာလ ဆက်ဆံရေးတွင် ဥပါသိကာမ များနှင့် ဆက်ဆံရာ၌ သာ၍ တည်ကြည် ခံ့ညားခြင်း ရှိစေရမည်။

၅။ တပည့် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားအလျောက် ပေးလှူခြင်းမှတပါး ဉာတိပဝါရိတ မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း၊ အလျဉ်းမရှိစေရ။

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ အတွက်
စည်းမျဉ်း ဥပဒေများ
ဤတွင်ပြည့်စုံပြီ။

---

## ၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက် စည်းမျဉ်း ဥပဒေများ

၁။ ကမ္မဋ္ဌာနာ စရိယဥပါသကာ ဟူရာ၌ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ဥပါသကာကိုသာလျှင် ကမ္မဋ္ဌာနာစရိယ ဥပါသကာဟု မှတ်ယူရမည်။

### (က) ပရိယတ္တိအရည်အချင်း

၁။ မဟာစည် သတိပဋ္ဌာန် အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် ကျမ်းဂန် ဗဟုသုတ အတော်အတန် ရှိသည့်အပြင် ပရမတ္ထ သရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်လည်း ရှိစေရမည်။

၂။ မဟာသတိပဋ္ဌာန်သုတ် ပါဠိ-နိသျကို အာဂုံ ဆောင်တားရမည်။

၃။ ဝိပဿနာ ရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့၌ကျေပြွန်စွာ ကြည့်ရှုလေ့လာပြီးဖြစ်စေရမည်။ (ဤအပိုဒ်သည် ပရိယတ္တိအရည်အချင်း၌ လိုရင်းဖြစ်၏။)

### (ခ) ပဋိပတ္တိ အရည်အချင်း

၁။ မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် အများသော ရဟန်းရှင်လူတို့ ကြည်ညိုလေးစားထိုက်သော ကိုယ်ကျင့်သီလနှင့် ပြည့်စုံစေရမည်။

၂။ မဟာစည် ဆရာတော်၏ နည်းနိဿယအတိုင်း ဝိပဿနာ လုပ်ငန်းကို ပြီးဆုံးသည့်ကိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံးအားထုတ်ပြီး ဖြစ်စေရမည့်အပြင် ကမ္မဋ္ဌာန်းစစ်မေးရေး၌လည်း လေ့လာ သင်ကြားပြီး ကျွမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်၊

၃။ ခမာ၊ ဇာဂရိယ၊ ဥဋ္ဌာန၊ သံဝိဘာဂ၊ ဒယာ၊ ဣက္ခဏာ – ဟူသော နာယကဂုဏ် အင်္ဂါ ၆–ပါးနှင့်လည်း ပြည့်စုံစေရမည်၊

၄။ စိတ်ရှည်ခြင်း၊ သဘောသဘားကြီးခြင်း၊ နူးညံ့ ပြေပြစ်သော စကား ရှိခြင်း၊ ချိုသာသောစကားရှိခြင်း စသော ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဂုဏ် အင်္ဂါများနှင့်လည်း ပြည့်စုံစေရမည်။

အထက်ပါ ပရိယတ္တိ–ပဋိပတ္တိ အရည်အချင်းတို့တွင် ပဋိပတ္တိအရည်အချင်း သည် ကမ္မဋ္ဌာန်းဆရာမှာ သာ၍လိုပေသည်။ သို့ဖြစ်၍ ပဋိပတ္တိအရည်အချင်း အပိုဒ် ( ၁ ) ( ၂ ) ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်းပြည့်စုံလျှင်ပင် မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာဟု အသိအမှတ် ပြုသော သာမန်ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။ ပရိယတ္တိအရည်အချင်း ပါ ပြည့်စုံလျှင်ကား ဂုဏ်ထူးဆောင် ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။၎င်းလည်း အရည်အချင်းအလိုက် လက်မှတ်ဖြင့် အသိအမှတ်ပြုရန် စီမံချက်မှာ ရဟန်းတော်များ၏ အရည်အချင်းကို သတ်မှတ်ရာ၌ စီမံချက်အတိုင်းပင် ဖြစ်သည်။ ယင်းလက်မှတ်များအတွက် မစီစဉ် နိုင်သေး။

၂။ မဟာစည်သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် လူတို့၏ဆိုင်ရာ ကိုယ်ကျင့်သီလများကို အထက်ပမာထား၍ လေးစားလိုက်နာ စွာ ကျင့်သုံးစောင့်ထိန်းရမည်၊

၃။ အထူးအားဖြင့် –

(က) နေထိုင်ရေး၊
(ခ) သွားလာရေး၊
(ဂ) ဝတ်ရုံရေး၊
(ဃ) ဟောကြားရေး၊
(င) ပြောဆိုရေး၊
(စ) ဆက်ဆံရေး၊

ဟူသော ဤ ၆–ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လိုက်နာ ပြုရမည်။

ထိုတွင် ....

(က) နေထိုင်ရေးမှာ

၁။ တပည့်ဖြစ်သူတို့၏ ဣန္ဒြေသိက္ခာသက် ပိုမို၍တည်ကြည်ခန့်ငြားသော ဣန္ဒြေသိက္ခာနှင့် ပြည့်စုံစေရမည်။

၂။ တပည့် ယောဂီမတို့နှင့်စပ်လျဉ်း၍ ပရူပဝါဒ ကင်းရှင်းအောင် နေထိုင်ရမည်၊ အထူးအားဖြင့် အရေးကြီးသော အကြောင်းကိစ္စမရှိဘဲ တပည့် ယောဂီမဘို့နှင့် ကြာရှည်စွာလက်ခံ၍ စကားပြောဆို နေထိုင်ခြင်းမရှိစေရ၊ မလွှဲမရှောင်သာသဖြင့် ပြောဆိုနေထိုင်ရာ၌လည်း တယောက်ချင်းချင်း မဖြစ်စေရန် သတိပြုရမည်၊

(ခ) သွားလာရေးမှာ

၁။ ပါသာဒိကေန အဘိက္ကန္တေန စသော ဒေသနာတော်နှင့်အညီ အမှတ်သတိမကင်းသဖြင့် ကြည်ညိုဘွယ်ကောင်းသော သွားလာခြင်းစသည်နှင့် ပြည့်စုံစေရမည်။

၂၊ ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌၎င်း၊ ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံ၌၎င်း သွားလာခြင်း မရှိစေရ။

(ဂ) ဝတ်ရုံရေးမှာ

၁။ ကမ္မဋ္ဌာန်း စစ်ဆေးသော အချိန်အခါများ၌၎င်း၊ တရားဟောပြောသော အခါများ၌၎င်း ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်ကြက်သရေကို ဆောင်နိုင်သော အဝတ်အရုံများနှင့် ပြည့်စုံစေရမည်။

(ဃ) ဟောပြောရေးမှာ

၁။ မိမိတို့၏ကမ္မဋ္ဌာန်းဌာန၌ တလလျှင် ၄-ကြိမ်ဖြစ်စေ၊ ၂-ကြိမ်ဖြစ်စေ၊ ဝိပဿနာ လုပ်ငန်းဆိုင်တရားကို ပဟာစည်ဆရာတော်၏ ယူထဟောပြောပုံ အတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

၂၊ ပြင်ပ တရားပွဲများ၌မူကား ထရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ဆောက်ချင့်၍ သဒ္ဓါပသာဒ ဖြစ်စေခြင်းငှာ သင့်လျော်သလို ဟောပြောနိုင်ခွင့်ရှိပေ၏၊ သို့သော် ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်သိက္ခာနှင့် လျော်စွာ တည်ကြည်ခံ့ငြားသော အသံဖြင့်သာ ဟောကြားရမည်။

၃။ ကမ္မဋ္ဌာန်း စစ်ဆေးရာ၌ ယောဂီတို့၏ ဉာဏ်အဆင့်အတန်း အား လျော်စွာ တိုးတက်သည့်ထက် တိုးတက်စေခြင်းငှာ သင့်လျော်သော တရားများကို ဟောကြားခြင်း၊ ယောဂီတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော သတိ

သမာဓိဉာဏ်များကို လိုက်တန်သလောက် ချီးမြှောက်၍ အားပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ, သမာဓိ, ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယ တရားများ ပြီးစီးသွားပုံ စသည်တို့ကို ရှင်းလင်းဖော်ပြခြင်း စသော အားပေးတရား များကို ယောဂီတို့မှာ စိတ်တက်ကြွလာသည့် တိုင်အောင် ဟောကြားရမည်။

၄။ တရားဟောရာ ကမ္မဋ္ဌာန်း စစ်မေးရာတို့၌ မယဉ်ကျေးသော ဥပမာ နှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှ နည်း ပါးစေရန် သတိပြုရမည်၊

၅။ ကမ္မဋ္ဌာန်းဆရာတဦး စစ်မေးနေသော ယောဂီအား ၎င်းဆရာက ခွင့်မပြုဘဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း ဆုံးဖြတ်ခြင်းများကို မပြုရ။

၆။ မဟာစည်ဆရာတော် နည်းလမ်း ညွှန်ပြထားသည့်အတိုင်း တပည့် ယောဂီတို့အား ရသင့်ရထိုက်သော သမာဓိဉာဏ် အဆင့်များ အကြွင်းမဲ့ ပြည့်စုံစေရန် တဲ့တဲ့ရဲရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြ တိုက်တွန်းရမည်။

၇။ ယောဂီမများကို ကမ္မဋ္ဌာန်းစစ်မေးရာဌာနမှာ အများမြင်သာသော ဌာနဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစု လိုက် ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်၌သာ စစ်မေး ဟောပြောရမည်။ အနီးအပါး၌ အခြားယောဂီ အဖော်လည်း ရှိစေရဦးမည်၊

၈။ ယောဂီမတို့အား ကမ္မဋ္ဌာန်းပေးရာ ဌာနမှာ အများမြင်သာသောနေ ရာ ဖြစ်စေရမည့်အပြင် အနီးအပါး၌ အခြားယောဂီ အဖော်လည်း ရှိစေရဦး မည်၊ ထိုပြင် အကြောင်းအားလျော်စွာ ညဉ့်အခါ၌ ကမ္မဋ္ဌာန်းပေးရလျှင် ထိန်ထိန်လင်းသော မီးရောင်လည်း ရှိစေရဦးမည်။

၉။ စာရွက်စာတမ်း ကျမ်းစာများကို- ပုံနှိပ်ခွင့် ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော် တပါးပါးထံမှ ခွင့်ပြုချက်မရှိဘဲ-မဟာစည် ဆရာတော်၏ ဝိပဿနာ နည်းနိသျ အဖြစ်ဖြင့် ရေးသား၍ ပုံနှိပ် ထုတ် ဝေခြင်း မပြုရ။

## (င) ပြောဆိုရေးမှာ

၁။ တိရစ္ဆာနကထာကို ပယ်ရှား၍ ကထာဝတ္ထုဆယ်ပါးကိုသာ ပြောဆို နိုင်ရန် လုံ့လပြုရမည်။

၂။ ပြက်ရယ်ပြောင်လှောင်မှု စကားများကို မပြောဆိုမိစေရန် သတိပြု ရမည်။

၃။ နက်နဲသောစကား၊ ဟုတ်မှန်၍ အကျိုးရှိသောစကား၊ အလေးပြုလောက်သော စကား၊ မှတ်သားဘွယ်ကောင်းသောစကား၊ ဝမ်းမြောက်ဘွယ်ကောင်းသောစကား၊ ဤသို့သော စကားများကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

၄။ ကြမ်းတမ်းသောစကား ကြိမ်းမောင်းချုပ်ချယ်သောစကား၊ ကဲ့ရဲ့ရှုတ်ချသော စကား ဤသို့သော စကားများကို မပြောဆိုမိစေရန် သတိပြုရမည်။

၅။ မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း၊ သူတပါးကိုနှိမ့်ချ၍ပြောဆိုခြင်းများမှ လုံးဝရှောင်ကြဉ်ရမည်။

၆။ အရိယ ဓမ္မနှင့် စပ်လျဉ်း၍ ပုဂ္ဂလဒိဋ္ဌာန်အားဖြင့် ဆုံးဖြတ်ပြောဆိုခြင်းမရှိစေရ။

၇။ သဘာဂဖြစ်သော သီတင်းသုံးဘော်များ၏ ချို့ယွင်းချက်ကို ကြားသိတွေ့မြင်ရလျှင် မေတ္တာ ဂရုဏာ ရှေ့ထား၍ သတိပေး ပြောဆိုနိုင်ရမည်။

၈။ သီတင်းသုံးဖေါ်များက မိမိ၏ချို့ယွင်းချက်ကိုကြားသိ တွေ့မြင်ရ၍ သတိပေး ပြောဆိုလျှင် ဝမ်းမြောက်ကြည်သာစွာဖြင့် သည်းခံနိုင် ပြင်ဆင်နိုင်ရမည်။

၉။ ဝါဒမတူသော ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံပြိုင်ဆိုင်ခြင်းအလျဉ်း မရှိစေရ။

## (စ) ဆက်ဆံရေးမှာ

၁။ ဂုဏဝုဒ္ဓိ၊ ဝယာဝုဒ္ဓိ ရှိသော ပုဂ္ဂိုလ်တို့အား ဂါရဝ နိဝါတ ရှေ့ထား၍၎င်း၊ အခြားပုဂ္ဂိုလ်တို့အား မေတ္တာ ဂရုဏာ ရှေ့ထား၍၎င်း နူးညံ့သိမ်မွေ့သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပြေပြစ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရန် လုံ့လပြုရမည်။

၂။ တပည့် ယောဂီတို့နှင့် ဆက်ဆံရာ၌ ဂေဟသိတ ပေမဖြင့် ရင်းနှီးစွာ ဆက်ဆံခြင်းမရှိစေရန် အထူးသတိပြုရမည်၊

၃။ ကမ္မဋ္ဌာန်း စစ်မေးရာ၌ တပည့် ယောဂီ တို့သည် မိမိတို့၏ သမာဓိဉာဏ် အတွေ့များကို ဟုတ်မှန်သည့်အတိုင်း ရဲရဲတင်း မရှုံ့မကြောက် ပြောကြားနိုင်စေရန်အလို့ငှါ၎င်း၊ စိတ်အားတက်ကြွလာစေရန် အလို့ငှါ၎င်း ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော်သလို လိုက်လျော၍ ပေါ်ပေါ်ရွှင်ရွှင်ပြောဆိုနိုင်ခွင့်ရှိသော်လည်း အခြားကာလ များ၌မူကား ထိုသို့သော ပြောဆို ဆက်ဆံမှုများ မရှိစေမူ၍ တည်ကြည်ခံ့ငြားသော ပြောဆိုခြင်းဖြင့်သာလျှင်

ဝတ္ထုနေ့ရပြောဆိုဆက်ဆံရမည်။ အသုံးအဘြင့်မှုကား ထိုအခြား ကာလ ဆက်ဆံရေးတွင် တပည့်ယောဂီများနှင့် ဆက်ဆံရာ၌ တည်ကြည် ခံ့ညား ခြင်းရှိစေရမည်။

၄။ သဒ္ဓါတရား အလျောက် ပေးလှူသည်မှတပါး ကိုယ့်အကျိုး ကိုယ့် စီးပွါးအတွက် အလှူခံခြင်းအလျဉ်းမရှိစေရ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက်
စည်းမျဉ်း ဥပဒေများ
၌တွင် ပြည့်စုံပြီ။

---

## ၃။ ယောဂီရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေများ

၁။ ယောဂီရဟန်းတော်ဟူရာ၌ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံ သော ရဟန်းတော်ကိုသာလျှင် မဟာစည် သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ဌာနများ၌ ယောဂီရဟန်းတော်ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

(က) ပါတိမောက် သိက္ခာပုဒ်များ၌ လေ့လာသင်ကြား သိနားလည်ပြီး ဖြစ်စေရမည်။

(ခ) ဂရုကအာပတ်၌ သံသယကင်း၍ သီလဝိသုဒ္ဓိ ပြည့်စုံပြီး ဖြစ်စေရ မည်။

(ဂ) ဆရာသမား၊ သို့မဟုတ် လုံလောက်သော ပုဂ္ဂိုလ် တဦးဦး၏ ထောက်ခံချက် ရှိစေရမည်။

(ဃ) မဟာစည်ဆရာတော်၏ သြဝါဒအရ သိက္ခာသင်တန်းကို တက် ရောက် သင်ကြားပြီး ဖြစ်စေရမည်။ သို့ရာတွင် မူလကပင် အချိုးကျပြီးသော ပုဂ္ဂိုလ်မှာ သင်တန်းတက်ရန်မလိုတော့ပါ။

(င) အနာကြီးငါးမျိုး စွဲကပ်ခြင်း၊ ခြေလက်အင်္ဂါ ချို့တဲ့ခြင်း စသော ပရိသ ဒူသန အပြစ်တို့မှ ယေဘုယျအားဖြင့် ကင်းရှင်းစေရမည်။

အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံမှသာလျှင် မဟာစည် သတိ ပဋ္ဌာန် ကမ္မဋ္ဌာန်းဌာနများ၌ ယောဂီ ရဟန်းတော်ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

၂။ မဟာစည်သတိပဋ္ဌာန် အဖွဲ့ဝင် ယောဂီရဟန်းတော်သည် ဝိနည်း သိက္ခာပုဒ်တော်များကို အသက်ပမာထား၍ မချွတ်မယွင်း ကျင့်သုံး စောင့်ထိန်းရမည်။

၃။ အထူးအားဖြင့်-
(က) နေထိုင်ရေး။
(ခ) သွားလာရေး။
(ဂ) ဝတ်ရုံရေး။
(ဃ) စားသောက်ရေး။
(င) ဟောကြားရေး။
(စ) ပြောဆိုရေး။
(ဆ) ဆက်ဆံရေး။
ဟူသော ဤ ၇-ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရမည်၊ ထိုတွင်-

## (က) နေထိုင်ရေးမှာ

၁။ အညောမေ အာကပ္ပေါ ကရဏီယော-ဟူသော ဒေသနာတော်နှင့် အညီ လူ့ဘောင်ကြောင်တို့၏ အသွင်အပြင် အမူအရာနှင့် မတူစေဘဲ သပဏာ သာရုပ္ပဖြစ်သော ရဟန်းတော်တို့၏ အသွင်အပြင် အမူအရာ ဣန္ဒြေသိက္ခာ တို့နှင့် ပြည့်စုံစေရမည်၊

၂။ မာတုဂါမတို့နှင့် စပ်လျဉ်း၍ ပဉ္စပဝါဒ ကင်းရှင်းအောင် နေထိုင် ရမည်။

၃။ နိဿယ မုစ္စကအင်္ဂါ မပြည့်စုံသေးလျှင် နိသျည်းယူ၍ နေထိုင်ရမည်၊

## (ခ) သွားလာရေးမှာ

၁။ ပါသာဒိကေန အဘိက္ကန္တေန-စသော ဒေသနာတော်နှင့်အညီ အမှတ်သတိ မကင်းသဖြင့် ကြည်ညိုဘွယ်ရာကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

၂။ ပဉ္စပဝါဒ ဖြစ်နိုင်သောအချိန်အခါ၌၎င်း၊ ပဉ္စပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံသို့၎င်း သွားလာခြင်းမရှိစေရ။

၃။ မြို့တွင်းရွာတွင်းသို့ သွားသောအခါဖြစ်စေ၊ ခရီးရှည်သွားသော အခါဖြစ်စေ ဝိနည်းတော်နှင့်အညီ သွားလာရမည်၊

၄။ ကျန်းမာလျက် ဆိုက်ကား၊ မြင်းလှည်းစသည် စီးခြင်းမရှိစေရ။

## (ဂ) ဝတ်ရုံရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ဝတ်ရုံရေး စည်းမျဉ်းဥပဒေ ၄-ပိုဒ်လုံးအတိုင်း လိုက်နာကျင့်သုံးရမည်။

## (ဃ) စားသောက်ရေးမှာ

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ စားသောက်ရေး စည်းမျဉ်း ဥပဒေ ၃-ပိုဒ်လုံးအတိုင်း လိုက်နာကျင့်သုံးရမည့်အပြင် -

၂။ နိဿဂ္ဂိယပစ္စည်း၊ အစမ္မိယပစ္စည်းများ လုံးဝကင်းရှင်းစေရမည်။

## (င) ဟောကြားရေးမှာ

၁။ စွမ်းရည်ရှိ၍ ကမ္မဋ္ဌာန်းဌာနၥ် ဝိပဿနာတရားကိုဟောလျှင် မဟာစည်ဆရာတော်၏ ယူဆဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

၂။ ပြင်ပတရားပွဲများ၌မူကား တရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို သောက်ချင့်၍ သဒ္ဓါပသန္န ဖြစ်ကြစေခြင်းငှါ သင့်လျော်သလို ဟောပြောနိုင်ခွင့် ရှိပေ၏၊ သို့သော် ဝိနည်းတော်နှင့်အညီ တည်ကြည်ခန့်ငြားသော အသံဖြင့်သာ ဟောကြားရမည်။

၃။ တရားဟောရာ၌ မယဉ်ကျေးသော ဥပမာ နှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာ ကိုကား ယဉ်ကျေးသော်ငြားလည်း နည်းပါးနိုင်သမျှ နည်းပါးစေရန် သတိပြုရမည်။

၄။ ကမ္မဋ္ဌာန်းဌာနတွင် အားထုတ်နေသော ယောဂီတို့အား တရားစစ်ဆေး မေးမြန်းခြင်း အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

၅။ စာရွက်စာတမ်း ကျမ်းစာအုပ်များကို ပုံနှိပ်ခွင့်ရှိသော မဟာစည်သတိပဋ္ဌာန်အဖွဲ့ဝင်ဆရာတော် တပါးပါးထံမှ ခွင့်ပြုချက်မရှိဘဲ မဟာစည်ဆရာတော်၏ နည်းနိဿယအကြောင်းဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

## (စ) ပြောဆိုရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ပြောဆိုရေးစည်းမျဉ်းဥပဒေ(၁၄) ပိုဒ်လုံးအတိုင်း လိုက်နာကျင့်သုံးရမည်။

## (ဆ) ဆက်ဆံရေးမှာ

၁။ လဇ္ဇီပေသလ သိက္ခာကာမဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်တိုင်းနှင့် ပစ္စယ သမ္ဘောဂ ဓမ္မသမ္ဘောဂအားဖြင့် ပေါင်းသင်း ဆက်ဆံနိုင်ခွင့် ရှိသည်။

၂။ မထေရ်ကြီးများအား ဂါရဝ၊ နိဝါတ ရှေ့ထား၍ရင်း၊ သမာန၊ နဝက ပုဂ္ဂိုလ်တို့အား မေတ္တာ ကရုဏာ ရှေ့ထား၍ရင်း၊ နူးညံ့သိမ်မွေ့သော ကိုယ်အမူအယာ၊ နှုတ်အမူအယာတို့ဖြင့် ပဋိသန္ထာရဝတ် မချွတ်စေရန် လုံ့လပြုရမည်။

၃။ ဒါယကာ ဒါယိကာမတို့နှင့် ဆက်သံရာ၌“ကုလေသူ နန္ဒဂိဒွေါ”ဟူသော ဒေသနာတော်နှင့်အညီ ကုလဒူသန အနေသနတို့ကို ဝေးစွာရှောင်ကြဉ်၍ သဟန္ဒိ-သဟသောကီတို့၏ အကြောင်းဖြစ်သော ဂေဟဿိတပေမဖြင့် ရင်းနှီးစွာဆက်ဆံမှုမရှိစေရန် အထူးသတိပြုရမည်။

၄။ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားအလျောက် ပေးလှူခြင်းမှတပါး ဉာတိပဝါရိတ မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း အလျဉ်းမရှိစေရ။

၃။ ယောဂီရဟန်းတော်များအတွက်
စည်းမျဉ်း ဥပဒေများ ဤတွင်ပြည့်စုံပြီ။

---

## ၄။ ယောဂီဥပါသကာ-ဥပါသိကာမများအတွက် စည်းမျဉ်း ဥပဒေများ

၁။ ကမ္မဋ္ဌာန်းဌာန၌ တရားအားထုတ်ဆဲ ယောဂီများသည် ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများကို တသွေမတိမ်းလိုက်နာရမည်။

၂။ တရားအားထုတ်ပြီးသော ယောဂီများသည်လည်း ပည်သည့်နေရာဌာန၌ နေထိုင်သည်ဖြစ်စေ တရားတော်နှင့် ဆရာသမားတို့၏ ဂုဏ်ကိုယုံကြည် လေးစားသောအားဖြင့် အောက်ပါ ဩဝါဒများကို ရိုသေစွာလိုက်နာကျင့်သုံးရမည်၊

### (က) နေထိုင်ရေးမှာ

လောဘ ဒေါသ စသော ကိလေသာတို့၏ အလိုအားဖြင့် ရှုပ်ရင်းကြမ်းတမ်းသော ကိုယ်အမူအယာ၊ နှုတ်အမူအယာများ ထင်ရှားမဖြစ်ပေါ်ရအောင် အမှတ်သတိဖြင့် စောင့်စည်းထိမ်းသိမ်း၍ နေထိုင်ရမည်။

### (ခ) သွားလာရေးမှာ

သူတော်ကောင်းတို့ ကဲ့ရဲ့စက်ဆုပ်အပ်သော နေရာဌာနများသို့ မသွားမလာမိစေရန် အထူး သတိပြု၍ ရှောင်ကြဉ်ရမည်။

### (ဂ) ဟောကြားရေးမှာ

၁။ ဟောစွမ်းနိုင်သော ဗဟုသုတ လုံလောက်စွာ မရှိပါဘဲ လူများကိုအား တရားဟောပြောခြင်း မပြုရ။

၂။ ဟောနိုင်စွမ်းသော ဗဟုသုတရှိ၍ ဝိပဿနာတရားကို ဟောပြောခဲ့လျှင် မဘာခည် ဆရာတော်၏ ယူဆဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

၃။ အားထုတ်ဆဲ ယောဂီတို့အား တရားစစ်မေးခြင်း၊ အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

၄။ စာရွက်စာတမ်း ကျမ်းစာအုပ်များကို ပုံနှိပ်ခွင့်ရှိသော မဟာစည်သတ်ပဋ္ဌာန် အဖွဲ့ဝင်ဆရာတော် တပါးပါးထံမှ ခွင့်ပြုချက် မရှိဘဲ မဟာစည်ဆရာတော်၏ ဝိပဿနာ နည်းနိဿယ အဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

## (ဃ) ပြောဆိုရေးမှာ

၁။ ကျောင်းကန် ဘုရားများတွင် ဥပုသ်သီတင်း သီလစောင့်သုံးနေသောအခါ၌၎င်း ကမ္မဋ္ဌာန်းဌာနတွင် ရောက်ရှိနေသော အခါ၌၎င်း၊ လောကရေးရာ စကားများကို ပြောဆိုခြင်း နည်းပါးစေရန် အထူး သတိပြုရမည်။

၂။ ကြမ်းတမ်းသော စကား၊ ကြိမ်းမောင်း ချုပ်ချယ်သော စကား၊ မျက်မှောက် မျက်ကွယ်၌ ကဲ့ရဲ့ရှုတ်ချသောစကား၊ ဤသို့သော စကားများကို မပြောဆိုမိစေရန် သတိပြုရမည်။

၃။ မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း၊ သူတပါးတို့အား နှိမ့်ချ၍ ပြောဆိုခြင်းများမှ လုံးဝရှောင်ကြဉ်ရမည်။ ရဟန်းတော်များအား ကဲ့ရဲ့ပြစ်တင်မိခြင်း မရှိစေရန် အထူးသတိပြု၍ စောင့်စည်းရမည်။

၄။ ဝါဒမတူသော ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံ ပြိုင်ဆိုင်ခြင်း အလျဉ်းမရှိစေရ။

၅။ တရားထူး တရားမြတ်များကို မိမိနှင့်စပ်လျဉ်း၍ အကျိုးမဲ့ဖော်ပြ ပြောဆိုခြင်းမရှိစေရန် အထူးသတိပြုရမည်။

မှတ်ချက်- အကျိုးမဲ့ ဖော်ပြပြောဆိုခြင်း ဟူသည်မှာ သူတပါး၏အကျိုး၊ သာသနာတော်၏ အကျိုးများအတွက် မဟုတ်ဘဲ မိမိဂုဏ်ထင်ပေါ်ရုံမျှ အတွက်သာ ရည်ရွယ်၍ ပြောခြင်းမျိုးကို ဆိုလိုသည်။ သို့ဖြစ်၍ ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာ၏ အကျိုးကိုငဲ့၍ တရားထူးကို ပြောကြားခြင်း၊ ထို့အတူ ဥပတိဿ ပရိဗိုဇ်က ကောလိတပရိဗိုဇ်အား ပြောကြားခြင်း၊ ခုဇ္ဇုတ္တရာက သာမာဝတီအား ပြောကြားခြင်း စသည်တို့မှာ အကျိုးရှိသော ပြောခြင်းများ ဖြစ်သောကြောင့် ထိုပြောဆိုခြင်းမျိုးကို အကျိုးမဲ့ဟူသော ဤစကားဖြင့် မတားမြစ်ဟု မှတ်ရမည်။ တည့်တည့်ပြောရလျှင် သူတပါး၏ အကျိုးကိုငဲ့၍ ဟုတ်မှန်သောတရားထူးကို ပြောကြားခြင်း၊ သာသနာတော် တည်တံ့စေရန် သဒ္ဓါကြည်ညိုမှု ထင်ရှားစေရန် ပြောကြားခြင်းများကို ဤဥပဒေက မတားမြစ်ဟုဆိုလို၏။ ဤပြောဆိုခြင်းမျိုးကို တားမြစ်လျှင် သဗ္ဗာဝိဟာရေယျ-ဟူသော ဘုရား၏ စကားတော်ကို တားမြစ်ရာ ရောက်မည်။ သတိပြုပါကုန်။

## (င) ဆက်ဆံရေးမှာ

၁။ ရဟန်း သံဃာတော်များနှင့် တွေ့ဆုံသော အခါ၌ သံဃာဂုဏ်ကို အာရုံပြုလျက် ဥပါသကာဝတ် မချွတ်စေမူ၍ အထူးသဖြင့် ရိုသေလေးစားခြင်း ရှိစေရမည်။

၂။ ရဟန်းသံဃာ ဆရာသမားတို့ကို ဆည်းကပ်ကိုးကွယ်ရာ၌ ဂါဟအစွဲ မရှိစေမူ၍ ကြည်ညိုအားကိုးထိုက်သော သီလ၊ သမာဓိ၊ ပညာဂုဏ်ကျေးဇူးများကိုသာ အာရုံပြုလျက် သဒ္ဓါတရား သက်သက်ဖြင့်သာလျှင် ဆည်းကပ်ကိုးကွယ်နိုင်ရန် သတိသမ္ပဇဉ်၊ ဉာဏ်ယှဉ်စေရမည်။

၄။ ယောဂီဥပါသကာ ဥပါသိကာမများအတွက်

စည်းမျဉ်းဥပဒေများ

ဤတွင် ပြည့်စုံပြီ။

---

## ၅။ (က) ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများ

၁။ အောက်ထစ်ဆုံးအားဖြင့် ရှစ်ပါးသီလနှင့် ပြည့်စုံ၍ ကြိုးကြိုးစားစား အားထုတ်သော ပုဂ္ဂိုလ်များသာလျှင် မဟာစည် သတိပဋ္ဌာန်ကမ္မဋ္ဌာန်း ဌာနများ၌ အားထုတ်နေထိုင်ခွင့် ရှိသည်။

၂။ တာဝန်ဆောင် ပုဂ္ဂိုလ်က ညွှန်ပြထားသော ကျောင်းခန်းနေရာ၌သာလျှင် နေထိုင်ရမည်။

၃။ သပ္ပါယမဖြစ်၍ နေရာပြောင်းလိုလျှင် တာဝန်ဆောင် ပုဂ္ဂိုလ်အား ပြောကြား၍ ၎င်းက ညွှန်ပြထားသောနေရာ၌ ရွှေ့ပြောင်းနေထိုင်ခွင့် ရှိသည်။

၄။ အကြောင်းထူးရှိ၍ နေရာ ရွှေ့ပြောင်းရန် တာဝန်ခံ ပုဂ္ဂိုလ်က ညွှန်ကြားလာလျှင် မည်သည့်ယောဂီမဆို အချိန်မရွေး ဝန်မလေးဘဲ ပြောင်းရွှေ့ပေးနိုင်ရမည်။

၅။ ယောဂီအသစ် အဖြစ်ဖြင့် နေထိုင်ခွင့်ရသော ကာလ အပိုင်းအခြားမှာ ဉာဏ်စဉ်တရား နာရပြီးသည့်နောက် ၇-ရက်အထိ သို့မဟုတ် ကြိုးကြိုးစားစား အားထုတ်ပါလျက် တရားမပြည့်စုံသေးသောသူမှာ ၂-လ အထိ

ဤမျှသာ ရှိသည်ဟု မှတ်ယူရမည်။ ဤ အခွင့်ကာလ ကုန်လွန်ပြီးသော ယောဂီမှာ အားလပ်သောနေရာ ရှိသေးလျှင် ဒုင်းနေရာ၌ ယောဂီဟောင်းများ နည်းတူပင် ဆက်လက်၍ နေထိုင်ခွင့် ထပ်ပံတောင်းယူရမည်။

ခြွင်းချက် -တရားပြည့်စုံရန် နီးကပ်နေသော ယောဂီအား နေထိုင်ခွင့် ရက်ပို

များ ထပ်ပံ၍ ရရှိစေရမည်၊ ဝါကပ်နေသော ရဟန်းတော်များမှာ ဝါကျွတ်ပြီးသည် တိုင်အောင် နေထိုင်ခွင့် ရှိစေရမည်။ ကမ္မဋ္ဌာန်းဋ္ဌာနအတွက် ကျေးဇူးများသော ပုဂ္ဂိုလ်များအား သင့်လျော်သော နေရာ၌ အထူး နေထိုင်ခွင့် ရှိစေရမည်၊

၆၊ ထင်း-အိုး-ခွက် စသည်တို့ကို ရှုပ်ထွေးစွာ မထားရ၊ တိုက်ခန်းတွင်း၌ ချက်ပြုတ်ခြင်းကို မပြုရ၊ နေရာဋ္ဌာန၏ သန့်ရှင်း စင်ကြယ်ရေးကို အလေးပြုရမည်၊

၇။ အရေးကြီးသော အကြောင်းထူးမရှိဘဲ စကားပြောဆိုနေခြင်း မရှိစေရ၊ မပြောလျှင်မဖြစ်၍ ပြောရပါမူ သူတပါး၏ သမာဓိအန္တရာယ် မဖြစ်အောင် တိုးတိုးသာသာ ပြောရမည်၊ သို့သော် ကြာရှည်စွာ စကားပြောဆိုမနေရ၊ ကြာရှည်စွာ ပြောရန်ရှိလျှင် ကမ္မဋ္ဌာန်းကျောင်းမှ ဝေးရာသို့ သွား၍ ပြောရမည်၊

၈။ ဧည့်သည်များကို ကြာရှည်စွာ ဧည့်ခံ စကားပြောခြင်းမှာ ဧည့်ခံဋ္ဌာနတွင်သာ ဖြစ်စေရမည်။

၉။ ညဉ့်အိပ်ညဉ့်နေ တည်းခိုနေလိုသော အသိမိတ်ဆွေ ဧည့်သည်များ ရောက်လာလျှင် နာယက ဆရာတော်ထံမှာ လျှောက်ထား ပန်ကြားရမည်။

၁၀။ သူတပါး၏ သမာဓိ ပျက်လောက်အောင် အသံမည်စေသော အပြုအမူများကို မပြုလုပ်ရ၊ အယုတ်ဆုံးအားဖြင့် အသံထုတ်လျက် တရားစာပေ ရွတ်ဆိုခြင်းကိုသော်လည်း မပြုရ။

၁၁။ သတင်းစာကြည့်ခြင်း၊ စာအုပ်စာတမ်း ကျမ်းစာအုပ်ကို ကြည့်ရှုခြင်း၊ ရွတ်ဘတ်သရဇ္ဈာယ်ခြင်း များကိုလည်း မပြုရ။

၁၂။ အကြောင်းမဲ့ လှည့်လည် သွားလာနေခြင်း မရှိစေရ၊ အထူးအားဖြင့် ဝိသဘာဂဖြစ်သော ယောဂီ, ယောဂီမတို့၏ နေရာဋ္ဌာနသို့ လုံးလောက်

သော အကြောင်းကိစ္စ မရှိဘဲ သွားရောက်ခြင်းနှင့် ဂိုဏ်းဖွဲ့၍ စကားပြောဆို နေခြင်းများကို အပြစ်အကြီးဆုံးဟု မှတ်ယူကြရမည်။

၁၃။ အားထုတ်ဆဲ ယောဂီအသစ်များသည် သတ်မှတ်ထားသော အချိန်တွင် ကမ္မဋ္ဌာန်းစစ်မေးရာဌာနသို့ လာရောက်ကြပြီးလျှင် မိမိ၏အားထုတ်ပုံ၊ တွေ့သိပုံများကို လျှောက်ကြားလျက် ဩဝါဒတရားကို နေ့စဉ် နာယူရမည်။

၁၄။ အသူးလေးစားရမည့်အချိန်မှာ-နေ့ ၁၂-နာရီမှ နံနက် ၅-နာရီအထိ ဖြစ်သည်၊ ဤအချိန်များမှာ စားသောက်မှုစသော ကိစ္စဗျာပါဒ မရှိသဖြင့် လွတ်လွတ်လပ်လပ် အားထုတ်ခွင့်ရသည့် အကောင်းဆုံး အချိန်များဖြစ်သည်။ သို့ဖြစ်၍ ဤ အချိန်များအတွင်းမှာ- အိပ်ပျော်နေသော လေးငါးခြောက်နာရီမှတပါး မနေမနား အထူးသဖြင့် ကြိုးစား အားထုတ်ရမည်။ အကြောင်းကိစ္စရှိသော်လည်း သူတပါး၏ အားထုတ်မှု ပျက်လောက်အောင်မည်သည့် အပြုအမူမျိုးကိုမျှ မပြုမိစေရန် အထူးသတိထားရမည်။

## ၅။ (ခ) ရဟန်းတော်များအတွက် ဌာနဆိုင်ရာ သီးခြား ဥပဒေများ။

၁။ အခြားတပါးသို့ သွားရန် ကိစ္စရှိလျှင် နာယက ဆရာတော်ထံ၌ ပန်ကြား၍ သွားရမည်။

၂။ သေနာသန အသုံးအဆောင်များကို ကိုယ်ပိုင် ပစ္စည်းကဲ့သို့ပင် ရိုသေစွာ သုံးဆောင်ရမည်။

၃။ သံဃာလုံလောက်လျှင် လပြည့် လကွယ် နေ့တိုင်း သံဃဥပုသ် ပြုကြရမည်။

၄။ ဝတ်ရုံစားသောက်မှု၊ သွားလာနေထိုင်မှုများမှာ ပါသာဒိက ဖြစ်စေရမည်။

၅။ ပိဏ္ဍပါတ်ကျင့်ဝတ်ဖြင့် မျှတနေထိုင်ရမည်၊ သို့သော် ဒါယကာ ရှိလျှင် ၎င်းဒါယကာ၏ ဆွမ်းဖြင့်လည်း မျှတနေထိုင်ခွင့် ရှိသေး၏။

၆။ ယောဂီမတို့ထံ၌ ဆွမ်းခံခြင်းသည် ၎င်းတို့အား ပလိဗောဓဖြစ်စေလျက် အနှောက်အယှက် ပေးရာရောက်သည်၊ သို့ဖြစ်၍ ၎င်းတို့နေရာ ကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက်၍ ဆွမ်းခံခြင်း မရှိစေရ၊ ယောဂီမတို့က သင့်လျော်သောနေရာသို့ လာရောက်၍ လောင်းလှူသော ဆွမ်းကိုကား အလှူခံနိုင်ခွင့် ရှိသည်ပင်။

၇။ ယောဂီဟောင်းများနှင့် သင်တန်း ပုဂ္ဂိုလ်များမှာ နေ့စဉ် ညဥ့်ဦး ၇-နာရီခန့် အချိန်၌ အညီအညွတ် စည်းဝေး၍ ဘုရား ဝတ်တက်ခြင်း၊ ဩဝါဒ ဓမ္မကထာများကို ပြောဟောခြင်း၊ နာကြားခြင်းများ ရှိစေရမည်။ နံနက်ခင်း၌လည်း အရုံမတက်မီ စောစောထ၍ ဘုရားဝတ်ပြုခြင်း၊ တရားနှလုံးသွင်းခြင်းများ မချွတ်မယွင်းစေရန် သတိပြုရမည်။

မှတ်ချက်-ဌာနဆိုင်ရာ ဤဥပဒေ ၂-ရပ်တွင် မိမိတို့၏ ဌာနအားလျော်စွာ ဖြည့်စွက် နှုတ်ပယ် ပြင်ဆင်နိုင်ခွင့် ရှိသည်။

၅။ ကမ္မဋ္ဌာန်းဌာန ဆိုင်ရာ စည်းမျဉ်း ဥပဒေများ
ဤတွင် ပြည့်စုံပြီ။

မဟာစည်သတိပဋ္ဌာန် အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေများ
ဤတွင်ပြည့်စုံပြီ။

**မဟာစည်သတိပဋ္ဌာန် အဖွဲ့ဝင်**
**ပဓာနကမ္မဋ္ဌာနာစရိယများနှင့်တကွ**
**အရှင်သောဘန**
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ
ရန်ကုန်မြို့။

၁၃၁၄ ခု။ ဝါခေါင်လဆုတ် (၂) ရက်နေ့။ (၇-၀-၅၂)

# ပြင်ဆင်ဖတ်ရှုကြပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၀ | ၁၃ | မမူခဲ့ကြပါ | မမူခဲ့ကြရပါ |
| ၂၀ | ၂၁ | ဦးမဥ္ဇူထံပြ | ဦးမဥ္ဇူထံကြ |
| ၃၄ | ၁၄/၆ | ကိုရင်ကင်း | ကိုရင်ကိုင်း |
| ၅၆ | ၁၀ | ရွှေအိမ်တော် | ရွှေသိမ်တော် |
| ၆၉ | ၈ | ဆရာတော်ကြို | ဆရာတော်ကြီး |
| ၇၀ | ၆ | လိုက်နာရမှည်ဖြစ်၍ | လိုက်နာရမည်ဖြစ်၍ |
| ၇၁ | ၂၃ | မခန့်ကျမ်းမှု | မခန့်ကျန်းမှု |
| ၇၁ | ၂၅ | ခန့်ကျမ်းလျက် | ခန့်ကျန်းလျက် |
| ၇၄ | ၁၆ | ပဋိယတ်ကိုလည်း | ပရိယတ်ကိုလည်း |
| ၇၅ | ၂၁ | ဘက်လောက်ပြင်းပြင်း | ဘယ်လောက်ပြင်းပြင်း |
| ၇၅ | ၁၉ | ဆေလိပ် | ဆေးလိပ် |
| ၁၁၉ | ၉ | ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသ | ဆရာတော်နှင့်ဦးဝိသုဒ္ဓါဘိဝံသ |
| ၁၂၇ | ၃ | အပြည်ပြည်နိုင်ရာ | အပြည်ပြည်ဆိုင်ရာ |
| ၁၂၇ | ၂၀ | အနည်းသယ် | အနည်းငယ် |
| ၁၂၇ | ၃၂ | ဖြစ်မြောက်မျရး | ဖြစ်မြောက်ရေး |
| ၁၃၆ | ၁၃ | နှစ်သက်ဖြစ်တော်မူ | နှစ်သက်တော်မူ |
| ၁၄၁ | ၂၇ | Foneword | Foreword |
| ၁၄၃ | ၁၆ | Seeinn is believing | Seeing is believing |
| ၁၄၅ | ၆ | ဖြစ်ပပေ | ဖြစ်ပါပေ |
| ၁၅၇ | ၁ | သို့လော် | သို့သော် |
| ၁၄၇ | ၁၄ | ပြသိုလ | ပြာသိုလ |
| ၁၄၇ | ၂၇ | ကိုက်ညီထည်ကို | ကိုက်ညီသည်ကို |
| ၁၇၅ | ၆ | ဧေတီတော်ကြီးလည်း | စေတီတော်ကြီးကိုလည်း |
| ၁၇၅ | ၁၉ | သကဒဂါမ် | သကဒါဂါမ် |
| ၁၈၅ | ၂၇ | ဝန်ခံစည်သာ | ဝန်ခံမည်သာ |
| ၁၈၆ | ၁၃ | ဆရာာတော် | ဆရာတော် |
| ၁၈၆ | ၂၄ | သမယန္တ | သမယန္တရ |
| ၁၈၇ | ၂ | ပိုင်နိုင်တောင် | ပိုင်နိုင်အောင် |
| ၁၈၇ | ၂၉ | အဖွိုးတန် | အဖိုးတန် |
| ၁၈၈ | ၁ | များစွာသော | များစွာသော |
| ၁၈၈ | ၉ | နိဿယကျပ် | နိဿယကျမ်း |
| ၁၈၈ | ၁၄ | ဝမ်းနည်ဖွယ် | ဝမ်းနည်းဖွယ် |

# ပြင်ဆင်ဖတ်ရှုကြပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉၉ | ၁၂ | ကြွ်းမဲ့ဥဿုံ | ကြွင်းမဲ့ဥဿုံ |
| ၁၉၂ | ၁၉ | ဂါထာဖြစ်ကြောင် | ဂါထာဖြစ်ကြောင်း |
| ၁၉၅ | ၁၇ | ဘုား သွး ဟူမဟ | ဘုဝး သွး မဟား |
| ၁၉၅ | ဂါထာ | စ ပျုကာရုံ | စာ ပျုကာရုံ |
| ၁၉၈ | ၉ | ကတ္တာဝဒါန | ကဏ္ဏာဝဒါန |
| ၁၉၉ | ၄ | ဟရားတော် | တရားတော် |
| ၂၄၃ | ၂၃ | ဖွင့်ပွင့်လင်းလင်း | ပွင့်ပွင့်လင်းလင်း |
| ၂၄၈ | ၈ | တင့်တင့်တင့်တယ်တယ် | တင့်တင့်တယ်တယ် |
| ၂၆၂ | ၂၅ | (၁၃၁၉) | (၁၃၀၉) |
| ၃၄၃ | ၆ | ဥပနိဿယျ | ဥပနိဿယ |
| ၄၄၁ | ၆ | ပဋ္ဌိယဘ္တိ | ပရိယတ္တိ |
| ၄၅၀ | ၂၉ | မိမိအားထုတ်စဉ်တ | မိမိအားထုတ်စဉ်က |
| ၄၅၁ | ၅ | ထိန်ကန်ရွး | ထိန်ကန်ရွာ |
| ၄၅၉ | ၂၃ | ယအခါ၌ | ယခုအခါ၌ |
| ၄၆၁ | ၁၅ | မလှု်မရှား | မလှုပ်မရှား |
| ၄၇၁ | ၅ | သံဒိဋ္ဌာန် | သန္ဒိဋ္ဌာန် |
| ၄၇၅ | ၇ | မူလတာန်း | မူလတန်း |
| ၄၇၈ | ၂၆ | ပဋ္ဌိယတ္တိ | ပရိယတ္တိ |
| ၄၈၂ | ၁၂ | ညောင်ကုန်းတိုက် | ညောင်တုန်းတိုက် |
| ၅၃၃ | ၉ | ကျောမြွန်အောင် | ကျောပြွန်အောင် |
| ၅၉၅ | ၁၅ | ၁၃၉၈ | ၂၄၉၈ |
| ၆၃၁ | ၁၂ | ဦးဘိလောကထံ | ဦးတိလောကထံ |
| ၆၂၄ | ၃၁ | အားပြီးထုတ် | အားထုတ်ပြီး |
| ၆၅၄ | ၁၉ | ဆရာကြီး၏ | ဘုရားကြီး၏ |
| ၆၇၀ | ၃၀ | စစပေများ | စာပေများ |
| ၆၇၅ | ၁၅ | တွိုက် | တိုက် |
| ၆၇၁ | ၁၇ | သာသာနာဝန်ထမ်း | သာသနာ့ဝန်ထမ်း |
| ၇၁၃ | ၁ | ထရာကြီး | ဆရာကြီး |
| ၇၁၅ | ၁၁ | ပွားများလာခဲ့သည့် | ပွားများလာခဲ့သည် |
| ၇၁၆ | ၂ | သာသာရေး | ဘာသာရေး |

## မဟာစည်ပဋိပတ္တိသာသနာဝင်ကျမ်းစာအုပ်

# စေတနာ့ဒါန အလှူရှင်များ

---

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏တပည့်ယောဂီများအုပ်ရေ ၁၃၄
ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုဇာတနှင့်တပည့်များ
သာသနာ့ရိပ်သာ ရန်ကုန် ၁၀၀
ကမ္မဋ္ဌာနာစရိယဆရာတော်ဦးဇနကနှင့်တပည့်များ ဒဂုံ ၁၀၀
" ဆရာတော်ဦးသံဝရနှင့်တပည့်များမဟာစည်သာသနာ့ရိပ်သာ
တောင်ဝိုင်းကလေး မော်လမြိုင်မြို့ ၁၀၀
ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက် မဟာစည်ရိပ်သာယောဂီများ ၄၀
တောင်ကြီးမြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးဝိဇယနှင့်တပည့်များ ၃၅
ပဲခူးမြို့ သာသနာ့ရိပ်သာ ဦးဇောတိပါလနှင့် တပည့်များ ၃၅
ရွှေဘိုမြို့နယ်ဆိပ်ခွန်ရွာသဒ္ဓမ္မပါလဝိပဿနာဖြန့်ဖြူးရေးအဖွဲ့ကောင်းမှု ၃၀
ဦးနန္ဒိယနှင့်တပည့်များ မဟာသတိပဋ္ဌာန်ဝိပဿနာကျောင်း
တော်ကူးရွာမုဒုံမြို့နယ် ၂၃
ဦးခမ္မိကနှင့်တပည့်များ ရန်မျိုးအောင်သာသနာ့ရိပ်သာမြောက်ချောင်းမြို့ ၂၂
ဆရာတော် ဦးနန္ဒမာလာနှင့်တပည့်များ ကျော့ဟားသာသနာ့ရိပ်သာ
ဟုမ္မလင်း ၂၀
စည်သူ ဦးညိုပု အငြိမ်းစားတိုင်းမင်းကြီး အမှတ် ၄၊
စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော်၊ ရန်ကုန် ၂၀
ရွှေစည်ဆရာတော်ဦးကုလိသ ရွှေစည်ရိပ်သာ မန္တလေးမြို့ ၁၃
ရွှေစေတီ ဆရာတော် စစ်ကိုင်း တောင်ရိုး ၁၁
ဝက်လက်မစိုးရိမ်ဆရာတော် ဦးတိဿ (ခေတ္တ) ရန်ကုန် ၁၀
ဆရာတော် ဦးဇဝန သာသနာ့ရိပ်သာ ရန်ကုန် ၁၀
ဆရာတော် ဦးဝဏ္ဏိတနှင့် တပည့်များ ဖျာပုံသာသနာ့ရိပ်သာ ၁၀
ဆရာတော် ဦးပဏ္ဍိတနှင့် တပည့်များ ရတနာပုံရိပ်သာ မန္တလေး ၁၀
ဆရာတော် ဦးသုန္ဒရနှင့် တပည့်များ မဟာစည်ရိပ်သာ မန်ကျည်းပင်စု
မြင်းခြံမြို့ ၁၀
သတိပဋ္ဌာန်ဆရာတော်နှင့်တပည့်များ မြို့ပေါက်ဝရိပ်သာ မော်လမြိုင် ၁၀
ဆရာတော်ဦးကုဏ္ဍလနှင့်တပည့်များ မဟာစည်ရိပ်သာ ဟင်္သာတမြို့ ၁၀

# ဓမ္မဒါနအလှူရှင်များ

| | |
|---|---|
| ဓမ္မကထိက ဦးစန္ဒာဝရ သာသနာ့ရိပ်သာ ရန်ကုန် | ၁၀ |
| ညောင်ကန်အရှင်ဥက္ကဋ္ဌ၏ မယ်တော်ကြီး ဒေါ်ပွဲဟန် | ၁၀ |
| ကျောင်းဒါယကာ ဦးသာဇံနှင့်(၁၀)ဦး သံဖြူဇရပ်မြို့ | ၁၀ |
| ဒေါ်ကုသလထေရီ မေဘ်အငှ သာသနာ့ရိပ်သာ ထားဝယ်မြို့ | ၁၀ |
| ဦးသိန်းဟန် မောင်နှမတစု(၃၄)လန်ကတ်စတာလမ်း ရန်ကုန် | ၁၀ |
| ဦးလေးမောင်-ဒေါ်ဝင်းကြည် မိသားစု(၈၈)ရွှေဘုံသာလမ်း ရန်ကုန် | ၁၀ |
| မြန်အောင်မြို့ မင်းကန်ကြီးတိုက် မဟာစည်ရိပ်သာယောဂီများ | ၉ |
| ဦးငွေလှိုင် ညောင်ပင်ကြီးလမ်း ထားဝယ်မြို့ | ၈ |
| ဦးညာဏနှင့်တပည့်များ ပျားရွာသာသနာ့ရိပ်သာ ဂန့်ဂေါမြို့နယ် | ၈ |
| အမေသိန် သာသနာ့ရိပ်သာ ရန်ကုန် | ၇ |
| ဒေါ်ကျင်မွေး (၅၁၃) အောက်ပုဇွန်တောင် ရန်ကုန် | ၇ |
| ဦးဖိုးလှိုင် မြန်မာဆေးဆရာကြီး(က)ရပ်ကွက် ခန္တီး | ၅ |
| ဦးကြီးဆိုင် ဝါးခယ်မမြို့ | ၅ |
| ဦးယသဓမ္မ သာသနာ့ရိပ်သာ ရန်ကုန် | ၅ |
| ဦးဒီပ မိကျောင်းအိုင်ကျောင်း မဲဇလီကုန်းမြို့နယ် | ၅ |
| ဦးဥက္ကဋ္ဌ စက္ကိန်းတဲ သာသနာ့ရိပ်သာ မင်းဘူးမြို့ | ၅ |
| ဦးသောဘိတ ရန်အောင်သာသနာ့ရိပ်သာ မအူပင်မြို့ | ၅ |
| ဦးကောသလ္လ သာသနာ့ရိပ်သာ မြင်းကကုန်းမြို့ | ၅ |
| ဒေါ်သိန်းခင်သားသမီး တစု(၁၅-က)နတ်မောက်ရိပ်သာလင်း ရန်ကုန် | ၅ |
| သာသနာ့ရိပ်သာဆရာတော် နတ်မောက်မြို့ | ၄ |
| ဦးကောလာသ သာသနာ့ရိပ်သာ ရန်ကုန် | ၄ |
| ဦးသောတိက ဝါးခင်းကုန်းရိပ်သာ မန္တလေး | ၄ |
| ဆရာတော်ဦးသူရိယ ရွှေကျင်တောရ ကျွန်းလှမြို့ | ၄ |
| ဦးဓမ္မာဘာသ ဟုမ္မလင်းမြို့ | ၄ |
| ဦးသုဇန မဟာစည် သာသနာ့ရိပ်သာ သာယာဝတီ | ၄ |
| ဦးသူရိယ (သလ္လာဝတီ) ကမ္ဘာအေး ရန်ကုန် | ၃ |
| ဦးအုန်းမောင်နှင့် ညီ ဦးကံညွန့်မိသားစု ဗမာ့လက်ရုံးဒန်အိုးစက် ရန်ကုန် | ၃ |
| ဒေါ်သန်းတင် သာသနာ့ရိပ်သာ ရန်ကုန် | ၃ |
| ဒေါ်ဉာဏ် ။ ။ | ၃ |
| ဦးပညောဘာသ ။ ။ | ၂ |
| ဦးပညာစာရ ဒေါက်ရပ်သာသာသနာ့ရိပ်သာ ဘီးလင်း | ၂ |
| ဒေါ်အေးကြည် ဆွမ်းစားကျောင်း သာသနာ့ရိပ်သာ ရန်ကုန် | ၂ |
| ဒေါ်သန်းမေ(၁၀၃)ရွှေတောင်တန်း ရန်ကုန် | ၂ |
| ဦးကလျာဏ ဝေဠုဝန်ရိပ်သာ ရေအိုးစင်ရွာ ပုသိမ်မြို့နယ် | ၂ |

## ဓမ္မဒါနအလှူရှင်များ

| | |
|---|---|
| ဦးတင်အောင်(၇၂) ၂၄-လမ်း၊ ရန်ကုန် | ၂ |
| ဦးချစ်ဖေနှင့် မိသားစု အထက်ပန်းဆိုးတန်း ရန်ကုန် | ၂ |
| ဒေါ်ထွန်း နမ့်ခမ်း | ၂ |
| ဒေါ်သိန်းမေ သာသနာ့ရိပ်သာ ရန်ကုန် | ၂ |
| ဒေါ်သီသီနှင့် ယောဂီဟောင်း(၈)ဦး သာသနာ့ရိပ်သာ ရန်ကုန် | ၈ |
| သာသနာ့ရိပ်သာ ဆွမ်းစားကျောင်း ဝေယျာဝစ္စအဖွဲ့ ရန်ကုန် | ၁၄ |
| ဦးအောင်မြဲနှင့်(၁၄)ဦး တောက္ကရှပ် သာသနာ့ရိပ်သာ ကန့်ဘလူမြို့နယ် | ၁၄ |
| အရပ်ရပ် အနယ်နယ်မှ တအုပ်စီလှူသူဦးရေ(၂၅) | ၂၅ |

## ထိုင်းနိုင်ငံမှ အတ်ပေပါစက္ကူအတွက် အလှူရှင်များ

| | | | | | |
|---|---|---|---|---|---|
| ၁။ | ချွန်ပူရီမြို့ ဝိဝေကအာရုံရိပ်သာ ဆရာတော် အရှင်အာသဘ | | | ဘတ်ငွေ | ၂၅၀၀ |
| ၂။ | ဘန်ကောက်မြို့ ECAFE ဦးခင်မောင်လွင်နှင့် | | ဇနီးသားသမီးတစု | ။ | ၅၀၀ |
| ၃။ | ။ | ။ | ဒေါ်သိန်းငွေနှင့်သမီးလှလှ-ဖိုးလစ်ဦးကျော်မြင့် | ။ | ၄၀၀ |
| ၄။ | ။ | ။ | ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်မေမေပုမိသားစု | ။ | ၃၀၀ |
| ၅။ | ။ | ။ | ဦးစိုးနှင့်ဇနီးမိသားစု | ။ | ၃၀၀ |
| ၆။ | ။ | ။ | ဦးမြစ်နှင့်ဇနီးမိသားစု | ။ | ၃၀၀ |
| ၇။ | ။ | ။ | ဦးရွှေရှိန်နှင့်ဇနီးမိသားစု | ။ | ၃၀၀ |
| ၈။ | ။ | ။ | ဦးသောင်းနှင့်ဇနီးမိသားစု | ။ | ၁၀၀ |
| ၉။ | ။ | ။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ဝါအုန်းမြင့် မိသားစု | ။ | ၁၀၁ |
| ၁၀။ | ။ | ။ | ဒေါ်နုနှင့်မိသားစု | ။ | ၁၀၀ |
| ၁၁။ | ဘန်ကောက်မြို့ ဦးသာ-ညီ ဦးစိန်ဝင်းနှင့်ဇနီးမိသားစု | | | ။ | ၁၀၀ |

(သို့သော်ယင်းစက္ကူများကိုအကြောင်းမညီညွတ်၍ကျမ်းစာအုပ်၌မသုံးရသေး)

ဤ မဟာစည် ပဋ္ဌိပတ္တိသာသနာဝင်ကြီးကို လှူဒါန်းတော်မူကြသော ဓမ္မဒါန ကုသိုလ်ရှင်များ၏ စာရင်းအချို့ကို ပုံနှိပ်လုပ်ဆောင်ရန် အချိန်မီ မရရှိပါသဖြင့် ချန်လှပ်ထားခဲ့ရသည်ကို ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဦးသိန်းဟန်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး သည် ရန်ကုန် သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန် ဝိပဿနာ တရားတော်မြတ်ကြီးကို ၁၃၁၁-ခုနှစ်၊ နတ်တော်လမှ စတင်၍ ဟောကြားညွှန်ပြတော်မူလာခဲ့ရာ ၁၃၃၆-ခုနှစ်၊ နတ်တော်လသို့ ရောက်သောအခါ ၂၅-နှစ်ပြည့်မြောက်ပေပြီ။

ယင်း ၂၅-နှစ်မြောက် ငွေရတုသဘင် သြဝါဒခံယူပွဲတော်ကြီး၏ အထိမ်းအမှတ်အဖြစ် ဤ မဟာစည် ပဋိပတ္တိသာသနာဝင်ကြီးကို အချိန်မီ ထွက်ပေါ်စေနိုင်ရန် ဝက်လက် မဟိုးရိမ် ဆရာတော် ဦးဘိဿ ကြီးမှူးလျက် ရန်ကုန် သာသနာ့ရိပ်သာမှ အရှင်ကေလာသ၊ အရှင်သူရိယ၊ အရှင်အင်္ကုသ တို့က ကြည့်ရှုကြပ်မတ် စစ်ဆေး၍ ပုံနှိပ် လုပ်ဆောင်ကြပါသည်။

**မဟာစည် ပဋိပတ္တိ သာသနာဝင်ကြီး**

**ပြီးပါပြီ**

# ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
## ရေးသား စီရင်တော်မူပြီးသော
## ကျမ်းစာများ

| | | |
|---|---|---|
| ၁။ | ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း | ၁၃၀၀-ခုနှစ်။ |
| ၂။ | ဝိပဿနာရှုနည်းကျမ်း ပထမတွဲ | ၁၃၀၆-ခုနှစ်။ |
| ၃။ | ။ ဒုတိယတွဲ | ၁၃၀၉-ခုနှစ်။ |
| ၄။ | မဟာသတိပဋ္ဌာန်သုတ် နိဿယ | ၁၃၁၃-ခုနှစ်။ |
| ၅။ | ၎င်းတရားတော်ကြီး အကျဉ်း | ။ |
| ၆။ | ၎င်းတရားတော်အကျယ် | ။ |
| ၇။ | ကာယာနုပဿနာ တရားတော် | ။ |
| ၈။ | ဝေဒနာနုပဿနာ တရားတော် | ။ |
| ၉။ | ရွှေဘိုသို့ နှုတ်ဆက်တရားတော် | ၁၃၁၄-ခုနှစ်။ |
| ၁၀။ | သာရဏီယနှင့် မဟာပစ္စဝေက္ခဏာ တရားတော် | ၁၃၁၅-ခုနှစ်။ |
| ၁၁။ | ဝိပဿနာ အလုပ်ပေး တရားတော် | ၁၃၁၆-ခုနှစ်။ |
| ၁၂။ | ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော် | ။ |
| ၁၃။ | ဝိသုဒ္ဓိဉာဏကထာ ပါဠိ မြန်မာ | ၁၃၁၈-ခုနှစ်။ |
| ၁၄။ | ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း | ။ |
| ၁၅။ | ဓမ္မစကြာ တရားတော်ကြီး | ၁၃၁၉-ခုနှစ်။ |
| ၁၆။ | အနတ္တလက္ခဏာသုတ် တရားတော်ကြီး | ။ |
| ၁၇။ | ဘဝပြဿနာ | ၁၃၂၀-ခုနှစ်။ |
| ၁၈။ | အင်ဒိုနေးရှား သာသနာပြု မှတ်တမ်း | ၁၃၂၁-ခုနှစ်။ |
| ၁၉။ | ဝိပဿနာအခြေခံ တရားတော် | ၁၃၂၃-ခုနှစ်။ |
| ၂၀။ | မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ | ၁၃၂၄ ခုနှစ်။ |
| ၂၁။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) | ။ |
| ၂၂။ | အရိယာဝါသ တရားတော်ကြီး | ၁၃၂၅-ခုနှစ်။ |
| ၂၃။ | ဓမ္မိကသုတ် တရားတော်ကြီး | ၁၃၂၇-ခုနှစ်။ |
| ၂၄။ | ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ပထမတွဲ | ၁၃၂၈-ခုနှစ်။ |
| ၂၅။ | ၎င်းနိဿယ ဒုတိယတွဲ | ၁၃၂၉-ခုနှစ်။ |
| ၂၆။ | । တတိယတွဲ | ။ |
| ၂၇။ | ပုရာဘေဒသုတ် တရားတော်ကြီး | ။ |

| | | | |
|---|---|---|---|
| ၂၈။ | ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး | ပထမတွဲ | ၁၃၃၀-ခုနှစ်။ |
| ၂၉။ | ၎င်းတရားတော်ကြီး | ဒုတိယတွဲ | ။ |
| ၃၀။ | မဟာဋီကာ နိဿယ စတုတ္ထတွဲ | | ။ |
| ၃၁။ | ဗြဟ္မစိုရ် တရားတော်ကြီး | | ။ |
| ၃၂။ | ဘာရသုတ္တန် တရားတော်ကြီး | | ၁၃၃၁-ခုနှစ်။ |
| ၃၃။ | ကျောင်းအနုမောဒနာ တရားတော် | | ၁၃၃၂-ခုနှစ်။ |
| ၃၄။ | လောကဓံ တရားတော် | | ။ |
| ၃၅။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ | | ၁၃၃၃-ခုနှစ်။ |
| ၃၆။ | ၎င်း ပထမတွဲ | | ။ |
| ၃၇။ | သလ္လေခသုတ် တရားတော်ကြီး ပထမတွဲ | | ။ |
| ၃၈။ | ၎င်းတရားတော်ကြီး | ဒုတိယတွဲ | ၁၃၃၅-ခုနှစ်။ |
| ၃၉။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် | ဒုတိယတွဲ | ။ |
| ၄၀။ | ဟေမဝတသုတ္တန် တရားတော်ကြီး | | ။ |
| ၄၁။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် | တတိယတွဲ | ၁၃၃၆-ခုနှစ်။ |
| ၄၂။ | ကာမသုတ္တန် တရားတော် | | ။ |
| ၄၃။ | မဟာစည်ဩဝါဒပေါင်းချုပ် | | ။ |
| ၄၄။ | နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး | | ။ |